# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၁၁

# မြန်မာ
# စွယ်စုံကျမ်းနှစ်ချုပ်
# (၂၀၁၁)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၁ ခုနှစ်၊ အုပ်ရေ ၃၅၀၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၅၁၀
ရက်စွဲ ၁၅.၆.၁၁
သုတေသနစာကြည့်တိုက်

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့် ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

| | | | |
|---|---|---|---|
| ၁ | ဒေါက်တာသော်ကောင်း | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | ဥက္ကဋ္ဌ |
| ၂ | ဒေါက်တာကျော်စိန် | ပညာရေးဝန်ကြီး (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃ | ဒေါက်တာမျိုးသန့်တင် | ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ ဖြန့်ပွားရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၄ | ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဒေါ်တင်ဘုန်းနွယ် | စာကြည့်တိုက်မှူးကြီး (ငြိမ်း)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် | အဖွဲ့ဝင် |
| ၆ | ဦးမြင့်ကြိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဒေါက်တာတိုးလှ | ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| ၈ | ဒေါက်တာခင်မောင်ညွန့် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| ၉ | ဦးထွန်းအောင်ချိန် | ပါမောက္ခ (ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| ၁၀ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| ၁၁ | ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | ဦးဘသန်း (မဟာဝိဇ္ဇာ) | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ကြန် (မကြန်) | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| ၁၄ | ဒေါက်တာထွန်းတင့် | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| ၁၅ | ဦးမောင်လှိုင် (မောင်ဆွေငယ်) | စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန် | အဖွဲ့ဝင် |
| ၁၆ | ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) | စာတည်းမှူး၊ စာပေဗိမာန် | အဖွဲ့ဝင် |
| ၁၇ | ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) | စာတည်းမှူးချုပ်၊ စာပေဗိမာန် | အတွင်းရေးမှူး |
| ၁၈ | ဦးစိုးမြင့်သန်း (နွေသင်နိုင်) | စာတည်း(တာဝန်ခံ) | တွဲဖက်အတွင်းရေးမှူး |

# စာပေဗိမာန်၊ စာတည်းဌာန

| | |
|---|---|
| စာတည်းမှူးချုပ် | ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) |
| စာတည်းမှူး | ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း၊ (တာဝန်ခံ) | ဦးစိုးမြင့်သန်း၊ (နွေသင်နိုင်) |
| စာတည်း၊ | ဒေါ်မြမြကြည် |
| စာပေလက်ထောက် | ဒေါ်သန်းသန်းမီ၊ ဒေါ်ခင်ဆွေဦး၊ ဦးကျော်ချမ်း၊ |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

| | |
|---|---|
| ဝန်ပိကျွမ်းကျင် -၁ | ဦးစန်းရွှေ၊ ဦးရွှေလွင် |
| ဝန်ပိကျွမ်းကျင် -၃ | ဒေါ်ချိုချိုဝင်း |
| ဝန်ပိကျွမ်းကျင် -၄ | ဒေါ်တင်တင်ကြည်၊ ဒေါ်စန်းစန်းရွှေ၊ |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁)

## မာတိကာ


ဤကျမ်းကို မရှုစားမီ

[redacted]

၂၀၁၀ ပြည့်နှစ်ဖြစ်ရပ်များ ၁

၂၀၁၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ၃၃

[redacted]

၁ ကမ္ဘာနှင့်မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့်အဖွဲ့အစည်းများ **ဟိန်းလတ်** ၆၉

၂ ကမ္ဘာနှင့်မြန်မာ့ရုပ်သေးအနုပညာ **မမနိုင်** ၇၇

၃ နှစ်ငါးရာပြည့်တောင်ငူမြို့ (ကေတုမတီ) **ဒေါက်တာတိုးလှ** ၈၃

၄ ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့် ပြင်းထန်သောငလျင်များ **အောင်ချိန်ဘွား** ၉၃

၅ မောင်းသူမဲ့လေယာဉ် **သောင်းထိုက်ဦး** ၁၀၅

၆ မြန်မာတို့၏ ရဟန်းခံရှင်ပြုနှင့်နားသမင်္ဂလာ **ဆင်ဖြူကျွန်းအောင်သိန်း** ၁၁၃

၇ မြန်မာနိုင်ငံနှင့် မြန်မာစာပါရဂူဘွဲ့ **ဒေါက်တာအောင်မြင့်ဦး** ၁၂၃

၈ မြန်မာနိုင်ငံ၏ လူဦးရေ **ဦးအောင်မြင့်သိန်း** ၁၃၃

၉ MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများ **ရည်အောင်-ရွှေဘို** ၁၄၃

[redacted]

၂၀၁၀ ပြည့်နှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၅၅

အက္ခရာစဉ်အညွှန်း

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်စောင်အဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၀ ပြည့်နှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၁၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၀ ပြည့်နှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ဇယားများ၊ ကိန်းဂဏန်းများဖြင့်ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် လေကြောင်းစစ်ရေး၊ သမိုင်း၊ စာကြည့်တိုက်၊ ရင်ပြုနားသမင်္ဂလာ၊ ရုပ်သေးအနုပညာ၊ လျှော်၊ လှူဦးရေ၊ မြန်မာစာပါရဂူဘွဲ့ အပါအဝင်နှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၉ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာအကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပါဝင်ရေးသားပေးသော စာရေးဆရာပညာရှင်များ အကြောင်းကိုလည်းကောင်း၊ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၂၀၁၀ ပြည့်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၀၉) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၀ ပြည့်နှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

# အပိုင်း
# (၁)

မြန်မာ့နှစ်ချုပ်စာ (၂၀၁၁) သည် ၂၀၁၀ ပြည့်နှစ်အတွင်းတွင် မြန်မာနိုင်ငံနှင့်ကမ္ဘာမှ ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းအဖြစ် ဖော်ပြထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ နိုင်ငံအတွင်း ထူးခြားစွာပေါ်ပေါက်လာသောဖြစ်စဉ်၊ မှတ်တမ်းတင်အပ်သည့်အကြောင်းအရာများကိုလည်း ယခင်နှစ်ချုပ်စာ မူဟန်များ အတိုင်းဖော်ပြထားပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပခြင်းဖြင့် ကမ္ဘာ့အဝန်းအဝိုင်း၌ မှတ်မှတ်ထင်ထင်ရှိစေခဲ့သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်သော နေ့စွဲများကို ဖြစ်စဉ်ကွင်းဆက်ချိတ်မိစေရန်အတွက် ဆောင်းပါးပုံသဏ္ဌာန်ဖြင့် တင်ပြထားပြီး ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ပါတီ၊ ပါတီကိုယ်စားလှယ်၊ မဲရလဒ်စသည်တို့ကို ကိန်းဂဏန်းများဖြင့် စနစ်တကျဖော်ပြထားပါသည်။

ထို့အတူပင် နိုင်ငံတကာ၌ ပေါ်ပေါက်လာသော နိုင်ငံတကာဆက်ဆံရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များ၊ လူပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးအပါအဝင် ကမ္ဘာ့အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများစသည့် ကမ္ဘာ့မျက်နှာစာမှ ရည်ညွှန်းကိုးကားဖွယ်ရာ အကြောင်းအရာများကိုလည်း ဖော်ပြထားပါသည်။









# မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ (၂၀၁၀)

## ဇန်နဝါရီလ

၁ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး (၁/၂၀၁၀) သို့ တက်ရောက်အမှာစကားပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နယူးဒေလီနှင့်အစ္စလမ္မာဘတ်မြို့များ၌ နျူကလီးယားနှင့် ပတ်သက်သည့် သတင်းဖလှယ်မှုများကို သံတမန်လမ်းကြောင်းများမှ တစ်ဆင့် ဆောင်ရွက်ခဲ့ကြကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပသော ယင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၉-၂၀၁၀) ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် ဗင်နီဇွဲလားဝေဟင်ပိုင်နက်ကို ကျူးကျော်ရန်စနေခြင်းအပေါ် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးလိုက်ကြောင်း ကရာကတ်စ်မှလာသောသတင်းကို အင်တာနက်သတင်းက ပြန်လည်ဖော်ပြသည်။

၃ အယ်လ်ဂျီးရီးယားရှိ ... အယ်လ်ရိုင်ဒါလက်နွဲ့ အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုခံရပြီးနောက် ယီမင်နိုင်ငံရှိ ပြင်သစ်သံရုံးကို ပိတ်လိုက်ကြောင်း ပါရီရှိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၁၀ ပြည့်နှစ် (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုပေးခဲ့ပြီး ယခုနှစ်တွင် ရွေးကောက်ပွဲများကို စနစ်တကျကျင်းပရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

၅ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် DELCO ကုမ္ပဏီလီမိတက်တို့က ကံပေါက်သတ္တုတွင်း၏ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့်သဘောတူစာချုပ်ချုပ်ဆိုသည့် အခမ်းအနားကိုနေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

၇ ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသော တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၂ ဟေတီနိုင်ငံ၌ ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိအင်အားပြင်းငလျင်လှုပ်ရာအသေအပျောက်နှင့် အပျက်အစီးများစွာရှိကြောင်း နိုင်ငံတကာသတင်းဌာနများက ထုတ်လွှင့်သည်။

၁၄ ဒါဖာဒေသတွင် တိုက်ခိုက်မှုများရပ်တန့်ပြီး ဒေသအတွင်း အနှစ်သာရရှိသော ငြိမ်းချမ်းရေးရရှိစေရန် မဖြစ်မနေစေ့စပ်ဆွေးနွေးအဖြေရှာသွားရန် ဆူဒန်သမ္မတအိုမာအယ်လ်ရှာက ဒါဖာသူပုန်များကို တိုက်တွန်းပြောကြားလိုက်ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၅ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Doan Xuan Hung နှင့် ကာကွယ်ရေး

ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Nguyen Chi Vinh တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အာကာသသိပ္ပံပညာရှင်များ ကြိုတင် တွက်ချက်ထားကြသည့် အတိုင်း ၂၁ ရာစု၏ အချိန်အကြာဆုံး နေကြတ်မှုဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ပြည်သူများစိတ်ဝင်စားစွာစောင့်ကြည့်ကြသည်ဟု ကမ္ဘာ့သတင်းဌာနများက ဖော်ပြသည်။

၁၈ အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးဦးအောင်ကြည်ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Kari Tapiola နှင့်အဖွဲ့က နေပြည်တော်ရှိဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

၁၉ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အရှေ့အာရှနှင့် လက်တင်အမေရိကပူးပေါင်း ဆောင်ရွက်ရေး ဖိုရမ်၏ (၄) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ဟေတီနိုင်ငံမြို့တော် ပေါ်တိုပရင့်စ်၌ ပြင်းထန်သောငလျင် လှုပ်ခဲ့



**ရွေးကောက်ပွဲ၌ လက်ရှိသီရိလင်္ကာသမ္မတဒုတိယအကြိမ် အနိုင်ရရှိသဖြင့် ၎င်းကိုထောက်ခံသူများပျော်ရွှင်စွာဟစ်ကြွေးနေကြစဉ်**

ပြီးနောက် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပြည်သူထောင်ပေါင်းများစွာတို့သည် မြို့တော်မှစွန့်ခွာကြရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂၀ သတ္တမအကြိမ် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

၂၄ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဦးဆောင်ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယသံအမတ်ကြီးနေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်(၆၁) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်ရှိ နေတိုးစစ်စခန်းအနီး၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ အရပ်သားခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၇ အကြမ်းဖက်ဖောက်ခွဲရေးသမားကျော်ဇောလင်း (ခ) ကိုဆိုင်း အပါအဝင် ၁၁ ဦးနှင့် ယင်းတို့၏ ဖောက်ခွဲရေးပစ္စည်းအများအပြား ဖမ်းဆီးရမိခြင်းနှင့်ပတ်သက်၍ ပြည်ထဲရေး ဝန်ကြီးဌာနက သတင်းတစ်ရပ် ထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာက ဒုတိယ

အကြိမ်အနေနှင့် သမ္မတအဖြစ် ရွေးကောက်ခံရကြောင်း သီရိလင်္ကာ အစိုးရက ကြေညာသည်။

တာလီဘန်စစ်သွေးကြွများကို တိုက်ရိုက်ချေမှုန်းရေးသည် ဦးစားပေးရွေးချယ်ရမည့်ပြဿနာ မဟုတ်တော့ကြောင်း၊ စစ်သွေးကြွအချို့ကို လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ပေါင်းစည်းလာအောင် စီစဉ်နေကြောင်း အာဖဂန်နစ္စတန် သမ္မတဟာမစ်ကာဇိုင်းက ပြောကြားလိုက်သည်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ကန့်ဘလူမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မျက်စိဝေဒနာရှင်များကိုတွေ့ဆုံ အားပေးစကား ပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်သို့ ကမ္ဘောဒီးယားတပ်များကို စေလွှတ်တော့မည်မဟုတ်ကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆင်က ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

၃၁ ယီမင်နိုင်ငံမြောက်ပိုင်း ရှေ့တန်းစစ်မျက်နှာတွင် ယီမင်တပ်ဖွဲ့ဝင်များနှင့်ဟူသီတိုက်ခိုက်ရေးသမားများ စစ်ပွဲဆင်နွှဲလျက်ရှိရာ ၎င်းနိုင်ငံ၏ ပဋိပက္ခသည် အရှိန်မြှင့်မားလာနိုင်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတိပေးထားသည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

## ဖေဖော်ဝါရီလ

၁ ကမ္ဘာ့စီးပွားရေး အခက်အခဲပြဿနာများမှ သင်ခန်းစာရယူနိုင်ရန်နှင့် အနာဂတ်ကာလ လေကြောင်းကဏ္ဍ ပိုမိုကောင်းမွန်စေရေးနည်းလမ်းများရှာဖွေရန်အတွက် လေကြောင်းပျံသန်းရေးဆိုင်ရာ ညီလာခံကို စင်ကာပူနိုင်ငံတွင် ကျင်းပသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၂ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရေဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

၄ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ချင်းပြည်နယ်မင်းတပ်မြို့၊ တွန်းဇံမြို့၊ ဖလမ်းမြို့၊ ဟားခါးမြို့နှင့် မတူပီမြို့များသို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

၅ မြေငလျင်လှုပ်သွားပြီးနောက် ဟေတီနိုင်ငံ၌ ပူဆွေးသောကများနေရပြီး ပျက်စီးဆုံးရှုံးမှုများကြုံတွေ့နေရချိန်မျိုးတွင် ကလေးမှောင်ခိုကုန်ကူးမှု၊ ကလေးခိုးမှုများ တစ်နေ့တခြား တိုးပွားများပြားလာခြင်းကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၆ နေပြည်တော်တွင် ကျင်းပသည့် ၂၀၀၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း




ရေဝတီတံတား (ပခုက္ကူ) လုပ်ငန်းခွင်တစ်နေရာကိုတွေ့ရစဉ်

ရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တက်ရောက်အား ပေးပြီး ဆုရရှိသူများအား ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဆုများပေးအပ်ချီးမြှင့်သည်။

၇ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဦးဆောင်သော အားကစား ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံကို အာဖဂန်ပြည်သူများသာပိုင်ဆိုင်ကြောင်း၊ အာဖဂန်၏ ပြဿနာရပ်များကို စစ်ရေးမဟာဗျူဟာသက်သက်ဖြင့် ဖြေရှင်း၍ရနိုင်မည်မဟုတ်ကြောင်း တူရကီသမ္မတဟူအင်အိပ်ချ်စီအာရ်က ပြောကြားသည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ် Col. Syphanh Phanthalavong ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌လက်ခံတွေ့ဆုံသည်။

အီရန်နိုင်ငံအပေါ်နောက်ထပ်အရေးယူပိတ်ဆို့မှုမှန်သမျှသည် နျူကလီးယားမပြန့်ပွားရေးစနစ်ကို အားဖြည့်ရာရောက်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘာကျီရက်ကော့ဗ်က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၂ ၂၀၁၀ ပြည့်နှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းသော (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့်ညစာစားပွဲကို နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

၁၄ ရန်ကုန်မြို့ ချန်ထရိယံဟိုတယ်၌ကျင်းပသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီ၏မွေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့ တက်ရောက်သည်။

၁၆ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana သည် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ သံတမန်အဖွဲ့ဝင်များ၊ ရှေ့နေများ၊ တရားသူကြီးများနှင့်တွေ့ဆုံသည်။

၁၇ ဗြိတိန်အခြေစိုက်တစ်ကမ္ဘာလုံးဆိုင်ရာ လူမှုရေးအဖွဲ့အစည်းဖြစ်သည့် မေပယ်လ်ခရော့ဖ်အဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာအရအီရတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုက္ခအရောက်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းဖော်ပြထားသည်ကို အင်တာနက်သတင်းက ထပ်မံဖော်ပြသည်။

၂၀ နေတိုးအဖွဲ့က ၎င်းတို့၏စစ်ဆင်ရေးကာလတွင် အရပ်သားများသေဆုံးမှုမရှိစေရန် ကြိုးစားမှုသည် လုံလောက်မှုမရှိကြောင်း အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt.Gen. Buivan Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆူဒန်အစိုးရနှင့် ၎င်းနိုင်ငံရှိ သူပုန်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် ဒါဖာဒေသ၌ စစ်ပွဲပြီးဆုံးပြီဖြစ်ကြောင်း ဆူဒန်သမ္မတအယ်လ်ဘာရှာက ပြောကြားသည်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၅ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ Hanergy Holding Group Limited (Hanergy)၊ Goldwater Resources Limited (GRL) တို့ ပူးပေါင်း၍အထက်သံလွင် (ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးသဘောတူ လက်မှတ်ရေး ထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၇ ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညိုသည်။

ချီလီနိုင်ငံ၌ ရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော ငလျင်တစ်ခုလှုပ်ခဲ့ရာ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခဲ့ပြီး လူအသေအပျောက်များစွာရှိခဲ့သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

## မတ်လ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်းဝန် H.E. Ms. Ninupama Rao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီရန်နိုင်ငံ၏ နျူကလီးယားနှင့်စပ်လျဉ်းသော ဆောင်ရွက်မှုအားလုံးသည် ငြိမ်းချမ်းစွာအသုံးပြုရန်ဖြစ်သည်ဟု ၎င်းအနေဖြင့် အတည်မပြုနိုင်ကြောင်း ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေး အေဂျင်စီအကြီးအကဲက ပြောကြားလိုက်သည်ဟုရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E.Mr.Wang Jiarui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

— နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထူးစီမံကိန်းကြီးများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယီမင်နိုင်ငံ မြို့တော်ဆားနားတွင် အယ်လ်ခိုင်ဒါတို့နှင့် အဆက်အသွယ်ရှိသည်ဟု မသင်္ကာသူ ၁၁ ဦးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

၇ ပါရှန်ပင်လယ်ကွေ့အတွင်း ရေနံတွင်းတူးစင်တစ်ခုတည်ဆောက်ရန်အတွက် တရုတ်ကုမ္ပဏီတစ်ခုအား ခွင့်ပြုသော အမေရိကန်ဒေါ်လာ ၁၄၃ သန်းတန်ဖိုးရှိသည့် စာချုပ်တစ်ခုကို အီရန်နှင့်တရုတ်တို့ သဘောတူလက်မှတ်ထိုးခဲ့ကြသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အီရန်တို့၏နယ်စပ်ဒေသတွင် အကြမ်းဖက်အုပ်စုများကိုဖွဲ့စည်း၍ လေ့ကျင့်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ (ISI) ၏ အကြီးအကဲဟောင်း ဟာမစ်ဂေါလ်က ထုတ်ဖော်ပြောကြားလိုက်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကွန်ပျူတာ တက္ကသိုလ် (လားရှိုး) ပင်မသုံးထပ် ဆောင်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်

ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် သေနတ်သမားများသည် လူသားချင်းစာနာထောက်ထားရေးအဖွဲ့အစည်းကို လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ရာ အဆိုပါအဖွဲ့အစည်း၌ လုပ်ကိုင်နေသူ ခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက် အမှတ်(၁/၂၀၁၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာသည်။



ရှပ်နီဆန္ဒပြသမားများကို ဖြိုခွင်းနေသော ထိုင်းလုံခြုံရေးအဖွဲ့

ပင်လယ်ကွေ့ဒေသ၌ အမေရိကန်တပ်များချထားမှုနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို အကြောင်းပြုကာ ဒေသတွင်းစွမ်းအင်အရင်းအမြစ်များကိုလက်ဝါးကြီးအုပ်ရန် ကြံရွယ်နေကြောင်း အီရန် သမ္မတ အာမက်ဒီနီဂျက်က ပင်လယ်ကွေ့ဒေသများကို သတိပေးလိုက်သည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။

၁၂ ရုရှားနှင့်အိန္ဒိယတို့သည် အိန္ဒိယရေတပ်အတွက် အက်မေရယ်ဂေါ့ရှ်ကော့လေယာဉ်တင်သင်္ဘောဝယ်ယူရေး၊ အမ်အိုင်ဂျီ ၂၉ ကေ အမျိုးအစား လေယာဉ်တင်သင်္ဘောအခြေစိုက် ဂျက်တိုက်လေယာဉ် ၂၉ စင်း ဝယ်ယူရေး သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလိုက်ကြသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၁၃ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့သည် နျူကလီးယားလက်နက် လျှော့ချရေးသဘောတူစာချုပ်သစ်တစ်ရပ် ချုပ်ဆိုရေးနှင့်ပတ်သက်၍ အဆင့်မြင့်သဘောတူညီမှုရရှိခြင်းအပေါ် ကျေနပ်အားရဖြစ်ကြရသည်ဟု ရုရှားသမ္မတရုံးကသတင်းထုတ်ပြန်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မင်းလှဘူတာ၌ ကျင်းပသော သရက်-မင်းလှရထားလမ်းပိုင်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံပြည်သူများကို ရင်းနှီးစွာတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းကို တိုက်ဖျက်ရာ၌ အမေရိကန်နှင့်နေတိုးတို့က တက်တက်ကြွကြွ ဆောင်ရွက်မှုမရှိခြင်းသည် ရုရှားကို မကြေညာသော စစ်ပွဲတစ်ရပ်ဆင်နွှဲနေခြင်းဖြစ်သည်ဟု နေတိုးဆိုင်ရာ ရုရှားသံအမတ် ဒီမီထရီရိုဂိုဇင်က ပြစ်တင်ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းဌာ နကဖော်ပြသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ပြည်ပ၌တိမ်းရှောင်နေသော ဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို ထောက်ခံသည့် ရှပ်နီဝတ်ဆန္ဒပြသမားများက ဆန္ဒပြကြပြီး အစိုးရအဆောက်အအုံအချို့ကို စီးနင်းသိမ်းပိုက်ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိနဒ်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၁၆ ထိုင်းနိုင်ငံဘန်ကောက်မြို့၌ရှပ်နီဝတ်ဆန္ဒပြသမားများက အစိုးရ

အိမ်တော်ကို သွေးဖြင့်ပက်ခြင်း ဖြင့်လက်ရှိအစိုးရကို ဆန္ဒပြကြ သည်ဟုသတင်းဌာနများမှဖော်ပြ သည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရသည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေတ္တာ ရပ်ခံချက်အရနှစ်နိုင်ငံချစ်ကြည်ရေး ကို အလေးထားသောအားဖြင့် အမေရိကန်နိုင်ငံသားခံယူထားသူ ညီညီအောင် (ခ) ကျော်ဇောလွင် အပေါ်ချမှတ်ထားသည့်ပြစ်ဒဏ်များ ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်သည်။

၁၉ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည် တော်လယ်ဝေးရှိ မက်စ်ဘီလပ်မြေ စက်ရုံဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အီရန်နိုင်ငံသည် လာမည့် နှစ်အတွင်း နျူကလီးယားစက်ရုံသစ် များတည်ဆောက်သွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ မိုဟာမက်ရီဇာရာမီမီ က ပြောကြားသည်ဟုအင်တာနက် သတင်းက ဖော်ပြသည်။

၂၀ တရားမဝင်သောနည်းလမ်း ဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ (၁/၂၀၁၀) အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ကျင်းပ ရာ ယင်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး နှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်း ဆွေတို့တက်ရောက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ) ဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးတက်ရောက်အဖွင့် အမှာစကားပြောကြားပြီး စက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ၍ ဖွင့်လှစ်ပေးသည်။

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံနှင့် ပိုမို ကောင်းမွန်သော ဆက်ဆံရေးထူ ထောင်မည်ဟူသော ယင်း၏ကတိကို လက်တွေ့ အ ကောင်အထည်ဖော်ရန် ပျက်ကွက် နေကြောင်းအီရန်နိုင်ငံမှ ဘာသာရေး ခေါင်းဆောင်အယာတိုလာ အလီခါ မေနီက ပြောကြားလိုက်သည်ဟု အီရန်ရုပ်မြင်သံကြားပြန်ကြားရေး အစီအစဉ် ဂြူဟ်တသတင်းထုတ်လွှင့် ချက်၌ ထုတ်ပြန်ကြေညာသည်။

၂၂ တရားမဝင်ကုန်သွယ်မှု၊ လူမှောင်ခိုကူးမှုနှင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် ပိုမိုနိုင်မာစွာ ပူး ပေါင်းဆောင်ရွက်သွားကြမည်ဟု ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့ က သန္နိဋ္ဌာန်ချလိုက်သည်။

မြို့ပြစီမံကိန်းဆိုင်ရာ ကိစ္စ ရပ်များ၊ အိမ်ရာဆောက်လုပ်ရေးဆိုင် ရာကိစ္စရပ်များ၊ မြို့ကြီးပြကြီးများ တွင်ဖြစ်တတ်သည့်အကြမ်းဖက်မှု ဆိုင်ရာကိစ္စရပ်များနှင့် မြို့ပြထူထောင် မှု၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးညှိနှိုင်းရေးအတွက် ပဉ္စမ အကြိမ် ကုလသမဂ္ဂလူသားများနေရာ ချထားရေးအစီအစဉ်၊ ကမ္ဘာ့မြို့ပြ ရေးရာ ဖိုရမ်ကို ဘရာဇီးနိုင်ငံ မြို့တော် ရီယိုဒီဂျနေရီးတွင်ကျင်းပသည်။

၂၃ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် (၆၅) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ၌ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ပါကစ္စတန်နိုင်ငံ အနှံ့အပြား ၌ ၂၀၀၉ ခုနှစ်အတွင်း အကြမ်းဖက် တိုက်ခိုက်မှု ၂၅၈၆ မှုဖြစ်ပွားခဲ့ပြီး ပြည်သူ ၃၀၂၁ ဦးထက်မနည်း သေဆုံးကာ ၇၃၃၄ ဦးဒဏ်ရာရရှိခဲ့ ကြောင်း ပါကစ္စတန်လူ့အခွင့်အရေး ကော်မရှင်က ထုတ်ပြန်ကြေညာသည်။

၂၄ ဆောက်လုပ်ရေးဝန်ကြီး ဌာနက တာဝန်ယူဆောက်လုပ်ခဲ့ သည့် ပြည်–ပေါက်ခေါင်း–တောင်ငူ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား သို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် ကြီးသိန်းစိန်တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

၂၅ ကမ္ဘာပေါ်၌ မသန့်ရှင်း သောရေကြောင့် သေဆုံးမှုနှုန်းမှာ

စစ်ပွဲအပါအဝင် အကြမ်းဖက်မှုပုံစံ အားလုံးကြောင့် သေဆုံးကြရမှုနှုန်း ထက်ပိုမိုမြင့်မားနေကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကမ္ဘာ့ရေသယံဇာတနေ့အထိမ်းအမှတ်သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြသည်။

၂၇ ၂၀၁၀ ပြည့်နှစ် (၆၅) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်အနောက်ဘက်ကမ်းလွန်ဒေသ၌ တောင်ကိုရီးယားရေတပ်ကင်းလှည့်သင်္ဘောတစ်စင်းနစ်မြုပ်သွားခဲ့ခြင်းကြောင့် သေဆုံးသူသင်္ဘောသားများအတွက် ဝမ်းနည်းကြေကွဲကြောင်း ၎င်းတို့၏မိသားစုများထံ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက သဝဏ်လွှာပေးပို့သည်။

၃၀ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထားဝယ်တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

လက်ရှိဖြစ်ပေါ်နေသော မကျေလည်မှုများနှင့်ပတ်သက်၍ ဝန်ကြီးချုပ်အဘီဆစ်ဝဲ့ချာချီဝခေါင်းဆောင်သော ထိုင်းနိုင်ငံ အစိုးရအဖွဲ့နှင့် ရှပ်နီဆန္ဒပြခေါင်းဆောင်တို့ ဆွေးနွေးကြရာ သဘောတူညီမှု တစ်စုံတစ်ရာမရရှိဘဲ ပြီးဆုံးသွားသည်။



**(၆၅) နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းပြောကြားစဉ်**

## ဧပြီလ

၁ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည်အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dr.R.M. Marty M.Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယီမင်နိုင်ငံ အယ်လ်ဒါလီပြည်နယ်ရှိ အကျဉ်းထောင်ကို ဗုံးဖြင့်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အကျဉ်းသား ၃၀၀ ကျော် လွတ်မြောက်သွားခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားချက်ကို ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ် နိုင်ငံဝန်ကြီးချုပ်မစ္စတာငုယင်တန်ဒွန်းနှင့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

၅ ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်းတွင် ကျင်းပသော ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

၇ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကျင်းပမည့် ရွေး

ကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်ချက်များ ရှင်းလင်းဆွေးနွေးပို့ချမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ရုပ်နီဆန္ဒပြသမားများနှင့် ရှုပ်ထွေးနေသောအနေအထားကြောင့် ဝန်ကြီးချုပ်အဘိဆစ်ဝဲ့ချာချီဝက အရေးပေါ်အခြေအနေတစ်ရပ် ကြေညာကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

အမေရိကန်သမ္မတဘားရက် အိုဘားမားနှင့် ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်တို့သည် နျူကလီးယားလက်နက်များလျှော့ချရေးစာချုပ်သစ်ကို ချက်နိုင်ငံ ပရာဟာမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၀ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက နျူကလီးယားလုံခြုံရေး ထိပ်သီးညီလာခံ တက်ရောက်ရန်အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပိုလန်သမ္မတလက်ချ် ကာဇင်စကီးနှင့် ပိုလန်စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်များ စီးနင်းလိုက်ပါလာသော တီယူ ၁၅၄ လေယာဉ်သည် ရုရှားနိုင်ငံတော်ဆမိုလင့်ခ်လေဆိပ်အနီး၌ ပျက်ကျရာ ပိုလန်သမ္မတနှင့် ၎င်း၏ဇနီးအပါအဝင် စုစုပေါင်း လူ ၉၆ ဦးသေဆုံးခဲ့သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

၁၅ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ $X_20$ ရေကစား မဏ္ဍပ်ရှေ့၌ မဟာသင်္ကြန်အကြတ်နေ့ မွန်းလွဲ ၃ နာရီခန့်အချိန်တွင် ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားသည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရတနာသိဃ်တံတားတည်ဆောက်ရေးစီမံကိန်း၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ဆည်တော်ကြီးရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၇ အိုက်စလန်နိုင်ငံ ရေခဲပြင်ဒေသအောက်ရှိ မီးတောင်တစ်လုံး ပေါက်ကွဲလျက်ရှိရာ ထွက်ပေါ်လာသောမီးတောင်ပြာမှုန်များကြောင့် ဥရောပလေကြောင်း ခရီးစဉ်အများအပြားကို ဖျက်သိမ်းခဲ့ရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၈ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲနှင့် (၁၄) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

၂၁ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ သလပ်ချွာ၊ မော်တင်စွန်း ကားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် တံတားများတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးမြို့ရှိ မန္တလေးစက်မှုဇုန် ကနောင်ခန်းမတွင် စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဆန္ဒပြသူများအခြေချရာနေရာ တစ်နေရာ၌ ဗုံးကွဲမှုများဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ၈၅ ဦးဒဏ်ရာ

ရရှိသွားကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

အီရတ်နိုင်ငံမြောက်ပိုင်း နင်နီဗားပြည်နယ်တွင် တူရကီနိုင်ငံသို့ပို့ဆောင်သော ရေနံပိုက်လိုင်းကို သောင်းကျန်းသူများက ဖောက်ခွဲခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်အတွင်း ဝက်သက်ရောဂါကူးစက်ပြန့်ပွားလျက်ရှိကြောင်း ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၃ ပညာရေးဝန်ကြီးဌာန ၂၀၁၀ ပြည့်နှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကို နေပြည်တော် ပျဉ်းမနားရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၂၄ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sino Hydro Corporation Limited၊ ထိုင်းနိုင်ငံ EGAT International Co., Ltd နှင့် International Group of Entrepreneur Company Limited တို့ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

မြောက်ကိုရီးယားနှင့် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော နယ်စပ်ရေပြင်အောက်မှ နစ်မြုပ်ခဲ့သောချီနန်စစ်သင်္ဘော၏ ဦးပိုင်းကို ဆယ်ယူနိုင်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက သတင်းထုတ်ပြန်သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

၂၆ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၏ သာသနာ့မဟာဗိမာန်တော်၌ကျင်းပသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့တက်ရောက်ကြည်ညိုဆက်ကပ်လှူဒါန်းပူဇော်သည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့သည် ၎င်း၏ ဌာနေဝန်ထမ်း အာဖဂန်လူမျိုးများကို မိမိတို့နေအိမ်၌ပင်နေကြရန် သတိပေးထားကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၂၇ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲမဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်ဆက်ကပ်လှူဒါန်းသည်။



ယူကရိန်းနိုင်ငံလွှတ်တော်အတွင်း အချင်းများနေကြသောလွှတ်တော်အမတ်များ

ယူကရိန်းနိုင်ငံ ပါလီမန်လွှတ်တော်တွင်း၌ အဆိုတစ်ခုနှင့်ပတ်သက်၍ လွှတ်တော်အမတ်အချင်းချင်းသဘောထားကွဲလွဲပြီး အပြန်အလှန်ထိုးကြိတ်သတ်ပုတ်ကြသည်ဟု မီဒီယာသတင်းများကဖော်ပြသည်။

၂၈ အီရန်နှင့်အနောက်အုပ်စုအကြား နျူကလီးယားလောင်စာလဲလှယ်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံလိုက်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ယူချီဟာမော့တာကီက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။

၂၉ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအနီးရှိ မြို့တော်ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

၃၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ (၂၀၁၀)ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နိုင်ငံတကာခေါင်းဆောင်များ၊ အထူးဧည့်သည်တော်များနှင့် ပရိသတ်ထောင်ပေါင်းများစွာတို့ရှေ့၌ ဖွင့်လှစ်သည်။

## မေလ

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၀ ပြည့်နှစ် အလုပ်သမားနေ့သို့ သဝဏ်လွှာပေးပို့သည်။

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှုကြောင့် ထိခိုက်နစ်နာမှု အပေါ်ဗြိတိန် (ဘီပီ) ရေနံကုမ္ပဏီက လျော်ကြေးပေးရန် ကတိကဝတ်ပြုကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းခေါင်းဆောင်သော မြန်မာလေ့လာသူကိုယ်စားလှယ်အဖွဲ့သည် ဘူတန်နိုင်ငံ သင်ဖူးမြို့၌ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် တောင်အာရှနိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်) ထိပ်သီးညီလာခံသို့တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

၃ အီဂျစ်အာဏာပိုင်များက နယ်စပ်လိုဏ်ခေါင်းများ၌ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားပစ္စည်းများ ရယူရန်ကြိုးပမ်းသည့် ပါလက်စတိုင်းလူမျိုး ၅၂ ဦးကို ဓာတ်ငွေ့လွှတ်၍ သတ်ခဲ့ကြောင်း ပါလက်စတိုင်းလူ့အခွင့်အရေး ဖောင်ဒေးရှင်းအဖွဲ့က ပြောကြားသည်ဟု သတင်းဌာနများကရေးသားဖော်ပြသည်။

၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander Svintsovskiy ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု နှစ်ကြိမ် သီးခြားစီဖြစ်ပွားရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ထောက်လှမ်းရေးအရာရှိတစ်ဦး သေဆုံးပြီး အစိုးရဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဗဟိုအာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်ထူထောင်ရေးစာချုပ် အာဏာတည်လာခြင်းကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း အာဆီယံအသင်းကြီးက တရားဝင်ထုတ်ဖော်ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၆ $X_2O$ ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့ကြသူများအနက် တစ်ဦးကိုဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရာဇဒိုင်တံတား အမှတ် (၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်**

ဌာနချုပ်ရုံး အရိန္ဒမာခန်းမ၌ကျင်းပသည်။

နိုင်ဂျီးရီးယားယာယီ သမ္မတ ဂွတ်လပ်ဂျွန်နသန်သည် သမ္မတ အူမာရုယာအဒူလာ ကွယ်လွန်ပြီးနောက်ပိုင်းတွင် တရားဝင်သမ္မတ အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၇ မြန်မာနိုင်ငံလူ့အခွင့် အရေး အဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူ့အခွင့် အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးတို့သည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသော (၆၂) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရုရှားနိုင်ငံက (၁၉၄၁-၁၉၄၅) စစ်ပွဲကာလအောင်နိုင်မှု (၆၅) နှစ်မြောက်စစ်ရေးပြအခမ်းအနားကို ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ ရင်ပြင်နီ၌ကျင်းပသည်။

၂၂ ဂျပန်နိုင်ငံတောင်ပိုင်းရှိ အမေရိကန်စစ်စခန်းနေရာရွှေ့ပြောင်းရေးအစီအစဉ်ကို ဒေသခံပြည်သူများက ဆန့်ကျင်ပြီး အာဏာရညွန့်ပေါင်း အစိုးရအတွင်း သဘောထားကွဲလွဲသည့်ကြားမှပင် ဂျပန်နှင့် အမေရိကန်အစိုးရတို့က သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ကုလသမဂ္ဂ ဆိုမာလီဆိုင်ရာညီလာခံကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ဆိုမာလီသမ္မတ ရှိတ်ရှရစ်ဇ်ရှိတ်အာမက်နှင့် ၅၅ နိုင်ငံမှ ကိုယ်စား

လုယ်များတက်ရောက်ကြကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။

၂၃ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသည့် (၆၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

၂၄ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၀) ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ် တင်းမာမှုကြီးထွားလာစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် လိပ်ခဲတည်းလည်းဖြစ်နေသော ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်စရေးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

၂၅ အီရန်၏ နျူကလီးယား ကြေညာချက်မှာ နောက်ထပ်အရေးယူပိတ်ဆို့လာမည့်အရေးကို ရှောင်လွှဲရန်အတွက် အီရန်အစိုးရ၏ လိမ်လည်လှည့်ဖြားမှုပုံစံတစ်ရပ်သာ ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

၂၇ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co.,Ltd. တို့ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းနှင့် ကလေးဝ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို နေပြည်တော် ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်တည်ဆောက်ရေးတွင် ညီညွတ်ကြရေးအတွက် မိမိတို့နိုင်ငံ၌ အစွန်းရှည်တည်တံ့ခဲ့သော အဆုံးအမများနှင့်အညီ နေထိုင်ကျင့်သုံးကြရန် နီပေါသမ္မတရမ်ကာရန်ယာဒက်က တိုက်တွန်းနှိုးဆော်လိုက်သည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၂၈ အီရန်၏ နျူကလီးယား ကြေညာချက်ကို ဆန့်ကျင်သည့် ရုရှား၏ရပ်တည်ချက်မှာ ရုရှားကို အီရန်၏ရန်သူအဖြစ် ပြောင်းလဲသွားစေနိုင်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ကာမင်ဒေသတွင် သတိပေးလိုက်သည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၂၉ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စပိန်နိုင်ငံ မဒရစ်မြို့၌ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အာဆီယံ၊ ဥရောပသမဂ္ဂ (အီးယူ) ဝန်ကြီး အဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တူရကီအရှေ့တောင်ပိုင်း၌ ကာ့ဒ်အလုပ်သမားပါတီအဖွဲ့နှင့် တူရကီတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားရာ တူရကီတပ်ဖွဲ့ဝင် တပ်ကြပ်ကြီးတစ်ဦးနှင့် ကျေးရွာလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနမှ ထုတ်လွှင့်သည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

## ဇွန်လ

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမာသည် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်များကို ၈ လတာ ထမ်းဆောင်ပြီးနောက် ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာသည်။



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်မစ္စတာဝမ်ကြားပေါင်တို့တွေ့ဆုံနှုတ်ဆက်စဉ်

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တောင်အာဖရိကနိုင်ငံတွင် ပယာမဆုံးချူကြလီးယား စက်ရုံကို မကြာမီဟည့်ဆောက် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတွင်း စွမ်းအင်လိုအပ်ချက်များပြားလာမှု ဖြေရှင်းနိုင်ရန် အတွက်ဖြစ်ကြောင်း တောင် အာဖရိကစွမ်းအင်အရာရှိများက ပြောကြားသည်။

၄ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ရန်ကုန်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လှူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ရှင်းလင်းသည့် အခမ်းအနားတွင် တက်ရောက်ရှင်းလင်းပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမာရာထူးမှနုတ်ထွက်ပြီးနောက် ဂျပန်နိုင်ငံ အာဏာရပါတီက ဘဏ္ဍာရေးဝန်ကြီး နာအိုတိုကန်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော နိုင်ငံတော် ဝန်ကြီးချုပ်ဦးသိန်းစိန်ကို နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဂျီ-၂၀ ဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်တာဝန်ရှိ ပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

၆ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀) ပြည့် အထိမ်းအမှတ် အခါသမယ၌ နှစ်နိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများ သဝဏ်လွှာ အပြန်အလှန်ပေးပို့ကြသည်။

အမေရိကန်သမ္မတ ဘားရက် အိုဘားမားနှင့်တွေ့ဆုံရေးအတွက် ဝါရှင်တန်သို့ လာရောက်ပါရန် ဖိတ်ခေါ်မှုကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လက်ခံလိုက်ကြောင်း အင်တာနက်သတင်း ကဖော်ပြသည်။

ဂါဇာကမ်းမြောင်သို့ ဦးတည်သွားနေသော အကူအညီပေးသင်္ဘောအုပ်စုကို အစ္စရေးရေတပ်က တိုက်ခိုက်ခဲ့မှုဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ကျင်းပသည့် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

၁၁ မြန်မာနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုအပေါ် စွပ်စွဲမှုပြုလုပ်ခြင်းမှာ အခြေအမြစ်မရှိကြောင်းနှင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရှရားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၌ ကျင်းပသော ရှရားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

၁၂ ရန်ကုန်မြို့၌ကျင်းပသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာ–ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သဘာဝဓာတ်ငွေ့ပို့လွှတ်ခြင်း အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူးပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အိန္ဒိယ အစုရှိများက သတင်းထုတ်ပြန်သည်။

၁၃ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ဆိတ်ဖြူ–ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၄ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြွေသီးစက်ရုံ (ချောက်) ၏ ကြွေသီးထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်

၁၆ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Limited တို့သည် ကုန်းပိုင်းလုပ်ကွက် F (ငလိုင်တွင်းဒေသ) ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

၁၇ အီရန်သုတေသနဓာတ်ပေါင်းဖိုထက် အင်အားပြင်းထန်သည့် ဓာတ်ပေါင်းဖိုတစ်ခုကို လအနည်းငယ်အတွင်း တည်ဆောက်မည့် အစီအစဉ်များ အီရန်အဏုမြူစွမ်းအင်အဖွဲ့ AEOI တွင်ရှိကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၈ မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်များနှင့်စပ်လျဉ်း၍ IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီး ဦးတင်ဝင်းက IAEA မှ Division of Operations A,Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Marco Marzo ထံသို့ ပြန်ကြားစာပေးပို့ရာတွင် မြန်မာနိုင်ငံသည် နျူကလီးယားဆိုင်ရာလုပ်ငန်းများကို အတိတ်ကာလကလည်းကောင်း၊ ယခုလက်ရှိကာလ၌လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း၊ ဆောင်ရွက်နေခြင်း မရှိသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆောင်ရွက်ရန် စီစဉ်ထားခြင်းမရှိကြောင်း ဖော်ပြပါရှိသည်။

အစ္စရေးက ဂါဇာကမ်းမြောင်သွားသင်္ဘောအုပ်စုကို တိုက်ခိုက်ပါက အရှေ့အလယ်ပိုင်းဒေသ၌ စစ်ပွဲသစ်ဖြစ်ပွားနိုင်သည့်အခြေအနေမြင့်မားလာနိုင်ကြောင်း ဆီးရီးယားသမ္မတ အယ်လ်အာဆတ်က သတိပေးပြောကြားသည်။

၂၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါစွန်ဘုဖာဝမ်း ဦးဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဘီလာရုစ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ဖြတ်တောက်ပစ်ရန် ရုရှားဂတ်စ်ပရွန်သဘာဝ



အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတမက်ဗီဒက်ဗ်တို့ မော်တော်ကားပေါ်တွင် နှစ်နိုင်ငံအရေးဆွေးနွေးစဉ်

ဓာတ်ငွေ့ကုမ္ပဏီအား ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်က အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဂတ်စ်ပရွန်ကုမ္ပဏီဥက္ကဋ္ဌက ပြောကြားသည်။

၂၂ ဂျီ-၂၀ ခေါင်းဆောင်များ အနေဖြင့် လာမည့်ထိပ်သီးအစည်းအဝေး၌ ပြန်လည်ဦးမော့လာသည့် ကမ္ဘာ့စီးပွားရေးအခြေအနေကို ဆက်လက်ဖွံ့ဖြိုးတိုးတက်လာရေးနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးသွားကြစေလိုကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

၂၃ အရှေ့တောင်ဥရောပနိုင်ငံများ၏ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုညီလာခံကို အစ္စတန်ဘူလ်မြို့၌ကျင်းပရာ ၁၁ နိုင်ငံမှ အကြီးအကဲများ တက်ရောက်ကြသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အိန္ဒိယသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ စစ်သံမှူးများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၂၅ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်



သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုနေသော ဘင်နစ်နိုအာကွီနို

ထမ်းများ၏ ကျောင်းနေသားသမီးများ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတမက်ဗီဒက်ဗ်တို့သည် နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုကြောင့် တစ်စတစ်စ ယိမ်းယိုင်ကျဆင်းနေသည့် ဆက်ဆံရေးပြေလည်မှုရရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း အင်တာနက် သတင်းက ဖော်ပြသည်။

၂၆ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လှော်ကားရှိ နယ်မြေခံ ရဲတပ်ရင်းကွင်းပြင်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကျင်းပသည်။

၂၈ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃၀ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ဘင်နစ်နိုအာကွီနိုသည် ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတရာထူးကို ကျမ်းသစ္စာကျိန်ဆိုလက်ခံပြီး မိန့်ခွန်းပြောကြားရာ၌ ခြစားမှုကင်းရှင်းသော အစိုးရသစ်ဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိစကားကိုလည်း ထည့်သွင်းဖော်ပြသွားသည်။

## ဇူလိုင်လ

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၅ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T (Build Operate Transfer) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသောကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

၇ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံစဉ် ဂါဇာကမ်းမြောင်နှင့် ပတ်သက်သည့် မဟာဗျူဟာကို ပြောင်းလဲပေးရန် အစ္စရေးအစိုးရကို တိုက်တွန်းသည်။

၉ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပျော်ဘွယ်မြို့ရှိ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောက်ဆည်မြို့နယ်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ကို စစ်ဆေးကာ ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မတမံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

၁၀ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၁၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာ–လာအို သံတမန်ဆက်သွယ်သည့် (၅၅) နှစ်မြောက် အထိမ်းအမှတ်အတွက်နှစ်နိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား အပြန်အလှန် သဝဏ်လွှာများ ပေးပို့သည်။

၁၇ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နေပြည်တော်၌ ကျင်းပသည့် မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓ ဘာသာသာသနာ့နဂ္ဂဟအသင်း (ပထမအကြိမ်) အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ၌ကျင်းပသော မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ နှစ် (၄၀) မြောက် နှစ်ပတ်လည်အခမ်းအနားသို့

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်

၁၈ ငြိမ်းချမ်းရေး အစီအစဉ်များဆွေးနွေးရန် အာဖရိကသမဂ္ဂ (အေယူ) အဆင့်မြင့်အစည်းအဝေးကို အီသီယိုးပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့ရှိ အေယူရုံးချုပ်၌ကျင်းပကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၁ ဟသ်ာတ–ဓနုဖြူ–စကြော့ (ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အရှည်၁၆ ဒသမ ၂၅ မိုင်ရှိ ဟသ်ာတ–ဇလွန်လမ်းပိုင်းဖွင့်ပွဲအခမ်းအနားသို့

ဆိုမာလီပင်လယ်ဓားပြများလက်ထဲ၌ အပိုင်စီးထားသည့် နိုင်ငံတကာသင်္ဘောများမှာ ၂၁ စင်း ရှိနေဆဲဖြစ်ပြီး သင်္ဘောသားဦးရေမှာ ၃၈၇ ဦးဖြစ်ကြောင်း နိုင်ငံတကာရေကြောင်းလုံခြုံရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသမ္မတ၏ ဖိတ်ကြား

ချက်အရ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာသည်။

ကမ္ဘာ့မြေစောင့်ကြည့်လေ့လာရေးဌာနတစ်ခုကို ဗြိတိန်နိုင်ငံ အော့ဖို့ဒ်ရှိုင်းယားအရပ်၌ ထူထောင်သွားမည်ဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ လေထုအတွင်းကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်သိရှိနိုင်ရေးကို လေ့လာသုတေသနပြုသွားမည်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

၂၇ အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နယူးဒေလီရှိ သမ္မတနန်းတော် အဆောက်အအုံ Darbon ၌ကျင်းပသည်။

ဂျော်ဒန်နိုင်ငံတွင် နျူကလီးယားသုတေသနဓာတ်ပေါင်းဖိုတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဂျော်ဒန်နျူကလီးယားစွမ်းအင်ကော်မရှင်က သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်က အစ္စရေးနှင့်ငြိမ်းချမ်းရေးအတွက် တိုက်ရိုက်ဆွေးနွေးရန် မိမိတို့အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။

၂၈ အီရန်သည် နည်းပညာနယ်ပယ်၌ တိုးတက်အောင်မြင်မှုရှိကြောင်း ဖော်ညွှန်းပြသနိုင်သည့် အလွန်ကြီးမားသော အာကာသအဝေးကြည့်မှန်ပြောင်းတစ်ခုကို အောင်မြင်စွာ ဖွင့်လှစ်အသုံးပြုနိုင်ခဲ့သည်ဟု အီရန်အရာရှိများက ပြောကြားသည်။

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိသည်။

၃၀ ရုရှားနိုင်ငံတွင် မြန်နှုန်းမြင့်မောင်းနှင်နိုင်သည့် ကျည်ဆန်ရထားကို မော်စကိုမြို့အရှေ့ဘက် ကီလိုမီတာ ၄၀၀ အကွာရှိ စက်မှုမြို့တော်ဖြစ်သော နော့မ်ဂိုရော့မြို့မှ စိန့်ပီတာဇဘတ်မြို့သို့ ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ကြောင်းအာရ်အိုင်အေက သတင်းထုတ်ပြန်သည်။

## ဩဂုတ်လ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်၌ကျင်းပသည့် မြန်မာ့သဘာဝသောက်ရေသန့် စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၂ သင်္ဘောသား ၂၃ ဦး လိုက်ပါလာသည့် ပနားမားအလံလွှင့်ထူထားသော အင်ဖွိုင်းရှုးအက်ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီယာပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ ရေကြောင်းတပ်ဖွဲ့က ပြောကြားသည်။

၃ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်၌ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ၊ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ လက်ဘနွန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံတို့မှ စစ်သံမှူးများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၇ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ၌ ကျင်းပသည့် မိုးစပါးစုပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အောက်စ်ဖို့တက္ကသိုလ်မှ သမိုင်းဘာသာဖြင့်ဘွဲ့ရပြီး ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုနှင့် လက်ရှိသမ္မတအဓစ်ဖ်အလီဇာဒါရီတို့၏ အကြီးဆုံးသားဖြစ်သူ အသက် ၂၂ နှစ်အရွယ်ရှိ ဘီလာဝါဘူတိုဇာဒါရီက ၎င်းအနေဖြင့် နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ရပ်တည်ရန်အသင့်မဖြစ်သေးဟု ပြောကြားကြောင်း The Time သတင်းမီဒီယာက ဖော်ပြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် (၄၃)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာထုတ်ပြန်သည်။

၉ ရခိုင်ပြည်နယ် မောင်တောမြို့ မြင်နယ်မှရရှိခဲ့ပြီး နေပြည်တော်သို့ သက်ဆိုင်ရာတာဝန်ရှိသူများ သယ်ဆောင်ခဲ့သော' ဆင်ဖြူတော်သည် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်သို့ မွန်းလွဲ ၁ နာရီ ၄၄ မိနစ်တွင် ရောက်ရှိသည်။

ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် အဏုမြူဗုံးကြဲချမှု (၆၅)နှစ်မြောက်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသည်။

၁၀ အရပ်ဘက်သုံး နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို အမေရိကန်နှင့် ဗီယက်နမ်နှစ်နိုင်ငံဆွေးနွေးလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက ဗီယက်နမ် နယူးစ်သတင်းဌာနမှ တစ်ဆင့် ထုတ်ပြန်ကြေညာသည်။

အာဖရိကငြိမ်းချမ်းရေးတပ်များက ဆူဒန်သူပုန်များကို အစိုးရလက်အပ်ရန် ငြင်းဆန်နေသည့်အတွက်အစိုးရနှင့် ကုလသမဂ္ဂအကြား မပြေမလည်ဖြစ်နေချိန်ဝယ် အာဖရိက သမဂ္ဂဖြစ်စေ၊ ကုလသမဂ္ဂဖြစ်စေ ဆူဒန်နိုင်ငံအတွင်းရှိသည့် မည်သည့် အဖွဲ့အစည်းဖြစ်စေ ဆူဒန်အစိုးရ၏ အာဏာကို အသိအမှတ်ပြုရန် လိုအပ်ကြောင်း၊ အကယ်၍ ဆူဒန်အာဏာရ အစိုးရ၏ တရားဝင်ဖြစ်မှုကို မထောက်ခံပါက နိုင်ငံအတွင်းမှနှင်ထုတ်ခံရမည်ဖြစ်ကြောင်း ဆူဒန်သမ္မတ အိုမာအယ်လ်ကာရှားက ပြောကြားသည်။

၁၁ ဒေသတွင်း သတင်းအချက်အလက်များ စုစည်းရရှိရေးအတွက် ပထမဆုံးအာတိတ်ဂြိုဟ်တုစခန်းကို ကနေဒါနိုင်ငံအရာရှိများက စတင်ဖွင့်လှစ်သည်။



(၆၅) နှစ်မြောက် အဏုမြူဗုံးကြဲချမှု အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်လာသောမစ္စတာဘန်ကီမွန်း

၁၂ အစ္စရေးတို့က အီရန်ကို တိုက်ခိုက်ရန် အစီအစဉ်ရှိသည်ဟု သိရသော်လည်း ၎င်းတို့က စတင်တိုက်ခိုက်နိုင်ဖွယ်ရှိမည်မဟုတ်ကြောင်းကျူးဘားသမ္မတဟောင်း ဖီဒယ်လ် ကက်စ်ထရိုက သုံးသပ်ပြောကြားသည်။

၁၃ ရုရှားနိုင်ငံ ဆာမာလာဒေသတွင် အထူးစက်မှုဇုန်ကြီးတစ်ခုကို ထူထောင်ရန် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ခွင့်ပြုချက်လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ရုရှားထိပ်တန်းအရာရှိများကပြောကြားသည်။

အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားစက်ရုံကိုစတင်လည်ပတ်အသုံးပြုရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း အီရန်ထိပ်တန်းအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။

၁၆ လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း အစ္စရေးလေယာဉ်များ အကြိမ်ကြိမ်စည်းကမ်းချိုးဖောက်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း လက်ဘနွန် စစ်ဘက်ကပြောကြားသည်။

၁၇ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးကို နေပြည်တော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ ယင်းအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး

ကြီးသန်းရွှေ တက်ရောက်၍ လမ်းညွှန်မှာကြားသည်။

၁၉ (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမေရိကန်အလုပ်လက်မဲ့ဦးရေမှာ ပြီးခဲ့သည့် ရက်သတ္တပတ်က လူဦးရေ ၅ သိန်းအထိ တိုးလာသဖြင့် ကိုးလအတွင်း အမြင့်ဆုံးစံချိန် ဟင်ရောက်ရှိသွားကြောင်း အေပီသတင်းကဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ရေဘေးဒုက္ခကြုံတွေ့နေရသောဒေသများသို့ ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ အကူအညီပိုမိုတိုးမြှင့်ပေးရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

၂၀ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) အဖွဲ့၏ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ကျင်းပသည်။

အရှေ့တောင်ပိုင်း စစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ ကျင်းပသည်။

၂၁ ကရင် ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ) ၏ နယ်ခြားစောင့်တပ်ဖွဲ့ တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံ

ရေးခရီးသွားရောက်ခဲ့ပြီးနောက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မရဏကုန်သည်ဟု အမည်ရသော ကမ္ဘာအနှံ့လက်နက်လှည့်



**ဝန်ကြီးဦးညဏ်ဝင်းနှင့် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့ တွေ့ဆုံနှုတ်ဆက်စဉ်**

မြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည်။

ထို့အတူ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) ၏ နယ်ခြားစောင့်တပ်ဖွဲ့ တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ်ကွင်း ကလေးဒေသ၌ကျင်းပသည်။

၂၂ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်(ရွှေတံခါး)- ပေါက်ခေါင်းရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၂၃ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်

လည်ရောင်းချသူ ရုရှားလူမျိုး ဗစ်တာဘောက်ကို ထိုင်းနိုင်ငံအစိုးရက အမေရိကန်နိုင်ငံသို့ လွှဲအပ်ပေးတော့မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ရေးသားဖော်ပြသည်။

၂၅ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီသမအကြိမ်ညှိနှိုင်းအစည်းအဝေးကိုနေပြည်တော်ရှိကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာယင်းကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

၂၆ အသိမ်းပိုက်ခံအနောက်ဘက်ကမ်းတွင် အစ္စရေးတို့ကထပ်မံ

၍ အိမ်ရာဆောက်လုပ်လျှင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တက်ရောက်မည် မဟုတ်ကြောင်း ပါလက်စတိုင်းကသတိပေးသည်။

၂၇ ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဇုန်များကို သတ်မှတ်ပြဋ္ဌာန်းသည်။



ထိုင်းနိုင်ငံအကျဉ်းထောင်အတွင်း၌ ဗစ်တာဘောက်အားတွေ့ရစဉ်

၂၉ (၆၂) ကြိမ်မြောက် အမ်မီ ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသည်။

၃၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်းသည် သန်လျင်မြို့နယ် သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ရောက်ရှိသည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွသောင်းကျန်းသူများအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ သမ္မတနန်းတော်ကို မော်တာကျည် ဆန်ထိမှန်ခဲ့ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

စင်ကာပူနိုင်ငံတွင် အိမ်ခြံမြေဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်သွားမည်ဖြစ်ပြီး နိုင်ငံခြားသားအလုပ်သမားများကိုလည်း ကန့်သတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက ကြေညာသည်။

## စက်တင်ဘာလ

၁ MRTV-4 ရုပ်မြင်သံကြားထုတ်လွှင့်မှုသည် ၁ ရက်လျှင် နာရီ ၂၀ မှ ၂၄ နာရီစနစ်သို့ စတင်ပြောင်းလဲထုတ်လွှင့်သည်။

၂ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက်အကူအညီပေးရေးစာချုပ်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနရုံး၌ ကျင်းပသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အခမ်းအနားကို ရုရှားနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် တရားဝင်ကျင်းပသည်။

ပါလက်စတိုင်းဟားမတ်လှုပ်ရှားမှုအဖွဲ့က အစ္စရေးနိုင်ငံကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

အမေရိကန်၏ ကမကထပြုမှုဖြင့် အစ္စရေးနှင့်ပါလက်စတိုင်းခေါင်းဆောင်များသည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် တိုက်ရိုက်ဆွေးနွေးပွဲပြုလုပ်သည်။

၃ မြန်မာနိုင်ငံအတွင်း ပျူများပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖြစ်ထွန်းခြင်း သုတေသနစာတမ်းဖတ်ပွဲကို နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

၁၇ အမေရိကန်ပြည်ထောင်စု၏ အဆင့်မြင့်စွမ်းအင်သုတေသနဓာတ်ခွဲခန်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ အမေရိကန်နိုင်ငံသားဘူမိဗေဒပညာရှင်တစ်ဦးနှင့် ၎င်း၏ဇနီးတို့ကို ဗင်နီဇွဲလားနိုင်ငံသို့ နျူကလီးယား လျှို့ဝှက်ချက်များ ရောင်းချရန် ကြံစည်မှုဖြင့် အမေရိကန်အာဏာပိုင်များက ဖမ်းဆီးတရားစွဲဆိုလိုက်သည်။

သီရိလင်္ကာသမ္မတရွေးကောက်ပွဲတွင် အတိုက်အခံအဖြစ်

ဝင်ရောက်အရွေးခံခဲ့သူ၊ တမီလ်ကျား သူပုန်များနှင့် ရင်ဆိုင်ခဲ့ရသည့် ပြည်တွင်းစစ်ကို ရပ်စဲအောင်ဆောင်ရွက်နိုင်ခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း ဖွန်ဆီကာကို ငွေကြေးလိမ်လည်မှုဖြင့် စစ်ဘက်တရားရုံးက ထောင်ဒဏ်သုံးနှစ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ဖော်ပြသည်။

၁၈ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရှိ Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

၁၉ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကြခင်း-ပခုက္ကူ ရထားလမ်းပိုင်း၏ မင်းလှ- မင်းဘူး ရထားလမ်းပိုင်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၀ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းသည် ရန်ကုန်မြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများကို တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးသည်။

၂၁ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁) ကြိမ်မြောက်အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဦးသိန်းဆွေတက်ရောက် အမှာစကား ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ကျေးရွာတစ်ရွာ၌ အဘူဆေယက် ခေါင်းဆောင်သည့် စစ်သွေးကြွအုပ်စုနှင့် အစိုးရတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပရက်စ်တီဗီ သတင်းကတင်ပြသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တရုတ်သံအမတ်ကြီးကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းဆင်းရဲမွဲတေမှုကို သိသိသာသာ လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များကို တွန်းအားပေးရန် ရည်ရွယ်ပြုလုပ်ခဲ့သော ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဆိုင်ရာ ထိပ်သီးညီလာခံပြီးဆုံးသည်။

ဂျပန်အစိုးရက ဖမ်းဆီးထားသော တရုတ်နိုင်ငံသား ငါးဖမ်းသင်္ဘောကပ္ပတိန်ကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန် အမေရိကန်သို့ ကုလသမဂ္ဂ အစည်းအဝေး တက်ရောက်ရန်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တိုက်တွန်းပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၃ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ပဉ္စမမြောက် ဆင်ဖြူတော်တစ်စီး ထပ်မံတွေ့ရှိကြောင်း မြန်မာနိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြသည်။

၂၄ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ နီကာရာဂွါကောင်စစ်ဝန်ရုံးမှ ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်မည့် ယာယီကောင်စစ်ဝန်ချုပ်သည် ၎င်းနေထိုင်ရာ တိုက်ခန်းအတွင်း သတ်ဖြတ်ခံခဲ့ရကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားသည်။

အရှေ့တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားလျက်ရှိသော ကျွန်းများအနီးတွင် တရုတ်နှင့်ဂျပန်တို့ ရေကြောင်း မတော်တဆမှု တစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဖမ်းဆီးထိန်းသိမ်းထားသော တရုတ်ငါးဖမ်းသင်္ဘော ရေယာဉ်မှူးကို ပြန်လွှတ်မည်ဖြစ်ကြောင်း ဂျပန်တရားရေးဆိုင်ရာ တာဝန်ရှိသူများကဆုံးဖြတ်သည်ဟု သတင်းများကဖော်ပြသည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့သည် ရန်ကုန်မြို့၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ (၆၁) ကြိမ်မြောက် အမျိုးသားနေ့ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်သည်။

၂၆ အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၄ ရက်နေ့က ကျင်းပခဲ့သော အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အမေရိကန်သမ္မတဘားရက်



အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၆၁) ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်စဉ်

အိုဘားမားတို့၏ တွေ့ဆုံဆွေးနွေးပွဲတွင် ဖိလစ်ပိုင်နိုင်ငံ၏အလံကို ပြောင်းပြန်ထားရှိခြင်းသည် ရိုးသားစွာလုပ်ဆောင်မိခဲ့သော အမှားအယွင်းတစ်ရပ်သာဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံက အိုကီနာဝါ ကျွန်းတွင်နှစ်ပတ်ကြာမျှ ထိန်းသိမ်းခဲ့သော တရုတ်ငါးဖမ်းသင်္ဘောမှ ကပ္ပတိန်ကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်သော်လည်း တရုတ်တို့တောင်းဆိုခဲ့သော တောင်းပန်မှုနှင့်နစ်နာကြေးကို ပေးမည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်ဟု ဂျပန်သတင်းဌာနများက ဖော်ပြသည်။

ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ပါကစ္စတန်နိုင်ငံရှိ အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်နေသော အကြမ်းဖက်အဖွဲ့အစည်းများက ဗြိတိန်နိုင်ငံသားလူငယ် ၂၀ ခန့်ကို လေ့ကျင့်သင်ကြားပေးနေကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

## အောက်တိုဘာလ

၁/၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။ နိုင်ငံတော်အကြီးအကဲသည် အောက်တိုဘာလ ၃ ရက်နေ့ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

၂ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည်မြန်မာနိုင်ငံတော်ဗဟိုဘဏ်နေပြည်တော်အဆောက်အအုံသစ်ကိုတက်ရောက်ဖွင့်လှစ်ပေးသည်။

၃ ဓနသဟာယနိုင်ငံများအားကစားပွဲ (၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည်။

၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်း ကြည်းတပ်စစ်သံမှူး၊ ရေတပ်စစ်သံမှူးနှင့် စစ်သံမှူးအသစ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ထိုင်း ကြည်းတပ်စစ်သံမှူးနှင့် ရေတပ်စစ်သံမှူးတို့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်စစ်သံမှူးနှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် တရုတ်စစ်သံမှူးတို့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နေပြည်တော် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်နှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့သည် အာရှဥရောပထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆယ်မြို့သို့ ရောက်ရှိနေကြစဉ် ခေတ္တခဏမျှတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၆ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့အခြေစိုက် စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ စစ်တမ်းအရ အီရတ်နိုင်ငံအတွင်း သေဆုံးခဲ့ရသော သတင်းစာဆရာအရေအတွက်သည် ၂၀၀၉ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၀၁၀ ပြည့်နှစ်တွင် ပိုမိုများပြားလာကြောင်း၊ သေဆုံး သူများမှာ ၂၀၀၇ ခုနှစ်တွင် ၂၄ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၄ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၄ ဦးရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ၅ ဦးရှိပြီဖြစ်ကြောင်း၊ မက္ကဆီကို၊ ဟွန်ဒူးရပ်စ်၊ ပါကစ္စတန်ပြီးလျှင် အီရတ်သည် စတုတ္ထအများဆုံးဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၁၆၇ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြသည်။

၇ စင်ကာပူနိုင်ငံတွင်ကျင်းပသည့် အာရှနိုင်ငံရေးဆွေးနွေးပွဲ တစ်ရပ်၌ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက်ပိုင်း ခေတ်သစ်ပေါ်ထွန်းလာမည်ဟု အာဆီယံအသိုက်အဝန်းက ယုံကြည်မျှော်လင့်ထားကြောင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းတွင် ပိုမိုကောင်းမွန်သည့်ပါဝင်စုစည်း ဆောင်ရွက်မှုများ ရှိလာလိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်ဟု စင်ကာပူနိုင်ငံ သတင်းမီဒီယာများက ဖော်ပြသည်။

၉ မြောက်ကိုရီးယားသမ္မတ ကင်ဂျုံအီသည်စက်တင်ဘာလ ၂၇ ရက်နေ့က မြောက်ကိုရီးယား ပြည်သူ့တပ်မတော်၏ ဗိုလ်ချုပ်ရာထူးကို ပေးအပ်ခဲ့သော သားဖြစ်သူ ကင်ဂျုံအန်နှင့်အတူ မြောက်ကိုရီးယားနိုင်ငံ၏ Arirang ဟုခေါ်သော ရိုးရာပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

၁၀ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရုပ်နိဝတ် ၂၅၀၀ ခန့်သည် စုရုံး၍ လုမ္ပနီပန်းခြံအနီးဆုတောင်းပွဲများပြုလုပ်ခဲ့ကာ ဆန္ဒပြကြသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံ၌ ၅ ကြိမ်မြောက် ရာသီဥတုပြောင်းလဲလာခြင်းအထိမ်း အမှတ်နေ့အဖြစ် ကာဗွန်ဒိုင်အောက်ဆိုဒ် ၃၉၀ PPM (parts per million of carbondioxide) မှ ၃၅၀ PPM သို့ လျှော့ချမည့်လှုပ်ရှားဆောင်ရွက်မှုပေါင်း ၆၆၃၁ ခုကို ဝိုင်းဝန်းပြုလုပ်ကြကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၄ အာဖရိကအနောက်မြောက်ပိုင်းမှ အစ္စလာမ္မစ်စစ်သွေးကြွများ၏ ခြိမ်းခြောက်မည့်အန္တရာယ်ကို မည်သို့မည်ပုံ ရင်ဆိုင်တုံ့ပြန်ရမည်ဟူသောနည်းလမ်းကို ရှာကြံ၍ စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ-၈) အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးကြကြောင်း အေပီသတင်းကဖော်ပြသည်။

၁၅ ဆွစ်ဇာလန်နိုင်ငံတွင် တည်ဆောက်လျက်ရှိသော ၃၄ မိုင်ရှည်လျားသည့် ကမ္ဘာ့အရှည်ဆုံး ဂေါသဒ်ဘေ့စ်အမည်ရှိ မြေအောက်ဥမင်ရထားလမ်းကို အောင်မြင်စွာ ဆက်စပ်တူးဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိအရှည်ဆုံးဖြစ်သည့် ဂျပန်နိုင်ငံ စီကန်ထက်လေးကီလိုမီတာပိုကြောင်း၊

တည်ဆောက်ချိန် ၁၅ နှစ်ရှိခဲ့ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

တရုတ်နိုင်ငံအစိုးရက နိုင်ငံတွင်းတွင် တရားမဝင်လုပ်ကိုင်နေသော မိုင်းတွင်းငယ် ၁၆၀၀ ကို ဖျက်သိမ်းလိုက်သည်။

၁၉ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ မီးရထားစက်ခေါင်း ၃၀ လက်ဆောင်ပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ဘူတာကြီး၌ ကျင်းပသည်။



ရိုးရာပွဲတော်တစ်ခုသို့ တက်ရောက်လာသော မြောက်ကိုရီးယားသမ္မတကင်ဂျုံအီနှင့် သားကင်ဂျုံအန်

၁၆ ရဲရှာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ် (၃) ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်း အခမ်းအနားကို အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဝန်ကြီးချုပ်အပါအဝင် ထိပ်တန်းအရာရှိများကို လုပ်ကြံမည့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်နေသော သင်္ကာမကင်းခံရသူ ခုနစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ပြီးနောက် ပါကစ္စတန်စစ်ဘက်သည် စစ်ဒေသွးကြွများကို ခိုလှုံခွင့်ပေးသောမူဝါဒကို ပြန်လည်သုံးသပ်သင့်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံထုတ် ခရစ်ယာန်ဆိုင်းယင့်စ်မော်နီတာ သတင်းစာကဖော်ပြသည်။

၂၀၀၈ ခုနှစ်က နှစ်နိုင်ငံ ပဋိပက္ခဖြစ်ပြီး စစ်ပွဲဆင်၍ ဂျော်ဂျီယာနိုင်ငံတွင်း၌ စခန်းချထားခဲ့သည့် ရုရှားစစ်တပ်များသည် ၎င်းတို့၏ တပ်များကို စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ရုရှားနှင့်ဂျော်ဂျီယာအာဏာပိုင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နိုင်သည်ဟူသောသတင်းများအရ တစ်နိုင်ငံလုံးတွင် လုံခြုံရေးများ တင်းကျပ်စွာချထားပြီး ကွန်ပျူတာကွန်ရက်များမှလည်း နည်းပညာတိုက်ခိုက်မှုများ ပေါ်ပေါက်လာမည်ကို ကာကွယ်တားဆီးကြရန် ဗြိတိန်နိုင်ငံဒေသ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များကဆော်ဩထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် နော်ဝေနိုင်ငံများတွင် ရောက်ရှိနေသော တမီလ်ကျားသူပုန်အဖွဲ့ ခေါင်းဆောင်များသည် ၎င်းတို့၏ ရှုံးနိမ့်ခဲ့သော ခွဲထွက်ရေးလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်ရန် အင်အားစုစည်းနေကြောင်း သီရိလင်္ကာ ဝန်ကြီးချုပ်က ပါလီမန်လွှတ်တော်တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါကစ္စတန်ထောက်လှမ်းရေးက အတွင်းကျကျပါဝင်ခဲ့ကြောင်းအိန္ဒိယအစိုးရ၏ အစီရင်ခံစာကို ကိုးကား၍ သတင်းများတွင်ဖော်ပြကြကြောင်း အေပီသတင်းဌာနက ကြေညာသည်။

၂၀ ပထမအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၁ လက်ရှိလွှင့်ထူနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ နေရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) က ပြဋ္ဌာန်းလိုက်သော အလံတော်သစ်ကို ညနေ ၃ နာရီ တိတိမှစတင်၍ ပြောင်းလဲလွှင့်ထူသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့်

ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နေပြည်တော် လေဆိပ်၌ပို့ဆောင်နှုတ်ဆက်သည်။

၂၈ ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့တွင်ကျင်းပသော (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်တက်ရောက်သည်။

၃၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

လွှင့်မှုများကြောင့် မော်ရိုကိုနိုင်ငံမှ ပိတ်ပစ်လိုက်ကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

၆ တန်ဇန်းနီးယားနိုင်ငံ သမ္မတဂျာကာရာကီကွိုက်သည် ၂၀၁၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိပြန်သဖြင့် နောက်ထပ် သမ္မတရာထူး ၅ နှစ်သက်တမ်းကို ဆက်လက်ထမ်းဆောင်ရန် ဒါရက်စ်လမ်မြို့တော်၌ ကျမ်းသစ္စာကျိန်ဆိုသည်။

၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမို

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် မေလတွင် ဗြိတိသျှနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ ရောက်ရှိသည်။

၁၁ ကုလသမဂ္ဂအထွေထွေညီလာခံ လူ့အခွင့်အရေးကော်မတီက သေဒဏ်အပြစ်ပေးစီရင်မှု ဖျက်



**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်တစ်ခုကို တွေ့ရစဉ်**

## နိုဝင်ဘာလ

၁ ကာတာနိုင်ငံ၌ အခြေစိုက်ကာ မော်ရိုကိုနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းဒေသများသို့ ထိုဒေသများရှိ ဌာနခွဲများမှတစ်ဆင့်ထုတ်လွှင့်နေသည့် အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားလိုင်းကို နိုင်ငံ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ထုတ်

ကရေစီရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ ကျင်းပသည်။

၉ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည့်အတွက် တရုတ်

သိမ်းရေးအတွက် မဲခွဲဆုံးဖြတ်ရာ နိုင်ငံပေါင်း ၁၉၂ နိုင်ငံအနက် နိုင်ငံ ၁၀၀ ကျော်က ထောက်ခံမဲပေးပြီး အမေရိကန်နှင့်တရုတ်အပါအဝင်အချို့နိုင်ငံက ကန့်ကွက်မဲပေးကာ ကျန်နိုင်ငံများက မဲပေးခြင်းမရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၃ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဘရူနိုင်း ဒါရုဆလင်နိုင်ငံ၌ ကျင်းပခဲ့သော (၁၆) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၉) ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၈) ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံ-ကိုရီးယားပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့သွားရောက်ကာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၂၂ အရ ပြစ်ဒဏ်ကျခံနေသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ကို လျှော့ပေါ့ပြောင်းလဲလိုက်သော ပြစ်ဒဏ်ကာလပြည့်မြောက်၍ ပြစ်ဒဏ်အားလုံး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည့်အမိန့်ကို ရှင်းလင်းဖတ်ကြားပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

၁၄ ဟေတီနိုင်ငံအတွင်းရှိ ပြည်နယ် ၆ ခု၌ ဝမ်းရောဂါကူးစက်ဖြစ်ပွားလျက်ရှိရာ ယင်းရောဂါကြောင့် သေဆုံးသူဦးရေသည် ၉၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဟေတီ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်ဟု ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် အာရှပစိဖိတ်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိလာသော အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်တို့သည် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ပြုလုပ်သည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် (၅) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၄) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကိုနေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၀ ပြည့်နှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Noun Prey Hall ၌ ကျင်းပသည့် (၄) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၃ မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိပြီး HIV/AIDS ဝေဒနာရှင်များကို သတ်မှတ်ထားသော အထူးကုဆေးရုံကြီးများတွင် ကုသပေးလျက်ရှိသည့်အပြင် NGO/INGO အဖွဲ့အစည်းများကိုလည်း ကုသရန် ခွင့်ပြုပေးခဲ့သော်လည်း ဒေါ်ဖြူဖြူသင်းဦးစီးသည့်အဖွဲ့က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နေအိမ်တစ်လုံးတွင် HIV/AIDS ဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ပေးနေမှုသည် ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့တို့ အေအိုင်ဒီအက်စ် (AIDS)၊ တီဘီနှင့်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ လက်မှတ်ရေးထိုးသည်။

PAD ဟု ခေါ်ဆိုသည့် ရှပ်ဝါပါတီသည် ၂၀၀၈ ခုနှစ်က ဝန်ကြီးချုပ် အဘီဆစ်နှင့်ရင်းနှီးသည့် ဆက်နွယ်မှုမျိုးရှိခဲ့သော်လည်း ယခု အခါ ထိုင်းနိုင်ငံအစိုးရက ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြင်ဆင်မည့် အဆို ပြုမှုကြောင့် စုဝေးဆန္ဒပြခဲ့ကြသည်။

၂၆ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် နောက်ဆုံးကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ဆိုင်ရာဆွေးနွေးပွဲကို မက္ကဆီကိုနိုင်ငံ ကာကွန်မြို့၌ ကျင်းပသည်။

၂၇ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် ဗီဂျေးနမ်ဘီယာသည် မြန်မာ နိုင်ငံသို့ နံနက်ပိုင်းတွင်ရောက်ရှိပြီး မွန်းလွဲ ၂း၀၀ နာရီတွင် ဒေါ်အောင် ဆန်းစုကြည်နှင့် အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဝင် ပါတီ အချို့မှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေး နွေးသည်။ ညပိုင်းတွင် မြရိပ်ညိုရှိုင် ရယ်ဟိုတယ်၌ ရန်ကုန်မြို့ရှိ နိုင်ငံ ခြားသံရုံးများမှ သံတမန်များနှင့် ဆက်လက်တွေ့ဆုံသည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ ညစာစားကာ ရင်းနှီးခင်မင်စွာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သည်။

၂၈ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်နိုင်ငံ စီချွမ် ပြည်နယ် ချန်ဒူးမြို့၌ ကျင်းပသော တတိယအကြိမ် တရုတ်တိုင်းရင်း ဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံ တကာညီလာခံသို့ တက်ရောက်ခဲ့ ပြီး နေပြည်တော်သို့ ပြန်လည်ရောက် ရှိသည်။

၂၉ အစ္စရေးနိုင်ငံ၏ ကမ္ဘာ ကျော်ထောက်လှမ်းရေးအဖွဲ့ဖြစ် သော မော့ဆက်ထောက်လှမ်းရေး အဖွဲ့၏ အကြီးအကဲအဖြစ် ယင်း ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်း တစ်ဦးကို အစ္စရေးဝန်ကြီးချုပ် ဘင် ဂျမင်နေတန်ယာဟုက ခန့်အပ်ခဲ့ ကြောင်း အေအက်ဖ်ပီသတင်းဌာန ကဖော်ပြသည်။

၃၀ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အ တွင်းရေးမှူး (၁) သီဟသူရ ဦးတင် အောင်မြင့်ဦးသည် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် ဧည့်ခန်းမ၌ တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr.Jiang Chao Liang ကို လက်ခံ တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့်အခွန်ဝန် ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ် မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ China Development Bank Corporation တို့အကြားချေးငွေ ဆိုင် ရာ ပူးပေါင်းဆောင်ရွက်ရေး သဘော တူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရုရှားနှင့် အနောက်အုပ်စု နိုင်ငံများက ဒုံးကျည်ကာကွယ်ရေး စနစ်တစ်ရပ် တည်ဆောက်ရေး ပူး ပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘော တူညီချက်တစ်ရပ်ကို အကောင်အ ထည်ဖော်နိုင်ခြင်း မရှိလျှင် အနာဂတ် ဆယ်စုနှစ်အတွင်း လက်နက်တပ် ဆင်မှု ပြိုင်ပွဲတစ်ရပ်အစပျိုးလာမည် ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြ သည်။

## ဒီဇင်ဘာလ

၁ အောက်တိုဘာလ ၂၆ ရက်နေ့က မွန်ပြည်သစ်ပါတီမှ ခွဲ ထွက်ခဲ့သော နိုင်ရှောင်ဦးဆောင် သည့် မွန်ငြိမ်းချမ်းကာကွယ်ရေး အဖွဲ့မှ အဖွဲ့ဝင် ၁၆၇ ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ် မြေ၌ ၎င်းတို့ကိုင်ဆောင်သော လက် နက်မျိုးစုံတို့နှင့်အတူ နိုင်ငံတော် အစိုးရထံ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်သည်။

အရှေ့တီမောနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် ဖြစ်လာပါက ထူးခြားသည့် သင်္ကေတ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သမ္မတ ဟိုဆေးရာမို့စ်ဟော်လ်တာ က ပြောကြားသည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

၂ ကျန်းမာရေးဝန်ကြီးဌာန က ဦးစီးကျင်းပသည့် ၂၀၁၀ ပြည့်

နှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အယ်လ်နိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော အုပ်စုများအတွက် နိုင်ငံကူးလက်မှတ်အတုများ ပြုလုပ်ပေးခဲ့သည်ဟု မသင်္ကာသည့် ပါကစ္စတန်လူမျိုးနှစ်ဦးနှင့် ထိုင်းအမျိုးသမီးတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ထိုင်းရဲတပ်ဖွဲ့များက ပြောကြားသည်။

၃ ပြည်ယမ်းက အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်လာမှုမျိုး နောက်တစ်ကြိမ် ကျူးကျော်လာပါက တောင်ကိုရီးယား ဂျက်လေယာဉ်များက မြောက်ကိုရီးယားကို ဗုံးကြဲတိုက်ခိုက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးသစ် ကင်ကွမ်ဂျင်က ပြောကြားသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

၅ ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ အာဖရိကသမဂ္ဂတပ်များနှင့် အယ်ရှာဘက်တိုက်ခိုက်ရေးသမားများအကြား အကြီးအကျယ်တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၆ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာအုပ်နှင့် စာရေးသူများ၏ အမည်စာရင်းကို ထုတ်ပြန်သည်။

၈ သောကြာဂြိုဟ်၏ ရာသီဥတုအခြေအနေကို လေ့လာခြင်းအားဖြင့် ကမ္ဘာမြေပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုကို လေ့လာသုံးသပ်နိုင်ဖွယ်ရှိမည်ဟု ယူဆယုံကြည်ထားသော အကာဆုကိအမည်ရှိ ဂျပန်အာကာသလေယာဉ်တစ်စင်းသည် သောကြာဂြိုဟ်ပေါ်သို့ မဆင်းသက်နိုင်ရုံမျှမက ဂြိုဟ်ပတ်လမ်းအတွင်း ရောက်ရှိခဲ့ခြင်းမရှိဘဲ နေ၏ဂြိုဟ်ဆွဲအားအတွင်းသို့ ရောက်ရှိသွားကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၃) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းမြွက်ကြားသည်။

၁၂ ပါကစ္စတန်နိုင်ငံအတွင်း စစ်သွေးကြွခြေကုပ်စခန်း ၄၃ ခုရှိပြီး ၂၂ ခုသည် ပါကစ္စတန်ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသအတွင်း ရှိသည်ဟု အိန္ဒိယနိုင်ငံက အမေရိကန်နိုင်ငံကို ပြောကြားခဲ့ကြောင်း ဝီကီလိဝက်ဘ်ဆိုက်မှဖွင့်ချခဲ့သော လျှို့ဝှက်သံတမန်မှတ်တမ်းများ၌ ဖော်ပြသည်။

၁၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ) သို့ ရောက်ရှိ၍ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သောချာနိုဘိုင်းလ်နျူကလီးယား ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကို ပိုမိုလေ့လာသိရှိလိုသူ ခရီးသွားများအတွက် ယင်းဓာတ်ပေါင်းဖိုဝန်းကျင်ရှိ လူမဝင်ရ ဇုန်အဖြစ်သတ်မှတ်ထားသော နယ်မြေများကို ၂၀၁၁ ခုနှစ် နှစ်စပိုင်းတွင် ပြန်လည်ဖွင့်ပေးရန် ယူကရိန်းနိုင်ငံက စီစဉ်နေကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ အတွင်းရေးကိစ္စအတော်များများကိုဂျူလီယန်အဆန့်ဂျ် ဦးဆောင်သော ဝီကီလိအင်တာနက် ဝက်ဘ်ဆိုက်မှ ဖော်ထုတ်ခဲ့ခြင်းအတွက် ၎င်းနှင့်ပတ်သက်၍ ဂျူလီယန်အဆန့်ဂျ်အား တွေ့ဆုံမေးမြန်းခန်းကို တိုင်းမ်မဂ္ဂဇင်းက ဖော်ပြလိုက်သည်။

၁၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ တန့်ကြည့်တောင် ဖွယ်တော်ရှင်စေတီတော်မြတ်ကို သွားရောက်ကြည်ညိုဖူးမြော်ကာ တန့်ကြည့်တောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။




**ဂျူလီယန်အဆန့်ဂျ်နှင့် တွေ့ဆုံမေးမြန်းခန်းပါဝင်သော တိုင်းမ်မဂ္ဂဇင်း**

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပုဂံဒေသရှိ ဂူပုထိုးစေတီများနှင့် မုံရွာမြို့ရှိ ဘုရားပုထိုးများကို လှည့်လည်ကြည်ညိုဖူးမြော်သည်။

မန္တလေးတိုင်းဒေသကြီးရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ပြင်ဦးလွင်ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

၁၆ ပြင်ဦးလွင်မြို့သို့ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်း၊ ရတနာပုံမြို့သစ် စီမံကိန်းနှင့် ရတနာပုံတယ်လီပို့တ်ကုမ္ပဏီလီမိတက်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှုသည် မိမိတို့၏ပြည်သူများအကျိုးကျေးဇူးရရှိနိုင်မည့်အပြင် အာရှနှင့်ကမ္ဘာ့နိုင်ငံများ၌ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အိန္ဒိယနိုင်ငံသို့ရောက်ရှိနေစဉ် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံခြားသားခရီးသွားများ လိုက်ပါသည့် ဘတ်စ်ကားပြန်ပေးဆွဲ ခံရမှုကြောင့် ကယ်ဆယ်မှုများလုပ်နေစဉ် ဟောင်ကောင်ခရီးသွား ၈ ဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်ပြီး နစ်နာကြေးပေးရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ခရီးသွားဝန်ကြီးကပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

၁၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြင်ဦးလွင်၊ မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ စေတီဘုရားပုထိုးများကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

၂၀၁၀ ပြည့်နှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်ဂေါက်ကွင်းနှင့်ရေပြာဂေါက်ကွင်းတို့၌ စတင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက်၍ပါဝင်ဆင်နွှဲသည်။

ဂျာမနီဝန်ကြီးချုပ်မာကယ်သည် ကြိုတင်ထုတ်ပြန်ထားခြင်းမရှိဘဲ အာဖဂန်နစ္စတန်နိုင်ငံသို့သွားရောက်ခဲ့ပြီး သမ္မတဟာမစ်ကာဇိုင်းအပါအဝင် နေတိုး၊ အမေရိကန်တပ်မှူး ဒေးဗစ်ပီးထရေးတို့နှင့်တွေ့ဆုံကာ မြောက်ပိုင်း



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူတွေ့ရစဉ်**

ကန်ဒပ်ဖ်ပြည်နယ်ရှိ ဂျာမနီတပ်ဖွဲ့ဝင်များထံသို့သွားရောက်ခဲ့သည်။

၁၉ ကိုရီးယားကျွန်းဆွယ် တွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့ တင်းမာမှုများ ဖြစ်ပွားနေမှုကို လျှော့ချနိုင်ရေးအတွက် ရုရှားနိုင်ငံက တိုက်တွန်းခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကဂင်းနှင့်ပတ်သက်၍ အရေးပေါ် အစည်းအဝေးပြုလုပ်ခဲ့သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အေပီသတင်းဌာနကဖော်ပြသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားသည်။ ဆက်လက်၍ဗိုလ်ချုပ်မှူးကြီးသည် သဃ်န်းကျွန်းမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၃၁ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက်မိန့်ခွန်းပြောကြားသည်။

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ချီးမြှင့်ပေးသည်။

# ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းလိုက်သော နိုင်ငံတော်အလံ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းလိုက်သောနိုင်ငံတော်တံဆိပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့လိုလားတောင့်တပြီး ပြည်သူ့ဆန္ဒနှင့်ထပ်တူကျသော ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနိုင်ရေးအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့ရာတွင် တိကျပြတ်သားသော လမ်းပြမြေပုံဟုခေါ်သည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ မူဝါဒ လမ်းစဉ် (၇) ရပ်၏ အဆင့် (၃) ဖြစ်သော အမျိုးသားညီလာခံခေါ် ယူခြင်းလုပ်ငန်းကို ၂၀၀၇ ခုနှစ်က ဆောင်ရွက်ခဲ့သည်။ ထိုမှ မူဝါဒ လမ်းစဉ်၏ အဆင့် (၄) ဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပေးနိုင်ရန် ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နှင့် ၂၄ ရက်တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို ကျင်းပပေးခဲ့သည်။ နိုင်ငံတစ်ဝန်း ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူ ၂,၇၂,၈၈,၈၂၇ ဦး အနက် ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲပေးသူများ အနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံ ယူပွဲကြီးကအတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း ကြေညာခဲ့သည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပြည်သူတို့ ယုံကြည်လက်ခံသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေအဖြစ် စတင်ပေါ်ပေါက်လာခဲ့သည်။

ဤသို့ဖြင့် မူဝါဒလမ်းစဉ်၏ အဆင့် (၅) ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဥပဒေအမှတ် (၁/၂၀၁၀) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ဥပဒေအမှတ် (၂/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ ဥပဒေအမှတ် (၃/၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ ဥပဒေအမှတ် (၄/၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ဥပဒေအမှတ် (၅/၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့ကပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၁/၂၀၁၀) ဖြင့် ပြဋ္ဌာန်းထားသော ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့အရ ဥက္ကဋ္ဌဦးသိန်းစိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးအင်ဇော်နော်၊ ဦးခင်မောင်နု၊ ဦးစောဘလှိုင်၊ ဒေါက်တာဘမောင်၊ ဦးညွန့်တင်၊ ဦးမောင်သာလှ၊ ဒေါက်တာစိုင်းခမ်းလှိုင်၊ ဦးအောင်မြင့်၊ ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်အေး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဒေါ်ခင်လှမြင့်၊ ဦးသာဦး၊ ဒေါက်တာမောင်ထူး၊ ဒေါက်တာဘမောင်၊ ဦးသာဌေးနှင့် ဦးဝင်းကြည်တို့ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းပေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ၂၀၁၀ ပြည့်နှစ် မတ်လ ၁၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁/၂၀၁၀) ကိုထုတ်ပြန်၍ နိုင်ငံရေးပါတီတည်ထောင်လိုသူများသည် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲ

ကမန်အမျိုးသားတိုးတက်ရေးပါတီ

ကယန်းအမျိုးသားပါတီ

ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ

ကရင်ပြည်သူ့ပါတီ

ကော်မရှင်ရုံး နေပြည်တော်သို့လိပ်မူ၍ ရုံးချိန်အတွင်းလာ ရောက်လျှောက်ထားနိုင်ကြောင်း ၂၀၁၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အပြင် ကြေညာချက်အမှတ် (၂/ ၂၀၁၀) ကိုထုတ်ပြန်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင်အကျုံးဝင်သော ပါတီများသည် နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်လိုပါက ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး နေပြည်တော်သို့ ရုံးချိန်တွင်းလာရောက်လျှောက်ထားနိုင်ကြောင်း ၂၀၁၀ ပြည့်နှစ် မတ်လ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကို ၂၀၁၀ ပြည့်နှစ် ဧပြီလ ၇ ရက်နေ့တွင် ကြေညာချက်အမှတ် (၃/ ၂၀၁၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၈ (ဂ) ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းပေးခဲ့သည်။ ထို့အပြင် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ကြေညာချက်အမှတ် (၈၅/ ၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၊ ကြေညာချက်အမှတ် ၈၆/ ၂၀၁၀ ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၊ ကြေညာချက်အမှတ် (၈၇/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ ကြေညာချက်အမှတ် (၈၈/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို သတ်မှတ်ကြေညာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၈၉/ ၂၀၁၀) ကိုထုတ်ပြန်၍ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်ရက်ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့ (တနင်္ဂနွေ) နေ့ ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်ကို သတ်မှတ်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၀/ ၂၀၁၀) ကိုထုတ်ပြန်၍ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်ပတ်သက်၍ နေ့ရက်များအားသတ်မှတ်ကြေညာရာတွင် လွှတ်



ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ



ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ



ခေတ်သစ်ပြည်သူ့ပါတီ



ချင်းတိုးတက်ရေးပါတီ

တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်ကို ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့၊ အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၃၀ ရက်နေ့၊ ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်မည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက်များကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၆ ရက်မှ ၁၀ ရက်အထိ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်မည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက်အဖြစ်သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၉၆/၂၀၁၀) ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းကို စနေနေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်ကြောင်းနှင့် ထိုနေ့များတွင် သက်ဆိုင်ရာတရားရုံးများ၊ မြန်မာ့စီးပွားရေး ဘဏ်များသည် သတ်မှတ်ရုံးချိန်အတိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၉၇/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီဆက်လက်ရပ်တည်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ တွင် အကျုံးဝင်သော အပိုဒ် (၁) ပါ ပါတီ ၁၀ ပါတီအနက် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည်နယ်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိ၍ ဥပဒေအရအလိုအလျောက်ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းခဲ့သည်။ ထို့အတူ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပေးခဲ့ပြီးသော နိုင်ငံရေးပါတီ ၄၂ ပါတီအနက် ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ၊ မြို့တိုင်းရင်းသားပါတီနှင့် ဒေသဖွံ့ဖြိုးရေးပါတီ (ပြည်) တို့သည် လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်ဟူ၍ဖြစ်သည်။

**ချင်းအမျိုးသားပါတီ**

**စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီကချင်ပြည်နယ် (စဒက)**

**ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP)**

**တအာင်း(ပလောင်) အမျိုးသားပါတီ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၄ ရက်နေ့က ကြေညာချက်အမှတ် (၉၈/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၃/၂၀၁၀) ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း စနစ်တကျပြုစုထားရန် အကြောင်းကြားခြင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဆက်တည်းတွင် ကြေညာချက်အမှတ် (၉၉/၂၀၁၀) (၁၀၀/၂၀၁၀) တို့ဖြင့် နိုင်ငံအတွင်းရှိအချို့နယ်မြေများသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၈ (စ) အရ ရွေးကောက်ပွဲကျင်းပခြင်းပြုမည်မဟုတ်သည့် နယ်မြေများစာရင်းကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၀၅/၂၀၁၀) ကိုထုတ်ပြန်၍ ပြည်သူ့လူ့ဘောင်သစ်ပါတီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ နှင့် နည်းဥပဒေ ၇ အရ တည်ထောင်ခွင့်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် လာရောက်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီကို ဖျက်သိမ်းလိုက်ကြောင်းကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံး၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၈ သန်းကျော် (၂၈,၅၃၄,၂၁၆) ထဲမှ ၇၆ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်သော မဲဆန္ဒရှင် ၂၂ သန်းနီးပါး (၂၁,၈၆၃,၁၂၃) ဦးက မဲပေးခဲ့ကြောင်း ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် သတ်မှတ်မဲဆန္ဒနယ် ၃၃၀ အနက် ၃၂၅ နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်(၁၆၈) နယ် အားလုံး၌ ကျင်းပနိုင်ခဲ့သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် သတ်မှတ်မဲဆန္ဒနယ် ၆၇၃ နယ်ရှိသည့်အနက် ၆၆၁ နယ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် နိုဝင်ဘာလ ၇ ရက်နေ့ကကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူများထဲမှ ၇၇ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ကြေညာခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေပုဒ်မ ၈ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့် (၁၂) ရပ်မှ အဓိက လုပ်ငန်းတာဝန် (၂) ရပ်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော လွှတ်တော်ရွေးကောက်ပွဲများကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

**တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ**

**ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ**

**ဒီမိုကရက်တစ်ပါတီ (မြန်မာ)**

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)

ပြည်ထောင်စု
ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ပြည်ထောင်စုဒီမိုကရေစီပါတီ

ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်

အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဆင့်ကော်မရှင်အဖွဲ့ခွဲများကို ကော်မရှင်ရုံးချုပ်တည်ရာ နေပြည်တော်တွင် ၂၀၁၀ ပြည့်နှစ် ဧပြီလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းသင်တန်းများကို ကော်မရှင်အဖွဲ့ဝင်များက ကြီးကြပ်ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်အသီးသီးသို့ ကော်မရှင်အဖွဲ့ဝင်များသွားရောက်၍ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် ဆင့်ပွားသင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲဝင်ရောက်လိုသည့် နိုင်ငံရေးပါတီများက နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ကြရာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်ခွင့်ရရှိသည့်ပါတီ ၄၂ ပါတီရှိခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ခြင်းမပြုလိုသဖြင့် ပယ်ဖျက်ခဲ့သောပါတီ ၅ ခု ရှိခဲ့သည်။ ထိုပါတီများမှာ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ် သည်။ ထို့ကြောင့် တရားဝင်ရပ်တည်သောပါတီသည် ၃၇ ပါတီရှိခဲ့သည်။ ယင်းနိုင်ငံရေးပါတီများတွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်နှင့် 'ဝ' တိုင်းရင်းသားလူမျိုးတို့ပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံများရှိခဲ့ရာတွင် အတိတ်ကရွေးကောက်ပွဲများသည် အခြေခံ ခိုင်မာမှု မရှိခြင်း၊ ပါတီအရေးထက် မိမိအရေးကို ဦးစားပေးခြင်း၊ အမျိုးသားရေးကို ပစ်ပယ်ခြင်း စသည့်အမည်းစက်များစွန်းထင်းပေကျံခဲ့ကြောင်း ယခုအချိန်၌ ပြန်လည်ဆင်ခြင်သုံးသပ်စရာရှိလာသည်ဟု ရွေးကောက်ပွဲသုတေသီများက ၎င်းတို့၏ဆောင်းပါးများ၊ မှတ်တမ်းများတွင် ရေးသားဖော်ပြကြသည်။ လွတ်လပ်ရေးရပြီးစ ရွေးကောက်ပွဲပြုလုပ်ရာတွင် ဖဆပလနှင့် ပမညတ ပါတီဟူ၍ နှစ်ခုတည်းရှိခဲ့သည်။ နောက်တွင် ဖဆပလမှ သန့်ရှင်းနှင့် တည်မြဲဟူ ၍ ပါတီနှစ်ခုကွဲပြားသွားသည်။ ထို့ကြောင့် ပါတီ သုံးခုအနေဖြင့် တည်ရှိခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်တွင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူ၍ တစ်ခုတည်းသာရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ဥပဒေအမှတ် ၄/၈၈ဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ ထိုစဉ်က ၂၃၆ ပါတီအထိပါတီများ ပေါ်ပေါက်ခဲ့သည်။ သို့သော် နောက်ဆုံး၌ ပါတီ ၁၀ ခုသာ အဖတ်တင် ကျန်ရစ်သည်။

ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းခန့်အပ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်းဥပဒေအမှတ် (၂/၂၀၁၀) ကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေပုဒ်မ ၂၇ တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် (၄/၈၈) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့သော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် (၄/၈၈) အရ တည်ရှိနေသော ပါတီများကိုလည်း ဥပဒေအမှတ် (၂/၂၀၁၀) အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်ရပ်တည် တည်ထောင်လို ပါက ထိုဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရန် အခွင့်အရေးပေးခဲ့ သည်။ ထိုသို့အခွင့်အရေးပေးခဲ့သော်လည်း လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရ မည် ဖြစ်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်နှင့်အညီပယ်ဖျက်လိုက်သည့် ဥပဒေအရ တည် ထောင်ခွင့်ပြုခဲ့သည့် ၁၀ ပါတီအနက် ၅ ပါတီသာ ဆက်လက်ရပ်တည် လိုကြောင်း မှတ်ပုံတင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေး ကောက်ပွဲဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ စည်းရုံးလှုပ်ရှားမှု များပြုလုပ်နိုင်ရန် ကြေညာချက်၊ ညွှန်ကြားချက်များထုတ်ပြန်လျက် အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးခဲ့သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အားလုံး မဲပေးပိုင် ခွင့်ရရှိရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲနည်းဥပဒေ နှင့်အညီ မဲစာရင်းများကိုစနစ်တကျပြုစုပြီး ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စုအလိုက် ကြော်ငြာသင်ပုန်းများကပ်၍ ကြေညာပေးခဲ့သည်။ အကယ်၍ ထိုကြေညာချက်အရ မဲဆန္ဒရှင်များအကြောင်းအမျိုးမျိုးကြောင့် မဲစာရင်း တွင်မပါဝင်ဘဲ ကျန်ရှိနေသေးလျှင် နည်းဥပဒေ (၉) နှင့်အညီ မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုခွင့်ရှိကြောင်းထုတ်ပြန်ကြေညာခဲ့သည်။

ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ (နိုဝင် ဘာလ ၇ ရက်) တွင် မဲဆန္ဒနယ် အတွင်း၌ရှိနေသော်လည်း မဲရုံဆီသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့်အတွက်လည်းကောင်း၊ မဲဆန္ဒရှင် သည် မဲဆန္ဒနယ်၏ အပြင်သို့ရောက်ရှိနေသည့်အတွက်လည်းကောင်း၊ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရန် ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ နည်းဥပဒေအတိုင်း ကြိုတင်မဲပေးခွင့်ပြုသည့်ဆန္ဒမဲကို ကြိုတင်ဆန္ဒမဲဟု

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ**

**မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ**

**မြို(ခေါ်)ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ (မ.ခ.မ.ည.ဖ)**

**မြန်မာနိုင်ငံရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ**

ဖော်ပြထားသည်။

ယင်းနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၇ အရ ပြဋ္ဌာန်းခဲ့သည့် ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ ဥပဒေနည်းဥပဒေများတွင် ကြိုတင်ဆန္ဒပေးခြင်းနည်းလမ်းကို နည်းဥပဒေများဖြစ်သည့် ၇၀-ဓ တွင်လည်းကောင်း၊ ၇၀-ဃ တွင်လည်းကောင်း၊ ၇၀-ဒ တွင်လည်း ကောင်း၊ ၇၀-ပ တွင်လည်းကောင်း ဖော်ပြထားသည်။ ထို့အတူ ၁၉၇၃ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (၁၆) နှင့် (၁၇) တို့ တွင် ကြိုတင်ဆန္ဒမဲပေးရန်နည်းလမ်းကို ပြဋ္ဌာန်းထားပြီး ယင်းနည်းဥပဒေများ ၄၅၊ ၄၆၊ ၄၇၊ ၄၈ နှင့် ၄၉ တို့တွင် ဖော်ပြထားသည်။ ဤသို့လျှင် ကြိုတင်ဆန္ဒမဲပေးနိုင်သည့်နည်းလမ်းနှင့်ပတ်သက်၍ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၆ တွင်လည်း ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၄) နှင့် ပုဒ်မ ၁၈ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၈) နှင့် (၉) တို့တွင်ဖော်ပြထားသည်။ ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၈ နှင့် ၃၉ တို့တွင်လည်းကောင်း၊ ယင်းနည်း ဥပဒေများ ၅၆ နှင့် ၆၀ မှ ၆၈ အထိ လည်းကောင်း ကြိုတင်မဲနည်းဥပဒေနည်းလမ်းများကို ဖော်ပြထားသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ အရ ပြဋ္ဌာန်းထားသည့် ၂၀၁၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ နည်းဥပဒေများ၌လည်း ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ထည့်သွင်းပြဋ္ဌာန်းထားသည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၃၇ ပါတီရှိပါဝင်ယှဉ်ပြိုင်ကြသည်။ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း ၃,၀၅၉ ဦး ပါဝင်အရွေးချယ်ခံကြ၍ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသူမှာ ၈၂ ဦးဖြစ်သည်။ မဲဆန္ဒနယ်အနေဖြင့် စုစုပေါင်း ၁,၁၆၃ နယ်ရှိသည်။ ရွေးကောက်ပွဲအကြိုကာလတွင် ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံမည့် ပါတီများမှ ကိုယ်စားလှယ်တစ်ဦးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများအား စည်းရုံးဟောပြော ခွင့်ရရှိသည်။ ထို့အပြင် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများသည် မိမိတို့လွှတ်တော်နယ်မြေအလိုက် ကိုယ်တိုင်ကိုယ်ကျ တစ်အိမ်တက်တစ်အိမ်ဆင်း စည်းရုံးရေးဆင်းခွင့်ရရှိသည်။ ထို့အပြင် ရွေးကောက်ပွဲ ကြေညာစာတမ်း၊ ပါတီမူဝါဒ သဘောထားလုပ်ငန်းစဉ် စာတမ်းနှင့် ပါတီသတင်းလွှာ လက်ကမ်းစာစောင် စသည်တို့ကို ထုတ်ဝေခွင့်ပြုကာစာနယ်ဇင်းနည်းလမ်းအားဖြင့်လည်း ပြည်သူကို စည်းရုံးခွင့်ရရှိသည်။ ပြည်ထောင်စု

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ

စစမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)

လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပညာပေးပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများဆန္ဒပေးရွေးချယ်ရာ၌ မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက် (၇) ချက်နှင့် မဲပေးရာတွင် "ပယ်မဲ" မဖြစ်စေရေး သတိပြုရန် အချက် (၅) ချက်တို့ကို နေ့စဉ်ထုတ်သတင်းစာများတွင် ရွေးကောက်ပွဲ မတိုင်မီ ရက်သတ္တပတ်နှစ်ပတ်ခန့်ကတည်းက ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပြည်သူများမိမိ၏မဲပေးပိုင်ခွင့် မဆုံးရှုံးစေဘဲ မဲပေးရာ၌လည်း စနစ်တကျရှိစေရန်နှင့် ရွေးကောက်ပွဲစနစ်ကို နားလည်သိကျွမ်းစေကာ တန်ဖိုးရှိသောမဲတစ်ပြားဖြစ်စေရေးအတွက် ရုပ်သံမီဒီယာများမှ "ဒီမိုမွေးနေ့" ဇာတ်လမ်းကိုလည်းကောင်း၊ တေးသီချင်းများကိုလည်းကောင်း အကြိမ်ကြိမ်လွှင့်ထုတ်ပေးခဲ့သည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက်နေ့က နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းစာဆရာများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား ရွေးကောက်ပွဲကြိုတင် ပြင်ဆင်မှုလုပ်ငန်းများ ရှင်းလင်းခြင်းနှင့်ဆန္ဒမဲပေးမှု သရုပ်ပြခြင်းလုပ်ငန်းများကို လက်တွေ့ပြသကျင်းပပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်အားလုံးကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ဆန္ဒမဲပေးမည့် ပြည်သူများအတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအသီးသီးကို ဥပဒေပါ သတ်မှတ်ချက်အတိုင်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ မဲရုံတွင်းသို့ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အကူကိုယ်စားလှယ်များ ဝင်ရောက်ခွင့်ရှိမည်ဖြစ်သည်။ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အခါ ဆန္ဒမဲများရေတွက်ခြင်းကို ထိုမဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ် များရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်၍ စာရင်းသွင်းမည်ဖြစ်သည်။ ထို့အပြင် ဆန္ဒမဲရေတွက်ရာတွင် ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကိုလည်း မှတ်တမ်းတင်ထားမည်ဖြစ်သည်။ မဲရုံမှူးက ပယ်သည့်ဆန္ဒမဲလက်မှတ် များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ ကြည့်ရှုခွင့်ရှိစေရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်း ထားသူသည် မိမိ၏အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်းရုပ်သိမ်းခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း

"ဝ" ဒီမိုကရက်တစ်ပါတီ

"ဝ" အမျိုးသား
စည်းလုံးညီညွတ်ရေးပါတီ

ဝံသာနု NLD
(ပြည်ထောင်စုမြန်မာနိုင်ငံ)

အမျိုးသားဒီမိုကရေစီအင်အားစု

သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ ၎င်းတို့လက်ဝယ်ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည့်အချိန်တွင် ယင်းနေရာ၌ ကြည့်ရှုခွင့်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ် ကိုမျှ ဘက်လိုက်ခြင်း၊ အခွင့်အရေးပေးခြင်းမရှိစေရဘဲ ပေးအပ်သည့်တာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက် (တနင်္ဂနွေ) နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နံနက် ၆ နာရီမှ စ၍ မဲရုံအားလုံး တစ်ပြိုင်တည်းဖွင့်လှစ်ပေးသည်။ မဲရုံမှူးနှင့် မဲရုံတာဝန်ကျပုဂ္ဂိုလ်များက ပြည်သူများစတင်မဲပေးနိုင်ရန် ဆောင်ရွက်ပေးကြသည်။ ထို အချိန်မှစ၍လည်း မြန်မာနိုင်ငံပြည်သူများအားလုံး မဲပေးကြသည်။ ပြည်သူများသည် ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ လျှို့ဝှက်ဆန္ဒပြခန်း၌ မိမိစိတ်ကြိုက် လွတ်လပ်စွာ နှစ်သက်သည့်ကိုယ်စားလှယ်ကို ဆန္ဒပြုရွေးချယ်ကာ သက်ဆိုင်ရာမဲပုံးများတွင် ဆန္ဒမဲထည့်ကြသည်။ ထိုနေ့ ညနေပိုင်း မဲရုံပိတ်ချိန်ရောက်သောအခါ မဲရုံပရဝဏ်အတွင်း ညနေ ၄ နာရီမတိုင်မီစုဝေးရောက်ရှိနေသူ မဲဆန္ဒရှင်အားလုံး ပါဝင်မဲပေးနိုင်စေရန် မဲရုံမှူးနှင့် မဲရုံတာဝန်ကျပုဂ္ဂိုလ်များက စောင့်ဆိုင်းဆောင်ရွက်ပေးကြသည်။

မဲရုံပိတ်၍ မဲရေတွက်ရာတွင် မဲရုံမှူးတာဝန်ကျပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာတာဝန်ကျကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ခန့်အပ်ထားသည့် မဲရုံကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများနှင့် လေ့လာသူများရှေ့တွင် ဆောင်ရွက်ကြသည်။

ယင်းကဲ့သို့ ဆန္ဒမဲပေးရွေးချယ်နေခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ် ၁၈ နယ်တွင် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ် မဂ္ဂဇင်းများမှ စာတည်းများနှင့်သတင်းထောက်များကို လေ့လာကြည့်ရှုခွင့်ပြုခဲ့သည်။

ဤသို့ဖြင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများက မိမိတို့နှစ်သက်သည့် ကိုယ်စားလှယ်လောင်းများကို အောင်မြင်စွာ ရွေးချယ်ပေးနိုင်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲပြီးဆုံးသောအခါ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ကိုယ်စားလှယ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများမှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ

**အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်**

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ**

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ**

**အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

၇၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ နှင့် ၁၈ ရက်နေ့တို့တွင် ကြေညာချက် အမှတ် (၁၁၈/၂၀၁၀) မှ (၁၄၂/၂၀၁၀) အထိရှိသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် များ၏ ကိုယ်စားလှယ်အမည်စာရင်းကို ထုတ်ပြန်ဖော်ပြပေးခဲ့သည်။ ထိုမှုမက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ တစ်ဦးချင်းရရှိမှုမဲအရေအတွက်ကိုလည်း ပြည့်ပြည့်စုံစုံ ထုတ်ပြန်ဖော်ပြပေးခဲ့သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရခြင်းကို ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ ကန့်ကွက်လိုလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၇/၆၈ နှင့် နည်းဥပဒေ ၈၇ တို့နှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြား နှင့်နေ့စဉ်သတင်းစာများမှ ဖော်ပြပေးခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အခြေပြု ကာ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာ၍ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အားလုံးပါဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးခဲ့သည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အစည်းအဝေးကျင်းပစဉ်



ပါတီများမှမဲဆွယ်စည်းရုံးစဉ် တက်ရောက်လာကြသော ပြည်သူများ

ဤကဲ့သို့ ရွေးကောက်ပွဲကြီးတစ်ခုလုံး အောင်မြင်စေရန် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ နေ့စွဲဖြင့် (၁/၂၀၁၁)၊ (၂/၂၀၁၁) နှင့် (၃/၂၀၁၁) တို့ကိုထုတ်ပြန်ကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့၌ ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း၊ ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း နှင့် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်း အဝေးကျင်းပရန်ခေါ်ယူခြင်းတို့ကို ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော် နှင့်အမျိုးသားလွှတ်တော်အစည်းအဝေးတို့ကို နေပြည်တော်၌ကျင်းပ မည်ဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး တွင် ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ လွှတ်တော်ခေါ်ယူခြင်း သည် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ် ၇ ရပ်မှ အဆင့် (၆) လုပ်ငန်း ဖြစ်ပေသည်။ ဤသို့ဖြင့် ပြည်သူ့လွှတ်တော်ခေါ်ယူပြီးသောအခါ နောက်ဆုံး ပန်းတိုင်ဖြစ်သည့် အဆင့် (၇) တွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပေါ်ပေါက်လာသောအစိုးရသစ်သို့ အာဏာလွှဲ ပြောင်းပေးမည်ဖြစ်သည်။



ရွေးကောက်ပွဲနေ့က တွေ့ရသောမဲရုံတစ်ရုံ



နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံတစ်ခု၏ မှန်ဦးအဝင် တွေ့မြင်ရစဉ်

## လွှတ်တော်အလိုက် ပါတီများမှ
## ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများ

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးလွှတ်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကမန်အမျိုးသားတိုးတက်ရေးပါတီ | ၂ | ၁ | ၃ | | ၆ |
| ၂ | ကယန်းအမျိုးသားပါတီ | ၂ | ၃ | ၇ | ၁ | ၁၃ |
| ၃ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုး တိုးတက်ရေးပါတီ | | ၂ | ၂ | | ၄ |
| ၄ | ကရင်ပြည်သူ့ပါတီ | ၇ | ၅ | ၂၄ | ၅ | ၄၁ |
| ၅ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၃ | ၁ | ၄ | | ၈ |
| ၆ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | ၃ | | | ၃ |
| ၇ | ခေတ်သစ်ပြည်သူ့ပါတီ | ၇ | ၄ | ၁၉ | | ၃၀ |
| ၈ | ချင်းတိုးတက်ရေးပါတီ | ၈ | ၁၂ | ၁၇ | ၁ | ၃၈ |
| ၉ | ချင်းအမျိုးသားပါတီ | ၆ | ၇ | ၉ | | ၂၂ |
| ၁၀ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) | ၂ | ၃ | ၂ | ၂ | ၉ |
| ၁၁ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | ၄ | ၃ | ၁ | | ၈ |
| ၁၂ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၄ | ၂ | ၉ | | ၁၅ |
| ၁၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၄ | ၁၄၉ | ၅၃၅ | ၁၇ | ၉၉၅ |
| ၁၄ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | | ၁ | ၂ | | ၃ |
| ၁၅ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | ၈ | ၁ | | | ၉ |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၂၂ | ၉ | ၁၆ | | ၄၇ |
| ၁၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၃ | ၁ | ၆ | | ၁၀ |
| ၁၈ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၄ | ၁၅၉ | ၆၁၂ | ၂၇ | ၁၁၁၂ |
| ၁၉ | ပြည်ထောင်စုဒီမိုကရေစီပါတီ | ၂ | ၁ | | | ၃ |
| ၂၀ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ် | ၂၄ | ၁၁ | ၁၀ | | ၄၅ |
| ၂၁ | ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ | ၅ | ၄ | ၉ | | ၁၈ |
| ၂၂ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၃ | ၂ | ၂ | | ၇ |
| ၂၃ | မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့ | ၁ | ၁ | ၇ | | ၉ |
| ၂၄ | မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသား အင်အားစုပါတီ | ၂ | ၂ | ၁၀ | | ၁၄ |
| ၂၅ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၈ | ၉ | ၁၆ | ၁ | ၃၄ |

တစ်ဖက်သို့ဆက်ရန်

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၆ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၁၂ | ၈ | ၂၃ | ၁ | ၄၄ |
| ၂၇ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | ၂၈ | ၆ | ၅ | | ၃၉ |
| ၂၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅ | ၁၅ | ၉၃ | ၃ | ၁၅၆ |
| ၂၉ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃ | | ၈ | ၁ | ၁၂ |
| ၃၀ | 'ဝ' ဒီမိုကရက်တစ်ပါတီ | ၄ | ၁ | ၈ | | ၁၃ |
| ၃၁ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | ၃ | ၁ | | | ၄ |
| ၃၂ | ဝံသာနု (NLD) ပြည်ထောင်စုမြန်မာနိုင်ငံ | ၄ | | | | ၄ |
| ၃၃ | အမျိုးသားဒီမိုကရေစီအင်အားစု | ၁၀၂ | ၃၄ | ၂၃ | | ၁၅၉ |
| ၃၄ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် | ၆ | ၃ | ၄ | | ၁၃ |
| ၃၅ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | ၆ | ၅ | ၁၁ | | ၂၂ |
| ၃၆ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | | ၂ | ၁ | | ၃ |
| ၃၇ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၁ | ၂ | ၁ | ၅ |
| ၃၈ | တစ်သီးပုဂ္ဂလ | ၄၀ | ၇ | ၂၉ | ၆ | ၈၂ |
| | | ၉၈၅ | ၄၇၉ | ၁၅၂၉ | ၆၆ | ၃၀၅၉ |

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပါတီများမှ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများ**

| စဉ် | ပါတီအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကမန်အမျိုးသားတိုးတက်ရေးပါတီ | | | | | | | | | | | ၆ | | | | ၆ |
| ၂ | ကယန်းအမျိုးသားပါတီ | | ၇ | ၁ | | | | | | | | | | ၅ | | ၁၃ |
| ၃ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | ၄ | | | | | | | | | | | | ၄ |
| ၄ | ကရင်ပြည်သူ့ပါတီ | | | ၄ | | | ၂ | ၆ | | | ၂ | | ၁၀ | | ၁၇ | ၄၁ |
| ၅ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | | | | | | | | | | | | | ၈ | | ၈ |
| ၆ | ခမိအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | | | | | | ၃ | | | | ၃ |
| ၇ | ခေတ်သစ်ပြည်သူ့ပါတီ | | | | | | | ၁ | | | | | ၇ | | ၂၂ | ၃၀ |
| ၈ | ချင်းတိုးတက်ရေးပါတီ | | | | ၂၉ | ၉ | | | | | | | | | | ၃၈ |
| ၉ | ချင်းအမျိုးသားပါတီ | | | | ၂၂ | | | | | | | | | | | ၂၂ |
| ၁၀ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) | ၉ | | | | | | | | | | | | | | ၉ |

| စဉ် | ပါတီအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | | | | ၅ | ၁ | | | ၁ | ၁ | | | | | | ၈ |
| ၁၂ | တအာင်း (ပလောင်) အမျိုးသားပါတီ | | | | | | | | | | | | | ၁၅ | | ၁၅ |
| ၁၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၀ | ၃၂ | ၂၁ | ၃၃ | ၁၁၉ | ၃၅ | ၉၆ | ၈၇ | ၁၀၂ | ၄၅ | ၅၅ | ၁၄၂ | ၈၁ | ၈၇ | ၉၉၅ |
| ၁၄ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | | | | ၃ | | | | | | | | | | | ၃ |
| ၁၅ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | | | | | ၁ | | ၂ | | | | | ၆ | | | ၉ |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | | | | | | ၁ | ၉ | | ၁၀ | ၃ | ၁ | ၂၃ | | | ၄၇ |
| ၁၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | | | | | | | | | | | | | ၁၀ | | ၁၀ |
| ၁၈ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇ | ၃၄ | ၃၂ | ၃၉ | ၁၂၅ | ၄၃ | ၉၇ | ၈၈ | ၁၀၅ | ၄၄ | ၆၄ | ၁၄၉ | ၁၄၄ | ၉၁ | ၁၁၁၂ |
| ၁၉ | ပြည်ထောင်စုဒီမိုကရေစီပါတီ | | | | | | | ၁ | | | | | ၂ | | | ၃ |
| ၂၀ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် | | | | ၂ | ၁ | | ၁၀ | ၂၄ | ၄ | | | | | ၄ | ၄၅ |
| ၂၁ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | | | ၁၅ | | | | | | | ၂ | | ၁ | | | ၁၈ |
| ၂၂ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | | | | | | | | | | | | ၃ | | ၄ | ၇ |
| ၂၃ | မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ | | | | ၂ | | | | | | | ၇ | | | | ၉ |
| ၂၄ | မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | | | | | | | | | | | ၁၄ | | | | ၁၄ |
| ၂၅ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | | | ၄ | | | ၁ | | | | ၂၉ | | | | | ၃၄ |
| ၂၆ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | | | | | | | | | | | ၄၃ | ၁ | | | ၄၄ |
| ၂၇ | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | | | | | ၄ | | ၂ | ၄ | ၆ | | | ၂၃ | | | ၃၉ |
| ၂၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅ | | | | ၆ | | | | ၁ | | | | ၁၁၄ | | ၁၅၆ |
| ၂၉ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | | | | | | | | ၁၂ | | ၁၂ |
| ၃၀ | 'ဝ' ဒီမိုကရက်တစ်ပါတီ | | | | | | | | | | | | | ၁၃ | | ၁၃ |
| ၃၁ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | | | | | | | | | | | | | ၄ | | ၄ |
| ၃၂ | ဝံသာနု (NLD) ပြည်ထောင်စုမြန်မာနိုင်ငံ | | | | | | | | | ၃ | | | ၁ | | | ၄ |
| ၃၃ | အမျိုးသားဒီမိုကရေစီအင်အားစု | ၂ | | | ၈ | ၅ | ၄ | ၁၄ | ၂၂ | ၃၀ | ၁ | | ၅၃ | ၈ | ၁၀ | ၁၅၉ |
| ၃၄ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် | | | | | | | | ၃ | ၂ | | | ၆ | | ၂ | ၁၃ |
| ၃၅ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | | | | | | | | | | | ၁၇ | ၅ | | | ၂၂ |
| ၃၆ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | | | | | | | | | | | ၃ | | | | ၃ |
| ၃၇ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | | | | | | | | ၅ | | ၅ |
| ၃၈ | တစ်သီးပုဂ္ဂလ | ၇ | | ၃ | | ၆ | ၁ | ၅ | ၂ | ၆ | ၃ | ၇ | ၂၆ | ၉ | ၇ | ၈၂ |
| | | ၁၇၀ | ၇၃ | ၈၄ | ၁၄၃ | ၂၇၇ | ၈၇ | ၂၄၃ | ၂၃၁ | ၂၇၁ | ၁၂၉ | ၂၂၀ | ၄၅၈ | ၄၂၈ | ၂၄၅ | ၃၀၅၉ |

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက်ပါတီအလိုက် တိုင်းရင်းသားလူမျိုးစုအသီးသီးမှ အရွေးချယ်ခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ

| စဉ် | ပါတီအမည် | ကိုယ်စားလှယ်ဦးရေ | ကချင် | ကယား | ကရင် | ချင် | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | အရွေးချယ်ခံကိုယ်စားလှယ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကယန်းအမျိုးသားပါတီ | ၁ | | | | | | | | | | | | | ၁ | | ၁ |
| ၂ | ကရင်ပြည်သူ့ပါတီ | ၅ | | | | | | | ၁ | | | | | ၁ | | | ၂ |
| ၃ | ချင်းတိုးတက်ရေးပါတီ | ၁ | | | | | ၁ | | | | | | | | | | ၁ |
| ၄ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ | ၂ | | | | | | | | | | | | | | | |
| ၅ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇ | ၁ | | | | | | | ၁ | | | | | | | ၂ |
| ၆ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇ | ၂ | ၁ | ၁ | | ၁ | ၁ | | | | ၃ | ၁ | | ၅ | ၂ | ၁၇ |
| ၇ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၁ | | | | | | | | | | | | ၁ | | | ၁ |
| ၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃ | ၁ | | | | | | | | ၁ | | | | | | ၂ |
| ၉ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၁ | | | ၁ | | | | | | | | | | | | ၁ |
| ၁၀ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | | | | | | | | | | | | | | |
| ၁၁ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | | | | | | | | | | | | ၁ | | ၁ |
| ၁၂ | တစ်သီးပုဂ္ဂလ | ၆ | | | ၁ | | | | | | | | | | | | ၁ |
| | | ၆၆ | ၄ | ၁ | ၄ | | ၂ | ၁ | ၁ | ၁ | ၁ | ၃ | ၁ | ၂ | ၇ | ၂ | ၂၉ |

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်အလိုက် ရွေးချယ်ခံကိုယ်စားလှယ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် | စုစုပေါင်းပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၈ | ၁၂ | ၃၄ | ၄ | ၆၈ |
| ၂ | ကယားပြည်နယ် | ၇ | ၁၂ | ၁၄ | ၁ | ၃၄ |
| ၃ | ကရင်ပြည်နယ် | ၇ | ၁၂ | ၁၄ | ၃ | ၃၆ |
| ၄ | ချင်းပြည်နယ် | ၉ | ၁၂ | ၁၈ | | ၃၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇ | ၁၂ | ၇၄ | ၂ | ၁၂၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၀ | ၁၂ | ၂၀ | ၁ | ၄၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၂၈ | ၁၂ | ၅၆ | ၁ | ၉၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၅ | ၁၂ | ၅၀ | ၁ | ၈၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၆ | ၁၂ | ၅၆ | ၁ | ၁၀၅ |
| ၁၀ | မွန်ပြည်နယ် | ၁၀ | ၁၂ | ၂၀ | ၃ | ၄၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၇ | ၁၂ | ၃၄ | ၁ | ၆၄ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၅ | ၁၂ | ၉၀ | ၂ | ၁၄၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅၀ | ၁၂ | ၁၀၀ | ၇ | ၁၆၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂၆ | ၁၂ | ၅၂ | ၂ | ၉၂ |
| | | ၃၂၅ | ၁၆၈ | ၆၃၂ | ၂၉ | ၁၁၅၄ |

## လွှတ်တော်အလိုက် ပါတီများမှ အရွေးချယ်ခံကိုယ်စားလှယ်များ

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကယန်းအမျိုးသားပါတီ | | | ၁ | ၁ | ၂ |
| ၂ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | | ၁ | ၁ | | ၂ |
| ၃ | ကရင်ပြည်သူ့ပါတီ | ၁ | ၁ | ၂ | ၂ | ၆ |
| ၄ | ချင်းတိုးတက်ရေးပါတီ | ၂ | ၄ | ၅ | ၁ | ၁၂ |
| ၅ | ချင်းအမျိုးသားပါတီ | ၂ | ၂ | ၅ | | ၉ |
| ၆ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) | ၁ | ၁ | ၂ | | ၄ |
| ၇ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၁ | ၁ | ၄ | | ၆ |
| ၈ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂ | ၅ | ၄၅ | ၂ | ၆၄ |
| ၉ | တိုင်းရင်းသားလူမျိုးစုများပါတီ | | | ၁ | | ၁ |
| ၁၀ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | | | ၃ | | ၃ |
| ၁၁ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၃ | ၁ | ၆ | | ၁၀ |
| ၁၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၉ | ၁၂၉ | ၄၇၇ | ၁၇ | ၈၈၂ |
| ၁၃ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၄ | | ၉ |
| ၁၄ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၃ | ၄ | ၈ | ၁ | ၁၆ |
| ၁၅ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၉ | ၇ | ၁၈ | ၁ | ၃၅ |
| ၁၆ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | | | ၁ | | ၁ |
| ၁၇ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈ | ၃ | ၃၄ | ၂ | ၅၇ |
| ၁၈ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | ၁ | | ၁ |
| ၁၉ | ‘ဝ’ ဒီမိုကရက်တစ်ပါတီ | ၂ | | ၃ | | ၅ |
| ၂၀ | ‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | | ၁ | | | ၁ |
| ၂၁ | အမျိုးသားဒီမိုကရေစီအင်အားစု | ၈ | ၄ | ၄ | | ၁၆ |
| ၂၂ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | | | ၂ | | ၂ |
| ၂၃ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | ၂ | ၁ | ၄ |
| ၂၄ | တစ်သီးပုဂ္ဂလ | ၁ | ၁ | ၃ | ၁ | ၆ |
| | | ၃၂၅ | ၁၆၈ | ၆၃၂ | ၂၉ | ၁၁၅၄ |



ကော့ဂွန်းဂူနံရံမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ



သက်န်းဆီးပြီးစ ရှင်သာမဏေများ





မောင်ရှင်လောင်းများနှင့် နားထွင်းသမီးများ



နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး
သွားရောက်စဉ်က အိန္ဒိယနိုင်ငံ အကြီးအကဲများနှင့်အတူ တွေ့ရစဉ်



၂၀၁၀ ပြည့်နှစ်အတွင်းက အာဆီယံထိပ်သီးအစည်းအဝေးပွဲများတွင် တွေ့ရသော
အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ

## ရာဇူနိုင်တံတားတည်ဆောက်မှုမြင်ကွင်း



## ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်မှုမြင်ကွင်း



လင်းခေးမှဟိုမိန်းသို့သွားလမ်း (တာဆွတ်တိန်းကူးတို့ဆိပ်) သံလွင်ရှုခင်း



ရှမ်းဓလေ့ရိုးရာ ရှင်ပြုပွဲ



နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား



မြန်မာ့ရိုးရာ ရုပ်သေးအနုပညာမှ မင်းသားမင်းသမီး နှစ်ပါးသွားမြိုင်ထအက





ဆင်ဖြူတော်



ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓပူဇနီယပွဲ

MRTV-4 ရိုက်ကွင်း






နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား၌ ကျောင်းသားကျောင်းသူလေးများ၏ ဂီတစွမ်းရည်ဖျော်ဖြေတင်ဆက်မှု

ပညာရေးစုံညီပွဲတော်၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုသရုပ်ပြပွဲ



# အပိုင်း

# (၂)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ အပိုင်း (၂) ကဏ္ဍသည် အထူးဆောင်းပါးကြီးများကိုစုစည်း၍ ဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ဖော်ပြရာ၌ ဆောင်းပါးခေါင်းစဉ်အရ အက္ခရာစဉ်စနစ်ဖြင့်စီကာစဉ်ထားခြင်းဖြစ်သည်။ ပါဝင်သည့်ဆောင်းပါးများ၏ အကြောင်းအရာများသည် စွယ်စုံနှစ်ချုပ်၏ သဘောသဘာဝအတိုင်း ကုန်လွန်ခဲ့သည့်နှစ် (၂၀၀၀ ပြည့်နှစ်) အတွင်းမှ တစ်နှစ်တာကာလအတွင်း ထင်ရှားစွာပေါ်ပေါက်လာသောအကြောင်းအရာများကိုမှတည်ကာ စာရေးသူ ပညာရှင်တို့ ကိုယ်တိုင်ရှာဖွေလေ့လာ သုတေသနပြုရေးသားထားခြင်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် အထူးဆောင်းပါးကြီး ၉ ပုဒ်ပါဝင်၍ ပညာရေး၊ လေကြောင်းစစ်ရေး၊ ယဉ်ကျေးမှု၊ ပထဝီဝင်၊ သဘာဝဘေးအန္တရာယ်၊ သိပ္ပံနှင့်နည်းပညာဟူသော ခေါင်းစဉ်ကြီးများအောက်၌တည်ရှိနေသည့် အကြောင်းအရာများဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအကြောင်းအရာများပင်လျှင် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ၂၀၁၀ ပြည့်နှစ်ကို ကိုယ်စားပြုနေသည်ဟု ဆိုနိုင်ပါသည်။ ပါဝင်ရေးသားကြသူများမှာ တကြည့်တိုက်ပညာရှင်၊ ယဉ်ကျေးမှုအနုပညာရှင်၊ သမိုင်းပါမောက္ခ (အငြိမ်းစား)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) နှင့် လက်ရှိမြန်မာစာပါမောက္ခ၊ ညွှန်ကြားရေးမှူး၊ အမျိုးသားစာပေတစ်သက်တာဆုရ ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ နိုင်ငံရေးဘာသာရပ်ကို ရွေးချယ်လေ့လာဘာသာပြန်ဆိုရေးသားသူဟူ၍ မိမိ၏ပညာရပ်နယ်ပယ်၌ တစ်ပက်ကမ်းခတ်ကျွမ်းကျင်သူများ ဖြစ်ကြပါသည်။

# အပိုင်း (၂)

# မာတိကာ


၁။ ကမ္ဘာနှင့် မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့်

အဖွဲ့အစည်းများ ဟိန်းလတ် ၆၉ - ၇၆

၂။ ကမ္ဘာနှင့်မြန်မာ့ရုပ်သေးအနုပညာ

မမနိုင် ၇၇ - ၈၂

၃။ နှစ်ငါးရာပြည့်တောင်ငူမြို့ (ကေတုမတီ)

ဒေါက်တာတိုးလှ ၈၃ - ၉၂

၄။ ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သော

ငလျင်များ အောင်ချိန်ဘွား ၉၃ - ၁၀၄

၅။ မောင်းသူမဲ့လေယာဉ် သောင်းထိုက်ဦး ၁၀၅ - ၁၁၂

၆။ မြန်မာတို့၏ ရဟန်းခံရှင်ပြုနှင့် နားသမင်္ဂလာ

ဆင်ဖြူကျွန်းအောင်သိန်း ၁၁၃ - ၁၂၂

၇။ မြန်မာနိုင်ငံနှင့် မြန်မာစာပေါ်ရရှိဘဲ့

ဒေါက်တာအောင်မြင့်ဦး ၁၂၃ - ၁၃၂

၈။ မြန်မာနိုင်ငံ၏ လူဦးရေ

ဦးအောင်မြင့်သိန်း ၁၃၃ - ၁၄၂

၉။ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

ရည်အောင် (ရွှေဘို) ၁၄၁ - ၁၅၂

# ကမ္ဘာနှင့်မြန်မာမှ  စာကြည့်တိုက်ရေးရာစနစ်နှင့်အဖွဲ့အစည်းများ




ဟိန်းလတ်





### ဟိန်းလတ်

၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဦးမောင်မောင်ထွန်းနှင့် ဒေါ်မြင့်မြင့်တို့က ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးမောင်မောင်ဦးဖြစ်သည်။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့၊ စာကြည့်တိုက်ပညာဘွဲ့လွန်ဒီပလိုမာနှင့်လူမှုရေးပညာဒီပလိုမာများရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှစ၍ စာပေများစတင်ရေးသားခဲ့ကာ စာအုပ် ၉၃ အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ထို့နောက် နိုင်ငံတကာမှနိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုရွေးချယ်၍ ရေးသားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အမျိုးသားစာပေဆုကို မူရင်းစာရေးဆရာ လီကွမ်ယု၏ "တတိယကမ္ဘာမှ ပထမကမ္ဘာသို့" စာအုပ်ဖြင့်ရရှိခဲ့သည်။ စိုက်ပျိုးရေးတက္ကသိုလ်နှင့်မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တွင်စာကြည့်တိုက်မှူးတာဝန်များထမ်းဆောင်ခဲ့စဉ်က ဩစတြေးလျနိုင်ငံတွင် ကိုလံဘို အစီအစဉ်ဖြင့်စာကြည့်တိုက် ပညာသင်ကြားခဲ့သည်။

၁၉၉၅ခုနှစ်တွင် တရုတ်နိုင်ငံသို့စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၇ခုနှစ်တွင် သတင်းစာဆရာကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံသို့ စီးပွားရေးဆိုင်ရာသတင်းကိုယ်စားလှယ်အဖြစ်လည်းကောင်းသွားရောက်ခဲ့သည်။ ၂၀၀၈ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၁၀ ပြည့်နှစ်တွင်အိန္ဒိယနိုင်ငံတို့၌သတင်းစာပညာသင်တန်းများတက်ရောက်ခဲ့သည်။ ယခုအခါ Asia Fame Media Co.,Ltd. တွင်ဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်လျက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နှင့်ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (RLF) တွင် ကော်မတီဝင်အဖြစ် ဆောင်ရွက်၍ စာများရေးသားလျက်ရှိသည်။







# ကမ္ဘာနှင့်မြန်မာ့ရုပ်သေးအနုပညာ



မမနိုင်










ဦးသိန်းနိုင် (ဂုဏ်ထူးမြန်မာစာ)နှင့် ဆရာမ ဒေါ်လှမြိုင်တို့က ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် မုံရွာမြို့၌ မွေးဖွားသည်။ မွေးချင်း ၆ ယောက်ရှိသည့်အနက် အကြီးဆုံးဖြစ်သည်။ မူလတန်းပညာကို မန္တလေးမြို့ရှိ အမှတ် (၆) အထက်တန်းကျောင်းတွင် သင်ယူခဲ့သည်။ အလယ်တန်းပညာကို မန္တလေးမြို့ဆရာအတတ်သင်သိပ္ပံ၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ သင်ယူပြီး အထက်တန်းပညာကို မန္တလေးမြို့အမှတ် (၃) အထက်တန်းကျောင်းတွင် တက်ရောက်သင်ယူခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အထက်တန်းပညာ အောင်မြင်ပြီး ၁၉၇၅ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (သမိုင်း)ကိုရရှိခဲ့သည်။



၁၉၈၆ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာသိပ္ပံ၌ အင်္ဂလိပ်ဘာသာတက်ရောက်ခဲ့ပြီး မန္တလေး အထက (၁၆)တွင် ဆရာမ အဖြစ်အမှုထမ်းခဲ့သည်။


မမနိုင်

၁၉၉၀ ပြည့်နှစ်တွင် ဝန်ထမ်းအလုပ်မှအနားယူပြီး မြန်မာကြိုးဆွဲရုပ်သေးအနုပညာကို ပြန်လည်ဖော်ထုတ်ရန်ရွှေဘိုတင်မောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းကာဘုရားပွဲတော်များ၌မိုးအလင်းကပြသည့်အပြင် မန္တလေးရုပ်စုံသဘင် (Mandalay Marionettes Company) အမည်ဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဖျော်ဖြေခဲ့သည်။ ၁၉၉၅-၉၆ ခုနှစ်တွင် နိုင်ငံတော် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ၌ ရုပ်သေးကြိုးဆွဲပညာရှင်တစ်ဦးချင်းဆုများ၊ အဖွဲ့လိုက်ဇာတ်တော်ကြီး ပြိုင်ပွဲဆုများကို မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဆွတ်ခူးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ Theatre Works အနုပညာအဖွဲ့မှ ဖိတ်ကြားသည့် အာရှနိုင်ငံများ ယဉ်ကျေးမှုဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ သွားရောက်ခဲ့ရာမှ နိုင်ငံပေါင်း ၁၅ နိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ရုပ်သေးပွဲတော်ကြီး ၂၀ ကျော်သို့ ဖိတ်ကြားခြင်း ခံရကာ ကပြပါဝင်ဆင်နွှဲခဲ့သည်။ နိုင်ငံတော် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ရုပ်သေးအကဲဖြတ်ဗဟိုဒိုင်တာဝန်ကိုလည်းထမ်းဆောင်ခဲ့သည်။ အမည်ရင်းမှာလည်း ဒေါ်မမနိုင်ဖြစ်သည်။



# နှစ်ငါးရာပြည့်တောင်ငူမြို့
# (ကေတုမတီ)

ဒေါက်တာတိုးလှ







ဒေါက်တာတိုးလှ

ဦးအောင်သူ၊ ဒေါ်ပုတို့က ၁၉၄၃ ခုနှစ် မတ်လ ၁၇ရက် နေ့တွင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သပြေပင်ရွာ၌ မွေးဖွား သည်။ ၁၉၄၈ ခုနှစ်တွင် သပြေပင်ရွာ အနောက်ကျောင်း ဆရာတော် ဦးရာဇိန္ဒထံတွင် ပညာစတင်သင်ကြားသည်။ ၁၉၅၉ ခုနှစ်တွင် ပခုက္ကူမြို့ အမှတ် (၂) အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မန္တလေးတက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားသည်။ ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး မြစ်ကြီးနားကောလိပ် သမိုင်းဌာန၌ နည်းပြဆရာအဖြစ် စတင်အမှုထမ်းသည်။ ၁၉၆၉ ခုနှစ်တွင် အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၌ ဗဒ့်မင်းလက်ထက် မြန်မာစာပေစာတမ်းကိုဖတ်ကြားသည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိပြီး ၁၉၇၂ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၌ မန္တလေးနိုင်ငံတကာစာအုပ်နှစ်အတွက် ကုန်းဘောင်ခေတ် ပိဋကတ်တိုက်များစာတမ်းကို ဖတ်ကြားသည်။ ၁၉၇၆ ခုနှစ်တွင် အင်းဝခေတ်ပျို့ကဗျာများထဲကသမိုင်းကိုပြုစုပြီး ပညာသဒေသာစာ စောင်တွင်ဖော်ပြခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းပြီး မြန်မာနိုင်ငံသုတေသနအသင်း စာအုပ်ထုတ်ဝေရေးတွင်အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ပါရဂူဘွဲ့ ရရှိခဲ့သည်။ ၁၉၉၁-၉၃ ခုနှစ်တွင် မကွေးဒီဂရီကောလိပ်၌ တွဲဖက်ပါမောက္ခနှင့်ပါမောက္ခတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သမိုင်းဌာန၌ ပါမောက္ခအဖြစ်ထမ်းဆောင်ကာ ၂၀၀၂ ခုနှစ်တွင် တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးသို့ တိုးမြှင့်ဆုံးခြင်းခံရသည်။ ယခုအခါမြန်မာသမိုင်းအဖွဲ့၌ ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့၌ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်လျက်ရှိသည်။

# ၂၀၁၀ ပြည့်နှစ်အတွင်းလှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ



အောင်ချိန်ဘွား







# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) အထူးဆောင်းပါး













## အောင်ချိန်ဘွား

ဦးတက်စိန်၊ ဒေါ်ဆိုင်းတို့က ၁၉၃၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မုံရွာမြို့ ပွဲစားတန်းလမ်း၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှမောင်ဖြစ်သည်။ မုံရွာမြို့ ဝက်စလီယန် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ၁၉၆၅ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ်ကုန်သွယ်ရေးဦးစီးမန်နေဂျာအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့်လည်းကောင်း နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင်ဒုတိယဝန်ကြီး၏ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်မှစ၍ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်း၊ ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းများတွင် သလ္လာ–မောင်ကိုဦး ကလောင်အမည်ဖြင့် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လထုတ် သွေးသောက်မဂ္ဂဇင်းမှစ၍ လစဉ်ထုတ် မဂ္ဂဇင်းကြီးများတွင် ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လှမောင်၊ လှမောင်မောင်၊ လေးမြတ်၊အောင်ချိန်ဘွားစသော ကလောင်အမည်များဖြင့်စာမူမျိုးစုံ ပုဒ်ရေ ၁၅၀၀ ခန့်ရေးသားခဲ့သည်။ အောင်ချိန်ဘွားကလောင်အမည်ဖြင့် 'မြန်မာ့စားသုံးမှုဓလေ့နှင့်စားသုံးဆီ' စာအုပ်ကို ထုတ်ဝေခဲ့ရာ ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆုကိုရရှိခဲ့သည်။ 'မြန်မာ့အားကစားကမ္ဘာလွှမ်းအောင်နိမိတ်ဆောင်သူဒေါ်မိမိခင်' စာအုပ်ဖြင့်၂၀၀၄ ခုနှစ် အမေ့ရွှေပျိုးခင်းစာပေဆုကို ရရှိခဲ့သည်။ ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင်ဒုတိယဥက္ကဋ္ဌအဖြစ်ထမ်းဆောင်လျက်ရှိသည်။

# မောင်းသူမဲ့လေယာဉ်




သောင်းထိုက်ဦး















## သောင်းထိုက်ဦး

ဦးသိန်းတန်၊ ဒေါ်အေးကြည်တို့က ၁၉၄၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် မင်္ဂလာဒုံမြို့နယ်၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးသောင်းထိုက်ဖြစ်သည်။ တပ်မတော်ကလေးများ စာသင်ကျောင်း (ရန်ကုန်) တွင် စတင်ပညာသင်ကြားခဲ့ပြီး ကျွန်းအင်္ဂလိပ်အထက်တန်းကျောင်း ကမာရွတ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိသည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးစီမံကိန်းပညာဒီပလိုမာကိုရရှိသည်။ ၎င်းပညာသင်ကြားခဲ့သည့် အလွတ်ပညာသင်ကျောင်းတွင် ဓာတုဗေဒနှင့် ရူပဗေဒဘာသာသင်ဆရာအဖြစ်လည်းကောင်း၊ နောက်ပိုင်းတွင် ရူပဗေဒဘာသာဆရာအဖြစ်လည်းကောင်းလုပ်ကိုင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်းသွင်းကုန်ဌာန၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေး ကော်ပိုရေးရှင်း စီမံကိန်းဌာနသုတေသနဌာနစိတ်တွင်လည်းကောင်း၊ စာကြည့်တိုက်မှူးအဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် ကန်တော်ကြီးဟိုတယ်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်ကပင် မြန်မာနှင့် အင်္ဂလိပ်ဘာသာ စာပေဖတ်ရှုခြင်းကိုစွဲမြဲစွာ ပြုလုပ်ခဲ့၍ ဝါသနာအလျောက် စာပေရေးသားမှုများ ပြုခဲ့သည်။

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဟိုတယ်များတွင်လည်း အမှုထမ်းခဲ့ပြီး ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် ဟိုတယ်အမှုထမ်းဘဝမှ အနားယူကာ နိုင်ငံရေးနှင့်သိပ္ပံပညာဘာသာ ပြန်ဆောင်းပါးများကို သောင်းထိုက်ဦးအမည်ဖြင့် စာနယ်ဇင်းများတွင် ရေးသားလျက်ရှိသည်။

# မြန်မာ့ရိုးရာ ရှင်ပြုနားသမင်္ဂလာ



ဆင်ဖြူကျွန်းအောင်သိန်း





## ဆင်ဖြူကျွန်းအောင်သိန်း

ဦးရွှေစံ၊ ဒေါ်ငွေစင်တို့က ၁၉၂၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဆင်ဖြူကျွန်းမြို့ ရွာသစ်ကြီးရွာ၌မွေးဖွားသည်။ အမည်ရင်းမှာ ဦးကြည်အေးဖြစ်သည်။ ဆင်ဖြူကျွန်းမြို့ရှိ ဒေါ်စိန်ဖွား၊ ဦးသန်းမောင်၊ ဦးခင်မောင်လတ်တို့၏ ကျောင်းများတွင် မူလတန်းမှ အထက်တန်းအထိ ပညာသင်ခဲ့သည်။ ဒသမတန်းကို ဆရာစံမြောက်အရပ်ရှိ ဆရာကျော့၏ကျောင်းမှ အောင်မြင်သည်။ ၁၉၅၁ ခုနှစ်က တိုင်းသစ်ဂျာနယ်တွင် ကဗျာများကို စတင်ရေးသားသည်။ ၁၉၅၃ ခုနှစ်၌ "စွပ်ကျယ်" နှင့် "လွမ်းယမုန်ဦး" ဝတ္ထုများသည် မဂ္ဂဇင်းများတွင် ရှေးဦးစွာဖော်ပြခံရသည့် ဝတ္ထုတိုများဖြစ်သည်။ ၁၉၅၆ ခုနှစ်မှ စတင်၍ ရုပ်ရှင်ပဒေသာ၊ နတ်သျှင်နောင် မဂ္ဂဇင်းများနှင့် ယနေ့ရုပ်ရှင်ဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ၁၉၅၉ ခုနှစ်တွင် ဇာတ်ညွှန်းရေးသူ၊ ဇာတ်လမ်းမှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာစသည့် ရုပ်ရှင်လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ကိုဆေးရိုး-၄ ဝတ္ထုတိုပေါင်းချုပ်၊ ၁၉၉၆ ခုနှစ်တွင် ကိုဆေးရိုး-၆ ဝတ္ထုတိုပေါင်းချုပ်စာအုပ်များဖြင့်အမျိုးသားစာပေဆုရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အရှေ့တောင်အာရှစာပေဆုရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ တစ်သက်တာစာပေဆုရရှိသည်။ ဇင်အောင်၊ မင်္ဂလာဇင်အောင် ကလောင်အမည်ခွဲများနှင့်လည်းစာများ ရေးသားခဲ့ရာ ဇင်အောင်ကလောင်အမည်ဖြင့်ရေးသားသောအသော့အထေ့များ၊ ငပွေးဝတ္ထုများက ထင်ရှားကျော်ကြားသည်။ ၂၀၀၄ခုနှစ်က နေမင်းတစ်ထောင် လုံးချင်းဝတ္ထုရှည် ရှစ်တွဲ ရေးသားခဲ့ပြီး ပုဂံစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ၎င်းဝတ္ထုသည် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်) ရရှိခဲ့သည်။ ဆင်ဖြူကျွန်းအောင်သိန်း၏ထင်ရှားသောစာအုပ်များမှာ ဂျွန်ဆရာစံ၊ နီရဲသောဗိုလ်ဥက္ကမ၊ လယ်သမားသူပုန်၊ သတ်ရဲသည် သေရဲသည်၊ နေမင်းလမင်း သိန်းရာထောင် (ပြဇာတ်)၊ ငရဲနိုင်ငံ၊ အကွပ်မဲ့ကြမ်း၊ မြစ်တို့၏ သဘောတို့ဖြစ်ပြီး သုတလက်ရာများအနေနှင့် စပ်ပန်းချီမိတ်ဆက်၊ မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ဓလေ့၊ ကျေးလက်ရိုးရာ မြန်မာဓလေ့တို့ဖြစ်သည်။









# မြန်မာနိုင်ငံနှင့် မြန်မာစာပါရဂူဘွဲ့

ဒေါက်တာအောင်မြင့်ဦး










## ဒေါက်တာအောင်မြင့်ဦး

ဦးသန်းညွန့် (ပညာတန်ဆောင်)နှင့် ဒေါ်လှစိန်တို့က ၁၉၆၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ အခြေခံပညာကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်တွင် ဆည်းပူးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အမှတ် (၁) ဒေသကောလိပ် ရန်ကုန်မှ (Diploma in Mass Communication) ရရှိသည်။ ၁၉၈၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာ အထူးပြု (B.A) နှင့် ၁၉၈၉ ခုနှစ်တွင် (M.A,Hons.) တို့ကိုရရှိသည်။

၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာရေးလောက၏ ပထမဦးဆုံး မြန်မာစာပါရဂူသင်တန်းသားအဖြစ် ရွေးချယ်ခံရပြီး ၂၀၀၀ ပြည့်နှစ်တွင် ပထမဦးဆုံး မြန်မာစာပါရဂူ (Ph.D) ဘွဲ့ရရှိသည်။ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ (Diploma in Education Management) ရရှိသည်။ ၁၉၈၅ ခုနှစ်မှစ၍ လုပ်သားများကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ်၊ မိတ္ထီလာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့ရှိ မြန်မာစာဌာနများတွင် လက်ထောက်စာစဉ်နည်းပြမှ ပါမောက္ခအထိ တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့၊ ပညာရေးစုံညီပွဲတော်၊ တက္ကသိုလ်နှစ်ပတ်လည် အခမ်းအနားစသည်တို့တွင် စာတမ်းပေါင်း ၂၀ ကျော် တင်သွင်းခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ လူမှုဘာသာဗေဒမိတ်ဆက်၊ လူမှုဘာသာဗေဒသဘောတရား၊ ကျိုက်တဲမွန်ကျောက်စာလေ့လာချက်၊ ပညာဘဝ အမှတ်တရစာစုများ၊ ပညာခရီးသည်၊ ဘာသာစကားသုတေသန၊ အင်းလေးဒေသိယစကားစသည့် မြန်မာဘာသာမြန်မာစာဆိုင်ရာ စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံသို့ ပညာသင်လေ့လာရေးအဖြစ်သွားရောက်ခဲ့သည်။ ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပါမောက္ခတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။





# မြန်မာနိုင်ငံလူဦးရေ

## ဦးအောင်မြင့်သိန်း















# မြန်မာ့ဝွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) အထူးဆောင်းပါး



ဦးအောင်မြင့်သိန်း

ဦးတင်၊ ဒေါ်ထွန်းမေတို့က ၁၉၃၉ ခုနှစ် မတ်လ ၂၆ ရက်တွင် ပခုက္ကူမြို့၌မွေးဖွားသည်။ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ပခုက္ကူမြို့ အ.ထ.က (၁) မှ အောင်မြင်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စာရင်းအင်းပညာ၊ စိတ်ပညာ၊ သင်္ချာဘာသာတွဲဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သာကေတမြို့နယ် အ.ထ.က (၁) တွင် အထက်တန်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၆၄ ခုနှစ် မှ၂၀၀၁ ခုနှစ် အထိ ဗဟိုစာရင်းအဖွဲ့တွင် ဖွားသေစာရင်းအင်းလုပ်ငန်းမှူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးအထိထမ်းဆောင်ခဲ့ သည်။ သာကေတကျောင်းမဂ္ဂဇင်း၊ အမျိုးသမီးရေးရာ မဂ္ဂဇင်း၊ ကျန်းမာရေးမဂ္ဂဇင်းများ၊ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၏ နှစ်(၅၀) ပြည့် ရွှေရတုမဂ္ဂဇင်း၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာစာစောင်၊ မြန်မာ့စက်မှုဒိုင်ဂျက်တို့တွင် လူဦးရေစာရင်းအင်း၊ ဖွားသေ စာရင်းအင်းနှင့်ပတ်သက်သော ဆောင်းပါးများရေးသားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်း ပညာဒီပလိုမာကိုလည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် လန်ဒန်မြို့၊ စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံကျောင်းမှ မဟာသိပ္ပံ (လူဦးရေ စာရင်းအင်း) ဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင်ဂျာမနီနိုင်ငံ မြူးနစ်မြို့ အသုံးချစာရင်းအင်းပညာ ကျောင်းမှ လူဦးရေဘာသာရပ် ဆိုင်ရာ သင်တန်းလက်မှတ်ကို ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ် စက်တင်ဘာလတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပသော "လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ" သို့ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့သည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ကျင်းပသော ဖွားသေစာရင်းအင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ စာရင်းအင်း ညီလာခံများသို့ တက်ရောက်ခဲ့သည်။ ပခုက္ကူအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ဆေးတက္ကသိုလ် (၁) နှင့် (၂)၊ မန္တလေးဆေးတက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့သည့် ဆေးပညာ မဟာသိပ္ပံ၊ (ပြည်သူ့ကျန်းမာရေး) ဘွဲ့ သင်တန်းများတွင် အချိန်ပိုင်းကထိကအဖြစ် လူဦးရေ/ ဖွားသေစာရင်းအင်း ဘာသာရပ် များကိုပို့ချခဲ့သည်။ ယခုအခါ မင်္ဂလာဒုံမြို့နယ်တပ်မတော်ဆေးတက္ကသိုလ်တွင်ဖွင့်လှစ်သော ဆေးပညာမဟာသိပ္ပံဘွဲ့ (ပြည်သူ့ကျန်းမာရေး) သင်တန်းတွင် လူဦးရေ/ ဖွားသေစာရင်းအင်းဘာသာရပ်ကိုသင်ကြားပို့ချလျက်ရှိသည်။












# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

ရည်အောင် (ရွှေဘို)
















ရည်အောင် (ရွှေဘို)

ဦးဖေ၊ ဒေါ်မြရီတို့က ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရွှေဘိုမြို့ မင်းရပ် (မြောက်) တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးမြင့်အောင်ဖြစ်သည်။ ရွှေဘိုမြို့အ.မ.က၊ အ.ထ.က (၂)၊ အ.ထ.က (၁) တို့တွင် အခြေခံပညာများ သင်ယူဆည်းပူးခဲ့သည်။ ၁၉၇၂ ခုနှစ် မှ ၁၉၇၈ ခုနှစ်အထိ ရန်ကုန်စက်မှုတက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်များသင်ယူခဲ့ပြီး B.E (Mechanical) ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၉–၈၀ ပြည့်နှစ်တွင် မှော်ဘီမြို့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈) သို့တက်ရောက်အောင်မြင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး လက်အောက်ခံ အမှတ် (၂) ဆက်သွယ်ရေးအလုပ်ရုံ မင်္ဂလာဒုံတွင် တပ်မတော်ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနတွင် အင်ဂျင်နီယာမှူးရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဒုတိယအင်ဂျင်နီယာချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ၂၀၀၄ ခုနှစ်တွင် MRTV-4 Channel စတင်ထုတ်လွှင့်ချိန်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးသို့ ပြောင်းရွှေ့ခန့်ထားခြင်းခံရပြီး ညွှန်ကြားရေးမှူး (MRTV-4) တာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ညွှန်ကြားရေးမှူး MRTV-4 တာဝန်ကို တိုးမြှင့်ခန့်ထားခြင်းခံရပြီး ယနေ့အထိတာဝန်ထမ်းဆောင်လျက်ရှိသည်။






# ကမ္ဘာနှင့် မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့် အဖွဲ့အစည်းများ

တပေယဉ်ကျေးမှုတွင်လည်းကောင်း၊ ပညာရေးအထောက်အကူပြုရာတွင်လည်းကောင်း၊ ကိုယ်စားပြု ဖော်ဆောင်ပေးသည့်အရာသည် စာကြည့်တိုက် (Library) ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၌ တပေယဉ်ကျေးမှု အဘယ်မျှထွန်းကားသည်၊ ပညာရေးအဘယ်မျှ တိုးတက်သည်ဆိုသော တိုင်းတာချက်ကို စာကြည့်တိုက်နှင့် စာကြည့်တိုက်လုပ်ငန်းအဘယ်မျှ ဖွံ့ဖြိုးခဲ့သည် ဟူသောရလဒ်ဖြင့် မြင်နိုင်၊ တွေ့နိုင်သည်။ နောက်ဆုံး နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို စာကြည့်တိုက်နှင့် အကဲဖြတ်လျှင်ပင် ရကောင်းသောအနေအထားဆီသို့ စာကြည့်တိုက်နှင့် စာကြည့်တိုက်လုပ်ငန်းက ဖော်ဆောင်ပေးနိုင်အောင် အရေးပါလာခဲ့သည်ဟုပင် ဆိုနိုင်ပါလိမ့်မည်။ သည်ဘက်ပိုင်းကာလတွင် ပို၍ပင် အလေးထားဆောင်ရွက်လာသည်ကို တွေ့ရသည်။ မြို့ပြများသာမက ကျေးလက်ဒေသများတွင်ပင် အလှမ်းဝေးသည်ဟုထင်ရသော စာကြည့်တိုက်ယဉ်ကျေးမှုကို ပျိုးထောင်ပေးခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ အလျှိုအလျှိုပေါ်ပေါက်လာသည်။ ထိုကျေးရွာစာကြည့်တိုက်များ အစဉ်ထာဝရ တည်တံ့နိုင်မြဲစေရန် **ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း** ဟူသောအဖွဲ့ကြီးကိုပင် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

---

ကမ္ဘာ့စာကြည့်တိုက်များ သမိုင်းကိုကြည့်လျှင် ဗြိတိသျှပြတိုက် (British Museum) အကြောင်းနှင့်စ၍ နိဒါန်းပျိုးရမည်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံ တစ်နိုင်ငံကို ကိုယ်စားပြုသော စာကြည့်တိုက်ဖြစ်သည်။ "ဆာဟင်နရီစလုန်း" ဟူသော သမားတော်တစ်ဦးက စာအုပ်များ၊ လက်ရေးစာများ စုဆောင်းခြင်းကို ဝါသနာထုံသည်။ ထိုပစ္စည်း ပစ္စယများကို တန်ဖိုးထားလွန်းသဖြင့် ၎င်းကွယ်လွန်လျှင် ပျောက်ပျက်သွားမည်ကို ပူပန်သည်။ ထို့ကြောင့် ကွယ်လွန်လျှင် အစိုးရထံ လျှော့ဈေးနှင့်ရောင်းရန် သေတမ်းစာတွင်ရေးသားခဲ့သည်။ သို့ဖြစ်၍ ၎င်းကွယ်လွန်သောအခါ အစိုးရက ၁၇၅၃ ခုနှစ်တွင် ၎င်း၏ စာအုပ်စာတမ်းများကို ဝယ်ယူခဲ့သည်။ ၁၉ ရာစုအလယ်ပိုင်းခန့်တွင် "ဆာအန်တော်နီပန်နစ်စီ"၏ စွမ်းစွမ်းတမံဆောင်ရွက်မှုကြောင့် ဗြိတိသျှပြတိုက်သည် ရုပ်လုံးပေါ်လာသည်။

၎င်းစာကြည့်တိုက်တွင် အင်္ဂလိပ်ဘာသာနှင့် ရေးသမျှစာအုပ်အားလုံး ရှိစေရမည်ဟူသောမူဖြင့် စုဆောင်းခဲ့သည်။ ဒုတိယမြောက်ဂျော့ဘုရင်၏ တော်ဝင်စာကြည့်တိုက်မှ စာအုပ်မှန်သမျှကိုလည်း အမွေဆက်ခံရရှိသဖြင့် ဗြိတိသျှပြတိုက်မှာပို၍ စုံလင်လာသည်။

ထို့အပြင် ထပ်မံ၍ထွင်ကာ ပြည်ပထုတ်စာအုပ်များကိုပါ စုဆောင်းခဲ့သည်။ ထို့ကြောင့် ၁၈၇၀ ပြည့်နှစ်ထုတ် မြန်မာသံတော်ဆင့် သတင်းစာများမှအစ ၁၈၇၂ ခုနှစ်ထုတ် ဦးပုည၏ ဝိဓေယျဇာတ်ပြဇာတ်၊ ၁၈၈၆ ခုနှစ်ထုတ် ဆရာသင်၏ လူပျို အပျိုတေးထပ်စသော ရှားပါးမြန်မာစာအုပ်များပင် ဗြိတိသျှပြတိုက်၌ စုဆောင်းထားရှိသည်ကိုတွေ့ရသည်။ နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံထုတ်စာအုပ်များကို စာကြည့်တိုက်စာအုပ်လဲလှယ်ရေးအစီအစဉ်အရ ဗြိတိသျှပြတိုက်မှ စုဆောင်းရရှိခဲ့သည်။

ဒုတိယမြောက်ဖော်ပြလိုသော စာကြည့်တိုက်မှာ ပြင်သစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်ဖြစ်သည်။ ၎င်းစာကြည့်တိုက်သမိုင်းကို ခြေရာကောက်လျှင် လွန်ခဲ့သောနှစ်ပေါင်း ၇၀၀ နီးပါးက စသည်ဟုဆိုနိုင်သည်။ ပဉ္စမမြောက်ချားဘုရင်လက်ထက်မှစ၍ စာကြည့်တိုက်အကောင်အထည်ဖော်လာသည်။ မူလက ပြင်သစ်ဘုရင်များ၏ ကိုယ်ပိုင်စာကြည့်တိုက်ဖြစ်ခဲ့သော်လည်း ၁၇၈၉

ခုနှစ် ပြင်သစ်တော်လှန်ရေးနောက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်အဆင့်သို့ ရောက်ခဲ့သည်။ အမေရိကန်နိုင်ငံတွင်ကား ကွန်ဂရက်လွှတ်တော်စာကြည့်တိုက် (Library of Congress) ကို ၁၈၀၂ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ထိုစာကြည့်တိုက်သည် ၁၈၁၂ ခုနှစ်၊ ၁၈၂၅ ခုနှစ်၊ ၁၈၅၁ ခုနှစ်တို့တွင် သုံးကြိမ်တိုင်တိုင် မီးသင့်ခဲ့၏။ ၁၈၉၇ ခုနှစ်မှစ၍ "ဟားဘတ်ပတ်ထနမ်" ဆိုသောပုဂ္ဂိုလ်၏ စွမ်းဆောင်မှုကြောင့် ကွန်ဂရက်လွှတ်တော်စာကြည့်တိုက်သည် ထူထူထောင်ထောင်ဖြစ်လာသည်။ အမေရိကန် သမ္မတအဆက်ဆက်၏ မှတ်စုမှတ်တမ်းများ၊ အနုပညာရှင်၊ သိပ္ပံပညာရှင်၊ စာရေးဆရာများ၊ စီးပွားရေး ပါရဂူများ၊ နိုင်ငံရေးသမားများ၏ မှတ်တမ်းမှတ်ရာ လက်ရေးစာများကို အထူးပြုစုဆောင်းထားရှိခဲ့သည်။ စာကြည့်တိုက်တွင် စာကြည့်တိုက် ဝန်ထမ်းပေါင်းတစ်သောင်းကျော်အပြင် ပြင်ပမှထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များကိုလည်း "အတိုင်ပင်ခံ" ပုဂ္ဂိုလ်များအဖြစ် ဖြည့်စွက်ခန့်ထားသည်။

ဆိုဗီယက်တွင်ကား လီနင်နိုင်ငံတော် စာကြည့်တိုက် (Lenin State Library) မှာထင်ရှားသည်။ ဤစာကြည့်တိုက်သည် "ရုမိယန့်ဇက်ဖ်" ဆိုသူ မှူးမတ်တစ်ဦးပိုင်စာအုပ်စာတမ်းများကို သိမ်းပိုက်ဆက်ခံရရှိရာမှ စတင်ပေါ်ပေါက်လာရခြင်းဖြစ်သည်။ စာကြည့်တိုက်စတင်ဖွင့်လှစ်သည့်နှစ်မှာ ၁၈၆၂ ခုနှစ် ကဖြစ်ပြီး ၁၉၁၇ ခုနှစ်၊ အောက်တိုဘာတော်လှန်ရေးနောက်ပိုင်းတွင် လီနင်နိုင်ငံတော် စာကြည့်တိုက်ဟူသော အမည်သစ်ပြောင်းလဲခဲ့သည်။ ရုရှားနိုင်ငံအတွင်း ထုတ်ဝေခဲ့သမျှစာအုပ်အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ စာဖတ်ခန်းသုံးစွဲသူပေါင်းမှာ နေ့စဉ် လူဦးရေသောင်းကျော်ရှိသည်။ အချိန်အဆိုင်း သုံးဆိုင်းဖြင့် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားသည်။

အိန္ဒိယအမျိုးသားစာကြည့်တိုက်၏ သမိုင်းကြောင်းကား ၁၈၃၆ ခုနှစ်က စသည်။ မူလက ကိုးလ်ကတ္တား စာကြည့်တိုက် အမည်ဖြင့် စတင်ဖွင့်လှစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် အိန္ဒိယဘုရင်ခံချုပ် "လော့ဒ်ကာဇွန်" က အစိုးရစာကြည့်တိုက်နှင့်ပူးပေါင်းကာ ဘုရင့် စာကြည့်တိုက် (Imperial Library) ဟု ဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ အမျိုးသားစာကြည့်တိုက်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ဘာသာပေါင်း ၁၄ မျိုးဖြင့် ထုတ်ဝေခဲ့သမျှ စာအုပ်အားလုံးကို စုဆောင်းထားရှိသည်။

ဩစတြေးလျ အမျိုးသားစာကြည့်တိုက် (National Library of Australia) ကို ဩစတြေးလျနိုင်ငံ၏ မြို့တော်ကင်ဘရာမြို့တွင် ဖွင့်လှစ်ထားရှိသည်။

တရုတ်အမျိုးသားစာကြည့်တိုက် (National Library of China) သည်ကား ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး စာကြည့်တိုက်ကြီးဖြစ်သည်။ စာကြည့်တိုက်မြေနေရာ အကျယ်အဝန်းသည် ၂၅၀,၀၀၀ စတုရန်းမီတာမျှကျယ်ဝန်းသည်။ ၁၉၀၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ပေကျင်းမြို့ ဂွမ်ဟွာဘုရားကျောင်းနေရာတွင် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၂၇ရက်နေ့မှစ၍ အများပြည်သူကို အသုံးပြုခွင့်ပေးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့ပြီးနောက်ပိုင်း ပေကျင်းစာကြည့်တိုက်ဟူသော အမည်ကို စတင်သုံးစွဲခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှစ၍ တရုတ်အမျိုးသား စာကြည့်တိုက်ဟု အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၆ ခုနှစ်ကုန်အထိ တရုတ်ဘာသာဖြင့် ရေးသားထားသောစာအုပ်ပေါင်း ၆၀,၈၃,၇၃၆ ရှိပြီး နိုင်ငံခြားဘာသာဖြင့် ရေးသားထားသောစာအုပ်ပေါင်း ၃၃,၄၃,၆၈၇ အုပ်စုဆောင်းထားရှိခဲ့သည်။ ၂၀၀၈ ခုနှစ်ကုန်အထိ စာအုပ်စာတမ်း စုစုပေါင်း ၂,၆၃,၁၀,၀၀၀ အုပ်မျှအထိ စုဆောင်းထားရှိခဲ့သည်။ ထို့အပြင် ရှေးဟောင်း စာအုပ်စာတမ်းပေါင်း ၁,၆၄,၀၀၀ နှင့် ရှားပါးသောမှတ်တမ်းမော်ကွန်းပေါင်း ၂,၇၀,၀၀၀ ကိုလည်း စုဆောင်းထားရှိသည်။

မလေးရှားနိုင်ငံ အမျိုးသားစာကြည့်တိုက် (National Library of Malaysia) ကို ၁၉၅၆ ခုနှစ်တွင် မလေးစာကြည့်တိုက်အုပ်စုက တည်ထောင်ခဲ့သည်။ ယခုအခါ စာအုပ်စာတမ်းပေါင်း တစ်သန်းငါးသိန်းကျော် စုဆောင်းထားရှိသည်။

ထိုင်းနိုင်ငံ၏ အမျိုးသားစာကြည့်တိုက်ကို ၁၈၈၁ ခုနှစ်တွင် ပဉ္စမမြောက်ရာမင်း "ချူလာလောင်ကွန်း" စတင်ထူထောင်ခဲ့သည်။ ၎င်း၏ခမည်းတော် စတုတ္ထမြောက်ရာမင်း "မောင်းကွတ်မင်း" ၏ စာအုပ်

စာတမ်းများကို မတည်ကာ ထိုမင်း၏ရဟန်းဘွဲ့ ဖြစ်သော "ဝိဇယယန်" အမည်ကို စာကြည့်တိုက်အမည်ပေးခဲ့ခြင်း ဖြစ်သည်။ ၁၉၀၅ ခုနှစ်တွင် ဝိဇယယန်အမျိုးသား စာကြည့်တိုက်ဟု အမည်ပြောင်းကာ အများပြည်သူကို သုံးစွဲခွင့်ပြုခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် နဝမမြောက်ရာမမင်း (ဘူမိဘော) က ဘူမိဘောစာကြည့်တိုက်ကို ဖွင့်လှစ်ကာ အများပြည်သူကို အသုံးပြုခွင့်ပေးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သီရိခုံမင်းသမီးက ဂီတစာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နဝမမြောက်ရာမမင်းက ဂီတစာကြည့်တိုက်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ စာကြည့်တိုက်အကျယ်အဝန်းမှာ ၁၆,၀၀၀ စတုရန်းမီတာကျယ်ဝန်းပြီး ငါးထပ်အဆောက်အအုံဖြစ်ကာ စာဖတ်ခန်းတွင် ထိုင်ခုံပေါင်း ၁,၀၀၀ ကျော်နှင့် စုဆောင်းထားသော စာအုပ်ပေါင်း တစ်သန်းကျော်ရှိသည်။

ဂျပန်နိုင်ငံတွင် အမျိုးသားစာကြည့်တိုက်ကို ၁၈၇၂ ခုနှစ်ကပင် ဘုရင့်စာကြည့်တိုက် (Imperial Library) အဖြစ်စတင်ထူထောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင်မူ အမျိုးသားဒိုင်ယက်လွှတ်တော်စာကြည့်တိုက် (National Diet Library) ဟုခေါ်တွင်ခဲ့သည်။ အမေရိကန်ကွန်ဂရက်လွှတ်တော် စာကြည့်တိုက်ကဲ့သို့ပင် ဥပဒေပြုလွှတ်တော်၏ လက်အောက်ခံဖြစ်သည်။ စာကြည့်တိုက်ဝန်ထမ်းဦးရေ ငါးထောင်ကျော်၊ စာအုပ်ပေါင်း သုံးသန်းခွဲကျော်ဖြင့် နိုင်ငံ၏ဦးဆောင်ဦးရွက် စာကြည့်တိုက်အဖြစ် ဖွဲ့စည်းတည်ထောင်ထားသည်။

စင်ကာပူအမျိုးသားစာကြည့်တိုက် (Singapore National Library) ကို စင်ကာပူမြို့ တည်ထောင်ခဲ့သူ "ရာဖယ်" အား အစွဲပြုကာ ရာဖယ်စာကြည့် တိုက်ဟု မူလကခေါ်တွင်ခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၁၈၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှစ၍ အများပြည်သူတို့ကိုသုံးစွဲခွင့်ပြုခဲ့သည်။ ၁၉၅၈ ခုနှစ်မှစ၍ အမျိုးသားစာကြည့်တိုက်အဖြစ် ပီပီပြင်ပြင်ဖြစ်လာသည်။ အမျိုးသားစာကြည့်တိုက်တာဝန်အပြင် ပြည်သူ့စာကြည့်တိုက်တာဝန်ကိုပါ ပူးတွဲ၍ ထမ်းဆောင်ရသည်။ လက်ရှိစာကြည့်တိုက်အသစ်ကိုမူ "လီကွန်ချီယန်" ဆိုသူပုဂ္ဂိုလ်က ဝိတိုရိယလမ်းတွင် ဒေါ်လာသန်း ၆၀ လှူ၍ အသစ်ပြန်လည်တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်ကိုအစွဲပြု၍ ရည်ညွှန်းစာကြည့်တိုက်ကို လီကွန်ချီယန်စာကြည့်တိုက်ဟုခေါ်တွင်ခဲ့သည်။ စုဆောင်းထားသော စာအုပ်ပေါင်း ၅ သိန်းကျော်ရှိသည်။

အမျိုးသားစာကြည့်တိုက်များပြီးလျှင် နိုင်ငံတကာတွင် ပညာရှာမှီးလိုသူများအတွက် အဓိကအားထားရသည့်တက္ကသိုလ်စာကြည့်တိုက်များပင်ဖြစ်သည်။ သို့သော်တက္ကသိုလ်စာကြည့်တိုက်များသည် တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအတွက်သာ သီးသန့်ဖြစ်နေသည်။ တက္ကသိုလ်စာကြည့်တိုက်များ၏ အဓိကတာဝန်မှာ သုတေသနပြုရေးနှင့် စာသင်ကြားရေးတို့ကို အထောက်အကူပြုရန်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်တွင် ထင်ရှားသော တက္ကသိုလ်စာကြည့်တိုက်များရှိရာ ဗြိတိန်နိုင်ငံမှ ဗိုလီယန်စာကြည့်တိုက် (Bodleian Library)၊ အမေရိကန်မှ ယေးတက္ကသိုလ်စာကြည့်တိုက် (Yale University Library)၊ ရုရှားမှ မော်စကို တက္ကသိုလ်စာကြည့်တိုက် (Moscow University Library)၊ ဩစတြေးလျမှ ဆစ်ဒနီတက္ကသိုလ်စာကြည့်တိုက် (Sydney University Library)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေကျင်းတက္ကသိုလ်စာကြည့်တိုက် (Beijing University Library)၊ ထိုင်းနိုင်ငံမှ ချူလာလောင်ကွန်းတက္ကသိုလ်စာကြည့်တိုက် (Chulalongkorn University Library)၊ စင်ကာပူနိုင်ငံမှ စင်ကာပူအမျိုးသားတက္ကသိုလ်စာကြည့်တိုက် (National University of Singapore Library) စသည့် တက္ကသိုလ်စာကြည့်တိုက်များမှာ အထူးထင်ရှားလှသည်။

အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်စာကြည့်တိုက်တို့အပြင် အထူးစာကြည့်တိုက်ဟူ၍ ရှိသေးသည်။ ပညာရပ်တစ်ခုခုနှင့်ပတ်သက်၍ တစ်နေရာတည်းတွင် စုံစုံလင်လင်ဖြစ်စေရန် စာအုပ်စာတမ်းစုဆောင်းခြင်းကို စာကြည့်တိုက်ဟု သုံးနှုန်းရာ စာအုပ်များကို ထိန်းသိမ်းထားရှိကာ ကြည့်ရှုဖတ်မှတ်ရသောနေရာဟု အဓိပ္ပာယ်သက်ရောက်သည်။ အမှန်စင်စစ် ခေတ်မီစာကြည့်တိုက်တိုင်းတွင် စာအုပ်စာတမ်းများ

သာမက ပုံနှိပ်စာ၊ လက်ရေးစာ၊ ဂီတ သင်္ကေတ၊ ပန်းချီ၊ ဓာတ်ပုံ၊ မြေပုံ၊ ရုပ်ပုံ၊ ဒဂ်ါး၊ တံဆိပ်၊ စာချုပ်စာတမ်း၊ ရုပ်ရှင်ကား၊ ဗီဒီယိုကား၊ သီချင်း ဂီတဓာတ်ပြား၊ ကက်ဆက်ခွေ၊ စီဒီ စသည်တို့ကိုပါ ထိန်းသိမ်းထားသည်။

အထူးစာကြည့်တိုက်များတွင် ဆေးပညာနှင့်နှင့်ပတ်သက်၍ ဆေးသုတေသနစာကြည့်တိုက် (Medical Research Library)၊ ပညာရေးနှင့်ပတ်သက်၍ ပညာရေးသုတေသနစာကြည့်တိုက် (Educational Research Library)၊ နိုင်ငံခြားရေးရာ နှင့်ပတ်သက်၍ နိုင်ငံခြားရေးရာစာကြည့်တိုက် (Library of Foreign Affairs)၊ ဘာသာရေးနှင့် ပတ်သက်၍ သာသနာရေးစာကြည့်တိုက် (Religious Affairs Library) စသဖြင့် နိုင်ငံတကာတွင် အထူးစာကြည့်တိုက်များဖွင့်လှစ်ထားသည်။

ပြည်သူအများစု ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်သော စာကြည့်တိုက်များကား ပြည်သူ့စာကြည့်တိုက်များဖြစ်ကြသည်။ ပြည်သူ့စာကြည့်တိုက်များတွင် ဘာသာရပ်တစ်ခုခုကို အလေးထားစုဆောင်းခြင်းမရှိဘဲ ပြည်သူအများစုစိတ်ဝင်စားမည့် ဘာသာရပ်ပေါင်းစုံကိုထားရှိသည်။ ကလေးလူကြီးမရွေး သုတေသနပညာရှင်၊ ကျောင်းသူကျောင်းသား၊ အလုပ်သမား၊ အရပ်သူအရပ်သားမရွေးမည်သူမဆို လွတ်လွတ်လပ်လပ် အသုံးပြုနိုင်သော စာကြည့်တိုက်များဖြစ်သည်။

မြန်မာစာကြည့်တိုက်သမိုင်းကို အနော်ရထာမင်းပိဋကတ်တိုက်မှ အစချီရပေမည်။"အနော်ရထာမင်း" သည် သထုံပြည် မနူဟာမင်းထံမှ ဆင်အစီး ၃၀ ကျော်ဖြင့် ပင့်ဆောင်တော်မူခဲ့သော ပိဋကတ်တော်များကို ပုဂံပြည်၌ ဘုံငါးဆင့်ရှိသောပိဋကတ်တိုက်တည်ဆောက်၍ ထိန်းသိမ်းထားခဲ့သည်။ ၎င်းသည်ပင် မြန်မာစာကြည့်တိုက်၏ အစဟုဆိုရမည်။ ထို့နောက် ဘိုးတော်ဘုရား ပိဋကတ်တိုက်၊ မင်းတုန်းမင်းပိဋကတ်တိုက်၊ ညောင်ရမ်းမင်းသားပိဋကတ်တိုက်၊ သီပေါမင်းပိဋကတ်တိုက်၊ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်၊ ပုဂံဝန်ထောက်မင်းဦးတင်ပိဋကတ်တိုက်၊ ဦးဘိုးသီးပိဋကတ်တိုက်စသည်တို့သည် မြန်မာစာကြည့်တိုက်များတွင် ထင်ရှားသောရှေးခေတ်စာကြည့်တိုက်များဖြစ်ကြ၏။ ထို့ပြင်ဘုန်းတော်ကြီးကျောင်းများတွင်လည်း သီးခြားစာကြည့်တိုက်များထားရှိခဲ့သည့် အစဉ်အလာရှိခဲ့၏။ မန္တလေးမြို့ရှိ တောင်ခွင်သာသနာပိုင်ဆရာတော် ပိဋကတ်တိုက်၊ မင်းကွန်းဦးပုကြီး ပိဋကတ်တိုက်၊ ရန်ကုန်မြို့ခြောက်ထပ်ကြီးဘုရားကြီးတိုက် ပိဋကတ်တိုက် စသည်တို့တွင် ပေစာထုပ်များ၊ ဘာသာရေးဆိုင်ရာကျမ်းများ၊ ဆေးကျမ်းများစုဆောင်းထားရှိကြောင်း သိရသည်။

ဗြိတိသျှလက်အောက်ခံကာလတွင် ဝန်ရှင်တော်မင်းကြီးဖယ်ရာ၏ ဖယ်ရာပြတိုက်ကို ရန်ကုန်မြို့၌ ဖွင့်လှစ်ထားရှိခဲ့သည်။ ထို့နောက် ၁၈၈၃ ခုနှစ်တွင် ဝန်ရှင်တော်မင်းကြီး ဆာချားလ်စ်ဘားနဒ်က ဘားနဒ်အခလွတ်စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ ဘားနဒ်စာကြည့်တိုက်တွင် ပေ၊ ပုရပိုက်များအပြင် အင်္ဂလိပ်၊ မြန်မာရှားပါးစာအုပ်များကို စုဆောင်းထိန်းသိမ်းထားရှိသည်။ ဘားနဒ်စာကြည့်တိုက်သည် ၆၉ နှစ် တိုင်တိုင်တည်တံ့ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဘားနဒ်စာကြည့်တိုက်ကို အစိုးရသို့ပေးလှူခဲ့ရာ ထိုနှစ် ဇွန်လတွင် နိုင်ငံတော်စာကြည့်တိုက်အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ကင်းဝန်မင်းကြီး၊ ပုဂံဝန်ထောက်မင်း ဦးတင်တို့စုဆောင်းထားသော ပေ၊ ပုရပိုက် လက်ရေးစာများပါသည့် ဘားနဒ်စာကြည့်တိုက်ကိုအခြေခံ၍ ဖွင့်လှစ်ခဲ့သော နိုင်ငံတော်စာကြည့်တိုက်သည် ၁၉၅၃ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်အဖြစ် အမည်ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့သည်။ အမျိုးသားစာကြည့်တိုက်တွင် မြန်မာနိုင်ငံမှထွက်ရှိသမျှ စာအုပ်အားလုံးအပြင် ပြည်ပ ၁၈ နိုင်ငံမှ အမျိုးသားစာကြည့်တိုက်များနှင့် စာအုပ်စာတမ်းလဲလှယ်ရေးအစီအစဉ်အရ လဲလှယ်ရရှိသော နိုင်ငံတကာ စာအုပ်စာတမ်းများကိုလည်း စုဆောင်းထားရှိသည်။ ယခုအခါ အမှတ် ၈၅၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိသည်။

အမျိုးသားစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို၍ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ပေါ်ပေါက်ထွန်းကားလာသော ဒီဂျစ်တယ်စနစ်ကို အသုံးပြုပြီးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက် (Universites' Central

Library) သည်လည်း မြန်မာစာကြည့်တိုက်များတွင် ရှေ့ဆောင်ရှေ့ရွက်များစွာ ပြုနိုင်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ပညာရှင်များကြီးမှူး သင်ကြားပေးသောဘွဲ့လွန်စာကြည့်တိုက်ပညာသင်တန်းများမှ စာကြည့်တိုက် ဆိုင်ရာပါရဂူဘွဲ့၊ စာကြည့်တိုက်ဆိုင်ရာမဟာဘွဲ့၊ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ရ ပုဂ္ဂိုလ်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

မူလက ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စနစ်သစ်ပညာရေး စတင်သော ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှ တက္ကသိုလ်များဗဟိုစာကြည့်တိုက်ဟုအမည်ပြောင်းလဲခဲ့သည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်သည် မြန်မာနိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှု၊ အာရှနိုင်ငံများ၏ သမိုင်းနှင့်ယဉ်ကျေးမှုတို့ကို ဦးစားပေးဘာသာရပ်များအဖြစ်ထားရှိသည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်အပြင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၊ စက်မှုတက္ကသိုလ်စာကြည့်တိုက်၊ ဆေးတက္ကသိုလ်စာကြည့်တိုက်၊ စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်၊ ပညာရေးတက္ကသိုလ်စာကြည့်တိုက်နှင့် မြန်မာပြည်အနှံ့အပြားရှိ တက္ကသိုလ်ကောလိပ်အသီးသီးတွင်လည်း စာကြည့်တိုက်များဖွင့်လှစ်ထားသည်။

အထူးစာကြည့်တိုက်များအနေဖြင့် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်၊ စက်မှုဗဟိုပြန်ကြားရေးစာကြည့်တိုက်၊ တပ်မတော်မော်ကွန်းတိုက်၊ နိုင်ငံခြားရေးဌာနစာကြည့်တိုက်၊ ဆေးသုတေသနစာကြည့်တိုက်၊ မြန်မာနိုင်ငံပညာရေးသုတေသနစာကြည့်တိုက်၊ ဦးထင်ကြီး ဒစ်ဂျစ်တယ်စာကြည့်တိုက် စသည်တို့ဖြစ်ကြသည်။ အထူးစာကြည့်တိုက်များသည် ဘာသာရပ်တစ်ခုခုကို ဦးစားပေးစုဆောင်းကာ သက်ဆိုင်ရာပညာရှင်များကိုသာ အသုံးပြုစေသော စာကြည့်တိုက်မျိုးများဖြစ်ကြသည်။

အမေရိကန်သံရုံးလက်အောက်ခံ အမေရိကန်စင်တာ စာကြည့်တိုက်နှင့် ဗြိတိသျှသံရုံးလက်အောက်ခံ ဗြိတိသျှကောင်စီ စာကြည့်တိုက်တို့သည်လည်း စာဖတ်အသင်းဝင်ကတ်ပြားများပြုလုပ်ပြီး သီးသန့်ပရိသတ်ကို စာအုပ်ငှားရမ်းမှုများ ပြုလုပ်စေသည်။ သို့သော် သံရုံးစာကြည့်တိုက်များမှာ ၎င်းတို့နိုင်ငံ၏ နိုင်ငံရေး၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ဦးစားပေးကာ ဝါဒဖြန့်သဘောဖြစ်နေ၍ ပြည်သူ့စာကြည့်တိုက်အစစ်အမှန်မျိုး မဟုတ်ကြပေ။ အိန္ဒိယမှ ဒဿနဆရာ ရဟန်းတော်ဆွာမိဝါပေကာနန္ဒက ရန်ကုန်မြို့တွင် ရာမာခရစ်သျှနစာကြည့်တိုက်ကိုလည်း တည်ထောင်လာခဲ့ရာ ယခုထိ ရှင်သန်ဆဲဖြစ်၏။

ပြည်သူ့စာကြည့်တိုက်များတွင်မူ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည် အထင်ရှားဆုံးနှင့် သက်တမ်းအရှည်ဆုံးဖြစ်သည်။ ၁၉၅၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည် ယခုအခါ နှစ်ပေါင်း (၅၄) နှစ်ကျော်ခဲ့ပြီဖြစ်သည်။ စာပေဗိမာန်စာကြည့်တိုက်တွင် ဦးစားပေးဘာသာရပ်မထားဘဲ အများပြည်သူ၊ လူတန်းစားအသီးသီး စိတ်ဝင်စားမည့် စာအုပ်မျိုးစုံကို စုဆောင်းထားရှိပြီး ငှားရမ်းဖတ်ရှုနိုင်သည်။ မြန်မာနိုင်ငံ၏ အနယ်နယ်အရပ်ရပ်တွင် ပြန်ကြားရေးဌာနခွဲစာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ထားရှိခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ နိုင်ငံတစ်ဝန်းမြို့နယ်အသီးသီးတွင် ရှင်သန်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှလည်း မန္တလေး၊ မော်လမြိုင်၊ ဘားအံ၊ ပုသိမ်၊ စစ်တွေ စသောမြို့များတွင် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များဖွင့်လှစ်ကာ ပြည်သူ့စာကြည့်တိုက်တာဝန်များကို ထမ်းဆောင်နေကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်မှ စတင်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ရေးကို စတင်လှုပ်ရှားအကောင်အထည်ဖော်ခဲ့ရာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကျေးရွာပေါင်း ၆၄,၉၈၉ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၅,၇၅၅ တိုက်ကို တည်ထောင်နိုင်ခဲ့သည်။ ထိုအထဲတွင် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံ၊ သင့်တင့်သောပရိဘောဂ၊ စာအုပ်စာတမ်း၊ စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီစသည့် စံ ၅ ရပ်ရှိသော စာကြည့်တိုက်ပေါင်း ၂၈,၆၅၈ တိုက်ကို ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်းသုံးထောင်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း လေးထောင် သုံးစွဲကာစာကြည့်တိုက်များကို မတည် ဆောက်လုပ်ခဲ့သည်။ ကျေးရွာစာကြည့်တိုက်များသည် တစ်ချိန်တွင်ကျေးရွာ၏ Comm unity Center အဆင့်ထိ ဖြစ်ပေါ်စေရန် ရည်မှန်း ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုစီမံချက်များ အကောင်အထည်ဖော်ရာတွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ကို ၂၀၁၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့တွင် တည်ထောင်ခဲ့သည်။

တိုးတက်လာသည်နှင့်အမျှ မိမိတို့နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံမှာ အသိပညာဗဟုသုတဖြစ်သည်။ ထိုအသိပညာဗဟုသုတ၏ အခြေခံသည် စာပေဖြစ်သည်။ သို့ဖြစ်သောကြောင့် ကျေးလက်ပြည်သူများ လက်လှမ်းတမီနှင့် စာဖတ်သည့် အလေ့အထ စွဲမြဲရရှိစေပြီး အသိဗဟုသုတများ မြင့်မားတိုးတက်လာစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



**တိုက်ကြီးမြို့နယ်ဥက္ကံရွာမကျေးရွာ၏ လင်းရောင်ခြည်စာကြည့်တိုက်**

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့က ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီဖြစ်ပြီး ရည်ရွယ်ချက် သုံးရပ်ရှိသည်။ ပထမရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများ အသိပညာနှင့်ဗဟုသုတ မြင့်မားစေရန်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ ကျေးလက်ဒေသသည် နိုင်ငံတော်၏ အခြေခံဖြစ်သည်။ ထို့ကြောင့် ကျေးလက် ပြည်သူများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးများ ဖွံ့ဖြိုး

ဒုတိယရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအား ကောင်းစေရန်ဖြစ်သည်။ ယနေ့ခေတ်သည် ပညာခေတ်၊ မီဒီယာခေတ်ဖြစ်သည်။ IT,ICT နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီဒီယာ၏ ပျံ့နှံ့မှုသည် လျင်မြန်လာစမြဲဖြစ်သည်။ ထိုမီဒီယာများထဲ၌ အကောင်းများပါသကဲ့သို့ အဆိပ်အတောက်များလည်းပါသည်။ အမှန်များပါသကဲ့သို့ မိမိလိုရာဆွဲ၍ ပုံသွင်းထားသည့် မှားယွင်းသော သတင်းအချက်အလက်များလည်းပါသည်။ ထို့ကြောင့် မီဒီယာသည် ဘဝလမ်းမှားရောက်စေပြီး ဘဝတစ်ခုလုံးပျက်စီးသွားအောင် ဆောင်ရွက်နိုင်သကဲ့သို့ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ပြီး တိုးတက်စေရန် မြှင့်တင်ပေးနိုင်သည့် စွမ်းအားလည်းရှိသည်။ သို့ဖြစ်၍ မီဒီယာကိုယ်ခံစွမ်းအားကောင်းစေရန် လုပ်ဆောင်ခြင်းသည် အသိပညာဗဟုသုတရှိရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုအသိပညာဗဟုသုတကိုစာဖတ်ခြင်းမှရသည်။ ထို့ကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ခဲ့ရခြင်းဖြစ်သည်။

တတိယရည်ရွယ်ချက်မှာ ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရန်ဖြစ်သည်။ ဒီမိုကရေစီသည် လူအများ၏ကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်သောစနစ်နှင့် ကျင့်စဉ်များထဲမှ တစ်ခုဖြစ်သည်။ သို့သော် မှန်ကန်စွာ၊ အနှစ်သာရရှိစွာ ကျင့်သုံးနိုင်မှသာ ဒီမိုကရေစီ၏ အကျိုးကျေးဇူးကို ရရှိစေနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီကို ကျင့်သုံးသူမှာ ပြည်သူသာဖြစ်သည်။ ထိန်းကျောင်းသူမှာလည်း ပြည်သူသာဖြစ်သည်။ ထို့ကြောင့် ပြည်သူများဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်နှင့် ထိန်းကျောင်းနိုင်ရန်အတွက် အသိပညာဗဟုသုတများ လိုအပ်သည်။ ထိုကဲ့သို့ လိုအပ်လာသောကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး ယနေ့အခါ၌ ကျေးရွာအားလုံးနီးပါးတွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ခဲ့ပြီးဖြစ်သည်။ ထိုစာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို စုစုပေါင်းတန်ဖိုးပမာဏသည် ၁၁ ဒသမ ၉ ဘီလီယံကျော်ရှိသည်။ ၎င်းတို့သည် နိုင်ငံတော်၏ အင်အား၊ စေတနာရှင်ပြည်သူများ၏အင်အား၊ ကျေးလက်ပြည်သူများ၏ အင်အားနှင့် ထူထောင်ထားခြင်းဖြစ်သည်။

ထိုကဲ့သို့ထူထောင်ထားခဲ့သော်လည်း ရည်ရွယ်ချက်များပေါက်မြောက်ခြင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အာမခံနိုင်ခြင်းများ မရှိသေးပေ။ အကြောင်းမှာ အချို့ကျေးလက်ပြည်သူများသည် မိမိတို့ကျေးရွာများ၌ စာဖတ်ကျင့်စွဲမြဲစွာ မဖြစ်ပေါ်သေးပေ။ အားနည်းနေဆဲဖြစ်သည်။ ထို့အတူ အချို့ကျေးရွာများတွင် မိမိပိုင်မြေ၊ မိမိပိုင်စာကြည့်တိုက်များ မရှိသေးဘဲ ဘုန်းကြီးကျောင်းများတွင်လည်းကောင်း၊ စာသင်ကျောင်းများတွင် လည်းကောင်း တွဲဖက်ဖွင့်လှစ်ထားခြင်းများသာရှိပေသည်။

အချို့နေရာများတွင် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်အတွက်၊ မိမိဘာသာရပ်တည်နိုင်ရန်အတွက် စာငှားစနစ်၊ ငွေပဒေသာပင်များ စသည်တို့ကို အကောင်အထည်ဖော်၍ မပြီးသေးချေ။ သို့ဖြစ်သောကြောင့်ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စံငါးချက်နှင့် ညီညွတ်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိသည်။

စံ (၁) မှာ ကျေးလက်ပြည်သူများ စာကြည့်တိုက်ကို အမှန်တကယ်သုံးတတ်စေရန်၊ အမှန်တကယ် စာဖတ်နိုင်ရန်ဖြစ်သည်။

စံ (၂) မှာ စာကြည့်တိုက်များ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်အောင် စာငှားစနစ်ရှိရေး၊ ငွေပဒေသာပင်စိုက်ထူနိုင်ရေး၊ စာအုပ်များကို စနစ်တကျထိန်းသိမ်းနိုင်ရေး၊ စာအုပ်ငှား၍ရရှိလာသည့်ငွေများနှင့် စာအုပ်အသစ်များ တိုးပွားနိုင်အောင် လုပ်ဆောင်နိုင်ရေးဟူသည့် ရည်ရွယ်ချက်ဖြစ်သည်။

စံ (၃) မှာ ကိုယ်ပိုင်မြေနှင့် ကိုယ်ပိုင်အဆောက်အအုံရှိရန်ဖြစ်သည်။

စံ (၄) မှာ သင့်တင့်သည့် ပရိဘောဂရှိရန်ဖြစ်သည်။

စံ (၅) မှာ ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကို ကြပ်မတ်ဆောင်ရွက်ပေးမည့် စာကြည့်တိုက်ကော်မတီဝင်များရှိလာစေရန် ဆောင်ရွက်ရေးဖြစ်သည်။

အထက်ပါစံငါးရပ်နှင့် ဆောင်ရွက်နေသည့်အတွက် စာကြည့်တိုက်သုံးသောင်းနီးပါးသည် ထိုစံများနှင့်ကိုက်ညီပြီးဖြစ်သော်လည်း ကျန်နှစ်သောင်းကျော်သည် ထိုစံများနှင့် ကိုက်ညီစေရန် ဆက်လက်၍ ကြိုးပမ်းထူထောင်ကြရဦးမည်ဖြစ်သည်။ ထိုကဲ့သို့ထူထောင်ရာတွင် ယခုဖွဲ့စည်းလိုက်သည့် စာကြည့်တိုက်ဖောင်ဒေးရှင်းက ထိုလုပ်ငန်းများ၌ ပါဝင်ကူညီ၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အနာဂတ်ရည်မှန်းချက်အထိ မျှော်မှန်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရိုးရိုးစာကြည့်တိုက်မှ အီလက်ထရောနစ်စာကြည့်တိုက် ဖြစ်လာသည်အထိ လုပ်ငန်းစဉ်များချမှတ်ထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့်တက်၍ အင်တာနက်ကွန်ရက်များ ချိတ်ဆက်မိသောအခါ မိမိစာကြည့်တိုက်မှ အခြားစာကြည့်တိုက်များနှင့်ဆက်သွယ်၍ စာအုပ်စာစောင်များ ဖတ်ရှုနိုင်ခြင်းမှအစ တစ်နေရာမှတစ်နေရာသို့ ဆက်သွယ်ပြောဆိုနိုင်သည့်အဆင့်ထိ ရည်ရွယ်ထားရှိခဲ့သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ရည်ရွယ်ချက်သည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံငါးရပ်နှင့်ညီစေရန်၊ ရေရှည်ရှင်သန်နိုင်မာဖွံ့ဖြိုးတိုးတက်စေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထိုဖောင်ဒေးရှင်း၏ အခြေခံမူဝါဒသည် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်သွားရန်ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၌ နာယကအဖွဲ့ဟူ၍ ထားရှိသည်။ ထိုအဖွဲ့တွင် စာပေပညာရှင်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ လုပ်ငန်းရှင်ကြီးများ ပါဝင်သည်။ နာယကအဖွဲ့၏ အဓိကတာဝန်သည် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ လိုအပ်သောအကြံဉာဏ်များပေးရန်၊ လိုအပ်သောမူဝါဒများကိုချမှတ်ပေးရန်နှင့် လိုအပ်သောပံ့ပိုးငွေကြေးရရှိစေရန် စီမံဆောင်ရွက်ရေးဖြစ်သည်။ နာယကအဖွဲ့၏အောက်တွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ ကော်မတီအမှုဆောင်အဖွဲ့ရှိမည်ဖြစ်သည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းစစ်၊ ဘဏ္ဍာရေးမှူးများအပါအဝင် ပုဂ္ဂိုလ်ငါးဦးခန့်နှင့်ဖွဲ့စည်းရန် ရည်မှန်းထားရှိသည်။

ကော်မတီအမှုဆောင်အဖွဲ့၏ အဓိကတာဝန်သည် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းအနေနှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများ ပြီးမြောက်အောင်မြင်အောင် တာဝန်ယူ စီမံခန့်ခွဲဆောင်ရွက်သွားရန်ဖြစ်သည်။ ထို့ပြင် နာယကအဖွဲ့ဝင်များနှင့် အမှုဆောင်အဖွဲ့ဝင်များသည် စေတနာအလျောက်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ထိုဖောင်ဒေးရှင်းမှ ပုဂ္ဂိုလ်ကြီးများအတွက် လစာပေးနိုင်မည်မဟုတ်ပေ။ အမှုဆောင်အဖွဲ့၏အောက်တွင် လိုအပ်သောရုံးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရုံးအဖွဲ့တစ်ဖွဲ့ရှိမည်ဖြစ်သည်။ ထိုအဖွဲ့၌ သင့်လျော်သည့် လူပုဂ္ဂိုလ်အရေအတွက်ရှိမည်ဖြစ်သည်။

ရန်ပုံငွေရှာဖွေခြင်းနှင့် ရန်ပုံငွေထူထောင်ခြင်း၊ ရန်ပုံငွေသုံးစွဲခြင်းများသည်လည်း ဖောင်ဒေးရှင်းကြီး၏ အရေးကြီးသောလုပ်ငန်းဖြစ်သည်။ ရန်ပုံငွေရှာဖွေခြင်း၏အခြေခံမှာ ပြည်သူလူထုကိုအခြေခံသော ရန်ပုံငွေရှာဖွေခြင်းကို ကျင့်သုံးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ လူဦးရေသန်းခြောက်ဆယ်ရှိသည်။ တစ်နှစ်လျှင် ပြည်သူတစ်ဦးက ငွေတစ်ဆယ်ကျပ်ထည့်ဝင်ပါက တစ်နှစ်တွင် ဖောင်ဒေးရှင်းအတွက် သန်းခြောက်ရာရရှိမည်ဖြစ်သည်။ ထိုသန်းခြောက်ရာသည် ဖောင်ဒေးရှင်းလုပ်ငန်းကြီးအတွက် တစ်နှစ်တာကာလကို ဆောင်ရွက်နိုင်သည်။ သို့သော် ထိုလုပ်ငန်းကို မြန်ဆန်လွယ်ကူစွာ ဆောင်ရွက်နိုင်ဦးမည် မဟုတ်ပေ။ ထို့ကြောင့် လုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် စတင်လုပ်ဆောင် သွားရမည်ဖြစ်ရာလုပ်ငန်းရှင်ကြီး အချို့ကို နာယကအဖွဲ့၌ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ရန်ပုံငွေသုံးစွဲခြင်းနှင့်ပတ်သက်၍ ယနေ့လုပ်ငန်းရှင်ကြီးများ၊ စေတနာရှင်ကြီးများအားလုံးက လှူဒါန်းသည့်ငွေကြေးသည် ဖောင်ဒေးရှင်း၏မတည်ငွေဖြစ်သည်။ ဖောင်ဒေးရှင်းစည်းမျဉ်းအရ ထိုငွေများ ထုတ်ယူသုံးစွဲခွင့်မရှိပေ။ ထိုမတည်ငွေကို ဘဏ်တွင်အပ်နှံကာ အတိုးအပွားရစေပြီးနောက် လုပ်ငန်းရှင်ကြီးများနှင့် ညှိနှိုင်းကာငင်းတို့လုပ်ငန်းများတွင် ရှယ်ယာဝင်မည်ဖြစ်သည်။ ထိုရှယ်ယာမှ ရမည့်အတိုးအမြတ်၊ ဘဏ်မှရမည့်အတိုးအမြတ်များသာလျှင် ဖောင်ဒေးရှင်းလုပ်ငန်းအတွက် သုံးစွဲသွားမည်ဖြစ်သည်။ ထိုသို့သုံးစွဲရာ၌လည်း ၁၀ ရာခိုင်နှုန်းကို အုပ်ချုပ်မှုကိစ္စအတွက် အသုံးပြုမည်ဖြစ်သည်။ ရုံးခန်းငှားရမ်းခြင်း၊ ရေခမီးခ၊ ဝန်ထမ်းလစာများအတွက် အသုံးပြုမည်ဖြစ်သည်။ ကျန်သည့် ၉၀ ရာခိုင်နှုန်းကို ကျေးရွာစာကြည့်တိုက်များအတွက် သုံးစွဲသွားမည်ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ အနာဂတ်မျှော်မှန်းချက်မှာ ယခုဖွဲ့စည်းလိုက်သော ဖောင်ဒေးရှင်းကို အမြဲတမ်းတည်တံ့ခိုင်မြဲကာ အစဉ်ဖွံ့ဖြိုးတိုးတက်နေသော ဖောင်ဒေးရှင်းအဖြစ်ပေါ်ပေါက်လာစေရန်ဖြစ်သည်။ ပြည်သူလူထုကို အခြေခံသောနည်းဖြင့် ရန်ပုံငွေရှာဖွေရန်ဖြစ်သည်။ ဗဟိုကိုဖွဲ့စည်းပြီးသောအခါ ပြည်နယ်နှင့်တိုင်းဖောင်ဒေးရှင်းများ ဆက်လက်ဖွဲ့စည်းရန် ဖြစ်သည်။ ထိုမှတစ်ဆင့် မြို့နယ်များအထိဖွဲ့စည်းရန်ရည်ရွယ်သည်။

**ဟိန်းလတ်**

# ကမ္ဘာနှင့် မြန်မာ့ရုပ်သေးအနုပညာ

အနုပညာတွင် အခြေခံအားဖြင့် အဆို၊ အက၊ အရေး၊ အတီးဟူ၍ ပုံစံအမျိုးမျိုးဖြင့် တည်ရှိသည်။ ယင်းတို့သည် လူသားများကိုယ်တိုင်က မိမိတို့၏ပညာ၊ မိမိတို့၏အစွမ်းဖြင့် ဖော်ကျူးထားသည့် အနုပညာဖြစ်သည်။ တစ်နည်းအားဖြင့် ဖျော်ဖြေတင်ဆက်သူ လူသားက ခံစားသူပရိသတ်လူသားကို တိုက်ရိုက်တင်ပြသော အနုပညာဖြစ်သည်။ လူမှလူသို့ ပို့ပေးသော အနုပညာဟုလည်းဆိုနိုင်သည်။ ဤတွင် လူမှ အရုပ်သို့၊ အရုပ်မှလူသို့ပို့ပေးသော အနုပညာပုံစံတစ်ရပ်သည်လည်း မတူကွဲပြားစွာ တည်ရှိနေသေးသည်။ ၎င်းကို ရုပ်သေးအနုပညာဟုခေါ်ကြသည်။ လူသားက အရုပ်ကလေးများပြုလုပ်၍ ထိုအရုပ်ကလေးများပေါ်တွင် လူသား၏ အနုပညာဖြင့် အသက်ဝင်ရှင်သန်လာအောင် အနုပညာပံ့ပိုးပစ္စည်းကိရိယာများနှင့် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ရုပ်သေးအနုပညာသည် သမိုင်းကြောင်းနှင့် ယှဉ်၍ ပေါ်ထွက်လာခဲ့ပြီး ယနေ့တိုင် မိမိတို့နိုင်ငံ၏ အနုပညာတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာတွင် မြန်မာနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ အနုပညာအပါအဝင် ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ အခြားသူများထက် နောက်မကျသော မြန်မာနိုင်ငံသည် မြန်မာ့ရုပ်သေးအနုပညာကိုပို၍ တန်ဖိုးထားသောအားဖြင့် နိုင်ငံတော်ကကျင်းပသောမြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၌ ပင်ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

---

ရုပ်သေးအနုပညာဟူသည် သက်မဲ့အရုပ်များကို သက်ရှိလူများနှင့်တူအောင် အသက်သွင်းပေးရသော အနုပညာတစ်ရပ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရုပ်သေး၊ ရုပ်စုံသဘင်ပညာရပ်များ ကပြမှု၊ တင်ဆက်မှုများသည် လူမျိုးအလိုက်၊ နိုင်ငံအလိုက် မတူညီကြပေ။ မြန်မာ့ရုပ်သေးအနုပညာမှာ ဇာတ်လမ်းဇာတ်ကွက် စုံလင်ခမ်းနားစွာ တင်ဆက်ပြီး ရသများစွာပေးစွမ်းနိုင်သော ခက်ခဲနက်နဲ၍ လေးနက်မှုရှိသည့် ပညာရပ်ဖြစ်သည်။ ကမ္ဘာ့ရုပ်သေးပညာသည် စက်မှုပိုင်းဆိုင်ရာတွင် သာလွန်ပြီး ရုပ်သေးစင်၏အခမ်းအနား အပြင်အဆင်ကောင်းမွန်၍ မီးဆက်တင်များမှာ ခမ်းနားသည်။ သို့သော်ရသပေးစွမ်းနိုင်မှုနှင့် အနုပညာလေးနက်မှုတွင် အားနည်းသည်။ လိုအပ်သည့် လှုပ်ရှားမှုအတွက်သာ အသားပေးထားသည်။ ရုပ်သေးပညာရပ်သည် အခြားဖျော်ဖြေရေးနည်းပညာများ တိုးတက်ထွန်းကားလာသောကြောင့် တိမ်မြုပ်ပျောက်ကွယ် လုနီးပါးဖြစ်နေသဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းက ပြန်လည်ဖော်ထုတ်ရန် ဝိုင်းဝန်းကြိုးပမ်းနေကြသည်။ ကမ္ဘာ့ရုပ်သေးပညာတွင် ရုပ်သေးအမျိုးအစားလေးမျိုးရှိသည်။ ယင်းတို့မှာ တုတ်ထိုးရုပ်သေး (Rod Puppet)၊ လက်ထိုးရုပ်သေး (Glove Puppet)၊ အရိပ်ပြရုပ်သေး (Shadow Puppet) နှင့် ကြိုးဆွဲရုပ်သေး (String Puppet) ဟူ၍ဖြစ်သည်။

လက်တစ်ဖက်မှ ခေါင်းနှင့်လည်တိုင်ထိန်း လက်ကိုင်ကိုကိုင်တွယ်ကာ ကျန်လက်တစ်ဖက်ဖြင့် အရုပ်လက်ချောင်းကို ဆက်သွယ်ပြီး တုတ်ချောင်း(သို့)သံချောင်းနှစ်ချောင်းဖြင့် ထိုးလှည့်လှုပ်ရှားရသော ရုပ်သေးမျိုးကို တုတ်ထိုးရုပ်သေးဟုခေါ်သည်။

ပိတ်စဖြင့်ချုပ်ထားသည့် အရုပ်အောက်တွင် အပေါက်ဖောက်ထားပြီး လက်ချောင်းများကို လျှိုသွင်း၍ ကပြရသောရုပ်သေးများကို လက်ထိုးရုပ်သေးဟုခေါ်သည်။

ချပ်ပြားအရုပ်သဏ္ဌာန်ပြုလုပ်၍ ထိုအရုပ်များ၏ နောက်မှမီးရောင်ဖြင့် ရှေ့မျက်နှာစာပိတ်ကားပေါ်တွင် ထင်လာသောအရုပ်၏အရိပ်များဖြင့် လှုပ်ရှားပေါ်လွင်စေသည့် ရုပ်သေးမျိုးကို အရိပ်ပြရုပ်သေးဟုခေါ်သည်။ အရိပ်ပြရုပ်သေးမှာ ကျွဲ၊နွား၊ တိရစ္ဆာန်တို့၏အရေပြား



တုတ်ထိုးရုပ်သေး

ကို ပါးလွှာအောင်ထုရိုက်၊ လှီးဖြတ်ပြီး အရုပ်ပြုလုပ်၍ အရုပ်၏ အင်္ဂါအစိတ်အပိုင်းများကို အရှင်တပ်ဆင်ပြီး လှုပ်ရှားကပြရသည်။ ကြိုးဆွဲရုပ်စုံပညာကဲ့သို့ အရုပ်ကို တိုက်ရိုက်ပြသခြင်းမဟုတ်ဘဲ အရုပ်ကိုလည်း မတွေ့ရဘဲ အရုပ်၏ အရိပ်ကိုသာ တွေ့မြင်နိုင်ပေသည်။

ပန်းပုရုပ်လုံးငယ်များကို အဆစ်အဆက်များ အရှင်တပ်ဆင်ပြီး ကြိုးဖြင့်ဆွဲ၍ လှုပ်ရှားကပြရသော ရုပ်သေးမျိုးမှာ ကြိုးဆွဲရုပ်သေးဖြစ်၍ ရုပ်လုံးကို အပြည့်အဝပြနိုင်သော ရုပ်သေးပညာဖြစ်သည်။

ကမ္ဘာပေါ်တွင် ရုပ်သေးခေတ်အစားဆုံးနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ဂျာမနီ၊ ရုရှား၊ ပြင်သစ်၊ အီတလီ၊ ချက်ကိုစလိုဗက်ကီးယား၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ အထိုက်အလျောက် ခေတ်စားသော အခြားနိုင်ငံများမှာ အာဂျင်တီးနား၊ ချီလီ၊ ကိုလံဘီယာ၊ မက္ကဆီကို၊ လက်တင်အမေရိကနိုင်ငံများ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ နယ်သာလန်စသည့် စကင်ဒီနေးဗီးယန်းနိုင်ငံများ၊ ဟန်ဂေရီ၊ ပိုလန်၊ ဂျပန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြသည်။

ကမ္ဘာ့ရုပ်သေးလောကတွင် ရုရှားနှင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံတို့သည် ရုပ်သေးပညာတိုးတက်ခေတ်စားသောနိုင်ငံများဖြစ်ကြသည်။ ရုရှားနိုင်ငံတွင် အသုံးများသောရုပ်သေးအမျိုးအစားမှာ လက်ထိုးရုပ်သေးနှင့် တုတ်ထိုးရုပ်သေးတို့ဖြစ်သည်။ ချက်ကိုစလိုဗက်ကီးယားရုပ်သေးမှာ အရိပ်ပြရုပ်သေး၊ တုတ်ထိုးရုပ်သေးနှင့် ကြိုးဆွဲရုပ်သေးတို့ဖြစ်ပြီး ရုပ်သေးရုပ်ဖြင့် ကာတွန်းရုပ်ပုံများ (Aminated Puppet Cartoon Films) ကိုရိုက်ကူးထုတ်လုပ်ခဲ့သည်။

ဂျာမနီနိုင်ငံရှိ ရုပ်သေးဗိမာန်ဌာနချုပ်ရုံးကို ဘိုခွန်း (Bochum) မြို့၌ဖွဲ့စည်းထားရှိပြီး ရုပ်သေးပညာခေတ်မီတိုးတက်ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်နိုင်ငံခြားရုပ်သေးပညာရှင်များ၊ ရုပ်သေးအဖွဲ့များကိုဖိတ်ကြားကာ အပျော်တမ်းရုပ်သေး ပညာရှင်များ၏ ပြိုင်ပွဲများနှင့် အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်များကို ကျင်းပလျက်ရှိသည်။ ရုပ်သေးအမျိုးအစားလေးမျိုးစလုံးအသုံးပြုကပြကြသဖြင့် လူကြီးလူငယ်မရွေးရုပ်သေးကိုကြိုက်နှစ်သက်ကြသည်။ တစ်ကိုယ်တော်ကြိုးဆွဲလှုပ်ရှားကပြမှုများကိုလည်း တင်ဆက်ပြသလေ့ရှိသည်။

အင်္ဂလန်နိုင်ငံတွင် ကလေးများအတွက် ပန့်ချ်နှင့်ဂျူဒီ (Punch and Judy) လက်ထိုးရုပ်သေးပြဇာတ်ကို ထိန်းသိမ်းပြသလျက်ရှိသည့်အပြင် လူကြီးများအတွက်လည်း ရှိတ်စပီးယားနှင့် ခေတ်ပေါ်ပြဇာတ်များကို အရိပ်ပြ၊ လက်ထိုး၊ တုတ်ထိုးနှင့် ကြိုးဆွဲရုပ်သေးများဖြင့် အောင်မြင်စွာတင်ဆက်ကပြကြသည်။ ကလေးများအတွက် ဖျော်ဖြေမှုသက်သက်ဖြစ်သည့် ပန့်ချ်နှင့်ဂျူဒီရုပ်သေးပွဲသည် ၃ ပေပတ်လည်ရှိသည့် တီဗွီအိမ်ပုံစံစတိတ် (Stage) ခုံပေါ်တွင် လူကိုမမြင်ရဘဲ အိတ်စွပ်လက်ထိုးထားသည့် အရုပ်ကိုသာ ပရိသတ်က မြင်ရပြီး ကလေးများအကြိုက် တိရစ္ဆာန်ရုပ်များဖြင့် ကပြသည့် ရုပ်သေးပွဲဖြစ်သည်။



လက်ထိုးရုပ်သေး

ပြင်သစ်နိုင်ငံ၏ ရုပ်သေးမွေးဖွားရာဖြစ်သည့် လီယွန်မြို့ (Lyon) မှ ဂီညော်ကြိုးဆွဲရုပ်သေးသည် လွန်စွာ



ပြင်သစ်ဂီညော်ရုပ်သေး

နာမည်ကျော်ကြားသည်။ ပြင်သစ်နိုင်ငံရှာလီဗီးမစ်ဇီယယ် မြို့တွင်ကျင်းပခဲ့သော ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကပြကြသည့်ရုံပွဲလမ်းတစ်လျှောက် ရုပ်သေး ပွဲများမှာ လူနှင့်တွဲဖက်၍ အော်ဟစ်ပြောဆို သရုပ် ဆောင်ကြသည်။ အနုပညာရသအနေဖြင့် ပေးစွမ်းနိုင်မှု နည်းပါးကာ အပျင်းပြေကြည့်ရှုကြသည့် သဘောကို ဆောင်သည်။ ထို့ကြောင့် ဥရောပရုပ်သေးများသည် ဇာတ်လမ်းဇာတ်ကွက်အရ လိုအပ်သည့်လှုပ်ရှားမှု အတွက်သာ အလေးပေးသည့်ရုပ်သေးမျိုးဖြစ်ပြီး အနု ပညာလေးနက်မှုတွင် အားနည်းပေသည်။

အာရှတိုက်တွင် ဗီယက်နမ်နိုင်ငံမှ ရေပေါ်ရုပ်သေး (Water Puppet) သည်အလွန်နာမည်ကြီးသည်။ တုတ်ထိုး ရုပ်သေးအမျိုးအစားဖြစ်သည်။ (Water Puppet) ကပြရန် အတွက် ပေ ၂၀ ပတ်လည်ခန့် အကျယ်ရှိပြီး အနက် ၄ ပေခန့်ရှိသည့် ရေကန်ထားရှိရသည်။ ရေ့တွင်ပြသရန် အတွက် ၁၅ ပေခန့် အကျယ်ထားပြီး အနောက်မှ ရုပ်သေးဆရာများ လှုပ်ရှားလုပ်ကိုင်ရန်အတွက် ၅ ပေ ခန့်ချန်ကာ အလယ်တွင် ပန်းချီကား၊ ယင်းလိပ်တို့ဖြင့် ခြားထားသည်။ ရုပ်သေးဆရာသည် တုတ်ချောင်းရှည် များတပ်ဆင်ထားသည့် အရုပ်များကိုနောက်မှနေ၍ ရေထဲတွင် မတ်တပ်ရပ်ကာ ရှေ့သို့ထိုးကြရသည်။ တိရစ္ဆာန်ရုပ်များ၊ လှေလှော်နေသည့် လူရုပ်များ၊ ငါးဖမ်း မြှုးထောင်နေကြပုံများကို မီးရှူးမီးပန်းများ ဖောက်ပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသခြင်းဖြစ်သဖြင့် ကလေး များပို၍ နှစ်သက်သဘောကျကြသည်။

ကမ္ဘောဒီးယားရုပ်သေးသည် စပိုက်တွန်အရိပ် ရုပ်သေးဖြစ်သည်။ ယခုအခါတွင် ကွယ်ပျောက်လုဖြစ် နေသော ရှေးဟောင်းအနုပညာတစ်ရပ်လည်းဖြစ်သည်။ နွားသားရေကိုပန်းချီဆွဲပြီး ဓား၊ ဆောက်များဖြင့် အပေါက်ဖောက်၍ ပြုလုပ်ထားသည့် ဘီလူး၊ မျောက်၊ နဂါး၊ ဂဠုန်စသော နွားသားရေပြားပန်းချီရုပ်ပုံကို လူက လက်နှစ်ဖက်ဖြင့်ကိုင်တွယ်၍ ရစေရန် ဝါးခြမ်းနှစ်ခု ဖြင့် ညှပ်ထားသည့်အရုပ်ကြီးများဖြစ်သည်။ ယင်းကို 'စပိုက်တွန်' ဟုခေါ်ဆိုပြီး အရုပ်အသေးများကို 'စပိုက်တို' ဟုခေါ်သည်။ ဝါးခြမ်းနှစ်ခုကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး အနောက်ဘက်မှ မီးထိုးပေးလိုက်သည့်အခါ ပိတ်စအဖြူ ပေါ်တွင်ပေါ်လာသော အရိပ်ကိုကြည့်ရသည့်အရိပ် ရုပ်သေးဖြစ်သည်။ များသောအားဖြင့် ရာမာယဏဇာတ် တော်ကြီးကို အခန်း ၇ ခန်းဆက်တိုက်ကပြလေ့ရှိကြ သည်။

ထိုင်းရုပ်သေးမှာ တုတ်ထိုးရုပ်သေးဖြစ်သည်။ အရုပ်တစ်ရုပ်ကို လူ ၄ ဦးကိုင်တွယ်၍ ကပြရသည်။ လူတစ်ယောက်က အရုပ်ခေါင်းနှင့် လည်တိုင်ထိန်း လက်ကိုင်ကိုကိုင်တွယ်ကာ ခြေထောက်ကိုလည်း လှုပ်ရှား ပေးရသည်။ ထိုသူကအရုပ်၏ ဘယ်လက်ထိန်း လက်ကိုင် ကိုကိုင်ကာ အခြားလူတစ်ယောက်က အရုပ်၏ညာ လက်ကိုထိန်းသည့် လက်ကိုင်ကို ကိုင်တွယ်လှုပ်ရှားပေး ရသည်။ ကျန်လူတစ်ယောက်က အရုပ်နှင့်အတူတကွ သရုပ်ဟန်ပန်လုပ်ပေးရသည်။ များသောအားဖြင့် ရာမာယဏဇာတ်တော်ကို ကပြသည်။ ဟန်နုမာန်မျောက် ကို ဟန်နုမာန်မျောက်ခေါင်းစွပ်ထားသည့် လူကိုယ်တိုင် ပင် သရုပ်ဆောင်သည်။ ရုပ်သေးဟုဆိုသော်ငြား ရုပ်သေး ဆရာများကို အရုပ်နှင့်တွဲဖက်လျက် တွေ့မြင်ရသည်။ လူကိုယ်တိုင်သရုပ်ဆောင်သည့် ဟန်နုမာန်မျိုးပါဝင်နေ သည့်အတွက် ရုပ်သေးပွဲ၏ တန်ဖိုးလျော့နည်းစေသည် ဟု ဆိုရပေမည်။ ရုပ်သေးကြိုးဆွဲသူများက ဝတ်ရုံအနက် ကြီးများကို ဝတ်ဆင်ထားကြသော်လည်း လူနှင့်အရုပ် ကို တွဲဖက်၍မြင်နေရသည်။

၂၀၀၄ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်းကီးမြို့တွင်ကျင်းပသည့် အာရှအနုပညာပွဲတော်တွင် ထိုင်းလူငယ်အယောက် ၂၀ ပါဝင်သည့် တုတ်ထိုးရုပ်သေးအဖွဲ့နှင့် မြန်မာ့ရုပ်သေးအဖွဲ့ကို ဖိတ်ကြားခဲ့သည်။ မြန်မာ့



ထိုင်းအရိပ်ရုပ်သေး

ရုပ်သေးကို ဟယ်လ်ဆင်းကီးမြို့ရှိ 'အယ်လစ်ဇဘက်' ရှေးဟောင်းကဇာတ်ရုံကြီးတွင် တင်ဆက်ခဲ့သည်။

လာအိုနိုင်ငံမှမော်ဒန်ရုပ်သေးသည် တီထွင်ဖန်တီးမှုအနုပညာဖြစ်သည်။ ကပုံလာအို မော်ဒန်ရုပ်သေးအဖွဲ့၏ ခေါင်းဆောင်သည် ပြင်သစ်တီထွင်ဖန်တီးမှု အနုပညာတစ်ခုဖြစ်သည့် မော်ဒန်ရုပ်သေးကို လာအို ယဉ်ကျေးမှုအသွင် ဖော်ဆောင်ထားခြင်းဖြစ်သည်။

ကပုံလာအိုအဖွဲ့၏ မော်ဒန်ရုပ်သေးကရန်အတွက် ရုပ်သေးမကမီ ပထမဆုံး စိတ်အာရုံစူးစိုက်သည့် စိတ်လေ့ကျင့်ခန်းလုပ်ကြရသည်။ မိမိစိတ်နှင့် အခြားတစ်ဦး၏ စိတ်တစ်ထပ်တည်းကျမှု၊ စိတ်အာရုံစူးစိုက်တည်ငြိမ်မှုကြောင့် အခြားတစ်ဦး၏လှုပ်ရှားမှုကို အလိုလိုသိမြင်ခံစားနိုင်ပြီး အဖွဲ့အစည်းအလိုက် လှုပ်ရှားကပြရသည့် အနုပညာမျိုးဖြစ်သည်။ ဤမော်ဒန်ရုပ်သေးအဖွဲ့သည် စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းများပြီးသွားသည့်အခါ ဧရာမအိတ်ကြီးတစ်လုံးကို ကြမ်းပြင်ပေါ်တွင် သွန်ချလိုက်သည်။ ခွက်၊ ဘူးခွံ၊ ဂျပ်ပုံးခွံ၊ မီးစလောင်း၊ ဖိနပ်၊ ဇွန်း၊ ခက်ရင်း၊ ကြွပ်ကြွပ်အိတ်စသဖြင့် ပစ္စည်းများ ထွက်ကျလာသည်။ ယင်းတို့ကို အသုံးပြုပြီး တစ်ယောက်ချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်အတွင်း အရုပ်ဖြစ်အောင်ဖန်တီး၍ ဖွင့်ပေးသော ဥရောပတေးဂီတသံစဉ်အလိုက် ဖန်တီးကပြရသည်။ ဖန်တီးမှုအနုပညာတစ်မျိုးပင် ဖြစ်သည်။

စင်ကာပူနိုင်ငံမှ အနုပညာအဖွဲ့သည် အာရှနိုင်ငံများမှ အနုပညာရှင်များကို ဖိတ်ကြား၍ ယဉ်ကျေးမှု အနုပညာဖလှယ်မှုများ နှစ်စဉ်ကျင်းပလေ့ရှိသည်။ ၁၉၉၈ ခုနှစ်တွင် မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်များကို ဖိတ်ကြားခဲ့သည်။ မြန်မာ့ရုပ်သေးတွင် ရန်ကုန်အရုပ်နှင့် မန္တလေးအရုပ်၊ ရန်ကုန်မှုနှင့် မန္တလေးမှုတို့ ခြားနားမှုရှိရာ နှစ်ဖွဲ့ခွဲ၍ ရန်ကုန်မှုကို ရုပ်သေးကြိုးဆွဲပညာရှင် ဦးနန်းညွန့်ရှိန် (ကွယ်လွန်) က သင်ကြားပြသပေးပြီး မန္တလေးမှုကို စာရေးသူက သင်ကြားပြသပေးခဲ့ကြသည်။

ဂျပန်နိုင်ငံ၏ရုပ်သေးမှာ အစဉ်အလာကြီးမား ရှည်ကြာသည့် ဘွန်ရာကု (Bunraku) သို့မဟုတ် နင်ဂျို ဂျိုးရုရိ (Ningyo Jyoruri) ဂျပန်ရိုးရာဖြစ်သည်။ လက်ထိုးရုပ်သေးနှင့် တုတ်ထိုးရုပ်သေးနှစ်မျိုးကို ပေါင်းစပ်အသုံးပြုထားပြီး လူ့ကဲ့သို့မြင့်မားသောအရုပ်တစ်ရုပ်ကို လူသုံးဦးက ကိုင်တွယ်လှုပ်ရှားကပြပေးရသည်။ လှုပ်ရှားကပြသူများကိုမူ ပွဲကြည့်ပရိသတ်က မြင်တွေ့နေရကာ ခေါင်းမှခြေအထိ ဖုံးလွှမ်းထားသော ဝတ်ရုံမည်းများကို ဝတ်ဆင်ထားကြရသည်။ လှုပ်ရှားကပြသူများကို အရိပ်များအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

အရုပ်တစ်ရုပ်သည်လေးပေခန့်အမြင့်ရှိပြီး လူသုံးယောက်ကိုင်တွယ်လှုပ်ရှားကပြရသည်။ လူတစ်ယောက်က အရုပ်၏ခေါင်းနှင့်ညာလက်ကို ကိုင်တွယ်လှုပ်ရှားရသည်။ ဒုတိယလူက ဘယ်လက်ကိုလှုပ်ရှားရ၍ တတိယလူက အရုပ်၏ခြေထောက်ကို ကိုင်တွယ်လှုပ်ရှားပေးရသည်။ ရုပ်သေးဆရာသုံးဦးသည် ဝတ်ရုံအနက်ကြီးများကိုဝတ်ဆင်ထားပြီး ပရိသတ်က ထိုလူသုံးဦးကို မြင်နေရသည်။

ကပွဲနှင့်တွဲဖက်၍ တီးခတ်ပြောဆိုပေးရသည့် ရှားမီးဆင် (Samisen) ခေါ်သုံးကြိုးတပ် ဘင်ဂျိုကို တီးခတ်သူနှင့် ဆို၊ ငို၊ ပြော သရုပ်ဆောင်သူသည် ကပွဲစင်၏ ဘေးတစ်ဖက်တွင်ထိုင်ပြီး တီးခတ်သရုပ်ဆောင်ကြရ

သည်။ ဇာတ်ဝင်ခန်းထဲမှ ယောကျ်ားသံ၊ မိန်းမသံ၊ အဖေ၏အပြော၊ အမေ၏ အပြော၊ သမီး၏အပြော စသည်တို့ကို ဆို၊ ငို၊ ပြော သရုပ်ဆောင်သူတစ်ဦးတည်းက အသံအမျိုးမျိုးပြောင်းကာ သရုပ်ဆောင်သွားရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ခန့်က အမျိုးသားသုံးဦး ကပြခဲ့ကြသည့် ဂျပန်ရိုးရာရုပ်သေးကို အမျိုးသမီးများက အရုပ်တစ်ရုပ်၊ လူတစ်ယောက်တည်းဖြင့် ကိုင်တွယ်လှုပ်ရှားကပြနိုင်အောင် ၁၉၆၇ ခုနှစ်က တီထွင်ခဲ့သည်။ အမျိုးသမီးများ တီထွင်ခဲ့ကြခြင်းဖြစ်သဖြင့် 'ဟီတိုမိဇာအိုတိုမေဘွန်ရာကု' (Hitomiza Otome Bunraku) ဟုခေါ်သည်။ အိုတိုမေ (Otome) ဆိုသည်မှာ အမျိုးသမီး (အပျို) ဟု အဓိပ္ပာယ်ရသည်။

အမျိုးသားသုံးဦးကပြခဲ့ကြရသည့် အရုပ်တစ်ရုပ်ကို တစ်ဦးတည်းဖြင့် ကိုင်တွယ်လှုပ်ရှားကနိုင်ရန်အတွက် ရုပ်သေးဆရာ၏ဒူးအထက်နားတွင် သံချိတ်ကို အဝတ်နှင့်ပတ်စည်းထားပြီး ၎င်းသံချိတ်ကို အရုပ်၏ဒူးမှ သံချိတ်နှင့် လှမ်းချိတ်ရသည်။ ဂျပန်ရိုးရာ အမျိုးသမီး၊ အမျိုးသားအရုပ်များသည် လူတစ်ရပ်အရွယ်ထက် ကြီးမားပေသည်။ ခါးတွင်လည်း ရုပ်သေးဆရာ၏ ခါးမှာပတ်ထားသည့်သံချိတ်နှင့် အရုပ်၏ခါးကသံချိတ်ကို လှမ်းချိတ်ထားရသည်။ နားထင်တစ်ဘက်တစ်ချက်တွင် တစ်ထွာမျှကြိုးအရှည်ထုတ်ထားသည့် အဝတ်စကို လူ၏နဖူးတွင်စည်းထားပြီး အရုပ်၏တစ်ဖက်တစ်ချက်က ကြိုးနှင့်လှမ်းချိတ်ထားရသည်။

ထိုအခါတွင် အရုပ်နှင့်လူမှာ တစ်ထပ်တည်းကျသွားသည်။ လူ၏ခေါင်း ဘယ်လှည့်ညာလှည့် လှည့်လျှင် အရုပ်၏ခေါင်းလည်းလှည့်သည်။ လူ၏လက်နှစ်ဖက်ကို အရုပ်၏ဘယ်ညာဝတ်ရုံထဲတွင် လျှိုဝင်ထည့်ထားပြီး ဟန်အမူအရာ သရုပ်ဆောင်မှုအတွက် လိုသလိုလှုပ်ရှားပေးရသည်။ အရုပ်ကရန်နှင့် ဟန်ပန်သရုပ်ဆောင်ရန်အတွက် လူကပါ အတူတကွ သရုပ်ဆောင်ပေးရသည်။

ဂျပန်နိုင်ငံ၏အနောက်တောင်ပိုင်း ကန်ဆိုင်ဒေသရှိ မနဲခရိုင် မဆုဒါမြို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀ ခန့်က ပေါ်ထွန်းခဲ့သည့် ရိုးရာကြိုးဆွဲရုပ်သေးလည်းရှိခဲ့သည်။ အရုပ်များမှာအရှည် ၁၄ လက်မခန့်သာရှိသည်။ ဂျပန်နိုင်ငံ၏ ရှေးရိုးရာ ကြိုးဆွဲရုပ်သေးသည် ဘွန်ရာကုရုပ်သေးကဲ့သို့ ပရိသတ်၏နှစ်ခြိုက်အားပေးမှုကို မရရှိခဲ့ပေ။ ယခုအချိန်တွင် ဂျပန်ရိုးရာကြိုးဆွဲရုပ်သေးသည် ပျောက်ကွယ်လုနီးပါး ဖြစ်နေပေပြီ။

ဂျပန်ရိုးရာရုပ်သေးပညာမှာ ဂျပန်ရိုးရာအမျိုးသား၊ အမျိုးသမီးများ၏ သွားလာလှုပ်ရှားပြောဆိုမှုဟန်ပန်ကိုသာ သရုပ်ဆောင်ရသည့်ရုပ်သေးမျိုးဖြစ်၍



ဂျပန် အိုတိုမေဘွန်ရာကု ရုပ်သေး

ကြိုးဆွဲလှုပ်ရှားမှုမှာညင်သာသည်။ ရုပ်သေးစင်မှာ နှစ်ထပ်စင်အသေးဖြစ်ပြီး လူကအပေါ်ထပ်စင်ပေါ်တွင် တက်ထိုင်၍သော်လည်းကောင်း၊ ခါးကိုင်း၍သော်လည်းကောင်း ကြိုးဆွဲရသည်။ ရုပ်သေးပွဲနှင့်တွဲဖက်ရသည့် ရှားမီးဆင်ခေါ်သုံးကြိုးတပ်ဘင်ဂျိုကို တီးခတ်သူနှင့် ဆို၊ ငို၊ ပြောသရုပ်ဆောင်သူသည် ဘွန်ရာကုရုပ်သေးကဲ့သို့ပင် ကပွဲစင်၏ ဘေးတစ်ဘက်တွင်ထိုင်ပြီး တီးခတ်သရုပ်ဆောင်ကြရသည်။ ဆို၊ ငို၊ ပြောပညာရှင်တစ်ဦးတည်းက ဇာတ်ဝင်ခန်း၏ ဇာတ်ကောင်များအတွက် အသံအမျိုးမျိုးပြောင်းပြီး သရုပ်ဆောင်ရသည်။

စင်၏အောက်ဘက်တွင် အမျိုးသမီးနှစ်ယောက်က အနက်ရောင်အဝတ်အစား ဝတ်ဆင်ထားပြီး ဝပ်ပုန်းနေကာ အရုပ်၏လှုပ်ရှားမှုများကို လိုအပ်သလို ပံ့ပိုးဖေးကူပေးရသေးသည်။ ၎င်းတို့၏ ပံ့ပိုးကူညီပေးမှုများကိုလည်း ပရိသတ်ကမြင်နေရသဖြင့် အနုပညာရသတွင် လျော့ပါးစေသည်။



မြန်မာကြိုးဆွဲရုပ်သေးများကို နိုင်ငံခြားသားများက မှတ်တမ်းဓာတ်ပုံရိုက်ယူကြစဉ်

ဂျပန်ရိုးရာ ကြိုးဆွဲရုပ်သေး အယ်ဒေါ့အဖွဲ့ ရှိသေးသည်။ ထိုကြိုးဆွဲဆရာသည် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားသည်။ ၎င်း၏မျက်နှာကိုလည်း အနက်ရောင်ဇာဖြင့်ဖုံးအုပ်ထားသည်။

နိုင်ငံတကာတွင် ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးများကို အခါအားလျော်စွာ ကျင်းပလျက်ရှိကြသည်။ ယူနီမာခေါ် ကမ္ဘာ့ရုပ်သေးအဖွဲ့ချုပ်ကြီးကလည်း ရုပ်သေးပညာဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုရေး၊ ရုပ်သေးပညာရှင်များ စုစည်းရေး၊ ရုပ်သေးပညာရှင်များ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ ရုပ်သေးဆိုင်ရာပညာ ဗဟုသုတများ နှီးနှောဖလှယ်ရေး၊ ကမ္ဘာ့ရုပ်သေးပွဲတော်များကို နိုင်ငံအသီးသီးတွင်အလှည့်ကျ ကျင်းပရေး၊ အထူးသဖြင့် အရှေ့တိုင်းရုပ်သေးအပါအဝင် တတိယကမ္ဘာတွင် တိမ်မြုပ်နေသောရုပ်သေးသဘင်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်ရေးစသည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးများတွင် ပွဲတော်ကျင်းပရေးဌာန မြို့တစ်လျှောက်လုံးနှင့် ပွဲတော်ကြီး၏အဝန်းအဝိုင်းထဲတွင် သေးငယ်သောရုပ်သေးစင်များဆောက်လုပ်ပြီး ကက်ဆက် (သို့မဟုတ်) ဂရမ်မိုဖုန်းဖွင့်ပြီး ရုပ်သေးပွဲကပြကြသည်။ ကွက်စိပ်ဆရာကဲ့သို့ ပြောဆိုကပြနေကြသည်က တစ်မျိုး၊ မိမိ၏ကိုယ်ပိုင်ကားထဲတွင် ရုပ်သေးရုံပုံစံပြုလုပ်ပြီး နယ်လှည့်ကပြနေသည့်အဖွဲ့မျိုးကတစ်ဖုံ အမျိုးမျိုးစုံလင်လှသည်။

လှပစွာတန်ဆာဆင်ထားသည့် အမိုးဖွင့်လှည်းကြီးပေါ်တွင် ရှေးခေတ်အဝတ်အစားများဝတ်ဆင်ပြီး ပုံစံပြနေကြသူများ၊ ကြက်ဆင်ပုံစံ၊ လူရိုင်းပုံစံ ဝတ်ဆင်ထားကြသူများ၊ ဆေးနီဝါပြာရောင်စုံခြယ်သကာ ကုလားမခြေထောက်အမြင့်ကြီးများဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေကြသူများသည် ကလေးများနှင့်လမ်းသွားလမ်းလာ ရုပ်သေးချစ်သူများကို ပျော်ရွှင်စေသည်။ ရှေးဟောင်းစီထရွန်ကားပေါ်တွင် သံဖြင့်ပြုလုပ်ထားသည့် သံစက်ရုပ်နွားကြီးထဲတွင် လူဝင်၍ သရုပ်ပြ၊ မတ်တတ်ရုပ်ပြ၊ နွားသံအော်ပြကာ ရုပ်သေးပရိသတ်အပေါင်းတို့ကို ဖျော်ဖြေကြသည်။ ရုပ်သေးနှင့်ပတ်သက်ပြီး ဆန်းသစ်တီထွင်မှု အနုပညာမျိုးစုံတွေ့ရှိရပေသည်။

ပွဲတော်ကြီးကျင်းပသည့် ပြင်သစ်နိုင်ငံ ရှာလီဗီးမစ်ဇီယယ်မြို့တွင် ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ၊ အားကစားရုံစသည့် ရုံပေါင်း ၅၃ ရုံတွင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၄၀ကျော်မှ ရုပ်သေးအဖွဲ့ ပေါင်း၁၅၀ကျော် ရုံသွင်းကပြသည့် နိုင်ငံတကာရုပ်သေးပွဲပေါင်းများစွာထဲတွင် မြန်မာ့ရုပ်သေးပွဲသည် ရုံဝင်ခ အမြင့်ဆုံး ၁၂ ယူရိုဖြစ်ပြီး ပရိသတ်များစွာ၏ အားပေးခြင်းကိုခံခဲ့ရသည်။ သုံးနှစ်တစ်ကြိမ်ကျင်းပသည့် အဆိုပါပွဲတော်ကြီး၌ ၂၀၀၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်တွင်တစ်ကြိမ် သုံးကြိမ်တိုင် ပါဝင်ဆင်နွှဲခဲ့ရာတွင် သုံးကြိမ်စလုံးပင် အကောင်းဆုံးဟု ချီးကျူးမှုကိုရရှိခဲ့သည်။ ထို့အတူ စပိန်နိုင်ငံဆီးဂိုးဗီးယားမြို့တွင် နှစ်စဉ်ကျင်းပသည့် တီတီရီမွန်ဒီ ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးနှင့် ၂၀၀၄ ခုနှစ်တွင်ကျင်းပသော ဖင်လန်နိုင်ငံ ဟယ်လ်ဆင် ကီးမြို့မှ အာရှအနုပညာပွဲတော်တွင်လည်း မြန်မာ့ရုပ်သေးပွဲ ပါဝင်ဆင်နွှဲခွင့်ရခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံမှ မာဝဇင်းပွဲတော်ကြီး၊ ၂၀၀၇ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံမှ ကမ္ဘာလုံးဆိုင်ရာ ဖိုရမ် (Forum) ပွဲတော်ကြီးတို့တွင်လည်း မြန်မာ့ရုပ်သေးကို အောင်မြင်စွာဖျော်ဖြေနိုင်ခဲ့သည်။

ထို့ကြောင့် အခြားတစ်ပါးသော ကမ္ဘာ့ရုပ်သေးများနှင့်မတူဘဲ လေးနက်ခက်ခဲပြီး အနှစ်သာရပြည့်ဝသည့်မြန်မာ့ရုပ်သေးအနုပညာကို ကမ္ဘာ့အလယ်တွင် ထာဝစဉ်တင့်တယ် ဂုဏ်ယူနိုင်ရန် အထူးထိန်းသိမ်းစောင့်ရှောက်သင့်ပေသည်။

**မမနိုင်**

# နှစ်ငါးရာပြည့်တောင်ငူမြို့ (ကေတုမတီ)

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့ကို ကေတုမတီနန်းမြို့အဖြစ် ၁၅၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် 'မင်းကြီးညို' က စတင်တည်ထောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် တောင်ငူမြို့သည် နှစ် ၅၀၀ တိုင်ပြည့်မြောက်လျက် ဆက်လက်တည်ရှိ စည်ပင်နေသော ဂုဏ်ထူးဆောင်မြို့အဖြစ် ဂုဏ်ယူဝင့်ကြွားဖွယ်ရာတွေ့မြင်ရပြီဖြစ်သည်။ ကေတုမတီ ခေါ် တောင်ငူမြို့တွင် ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် ဘုရင့်နောင်အပါအဝင် တပင်ရွှေထီးနှင့် နတ်သျှင်နောင်တို့လည်း စိုးစံခဲ့ပူးသည်ကို သမိုင်းတမျက်နှာတွင် အထင်အရှား တွေ့မြင်ရသည်။ ဤသို့လျှင် တောင်ငူမြို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေပြီး နိုင်ငံ့သမိုင်းတွင် အထင်ကရ သမိုင်းဝင်မြို့တစ်မြို့အဖြစ် မြန်မာနိုင်ငံ၏ မြေပုံကိုလည်း ပိုမိုလှပ၊ ပိုမိုအဓိပ္ပာယ်ရှိစေခဲ့ပြီဖြစ်သည်။**

---

၁၈ ရာစုမတိုင်မီက ရှေးဟောင်းမြန်မာနိုင်ငံ မင်းနေပြည်တော်များတည်နေပုံကို မြေပုံတွင်ချကြည့်ပါက ပျံ့နှံ့လျက်တည်ရှိနေသည်ကို တွေ့ရသည်။ ပင်လယ်၊ ဗိဿနိုး (တကောင်း)၊ ဟံလင်း၊ သရေခေတ္တရာစသည့်မြို့များသည် ပျူမြို့တော်များဖြစ်ကြသည်။ ပျူမင်းတို့သည် လုံခြုံရေးကိုဦးစားပေးပြီး တကောင်းမှလွဲ၍ အားလုံးသည် မြစ်နှင့်ဝေးသော အတွင်းပိုင်းနေရာများ၌ တည်ထောင်ထားသည်။ သရေခေတ္တရာသည် ဧရာဝတီမှ ဖမိုင်ကျော်အကွာတွင် တည်ရှိသည်။

ရခိုင်မင်းတို့လည်း လုံခြုံရေးဦးစားပေးသဖြင့် ပင်လယ်နှင့်ဝေးရာအတွင်းပိုင်းများတွင် မြို့တည်စိုးစံခဲ့ကြသည်။ သို့သော် မြစ်မကြီးမဟုတ်သည့်တိုင် ဆက်သွယ်နိုင်သောချောင်းအပေါ် အခြေခံထားခဲ့သည်။ ဓညဝတီသည် ကုလားတန်မြစ်မကြီးပေါ်တွင် မရှိသော်လည်း ချောင်းငယ်ဖြင့် ဆက်သွယ်ထားသည်။ လုံခြုံရေးကို အလွန်သတိထားသည်ဟု ဆိုနိုင်သည်။ ရခိုင်တွင် မြို့ပြယဉ်ကျေးမှုသည် ကျဉ်းမြောင်းသောကမ်းမြောင်ဒေသတွင် ထွန်းကားသဖြင့် ပထဝီသဘာဝအရ လုံခြုံမှုအတော်အတန်ရှိနေသော်လည်း ရန်သူများ အင်အားကြီးစွာဖြင့် ဝင်ရောက်လာလျှင် ယာယီဆုတ်ခွာပေးစရာမြေနေရာ မရှိချေ။ ထို့ကြောင့် ဗဒုံမင်းလာရောက်တိုက်ခိုက်သောအခါ ကျဆုံးခဲ့ရခြင်းဖြစ်သည်။

အောက်မြန်မာနိုင်ငံ ရာမညဒေသတွင်မူ မင်းနေပြည်တော်များသည် ပင်လယ်ဘက်မျက်နှာမူထားကြသည်။ ထင်ရှားခဲ့သော မင်းနေပြည်တော်မြို့များမှာ သထုံ၊ မုတ္တမနှင့် ဟံသာဝတီ (ဥဿာပဲခူး) တို့ဖြစ်ကြသည်။ ဟံသာဝတီသည် အထင်ရှားဆုံးနှင့် မြို့သက်မြို့ဆက်အကြာဆုံးဖြစ်၏။ ယင်းသည် ပင်လယ်နှင့် အတန်ငယ်ဝေးသော်လည်း ထိုခေတ်လှေသင်္ဘောငယ်များ ပင်လယ်ဘက်မှသည် ပဲခူးအထိ ဝင်ရောက်ဆိုက်ကပ်နိုင်ပေသည်။ ဒဂုံ၊ ဒလ၊ ပုသိမ်၊ မြောင်းမြစသည်မြို့များမှာ သမိုင်းတွင် ထင်ရှားခဲ့ကြသော်လည်း မင်းနေပြည်တော်များ ဖြစ်ခဲ့ခြင်းမရှိပေ။ မွန်မင်းတို့သည် ပထဝီဝင်အနေအထားကိုကြည့်၍ လုံခြုံရေးအပြင် ပြင်ပနှင့်ဆက်ဆံရေးကိုပါများစွာ စဉ်းစားခဲ့ကြသည်မှာ ထင်ရှားသည့်အချက်ဖြစ်သည်။

မြန်မာမင်းတို့ မြို့ပြနိုင်ငံထူထောင်လာခဲ့ကြသောအခါ ဧရာဝတီမြစ်ကို အမှီသဟဲပြုလာခဲ့ကြသည်။ ဗဟိုချက်ကျသောနေရာကိုရွေးချယ်ပြီး မြို့တော်များကို တည်ထားခဲ့ကြသဖြင့် ပျူတို့နှင့်ကွဲပြားသည်ဟုဆို



မြစည်းခုံဘုရားပြတိုက်မှ မင်းဝတ်ဘုရား

နိုင်သည်။ ပတ်ဝန်းကျင်ကို ထိန်းချုပ်ထားနိုင်သော ဆက်သွယ်ရေးနှင့် ပြည်တွင်းစီးပွားရေးကို ပိုမိုအလေးထားလာကြောင်း သိရှိနိုင်သည်။ ထို့ကြောင့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အဝ စသည့် မြန်မာမင်းနေပြည်တော်များ ဧရာဝတီမြစ်ကမ်းပေါ်တွင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မြန်မာတို့က ဧရာဝတီမြစ်ကြီးကို အသက်သွေးကြောပြု၍ မြို့တော်များတည်ဆောက်ခဲ့ကြသည်။ ရိက္ခာအတွက်မကြောင့်ကြစေရန် ဆည်ရေသောက် စိုက်ပျိုးနိုင်သောနေရာများကို သတိထားရွေးချယ်ခဲ့ကြသည်။

ထိုသို့သောမင်းနေပြည်တော်များ ပျံ့နှံ့တည်နေပုံတို့အလယ်တွင် တောင်ငူရှိနေခဲ့သည်။ အလယ်ဟုဆိုသော်လည်း ပုဂံ၊ အဝ၊ ပြည်၊ ဟံသာဝတီစသည်တို့က တောင်ငူကို ဝန်းရံနေသကဲ့သို့ရှိပြီး တောင်မြောက်၊ အထက်အောက် အရပ်အနေအထားဖြင့်သာ အလယ်ဗဟိုဟု ဆိုလိုခြင်းဖြစ်သည်။ တောင်ငူ၏ အရှေ့ဘက်ဒေသတွင် မြေပြန့်မရှိတော့သဖြင့် မင်းနေပြည်တော်လည်း မရှိခဲ့ဖူးချေ။ တောင်ပေါ်နေလူမျိုးစုတို့သာရှိသည်။

တောင်ငူမြို့သည် ဇာတိသားမြို့စားအကြီးအကဲက မင်းဖြစ်လာသောကြောင့် မင်းနေမြို့ဖြစ်လာခြင်း သဘောသာဖြစ်သည်။ အမြဲတမ်းမြို့တော်အဖြစ်မှုတောင်ငူစံမင်းတိုင်းက မစဉ်းစားခဲ့ကြချေ။ တောင်ငူ၏ အားနည်းချက်နှစ်ရပ်မှာ ပြည်ပနှင့်ဆက်ဆံနိုင်သော ပင်လယ်ကမ်းနှင့်ဝေးကွာခြင်း၊ ပြည်တွင်းဆက်သွယ်ရေးလမ်းကြောင်း ဧရာဝတီနှင့်ဝေးကွာခြင်းတို့ဖြစ်သည်။ ထို့ကြောင့်လည်း တပင်ရွှေထီး၊ ဘုရင့်နောင်၊ ညောင်ရမ်းမင်း၊ အနောက်ဘက်လွန်မင်းတို့ မင်းအဖြစ်သို့ရောက်လာကြသောအခါ တောင်ငူမှထွက်ခဲ့ကြ၍ ပဲခူးနှင့်အဝသို့ ရွှေ့ပြောင်းစံနေခဲ့ကြခြင်း ဖြစ်ပေသည်။

တောင်ငူသည် အဝနှင့်ခေတ်ပြိုင်ထွန်းကားလာခဲ့သည်။ မူလက အဝလက်အောက်ခံ မြို့စားနယ်စားနေရာမြို့အဆင့်ဖြင့်သာ ရပ်တည်ရှင်သန်ခဲ့ရသည်။ မင်းကြီးညိုမတိုင်မီကတည်းက မြို့ပြဖြစ်ထွန်းနေသော်လည်း ကောင်းစွာမကြီးပွားခဲ့သေးချေ။

တောင်ငူသည် ပုဂံခေတ်နှောင်းကာလ နိုင်ငံတော်စည်းလုံးမှု ပြိုကွဲစအချိန်တွင် ပေါ်ပေါက်လာခဲ့ကြောင်း တွေ့ရသည်။ စတင်တည်ထောင်ခဲ့သူများသည် သဝန်ကြီး၊ သဝန်ငယ်ညီနောင်တို့ဖြစ်သည်။ မြို့တည်နှစ်ကို သက္ကရာဇ် ၆၄၁ ခု ကဆုန်လဆန်း ၉ ရက် (၂၀ ဧပြီ ၁၂၇၉) နေ့ဟုဆိုသည်။ ထိုရက်စွဲဖြင့် တွက်စစ်လျှင် တောင်ငူသည် ယခုအခါ မြို့သက် ၇၃၁ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ တောင်ငူ၏အုပ်ချုပ်သမိုင်းမှာ စတင်တည်ထောင်ခဲ့သူသဝန်ကြီးကို ညီဖြစ်သူသဝန်ငယ်က သတ်၍ နန်းလုခဲ့သကဲ့သို့ နောက်ဆုံးမင်း နတ်သျှင်နောင်ကလည်း ဦးရီးတော်ငါးဆုဒါယကာကိုသတ်၍ နန်းလုခဲ့ခြင်းဖြစ်သည်။ နတ်သျှင်နောင်ကိုလည်း တိုင်းတစ်ပါးနယ်ချဲ့ သန်လျင်မြို့စားပေါ်တူဂီကုလား ဇေင်ကာက တိုက်ခိုက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အနောက်ဘက်လွန်မင်းက သန်လျင်ကို တိုက်ခိုက်သိမ်းပိုက်အောင်မြင်သောအခါ ဇေင်ကာကို နိယတမိစ္ဆာဒိဋ္ဌိဆို၍ မကောင်းသော သတ်ခြင်းဖြင့်သတ်ဖြတ်ခဲ့သည်။ နတ်ရှင်နောင်ကိုလည်း အမျိုးကိုသစ္စာ မစောင့်သူဟု သမုတ်ကာ သုတ်သင်ခဲ့သည်။ ထိုအချိန်မှစ၍ တောင်ငူသည် မင်းနေပြည်တော်အဖြစ်မှ နိဂုံးချုပ်သွားခဲ့ရသည်။ ထို့ကြောင့် တောင်ငူကိုတည်ထောင် ကြီးစိုးခဲ့ကြသော အကြီးအကဲများစာရင်းကိုလည်း မှတ်တမ်းရှိသည့်အတိုင်းဖော်ပြအပ်သည်။

တောင်ငူတွင်စိုးစံခဲ့ကြသော မင်းများနှင့် ပတ်သက်၍ သဝန်ကြီးမှဘုရင့်နောင်အထိ မင်းဆက် ၃၃ ပါးနှင့် မြို့သက်နှစ် ၂၇၀ ကျော်ရှိခဲ့သည်။ မင်းတစ်ပါးလျှင် နန်းစံသက်ပျမ်းမျှ ရှစ်နှစ်ကျော်သာစိုးစံနိုင်ခဲ့သည်။ ထိုအထဲတွင် တေစ်ပါးမင်းလေးပါး ပါရှိသည်ကိုလည်း တွေ့ရသည်။ နန်းလုသူ ခုနစ်ဦးရှိ၍ နန်းကျလုပ်ကြံခံရသောမင်းတို့ကလည်း ဆယ်ပါးရှိသည်။ နန္ဒဘုရင် (ငါးဆူ ဒါယကာ) လက်ထက်နောက်ပိုင်းနတ်ရှင်နောင်လက်ထက်တွင် တောင်ငူသည် မြို့တော်ပြန်ဖြစ်လာခဲ့သေးသော်လည်း သန်လျင်မှ ပေါ်တူဂီကုလားဇေင်ကာ လာရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့သဖြင့် တောင်ငူမြို့သက်လုံးဝချုပ်ငြိမ်းခဲ့ရသည်။

တောင်ငူအကြောင်း ပေါ်ရာဇာစကားအချို့ရှိသည်။ တစ်ကြိမ်က မိုးညှင်းမင်းတရားကြီး (၁၄၂၆–၁၄၃၉) သည် ပညာရှိအမတ်ကြီးရာဇသင်္ကြန်နှင့် ပြည်ရေးရွာမှုတိုင်ပင်သောအခါ အမတ်ကြီးက တောင်ငူ၊ တောင်တွင်း၊ ရမည်းသင်းတို့၏ စစ်ရေးမဟာဗျူဟာ အရေးပါပုံကို လျှောက်ထားခဲ့ဖူးသည်။ ထိုအချိန်က တောင်ငူမှာ အရေးပါအရာရောက်စ အချိန်ဖြစ်သည်။

တောင်ငူသည် အဝ–ဟံသာဝတီ အနှစ်၄၀ စစ်တွင်းမှ စတင်ထင်ရှားလာခဲ့သည်။ ထိုအချိန်က တောင်ငူသည် အဝ၏တောင်စွန်ကုန်းလမ်းက ခံတပ်ဖြစ်ခဲ့သည်။ နှစ်နိုင်ငံစစ်ကြောင်းများက ဧရာဝတီကို အားထားချီတက်တိုက်ခိုက်နေကြသောကြောင့် တောင်ငူသည် စစ်ရေးကင်းလွတ်နယ်ကဲ့သို့ ရပ်တည်နေနိုင်ခဲ့သည်။ ထို့ကြောင့်ယင်းသည် နှစ်နိုင်ငံစစ်ပန်းနေချိန်ကို စောင့်ကြည့်ကာ အင်အားတည်ဆောက်ခွင့်အတွက် အချိန်နှင့်အခြေအနေကောင်းကို ရရှိခဲ့သည်။ တစ်ဖက်ကလည်း စစ်ရှောင်စစ်ကွင်းနယ်မြေဖြစ်ခဲ့သဖြင့် စစ်ရေးမဟာဗျူဟာအရ အင်အားတောင့်တင်းလာခဲ့သည်။ စီးပွားရေးလည်း ဖြစ်ထွန်းလာခဲ့သည်။ အရေးအပါဆုံးမှာ စစ်နယ်မြေများမှ ရဟန်းပညာရှိ၊ လူပညာရှိများအပြင် စစ်မှုထမ်းကောင်းများ၊ လုပ်သားကောင်းများ ခိုဝင်လာခဲ့ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် တောင်ငူသမိုင်းကို မင်းကြီးညို (၁၄၈၆–၁၅၃၁) လက်ထက်က စရမည်ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေတို့အရ တောင်ငူသည် အခွင့်အခါကောင်းနှင့် ကြုံကြိုက်ခဲ့ရသည်။ ယင်းအခွင့်သာမှုကို အရယူလျက် မဖြစ်မနေ

**တောင်ငူတွင်စိုးစံခဲ့ကြသော မြို့စားများနှင့်မင်းများ**

| မင်း | နန်းသက်ကာလ | မှတ်ချက် |
|---|---|---|
| သဝန်ကြီး | ၆၄၀–၆၇၉ | စတင်တည်ထောင်သူ/ လုပ်ကြံခံရ |
| သဝန်ငယ် | ၆၇၉–၆၈၆ | နန်းလုသူ |
| စောနစ် ထောင်မှူး | ၆၈၆–၆၈၇ | အရာဆက်ခံ/ နတ်ရွာစံ |
| ကရင်ဘ | ၆၈၇–၇၀၄ | တေစ်ပါး/ နတ်ရွာစံ |
| လက်ယာစကြာ | ၇၀၄–၇၀၆ | ကရင်ဘသမက်/ လုပ်ကြံခံရ |
| ထောက်လှေကား | ၇၀၆–၇၀၈ | ကရင်ဘညီတော်/ နန်းလု/ အသတ်ခံရ |
| သိင်္ဂပါ | ၇၀၈–၇၂၉ | တေစ်ပါး/ ပင်းယကိုပုန်ကန် |
| ပျံချီကြီး | ၇၂၉–၇၃၇ | အရာဆက်ခံ/ ပြည်မင်းကသတ် |
| မြို့စောင့်မွန်မစိန် | ၇၃၇–၇၃၇ | တေစ်ပါး/ မြို့လုပ်စဉ်ဝင်နေ/ အသတ်ခံရ |
| ပျံချီငယ် | ၇၃၇–၇၄၁ | ပျံချီကြီးသား/ တောင်ငူမြန်သိမ်း/ အသတ်ခံရ |
| စုက္ကတေး | ၇၄၁–၇၄၅ | ပျံချီငယ်ယောက်ဖ/ နန်းလုတက်/ အသတ်ခံရ |
| မင်းဘောင်းကား | ၇၄၅–၇၅၉ | တေစ်ပါး/ နန်းလုသူ |
| မင်းစောဦး | ၇၅၉–၇၆၁ | အရာဆက်ခံ/ အရာမှကျ |
| မင်းနေမိ | ၇၆၁–၇၇၀ | အဝမင်းကြီးစွာကခန့် |
| လက်ယာကြီး (ခေါင်ညို) | ၇၇၀–၇၇၃ | အဝမင်းခေါင်ကြီးကခန့် |
| စကုသင်္ချယာ | ၇၇၃–၇၇၇ | အဝမင်းခေါင်ကြီးကခန့် |
| သားသင်္ချယာငယ် | ၇၇၇–၇၈၁ | အဝမင်းခေါင်ကြီးကခန့်၊ အသတ်ခံရ |
| ပန်းတောင်းမင်း | ၇၈၁–၇၈၂ | အဝမင်းခေါင်ကြီးကခန့်၊ အရာကကျ |
| စောလူးသင်္ချယာ | ၇၈၂–၇၉၇ | အဝမင်းခေါင်ကြီးကခန့် |
| သမက် ဥဇနာ | ၇၉၇–၇၉၈ | ရာဇာဓိရာဇ်သားဗညားရံကဖြုတ်ချ |
| မင်းစောဦး | ၇၉၈–၈၀၂ | ဗညားရံကတင်မြှောက်/ လုပ်ကြံခံရ |
| တာရဖျား | ၈၀၂–၈၀၇ | နန်းလုသူ/ တေစ်ပါး/ နှာ၍သေ |
| မင်းခေါင်ငယ် | ၈၀၇–၈၁၃ | အရာဆက်ခံ/ လုပ်ကြံခံရ |
| မင်းငယ်ကျော်ထင် | ၈၁၃–၈၂၁ | နန်းလုသူ/ လုပ်ကြံခံရ |
| မင်းသီရိဇေယျ သူရ | ၈၂၁–၈၂၈ | တောင်တွင်းမင်းကြီး |
| လက်ယာဇလ သကြိန် | ၈၂၈–၈၃၂ | မြေထဲစား။ ပုန်ကန်၍ဖြုတ် |
| စည်သူကျော်ထင် | ၈၃၂–၈၄၃ | အဝမင်းကခန့် |
| မင်းစည်သူ | ၈၄၃–၈၄၇ | အရာဆက်ခံ/ လုပ်ကြံခံရ |
| မဟာသီရိဇေယျ သီဟသူရ | ၈၄၇–၈၉၂ | နန်းလုသူမင်းကြီးညို |
| တပင်ရွှေထီး | ၈၉၂–၉၀၁ | အရာဆက်ခံ/ ဟံသာဝတီရွှေ့စံ |
| မင်းရဲသင်္ခသူ | ၉၀၁–၉၁၀ | ဘုရင့်နောင်ခမည်းတော် |
| မင်းခေါင် | ၉၁၀–၉၁၂ | ဘုရင့်နောင်ညီတော် |
| ဘုရင့်နောင် | ၉၁၂–၉၁၄ | နောက်ဟံသာဝတီရွှေ့စံ |



**လွန်ခဲ့သော ၁၂၅ နှစ်က တည်ထားသည့်စေတီတစ်ဆူ**

အကောင်အထည်ဖော်နိုင်စွမ်းသော ခေါင်းဆောင်ကောင်းမင်းကြီးညို ရှိနေခြင်းကလည်း "တိုင်းရက်သည့် ပက္ကလာ မိုးရွာသည်နှင့်အဆင်သင့်" ဖြစ်ခဲ့ရသည်။ မင်းကြီးညိုလက်ထက်တွင် တောင်ငူသည် **ကေတုမတီ** အမည်ဖြင့် ရာဇဌာနီမင်းနေပြည်တော် ဖြစ်လာခဲ့ပြီး သမိုင်းစာမျက်နှာသစ်ဖွင့်နိုင်ခဲ့သည်။

တောင်ငူမြို့စားတို့သည် တောင်ငူမြို့ကို တိုးချဲ့ခြင်း ပြန်လည်တည်ဆောက်ခြင်းတို့ကို အခွင့်သာတိုင်း ပြုလုပ်ခဲ့ကြသည်။ သက္ကရာဇ် ၈၃၈ ခု (အေဒီ ၁၄၇၆) တွင် မြို့စားစည်သူကျော်ထင်လက်ထက်၌ မြို့ကျဉ်းသဖြင့် တိုးချဲ့ခဲ့ဖူးသည်။

မင်းကြီးညိုလက်ထက်က တောင်ငူအနီးတွင် ဒွါရာဝတီမြို့သစ်ကို တည်ခဲ့ဖူးသည်။ သက္ကရာဇ် ၈၈၈ ခု (အေဒီ ၁၅၂၇) တွင် အဝပျက်သောအခါ တောင်ငူဘုရင်မင်းကြီးညိုသည် အဝတောင်ဘက်ဒေသများကို တိုက်ခိုက်သိမ်းပိုက်၍ အင်အားစုခဲ့သည်။ ထို့နောက် တောင်ငူကိုအမှီပြုလျက် တစ်နိုင်ငံလုံးစည်းရုံးနိုင်ရန် မြို့ကို သက္ကရာဇ် ၈၇၂ တန်ဆောင်မုန်းလပြည့် (၁၆ အောက်တိုဘာ ၁၅၁၀) အင်္ဂါနေ့ နံနက်အချိန်တွင် ကြာအင်းကို အတွင်းသွင်း၍ အရှေ့အနောက်တာ ၅၀၀ (၇၀၂၀ ပေ) တောင်မြောက်တာ ၇၀၀ (၉၂၅၆ ပေ) ဖွင့်၍ တည်ခဲ့သည်။ တံခါးပေါင်း ၂၀ ထားရှိသည်။ တံခါးတစ်ခုသည် ၁၂ တောင် (၁၈ ပေ) အကျယ်ရှိသည်။ ထိုတံခါးများမှာ အရှေ့မျက်နှာ (မြောက်မှ တောင်သို့) မာရ်အောင်တံခါး၊ ပန်းချီ၊ အောင်နန်း၊ တကောင်း၊ ကျောက်ရင်း၊ တောင်မျက်နှာ (အရှေ့မှ အနောက်သို့) ပုန်းညက်တံခါး၊ ကုလား၊ ကြာမှုံ၊ လင်းသက်၊ ကြေးနီ၊ အနောက်မျက်နှာ (တောင်မှ မြောက်သို့) သစ်ရင်းတံခါး၊ ပေါရိသာဒ်၊ စင်(ရှင်)၊ စစ်ရင်း၊ ကလေး၊ မြောက်မျက်နှာ (အနောက်မှ အရှေ့သို့) မြဝတီတံခါး၊ သရဖာ၊ မော်ကွန်း၊ ရန်အောင်မြင်၊ ကြက်မျှားတို့ဖြစ်သည်။ အားလုံးကို မိတ်ဘက်ဓာတ်ဘက်ယှဉ်၍ မှည့်ထားသောတံခါးအမည်များဖြစ်ကြသည်။ ထိုအထဲတွင် မြို့အမည်တံခါးများလည်းပါရှိသည်။

မြို့တော်ကြီးကို တည်ဆောက်သောအခါ လုပ်သားပေါင်းများစွာကိုလည်း အသုံးပြုခဲ့သည်။ တစ်တာကို လုပ်သား ၂၀ ဦးဖြင့် လုပ်ကိုင်ခဲ့ရသည်။ ထို့ကြောင့် အရှေ့မျက်နှာတွင်လုပ်ကိုင်သောလူပေါင်း ၁၀,၀၀၀၊ တောင်မျက်နှာတွင် လူပေါင်း ၁၄,၀၀၀၊ အနောက်မျက်နှာတွင် လူပေါင်း ၁၀,၀၀၀၊ မြောက်မျက်နှာတွင် လူပေါင်း ၁၄,၀၀၀၊ လေးမျက်နှာအတွက် လုပ်သားပေါင်း ၄၈,၀၀၀ ဖြင့်တည်ဆောက်ခဲ့သည်။ ရှေးကမရှိခဲ့သော မြို့ထောင့်စေတီတော်လေးဆူကိုလည်း ထည့်သွင်းတည်ထားခဲ့သည်။ အရှေ့မြောက်ထောင့်တွင် မာရ်အောင်ဘုရား၊ အရှေ့တောင်ထောင့်တွင်သာရမဏ္ဍာဘုရား၊ အနောက်တောင်ထောင့်တွင် မြသိန်းတန်ဘုရား၊ အနောက်မြောက်ထောင့်တွင် မဏ္ဍာသာရဘုရားတို့ ဖြစ်ကြသည်။

မြို့ရိုးပေါ်တွင် သူရဲခိုများလည်းပါရှိသည်။ တစ်တာတွင် သူရဲခို ၃ လုံးထားရှိသည်။ အရှေ့မျက်နှာတွင် သူရဲခိုပေါင်း ၁၅၀၀၊ တောင်မျက်နှာတွင် ၂၁၀၀၊ အနောက်မျက်နှာတွင် ၁၅၀၀ နှင့် မြောက်မျက်နှာတွင် ၂၁၀၀ ရှိသဖြင့် အားလုံးသူရဲခိုပေါင်း ၇၂၀၀ ရှိခဲ့သည်။ ပြအိုးများကမူ တစ်မျက်နှာလျှင် ၅ ပြရှိသဖြင့် ပတ်လည်ပြပေါင်း ၂၀ ရှိသည်။ မြို့ထောင့်ပြအိုးများ အပါအဝင် အစုစုပြအိုးပေါင်း ၂၄ ခုရှိသည်။

မြို့တွင်း၌ တစ်ပြလျှင် လမ်းမတစ်ခုကျ ဖောက်လုပ်ထားသောကြောင့် မြို့တွင်းတွင် လမ်းမကြီးများအရှေ့အနောက်၊ တောင်မြောက် ၅ လမ်းစီရှိသည်။ လမ်းတစ်သွယ်လျှင် တန်ဆောင်း ၅ ဆောင် ဆောက်လုပ်ထားသဖြင့် အားလုံးတန်ဆောင်း ၂၀၀ ပါရှိသည်။ ထန်းပင်များကိုလည်း မြို့ရိုးနှင့်ယှဉ်၍ စိုက်ပျိုးခဲ့သည်။

အရှေ့မျက်နှာ ၁၄၀၀ ပင်၊ တောင်မျက်နှာ ၁၉၆၀ ပင်၊ အနောက်မျက်နှာ ၁၄၀၀ ပင်၊ မြောက်မျက်နှာ ၁၉၆၀ ပင်၊ စုစုပေါင်း ၆၇၂၀ ပင် ရှိသည်။ ထို့ကြောင့် တောင်ငူကို ထန်းတောမြို့ (တာလပုရ) ဟူ၍ ခေါ်ရမည်ကဲ့သို့ဖြစ်ပေသည်။

တောင်ငူကို ကေတုမတီ ဟူ၍ သမုတ်ခဲ့သည်။ ကေတုမတီအမည်ကို အဘိဓာန်တွင် "ကေတု" သည် အလင်းရောင်၊ တံခွန်၊ အလံ၊ မှန်ကင်း အဓိပ္ပာယ်များ သက်ရောက်သည်။ "မတိ" ကမူ "သိမြင်ခြင်း"၊ "ဉာဏ်ပညာ" ဟုဆိုသည်။ "အသိပညာအရာတွင် တံခွန်မှန်ကင်းသဖွယ် အထွတ်အထိပ်က" ဟု ဆိုလို ဟန်ရှိသည်။ တောင်ငူ၏ သမိုင်းသည်လည်း ထိုအခါတွင်မှ ထိပ်တန်းသို့ တက်လှမ်းရောက်ရှိလာခဲ့သည်။ တောင်ငူခေါ် ကေတုမတီ အကြောင်းပြောလျှင် မင်းလေးပါးကိုလည်း ထည့်သွင်းပြောရပေမည်။ ထိုမင်းတို့ကား မဟာသီရိဇေယျသူရ (၁၄၈၆–၁၅၃၁)၊ မင်းတရားရွှေထီး (၁၅၃၁–၁၅၅၀)၊ ဘုရင့်နောင်ခေါ် ဟံသာဝတီဆင်ဖြူရှင် (၁၅၅၁–၁၅၈၁) နှင့် ရတုစာဆို နတ်သျှင်နောင် (၁၆၀၉–၁၆၁၂) တို့ဖြစ်သည်။ ထိုအထဲမှ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာသမိုင်းတွင် ဟံသာဝတီဆင်ဖြူရှင်ဟုအသိများ၍ အရှေ့တောင် အာရှတွင် ထိုအချိန်က ယှဉ်ပြိုင်ဘက်ကင်းသော မင်းတစ်ပါးဖြစ်ခဲ့သည်။

ထိုခေတ်ပြည်သူများအတွက် "စကြဝတေးမင်း" ဟုဆိုနိုင်လောက်သော မင်းတစ်ပါး ဖြစ်သည်။ စံတင်ဖွယ်ရာများစွာသော အရည်အသွေးတို့ဖြင့် ပြည့်စုံသည့် မင်းတစ်ပါးလည်းဖြစ်သည်။ ထိုမင်းသည် စစ်တိုက်သောအခါ နိုင်ခဲ့သည်ချည်းဖြစ်သည်။

သို့သော် လက်အောက်ခံမင်းတို့ကလည်း ၄င်းတိုက်ထားခဲ့သော သစ္စာရေကိုအန်ထုတ်၍ ပြန်လည်ပုန်ကန်တော်လှန်ခဲ့ကြသည်။ ပြန်လည် ပုန်ကန်သဖြင့် တိုက်ခိုက်သိမ်းပိုက်ခြင်း၊ ပုန်ကန်ခြင်းတို့သည် သံသရာလည်လျက်ရှိနေခဲ့သည်။ ပဒေသရာဇ်ခေတ်က သစ္စာရေဟူသည်မှာ "ဘွာခတ်လျှင်ပျက်စမြဲ" သစ္စာရေမျိုးကဲ့သို့ ဖြစ်ပေသည်။

ပုဂံခေတ်ကျောက်စာများအရ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးနယ်မြေ အပိုင်းအခြားများအဖြစ် "ပြည်၊ တိုင်း၊ ခရိုင်၊ တိုက်၊ ရွာ၊ ရပ်၊ ခွင်" ဟူ၍သာ တွေ့ရသည်။ ထို့ထက်ကျယ်ပြန့်သော အုပ်ချုပ်ရေး နယ်နိမိတ် ခွဲခြားခဲ့သည်မျိုးကိုမူ မတွေ့ရှိရဖူးချေ။ သို့သော် ပုဂံပျက်ကာနီးကာလတွင် "တံပြဒိတ်ပြည်" ဟု ပုဂံကို ရည်ညွှန်းသည့် အထောက်အထားကို ရှင်ဒိသာပြာမုက်ကျောက်စာတွင် တွေ့ရသည်။ ပုဂံခေတ် လွန်သောအခါ ဧရာဝတီမြစ်၏ လက်ဝဲဘက်ကို တမ္ဗဒီပတိုင်း၊ ဧရာဝတီမြစ်၏ လက်ယာဘက်ကို သုနာပရန္တတိုင်းဟူ၍ ဖော်ပြလာခဲ့ကြသည်။ နောက်ပိုင်း မွန်တို့ဒေသကို ရာမညတိုင်းဟူ၍ ခေါ်ခဲ့ကြသဖြင့် ပုဂံလွန်ခေတ်တွင် အဦးအစ ထိုတိုင်းကြီး သုံးတိုင်းသာ တည်ရှိနေခဲ့ကြောင်း ဆိုနိုင်သည်။



အုတ်ချပ်တွင်ဒေါင်လိုက်ခတ်နှိပ်ထားသောဘုရား

၁၅ ရာစု သက္ကရာဇ် ၈၀၄ ခု ကဆုန်လဆုတ် ၁၁ရက် (၂၀ ဧပြီ ၁၄၄၂) သောကြာနေ့တွင် ရေးထိုးခဲ့သော ထူပါရုံဘုရားကျောက်စာတွင် တိုင်းကြီးခုနစ်တိုင်း ခွဲခြားခဲ့ပုံကို စတင်တွေ့ရှိရသည်။ ကျောက်စာ၌ ဖော်ပြခဲ့သောတိုင်းတို့မှာဇေယန္တဒိသာပဌတိုင်း–အရှေ့မြောက်တိုင်း (စိန့်၊ သင်းတွဲတည်ရာဒေသ)၊ ပါဓိနဒိသာပဌတိုင်း–အရှေ့တောင်တိုင်း (သံလွင်မြစ် အနောက်ဘက်ဒေသ)၊ အဂ္ဂိနေယျဒိသာပဌတိုင်း–အရှေ့တောင်တိုင်း (သံလွင်



တောင်ငူခေတ်လေးမျှားနှင့်လေးသည်တော်များစဉ့်ရုပ်ကြွ

အရှေ့ဘက်ဒေသ)၊ တက္ကိဏာပဌတိုင်း–တောင်ပိုင်းတိုင်း (ဥဿာပဲခူး၊ တနင်္သာရီဒေသ)၊ နီရတိယာပဌတိုင်း–အနောက်တောင်ပိုင်း (ပုသိမ်မြောင်းမြဒေသ)၊ ပါယပ္ပဒိသာ ပဌတိုင်း–အနောက်မြောက်တိုင်း (ကန်တူငနားကြီးရေပေါမိ:)၊ ဥတရာပဌတိုင်း–မြောက်ပိုင်းတိုင်း (မိုးညှင်း ကလေးဒေသ) တို့ဖြစ်သည်။ အဝကိုဗဟိုပြု၍ အရပ်မျက်နှာဖြင့် နေရာဒေသကို ပိုင်းခြားခြင်းဖြစ်သည်။ မြို့တစ်မြို့ကို ဗဟိုပြုခွဲခြားခြင်း မဟုတ်ချေ။ ထိုအထဲတွင် တောင်ငူဗဟိုပြုသည်မျိုး မပါဝင်သေးပေ။ ဤသည်မှာတောင်ငူသည် အရေးမပါသေးဟုဆိုလိုသည်။

ဘုရင့်နောင်လက်ထက်ရောက်သောအခါ မြန်မာနိုင်ငံတော်ကြီးသည် အထူးကျယ်ပြန့်လာခဲ့သည်။ သို့ဖြင့် မဇ္ဈိမဒေသမှာကဲ့သို့ တိုင်းများခွဲခြားလာခဲ့သည်ကို တွေ့ရှိရသည်။ သို့သော်မျက်မှောက်ခေတ်လူအများနားလည်နေသကဲ့သို့ အုပ်ချုပ်ရေးတိုင်းဟူ၍ ခေါ်ဆိုရန်ကားခက်ခဲသည်။ အကြောင်းမှာ တိုင်းတို့ကို တာဝန်ခံယူရသည်မျိုးဖော်ပြပါတိုင်း အားလုံးတွင် မတွေ့ရသောကြောင့် ဖြစ်သည်။

ဤတွင် တောင်ငူ ဗဟိုပြုနယ်ကို ဇေယျဝမနတိုင်းဟု သတ်မှတ်ခေါ်ဆိုလာခဲ့သည်။ တောင်ငူ အရေးပါလာပြီဟုဆိုလိုသည်။ ထို့ထက်စော၍ ဇေယျဝမနတိုင်းကို ရှာမတွေ့ရသေးချေ။ ထို့ကြောင့် ဘုရင့်နောင်မင်းတရားကြီးမတိုင်မီက တောင်ငူ (ကေတုမတီ) ကို ဇေယျဝမနတိုင်းဟု သုံးပါလျှင် ရှေ့နောက်သမိုင်းရက်စဉ်မညီ (anachronism) ဖြစ်သည်။ တောင်ငူကိုဗဟိုပြု၍ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့သည် အလွန်ကျယ်ပြန့်သော လက်နက်နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့သည်။ ထို့ကြောင့် အလျဉ်းသင့်၍ဆိုရလျှင် "မတီ ကေတု၊ တိုင်းဇေယျာက သမ္မုတိမှန်၊ ကေသာနံသည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း ဥကင်မြင့်ဘောင်၊ ရန့်လှောင်ခဲ့" ဟူသော "ရှင်ဥတ္တမကျော် တောလား" သည် အင်းဝခေတ်ဟုဆိုခဲ့ကြရာခေတ်ကာလများနေသည်ကိုတွေ့ရမည်ဖြစ်သည်။

အထောက်အထားဖြင့် အတိအကျဆိုရလျှင် ဇေယျဝမနတိုင်းအသုံးကို သာလွန်မင်းလက်ထက်တွင်မှ စာပေမှတ်တမ်းဖြင့် စတင်တွေ့ရှိလာခဲ့သည်။ သာလွန်မင်းလက်ထက် သက္ကရာဇ် ၉၉၉ တပေါင်းလဆန်း ၁ (၂ ဖေဖော်ဝါရီ ၁၆၃၈) ရက်စွဲပါ စာတမ်းတွင်မှ ထိုမင်းလက်ထက် တိုင်းကြီးရှစ်တိုင်း ခွဲခြားထားခဲ့သည်။

ဇမ္ဗူဒိပါကျွန်းအလယ်ချက်မ မဏ္ဍလရောက်ရာ မဟာဗောဓိဝန်းကျင် သောဠသတိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း၊ တိုင်းကြီးတစ်ဆယ့်ကိုးတိုင်း၊ တိုင်းကြီးရှစ်တိုင်း ကျိုင်းကိုးကျိုင်း မိုင်းကိုးမိုင်းထားကိုးထား အလံဦးကင်းဖျား အစောင့်အနေ ဒေသနဂရဂါမများကို ခန့်ထားဖွဲ့ဖက်သည့်အတိုင်း တိုင်းကြီးရှစ်တိုင်းကား ဤသို့တည်း။

ဧရာဝတီမြစ် အနောက်ဘက်မြောက်ဘက်သည် သုနာပရန္တတိုင်း၊ ဧရာဝတီမြစ် အရှေ့ဘက်တောင်ဘက်သည် တမ္ဗဒီပတိုင်း၊ သရေခေတ္တရာသည် သီရိခေတ္တရာမတိုင်း၊ ကေတုမတီ တောင်ငူသည် ဇေယျဝမနတိုင်း၊ ကုသိန်ဥပါယ်ခိုးမုတ္တမသည် ရာမညတိုင်း၊ ရွှေမြေရှိရာ အရပ် ရှမ်း ၅၇ မြို့သည် သုဝဏ္ဏဘုမ္မိတိုင်း၊ မိုးနဲညောင်ရွှေသည် ကမ္ဘောဇတိုင်းနှင့် မိုးမိတ်ဇန်းမော်သည် စိန့်တိုင်းဟူ၍ဖြစ်သည်။ ဤတွင် ဇေယျဝမနတိုင်းအဝင်အပါတိုင်း ၈ တိုင်းကို ဖော်ပြခဲ့သည်။

ထို့ကြောင့် သာလွန်မင်းတရားကြီးလက်ထက်တွင် ဇေယျဝမနတိုင်းကို မှတ်တမ်းအခိုင်အမာတွေ့ရှိရသည်။ ထို့ထက်စော၍ မတွေ့မိသေးပေ။ သက္ကရာဇ် ၁၀၁၁ ခု ကဆုန်လဆန်း ၈ (၈ ဧပြီ ၁၆၄၉)တနင်္ဂနွေနေ့ထိုးစစ်ကိုင်းရာဇမဏိစူဠာ (ကောင်းမှုတော်) ကျောက်စာတွင်

## နှစ်ငါးရာပြည့်တောင်ငူမြို့ (ကေတုမတီ)



မြစည်းရုံဘုရား

ဟိုင်းဆယ်တိုင်း ဖော်ပြလာခဲ့ပြန်သည်။ ဘုရင့်နောင်နတ်ရွာစံပြီး အနှစ် ၇၀ နီးပါးကြာမှ တွေ့ရှိရခြင်းဖြစ်သည်။ သာလွန်မင်းသည် ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး၏ မြေးတော်ဖြစ်သည်။ ထိုကျောက်စာ၌တွေ့ရှိရသော တိုင်းဆယ်တိုင်းမှာ (အက္ခရာစဥ်လျက်)၊ ကမ္ဘောဇတိုင်း (သီပေါ၊ မိုးနဲ၊ ညောင်ရွှေ စသည်)၊ ခေမာဝရတိုင်း (ကျိုင်းတုံစသည်)၊ စိန့် (ဇိန့်) တိုင်း (ဗန်းမော်၊ ခွေးလုံ၊ စန္ဒားစသည်)၊ ဇယျဝဓနတိုင်း (ကေတုမတီ၊ ဇယျဝတီစသည်)၊ တမ္ပဒီပတိုင်း (ပုဂံ၊ ပင်းယ၊ အဝ၊ မြင်းစိုင်းစသည်)၊ မဟာနဂရတိုင်း (ကျိုင်းရုံး၊ မိုင်းစော္ စသည်)၊ ရာမညတိုင်း (ဟံသာ ဝတီ၊ ဒဂုံ၊ ဒလ စသည်)၊ သီရိခေတ္တရာတိုင်း (သရေ ခေတ္တရာ၊ ပန်းတောင်း စသည်)၊ သုနာပရန္တတိုင်း (စကု–စလင်းမှသည် ကလေး–သောင်သွတ်ထိ) နှင့် ဟရိဘုဥ္စတိုင်း (ဇင်းမယ်၊ ကျိုင်းသေည်စသည်) ဟူ၍ ဆယ်တိုင်းဖော်ပြထားခဲ့သည်။ ခေမာဝရတိုင်းနှင့် မဟာနဂရတိုင်း နှစ်တိုင်းပိုလာခဲ့သည်။

ဘုရင်မဟာသီရိဇေယျသူရက ကေတုမတီပြည်ကြီးတည်တော်မူခဲ့၍ မင်းနိုင်ငံတစ်ခု၏ ရာဇဌာနီအဖြစ် သတ်မှတ်လုပ်ဆောင်လာသောအခါ နယ်နိမိတ်ကို ပိုင်းခြားမှတ်တမ်းတင် ထားရှိလာခဲ့သည်။ ထိုမှတ်တမ်းကို မည်သည့်အချိန်က မည်သည့်ပုဂ္ဂိုလ်ပြုစုခဲ့ကြောင်းမှန်းဆရပြီး တွေ့ရှိရသမျှစစ်တမ်းတို့တွင် အစောဆုံးတစ်ခု အပါအဝင်ဖြစ်ကြောင်းလည်း မှတ်ယူနိုင်သည်။ ညောင်ရမ်းမင်းတရားကြီးနှင့် သာလွန်မင်းတို့လက်ထက်စစ်တမ်းများနှင့် နှိုင်းယှဉ်လေ့လာကြည့်လျှင် ခေတ်ပြိုင် ဖြစ်နိုင်စရာရှိသည်။

ဖော်ပြပါမှတ်တမ်းသည် သမိုင်းတန်ဖိုးအလွန်ကြီးသည်။ သို့သော်မူရင်းကိုမတွေ့မြင်ဖူးသဖြင့် တိုက်ဆိုင်စစ်ဆေးရခြင်း မပြုနိုင်ကြောင်း ကြိုတင်ဝန်ခံထားလိုသည်။ အချို့ကို တည်းဖြတ်သူကပြင်ဆင်လိုက်ဟန် ရှိသည်များကိုလည်း တွေ့ရှိရသည်။ ကုန်းဘောင်ခေတ်စစ်တမ်းများဖြင့် ယှဉ်၍ကြည့်လျှင် ယင်းသည် အစောဆုံးစစ်တမ်းတစ်စောင်ဟုဆိုနိုင်သည်။ ရက်စွဲမပါခြင်း၊ စစ်တမ်းခံပုဂ္ဂိုလ်မပါခြင်းတို့ကြောင့် သမိုင်းတန်ဖိုးလျော့သည်ဟူ၍ကား ဆိုနိုင်သည်။ သို့သော် အဦးအစဖြစ်သောကြောင့် ရက်စွဲမပါဟုလည်း ဆိုနိုင်သည်။ ထိုသမိုင်းမှတ်တမ်းသည် တောင်ငူဆိုင်ရာသမိုင်းအချက်အလက်သစ်များစွာကို ပေးနိုင်ခဲ့သည်။

တောင်ငူသည် အရှေ့မြောက်တွင် မိုးဗြဲနယ်။ အရှေ့ကို မိုးဗြဲနယ်၊ အရှေ့တောင်ကို ဇင်းမယ်နယ်၊ ယွန်းစလင်းနယ်၊ တောင်ကို ဟံသာဝတီမြေ၊ အနောက်တောင်ကို သာယာဝတီနယ်၊ အနောက်ကို ပြည်မြို့၊ မြေထဲနယ်၊ အနောက်မြောက်ကို တောင်တွင်း၊ ပင်း၊ မြောက်ကို ရန်အောင်မြို့သစ်၊ ရမည်းသင်းနှင့် အရှေ့မြောက်ကို တီကျစ်မြေတို့နှင့် ကျောခိုင်းနံစပ်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အလွန်ကျယ်ဝန်းပေသည်။ အကွာအဝေးတို့ကို တာဖြင့်ပြထားသည်။ တာ ၁၀၀၀၀ သည် မြန်မာ ၁၀ တိုင်၊ အင်္ဂလိပ်မိုင် ၂၀ နှင့် အကြမ်းဖျဉ်းညီမျှပေသည်။ ကျေးရွာစာရင်းများ၊ အမှုထမ်းဖွဲ့စည်းချထားသည်များပါသဖြင့် သမိုင်းအချက်အလက်သစ်များစွာကို လေ့လာခွင့်ရရှိပေသည်။ တောင်ငူသမိုင်းအတွက် အရေးပါသောအထောက်အထားပင်ဖြစ်သည်။

တောင်ငူသည် ရာဇဌာနီမင်းနေပြည်တော်ဘဝမှ ရွှေ့လျားလာသောအခါ မြို့၊ တိုင်းနယ်နိမိတ်သည် ကျဉ်းမြောင်း၍လာခဲ့သည်။ သာလွန်မင်းလက်ထက်တော်စာတမ်းတစ်စောင်က တောင်ငူနယ်အကျယ်ကို အောက်ပါအတိုင်းဖော်ပြထားသည်။

အရှေ့ကိုလားသော် ပေါင်းလောင်းအရှေ့မိုးပြဲမြေစပ်၊ တောင်ကိုလားသော် ဘိသုံးလုံးမြို့၊ အနောက်ကိုလားသော် ကုန်းခေါင်ရိုးမ၊ မြောက်ကိုလားသော် တောင်တွင်း၊ ရမည်းသင်းမြေနှင့် ကျောခိုင်းဖြစ်သည်။ ယင်းအကျယ်အဝန်းသည် စစ်တမ်းကောက်ခံချိန်က

ဇေယျဝဓနတိုင်း ကေတုမတီ တောင်ငူမြို့နယ်၏ အကျယ်အဝန်းပင်ဖြစ်သည်။ တောင်ငူကို ဘုရင်ခံထားအုပ်ချုပ်သောအခါ ထိုနယ်နိမိတ်အတိုင်း အုပ်ချုပ်ရသည်ဟုဆိုနိုင်သည်။ ထို့ထက်လည်း ကျဉ်းကောင်းကျဉ်းနိုင်သည်။

ပထဝီအနေအထားအရ တောင်ငူသည် ကုန်းတွင်းပိုင်းဒေသတွင်တည်ရှိသည်။ စစ်တောင်းမြစ်အနီးတွင်ရှိသော်လည်း ဧရာဝတီကဲ့သို့ သွားလာရေး ကုန်ကူးသန်းရေးအချက်အချာမကျချေ။ ပတ်ဝန်းကျင်သည် ပြန့်ပြူးသောမြေမျက်နှာပြင်ရှိခြင်း၊ မိုးကောင်းစွာရရှိခြင်းတို့ကြောင့် ဆန်စပါးစိုက်ပျိုးရေးကောင်းသော ဒေသဖြစ်သည်။

နွားလှည်း၊ မြင်းတို့ကို အသုံးပြုလျက် ကုန်းတွင်းသွားလာရေးတွင် ဒဂုံ၊ ပဲခူး၊ မုတ္တမဒေသတို့နှင့် အထက်က မင်းနေပြည်တော်အဝတို့ဗဟိုတွင် အရေးပါသောကြားစခန်းဖြစ်သည်။ အထက်အောက်မြန်မာနိုင်ငံ၏ဝင်ပေါက်၊ ထွက်ပေါက်တံခါးဝလည်းဖြစ်ပေသည်။ ထို့ကြောင့် အထက်အောက်မြန်မာနိုင်ငံ အင်အားလွန်ပွဲဆွဲကြရသောအခါ တောင်ငူကိုသိမ်းပိုက်ထားနိုင်သူက အင်အားချိန်ခွင်လျှာသာသည်ကိုတွေ့ရသည်။

တောင်ငူသည် အရှေ့ဘက်တွင် ကရင်ဒေသ၊ ရှမ်းကုန်းပြင်မြင့်ဒေသများနှင့်လည်း ကုန်းကြောင်းအဆက်အသွယ်ရှိပေသည်။ ရှမ်းပြည်နယ်များမှ ဆင်းလာသော ရှမ်းကုန်သည်များ တစ်ထောက်နားရာလည်းဖြစ်သဖြင့် ကုန်သွယ်မှုလမ်းကြောင်းဆုံရာဟုလည်း ဆိုနိုင်သည်။ အထက်သို့လည်း တောင်တွင်းကြီးသို့ဖြစ်စေ၊ နေပြည်တော်အဝသို့ဖြစ်စေ သွားလာနိုင်သော ခရီးလမ်းဆုံလည်းဖြစ်သည်။ ထို့ကြောင့် ဒေသအတွင်းတွင် နိုင်ငံရေးအချက်အချာသာမက ကုန်သွယ်ရေးအချက်အချာဟူ၍လည်းဆိုနိုင်သည်။

ထို့ပြင် တောင်ငူသည် ငွေထွက်ရာဒေသလည်းဖြစ်ပေသည်။ ဒေသအလိုက် ဆက်ရိုးအခွန်တော်တို့တွင် တောင်ငူသည် ငွေခွန်တော်ဆက်နယ်ဟု တွေ့ရပေသည်။ ညောင်ရမ်းခေတ် အေဒီ ၁၇၂၄ စစ်တမ်းတစ်ခုအရ တောင်ငူက ငွေခွန်တော်ဆက်ရပုံကို ဤသို့တွေ့ရှိရသည်။

"သက္ကရာဇ် ၁၀၈၆ ခု သီရိပဝရ မဟာဓမ္မရာဇာဓိပတိ မှန်နန်းရှင်မင်းတရားကြီးလက်ထက် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (ဗုဒ္ဓဟူး) (၂၈ အောက်တိုဘာ ၁၇၂၄) နေ့တွင် တောင်ငူမြို့ မင်္ဂလာငွေခွန်တော်ကို အခွန်ဝန်ရာဇပုညာ၊ စာရေးသီရိဇေယျတို့က ကရင်မျိုး ၁၂ သွေးသောက်ခန့်၍ အခွန်တော်ကို ဆက်သွင်းရသည်ကာလ ကရင်မှူး ဟံဇကျော်၊ နံ့ကြသပတေးအသက် ၆၆ သူ၊ ကရင်မှူး ဟံကမ်ပိုက်၊ နံစနေ အသက် ၇၅ သူတို့ကို နယ်သေပယ်သေ ဦးရေစာရင်းအတိုင်း ထမ်းရသည်။ ရွှေနန်းရိုး မင်္ဂလာငွေခွန်တော်ကို အခွန်ဝန်စာရေး အဆက်ဆက်တို့က သိမ်းခံဆက်သည်ကာလ အကဲအပို ဝန်စာရေးစားကျပြင် တနှစ်ကို ၁၆ အခွန်မ ၂၀ ပန်း သစ်သီး တောစိမ်း မြက်မည်းခုတ်လုပ် တီထွင်သမျှ အစွတ်အခြောက်အဘို့တော် ငွေခွန်တော်သားငရှမ်းလုံ ငရှမ်းသည်တို့ကိုခန့်၍ ဆက်စေသည်။ ပယ်သေဦးရေစာရင်း ၁၀၀၀ အခွန်ဝင် ၇၅၀ ဆက်သွင်းရိုး၊ ကရင် ၁၂ သွေးသောက် ၎င်းခေါင်းတို့မှာခံ၍ တောင်ငူ ရွှေနန်းရိုး မင်္ဂလာအခွန်တော်ကို ဆက်ရပါသည်။" (ဥဆောင်းကျမ်း ၁၄၄)

တောင်ငူသည် ပထဝီအနေအထားအရ အထက်အောက်မြန်မာနိုင်ငံ၏ အချက်အချာဒေသတွင်တည်ရှိခြင်း၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းဆောင်တာ ကောင်းမွန်ခြင်း၊ သစ်တောဝါးတောပေါများခြင်း၊ ငွေထွက်ခြင်းတို့ကြောင့် သဘာဝသယံဇာတ ပေါကြွယ်ဝသည်ကိုတွေ့ရသည်။ ထို့ကြောင့် လူအင်အားများစွာကို ကောင်းစွာကျွေးမွေးနိုင်သောကြောင့် တောင်ငူအရေးပါလာခဲ့ခြင်းလည်း ဖြစ်သည်။

အဝကို ရှမ်းတို့တိုက်သဖြင့် ပျက်သောအခါ မှူးမတ်ဗိုလ်ပါအများသည် တောင်ငူသို့ပြေးဝင်ခိုလှုံခဲ့ကြသည်။ မိုးညှင်းစလုံသား သိုဟန်ဘွားစိုးစံသောအခါ ရဟန်းများကို သတ်သဖြင့်လည်း ရဟန်းပညာရှင်အများ တောင်ငူသို့ ရောက်ရှိရပြန်သည်။ ထိုအကြောင်းကို မုံရွေးဆရာတော်က စေတီယကထာတွင် ဤသို့ဖော်ပြထားခဲ့သည်။

**"သက္ကရာဇ် (၈၈၈) ခုတွင် မိုးညှင်းစလုံကြီးသားသိုဟန်ဘွားနန်းတက်၏။ ရတနာသုံးပါးတို့ ကိုမရိုမသေ၊ ငရဲဟူ၍လည်းမသိ၊ စေတီပုထိုးများကိုလည်း မြန်မာတို့သည် ဥစ္စာရွှေငွေထားသည်**

**သာ။ တူးဖြို ဖျက်ဆီးပြီးလျှင် ဌာပနာသော ရုပ်တု၊ ဆင်းတု၊ ရွှေငွေတို့ကိုယူကြသည်။**

**ရှမ်းအပေါင်းတို့လည်း သည်ကဲ့သို့ပင် ဖျက်ဆီး၍ ရွှေငွေဥစ္စာတို့ကိုယူလေ၏။ အရိယာ သံဃာတို့လည်း သားမယားမရှိဘဲလျက် တပည့် တပန်းများစွာထား၍ ခြေရံဆည်းပူးကြသည်။ ပုန်ကန်သောင်းကျန်းသော်လည်း သောင်းကျန်း ပုန်ကန်နိုင်ဖွယ်ရှိသည့် ရဟန်းတို့ကိုဖမ်း၍ သတ်မည် ကြံပြီးလျှင် အဝတောင်ပလူ အရပ်၌ မဏ္ဍပ်ကနား ကြီးစွာဆောက်၍ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ဘဲငန်း တို့ကို များစွာသတ်ပြီးလျှင် ဆွမ်းလုပ်ကျွေးမည့် ဟန်ရဟန်းတို့ကို တပည့်သံဃာနှင့်တကွ ပင့်၍ နေစေ ပြီးသော် ဆင်မြင်းဗိုလ်ပါဝန်းရံ၍ သေနတ်မီးပေါက် များကိုပစ်ပြီး ဓားလှံကိုင်ကာ ရှမ်းတို့သတ်လေ၏။ အချို့သောရဟန်းတို့ကို ရှမ်းတို့ကသနား၍ လွှတ်လျှင် ပြည်မြို့တောင်ငူမြို့သို့ သွားကြ၏** ဟူ၍ ဖော်ပြထား သည်။ ရဟန်းတော်တို့သာမက မှူးမတ်များ၊ သူဌေး သူကြွယ်များ၊ စာပေပညာရှင်များ၊ သူရဲသူခက်များလည်း တောင်ငူသို့ ပြေးဝင်လာခဲ့ကြသူများတွင် ပါဝင်ကြသည်။ သို့ဖြင့် တောင်ငူသည် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာခဲ့သဖြင့် ခေါင်းဆောင်မှုကောင်းနှင့် ကြုံဆုံရ သောအခါ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတော့သည်။

နောက်လိုက်နောက်ပါအများဖြင့် ပြေးဝင်ခိုလှုံ ခဲ့ကြသူများလည်း ရှိခဲ့သည်။ ယင်းတို့တွင် ပင်းယမင်း၊ အင်ခန်းမင်း၊ မြစ်သားမင်း၊ လှိုင်းတက်မင်းတို့ပါဝင်ခဲ့ကြ သည်။ ၎င်းတို့သည် မိမိတို့အုပ်ချုပ်ရာ မြို့သူရွာသား များနှင့်တကွ ပြေးဝင်လာခဲ့ကြခြင်းဖြစ်သည်။ (မှန်နန်း၊ ၃၊၁၈၁)။ ရဟန်းတော်များထဲမှလည်း ထင်ရှားသော ပုဂ္ဂိုလ်ဆရာတော်များ ပါဝင်ခဲ့ကြသည်။ ထိုဆရာတော် တို့မှာ ရှင်သဒ္ဓမ္မကိတ္တိ၊ ရှင်မဟာသုတော်ကြီး၊ ရှင်ဥတ္တမ ကျော်...စသည့် ဆရာတော်များပင်ဖြစ်ကြသည်။

တောင်ငူသည် မင်းကြီးညို (မဟာသီရိ ဇေယျ သူရ) လက်ထက်မှစ၍ အစွမ်းအစပြလာခဲ့သည်။ အဝမင်းနိုင်ငံ၊ ဟံသာဝတီမင်းနိုင်ငံတို့သည် အနှစ် လေးဆယ်မျှ အကျိုးမရှိသောစစ်များကို ဆင်နွှဲနေခဲ့ ကြသဖြင့် ဘဏ္ဍာငွေကြေးများကုန်ကျပြီး လူ့အသက်များ များစွာသေကျေပြီးလျှင် နှစ်နိုင်ငံပြည်သူတို့သည် လယ်ယာ အရောင်းအဝယ်လုပ်ငန်းတို့ကို ကောင်းစွာမလုပ်ကိုင်နိုင်ခဲ့ ကြသဖြင့် လုံးပါးပါးလာခဲ့ရသည်။

နိုင်ငံရေးတည်ငြိမ်မှုမရှိသဖြင့်လည်း လုံခြုံမည့် နေရာများသို့ ပြည်သူတို့ ပြေးဝင်ခိုလှုံခဲ့ကြသည်။ ရွှေနန်း ကြော့ရှင်နရပတိကို ရွှေနော်ရထာကျွန်က လုပ်ကြံရာ မအောင်မြင်သဖြင့် သက်ဆိုင်သူ မဟာသီဟသူရ ကျွန်တော် ရှင်ထွေးနားသိန်၊ ပင်းတလဲစား၊ မင်းတရားကျွန်သီးမှူး၊ လေးမှူးရဲမြတ်လှတို့သည် နောက်ပါ ၈၀၀ ကျော်ဖြင့် တောင်ငူသို့ ပြေးဝင်ခိုလှုံလာခဲ့ကြသည်။

ထိုအချိန်တွင် မိုးညှင်းမိုးကောင်းဗဟိုပြု မိုးညှင်းစလုံသား သိုဟန်ဘွားသည်လည်းကောင်း၊ တောင်ငူမှ မင်းကြီးညို (မဟာသီရိ ဇေယျသူရ) သည် လည်းကောင်း ရွက်ပုန်းသီးပမာ အင်အားတောင့်တင်း လာခဲ့ကြသည်။ ထို့ကြောင့် အဝကိုမိုးညှင်းသိုဟန်ဘွား က သိမ်းပိုက်နိုင်ခဲ့သကဲ့သို့ ဟံသာဝတီကိုလည်း တပင် ရွှေထီးက သိမ်းပိုက်နိုင်ခဲ့သည်။

မင်းကြီးညိုသည် တောင်ငူအနီး ပုပ္ပဲချောင်းနား၌ မြဝတီကိုလည်းကောင်း၊ ၈၅၃ ခု နတ်တော်လဆန်း ၁၂ (၁၂ နိုဝင်ဘာ ၁၅၉၂) သောကြာနေ့တွင် ဒွါရာဝတီ မြို့ကိုလည်းကောင်း တည်ခဲ့သည်။ သို့ဖြင့် တောင်ငူ သည် ကေတုမတီအမည်ဖြင့် သမိုင်းဇာတ်ခုံပေါ်ရောက် ရှိလာခဲ့သည်။ ယင်းမှနောက် အဆက်အနွယ်တော် တို့ကို လည်း ဟံသာဝတီရောက်မင်းတိုင်ထိုကာလအတွင်း စိုးစံ ခဲ့ကြသော မင်းဆက်ကို တောင်ငူမင်းဆက်ဟု သမိုင်း ပညာရှင်တို့က ခေါ်ဆိုခဲ့ကြသည်။

ဤသည်မှာ မင်းကြီးညို၊ တပင်ရွှေထီး၊ ဘုရင့်နောင်တို့ လုံ့လကြောင့် ပေါ်ထွန်းလာခဲ့ရခြင်းဖြစ် သည်။ ထိုတောင်ငူမြို့သမိုင်းသည် ၂၀၁၀ ပြည့်နှစ်တွင် နှစ် ၅၀၀ ပြည့်ပြီးဖြစ်သည်။

တောင်ငူသည် ယနေ့တိုင်ကြီးပွားတိုးတက်နေ ဆဲဖြစ်သော မြို့ကြီးတစ်မြို့ဖြစ်သည်။ တစ်ချိန်က တောင်ငူနယ်သားအကြီးအကဲတို့သည် တောင်ငူကို မြန်မာနိုင်ငံတော်ကြီး၏ ဗဟိုအချက်အချာဖြစ်စေရန် ဆန္ဒရှိခဲ့ကြသကဲ့သို့ ကြိုးပမ်းမှုများလည်း အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသည်။ အရည်အသွေးနှင့်ပြည့်ဝသောမင်း

များလည်း ရှိခဲ့ကြသည်။ သို့သော် အခြေအနေများက မပေးခဲ့ချေ။

အကြောင်းမှာ တပင်ရွှေထီးနှင့်ဘုရင့်နောင်တို့သည် နိုင်ငံတော်အရေးအတွက် ဗဟိုချက်ပြု၍ တစ်နိုင်ငံလုံးကို စည်းရုံးရမည်ဆိုသောအခါ တောင်ငူ၏ အားနည်းချက်များကို တွေ့မြင်လာခဲ့ရသည်။ ထို



တောင်ငူမြို့ဟောင်း
စည်းခုံကြီးမှရသော
အုတ်ချပ်တွင်ခတ်နှိပ်ပုံဖော်
ထားသည့်ဆင်စီးပုံ

အားနည်းချက်ကို ပယ်ဖျက်နိုင်ရန် ဟံသာဝတီသို့ ရွှေ့ပြောင်း စိုးစံခဲ့ရသည်။

ပထမအားနည်းချက်မှာ အထက်တစ်နေရာတွင် တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ပင်လယ်ဆိပ်ကမ်းနှင့် ဝေးသောကြောင့်ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းနှင့်နီးသော ဟံသာဝတီက ပြည်ပအဆက်အဆံရှိနေသောကြောင့် ခေတ်မီသေနတ်အမြောက်လက်နက်များရရှိ အသုံးပြုနိုင်ခဲ့သဖြင့် စစ်ရေးအသာစီးရရှိခဲ့ကြဖူးသည်။ မင်းတရားရွှေထီးတပ်များ ရန်သူ၏ အမြောက်သေနတ်ဒဏ်ကို ခံခဲ့ရဖူးပေသည်။ ထို့ကြောင့် ပင်လယ်ဆိပ်ကမ်းကို ထိန်းသိမ်းထားနိုင်ရန်လိုကြောင်း သိမြင်လာခဲ့ခြင်းဖြစ်သည်။

တစ်ဖန် စည်းရုံးနိုင်ရေးအတွက် စစ်ရေးရည်မှန်းချက် အမြန်ပေါက်မြောက်စေရန် လမ်းပန်းဆက်သွယ်ရေး၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းထားနိုင်ရန် လိုအပ်ကြောင်း သဘောပေါက်လာခဲ့ကြသည်။ တောင်ငူသည် ဧရာဝတီနှင့်ဝေး၍ စစ်သည်တော်တို့မြန်မြန်ဆန်ဆန်နှင့် သက်သောင့်သက်သာချီနိုင်ရန် ရေကြောင်းအင်အားလိုသဖြင့် ဟံသာဝတီသို့ ရွှေ့ပြောင်းခဲ့ရခြင်းလည်း ဖြစ်ပေသည်။

တောင်ငူသည် လူမှုစီးပွားဘဝ အစဉ်တိုးတက်နေသည့်သဘော မြင်တွေ့နေရသော်လည်း မင်းနေပြည်တော်အဖြစ် ကာလရှည်စွာ မကြီးပွားခဲ့ရခြင်းတွင် အုပ်ချုပ်သူတို့၏ နိုင်ငံရေးအသိနည်းပါးမှုကြောင့်လည်း ဖြစ်နိုင်ကြောင်း သတိထားမိသည်။ သာ၍ဖြစ်နိုင်ချေရှိသောအကြောင်းမှာ ထက်အောက်ထွန်းကားခဲ့သော အင်အားကြီးပဒေသရာဇ် မင်းနိုင်ငံကြီးများ၏ အရိပ်ဩဇာက ပိုမိုလွှမ်းမိုးထားသောကြောင့်ဖြစ်သည်။

တောင်ငူဝန်းကျင်ကိုကြည့်လျှင် ယနေ့တိုင်မြို့ရာဟောင်းများစွာကို တွေ့မြင်နေရသည်။ အချို့မြို့ရာဟောင်းတို့သည် မထိန်းသိမ်းနိုင်တော့သဖြင့် သမိုင်းလေ့လာမှုအတွက် ဆုံးရှုံးနေရသည်။

ထိုမြို့ရာဟောင်းများတွင် (တောင်ငူကြီး၊ တောင်ငူငယ်)၊ ကေတုမတီ၊ ဇေယျဝတီ၊ ဒွါရာဝတီ၊ မြဝတီ စသည်တို့ ပါဝင်ကြသည်။

ထိုမြို့များသည် နိုင်ငံရေးအရ အရေးမပါခဲ့ကြသော်လည်း တူးဖော်ရှာဖွေနိုင်လျှင် အခြားသမိုင်းအရေးပါသောအချက်များတွေ့ရှိနိုင်မည်ဟုယုံကြည်သည်။ ဘုရားတစ်ဆူမှရရှိသော အုတ်ချပ်များ၊ စဥ့်ရုပ်ကြွများက တောင်ငူ၏ ယဉ်ကျေးမှုအဆင့်ကို အတော်အတန် အကဲခတ်၍ရနိုင်မည်။ ထို့အတူ တောင်ငူ၏ ယဉ်ကျေးမှုအဆင့်ကိုလည်း အကဲခတ်ခွင့်ရဦးမည်ဖြစ်သည်။

**ဒေါက်တာတိုးလှ**

# ၂၀၁၀ ပြည့်နှစ်အတွင်းလှုပ်ခတ်ခဲ့သည့် ပြင်းထန်သောငလျင်များ

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ၂၁ ရာစုအဝင် ကာလ၌ ကမ္ဘာပြည်သူတို့သည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် သဘာဝဘေးအန္တရာယ် ထူပြောလာခြင်းများကို နပူးတွေ့ဒူးတွေ့ကြုံတွေ့လာခဲ့ရသည်။ ကမ္ဘာနေရာအချို့တွင် ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာခဲ့သည်ကို မြင်နေကြားနေခဲ့ကြရသည်။ မိမိတို့ မြန်မာနိုင်ငံပင်လျှင် ၂၀၀၈ ခုနှစ်ကာလက နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး၏ ပြင်းထန်သော တိုက်ခတ်မှုကို ခံခဲ့ရသည်။ အသေအပျောက်နှင့် အဆုံးအရှုံးများခဲ့သည်။ ယခုနှစ် (၂၀၁၀ ပြည့်နှစ်) ထဲမှာပင် ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံခဲ့ရပြန်သည်။ ထိုသဘာဝဘေးအန္တရာယ်များ၏ ပြင်းအားသည် ယခင်ကာလများက ကြုံခဲ့ရသည်ထက် ပိုမိုကြီးထွားလာခဲ့သည်ကို သတိပြုမိကြရသည်။ ၎င်းထက်ပို၍ သတိပြုဖွယ်ကောင်းသည်မှာ ငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍ ငလျင်ပြင်းအားသည် ကမ္ဘာကြီးလည်ပတ်နှုန်းကိုပင် ထိခိုက်လောက်အောင် ပြင်းထန်သော ငလျင်မျိုးပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။

---

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မွန်းလွဲ ၄ နာရီ ၅၃ မိနစ် ၉ စက္ကန့်အချိန်တွင် ဟေတီနိုင်ငံမြို့တော် ပေါ်တိုပရင့်စ်အနီး ဗဟိုပြုလှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် ၂၁ ရာစုနှစ်အတွင်း လူအသေအပျောက်အများဆုံးနှင့် ဘေးဒဏ်အဆိုးဝါးဆုံး ငလျင်ကြီးဖြစ်သည်။

ငလျင်လှုပ်သည့်ပြင်းအားမှာ ရစ်ချ်တာစကေး ၇ ဒသမ ၀ ဖြစ်သည်။ ငလျင်ပြင်းအားအနေဖြင့် ၂၀၀၈ ခုနှစ် မေလ ၁၂ ရက်တွင် တရုတ်နိုင်ငံ စီချွမ်အနီးလှုပ်ခဲ့သော ရစ်ချ်တာစကေး ၇ ဒသမ ၂ နှင့် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ချီလီနိုင်ငံ၌ လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ ငလျင်များလောက်မပြင်းသော်လည်း လူအသေအပျောက်နှင့် အဆောက်အအုံအပျက်အစီးများမှာ ပို၍များခဲ့သည်။ ဟေတီနိုင်ငံ၏ငလျင်ဒဏ်ကြောင့် လူပေါင်းသိန်းချီ၍ အသေအပျောက်ရှိမည်ဟု နေ့ချင်းခန့်မှန်းနိုင်ခဲ့သည်။

ဟေတီနိုင်ငံ ပြည်ထဲရေးဝန်ကြီးက ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြောကြားရာ၌ ငလျင်ဒဏ်ကြောင့် သေဆုံးသူ ၁,၁၁,၄၉၉ ဦးရှိပြီဟုဆိုသည်။ အဆောက်အအုံအပြိုအပျက်အလွန်များပြားသဖြင့် အုတ်ပုံကြီးများဖြစ်နေသည်။ ညံ့ဖျင်းစွာ တည်ဆောက်ထားပြီး ငလျင်ဒဏ်မခံနိုင်သော အဆောက်အအုံ အပြိုအပျက်အောက်တွင် လူပေါင်းများစွာရောက်နေသည်။ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ကုန်၍ စက်ယန္တရားကြီးများဖြင့် ဖယ်ရှားကယ်တင်မှုများကို အလျင်အမြန်မပြုလုပ်နိုင်ဘဲ ကျန်ရစ်သူ ဌာနေပြည်သူတို့၏ လက်များဖြင့်သာ အုတ်ကျိုးအုတ်ပုံကို ဖယ်ရှားကယ်ထုတ်နေရသောကြောင့် အသေအပျောက်စာရင်းအတိအကျကို အချိန်တိုအတွင်း မသိနိုင်သေးပေ။ အချိန်မီ မကယ်ထုတ်နိုင်သည့်အတွက် အသေအပျောက်နှုန်းမြင့်တက်လျက်ရှိသည်။

ဖေဖော်ဝါရီလ တတိယပတ်တွင် အသေအပျောက်စာရင်းထုတ်ပြန်သောအခါ လူပေါင်း ၂,၇၀,၀၀၀ ကျော်သေဆုံးကြောင်း ဖော်ပြနိုင်ခဲ့သည်။ သို့သော် စာရင်းမှန်ရရှိရန်ခက်ခဲသည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်နေ့ထုတ်အမ်အင်အေ၊ ဆင်ဟွာသတင်းများအရ ဟေတီ

ငလျင်ကြောင့် သေဆုံးခဲ့သူလူပေါင်း ၂,၅၀,၀၀၀ နှင့် ၃,၀၀,၀၀၀ ကြားတွင်ရှိသည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ကခန့်မှန်းခဲ့သည်။

ငလျင်ဒဏ်ကြောင့် လူပေါင်း ၃,၀၀,၀၀၀ ကျော်ဒဏ်ရာရခဲ့ပြီး ၂ သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရှိသည်။ ထို့ကြောင့် ဟေတီငလျင်သည် ယခုနှစ်အထိ ၂၁ ရာစုနှစ်အတွင်း သေပျောက်ပျက်စီးဆုံးရှုံးမှုအကြီးဆုံး ငလျင်အဖြစ် စံချိန်တင်ခြင်းဖြစ်သည်။




ဟေတီငလျင်ဗဟိုချက်ပြမြေပုံ

ဤနေရာဒေသတွင် ဤမျှကြီးမားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်မည်ကို ဘူမိဗေဒနှင့် ငလျင်သိပ္ပံပညာရှင်တို့ကြိုတင်သိရှိကြသည်။ ၎င်းတို့သည် ဤကမ္ဘာကြီး၏ အပေါ်ယံမြေလွှာခွံ၌ ဖြစ်ပေါ်နေသည့် သဘာဝအက်ကွဲကြောင်းများနှင့် အဖတ်အဖတ်ကွဲထွက်နေသည့် မြေချပ်လွှာများအကြောင်းကို သေသေချာချာ မြေပုံဆွဲကာ ပြတ်ရွေ့ကြောများနှင့် မြေချပ်လွှာများကို အမည်ကင်ပွန်းတပ်ပေးထားခဲ့ပြီးဖြစ်သည်ဟုဆို၏။ ထိုမြေချပ်လွှာတို့သည် တစ်ခုနှင့်တစ်ခုအကြားရှိ ပြတ်ရွေ့ကြောနေရာတွင် တစ်ချိန်မဟုတ်တစ်ချိန်၌ ရွေ့လျားတွန်းတိုက်မှုဖြစ်လာသောအခါ ငလျင်လှုပ်လေသည်။

ထို့ကြောင့် ပြတ်ရွေ့ကြောရှိရာ နေရာတိုင်းတွင် ငလျင်လှုပ်ရန် အလားအလာရှိပြီးဖြစ်သည်။ အင်အားပြင်းထန်မှု ရှိ၊ မရှိနှင့် မည်သည့်နေ့ရက်ကာလတွင် လှုပ်ခတ်မည်ဟူသည့်အချက်ကို ထုတ်ပြန်တင်ပြရန်ခက်ခဲလှသည်။ သို့ရာတွင် တစ်နေ့တစ်ချိန်တွင် လှုပ်ခတ်မည်မှာ သေချာသည်။ အထူးသဖြင့် ယခုနောက်ပိုင်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြီးမားလာသည်နှင့်အမျှ သဘာဝဘေးဒဏ်များပို၍ များပြားစွာဖြစ်ပေါ်လာနေသည်ဟု သိပ္ပံပညာရှင်တိုင်းက ထင်ကြေးပေးနေကြသည်။

လူဦးရေ ၉ သန်းရှိသော ဟေတီနိုင်ငံသည် ကာရေဘီယံနှင့် မြောက်အမေရိကန် ပလိတ်ချပ်လွှာဟု အမည်တပ်ထားသည့် မြေချပ်အခွံလွှာ၏အကြားရှိ ပြတ်ရွေ့ကြောပေါ်၌ တည်ရှိနေခြင်းဖြစ်သည်။ ထိုပြတ်ရွေ့ကြောများရှိရာ ကာရေဘီယံပင်လယ်ကွေ့ရှိ နိုင်ငံများ၊ ကျွန်းကြီးများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ အတွင်း ပြင်းထန်သောငလျင်ကြီးပေါင်း အကြိမ်တစ်ဒါဇင်ခန့် လှုပ်ခတ်ခဲ့ဖူးသည်။ ၁၆၉၂ ခုနှစ်တွင် ဂျမေကာနိုင်ငံ၌ လှုပ်ခဲ့သောငလျင်ကြီးကြောင့် ယင်းနိုင်ငံ၏ ပေါ်တိုရွိုင်ယယ်ကျွန်းဆိပ်ကမ်းမှာ ကာရေဘီယံပင်လယ်အောက်သို့ မြုပ်ဝင်ပျောက်ကွယ်ခဲ့သည်။ ထိုပတ်ဝန်းကျင်၌ အင်ရီကွီနိုပလိန်းတိန်းဂါးဒင်း ပြတ်ရွေ့ကြောစနစ်၏ တိုက်ခိုက်တွန်းချော်မှုကြောင့် သမိုင်းဝင်ငလျင်ကြီးများ အကြိမ်ကြိမ်လှုပ်ခဲ့ဖူးသည်ဟု ယူဆရသည်။ ၁၆၁၈ ခုနှစ်၊ ၁၆၇၃ ခုနှစ်၊ ၁၆၈၄ ခုနှစ်၊ ၁၇၅၁ ခုနှစ်၊ ၁၇၆၁ ခုနှစ်၊ ၁၇၇၀ ပြည့်နှစ်၊ ၁၈၆၀ ပြည့်နှစ် စသဖြင့်ထိုဒေသတွင် ငလျင်ကြီးများလှုပ်ခဲ့သည်ကို မှတ်တမ်းတင်ထားရှိသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့က လှုပ်ခဲ့သောဟေတီငလျင်သည် နိုင်ငံ၏မြို့တော် ပေါ်တိုပရင့်စ်နှင့် ၂၅ ကီလိုမီတာမျှကွာဝေးသောနေရာ၌ ဗဟိုပြု လှုပ်ခတ်ခြင်း၊ လူနေထူထပ်သော ထိုမြို့တော်၏ အဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်လောက်အောင် အချိန်ယူ၍ စနစ်တကျ တည်ဆောက်မှုမရှိခြင်း၊ မြို့တော်၏ နံဘေးတွင် ပြိုလွယ်သော သက်နုမြေတောင်ကုန်းတောင်တန်းရှိနေခြင်း၊ ငလျင်လှုပ်သောဒဏ်သည် မြို့တော်ရှိ အစိုးရအဆောက်အအုံ အားလုံးနီးပါးပြိုကျသဖြင့် အစိုးရယန္တရားကြီးပင် လည်ပတ်မှုရပ်ဆိုင်းသကဲ့သို့ဖြစ်ခြင်း၊ လမ်းပန်းအဆက်အသွယ်ပြတ်တောက်သွားခြင်းစသော ဖြစ်ရပ်များကြောင့် ယခုကဲ့သို့ လူအသေအပျောက်များပြားခြင်းဖြစ်သည်။

## ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

ဟေတီနိုင်ငံ၏အကောင်းဆုံး အခမ်းနားဆုံး အဆောက်အအုံကြီးများစွာ ပြိုကျပျက်စီးခဲ့သည်။ သမ္မတအိမ်တော်ဖြစ်သည့် နန်းတော်ကြီးလည်း ပြိုကျခဲ့သည်။ ပေါ်တိုပရင့်စ်မြို့တော်၏ အကြီးဆုံးဘုရားရှိခိုးကျောင်းကြီးလည်း ပြိုပျက်ခဲ့၍ ဂိုဏ်းချုပ်ဆရာတော်ကြီး ပင်ကွယ်လွန်ခဲ့သည်။

ငြိမ်းချမ်းစွာဆောင်ရွက်ပေးနိုင်အောင် လုံခြုံရေးကို တာဝန်ယူပေးရန် ရောက်ရှိခဲ့သည်။

ငလျင်လှုပ်ခြင်း၌ ရစ်ချ်တာစကေးနှင့် လှုပ်ခတ်သည့် ပြင်းအားကိုဖော်ပြရာတွင် ပထဝီမြေထု၏ တုန်ခါမှုပြင်းအားကိုသာမက ပျက်စီးပြိုလဲမှုအနည်းအများအပေါ်လည်း ထည့်သွင်းစဉ်းစားလေ့ရှိသည်။



**ဟေတီငလျင်၏ အပျက်အစီးများ**

အမေရိကန်ရေတပ်နှင့်ကမ်းခြေစောင့်တပ်တို့သည်လည်း ဟေတီ၏ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းဆီသို့ ဦးတည်အားဖြည့်ခဲ့သည်။ မရိန်းတပ်သား ၂၀၀၀ ခန့်သွားရောက်ကာ လက်နှင့်သာယက်ထုတ်နေရသည့်အပျက်အစီးပုံများကို ရှင်းလင်းရေး ကူညီပေးကြသည်။ ကူညီထောက်ပံ့ပစ္စည်းများ ဝင်ရောက်လာပါက အလျင်မီလက်ခံရရှိနိုင်စေရန် အမေရိကန်တပ်ဖွဲ့များမှာ လေဆိပ်ကိုသွားရောက် ရှင်းလင်းစီစဉ်ပေးကြသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များသည် ပြင်ပမှ အသုတ်လိုက်တန်းစီဝင်ရောက်လာမည့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးအဖွဲ့ပေါင်းစုံနှင့်ပတ်သက်၍

ဤသည်မှာ မုန်တိုင်းကြီးများ၏ ပြင်းအားကိုဖော်ပြသည့် သဘောနှင့်တူညီသည်။ မုန်တိုင်းကို Enhance Fujita Scale (EF) နှင့် တိုင်းတာရာတွင် အဆင့် EF-O မှ EF-5 အထိ အဆင့်ခြောက်ဆင့်ခွဲခြားထားသည်။ လေတိုက်နှုန်းအပြင် ပျက်စီးမှုနှုန်းနှင့်ပြင်းအားဟူ၍လည်း အဆင့်များခွဲခြားသတ်မှတ်ချက်ရှိသည်။

အလားတူ မြေငလျင်လှုပ်ခတ်မှုကို တိုင်းတာရာ၌ ရစ်ချ်တာစကေးကို ကမ္ဘာသုံးအဖြစ် တစ်ပြေးညီ လက်ခံကြသည်။ ၁၉၃၅ ခုနှစ်မှ ထိုရစ်ချ်တာစကေးကို အသိအမှတ်ပြုခဲ့သော်လည်း (Seismograms) ဆိုသည့် မြေထုလှုပ်ခါနှုန်းကို တိုင်းတာရာတွင် ဂရပ်ရှည်တို

နိမ့်မြင့် ဖြစ်ပေါ်စေသည့်ကိရိယာဖြင့် ရှေးဦးငလျင်များ၏ ပြင်းအားကို တွက်ချက်ခဲ့သည်။ သို့သော် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးများ၏ ပြင်းအားကိုမူ အဆောက်အအုံများပြိုလဲမှု၊ ပျက်စီးမှု၊ ဆူနာမီရေလှိုင်းတက်မှု၊ မြေပြိုအက်ကွဲမှု၊ လူအသေအပျောက်များမှုနှင့်ထိခိုက်ပျက်စီးသည့် ဧရိယာအကျယ်အဝန်းများအပေါ်မူတည်၍ ပညာရှင်များကပြင်းအားကို နောက်ပိုင်းမှပေါ်လာသည့် ရစ်ချ်တာစကေးအပေါ်မူတည်၍လည်းကောင်း မှတ်တမ်းတင်ထားသောစာရင်းမှာ အထက်ပါအတိုင်းဖြစ်သည်။

ငင်းငလျင်ကြီးများစာရင်းတွင် လူအသေအပျောက် ၁,၀၀,၀၀၀ အထက်ရှိသော ငလျင်များကို ဖော်ပြရာ၌ အချို့မှာပြင်းအား ရစ်ချ်တာစကေး ၈ မကျော်ပေ။ ကျန်စာရင်းတွင်ပြင်းအား ၈ဒသမ၃ အထက်ရှိသော ငလျင်များကိုသာ ဖော်ပြထားသည်။ သာမန်အားဖြင့် ပြင်းအား ရစ်ချ်တာစကေး ၃ဒသမ၅

| စဉ် | ရက်စွဲ<br>ခုနှစ်ကိုအေဒီဖြင့် ဖော်ပြသည် | နေရာ | သေဆုံးသည့်လူဦးရေ | ပြင်းအား (ရစ်ချ်တာ) |
|---|---|---|---|---|
| ၁ | ၃၆၅ | နေ့ဆော့ခရစ်ကျွန်း၊ ဂရိစ် | ၅၀,၀၀၀ | အလွန်ပြင်း |
| ၂ | မေလ-၅၂၆ | အန်တီယော့၊ ဆီးရီးယား | ၂,၅၀,၀၀၀ | အလွန်ပြင်း |
| ၃ | ၂၂-၁၂-၈၅၆ | ဒမ်ဂန်၊ အီရန် | ၂,၀၀,၀၀၀ | အလွန်ပြင်း |
| ၄ | ၂၃-၃-၈၉၃ | အာဒါဘီ၊ အီရန် | ၁,၅၀,၀၀၀ | အလွန်ပြင်း |
| ၅ | ၉-၈-၁၁၃၈ | အယ်လက်ပို၊ ဆီးရီးယား | ၂,၃၀,၀၀၀ | အလွန်ပြင်း |
| ၆ | ၂၇-၉-၁၂၉၀ | ချစ်လီ၊ တရုတ် | ၁,၀၀,၀၀၀ | အလွန်ပြင်း |
| ၇ | ၂၄-၁-၁၅၅၆ | ရှန်စီး၊ တရုတ် | ၈,၃၀,၀၀၀ | အလွန်ပြင်း |
| ၈ | ၁၁-၁၀-၁၇၃၇ | ကာလကတ္တား၊ အိန္ဒိယ | ၃,၀၀,၀၀၀ | အလွန်ပြင်း |
| ၉ | ၁-၁၁-၁၇၅၅ | လစ္စဘွန်း၊ ပေါ်တူဂီ | ၆၀,၀၀၀ | ၈.၇၅ |
| ၁၀ | ၁၈၆၈ | ဘရစ်ကား၊ ချီလီ | ၂၅,၀၀၀ | ၉.၀ |
| ၁၁ | ၁၈၈၃ | ဂျာဗား၊ အင်ဒိုနီးရှား | ၁,၀၀,၀၀၀ | အလွန်ပြင်း |
| ၁၂ | ၄-၄-၁၉၀၅ | ကန်ဂရာ၊ အိန္ဒိယ | ၁၉,၀၀၀ | ၈.၆ |
| ၁၃ | ၁၇-၈-၁၉၀၆ | ဗယ်ပါရိုင်ဆို၊ ချီလီ | ၂၀,၀၀၀ | ၈.၆ |
| ၁၄ | ၁၆-၁၂-၁၉၂၀ | ကန်ဆူ၊ တရုတ် | ၂,၀၀,၀၀၀ | ၈.၆ |
| ၁၅ | ၅-၈-၁၉၄၉ | အက်ရှ်ဂါဘတ်၊ တပ်မင်နစ္စတန် | ၁,၁၀,၀၀၀ | ၇.၃ |
| ၁၆ | ၂၁မှ၃၀ထိ-မေ-၁၉၆၀ | ချီလီ-တောင်ပိုင်း | ၅,၀၀၀ | ၉.၅ (ဆူနာမီဖြစ်) |
| ၁၇ | ၂၇-၇-၁၉၇၆ | တန်ရှန်း၊ တရုတ် | ၂,၅၅,၀၀၀ | ၈.၀ |
| ၁၈ | ၂၆-၁၂-၂၀၀၄ | ဆူမတ္တြား၊ အင်ဒိုနီးရှား | ၂,၂၆,၃၂၈ | ၉.၃ (ဆူနာမီဖြစ်) |

စကေးစနစ်ဖြင့် ချိန်ထိုးကာ ခန့်မှန်းသတ်မှတ်ပေးခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ အပြင်းဆုံးငလျင်ကြီးများ လှုပ်ခဲ့သည့်အချိန်နှင့်ဒေသတို့ကို အဓိကအားဖြင့် လူအသေအပျောက်များမှုအပေါ်မူတည်၍လည်းကောင်း၊ ပြင်းအားအောက်ရှိသည့် ငလျင်လေးများကို လှုပ်မှန်း မသိသော်လည်း ကိရိယာက ဖော်ပြနိုင်သည်။ ပြင်းအား ၃ဒသမ၅ မှ ၅ဒသမ၄ အထိ ငလျင်များကို လှုပ်မှန်းသိကြရသော်လည်း ပြိုပျက်သေပျောက်မှု ဖြစ်လေ့မရှိပေ။ ပြင်းအား ၆ဒသမ၀ ရှိလျှင် ညံ့ဖျင်းစွာတည် ဆောက်ထား

## ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

### ၂၀၀၀ ပြည့်နှစ်မှ နောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၆ အထက်ရှိ ငလျင်များစာရင်း

| စဉ် | ရက်စွဲ (ခုနှစ်ကိုအေဒီဖြင့် ဖော်ပြသည်) | နေရာ | သေဆုံးသည့်လူဦးရေ | ပြင်းအား (ရစ်ချ်တာ) |
|---|---|---|---|---|
| ၁ | ၄-၆-၂၀၀၀ | ဆူမတြာရား၊ အင်ဒိုနီးရှား | ၁၀၃ | ၇.၉ |
| ၂ | ၁၃-၁-၂၀၀၁ | ဆန်ဗီစင်တီ၊ အယ်ဆာဗေဒို | ၈၀၀+ | ၇.၆ |
| ၃ | ၂၆-၁-၂၀၀၁ | ဂုဂျာရတ်၊ အိန္ဒိယ | ၂၀,၀၀၀+ | ၇.၉ |
| ၄ | ၂၃-၆-၂၀၀၁ | အရီကီပါ၊ ပီရူး | ၁၀၂ | ၈.၁ |
| ၅ | ၃-၃-၂၀၀၂ | အာဖဂန်နစ္စတန်မြောက်ပိုင်း | ၁၆၆ | ၇.၄ |
| ၆ | (၂၅-၂၆)-၃-၂၀၀၂ | နာရင်၊ အာဖဂန်နစ္စတန်မြောက်ပိုင်း | ၁,၀၀၀+ | ၆.၁ |
| ၇ | ၂၂-၆-၂၀၀၂ | အီရန်အနောက်ပိုင်း | ၂၆၁+ | ၆.၅ |
| ၈ | ၂၄-၂-၂၀၀၃ | စင်ကျန်းပြည်နယ်တောင်ပိုင်း၊တရုတ် | ၂၆၁ | ၆.၄ |
| ၉ | ၁-၅-၂၀၀၃ | တူရကီအရှေ့ပိုင်း | ၁၇၇ | ၆.၄ |
| ၁၀ | ၂၁-၅-၂၀၀၃ | အယ်ဂျီးရီးယားမြောက်ပိုင်း | ၂,၂၀၀+ | ၆.၈ |
| ၁၁ | ၂၆-၁၂-၂၀၀၃ | ဘမ်း၊ အရှေ့တောင်၊ အီရန် | ၂၆,၂၇၁ | ၆.၆ |
| ၁၂ | ၂၄-၂-၂၀၀၄ | အယ်လ်ဟိုစေးမား၊ မော်ရိုကို | ၆၂၉ | ၆.၄ |
| ၁၃ | ၂၆-၁၂-၂၀၀၄ | ဆူမတြာရားအနီး၊ အင်ဒိုနီးရှား | ၂,၂၆,၃၂၈ | ၉.၁ (ဆူနာမီဖြစ်) |
| ၁၄ | ၂၂-၂-၂၀၀၅ | အီရန်အလယ်ပိုင်း | ၅၄၉ | ၆.၄ |
| ၁၅ | ၂၈-၃-၂၀၀၅ | ဆူမတြာရားကမ်းလွန်၊ အင်ဒိုနီးရှား | ၁,၀၀၀ | ၈.၇ |
| ၁၆ | ၈-၁၀-၂၀၀၅ | ကက်ရှ်မီးယား၊ ပါကစ္စတန်+အိန္ဒိယ | ၈၀,၀၀၀+ | ၇.၆ |
| ၁၇ | ၃၁-၃-၂၀၀၆ | အီရန်အနောက်ပိုင်း | ၇၀+ | ၆.၁ |
| ၁၈ | ၂၇-၅-၂၀၀၆ | ဂျာဗား၊ အင်ဒိုနီးရှား | ၆,၂၀၀+ | ၆.၃ |
| ၁၉ | ၁၇-၇-၂၀၀၆ | ဂျာဗားတောင်ပိုင်း၊ အင်ဒိုနီးရှား | ၅၃၀+ | ၇.၇ |
| ၂၀ | ၆-၃-၂၀၀၇ | ဆူမတြာရားတောင်ပိုင်း၊ အင်ဒိုနီးရှား | ၇၀ | ၆.၄ |
| ၂၁ | ၁၅-၈-၂၀၀၇ | ပီရူးအလယ်ပိုင်းကမ်းခြေအနီး | ၅၁၉ | ၈.၀ |
| ၂၂ | ၁၂-၅-၂၀၀၈ | စီချွမ်းပြည်နယ်အရှေ့၊ တရုတ် | ၈၇,၈၅၇ | ၇.၉ |
| ၂၃ | ၅-၁၀-၂၀၀၈ | ကာဂျစ္စတန် | ၇၄ | ၆.၇ |
| ၂၄ | ၂၈-၁၀-၂၀၀၈ | ပါကစ္စတန် | ၁၆၆ | ၆.၄ |
| ၂၅ | ၈-၁-၂၀၀၉ | ကိုစတာရီးကား | ၄၀ | ၆.၁ |
| ၂၆ | ၆-၄-၂၀၀၉ | အီတလီအလယ်ပိုင်း | ၂၉၅ | ၆.၃ |
| ၂၇ | ၂-၉-၂၀၀၉ | ဂျာဗား၊ အင်ဒိုနီးရှား | ၄၇ | ၇.၀ |
| ၂၈ | ၃၀-၉-၂၀၀၉ | ဆူမတြာရား၊ အင်ဒိုနီးရှား | ၇၇၇ | ၇.၆ |

သည့် အဆောက်အအုံများ နေရာမကျယ်ဘဲပြိုကျနိုင်ပြီး ကောင်းစွာ ဆောက်လုပ်ထားသည့် အဆောက်အအုံများမှာ အနည်းငယ်သာပျက်စီးတတ်သည်။ ပြင်းအား ၆.၁ မှ ၆.၉ အထိလှုပ်ပါက ကီလိုမီတာ ၁၀၀ ပတ်လည်ရှိ

## ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

| စဉ် | ရက်စွဲ<br>ခုနှစ်ကိုအေဒီဖြင့် ဖော်ပြသည် | နေရာ | ပြင်းအား (ရစ်ချ်တာ) |
|---|---|---|---|
| ၁ | ၁၂-၁-၂၀၁၀ | ပေါ်တိုပရင့်စ်၊ဟေတီ | ၇.၀ |
| ၂ | ၂၀-၁-၂၀၁၀ | ပေါ်တိုပရင့်စ်၊ဟေတီ၊(နောက်ဆက်တွဲလှုပ်) | ၆.၃ |
| ၃ | ၂၃-၁-၂၀၁၀ | ဖောက်လန့်ဒေသ၊ နယူးဇီလန် | |
| ၄ | ၇-၂-၂၀၁၀ | အိရှိဂါကီကျွန်း၊ ဂျပန် | ၆.၆ |
| ၅ | ၁၀-၂-၂၀၁၀ | ဆူလာဝေဆီပြည်နယ်၊ အင်ဒိုနီးရှား | ၅.၀ |
| ၆ | ၁၂-၂-၂၀၁၀ | ဘာလီကမ်းလွန်၊ အင်ဒိုနီးရှား | ၆.၆ |
| ၇ | ၁၈-၂-၂၀၁၀ | ချောင်ကင်းအရှေ့မြောက်၊ မြောက်ကိုရီးယား | ၆.၇ |
| ၈ | ၂၅-၂-၂၀၁၀ | ချီယာပတ်စ်ပြည်နယ်၊ မက္ကဆီကို | ၅.၄ |
| ၉ | ၂၅-၂-၂၀၁၀ | ယူနန်ပြည်နယ်၊ တရုတ် | ၅.၁ |
| ၁၀ | ၂၇-၂-၂၀၁၀ | ရျူးကျူးကျွန်းစု၊ ဂျပန် | ၇.၀ |
| ၁၁ | ၂၇-၂-၂၀၁၀ | ကွန်ဆက်ဆီအွန်မြို့၊ ချီလီ | ၈.၈ |
| ၁၂ | ၄-၃-၂၀၁၀ | တိုင်ပေတောင်ပိုင်း၊ ထိုင်ဝမ် (တရုတ်) | ၆.၇ |
| ၁၃ | ၁၄-၄-၂၀၁၀ | ယူရှူးစီရင်စု၊ ကျင်ဟိုင်းပြည်နယ်၊ တရုတ် | ၇.၁ |
| ၁၄ | ၂၂-၄-၂၀၁၀ | ဆာမိုအာကျွန်း၊ နယူးဇီလန် | ၆.၂ |
| ၁၅ | ၂၆-၄-၂၀၁၀ | ဖိလစ်ပိုင်အရှေ့မြောက်ကမ်းလွန်ရေပြင် | ၆.၉ |

အဆောက်အအုံများ ပျက်စီးနိုင်သည်။ ပြင်းအား ၇.၀ မှ ၇.၉ ဆိုလျှင် အလွန်ကျယ်ပြန့်သောဧရိယာကို ထိခိုက်ပျက်စီးစေသည်။ သမုဒ္ဒရာကြမ်းပြင်အောက်တွင် ပြင်းအား ၇ဒသမ၈ နှင့်အထက်လှုပ်ပါက ငလျင်ရေလှိုင်းကြီးများဖြစ်သည့် ဆူနာမိဖြစ်ပေါ်နိုင်သည်။ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာပေါ်၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၆ အထက်ရှိ ငလျင်များစာရင်းကို ဆောင်းပါးတစ်နေရာတွင် ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ် ပထမငါးလခန့်အတွင်း ကမ္ဘာပေါ်၌ လှုပ်ခတ်ခဲ့သည့် ပြင်းအားအသင့်အတင့်မှ ပြင်းအားကြီးသည့် မြေငလျင်များမှာ အထက်ပါစာရင်းဇယားတွင် ဖော်ပြထားသည့် အတိုင်း ၁၅ ကြိမ်ရှိခဲ့သည်။ ယင်းအနက် ဟေတီငလျင်ကြီးသည် ပြင်းအားအနေဖြင့် ရစ်ချ်တာစကေး ၇ဒသမ၀ သာရှိခဲ့၍ လှုပ်ခဲ့သည့် ငလျင်များအနက် တတိယအပြင်းစားဖြစ်သည်။ သို့သော် ၂၀၁၀ပြည့်နှစ် အတွင်းနှင့် ၂၁ ရာစုအတွင်းပါ လူအသေအပျောက်အများဆုံးနှင့် အဆောက်အအုံပြိုလဲပျက်စီးသည့် ရာခိုင်နှုန်းမှာ အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ချီလီနိုင်ငံတွင်လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် ဤနှစ်အတွက် ရစ်ချ်တာစကေးအားဖြင့် အပြင်းဆုံး ၈ဒသမ၈ အထိပင်ရှိသည်။ လူအသေအပျောက် ၇၀၀ ကျော်ရှိခြင်းမှာ ဗဟိုပြုရာနေရာသည် ကမ်းရိုးတန်းနှင့် ကီလိုမီတာ ၇၀၀ ခန့်ကွာဝေးခြင်း၊ တိုက်များခိုင်ခံ့၍ အပြိုအပျက်နည်းခြင်း၊ လူနေသိပ်သည်းမှုနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ဤငလျင်၏ ပြင်းထန်လွန်းခြင်းကြောင့် ကမ္ဘာမြေ၏တစ်နေ့တာအချိန်ကာလ အနည်းငယ်လျော့နည်းသွားဖွယ်ရှိကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့်အာကာသအေဂျင်စီ (နာဆာ) မှ သိပ္ပံပညာရှင်တစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ဤသို့အချိန်ကွာခြားမှုသည် တစ်စက္ကန့်၏ အပုံတစ်သန်းပုံတစ်ပုံဖြစ်ကြောင်းနှင့် ဤမျှပြင်းထန်သောငလျင်ကြီးများလှုပ်တိုင်း ကမ္ဘာ့တစ်နေ့တာ အချိန်တိုင်းတာမှု လျော့နည်းတတ်ကြောင်းလည်း ၎င်းကဆိုသည်။ ဤအတိုင်းဆိုပါက ၁၉၆၀ ပြည့်နှစ် မေလတွင် ချီလီ၌လှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေး ၉ ဒသမ ၅ ရှိသည့် ကမ္ဘာ့အပြင်းဆုံး ငလျင်ကြီးသည်လည်းကောင်း၊ ၂၀၀၄

ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆုမတ္တရား ကျွန်းအနီးတွင် ရစ်ချ်တာစကေး ၉ ဒသမ ၁ ရှိသည့် ကမ္ဘာ့ဒုတိယအပြင်းဆုံး ငလျင်ကြီးလှုပ်ခတ်ခဲ့စဉ်က လည်းကောင်း ကမ္ဘာတစ်နေ့တာအချိန်လျော့နည်းခဲ့ သေးသည့်သဘောရှိသည်။

ထိုပြင်ဤကဲ့သို့ အလွန်ပြင်းထန်သောမြေငလျင် ကြီးများလှုပ်ခတ်ပါက ကမ္ဘာ့ရေမြေအနည်းငယ်ပြောင်းလဲ သွားနိုင်ကြောင်း၊ ကမ္ဘာမြေပုံပင် ပုံစံအနည်းငယ်ပြောင်းလဲ နိုင်ကြောင်း သိပ္ပံပညာရှင်များကဆိုသည်။ ထင်ရှားသော သာဓကအဖြစ် ၁၈၈၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗား ကျွန်းတွင် လှုပ်ခဲ့သောငလျင်ကြီးသည် ပြင်းအားအလွန်ကြီး ၍ ဒေသမှကျွန်းတစ်ကျွန်းသမုဒ္ဒရာထဲနစ်မြုပ်ပျောက်ကွယ် သွားရာ မြေပုံထဲမှ ပယ်ဖျက်လိုက်ရသည်။ အလားတူ ၁၆၉၂ ခုနှစ်က ဂျမေကာနိုင်ငံတွင် လှုပ်ခဲ့သောငလျင်ကြီး ကြောင့် ဂျမေကာကျွန်းရှိ ပေါ်တိုရွိုင်ယယ်အမည်ရှိဆိပ် ကမ်းမှာရေအောက်နစ်မြုပ် ပျောက်ကွယ်ခဲ့ရာယနေ့ခေတ် မြေပုံကိုအဆိုပါနေရာမပါဘဲ အသစ်ဆွဲခဲ့ရသည်ဟုဆိုသည်။

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် ၁၁၆၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က ကမ်းလွန်မြေထဲပင်လယ်ထဲ ၌ ငလျင်ကြီးလှုပ်ခဲ့သည်။ ထိုငလျင်ပြင်းအား မည်မျှ ရှိကြောင်း ငလျင်တိုင်းတာရေးကိရိယာမပေါ်သေး၍ မသိနိုင်သော်လည်း မှတ်တမ်းအထောက်အထားများ အရ မီးတောင်ပေါက်ကွဲကာ ငလျင်လှုပ်မှုကြောင့် ပင်လယ်ရေလှိုင်းလုံးကြီးများကြီးမားပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်ဆို၏။

၁၇၅၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် ပေါ်တူဂီ နိုင်ငံလစ္စဘွန်း ပင်လယ်ကမ်းခြေမြို့အနီး ကမ်းလွန် ပင်လယ်ကြမ်းခင်း၌ လှုပ်ခတ်ခဲ့သည့်ပြင်းအား ၈ ဒသမ ၇၅ ရှိ ငလျင်ကြီးကြောင့် ကြီးမားသော ငလျင်ရေလှိုင်း ကြီးများ အတ္တလန်တိတ်သမုဒ္ဒရာ ကမ်းခြေများသို့ တိုက်ခတ်ခဲ့ကြောင်း မှတ်တမ်းများရှိသည်။ သို့သော် ယခုအခေါ်ဆူနာမီဆိုသည့် ငလျင်ရေလှိုင်းအမည်မျိုး ထိုစဉ်က မပေါ်ခဲ့သေးပေ။

၁၉၆၀ ပြည့်နှစ် မေလ၂၁-၃၀ ရက်တွင် ချီလီနိုင်ငံတောင်ပိုင်း၌ လှုပ်ခတ်ခဲ့သောပြင်းအား ၉ဒသမ၅ ရစ်ချ်တာစကေးရှိ ငလျင်ကြီးကြောင့် ဧရာမရေလှိုင်းကြီးများ ဂျပန်နိုင်ငံကမ်းခြေမြို့အများ အပြားသို့ ဝင်ရောက်ရိုက်ခတ်အန္တရာယ် ပြုခဲ့သည်။ ထိုအခါ ဂျပန်တို့က ဤငလျင်ရေလှိုင်းကြီးများကို ဆူနာမီ အမည်ပေးခဲ့ရာမှ ယနေ့တိုင် ငလျင်ရေလှိုင်းကြီးများကို ဆူနာမီဟုခေါ်တွင်ကြသည်။ ငလျင်ပြင်းအား ၇ ဒသမ ၆ မှ ၇ ဒသမ ၈ကျော်ပြီး ပင်လယ်ရေအောက်မှ လှုပ်ခတ်ပါက ဆူနာမီဖြစ်နိုင်ကြောင်း ယူဆကြသည်။

ဟေတီငလျင်သည် ပေါ်တိုပရင့်စ်မြို့နှင့်၁၀မိုင် ဝေးသော ကုန်းတွင်းပိုင်းမြေအောက်အနက် ၆ ဒသမ ၂ မိုင်သာနက်သောနေရာတွင် ဗဟိုပြု၍လှုပ်ခတ် ခဲ့သဖြင့် ပေါ်တိုပရင့်စ်မြို့ကြီး တစ်ခုလုံး ဟေတီသမ္မတ နန်းတော်မှစ၍အစိုးရ အဆောက်အအုံများ၊ ဘုရားရှိခိုး ကျောင်းများ၊ စာသင်ကျောင်းများ၊ သံရုံးများအားလုံး နီးပါး ပြိုပျက်ကုန်သည်။ အစိုးရလုပ်ငန်းအားလုံးခေတ္တ ရပ်ဆိုင်းသွားခဲ့သည်။

ပေါ်တိုပရင့်စ်မြို့ရှိ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ရုံးချုပ်တွင် ကုလသမဂ္ဂတာဝန် ထမ်းဆောင်နေသောဝန်ထမ်း ၂၀၀ကျော်နှင့် ဟေတီ နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်တို့လည်း သေဆုံးသွားကြသည်။

ဤသို့မမျှော်လင့်ဘဲ အစိုးရလုပ်ငန်းပါ ခေတ္တ ရပ်တန့်သွားလောက်အောင် ကြီးမားသည့် ငလျင် ဘေးဆိုးမျိုး ကမ္ဘာတွင်မကြုံဖူးသဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ချက်ချင်းလုပ်ဆောင်ရန်များစွာအခက် အခဲဖြစ်ခဲ့သည်။ ငလျင်ဒဏ်ကြောင့်အပြိုအပျက်အုတ်ပုံ များနှင့် လဲကျနေသောသစ်ပင်၊ ဓာတ်တိုင် စသည်တို့မှာ လမ်းပေါ်တွင် ပိတ်ဆို့ကုန်သည်။ လမ်းများလည်း အက်ကွဲ ပျက်စီးကုန်သည်။ တံတားများလည်းပျက်စီးကုန်သည်။ သွားလာရေးကွန်ရက် အားလုံးပိတ်ဆို့ရပ်တန့်ခဲ့သည်။ လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးကုန်၍ ဆက်သွယ် ရေးများလည်း ပြတ်တောက်ခဲ့ရသည်။

အစိုးရလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်သွားခြင်း ဖြစ်ပေါ်ပါက မည်သို့ဆောင်ရွက်ရမည်ကို ဤဟေတီ အဖြစ်အပျက်မှ သင်ခန်းစာယူ၍ စီမံချက်အသစ်များ ရေးဆွဲတတ်လာမည်ဖြစ်သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကို အလျင်မီအောင်ဆောင်ရွက်ပေးရန်မှာလည်း ခက်ခဲပေသည်။ ဤမျှဆိုးရွားစွာ ပြိုပျက်မှုမျိုး မဖြစ်စေရန် အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်သော နည်းစနစ်များဖြင့် တည်ဆောက်ရန်လိုအပ်ပေသည်။

ချီလီနိုင်ငံ မော်လီဒေသကမ်းခြေ၌ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၀၃း၃၄ နာရီတွင် ရစ်ချ်တာစကေး ၈ ဒသမ ၈ ရှိ



**ချီလီငလျင်၏ပြင်းထန်မှုအခြေအနေ**

အလွန်ပြင်းထန်သည့် ငလျင်ကြီးလှုပ်ခဲ့သည်။ လေးမိနစ်ခန့်ကြာအောင် လှုပ်ခတ်ခြင်းဖြစ်သည်။ ငလျင်၏ဗဟိုချက်မသည် တောင်လတ္တီတွဒ်မျဉ်းကြောင်း ၃၅ ဒသမ ၈၄၆ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် မျဉ်းကြောင်း ၇၂ ဒသမ ၇၁၉ ဒီဂရီနေရာတွင်ရှိသည်။ လတ္တီတွဒ်မျဉ်းကြောင်း ၇၂ဒသမ ၇၁၉ ဒီဂရီအနောက်ဘက်နေရာတွင်ရှိသည်။ ချီလီကမ်းခြေမှ အနောက်ဘက် ကယူဘာနိုက်မြို့လေးမှ ၅ မိုင်ခန့်သာ ကွာဝေးသော တယ်ကာဟွာနိုမြို့မြောက်ဘက်နှင့် ဆန်အန်တိုနီယိုမြို့တောင်ဘက်အကြားတွင်ရှိသည်။ ငလျင်အင်အား အလွန်ပြင်းထန်သော်လည်း မြေအောက် ၂၂ မိုင်အနက်တွင် ဗဟိုပြုသဖြင့် ပြင်းအားသည် ပျက်စီးမှုဆိုးဝါးစွာ မဖြစ်ခဲ့ခြင်းဟု ဆိုနိုင်သည်။

အဆိုပါငလျင်၏ ပြင်းအားသည် ၁၉၆၀ ပြည့်နှစ်က ချီလီနိုင်ငံ၌လှုပ်ခဲ့သော ပြင်းအား ၉ဒသမ၅ ရှိသည့် ဗော်ဒီးဗီးယားမြေငလျင်ကြီးပြီးလျှင် ဒုတိယအပြင်းဆုံးဖြစ်သည်။ ၂၀၀၄ ခုနှစ်က အင်ဒိုနီးရှားငလျင်ကြီး၊ ၁၉၀၆ ခုနှစ်က အီကွေဒိုး-ကိုလံဘီယာငလျင်ကြီးနှင့် ၁၈၃၃ ခုနှစ်က ဆူမတြားငလျင်ကြီးများပြီးလျှင် ယခုချီလီငလျင်ကြီးသည် ကမ္ဘာ့ငလျင်သမိုင်းတွင် သတ္တမအဆင့် အပြင်းဆုံးငလျင်ကြီးဟု သတ်မှတ်နိုင်သည်။

ယခုငလျင်ကြီးကြောင့် မိုင် ၂၀၀ ပတ်လည်ရှိ ချီလီနိုင်ငံမှမြို့များစွာရှိအဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။ ယင်းအနက် တယ်ကာဟွာနို၊ အာရောကို၊ လိုတာ၊ ရှီဂွာယန်တီ၊ ကညီတီ၊ တယ်လ်ကာ၊ ကွန်စက်ပ်စီယောင်နှင့် ဆန်အန်တိုနီယိုမြို့များသည် ပျက်စီးမှုအပြင်းဆုံးရိုက်ခတ်ခံရသည်။ ချီလီနိုင်ငံ၏မြို့တော် ဆန်တီယာဂိုနှင့် အခြားကုန်းတွင်းပိုင်းမြို့များလည်း ပျက်စီးမှုများစွာရှိခဲ့သည်။ ချီလီနိုင်ငံမြောက်ဘက်ရှိ ပီရူးနိုင်ငံတောင်ပိုင်းမြို့တော် အိုင်ကာအထိ ငလျင်တုန်ခါမှုကိုခံရသည်။ အာဂျင်တီးနားနိုင်ငံမှ ဗျူနိုအေးရီးစ်မြို့တော် အပါအဝင် ကော်ဒိုးဘား၊ မင်ဒိုးဇားနှင့် လာရီယိုဂျား စသော မြို့များလည်းတုန်ခါခဲ့သည်။

ပစိဖိတ်နှင့် အတ္တလန်တိတ်သမုဒ္ဒရာကမ်းခြေရှိ နိုင်ငံပေါင်း ၅၃ နိုင်ငံတို့တွင် ဆူနာမီအရေးပေါ်သတိပေးချက်များ ကြေညာခဲ့ရသည်။ ချီလီသမ္မတ မီရှဲလ်ဘက်ချီလေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ဇုန်အဖြစ် ကြေညာခဲ့သည်။

ချီလီနိုင်ငံ၏ ဒုတိယအကြီးဆုံး ကွန်စက်ပ်စီယောင်မြို့သည် ငလျင်ဗဟိုချက်မ၏တောင်ဘက် ၇၁ မိုင်သာကွာဝေးသဖြင့် ငလျင်ဒဏ်ကြီးစွာခံရသည်။ ထိုငလျင်ဒဏ်ကြောင့် အနည်းဆုံးလူ ၇၂၃ ဦးသေဆုံးပြီး ရာပေါင်းများစွာ ပျောက်ဆုံးနေကြောင်း နောက်နေ့တွင် သမ္မတက သတင်းထုတ်ပြန်သည်။ ငလျင်ကြောင့် တစ်ပြည်လုံးတွင် အိုးအိမ်ပေါင်း ၅၀၀,၀၀၀ ပျက်စီး၍

လှုပေါင်း ၂ သန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ဖွယ်ရှိသည်ဟု ခန့်မှန်းသည်။ ငလျင်ကြီးလှုပ်ပြီး မိနစ် ၂၀ အကြာတွင် ဒ ၁သမ ၂ ရစ်ချ်တာစကေးရှိသော အပြင်းစားငလျင်နှင့် တစ်နာရီအကြာတွင် ၅ ၁သမ ၄ နှင့် ၅ ၁သမ ၆ ပြင်း အားရှိသောငလျင်များ ဆက်လှုပ်ခဲ့သည်။ မိနစ် ၉၀ မကြာမီမှာပင် ကမ်းလွန်ပင်လယ်အောက်၌ ၆ ၁သမ ၉ ပြင်းအားကြီးသော ငလျင်လှုပ်ခဲ့သည်။ ငလျင်ကြီး လှုပ်ပြီး ၉ နာရီကျော်အကြာတွင် အာဂျင်တီးနား နိုင်ငံမြောက်ပိုင်း ဆော်လတာမြို့တွင် ၆ ၁သမ ၃ပြင်း အားရှိသော ငလျင်လှုပ်ခဲ့သည်။ ချီလီငလျင်ကြီး၏ ဗဟိုချက်မနှင့် မိုင်ပေါင်း ၁,၀၀၀ နီးပါးဝေးသော ကုန်း တွင်းပိုင်းအထိ ယင်းသို့နောက်ဆက်တွဲ ငလျင်များ လှုပ်ခတ်ခြင်းဖြစ်သည်။

ချီလီနိုင်ငံမြို့များရှိ ငလျင်ဒဏ်ခံရသူများသည် မိုးကာတဲများတွင်လည်းကောင်း၊ လမ်းမများ၊ ကွင်းများ တွင်လည်းကောင်း နေထိုင်လျက်ရှိကြသည်။ အိုးမဲ့ အိမ်မဲ့များအပြင် နောက်ဆက်တွဲငလျင်ဒဏ်ကို ကြောက်လန့်၍ တိုက်တာများပေါ်မှ ဆင်းကာ ဤသို့ နေထိုင်သူ အများအပြားရှိခြင်းဖြစ်သည်။ မတ်လ ၄ ရက်နေ့တွင် ချီလီနိုင်ငံမြောက်ပိုင်း အန်တိုဖတ်စဂတ် စတားမြို့တွင် ၆ ၁သမ ၃ ပြင်းအားရှိသော ငလျင်ကြီး လှုပ်ခဲ့ပြန်သည်။ မူလ ငလျင်ဗဟိုချက်မနှင့် မိုင် တစ်ထောင်ခန့်ဝေးသောအရပ်တွင်ဖြစ်သည်။

မတ်လ ၈ ရက်နေ့အထိ နောက်ဆက်တွဲငလျင် ပေါင်း ၄၀ ကျော်လှုပ်ခတ်ခဲ့ပြီး ချီလီနှင့် အာဂျင်တီးနား သာမက ဘရာဇီးနိုင်ငံအထိတိုင် ဂယက်ရိုက်လှုပ်ခတ်ခဲ့ သည်။ ဤမျှပြင်းထန်သော ငလျင်များ လှုပ်ခတ်ခြင်း မှာ ဤဒေသ၏ပထဝီဝင် အနေအထားသည် ငလျင်ကြီး များဖြစ်စေနိုင်သည့် ပြတ်ရွေ့ကြောများနှင့် ဘူမိမြေလွှာ အနေအထားများကြောင့်ဖြစ်ကြောင်း ငလျင်ကျွမ်းကျင် သူများက ဆိုသည်။

ဘူမိဗေဒအရ ကမ္ဘာကြီးသည် အပေါ်ယံအခွံလွှာ ဖြင့် အတွင်းကချော်ရည်ပူများကို ဖုံးအုပ်ထားခြင်းဖြစ်ပြီး ထိုကမ္ဘာ့အခွံသည်အက်ကြောင်းများဖြင့် ဆက်ထား သည့် မြေလွှာများဖြစ်သည်။ ထိုမြေလွှာများသည် တက်ကောနစ်ခေါ်လှုပ်ရှားနေသည့် ပလိတ်ပြားချပ်လွှာ များဖြစ်သည်။ ထိုမြေချပ်လွှာအပြားများ တစ်ခုနှင့်တစ်ခု တွန်းတိုက်နေရာမှ အက်ကြောင်းများဖြစ်ကာ ဖော့လ် ခေါ်ပြတ်ရွေ့ကြောများနေရာတွင် ချော်ထွက်၊ ကန်တက်၊ ပေါက်ထွက်၊ ထပ်တက်သွားသောအခါ ငလျင်ကြီးများ လှုပ်ခတ်လေသည်။ ဤကမ္ဘာမြေပေါ်ရှိ မြေလွှာများ အက်ကွဲ၍ အချပ်လိုက်အလွှာလိုက်ဖြစ်နေသည်ကို ဘူမိ ဗေဒပညာရှင်များက သူ့နေရာ၊ သူ့ဒေသအလိုက် ပလိတ်ပြားချပ်လွှာအသီးသီးကို ရှာဖွေဖော်ထုတ်အမည် ပေးထားသည်။ တောင်အမေရိကတိုက်ကို "တောင်အမေရိကန် ပလိတ်ချပ်လွှာ" ဟုလည်းကောင်း၊ ကာရေဘီယံ ပင်လယ်ကွေ့ကို "ကာရေဘီယံ ပလိတ်ချပ်လွှာ" ဟူ၍ လည်းကောင်း၊ တောင်အမေရိကတိုက်အနောက်ဘက် ကမ်းခြေမှ အနောက်ဘက် ပစိဖိတ်၊ တောင်ဘက် အန္တာတိတ်နှင့် မြောက်ဘက်ကို ကော့စ်ပလိတ်ချပ်လွှာ ကြားရှိ အချပ်ကြီးကို "နတ်ဇကား ပလိတ်ချပ်လွှာ" ဟူ၍လည်းကောင်း အသီးသီးအမည်ပေးထားသည်။ ယခုချီလီနိုင်ငံကမ်းခြေတွင် ငလျင်ကြီးလှုပ်သွားခြင်းမှာ ဤဒေသရှိ ပထဝီအခွံပြား အလွှာချပ်များအချင်းချင်း တွန်း၊ တိုး၊ တိုက်မိရာမှ ပြတ်ရွေ့ကြော တစ်နေရာတွင် ကန်ထွက်ထပ်တက်သွားသောကြောင့်ဖြစ်သည်။

ပလိတ်ချပ်လွှာများသည် တောင်အမေရိက တိုက် ပလိတ်ချပ်လွှာ၏ အနောက်ဘက်အနားဆီသို့ စုပြီး တွန်းထိုး တိုးရွေ့လေ့ရှိတတ်သည်။ ဤသို့ တွန်း ရွေ့မှုကြောင့် ကမ္ဘာ့အပြင်းထန်ဆုံး ငလျင်ကြီးများ ဤဒေသ၌ ပေါ်ပေါက်လေ့ရှိသည်။

ယခုဖြစ်ပွားသည့် ချီလီငလျင်ကြီးသည် အထက် ဖော်ပြပါ တက်တောနစ် ပလိတ်ချပ်လွှာကြီးများက နတ်ဇကားနှင့် တောင်အမေရိကန် ပလိတ်ချပ်လွှာနှစ်ခု ကြားသို့ စုပြီးတွန်းထိုး တိုးရွေ့သောအခါ ထိုနှစ်ခုကြား၌ ပြတ်ရွေ့ကြောအပိုင်း မိုင် ၄၃၀ ရှိ အနားချင်းဝင် တိုက်ခြင်းဖြစ်သည်။

တိုက်အားကြောင့် ပေါက်ပြဲပြီး အနောက်ဘက် သို့ ၁၀ မီတာခန့် ရွေ့သွားခဲ့သည်။ ဤသို့ပလိတ်ချပ် လွှာချင်း ဝင်တိုက်မှုကြောင့် ပတ်ဝန်းကျင်ဒေသရှိ မြေလွှာများတွန့်ခေါက်ကာ ဆူကြွနိမ့်မြင့် ဖြစ်တတ် သည်။ ရွေ့သွားတတ်သည်။ အက်ကွဲတတ်သည်။

ယခုချီလီငလျင်ကြီးဖြစ်ပွားပြီးနောက် အမေရိကန်ပြည် အိုဟိုင်းအိုးပြည်နယ် သုတေသနဌာနနှင့် အခြားသိပ္ပံပညာရှင်များ၏တွေ့ရှိချက်အရ ဤငလျင်ကြောင့် ဆန်တီယာဂိုမြို့တော်သည် အနောက်နှင့် အနောက်တောင်ဘက်သို့ ၁၁ လက်မရွေ့သွားခဲ့သည်။ ကွန်စက်ပ်စီယောင်မြို့က အနောက်ဘက်သို့ ၁၀ ပေ ရွေ့သွားခဲ့သည်။ ထိုငလျင်က တောင်အမေရိကတိုက်၏ အခြားအပိုင်းများကိုလည်း ရွေ့စေခဲ့သည်။ ပမာပြရသော် အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနိုအေးရီးစ်မြို့သည် အနောက်ဘက်သို့ တစ်လက်မရွေ့ခဲ့သည်။ ယခုချီလီ ငလျင်၏ရိုက်ခတ်မှုသည် ဗဟိုချက်မနှင့် မိုင်ပေါင်း ၄,၇၀၀ ဝေးသည့် အမေရိကန်ပြည် နယူးအော်လင်းမြို့ရှိ ပွန့်ချပ်ထရိယံကန်ကြီးထဲမှ ရေများဘောင်ဘင်ခတ်ခဲ့သည်အထိ သက်ရောက်မှုရှိသည်ဟူ၏။

ပင်လယ်သမုဒ္ဒရာကြမ်းပြင်အောက်နှင့် ကမ်းခြေမြေအောက်တွင် ငလျင်ကြီးလှုပ်ရှားပါက ဆူနာမီခေါ် ငလျင်ရေလှိုင်းကြီးများ ဖြစ်ပေါ်လေ့ရှိသည်။ ပင်လယ်သမုဒ္ဒရာရေနက်ကြမ်းပြင်တွင် ဗဟိုပြုပါက ဆူနာမီရေလှိုင်း ပို၍ဖြစ်ပေါ်နိုင်သည်။ သာမန်အားဖြင့် ငလျင်ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၈ နှင့်အထက် (အချို့က ၆ ဒသမ ၅ အထက်ဟုဆိုသော်လည်း လက်တွေ့ဖြစ်လေ့မရှိ။) ပင်လယ်သမုဒ္ဒရာအောက်နှင့် ကမ်းခြေတွင် လှုပ်ခတ်တိုင်း ဆူနာမီရေလှိုင်းဖြစ်ပေါ်ကြောင်း ငလျင်ပညာရှင်များက တွေ့ရှိထားသည်။ ဆူနာမီရေလှိုင်းသည် ပင်လယ်သမုဒ္ဒရာ၏ ရေမျက်နှာပြင်အောက်မှ ပြေးလာပြီး ကမ်းစပ်ကိုရိုက်ခတ်ခြင်းဖြစ်သည်။ ကမ္ဘာ့အခွံဖြစ်သော မြေချပ်လွှာအချင်းချင်း တိုးဆောင့်ရာမှ ပြတ်ရွေ့ကြောနေရာတွင် မြေချပ်လွှာအချင်းချင်း ဆောင့်ကန်လိုက်သောအခါ ပေါက်ပြဲသွားပြီးအတွင်းမှအလွန်ပူပြင်းလှသည့် ချော်တို့၏ မှုတ်အား၊ တွန်းကန်အားကြောင့် မြေချပ်လွှာအနားအစွန်းများ ဆောင့်ကန်တက်လာသည့်အားသည် သမုဒ္ဒရာအောက်မှ ရေတို့ကို ကြီးမားသောအရှိန်အဟုန်ဖြင့် ဆောင့်ကန်လိုက်ခြင်းဖြစ်သည်။ ဆောင့်ကန်ရာ၌ မြေတွင်းမှအပူရှိန်အားလည်း ပါဝင်သည်။ မြေချပ်လွှာအနားအချင်းချင်းတွန်းဆောင့်၍ ကွဲထွက်လာသော အစွန်းအနား၏ အရှည်အတိုင်းအတာနှင့် မြင့်တက်သည့်အစွန်း၏အမြင့် အတိုင်းအတာပေါ်မူတည်၍ ဆူနာမီဖြစ်ပေါ်မှုအားအကြီးအသေးရှိနိုင်သည်။

ဆူနာမီရေလှိုင်းသည် ပင်လယ်သမုဒ္ဒရာအောက် မိုင် ၃၀ ထက်ပိုနည်းသော မြေချပ်လွှာကွဲထွက် တွန်းကန်မှုကြောင့်ဖြစ်သည်။ ထို့ထက်နက်ပါက ဆူနာမီ ဖြစ်လေ့မရှိပေ။ ဆူနာမီရေလှိုင်းသည် ရေနက်ထဲတွင် အလွန်ရှည်သောလှိုင်းများ ဖြစ်လာသည်။ လှိုင်း၏အမြင့်မှာ တစ်ပေမှ သုံးပေအထိသာမြင့်လေ့ရှိသည်။ ထို့ကြောင့် ရေမျက်နှာပြင်ပေါ်၌ လှိုင်းပုတ်မှန်း မသိသာဘဲရှိတတ်သည်။ ထိုဆူနာမီရေလှိုင်းသည် တစ်နာရီလျှင် မိုင် ၄၀၀ မှ ၆၀၀ အထိ ပြေးသွားနိုင်သည့် အမြန်နှုန်းရှိပြီး ကမ်းစပ်အထိရောက်နိုင်သည်။ ကမ်းစပ်နှင့်နီးသော ရေတိမ်ပိုင်းရောက်သောအခါ ကြမ်းပြင်၏အတားအဆီးကြောင့် လှိုင်းများတိုသွားသည်။ နှေးသွားသည်။ ကမ်းစပ်နှင့် နီးလေ၊ တိုလေ၊ နှေးလေမြင့်တက် လာလေ




ချီလီငလျင်ဗဟိုချက်ပြမြေပုံ

ဖြစ်တတ်သည်။ ကမ်းစပ်သို့ပေ ၁၀၀အထိ မြင့်သော လှိုင်းလုံးကြီးများအသွင်ဖြင့် ရိုက်ခတ်နိုင်သည်။ ကမ်းစပ်၏ဆင်ခြေလျှော အနိမ့်အမြင့်ပေါ်မူတည်၍ မိုင်နှင့်ချီပြီး

ကုန်းပေါ်သို့ ပင်လယ်ရေတက်သွားနိုင်သည်။ ဆူနာမီ၏ သဘာဝပုံစံသည် လှိုင်းလုံးများအလိပ်လိုက် ကမ်းစပ်သို့တစ်လိပ်ပြီးတစ်လိပ် ဆင့်ကဲလာရိုက်ခြင်းဖြစ်သည်။ ရှေးဦးရောက်လာသော လှိုင်းသည် မမြင့်လှပေ။ ထူးခြားချက်မှာ ရှေ့ပြေးလှိုင်းလိပ်က ပင်လယ်ကမ်းစပ်မှ ရေများကို အဝေးကြီးဆွဲချသွားပြီးရေအောက်ကြမ်းခင်းများ ပေါ်လာသည်ကို မြင်ရတတ်သည်။ ထို့နောက်မှ အရှိန်ကြီးကြီးနှင့် ရေထုလှိုင်းလုံးကြီးများ တလိမ့်လိမ့် ပြေးတက်လာခြင်းဖြစ်သည်။

ချီလီကမ်းခြေအနီးတွင် လှုပ်သောငလျင်သည် ပြင်းအား ၈ ဒသမ ၈ ရစ်ချ်တာစကေးရှိသောကြောင့် ဆူနာမီပေါ်ပေါက်မည်ဖြစ်သည်။ ပင်လယ်ရေအောက်တွင် ဖြန့်ကြက်ထားသည့် ခေတ်မီသိပ္ပံနည်းကျ ဗော်ယာများကလည်း နိုင်ငံများစွာကို ဆူနာမီ သတိပေးခဲ့သည်။ ငလျင်လှုပ်ပြီး မိနစ် ၃၀ အကြာတွင် ချီလီနိုင်ငံ ကမ်းရိုးတန်းမြို့များသို့ ဆူနာမီစတင် ဝင်ရောက်သည်။ ဗယ်ပါရိုင်ဆိုပင်လယ်တွင် ၈ပေ၆လက်မမြင့်သော ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့သည်။ တယ်လ်ကွာဟာနိုမြို့နှင့် ဘိုင်အိုဘိုင်အို ဒေသသို့ ၇ ဒသမ ၆၈ ပေမြင့်သော ဆူနာမီရိုက်ခတ်သည်။ ဟွမ်ဖာနန်ဒက်ဇ်ကျွန်းစုသို့လည်း ဆူနာမီလှိုင်းတက်၍ ထိုကျွန်းစုအနက် အကြီးဆုံးဖြစ်သည့် ရော်ဘင်ဆင်ခရူးဆိုးကျွန်းတွင် လှိုင်းကြီးများ တက်လာ၍ လူလေးဦး သေဆုံးပြီး ၁၁ ဦး ပျောက်ဆုံးခဲ့သည်။ ငလျင်လှုပ်ပြီး ၆ နာရီခန့် အကြာတွင် ၂,၁၈၀ မိုင်ဝေးသည့် ပစိဖိတ်ပင်လယ်ထဲမှ အီစတာကျွန်းကို ဆူနာမီရောက်သော်လည်း ၁ ပေကျော်သာ မြင့်သည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်နှင့်ပြင်သစ်ပိုင် ကျွန်းများအပါအဝင် အခြားကျွန်းနိုင်ငံများစွာသို့ ဆူနာမီရောက်သော်လည်း အန္တရာယ်ဖြစ်လောက်အောင် လှိုင်းမကြီးခဲ့ပေ။ အလားတူ နယူးဇီလန်၊ ဩစတြေးလျ စသောနိုင်ငံများ၏ ကမ်းခြေများသို့ ဆူနာမီလှိုင်းတက်ခဲ့သော်လည်း ၄ လက်မ မှ ၁ ပေ ၈လက်မအထိမြင့်သောလှိုင်းများသာ ပုတ်ခတ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံပေါင်း ၅၃ နိုင်ငံကစိုးရိမ်တကြီး ဆူနာမီ သတိပေးချက်များ ပြုလုပ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများပြုလုပ်ခဲ့သော်လည်း နှစ်ရက်အကြာတွင် ရုပ်သိမ်းခဲ့သည်။

ချီလီငလျင်သည် ငလျင်ပြင်းအားအနေဖြင့် ရစ်ချ်တာစကေး ၈ ဒသမ ၈ ရှိပြီး ဟေတီငလျင်သည် ၇ ဒသမ ၀ ရှိသည်။ ချီလီငလျင်သည် ဟေတီငလျင်ထက် မဂ္ဂါလီဖျက်အားအဆ ၅၀၀ ပိုပြင်းသည်ဟု ဆိုသည်။ သို့သော်လည်း ဟေတီငလျင်က ချီလီငလျင်ထက် လူအသေအပျောက်အဆ ၂၅၀ ပိုများသည်။

ဟေတီငလျင်မှာ မြို့တော်ပေါ်တိုပရင့်စ်နှင့် ငလျင်ဗဟိုချက်မအလွန်နီးခြင်း၊ မြို့တော်ရှိ အဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်အောင် ဆောက်လုပ်



၂၀၁၀ ပြည့်နှစ်အတွင်း စံချိန်တင် လှုပ်ခတ်ခဲ့သည့် ချီလီငလျင်၏ အပျက်အစီး

ထားမှုမရှိခြင်းစသည်တို့ကြောင့် တိုက်တာအိမ်ခြေပြိုလဲ ပျက်စီးမှုနှင့် လူ့အသေအပျောက် အဆမတန်များပြား ခြင်းဖြစ်သည်။ ထို့ပြင်ပြို ကျပျက်စီးနေသည့် အဆောက် အအုံများအောက်တွင် ပိတ်မိနေသည့် လူအများကိုလည်း အချိန်မီကယ်ထုတ်နိုင်ခြင်းမရှိလောက်အောင် မြို့တော် ၏ အစိုးရအဖွဲ့ အဆောက်အအုံများပါ ပျက်စီးခဲ့သော ကြောင့် အစိုးရယန္တရားလည်ပတ်မှု ခေတ္တရပ်ဆိုင်းသွား သည့် သဘောက ကယ်ဆယ်ရေးကို နှောင့်နှေးစေခဲ့သည်။

ယခုချီလီမြေငလျင်သည် ပြင်းထန်သော်လည်း မြို့တော်ဆန်တီယာဂိုတွင် အပျက်အစီး အလွန်များပြား ခြင်းမရှိသောကြောင့် လူ့အသေအပျောက်နည်းပြီးကယ် ဆယ်ရေးလုပ်ငန်းများလည်း အချိန်မီလုပ်နိုင်ခဲ့သည်။ ပျက်စီးသွားသည့် လေဆိပ်နှင့်သင်္ဘောဆိပ်များလည်း နောက်နေ့မှာပင် ပြန်လည်ဖွင့်လှစ်အသုံးပြုနိုင်ခဲ့သည်။

သို့သော် ချီလီငလျင်ကြီးတွင် အလွန်အကျည်း တန်အရုပ်ဆိုးသော လူမှုစရိုက်ဆိုးများ ပေါ်ပေါက်ခဲ့ သည်။ မြို့တော်ဆန်တီယာဂိုနှင့် ဒုတိယမြို့တော် ကွန်စက်ပ်စီယောင်တို့တွင် ငလျင်ဒဏ်ပြီးသည်နှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးတို့ကို လူလူချင်းစာနာထောက်ထားစွာ ကူညီဆောင်ရွက်ရ မည့်အစား စူပါမားကက်ကြီးများ၊ စတိုးဆိုင်ကြီးများကို ဖောက်ထွင်း၍ လုယူကြသည်။ လူအများသည် ဈေးဆိုင်များကို ဖွင့်ဖောက်၍ အစားအသောက်များကို လုယက်ယူငင်ရုံသာမက ကုန်တိုက်ကြီးများကို ဖောက် ထွင်း၍ ပန်းကန်အိုးခွက်များ၊ ပရိဘောဂများကိုပါ သယ်ယူကြသည်။ ရုပ်မြင်သံကြား၊ ဗီဒီယိုစက်စသော အီလက်ထရွန်းနစ်ပစ္စည်းများကိုလည်း သယ်ယူကြသည်။ ဖရိုဖရဲပရမ်းပတာဖြစ်အောင် မီးလန့်စေပြီးမှ ရောင်းကုန် ပစ္စည်းများပါမကျန် လုယက်ကြသည်။ စစ်ရဲများက မျက်ရည်ယိုဗုံးများ၊ ရေပိုက်အမြောက်အမြားသုံး၍ လူရမ်းကားတို့ကို ဖြိုခွဲခဲ့ရသည်။ ကွန်စက်ပ်စီယောင် မြို့လယ်ကောင် နှင့်ဆင်ခြေဖုံးမှ လူရမ်းကား ၁၆၀ ကို ဖမ်းဆီးခဲ့ရသည်။ ကာဖျူးအမိန့်ပင်ထုတ်ခဲ့ရသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် ပေါ်ပေါက်သော ချီလီငလျင်၏ ဆိုးဝါးသောအနိဋ္ဌာရုံများအနက် ထောင် ဖောက်မီးရှို့၍ ထောင်သားများထွက်ပြေးမှု လည်းပါဝင် သည်။ ထောင်အနီးရှိ ရပ်ကွက်ကို ထွက်ပြေးသော အကျဉ်းသားများက မီးရှို့သဖြင့် အိမ် ၇ လုံး မီးလောင် ခဲ့သည်။ ထောင်သား ၂၀၃ ဦးအနက် ၃၆ ဦးသာ ပြန်လည် ဖမ်းဆီးနိုင်သည်။ ထောင်ထွက်များသည် မီးရှို့ လုယက်မှုများသာမက မိန်းကလေးများကို အဓမ္မပြုကျင့် သောပြစ်မှုများကိုပါ ကျူးလွန်ခဲ့ကြသည်။



**အဆောက်အအုံအပြိုအပျက်များကြားမှ ကယ်တင်နေစဉ်**

ချီလီငလျင်သည် စံတင်လောက်သည့် လူမှုရေး ဖောက်ပြန်မှုနှင့် အကျင့်ပျက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အလားတူကမ္ဘာက အံ့သြလောက်အောင်ဖြစ်ရပ် များလည်း ချီလီငလျင်က ပီပြင်စွာသရုပ်ပြခဲ့သေးသည်။ ဤငလျင်ကြီးသည် မည်မျှပြင်းအားကြီးခဲ့သည်ဆိုသော် ကမ္ဘာကြီး၏ လည်ပတ်မှုနှုန်းကိုပင် ထိခိုက်ခဲ့သည်။ တစ်နေ့တာ၏ အချိန်ကို တစ်စက္ကန့်၏ တစ်သန်းပုံ ၁ ဒသမ ၂၆ ပုံ နှေးသွားစေခဲ့သည်။ ဤငလျင်ကြီးကြောင့် ချီလီနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့မှ မြို့များမှာ နေရာ အနည်းငယ်စီ ရွေ့သွားရုံမျှမက တောင်အမေရိကတိုက် ကြီးတစ်ခုလုံးရှိ နေရာအများအပြားဖြစ်သည့် အာဂျင် တီးနားအရှေ့ဘက်ကမ်းလွန်ရှိ ဖောက်ကလန်ကျွန်းမှ သည် ဘရာဇီးနိုင်ငံအရှေ့မြောက်အစွန်ရှိ ဖော့တယ် လီဇာမြို့တို့ပါ ရွေ့လျားသွားကြောင်း တွေ့ရှိရလေသည်။

**အောင်ချိန်ဘွား**

# မောင်းသူမဲ့လေယာဉ်

မောင်းသူမဲ့လေယာဉ်ဟူသည် အဝေးထိန်းစနစ်၊ ပစ်မှတ်ရှာဖွေသည့်စနစ်၊ မောင်းနှင်မှုစနစ်နှင့် ပစ်ခတ်တိုက်ခိုက်မှု စနစ်များသာထည့်သွင်းထားပြီး လေယာဉ်မှူးနှင့်လေယာဉ်ဝန်ထမ်း တစ်စုံတစ်ယောက်မျှမပါရှိသော လေယာဉ်ဖြစ်သည်။ မောင်းသူမဲ့ လေယာဉ်များကို ဒုတိယကမ္ဘာစစ်အတွင်းမှာကတည်းကအသုံးပြုခဲ့သည်။ ထိုစဉ်က ရန်သူနယ်မြေပိုင်နက်အတွင်း သူလျှို ထောက်လှမ်းသည့်ကိစ္စများ၌ အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ် အချိန်အခါ၌ မောင်းသူမဲ့လေယာဉ်ကို သူလျှိုလုပ်ငန်းများအပြင် တိုက်ခိုက်ရေးလုပ်ငန်းများတွင်ပါ ပူးတွဲအသုံးပြုလာကြသည်။ ထို့ပြင် မူလကတည်းက ခေတ်မီ နည်းပညာများကို ထည့်သွင်း အသုံးပြုခဲ့သည်ဖြစ်၍ ယခုအခါ၌ အသံတိတ် မြန်နှုန်းမြင့် မောင်းသူမဲ့လေယာဉ်များပင် ပေါ်ပေါက်လာပြီဖြစ်သည်။ မောင်းသူမဲ့လေယာဉ်၏ အဓိကပစ်မှတ်သည် တိုက်ခိုက်လိုသူများ၏ ရန်သူ၊ အကြမ်းဖက်သမားများ သာဖြစ်သော်လည်း လူပုဂ္ဂိုလ်က ထိန်းချုပ်နိုင်မှုစွမ်းအားနည်းသံဖြင့် ပစ်မှတ်လွဲချော်မှုများဖြစ်စေကာ အပြစ်မဲ့ ပြည်သူများကို ထိခိုက်သေကြေပျက်စီးစေခဲ့သည်လည်း ရှိခဲ့လျက်၊ ယနေ့တိုင်လည်း ရှိနေဆဲဖြစ်သည်။ တစ်နည်းအားဖြင့် တလွဲ သက်ရောက်မှုကို ဖြစ်စေခဲ့သည်။ ထို့ကြောင့် ပစ်မှတ်အား တိတိကျကျပစ်ခတ်နိုင်မှုစနစ်ကို မြှင့်တင်ဆောင်ရွက်နိုင်မှသာ မောင်းသူမဲ့လေယာဉ်၏ အဓိကရည်ရွယ်ချက်ကို ရရှိစေမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ထဲတွင် မောင်းသူမဲ့လေယာဉ်များသည် ရာသီဥတုစနစ်ကို စူးစမ်းထောက်လှမ်းရာ၌ အသုံးပြုလေ့လာသည်ကိုလည်း တွေ့လာရသည်။

မောင်းသူမဲ့လေယာဉ် Unmanned Aerial Vehicle (UAV) ကို အဝေးထိန်းစနစ်ဖြင့် မောင်းသော လေယာဉ် Remotely Piloted Vehicle သို့မဟုတ် မောင်းသူမဲ့လေယာဉ်စနစ် Unmanned Aircraft System (UAS) ဟူ၍လည်းခေါ်ကြသည်။ ၎င်းတို့ကို စစ်ဘက်တွင် အများဆုံးအသုံးပြုကြသည်။

UAV သည် ပြန်လည်အသုံးပြုနိုင်သည့် မောင်းသူမဲ့လေယာဉ်ဖြစ်ပြီး ဂျက် သို့မဟုတ် ပြန်လည်ဖြည့်တင်းနိုင်သည့် စက်စွမ်းအားဖြင့်အချိန်ကြာမြင့်စွာ ရေပြင်ညီပျံသန်းမှုကို ပြုလုပ်နိုင်သည့်ယာဉ်ဟူ၍ အဓိပ္ပာယ်သတ်မှတ်သည်။ ထို့ကြောင့် ခရစ်ဒုံးပျံများသည် UAV မဟုတ်ပေ။ အကြောင်းမှာ ၎င်းသည် အခြားများစွာသော လမ်းညွှန်မှုပါရှိသည့် ဒုံးပျံများကဲ့သို့ပင် ၎င်းကိုယ်တိုင် လက်နက်တစ်ခုဖြစ်၍ မောင်းသူမပါဘဲ အဝေးမှထိန်းချုပ် လမ်းညွှန်နိုင်သော်လည်း ပြန်လည်အသုံးပြုနိုင်ခြင်းမရှိသောကြောင့်ဖြစ်သည်။

UAV မျိုးကွဲများစွာရှိရာ ပုံသဏ္ဌာန်၊ အရွယ်အစား၊ စွမ်းရည်အမျိုးအစားနှင့် သီးခြားတည်ရှိသော ဂုဏ်သတ္တိတို့အရ ကွဲပြားမှုရှိကြသည်။ UAV များကို အဓိကအားဖြင့် မျိုးကွဲနှစ်ခုသတ်မှတ်ထားရာ အဝေးထိန်းမောင်းနှင်မှုနှင့် ပျံသန်းသော အမျိုးအစားနှင့် ပိုမိုရှုပ်ထွေးသည့် အလိုအလျောက် လှုပ်ရှားမှုအပေါ်တွင် အခြေပြုသော အမျိုးအစားတို့ဖြစ်သည်။

လက်ရှိစစ်ဘက်သုံး UAV များမှာ ကင်းထောက်ပျံသန်းခြင်းနှင့် တိုက်ခိုက်ရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြသည်။ များစွာသော အောင်မြင်သည့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများတွင် စစ်သွေးကြွများကို သတ်ဖြတ်နိုင်မှုသတင်းများ ဖော်ပြလျက်ရှိသော်လည်း ထိုတိုက်ခိုက်မှုများတွင် အစုအဝေးလိုက် ပျက်စီးခြင်း သို့မဟုတ် မှားယွင်းပစ်ခတ်ခြင်းတို့ ပါဝင်လျက်ရှိသည်။

UAV များကို လက်ရှိအခြေအနေ၌ အရပ်ဘက်အသုံးများတွင်လည်း သုံးစွဲလျက်ရှိရာ မီးငြိမ်း

ယွမ်တစ်ပါစစ်ပွဲတွင် လက်ဘနွန်ရှိ ဆီးရီးယား ဒုံးကျည်တပ်ဖွဲ့တို့က အစ္စရေး၏ဂျက်တိုက်လေယာဉ် တို့ကိုများစွာ ပျက်စီးဆုံးရှုံးစေခဲ့သည်။ ထိုတိုက်ပွဲ၏ ရလဒ်အဖြစ် အစ္စရေးက ပထမဆုံးခေတ်မီ UAV ကို ထုတ်လုပ်နိုင်ခဲ့သည်။ ဤ UAV များမှ ပေးပို့သည့်ရုပ်ပုံ သတင်းအချက်အလက်များအရ ၁၉၈၂ ခုနှစ် လက်ဘနွန် သတ်ခြင်းနှင့် စစ်ဘက်မဟုတ်သော လုံခြုံရေးလုပ်ငန်း များဖြစ်သည့် ပိုက်လိုင်းများကို စောင့်ရှောက်ကြည့်ရှု ခြင်းတို့ဖြစ်သည်။ UAV တို့ကို များသောအားဖြင့် ပျင်းရိ ဖွယ်ကောင်းလွန်းသော၊ ညစ်ပတ်လွန်းသော သို့မဟုတ် အန္တရာယ်များလွန်းသော လုပ်ငန်းတာဝန်များကို ဆောင် ရွက်ရန် အသုံးပြုကြသည်။



အနာဂတ်တွင် ပေါ်ပေါက်လာမည့် မောင်းသူမဲ့လေယာဉ် MQ-X

**UAV တို့၏ သမိုင်းကြောင်း**

ပထမကမ္ဘာစစ်အတွင်းက တီထွင်ခဲ့သည့် Hewitt-Spurry Automatic Airplane နှင့် ၁၉၃၅ ခုနှစ် တွင် Refinald Denny ပြုလုပ်ခဲ့သည့် အဝေးမှထိန်းချုပ် မောင်းနှင်သည့်လေယာဉ် Remote Piloted Vehicle မှာလည်း UAV အမျိုးအစားတွင်ပါဝင်သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၁ ခုနှစ်တွင် Teledyne Ryan Fire Bee-1 ကဲ့သို့သောပုံစံများ၌ ဂျက်အင်ဂျင်စက်များတပ်ဆင်အသုံးပြုခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် Beechcraft ကဲ့သို့သောကုမ္ပဏီများက အမေရိကန်ပြည်ထောင်စု ရေတပ်အတွက်ပူးပေါင်း ပါဝင်လုပ်ဆောင်လာကြသည်။ သို့သော် ဗီယက်နမ် စစ်ပွဲကာလအထိ ၎င်းတို့မှာအဝေးမှထိန်းချုပ်မောင်းနှင် သည့် လေယာဉ်များအဆင့်ထက် အနည်းငယ်မျှသာ ပိုသည်။

စစ်ပွဲအစပိုင်းတွင် အစ္စရေးက ဆီးရီးယားလေကြောင်း ကာကွယ်ရေး ဆောင်ရွက်မှုများအား လုံးဝချေဖျက်နိုင်ခဲ့ရာ အစ္စရေးလေယာဉ်များ ပစ်ချခံရမှု မရှိတော့ပေ။

၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်နှစ်များ အတွင်း တိုးတက်လာသောနည်းပညာများဖြင့် UAV များကို အရွယ်အစားပိုမိုသေးငယ်စေရန် တီထွင်နိုင်ခဲ့ သောကြောင့် အမေရိကန်စစ်ဘက်၏ အထက်အဆင့် ပုဂ္ဂိုလ်များက စိတ်ဝင်စားမှုကြီးမားခဲ့သည်။ UAV တို့ကို စရိတ်သက်သာ၍ လေယာဉ်ဝန်ထမ်းတို့၏ စွန့်စားရမှု အန္တရာယ်မရှိဘဲ ပိုမိုတိုက်ခိုက်နိုင်စွမ်းရှိသော တိုက်ပွဲဝင် ယန္တရားများအဖြစ်မြင်ခဲ့ကြသည်။

ပထမမျိုးဆက် UAV များကို စောင့်ကြည့် ရေးယာဉ်အဖြစ် အခြေခံအားဖြင့်အသုံးပြုခဲ့သော်လည်း Predator MQ-1 ကဲ့သို့သောလေယာဉ်တို့ကို AGM-114 Hellfire လေထုတွင်းမှ မြေပြင်သို့ ပစ်ခတ်သော

ဒုံးကျည်များတပ်ဆင်၍ တိုက်ခိုက်ရေးတွင်အသုံးပြုခဲ့ကြသည်။ လက်နက်တပ်ဆင်ထားသော UAV ကို မောင်းသူမဲ့ တိုက်ခိုက်ရေးယာဉ် Unmanned Combat Air Vehicle UCAV ဟု ခေါ်ခဲ့ကြသည်။

UAV များကို တောရိုင်းအတွင်း ပျောက်ဆုံးနေသောလူများ၊ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများတွင် ပိတ်မိလျက်ရှိသူများနှင့် ပင်လယ်တွင်းမျောပါနေသူများကို ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာအဖြစ်လည်း အသုံးပြုသည်။

UAV ဟူသော အတိုချုပ်ရေးသားမှုကို ချဲ့ထွင်၍ UAVS Unmanned Aircraft Vehicle System ဟု အချို့သောနေရာများတွင် ရေးသားသည်။ အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ရေတပ်မှ မူလစတင်သုံးစွဲခဲ့သည့်အတိုင်း ပြည်ထောင်စုလေကြောင်းအုပ်ချုပ်မှုမှ Unmanned Aircraft System (UAS) ဟူ၍ လိုက်နာခေါ်ဝေါ်သုံးစွဲခဲ့သည်။ ၎င်းမှာ လေယာဉ်သက်သက်မျှသာမဟုတ်ဘဲ မြေပြင်စခန်းနှင့် အခြားပစ္စည်းစနစ်များပါဝင်မှုကို ထင်ဟပ်ဖော်ပြခြင်းဖြစ်သည်။ သို့သော်တရားဝင် အတိုချုပ်အခေါ်အဝေါ်ဖြစ်သော UAS မှာ စစ်ဘက်လောကပြင်ပတွင် ကျယ်ပြန့်စွာသုံးစွဲခြင်းမရှိဘဲ UAV ဟူသောအသုံးသာ တွင်ကျယ်ခဲ့သည်။

UAS ၏ စစ်ဘက်တွင် အသုံးဝင်မှုကဏ္ဍမှာ အလွန်များပြားခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အီရတ်နိုင်ငံ စစ်ဆင်ရေးများ၌ ထောက်ပံ့ရန် မောင်းသူမဲ့လေယာဉ်တို့၏ပျံသန်းချိန်မှာ နာရီ ၁၀၀,၀၀၀ ကျော်ခဲ့သည်။

လျင်မြန်သည့်တိုးတက်မှု နည်းပညာများဖြင့် သေးငယ်သည့်လေယာဉ်ကိုယ်ထည်တွင် လုပ်ဆောင်နိုင်စွမ်းရှိမှုများ ပိုမိုထားရှိနိုင်ခဲ့ရာ သေးငယ်သော မောင်းသူမဲ့လေယာဉ်စနစ်များ Small Unmanned Aircraft Systems (SUAS) ကို ကြီးမားသည့်အရေအတွက်ဖြင့် သုံးစွဲစေခဲ့သည်။ SUAS တို့ တိုက်ပွဲဝင်ရာတွင် ကာကွယ်ရေးဌာနမှ ၎င်းတို့၏ပျံသန်းမှုနာရီများကို ခြေရာခံလုပ်ဆောင်မှု ကျယ်ပြန့်စွာပြုလုပ်ခဲ့ခြင်းမရှိပေ။

UAV တို့အနေဖြင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ပျံသန်းရေးလုပ်ငန်းများကို သာမက စစ်ရေးတိုက်ခိုက်မှုတာဝန်များ၊ ရန်သူ့လေကြောင်းကာကွယ်ရေးကို ဖိနှိပ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ကြသည်။

UAV တို့၏ကုန်ကျစရိတ်မှာ လေယာဉ်အရွယ်အစား အလေးချိန်အပေါ်မူတည်၍ ဒေါ်လာထောင်ဂဏန်းအနည်းငယ်မှ ဒေါ်လာသန်းပေါင်းဆယ်ဂဏန်းထိ ကုန်ကျမှုရှိနိုင်သည်။

UAV တို့က ကျယ်ပြန့်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသော်လည်း ၎င်းတို့၏ အခြေခံလုပ်ဆောင်မှုမှာ အဝေးထိန်းချုပ်မှုစနစ်ဖြင့် အာရုံခံခြင်းဖြစ်သောကြောင့် ကင်းထောက်ပျံသန်းရေးကဏ္ဍတွင် အများဆုံးအသုံးပြုသည်။ အခြားဆောင်ရွက်မှုမှာ အပြန်အလှန်ဆက်သွယ်မှုများနှင့် သယ်ယူပို့ဆောင်ရေးတို့ပါဝင်သည်။

**အဝေးမှထိန်းချုပ်မှုဖြင့် အာရုံခံခြင်း**

UAV ၏ အဝေးထိန်းအာရုံခံမှုလုပ်ငန်းတွင် လျှပ်စစ်သံလိုက်ဓာတ်ဖြာထွက်၍ အာရုံခံခြင်းများ၊ ဇီဝဗေဒဆိုင်ရာ အာရုံခံခြင်းများနှင့် ဓာတုဗေဒဆိုင်ရာ အာရုံခံခြင်းများပါဝင်သည်။ လျှပ်စစ်သံလိုက်ဓာတ် အာရုံခံကိရိယာများတွင် အမြင်အရတွေ့ရှိနိုင်သည့် အလင်းဖြာခြင်း၊ အင်ဖရာရက်ခေါ်အနီအောက်လှိုင်းသို့မဟုတ် အင်ဖရာရက်နီးပါးရောင်ခြည်လှိုင်းသုံးကင်မရာများနှင့် ရေဒါစနစ်များပါဝင်သည်။ အခြားလျှပ်စစ်သံလိုက်လှိုင်းများဖြစ်သော မိုက်ကရိုဝေ့ဖ်နှင့် အာလ်ထရာဗိုင်းလက် ရောင်ခြည်ဖြာမှုဖြင့် အာရုံခံခြင်းမှာ သုံးစွဲမှုနည်းသည်။

ဇီဝဗေဒဆိုင်ရာ အာရုံခံမှုမှာ လေထုတွင်းရှိ သေးငယ်သောသက်ရှိများနှင့် အခြားဇီဝဆိုင်ရာအကြောင်းအရာများကို ထောက်လှမ်းရှာဖွေခြင်းဖြစ်သည်။ ဓာတုဗေဒဆိုင်ရာ အာရုံခံကိရိယာမှာ လေဆာရောင်ခြည်ကိုအသုံးပြု၍ လေထုတွင်းမှ ပစ္စည်းတို့၏စုရုံးမှုကို သရုပ်ခွဲခြင်းဖြစ်သည်။

UAV များမှာ လေယာဉ်မှူးလိုက်ပါသည့် လေယာဉ်များထက် အန္တရာယ်ကြီးလွန်းသော နေရာများသို့ ထိုးဖောက်ဝင်ရောက်နိုင်ရာ ၂၀၀၆ ခုနှစ်တွင်

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် Aerosonde Pty ကုမ္ပဏီက ဟာရီကိန်းလေမုန်တိုင်းအတွင်းသို့ ပျံသန်း ဝင်ရောက်၍ လက်ရှိအချိန်တိုင်း ဖြစ်ပေါ်လျက်ရှိသည့်အချက်အလက်များကို ဆက်သွယ်ပေးပို့နိုင်သော အလေးချိန် ၃၅ ပေါင်ရှိ UAV ကိုထုတ်လုပ်ခဲ့သည်။

ယင်းလေယာဉ်စနစ်က လူလိုက်ပါသည့် လေယာဉ်မှ ရရှိနိုင်သောအချက်အလက်များထက် ပိုမိုတိကျသော အချက်အလက်များကို လေမုန်တိုင်း အတွင်းပိုင်းနှင့် ရေမျက်နှာပြင်အနီးသို့ ဝင်ရောက် ရယူနိုင်သည်။

အခြားသုံးစွဲမှုအဖြစ် ယူကေနိုင်ငံမှ လေယာဉ် ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုက အလေးချိန် ၂၀ ကီလိုဂရမ်ရှိ UAS ပုံစံတစ်မျိုးကို အန္တာတိတ်ကဲ့ သို့သော ပြင်းထန်သည့် ရာသီဉတုရှိရာဒေသတွင် သိပ္ပံ ပညာဆိုင်ရာ သုတေသနလုပ်ငန်းအတွက် အထူးထုတ် လုပ်ခဲ့သည်။

UAV တို့ကို ဘက်စုံအသုံးပြုနိုင်ရန် ပိုမို ထုတ်လုပ်ကြသော်လည်း ယင်းတို့ကို လုပ်ဆောင်ပုံအရ အမျိုးအစားခွဲခြားရလျှင်–

–ပစ်မှတ်အဖြစ် ပုံစံတုဆောင်ရွက်ခြင်း၊
–ကင်းထောက်ပျံသန်းခြင်း၊
–တိုက်ခိုက်ရေးတာဝန်ဆောင်ရွက်ခြင်း၊
–ထောက်ပံ့ပို့ဆောင်ရေးတာဝန်ထမ်းဆောင်ခြင်း၊
–သုတေသနနှင့်နည်းပညာ တိုးတက်ဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်း၊
–အရပ်ဘက်နှင့်စီးပွားရေးလုပ်ငန်းသုံး ဟူ၍ ခွဲခြားနိုင်သည်။ ထို့အပြင် ၎င်းတို့၏ တာဝေးနှင့် အမြင့် ပေ ပျံသန်းနိုင်မှုအရလည်း အတန်းအစားခွဲနိုင်သည်။

## အမေရိကန်လေတပ်၏ခွဲခြားပုံအဆင့်ဆင့်များ

အဆင့် N/A– သေးငယ်သည့် မိုက်ခရို UAV. BATMAV (Wasp Block 111)

အဆင့်–၁ အနိမ့်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင် နိုင်မှု (Gnat 750)

အဆင့်–၂ အလယ်အလတ်ပျံ၊ ကြာရှည်တာဝန် ထမ်းဆောင်မှု(သာမန်)၊ ယင်းတာဝန်ကို MQ-1 Predator နှင့် MQ-9 Reaper တို့က ထမ်းဆောင်သည်။

အဆင့်–၃ အမြင့်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင်မှု (သာမန်)၊ ယင်းတာဝန်ကို RQ-4 Golden Hawk က ထမ်းဆောင်သည်။ အမြင့်ပေ ၆၀၀၀၀ မှ ၆၅၀၀၀ အတွင်း တွင် ၂၄ နာရီကြာပျံသန်းနိုင်စွမ်းရှိ သည်။

အဆင့်–၄ အမြင့်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင် နိုင်၍ တွေ့မြင်နိုင်မှုနည်းသည့် UAV RQ-170 Sentinel ကို အသုံးပြုထား သည်။

## အမေရိကန်မရိန်းတပ်၏ခွဲခြားပုံအဆင့်ဆင့်များ

အဆင့် N/A– မိုက်ကရို UAV နကျယ်ကောင်–၃၊ လေ တပ်၏ BATMAV အဆင့်နှင့်တူညီ သည်။

အဆင့်–၁ နဂါးမျက်လုံးလေယာဉ်များက ဆောင် ရွက်၍ RQ-11 B RavenB သို့ပြောင်း လဲလျက်ရှိသည်။

အဆင့်–၂ မျက်စိလျင်သော သိန်းငှက်လေယာဉ် ဖြစ်၍ RQ-2 Pioneer လေယာဉ်နှင့် အတော်အသင့်တူသည်။

အဆင့်–၃ တာလတ် နည်းဗျူဟာ UAV မှာ Pioneer UAV ဖြစ်၍ အသုံးမပြုတော့ရန် ရည်ရွယ်ထားသည်။

## အမေရိကန်ကြည်းတပ်၏အဆင့်ခွဲခြားပုံ

အဆင့်–၁ သေးငယ်သော UAV RQ-11 A/B Raven

အဆင့်–၂ တာတို၊ နည်းဗျူဟာ UAV RQ-7A/B Shadow 200

အဆင့်–၃ တာလတ်၊ နည်းဗျူဟာ UAV RQ-5A/ MQSA/B Hunter နှင့် IGNAT/GNAT-ER တို့ကိုသုံးရာမှ တာဝေးအထွေထွေ သုံး (ERMP) MQ-IC Warrior သို့ ပြောင်းရန်ရှိသည်။

**အမေရိကန်ပြည်ထောင်စုတွင် အသုံးပြုလျက်ရှိသော စစ်ဘက်သုံး UAV များ၏ အခန်းကဏ္ဍ လက်နက်တပ်ဆင်တိုက်ခိုက်ခြင်း**

MQ-1 Predator UAV များကို ဟဲလ်ဖိုင်းယားဒုံးကျည်များတပ်ဆင်၍ မြေပြင်ပစ်မှတ်များကို ပစ်ခတ်ရန် အသုံးပြုသည်။ လက်နက်တပ်ဆင်ထားသည့် Predator တို့ကို ၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးလုပ်ငန်းများအတွက် အများဆုံးအသုံးပြုခဲ့သည်။

သည့်ပစ်မှတ်များသည် တိုက်ခိုက်ရေးသမားများ ဟုတ်မဟုတ် စုံစမ်းခြင်းမပြုလုပ်ခဲ့ကြောင်း သို့မဟုတ် တိုက်ပွဲဝင်သူများနှင့် အရပ်သားများကို ခွဲခြားခြင်းမပြုခဲ့ကြောင်းတွေ့ရှိခဲ့သည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ဘရွတ်ကင်းစ်အင်စတီကျူမှ ထုတ်ပြန်ခဲ့သောအစီရင်ခံစာတစ်ခုတွင် ပါကစ္စတန်၌ အမေရိကန်ဦးဆောင်သည့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများက စစ်သွေးကြွတစ်ဦးကို သတ်ဖြတ်နိုင်တိုင်း အရပ်သား ၁၀ဦးသေဆုံးခဲ့ကြောင်းဖော်ပြခဲ့သည်။ ပါကစ္စတန်သံအမတ်ကြီး



**MQ-9 Reaper**

ဗုံးများဖြင့်တိုက်ခိုက်ခြင်းကို မိတ်ဆွေနိုင်ငံအဖြစ်ယူဆသည့် နိုင်ငံများတွင် တရားဝင်ခွင့်ပြုချက်မရရှိဘဲ ပြုလုပ်ခြင်းဖြစ်ရာ မောင်းသူမဲ့ UAV များကို အသုံးပြုခြင်း၏ အကျိုးကျေးဇူးများမှာ အကယ်၍ လေယာဉ်ကို ပစ်ချခြင်းခံရပါက လေယာဉ်မှူးများအား ဖမ်းဆီးခြင်းဖြင့် သံတမန်ရေးရာ မျက်နှာပျက်ဖွယ်များကို ရှောင်ရှားနိုင်သည်။

သို့သော် UAV တို့ပစ်ခတ်ရာတွင် ပစ်မှတ်တိကျမှုအပေါ် မေးခွန်းထုတ်စရာများဖြစ်ခဲ့သည်။ ၂၀၀၉ ခုနှစ် မတ်လတွင် အစ္စရေး UAV တို့၏ ဒုံးကျည်ပစ်ခတ်မှုကြောင့် ဂါဇာကမ်းမြှောင်ဒေသတွင် ပါလက်စတိုင်း အရပ်သား ၄၈ ဦးကို သေဆုံးစေခဲ့သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က အရပ်သားများသေဆုံးမှုရှိသည့် UAV တိုက်ခိုက်မှုခြောက်ခုအား စုံစမ်းစစ်ဆေးခဲ့ရာ အစ္စရေးတပ်များက ၎င်းတို့ပစ်ခတ်

ဟောင်း အက်စ်အက်ဖ်ဇက်ဟတ်ဆန်က ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် အမေရိကန် UAV တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်နိုင်ငံသားတို့၏ ထင်မြင်ချက်မှာ အမေရိကန်ပြည်ထောင်စုအပေါ် ဆန့်ကျင်ခဲ့ကြောင်းနှင့် ထိုသို့တိုက်ခိုက်မှု (၃၅) ကြိမ် သို့မဟုတ် အကြိမ် (၄၀) တွင် ထိပ်တန်းအယ်လ်ကေဒါလှုပ်ရှားသူ ၈ ဦးမှ ၉ ဦးအထိကိုသာ သတ်ဖြတ်နိုင်ခဲ့ကြောင်း ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ပြောကြားခဲ့သည်။

အရပ်သားများသေဆုံးမှု၏ ပြဿနာတစ်ခုမှာ တင့်ကားနှင့်ဘန်ကာကတုတ်ကျင်းများကို တိုက်ခိုက်ရန် ပုံစံထုတ်ခဲ့သည့်အလေးချိန် ပေါင် ၁၀၀ ရှိ ဟဲလ်ဖိုင်းယားဒုံးကျည်များကို အလွန်အမင်းအသုံးပြုခဲ့ခြင်းကြောင့်ဖြစ်သည်။

ဝန်သယ်ဆောင်ရာတွင် ကန့်သတ်မှုရှိသည့် ပရီဒေတာ–အေ မောင်းသူမဲ့လေယာဉ်များဖြင့် များစွာ

လေးသည့် ဟဲလ်ဖိုင်းယားဒုံးကျည်နှစ်ခုကို သယ်ဆောင်၍လည်းကောင်း၊ ဂရပ်ဖစ်ဒုံးကျည် ခြောက်ခုအထိ သယ်ဆောင်၍လည်းကောင်း တိုက်ပွဲဝင်ခဲ့သည်။

## ရှာဖွေရေးနှင့် ကယ်ဆယ်ရေး

အမေရိကန်ပြည်ထောင်စု၏ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် UAV များက များစွာ လုပ်ဆောင်နိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် တက္ကဆက်စ်နှင့် လူဝီစီယားနားပြည်နယ်တို့၌ တိုက်ခတ်ခဲ့သည့် လေမုန်တိုင်းများတွင် UAV တို့ကို အောင်မြင်စွာ အသုံးပြုခဲ့ခြင်းဖြင့် ဤအချက်ကိုပြသခဲ့သည်။

ပရီဒေတာ မောင်းသူမဲ့လေယာဉ်များက ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၈,၀၀၀ မှ ၂၉,၀၀၀ အတွင်းတွင်ပျံသန်းလျက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ပျက်စီးမှုများကို အကဲဖြတ်ခန့်မှန်းခဲ့ကြသည်။ ၎င်းက သယ်ဆောင်ခဲ့သည့် ပစ္စည်းကိရိယာများမှာ အနီအောက်ရောင်ခြည်သုံး ကင်မရာများနှင့် အမြင်အာရုံခံရေဒါများဖြစ်သည်။ ပရီဒေတာလေယာဉ်၏ SAR ရေဒါ၏နည်းပညာသည် ခေတ်မီရုပ်ထွေးပြီး ရာသီဥတုမရွေး ပုံရိပ်များကို တိမ်များ၊ မိုးရေများနှင့် ဆီးနှင်းတို့ကို ဖောက်ထွင်းဖြတ်သန်း၍ နေ့ညမဟူ အချိန်အစစ်အမှန်နှင့်အညီ အခြေအနေများကို အာရုံခံနိုင်စွမ်းရှိသည်။ SAR ရေဒါက ဖမ်းယူသော ပုံရိပ်များမှာ အထူးကောင်းမွန်သည့်အတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် များစွာအထောက်အကူပြုသည်။ လေမုန်တိုင်းမကျမီနှင့်ကျပြီးပုံရိပ်များကို နှိုင်းယှဉ်၍ ကွန်ပျူတာ၏ ညွှန်ပြမှုအပေါ်မှ ဒေသ၏ ပျက်စီးမှုများကို ဖော်ထုတ်ပြသနိုင်သည်။

UAV ထုတ်လုပ်သူများ ကမ္ဘာတစ်ဝန်းလုံးတွင်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးတို့မှာ ဤနည်းပညာတွင် ဦးဆောင်သူများဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စု ထုတ်လုပ်မှု ဈေးကွက်ဝေစုမှာ ၂၀၀၆ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းရှိ၍ ၂၀၁၆ ခုနှစ်အထိ ဈေးကွက်ဝေစုမှာ ၅ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်းအတွင်း တိုးတက်မည်ဟုယူဆထားသည်။ နော့သရော့ ဂရမ်မင်းနှင့် ဂျင်နရယ်အက်တွန်မ်စစ် ကုမ္ပဏီတို့က ထုတ်လုပ်သူများအကြားတွင် လွှမ်းမိုးလျက်ရှိသည်။ ဥရောပမှ ထုတ်လုပ်သောUAV စနစ်များမှာ အမေရိကန်နိုင်ငံထုတ် UAV စနစ်များနှင့်နှိုင်းယှဉ်လျှင် ဒုတိယအဆင့်တွင်သာရှိသည်။၂၀၀၆ ခုနှစ်တွင် ဥရောပ၏ဈေးကွက်ဝေစုမှာ တစ်ကမ္ဘာလုံး၏ ၄ ရာခိုင်နှုန်းသာရှိသည်။

အမေရိကန်စစ်ဘက် UAV တို့၏ ထုတ်လုပ်မှုစရိတ်မှာ ၎င်းတို့၏မူလခန့်မှန်းမှုများကို ကျော်လွန်ခဲ့ကြသည်။ ၎င်းမှာ ထုတ်လုပ်မှုကာလတွင် အပြောင်းအလဲများပြုမှုနှင့် လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးတို့၏ ထုတ်လုပ်မှုစီမံကိန်းများအပေါ် ဩဇာမသက်ရောက်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်ရေတပ်၏ UAV စီမံကိန်းတွင် စရိတ်တိုးတက်မှုမှာ ၀ မှ ၅ ရာခိုင်နှုန်းအထိရှိပြီး အမေရိကန်လေတပ်၏ UAV စီမံကိန်းအပေါ်တွင် ၆၀ မှ ၂၈၄ ရာခိုင်နှုန်းအထိ တိုးတက်စေခဲ့သည်။

ဗီယက်နမ်စစ်ပွဲကာလတွင် အသုံးပြုခဲ့သော UAV များမှာ လွတ်တင်လိုက်သည်နှင့် လေယာဉ်က မျဉ်းဖြောင့်အတိုင်းသော်လည်းကောင်း၊ ကြိုတင်သတ်မှတ်ထားသည့် စက်ဝိုင်းပုံမျဉ်းများအတိုင်းသော်လည်းကောင်း ပျံသန်းမှုများပြုလုပ်၍ ဗီဒီယိုရိုက်ကူးခြင်းဖြင့် မှတ်တမ်းတင်ကာ လေယာဉ်က လောင်စာဆီကုန်၍ ဆင်းသက်လာသည့်အခါတွင် ဗီဒီယိုဖလင်ကိုထုတ်ယူကာ သရုပ်ခွဲမှုပြုလုပ်ကြသည်။ ဤကဲ့သို့ လေယာဉ်၏ ရိုးရှင်းစွာလုပ်ဆောင်မှုသဘာဝကြောင့် ၎င်းတို့အား ဒရုန်း (drones) များဟု ခေါ်ဆိုခြင်းဖြစ်သည်။

ရေဒီယိုဖြင့် ထိန်းချုပ်မှုစနစ်များရရှိလာသည့်အခါ UAV များကို အဝေးမှ ထိန်းချုပ်မှုပြု၍ "အဝေးထိန်းပျံသန်းရေးယာဉ်" ဟူ၍ အမည်မှည့် ခေါ်ဝေါ်ခဲ့ကြသည်။

ယနေ့ UAV များမှာ အများအားဖြင့် အဝေးထိန်းချုပ်မှုနှင့် ကွန်ပျူတာဖြင့် အချက်အလက်များ ထည့်သွင်းကာ မိမိကိုယ်တိုင်လုပ်ဆောင်စေနိုင်မှုတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ပိုမိုခေတ်မီရှုပ်ထွေးသော ပုံစံများတွင် ထိန်းချုပ်မှု သို့မဟုတ် လမ်းညွှန်စနစ်များကို လေယာဉ်မှူး၏တာဝန်များဖြစ်သော အမြန်နှုန်းနှင့် ပျံသန်းမှုလမ်းကြောင်း ထိန်းသိမ်းရေး၊ လမ်းညွှန်မှုများအတိုင်း လိုက်နာရေးငို့ကိုလုပ်ဆောင်ရန် စီမံထား

သည်။ သတင်းဖော်ပြမှုများတွင် drone ဟူသည့် အခေါ် အဝေါ်ကို ပိုမိုခေတ်မီရုပ်ထွေးသည့် လေယာဉ်များ အပေါ်တွင် များယွင်းစွာသုံးစွဲလျက်ရှိကြသည်။

UAV ထုတ်လုပ်ရေး၏ ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုနည်းပညာတွင် အရေးပါသောလုပ်ဆောင်မှုများ၌ အာရုံခံရရှိမှုများကို ပေါင်းစည်းခြင်း၊ ဆက်သွယ်မှုများ



ယခင်က အသုံးပြုခဲ့သော MQ-1 ပရီဒေတာ

ပြုလုပ်ခြင်း၊ လမ်းကြောင်းရှာဖွေခြင်း၊ လမ်းကြောင်းထိန်းသိမ်းခြင်း၊ အသင့်တော်ဆုံးလုပ်ငန်းခွဲဝေခြင်းနှင့် နည်းဗျူဟာပူးပေါင်းဆောင်ရွက်မှုတို့ပါဝင်သည်။

## ခံနိုင်ရည်ရှိမှု (သို့မဟုတ်) ကြာရှည်ပျံသန်းနိုင်မှု

UAV များမှာ လူသားလေယာဉ်မှူးတို့၏ ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များမရှိခြင်းကြောင့် ၎င်းတို့အား တာဝန်ထမ်းဆောင်ချိန်အများဆုံးရရှိရန် ပုံစံထုတ်နိုင်သည်။ မောင်းသူမဲ့လေယာဉ်၏ ပျံသန်းမှုကာလမှာ များစွာခြားနားမှုရှိသည်။ အတွင်းမီးလောင်အင်ဂျင်များ တပ်ဆင်ထားသည့် UAV များမှာ လေယာဉ်အရွယ်အစားအပေါ်တွင်မဟုတ်ဘဲ လေယာဉ်လောင်စာသုံးစွဲမှုအပေါ်တွင်တည်၍ ကြာရှည်ပျံသန်းနိုင်မှုရှိသည်။ နေရောင်ခြည်လျှပ်စစ်စွမ်းအားသုံး UAV များမှာ အကန့်အသတ်မရှိ ပျံသန်းနိုင်သည့် အလားအလာရှိကြောင်းနှင့် ထိုသဘောတရားကို မူလက ၁၉၇၄ ခုနှစ်တွင် Astro Flight Sunrise ကုမ္ပဏီက လုပ်ဆောင်ခဲ့ပြီးနောက်ပိုင်းတွင် Aerovironment Helos Prototype ရှေ့ပြေးပုံစံကို လုပ်ဆောင်ခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ပျက်ကျခဲ့သည်။

UAV တို့၏အားနည်းချက်တစ်ခုမှာ ပျံသန်းနေစဉ် လောင်စာဆီဖြည့်တင်းမှုမပြုလုပ်နိုင်ခြင်းဖြစ်သည်။ လက်ရှိအမေရိကန်လေတပ်တွင် ပျံသန်းနေစဉ် လောင်စာပြန်လည်ဖြည့်တင်းရေး ပြဿနာအတွက် သုတေသနပြုလုပ်လျက်ရှိသည်။

UAV သည် စစ်မြေပြင်တွင် အချိန်ကြာမြင့်စွာ စောင့်ကြည့်နိုင်မှုရှိ၍ ဖြစ်ပျက်မှုအားလုံးကို မှတ်တမ်းတင်နိုင်ပြီးဗီဒီယိုကို နောက်ပြန်ရပ်ကြည့်ခြင်းဖြင့် ED ခေါ် လက်လုပ်ဗုံးများ မည်သည့်နေရာမှ ယူဆောင်လာသည်ကိုပင် ခြေရာခံနိုင်သည်။

ကာကွယ်ရေးဌာန၏ ခေတ်မီသုတေသနစီမံကိန်းများအေဂျင်စီက ကြာမြင့်စွာပျံသန်းနိုင်သည့် UAV တစ်စင်းတည်ဆောက်ရေးကို လက်မှတ်ရေးထိုးဖွယ်ရှိသည်။ ၅ နှစ်ခန့်ကြာမြင့်စွာ ပျံသန်းနိုင်သည့် UAV စီမံကိန်းကို Vulture "လင်းတ" ဟူ၍ အမည်ပေးခဲ့သည်။ ထုတ်လုပ်သူတို့က ထိုမျှကြာမြင့်စွာပြပြင်ထိန်းသိမ်းမှုမရှိဘဲ လေထုထဲတွင် တည်ရှိနိုင်စွမ်းရှိသည့် UAV ပုံစံကိုလည်းကောင်း၊ မည်သည့်လောင်စာ သုံးစွဲမည်ကိုလည်းကောင်း သေချာစွာ မသိရှိသေးကြောင်းသိရသည်။

## လက်ရှိ UAV စနစ်များ

UAV များကို တစ်ကမ္ဘာလုံးရှိ နိုင်ငံများစွာတို့က ထုတ်လုပ်လျက်ရှိသည်။ တန်ချိန်ကီလိုဂရမ် ၅၀၀ ကို သယ်ဆောင်၍ အနည်းဆုံးကီလိုမီတာ ၃၀၀ ပျံသန်းနိုင်သည့် UAV များကို နိုင်ငံများစွာတို့တွင် ဒုံးပျံနည်းပညာထိန်းချုပ်မှု စည်းမျဉ်းအရ နိုင်ငံခြားသို့တင်ပို့ရောင်းချခွင့်မပြုပေ။

ပင်လယ်ကွေ့စစ်ပွဲအတွင်းက အီရတ်တပ်အချို့က USS Wisconsin သင်္ဘောမှ စေလွှတ်ခဲ့သည့် UAV များကို မောင်းသူပါသည့် တိုက်လေယာဉ်များအမှတ်ဖြင့် လက်နက်ချခဲ့ကြသည်ဟုဆိုသည်။

၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်အထက်လွှတ်တော်က အင်အားအသုံးပြု၍ အီရတ်ကိုတိုက်ခိုက်ရေး မဲပေးခွင့်ပြုခြင်းမပြုမီ ရက်အနည်းငယ်တွင် ဆဒမ်ဟူစိန်က အမေရိကန် အရှေ့ဘက်ကမ်းခြေမြို့ကြီးများကို တိုက်ခိုက်ရန် UAV လေယာဉ်များနှင့် ဓိဝနှင့်ဓာတုအဖျက်စွမ်းအားပြင်း လက်နက်များအသင့်ရှိ

ကြောင်း အထက်လွှတ်တော် အမတ် ၇၅ ဦးတို့အား တံခါးပိတ်အစည်းအဝေးတွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂတွင်လည်း ကော်လင်းပါဝယ်က အလားတူ တင်ပြခဲ့သည်။ သို့သော် လေ့ကျင့်ရေးမောင်းသူမဲ့ လေယာဉ် အနည်းငယ်သာရှိကြောင်း တွေ့ရှိခဲ့သည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ် အမေရိကန်၏မောင်းသူမဲ့ MQ-1 Predator လေယာဉ်နှင့် အီရတ်မှ MiG-25 တိုက်လေယာဉ်တို့ စီးချင်းတိုက်ခိုက်ခဲ့ရာ တစ်စင်းကိုတစ်စင်း ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြ၍ MiG လေယာဉ်၏ ဒုံးကျည်က Predator အား ဖျက်ဆီးခဲ့သည်။ UAV များကို ရုပ်မြင်သံကြားမှ သိပ္ပံစိတ်ကူးယဉ်ဝတ္ထု ဇာတ်လမ်းတွဲများ၌ အသုံးပြုခဲ့သည့်အပြင် ကွန်ပျူတာဂိမ်းကစားနည်းများတွင် UAV တို့၏ လုပ်ဆောင်မှုများထည့်သွင်းခဲ့သည်။

## UAV စနစ်ကို အရပ်ဘက်တွင် အသုံးပြုရေး

ကာကွယ်ရေးဌာန၏ သုတေသနနှင့်နည်းပညာများမှာ နောက်ဆုံးတွင် ပုဂ္ဂလိကကဏ္ဍသို့လွှဲပြောင်းပေးခြင်းဖြင့် အဆုံးသတ်လေ့ရှိရာ ထိုသို့နည်းပညာလွှဲပြောင်းမှုများမှာ အလုပ်အကိုင်သစ်များ၊ ကုမ္ပဏီသစ်များနှင့် အခြားလူနေမှုစနစ်၏ ယဉ်ကျေးမှုအတွင်းသို့ ယူဆောင်ခဲ့သောအရာများကြောင့် ပိုမိုအဆင်ပြေ ထိရောက်မှုများရှိပြီး အချို့သောအခက်အခဲများကိုလည်း ပြေလည်စေနိုင်သည်။

အလားတူပင် UAV များကို အစိုးရကလူထုအား ကာကွယ်ရေးအတွက် အသုံးပြုခဲ့ရာမှ အရပ်ဘက်သုံးအဖြစ် မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ရှာဖွေ ခြေရာခံခြင်း၊ ဝေးကွာသည့်နေရာတွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးများသတင်းကို မီးသတ်သမားတို့အတွက် ယူဆောင်ခြင်း၊ ကမ်းခြေသို့ ရောက်ရှိလာမည့် လေမုန်တိုင်းများကို ခြေရာခံခြင်းစသည်တို့ပြုလုပ်နိုင်သည်။

ထို့အတူပင် UAV တို့ဖြင့် လေထုတွင်းမှ ညစ်ညမ်းသည့်လေနမူနာများယူခြင်း၊ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်ရှိသည့်သတ္တဝါမျိုးစိတ်များကို ခြေရာခံခြင်း သို့မဟုတ် ငှက်များနှင့် ဝေလငါးတို့၏ ရာသီအလိုက်ရွှေ့ပြောင်းခြင်းတို့ကို ခြေရာခံခြင်းများအပြင် ဓာတ်သတ္တုသိုက်များ သို့မဟုတ် ရေနံများကို ထောက်လှမ်းရှာဖွေနိုင်သည်။

UAV တို့၏ အားနည်းချက်မှာ ပြင်ပအခြေခံအဆောက်အအုံအပေါ်တွင် များစွာမှီခိုရခြင်းဖြစ်သည်။ ၎င်းတို့သည် သတင်းစုဆောင်းရာတွင် အလွန်ကောင်းသော်လည်း လူသားတို့၏ထောက်ပံ့မှုပေးရခြင်းဖြင့် ထိုက်သင့်သောစရိတ်များ ကုန်ကျမှုရှိသည်။

ဗြိတိန်နိုင်ငံတွင် UAV များကို ပတ်ဝန်းကျင်ကြီးကြပ်ခြင်းစသည့် အရပ်ဘက်လုပ်ငန်းများ၌ အသုံးပြုရန် စူးစမ်းခဲ့သည်။

သို့သော် UAV များကို ဗြိတိန်နိုင်ငံ၏ ကောင်းကင်၌ အသုံးပြုရန်မှာ ကန့်သတ်ချုပ်ချယ်သည့် အခြေအနေတွင်သာလုပ်ဆောင်နိုင်၍ အစိုးရက Astrea ခေါ် အမျိုးသားစီမံကိန်းအတွင်းသို့ ပေါင် ၃၂ သန်း ထောက်ပံ့၍ UAV များ ဗြိတိန်နိုင်ငံတွင် ပုံမှန်နှင့် ဘေးကင်းစွာ လုပ်ဆောင်နိုင်မည့် လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်တွင် အမေရိကန်နိုင်ငံရှိ ဘိုးအင်းကုမ္ပဏီမှ လေထဲတွင် ငါးနှစ်အထက်မက ဆက်တိုက်ပျံသန်းနိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်တစ်မျိုးကို စတင်ထုတ်လုပ်နေပြီဖြစ်သည်။

သူရိယလင်းယုန်ဟုခေါ်သော ၎င်းလေယာဉ်သည်လေထုထဲတွင် ကာလကြာရှည်စွာ ပျံသန်းရင်း ရရှိသော သတင်းအချက်အလက်များကို မြေပြင်မှ ထိန်းချုပ်ရေးစခန်းဆီသို့ အဆက်မပြတ် ပို့နိုင်ရန်စီစဉ်ထားသော ဒီဇိုင်းဖြစ်သည်။

စတင်စမ်းသပ်နေသောကာလတွင် ၎င်းသည် လေထဲတွင် ရက်ပေါင်းသုံးဆယ်ကျော် ပျံသန်းနေဆဲဖြစ်ပြီး နေရောင်ခြည်စွမ်းအင်မှတစ်ဆင့် လျှပ်စစ်စွမ်းအင်ရယူကာ ၎င်း၏ဘက်ထရီများကို အားဖြည့်ပြီး နေ့အချိန်နှင့်ညအချိန်ဆက်တိုက် ပျံသန်းနေနိုင်ပြီဖြစ်သည်။ ၎င်းလေယာဉ်မှာ တောင်ပံအလျား ပေ ၄၀၀ ရှိပြီး အဆင့်မြင့်လျှပ်စစ်မော်တာမှ လေယာဉ်၏ပန်ကာများ လှည့်ပေးသည်။ ၎င်းလေယာဉ်များကို ၂၀၁၄ ခုနှစ်တွင် စတင်အသုံးပြုမည်ဖြစ်သည်။

**သောင်းထိုက်ဦး**

# မြန်မာတို့၏ ရဟန်းခံရှင်ပြုနှင့် နားသမင်္ဂလာ

မြန်မာလူမျိုးသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာဓလေ့ထုံးစံများကို ရှိသေလေးစားစွာ ထိန်းသိမ်းလိုက်နာလျက် သာမန်အပြုအမူမှအစ အထိမ်းအမှတ်အခမ်းအနားအဆုံး ကျင့်ကြံလုပ်ဆောင်တတ်ကြသည့် အမျိုးအနွယ်ဖြစ်ကြောင်း မြန်မာ့သမိုင်းများတွင် ထင်ထင်ရှားရှားတွေ့မြင်ရသည်။ ထိုတွေ့မြင်မှုသည် ယနေ့တိုင်အောင် ဆက်လက်တည်တံ့နေဆဲလည်းဖြစ်သည်။ ဤတည်တံ့မှုများထဲတွင် မြန်မာ့ရိုးရာရှင်ပြုနားသမင်္ဂလာပွဲလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းပွဲသည် ဗုဒ္ဓဘာသာဝင်အများဆုံးဖြစ်သည့် မြန်မာလူမျိုးတို့အတွက် ဘာသာရေးနှင့်ဆက်နွယ်လျက်ရှိသောကြောင့် ပို၍ပင်အလေးအနက်ထားကာ ကျင့်ကြံဆောင်ရွက်ကြသည်။ ရှင်ပြုနားသအလှူတော်မင်္ဂလာဟူသည် အပေါ်ယံအားဖြင့် လူဝတ်လဲ၍ သက်နှံးဆီးလိုက်ခြင်းဟု ခပ်လွယ်လွယ်မြင်နိုင်သော်လည်း အမှန်စင်စစ်အားဖြင့် ဗုဒ္ဓဘုရားရှင်၏တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်ဆောင်ရွက်ရခြင်းဖြစ်သည်။ ဘုရား၊ တရား၊ သံဃာတော်ရတနာမြတ်သုံးပါးကို ရှိခိုးကန်တော့၍ ဗုဒ္ဓဘုရားရှင်၏ သားတော်သမီးတော်အဖြစ် အသွင်ပြောင်းကာကျင့်ကြံနေထိုင်ရခြင်းဖြစ်သည်။

---

မြန်မာတို့သည် လိုက်နာမှတ်သားဖွယ်ရာများကို စုပေါင်းဖော်ပြလေ့ရှိသည်။ ပုံစံအားဖြင့် သုစရိုက်ဆယ်ပါး၊ ပါရမီဆယ်ပါး၊ ပျင်းရိခြင်း အပြစ်ခြောက်ပါး စသည်ဖြင့် ဖြစ်၏။ မင်္ဂလာအရာတွင် ၄ ပါး၊ ၁၂ ပါး၊ ၁၇ ပါး၊ ၁၉ ပါး၊ ၃၈ ပါးဟူ၍ မှုကွဲအမျိုးမျိုးဖြင့် တည်ရှိရာ ၎င်းတို့အနက် အချို့ကိုဖော်ပြရလျှင် ဗုဒ္ဓပူဇာမင်္ဂလာ၊ ဓမ္မပူဇာမင်္ဂလာ၊ သံဃပူဇာ မင်္ဂလာ၊ ဂဗ္ဘဝါသာဝကမင်္ဂလာ၊ ဝိဇာတမင်္ဂလာ၊ နာမကရဏမင်္ဂလာ၊ ဒေါဠာကရဏမင်္ဂလာ၊ ကေသစ္ဆေဒနမင်္ဂလာ၊ မုခဒဿနမင်္ဂလာ၊ ရဝိန္ဒုဒဿနမင်္ဂလာ၊ အာဟာရပရိဘောဂမင်္ဂလာ၊ တမ္ဗူလဘတ္တမင်္ဂလာ၊ ကေသဗန္ဓနမင်္ဂလာ၊ ကဏ္ဏဝိဇ္ဈနမင်္ဂလာ၊ ဒုဿဂဟနမင်္ဂလာ၊ သာသနနုဂ္ဂဟမင်္ဂလာ၊ အာဝါဟဝိဝါဟမင်္ဂလာ၊ ဂေဟာကရဏမင်္ဂလာ၊ သတ္တမင်္ဂလာဟူ၍ရှိသည်။

၎င်းတို့အနက်မှ ကဏ္ဏဝိဇ္ဈနမင်္ဂလာမှာ သမီးမိန်းကလေးကို နားထွင်းနားသခြင်းမင်္ဂလာဖြစ်ပြီး သာသနနုဂ္ဂဟမင်္ဂလာမှာ သားကိုရှင်ပြုပေးခြင်းနှင့် သူတစ်ပါးသားကို ရှင်ပြုပေးခြင်းဖြစ်သည်။

သာသနနုဂ္ဂဟမင်္ဂလာတွင် ရဟန်းခံခြင်း၊ပဉ္စင်းခံခြင်းတို့နှင့် ကိုယ်တိုင်သာမဏေဝတ်ခြင်း၊ ရဟန်းပြုခြင်းလည်း ပါဝင်သည်။ သို့ဖြစ်၍ "သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ၊ ပဗ္ဗဇ္ဇိတမင်္ဂလာ" ဟူ၍လည်း ခေါ်ပေသေး၏။

ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်တော်အခါက ပထမပြန်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် သာမဏေများကို ယာယီလူထွက်ခိုင်းပြီး မင်းသားတို့၏ အဆောင်အယောင်ဖြင့် တစ်ညတာချီးမြှောက်သည်။ ယင်းကို အတုယူ၍ မောင်ရှင်လောင်းများသည်လည်း မင်းညီမင်းသားကဲ့သို့ ဝတ်စားဆင်ယင်ကြရသည်။ ယာယီဖြစ်သောကြောင့် တားမြစ်ခြင်းမခံရပေ။

ဤသို့ဖြင့် သားယောကျ်ားကလေး မွေးဖွားလာသောအခါ သာသနာ့အမွေခံရတော့မည်ဟု ဝမ်းသာပီတိဖြစ်ကြသည်။ ရှင်မယ်တော် ရှင်မယ်ခံရတော့မည်ဟု ဝမ်းမြောက်ကြသည်။ ဥသျှောင်နှင့်စည်းပုံ ၄ားရမ်းသောဆိုင်များ မတွင်ကျယ်သေးမီက ရှင်လောင်းများသည် တစ်စထောင် ဖော့လုံးခေါင်းပေါင်းကို အသုံးပြုကြရသည်။

ထိုဖော့လုံးတစ်စထောင်ခေါင်းပေါင်းမှာ သျှောင်နှင့်သာလိုက်ဖက်သည်။ ထို့ကြောင့် ရှင်မပြုရသေးသောသားအတွက် ဆံပင်ထားပေးကြသည်။ အမေ၊ အဒေါ်နှင့် အစ်မတို့သည် ကလေး၏ဆံပင်ကို ဆွဲ၍ဆွဲ၍ကြည့်ကြသည်။ ထုံး၍ရသောအခါ ဦးခေါင်းအလယ်တည့်တည့်တွင် ဆံထုံးကလေးထုံးကြသည်။ ဆံပင်ပတ်ပတ်လည်ကိုရစ်ပြီး "ဆံရစ်" ထားပေးကြသည်။

ခေါင်းပေါ်ရှိဆံပင်အားလုံးကို ဖယ်ရှားပြီး ခေါင်းတုံး တုံးလိုက်သောအခါ ခေါင်းပေါ်တွင် အရာကလေး ထင်နေခဲ့သည်။ ထိုအဝိုင်းကလေးသည် တော်တော်နှင့်မပျောက်ပေ။

ကလေး၏အသက်အရွယ်မှာလည်း ရှင်ပြုရမည့်အရွယ်သို့ရောက်ပြီ။ ဆံပင်ကလည်း အနေတော်ဖြစ်ပြီ။ ရှင်လောင်း၏မိဘများလည်း လုပ်ငန်းကိုင်ငန်းအဆင်ပြေပြီ။ ဤသုံးချက်ညီပါက ရှင်လောင်းကို ဘုန်းတော်ကြီးကျောင်းသို့ ပို့ကြသည်။ သင်္ကန်းအပ်၊ သင်္ကန်းတောင်း၊ ဆယ်ပါးသီလနှင့် လိင်ဆယ်ပါး ဒဏ်ဆယ်ပါး သေခိယ ပုတီးစိပ်တို့ကို ကျက်မှတ်ရန်ဖြစ်သည်။

ဤတွင် ရှင်ပြုရမည့်အရွယ်ကို အချို့က ၁၄နှစ်၊ ၁၅ နှစ်၊ ၁၆ နှစ် အရွယ်ဟု နားလည်ကြရာ အချို့ကမူ ကျီးတစ်ကောင်လန့်ပြီး ပျံသွားအောင် မောင်းနှင်နိုင် သော ၄-၅ နှစ်အရွယ်ဟုသိကြသည်။

ဤအချက်နှင့်စပ်လျဉ်း၍ မောင်ရှင်လောင်း၏ အသက်အရွယ်ကို ဗုဒ္ဓဘုရားရှင်က အသက် ၁၅ နှစ် မပြည့်သေးသူကို ရှင်ပြုမပေးကောင်းဟု "ဝိနယ ပိဋက မဟာဝဂ္ဂပါဠိတော်" တွင် အသက်အရွယ်အားဖြင့် ပိုင်းခြားသတ်မှတ်ခွင့်ပြုတော်မူခဲ့ပြီးဖြစ်သည်။ တစ်ဖန် ကျီးမောင်းနိုင်သောအရွယ်ကိုလည်း အရှင်အာနန္ဒာ၏ လျှောက်ထားတောင်းပန်မှုကြောင့် အသက် ၁၅ နှစ် မပြည့်သေးသော်လည်းကျီးငှက်ကို လန့်အောင်နှင်နိုင်သော အရွယ်ဖြစ်ပါက ရှင်ပြုပေးနိုင်ကြောင်း "ဝိနယပိဋကမဟာ ဝဂ္ဂပါဠိတော်" တွင် ထပ်ဆင့်ပြင်ဆင်ကာ ခွင့်ပြုတော် မူခဲ့ပြန်သည်။

ခေတ်ကာလအခြေအနေ ပြောင်းသွားသောအခါ တစ်စထောင်ဖော့လုံးခေါင်းပေါင်းကွယ်ပျောက်ကာ ဥဿျောင်ကိုဆောင်းကြသည်။ ဥဿျောင်ဆောင်းသည့်အတွက် ဆံပင်ရှည်ရှိရန်လည်း မလိုအပ်တော့ပေ။ တစ်စထောင်ဖော့လုံးခေါင်းပေါင်းခေတ်က မောင်ရှင်လောင်းသည် ထမ်းစင်စီး၍ဖြစ်စေ၊ မြင်းစီး၍ဖြစ်စေ၊ ဆင်စီး၍ဖြစ်စေလိုက်ပါကြရ၏။ တစ်စထောင်ဖော့လုံးခေါင်းပေါင်း ကွယ်ပျောက်ချိန်တွင် ရှင်လောင်းစီးသောယာဉ်သည် မော်တော်ယာဉ်နှင့်မြင်းသာ ဖြစ်တော့သည်။

များသောအားဖြင့် ရှင်ပြုအခမ်းအနားများသည် သိမ်ထပ်ခြင်း၊ ရဟန်းခံခြင်းများနှင့်တွဲတတ်သည်။ ရံဖန်



သာမဏေလောင်းများ ဥပဇ္ဈာယ်ဆရာတော်ထံ သင်္ကန်းတောင်းနေပုံ

ရံခါ၌ "ရဟန်းခံရှင်ပြုနားသမင်္ဂလာ" ဟုသုံးခုတွဲပြီး ကျင်းပသည်လည်းရှိသည်။

သုံးမျိုးတွဲသောအခမ်းအနားများတွင် ရဟန်းလောင်းနှင့်အတူ ရဟန်းတော်များလည်းပါဝင်စေကာမူ သာမန်ယာဉ်ဖြင့်သာ စီးနင်းလိုက်ပါကြရသည်။ မောင်ရှင်လောင်းမှာမူ ကိုယ်တိုင်မပြင်ဆင်နိုင်လျှင် ပြင်ဆင်နိုင်သူသို့အပ်ရသည်။ မောင်ရှင်လောင်းစီးနင်းမည့်ယာဉ်မှာလည်း အလှူရှင်၏ငွေကြေးအင်အားပေါ်၌ မူတည်သည်။

သမီးနားထွင်း နားသမင်္ဂလာမှာ မည်မျှပင်အကျယ်ချဲ့စေကာမူ ရှင်လောင်းကဲ့သို့ချဲ့၍မရသောကြောင့် သာမန်လှည်းယာဉ်၊ ကရဝိက်ဖောင်ဟန် ပြင်ဆင်ထားသောယာဉ်ဖြင့် လိုက်ပါကြရသည်။ ထိုကဲ့သို့သောရှင်ပြုပွဲများတွင် သျှိုးလိုက်ရတုကို တခမ်းတနားရွတ်ဆိုကြ၏။ အချို့အရပ်များတွင် "ရွှဲတိုက်သည်" ဟု လွဲမှားခေါ်ဝေါ်သည့်အပြင် လေးစားမှုလည်းမရှိချေ။

အချို့အရပ်တွင်မူ "သျှိုးလိုက်" ခြင်းကိုသော်လည်းကောင်း၊ "ရွှဲတိုက်" ခြင်းကိုသော်လည်းကောင်း ကြားသော်မျှ မကြားဖူးပေ။ သို့ရာတွင် အချို့အရပ်များ၌ စုံတွဲပင် အချီအချ အထေ့အငေါ့များဖြင့်ဆိုကြ၏။ ဖွားတော်မူခန်း၊ တောထွက်ခန်းစသည်ဖြင့် သျှိုးလိုက်ရတုပေါင်းများစွာရှိသော်လည်း ယခုသိသာရုံမျှဖော်ပြလိုက်သည်။

ကျေးစေသျှိုးလိုက်ရတုမှာ ဤသို့ဖြစ်ပေ၏။

"ရွှေကျောင်းဝိဟာ၊ တိုက်တော်သာက၊ လူပါပျို့ကြင်ဖော်။ မလာရှည်ဝေး၊ သည်မှာရေးကြောင့်ရွှေကျေးသံချိုင်းယော်ကို လွှတ်ရလျှင်၊ လျော်ကန်သည်အခွင့်၊ မုရာယဉ်ကျေးပျိုကလေးမှာ

ကြုံရေးအခါ သင်ပေါ့" (သျှိုး) "ရွှေချယ်သင့်
သည် အခွင့်ချိန်နာရီ"
"စက်လေးလုံးရ နေဝန်းကြွသည်၊ ဗိဇနာ ငါးအင်
ညီတွင် ပတ်ပြည့်မိသည်ထိ မိလွန်ပြည့်စုံ
ခါတော်တစ်ဖန် လက်စီးမှန်သည်၊ ချိန်တန်
ကောင်းသင့်ရုံကို။ ရက်ရာဇာကို တော်ရာရွေး
မှာ၊ ရွှေကျေးပျံစေချင်ငဲ့" (သျှိုး)
ခွင့်တောင်းသျှိုးလိုက်ရတုမှာလည်း ဤသို့ရှိ
သည်။
"သုံးလူ့ရှင်သည် မိန့်ခဲ့ဟော၊ မနုဿတ္တံ
ဒုလ္လဘ္ဘဟု ကျမ်းဂန်ထွက် သဘောထည့်။
မြတ်ရှင်စော၏ မိန့်ဟောရွှေနှုတ်မှာ၊ လူ၏ဘဝ
ရခဲလှသည်၊ လွှတ်ပေါ့ သည်တစ်ခါကို"။ တစ်ဖန်
မောင်ရှင်လောင်းက ချစ်သူသက်ထားထံ
ခွင့်တောင်းရာတွင် ချစ်သူကခွင့်မပြုသော
ငြင်းဆိုရတုများလည်းရှိသည်။ "တစ်ခါ တစ်ခါ၊
သုံးလတာဟု၊ မယ်မှာယခု၊ ခွင့်တောင်းပြုသည်၊
ပျိုနုမလွှတ်နိုင်။"
"တစ်ခါကိုထား တစ်ရက်အားမျှ မယ်ဖွားဂမုန်း
ခိုင်ကို မလွှတ်နိုင်သည် ပြန်လေဦး။" "ကျွန်မ
သက်ထား လူယဉ်ထွားငယ်၊ မယ်အားအပူရှိုး
အောင်" (သျှိုး) ဟူ၍ဖြစ်သည်။
သစ္စာထား သျှိုးလိုက်ရတုတစ်ပုဒ်ကိုလည်း
စာမြည်းအဖြစ် ဖော်ပြလိုက်သည်။
"ချစ်မဆုံးသည်၊ ဂမုန်းပုလဲသွင်၊ ရွှေစင်မထူး၊
ခေါင်ယဉ်ကျူးသည်၊ ကြော့မှူးပန်းသဇင်ငဲ့"။
"သလွန်ခွင်မှာ ပျော်ရစ်ဦး။ မောင်ကြီး ကြင်စ၊
ဆင်တိုင်းလှသည်၊ နတ်မျှပုံမထူးတည့်
"ကြာရဘူးကွဲ့ သုံးလပြင်၊ ရွှေမင်ပုံသား
ကဲ့အလားသို့နှုထွားပန်းသဇင်ငဲ့" (သျှိုး)
အချို့အရပ်တွင် မောင်ရှင်လောင်းကို ညနေပိုင်း
တွင် ဆံချ (ခေါင်းတုံးရိတ်) ထားပြီး နံနက်ရောက်မှ သင်္ကန်း
ဝတ်သည်၊ တရားနာသည်။ အချို့အရပ်တွင် နံနက်စော
စောဆံချသင်္ကန်းဝတ်ပြီး နေ့ဘက်တွင် တရားနာသည်။
ဆံချပြီးသော မောင်ရှင်လောင်းသည် သင်းပိုင်နှင့် ဧကသီ
ပါသော သင်္ကန်းထုပ်ကိုဒူးပေါ်တင်လျက် ဥပဇ္ဈာယ်ဆရာ



ရှင်သာမဏေများ ဥပဇ္ဈာယ်ဆရာတော်ထံမှ ဆယ်ပါးသီလနှင့် သရဏဂုံ တောင်းခံစဉ်

ကို ရှိခိုးကာ အောက်ပါစကားဖြင့် သင်္ကန်းအပ်နှံရမည်။
"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ၊ နိဗ္ဗာနဿ
သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"
အထက်ပါသင်္ကန်းထုပ်ကို ရဟန်းတော်မြတ်
သို့ ပေးအပ်ပြီးနောက် မောင်ရှင်လောင်းက ဆက်လက်
၍ အောက်ပါအတိုင်း လျှောက်ထားရ၏။
"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ
သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ
မံဘန္တေ အနုကမ္ပံ ဥပါဒါယ"
ထိုသို့လျှောက်ထားအပြီးတွင် မောင်ရှင်လောင်း
သည် ဆရာ၏လက်ဝယ်ရှိသောသင်္ကန်းကိုရပြီ။ တစ်ဦး
ဦးကသော်လည်းကောင်း၊ ဆရာကိုယ်တိုင်သော်လည်း
ကောင်း ဝတ်ပေးသဖြင့် သင်္ကန်းဝတ်ထားပြီးဖြစ်သွားပြီ။
သာမဏေကား မဖြစ်သေး။ သို့ဖြစ်၍ အောက်ပါအတိုင်း
တောင်းပန်ရ၏။
"ဘဝန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာ
ယ ပဗ္ဗဇ္ဇံ ယာစာမိ" "ဒုတိယမ္ပိ သံသာရ ဝဋ္ဋ ဒုက္ခတော
မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ" "တတိယမ္ပိ သံသာရ
ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ"
မောင်ရှင်လောင်းသည် ရှင်သာမဏေပြုပေးပါရန်
သုံးကြိမ်တောင်းပန်အပြီးတွင်လူအများဘုရားရှိခိုးသကဲ့သို့
"ဩကာသ" ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြရသည်။
ထိုမှတစ်ဖန် မောင်ရှင်လောင်းသည် ဆက်
လက်၍ ဆယ်ပါးသီလနှင့် သရဏဂုံကို တောင်းခံရသည်။

ဤသည်မှာ သာမန်ရှိခိုးကန်တော့ခြင်းဖြစ်၏။ သို့ရာတွင် ဤမှရှေ့တွင် တွေ့ကြုံရမည့် "သရဏဂုံ" ခန်းကား ပေါ့ပေါ့ဆို၍မရ၊ ပေါ့ပေါ့ရွတ်၍မရပေ။ အကြောင်းသော်ကား သရဏဂုံ မပီသလျှင် သာမဏေ မဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်သဖြင့် တပည့် သာမဏေ ဆရာပါပီသရန်လိုအပ်၏။ ကြိမ်ဖန်များစွာ ရွတ်ဆိုကြရန် လိုအပ်၏။ ကမ္မဝါစာဖတ်သောအခါတွင် "ဠာန်" သံများ ပါသကဲ့သို့ သရဏဂုံတွင်လည်း ဖိပြီးဆို ရမည့် "ဠာန်" သံများပါသည်။ ထိုဠာန်သံများမှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" တွင် ခံနှင့်ဆာဖြစ်သည်။

"ဓမ္မံ သရဏံ ဂစ္ဆာမိ" တွင် မံနှင့်ဆာ ဖြစ်ပါသည်။

"သံဃံ သရဏံ ဂစ္ဆာမိ" တွင် ဃံနှင့်ဆာဖြစ်သည်။

ဒုတိယမ္ပိနှင့် တတိယမ္ပိတို့တွင်လည်း အထက် ပါအတိုင်းသာ ဖိပြီးရွတ်ဆိုရမည်။ တစ်ကြိမ်မပီသသော် နှစ်ကြိမ်တွင် ပီသလိမ့်မည်။ နှစ်ကြိမ်တွင် မပီသသော် သုံးကြိမ်တွင် ပီသလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် သရဏဂုံကို အထပ်ထပ်အဖန်ဖန် ရွတ်ဆိုခိုင်းနေခြင်း ဖြစ်သည်။

သရဏဂုံပီသမှ သာမဏေ ဖြစ်မည်။ သရဏဂုံ မပီသပါက သာမဏေမဖြစ်ပါ။

သရဏဂုံကို ပီသစွာမရွတ်ဆိုသောကြောင့် သာမဏေအစစ်ဖြစ်မလာသော်လည်း သာမဏေဖြစ် သွားပြီဟုထင်နေသော သာမဏေအတုများအတွက် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ၏ အောက်ပါသတိပေးမှာထားချက်ကို အလှူရှင်မိဘ ဖြစ်သူများ အလေးအနက်နားထောင်ကြည့်ရန် လိုအပ်ပေ သည်ဟု မြန်မာ့ရိုးရာရှင်ပြုမင်္ဂလာစာအုပ် စာမျက်နှာ ၈၁ ၌ ဖော်ပြထား၏။

ယခုခေတ်အလိုက် သာမဏေအစစ်ဖြစ်ရန် ခဲယဉ်းနေသော်လည်း သာမဏေအတုကား ဖြစ်ပါပြီ။ ထိုသာမဏေအတုသည် ရှင်သာမဏေများစောင့်ထိန်းရ သော ကျင့်ဝတ်တို့ကို ရိုသေစွာကျင့်သုံးနေထိုင်ပါမူ လောက မှာလည်း ကဲ့ရဲ့ဖွယ်အပြစ်မရှိ၊ နောင်သံသရာမှာလည်း မကောင်းကျိုးမရ။ ကောင်းကျိုးသာ ရဖွယ်ရှိသည်။

သာမဏေအတုကလေးမျှသာဖြစ်၍ ပစ် စလက်ခတ်တော်စွာလျှော်စွာနှင့် သာမဏေ၏သိက္ခာကို မစောင့်ရှောက်ပါမူကား ဘာသာခြားတို့ အထင်သေးဖွယ် ရာဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ၏သာသနာကို အသရေ မဲ့အောင်ပြုရာရောက်သောကြောင့် ယခုဘဝလည်း အပြစ် မကင်း၊ သံသရာမှာလည်း အပါယ်လေးပါးအစာသာ ဖြစ်ရာတော့မည်။

ထို့ကြောင့် မည်သည့်ဆရာမိဘမဆို သိက္ခာ ကို မစောင့်ထိန်းနိုင်သေးသော (စောင့်ထိန်းနိုင်သော် လည်း သဒ္ဓါတရားမရှိသော) ကလေးသူငယ်များကို "သင်္ကန်းချည်လျှင်ပြီးရော" ဆိုသောသဘောဖြင့် သင်္ကန်း ဝတ်ပေးကာ ဗုဒ္ဓမြတ်စွာ၏အထွတ်အထိပ် သာသနာ တော်ကို ကလေးကစားသကဲ့သို့ မပြုလုပ်ကြရန်လိုကြောင်း ထပ်လောင်းသတိပေးပါသည်။

သို့ဖြစ်သောကြောင့် သာမဏေပြုရာတွင် သာမဏေဖြစ်ရန်လိုအပ်ပါသည်။ သာမဏေဖြစ်ရန် အရေးတွင် သရဏဂုံ ပီသရေးသည် အရေးကြီးကြောင်း ထင်ရှားလှပေသည်။ သရဏဂုံသုံးပါးခံယူအပြီးတွင် "သရဏဂမနံ" "ပရိပုဏ္ဏံ" ဟု ဆရာကဆိုလျှင် မောင်ရှင် လောင်းက "အာမဘန္တေ" ဟုဆိုပြီးနောက်တွင် သာမဏေ များ စောင့်ထိန်းရသည့် ဆယ်ပါးသီလကို ဆက်လက်ခံ ယူရသည်။ သာမဏေများစောင့်ထိန်းရမည့် ဆယ်ပါး သီလ ကို ခံယူပြီးသွားချိန်တွင် ထိုမောင်ရှင်လောင်းသည် သာမဏေဖြစ်သွားပြီဖြစ်သည်။ သို့ရာတွင် မတော်လျှင် မတော်ကြောင်း၊ မသင့်လျှင် မသင့်ကြောင်းတားမြစ်ပြော ဆို ဆုံးမသွန်သင်မည့်ဆရာရှိထားရန် လိုအပ်သည့် အတွက် သီလပေးသောပုဂ္ဂိုလ်ကိုပင် လျှောက်ထားရ၏။

"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"

"ဒုတိယမ္ပိ မေ ဘန္တေ ဟောဟိ"

"တတိယမ္ပိ မေ ဘန္တေ ဟောဟိ"

တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါ ဘုရားဟု လျှောက်ထားသောအခါ "ပါသာဒိကေန သမ္ပာ ဒေဟိ" ဟု လျှောက်ထားခံရသောပုဂ္ဂိုလ်က ပြန်လည် မိန့်ကြား၏။ ကြည်ညိုဖွယ်ကိုဆောင်သော ကိုယ်အမူ အရာ၊ နှုတ်အမူအရာဖြင့် သီလ သမာဓိ ပညာ သိက္ခာ သုံးပါးကို ပြည့်စုံစေလော့ဟု အဓိပ္ပာယ်ရသဖြင့် သာမဏေက "အာမဘန္တေ" ဟု ဝန်ခံစကားဆိုရ၏။ ဥပဇ္ဈာယ်ဆရာမှာမူ တပည့်တစ်ဦးထက်များနေပါက

"သမ္မဒေဟိ" နေရာတွင် "သမ္မာဒေထ" ဟု ဆိုရပေမည်။

သာမဏေတစ်ပါး ဖြစ်သွားပြီးနောက်တွင် သာမဏေတို့လိုက်နာကျင့်ဆောင်ရမည့် တရားများကို ဖော်ပြပါမည်။ ဦးစွာ သာမဏေများမဆောက်တည် မဆင်ခြင်လျှင် မဖြစ်သည့် "ပစ္စဝေက္ခဏာ" လေးပါးကို ဦးစွာဖော်ပြမည်။ "ပစ္စဝေက္ခဏာ" လေးပါးမှာ သင်္ကန်းနှင့် ဆွမ်း၊ ကျောင်း၊ ဆေးတို့ဖြစ်သည်။

ဦးစွာသင်္ကန်းကို ဆင်ခြင်ပုံ (စီဝရပစ္စဝေက္ခဏာ) ကို ဖော်ပြပါမည်။

"ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိ။ ယာဝဒေဝ သီတဿပဋိဃာတာယ၊ ဥဏှဿပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ၊ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ"

ဆွမ်း၏ကျေးဇူးကို "ပိဏ္ဍပါတ ပစ္စဝေက္ခဏာ" အဖြစ် အောက်ပါပါဠိဖြင့် ဆင်ခြင်ရပေ၏။

"ပဋိသင်္ခါ ယောနိသော၊ ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ နမဒါယ နမဏ္ဍနာယ နဝိဘူသနာယ၊ ယာဝ ဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသုပရတိယာ ဗြဟ္မစရိယာ နုဂ္ဂဟာ ယ၊ ဣတိ ပုရာနဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရောစ"

မိမိမှီတင်းနေထိုင်သော ကျောင်း၏ ကျေးဇူးကို "သေနာသန ပစ္စဝေက္ခဏာ"ဖြင့် အောက်ပါကဲ့သို့ ဆင်ခြင်ရ၏။

"ပဋိသင်္ခါယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာ နာရာမတ္ထံ။"

မိမိမှီဝဲသုံးဆောင်နေသော ဆေးဝါး၏ကျေးဇူး ကို အောက်မေ့ဆင်ခြင်သော "ဘေသဇ္ဇပစ္စဝေက္ခဏာ" မှာ ဤသို့ဖြစ်၏။

"ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေ သဇ္ဇပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယာ ဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ"

အထက်တွင်ဖော်ပြခဲ့ပြီးသော ပစ္စဝေက္ခဏာလေးပါးမှာ ပုတီးစိပ်လည်းဖြစ်ပေ၏။ သင်္ကန်းကို ဝတ်ရုံရာ၌ သင်္ကန်းအတွက်ပစ္စဝေက္ခဏာ ဆင်ခြင်ရန်မှာ သင်္ကန်းကို ကိုယ်မှခွာ၍ နောက်ထပ်ဝတ်တိုင်း ဝတ်တိုင်း ဆင်ခြင်နှလုံးသွင်း၍ ဝတ်ရုံရမည်။

ဆွမ်းစားရာ၌လည်း ဆွမ်းလုတ်တိုင်းကို ဆင်ခြင်နှလုံးသွင်း၍ စားရမည်။

ကျောင်း၌ နေထိုင်ရာတွင်လည်း ကျောင်းတွင်းသို့ ဝင်သည့်အခါတိုင်း ဆင်ခြင်နှလုံးသွင်း၍ဝင်ရမည်။

ဆေးကိုမူ သုံးဆောင်ရန်ယူစဉ်ဖြစ်စေ၊ သုံးဆောင်ဆဲ ခဏ၌ဖြစ်စေ၊ ဆင်ခြင်နှလုံးသွင်း၍ သုံးဆောင်ရမည်။ အကယ်၍ ထိုအချိန်များ၌ မဆင်ခြင်နိုင်ခဲ့လျှင် နောက်တစ်နေ့ မိုးသောက်အရုဏ်မတက်မီအတွင်း တစ်ချိန်ချိန်၌ ဆင်ခြင်ရမည်။

ယင်းသို့ အရုဏ်တက်ချိန်အထိ တစ်ကြိမ်တစ်ခါမျှမဆင်ခြင်မိဘဲ အရုဏ်တက်သွားလျှင်ကား ထိုနေ့အဖို့ မဆင်ခြင်မိသောအရာအတွက် ဣဏပရိဘောဂ "ကြွေးတင်" သည်ဟုခေါ်၏။ ကြွေးတင်လျှင် ကြွေး၏ သဘာဝအတိုင်း ထိုကြွေးကိုပြန်လည်၍ဆပ်ရလိမ့်မည်။ မဆပ်ဘဲနေ၍ရသော ကြွေးမဟုတ်ပေ။ ယခုဘဝ၌ ဆပ်ရသော အကြွေးလည်းမဟုတ်ပေ။ နောင်သံသရာဘဝ၌အပါယ်ဘုံသားအဖြစ်ဖြင့် ပြန်ဆပ်ရသောကြွေးမျိုး ဖြစ်သည်။

အလွန်ငယ်ရွယ်လွန်းသောကြောင့် ပစ္စဝေက္ခဏာ မဆင်ခြင်နိုင်ပါဟု ဆင်ခြေပေး၍မရပေ။ ငယ်ရွယ်လွန်းသောသာမဏေများသည် အောက်ပါအတိုင်း အလွယ်ဆုံး အတိုဆုံးဆင်ခြင်ရမည်။

သင်္ကန်းကို "အရှက်အကြောက်ကို ဖုံးလွှမ်းခြင်း အကျိုးငှာ ဤသင်္ကန်းကို ငါမှီဝဲပါ၏" ဟူ၍ ဆင်ခြင်ပါ။

ဆွမ်းအတွက်မူ "အလုံးစုံသော သာသနာတော်ကို ချီးမြှောက်ခြင်းအကျိုးငှာ ဤဆွမ်းကို ငါမှီဝဲပါ၏" ဟု ဆင်ခြင်ပါ။ ကျောင်းအိပ်ရာနေရာအတွက် "အချမ်းအပူကို ပယ်ဖျောက်ခြင်းငှာ ဤကျောင်းကို ငါမှီဝဲပါ၏" ဟူ၍ ဆင်ခြင်ပါ။

ဆေးနှင့်အဖျော်စသည်များအတွက် "ဒုက္ခဝေဒနာကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဤဆေးသို့မဟုတ် (ဤအဖျော်) ကို ငါမှီဝဲပါ၏" ဟုဆင်ခြင်ပါ။ ထိုသို့ ဆင်ခြင်မှသာ အပြစ်မှကင်းလွတ်လိမ့်မည်။

မဆင်ခြင်လျှင်မဖြစ်သော ပစ္စဝေက္ခဏာလေးပါးအကြောင်း ဖော်ပြပြီးနောက် အသွင်ကို ဖျက်ဆီးတတ်သော "လိင်ဆယ်ပါး" ပါဠိကို ဦးစွာဖော်ပြပါမည်။

"ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော၊ ပါဏာတိပါတီဟောတိ။ အဒိန္နဒါယီ ဟောတိ။ အဗြဟ္မစာရီ ဟောတိ။ မုသာဝါဒီ ဟောတိ။ သုရာမေရယမဇ္ဇပါယီ ဟောတိ။ ဗုဒ္ဓဿ အဝဏ္ဏံဘာသတိ။ ဓမ္မဿ အဝဏ္ဏံဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ။ မိစ္ဆာဒိဋ္ဌိကော ဟောတိ။ ဘိက္ခုနီဒူသကော ဟောတိ။ ဣမေဟိခေါ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော"

ယခုတစ်ဖန်ဆက်လက်ပြီး "ဒဏ်ဆယ်ပါး" ကို ဖော်ပြပါဦးမည်။

"ဒသ ဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ ဝိကာလဘောဇနောဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနော ဟောတိ။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာ သယန မဟာသယနော ဟောတိ။ ဇာတ ရူပရဇတစာ ပဋိဂ္ဂဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာ သတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ"

အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော လိင်ဆယ်ပါးမှာ ကျူးလွန်မိသော သာမဏေသည် သာမဏေအဖြစ်မှ ရွေ့လျားကာ လူဖြစ်သွားသည်။ သာမဏေဖြစ်ချင်လျှင် သာမဏေအသစ်ပြန်ပြုရမည်။ ယခု ဒုတိယဖော်ပြသော ဒဏ်ဆယ်ပါးကား ဆရာက သဲဒဏ်ရေဒဏ်နှင့် အခြားဒဏ်ထားနည်းများဖြင့် ဒဏ်ပေးပါက ပြီးသည်။

ယခုတစ်ဖန် သာမဏေများလိုက်နာရမည့် သေခိယ ၇၅ ပါးရှိသည်။ ဝဂ်အားဖြင့် ပရိမဏ္ဍလဝဂ်နှင့် ဥဇ္ဇဂ္ဃိကဝဂ်၊ ခမ္ဘကဝဂ်၊ သက္ကစ္စဝဂ်၊ သုရုသုရုဝဂ်၊ ပါဒုကဝဂ်တို့ဖြစ်သည်။ သာမဏေများလိုက်နာကျင့်ဆောင်ရမည့် သိက္ခာပုဒ်ပေါင်းဝဂ်တစ်ခုလျှင် ၁၀ ပါးပါဝင်သည်။ နောက်ဆုံးသတ္တမဝဂ်ဖြစ်သော ပါဒုကဝဂ်တွင် ၁၅ ပါးပါဝင်ပေသည်။

သာမဏေများ လိုက်နာကျင့်ဆောင်ရမည့် "စုဒ္ဒကခန္ဓကဝတ်" မှာ ၁၄ ပါးရှိသည်။ အာဂန္တုကရဟန်းသာမဏေတို့ ပြုရသောဝတ်၊ အာဝါသိက ရဟန်းသာမဏေတို့ပြုရသောဝတ်၊ ခရီးသွားအံ့သော ရဟန်းသာမဏေတို့ ပြုရသောဝတ်၊ တရားဟောရာ၌ ပြုရသောဝတ်၊ ဆွမ်းစားဇရပ်၌ ပြုရသောဝတ်၊ ဆွမ်းခံရဟန်းသာမဏေတို့ပြုရသောဝတ်၊ တောနေရဟန်းသာမဏေတို့ ပြုရသောဝတ်၊ ကျောင်း၌ပြုရသောဝတ်၊ ချွေးဇရုံးအိမ်၌ ပြုရသောဝတ်၊ ကျင်ကြီးအိမ်၌ ပြုရသောဝတ်၊ ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့ကပြုရသောဝတ်၊ သဒ္ဓိဝိဟာရိကတပည့်တို့၌ ဥပဇ္ဈာယ်ဆရာကပြုရသောဝတ်၊ ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသောဝတ်နှင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရသောဝတ်ဟူ၍ ဖြစ်ကြသည်။

ဤကဲ့သို့ သာမဏေပြုခြင်း၊ ရှင်ပြုခြင်းတွင် ရှင်သာမဏေတို့ ကျင့်သုံးလိုက်နာစရာ များသည့်နည်းတူ လူတို့ချဲ့တွင်ထားသော ကိစ္စအများအပြားလည်းရှိသည်။ ပုံစံအားဖြင့် ရှင်လောင်းလှည့်ရာတွင် ကွမ်းတောင်ကိုင်ခြင်း၊ ပန်းတောင်ကိုင်ခြင်း၊ ရှင်ဖြစ်တရားနာခြင်း၊ မောင်ရှင်လောင်းဝှက်ခြင်း စသည်တို့ဖြစ်ရာ လိုအပ်သည်များကို "နားထွင်းမင်္ဂလာ" ၌ ထည့်သွင်းဖော်ပြပါမည်။

**မြင့်မြတ်သောရဟန်းပြုခြင်း**

ရဟန်းပြုခြင်းကို "ရဟန်းခံသည်၊ ပဉ္စင်းခံသည်" ဟူ၍လည်း အရပ်ခေါ်ဝေါ်မှုအရ ခေါ်ဝေါ်ကြသေးသည်။ ရဟန်းအဖြစ်ခံယူခြင်း၊ ပဉ္စင်းအဖြစ်ခံယူခြင်းဟု အဓိပ္ပာယ်ရသည်။

ရှင်ပြုရဟန်းခံခြင်း၏အစမှာ အသောကမင်းမှ စတင်သည်ဟု အဆိုရှိသည်။ ထိုမင်းကို ပါဠိလိပုတ်ပြည့်ရှင်သီရိဓမ္မာသောကမင်းကြီးဟု ဗုဒ္ဓဘာသာဝင်များ သိရှိကြသည်။

ထိုမင်းသည် မိစ္ဆာဒိဋ္ဌိများကို မကြည်မသာဖြင့် ဝတ်ကျေတမ်းကျေလှူဒါန်းနေရာက အနေအထိုင်ကျစ်လျစ်သော၊ သိက္ခာရှိသော၊ ဣန္ဒြေရသော ကြည်ညိုဖွယ်သာမဏေတစ်ပါးကို ဖူးတွေ့ရရာမှ တရားစစ်တရားမှန်ကို ခြေရာခံမိသည်။ ထိုနိဂြောဓသာမဏေကို အကြောင်းပြုပြီး သမ္မာဒိဋ္ဌိအယူနှင့်ရင်းနှီးခဲ့သည်။

ထိုမင်းသည် မြို့ရှာပေါင်း ၈၄,၀၀၀ တို့တွင် ရေတွင်းနှင့်ရေကန်၊ ကျောင်း၊ ဘုရား ၈၄,၀၀၀ စီတည်ထားကိုးကွယ်သောကြောင့် သာသနာ့အမွေခံဖြစ်ပြီဟု အမှတ်ရောက်၏။ ထိုအခါ ရဟန်းတော်များက "မိမိရင်၌ဖြစ်သောသားသမီးကို သာသနာ့ဘောင်သို့ သွတ်သွင်းမှသာ သာသနာ့အမွေခံအစစ်ဖြစ်ကြောင်း" မိန့်တော်မူကြ၏။

သို့ဖြစ်သဖြင့် အသောကမင်းသည် မိမိ၏သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တတို့ကို ရဟန်းပြုပေးသည်။ ထိုအချိန်က ဘိက္ခုနီသာသနာ မကွယ်သေးသဖြင့် သမီးတော်သင်္ဃမိတ္တအား ရဟန်းပြုခွင့်ရခဲ့ပေ၏။ ထိုအချိန်မှစတင်ပြီး သာသာနာ့အမွေခံယူရန်အတွက် ရဟန်းခံရှင်ပြုအလှူများ ဖြစ်ပေါ်လာသည်ဟုသိရ၏။

ရဟန်းခံရှင်ပြု နားထွင်းဟု ကဏ္ဍသုံးမျိုး ဖော်ပြရာတွင် အမြင့်မြတ်ဆုံးသော ရဟန်းခံကို ရှေ့ဆုံးကထားကြသည်။ သို့ရာတွင် လူအဖြစ်မှ ရဟန်းပြုသူသည် ဦးစွာသာမဏေဝတ်ပြီးမှ သိမ်ဝင်ရသည့်အတွက် ရှင်ပြုကို ဦးစွာဖော်ပြခြင်း ဖြစ်သည်။

နားထွင်းသည်၊ နားသသည်ဆိုခြင်းမှာ နားဋောင်းဝတ်စရာ အပေါက်မရှိသေးသော နားရွက်အောက်ဖျားတွင် အပေါက်ဖောက်ခြင်းဖြစ်သည်။ မြန်မာဘုရင်များလက်ထက်တော်အခါက ဘုရင့်သားတော်၊ သမီးတော်များသာ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပခဲ့ကြသည်။ ထိုအချိန်က မှူးမတ်သားသမီးနှင့် သူဋ္ဌေးသူကြွယ်၏ သားသမီးများ နားထွင်းခဲ့ကြခြင်း၊ နားထွင်းမင်္ဂလာ နားသမင်္ဂလာ မကျင်းပခဲ့ကြပါ။ ထီးကျိုးစည်ပေါက်ကျွန်သားပေါက်ဘဝသို့ ရောက်သောအခါကျမှ နားထွင်းမင်္ဂလာဟု အမည်မှည့်ခေါ်ကာ ကျင်းပကြခြင်းဖြစ်၏။

နားထွင်းမင်္ဂလာ နားသမင်္ဂလာများကို ရှင်ပြုပွဲ၏နောက်ဆွယ်အဖြစ် ထည့်သွင်းကျင်းပကြ၏။ နားထွင်းမင်္ဂလာ နားသမင်္ဂလာပါသော ရှင်ပြုပွဲတွင် ဘိသိက်ဆရာပါရှိသည်။ ဘိသိက်ဆရာသီးခြားလည်းရှိ၏။ ဆိုင်းသမားများသည်လည်း ဘိသိက်ခံပေးတတ်ကြသည်။

ဘိသိက်ဆရာသည် ဇာတ်မင်းသားကဲ့သို့ ဝတ်ဆင်ထားသည်။ ၎င်းရှေ့တွင် ရှင့်မိဘများနှင့် ရှင်လောင်းသာမဏေ၊ နားထွင်းမည့်မိန်းကလေးများပါ လှပစွာဝတ်ဆင်လျက် ထိုင်နေကြရ၏။ ဘိသိက်ဆရာ အများစုသည် အသောကမင်းတရားမှစတင်သော ရှင်ပြုရဟန်းခံသမိုင်းကို ပြောကြားမည်။ အနန္တငါးပါးကို ရှိခိုးကန်တော့နိုင်းမည်။ မောင်ရှင်လောင်း၏ဆံပင်ကို သင်တုန်းဓားဖြင့်ထိသည်။ သတို့သမီး၏နားကိုလည်း ရွှေအပ်ဖြင့်တို့သည်။ နားဖောက်ရာတွင် ဘိသိက်ဆရာက ဟန်ပြုလုပ်ပေးသည့်အခါရှိသကဲ့သို့ အမှန်ဖောက်ပေးသည့်အခါများလည်း ရှိပေသည်။

ယခုအခါတွင် ရှင်ပြုနှင့်တွဲသော နားထွင်းနားသမင်္ဂလာများ အလုပ်နည်းပြီး သမီးသီလရှင်ဝတ်ပွဲနှင့်တွဲဖက်ကျင်းပသောပွဲများ တွင်ကျယ်လာသည်။ သို့ရာတွင် သီလရှင်သည် သီလစောင့်ထိန်းသူသာဖြစ်သည်။ ဘိက္ခုနီ ရဟန်းမ မဟုတ်ပါ။ သာမဏေလောင်းနှင့် တန်းတူရှိသော သာမဏေလည်းမဟုတ်ပါ။

ရှေးကျသော ရွှေးကောက်ပွဲ နည်းဥပဒေများတွင် "ဘိုးသူတော်၊ မယ်သူတော်" ဟူသော အသုံးအနှုန်းကို တွေ့ရသည်။ ဤမယ်သူတော်မှာ ယနေ့အချိန်၌ ဆရာကြီးဆရာလေးဟုခေါ်နေကြသော သီလရှင်ဖြစ်ပါသည်။ ထိုသီလရှင်များသည် မိန်းမသားပီသစွာ အနေအထိုင်ကျစ်လျစ်သည်။ စည်းစနစ်ကျနစွာ နေထိုင်သောကြောင့် လူအများ (အထူးသဖြင့်) အမျိုးသမီးများ၏ အလေးဂရုပြုခြင်းခံရသည်။ စာပေပို့ချခြင်း၊ တိုက်တွင်းစည်းကမ်းများထားရှိခြင်းဖြင့် စနစ်ကျသည်ထက်ကျအောင် အုပ်ချုပ်ငြား သီလရှင်သည် သာမဏေ၏အောက်မှာသာ ရှိပေသည်။

ယခု ရဟန်းခံ ပဉ္စင်းခံအကြောင်း ဆက်လက်ဖော်ပြပါမည်။ ရဟန်းရှစ်မျိုးရှိသည်။ ယင်းတို့မှာ ဧဟိဘိက္ခုူပသမ္ပဒါ၊ သရဏာဂမနူပသမ္ပဒါ၊ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ၊ ပဉှာဗျာကရဏူပသမ္ပဒါ၊ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ၊ ဒူတေနူပသမ္ပဒါ၊ အဋ္ဌဝါစိကူပသမ္ပဒါ၊ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါတို့ ဖြစ်သည်။

မြတ်စွာဘုရားက "ရဟန်းလာလော့" ဟု ဧဟိဘိက္ခုခေါ်ခါမျှဖြင့် ရဟန်းဖြစ်သောပုဂ္ဂိုလ်၊ သရဏဂုံဆောက်တည်ရုံမျှဖြင့် ဘိက္ခုဖြစ်သောရဟန်း၊ မြတ်စွာဘုရား၏အဆုံးအမကို ခံယူကာမျှဖြင့် ဘိက္ခုဖြစ်သောရဟန်း၊ မြတ်စွာဘုရား၏ အမေးပြဿနာတော်ကို ဖြေဆိုရုံမျှဖြင့် ဘိက္ခုဖြစ်သွားသောရဟန်း၊ ဂရုခံ တရားရှစ်ပါးကို

လက်ခံကာမျှဖြင့် ဘိက္ခုဖြစ်သောရဟန်း၊ စေတမန် စေလွှတ်၍ ဘိက္ခုအဖြစ်သို့ ရောက်သောရဟန်း၊ ကမ္မဝါရစ် ထပ်ဖြင့် ဘိက္ခုအဖြစ်သို့ ရောက်သောရဟန်း၊ ဥတ်လျှင် (၄) ကြိမ်မြောက် ကမ္မဝါစာဖြင့် ရဟန်းဖြစ်သောပုဂ္ဂိုလ် ဤရှစ်မျိုးသောရဟန်းတို့တွင် ရှစ်ယောက်မြောက် ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ပဉ္စင်းဖြစ်သောရဟန်းကို "ယောပန ဘိက္ခု" ၌ ဘိက္ခုအရ သွင်းယူရသည်။ မည်သည့် ရဟန်းပင်ဖြစ်စေ အောက်ပါအင်္ဂါရှစ်ပါးဖြင့် ပြည့်စုံရ သည်။

ဒုကုဋ်၊ ကေသီ၊ သင်းပိုင်၊ သပိတ်၊ ခါးပန်း၊ ပဲခွပ်၊ ချုပ်အပ်နှင့် ရေစစ် ဤရှစ်မျိုးအပြည့်အစုံပါမှသာ ကောင်းသောပြုခြင်း ဖြစ်သည်ဟုဆိုကြ၏။

ပြဆိုခဲ့ပြီးသော ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်ရန် ပြည့်စုံရမည့်အင်္ဂါငါးပါးမှာ ဝတ္ထု၏ ပြည့်စုံခြင်း၊ ဥတ်၏ပြည့် စုံခြင်း၊ ကမ္မဝါစာ၏ပြည့်စုံခြင်း၊ သိမ်၏ ပြည့်စုံခြင်း၊ ပရိသတ်၏ပြည့်စုံခြင်းတို့ဖြစ် ကြပေသည်။

ဝတ္ထု၏ပြည့်စုံခြင်းဆိုသည်မှာ ရဟန်းလောင်း ၏ ပဋိသန္ဓေတည်နေသည်မှာ အသက် ၂၀ ပြည့်၍ သာသနာနှင့်ထိုက်တန်သော လူယောကျ်ားကောင်းစစ် စစ်၊ နူခြင်းစသော အနာရောဂါအပြစ်ကင်းသူဖြစ်မှ ဝတ္ထု၏ပြည့် စုံခြင်းဖြစ်သည်။ ဥတ်၏ပြည့် စုံခြင်း ဆိုသည်မှာ ငါးပါးသော အပြစ်ဒေါသကင်း၍ ဥတ်၏ ပြည့်စုံခြင်း ဆိုလိုသည်။ ကမ္မဝါစာ၏ပြည့်စုံခြင်း ဆိုသည် မှာ ငါးပါးသော အပြစ်ဒေါသကင်း၍ ဓမ္မပါတ၏ပြည့်စုံ ခြင်းကိုဆိုသည်။ သိမ်၏ပြည့်စုံခြင်းဆိုသည်မှာ ဝိပ္ပတ္တိ သိမ်ကို လွှန်၍ သမ္ပတ္တိဂုဏ်နှင့်ပြည့်စုံသော သိမ်ကိုခေါ် သည်။ ပရိသတ်၏ပြည့်စုံခြင်းဆိုသည်မှာ ဥပဇ္ဈာယ် ဆရာနှင့်တကွ ကံပြုလောက်သောရဟန်း အနည်းဆုံး ငါးပါးရှိခြင်းကို ဆိုလိုသည်။

အထက်တွင်ဖော်ပြခဲ့သော ဝတ္ထု၏ပြည့်စုံခြင်း တွင် ရဟန်းလောင်းသည် အသက် ၂၀ ပြည့်၍ဟု ဖော်ပြ ပါရှိခဲ့၏။ လက်တွေ့ဆောင်ရွက်ကြရာတွင် ပြက္ခဒိန်ပါ ခုနှစ်သက္ကရာဇ်ကို မယူကြပေ။ လက်ရှိရောက်နေသော အသက်တွင် ပဋိသန္ဓေနေရက် ကိုးလကိုပါထည့်ပေါင်းပြီး ပဉ္စင်းခံကြသည်။

ပဉ္စင်းဒါယကာခံလိုသူများသည် မိမိအိမ်တွင် ဆွမ်းခံကြသော သာမဏေများက သို့မဟုတ် ကျောင်းတိုက် အတွင်းရှိ စာတော်သောသာမဏေများကို မိမိရဟန်း ဒါယကာပြုပါရစေဟု ကြိုတင်လျှောက်ထားကြရ၏။ ရဟန်းလောင်းနှင့် ရဟန်းလောင်း၏ဆရာကပါ လက်ခံ လျှင် အထမြောက်၏။

ရဟန်းဒါယကာ ခံယူရာတွင် အချို့သည် ငါးသိန်း ကုန် ဆယ်သိန်းကုန် အပြီးအပြတ် လှူဒါန်းလိုက်သည်။ မိမိတို့၏ရဟန်းနှင့်စပ်ဆိုင်သော အခြားအရာများကို တာဝန်မယူဘဲ နေနိုင်သည်။ နောက်တစ်မျိုးမှာကား ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ မကွယ်လွန်မချင်း မိမိတို့၏ရဟန်း ပျံလွန်တော်မမူမချင်း လိုအပ်သမျှကို မိဘအရာ၌တည်လျက် ထောက်ပံ့နေခြင်းဖြစ်သည်။

ရဟန်းတော်တို့တွင် သိက္ခာတင်စဉ်က ရဟန်း အဖြစ်ပြည့်စုံရန် အချက်ငါးပါးကိုဖော်ပြခဲ့၏။ ယခု တစ်ဖန် ယင်းနှင့်ဆန့်ကျင်ဘက် "သိက္ခာချအင်္ဂါခြောက်ပါး" ကို ဖော်ပြပါဦးမည်။

ရဟန်းတစ်ပါးသိက္ခာချရာတွင် စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂိုလ်၊ အသိအားဖြင့် ခြောက်ခုစုံလင်ရသည်။

ဤတွင် စိတ်ဆိုသည်မှာ ဤသို့ဖြစ်၏။ သိက္ခာ ချသောရဟန်းသည် ကိုယ်တိုင်က သိက္ခာချလိုစိတ်ရှိမှ ကျသည်။ ရယ်မြူးလိုသဖြင့်လည်းကောင်း၊ မချချင်- ချချင် အဆောတလျင်ဖြင့်လည်းကောင်း သိက္ခာမကျချေ။

ခေတ်ဆိုသည်မှာ ဤသို့ဖြစ်ပေ၏။ ဗုဒ္ဓံ ပစ္စက္ခာမိ ဘုရားကိုစွန့်ပါ၏။ ဓမ္မံ ပစ္စက္ခာမိ တရားတော်ကိုစွန့်ပစ်ပါ ၏။ သံဃံ ပစ္စက္ခာမိသံဃာတော် အရှင်မြတ်များကိုစွန့်ပစ် ပါ၏။ သိက္ခံ ပစ္စက္ခာမိ သိက္ခာတို့စွန့်ပစ်ပါ၏။ ထို့အတူ 'ဝိနယပါတိမောက္ခ' ဥဒ္ဒေသံ ဥပဇ္ဈာယက် သမာနစရိယက် သဗြဟ္မာစာရိ 'ပစ္စက္ခာမိ' စသည်တို့ဖြင့်လည်းကောင်း။

ဂိဟီတိမံ ဓာရေထ (တပည့်တော်အား လူဟု မှတ်တော်မူပါကုန်)

ဤနည်းတူ "ဥပသကော အာရာမိကော သာမဏေရောတိတ္ထိယော တိတ္ထိယ သာဝကော၊ အ သမဏော အသကျပုတ္တိယောတိ မံ ဓာရေထ' တို့ဖြင့် လည်း တောင်းဆိုမှသာသိက္ခာကျသည်။

ယခုပြဆိုခဲ့သော ၂၂ မျိုးသော ခေတ်ပုဒ် တစ်ပိုဒ်

ပိုဒ်ဖြင့်မဆိုဘဲ တခြားအမည် ခေတ်ပုဒ်များဖြင့် ပြောင်းလွဲဆိုသော်မကျပေ။ (ပုံစံအားဖြင့် သက်န်းကိုစွန့်ပါ၏) ဆို၍ သိက္ခာမကျချေ။

ကာလဆိုသည်မှာ 'ဗုဒ္ဓံ ပစ္စက္ခာမိ'ဘုရားကို စွန့်ပါ၏ စသည်ဖြင့် ပစ္စုပ္ပန်ကာလနှင့်ဆိုမှကျသည်။ သို့မဟုတ်ဘဲ "ဗုဒ္ဓ ပစ္စက္ခာသိ" ဘုရားကိုစွန့်ပြီးပြီဟု အတိတ်ကာလဖြင့်လည်းကောင်း၊ "'ဗုဒ္ဓံပစ္စက္ခဿ' ဘုရားကိုစွန့်ပါလတ္တံ့ဟု အနာဂတ်ကာလဖြင့်လည်းကောင်း ဆို၍ ကာလမမှန်က မကျပေ။ ပယောဂဆိုသည်မှာ 'ကာယပယောဂ၊ ဝစီပယောဂ' နှစ်မျိုးရှိသည့်အနက် "ဗုဒ္ဓံပစ္စက္ခာမိ"ဘုရား ကိုစွန့်ပါ၏စသောအဓိပ္ပာယ်ကို ဘာသာတစ်ခုခုဖြင့် မြွက်ခြင်း၊ ဝစီပယောဂရှိမှ သိက္ခာကျသည်။ ၎င်းအဓိပ္ပာယ်ကို စာဖြင့်ရေးပြခြင်းစသော ကာယပယောဂဖြင့်ကား သိက္ခာမကျပေ။

ပုဂ္ဂိုလ်ဆိုသည်မှာ သိက္ခာချသောရဟန်းပုဂ္ဂိုလ်နှင့် သိက္ခာချမှု အသိအမှတ်ပြုအပ်သောပုဂ္ဂိုလ်ဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် သိက္ခာချသောရဟန်းပုဂ္ဂိုလ်သည် ရူးသူ၊ စိတ်ပျံ့လွင့်သူ၊ ဝေဒနာနှိပ်စက်သူ မဖြစ်စေရပါ။ သိက္ခာချမှု အသိအမှတ်ပြုအပ်သော ပုဂ္ဂိုလ်ကလည်း လူသားအစစ်အမှန်ဖြစ်၍ အရူးစသည်တို့ မဟုတ်ဘဲ ရှေ့မျက်မှောက်၌ ဖြစ်ခြင်းရှိမှ သိက္ခာကျသည်။

အသိဆိုသည်မှာ သိက္ခာချမှု အသိအမှတ်ပြုအပ်သောသူကို တစ်ယောက်ကိုသော်လည်းကောင်း၊ အများကိုသော်လည်းကောင်း အသိအမှတ်ပြုထား၏။ ထိုအသိအမှတ်ပြုသောပုဂ္ဂိုလ်ကလည်း ပကတိအားဖြင့် ထိုရဟန်းပြောကြားသောစကားအဓိပ္ပာယ်ကို နားလည်သူသာဖြစ်၍ ပြောကြားသောစကားအဆုံး၌ ထိုရဟန်းသည် "သာသနာတော်မှာ မပျော်ပိုက်တော့" သည့် အဖြစ်၊ သာသနာတော်တွင် ငြီးငွေ့၍ လူဖြစ်လိုသော အဖြစ်ကို သိသောပုဂ္ဂိုလ်ဖြစ်ရမည်။

ထိုပုဂ္ဂိုလ်က ထိုရဟန်း၏စကားအဆုံးမှာ သိက္ခာကျ၏။ မသိသော်လည်းကောင်း၊ အတန်ကြာမှ စဉ်းစားပြီး သိသော်လည်းကောင်း သိက္ခာမကျပေ။ ဤကား ပုဂ္ဂိုလ်ကိုမှတ်သား၍ အသိအမှတ်ထားခြင်း တည်း။

ပုဂ္ဂိုလ်အမှတ်မထားဘဲ သိက္ခာချရာ၌ ကြားသော ပုဂ္ဂိုလ်များအနက် တချို့တစ်ဝက်ကသော်လည်းကောင်း၊ အကုန်လုံးကသော်လည်းကောင်း ထိုရဟန်း၏ သိက္ခာချမှုအဓိပ္ပာယ်ကိုသိလျှင်လည်း သိက္ခာကျသည်သာဖြစ်၏။

သိက္ခာချနည်းကို အရေးတကြီး သိအပ်၊ သိသင့်၊ နားလည်သင့်ပေသည်။ သိက္ခာချနည်း နားမလည်ဘဲ သိက္ခာချက သိက္ခာမကျဘဲဖြစ်နေတတ်သဖြင့် လူဝတ်လဲသော်လည်း ရဟန်းသာဖြစ်နေသေးရာ "ပါရာဇိကမှု" တစ်ခုခုကို လွန်ကျူးမိပါက ပါရာဇိကကျသူပင် ဖြစ်ရလေတော့သည်။

အကြောင်းခြောက်ပါးကြောင့် သင့်ရသောအာပတ်အမျိုးအစား ခုနစ်ပါးတို့တွင် "ပါရာဇိက အာပတ်" အတွက်မှာ လူဝတ်လဲခြင်းမှတစ်ပါး ကုသရန်အခြားနည်းမရှိတော့ပြီ။ လူဝတ်လဲလိုက်ခြင်းသာလျှင် ပါရာဇိက အာပတ် ကုစားနည်းဖြစ်တော့သည်။

ဤသို့ လူဝတ်လဲလိုက်ပြီး တရားကိုအားထုတ်ပါက ဈာန်မဂ်ဖိုလ်ရနိုင်ပေသေးသည်။ အဝတ်မလဲဘဲ ရဟန်းအဖြစ်ဝန်ခံနေသမျှ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်သာဖြစ်နေတော့၏။ ရဟန်းသည် ပါရာဇိကမကျ သိက္ခာမချဘဲနှင့် လူဝတ်လဲခြင်းက ရဟန်းသည် ရဟန်းအဖြစ်ရှိနေသေးသည်။

"သံဃာဒိသိသ်" အာပတ်သင့်လျှင် ပရိဝသ် မာနတ်ဆောက်တည်ရ၏။ ပါရာဇိကနှင့် သံဃာဒိသိသ် အာပတ်မှာ ကြီးလေးသောကြောင့် "ဂရုကအာပတ်" ဟု ခေါ်သည်။ ကျန်သောအာပတ်များမှာ ကုစားရလွယ်သဖြင့် "လဟုက အာပတ်" ဟုခေါ်သည်။

## ဒေသနာကြားခြင်း

ရဟန်းတော်များသည် အာပတ်တန်းလန်းဖြင့် ကွယ်လွန်သွားပါက အပါယ်လေးပါး၌ကျခံရတတ်သည်။ သို့ဖြစ်၍ အာပတ်ဖြေပုံကို ဖော်ပြပါမည်။ အမှန်စင်စစ် သိမ်တွင်း၌ သို့မဟုတ် အာပတ်ဖြေသောနေရာ၌ ပါဠိချည်းသာရွတ်ဆိုငြား ယခုမူ အများနားလည်စေရန် မြန်မာပြန်ကိုပါ ပူးတွဲဖော်ပြပါမည်။

ဒေသနာကြားရာတွင် ကြီးသောရဟန်းသည် မြတ်စွာဘုရားကိုအာရုံပြုထား၏။ ငယ်သောရဟန်း

သည် ကြီးသောရဟန်းကိုရှိခိုးလျက် အပြစ်ကိုပြောကြား ဝန်ခံ ဒေသနာကြား၏။

**ငယ်**-အဟံဘန္တေ သဗ္ဗာအာပတ္တိယော အာရောစေယာမိ။ "အလုံးစုံသော အာပတ်တို့ကို တပည့်တော် ပြောကြား ဖော်ပြပါသည်ဘုရား"

**ကြီး**-သာဓု အာဝုသော သာဓုသာဓု

"ကောင်းပါပြီ ငါ့ရှင်။ ကောင်းပါပြီ။ "

**ငယ်**-အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံတာတုမှမူလေ ပဋိဒေသေမိ။

"အကြောင်းအမျိုးမျိုးနှင့်ဆိုင်သော များစွာသော အာပတ်အလုံးစုံတို့ကို တပည့်တော်သင့်ရောက်မိပါပြီ။ ထိုအာပတ်တို့ကို အရှင်ဘုရားထံမှာပြောကြားပါသည် ဘုရား"

**ကြီး**-ပဿသိ အာဝုသော တာ အာပတ္တိယော။

"ထိုအာပတ်တို့ကို အပြစ်ဟုရှုလေ ငါ့ရှင်"

**ငယ်**-အာမဘန္တေ ပဿာမိ။

"မှန်ပါ၏ အရှင်ဘုရား ရှုပါမည်"

**ကြီး**-အာယတိံ အာဝုသော သံဝရေယျာသိ။

"နောင်အခါမှာ စောင့်စည်းပါလေ ငါ့ရှင်"

**ငယ်**-သာဓု သုဋ္ဌုဘာဝန္တေ သံဝရိဿာမိ။

"ကောင်းပါပြီ အရှင်ဘုရား။ ကောင်းကောင်း စောင့်စည်းပါမည်"

**ကြီး**-သာဓု အာဝုသော သာဓု သာဓု။ အဟံ အာဝုသော သဗ္ဗာအာပတ္တိယောအာဝိ တရောမိ။

"ကောင်းပေစွ ငါ့ရှင် ကောင်းပေစွ။ အလုံးစုံသော အာပတ်တို့ကို တပည့်တော် ထင်ရှားဖော်ပြပါသည်ငါ့ရှင်"

**ငယ်**-သာဓု ဘန္တေ သာဓုသာဓု။

"ကောင်းပါပြီအရှင် ကောင်းပါပြီ"

**ကြီး**-အဟံအာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာအာပတ္တိယော အာပဇ္ဇိံတာ တုယှ မူဝလ ပဋိဒေသေမိ။

"အကြောင်းအမျိုးမျိုးနှင့်ဆိုင်သော များစွာသော အာပတ်အလုံးစုံတို့ကို တပည့်တော် သင့်ရောက်မိပါပြီ။

ထိုအာပတ်တို့ကို ငါ့ရှင်ထံမှာ ပြောကြားပါသည် ငါ့ရှင်။"

**ငယ်**-ပဿထ ဘန္တေ တာ အာပတ္တိယော။

"ထိုအာပတ်တို့ကို အပြစ်ဟုရှုပါ အရှင်ဘုရား"

**ကြီး**-အာမ အာဝုသော ပဿာမိ။

"မှန်ပါ၏ ငါ့ရှင်၊ ရှုပါမည်"

**ငယ်**-အာယတိံ ဘန္တေ သံဝရေယျာထ။

"နောင်အခါမှာ စောင့်စည်းပါအရှင်ဘုရား"

**ကြီး**-သာဓု သုဋ္ဌုအဟံ အာဝုသော သံဝရဿာမိ။

"ကောင်းပါပြီငါ့ရှင်။ ကောင်းကောင်းစောင့် စည်းပါမည်"

**ငယ်**-သာဓုဘန္တေ သာဓု သာဓု။ အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော အာပဇ္ဇိံတာ တုမှမူလေ ပဋိဒေသေမိ။

"ကောင်းပါပြီအရှင် ကောင်းပါပြီ။ အကြောင်း အမျိုးမျိုးနှင့်ဆိုင်သော များစွာသော အာပတ်အလုံးစုံတို့ကို တပည့်တော် သင့်ရောက်မိပါပြီ။ ထိုအာပတ်တို့ကို အရှင်ဘုရားထံမှာ ပြောကြားပါသည်ဘုရား"

**ကြီး**-ပဿသိ အာဝုသော တာ အာပတ္တိယော။

"ထိုအာပတ်တို့ကို အပြစ်ဟုရှုပါလေ ငါ့ရှင်"

**ငယ်**-အာမဘာဝန္တေ ပဿာမိ

"မှန်ပါ၏အရှင်ဘုရား ရှုပါမည်"

**ကြီး**-အာယတိ အာဝုသော သံဝရေယျာသိ။

"နောင်အခါမှာ စောင့်စည်းပါလေ ငါ့ရှင်"

**ငယ်**- သာဓု သုဋ္ဌုဘန္တေ သံဝရိဿာမိ။

"ကောင်းပါပြီအရှင်ဘုရား။ ကောင်းကောင်း စောင့်စည်းပါမည်"

**ကြီး**-သာဓု အာဝုသော သာဓု သာဓု။

"ကောင်းပေစွငါ့ရှင် ကောင်းပေစွ"

ရဟန်းတော်များ လိုက်နာကျင့်သုံးရမည့်အချက် အလက်များကား များပြားလှသည်။

ဥပုသ်ပြုခြင်း၊ ဝါဆိုဝါကပ်၊ ပဝါရဏာ၊ ပါရာဇိက အာပတ် ၄ ပါး၊ သင့်လွယ်သောသံဃာ ဒိသိသ်အာပတ်များ၊ သင့်လွယ်နိဿဂ္ဂိပါစိတ်အာပတ်များ၊ သင့်လွယ်သောပါစိတ်အာပတ်များ၊ တူလဒ္ဓသန ရှစ်ပါး၊ အနေသန ၂၁ ပါး၊ ရလာသော ပစ္စည်းအဓိဋ္ဌာန် တင်ပုံ၊ ဝိကပ္ပနာပြုပုံ စသည်ဖြင့် စုံစေအောင် မဖော်ပြနိုင်ပါ။ ဤမျှဖြင့် အကျဉ်းချုပ်လိုက်ရသည်။

**ဆင်ဖြူကျွန်းအောင်သိန်း**

# မြန်မာနိုင်ငံနှင့် မြန်မာစာပါရဂူဘွဲ့

ကမ္ဘာပေါ်တွင် ပညာရပ်ဆိုင်ရာ ဘာသာရပ်တစ်ခုအတွက် ထိုဘာသာရပ်ကို လေ့လာလိုက်စားကာ အစဉ်တစိုက် သုတေသနပြု ဖော်ထုတ်၍ ဖိုဖိုဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်သည့် ပညာရှင်များအား ထိုဘာသာရပ်အပေါ် ကျွမ်းကျင် ပိုင်နိုင်မှုအတွက် သက်ဆိုင်ရာဘာသာရပ်အဖွဲ့အစည်းများမှ အမြင့်ဆုံးဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထိုဘွဲ့ကို ပါရဂူဘွဲ့၊ ဒေါက်တာဘွဲ့ (Doctor of Philosophy) ဟုခေါ်သည်။ အတိုကောက်အားဖြင့် Ph.D ဟုခေါ်သည်။ မြန်မာနိုင်ငံပညာရေးလောက ပညာရေးအဖွဲ့အစည်းများသည် ပညာရေးအဆင့်အတန်းကို မြှင့်တင်ဖော်ဆောင်ခဲ့သည်နှင့်လျော်ညီစွာ ပါရဂူဘွဲ့များ ပေးအပ် ချီးမြှင့်နိုင်ရေးအတွက် ကမ္ဘာ့ပညာရေးလောကနှင့်တူယှဉ်၍ ဆောင်ရွက်ခဲ့သည်။ ယနေ့ အရည်အသွေးပြည့်ဝစွာပေါ်ထွန်းနေသော မြန်မာစာပါရဂူဘွဲ့သည် မြန်မာ့ပညာရေးလောက၏ စွမ်းဆောင်မှုများမှ ပေါ်ထွက်လာသည့် အသီးအပွင့်တစ်ခုဖြစ်သည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

မြန်မာနိုင်ငံမြန်မာလူမျိုးတို့သည် ယဉ်ကျေးမှု အစဉ်အလာကြီးမားသောနိုင်ငံနှင့်လူမျိုးအဖြစ် ကမ္ဘာ အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ခြင်း၏ အထင် ကရ ပြယုဂ်များအနက် သမိုင်းအစဉ်အလာကြီးမားသည့် မြန်မာစာပေ၊ မြန်မာဘာသာစကားသည် အဓိကအခန်း ကဏ္ဍမှ ပါဝင်သည်။ ရှေးပဝေသဏီကပင် ပေါ်ထွန်းခဲ့ ပြီး မျက်မြင်အထောက်အထားများအဖြစ် ကျန်ရှိသည့် ရှေးဟောင်းကျောက်စာများမှသည် ခေတ်အဆက်ဆက် ရှင်သန်ဖွံ့ဖြိုးခဲ့သော ပို့၊ ကဗျာ၊ လင်္ကာ စာပေလက်ရာ အမျိုးမျိုး၊ ကမ္ဘာ့ဘာသာစကားကြီးများနှင့် တန်းတူ ဖြစ်ထွန်းတည်တံ့ ရှင်သန်ဖွံ့ဖြိုးခဲ့သည့် မြန်မာဘာသာ စကားတို့ကို ကမ္ဘာက တလေးတစား အသိအမှတ်ပြု ကြရသည်။ မြန်မာစာပေ မြန်မာဘာသာစကားသည် အမိမြန်မာနိုင်ငံ၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မြန်မာစာပေ မြန်မာ ဘာသာစကားတည်တံ့ခိုင်မြဲရေး၊ ထိန်းသိမ်းစောင့်ရှောက် ရေး၊ ရှင်သန်ဖွံ့ဖြိုးရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ် ကြီးအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည်။ အခြေခံဥပဒေတွင် မြန်မာစာကို ရုံးသုံးစာအဖြစ် ပြဋ္ဌာန်းထားပြီး ကျောင်းသင်ရိုးညွှန်းတမ်းတွင် သူငယ် တန်းမှ တက္ကသိုလ်ပထမနှစ်အထိ မြန်မာစာဘာသာရပ် ကို မသင်မနေရဘာသာရပ်အဖြစ် ပြဋ္ဌာန်းထားသည်။ မြန်မာစာဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်ဦးဆောင် စီမံဆောင်ရွက်နိုင်ရန်အတွက် မြန်မာစာပညာရှင်များ ပါဝင်သည့် မြန်မာစာအဖွဲ့ကိုလည်း ဖွဲ့စည်း တာဝန် ပေးအပ်ထားသည်။ တက္ကသိုလ်ပညာရေးတွင် မြန်မာ စာပေ မြန်မာဘာသာစကား လေ့လာမှုနယ်ပယ် နှစ်ရပ်ကို ပေါင်းစည်းထားသည့် မြန်မာဘာသာရပ်ကို သီးခြားအထူးပြုဘာသာရပ်တစ်ခုအဖြစ်ထားရှိပြီး အဆင့်မြင့်မြန်မာစာ သင်ကြားရေးနှင့် မြန်မာစာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်စေသည်။

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာ သုတေ သနလုပ်ငန်းများ ရှင်သန်ထက်မြက်ရေးတို့အတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များအနက် မြန်မာနိုင်ငံတွင် မြန်မာစာပါရဂူသင်တန်းများ ဖွင့်လှစ်နိုင် ခဲ့ပြီး မြန်မာစာပါရဂူဘွဲ့များ အပ်နှင်းနိုင်ခဲ့ခြင်းသည် အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံ၏ အသက်သွေးကြောဖြစ်သော မြန်မာစာပေ မြန်မာဘာသာစကားဆိုင်ရာ မြန်မာစာဘာသာရပ် အတွက် တက္ကသိုလ်ပညာရေး၏အမြင့်ဆုံးဘွဲ့ ဖြစ်သည့် ပါရဂူဘွဲ့ကို မြန်မာနိုင်ငံက ချီးမြှင့်နိုင်ခဲ့ခြင်းသည်

အမိမြန်မာနိုင်ငံတော်အဖို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ စွမ်းဆောင်ချက်ပင် ဖြစ်သည်။

နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတွင် မြန်မာစာပါရဂူဘွဲ့ အပ်နှင်းနိုင်ရန်အတွက် မြန်မာစာပါရဂူ ဘွဲ့သင်တန်း အစီအစဉ်ကို ၁၉၉၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကစတင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ မြန်မာစာ ပါရဂူဘွဲ့သင်တန်း အစီအစဉ်အတွက် စီမံချက်ရေးဆွဲခဲ့သူမှာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဆရာမကြီး ဒေါ်ပိုဖြစ်သည်။ သို့ရာတွင် ပါရဂူသင်တန်း အစီအစဉ် စတင်ချိန်၌ ပါမောက္ခ ဆရာမကြီး ဒေါ်ပိုသည် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားဘာသာသင် တက္ကသိုလ်သို့ ဧည့်ပါမောက္ခအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ရသည့်အတွက် ပါမောက္ခ ဆရာမကြီး ဒေါ်ခင်မေနွဲ့က စတင်အကောင်အထည်ဖော်ခဲ့သည်။

ပါမောက္ခဆရာမကြီး ဒေါ်ပို ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ဆရာမကြီးဒေါ်ခင်မေနွဲ့ ဂျပန်နိုင်ငံသို့ သွားရောက်ရသည့်အတွက် မြန်မာစာပါရဂူ သင်တန်းအစီအစဉ်ကို ဆရာမကြီးဒေါ်ပိုက ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဆရာမကြီးဒေါ်ပို အငြိမ်းစားယူချိန်တွင် ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှ ပြန်လည်ရောက်ရှိလာသော ပါမောက္ခဆရာကြီး ဦးခင်အေး (ဒေါက်တာခင်အေး)က ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဆရာကြီးဦးခင်အေးလက်ထက် ၂၀၀၀ ပြည့်နှစ်တွင် ပထမဦးဆုံး မြန်မာစာပါရဂူဘွဲ့ကို အပ်နှင်းနိုင်ခဲ့သည်။ ဆရာကြီး ဦးခင်အေးအငြိမ်းစားယူပြီးနောက် ပါမောက္ခ ဆရာမကြီး ဒေါ်ခင်ဆွေမြင့် (ဒေါက်တာခင်ဆွေမြင့်) က မြန်မာစာပါရဂူဘွဲ့ရများဆက်လက်မွေးထုတ်ပေးခဲ့သည်။ ဆရာမကြီး ဒေါ်ခင်ဆွေမြင့် အငြိမ်းစားယူပြီးနောက် လက်ရှိအချိန်တွင် ပါမောက္ခ ဆရာမကြီး ဒေါက်တာ ခင်ဆန်းဦးက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတက္ကသိုလ်တွင်လည်း မြန်မာစာပါရဂူသင်တန်းအစီအစဉ်ကို ၁၉၉၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့သည်။ မန္တလေးတက္ကသိုလ်တွင် မြန်မာစာပါရဂူသင်တန်း အစီအစဉ်ကို မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဆရာကြီး ဦးတင်မြင့်ကအစပျိုးခဲ့ပြီး ပါမောက္ခဆရာကြီး ဦးတင်ထွန်းက စတင်အကောင်အထည်ဖော်ခဲ့သည်။ ဆရာကြီး အငြိမ်းစားယူပြီးနောက် ပါမောက္ခ ဆရာမကြီး ဒေါ်နုနုကြည်(ဒေါက်တာနုနုကြည်)က ဆက်လက်ဆောင်ရွက်သည်။ ဆရာမကြီး ဒေါ်နုနုကြည် အငြိမ်းစားယူပြီးနောက် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားဘာသာသင် တက္ကသိုလ်မှ ပြန်လည်ရောက်ရှိလာသည့် ဆရာကြီး ဦးမောင်မောင်လေး (ဒေါက်တာမောင်မောင်လေး) က ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဆရာကြီး ဦးမောင်မောင်လေး အငြိမ်းစားယူပြီး လက်ရှိအချိန်တွင် ပါမောက္ခဒေါက်တာရွှေရွှေက မန္တလေးတက္ကသိုလ်၌ မြန်မာစာပါရဂူဘွဲ့ရများကို ဆက်လက် မွေးထုတ်ပေးလျက်ရှိသည်။



ကဗျာဆရာကြီး ဒဂုန်တာရာနေထိုင်ရာနေအိမ်သို့ သွားရှ၍ တွေ့ဆုံမေးမြန်းနေသည့် ပါရဂူသင်တန်းသူတစ်ဦး

မြန်မာစာပါရဂူသင်တန်း အစီအစဉ် စတင်အကောင်အထည်ဖော်ချိန်၌ နိုင်ငံတကာအဆင့်မီ ပါရဂူသင်တန်းအစီအစဉ် ဖြစ်ထွန်းစေရေးအတွက်



စာရေးဆရာကြီး (ဦး) အောင်သင်းနှင့်
တွေ့ဆုံမေးမြန်းနေသော ပါရဂူသင်တန်းသားတစ်ဦး

မြန်မာစာပေနဲ့စပ်ပြီး ပြည်ပမှ ပါရဂူဘွဲ့ရရှိခဲ့ကြသည့် ပညာရှင်ကြီးများ၊ မြန်မာစာပေ ပညာရှင်ကြီးများက ဝိုင်းဝန်းကူညီဖြည့်ဆည်းခဲ့ကြသည်။ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့်အာဖရိကပညာလေ့လာရေးကျောင်းမှ မြန်မာစာပေဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည့် ဆရာကြီး ဒေါက်တာလှဘေ (ကွယ်လွန်) က ရန်ကုန်တက္ကသိုလ်နှင့် မန္တလေး တက္ကသိုလ်သို့လာရောက်ကာ နိုင်ငံတကာ ပါရဂူဘွဲ့ အတွေ့အကြုံများ၊ လုပ်ထုံးလုပ်နည်းများကို ဟောပြောလမ်းညွှန်ခဲ့သည်။ သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာ သန်းထွန်း(ကွယ်လွန်)ကလည်း သုတေသန လုပ်ထုံးလုပ်နည်းများကို ပို့ချပေးခဲ့သည်။ စာပေပညာရှင်ကြီးများဖြစ်ကြသည့် ဒေါက်တာခင်မောင်ညွန့်၊ ဆရာကြီး ဦးမောင်မောင်တင် (ကွယ်လွန်)၊ ဆရာကြီး ဦးသန်းထွတ် (တိုက်စိုး) (ကွယ်လွန်) တို့က မြန်မာစာပါရဂူသင်တန်း ဦးစီးကော်မတီဝင်များအဖြစ် ဦးဆောင်ပံ့ပိုးခဲ့ကြသည်။ အဆိုပါ ပညာရှင်ကြီးများ၏ ပံ့ပိုးကူညီမှု၊ မြန်မာစာအဖွဲ့နှင့် မြန်မာစာဌာနများမှ ဆရာကြီး၊ဆရာမကြီးများ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် မြန်မာစာပါရဂူဘွဲ့သင်တန်း အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ခိုင်မာသောအုတ်မြစ်ကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပါရဂူသင်တန်းအစီအစဉ်အရ ပါရဂူသင်တန်းတက်ရောက်ခွင့်ရရန် ဝင်ခွင့်စာမေးပွဲကို ဦးစွာဖြေဆိုရသည်။ အောင်မြင်ပါက ပါရဂူကျမ်းမပြုစုမီ အကြိုသင်တန်း ၁ နှစ် တက်ရောက်ရသည်။ အကြိုသင်တန်းတွင် ဘာသာရပ် ၄ ခု သတ်မှတ်ပြဋ္ဌာန်းထားသည်။ မြန်မာစာပါရဂူသင်တန်း အစီအစဉ်စတင်သည့် ၁၉၉၅-၉၆ ပညာသင်နှစ်မှ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်အထိ စာပေနှင့်ဘာသာစကား အထူးပြုနယ်ပယ်နှစ်ရပ်ကို ပေါင်းစည်းပြဋ္ဌာန်းထားသည်။ ထိုစဉ်က ဘာသာရပ် ၄ ခုမှာ ဘာသာရပ် (၁) စကားပြေ (ရှေးစကားပြေနှင့် ခေတ်စကားပြေ)၊ ဘာသာရပ် (၂) ကဗျာ (ရှေးကဗျာနှင့် ခေတ်ကဗျာ)၊ ဘာသာရပ် (၃) ရှေးဟောင်းစာ (မြန်မာကျောက်စာ၊ မင်စာ၊ ပျူ၊ ရှေးမှန်၊ ရှေးဟောင်း အက္ခရာ)၊ ဘာသာရပ် (၄) ဘာသာဗေဒ၊ သဒ္ဒဗေဒတို့ဖြစ်သည်။ ဘာသာရပ် (၁)နှင့် (၂)သည် စာပေအထူးပြု လေ့လာမှုနယ်ပယ်ဖြစ်ပြီး ဘာသာရပ် (၃)နှင့် (၄)သည် ဘာသာစကားအထူးပြုလေ့လာမှုနယ်ပယ်ဖြစ်သည်။ မြန်မာစာပါရဂူသင်တန်း စတင်သည့်နှစ်က အဆိုပါ ဘာသာရပ် ၄ ခုအပြင် အဆင့်မြင့်သုတေသန စာတမ်း ၃ စောင်ကို ဘာသာရပ် ၁ ခုအဖြစ် သတ်မှတ်သည့်အတွက် စုစုပေါင်း ဘာသာရပ် ၅ ခု ဖြစ်သည်။

၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစ၍ သက်ဆိုင်ရာ အထူးပြုနယ်ပယ်ကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ လေ့လာနိုင်ရန် ရည်ရွယ်ပြီး စာပေအထူးပြုနှင့် ဘာသာစကားအထူးပြုကို ပိုင်းခြားကာ အထူးပြုနယ်ပယ်တစ်မျိုးလျှင် ဘာသာရပ် ၄ ခုစီ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ စာပေအထူးပြုအတွက် ဘာသာရပ် ၄ ခုမှာ ဘာသာရပ် (၁) စာပေသဘောတရား၊ စာပေယဉ်ကျေးမှု (စာပေသဘောတရား၊ ရသ၊ ရေးဟန်၊ စာပေယဉ်ကျေးမှု) ဘာသာရပ်(၂)ရှေးခေတ်မြန်မာစာပေ(ရှေးစကားပြေများ၊ ရှေးကဗျာများ)၊ ဘာသာရပ်(၃) ကိုလိုနီခေတ်မြန်မာစာပေ (ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ကဗျာ၊ ရသစာတမ်း)၊ ဘာသာရပ်(၄) လွတ်လပ်ရေးခေတ်



နာဂဝတိုင်းရင်းသားဘာသာစကားကို
ကျမ်းတင်သွင်းမည့် ပါရဂူသင်တန်းသားတစ်ဦး
နာဂလူမျိုးတစ်ဦးနှင့် တွေ့ဆုံစဉ်

မြန်မာစာပေ (ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ကဗျာ၊ ရသစာတမ်း) တို့ ဖြစ်သည်။ ဘာသာစကားအထူးပြုအတွက် ဘာသာရပ် ၄ ခုမှာ ဘာသာရပ်(၁) မြန်မာရှေးဟောင်းစာ (ကျောက်စာ၊ မင်စာ၊ မြန်မာဘာသာစကားနှင့်အလင်္ကာ၊ အရေးနှင့်အနက်)၊ ဘာသာရပ်(၂) ပျူ၊ မွန်ရှေးဟောင်းစာ (ရှေးဟောင်းအက္ခရာများ၊ ရှေးမွန်ကျောက်စာ၊ ခေတ်လယ်မွန်ကျောက်စာ၊ စာအရေးအသားစနစ်)၊ ဘာသာရပ် (၃) ဘာသာဗေဒ-၁ (ဘာသာဗေဒ၊ သဒ္ဒဗေဒ၊ မြန်မာဘာသာစကားနှင့် မြန်မာ့အစဉ်အလာ)၊ ဘာသာရပ် (၄) ဘာသာဗေဒ-၂ (လူမှုဘာသာဗေဒ၊ အတ္ထဗေဒ၊ ဟန်ဗေဒ) တို့ ဖြစ်ကြသည်။ ဘာသာရပ်အလိုက် သုတေသနစာတမ်းများ ရေးသားပြုစုပြီး သုတေသနစာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းရသည်။

မြန်မာစာပါရဂူအကြိုသင်တန်းအတွက် ပြဋ္ဌာန်းသည့် ဘာသာရပ်များကို မြန်မာစာပညာရှင် ဝါရင့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် မြန်မာတစ်နိုင်ငံလုံးရှိ မြန်မာစာပါမောက္ခများ ပါဝင်သော မြန်မာစာသင်ကြားရေးအဖွဲ့က ညှိနှိုင်းရေးဆွဲကာ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်များ ဗဟိုကောင်စီသို့ အဆင့်ဆင့်တင်ပြအတည်ပြုချက် ရယူပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် တစ်ပြေးညီ သင်ကြားပို့ချခြင်းဖြစ်သည်။

မြန်မာစာပါရဂူအကြို သင်တန်းတွင် တစ်နှစ် လေ့လာဆည်းပူးပြီးနောက် မိမိတို့အထူးပြုနယ်ပယ်အလိုက် မိမိအားသန်ရာဘာသာရပ်တစ်ခုကို ရွေးချယ်ကာ ပါရဂူကျမ်းခေါင်းစဉ်ကို အဆိုပြုတင်သွင်းရသည်။ ကျမ်းခေါင်းစဉ်အဆိုပြုနိုင်ရန်အတွက် မိမိ၏ကြိုတင်လေ့လာထားမှုများကို ပဏ္ဏာမစူးစမ်းလေ့လာချက်စာတမ်းအဖြစ်ပြုစုကာ ပါရဂူသင်တန်းဦးစီးကော်မတီဝင်ပညာရှင်များ၏ ရှေ့မှောက်တွင် ရှင်းလင်းတင်ပြရသည်။ ပါရဂူကျမ်းခေါင်းစဉ်ကို ပါရဂူသင်တန်းဦးစီးကော်မတီက စိစစ်ခွင့်ပြုပြီးနောက် လေးနှစ်တာကာလအတွင်း သုတေသနပြုလုပ်ကာ ပါရဂူကျမ်း ပြုစုရသည်။ ကျမ်းပြုကာလအတွင်း မိမိ၏ သုတေသနတွေ့ရှိချက်များကို တစ်နှစ်လျှင် တစ်ကြိမ် ပုံမှန်စာတမ်းဖတ်ပွဲနှင့် အကဲဖြတ်စာတမ်းဖတ်ပွဲများတွင် ပညာရှင်များ ရှေ့မှောက်၌ ဖတ်ကြားတင်သွင်းရသည်။ လေးနှစ်ပြည့်မြောက်၍ ကျမ်းပြုစုပြီးလျှင် ကျမ်းစာစစ်အဖွဲ့က အကျေအလည် စစ်မေးပြီးနောက် ကျေနပ်မှုရှိလျှင် ပါရဂူဘွဲ့ အပ်နှင်းနိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်ပညာရေးအဖွဲ့သို့ ထောက်ခံတင်ပြသည်။ တက္ကသိုလ်ပညာရေးအဖွဲ့က လက်ခံအတည်ပြုကာ အောင်မြင်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် ဘွဲ့နှင်းသဘင်တွင် ပါရဂူဘွဲ့ကို အပ်နှင်းသည်။

ပါရဂူပုံမှန်သင်တန်းများအပြင် တက္ကသိုလ်ဝါရင့် ဆရာ ဆရာမများ ပါရဂူကျမ်းပြုစုနိုင်ရန်အတွက် ပါရဂူသုတေသန အစီအစဉ်ကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ဤအစီအစဉ်အရ သတ်မှတ်ချက်နှင့်ကိုက်ညီသော တက္ကသိုလ်ဝါရင့်ဆရာ ဆရာမများသည် ဝင်ခွင့်စာမေးပွဲနှင့် အကြိုသင်တန်းတက်ရောက်ဖြေဆိုရန်မလိုဘဲ မိမိပြုစုလိုသည့် ပါရဂူကျမ်းခေါင်းစဉ်ကို အဆိုပြုတင်သွင်းရသည်။ မိမိ၏ခေါင်းစဉ်ကို ပါရဂူသင်တန်းဦးစီးကော်မတီက သဘောတူခွင့်ပြုလျှင် မိမိခေါင်းစဉ်နှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းကို တစ်နှစ်တာ

ဆောင်ရွက်ရသည်။ တစ်နှစ် ပြည့်မြောက်သည့်အခါ သုတေသနစာတမ်း တင်သွင်းရသည်။ မိမိ၏ စာတမ်းကို ပါရဂူသင်တန်းဦးစီးကော်မတီက ကျေနပ်လက်ခံလျှင် ကျမ်းခေါင်းစဉ် အတည်ပြုဖြစ်ကာ လေးနှစ်တာ ကျမ်းဆက်လက်ပြုစုခွင့် ရရှိသည်။

ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာပါရဂူဘွဲ့ စတင်အပ်နှင်းနိုင်သည့် ၂၀၀၀ပြည့်နှစ်မှစ၍ ယခု၂၀၁၀ ပြည့်နှစ်အထိ ပါရဂူဘွဲ့ရပုဂ္ဂိုလ် ၂၄၈ ဦးနှင့် ၎င်းတို့၏ မြန်မာစာပါရဂူကျမ်း ၂၄၈ ကျမ်းပေါ်ထွက်ပြီးဖြစ်သည်။ မန္တလေးတက္ကသိုလ်တွင် မြန်မာစာပါရဂူဘွဲ့ စတင်အပ်နှင်းနိုင်သည့် ၂၀၀၂ခုနှစ်မှစ၍ ယခု ၂၀၁၀ပြည့်နှစ်အထိ ပါရဂူဘွဲ့ရပုဂ္ဂိုလ် ၁၀၀ဦးနှင့် ၎င်းတို့၏ မြန်မာစာပါရဂူကျမ်း ၁၀၀ကျမ်းပေါ်ထွက်ပြီးဖြစ်သည်။ ၂၀၀၀ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံတွင် မြန်မာစာပါရဂူဘွဲ့ရပုဂ္ဂိုလ်ပေါင်း ၃၄၈ဦး ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်မှပေါ်ထွက်ခဲ့သော မြန်မာစာ ပါရဂူကျမ်း ၂၄၈ ကျမ်းတွင် စာပေအထူးပြုကျမ်းပေါင်း ၁၃၇ ကျမ်းနှင့် ဘာသာစကားအထူးပြုကျမ်းပေါင်း ၁၀၉ ကျမ်း ဖြစ်သည်။ မန္တလေးတက္ကသိုလ်မှ ကျမ်းများတွင် စာပေအထူးပြုကျမ်းပေါင်း ၇၇ ကျမ်းနှင့် ဘာသာစကားအထူးပြုကျမ်းပေါင်း ၂၃ ကျမ်း ပါဝင်သည်။

စာပေအထူးပြုကျမ်းများတွင် ကဗျာလေ့လာမှုနယ်ပယ်မှ ကဗျာသဘောတရား ကဗျာအတတ်ပညာ၊ ကဗျာသမိုင်း၊ တေးကဗျာ၊ တောလား၊ ပျို့၊ မော်ကွန်း၊ လင်္ကာ၊ ရကန်၊ ရတု၊ လေးချိုး၊ လွမ်းချင်း၊ သီချင်း၊ ဘွဲ့သီချင်း၊ တေးသီချင်း၊ မဟာဂီတ၊ သီချင်းခံ၊ သံပေါက်၊ အချင်း၊ ဧချင်းဆိုင်ရာကျမ်းများ၊ စကားပြေလေ့လာမှုနယ်ပယ်မှ ကလေးစာပေ၊ ခရီးသွားမှတ်တမ်း၊ တစ်သက်တာမှတ်တမ်း၊ လျှောက်ထုံး၊ ဓမ္မသတ်၊ နီတိစကားပြေ၊ ဗုဒ္ဓဝင်၊ ရသစာတမ်း၊ စကားပြေရေးဟန်၊ စကားပြေအရေးအသား၊ အတ္ထုပ္ပတ္တိ၊ အမေးအဖြေဆိုင်ရာကျမ်းများ၊ စာပေသဘောတရားလေ့လာမှု ဆိုင်ရာကျမ်းများ၊ စာပေသမိုင်းလေ့လာမှု ဆိုင်ရာကျမ်းများ၊ ဇာတကစာပေဆိုင်ရာကျမ်းများ၊ ဇာတ်မာန်စာပေဆိုင်ရာကျမ်းများ၊ ဇင်းမယ်ပဏ္ဏာသ စာပေဆိုင်ရာကျမ်းများ၊ ပြဇာတ်စာပေဆိုင်ရာကျမ်းများ၊ မေတ္တာစာဆိုင်ရာကျမ်းများ၊ ဝတ္ထုတိုလေ့လာမှုနယ်ပယ်မှ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုသမိုင်း၊ ဝတ္ထုတိုလေ့လာချက်ဆိုင်ရာကျမ်းများ၊ ဝတ္ထုရှည်လေ့လာမှုနယ်ပယ်မှ ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ၊ ဝတ္ထုရှည်လေ့လာမှု ဆိုင်ရာကျမ်းများ၊ သရော်စာဆိုင်ရာကျမ်းများ၊ ဟာသစာပေကျမ်း၊ အထွေထွေဆိုင်ရာကျမ်းများ ပါဝင်သည်။

ဘာသာစကား အထူးပြုကျမ်းများတွင် ဘာသာဗေဒပညာရပ်ခွဲအရေးရပ်သွင်လေ့လာမှုနယ်ပယ်မှ စာအရေးအသားစနစ်ဆိုင်ရာကျမ်းများ၊ ဘာသာစကားလေ့လာမှုနယ်ပယ်များဖြစ်သော စာလုံးပေါင်းသတ်ပုံကျမ်း၊ ဘာသာစကားသမိုင်း၊ ဝေါဟာရစစ်တမ်းဆိုင်ရာကျမ်းများ၊ အဘိဓာန်လေ့လာမှုဆိုင်ရာကျမ်းများ၊ သတ်ပုံသံပေါက် အဖွင့်ကျမ်းများ၊ ဘာသာဗေဒနယ်ပယ်မှလေ့လာသော ကလေးဘာသာစကား၊ တိုင်းရင်းသားဘာသာစကား၊ ဒေသိယစကား၊ သဒ္ဒါဆိုင်ရာကျမ်းများ၊ ရှေးဟောင်းစာ လေ့လာမှုနယ်ပယ်မှ ပျူကျောက်စာ၊ မွန်ကျောက်စာ၊ မြန်မာကျောက်စာ မင်စာဆိုင်ရာကျမ်းများ၊ လူမှု ဘာသာဗေဒနယ်ပယ်မှ ဘာသာစကား အသွင်ကွဲများ၊ လူမှုဒေသိယစကား၊ အသုံးကွဲစကား၊ စကားလုံးအသစ် ဖြစ်ပေါ်မှု၊ ဘာသာစကားထိတွေ့မှု၊ ဘာသာစကား ထိန်းညှိမှုဆိုင်ရာကျမ်းများ၊ လက်တွေ့အတ္ထဗေဒနယ်ပယ်မှ အနက်အဓိပ္ပာယ်နှင့် အဆက်အစပ်၊ လက်တွေ့ပြောဆိုမှုနှင့် အနက်အဓိပ္ပာယ်ဆိုင်ရာကျမ်းများ၊ သဒ္ဒဗေဒနယ်ပယ်မှ တိုင်းရင်းသားဘာသာစကားသံဖွဲ့ပုံဆိုင်ရာကျမ်းများ၊ အတ္ထဗေဒနယ်ပယ်မှ အနက်အဓိပ္ပာယ်အမျိုးမျိုးဆိုင်ရာကျမ်းများ ပါဝင်သည်။

ပေါ်ထွက်ခဲ့သော မြန်မာစာပါရဂူကျမ်းများ အနက် ရန်ကုန်တက္ကသိုလ်မှ ကျမ်းအချို့ကို သာဓကအဖြစ် တင်ပြရလျှင် ပထမဦးဆုံးမြန်မာစာပါရဂူကျမ်းဖြစ်သော မောင်အောင်မြင့်ဦး၏ "ပုဂံခေတ်မြန်မာစာအရေးအသားစနစ်"(၂၀၀၀)သည် မြန်မာစာ၏ အခြေခံအုတ်မြစ်ဖြစ်သော မြန်မာစာအရေးအသားစနစ် ပုဂံခေတ်

တွင် မည်သို့ဖြစ်ထွန်းလာပုံကို ဆန်းစစ်သုတေသနပြုသောကျမ်းဖြစ်သည်။ မရင်ရင်သန်း၏ "ပေါရာဏစစ်တမ်း" (၂၀၀၃) သည် မြန်မာစာပေ မြန်မာဘာသာစကား၏ ရှေးဟောင်းအမွေအနှစ်ဖြစ်သော ပေါရာဏစကားများကို လေ့လာဖော်ထုတ်ထားသည့် ကျမ်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီကပင် အခိုင်အမာရှိခဲ့ပြီး ယခုအခါ တိမ်မြုပ်ပျောက်ကွယ်သွားပြီဖြစ်သော ပျူဘာသာစကား ပျူအရေးအသားကို မညိမ်းညိမ်းက "ဘုရားထောင် ပျူအရိုးအိုးစာ လေ့လာချက်"(၂၀၀၄)ဖြင့်လည်းကောင်း၊ မောင်မောင်ဆွေက "မြန်မာနိုင်ငံရှိ ပျူကမ္ပည်းစာများမှ ပျူအက္ခရာသင်္ကေတများနှင့် ပျူအရေးအသားစနစ်" (၂၀၀၆)ကျမ်းဖြင့်လည်းကောင်း ဖော်ထုတ် မှတ်တမ်းတင်ထားသည်။

မောင်သိန်းဇော်၏ "အင်းဝခေတ်ဇာတကပျို့များ၏ အပြောက်အမွမ်း"(၂၀၀၅)၊ မသစ်သစ်လွင်၏ "ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ၏ မော်ကွန်းများလေ့လာချက်"(၂၀၀၆)၊ မစုစုနွယ်၏ "ရှင်ဥတ္တမကျော်တောလားစစ်တမ်း"(၂၀၀၇)၊ မရီရီခင်၏ "စစ်နိုင်မော်ကွန်း(၃)စောင်စစ်တမ်းနှင့် အဖွင့်ကျမ်း" (၂၀၀၇)၊ မောင်အောင်သိန်း၏ "ပါရမီတော်ခန်းပျို့ ဂုဏ်ရည်" (၂၀၀၈)စသည်တို့သည် မြန်မာ့ဂန္ထဝင် ကဗျာကြီးများကို ဆန်းစစ်သုတေသနပြုသည့်ကျမ်းများ ဖြစ်သည်။ မြန်မာ့ဂန္ထဝင်မြောက်စကားပြေများကိုလည်း မချိုချိုမြင့်၏ "မြန်မာဇာတကဝတ္ထုများလာ ပါဠိသြဇာလွှမ်းသော စကားပြေရေးဟန်"(၂၀၀၄)၊ မခင်ဆန်းဦး၏ "လယ်တီဆရာတော်ဘုရားကြီး၏ဒီပနီများမှ ပိဋကတ်ကျမ်းဂန်လာ ဥပမာအလင်္ကာများ" (၂၀၀၅)၊ မနွယ်နွယ်လတ်၏ "အရေးတော်ပုံကျမ်းများ၏ စကားပြေအရေးအသား" (၂၀၀၇)၊ မခင်ခင်သိန်း၏ "ကုန်းဘောင်ခေတ်အမေးအဖြေကျမ်းများလေ့လာချက်" (၂၀၀၇)စသည့်ကျမ်းများတွင် လေ့လာသုတေသနပြုထားသည်။ ထင်ရှားသော ဂန္ထဝင်မြောက်စာပေများ၊ ထူးခြားသော စာပေအရေးအသားအဖွဲ့အနွဲ့များ၊ ထင်ရှားသော စာဆိုကြီးများ၏ စာပေဖန်တီးမှုအတတ်ပညာများ စသည်ဖြင့် ပညာရပ်အမျိုးမျိုးကို သုတေသနပြုထားသည်။

ထို့ပြင် မငြိမ်းငြိမ်းအေး၏ "၁၈၂၆–၁၉၀၀ အတွင်း အောက်မြန်မာနိုင်ငံတွင် စာပေဖွံ့ဖြိုးတိုးတက်မှု"(၂၀၀၅)၊ မချိုချိုတင့်၏ "၁၉၀၀မှ၁၉၂၀ အတွင်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု"(၂၀၀၅)၊ မအေးနုကြည်၏ "၁၉၂၀မှ ၁၉၃၀အတွင်း မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှု"(၂၀၀၆)စသည့် ၁၉၀၀ပြည့်နှစ်မတိုင်မီ မြန်မာစာပေအခြေအနေမှအစပြု၍ ၁၉၀၀မှ၁၉၂၀၊



မြန်မာစာပါရဂူသုတေသနစာတမ်းဖတ်ပွဲမြင်ကွင်းတစ်ခု

၁၉၂၀မှ၁၉၃၀၊ ၁၉၃၀မှ၁၉၄၅၊ ၁၉၄၅မှ၁၉၆၂ ဟူ၍ ကဏ္ဍများပိုင်းကာ မြန်မာစာပေသမိုင်းနှင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုကို သုတေသနပြုထားသည့် ပါရဂူကျမ်းများလည်း ပေါ်ထွက်နေပြီဖြစ်သည်။

မန္တလေးတက္ကသိုလ်မှ ပေါ်ထွက်ခဲ့သော မြန်မာစာပါရဂူကျမ်းအချို့ကို သာဓကအဖြစ် တင်ပြရလျှင် မညိုညိုအောင်၏ "မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်မှ မြန်မာ့လူမှုရေးကို ထုတ်ဖော်တင်ပြခြင်း"ကျမ်း(၂၀၀၂)သည် မြန်မာစာပေယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာဖော်ထုတ်ထားသောကျမ်းဖြစ်သည်။ စာပေအရေးအသား ထူးခြားပြောင် မြောက်သော စာရေးဆရာကြီး မောင်ထင်၏ သရော်စာများကို မောင်သန်းဆွေက "မောင်ထင်၏ သရော်စာ" (၂၀၀၂) ကျမ်းဖြင့် သုတေသန ပြုထားသည်။ မောင်ကျော်လင်း၏ "ပုံတောင်နိုင်မော်ကွန်းအဖွင့်ဋီကာ"(၂၀၀၇)၊ မသီသီဆွေ၏ "ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးနှင့် ဘူရိဒတ်ဇာတ်ပေါင်းပျို့လာအလင်္ကာများဆန်းစစ်ချက်" (၂၀၀၇)၊ မတိုးတိုးဝင်း၏ "ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံပျို့(၃) စောင်တွင် တွေ့ရသော ရသဖန်တီးမှု ဆန်းစစ်ချက်" (၂၀၀၈)၊ မခင်ခင်မော်၏ "ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် တွေ့ရသော ရသဖန်တီးမှုဆန်းစစ်ချက်" (၂၀၀၈)၊ မထွေးအိခင်၏ "ဆင်တော်မော်ကွန်းများ၏ ယေဘုယျလက္ခဏာများ"(၂၀၀၈)၊ မချိုမာလာ၏ "ရာမရကန်မှ ဦးတိုး၏ထူးခြားသောအတွေးနှင့်အရေး" (၂၀၀၈) စသည့်ကျမ်းများသည် ဂန္ထဝင်မြောက် ရှေးမြန်မာကဗျာကြီးများကို ဆန်းစစ်သုတေသနပြုထားသောကျမ်းများ ဖြစ်သည်။

မောင်ဝင်းမင်းလတ်၏ "ပါရာယနဝတ္ထု၏ စကားပြေရေးဟန်"(၂၀၀၃)၊ မောင်နေဝင်း၏ "ဝေါဟာရတ္ထပကာသနီကျမ်းဆန်းစစ်ချက်"(၂၀၀၆)၊ မတင်တင်ဝင်း၏ "စလေဦးပုည၏ဝတ္ထုများမှ အပြောက်အမွမ်းများ" (၂၀၀၆)၊ မမူမူအုန်း၏ "မှန်နန်းရာဇဝင်တော်ကြီးစကားပြေအရေးအသားလေ့လာချက်"(၂၀၀၈)၊ မဝင်းဝင်းခိုင်၏ "မင်းဘူးဆရာတော် ဦးဩဘာသ၏ ဇာတ်တော်ကြီးဝတ္ထုများလာ ဥပမာအလင်္ကာများ ဆန်းစစ်ချက်" (၂၀၀၈)၊ မခင်ခင်လေး၏ "ကုန်းဘောင်ခေတ် စကားပြေ ဆုံးမစာများလေ့လာချက်"(၂၀၀၈)၊ မဥမ္မာ၏ "ယသဝဍ္ဎနဝတ္ထု၏ စာပေတန်ဖိုးလေ့လာချက်" (၂၀၀၉) စသည့် ကျမ်းများသည် ဂန္ထဝင်မြောက်ရှေးမြန်မာစကားပြေများကို ဆန်းစစ်သုတေသနပြုထားသော ကျမ်းများဖြစ်သည်။

မန္တလေးတက္ကသိုလ် မြန်မာစာပါရဂူကျမ်းများတွင် မြန်မာဘာသာစကားဆိုင်ရာကျမ်းများအဖြစ် မဖြူဖြူဝင်း၏ "ယုဒသန်မြန်မာအင်္ဂလိပ်အဘိဓာန်မှ အဘိဓာန်အတတ်ပညာနှင့် မြန်မာဘာသာစကား" (၂၀၀၅)၊ မစိုးမိုးမိုး၏ "မန္တလေးလူမှုဒေသိယစကားများ"(၂၀၀၆)၊ မမာလာသိန်း၏ "မျက်မှောက်ခေတ် မြန်မာစကားလုံးသစ်များဖြစ်ပေါ်ဖန်တီးမှု(၁၉၈၈မှ၂၀၀၄)" (၂၀၀၆)၊ မမင်းမင်းသန်း၏ "မြန်မာဆိုရိုးစကားများကို အတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း"(၂၀၀၆)၊ မောင်အောင်ကျော်မိုး၏ "မြန်မာဘာသာစကားနှင့် လူမှုအဆက်အစပ်"(၂၀၀၈)၊ မအေးအေးမွန်၏ "အင်းဝခေတ်မြန်မာကျောက်စာများကို မြန်မာသဒ္ဒါနည်းဖြင့်လေ့လာချက်" (၂၀၀၉)စသည့် ဘာသာစကားသုတေသနကျမ်းများကို တွေ့ရသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သော ပြည်ထောင်စုကြီးဖြစ်သည်။ မြန်မာဟူသောဝေါဟာရတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားအားလုံး ပါဝင်အကျုံးဝင်သည်။ မြန်မာစာသုတေသနလုပ်ငန်းများတွင် တိုင်းရင်းသားစာပေ တိုင်းရင်းသားဘာသာစကား သုတေသနလုပ်ငန်းများသည်လည်း ကဏ္ဍတစ်ခုအဖြစ်ပါဝင်သည်။ တိုင်းရင်းသားဘာသာစာပေသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ ပေါ်ထွက်ခဲ့သော မြန်မာစာပါရဂူကျမ်းများတွင် တိုင်းရင်းသားဘာသာစကား၊ တိုင်းရင်းသားစာအရေးအသားတို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုတေသနပြုထားသော ကျမ်းများကိုလည်း တွေ့ရသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် မောင်ထွန်းအောင်ကျော်၏ "ဖွန်းဒေသိယစကား

လေ့လာချက်"(၂၀၀၃)၊ မခင်မိုးမိုး၏ "ကတူးစကားသံဖွဲ့ပုံလေ့လာချက်" (၂၀၀၄)၊ မနုနုသိန်း၏ "ထနော့ဘာသာ စကားလေ့လာချက်"(၂၀၀၅)၊ မနွယ်နွယ်စိုး၏ "အနောက်ပိုးကရင်စကားသံဖွဲ့ပုံ"(၂၀၀၅)၊ မအေးအေးဝင်း၏ "စကောကရင်စကားသံဖွဲ့ပုံ"(၂၀၀၅)၊ မမိုးမိုးဇော်၏ "အခါဘာသာစကားလေ့လာချက်" (၂၀၀၆)၊ စိုင်းကျော်ထွန်း၏ "နာဂဘာသာစကား လေ့လာချက်" (၂၀၀၆)၊မမြမြဝင်း၏ "ကယန်း(ပဒေါင်) ဘာသာစကားလေ့လာချက်"(၂၀၀၆)၊ မအေးနုခိုင်၏ "ဆလုံဘာသာစကားလေ့လာချက်" (၂၀၀၇)၊ မလှညွန့်၏ "ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းစကား၏ စကားသံဖွဲ့ပုံ" (၂၀၀၈)၊ မသက်သက်မာ၏ "လော်ဝေါ် ဘာသာစကားသံဖွဲ့ပုံ" (၂၀၀၈)၊ မမိုးစန္ဒာ၏ "သက်တိုင်းရင်းသားဘာသာစကား လေ့လာချက်" (၂၀၁၀) စသည့် တိုင်းရင်းသားဘာသာစကား သုတေသနကျမ်းများ ပေါ်ထွက်ခဲ့သည်။ တိုင်းရင်းသား စာအရေးအသားကို လေ့လာသုတေသနပြုသောကျမ်းများအနေဖြင့် မဥမ္မာခင်၏ "ရှေးမွန် စာအရေးအသားစနစ်"(၂၀၀၉)၊ မချောကလျာ၏ "စကောကရင်စာအရေးအသားစနစ်" (၂၀၁၀)၊ မလဲ့လဲ့ဝင်း၏ "ရှေးမွန်ပုဒ်ဖွဲ့ပုံ"(၂၀၁၀) စသည့်ကျမ်းများကို တွေ့ရသည်။

မန္တလေးတက္ကသိုလ်မြန်မာစာ ပါရဂူကျမ်းများတွင် တိုင်းရင်းသားဘာသာစကား သုတေသနကျမ်းများအဖြစ် မတင်နွဲ့ရီ၏ "တောင်သား ဘာသာစကား" (၂၀၀၅)၊ မမျိုးမျိုး၏ "ကနန်းဘာသာစကားလေ့လာချက်"(၂၀၀၆)၊ မသန်းသန်းနွဲ့၏ "ဂိုန်းဖော ဘာသာစကား လေ့လာချက်"(၂၀၀၈)၊ မောင်သိန်းဝင်း၏ "မွန်ဘာသာစကားလေ့လာချက်" (၂၀၀၈)၊ မောင်နိုင်ဦး၏ "ရုံစိုင်ပလောင်ဘာသာစကား လေ့လာချက်" (၂၀၀၈)၊ မောင်ထွန်းအေး၏ "ခန္တီးရှမ်း ဘာသာစကား လေ့လာချက်"(၂၀၀၈) စသည်တို့ ပါဝင်သည်။ တိုင်းရင်းသား စာအရေးအသားဆိုင်ရာကျမ်းအဖြစ် မခင်မြင့်မြင့်၏ "ရှေးဟောင်းမွန်ကျောက်စာများမှ မွန်သဒ္ဒါဖွဲ့စည်းပုံ လေ့လာချက်" (၂၀၁၀) ကျမ်းကို တွေ့ရသည်။



**ဘာသာဗေဒစာတမ်းအတွက် ပြည်သူများနှင့်တိုက်ရိုက်ထိတွေ့မေးမြန်းမှတ်သားနေသည့် ပါရဂူသင်တန်းသူတစ်ဦး**

မြန်မာစာပါရဂူဘွဲ့အတွက် ကျမ်းပြုစုကြသည့် သုတေသီများသည် အချက်အလက်ကုန်ကြမ်းများကို ပင်ပန်းကြီးစွာ အပတ်တကုတ် ကောက်ယူစုဆောင်းခဲ့ကြသည်။ စာပေကျမ်းပြုစုသူများအနေဖြင့် စာကြည့်တိုက်များတွင် မိုက်ခရိုဖလင်ဖတ်ရှုခြင်း၊ ပေပုရပိုက်များ ကူးယူဖတ်ရှုခြင်း၊ စာအုပ်စာတမ်းများ ရှာဖွေလေ့လာစုဆောင်းခြင်း၊ စာရေးဆရာများ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးမေးမြန်းခြင်း စသည်တို့ကို



**ကျောက်စာမူရင်းအထောက်အထားလေ့လာနေသည့် ပါရဂူသင်တန်းသားတစ်ဦး**

ဆောင်ရွက်ခဲ့ကြသည်။ ဘာသာစကားကျမ်းပြုသူများ အနေဖြင့် သက်ဆိုင်ရာဒေသများသို့ သွားရောက်ကွင်းဆင်းပြီး အမေးခံပုဂ္ဂိုလ်များနှင့်ရွေးချယ် တွေ့ဆုံမေးမြန်းကာ ကုန်ကြမ်းအချက်အလက်များ ကောက်ယူခဲ့ကြသည်။ အမေးခံပုဂ္ဂိုလ်များနှင့်တွေ့ဆုံရာတွင် စကားပြောဆိုမှုပုံစံအမျိုးမျိုးဖြင့် ပြောဆိုအသံသွင်းယူခြင်း၊ မေးခွန်းပုံစံများဖြင့် မေးမြန်းဖြေဆိုစေခြင်း၊ ဝေါဟာရစာရင်းကောက်ယူခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ အပြောဘာသာစကားကောက်ယူ၍ မရနိုင်သည့် ရှေးဟောင်းဘာသာစကားများကို လေ့လာရာတွင်မူ ရှေးဟောင်းကျောက်စာ၊ မင်စာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာ စသည်တို့ကို လေ့လာကြရပြီး ယင်းအလေ့လာခံအထောက်အထားများ တည်ရှိရာဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး မူရင်းအထောက်အထားများဖြင့် ညှိနှိုင်းတိုက်ဆိုင် ဆောင်ရွက်ကြရသည်။ တိုင်းရင်းသားဘာသာစကား၊ ဒေသိယ စကား လေ့လာသည့် ကျမ်းပြုသုတေသီများအနေဖြင့် တိုင်းရင်းသားများနေထိုင်ရာ ဝေးလံခေါင်သီသော ဒေသများကို ကိုယ်တိုင်ကိုယ်ကျသွားရောက်မှတ်တမ်းတင်ရသည်။

စုဆောင်းရရှိသည့် ကုန်ကြမ်းအချက်အလက်များကို မြန်မာ့အစဉ်အလာ လေ့လာမှုနည်းနာများ၊ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံတကာသုံးလေ့လာမှုနည်းနာများကို လိုအပ်သလိုအသုံးပြု၍ စိစစ်လေ့လာရသည်။ စာပေလေ့လာမှုတွင် ဂုဏ်၊ အလင်္ကာ၊ ရသဆိုင်ရာကျမ်းကြီးများကို အသုံးပြုရသကဲ့သို့ ခေတ်ပေါ်စာပေသဘောတရား စာပေလေ့လာမှုဆိုင်ရာနည်းနာများကိုလည်း အသုံးပြုရသည်။ ဘာသာစကားလေ့လာမှုတွင်လည်း အစဉ်အလာ ဘာသာစကားလေ့လာမှုဆိုင်ရာကျမ်းများဖြစ်သော ဝေါဟာရတ္ထပကာသနီ၊ ဝေါဟာရလီနတ္ထဒီပနီ စသည့်ကျမ်းများ လေ့လာမှုနည်းနာများကို အသုံးပြုရသကဲ့သို့ ခေတ်ပေါ်သိပ္ပံနည်းကျ ဘာသာစကားလေ့လာမှုပညာများဖြစ်သော ဘာသာဗေဒ၊ သဒ္ဒဗေဒ၊ အတ္ထဗေဒ၊ လူမှုဘာသာဗေဒ၊ လက်တွေ့အတ္ထဗေဒစသည့် ပညာရပ်ဆိုင်ရာ နည်းနာများကိုလည်းအသုံးပြု၍ စနစ်တကျလေ့လာသုတေသနပြုရသည်။

မြန်မာစာပါရဂူဘွဲ့အတွက် အကြိုသင်တန်းကာလ ၁ နှစ်အပါအဝင် ၅ နှစ်တာကာလအတွင်း ကုန်ကြမ်းအချက်အလက်များကို နှံ့နှံ့စပ်စပ်လေ့လာစုဆောင်းပြီး ဆီလျော်ရာလေ့လာမှုနည်းနာများဖြင့် စိစစ်လေ့လာသုတေသနပြုပြီးနောက် မြန်မာစာပါရဂူဘွဲ့အပ်နှင်းချီးမြှင့်နိုင်မည့် သုတေသနကျမ်းများပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကျမ်းပြုကာလတစ်လျှောက် သုတေသနတွေ့ရှိချက်များကို သုတေသနစာတမ်းဖတ်ပွဲများတွင် ပညာရှင်များရှေ့မှောက်၌ တင်သွင်းမှတ်ကျောက်တင်ခံခဲ့ပြီး ကျမ်းပြီးစီးသည့်အခါ ပညာရှင်အများပါဝင်သော စာစစ်အဖွဲ့သို့တင်သွင်းမှတ်ကျောက်တင်ခံရသည်။ ပထမဦးဆုံး မြန်မာစာပါရဂူကျမ်းတင်သွင်းစဉ်က မြန်မာနိုင်ငံ၏ မြန်မာစာပါရဂူသုတေသနကျမ်းအဆင့်အတန်းသည် နိုင်ငံတကာပါရဂူသုတေသနအရည်အသွေးပြည့်မီကြောင်းကို ထိုစဉ်က ပါရဂူကျမ်းအကဲဖြတ်ပုဂ္ဂိုလ် (Referee) အဖြစ် ဆောင်ရွက်ခဲ့သော ဂျာမနီနိုင်ငံ ဟန်းဗိုးတက္ကသိုလ်မှ အငြိမ်းစားဝါရင့် ကထိက မြန်မာဘာသာစကား ကျွမ်းကျင်သူ၊ မြန်မာ ဂျာမန်အဘိဓာန်



မြန်မာစာပါရဂူဘွဲ့ရ တစ်ဦး

ကျမ်းပြုပညာရှင် ဆရာမကြီး Dr. Annemarie Esche က မှတ်ချက်ပြုရေးသားခဲ့သည်။

မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့ဖြစ်သော မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်အလိုက်ပေါ်ထွက်ခဲ့သည့် ပါရဂူကျမ်းများအနက် ဝိဇ္ဇာဘာသာရပ်အတွက် အကောင်းဆုံး ကျမ်းတစ်စောင်နှင့် သိပ္ပံဘာသာရပ်အတွက် အကောင်းဆုံးကျမ်းတစ်စောင်ကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆုအပ်နှင်းချီးမြှင့်ခဲ့သည်။ ပထမဆုံးစတင်ရွေးချယ်ဆုပေးသည့် ၂၀၀၆ ခုနှစ်အတွက် ဝိဇ္ဇာဘာသာရပ် အကောင်းဆုံးကျမ်းဆုကို မြန်မာစာဘာသာရပ်မှ မောင်မောင်ဆွေ၏ "မြန်မာနိုင်ငံရှိ ပျူကမ္ပည်းစာများမှ ပျူအက္ခရာသင်္ကေတများနှင့် ပျူအရေးအသားစနစ်" ကျမ်းက ဆွတ်ခူးရရှိသည်။ ၂၀၀၈ ခုနှစ်အတွက် လူမှုသိပ္ပံ ဘာသာရပ်အကောင်းဆုံးကျမ်း ဆုကို မြန်မာစာဘာသာရပ်မှ မလှညွန့်၏ "ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းစကား၏ စကားသံဖွဲ့ပုံ"ကျမ်းက ဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့က ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ် အထိ လေးနှစ်တာကာလအတွင်း အကောင်းဆုံးကျမ်းဆု ၄ ကြိမ် ချီးမြှင့်ခဲ့ရာ မြန်မာစာပါရဂူသုတေသနကျမ်းများက ၂ ကြိမ် ဆွတ်ခူးရရှိခဲ့သည်။

မြန်မာစာပေ မြန်မာဘာသာစကားသည် အမိမြန်မာနိုင်ငံ၏ အမိစာပေ အမိဘာသာစကားဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းသည် မိခင်စာပေ ဘာသာစကားကို ရှင်သန်ဖွံ့ဖြိုးအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြသည်။ အမိမြန်မာနိုင်ငံတွင်လည်း အမိစာပေ ဘာသာစကား တည်တံ့ခိုင်မြဲအောင်၊ ရှင်သန်ဖွံ့ဖြိုးအောင် နိုင်ငံသားအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာစာသင်ကြားရေးလုပ်ငန်းများ၊ မြန်မာစာလေ့လာဆည်းပူးမှုလုပ်ငန်းများ၊ မြန်မာစာသုတေသနလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ကြရမည် ဖြစ်သည်။ မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ ပေါ်ထွက်လာခဲ့သော မြန်မာစာ ပါရဂူဘွဲ့ရပုဂ္ဂိုလ်များသည် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် မိခင် မြန်မာစာဘာသာရပ်အတွက် နိုင်ငံတကာအဆင့် အမြင့်ဆုံးပါရဂူဘွဲ့ကို ချီးမြှင့်နိုင်ခဲ့ခြင်းနှင့် စဉ်ဆက်မပြတ်ချီးမြှင့်လျက်ရှိခြင်းသည် မြန်မာ့ပညာရေးသမိုင်းအတွက် ဂုဏ်ယူဖွယ် စာမျက်နှာအသစ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

"စာပေမြင့်မှ လူမျိုးတင့်မည်" ဟူသော စကားနှင့်အညီ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ မြန်မာလူမျိုးအဖြစ် တင့်တယ်ဝင့်ထည်စွာ ထာဝစဉ်ရပ်တည်နိုင်ရေးအတွက် မြန်မာစာ မြင့်မားသည်ထက် မြင့်မားတိုးတက်လာအောင် စွမ်းဆောင်ရာတွင် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည့် မြန်မာစာပါရဂူဘွဲ့ တစ်ဆယ့်ငါးနှစ်ခရီးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

**ဒေါက်တာအောင်မြင့်ဦး**

# မြန်မာနိုင်ငံ၏ လူဦးရေ

မိမိနေအိမ်တွင် မိမိအပါအဝင် မိမိဆွေမျိုးများမှ လူတစ်ဦးမွေးဖွားခြင်း၊ လူတစ်ဦးသေဆုံးခြင်းဟူသော သဘာဝအဖြစ်အပျက်ကိုပင် ဆင်ခြင်ကြည့်ပါက လူဦးရေ၏ သဘောတရားကို အခြေခံအားဖြင့် သိရှိနားလည်နိုင်မည်ဖြစ်သည်။ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံဟူသော ကျယ်ဝန်းသည့်အတိုင်းအတာအထိကြည့်လျှင် လူဦးရေ၏သဘောတရားသည် ကျယ်ပြန့်လွန်း၊ များပြောင်လွန်းသည့် အဆင့်အထိရောက်ရှိသွားပေမည်။ စင်စစ် ဤကမ္ဘာ၌ လူဦးရေ၏အခန်းကဏ္ဍသည် များစွာလေးနက်ကျယ်ဝန်းသည်။ ထို့ကြောင့်ပင်လျှင် ကုလသမဂ္ဂအဖွဲ့ကြီးက တစ်ခုသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကုလသမဂ္ဂလူဦးရေရေးရာဆောင်ရွက်မှုများအတွက် ရန်ပုံငွေအဖွဲ့ (UNFPA) ကို ၁၉၆၉ ခုနှစ်က ဖွဲ့စည်းပေးကာ နှစ်စဉ် ဇူလိုင်လ ၁၁ ရက်နေ့ကိုလည်း ကမ္ဘာ့လူဦးရေနေ့အဖြစ်သတ်မှတ်၍ လူဦးရေရေးရာကိစ္စကို အလေးအနက်ထားဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည်လည်း လူဦးရေရေးရာကိစ္စရပ်များကို လူတစ်ဦးတစ်ယောက်မှအစ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစရှိသော အစိုးရအဖွဲ့အစည်းကြီးကိုယ်တိုင် နိုင်ငံသားတစ်ယောက်ပီသစွာ၊ နိုင်ငံတစ်နိုင်ငံပီသစွာ တာဝန်သိသိဆောင်ရွက်ခဲ့သည်။

---

နိုင်ငံတစ်နိုင်ငံအတွင်းရှိ စုစုပေါင်းလူဦးရေကို သိရှိနိုင်ရန် သန်းခေါင်စာရင်းကို ကောက်ယူရပေမည်။ သို့မှသာနိုင်ငံ၏ စုစုပေါင်းလူဦးရေ အရေအတွက်၊ လူဦးရေသိပ်သည်းမှု၊ လူဦးရေပျံ့နှံ့မှု၊ ကျား-မ အချိုးအစားနှင့် အလုပ်လုပ်နိုင်သူဦးရေ အချိုးအစား၊ အခြေအနေတို့ကို သိရှိနိုင်ပေမည်။

မြန်မာနိုင်ငံတွင် ၁၇ ရာစုအလယ်ပိုင်းလောက်က အုပ်ချုပ်စိုးစံခဲ့သော သာလွန်မင်းတရားလက်ထက်နှင့် ၁၈ ရာစုနှစ်တွင် အုပ်ချုပ်စိုးစံခဲ့သော ဘိုးတော်မင်းတရားလက်ထက်များမှာ လူဦးရေ စာရင်းများကောက်ယူခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခဲ့ကြမှုကို မတင်ပြမီ ကမ္ဘာ့လူဦးရေအကြောင်း ရှေးဦးစွာတင်ပြရပေမည်။ (UNICEF) မှ ထုတ်ပြန်သော "ကုလသမဂ္ဂ ကမ္ဘာ့ကလေးများ၏အခြေအနေ စာစောင် ၂၀၀၉" အရ ကမ္ဘာ့လူဦးရေ စုစုပေါင်းမှာ ၆,၆၅,၅၄,၀၆,၀၀၀ ခန့်ရှိရာ အသက် ၁၈ နှစ်အောက်ခန့်မှန်းခြေလူဦးရေမှာ ၂,၂၁,၃၄,၅၆,၀၀၀ ဖြစ်ပြီး အသက် ၅ နှစ်အောက်ကလေးဦးရေမှာ ၆၂,၉၁,၀၆,၀၀၀ ရှိသည်။ ၎င်းစာစောင်အရ ကမ္ဘာ့လူဦးရေတိုးနှုန်းမှာ ၁၉၇၀-၁၉၉၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်း၊ ၁၉၉၀-၂၀၀၇ခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်အတွက်ထုတ်ပြန်သော အဆိုပါစာအုပ် (Special Edition)တွင် ကမ္ဘာ့လူဦးရေ စုစုပေါင်းမှာ ၂၀၀၈ ခုနှစ်တွင် ၆,၇၃,၄၁,၄၉,၀၀၀ ဖြစ်ပြီး ၁၈ နှစ်အောက် ခန့်မှန်းခြေလူဦးရေမှာ ၂,၂၁,၈၁,၉၂,၀၀၀ နှင့် ၅ နှစ်အောက်ကလေးဦးရေမှာ ၆၃,၄၆,၃၁,၀၀၀ ရှိသည်။ လူဦးရေတိုးနှုန်းမှာ ၁၉၉၀-၂၀၀၀ ပြည့်နှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၀၀-၂၀၀၈ ခုနှစ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သော (World Population Statistics Sheet) အရ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လူဦးရေအများဆုံး ၁၀ နိုင်ငံမှာ

| | | |
|---|---|---|
| (၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁,၃၁,၃၉,၇၃,၇၁၃ | ဦး |
| (၂) အိန္ဒိယ | ၁,၀၉,၅၃,၅၁,၉၉၅ | ဦး |
| (၃) အမေရိကန်ပြည်ထောင်စု | ၂၉,၈၄,၄၄,၂၁၅ | ဦး |
| (၄) အင်ဒိုနီးရှား | ၂၄,၅၄,၅၂,၇၃၉ | ဦး |
| (၅) ဘရာဇီး | ၁၈,၈၀,၇၈,၂၂၇ | ဦး |

(၆) ပါကစ္စတန် ၁၆,၅၈,၀၃,၅၆၀ ဦး
(၇) ဘင်္ဂလားဒေ့ရှ် ၁၄,၇၃,၆၅,၃၅၂ ဦး
(၈) ရုရှား ၁၄,၂၈,၉၃,၅၄၀ ဦး
(၉) နိုင်ဂျီးရီးယား ၁၃,၁၈,၅၉,၇၃၁ ဦး
(၁၀)ဂျပန် ၁၂,၇၄,၆၃,၆၁၁ ဦး
တို့ဖြစ်ကြသည်။

အဆိုပါ ကမ္ဘာ့လူဦးရေစာရင်းအင်းစာရွက်အရ ၂၀၀၆ ခုနှစ်တွင် လူဦးရေအနည်းဆုံး ၁၀ နိုင်ငံမှာ
(၁) ဗာတီကန်စီးတီး ၉၂၃ ဦး
(၂) တူဗာလူ ၁၁,၈၁၀ ဦး
(၃) နော်ရူး ၁၃,၂၈၇ ဦး
(၄) ပါလာ ၂၀,၅၇၉ ဦး
(၅) ဆန်ပါရီနို ၂၉,၂၅၁ ဦး
(၆) မိုနာကို ၃၂,၅၄၃ ဦး
(၇) လီချင်စတိန်း ၃၃,၉၈၇ ဦး
(၈) စိန့်တစ်နှင့်နီဗစ် ၃၉,၁၂၉ ဦး
(၉) မာရှဲလ်ကျွန်း ၆၀,၄၂၂ ဦး
(၁၀)အင်တီဂွာနှင့်ဘာဘူဒါ ၆၉,၁၀၈ ဦး
တို့ဖြစ်ကြသည်။

**မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခဲ့သော နှစ်များ**

| စဉ် | နှစ် | ဧရိယာလွှမ်းခြုံမှု (စတုရန်းမိုင်) | လူဦးရေ |
|---|---|---|---|
| ၁ | ၁၈၇၂ | ၈၈၅၆၆ | ၂၇၄၇၁၄၈ |
| ၂ | ၁၈၈၁ | ၈၇၂၂၀ | ၃၇၃၆၇၇၁ |
| ၃ | ၁၈၉၁ | ၁၇၁၄၃၀ | ၇၇၂၂၀၅၃ |
| ၄ | ၁၉၀၁ | ၂၂၆၂၀၉ | ၁၀၄၉၀၆၂၄ |
| ၅ | ၁၉၁၁ | ၂၃၀၈၃၉ | ၁၂၁၁၅၂၁၇ |
| ၆ | ၁၉၂၁ | ၂၃၃၇၀၇ | ၁၃၂၁၂၁၉၂ |
| ၇ | ၁၉၃၁ | ၂၃၃၄၉၂ | ၁၄၆၆၇၁၄၆ |
| ၈ | ၁၉၄၁ | ၂၆၁၇၅၇ | ၁၆၈၂၃၇၉၈ |

အထက်ပါဇယားအရ စစ်မဖြစ်မီကာလက လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူခဲ့သော်လည်း ဧရိယာ လွှမ်းခြုံမှုမှာ သန်းခေါင်စာရင်း တစ်ခုနှင့်တစ်ခု မတူညီခဲ့ပေ။ ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ ခုနှစ်တွင် ကောက်ယူခဲ့သော လူဦးရေသန်းခေါင်စာရင်းမှာ အောက်မြန်မာနိုင်ငံအတွက်သာဖြစ်သည်။

မြန်မာနိုင်ငံ၏ ၂၀၀၇ ခုနှစ်အတွက် ခန့်မှန်းခြေ လူဦးရေမှာ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သော နှစ်ပတ်လည် စာရင်းအင်းစာစောင်အရ ၅,၇၅,၀၄,၀၀၀ ဦး ဖြစ်ပြီး အမျိုးသားဦးရေမှာ ၂,၈၅,၈၆,၀၀၀ ဦး ဖြစ်၍ အမျိုးသမီးဦးရေမှာ ၂,၈၉,၁၈,၀၀၀ ဦး ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြို့ ၂၅၂ မြို့၌လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည်မရှိ ကျေးရွာအုပ်စု ၂,၅၄၃ နှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ စုစုပေါင်း ၃၁၅၉ တွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူခဲ့သည်။

၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်အထိ အမျိုးသား လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ရာ ၁-၄-၇၃ မှ ၄-၄-၇၃ အထိကို နေမြဲလူဦးရေ အရလည်းကောင်းကောက်ယူခဲ့ပြီး ၅-၄-၇၃ တွင် လှေ၊ သမ္ဗာန်၊ သင်္ဘောပေါ်နေထိုင်သူများနှင့် အခြေအနေမဲ့ သူများကို တွေ့ရှိလူဦးရေအဖြစ်လည်းကောင်း ကောက်ယူခဲ့ပြီး စုစုပေါင်းလူဦးရေ ၂၈၉,၂၁,၂၂၆ ဦး ဖြစ်သည်။

ထို့အတူ ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်အထိ အမျိုးသားလူဦးရေ သန်းခေါင်စာရင်းကောက်ယူခဲ့သည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်း လူဦးရေကို ပြည်နယ်နှင့်တိုင်းအလိုက် ဇယားအမှတ်(၁) တွင် နှိုင်းယှဉ်ဖော်ပြထားသည်။

## လူဦးရေသိပ်သည်းမှု

တစ်နိုင်ငံလုံးလူဦးရေ သန်းခေါင်စာရင်း ကောက်ယူခဲ့သော ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်များနှင့် ၁၉၉၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မြန်မာနိုင်ငံ၏ လူဦးရေသိပ် သည်းမှုကို ၁စတုရန်းမိုင်နှင့် ၁ စတုရန်း ကီလိုမီတာများ အရဇယားအမှတ် (၂) တွင် ဖော်ပြထား သည်။ မြန်မာနိုင်ငံ၏စုစုပေါင်းဧရိယာမှာ ၂၆၁၂၂၈ စတုရန်းမိုင် (၆၇၆၅၇၈ စတုရန်းကီလိုမီတာ)ရှိရာ အဆိုပါဧရိယာအရ လူဦးရေသိပ်သည်းမှုကို ဇယား အမှတ် (၂) တွင် ဖော်ပြထားခြင်းဖြစ်သည်။

ဇယားအမှတ် (၃) တွင် မြန်မာနိုင်ငံ၏ လူဦးရေကို ကျား-မအလိုက်ဖော်ပြထားပြီး ကျား-မ အချိုးကို တင်ပြထားသည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ် အတွက် အမျိုးသမီးဦးရေ ၁၀၀ လျှင် အမျိုးသားဦး ရေမှာ ၉၈ ဒသမ ၆၈ မှ ၉၈ ဒသမ ၈၂ တွင်ရှိနေပြီး အမျိုးသားဦးရေမှာ နှစ်စဉ်အမျိုးသမီး ဦးရေထက် လျော့နည်းနေကြောင်းတွေ့ရသည်။အကြမ်းအားဖြင့် အမျိုးသားဦးရေက အမျိုးသမီးဦးရေထက် ၃သိန်းခန့် လျော့နည်းသည်။ နှစ်စဉ်လူဦးရေတိုးနှုန်းမှာ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၇ ခုနှစ်အထိ ၁ ဒသမ ၈၈ မှ ၁ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်ပြီး ၁၉၉၈ခုနှစ် မှ ၂၀၀၆ ခုနှစ်ထိ နှစ်စဉ် ၂ ဒသမ ဝ၂ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ၁ ဒသမ ၇၅ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင်မှ နှစ်စဉ် လူဦးရေတိုးနှုန်းမှာ ၁ ဒသမ ၅၂ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။

ဇယားအမှတ် (၄) တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတို့၏ လူဦးရေကို အများအနည်း၊ အရွယ်အဆင့် အရဖော်ပြထားသည်။ အဆိုပါဇယားအရ မန္တလေးတိုင်း ဒေသကြီးသည် ၂၀၀၆ ခုနှစ်ရှိ တစ်ပြည်လုံးလူဦးရေ၏ ၁၃ ဒသမ ၉၉ ရာခိုင်နှုန်းဖြင့် အများဆုံး၊ ဧရာဝတီတိုင်းဒေသကြီးသည် ၁၃ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပြီး ကယား ပြည်နယ်သည် ၀ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနည်းဆုံး နှင့် ချင်းပြည်နယ်သည် ၀ ဒသမ ၉၃ ရာခိုင်နှုန်းဖြင့် ဒုတိယအနည်းဆုံး ဖြစ်ကြောင်းသိရသည်။

**အသက်အုပ်စုနှင့်ကျား-မအလိုက်လူဦးရေ ရာခိုင်နှုန်း**

ဇယားအမှတ် (၅) တွင် အသက်အုပ်စု အလိုက် အမျိုးသားဦးရေနှင့်အမျိုးသမီးဦးရေတို့ကို ရာခိုင်နှုန်းဖြင့် ဖော်ပြထားသည်။

အသက်အုပ်စု (၀-၄) မှ (၃၀-၃၄) အထိ အမျိုးသား ဦးရေမှာ အမျိုးသမီးဦးရေထက် များပြားနေပြီး အသက်အုပ်စု (၃၅-၃၉) မှ ၇၅ နှစ်အထက် အုပ်စုများတွင် အမျိုးသမီးငယ်ဦးရေမှာ အမျိုးသားဦးရေထက်များနေသည်။ မွေးစကျား-မ အချိုးတွင် ယောက်ျားလေးဦးရေက မိန်းကလေးဦးရေထက်များပြားပြီးယောက်ျားလေး နှင့် မိန်းကလေးအချိုးမှာ (၁၀၅ : ၁၀၀)ခန့် ဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ၎င်းအချိုးမှာ အခြားဖွံ့ဖြိုးစနိုင်ငံများတွင်ဖြစ်လေ့ရှိသောအချိုးအတိုင်းပင်ဖြစ်သည်။

စုစုပေါင်းမှီခိုသူအချိုးကို ဇယားအမှတ် ၅ မှ တွက်ချက်ရာအသက်အုပ်စု (၁၅-၅၉) လူဦးရေ ၁၀၀ လျှင် ၆၉ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်းတွေ့ရသည်။ စုစုပေါင်းမှီခိုသူ အချိုးဆိုသည်မှာ အသက်အုပ်စု ၁၅ နှစ်အောက်လူဦးရေနှင့် အသက်အုပ်စု ၆၀ နှင့် အထက်လူဦးရေ နှစ်ရပ်ပေါင်းကို အသက်အုပ်စု (၁၅-၅၉) ရှိလူဦးရေပေါင်းနှင့် အချိုးချခြင်းပင်ဖြစ်သည်။

ဇယားအမှတ် (၆) အရမြို့နေလူဦးရေအချိုးမှာ ၁၉၁၁ ခုနှစ်တွင် ၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး တစ်ပြည်လုံး လူဦးရေ သန်းခေါင်းစာရင်းကောက်ယူခဲ့သော ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် ၂၄ ရာခိုင်နှုန်းနှင့်၂၅ ရာခိုင်နှုန်း အသီးသီးဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင်မှ မြို့နေလူဦးရေမှာ ၃၀ ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်နေ လူဦးရေအချိုးမှာ ၇၀ ရာခိုင်နှုန်း ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် မြို့အရေအတွက် ၂၈၈ မြို့ ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ၃၇၇ မြို့ အထိတိုးလာခြင်းကြောင့် ဖြစ်သည်။

**လူဦးရေအများဆုံးမြို့နယ်များ**

ဇယားအမှတ် (၇) တွင် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနှစ်ခုလုံးတွင် လူဦးရေအများဆုံး မြို့နယ်များမှာ ပဲခူးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဘိုကလေး မြို့နယ်၊ ဘားအံမြို့နယ်နှင့် မောင်တောမြို့နယ်များဖြစ်ပြီး ပျမ်းမျှလူဦးရေတိုးနှုန်းမှာ သန်းခေါင်စာရင်းနှစ်ခု အကြား ဟင်္သာတမြို့နယ်မှအပ ၂ ရာခိုင်နှုန်းကျော် တိုးမြင့်ခဲ့ကြောင်းတွေ့ရသည်။ နှစ်စဉ်ပျမ်းမျှတိုး နှုန်းအမြင့်ဆုံးမှာ ၂ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့် ဘိုကလေး မြို့နယ်ဖြစ်သည်။

**အလုပ်အကိုင်အလိုက် အလုပ်လက်ရှိလူဦးရေ ရာခိုင်နှုန်း**

ဇယားအမှတ် (၈) တွင် ၂၀၀၅-၂၀၀၆ ခုနှစ် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လက်ရှိလူဦး ရေရာခိုင်နှုန်းကို ဖော်ပြထားရာ မြန်မာနိုင်ငံသည်

စိုက်ပျိုးရေးအခြေခံသော စီးပွားရေးစနစ်ဖြစ်သည်နှင့် အညီ စိုက်ပျိုး မွေးမြူရေးအလုပ်သမားများက ၃၂ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပြီး အခြေခံအလုပ် လုပ်ကိုင်သူများက ၃၄ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။

## မြို့များနှင့်ကျေးလက်ဒေသအတွက် အခြေခံဖွားသေစာရင်းအင်းနှုန်းများ

ဇယားအမှတ် (၉) တွင် မြန်မာနိုင်ငံမြို့များနှင့် ကျေးလက်ဒေသများ၏ အခြေခံဖွားသေစာရင်းအင်း နှုန်းများကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးတွဲထုတ်ပြန်သော နှစ်စဉ်ဖွားသေ စာရင်းအင်းစာစောင်များတွင် ဖော်ပြထားသည်။ လူဦးရေကို အခြေခံတွက်သော အကြမ်းအားဖြင့် မွေးနှုန်း နှင့် သေနှုန်းများသည် မြို့နှင့်ကျေးလက်ဒေသများတွင် ကျဆင်းလာသည်ကို တွေ့ရသည်။

ထို့အတူအရှင်မွေးကလေး ၁၀၀၀ ကို အခြေခံ၍ တွက်သော အသေမွေးနှုန်းအချိုးအဆ၊ တစ်နှစ်အောက် ကလေးသေနှုန်း၊ သားဖွားမိခင်သေနှုန်းနှင့် ငါးနှစ် အောက်ကလေးသေနှုန်းများသည်လည်းမြို့နှင့် ကျေးလက်ဒေသများတွင် ကျဆင်းလာသည်။ ကျေးလက် ဒေသများတွင်မူ ကလေးအသေမွေးပါက မှတ်ပုံတင် တိုင်ကြားမှုမရှိကြ၍ အသေမွေးနှုန်းအချိုးအဆကို တွက်ချက်မရနိုင်ပါ။

## မြို့နှင့်ကျေးလက်ဒေသများ၏ ကျား-မအလိုက် မွေးစ ပျမ်းမျှမျှော်မှန်းသက်တမ်း

ဇယားအမှတ် (၁၀) တွင် မြန်မာနိုင်ငံရှိမြို့များနှင့် ကျေးလက်ဒေသများ၏ မွေးစပျမ်းမျှမျှော်မှန်း သက်တမ်းကို ဖော်ပြထားသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၂၁-၁၉၃၁ ကာလကမြို့များတွင် အမျိုးသားများမှာ ၃၄ ဒသမ ၉ နှစ်နှင့် အမျိုးသမီးများမှာ ၃၆ ဒသမ ၈ နှစ်ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် အမျိုးသားများမှာ ၆၄ နှစ်နှင့် အမျိုးသမီးများမှာ ၆၉ နှစ်ဖြစ်၍ နှစ်ပေါင်း ၇၀ ကျော် အတွင်း အမျိုးသားရော အမျိုးသမီးများပါ မွေးစပျမ်းမျှ မျှော်မှန်းသက်တမ်းတိုးမြင့်လာသည်။ ကျေးလက် ဒေသတွင်လည်း ၁၉၉၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်တွင် အမျိုးသားရော အမျိုးသမီးများပါ မွေးစပျမ်းမျှမျှော်မှန်း သက်တမ်းသည် ၁၅ နှစ်ခန့်တွင် တိုးမြင့်လာသည်ကို သိရှိရသည်။




### ၂၀၀၈ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ လူဦးရေပြမြေပုံ

မြန်မာနိုင်ငံ၏လူဦးရေကို အာဆီယံနိုင်ငံများအဖွဲ့ရှိ အခြားနိုင်ငံများ၏ လူဦးရေသိပ်သည်းမှုကို ဇယား အမှတ် ၁၁ တွင်ဖော်ပြထားသည်။ စင်ကာပူနိုင်ငံ၏ လူဦးရေမှာ ၁ စတုရန်းမိုင်လျှင် ၁၆၈၂၄ ဒသမ ၅ ရှိပြီး အများဆုံးဖြစ်ကာ လာအိုနိုင်ငံ၏လူဦးရေသိပ်သည်း မှုမှာ ၁ စတုရန်းမိုင်လျှင် ၆၉ ဒသမ ၇ ဖြင့် အနည်းဆုံး ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုမှာ ၂၀၀၇ ခုနှစ် လူဦးရေစာရင်းအရ ၁ စတုရန်းမိုင်လျှင် ၂၂၀.၁ ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ အနက် အင်ဒိုနီးရှားနိုင်ငံမှာ ၁၀ နိုင်ငံလူဦးရေ စုစုပေါင်း၏ ၄၁ ဒသမ ၆၀ ခန့်ဖြစ်ပြီး အများဆုံးဖြစ် သည်။ စင်ကာပူနိုင်ငံ၏လူဦးရေမှာ ၂၀၀၆ ခုနှစ် စာရင်းအရ ၀ ဒသမ ၇၆ ရာခိုင်နှုန်းသာဖြစ်ပြီး အနည်း ဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၉ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး အာဆီယံလူဦးရေပေါင်းတွင် ပဉ္စမ မြောက်လူဦးရေ အများဆုံးဖြစ်သည်။

# မြန်မာနိုင်ငံ၏လူဦးရေ

ဇယားအမှတ် (၁) ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းနှင့် နှစ်စဉ်လူဦးရေတိုးနှုန်း

| စဉ် | ပြည်နယ်/တိုင်း | ၁၉၇၃ခုနှစ်သန်းခေါင်စာရင်း လူဦးရေ | ၁၉၈၃ခုနှစ်ရှေ့ပြေးလူဦးရေ | နှစ်စဉ်ပျမ်းမျှလူဦးရေ တိုးနှုန်းရာခိုင်နှုန်း |
|---|---|---|---|---|
| | ပြည်ထောင်စု | ၂၈၉၂၁၂၂၆ | ၃၅၃၁၃၉၀၅ | ၂.၀၂ |
| ၁ | ကချင်ပြည်နယ် | ၇၃၇၉၃၉ | ၉၀၃၉၈၂ | ၂.၀၅ |
| ၂ | ကယားပြည်နယ် | ၁၂၆၅၇၄ | ၁၆၈၃၅၅ | ၂.၈၉ |
| ၃ | ကရင်ပြည်နယ် | ၈၅၈၄၂၉ | ၁၀၅၇၅၀၅ | ၂.၁၁ |
| ၄ | ချင်းပြည်နယ် | ၃၂၃၂၉၅ | ၃၆၈၉၈၅ | ၁.၃၃ |
| ၅ | စစ်ကိုင်းတိုင်း | ၃၁၁၉၀၅၄ | ၃၈၅၅၉၉၁ | ၂.၁၄ |
| ၆ | တနင်္သာရီတိုင်း | ၇၁၉၄၄၁ | ၉၁၇၆၂၈ | ၂.၄၆ |
| ၇ | ပဲခူးတိုင်း | ၃၁၇၉၆၀၄ | ၃၈၀၀၂၄၀ | ၁.၈၀ |
| ၈ | မကွေးတိုင်း | ၂၆၃၄၇၅၇ | ၃၂၄၁၁၀၃ | ၂.၀၉ |
| ၉ | မန္တလေးတိုင်း | ၃၆၆၈၄၉၃ | ၄၅၈၀၉၂၃ | ၂.၂၅ |
| ၁၀ | မွန်ပြည်နယ် | ၁၃၁၄၂၂၄ | ၁၆၈၂၀၄၁ | ၂.၅၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၇၁၂၈၃၈ | ၂၀၄၅၈၉၁ | ၁.၇၉ |
| ၁၂ | ရန်ကုန်တိုင်း | ၃၁၈၈၇၈၃ | ၃၉၇၃၇၈၂ | ၂.၂၂ |
| ၁၃ | ရှမ်းပြည်နယ် | ၃၁၇၉၅၄၆ | ၃၇၁၈၇၀၆ | ၁.၅၈ |
| ၁၄ | ဧရာဝတီတိုင်း | ၄၁၅၆၆၇၃ | ၄၉၉၁၀၅၇ | ၁.၈၅ |
| ၁၅ | ပြည်ပရောက် မြန်မာနိုင်ငံသား | ၁၅၇၆ | ၇၇၁၆ | – |

ဇယားအမှတ် (၂) မြန်မာနိုင်ငံ၏လူဦးရေသိပ်သည်းမှု

| စဉ် | နှစ် | လူဦးရေပေါင်း | လူဦးရေသိပ်သည်းမှု | |
|---|---|---|---|---|
| | | | ၁ စတုရန်းမိုင်လျှင် | ၁စတုရန်းကီလိုမီတာလျှင် |
| ၁ | ၁၉၇၃ | ၂၈၉၂၁၂၂၆ | ၁၁၀.၇ | ၄၇.၈ |
| ၂ | ၁၉၈၃ | ၃၅၃၀၇၉၁၃ | ၁၃၅.၂ | ၅၂.၂ |
| ၃ | ၁၉၉၅ | ၄၄၇၄၄၀၀၀ | ၁၇၁.၃ | ၆၆.၁ |
| ၄ | ၁၉၉၆ | ၄၅၅၇၀၀၀၀ | ၁၇၄.၅ | ၆၇.၄ |
| ၅ | ၁၉၉၇ | ၄၆၄၀၀၀၀၀ | ၁၇၇.၆ | ၆၈.၆ |
| ၆ | ၁၉၉၈ | ၄၇၂၅၄၇၁၆ | ၁၈၀.၉ | ၆၉.၈ |
| ၇ | ၁၉၉၉ | ၄၈၁၂၃၀၀၀ | ၁၈၄.၂ | ၇၁.၁ |
| ၈ | ၂၀၀၀ | ၅၀၁၂၅၀၁၄ | ၁၉၁.၉ | ၇၄.၁ |
| ၉ | ၂၀၀၁ | ၅၁၁၃၇၅၃၉ | ၁၉၅.၈ | ၇၅.၆ |
| ၁၀ | ၂၀၀၂ | ၅၂၁၇၀၅၁၇ | ၁၉၉.၇ | ၇၇.၁ |
| ၁၁ | ၂၀၀၃ | ၅၃၂၂၄၃၆၁ | ၂၀၃.၈ | ၇၈.၇ |
| ၁၂ | ၂၀၀၄ | ၅၄၂၉၉၄၉၃ | ၂၀၇.၉ | ၈၀.၃ |
| ၁၃ | ၂၀၀၅ | ၅၅၃၉၆၃၄၃ | ၂၁၂.၁ | ၈၁.၉ |
| ၁၄ | ၂၀၀၆ | ၅၆၅၁၅၃၄၉ | ၂၁၆.၄ | ၈၃.၅ |
| ၁၅ | ၂၀၀၇ | ၅၇၅၀၄၀၀၀ | ၂၂၀.၁ | ၈၅.၀ |

# မြန်မာနိုင်ငံ၏လူဦးရေ

**ဇယားအမှတ် (၃) မြန်မာနိုင်ငံ၏ကျား-မ အချိုးနှင့် နှစ်စဉ်လူဦးရေတိုးနှုန်း ၁၉၉၀-၂၀၀၇**

| စဉ် | | | အမျိုးသမီးဦးရေ | စုစုပေါင်း | ကျား-မ အချိုး | နှစ်စဉ် လူဦးရေတိုးနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၁၉၉၀ | ၂၀.၂၆ | ၂၀.၅၃ | ၄၀.၇၉ | ၉၈.၆၈ | ၁.၈၈ |
| ၂ | ၁၉၉၁ | ၂၀.၆၅ | ၂၀.၉၀ | ၄၁.၅၅ | ၉၈.၈၀ | ၁.၈၇ |
| ၃ | ၁၉၉၂ | ၂၁.၀၄ | ၂၁.၂၈ | ၄၂.၃၂ | ၉၈.၈၇ | ၁.၈၇ |
| ၄ | ၁၉၉၃ | ၂၁.၄၄ | ၂၁.၆၈ | ၄၃.၁၂ | ၉၈.၈၉ | ၁.၈၇ |
| ၅ | ၁၉၉၄ | ၂၁.၈၃ | ၂၂.၀၉ | ၄၃.၉၂ | ၉၈.၈၂ | ၁.၈၇ |
| ၆ | ၁၉၉၅ | ၂၂.၂၃ | ၂၂.၅၁ | ၄၄.၇၄ | ၉၈.၇၆ | ၁.၈၇ |
| ၇ | ၁၉၉၆ | ၂၂.၆၃ | ၂၂.၉၄ | ၄၅.၅၇ | ၉၈.၆၅ | ၁.၈၄ |
| ၈ | ၁၉၉၇ | ၂၃.၀၄ | ၂၃.၃၆ | ၄၆.၄၀ | ၉၈.၆၃ | ၁.၈၄ |
| ၉ | ၁၉၉၈ | ၂၃.၉၁ | ၂၄.၂၅ | ၄၈.၁၆ | ၉၈.၆၀ | ၂.၀၂ |
| ၁၀ | ၁၉၉၉ | ၂၄.၄၀ | ၂၄.၇၃ | ၄၉.၁၃ | ၉၈.၆၇ | ၂.၀၂ |
| ၁၁ | ၂၀၀၀ | ၂၄.၉၁ | ၂၅.၂၂ | ၅၀.၁၃ | ၉၈.၇၇ | ၂.၀၂ |
| ၁၂ | ၂၀၀၁ | ၂၅.၄၂ | ၂၅.၇၂ | ၅၁.၁၄ | ၉၈.၈၃ | ၂.၀၂ |
| ၁၃ | ၂၀၀၂ | ၂၅.၉၄ | ၂၆.၂၃ | ၅၂.၁၇ | ၉၈.၈၉ | ၂.၀၂ |
| ၁၄ | ၂၀၀၃ | ၂၆.၄၇ | ၂၆.၇၆ | ၅၃.၂၃ | ၉၈.၉၂ | ၂.၀၂ |
| ၁၅ | ၂၀၀၄ | ၂၇.၀၀ | ၂၇.၃၀ | ၅၄.၃၀ | ၉၈.၉၀ | ၂.၀၂ |
| ၁၆ | ၂၀၀၅ | ၂၇.၅၄ | ၂၇.၈၆ | ၅၅.၄၀ | ၉၈.၈၅ | ၂.၀၂ |
| ၁၇ | ၂၀၀၆ | ၂၈.၁၀ | ၂၈.၄၂ | ၅၆.၅၂ | ၉၈.၈၇ | ၂.၀၂ |
| ၁၈ | ၂၀၀၇ | ၂၈.၅၈ | ၂၈.၉၂ | ၅၇.၅၀ | ၉၈.၈၂ | ၁.၇၅ |

**ဇယားအမှတ် (၄) ပြည်နယ်/တိုင်းဒေသကြီးအလိုက်**
**လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်းနှင့်လူဦးရေအများအနည်းအရွယ်အဆင့်အလိုက်ဖော်ပြမှု**

| စဉ် | ပြည်နယ်/တိုင်း ဒေသကြီး | လူဦးရေ (၂၀၀၆) | လူဦးရေ ပျံ့နှံ့မှု ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | ၇၉၁၀၀၉၃ | ၁၃.၉၉ |
| ၂ | ဧရာဝတီတိုင်းဒေသကြီး | ၇၇၃၇၁၁၈ | ၁၃.၆၉ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | ၆၆၀၀၀၅၄ | ၁၁.၆၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁၅၈၆၇၆ | ၁၀.၉၀ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၅၇၀၆၉၂၃ | ၁၀.၁၀ |
| ၆ | ရှမ်းပြည်နယ် | ၅၃၉၀၁၇၄ | ၉.၅၄ |
| ၇ | မကွေးတိုင်းဒေသကြီး | ၅၂၉၅၉၈၃ | ၉.၃၇ |
| ၈ | ရခိုင်ပြည်နယ် | ၃၁၃၃၈၅၅ | ၅.၅၄ |
| ၉ | မွန်ပြည်နယ် | ၂၉၃၆၆၇၄ | ၅.၂၀ |
| ၁၀ | ကရင်ပြည်နယ် | ၁၇၀၉၁၅၂ | ၃.၀၂ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ၁၅၉၈၈၇၅ | ၂.၈၃ |
| ၁၂ | ကချင်ပြည်နယ် | ၁၄၈၃၈၇၉ | ၂.၆၃ |
| ၁၃ | ချင်းပြည်နယ် | ၅၂၆၀၆၁ | ၀.၉၃ |
| ၁၄ | ကယားပြည်နယ် | ၃၂၇၈၃၂ | ၀.၅၈ |
| | ပြည်ထောင်စု | ၅၆၅၁၅၃၄၉ | ၁၀၀ |

ဇယားအမှတ် (၅) အသက်အုပ်စုနှင့် ကျား-မအလိုက်လူဦးရေရာခိုင်နှုန်း (၂၀၀၆ ခုနှစ်)

| စဉ် | အသက်အုပ်စု (နှစ်) | အမျိုးသား လူဦးရေ | အမျိုးသားလူဦးရေ ရာခိုင်နှုန်း | အမျိုးသမီး လူဦးရေ | အမျိုးသမီးလူဦးရေ ရာခိုင်နှုန်း | စုစုပေါင်း လူဦးရေ | စုစုပေါင်းလူဦးရေ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၁ | ၀-၄ | ၃၃၂၃၄၈၇ | ၁၁.၈၃ | ၃၂၈၄၈၈၀ | ၁၁.၅၆ | ၆၆၀၈၃၆၇ | ၁၁.၆၉ |
| ၂ | ၅-၉ | ၃၀၇၅၄၇၂ | ၁၀.၉၅ | ၃၀၄၂၁၃၂ | ၁၀.၇၀ | ၆၁၁၇၆၀၄ | ၁၀.၈၂ |
| ၃ | ၁၀-၁၄ | ၂၈၂၂၇၇၃ | ၁၀.၀၆ | ၂၈၁၈၂၂၆ | ၉.၉၂ | ၅၆၄၀၉၉၉ | ၉.၉၈ |
| ၄ | ၁၅-၁၉ | ၂၅၇၄၁၀၁ | ၉.၁၆ | ၂၄၀၅၇၆၃ | ၈.၄၆ | ၄၉၇၉၈၆၄ | ၈.၈၁ |
| ၅ | ၂၀-၂၄ | ၂၄၆၇၈၆၀ | ၈.၇၈ | ၂၃၂၄၈၆၁ | ၈.၁၈ | ၄၇၉၂၇၂၁ | ၈.၄၈ |
| ၆ | ၂၅-၂၉ | ၂၃၃၃၈၃၁ | ၈.၃၁ | ၂၂၇၁၄၅၀ | ၇.၉၉ | ၄၆၀၅၂၈၁ | ၈.၁၅ |
| ၇ | ၃၀-၃၄ | ၂၁၃၈၁၁၀ | ၇.၆၁ | ၂၁၃၆၀၆၇ | ၇.၅၂ | ၄၂၇၄၁၇၇ | ၇.၅၆ |
| ၈ | ၃၅-၃၉ | ၁၉၂၈၀၈၇ | ၆.၈၆ | ၁၉၈၆၀၇၁ | ၆.၉၉ | ၃၉၁၄၁၅၈ | ၆.၉၃ |
| ၉ | ၄၀-၄၄ | ၁၆၉၉၁၇၄ | ၆.၀၅ | ၁၇၇၉၃၇၂ | ၆.၂၆ | ၃၄၇၈၅၄၆ | ၆.၁၆ |
| ၁၀ | ၄၅-၄၉ | ၁၄၃၀၉၃၁ | ၅.၀၉ | ၁၅၁၂၄၁၃ | ၅.၃၂ | ၂၉၄၃၃၄၄ | ၅.၂၁ |
| ၁၁ | ၅၀-၅၄ | ၁၁၈၈၇၆၀ | ၄.၂၃ | ၁၂၇၂၅၃၆ | ၄.၄၈ | ၂၄၆၁၂၉၆ | ၄.၃၆ |
| ၁၂ | ၅၅-၅၉ | ၉၃၉၆၁၇ | ၃.၃၄ | ၁၀၁၈၃၃၄ | ၃.၅၈ | ၁၉၅၇၉၅၁ | ၃.၄၆ |
| ၁၃ | ၆၀-၆၄ | ၇၄၀၉၁၉ | ၂.၆၄ | ၈၂၃၀၆၃ | ၂.၉၀ | ၁၅၆၃၉၈၂ | ၂.၇၇ |
| ၁၄ | ၆၅-၆၉ | ၅၇၂၀၀၈ | ၂.၀၃ | ၆၆၄၁၁၁ | ၂.၃၄ | ၁၂၃၆၁၁၉ | ၂.၁၉ |
| ၁၅ | ၇၀-၇၄ | ၄၁၄၄၉၁ | ၁.၄၇ | ၄၉၉၉၀၅ | ၁.၇၆ | ၉၁၄၃၉၆ | ၁.၆၂ |
| ၁၆ | ၇၅နှင့်အထက် | ၄၄၇၂၇၄ | ၁.၅၉ | ၅၇၉၂၇၀ | ၂.၀၄ | ၁၀၂၆၅၄၄ | ၁.၈၂ |
| | စုစုပေါင်း | ၂၈၀၉၆၈၉၅ | ၁၀၀.၀၀ | ၂၈၄၁၈၄၅၄ | ၁၀၀.၀၀ | ၅၆၅၁၅၃၄၉ | ၁၀၀.၀၀ |

ဇယားအမှတ် (၆) မြို့နေလူဦးရေနှင့်ကျေးလက်နေလူဦးရေအချိုး

| စဉ် | နှစ် | မြို့နေ လူဦးရေအချိုး | ကျေးလက်နေ လူဦးရေအချိုး | စုစုပေါင်း လူဦးရေ |
|---|---|---|---|---|
| ၁ | ၁၉၁၁ | ၉.၃ | ၉၀.၇ | ၁၀၀.၀ |
| ၂ | ၁၉၂၁ | ၉.၈ | ၉၀.၂ | ၁၀၀.၀ |
| ၃ | ၁၉၃၁ | ၁၀.၄ | ၈၉.၆ | ၁၀၀.၀ |
| ၄ | ၁၉၅၃ | ၁၃.၅ | ၈၆.၅ | ၁၀၀.၀ |
| ၅ | ၁၉၇၃ | ၂၄.၀ | ၇၆.၀ | ၁၀၀.၀ |
| ၆ | ၁၉၈၃ | ၂၅.၀ | ၇၅.၀ | ၁၀၀.၀ |
| ၇ | ၂၀၀၈ | ၃၀.၀ | ၇၀.၀ | ၁၀၀.၀ |

**ဇယားအမှတ် (၇) ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းအရ**
**လူဦးရေအများဆုံးမြို့နယ်များ**

| စဉ် | မြို့နယ် | ၁၉၇၃ ခုနှစ် လူဦးရေ | ၁၉၈၃ ခုနှစ် လူဦးရေ | လူဦးရေ ခြားနားမှု | နှစ်စဉ်ပျမ်းမျှ တိုးနှုန်း |
|---|---|---|---|---|---|
| ၁ | ပဲခူး | ၂၅၄၅၉၈ | ၃၂၀၄၅၈ | ၆၅၈၆၀ | ၂.၃၃ |
| ၂ | ဟင်္သာတ | ၂၈၄၆၇၅ | ၃၁၁၃၈၈ | ၂၆၇၁၃ | ၀.၉၀ |
| ၃ | ဘားအံ | ၂၄၉၇၅၀ | ၃၀၈၆၃၉ | ၅၈၈၈၉ | ၂.၁၄ |
| ၄ | ဘိုကလေး | ၂၃၀၆၂၃ | ၂၉၄၃၇၀ | ၆၃၇၄၇ | ၂.၄၇ |
| ၅ | မောင်တော | ၂၂၃၆၂၆ | ၂၇၉၉၉၄ | ၅၆၃၆၈ | ၂.၂၇ |

**ဇယားအမှတ် (၈) အလုပ်အကိုင်အလိုက် အလုပ်လက်ရှိလူဦးရေရာခိုင်နှုန်း (၂၀၀၅-၂၀၀၆ ခုနှစ်)**

| စဉ် | အလုပ်အကိုင်အမျိုးအစား | အလုပ်အကိုင်အလိုက် အလုပ်လက်ရှိဦးရေရာခိုင်နှုန်း |
|---|---|---|
| ၁ | ဥပဒေပညာရှင်များ၊အကြီးတန်းအရာရှိကြီးများနှင့်မန်နေဂျာများ | ၀.၄ |
| ၂ | အသက်မွေးဝမ်းကျောင်းပညာရှင်များ | ၂.၈ |
| ၃ | စက်မှုအသက်မွေးဝမ်းကျောင်းပညာရှင်များ | ၂.၀ |
| ၄ | စာရေးများ | ၂.၁ |
| ၅ | ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၁၀.၁ |
| ၆ | စိုက်ပျိုးရေးနှင့်မွေးမြူရေးအလုပ်သမားများ | ၃၂.၈ |
| ၇ | လက်မှုပညာသည်များ | ၁၁.၆ |
| ၈ | စက်ရုံ/အလုပ်ရုံအလုပ်သမားများ | ၃.၄ |
| ၉ | အခြေခံအလုပ် လုပ်ကိုင်သူများ | ၃၄.၈ |
| | စုစုပေါင်း | ၁၀၀ |

## ဇယားအမှတ် (၉) မြန်မာနိုင်ငံမြို့များနှင့် ကျေးလက်ဒေသအတွက်အခြေခံသွားသော စာရင်းအင်းနှုန်းများ

### မြို့ပြ

| စဉ် | ခုနှစ် | မွေးနှုန်းကြမ်း * | သေနှုန်းကြမ်း * | အသေမွေးနှုန်း အချိုးအဆ ♣ | တစ်နှစ်အောက် ကလေးသေနှုန်း ♣ | သားဖွားမိခင် သေနှုန်း ♣ | ၅နှစ်အောက်ကလေး သေနှုန်း ♣ |
|---|---|---|---|---|---|---|---|
| ၁ | ၁၉၆၃ | ၄၂.၇ | ၁၈.၃ | ၂၈.၂ | ၁၂၁.၈ | ၄.၇ | ၁၈၁.၈ |
| ၂ | ၁၉၇၃ | ၃၂.၅ | ၉.၅ | ၁၃.၇ | ၄၉.၉ | ၁.၆ | ၈၇.၂ |
| ၃ | ၁၉၈၃ | ၂၈.၃ | ၉.၀ | ၁၁.၁ | ၄၇.၂ | ၁.၂ | ၇၉.၁ |
| ၄ | ၁၉၉၆ | ၂၈.၁ | ၈.၈ | ၁၀.၂ | ၄၇.၅ | ၁.၀ | ၇၂.၄ |
| ၅ | ၁၉၉၇ | ၂၇.၈ | ၈.၅ | ၉.၉ | ၄၇.၁ | ၁.၀ | ၇၀.၅ |
| ၆ | ၁၉၉၈ | ၂၇.၅ | ၈.၂ | ၉.၅ | ၄၇.၂ | ၁.၀ | ၇၂.၂ |
| ၇ | ၁၉၉၉ | ၂၄.၅ | ၆.၀ | ၈.၆ | ၄၉.၉ | ၁.၁ | ၇၆.၄ |
| ၈ | ၂၀၀၀ | ၂၄.၂ | ၆.၃ | ၈.၁ | ၄၈.၅ | ၁.၁ | ၇၃.၅ |
| ၉ | ၂၀၀၁ | ၂၃.၉ | ၆.၂ | ၈.၀ | ၄၈.၃ | ၁.၀ | ၇၃.၁ |
| ၁၀ | ၂၀၀၂ | ၂၁.၂ | ၆.၁ | ၇.၉ | ၄၈.၄ | ၁.၁ | ၇၂.၆ |
| ၁၁ | ၂၀၀၃ | ၁၉.၉ | ၅.၆ | ၇.၉ | ၄၅.၃ | ၁.၀ | ၇၂.၂ |
| ၁၂ | ၂၀၀၄ | ၁၉.၁ | ၅.၅ | ၇.၉ | ၄၅.၂ | ၁.၀ | ၇၀.၁ |
| ၁၃ | ၂၀၀၅ | ၁၉.၀ | ၅.၅ | ၇.၆ | ၄၅.၁ | ၁.၀ | ၇၀.၀ |
| ၁၄ | ၂၀၀၆ | ၁၉.၀ | ၅.၃ | ၇.၂ | ၄၄.၉ | ၁.၀ | ၆၄.၂ |
| ၁၅ | ၂၀၀၇ | ၁၈.၄ | ၅.၃ | ၆.၉ | ၄၃.၄ | ၀.၉ | ၆၂.၁ |

### ကျေးလက်ဒေသ

| စဉ် | ခုနှစ် | မွေးနှုန်းကြမ်း | သေနှုန်းကြမ်း | အသေမွေးနှုန်း အချိုးအဆ | တစ်နှစ်အောက် ကလေးသေနှုန်း | သားဖွားမိခင် သေနှုန်း | ၅နှစ်အောက်ကလေး သေနှုန်း |
|---|---|---|---|---|---|---|---|
| ၁ | ၁၉၈၃ | ၂၉.၉ | ၉.၈ | – | ၄၇.၀ | ၂.၂ | ၇၀.၀ |
| ၂ | ၁၉၉၄ | ၃၀.၂ | ၉.၈ | – | ၄၉.၆ | ၁.၈ | ၇၆.၉ |
| ၃ | ၂၀၀၀ | ၂၆.၄ | ၇.၃ | – | ၅၀.၂ | ၁.၉ | ၇၆.၃ |
| ၄ | ၂၀၀၇ | ၂၁.၂ | ၅.၉ | – | ၄၆.၃ | ၁.၄ | ၆၅.၅ |

မှတ်ချက်။ ။ * လူဦးရေ ၁၀၀၀ လျှင်
♣ အရှင်မွေးကလေး ၁၀၀၀ လျှင်

**ဇယားအမှတ် (၁၀) ကျား-မ အလိုက် မွေးစပျမ်းမျှမျှော်မှန်းသက်တမ်း**

မြို့ပြ

| စဉ် | နှစ် | မွေးစပျမ်းမျှမျှော်မှန်းသက်တမ်း(နှစ်) | | |
|---|---|---|---|---|
| | | ကျား | မ | ပေါင်း |
| ၁ | ၁၉၂၁-၃၁ | ၃၄.၉ | ၄၆.၈ | - |
| ၂ | ၁၉၅၄ | ၄၀.၈ | ၄၃.၈ | - |
| ၃ | ၁၉၆၄ | ၄၅.၀ | ၄၇.၈ | ၄၆.၈ |
| ၄ | ၁၉၇၈ | ၅၉.၃ | ၆၄.၀ | ၆၁.၆ |
| ၅ | ၁၉၈၃ | ၆၀.၅ | ၆၄.၇ | ၆၂.၅ |
| ၆ | ၂၀၀၀ | ၆၁.၁ | ၆၅.၁ | - |
| ၇ | ၂၀၀၃ | ၆၂.၁ | ၆၆.၂ | - |
| ၈ | ၂၀၀၅ | ၆၁.၅ | ၆၆.၆ | - |
| ၉ | ၂၀၀၆ | ၆၂.၉ | ၆၇.၃ | - |
| ၁၀ | ၂၀၀၇ | ၆၄.၀ | ၆၉.၀ | - |
| **ကျေးလက်ဒေသ** | | | | |
| ၁ | ၁၉၉၁ | ၅၉.၁ | ၆၁.၁ | |
| ၂ | ၁၉၉၄ | ၅၉.၇ | ၆၁.၈ | |
| ၃ | ၁၉၉၇ | ၆၀.၁ | ၆၂.၃ | |
| ၄ | ၂၀၀၀ | ၆၀.၄ | ၆၂.၈ | |
| ၅ | ၂၀၀၃ | ၆၁.၅ | ၆၄.၀ | |
| ၆ | ၂၀၀၉ | ၆၂.၀ | ၆၄.၉ | |
| ၇ | ၂၀၀၆ | ၆၂.၅ | ၆၅.၄ | |
| ၈ | ၂၀၀၇ | ၆၃.၂ | ၆၇.၁ | |

**ဇယားအမှတ် (၁၁) အာဆီယံနိုင်ငံများ၏လူဦးရေသိပ်သည်းမှုနှင့်နိုင်ငံအလိုက်လူဦးရေရာခိုင်နှုန်း**

| စဉ် | အာဆီယံအဖွဲ့ဝင်နိုင်ငံ | ဧရိယာ စတုရန်းမိုင် | လူဦးရေ (၂၀၀၆) | လူဦးရေသိပ်သည်းမှု (စတုရန်းတစ်မိုင်လျှင်) | စုစုပေါင်းလူဦးရေ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၆၉၉၀၀ | ၁၃၈၈၁၄၂၇ | ၁၉၈.၆ | ၂.၃၅ |
| ၂ | စင်ကာပူ | ၂၆၇ | ၄၄၉၂၁၅၀ | ၁၆၈၂၄.၅ | ၀.၇၆ |
| ၃ | ထိုင်း | ၁၉၈၄၅၅ | ၆၃၆၃၁၅၉၅ | ၃၂၅.၇ | ၁၀.၉၆ |
| ၄ | ဖိလစ်ပိုင် | ၁၁၅၈၃၀ | ၈၈၄၆၈၆၇၇ | ၇၆၃.၈ | ၁၅.၀၀ |
| ၅ | ဗီယက်နမ် | ၁၂၇၂၄၃ | ၈၄၄၀၂၉၆၆ | ၆၆၃.၃ | ၁၄.၃၁ |
| ၆ | ဘရူနိုင်း | ၂၂၂၈ | ၃၇၉၄၄၄ | ၁၇၀.၃ | ၀.၀၆ |
| ၇ | မလေးရှား | ၁၂၇၃၁၆ | ၂၄၃၈၆၈၅၈ | ၁၉၁.၆ | ၄.၁၃ |
| ၈ | မြန်မာ(၂၀၀၇) | ၂၆၁၂၂၈ | ၅၇၅၀၄၀၀၀ | ၂၂၀.၁ | ၉.၇၅ |
| ၉ | လာအို | ၉၁၄၂၈ | ၆၃၆၈၄၈၁ | ၆၉.၇ | ၁.၀၈ |
| ၁၀ | အင်ဒိုနီးရှား | ၇၄၁၉၆ | ၂၄၅၄၅၂၇၃၉ | ၃၃၁.၂ | ၄၁.၆၀ |
| | စုစုပေါင်း | | ၅၈၉၉၆၈၃၃၇ | | ၁၀၀ |

ဦးအောင်မြင့်သိန်း

# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

ယနေ့ကမ္ဘာတွင် နည်းပညာအသစ်အဆန်းများသည် အချိန်နှင့်အမျှဖြစ်ပေါ်တိုးတက်လျက်ရှိနေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း ယင်းသို့ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် နည်းပညာအသစ်အဆန်းများကို မျက်ခြည်ပြတ်မခံကြဘဲ နောက်ကျကျန်ရစ်ခြင်းမရှိအောင် ကြိုးပမ်းအားထုတ်လျက်ရှိနေကြသည်။ အထူးသဖြင့် Electronic Media ကဏ္ဍတွင်ပါရှိသော ရုပ်မြင်သံကြားထုတ်လွှင့်မှုနည်းပညာသည်လည်းအရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ Analogue နည်းပညာမှသည် Digital နည်းပညာသို့ ကူးပြောင်းလျက်ရှိပြီး နောင်တစ်ချိန်တွင် Digital စနစ်သို့လုံးဝ ကူးပြောင်းအသုံးပြုကြတော့မည်ဖြစ်ပေသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူနည်းပညာ ခေတ်နောက်ကျကျန်မှုမရှိစေရန် မြန်မာပညာရှင်များ ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် Digital Video Broadcasting - Terrestrial (DVB - T) စနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ အထူးအားဖြင့် ASEAN နိုင်ငံ (၁၀)နိုင်ငံတွင် DVB - T စနစ်ကို အသုံးပြုရန် နိုင်ငံအားလုံးက တစ်ညီတစ်ညွတ်တည်း ဆုံးဖြ[illegible] မြန်မာနိုင်ငံအနေဖြင့် DVB - T စနစ်ကို အသုံးပြုသည့် ASEAN နိုင်ငံများတွင် ရှေ့ဆုံးမှပါဝင်၍ အ[illegible] ဝင်ရွက်နိုင်ခဲ့ခြ[illegible] င် နိုင်ငံ[illegible]ကက် ဂုဏ်ယူဖွယ်ရာဖြစ်ပေသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Forever Group Co.,Ltd. နှင့် အကျိုးတူပူးပေါင်း၍ လိုင်းခွဲသစ်တစ်ခုဖြစ်သော MRTV - 4 Channel ကို ထုတ်လွှင့်ရန် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၀၄) က ခွင့်ပြုခဲ့သည်။ MRTV - 4 အစီအစဉ်များ ရရှိရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း (ထိုစဉ်က ဗိုလ်မှူးချုပ်ကျော်ဆန်း)၏ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနအားလုံးမှ အကြီးအကဲများအား ဖိတ်ကြား၍ ပြန်ကြားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လေးကြိမ်တိုင်တိုင်တွေ့ဆုံညှိနှိုင်းကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပြည်သူလူထု အသိပညာရရှိစေနိုင်သော အစီအစဉ်များထုတ်လုပ်ပေးပို့ ပံ့ပိုးကူညီပေးကြရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

MRTV - 4 အစီအစဉ်များထုတ်လွှင့်ရခြင်း ရည်ရွယ်ချက်များမှာ–

(၁) ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဆောင်ပုဒ်ဖြစ်သော ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသောရည်မှန်းချက်သုံးရပ်နှင့်အညီ နိုင်ငံတော်၏မီဒီယာကဏ္ဍကို သွက်လက်ထက်မြက်ပြီး အရည်အချင်းပြည့်ဝစွာ တိုးချဲ့ထုတ်လွှင့်နိုင်စေရန်၊

(၂) ပြည်သူများအတွက် စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပညာရပ်များကို ဖျော်ဖြေမှုပုံစံဖြင့်ပေါင်းစပ်ကာ Infotainment & Edutainment အစီအစဉ်များအဖြစ် အသိပညာနှင့်ဗဟုသုတပြန့်ပွားပေးရန်၊

(၃) ပြည်သူများအတွက် စိတ်ပြေဖြစ်သော နှစ်သက်ဖွယ်ကောင်း ရုပ်သံမီဒီယာကဏ္ဍကို ပြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲကုန်ကျမှုသက်သာစေရန်၊

(၄) နိုင်ငံတော်၏ ရုပ်သံနည်းပညာကဏ္ဍတွင် နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းလိုက်ပါနိုင်ရန်နှင့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်မြင့်မားလာစေရန်တို့ဖြစ်သည်။

MRTV - 4 Channel ကို ၂၀၀၄ ခုနှစ် မေလ ၁၅ ရက်နေ့ နံနက် ၀၇:၀၀နာရီမှစတင်၍ ပုံမှန်

ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ ၁း၃၀ နာရီစာ အစီအစဉ်များကို နံနက် ၀၇း၀၀ နာရီမှ ၂၃း၀၀ နာရီ အထိ နေ့စဉ်ထုတ်လွှင့်ပေးခဲ့သည်။ ယခုအခါ ၂၄ နာရီစလုံး ထုတ်လွှင့်ပေးနိုင်မည်ဖြစ်သည်။ ထိုစဉ်က MRTV - 4 Channel ကို Streaming Video နည်းပညာဖြင့် Satellite မှ ထုတ်လွှင့်ပေးခြင်းဖြစ်ပြီး ပြည်သူအများ ဖမ်းယူကြည့်ရှုနိုင်ရန် MM Box (Myanmar Media Box)ကို တီထွင်ထုတ်လုပ်ခဲ့သည်။ MRTV - 4 ရုပ်သံလိုင်း၊ Entertainment ရုပ်သံလိုင်းနှင့် Sports ရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးခြင်းအပြင် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ Popular Internet Website များ စသည်တို့ကို Digital File ပေးပို့သောစနစ်ဖြင့် ပေးပို့ခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ယင်း Digital File ပေးပို့သောစနစ်ကို အသုံးပြု၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြို့ကြီး ၉ မြို့တွင် ကိုယ်ပွားသတင်းစာတိုက်များကို တည်ထောင်ခဲ့ပြီး ရန်ကုန်မြို့နှင့်တစ်ချိန်တည်း သတင်းစာများ ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနအတွက် Data Broadcasting စနစ်ဖြင့် တစ်နိုင်ငံလုံးရှိ Learning Center ပေါင်း ၇၉၃ ခုသို့ ပညာရေးရုပ်မြင်သံကြားသင်ခန်းစာများကို ပေးပို့နိုင်ခဲ့သည်။

### MM Box ၏အားသာချက်နှင့်အားနည်းချက်

အားသာချက်များမှာ Thaicom - 3 ဂြိုဟ်တုမှ တစ်ဆင့် Idle ဖြစ်နေသော Bandwidth ကို အသုံးပြုသဖြင့် တစ်နိုင်ငံလုံးကဖမ်းယူကြည့်ရှုနိုင်သည်။ MRTV- 4 ပညာပေးရုပ်မြင်သံကြားလိုင်း၊ သတင်းစာ၊ ကျောင်းသင်ခန်းစာနှင့် ဗီဒီယိုဇာတ်ကားများကို ကြည့်ရှုသူအနေဖြင့် မိမိအားလပ်သည့်အချိန်၊ ကြည့်ရှုလိုသည့်အချိန်တွင် MM Box ကိုဖွင့်၍ကြည့်ရှုနိုင်သည်။ MPEG - 4 ဒီဂျစ်တယ်စနစ်ဖြစ်သဖြင့် Analogue နည်းပညာထက် အရည်အသွေးပိုမိုကောင်းမွန်သည်။

အားနည်းချက်များမှာ MRTV - 4 ရုပ်သံလိုင်းကို ဖမ်းယူကြည့်ရှုရသည့် MM Box သည်ကွန်ပျူတာစနစ်ပေါ်တွင်အခြေခံထားသဖြင့် တန်ဖိုးအားဖြင့်ကြီးမြင့်ပြီး အသုံးပြုသူများအတွက် ရင်းနှီးကျွမ်းဝင်မှုမဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူရခြင်းဖြစ်သဖြင့် Dish Antenna (စလောင်း) လိုအပ်ခြင်း၊ LNB လိုအပ်ခြင်း၊ Thaicom - 3 ဂြိုဟ်တုသို့ ချိန်တွယ်ရခြင်းစသည့် အချက်များကလည်း အခြေခံလူတန်းစားများအတွက် အလွယ်တကူ ကြည့်ရှုနိုင်ရန် အခက်အခဲဖြစ်ကြောင်း တွေ့ရှိရသည်။



MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးသည့် DVB-T လွှင့်စက်များ

### DVB-T နည်းပညာအသစ်ကိုတွေ့ရှိခြင်း

အထက်ဖော်ပြပါ MM Box ၏ အားသာချက်၊ အားနည်းချက်များအပေါ်အခြေခံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ အနီးကပ်လမ်းညွှန်ချက်များနှင့်အညီ MRTV - 4 ရုပ်သံလိုင်းကို ကုန်ကျစရိတ်နည်းပါးစွာ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံလူတန်းစားအထိကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရေးအတွက် နည်းလမ်းများ၊ နည်းပညာအသစ်များကို ကြိုးပမ်းရှာဖွေခဲ့ရာ DVB -T (Digital Video Broadcasting-Terrestrial) နည်းပညာကိုတွေ့ရှိခဲ့သည်။

DVB -T စနစ်၏အားသာချက်များမှာ တပ်ဆင်အသုံးပြုရာတွင်အလွန်လွယ်ကူခြင်း၊ စက်ပစ္စည်း (Digital Receiver & Smart Card) ၏ ဈေးနှုန်းသက်သာခြင်း၊ ဖမ်းယူကြည့်ရှုရန် သာမန် VHF Antenna သာလိုအပ်ခြင်း၊ ယခင် MM Box ကို အသုံးပြု၍ ဖမ်းယူကြည့်ရှုရသော MRTV - 4 အစီအစဉ်မှာ MPEG - 4 စနစ်ကို အသုံးပြုထားပြီး ယခု DVB - T ဖြင့် ထုတ်လွှင့်မှုတွင် MPEG - 2 စနစ်ကို အသုံးပြုထားသဖြင့် အရုပ်အသံ အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ Conditional Access (CA) System ကို အသုံးပြုထားသဖြင့် Free Channel နှင့် Pay Channel များကို လိုအပ်သလို ထိန်းချုပ်နိုင်ပြီး ကြည့်ရှုသူများအနေဖြင့်လည်း မိမိကြိုက်နှစ်သက်သည့် အစီအစဉ်များကို ရွေးချယ်ဝယ်ယူကြည့်ရှုနိုင်ခြင်းစသော အားသာချက်များရှိသည်။

ရုပ်သံအရည်အသွေးပိုမိုကောင်းမွန်သော MRTV - 4 အစီအစဉ်များကို MPEG - 2 နှင့် DVB - T စနစ်ကို အသုံးပြု၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သည်။ ယင်းသို့ ထုတ်လွှင့်စဉ်က ၁း၃၀ နာရီစာအစီအစဉ်များကို နံနက် ၀၇း၀၀ နာရီမှ ည ၂၃း၀၀ နာရီအထိ ၁၆ နာရီကြာ ထုတ်လွှင့်ခဲ့ သည်။ MRTV - 4 အတွက် အစီအစဉ်များကို ထုတ်လုပ်ရာတွင် ပြန်ကြားရေးဝန်ကြီး၏ လမ်းညွှန်ချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၅၀ ရာခိုင်နှုန်းနှင့် Forever Group Co., Ltd. အနေဖြင့် ၅၀ ရာခိုင်နှုန်း ရိုက်ကူးထုတ်လုပ်ကြရသည်။ အစီအစဉ်များကို တဖြည်းဖြည်းတိုးမြှင့်ထုတ်လုပ်ခဲ့ကြပြီး ၁း၃၀ နာရီစာ အစီအစဉ်များကို ၄း၀၀ နာရီစာအစီအစဉ်များအဖြစ် တိုးမြှင့်ထုတ်လွှင့်မှုအနေဖြင့် ၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

MRTV - 4 ရုပ်မြင်သံကြားအစီအစဉ် ထုတ်လုပ်မှုအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Forever Group Co., Ltd. တို့သီးခြားစီဖွဲ့၍ အစီအစဉ်များထုတ်လုပ်ကြရာတွင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အချင်းချင်းအပြန်အလှန်နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ ပြည်သူလူထုနှစ်သက်သော အောင်မြင်သည့် ရုပ်မြင်သံကြားလိုင်းတစ်လိုင်းဖြစ်လာခြင်းဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပိုင်းရှိ စုဖွဲ့ထားသော MRTV - 4 ဝန်ထမ်းများအနေဖြင့် ထိုအချိန်က သီးခြားဖွဲ့စည်းပုံဖြင့် ခန့်အပ်ဖွဲ့စည်းထားနိုင်ခြင်းမရှိဘဲ MRTV, MRTV - 3 နှင့် အသံလွှင့်ဌာနခွဲများမှ ထုတ်နုတ်ပေးသောဝန်ထမ်း ၂၁ ဦးဖြင့် ယာယီစုဖွဲ့ပြီး အစီအစဉ်များကို ကြိုးပမ်းရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ စတင်စဉ်က အစီအစဉ်၏ အရည်အသွေးကို ပဓာနမထားနိုင်ဘဲ အစီအစဉ်တစ်ခု အလျင်အမြန်ပြီးမြောက်ပြီး ထုတ်လွှင့်နိုင်ရေးကိုသာ ဦးစားပေးခဲ့ရသည်။ ဝန်ထမ်းများအနေဖြင့်လည်း ထုတ်လုပ်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်း ထုတ်လုပ်ဆိုသကဲ့သို့ ဆောင်ရွက်ရင်းဖြင့် တဖြည်းဖြည်းကျွမ်းကျင်လာမှုကြောင့် အရည်အသွေးရော အရေအတွက်ပါ တိုးတက်လာခဲ့သည်။ အစီအစဉ် ထုတ်လွှင့်မှု တစ်ရက်တာတွင် အစီအစဉ်သစ်နှစ်ခုကို နေ့စဉ် ထုတ်လွှင့်နိုင်ရေး မျှော်မှန်း



MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများထုတ်လွှင့်ပေးသည့် Master Control ခန်း

ချက်ထားကာ တွန်းအားပေးဆောင်ရွက်ခဲ့သဖြင့် မျှော်မှန်းချက်အတိုင်း ထုတ်လွှင့်နိုင်ခဲ့သည်။ လစဉ်လတိုင်း အစီအစဉ် ထုတ်လုပ်မှုများကို မှတ်တမ်းထားရှိခဲ့ရာ တစ်လအတွင်း အစီအစဉ် စုစုပေါင်း ၆၀ ဝန်းကျင်ကို လစဉ်ထုတ်လုပ်နိုင်ခဲ့သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV - 4 အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနတစ်ခုဖြစ်သည့် အားလျော်စွာ အခြားသောဝန်ကြီးဌာနများ၏ ပြည်သူလူထုအတွက် အသိပညာပေးနိုင်သော အစီအစဉ်ကောင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းရိုက်ကူးထုတ်လုပ်ခဲ့သည်။ အဓိကအားဖြင့် ပြည်သူလူထုကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေး အစီအစဉ်များကို ရိုက်ကူးထုတ်လွှင့်ပေးနိုင်ခဲ့သဖြင့် ပြည်သူလူထုအတွက် များစွာအကျိုးကျေးဇူးရရှိနိုင်ခဲ့သည်။ ပြည်သူလူထုနှစ်သက်လက်ခံသော အစီအစဉ်အချို့မှာ ဆရာတော်ကြီးများ ဟောကြားချီးမြှင့်တော်မူသော တရားတော်၊ မြန်မာနိုင်ငံတွင်းရှိ အာစရိယပူဇော်ပွဲများ၊ Activities In The City ၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်း၊ တံတား၊ လျှပ်စစ်တည်ဆောက်ပြုပြင်မှုမှတ်တမ်းများ၊ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ၊ Industrial Talk၊ ဖန်သားရုပ်မြင်စာဆိုသဘင်၊ ကျန်းမာရေးအမေးအဖြေ၊ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ၊ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ၊ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူ မွေးမြူတို့အတူနှင့်အခြား စိတ်ဝင်စားဖွယ်ရာအစီအစဉ်များဖြစ်ကြသည်။

Forever Group Co.,Ltd. အနေဖြင့်လည်း ဝန်ထမ်းအင်အား ၃၂၈ ဦးဖြင့် ခန့်အပ်ဖွဲ့စည်းပြီး လူအင်အား၊ စက်အင်အားအပြည့်အစုံဖြင့် အစီအစဉ်များကို ကြိုးပမ်းထုတ်လုပ်ရာ တစ်လလျှင် အစီအစဉ် စုစုပေါင်း ၁၉၅ မျိုးခန့် ထုတ်လုပ်နိုင်သည်။ လူငယ်အများစုဖြင့်ဖွဲ့စည်းထားပြီး ခေတ်မီအတွေးအခေါ်များနှင့် Non Linear Editing စနစ်တစ်ခုတည်းကိုသာ အသုံးပြုတည်းဖြတ်သဖြင့် မြန်ဆန်ခြင်း၊ တည်းဖြတ်မှု အရည်အသွေးကောင်းမွန်ခြင်း၊ ခေတ်နှင့်အညီလိုက်လျောညီထွေဖြစ်အောင် တည်းဖြတ်နိုင်ခြင်း စသည်တို့ကြောင့် ပြည်သူလူထုကြိုက်နှစ်သက်သောအစီအစဉ်ကောင်းများကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ Sunday Talk, Movies Talk, Global Panorama, VJ Choice, Celebrity Style, Fashion Music Festival, The Champion of Dance, Shooting Making, Cartoon Show Time, Kid's Show,သီချင်းကောင်းကောင်း သီချင်းတောင်း၊ သွားမယ်စားမယ်၊ စကားနပန်း၊ ခေတ်ပြိုင်ဂီတမှတ်တိုင်များ၊ ဗီဒီယို ပြခန်း၊ သူတို့ပြောတဲ့သူတို့အကြောင်း၊ ဆန်းသစ် တီထွင်ဒီဇိုင်းဖက်ရှင်၊ ဂီတသမားတို့ရဲ့ရင်ခုန်သံများ၊ ရန်ကုန်မြင်ကွင်းကျယ်၊ သင်ကြားရေးလမ်းညွှန်၊ နေထိုင်မှုဝင်ကြွားအဆင့်မြင့်အိမ်ရာစီမံကိန်းများ၊ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်၊ ဂီတသရုပ်ပြခန်း၊ ထာဝရရှင်သန်တောက်ပဆဲအနုပညာငွေကြယ်ပွင့်များ၊ ဓာတ်ပုံထဲက အမှတ်တရများ၊ မက်မဆုံးတဲ့ပြက်လုံးများ၊ သဘာဝကပေးတဲ့အကျိုးအာနိသင်၊ အနုပညာမိုးကောင်းကင်၊ နယ်ဉ်ဆန်းထွင်ပန်းအလှဆင်၊ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့် စသည့်အစီအစဉ်ပေါင်းများစွာကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ခဲ့သည်။

MRTV-4 အစီအစဉ်များကို စတင်ထုတ်လွှင့်စဉ်က ရန်ကုန်မြို့တစ်မြို့တည်းသာ ဖမ်းယူကြည့်ရှုနိုင်ခဲ့သည်။ နောက်ပိုင်းတွင်နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံတစ်ခုလုံးအထိ ပျံ့နှံ့ပြီးခေတ်နှင့်ရင်ပေါင်တန်းလိုက်နိုင်သော ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်းပါးနောက်ပိုင်း တွင်ဖော်ပြထားသောဇယားများအတိုင်း တိုးချဲ့တပ်ဆင် ထုတ်လွှင့်နိုင်ခဲ့သည်။

## MRTV - 4 နှင့်ဆက်စပ်ရုပ်သံလိုင်းများ

MRTV - 4 နှင့်ဆက်စပ်ရုပ်သံလိုင်းများကို DVB-T စနစ်ဖြင့်စတင်အသုံးပြုထုတ်လွှင့်စဉ်ကပင် ထည့်သွင်းထုတ်လွှင့်ခဲ့သည်။ ဒီဂျစ်တယ်စနစ်၏အားသာချက်တစ်ခုမှာ လွှင့်စက်တစ်လုံးတွင် ရုပ်သံလိုင်း ၆ လိုင်းအထိ ထည့်သွင်းထုတ်လွှင့်နိုင်ခြင်းပင်ဖြစ်သည်။ Analogue လွှင့်စက်အနေဖြင့်မူ ရုပ်သံလိုင်းတစ်လိုင်းသာ ထုတ်လွှင့်ပေးနိုင်သည်။ စတင်ထုတ်လွှင့်စဉ်က MRTV,

# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

MRTV - 4, 5 Movies, 5 Cartoons, 5 Sports, 5 Series လိုင်းများကို ပြသနိုင်ခဲ့ပြီး လိုင်းခွဲများတဖြည်းဖြည်း တိုးချဲ့ခဲ့ရာ International Channel ၁၆ လိုင်းကိုပါ တိုးချဲ့ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ ယခုအခါလိုင်းခွဲ စုစုပေါင်း ၃၃ လိုင်းအထိရှိနေပြီဖြစ်သည်။ ယင်း ၃၃ လိုင်း၏အမည်များမှာ MRTV၊ MRTV - 3(MITV)၊ MRTV - 4၊ 5 Cartoons၊ 5 Movies၊ 5 Series၊ ESPN၊ Star Sports၊ Multi - Max၊ NGC Wild၊ 5 Movies II၊ 5 Series II၊ Cartoon Network၊ Discovery Channel၊ Discovery Travel & Living၊ ESPN News၊ MTV၊ Channel [ V ] International၊ Star Movies၊ Star World၊ National Geographic Channel၊ Animal Planet၊ FX၊ Euro Sports၊ for Info၊ for Edu၊ for Sports၊ for Choice၊ TV Guide၊ Arirang၊ Baby TV၊ CNN၊ Star Action တို့ဖြစ်ကြသည်။ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်ရာတွင် ရန်ကုန်မြို့၌ Head End အဖြစ် စက်ပစ္စည်းများတပ်ဆင်ထားပြီးအစီအစဉ်ထုတ်လုပ်ခြင်း၊ အစီအစဉ်ထုတ်လွှင့်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာနယ်ရှိ DVB - T လွှင့်စက်ရုံများသို့ ဆက်စပ်ရုပ်သံလိုင်းများထုတ်လွှင့်ရန်အတွက် အစီအစဉ်များ ပေးပို့ရာတွင် ဂြိုဟ်တုမှ တစ်ဆင့်ပေးပို့ရသဖြင့် လိုင်းခွဲအားလုံးအတွက် Bandwidth လုံလောက်မှုမရှိသေးပေ။ ထို့ကြောင့် ရန်ကုန် မြို့မှ အပနယ်ရှိ DVB-T လွှင့်စက်ရုံများအနေဖြင့် Channel ၁၀ ခုကိုသာ လတ်တလော ထုတ်လွှင့်ပေးနိုင်သည်။ ယင်း ၁၀ လိုင်းမှာ MRTV/ 5 Movies II၊ MRTV - 3 (MITV)၊ MRTV - 4၊ 5 Cartoons၊

| စဉ် | Basic Package (၅ - လိုင်း) | Premium Package (၁၀ - လိုင်း) | International Package (၁၆ - လိုင်း) |
|---|---|---|---|
| ၁ | MRTV/ 5 - Movies II | MRTV/ 5 - Movies II | STAR Movies |
| ၂ | MRTV - 3 (MITV) | MRTV - 3 (MITV) | STAR World |
| ၃ | MRTV - 4 | MRTV - 4 | National Geographic Channel |
| ၄ | 5 Cartoons | 5 Cartoons | Star Action |
| ၅ | 5 Movies | 5 Movies | National Geographic Wild |
| ၆ | - | 5 Series | Channel [V] International |
| ၇ | - | 5 Series II | Discovery Channel |
| ၈ | - | Multi - Max | Discovery Travel & Living |
| ၉ | - | ESPN | Animal Planet |
| ၁၀ | - | Star Sports | Cartoon Network |
| ၁၁ | - | - | MTV |
| ၁၂ | - | - | ESPN |
| ၁၃ | - | - | ESPNEWS |
| ၁၄ | - | - | Star Sports |
| ၁၅ | - | - | Euro Sports |
| ၁၆ | - | - | FX |

**အခပေးရုပ်သံလိုင်းများကိုခွဲခြားထားသော Packages များ**

5 Movies၊ 5 Series၊ 5 Series II၊ Multi - Max၊ ESPN၊ STAR SPORT တို့ဖြစ်ကြသည်။DVB - T စနစ်ဖြင့် ထုတ်လွှင့်ရာတွင် MRTV, MRTV - 3, MRTV - 4 လိုင်းများကို အခမဲ့ထုတ်လွှင့်ပေးပြီး အခပေးရုပ်သံလိုင်းများကို Packages များခွဲခြားကာ ကြည့်ရှုသူ ပြည်သူလူထု စိတ်ကြိုက်ရွေးချယ်ဝယ်ယူကြည့်ရှုနိုင်ရန် စီစဉ်ထားရှိသည်။

**MRTV - 4 Free to Air**

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် 10 KW Analogue လွှင့်စက်ဖြင့် NTSC System ကိုအသုံးပြုကာ ရုပ်မြင် သံကြား အစီအစဉ်များကို စတင်ထုတ်လွှင့်ခဲ့သည်။ ထိုအချိန်မှစ၍ MRTV အစီအစဉ်များကို ထုတ်လွှင့်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့ အချိန်ထိ MRTV အစီအစဉ် ထုတ်လွှင့်သော လွှင့်စက် ကြီး၊ လတ်၊ ငယ် စုစုပေါင်း ၂၁၇ လုံးရှိနေပြီ ဖြစ်သည်။ လွှင့်စက်များ တိုးတက်များပြားလာသကဲ့သို့ ဖမ်းယူကြည့်ရှုသော TV အရေအတွက်



အစီအစဉ်များထုတ်လွှင့်ရာ 9 Meter Earth Station

သည်လည်း တိုးတက်များပြားလာရာ တစ်နိုင်ငံလုံးတွင် စုစုပေါင်း ၄ သန်းခန့်ရှိနေပြီဖြစ်သည်။ ယင်း TV များမှာ Analogue TV များသာ ဖြစ်ကြသည်။ DVB-T စနစ်ဖြင့် ထုတ်လွှင့်သော MRTV - 4 အစီအစဉ်များ မှာ ဒီဂျစ်တယ် စနစ်ဖြင့် ထုတ်လွှင့်ခြင်းဖြစ်သောကြောင့် Digital Receiver မရှိလျှင်ဖမ်းယူကြည့်ရှု၍မရပေ။ သို့အတွက် နိုင်ငံတော် အကြီးအကဲများ၏လမ်းညွှန်မှု ကြောင့် ယင်း TV များမှ တိုက်ရိုက်ဖမ်းယူ ကြည့်ရှုနိုင် သော MRTV - 4 Analogue လွှင့်စက်များ တိုးချဲ့ တပ်ဆင်ထုတ်လွှင့်ခဲ့သည်။ ရန်ကုန်မြို့၌ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ၂၀၀၉ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင်လည်းကောင်း၊ Analogue လွှင့်စက်များတပ်ဆင်ခဲ့ပြီး MRTV - 4 အစီအစဉ်များကို Free to Air ထုတ်လွှင့်ပေးနိုင်ခဲ့သောကြောင့် ပြည်သူလူထုအနေဖြင့် ငွေကြေးထပ်မံ ကုန်ကျခြင်းမရှိတော့ဘဲ MRTV - 4 အစီအစဉ်များကို နံနက် ၀၅:၀၀ နာရီမှ နောက်တစ်နေ့နံနက် ၀၁:၀၀ နာရီထိ နာရီ ၂၀ ကြည့်ရှုနိုင်ရာမှ ယခုအခါ ၂၄ နာရီစလုံး ထုတ်လွှင့်နိုင်သည်အထိ အောင်မြင်ခဲ့သည်။

MRTV - 4 နှင့်ဆက်စပ်ရုပ်သံလိုင်းများကို DVB - T စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသော မြို့ကြီး ၂၉ မြို့အပြင် ထပ်မံတိုးချဲ့တည်ဆောက်ထုတ်လွှင့်ပေးမည့် မြို့များမှာ ကလေးမြို့၊ လပွတ္တာမြို့၊ ဘိုကလေးမြို့၊ မြိတ်မြို့၊ ကော့သောင်းမြို့၊ တာချီလိတ်မြို့၊ ကျောက်မဲမြို့၊ ဇန်းမော်မြို့၊ နမ္မားမြို့၊ ဖားကန့်မြို့ တို့ဖြစ်သည်။ ထို့ပြင် Free to Air Analogue Transmitter များဖြင့်တိုးချဲ့တည်ဆောက်ထုတ်လွှင့်ရန် လျာထားသောမြို့များမှာ တောင်ကြီးမြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့နှင့် မကွေးမြို့တို့ဖြစ်သည်။

ယခုအခါမြန်မာနိုင်ငံတွင် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းကို Analogue စနစ်မှ Digital စနစ်သို့ ကူးပြောင်းထုတ်လွှင့်ပေးခြင်း (Analogue Switch - off) လုပ်ငန်းများကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာအင်ဂျင်နီယာပညာရှင်များအနေဖြင့်သော နည်းပညာများကို ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်စေရန် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ SD (Standard Definition) အရည်အသွေးဖြင့် ထုတ်လွှင့်နေသော MRTV - 4 နှင့် ဆက်စပ်ရုပ်သံလိုင်းများသည် ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သည်မှန်သော်လည်း ကမ္ဘာ့နိုင်ငံကြီးများနည်းတူ ရုပ်သံ အရည်အသွေးပိုမိုကောင်းမွန်သော ရုပ်သံအစီအစဉ်များ ကိုHD (High Definition) ဖြင့်လည်း နောင်မဝေးတော့ သောကာလတွင် ထုတ်လွှင့်ပေးနိုင်ရန် ကြိုးပမ်းဆောင် ရွက်ကြရမည်ဖြစ်သည်။

# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

## DVB-T စနစ်ဖြင့် ထုတ်လွှင့်သော စက်ရုံများ

| စဉ် | စက်ရုံ အမည် | လွှင့် အား | လွှင့်စက် အမျိုးအစား | ထုတ်လွှင့်သည့် Channel | Channel အမည် | စမ်းသပ် ထုတ်လွှင့်ရက် | ပုံမှန် ထုတ်လွှင့်ရက် | Coverage |
|---|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | 200W | Globe Links | ၁ | MRTV-4 | ၁၅-၂-၂၀၀၅ | ၁၅-၂-၂၀၀၅ | ရန်ကုန်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ |
| | | | | ၄ | MRTV, MRTV-4 | - | ၂၇-၃-၂၀၀၅ | မော်ဘီ၊ လှည်းကူး၊ ထောက်ကြန့်၊ ထန်းတပင် |
| | | | | | 5 Movies, 5 Cartoons | | | တွံတေး၊ ဒလ၊ ကော့မှူး၊ တိုက်ကြီး၊ လက်ခုပ်ကုန်း |
| | | | | ၅ | MRTV, MRTV-4 | - | ၁၂-၁၁-၂၀၀၅ | ဒေးဒရဲ၊ ကျိုက်လတ်၊ ကွမ်းခြံကုန်းမြို့များနှင့် |
| | | | | | 5 Movies, 5 Cartoons | | | အနီးတစ်ဝိုက် |
| | | | | | 5 Sports | | | |
| | | 800W | Globe Links | ၅ | MRTV, MRTV-4 | - | ၁၇-၁-၂၀၀၆ | |
| | | | | | 5 Movies, 5 Cartoons | | | |
| | | | | | 5 Sports | | | |
| | | | | ၇ | MRTV, MRTV-4 | - | ၂၇-၃-၂၀၀၆ | |
| | | | | | 5 Movies, 5 Cartoons | | | |
| | | | | | 5 Sports, 5 Series, | | | |
| | | | | | 5 Movies | | | |
| | | | | ၉ | MRTV, MRTV-4 | | ၂၉-၄-၂၀၀၆ | |
| | | | | | 5 Movies, 5 Cartoons | | | |
| | | | | | 5 Sports, 5 Series, | | | |
| | | | | | 5 Movies, Discovery+ | | | |
| | | | | | CCTV-9 | | | |
| | | 2 KW | ELECTROSYS | ၉ | MRTV, MRTV-4 | | ၉-၂-၂၀၀၈ | |
| | | | | | 5 Movies, 5 Cartoons | | | |
| | | | | | 5 Sports, 5 Series, | | | |
| | | | | | 5 Movies, | | | |
| | | | | | Discovery + CCTV-9 | | | |
| | ရန်ကုန် | 1KW | ELECTROSYS (Italy) | ၁၂ | MRTV-4 International | ၃-၉-၂၀၀၆ | ၁-၁၀-၂၀၀၆ | |
| | | | | | STAR Movies, | | | |
| | | | | | STAR World, | | | |
| | | | | | Adventure One,MTV | | | |
| | | | | | NGC, Channel (V), | | | |
| | | | | | Discovery Channel, | | | |
| | | | | | Travel & Living, | | | |
| | | | | | Animal Planel, CNN, | | | |
| | | | | | Cartoon Network, | | | |
| | | | | | Euro Sport | | | |
| | | 2KW | ELECTROSYS (Italy) | ၁၂ | MRTV-4 International | | ၉-၂-၂၀၀၈ | |
| | | | | | STAR Movies, | | | |
| | | | | | STAR World, | | | |
| | | | | | Adventure One,MTV | | | |
| | | | | | NGC, Channel (V), | | | |
| | | | | | Discovery Channel, | | | |
| | | | | | Travel & Living, | | | |
| | | | | | Animal Planet, CNN, | | | |
| | | | | | Cartoon Network, | | | |
| | | | | | Euro Sport | | | |

# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

| စဉ် | စက်ရုံအမည် | လွှင့်အား | လွှင့်စက်အမျိုးအစား | ထုတ်လွှင့်သည့်အရေအတွက် | Channel အမည် | စမ်းသပ်ထုတ်လွှင့်ရက် | ပုံမှန်ထုတ်လွှင့်ရက် | Coverage |
|---|---|---|---|---|---|---|---|---|
| | ရန်ကုန် | 1 KW (UHF)<br>4 KW (VHF) | ELECTROSYS (Italy)<br>" | ၁ | MRTV-4 Analog Free to Air<br>MRTV-4 Analog Free to Air | ၁၄-၁၂-၂၀၀၆<br>၃၀-၃-၂၀၀၉ | ၁၅-၁၂-၂၀၀၆<br>၁-၄-၂၀၀၉ | |
| ၂ | စစ်ကိုင်း | 1.2KW<br>1KW (UHF) | Globe Links<br>ELECTROSYS (Italy) | <br>၁ | <br>MRTV-4 Analog Free to Air | ၂၆-၁-၂၀၀၆<br>၁၁-၄-၂၀၀၉ | ၁-၃-၂၀၀၆ | မန္တလေး၊ စစ်ကိုင်း၊ အမရပူရ၊ ကျောက်ဆည်၊ မြစ်သား၊ နွားထိုးကြီး၊ မြင်းခြံ၊ ရေစကြို၊ မအူ၊ ချောင်းဦး မြင်းမူ၊ မတ္တရာ၊ စဉ့်ကူး၊ ရွှေဘိုမြို့တို့မှ ဖမ်းယူနိုင်ပါသည်။ |
| ၃ | ပဲခူး | 200W | DMT | | | ၁၅-၃-၂၀၀၆ | ၁-၄-၂၀၀၆ | ပဲခူး၊ စစ်ပင်ဆိပ်၊ ထန်းတောကြီး၊ တမာပင်/စီးတော၊ ဘုရားကြီး၊ ပျဉ်ပုံကြီး၊ ကတုတ်ဘုရားကြီး၊ ဝေါ၊ ဘုရားဖျို၊ ကဒပ်/မင်းရွာ/မိုးနက်၊ သနပ်ပင်၊ လောင်မီး ကမာစဲ/ထပ်စနိမ်၊ ဇီးပင်၊ ရစ်ကန်၊မြွေပွေးကန်/သံဒင်း၊ နိဗ္ဗာန်၊ အုံနွဲ၊ မုဒုံ၊ သက္ကလ၊ ကဝ၊ တာဝ၊ ကျောက်တန်း၊ ထုံကြီး၊ ဘန်ဘွေကုန်း၊ အင်းတကော်၊ ဇောင်ထူး/ သောနီ ဖောင်တော်သီ၊ ဒိုက်ဦး၊ မြစ်ကျိုး၊ လက်ပံသုံးပင်/ တော်ကြီး၊ ကုလားချောင်းကြီး/ တံခွန်တိုင်၊ နတ်ရေကန်၊ ကျွဲတဲ၊ ကုဏ္ဍိုု၊ ကပင်း၊ သက္ကလအသင်း၊ သိမ်ဇရပ်၊ ကျိုက္ကသာ/ မုပွလင်၊ ကျိုက်ထို၊ တိုက်ကြီး စသော မြို့နယ်များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၄ | တောင်ကြီး | 400W | Globe Links | | | ၂၀-၃-၂၀၀၆ | ၁-၅-၂၀၀၆ | တောင်ကြီး၊ ညောင်ရွှေ၊ ရွှေညောင်၊ ဟဲဟိုး၊ အောင်ပန်း၊ ကလော၊ ရပ်စောက်၊ ဗထူး၊ ပင်းတယ၊လွိုင်လင်၊ နမ့်စန်၊အင်းလေး၊နောင်မွန်၊ဘန်းယဉ်၊ဆီဆိုင်၊ ဟိုပုံး၊ မိုင်းပွန်၊ ပင်လုံ၊ စသောမြို့နယ်များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၅ | မော်လမြိုင် | 1 KW | ELECTROSYS (Italy) | | | ၁-၈-၂၀၀၆ | ၁၅-၉-၂၀၀၆ | မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ကျိုက္ခမီ၊ ချောင်းဆုံ၊ ဘားအံ စသောမြို့နယ်များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၆ | ပြည် | 800 W | ELECTROSYS (Italy) | | | ၁၅-၈-၂၀၀၆ | ၁၅-၉-၂၀၀၆ | ပြည်မြို့အနီးတစ်ဝိုက်၊ ဆင်တဲ၊ ပေါင်းတည်၊ ရွှေတောင် ဝက်ပုတ်(အင်းမ)၊ အောင်လံမြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |

# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

| စဉ် | စက်ရုံအမည် | လွှင့်အား | လွှင့်စက်အမျိုးအစား | ထုတ်လွှင့်သည့် Channel | Channel အမည် | စမ်းသပ်ထုတ်လွှင့်ရက် | ပုံမှန်ထုတ်လွှင့်ရက် | Coverage |
|---|---|---|---|---|---|---|---|---|
| ၇ | ကျောင်းကုန်း | 1 KW | ELECTROSYS (Italy) | | | ၂၄-၉-၂၀၀၆ | ၆-၁၁-၂၀၀၆ | ကျောင်းကုန်းမြို့အနီးတစ်ဝိုက်၊ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ ညောင်တုန်း၊ ဓနုဖြူ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ သာပေါင်း၊ ကျုံပျော်မြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၈ | မင်းလှ | 500 W | ELECTROSYS (Italy) | | | ၁၆-၂-၂၀၀၇ | ၉-၃-၂၀၀၇ | မင်းလှမြို့၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ သာယာဝတီ၊ သုံးဆယ်၊ မိုးညို၊ စစ်ကွင်း၊ လက်ပံတန်း၊ သာရဝေါ၊ နတ်တလင်း၊ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတမြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၉ | တောင်ငူ | 250 W | ELECTROSYS (Italy) | | | ၁၁-၇-၂၀၀၇ | ၁-၁၀-၂၀၀၇ | တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ မြို့လှ၊ အုတ်ကွင်း၊ ထန်းတပင်၊ ဖရတ်ကြီး၊ ဖြူး၊ ဇေယျာဝတီမြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၀ | ပျဉ်းမနား | 250 W | ELECTROSYS (Italy) | | | ၂-၈-၂၀၀၇ | ၁-၁၀-၂၀၀၇ | ပျဉ်းမနား၊ နေပြည်တော်၊ တောင်ညို၊ ရေဆင်း၊ တပ်ကုန်း၊ ညောင်လွန်း၊ အေလာ၊ သာဝတ္တိ၊ မြို့လှ၊ ဆွာ မြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၁ | မင်းဘူး | 500 W | ELECTROSYS (Italy) | | | ၄-၈-၂၀၀၇ | ၁-၁၀-၂၀၀၇ | မင်းဘူး၊ မကွေး၊ ပွင့်ဖြူ၊ စကု၊ စလင်း၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲ၊ အထက်မင်းလှ၊ ကျောင်းတော်ရာ မြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၂ | ပြင်ဦးလွင် | 100 W | ELECTROSYS (Italy) | | | ၅-၈-၂၀၀၇ | ၁-၁၀-၂၀၀၇ | ပြင်ဦးလွင်၊ မြို့သစ်၊ ဗိုလ်ချုပ်ရွာ၊ အနီးစခန်း မြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၃ | စစ်တွေ | 100W | Electrosys (Italy) | | | ၁၀-၁၂-၂၀၀၇ | ၂၇-၁၂-၂၀၀၇ | ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မောင်တော၊ မင်းပြား၊မြေပုံမြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၄ | မုံရွာ | 250W | Electrosys (Italy) | | | ၁၄-၁၂-၂၀၀၇ | ၂၈-၁၂-၂၀၀၇ | အလုံ၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ ချောင်းဦး၊ သာစည်၊ မင်းတိုင်ပင်ရွာ၊ ဆုန်းနားရွာ၊ ကျားတက်ရွာ၊ လက်ပုကန်ရွာ၊ မထိုးသာရွာ၊ လက်တောင်းကြီးရွာ၊ အလယ်ဆုံရွာများမှဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၅ | ညောင်လေးပင် | 250W | Electrosys (Italy) | | | ၂၄-၄-၂၀၀၇ | ၄-၅-၂၀၀၈ | ညောင်ပင်သာ၊ ကညွတ်ကွင်း၊ပဲနွယ်ကုန်း၊ကျွန်းချောင်း၊ ကျောက်တံခါး၊ ညောင်လေးပင်၊မဒေါက်၊ ရွှေကျင်၊ မြွန်တံဆာ၊ ဒိုက်ဦး၊ဖောင်တော်သီ၊ ကွမ်းစိပ် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |

## MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

| စဉ် | စက်ရုံအမည် | လွှင့်အား | လွှင့်စက်အမျိုးအစား | ထုတ်လွှင့်သည့် Channel | Channel အမည် | စမ်းသပ်ထုတ်လွှင့်ရက် | ပုံမှန်ထုတ်လွှင့်ရက် | Coverage |
|---|---|---|---|---|---|---|---|---|
| ၁၆ | ပုသိမ် | 800 W | ELECTROSYS (Italy) | | | ၁၈-၂-၂၀၀၈ | ၁၇-၈-၂၀၀၈ | ပုသိမ်မြို့နှင့်အနီးတစ်ဝိုက်၊ မြောင်းမြ၊ ဒါးကရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၇ | ထားဝယ် | 50 W | ELECTROSYS (Italy) | | | ၂၅-၃-၂၀၀၈ | ၂-၅-၂၀၀၈ | ထားဝယ်မြို့နှင့်အနီးတစ်ဝိုက်၊သရက်ချောင်းရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၈ | လှိုင်ကော် | 50 W | ELECTROSYS (Italy) | | | ၃၀-၃-၂၀၀၈ | ၅-၅-၂၀၀၈ | လှိုင်ကော်မြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၁၉ | မြစ်ကြီးနား | 100 W | ELECTROSYS (Italy) | | | ၁၉-၈-၂၀၀၈ | | မြစ်ကြီးနားမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၀ | ကျိုင်းတုံ | 100 W | ELECTROSYS (Italy) | | | ၁၉-၈-၂၀၀၈ | | ကျိုင်းတုံမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၁ | လားရှိုး | 100 W | ELECTROSYS (Italy) | | | ၁-၁၀-၂၀၀၈ | | လားရှိုးမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၂ | ဟားခါး | 100 W | ELECTROSYS (Italy) | | | ၁၅-၁၀-၂၀၀၈ | | ဟားခါးမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၃ | မြဝတီ | 100 W | ELECTROSYS (Italy) | | | ၂၁-၁၀-၂၀၀၈ | | မြဝတီမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၄ | မိတ္ထီလာ | 300 W | ELECTROSYS (Italy) | | | ၂၁-၁-၂၀၀၉ | ၁၇-၂-၂၀၀၉ | မိတ္ထီလာမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၅ | သံတွဲ | 100 W | ELECTROSYS (Italy) | | | ၁၀-၂-၂၀၀၉ | ၂၂-၂-၂၀၀၉ | သံတွဲမြို့နှင့်အနီးတစ်ဝိုက် ငပလီ၊ လင်းသာ၊ ကျိတ်တော၊ ဆင်ခေါင်းရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၆ | အမ်း | 50 W | ELECTROSYS (Italy) | | | ၁၁-၂-၂၀၀၉ | ၂၂-၂-၂၀၀၉ | အမ်းမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၇ | ဘားအံ | 100 W | ELECTROSYS (Italy) | | | ၅-၅-၂၀၀၉ | ၈-၅-၂၀၀၉ | ဘားအံမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၈ | ပခုက္ကူ | 300 W | ELECTROSYS (Italy) | | | ၇-၈-၂၀၀၉ | ၁၃-၈-၂၀၀၉ | ပခုက္ကူမြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |
| ၂၉ | မှူဆယ် | 100 W | ELECTROSYS (Italy) | | | ၂၉-၁၂-၂၀၀၉ | | မူဆယ်မြို့နှင့်အနီးတစ်ဝိုက် ရွာများမှ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ |

ရည်အောင် (ရွှေဘို)

# အပိုင်း

# (၃)

ဤအပိုင်းတွင် ၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတကာမှ သမိုင်းစာမျက်နှာအကြောင်းအရာများကို အက္ခရာစဉ်စနစ်ဖြင့် ဖော်ပြထားပါသည်။

၂၁ ရာစုအဝင် ဆယ်စုနှစ်တစ်ခု၏ အနားသတ်ကာလ၌ ယနေ့ကမ္ဘာကြီးသည် ယခင်ရာစု၊ ဆယ်စုနှစ်များနှင့် ကွဲပြားခြားနားသွားပြီဖြစ်သည်။

လူသားများကိုယ်တိုင် ပြောင်းလဲခဲ့သော နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုယဉ်ကျေးမှုစနစ်များသည် အသစ်အသစ်သော ပုံစံများဖြင့် ဖြစ်တည်လာခဲ့သည်။

ဤသို့လျှင် သဘာဝပတ်ဝန်းကျင်ကြီးက ပြောင်းလဲခဲ့သော ရာသီဥတု၊ အာကာသ၊ မြေကမ္ဘာတို့သည်လည်း အသစ်အသစ်သော ပုံစံများဖြင့် ဖြစ်တည်လာခဲ့သည်။

ဤသို့သော ဖြစ်တည်မှုများမှ ရည်ညွှန်းကိုးကားအပ်သည့် အကြောင်းအရာအချို့ကို ဤအပိုင်းတွင် ဖော်ပြထားပါသည်။ ထို့အပြင် မြန်မာ့စွယ်စုံကျမ်းကြီးများ၌ မပါဝင်ခဲ့သော၊ ပါဝင်ပြီးဆက်ရန်ရှိနေသော အကြောင်းအရာများကိုလည်း ဖြည့်စွက်ဖော်ပြထားပါသည်။











# မြန်မာနှင့်
# နိုင်ငံတကာဖြစ်ရပ်များ
# (၂၀၁၀)





**ကော့ဂွန်းဂူ**။ ။မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသော ကျောက်လိုဏ်ဂူများစွာရှိသည့်အနက် ကရင်ပြည်နယ်ရှိ ကော့ဂွန်းဂူသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ ကရင်ပြည်နယ်ဝန်းကျင်ရှိ သဘာဝထုံးကျောက်လိုဏ်ဂူများအတွင်း၌ ဗုဒ္ဓဘာသာဆိုင်ရာ ကိုးကွယ်မှု အမွေအနှစ်များစွာရှိသော်လည်း ဤကော့ဂွန်းဂူသည် အထင်ရှားဆုံးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကျန်ရှိနေမှုအများဆုံးဖြစ်ပေသည်။

ကော့ဂွန်းဂူသည် မော်လမြိုင်မြို့မှ အထက် ၂၈ မိုင်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဂွန်းရွာရှိ ကော့ဂွန်းထုံးကျောက်တောင်တွင် တည်ရှိသည်။ ကော့ဂွန်းတောင်သည် တောင်တန်းများနှင့်တစ်ဆက်တည်း ရှိသော တောင်မဟုတ်ဘဲ ထီးထီးတည်ရှိနေသော တောင်ဖြစ်သည်။

ကော့ဂွန်းတောင်သည် အရှေ့မြောက်မှ အနောက်တောင်သို့ တောင်စဉ်ငါးလုံးဖြင့် သွယ်တန်းလျက်ရှိသည်။ ကျောက်တောင်၏ အမြင့်ဆုံးနေရာ၌ အမြင့်ပေ ၁,ဝဝဝ ခန့်ရှိပြီး အလျားပေ ၆,ဝဝဝ ခန့်ရှည်လျားသည်။ ကော့ဂွန်းတောင်တွင် ကော့ဂွန်းဂူ၊ ကျဲဂူနှင့် ကျားဂူဟူ၍ရှိသော်လည်း ကော့ဂွန်းဂူသာလျှင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် တည်ရှိသည်။ ကော့ဂွန်းဂူသည် အလျားပေ ၁၃ဝ၊ အနံပေ ၇ဝ နှင့် အမြင့် ၂၅ ပေရှိသည်။ တစ်ဖက်ပိတ်လိုဏ်ဂူဖြစ်ပြီး ဂူ၏အတွင်းပိုင်း အဆုံးနား တစ်ဖက်တစ်ချက်စီတွင် ဂူပေါက်ငယ်တစ်ခုစီရှိသည်။ ကော့ဂွန်းဂူအဝင်ဝသည် ကျောက်ကမ်းပါးယံ အမိုးအောက်တွင်တည်ရှိသဖြင့် မိုးဒဏ်မှလွတ်ကင်းမှုရှိသည်။ ဂူအဝသည် အရှေ့ဘက်သို့မျက်နှာမူထားခြင်းကြောင့် နေရောင်ခြည်ကောင်းစွာရရှိသဖြင့် ဂူအတွင်းတွင် စိုထိုင်းမှုနည်းပါးကာ ခြောက်သွေ့မှုရှိသည်။

ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များမှာ စနစ်တကျ၊ ပုံစံကျနစွာ တည်ရှိနေခြင်း မဟုတ်ဘဲ ကျောက်တောင်နံရံ၏ အနေအထားနှင့် အလှူရှင်၏သဒ္ဓါစိတ်တို့အပေါ်မူတည်ပြီး တည်ရှိနေသည်။ ကျောက်တောင်နံရံများ၊ ဂူနံရံနှင့် အမိုးပိုင်းတို့တွင် ဗုဒ္ဓဆင်းတုတော်များကို မွမ်းမံတန်ဆာဆင်ယင်ကာ ကပ်လှူထားသည်။ ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးအစားခွဲခြားကြည့်လျှင် ဗုဒ္ဓဆင်းတုတော်များ၊ ကျောက်ရုပ်ကြွများ၊ ကျောက်စာနှင့် မင်စာများဟူ၍ တွေ့ရှိရသည်။

ကော့ဂွန်းဂူရှိ ဗုဒ္ဓဆင်းတုတော်များကို ထိုင်တော်မူဟန်၊ ရပ်တော်မူဟန်၊ လျောင်းတော်မူဟန်နှင့် အုတ်ခွက်ဗုဒ္ဓဆင်းတုတော်များဟူ၍ ထပ်မံခွဲခြားနိုင်သည်။ ဗုဒ္ဓဆင်းတုတော်များကို ပုံစံအမျိုးမျိုးဖြင့် တန်ဆာဆင်ကာ တံကဲကျောင်းဆောင်အတွင်း၌ စံပယ်နေဟန် ပုံဖော်ထားသည်။ ထိုင်တော်မူနှင့် ရပ်တော်မူဆင်းတုတော်များကို တစ်ဆူတည်းသာမကဘဲ နှစ်ဆူတွဲ၊ သုံးဆူတွဲ၊ လေးဆူတွဲ၊ ဆယ်ဆူတွဲ ပုံစံများဖြင့် ပုံဖော်ထားသည်။ ဆင်းတုတော်များ၏ ပုံသဏ္ဌာန်ကိုလည်းသက်နှ်းရုံထားသော ဆင်းတုတော်နှင့် မကိုဋ်တန်ဆာဆင်ယင်ထားသော ဆင်းတုတော်ဟူ၍ တွေ့ရှိရသည်။ ကော့ဂွန်းဂူ၌ အများဆုံးတွေ့ရှိရသည်မှာ အုတ်ခွက်ဗုဒ္ဓဆင်းတုတော်များဖြစ်သည်။ ၎င်းတို့ကို ကျောက်တောင်နံရံများ၊ ဂူနံရံနှင့် ဂူအမိုးပိုင်းတို့၌ ကပ်လှူပူဇော်ထားသည်။

ဗုဒ္ဓဆင်းတုတော်များကို လေ့လာရာတွင် ထိုင်းနိုင်ငံ၌ အေဒီ ၁၂၄၅ မှ ၁၄၃၈ ခုနှစ်အတွင်း ထွန်းကားခဲ့သော သောက္ကတဲ (ဆူခိုထိုင်း) ခေတ်လက်ရာများနှင့် ဆင်တူသည်။ သောက္ကတဲခေတ်အနုပညာသည်လည်း ခမာနှင့် သီဟိုဠ် (သီရိလင်္ကာ) ယဉ်ကျေးမှုတို့နှင့် ရောယှက်နေသည်။ ဗုဒ္ဓဆင်းတုတော်များတွင် တွေ့ရှိရသော မီးလျှံပုံဥဏ္ဍိသ အမှတ်လက္ခဏာ၏မူရင်းမှာ သီဟိုဠ်မှ ဆင်းသက်လာခြင်းဖြစ်သည်။

သီဟိုဠ်၌ အေဒီ (၅) ရာစုလက်ရာ ဗုဒ္ဓဆင်းတုတော်များရှိ ဦးခေါင်းထက်တွင် ဤမီးလျှံပုံဥဏ္ဍိသကို ယနေ့တိုင်တွေ့မြင်နိုင်သည်။ ရှေးယခင်ကတည်းက မြန်မာ၊ သီဟိုဠ် (သီရိလင်္ကာ) နှင့် ထိုင်းနိုင်ငံတို့သည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုချင်းပါ ရောယှက်ခဲ့သည့် သဘောဖြစ်သည်။

ကော့ဂွန်းဂူ၌ ကျောက်ရုပ်ကြွသုံးခုကို ယှဉ်တွဲတွေ့ရှိရပြီး နှစ်ခုမှာ ဗုဒ္ဓဘာသာဆိုင်ရာဖြစ်ပြီး ကျန်တစ်ခုမှာ ဟိန္ဒူအယူဝါဒဆိုင်ရာဖြစ်သည်။ ထူးခြား

သည်မှာ ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်ကြွတစ်ခုရှိ ရုပ်တု၏ လက်ဝဲဘက်ဝတ်ရုံသက်နှမ်းအနားတွင် ရေးမွန်စာ ၂၃ ကြောင်းကို ထွင်းထုထားသည်။ ညာဘက်ခြမ်း ဝတ်ရုံမှာ ကျိုးပဲ့ပျက်စီးနေပြီဖြစ်၍ စာကြောင်း ၃ ကြောင်းမျှ သာတွေ့ရပြီး ထင်ရှားမှုမရှိတော့ပေ။

ဟိန္ဒူအယူဝါဒဆိုင်ရာ ကျောက်ရုပ်ကြွတွင် ဣသွာရနတ်ရုပ်နှင့် ယင်းနတ်မပေါက်ဖွားလာသော ဗြဟ္မာ၊ ဗိဿနိုးနှင့် မဟောသရ (ခေါ်) သိဝနတ်ရုပ်တို့ကို ပုံဖော်ထားသည့်အပြင် ဂနက်ရုပ်တုကိုလည်း တွေ့ရှိရ သည်။

ယခင်သုတေသနပြုချက်များအရ ဤကျောက် ရုပ်ကြွ၌ ရေးဟောင်းမွန်ကမ္ဘည်းစာဖြင့် ရေးထိုးထား သည်ဟု သိရှိရသည်။ ယင်းအချိန်က ဖတ်ရှုရရှိသည့် စာလုံးများကို ဒေါက်တာ ဘလက်ဒင်က ဖတ်ရှုထားရာ တွင် "ဝေါအ်ဗိသနု...ဒမော...ဝေါပ်မစတ်" ဟူ၍သာ ဖတ်ရှုရပြီး အဓိပ္ပာယ်မှာ "ဤဗိဿနိုး...နေသည်....ဝေါ ထုထွင်းသည်" (ဤဗိဿနိုးနတ်ရုပ်ကို ဒုအ်ဝေါပ်မြို့၌ နေထိုင်သော ပုဂ္ဂိုလ်တစ်ဦးက ထုထွင်းသည်) ဟု ဖော်ပြထားသည်။ စာအရေးအသားကို အေဒီ ၆ ရာစု အရေးအသားဟု တင်ပြထားသည်။ သို့သော် ယခုအခါ၌ ယင်းစာလုံးတို့မှာ လုံးဝပျက်စီးနေပြီဖြစ်သည်။

ရုပ်ကြွများ၌တွေ့ရှိရသော အနုပညာလက်ရာ ဖန်တီးထားမှုတို့ကို လေ့လာကြည့်လျှင်မူ အေဒီ ၁၁ ရာစုက ထုလုပ်ခဲ့ကြသည်ဟု သတ်မှတ်နိုင်သည်။

ကော့ဝွန်းဂူတွင် သမိုင်းအထောက်အထားများ ကို ဖြည့်စွက်ပေးနိုင်သော ကျောက်စာနှင့် မင်စာမှတ်တမ်း များလည်းရှိသည်။ မင်စာမှတ်တမ်းများသည် အလှူ ပြုသူ၊ အလှူပစ္စည်းနှင့် ဆုတောင်းတို့ကို ထည့်သွင်း ဖော်ပြထားသည့်အပြင် လှူဒါန်းသည့် ဆင်းတုတော် အရေအတွက်များကိုပါ ဖော်ပြထားသည်။ လှူဒါန်းသည့် သက္ကရာဇ်များကို စာသားအနေဖြင့်လည်းကောင်း၊ ဂဏန်းအနေဖြင့်လည်းကောင်း ဖော်ပြသည်။

ကော့ဝွန်းဂူ၌ တွေ့ရှိရသောကျောက်စာမှာ အခြားကျောက်စာချပ်များကဲ့သို့ ကျောက်တုံး၊ ကျောက် ပြား၌ ထွင်းထုထားခြင်းမဟုတ်ဘဲ ကျောက်ရုပ်ကြွရုပ်တု ၏ဝတ်ရုံ၌ ထွင်းထုထားခြင်းပင်ဖြစ်သည်။ ဝတ်ရုံ၏ အနား၌ စာကြောင်းရေ ၂၃ ကြောင်းကို ရှေးခေတ်မွန် ဘာသာဖြင့် ရေးထိုးထားသည်။ ကျောက်စာပါမူရင်း အရေးမှာ–

**ရုဝ်ကျာ(က်)ဂ ၊ ဇေါအ်ဂယ်( ၇ )|(ကျာ)တ်မုးတ်)| တးမအ်(ဒ္ဒေါင်ပေ)|ယ်ဒုင်ဒုအ်ဇေါ(ဝ်)| မအ်ပူဝ်လ္ဂ(တ်ရ)| ဝ်ကျာက်ဇြေ| ယ်ဇေါအ်ကု| အ်တိအ်ကျာ(က်)| တ္တောအ်မအ်| (တာ)ဝ်ပေယ်ဒု(အ်)| ဇေါဝ်လး(တ်) | မအ်တာဝ်(ပေယ်)| ဝ်ရာသ်လ(း)|တ်ဂ ယ်ကု| အ်တ္တာသ်ဂ| ယ်စောဝ်| မအ်ပုဝ်| အ္တောရ်အစာ၊ ရ်ဝအာင်မ၊ အ်ပုဝ်၊ ကျာက်၊ တ္တောအ်**

ဟူ၍ဖြစ်သည်။

ဤကျောက်စာ၏အဓိပ္ပာယ်မှာ "ဤဘုရား ဆင်းတုတော်ကို မူးတး(မုတ္တမ) မိဖုရားဖြစ်သူ ကျွန်ုပ် သည် ဒုအ်ဝေါပ်မြို့၌ နေထိုင်ပြီး ဤဆင်းတုတော်ကို ထုထွင်းပြုလုပ်ခဲ့သည်။ "ဒုအ်ဝေါပ်" မြို့အတွင်း၌သော် လည်းကောင်း၊ မြို့နယ်ပြင်ပ၌သော်လည်းကောင်း တည်ရှိသမျှသော မြေနှင့်ကျောက်ဆင်းတုတော်တို့ကို ကျွန်ုပ်နှင့်ကျွန်ုပ်၏တပည့်များက စွမ်းရည်ရှိ၍ ထွင်းထု ခဲ့သည်။ အခြားအခြားသော ဆရာများသည် ကျောက် ဘုရားများကို ထုထွင်းနိုင်ပါစေသတည်း" ဟူ၍ဖြစ်သည်။

ဤကျောက်စာရှိ ရေးမွန်အက္ခရာအရေးအသား ကို လေ့လာကြည့်ပါက သထုံ ရွှေစာရံစေတီတော် ပရိဝုဏ်အတွင်းရှိ တရာပ်နှင့် ပဏ္ဍိတ်ခေါ် မွန်ကျောက်စာ တို့၌ ပါရှိသည့်စာလုံးအချို့နှင့် တူညီပေသည်။

စာလုံးအက္ခရာပုံသဏ္ဌာန်မှာလည်း လဆန်းပုံ သဏ္ဌာန်နှင့်တူ၍ ထိုင်းနိုင်ငံတွင် တွေ့ရှိရသော ပရပထုံ မွန်ကျောက်စာနှင့် လောဗ္ဗုရီမွန်ကျောက်စာများ၌ ပါရှိ သော မွန်စာလုံးတို့နှင့်နီးစပ်ပေသည်။ ပြင်သစ် ပါရဂူကြီး ဒေါက်တာ ဂျော့ဇေဒီက ၎င်းကျောက်စာတို့ရှိ အက္ခရာ အရေးအသားတို့ပေါ်မူတည်ပြီး လောဗ္ဗုရီ မွန်ကျောက်စာကို အေဒီ (၈) ရာစုထိုး ကျောက်စာဟူ၍လည်းကောင်း၊ ပရပထုံမွန်ကျောက်စာကို အေဒီ (၆) ရာစုထိုးကျောက်စာ ဟူ၍လည်းကောင်း ခန့်မှန်းပေးခဲ့သည်။

ဤကော့ဂွန်းဂူရှိ မွန်ကျောက်စာသည် ပရပထုံ မွန်ကျောက်စာများကဲ့သို့ ရေးမကျလှသော်လည်း ကျောက်စာအရေးအသားပုံစံအရ ပုဂံပြည့်ရှင် အနော်ရထာမင်း သထုံပြည်ကို သိမ်းပိုက်ခဲ့သည့် အေဒီ (၁၀၅၇) ခုနှစ်ဝန်းကျင်တွင် ရေးထိုးခဲ့သော ကျောက်စာဖြစ်ဟန်တူသည်။

ကျောက်စာပါ မွန်အရေးအသားသည် ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရ်မင်းသားရေးထိုးခဲ့သော မြစေတီမွန်ကျောက်စာ အရေးအသားတို့နှင့်ပါ ဆင်တူသဖြင့် အေဒီ (၁၁) ရာစုက ရေးထိုးခဲ့သော ကျောက်စာဟူ၍ သတ်မှတ်နိုင်ပေသည်။

သက္ကရာဇ်ပါရှိသော မင်စာများကို တင်ပြရလျှင် (၁) ၁၀၅၇ ဂိတုဖဝ်ရ၊ (၂) ဂိုန်၁၀စဓေက်တဲ၁၊ (၃) သော်ကိုပ်ပညာတိက္ခပ၊ (၄) ...ရပ်သဗ္ဗညုတတဲ ၁၀၇ ဖရေ၊ (၅) ဝ် ၁၁ ရာဇာမိရာဇ် ၁၊ နိဗ္ဗာန် ၁၊ ၆ ပ်ငံ ၁၂၀ ဓိုန်ပိုန်....၊

"သက္ကရာဇ် (၁၀၅၇)၊ တပေါင်းလပြည့်ကျော် (၁၀) ရက်၊ တနင်္ဂနွေနေ့တွင် (အသျှင်) ပညာတိက္ခကို အမှူးပြု၍ သဗ္ဗညုတ (၁၀၇) ဆူ၊ ဖါရေဝ် (၁၁) ဆူ၊ ရာဇာမိရာဇ် (၁) ဆူ၊ နိဗ္ဗာန် (၁) ဆူ ပေါင်း (၁၂၀) ဆူ ......(အမှုပေးဝေပါ၏)" ဟူသောမင်စာကိုလည်းကောင်း၊

(၁) သက္ကရာ (၂)၊ တ်လိုကြ၅၀၊ (၃) ရဂိတုစဲထ၊
(၄) စိတ်ဓွေရ်(တဲ)။ (၅) ၅မစတ်ပကု(သို)။ (၆) ၂၀၆ ဓကုဝိုန်ပိုန်၊
(၇) မိမတွိတ်ရ ဂ ထဓတာဝ်

"သက္ကရာဇ် (၁၁၅၇)၊ တန်ခူးလပြည့်ကျော် (၉) ရက်၊ ကြာသပတေးနေ့တွင် မိစဟ်က ဘုရား (၂၀၆) ဆူအား လှူဒါန်းပြီး အမိအဖနှင့် ဆွေမျိုး (၇) ဆက်တို့အား အမျှဝေပါသည်" ဟူသော မင်စာကိုလည်းကောင်း တွေ့ရှိရသည်။

အမည်းရောင်အောက်ခံဆေးသားပေါ်၌ အဖြူရောင်မင်ဖြင့် ရေးသားထားသော စာကြောင်းရေ ၃ ကြောင်းပါမင်စာကို တွေ့ရှိရသည်။ ဤမင်စာ၌ ရေး



သားဖော်ပြထားသော စာအရေးအသားမှာ အလွန်ရေးကျလှသည်။ ဖော်ပြထားသော စာသားအဓိပ္ပာယ်ကို ယနေ့ထိတိုင်အောင် ပြည့်စုံစွာဖော်ထုတ်နိုင်ခြင်း မရှိသေးချေ။ မင်စာပါမူရင်းအရေးအသားကို ကူးယူတင်ပြရလျှင် အထက်ပါအတိုင်းတွေ့ရသည်။

ယခင်ပညာရှင်များ၏ လေ့လာသုံးသပ်ချက်အရ အေဒီ (၆) ရာစုတွင် ရေးထိုးခဲ့သော အိန္ဒိယတောင်ပိုင်းရှိ ပလ္လဝနှင့် ကဒမ္ဗအက္ခရာအရေးအသားနှင့်တူသည့်အပြင် ၎င်းခေတ်ထိုးကမ္ဘောဒီးယား(ခမာ) ရေးဟောင်းအက္ခရာတို့နှင့် ဆင်တူသည်ဟု သုံးသပ်ခဲ့ကြသည်။

ကော့ဂွန်းဂူသည် ဘုရားဖူးဧည့်သည်များ၊ သုတေသီများ၊ သုတေသနဝါသနာရှင်များ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်၊ အံ့အားသင့်ဖွယ်၊ လေ့လာမှတ်တမ်းပြုရန် ကောင်းသည့် ဗုဒ္ဓပြတိုက်ကြီးသဖွယ် ဖြစ်သည်။

ဤကော့ဂွန်းဂူ၌ အများဆုံးတွေ့ရှိရသော ဗုဒ္ဓအနုပညာအမွေအနှစ်များ ယနေ့ထက်တိုင် ကျန်ရှိနေရခြင်းမှာ မြန်မာလူမျိုးတို့၏ ရေးအစဉ်အဆက်မှ ယနေ့

တိုင်အောင် ထေရဝါဒဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင်မှုကြောင့်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးကိုသိရှိနားလည်ပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကြောင့်လည်းကောင်း ဖြစ်ပေသည်။

ယခုအခါတွင် ကော့ဝွန်းဂူရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ယဉ်ကျေးမှုဝန်ကြီးဌာနက နည်းပညာများဖြင့်လည်းကောင်း၊ ဥပဒေများဖြင့်လည်းကောင်း ကာကွယ်ထိန်းသိမ်းထားသည်။

**ကုလသမဂ္ဂအထွေထွေညီလာခံ။** ။ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၅၁ နိုင်ငံမျှသာပါဝင်သော်လည်း ယခုအခါ အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံမျှရှိပြီဖြစ်သည်။

အဖွဲ့ကြီး၏ကြီးကျယ်မြင့်မားသော ရည်ရွယ်ချက်များမှာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ကမ္ဘာသူကမ္ဘာ့သားများရိက္ခာဖူလုံရေး၊ ကျန်းမာမှုအဆင့်အတန်းမြင့်မားရေး၊ စာတတ်မြောက်ရေး စသည်တို့ဖြစ်သည်။

ထိုသို့ကျယ်ပြန့်ပြီး ထုထည်ကြီးမားလှသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ကုလသမဂ္ဂအဖွဲ့ကြီးတွင် အထွေထွေညီလာခံ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊အပြည်ပြည်ဆိုင်ရာတရားရုံးချုပ်၊ ထိန်းချုပ်စောင့်ရှောက်ရေးကောင်စီ၊လုံခြုံရေးကောင်စီ၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံးဟူသည့် ပင်မအဖွဲ့ကြီး ခြောက်ခုဖြင့်ဖွဲ့စည်းထားသည်။

ထိုပင်မအဖွဲ့ကြီး ခြောက်ဖွဲ့အနက် အထွေထွေညီလာခံမှာအရေးပါဆုံးနှင့် အဓိကအကျဆုံးဖြစ်သည်။ အထွေထွေညီလာခံကတစ်နှစ်လျှင် တစ်ကြိမ်သာကျင်းပသည်။ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ သို့မဟုတ် ဝန်ကြီးများ တက်ရောက်ကြသည်။ ဤသို့ဖြင့် အထွေထွေညီလာခံတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်ပြီး တန်းတူအခွင့်အရေးလည်းရှိသည်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် မဲတစ်မဲ ပေးခွင့်ရှိသည်။

အထွေထွေညီလာခံ၏ ပုံမှန်အစည်းအဝေးများကိုနှစ်စဉ်စက်တင်ဘာလ တတိယပတ်အင်္ဂါနေ့မှစတင်ကာ ဒီဇင်ဘာလလယ်ထိကျင်းပသည်။ သို့သော် အထူးအစည်းအဝေးများကိုလည်း လိုအပ်ပါကကျင်းပသည်။ လုံခြုံရေးကောင်စီ တောင်းဆိုချက်နှင့်အဖွဲ့ဝင်နိုင်ငံအများစု၏တောင်းဆိုချက်များအရ အရေးပေါ်အစည်းအဝေးကို ၂၄ နာရီအတွင်း ကျင်းပနိုင်သည်။




**ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင် အင်အားပြစက်ဝိုင်း**

အထွေထွေညီလာခံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏မူဘောင်အတွင်းအကျုံးဝင်သည့် အရေးအရာမှန်သမျှကို ဆွေးနွေးပိုင်ခွင့်နှင့်အဆိုပြုပြီး ထောက်ခံပိုင်ခွင့်များရှိသည်။ အထွေထွေညီလာခံအနေဖြင့် မည်သည့်တိုင်းပြည် မည်သည့်အစိုးရကိုမျှ အရေးယူဆောင်ရွက်ပေးရန် ညွှန်ကြားပိုင်ခွင့်နှင့်အာဏာမရှိသော်လည်း အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်များသည်တစ်ကမ္ဘာလုံး၏အမြင်နှင့်ဆန္ဒသဘောထားကို ဖော်ဆောင်သောကြောင့် အရှိန်အဝါသြဇာကြီးမားလေးနက်သည်။

အထွေထွေညီလာခံတွင် လက်နက်ထိန်းသိမ်းရေး၊ ကန့်သတ်ရေး၊ ငြိမ်းချမ်းရေးကိစ္စရပ်များတွင်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများကို ထိပါးလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ လုံခြုံရေးကောင်စီနှင့်အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အစီရင်ခံစာများကိုလည်းကောင်း၊ လက်ခံသုံးသပ်ရန်၊ စဉ်းစားရန်၊ အကြံပေးရန်စသည့်အာဏာများ၊ လုပ်ပိုင်ခွင့်များရှိသည်။

အထူးသဖြင့် အထွေထွေညီလာခံကြီးသည် အပြည်ပြည်ဆိုင်ရာတရားရုံးအတွက် တရားသူကြီးများ

ရွေးချယ်တင်မြှောက်ရေး၊ လုံခြုံရေးကောင်စီ၏အကြံပြုချက်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ရေးစသည့်လုပ်ငန်းများကိုလည်းဖော်ဆောင်ရသည်။အထူးအရေးပါသည့်လုပ်ပိုင်ခွင့်မှာ ငြိမ်းချမ်းရေးအတွက် လွန်စွာအရေးကြီးသည့်ပြဿနာကိုလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်များအနေဖြင့် တညီတညွတ်တည်း သဘောတူညီချက်မရပါကလည်း အထွေထွေညီလာခံက အရေးယူဆောင်ရွက်နိုင်ခွင့်ရှိခြင်းပင်ဖြစ်သည်။

(၆၅) ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ကုလသမဂ္ဂဌာနချုပ်၌ စတင်ကျင်းပသည်။ (၆၅) ကြိမ်မြောက်အထွေထွေညီလာခံကြီး၏ သဘာပတိအဖြစ် ဆွစ်ဇာလန်နိုင်ငံမှ H.E.Mr. Joseph Deiss ကို တင်မြှောက်ကြသည်။ ညီလာခံကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံတို့သည် ကမ္ဘာ့နိုင်ငံရေးအခြေအနေများအပါအဝင် အရေးအရာများအပေါ် မိမိတို့နိုင်ငံ၏အမြင်များ၊ သဘောထားများအပြင် မိမိတို့နိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးကြသည်။

၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံအပြီး၌ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် စက်တင်ဘာလ ၂၈ရက်နေ့တွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့သည်။

အထွေထွေညီလာခံသို့ အီရန်သမ္မတအာမက်ဒီနီဂျက်လည်းတက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်စဉ် အီရန်သမ္မတအာမက်ဒီနီဂျက်နှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မစ္စတာဘန်ကီမွန်းက အီရန်သမ္မတကို အီရန်နိုင်ငံအနေဖြင့် နျူကလီးယားကိစ္စအတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့်ဆွေးနွေးမှုများတွင် အပြုသဘောပါဝင်ပတ်သက်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အီရန်သမ္မတအာမက်ဒီနီဂျက်သည် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးအယ်လင်(ခ) မြို့သို့ရောက်ရှိစဉ် သတင်းထောက်များနှင့်တွေ့ဆုံရာ၌ နျူကလီးယားလက်နက်ကင်းမဲ့သည့်ကမ္ဘာဖြစ်ရေး အီရန်နိုင်ငံကအမြဲလိုလားသည်။ နျူကလီးယားဗုံး ထုတ်လုပ်ရန်ကြိုးပမ်းမည် မဟုတ်ကြောင်းတို့ကို ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကြီး၌ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များအခြေအနေ တိုးတက်မှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရိက္ခာဖူလုံမှု အခြေအနေ၊ လက်နက်လျှော့ချရေး၊ ဖျက်သိမ်းရေး၊ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးစသည့်အကြောင်းအရာများ၊ ဘာသာရပ်များကိုဆွေးနွေးကြသည်။ ကုလသမဂ္ဂအထွေထွေညီလာခံ စတင်ဖွင့်လှစ်ရာတွင်အီရန်နှင့် အမေရိကန်နိုင်ငံတို့မှာ အာရုံစူးစိုက်မှု ခံရသောနိုင်ငံများ ဖြစ်ကြသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးကိုအလေးပေးဆွေးနွေးသည်။

ယင်းသို့ဆွေးနွေးပြောကြားခြင်းကို အီရန်သမ္မတက အပြင်းအထန်စွပ်စွဲပြောဆိုရာတွင်(၉/၁၁) အရေးကိုအကြောင်းပြကာ အမေရိကန်တို့သည် အာဖဂန်နစ္စတန်နှင့်အီရတ်တို့ကိုဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်းပါရှိသည်။ ယင်းသို့ဆွေးနွေးနေစဉ် အမေရိကန်ကိုယ်စားလှယ်အဖွဲ့သည်ညီလာခံမှ သပိတ်မှောက်ထွက်ခွာသွားသည်။ (၆၅) ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ နှစ် နှစ်သက်တမ်းရှိမည့်လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင် ၅ နိုင်ငံကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၂ရက် နေ့တွင်ရွေးချယ်ခဲ့သည်။ ယင်းတို့မှာ ကိုလံဘီယာ၊ ဂျာမနီ၊ အိန္ဒိယ၊ ပေါ်တူဂီ၊ တောင်အာဖရိကနိုင်ငံများဖြစ်သည်။

**ကမ္ဘာ့ဆရာများနေ့။** ။ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၅ ရက်နေ့တွင် နေပြည်တော်ရှိပညာရေး ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးတက်ရောက်၍အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ အဖွဲ့ခေါင်းဆောင်များက စုပေါင်းပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆရာကြီးလေးဦးနှင့် ထူးချွန်ဆရာ၊ ဆရာမနှစ်ဦးတို့၏ ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဒေါ်ဘွေဆုန်တို့အားလည်းကောင်း၊ ထူးချွန်ဆရာ၊ ဆရာမများဖြစ်ကြသည့် ကြို့ပင်ကောက်မြို့နယ် မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် သင်္ဃန်းကျွန်း မြို့နယ်အမှတ်(၈) အခြေခံပညာမူလတန်း လွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေတို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက သင်ထောက်ကူပစ္စည်း တီထွင်ထုတ်လုပ်မှု ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသော ဆရာ၊ ဆရာမများအား ဆုများ ပေးအပ်ချီးမြှင့်သည်။




**မူလတန်းကျောင်းသားကလေးများ တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေစဉ်**

ထို့နောက်မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး က ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီးများဖြစ်ကြသည့် ရန်ကုန် တက္ကသိုလ်ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးစိန်မင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးသီဟ၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန် ကြားရေးမှူး(ငြိမ်း) ဆရာကြီးဦးညွန့်ရင်၊ ချင်းပြည်နယ်ပညာရေးမှူး(ငြိမ်း) ဆရာကြီး ဦးဆွမ်းမန်းကိုယ်စား သမီး

ထို့နောက် ဝန်ကြီးများက သိပ္ပံသုတေသနဆုနှင့် ဝိဇ္ဇာသုတေသနဆု၊ အဆင့်မြင့်ပညာ ဆရာဆရာမများအဆင့်ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့် ဆရာ၊ ဆရာမများဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာမူလတန်းအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲ၊ ပညာရေးတက္ကသိုလ်နှင့်ပညာရေး ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပညာရေးတက္ကသိုလ်နှင့်

ပညာရေးကောလိပ်အဆင့်ကဗျာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်ကဗျာပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့်တတိယဆုရရှိကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပညာရေးဝန်ကြီးဌာနခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ပြခန်း၊ ဆုရကဗျာ၊ စာစီစာကုံးနှင့်ဆောင်းပါးများ၊ ဂုဏ်ထူးဆောင်ဆရာကြီးများနှင့် ထူးချွန်ဆရာ၊ ဆရာမများ၏ ပညာရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ။** ။အာဖရိကတိုက်၌ ပထမဆုံးအကြိမ်ကျင်းပသည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၁ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အထိ တောင်အာဖရိကနိုင်ငံတွင် ကျင်းပသည်။

(၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသို့ အိမ်ရှင်တောင်အာဖရိကအသင်း၊ လက်ရှိ ချန်ပီယံ အီတလီအသင်းနှင့် ကမ္ဘာတစ်ဝန်းမှ ခြေစစ်ပွဲအောင်သည့် အသင်း ၃၀ စုစုပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၁ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ရှိ ဆော့ကာစီးတီး အားကစားကွင်းကြီး၌ကျင်းပရာ တောင်အာဖရိကနိုင်ငံ သမ္မတဂျာကော့ဇူမာ၊ မက္ကဆီကိုနိုင်ငံသမ္မတ ဖီးလစ်ကယ်ဒါရွန်၊ ဇင်ဘာဘွေနိုင်ငံသမ္မတ ရောဘတ်မူဂါဘီ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ ဘောလုံးသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ နိုင်လူကြီးများနှင့် ဘောလုံးဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ အဝါရောင်၊ အစိမ်းရောင်နှင့် တောက်ပသော အရောင်များပါဝင်သည့်အလံများကို လွှင့်ထူထားပြီး ထောင်ပေါင်းများစွာသော ပရိသတ်များက အာဖရိကရိုးရာဗူဗူဇီလာတူရိယာများကို မှုတ်ကြသည်။ သိမ်းငှက်ပုံသဏ္ဌာန် လေယာဉ်ငါးစင်းက တောင်အာဖရိကနိုင်ငံ အလံများလွှင့်ထူကာ မီးခိုးများမှုတ်ထုတ်ပြီး ကောင်းကင်၌ ပုံသဏ္ဌာန်အမျိုးမျိုး ပျံသန်းပြသကြသည်။

ထို့နောက် ဗုံတီးသမားကိုးဦးတို့က အားကစားကွင်းကြီးအတွင်းသို့ အရုပ်ကိုးမျက်နှာမှ ဝင်ရောက်လာကြပြီး အာဖရိကကဗျာဆရာ မိုလာနီအမ်ခီဗာအား ဝန်းရံကြသည်။ အရောင်တောက်ပသောဝတ်စုံများ ဝတ်ဆင်ထားကြသည့် အမျိုးသမီး ၂၇၀ ကျော်တို့က ဗုံတီးသမားများကို ဝန်းရံကာ ပြိုင်ပွဲကျင်းပမည့် အားကစားကွင်းကိုးကွင်းတည်ရှိသော မြို့ကြီးကိုးမြို့ကို ကိုယ်စားပြုသရုပ်ဖော် ပြသကြသည်။

တောင်အာဖရိကနိုင်ငံမှ နာမည်ကျော် ထရမ်းပက်သမားဟုဂျ်မာဆီ ကီလာ၊ အမေရိကန်ပေါ့ပ်အဆိုတော် အာကယ်လီ၊ ကိုလံဘီယာပေါ့ပ်အဆိုတော် ရှာကီရာတို့၏ သီဆိုဖျော်ဖြေမှုများအပါအဝင် အာဖရိကအဆိုတော်များ၊ အကပညာရှင် ကချေသည်များ၊ ဂီတပညာရှင်များနှင့် သရုပ်ပြဖျော်ဖြေသူ ၁,၅၀၀ ကျော်တို့က 'အာဖရိကမှ ကမ္ဘာ့ကိုကြိုဆိုပါသည်' ဟူသော အစီအစဉ်ကို သရုပ်ဖော်တင်ဆက်ကြသည်။ ဂရမ်မီဆုများစွာရရှိထားသော တေးသံရှင် အာကယ်လီက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၂၀၈ နိုင်ငံ၊ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းနှင့် ဗိုလ်စွဲမည့်အသင်းတို့ကို ရည်ညွှန်းသော Sign of Victory သီချင်းကို ဒေသခံရိုးရာအကများနှင့် တွဲဖက်ကခုန်သီဆို ဖျော်ဖြေကြသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၊ အဲလိစဘတ်မြို့၊ ရုစတန်ဘတ်မြို့၊ ပို့လော့ဝိန်းမြို့၊ ကိတ်စ်တောင်းမြို့၊ ပရီတိုးရီးယားမြို့၊ ဘလွန်ဖွန်တိန်းမြို့၊ ဒါဗန်မြို့နှင့် နယ်စပရေးမြို့များရှိ အားကစားကွင်းကြီးများ၌ ဇွန်လ ၁၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အုပ်စုရှစ်ခုခွဲ၍

ယှဉ်ပြိုင်ရာ အုပ်စု 'က' ၌ အိမ်ရှင် တောင်အာဖရိက အသင်း၊ မက္ကဆီကိုအသင်း၊ ဥရုဂွေးအသင်းနှင့် ပြင်သစ် အသင်း၊ အုပ်စု'ခ'၌ အာဂျင်တီးနားအသင်း၊ နိုင်ဂျီးရီး ယားအသင်း၊ တောင်ကိုရီးယားအသင်းနှင့် ဂရိအသင်း၊ အုပ်စု 'ဂ' ၌ အင်္ဂလန်အသင်း၊ အမေရိကန်အသင်း၊ အယ်လ်ဂျီးရီးယားအသင်းနှင့် ဆလိုဗေးနီးယားအသင်း၊ အုပ်စု 'ဃ' ၌ ဂျာမနီအသင်း၊ ဩစတြေးလျအသင်း၊ ဆားဗီးယားအသင်းနှင့် ဂါနာ အသင်း၊ အုပ်စု 'င' ၌ နယ်သာလန်အသင်း၊ ဒိန်းမတ် အသင်း၊ ဂျပန်အသင်းနှင့် ကင်မရွန်အသင်း၊ အုပ်စု 'စ' ၌ လက်ရှိချန်ပီယံ အီတလီအသင်း၊ ပါရာဂွေးအသင်း၊ နယူးဇီလန်အသင်းနှင့် ဆလိုဗက်ကီးယားအသင်း၊ အုပ်စု 'ဆ' ၌ ဘရာဇီးအသင်း၊ မြောက်ကိုရီးယား အသင်း၊ အိုင်ဗရီကို့စ် အသင်းနှင့် ပေါ်တူဂီအသင်း၊ အုပ်စု 'ဇ' ၌ စပိန်အသင်း၊ ဆွစ်ဇာလန် အသင်း၊ ဟွန်ဒူးရပ်စ်အသင်းနှင့် ချီလီအသင်းတို့ ပါဝင်ကြ သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အပြီးတွင် အုပ်စုပွဲစဉ်များကို စတင်ကျင်းပရာ အုပ်စု (က) မှ အိမ်ရှင်တောင်အာဖရိကအသင်းနှင့် မက္ကဆီကို အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ပွဲချိန် ၅၅ မိနစ်တွင် တီရှာဘာလာက တောင်အာဖရိက အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ရာ (၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံးဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်သွားသည်။

ဇွန်လ ၁၂ ရက်နေ့တွင် ဥရုဂွေးအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေပွဲ ဖြစ် သွားသည်။ ပွဲချိန်မိနစ် ၈၀ တွင် ဥရုဂွေးအသင်းမှ လိုဒီ ရိုရိုကို ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် အနီကတ်ပြပြီး ထုတ်ပယ်ခံရသည့်အတွက် (၁၉) ကြိမ်မြောက် ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံး အနီကတ်ပြခံရသူ အဖြစ် မှတ်တမ်းဝင်သွားသည်။ တောင်ကိုရီးယား အသင်းနှင့် ဂရိအသင်းတို့ ပွဲစဉ်၌ တောင်ကိုရီးယားက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို တောင်ကိုရီးယား အသင်းမှ ပတ်ချူရန်းကရရှိသည်။ အာဂျင်တီးနား အသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့ပွဲစဉ်၌ အာဂျင် တီးနားအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ နိုင်ဂျီးနီးယားအသင်းမှ ဂိုးသမားအန်နာရာမသည် ပွဲစဉ် တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရရှိသည်။

ဇွန်လ ၁၃ ရက်နေ့တွင် အင်္ဂလန်အသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ အင်္ဂလန်အသင်း ခေါင်းဆောင် ဂျရတ်က ပွဲချိန်လေးမိနစ်တွင် အဖွင့် ဂိုးသွင်းယူခဲ့ရာ (၁၉) ကြိမ်မြောက်ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ ပွဲစဉ်ငါးပွဲကစားပြီးချိန်၌ အမြန်ဆုံးဂိုးအဖြစ် မှတ်တမ်းဝင်သွားသည်။ အယ်လ်ဂျီးရီးယားအသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ ပွဲစဉ်၌ ဆလိုဗေးနီးယား အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ဂါနာ အသင်းနှင့် ဆားဗီးယားအသင်းတို့ ပွဲစဉ်၌ ပွဲချိန် ၈၃ မိနစ်တွင် ဂါနာအသင်းက ပင်နယ်တီ တစ်ဂိုးရခြင်းဖြစ်သည်။

ဇွန်လ ၁၄ ရက်နေ့တွင် နာမည်ကြီး ဂျာမနီ အသင်းနှင့် ဩစတြေးလျအသင်းတို့ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရပြီး ကစားပြီး သမျှ အသင်းများ၌ ဂိုးအများဆုံးသွင်းသည့် အသင်း အဖြစ် မှတ်တမ်းဝင်သွားသည်။ ပွဲချိန် ၅၆ မိနစ်တွင် ဩစတြေးလျအသင်းမှ တင်ကာဟေးလ်ကို အနီကတ်ပြ ၍ ထုတ်ပယ်လိုက်ခြင်းကြောင့် ဒုတိယမြောက်အနီကတ် ပြ အထုတ်ခံရသည့်ကစားသမားအဖြစ် မှတ်တမ်းဝင် သွားသည်။ နယ်သာလန်အသင်းနှင့်ဒိန်းမတ်အသင်းတို့ ပွဲစဉ်၌ နယ်သာလန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့်လည်း ကောင်း၊ ဂျပန်အသင်းနှင့်ကင်မရွန်းအသင်းတို့ပွဲစဉ်၌ ဂျပန်အသင်းကတစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင် ရသွားသည်။ နယ်သာလန်အသင်းမှ သွင်းလိုက်သော အဖွင့်ဂိုးမှာ ဒိန်းမတ်အသင်းမှပေါ်ဆင်၏ခေါင်းကို ထိပြီး ဝင်သွားခြင်းကြောင့် ပထမဆုံးကိုယ့်ဂိုးကိုယ်သွင်း သူအဖြစ် မှတ်တမ်းဝင်သွားသည်။

ဇွန်လ ၁၅ ရက်နေ့တွင် လက်ရှိချန်ပီယံ အီတလီ အသင်းက ပါရာဂွေးအသင်းကို တစ်ဂိုးစီသရေဖြင့်သာ ကစားနိုင်ပြီး နယူးဇီလန်အသင်းနှင့် ဆလိုဗက်ကီးယား အသင်းတို့လည်း တစ်ဂိုးစီသရေဖြစ်သွားသည်။ အိုင်ဗရီ ကို့စ်အသင်းနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်၌ ဂိုးမရှိသရေ ဖြစ်သွားသည်။

ဇွန်လ ၁၆ ရက်နေ့တွင် နာမည်ကျော်ဘရာဇီး အသင်းနှင့်မြောက်ကိုရီးယားအသင်းတို့ယှဉ်ပြိုင်ကစားရာ ဘရာဇီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ဘရာဇီးအသင်း၏ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမရရှိမှုနှင့် မြောက်ကိုရီးယားအသင်းက တစ်ဂိုးပြန်သွင်းနိုင်မှုတို့မှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်း ၄၄ နှစ်အတွင်း မြောက်ကိုရီးယားတို့၏ ပထမဆုံးဂိုးအဖြစ်

**တောင်အာဖရိက ကမ္ဘာ့ဖလား ၂၀၁၀ လိုဂို**

မှတ်တမ်းဝင်သွားသည်။ ဟွန်ဒူးရပ်စ်အသင်းနှင့် ချီလီအသင်းတို့ပွဲစဉ်၌ ချီလီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ၄၈ နှစ်တာအတွင်း ချီလီအသင်း၏ ပထမဆုံး အနိုင်ပွဲဖြစ်သွားသည်။ စပိန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်၌ ဆွစ်ဇာလန်အသင်းက မထင်မှတ်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ၁၉၅၄ ခုနှစ်နောက်ပိုင်း အဖွင့်ပွဲတိုင်း ရှုံးနိမ့်ခဲ့ရာမှ ပထမဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းဝင်သွားသည်။ ၁၉၂၅ ခုနှစ်မှ စတင်၍ စပိန်အသင်းနှင့်ပွဲစဉ် ၁၈ ကြိမ် ယှဉ်ပြိုင်ကစားခဲ့သော ဆွစ်ဇာလန်တို့မှာ ၈၅ နှစ်အတွင်း ပထမဆုံးအနိုင်ရခြင်းဖြစ်သည်။

ဇွန်လ ၁၇ ရက်နေ့တွင် တောင်အာဖရိကအသင်းနှင့် ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပင်နယ်တီတစ်ဂိုးအပါအဝင်သုံးဂိုး-ဂိုးမရှိဖြင့် ဥရုဂွေးအသင်းကအနိုင်ရသွားသည်။ ပွဲချိန် ၇၅ မိနစ်တွင် တောင်အာဖရိကအသင်းမှ ဂိုးသမားခွန်းကို အနီကတ်ပြပြီး ထုတ်ပယ်ခဲ့ရာ အိမ်ရှင်ဂိုးသမား အနီကတ်ပြအထုတ်ခံရသူအဖြစ် မှတ်တမ်းဝင်သွားသည်။ အထုတ်ခံရသည့်ဂိုးသမားအစား ဂိုးသမားဂျိုးဇက်ဝင်ကစားပြီးချိန် စက္ကန့်ပိုင်းအတွင်းဂိုးအသွင်းခံရသည့် ဂိုးသမားအဖြစ် မှတ်တမ်းဝင်သွားသည်။ အာဂျင်တီးနားအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ပွဲစဉ်၌ အာဂျင်တီးနား အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားပြီး အာဂျင်တီးနားအသင်းမှ တိုက်စစ်မှူး ဟီဂူအင်က ပွဲချိန် ၇၇ မိနစ်နှင့် မိနစ် ၈၀ တို့တွင် နှစ်ဂိုးသွင်းခဲ့သဖြင့် လက်ရှိ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံးဟက်ထရစ် ဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်သွားသည်။ ဂရိအသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့ ပွဲစဉ်၌ ဂရိအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ဇွန်လ ၁၇ ရက်နေ့တွင် ပြင်သစ်အသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ မက္ကဆီကိုအသင်းက အံ့အားသင့်ဖွယ် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသွားခြင်းကြောင့် နှစ်ပေါင်း ၈၀ အတွင်း မက္ကဆီကိုအသင်းကို ပြင်သစ်အသင်း ပထမဆုံးရှုံးနိမ့်ရသည့်သမိုင်းတွင်သွားသည်။ ပြင်သစ်အသင်းက ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှစ၍ ယခုပွဲမတိုင်မီအထိ မက္ကဆီကိုအသင်းကို တစ်ကြိမ်မျှ မရှုံးခဲ့ဖူးရာ ပြင်သစ်အသင်းအတွက် အဆိုးဆုံးရလဒ်ဖြစ်သွားသည်။ ဂျာမနီအသင်းနှင့် ဆားဘီးယားအသင်းတို့ပွဲစဉ်၌ ဆားဘီးယားအသင်းက နာမည်ကြီးဂျာမနီအသင်းကို တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရသွားသည်။ မထင်မှတ်ဘဲ ရှုံးပွဲကြုံရသည့်ဂျာမနီအသင်းမှ တိုက်စစ်မှူးကလိုဆေးသည် ပွဲချိန် ၃၇ မိနစ်တွင် အနီကတ်ပြ၍ ထုတ်ပယ်ခံရသည်။ ပွဲချိန်မိနစ် ၆၀ တွင် ဂျာမနီအသင်းမှ တိုက်စစ်မှူး ပိုဒေါစကီးက ပင်နယ်တီကန်သွင်းရာ ဆားဘီးယား အသင်းမှဂိုးသမား စတောကိုဗစ် ကာကွယ်နိုင်သဖြင့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံး ပင်နယ်တီမဝင်သူအဖြစ် မှတ်တမ်းဝင်သွားသည်။

ဇွန်လ ၁၉ ရက်နေ့တွင် နာမည်ကြီး အင်္ဂလန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေပွဲဖြစ်သွားပြီး နယ်သာလန်အသင်းနှင့် ဂျပန်အသင်းတို့ ပွဲစဉ်၌ နယ်သာလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ဂါနာအသင်းနှင့် သြစတြေးလျအသင်းတို့ ပွဲစဉ်၌ သြစတြေးလျအသင်းက ပွဲချိန် ၁၁ မိနစ်တွင် ဦးဆောင်ဂိုးရရှိသော်လည်း ပွဲချိန် ၂၅ မိနစ်တွင် ပင်နယ်တီအပေးခံရသဖြင့် ဂါနာအသင်း

က ပင်နယ်တီတစ်ဂိုးရသွားသည်။ ဂါနာအသင်းသည် နှစ်ပွဲဆက် ပင်နယ်တီနှင့် တစ်ယောက်အသာရအသင်း အဖြစ် ပထမဆုံးမှတ်တမ်းဝင်သွားသည်။ ထို့အတူ ဩစတြေးလျအသင်းသည်နှစ်ပွဲဆက်ပင်နယ်တီ အပေး ခံရသောအသင်းအဖြစ် ပထမဆုံးမှတ်တမ်းဝင်သွားသည်။

ဇွန်လ ၂၀ ရက်နေ့တွင် ကင်မရွန်အသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဒိန်းမတ်အသင်း က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားပြီး ပါရာဂွေးအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ပွဲစဉ်၌ ပါရာဂွေးအသင်း က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ လက်ရှိ ချန်ပီယံအီတလီအသင်းနှင့် နယူးဇီလန်အသင်းတို့ပွဲစဉ် ၌ တစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

ဇွန်လ ၂၁ ရက်နေ့တွင် နာမည်ကြီးအီတလီ အသင်းက အိုင်ဗရီကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပေါ်တူဂီအသင်းက မြောက်ကိုရီးယား အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ချီလီ အသင်းက ဆွစ်ဇာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရသွားကြသည်။ ပေါ်တူ ဂီအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့၏ ပွဲစဉ်သည် လက်ရှိကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပထမဆုံးဂိုး အပြတ်ဆုံးပွဲအဖြစ် မှတ်တမ်းဝင်သွားသည်။

ဇွန်လ ၂၂ ရက်နေ့တွင် စပိန်အသင်းနှင့် ဟွန်ဒူး ရပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ စပိန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ စပိန်အသင်း၏ အနိုင်ဂိုးများကို ဒေးဗစ်ဗီလာတစ်ဦးတည်းက သွင်းခြင်း ဖြစ်ပြီး ပင်နယ်တီတစ်ဂိုးသွင်းခွင့်ရသော်လည်း ဂိုးဝင် အောင်မသွင်းနိုင်သဖြင့် နှစ်ဂိုးဖြင့်သာ ကျေနပ်ကြရ သည်။ ဥရုဂွေးအသင်းနှင့်မက္ကဆီကိုအသင်းတို့ပွဲစဉ်၌ ဥရုဂွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အိမ်ရှင်တောင်အာဖရိကအသင်းနှင့် ပြင်သစ်အသင်းတို့ ပွဲစဉ်၌ တောင်အာဖရိကအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုပွဲစဉ် မှ ထွက်သွားရသည်။

ဇွန်လ ၂၃ ရက်နေ့တွင် တောင်ကိုရီးယား အသင်းက နိုင်ဂျီးရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အာဂျင်တီးနားအသင်းက ဂရိအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမေရိကန်အသင်းက အယ်လ်ဂျီးရီးယားအသင်းကို အချိန်ပိုလေးမိနစ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင် ရသွားကြသည်။ နိုင်ဂျီးရီးယားအသင်းသည် နှစ်ပွဲဆက် တိုက်ရှုံးသော်လည်း ပွဲစဉ်အလိုက်အကောင်းဆုံးကစား သမားဆုကို ဂိုးသမားဗင်းဆင့်အန်ယီဗာက နှစ်ပွဲ ဆက်တိုက်ရသွားသည်။

ဇွန်လ ၂၄ ရက်နေ့တွင် ဩစတြေးလျအသင်းက ဆားဗီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဂျာမနီအသင်းက ဂါနာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဆလိုဗက်ကီးယားအသင်းက လက်ရှိ ချန်ပီယံအီတလီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်း ကောင်း အသီးသီးအနိုင်ရသွားကြသည်။

ဇွန်လ ၂၅ ရက်နေ့တွင် နယ်သာလန်အသင်းက ကင်မရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဂျပန်အသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အိုင်ဗရီကို့စ်အသင်းက မြောက်ကို ရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရပြီး ဘရာဇီးအသင်းနှင့်ပေါ်တူဂီအသင်း တို့ ဂိုးမရှိသရေဖြစ်သွားသည်။

ဇွန်လ ၂၆ ရက်နေ့တွင် အုပ်စုနောက်ဆုံးပွဲစဉ် အဖြစ် ချီလီအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင် ကစားရာ စပိန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စုပထမ ရသွားသည်။ ဆွစ်ဇာလန်အသင်းနှင့် ဟွန်ဒူးရပ်စ် အသင်းတို့ ပွဲစဉ်၌ဂိုးမရှိသရေပွဲဖြစ်သွားရာ နှစ်သင်း စလုံး အုပ်စုပွဲစဉ်မှ ထွက်သွားရသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု'က' မှ ဥရုဂွေးအသင်းက ပထမနှင့် မက္ကဆီကိုအသင်းက ဒုတိယ၊ အုပ်စု 'ခ'မှ အာဂျင်တီးနားအသင်းက ပထမနှင့် တောင်ကိုရီးယားအသင်းက ဒုတိယ၊ အုပ်စု'ဂ' မှ အမေ ရိကန်အသင်းက ပထမနှင့်အင်္ဂလန်အသင်းက ဒုတိယ၊ အုပ်စု 'ဃ'မှ ဂျာမနီအသင်းက ပထမနှင့် ဂါနာ အသင်းက ဒုတိယ၊ အုပ်စု 'င'မှ နယ်သာလန်အသင်းက ပထမနှင့် ဂျပန်အသင်းက ဒုတိယ၊ အုပ်စု 'စ'မှ ပါရာဂွေး အသင်းက ပထမနှင့် ဆလိုဗားကီးယား အသင်းက ဒုတိယ၊ အုပ်စု 'ဆ'မှ ဘရာဇီးအသင်းက ပထမနှင့်

ပေါ်တူဂီ အသင်းက ဒုတိယ၊ အုပ်စု 'ဇ'မှ စပိန် အသင်းက ပထမနှင့် ချီလီအသင်းက ဒုတိယအသီးသီးရရှိကြသည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇွန်လ ၂၆ ရက်နေ့တွင် စတင်ကျင်းပရာ ဥရုဂွေးအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားသည်။ ပွဲချိန်ရှစ်မိနစ်တွင် ဥရုဂွေးအသင်းမှ ဆူယာရက်ဇ်က အဖွင့်ဂိုးစတင်ရသွားသည်။ ပွဲချိန် ၆၈ မိနစ်တွင် တောင်ကိုရီးယားအသင်းမှ ချွန်ယောင်လီက ခေါင်းတိုက်ချေပဂိုးသွင်းသွားသည်။ ပွဲချိန်မိနစ် ၈၀ တွင် ဆူယာရက်ဇ်က ဥရုဂွေးအတွက် ဒုတိယအနိုင်ဂိုးသွင်းပြီးနှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရသွားသည်။ ဥရုဂွေးအသင်းသည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ကွာတားဖိုင်နယ်သို့ တက်ရောက်ခြင်းဖြစ်သည်။

ဇွန်လ ၂၇ ရက်နေ့တွင် အမေရိကန်အသင်းနှင့် ဂါနာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပွဲချိန်ငါးမိနစ်တွင် ဂါနာအသင်းတိုက်စစ်မှူးဘိုရာတန်က အဖွင့်ဂိုး စတင်ရရှိသည်။ ပထမပိုင်းပွဲချိန်အတွင်း အမေရိကန်အသင်းက ချေပဂိုးမသွင်းနိုင်ဘဲ ဂါနာအသင်းက ဦးဆောင်ကစားသည်။ ပွဲချိန် ၆၃ မိနစ်တွင် ဂါနာအသင်း ပင်နယ်တီအပြစ်ပေးခံရသဖြင့် အမေရိကန်တိုက်စစ်မှူး ဒိုနိုဗင်ကန်သွင်းရာ ချေပဂိုးရသွားသည်။ ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်သဖြင့် အချိန်ပိုကစားရာ ပွဲချိန် ၉၃ မိနစ်တွင် ဂါနာတိုက်စစ်မှူး ဂျန်က ဂိုးသွင်းပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ အာဖရိကတိုက်မှ ဂါနာအသင်းတစ်သင်းတည်းသာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခြင်းဖြစ်သည်။

ဇွန်လ ၂၈ ရက်နေ့တွင် အာဂျင်တီးနားအသင်းနှင့် မက္ကဆီကိုအသင်းတို့ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ပွဲချိန် ၂၅မိနစ်တွင် တီဗက်ဇ်၏ ခေါင်းတိုက်ဂိုးဖြင့် အာဂျင်တီးနားအသင်းအဖွင့်ဂိုးရရှိသွားသည်။ ပွဲချိန် ၃၃ မိနစ်တွင် ဟီဂူအင်ထပ်မံ၍ တစ်ဂိုးသွင်းလိုက်ရာ အာဂျင်တီးနားအသင်း နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားသည်။ ပွဲချိန် ၆၁ မိနစ်တွင် တီဗက်ဇ်က တစ်ဂိုးထပ်မံသွင်းလိုက်သဖြင့် သုံးဂိုးရသွားသည်။ ပွဲချိန် ၇၁ မိနစ်တွင် တိုက်စစ်မှူး ဟာနန်ဒက်ဇ်က ချေပဂိုးသွင်းနိုင်ခဲ့သော်လည်း မက္ကဆီကိုအသင်းကို အာဂျင်တီးနားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခြင်းဖြစ်သည်။

ဇွန်လ ၂၉ ရက်နေ့တွင် ဘရာဇီးအသင်းနှင့် ချီလီအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပွဲချိန် ၃၄ မိနစ်တွင် ညာထောင့်ကန်ဘောမှတစ်ဆင့် ဘရာဇီးအသင်းတစ်ဂိုးရသွားသည်။ ပွဲချိန် ၃၈ မိနစ်တွင် ဘရာဇီးအသင်းတိုက်စစ်မှူးဖေဘီယာနိုက ဒုတိယဂိုးရသွားသည်။ ပွဲချိန် ၅၉ မိနစ်တွင် ဘရာဇီးအသင်းမှ ရော်ဘင်ဟိုက တတိယဂိုးသွင်းပြီး ဘရာဇီးအသင်းက ချီလီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ် နောက်ဆုံးပွဲစဉ်အဖြစ် ဇွန်လ ၃၀ ရက်နေ့တွင် စပိန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားရာ စပိန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရသွားသည်။ ပထမပိုင်းပွဲချိန် အတွင်းနှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပွဲချိန် ၆၂ မိနစ်တွင် ပေါ်တူဂီဂိုးသမားထံမှ ပြန်ထွက်လာသော ဘောလုံးကို တိုက်စစ်မှူး ဗီလာက တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူလိုက်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပပြီး ဘရာဇီးအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲချိန် ၁၀ မိနစ်တွင် ဘရာဇီးအသင်းတိုက်စစ်မှူးရော်ဘင်ဟိုက ဦးဆောင်ဂိုးသွင်းယူသည်။ ပွဲချိန် ၅၃ မိနစ်တွင် နယ်သာလန်အသင်းမှ ရှနိုက်ဒါက ခေါင်းတိုက်သွင်းယူရန် ကြိုးစားစဉ် ဘရာဇီးအသင်းမှ မီလိုနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် နယ်သာလန်အသင်းက ချေပဂိုးရသွားသည်။ ပွဲချိန်၆၈ မိနစ်တွင် ဒက်ကွတ်ဇ်၏ခေါင်းတိုက်ဘောလုံးကို ရှနိုက်ဒါက ထပ်ဆင့်ခေါင်းတိုက်သွင်းယူရာ နယ်သာလန်အသင်းအတွက် အနိုင်ဂိုးရသွားသည်။ နယ်သာလန်အသင်းသည် ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ ဘရာဇီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခြင်းကို ရှုံးကြွေးပြန်ဆပ်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။ နယ်သာလန်အသင်းသည် ၂၄ ပွဲမြောက် ရှုံးပွဲမရှိ စံချိန်တင်လိုက်ခြင်းလည်းဖြစ်သည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ဥရုဂွေးအသင်းနှင့် ဂါနာအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ ပွဲချိန် ၄၅ မိနစ်တွင် ဂါနာအသင်းတိုက်စစ်မှူး မွန်တာရီ၏ ကန်ချက်ဖြင့်ဂိုးဝင်သွားသည်။ ပွဲချိန် ၅၅ မိနစ်တွင် ဥရုဂွေးအသင်းတိုက်စစ်မှူး ဖော်လန်က အလွတ်တည်ဘော ကန်သွင်းခဲ့ရာမှ ချေပဂိုးရသွားသည်။ ပွဲချိန်ပြီးသည်အထိ တစ်ဂိုးစီသရေပွဲဖြစ်နေရာ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားသည်။ အချိန်ပိုမိနစ် ၃၀ ပြည့်ခါနီးတွင် ဂါနာအသင်း ပင်နယ်တီရသဖြင့် တိုက်စစ်မှူး ဂျီယန်ကန်သွင်းရာ လွဲချော်သွားသည်။ နှစ်သင်းစလုံး ပင်နယ်တီကန်သွင်းရာ ဥရုဂွေးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။ သော အနိုင်ဂိုးရသွားသည်။ စပိန်အသင်းတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ယခုပွဲအထိ ငါးဂိုးသွင်းထားပြီး ဂိုးအများဆုံးသွင်းနိုင်သူဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကို ဇူလိုင်လ ၇ ရက်နေ့တွင် နယ်သာလန်အသင်းနှင့် ဥရုဂွေးအသင်းတို့ယှဉ်ပြိုင်ကစားသည်။ ပွဲချိန် ၁၈ မိနစ်တွင် နယ်သာလန်အသင်းခေါင်းဆောင် ဗန်ကရွန်ခရော့၏ အမှတ်မထင်ကန်သွင်းချက်ဖြင့် အဖွင့်ဂိုးရသွားသည်။ ပွဲချိန် ၃၁ မိနစ်တွင် ဥရုဂွေးအသင်းတိုက်စစ်မှူး ဖော်လန်က ချေပဂိုးသွင်းယူသည်။ ပွဲချိန်မိနစ် ၇၀ တွင်ရှနိုက်ဒါကန်သွင်းလိုက်သော ဘောလုံးမှာ ဥရုဂွေးအသင်း နောက်ခံလူတစ်ဦးနှင့် ထိမိပြီး ဂိုးဝင်သွားမှုကြောင့် နယ်သာလန်အသင်းက ဒုတိယဂိုးထပ်မံရသွားသည်။ ပွဲချိန် ၇၃ မိနစ်



ကမ္ဘာ့ဖလားချန်ပီယံစပိန်ဘောလုံးအသင်း

ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်အဖြစ် ဇူလိုင်လ ၄ ရက်နေ့တွင် ပါရာဂွေးအသင်းနှင့် စပိန်အသင်းတို့ယှဉ်ပြိုင်ကစားသည်။ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမရှိသရေဖြစ်နေပြီး ပွဲချိန် ၅၉ မိနစ်တွင် ပါရာဂွေးအသင်းက ပင်နယ်တီရသော်လည်း ဂိုးမဝင်သဖြင့် စပိန်အသင်းသက်သာရာရသွားသည်။ ပွဲချိန် ၆၃ မိနစ်တွင် ပီဒရိုကန်သွင်းသည့် ဘောလုံးမှာ ဂိုးတိုင်ထိပြီး ပြန်ထွက်လာရာ ဒေးဗစ်ဗီလာ ကန်သွင်းချက်ကြောင့် တစ်လုံးတည်း တွင် ရော်ဘင်က ဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်သွင်းရာ ဥရုဂွေးဂိုးသမား လှုပ်ရှားချိန်မရဘဲ တတိယဂိုးပေးလိုက်ရသည်။ လေလွင့်ချိန် အတွင်း ဥရုဂွေးအသင်းမှ ပီရဲရားက ဒုတိယချေပဂိုးသွင်းနိုင်သဖြင့် နယ်သာလန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဇူလိုင်လ ၈ ရက်နေ့တွင် အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်

ကစားရာ စပိန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ပြီ ဖြစ်သည်။ ပွဲချိန် ၃၁ မိနစ်တွင် ဂျာမနီအသင်းမှ ထရိုချောစကီး ကန်သွင်းသည့်ဘောလုံးကို စပိန်ဂိုးသမား ကာကွယ်နိုင်ခြင်းကြောင့် စပိန်အသင်း သက်သာသွားသည်။ ပွဲချိန် ၆၈ မိနစ်တွင်ဂျာမနီအသင်းမှ ခရိုစ်ကန်သွင်းသော ဘောလုံးကို စပိန်ဂိုးသမားကာကွယ်သည်။ ပွဲချိန် ၇၃ မိနစ်တွင် စပိန်အသင်းထောင့်ကန်ဘောရပြီး ဇာဗီက ဂိုးရှေ့သို့ ကန်တင်ရာ ပူယိုးလ်က ခေါင်းတိုက်သွင်းပြီး တစ်လုံးတည်းသောအနိုင်ဂိုးရသွားသည်။

ဇူလိုင်လ ၁၂ ရက်နေ့တွင် တတိယနေရာ အတွက် ဂျာမနီအသင်းနှင့် ဉရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး တတိယရသည်။ ပွဲချိန်အတွင်း ဉရုဂွေးအသင်းက ဂိုးသွင်းခွင့်ရှစ်ကြိမ်ရပြီး ဂျာမနီအသင်းက ခုနစ်ကြိမ်ရသည်။ ဉရုဂွေးအသင်းက ကန်ချက်ငါးကြိမ်လွဲပြီး ဂျာမနီအသင်းက ကန်ချက် ကိုးကြိမ်လွဲသည်။ ဂျာမနီအသင်းသည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ တတိယရရှိပြီးနောက် ၂၀၁၀ပြည့်နှစ်တွင်လည်း တတိယ ရရှိသွားခြင်းဖြစ်သည်။

(၁၉) ကြိမ်မြောက်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင်လ ၁၂ ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ရှိ ဆော့ကာစီးတီးအားကစားကွင်းကြီး၌ ကျင်းပရာ နယ်သာလန်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပွဲစသည်နှင့် စပိန်အသင်းက တိုက်စစ်ဖွင့်ကစားကာ နယ်သာလန်အသင်းက ခံစစ်ဖြင့် ပိတ်ဆို့ကစားရသည်။ ပွဲချိန် ၁၀ မိနစ်တွင် ဗီလာကန်သွင်းလိုက်သော ဘောလုံးမှာ ပွတ်ကာသီကာ လွဲချော်သွား၍ ရင်တမမ ဖြစ်ရသည်။ အကြိတ်အနယ်ပွဲဖြစ်၍ ကစားသမားများ ကြမ်းကြမ်းတမ်းတမ်းကစားခြင်းကြောင့် အဝါကတ် ပြခံရမှုများပြားသည်။ ပထမပိုင်းပွဲလယ်လောက်တွင် နယ်သာလန်အသင်းက ဘောလုံးပိုင်ဆိုင်မှုကိုရယူကာ စပိန်အသင်း နောက်တန်းသို့ထိုးဖောက်သည်။ ပထမပိုင်းပွဲပြီးခါနီးတွင် နယ်သာလန်အသင်းက လျှပ်တစ်ပြက်တိုက်စစ်ဆင်ပြီး တိုက်စစ်မှူးရော်ဘင် ကန်သွင်းလိုက်ရာ စပိန်ဂိုးသမားကားဆီးလက်စ် ကာကွယ်လိုက်နိုင်သည်။ ဒုတိယပိုင်းတွင် ဂိုးရရှိရေးအတွက် နှစ်သင်းစလုံးထိုးဖောက်ကစားခဲ့ရာ နယ်သာလန်တိုက်စစ်မှူးရော်ဘင် အပိုင်ဂိုးသွင်းခွင့်နှစ်ကြိမ်ရသော်လည်း စပိန်ဂိုးသမား ကာကွယ်သွားသည်။ ပွဲပြီးသည်အထိ နှစ်သင်းစလုံး ဂိုးမရခြင်းကြောင့် အချိန်ပို ဆက်ကစားရသည်။ အချိန်ပိုတွင် တောရက်စ်ဘယ်တောင်ပံမှ ချိုးပေးလိုက်သော ဘောလုံးကို အင်နီယေစတာသွင်းယူ၍ စပိန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ကမ္ဘာ့ဖလားဆုကို ဆွတ်ခူးသွားသည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘာစီလိုနာအသင်းနှင့်ရီရဲမက်ဒရစ်အသင်းတို့မှ ကစားသမားများကို အခြေခံ၍ ဖွဲ့စည်းထားသည်။ အုပ်စုပွဲစဉ်၌ ဆွစ်ဇာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသော်လည်း ဟွန်ဒူးရပ်စ်အသင်းကို နှစ်ဂိုးပြတ်၊ ချီလီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားသွားသည်။ ရှုံးထွက်ပွဲစဉ်၌ ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်ပွဲစဉ်၌ ပါရာဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲ၌ ဂျာမနီအသင်းကို ခက်ခက်ခဲခဲကစားပြီး တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ဗိုလ်လုပွဲသို့ ရောက်ရှိကာ ဗိုလ်စွဲသွားခြင်းဖြစ်သည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ၁၉၅၀ ပြည့်နှစ်တွင် စတုတ္ထရသည်အထိသာ အမြင့်ဆုံးရောက်ရှိပြီး ယခုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

နယ်သာလန်အသင်းသည် အုပ်စုပွဲစဉ်၌ ဒိန်းမတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကင်မရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ကာအုပ်စုပထမရရှိသည်။ ရှုံးထွက်ပွဲစဉ်၌ ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဘရာဇီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်နိုင်သည်။ အကြိုဗိုလ်လုပွဲ၌ ဉရုဂွေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်ပြီး ဒုတိယရသွားခြင်းဖြစ်သည်။ နောက်ဆုံးအကြိုဗိုလ်လုပွဲကစားပြီးချိန်တွင် နယ်သာလန်အသင်း

သည် ဆက်တိုက် ၂၅ ပွဲ အနိုင်ရသည့်စံချိန်ကိုတင်သွားသည်။

(၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့တွင် ဂျိုဟန်နစ္စဘတ်မြို့ရှိ ဆော့ကာအားကစားကွင်း၌ နောက်ဆုံးပေါ်နည်းပညာများအသုံးပြုပြီး ရင်သပ်ရှုမောဖွယ်ရပ်သံပြကွက်များ၊ အဆင့်မြင့်နည်းပညာဖြင့် ဖျော်ဖြေရေးကိရိယာပစ္စည်းများကို အသုံးပြုပြီးကျင်းပရာ အာဖရိကယဉ်ကျေးမှုကို ထင်ဟပ်စေရုံသာမက ကမ္ဘာတစ်ဝန်းလုံး ခံစားနိုင်သည့် အနုပညာပြကွက်များဖြင့် ခမ်းနားစွာပြသသွားသည်။ ပိတ်ပွဲအခမ်းအနားကျင်းပသည့်ဆော့ကာစီးတီးအားကစားရုံပတ်လည်၌ အမှောင်ဖုံးနေသော်လည်း ကွင်းကြီးတစ်ခုလုံး မီးရောင်စုံများဖြင့် ထိန်ထိန်ညီးလျက်ရှိသည်။ ပိတ်ပွဲအခမ်းအနား၌ အနုပညာရှင်များစွာသီဆိုဖျော်ဖြေကြရာ ကိုလံဘီယာပေါ့ပ်အဆိုတော် ရှာကီရာမှာ အထင်ရှားဆုံးဖြစ်သည်။

(၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အကောင်းဆုံးဘောလုံးသမားဆု (ရွှေဘောလုံးဆု) ကို ဥရုဂွေးအသင်းမှ ဖော်လန်၊ ဒုတိယအကောင်းဆုံးဘောလုံးသမားဆု (ငွေဘောလုံးဆု) ကို နယ်သာလန်အသင်းမှ ရှနိုက်ဒါ၊ တတိယအကောင်းဆုံးဘောလုံးသမားဆု (ကြေးဘောလုံးဆု) ကို စပိန်အသင်းမှ ဗီလာ၊ အကောင်းဆုံးဂိုးသမားဆုကို စပိန်အသင်းမှ ကာဆီးလက်စ်၊ အကောင်းဆုံးခြေစွမ်းပြသည့် အားကစားသမားဆု (ရွှေဖိနပ်ဆု) နှင့် အကောင်းဆုံးလူငယ်ဘောလုံးသမားဆုတို့ကို ဂျာမနီအသင်းမှ သောမတ်မူလာတို့က ရရှိသွားကြသည်။

(၁၉) ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဆလိုဗေးနီးယားအသင်းသည် ပထမဆုံးအုပ်စုပွဲစဉ်အဖြစ် အယ်လ်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရပြီး ကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အသင်းက ပထမဆုံးခြေစစ်ပွဲအောင်ပြီး အုပ်စုပွဲစဉ်၌ နိုင်အောင်ကစားနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။

တတိယရရှိသည့် ဂျာမနီအသင်းမှ ကွင်းလယ်ကစားသမား သောမတ်စ်မူလာသည် စုစုပေါင်း ငါးဂိုးသွင်းယူနိုင်ခဲ့ရာ ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးအသင်းမှ တိုက်စစ်မှူးပီလီ နောက်ပိုင်းဂိုးအများဆုံးသွင်းယူနိုင်သော အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်သွားသည်။

ဆွစ်ဇာလန်အသင်းသည် ပြိုင်ပွဲကာလ ၅၅၆ မိနစ်အတွင်း တစ်ဂိုးသာ သွင်းနိုင်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရခြင်းကြောင့် ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတို့၌ အီတလီအသင်းက ပြိုင်ပွဲကာလ မိနစ် ၅၅၀ အတွင်း တစ်ဂိုးသာသွင်းနိုင်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသော စံချိန်ထက် ပိုမိုများပြားသည့်အသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။

တတိယရရှိသည့် ဂျာမနီအသင်းမှ တိုက်စစ်မှူး ကလိုဆေးသည် စုစုပေါင်းငါးဂိုးသွင်းယူခဲ့ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ၌ ကလိုဆေး၏စုစုပေါင်းဂိုးသွင်းမှု ၁၄ ဂိုးရှိခြင်းကြောင့် ဘရာဇီးအသင်းမှ တိုက်စစ်မှူး ရိုနယ်ဒို၏ စုစုပေါင်းဂိုးသွင်းမှု ၁၅ ဂိုးကို မကျော်လွှားနိုင်ဘဲ ဒုတိယဂိုးအများဆုံးသွင်းသူအဖြစ် မှတ်တမ်းဝင်သွားသည်။

အုပ်စုပွဲစဉ်၌ မက္ကဆီကိုအသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့ရာ တစ်ဂိုးကို မက္ကဆီကိုအသင်းမှ ဂျာဗီရာဟာနန်ဒက်ဇ်က သွင်းယူခဲ့ခြင်းသည် ၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ မက္ကဆီကိုအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဂျာဗီရာဟာနန်ဒက်ဇ်၏အဘိုးဖြစ်သူ သောမတ်ဘယ်ကာဇာ တစ်ဂိုးသွင်းယူနိုင်မှုနှင့် ဖြစ်ရပ်တူခဲ့သည်။ ဂျာဗီရာဟာနန်ဒက်ဇ်၏ဖခင် ဂျာဗီရာသည် ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ မက္ကဆီကိုအသင်းတွင် အရန်ကစားသမားအဖြစ် ပါဝင်ခဲ့ဖူးသည်။

အိမ်ရှင်တောင်အာဖရိက အသင်းသည် ရှုံးထွက်ပွဲစဉ်အထိ မတက်ရောက်နိုင်ဘဲ ပြိုင်ပွဲမှထွက်ခဲ့ရခြင်းကြောင့် ရှုံးထွက်ပွဲစဉ်အထိ မတက်ရောက်နိုင်သည့် ပထမဆုံးအိမ်ရှင်အသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။ အိမ်ရှင်တောင်အာဖရိကအသင်းနည်းပြအဖြစ် တာဝန်ယူသူ ဘရာဇီးနိုင်ငံသား ပရဲယားသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲငါးကြိမ်တွင် အသင်းငါးသင်းပြောင်းပြီး နည်းပြအဖြစ်ပြိုင်ပွဲဝင်နိုင်ခဲ့ရာ ဘိုရာမီလူတီနိုဗစ်ပြီးလျှင် ပြိုင်ပွဲဝင်

အသင်းအများဆုံးကို နည်းပြအဖြစ် တာဝန်ယူနိုင်သည့် ဒုတိယမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်သွားသည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံ အီတလီအသင်းသည် နိုင်ပွဲမရှိဘဲ အုပ်စုအဆင့်မှထွက်ခဲ့ရခြင်းကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်း၌ အီတလီအသင်း၏ အဆိုးရွားဆုံးဖြစ်ရပ်အဖြစ် မှတ်တမ်းဝင်သွားသည်။

တတိယရရှိသည့် ဂျာမနီအသင်းသည် အကြို ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ရာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်း၌ အကြိုဗိုလ်လုပွဲသို့ စုစုပေါင်း ၁၂ ကြိမ်တက်ရောက်နိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။

**ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (နိုင်ငံတကာ) ။** ။ နိုင်ငံတကာတွင် စာပေယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ၂၀၁၀ ပြည့်နှစ်အတွင်း၌ ကွယ်လွန်ခဲ့ကြသောပုဂ္ဂိုလ်များရှိပါသည်။ ၎င်းတို့အနက် တစ်ဖက်ပါပုဂ္ဂိုလ်များအကြောင်းကို ဖော်ပြအပ်ပါသည်။

**ကိုဟင်၊ ဆင်မျူရယ်။** ။ နျူထရွန်ဗုံးတီထွင်သူ ဆင်မျူရယ်ကိုဟင်ကို အမေရိကန်နိုင်ငံနယူးယောက်မြို့၊ ဘရွကလင်အရပ်၌ မွေးဖွားသည်။ ဆင်မျူရယ်သည် လော့စ်အိန်ဂျလိစ်ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၃ ခုနှစ်တွင် စစ်တပ်တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။

စစ်တပ်တွင်ရှိစဉ် ဆင်မျူရယ်ကို မက်ဆာချူး နည်းပညာတက္ကသိုလ်သို့ သွားရောက်၍ ရူပဗေဒ ဘာသာရပ်ကို သင်ကြားစေခဲ့သည်။ ထို့နောက် ဒုတိယ ကမ္ဘာစစ်အတွင်း မန်ဟက်တန်ပရောဂျက်နှင့် ပတ်သက်၍ အဏုမြူဗုံးထုတ်လုပ်သည့်စီမံကိန်းတွင် ပါဝင်ရန် တာဝန်ပေးခဲ့သည်။

ဆင်မျူရယ်သည် RAND ကော်ပိုရေးရှင်းနှင့် Lawrence Livermore သိပ္ပံလက်တွေ့စမ်းသပ်ခန်းတွင် အလုပ်လုပ်ကိုင်ရင်း ၁၉၅၈ ခုနှစ်တွင် သေးငယ်သော နျူထရွန်ဗုံးကို ထုတ်လုပ်နိုင်ခဲ့သည်။

၎င်းဗုံးကိုသေးငယ်သောအမှုန်လေးများနှင့် ပြုလုပ်ထားပြီး ၎င်းအမှုန်များသည် သိုလှောင်ထားရာ အရာဝတ္ထုမှ ဖောက်ထွက်၍ နံရံများ၊ အဆောက်အအုံများကို အနည်းငယ်သာပျက် စီးစေနိုင်ပြီး လူကိုသာ သေစေနိုင်ခြင်းဖြစ်သည်။ အများအားဖြင့် လူ၏ဗဟို အာရုံကြောအဖွဲ့အစည်းကို ထိခိုက်စေသည်။ ဆင်မျူရယ်သည် ၁၉၅၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ကို တာဝန်ဖြင့် ခရီးသွားခဲ့ရာမှ ၎င်းဗုံးကို တီထွင်ရန် စိတ်ကူးရခဲ့ခြင်း ဖြစ်သည်။ ကိုရီးယားစစ်ပွဲကြောင့် ပျက်စီးနေသော မြို့တော်ကိုကြည့်၍ အဏုမြူဗုံးထက် အချိုးအစားသေးသော နျူထရွန်ဗုံးတစ်မျိုး တီထွင်ရန် ကြံဆခဲ့သည်။

နျူထရွန်များကိုလေထုကစုပ်ယူလိုက်သော ကြောင့်တခြားအဏုမြူလက်နက်များနှင့်ယှဉ်လျှင် နျူထရွန်ဗုံးသည်ဖောက်ခွဲဖျက်ဆီးမှု အစွမ်းနိမ့်သည်။ ထို့ကြောင့် အဆောက်အအုံများကို မူလပကတိအတိုင်း တည်ရှိစေပြီး သက်ရှိများကိုသာသေစေနိုင်ခြင်းဖြစ်သည်။ ဆင်မျူရယ်ကိုဟင်သည်အစာအိမ်ကင်ဆာဖြင့် လော့စ်အိန်ဂျလိစ်မြို့တွင် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ၌ ကွယ်လွန်သည်။

**ကွိုင်ရာလာ၊ ဂီရိဂျာပရာဆတ်။** ။နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းနှင့် နီပေါကွန်ဂရက်ပါတီ ခေါင်းဆောင်ဂီရိဂျာပရာဆတ်ကွိုင်ရာလာကို ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ ဘီဟာမြို့၌ မွေးဖွားသည်။ ၁၉၄၇ ခုနှစ်တွင် နီပေါနိုင်ငံ ဘီရက်နာဂါမြို့ရှိ ဂုန်လျှော်စက်ရုံ အလုပ်သမားလှုပ်ရှားမှုကို ဦးဆောင်ရာမှ အစပြုကာ နိုင်ငံရေးလောကသို့ ဝင်ရောက်သည်။ ၁၉၄၈ ခုနှစ်တွင် နီပေါအလုပ်သမားသမဂ္ဂကို တည်ထောင်သည်။ ၁၉၅၂ ခုနှစ်တွင် နီပေါကွန်ဂရက် ပါတီ၌မောရန်း ခရိုင်၏ ခေါင်းဆောင်ဖြစ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဘုရင်မဟင်ဒရာလက်ထက်တွင် အကျဉ်းကျသည်။ ၁၉၆၇ ခုနှစ်တွင် အခြားသောအလုပ် သမားခေါင်းဆောင်များနှင့် အတူ အိန္ဒိယနိုင်ငံသို့ တိမ်းရှောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် နီပေါနိုင်ငံသို့ ပြန်လည် ရောက်ရှိသည်။ ၁၉၉၀

ပြည့်နှစ်မှစ၍ ဘုရင်စနစ်ကို ဖျက်သိမ်းရန် ဦးဆောင်လှုပ်ရှားခဲ့သည်။ ၁၉၉၀ ခုနှစ်အထိ နီပေါကွန်ဂရက်ပါတီတွင် အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ပါတီ၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ထို့နောက် နီပေါနိုင်ငံ၌ ၁၉၅၉ ခုနှစ်မှစ၍ ၁၉၉၁ ခုနှစ်နောက်ပိုင်းအတွင်း ပထမဆုံးအကြိမ် ကျင်းပခဲ့သောပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဘုရင်ဘိုင်ရင်ဒရာ လက်ထက်တွင် ၁၉၉၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။



ဂီရိဂျာပရာဆတ်
ကွိုင်ရာလာ

ထို့နောက် ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဒုတိယ သက်တမ်းနှင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၁ ခုနှစ်အထိ တတိယသက်တမ်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ (ဘုရင်ဂျာနင်ဒရာလက်ထက်) စတုတ္ထသက်တမ်းအဖြစ် ဝန်ကြီးချုပ် တာဝန်ကို လေးကြိမ်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၂၀၀၇ ခုနှစ်မှ သမ္မတနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သော ၂၀၀၈ ခုနှစ် မေလ ၂၈ ရက် မတိုင်မီကြားကာလတွင် နိုင်ငံ၏ အကြီးအကဲ တာဝန်ကို ယာယီထမ်းဆောင်ခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။

ကွိုင်ရာလာသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၂၀ ရက် အသက် ၈၅ နှစ်အရွယ်တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

၎င်း၏ ဈာပနအခမ်းအနားကို ခတ္တမန္ဒူမြို့ Pashupatinath ဘုရားကျောင်းတွင် ကျင်းပခဲ့သည်။ နီပေါနိုင်ငံကို ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် နှစ်ပေါင်း ၆၀ ကျော်အကြာ တိုက်ပွဲဝင်ခဲ့သူ ဂီရိဂျာပရာဆတ်ကွိုင်ရာလာကို နီပေါအစိုးရက နိုဗယ်လ်ငြိမ်းချမ်းရေးဆုအတွက် အဆိုပြုတင်သွင်းကာ ဂုဏ်ပြုခဲ့သည်။

**ဂရေး၊ပေါလ်။** ။နာမည်ကျော် ဂရမ်မီဆုရ ဟဲဗီးမက်တဲလ် ဂီတအဖွဲ့ဖြစ်သော Slipknot အဖွဲ့မှ ဘေ့စ်ဂစ်တာသမားဖြစ်သူ ပေါလ်ဂရေးသည် ဟောလိုးဝင်းကမျက်နှာဖုံးတပ်ဆင်ပြီး ဘယ်လက်ဖြင့် ဘေ့စ်ဂစ်တာကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်သူအဖြစ် ကျော်ကြားသည်။

ပေါလ်ဂရေးပါဝင်သည့် Slipknot အဖွဲ့သည် ၂၀၀၆ခုနှစ်အတွင်းက Before I Forget သီချင်းဖြင့် ဂရမ်မီဆုရရှိသည်။

အသက် ၃၈ နှစ်အရွယ် ပေါလ်ဂရေးသည် မေလ ၂၄ ရက်နေ့က အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်အတွင်းရှိ Des Moines ဟိုတယ်တွင် နေထိုင်စဉ် ကွယ်လွန်ခဲ့သည်။

**ဆာရာမဂို၊ ဟိုစေး။** ။စိတ်ကူးဉာဏ်အားကောင်းသော စာရေးဆရာဖြစ်သူ ဟိုစေးဆာရာမဂိုသည် ပေါ်တူဂီဘာသာနှင့်ရေးသားပြီး နိုဗယ်လ်ဆုဆွတ်ခူးနိုင်ခဲ့သော ပထမဆုံး စာရေးဆရာဖြစ်သည်။ စိတ်ဝင်စားဖွယ်



ဟိုစေးဆာရာမဂို

ကောင်းသော အလင်္ကာအဖွဲ့အနွဲ့များဖြင့် ရေးသားထားသည့် ၎င်း၏ Blindness ဝတ္ထုမှာလူသိများသည်။ ဆာရာမဂိုကို ပေါ်တူဂီနိုင်ငံ ရီဘက်တီဂျိုပြည်နယ် အဇင်ဟာဂါမြို့တွင် မွေးဖွားသည်။ ဖခင်မှာ ပထမ ကမ္ဘာစစ်အတွင်းက အမြောက်တပ်သားအဖြစ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ ဆာရာမဂို နှစ်နှစ်အရွယ်တွင် မိသားစုမှာ လစ်စဘွန်းမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ဆာရာမဂိုသည်

စာပေလောကသို့ မရောက်မီအချိန်တွင် အလုပ်ပေါင်းစုံ လုပ်ခဲ့ရသည်။ ၁၉၄၄ ခုနှစ်တွင် အယ်လ်ဒါရီးစ်ဆိုသူနှင့် လက်ထပ်ခဲ့ပြီး လက်နှိပ်စက်စာရေးအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကွာရှင်းခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ပေါ်တူဂီကွန်မြူနစ်ပါတီတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ သို့သော် ၎င်းပါတီသည် စစ်အာဏာရှင်စနစ် အုပ်ချုပ်မှုကာလတွင် ဖျက်သိမ်းခံရ သည်။ ဆာရမ်ဂိုသည် ၁၉၇၉ ခုနှစ်မှစ၍ စာရေးခြင်း အလုပ်၌ မြုပ်နှံထားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် သတင်းစာဆရာမတစ်ဦးနှင့်လက်ထပ်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ၎င်း၏ (The Gospel According to Jesus Christ) ဝတ္ထုကို အစိုးရကတားမြစ်ပိတ်ပင်ခဲ့သည့်အချိန်မှစ၍ ပြင်သစ်နိုင်ငံ လန်ကရုတ်ကျွန်းသို့ ပြောင်းရွှေ့ခဲ့သည်။ ဆာရာမဂိုသည် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ခရီးသွားဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် အနုပညာသမားတစ်ယောက်၏ ဘဝအကြောင်းကို ရေးသားထားသည့် ဝတ္ထုတစ်ပုဒ် ပေါ်ထွက်လာသည်။ ပေါ်တူဂီနိုင်ငံတွင် အာဏာရှင်စနစ် အဆုံးသတ်သွားသည့် ၁၉၈၁ ခုနှစ်ကာလ၌ Journey to Portugal ဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် All the Names ကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် အိုးထိန်းသည်တစ်ယောက်နှင့် ၎င်း၏ မိသားစုအကြောင်း ရေးဖွဲ့ထားသည့် ဘဝသရုပ်ဖော်ဝတ္ထု The Care ကိုလည်းကောင်းရေးဖွဲ့ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် စာပေနိုဗယ်လ်ဆုရရှိခဲ့ပြီး အသက် ၈၇ နှစ်အရွယ် ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

## ဆိမ္မွန်၊ ဂျိုး(န်)

နူးညံ့သိမ်မွေ့ကာ ဆွဲဆောင်မှုရှိသော ရုပ်ရည်ကို ပိုင်ဆိုင်ထားသည့် ဗြိတိသျှရုပ်ရှင်မင်းသမီး ဂျိုး(န်)ဆိမ္မွန်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ကရွေချ်ဟောလ်ဒေသ၌ ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် မွေးဖွားသည်။ ၁၉၄၄ ခုနှစ်တွင် အသက် ၁၄ နှစ်အရွယ် အကသင်တန်းသူတစ်ဦးဖြစ်သည့် ဆိမ္မွန်ကို Give Us The Moonရုပ်ရှင်၌ သရုပ်ဆောင်ရန် သင်တန်းကျောင်းက ရွေးချယ်ခဲ့သည်။ ဆိမ္မွန်၏ ဇာတ်ကားများအနက် ၁၉၄၅ ခုနှစ်တွင် Caesar and Cleopatra၊ ၁၉၄၆ ခုနှစ်တွင် တစ်ကိုယ်ကောင်းဆန်သော အက်စတီးလာ ဇာတ်ရုပ်ဖြင့် Great Expectations၊ ၁၉၄၈ ခုနှစ်တွင် ရိုက်ကူးခဲ့သော Hamlet ဇာတ်ကားတို့မှာ ထင်ရှားပြီး Hamlet ဇာတ်ကားတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက် လျာထားခြင်းခံရသည်။



ဂျိုး(န်)ဆိမ္မွန်

၁၉၅၀ ပြည့်နှစ်တွင် မင်းသားစတီးဝပ်ဂရိန်းဂျာနှင့် လက်ထပ်ခဲ့ပြီး ထိုနှစ်မှာပင် Guys and Dolls ဇာတ်ကားတွင် မင်းသားမာလွန်ဘရန်ဒိုနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားတွင် ပါဝင်သော ဇာတ်ဝင်သီချင်းများကို ဆိမ္မွန်ကိုယ်တိုင် သီဆိုခဲ့သည်။ ၎င်းဇာတ်ကားဖြင့်ပင် ရွှေကမ္ဘာလုံးဆုကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဆိမ္မွန်သည် ဂရိန်းဂျာနှင့် လမ်းခွဲခဲ့ပြီး ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာဖြစ်သူ ရစ်ချတ်ဘရုနှင့်လက်ထပ်ခဲ့သည်။ ထိုနှစ်မှာပင် မင်းသား ကာ့ခ်ဒေါက်ကလပ်စ်နှင့် တွဲဖက်၍ Spartacus ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သည်။ ထို့နောက်နှစ်အနည်းငယ်အကြာ ရုပ်ရှင်လောကနှင့် ဝေးကွာခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် All the Way Home ဇာတ်ကား၌ မိခင်တစ်ယောက်အဖြစ်ပီပြင်သော သရုပ်ဆောင်ချက်များဖြင့်ပရိသတ်ကို ပြန်လည်ဆွဲဆောင်ခဲ့သည်။

ထို့နောက် ဇာတ်ကားများစွာတွင် သရုပ်ဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ရိုက်ကူးသော The Happy Ending ဇာတ်ကားတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံခဲ့ရသည်။ ဆိမ္မွန်သည် ၁၉၇၇ ခုနှစ်တွင် ရစ်ချတ်

ဘာရနှင့်လမ်းခွဲခဲ့သည်။၁၉၈၀ ပြည့်လွန်ကာလမျာ:တွင် North and South, The Thorn Birds စသော ရုပ်သံဇာတ်လမ်းများတွင် သရုပ်ဆောင်ခဲ့သည်။ အသက် ၈၁ နှစ်အရွယ် ဗြိတိသျှရုပ်ရှင်မင်းသမီးတစ်ဖြစ်လဲ ဟောလီးဝုဒ်မင်းသမီး ဂျီး(န်)ဆိမ္မန်သည် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမော်နီကာ၌ အဆုတ်ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

**ဒီးန်၊ ဂျင်မီ။** ။အမေရိကန် ကျေးလက်အဆိုတော် ဂျင်မီဒီးန်သည် တက္ကဆက်ပြည်နယ်ရှိ ဆင်းရဲသော မိသားစုမှ ပေါက်ဖွားလာသူဖြစ်သည်။ ဂျင်မီဒီးန်သည် Bumming Around, A Thing Called Love, Slowly စသော တေးသီချင်းအယ်လ်ဘမ်များဖြင့် အောင်မြင်ကျော်ကြားသော ဆယ်စုနှစ်များကို ပိုင်ဆိုင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်များတွင် ၎င်း၏ The Jimmy Dean Show (တစ်ကိုယ်တော်ဖျော်ဖြေပွဲ) များကို တင်ဆက်ခဲ့သည်။

၎င်းသည် Big Bad John ဂန္ထဝင်တေးသီချင်းအယ်လ်ဘမ်ဖြင့် ၁၉၆၁ ခုနှစ်တွင် ဂရမ်မီဆုရရှိခဲ့ပြီး လူကြိုက် အများဆုံးသီချင်းအယ်လ်ဘမ်များတွင် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် Diamonds Are Forever ဂျိမ်းစ်ဘွန်းဇာတ်ကားတွင် Willard Whyte ဇာတ်ကောင် နေရာမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ကျေးလက်ဂီတ လောကတွင် အောင်မြင်ကျော်ကြားခဲ့သူ ဂျင်မီဒီးန်ကို ကွယ်လွန်ခါနီးအချိန်တွင် Hall of Fame (ထင်ပေါ်ကျော်ကြားသူတို့၏အမည်များကို ကမ္ပည်းထိုး မှတ်တမ်းတင်ထားသည့်ခန်းမ) တွင် မှတ်တမ်းတင်ရန် ရွေးချယ်ခဲ့ကြသည်။

**ဗာရယ်လို၊ ဖရန်စစ္စကို။** ။ဗာရယ်လိုသည် ၁၉၃၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပထမဆုံးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင်ပါဝင်ကစားခဲ့သော ကစားသမားများအနက် နောက်ဆုံးသက်ရှိထင်ရှား ကျန်ရစ်သူ အာဂျင်တီးနားအားကစားသမားကြီးဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့တွင် အာဂျင်တီးနားနှင့်ဥရုဂွေးနိုင်ငံတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ရာတွင် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းသည် ဥရုဂွေးအသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဗာရယ်လိုသည် ဘိုကာဂျူနီယာကလပ်တွင် ကစားခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၉၄ ဂိုးသွင်းကာ စံချိန်သစ်တစ်ရပ် တင်ပေးနိုင်ခဲ့သူဖြစ်သည်။ ယင်းစံချိန်ကို လက်ရှိဘိုကာဂျူနီယာတိုက်စစ်မှူးမာတင်ပါလာမိုတစ်ဦးတည်းသာ ချိုးနိုင်ခဲ့သည်။ ဗာရယ်လိုသည် အသက် ၁၀၀ အရွယ်တွင် ကွယ်လွန်သည်။

**ရာအဒူဝါ၊ အူမာရူ** ။ ။နိုင်ဂျီးရီးယားသမ္မတဟောင်း အူမာရူရာအဒူဝါကို ၁၉၅၁ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် နိုင်ဂျီးရီးယားနိုင်ငံ ကက်ဆီနာပြည်နယ်၌ မွေးဖွားသည်။



အူမာရူရာအဒူဝါ

ရာအဒူဝါသည်ဇာရီယာမြို့ရှိ ဝိဇ္ဇာသိပ္ပံနှင့် နည်းပညာကောလိပ်တွင် နည်းပြဆရာအဖြစ် ၁၉၈၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ နောက်ပိုင်းတွင် People's Redemption Party နှင့် Social Democratic Party တို့တွင် အဖွဲ့ဝင်အဖြစ် နိုင်ငံရေးလုပ်ငန်းများ လုပ်ကိုင်သည်။ ၁၉၉၉ ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ၌ ရွေးချယ်ခံခဲ့ရပြီး ကက်ဆီနာပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ၁၉၉၉ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် အာဏာရပြည်သူ့ဒီမိုကရက်တစ်ပါတီ (People Democratic Party) ၏ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာ မဲအရေအတွက် ၂၄

ဒသမ ၆ သန်းဖြင့် သမ္မတအဖြစ် ရွေးကောက်ခြင်း ခံရသည်။ ရွေးကောက်ပွဲသည် အငြင်းပွားဖွယ်ရာပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရပြီး လေ့လာသူများ၏ ဝေဖန်မှုများကို အပြင်းထန်ဆုံးခံခဲ့ရသည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် ရာအဒူဝါသည် ၎င်း၏ပိုင်ဆိုင်မှုများကို တရားဝင်ကြေညာခဲ့သည်။ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ဝန်ကြီး ၃၉ ဦး ပါဝင်သော ရာအဒူရာ၏ အစိုးရအဖွဲ့စတင် တာဝန် ထမ်းဆောင်သည်။ နိုင်ဂျီးရီးယားနိုင်ငံ၏ ၁၃ ယောက်မြောက် သမ္မတဖြစ်သူ အူမာရူရာအဒူဝါသည် ၂၀၁၀ပြည့်နှစ် မေလ ၅ ရက်နေ့တွင် နိုင်ဂျီးရီးယား နိုင်ငံအဘူဂျာမြို့ ရှိအေဆိုရော့စ် သမ္မတအိမ်တော်၌ နလုံးရောဂါဖြင့် ကွယ်လွန်သည်။

## ရှနိုက်ဒါ၊ စတီဖင်(န်)

စတီဖင်(န်)သည် စတန်း(န်)ဖို့ဒ်တက္ကသိုလ်မှ ရာသီဥတုသုတေသနပညာရှင်ဖြစ်သည်။ ၎င်းသည် ရာသီဥတုဆိုင်ရာ ပညာရပ်များကို ငယ်စဉ်ကတည်းက ခုံမင်စွာလေ့လာခဲ့သည်။



**စတီဖင်(န်)ရှနိုက်ဒါ**

၁၉၈၀ ပြည့်လွန်နှစ်များတွင် လေထုသုတေသနပြု အမျိုးသားဗဟိုဌာနတွင် လုပ်ကိုင်ခဲ့ပြီး ကမ္ဘာကြီး ပူနွေးလာမှု ဖြစ်စဉ်သည် အမှန်တကယ် ဖြစ်ပေါ်နေပြီး အလွန်အန္တရာယ်ကြီးမားသည်ဆိုသည့် အဆိုကို ထောက်ခံအားဖြည့်သည့် ဆောင်းပါးအမြောက်အမြား ရေးသားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် စတန်း(န်)ဖို့ဒ်တက္ကသိုလ်သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ စတီဖင်(န်)သည် ကမ္ဘာကြီး ပူနွေးလာမှုကို အယုံအကြည်မရှိသူများနှင့် ဆန့်ကျင်၍ လူတို့၏ ပယောဂကြောင့်ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုများအကြောင်းကို ပြည်သူများ သတိပြု စေခဲ့သည်။ စတီဖင်(န်) ရှနိုက်ဒါသည် ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက် အသက် ၆၅ နှစ်အရွယ်တွင် ကွယ်လွန်သည်။

## ဝါဟစ်၊ အဒူရာမန်

ဝါဟစ်ကို ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်း ဂျမ်ဘန်းပြည်နယ်၌ မွေးဖွားသည်။ ဝါဟစ်သည် ဒီမိုကရေစီစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခံရသည့် အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်ပြီး အင်ဒိုနီးရှား



**အဒူရာမန် ဝါဟစ်**

နိုင်ငံ၏ အကြီးဆုံးမွတ်ဆလင်ဘာသာရေးအဖွဲ့အစည်း ဖြစ်သည့် Nahdlatul Ulama အဖွဲ့၏ခေါင်းဆောင်တစ်ဦး လည်း ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဘာသာရေးနှင့် နိုင်ငံရေး ခေါင်းဆောင်ဖြစ်သူ ဝါဟစ်သည် အမျိုးသားနိုးကြားရေးပါတီကို စတင်တည်ထောင်ခဲ့သည်။

၁၉၉၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှ ၂၀၀၁ ခုနှစ် ဇူလိုင်လ ၂၃ ရက်အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဝါဟစ်သည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နလုံးရောဂါနှင့် ဆီးချိုရောဂါတို့ကြောင့် ကျောက်ကပ်ပျက်စီးကာ အသက် ၆၉ နှစ်အရွယ်တွင် ကွယ်လွန်သည်။ ၎င်း၏ ဈာပနအခမ်းအနားကို နိုင်ငံတော်အဆင့် ကျင်းပ၍ ၇ ရက်ကြာ နိုင်ငံတော်အလံတစ်ဝက်လွှင့်ထူခြင်းဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ခဲ့သည်။

## ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၁၀)

။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသော ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့်နိုင်ငံရေး၊ စီးပွားရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ကွယ်လွန်သွားကြသည့်ပုဂ္ဂိုလ်များရှိသည်။

### ရဟန်းတော်များ

**ကဝိန္ဒ၊ ဘဒ္ဒန္တ**
သက်တော်(၁၁၁)နှစ်၊ သိက္ခာတော်(၉၁)ဝါ
ဝက်လက်မြို့နယ်၊ ဒွန်တဲကုန်းကျေးရွာ၊ ပုဗ္ဗာရုံ ကျောင်းတိုက်ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ကုမာရ၊ ဘဒ္ဒန္တ**
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့မဟာဝိသုတာရာမတိုက်သစ် ဦးစီးပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် ပျံလွန်တော်မူသည်။)

**ကေလာသ၊ ဘဒ္ဒန္တ**
**သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ**
**အဂ္ဂမဟာပဏ္ဍိတ၊** အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသန **ဓဇဓမ္မာစရိယ၊** ဝိနယ ပါဠိပါရဂူ၊ လယ်တီ နိကာယ **ဥက္ကဋ္ဌ၊** လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ပဓာန **နာယက၊ မုံရွာမြို့**မဟာလယ်တီတိုက် နဝမပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ကောဝိဒ၊ ဘဒ္ဒန္တ**
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်မြို့ ရွှာဘဲနယ်မြေ ရွှေဟသ်ာရပ်ကွက် သီတာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ကုဏ္ဍလ၊ ဘဒ္ဒန္တ**
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မဟာသုတဒီပနီကျမ်းပြု၊ လယ်တီနိကာယအကျိုးတော်ဆောင်၊ မုံရွာမြို့အရှေ့လယ်တီ ကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဂုဏဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၁၀၀)၊ သိက္ခာတော် (၈၀)
အင်္ဂပူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မဟာဒွါရနိကာယ ဩဝါဒါစရိယ၊ အနုနာယက၊ ကန်ဆည်ကျေးရွာ၊ ဘုရားကြီးကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဇနိတ၊ ဘဒ္ဒန္တ**
သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပင်လယ်ဘူးမြို့နယ် ဩဝါဒါစရိယ၊ မြစေတီကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဉာဏောဘာသ၊ ဘဒ္ဒန္တ**
သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ နတ်မောက်မြို့ ဆုတောင်း

ပြည့်ဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ တမာပင်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဉာဏိန္ဒ၊ ဘဒ္ဒန္တ**
သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကင်းမြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ မိုးကောင်းဘုရားကြီး ဩဝါဒါစရိယ၊သာသနဝုဍ္ဎိကျောင်းတိုက်ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**တိလောက၊ ဘဒ္ဒန္တ**
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ
မဟာကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏ ဩဝါဒါစရိယ၊ မြစ်သားမြို့နယ် ညောင်ချစ်ကျေးရွာ ရေလည်မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဓမ္မပါလ၊ ဘဒ္ဒန္တ**
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ ကလေးမြို့စကားလှဓမ္မာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**နန္ဒသိရီ၊ ဘဒ္ဒန္တ**
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် နန္ဒာအေးကျောင်း ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**နန္ဒာမေဓာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ
တိုင်းဒေသကြီးသံဃနာယကအဖွဲ့(မူလဒွါရ) ဥက္ကဋ္ဌဟောင်း၊ မြိတ်မြို့မဟာသိဒ္ဓိအောင်စာသင်တိုက် ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တပို့တွဲလကွယ်နေ့တွင် ပျံလွန်တော်မူသည်။)

**နန္ဒောဘာသာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သ-စ-အ ဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပညာရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ ပြည်မြို့ ဝိသုဒ္ဓါရုံဇာရာဏသီတိုက် တိုက်အုပ်ဆရာတော်
(၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ပညာဝံသ၊ ဘဒ္ဒန္တ (ရေတော်ဆရာတော်)**
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ၊ မဟာမုနိရုပ်ရှင်တော် (ရေတော်ဆရာတော်) ချမ်းမြသာစည်မြို့နယ် တောင်ပြင်ထီးလင်းတိုက် ကျားပျံပိဋကတိုက်ကျောင်းဆရာတော်
(၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ပညာသာမိဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာသာဗဟိုအဖွဲ့၊ ပရိယတ္တိ သာသနဟိတ သကျသီဟအသင်း၊ ရွှေဘိုမြို့နယ်လုံး ဆိုင်ရာ ဝိနယာနုဂ္ဂဟစာမေးပွဲ၊ ချမ်းသာကြီး ဆန်လှူ အသင်း၊ မဟာမုနိဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ဝိနယ နယူ ပဒေသကျောင်းမဟာနာယက
(၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ပညာသီဟ၊ ဘဒ္ဒန္တ**
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ ကမာရွတ်မြို့နယ် အုန်းတောပရိယတ္တိစာသင်တိုက်ဆရာတော်
(၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ပဒုမ၊ ဘဒ္ဒန္တ**
သက်တော် (၉၇) နှစ်၊ သိက္ခာတော် (၇၇) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဩဝါဒါစရိယ၊ လှည်းကူး မြို့နယ် ဝါးရုံတောကျောင်းတိုက် ပဓာန မဟာနာယက
(၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ပဏ္ဍဝ၊ဘဒ္ဒန္တ**
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ နတ်မောက်မြို့နယ် လက်ပံတုန်းကျေးရွာ ဖျောက်ဆိပ်ပင်ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၂နှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင်ပျံလွန်တော်မူသည်။)

**ပဏ္ဍိစ္စ၊ ဘဒ္ဒန္တ**
သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၀)
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မင်းရွာကမ္မဋ္ဌာန်းကျောင်းနှင့် ရန်ကုန်အောင်မွေရိပ်သာ ပဓာနနာယက
(၁၃၇၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဘဒ္ဒိယ၊ ဘဒ္ဒန္တ**
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၂)ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာကေတမြို့နယ် မဟာဂန္ဓာရုံရိပ်သာကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**မာလာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ထားဝယ်မြို့ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဝိသုဒ္ဓ၊ ဘဒ္ဒန္တ**
သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပုဇွန်တောင်မြို့နယ် စင်ကာပူပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဝိစာရလင်္ကာရ၊ ဘဒ္ဒန္တ**
သက်တော် (၈၀)၊ သိက္ခာတော်(၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက်မဟာမြိုင် ဘုန်းဘုရားစာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**သိရီ၊ ဘဒ္ဒန္တ**
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ အင်းစိန်မြို့နယ် မာလာရာမ ကွက်သစ်ကျောင်းတိုက်ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**သီဟဉာဏာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပဲခူးမြို့ ဆံတော်တွင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**သောဘိတ၊ ဘဒ္ဒန္တ**
သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဗဟန်းမြို့နယ် ဝက်ပါ ရေလယ်ကျောင်းတိုက်ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**သံဝရ၊ ဘဒ္ဒန္တ**
သက်တော်(၉၀) ၊ သိက္ခာတော်(၇၀)
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ၊ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ သြဝါဒါစရိယ
(၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**သေဋ္ဌိလ၊ ဘဒ္ဒန္တ**
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဇီးကုန်းမြို့ ပဋ္ဌာနရုံ ဘုရားကြီးကျောင်း မိုးကုတ်ဝိပဿနာရိပ်သာအဖွဲ့ခွဲ ၆၀ ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**အတိစိတ္တဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မူလဒွါရ)၊ သထုံမြို့နယ် သာသနဗိမာန်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**အာဒိစ္စဝံသ၊ ဘဒ္ဒန္တ**
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကျောက်တံခါးမြို့နယ် ဖဒိုမြို့ဘုရားကြီးကျောင်းတိုက် ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**အာသဘ၊ ဒေါက်တာ**
သက်တော် (၁၀၀)၊ သိက္ခာတော် (၈၀)
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ ဝိဝေကာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် နေ့တွင် ပျံလွန်တော်မူသည်။)

**ဥက္ကံသဝရ၊ ဘဒ္ဒန္တ**
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် တောင်ငူကျောင်းပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့တွင် ပျံလွန်တော်မူသည်။)

**အကိုရ၊ ဘဒ္ဒန္တ**
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ၊

အမ်းမြို့နယ် အနောက်ကျေးရွာ မြသိန်းတန်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**အဂ္ဂဝံသာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အမရပူရမြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**ဥတ္တရ၊ ဘဒ္ဒန္တ**
သက်တော်(၁၀၅)နှစ်၊ သိက္ခာတော်(၈၅)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒိုက်ဦးမြို့နယ် ရှမ်းစုကြီးကျေးရွာ ရှမ်းစုကျောင်းတိုက်ပဓာန နာယက
(၁၃၇၁ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

**သီလရှင်ဆရာကြီးများ**

**ပညာသီဂီ၊ ဒေါ်**
သက်တော် (၇၄) နှစ်
ဂန္ထဝါစကပဏ္ဍိတ၊ လှိုင်မြို့နယ် တြိရတနာ သီလရှင်စာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် ကွယ်လွန်တော်မူသည်။)

**သုခစာရီ၊ ဒေါ်**
သက်တော်(၁၀၂)နှစ်၊ ဝါတော်(၇၈)ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ မော်လမြိုင်မြို့ခေမာရာမသီလရှင်စာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့တွင် ကွယ်လွန်တော်မူသည်။)

**လူပုဂ္ဂိုလ်များ**

**ကိုကို၊ ဗိုလ်မှူးကြီး(ငြိမ်း)**
အသက်(၈၈)နှစ်
စည်သူဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန (ယခင်) ဝန်ကြီး (ငြိမ်း)
(၁၄-၃-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ကမ္ဘောဇခင်လှိုင်**
အသက် (၇၉) နှစ်
စာရေးဆရာ ကမ္ဘောဇခင်လှိုင် (ဒေါက်တာ ခင်လှိုင်)၊ ဆေးရုံအုပ်ကြီး(ငြိမ်း)၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း (လားရှိုး) နာယက
(၁၂-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ကျော်ငြိမ်း၊ ဗိုလ်မှူးကြီး(ငြိမ်း)**
အသက်(၈၇)နှစ်
ပညာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)
(၃-၇-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ကျော်ညွန့်၊ ဦး**
အသက်(၇၅) နှစ်
ရေဒီယိုအဆိုတော် တေးသံရှင်ကိုကျော်ညွန့်
(၂၂-၉-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ကြည်အေး၊ ဦး(အေဝမ်း)**
အသက် (၈၆)နှစ်
ဂီတမှူး၊ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာသန်းကျော်ဌေး
(၁၉-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ခင်ခင်စိန်၊ ဒေါ် (ယုဝတီရွှေဝါစိန်)**
အသက် (၈၆) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်
(၁၄-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ခင်ခင်အေး၊ ဒေါ်**
အသက် (၈၃) နှစ်
စာရေးဆရာမကြီး ခေညဝတီခင်
(၁၈-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ခင်ညိမ်း၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
အသက် (၈၅) နှစ်
ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းနှင့်အလုပ်သမား ဝန်ကြီးဌာန(ယခင်)ဒုတိယဝန်ကြီး (ငြိမ်း)
(၃၁-၁၀-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ခင်မောင်ညို၊ ဦး**
အသက် (၈၆) နှစ်
စာရေးဆရာ ခင်မောင်ညို(မန်း)၊ လွတ်လပ်ရေးမော် ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ စစ်မှုထမ်းကောင်းတံဆိပ်ချီးမြှင့်ခြင်းခံရသူ
(၁-၁၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ခင်မောင်မြင့်၊ ဦး**
အသက် (၆၁) နှစ်
စာရေးဆရာမာန်မြင့် (ကန့်ဘလူ)၊ ဝတ္ထုတို စာရေးဆရာ အဖြစ်ထင်ရှားသူ
(၂၁-၃-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ခင်မောင်သန်း၊ ဦး**
အသက် (၇၄) နှစ်
စာရေးဆရာ ခင်မောင်သန်း (စိတ်ပညာ)၊ မန္တလေးတက္ကသိုလ် စိတ်ပညာဌာနပါမောက္ခဌာနမှူး(ငြိမ်း)
(၁၈-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ချစ်သိန်းဦး၊ ဦး**
အသက် (၇၈) နှစ်
စာရေးဆရာ၊ သတင်းစာဆရာ CTO၊ လုပ်သားပြည်သူ့ နေ့စဉ်(အင်္ဂလိပ်) (ယခင်) ဒုတိယ အယ်ဒီတာချုပ် (ငြိမ်း)၊ မြန်မာတိုင်းမ်ဂျာနယ် အတိုင်ပင်ခံ စာတည်း
(၆-၄-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဂုဏ်လင်းကျော်**
အသက် (၆၀)
စာရေးဆရာဂုဏ်လင်းကျော် (ဗိုလ်မှူးတင်စိုး) (ငြိမ်း)၊ ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆုရှင်၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး (ငြိမ်း)
(၇-၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ကျော်လီဆွေ၊ ဦး**
အသက် (၈၀)
ရုပ်ရှင်သရုပ်ဆောင်၊ ကျော်လီဆွေနှင့်သားများဗီဒီယို ထုတ်လုပ်ရေး
(၅-၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စိုးမြင့်၊ ဗိုလ်ချုပ် (ငြိမ်း)**
အသက် (၇၁) နှစ်
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)
(၃၁-၇-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စိုးမြင့်၊ သခင်**
အသက် (၈၇) နှစ်
(၂၀-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စန္ဒာအောင်သိန်း**
အသက် (၇၆) နှစ်
ရုပ်ရှင်ဒါရိုက်တာ
(၁၉-၃-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စိန်ထွန်း၊ ဗိုလ်မှူးကြီး (ငြိမ်း)**
အသက် (၈၄) နှစ်
ဇေယျကျော်ထင်ဘွဲ့၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး

ဌာနဝန်ကြီး (ငြိမ်း)
(၂၁-၇-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စိန်လှမြိုင်**
အသက် (၈၅) နှစ်
ရှာစား၊ ဆိုင်းဆရာကြီး
(၁၂-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စိန်လှိုင်၊ ရဲအုပ်ကြီး (ငြိမ်း)**
အသက် (၉၂) နှစ်
မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ်ဟောင်း၊ FIFA ရာပြည့်ဂုဏ်ပြုရှင်
(၇-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**စဝ်ထွန်းမှတ်ဝင်း၊ဦး**
အသက် (၈၅) နှစ်
အမျိုးသားစာပေဆု (၁၉၆၈ ခုနှစ်) ရရှိသူ၊ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူး) နှင့် မဟာဝိဇ္ဇာဘွဲ့ (ရန်ကုန်တက္ကသိုလ်)၊ မဟာဝိဇ္ဇာဂုဏ်ထူးဘွဲ့ (အောက်စဖို့ဒ်တက္ကသိုလ်)၊ ညွှန်ကြားရေးမှူး(ငြိမ်း) သာသနာရေးဝန်ကြီးဌာန
(၂၀-၄-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ညွန့်တင်၊ ဦး**
အသက် (၆၂) နှစ်
ပန်းချီမောင်ငြိမ်းချမ်း (စိုင်းဗေဒါ)
(၂၉-၆-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**တက္ကသိုလ်မြစိမ်း**
အသက် (၇၃)နှစ်
စာရေးဆရာမကြီးတက္ကသိုလ်မြစိမ်း (ဒေါ်မြင့်မြင့်သန်း)၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနစာပေစိစစ်ရေးမှူး (ငြိမ်း)၊ ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို "မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများ" စာအုပ်ဖြင့် လည်းကောင်း၊ ၁၉၇၈ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုကို "နောက်တိုး" စာအုပ်ဖြင့် လည်းကောင်းရရှိသူ
(၄-၃-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**တင်ချိုဦး၊ ဦး**
အသက် (၇၇) နှစ်
ဂီတစာဆိုစန္ဒရားတင်ချိုဦး၊ သယ်န်းကျွန်းပညာရေးကောလိပ် ဂီတဌာန အငြိမ်းစားဌာနမှူး
(၂၉-၁၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**တင်တင်လှ**
အသက် (၆၈) နှစ်
ရုပ်ရှင်သရုပ်ဆောင်တင်တင်လှ
(၂-၁၀-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**တင်သန်းဦး (ဒါရိုက်တာ)**
အသက် (၅၈) နှစ်
စာရေးဆရာ၊ ဒါရိုက်တာတင်သန်းဦး (ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး) (ငြိမ်း)၊ ရဲဘော်သစ်မောင်ကလောင် အမည်ဖြင့် ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုရရှိသူ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
(၅-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ထိန်ဝင်း၊ သခင် (နဂါးနီ)**
အသက် (၉၈) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)
(၂၀-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ထွန်းမြိုင်၊ ဦး (ချစ်ဒါလီ)**
အသက် (၈၈) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်
(၂-၆-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ထွန်းအောင်ကျော်၊ ဗိုလ်မှူးကြီး(ငြိမ်း)**

အသက် (၉၀)

ဖေယျကျော်ထင်ဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်၊ ပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင်(ငြိမ်း)၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဂျပန်ခေတ် စစ်တက္ကသိုလ်ဗိုလ်သင်တန်းအပတ်စဉ်(၁)၊ တပ်မတော် ဗိုလ်သင်တန်းကျောင်း အပတ်စဉ် (၂)

(၁၇-၁၀-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဒေါ်ခင်နွဲ့ဟန်ကြည်**

အသက် (၆၉) နှစ်

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်ပညာရှင်၊ ရုပ်ရှင်ဗီဒီယိုဆင်ဆာအဖွဲ့ အဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီဆင်ဆာအဖွဲ့ အဖွဲ့ဝင်၊ သာသနာရေးဆိုင်ရာစာတမ်းများ၊ ဆောင်းပါးများနှင့် ဆရာတော်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ပြုစုရေးသားသူ

(၂၆-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဓနုဖြူ စိုးသိန်း**

အသက် (၇၄) နှစ်

ရေဒီယိုအဆိုတော်တေးသံရှင် ဓနုဖြူစိုးသိန်း၊ လူမှုထူးချွန်(တတိယဆင့်)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံကာလပေါ်တေးသီချင်း စိစစ်ရေးဘုတ်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အဖွဲ့ဝင်

(၅-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**နိုင်ပန်းလှ၊ ဒေါက်တာ**

အသက် (၈၈) နှစ်

ရှေးဟောင်းသုတေသနဦးစီးဌာန သုတေသနမှူး(ငြိမ်း)၊ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း မေယိုတက္ကသိုလ်ပါမောက္ခဟောင်း

(၁၈-၆-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**နန်း၊ ဒေါ် (သုရမ)**

အသက် (၁၀၂) နှစ်

(၇-၁၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**နန်းညွန့်ဆွေ**

အသက် (၈၆) နှစ်

စာရေးဆရာ၊ ကဗျာဆရာ နန်းညွန့်ဆွေ (ဦးအောင်သိန်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန သုတေသနမှူး(ငြိမ်း)၊ ဆောင်းပါးပုဒ်ရေ ၈၀၀ ခန့်နှင့် ကဗျာပုဒ်ရေ ၁,၂၃၀ ကျော်ရေးသားသူ

(၁၄-၇-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဖေသိန်း၊ ဒေါက်တာ**

အသက် (၈၂) နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊ M.B.B.S,Ph.D (Durham)

(၁၃-၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဘသိန်း၊ ဦး**

အသက် (၁၀၀)

ဂီတစာဆိုဦးဘသိန်း(မန္တလေး)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နာယက၊ မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းနာယက၊ ရွှေမန်းဆီသို့၊ ကျောင်းသွားဖော်၊ ခါတော်ရေသဘင်၊ ပန်းပုသူဇာ၊ ပင်ကိုချော၊ သုံးရာသီစသည့် သီချင်းများအပါအဝင် သီချင်းပုဒ်ရေ ၂၀၀ ခန့်ရေးသားခဲ့သူ

(၃၁-၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မိုးဟိန်း**

အသက် (၆၈) နှစ်

စာရေးဆရာ၊ ကဗျာဆရာ သားဂျာနယ်ကျော်၊ မြန်မာစာပေလောက၌ ထင်ရှားကျော်ကြားခဲ့သော ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော် ဒေါ်မမလေးတို့၏ သားဖြစ်ပြီးကိုယ်တိုင်လည်း စာပေလောက၌ ကျော်

ကြားသူ
(၂၃-၉-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မင်းဆွေ (ကာတွန်း)**
အသက် (၅၁) နှစ်
(၃၀-၈-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မောင်နေမျိုး (ဒါရိုက်တာ)**
အသက် (၇၉) နှစ်
စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာမောင်နေမျိုး (ဦးစိန်ညွန့်)၊ သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ
(၃၀-၆-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မောင်အောင်၊ ဦး**
အသက် (၇၆)နှစ်
လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)
(၂၁-၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မျိုးမြင့်၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)**
အသက် (၈၇) နှစ်
ဖေယျကျော်ထင်ဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ဒုတိယဝန်ကြီး (ငြိမ်း)၊သံအမတ်ကြီး (ငြိမ်း)
(၁၅-၉-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မြတင်၊ ဒေါ်**
အသက် (၉၃) နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဝိဇ္ဇာဘွဲ့၊ ပညာရေး တက္ကသိုလ် ပထဝီဝင်ဌာန အငြိမ်းစားကထိက၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပိဋကတ်ဘာသာပြန်စာတည်းအဖွဲ့ သဘာပတိ
(၂၁-၁၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မြရီ၊ ဒေါ် (လေထီး)**
အသက် (၉၂) နှစ်
ဖက်ဆစ်တော်လှန်ရေးကာလ တစ်ဦးတည်းသော လေထီးရဲမေအဖြစ်ထင်ရှားသူ၊ မြဝတ်ရည်ကလောင်အမည်ဖြင့် နဂါးနီအသင်း၌ စာပေများရေးသားသူ၊ ကျောင်းဆရာမအဖြစ် ဆောင်ရွက်ရင်း လူမှုရေး အကျိုးပြုလုပ်ငန်းများလုပ်ကိုင်သူ
(၉-၁၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မြသင်း၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)**
အသက် (၇၉)နှစ်
ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)
(၄-၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**မြင့်သွေး၊ ဦး**
အသက် (၆၃)နှစ်
စာရေးဆရာ သုတေသီဘုန်းမြင့်သွေး
(၂၀-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ရဲစိန်၊ ဦး (စိန်မဟာသဘင်)**
အသက် (၆၉) နှစ်
သဘင်၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်
(၈-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ရွှေဘိုမိမိကြီး**
အသက် (၈၄) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်ဒေါ်မိမိကြီး (ရွှေဘိုမိမိကြီး)၊ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ ၁၉၈၁၊ ၁၉၉၁နှင့် ၁၉၉၅ ခုနှစ်များတွင် စာပေဗိမာန်စာမူဆုများနှင့် ၁၉၉၉ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ စာပေဆုရရှိသူ
(၂-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ရွှေအုံး၊ ဦး**
အသက် (၈၉)နှစ်
တရားရုံးချုပ်ရှေ့နေ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (တတိယဆင့်)၊ B.A, B.L, DMA
(၂၀-၈-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဝင့်ကျော်၊ ဦး**
အသက် (၆၄)နှစ်
စာရေးဆရာ၊ ဘဏ်လုပ်ငန်းပညာရှင်၊ ဧရာဝတီဘဏ် အုပ်ချုပ်မှု ဒါရိုက်တာ၊ B.Com (BFI).,RL
(၁၁-၉-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဝင်းကြည်၊ ဦး**
အသက် (၇၈)နှစ်
မြန်မာ့အသံကိုသစ္စာ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဦးစီးအရာရှိ (ရုပ်/မြင်) (ငြိမ်း)
(၂၈-၁၁-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**သာဂဒိုး**
အသက် (၈၅) နှစ်
သတင်းစာဆရာ၊ စာရေးဆရာသာဂဒိုး(ဦးတင်စိုး)၊ ကြေးမုံသတင်းစာ အယ်ဒီတာချုပ်(ငြိမ်း)၊ လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်)
(၂၄-၄-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**သီလှ၊ ဒုတိယ ဗိုလ်မှူးကြီး (ငြိမ်း)**
အသက် (၉၂)နှစ်
ဇေယျကျော်ထင်ဘွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အတွင်းရေးမှူးဟောင်း
(၃၁-၇-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**သုမောင်**
အသက် (၆၀)
စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်နှင့်တေးသံရှင် အကယ်ဒမီ သုမောင် (ဦးဗလ)၊ ၁၉၉၀ ပြည့်နှစ်တွင် ခုနစ်စဉ်အလွမ်း ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီ (မြန်မာ့ရုပ်ရှင်ထူးချွန်ဆု) ရရှိသူ
(၁၆-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**သင့်ဘဝဦးရဲလွင်**
အသက် (၈၈) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် သင့်ဘဝဦးရဲလွင်၊ ပင်ကိုရေးလုံးချင်းဝတ္ထုများ၊ဘာသာပြန်စာအုပ်များ၊ ဘာသာရေးစာအုပ်များ၊ ထေရုပ္ပတ္တိစာအုပ်များ၊ ဂျာနယ်နှင့် မဂ္ဂဇင်းဆောင်းပါးများ ရေးသားသူ
(၂၁-၇-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**သန်းညွန့်၊ ဗိုလ်မှူးကြီး(ငြိမ်း)**
အသက် (၈၃) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် မှူးသပြေ၊ ဇေယျကျော်ထင်ဘွဲ့၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်၊ သပြေတေးမဂ္ဂဇင်း စာတည်းမှူးချုပ်(ဟောင်း)
(၁၂-၆-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**သန်းမြင့်အောင်၊ ဦး**
အသက် (၄၂) နှစ်
ပန်းချီဆရာ သန်းမြင့်အောင်၊ စာရေးဆရာကိုသီအောင်၊ ကဗျာဆရာသင်းဝေအောင်၊ A.G.T.I (E.P)
(၁၁-၅-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဟန်စိန်၊ ဦး**
အသက် (၆၂) နှစ်
ကဗျာဆရာ ရွှေမြင့်မောင်ဖူးဝါ၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေစာပေဆုများရရှိသူ
(၅-၄-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ဦးစောလှ၊ ဗိုလ်မှူးကြီး (ငြိမ်း)**
အသက် (၇၆) နှစ်
အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)
(၅-၃-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**အောင်ခင်၊ ဗိုလ်မှူးကြီး (ငြိမ်း)**
အသက် (၇၉) နှစ်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော်ဝန်(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)
(၂၁-၁၀-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

## အောင်စိုး၊ ဦး

အသက် (၈၄) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် စာရေးဆရာကြီး အောင်စိုး၊ စစ်ပညာဂျာနယ် အယ်ဒီတာ(ငြိမ်း)၊ ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆု ရရှိသူ
(၂၂-၂-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

## အောင်မြင့်၊ တပ်ကြပ်ကြီး (ငြိမ်း)

အသက် (၇၇) နှစ်
ရေဒီယိုအဆိုတော် တေးသံရှင် တပ်ကြပ်ကြီးအောင်မြင့်
(၂၀-၄-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

## အုန်းမြင့်၊ သခင် (တိုးတက်ရေး)

အသက် (၉၃) နှစ်
ဖဆပလ အစိုးရလက်ထက် ကျော်လင်းစာပေကို ထူထောင်သူ၊ တိုးတက်ရေးသတင်းစာ၌ အယ်ဒီတာအဖြစ်လုပ်ကိုင်သူ၊ ဂျာနယ်ကျော်ကို ထုတ်ဝေသူ၊ ဂျပန်တော်လှန်ရေး၌ ပါဝင်သူ
(၁၇-၉-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

## အုံးနိုင်၊ ဒေါက်တာ

အသက် (၈၇) နှစ်
သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်၊ B.A(Hons).,M.A.,Ph.D (USA)
(၂၀-၆-၂၀၁၀ ရက်နေ့တွင် ကွယ်လွန်သည်။)

**ရဟန်းတော်များအပိုင်းမှ အချို့ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။**

**ကုမာရ၊ဘဒ္ဒန္တ(မကွေးဆရာတော်) (မြန်မာ ၁၂၈၄-၁၃၇၁)။** ။နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ဘဒ္ဒန္တ ကုမာရကို ခမည်းတော် ဦးထွန်းကြွယ်၊ မယ်တော် ဒေါ်ပိုးမျှင်တို့က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ စကုမြို့နယ်၊ လေးအိမ်တန်းကျေးရွာ၌ ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ် တပို့တွဲလတွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျွန်းကလေးကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၃၀၄ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ မိနစ် ၃၀ တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စကုမြို့နယ် ဆင်ခေါင်းရွာ ကြို့ယွန်းကျောင်း ဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန်းချောင်းခေါ် နမ္မဒါမြစ် ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ခြောက်နှစ်သားအရွယ်တွင် ကျွန်းကလေးကျောင်း ဆရာတော် ဦးဝေပုလ္လ၊ ဦးစန္ဒာဝရ၊ ဦးရေဝတတို့ထံတွင် သူငယ်တို့၏ သင်ရိုးပညာရပ်များကို သင်ယူ၍ ၁၂ နှစ်သားအရွယ်၌ ရှင်သာမဏေပြုပြီး



ဘဒ္ဒန္တ ကုမာရ

နောက် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူသည်။ ၁၆ နှစ် အရွယ်တွင် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်သို့ ကြွရောက်၍ စာချဆရာတော် အရှင်သူရိယ၊ အရှင်အာစာရ၊ အရှင်သီလဝန္တတို့ထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဘိဓမ္မာ၊ ညဝါစသော ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားဆည်းပူးတော်မူသည်။

၁၃၁၀ ပြည့်နှစ် တပေါင်းလတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အရှင်နာရဒ၊ အရှင်ပဒုမာဘိဝံသ၊ အရှင်ဝါယမ၊ အရှင်ဝိသောပနတို့ထံ၌ နိကာယ်ငါးရပ်၊ ပါဠိတော်အဋ္ဌကထာဋီကာတို့ကို သင်ကြားဆည်းပူးသည်။

၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာဝေယံဘုံသာတိုက် အရှင်ကလျာဏ၊ ဘုရားကြီးတိုက် အရှင်နာရဒ၊ အရှင်ဥက္ကံသတို့ထံ၌ အထက်တန်း ပိဋကတ်စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၄ ခုနှစ် နယုန်လတွင် ကျင်းပသော စာချတန်းစာမေးပွဲ၌ ကျမ်း ကိုးကျမ်းစလုံးကို နှစ်ချင်းပေါက် အောင်မြင်တော်မူသောကြောင့် သာသနာ့ဓဇသိရီပဝရ ဓမ္မာစရိယသိရောမဏိ ဘွဲ့တံဆိပ်တော်များ ရရှိသည်။

ဆရာတော်သည် ၁၃၁၄ ခုနှစ် နတ်တော်လတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်ကြီးများက ဆရာတော်အား ဂဏဝါစကစာချအဖြစ် ချီးမြှောက်တော်မူကြ၍ စာသင်ရှင်ရဟန်းတို့အား ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယတန်း စာဝါများနှင့် နိကာယ်ငါးရပ်ပါဠိတော်အဋ္ဌကထာဋီကာ ကျမ်းဂန်များကို ပို့ချတော်မူသည်။ လူသောလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယ ထေရဝါဒ ဓွယ်စုံကျမ်းကြီးကို ပြုစုရာတွင် အခန်းပေါင်းများစွာ ပါဝင်ရေးသားခဲ့သည်။

ထို့အပြင် ဥပါသကာဂုဏ် သိဖွယ်စုံတရားတော်၊ ယမိုက်၊ ညဝါချုနည်း နိဿရည်း (ခေါ်) ယမက အလင်းပြကျမ်းတို့ကိုလည်း ရေးသားပြုစုခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌ ပါဠိဝိသောဓက ဓမ္မသင်္ဂဏီ ပါဠိဘာဏကသင်္ဂါတိကာရကအဖြစ် လည်းကောင်း၊ မြသလွန် စေတီယဘဏ္ဍာဂါရိကအဖွဲ့၏ ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ ပခုက္ကူဂဏဝါစကနိကာယကြီး၏ ဂဏအနုဝိနာယက၊ သမ္ဗုတိဂဏမဟာဝိနာယကအဖြစ် ပထမအကြိမ်မှစ၍ ဆဋ္ဌမအကြိမ်အထိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်၊ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ဆဋ္ဌမအကြိမ် ၂၀၀၇ ခုနှစ် မှ စ၍ ၂၀၁၀ ပြည့်နှစ် အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၈ ခုနှစ် (၁၉၉၇ ခုနှစ်) တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၅၉ ခုနှစ် (၁၉၉၈ ခုနှစ်) တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါအရ ၁၃၇၁ ခုနှစ် တန်ခူးလဆန်း ၁၅ ရက် (၂၉-၃-၂၀၁၀) တနင်္လာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ကေလာသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ) (မြန်မာ ၁၂၈၈–၁၃၇၂)။** ။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာလယ်တီတိုက် နဝမပဓာနနာယက (လယ်တီနိကာယဥက္ကဋ္ဌ) ဆရာတော်ကြီး ဘဒ္ဒန္တကေလာသကို ခမည်းတော် ဦးချင်းဖဲ၊ မယ်တော် ဒေါ်ရေဝိုင်းတို့က ၁၂၈၈ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် တနင်္လာနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သရောင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် မြင်သာရွာ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသရံသီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး ၁၃၀၈ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် နေ့တွင် မြင်သာရွာအရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တဥက္ကံသရံသီကို ဥပဇ္ဈာယ်ပြု၍ မြင်သာကျေးရွာ ဒါယကာ၊ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် ဖောင်းပြင်မြို့နယ် ဟဲလှော်ရွာတောရကျောင်းထေရဝံသချောင် ဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ မုံရွာမြို့ မဟာလယ်တီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ ဘဒ္ဒန္တက္ကန္ဒက (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တပဏ္ဍဝစသော စာချဆရာတော်များထံတွင် ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာချတန်းဆိုင်ရာ စာဝါများကိုလည်းကောင်း၊ ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းနှင့် ပါစိတျာဒိဂုဏ်ထူးကျမ်းကို အောင်မြင်၍ သာသနဓဇဓမ္မာစရိယပါစိတျာဒိ ပါဠိပါရဂူဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်ကြီးသည် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်၌ စာသင်သားရဟန်းသာမဏေ ၂၀၀ ကျော်တို့ကို ငယ်၊ လတ်၊ ကြီး စာချတန်းဆိုင်ရာ စာဝါများနှင့် ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်ကြားပို့ချပေးတော်မူလျက် စာပေကျမ်းဂန်ပေါင်းများစွာတို့ကိုလည်း ရေးသားတော်မူသည်။

ဆရာတော်ကြီးသည် သံဃာ့အဖွဲ့အစည်း၌ မြို့နယ် ဝိနည်းဓိုရ်၊ သံဃသမ္မုတိရ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ တိုင်းသံဃနာယကအစရှိသောတာဝန်များကို ဆောင်ရွက်တော်မူလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများဖြစ်သော လယ်တီနိကာယဥက္ကဋ္ဌ၊ လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ကြီး၏ ပဓာနနာယက၊ မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ နဝမမြောက် ပဓာနနာယကစသော တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။



ဘဒ္ဒန္တ ကေလာသ

ဆရာတော်ကြီးသည် သဒ္ဒါဝိနည်းတို့၌ အထူးကျွမ်းကျင်တော်မူခြင်း၊ ဝိနည်းလေးစားတော်မူခြင်း၊ မြန်မာစကားပြေအရေးအသား ကျွမ်းကျင်တော်မူခြင်း၊ ကျမ်းပြုဝါသနာပါတော်မူခြင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာတော်၌ အလေးဂရုပြုဆောင်ရွက်တော်မူခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်တို့နှင့် ပြည့်ဝတော်မူသောကြောင့် နိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

လဒ္ဓိပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ဂန္ထကာရက၊ ပဋိကတ္တယဆေက၊ ပဋိပတ္တိမာမက စသောဂုဏ်တို့ဖြင့် ပြည့်ဝတော်မူသည့် ဆရာတော်ကြီး ဘဒ္ဒန္တကေလာသသည် သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၇၂ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၄ ရက် (၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၂၀ ရက်) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ကောဝိဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၆–၁၃၇၂)။** ။ပြည်မြို့ သီတာရုံတောရ ကျောင်းတိုက် ပဓာနနာယက သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)ကို ခမည်းတော် ဦးမြင့်၊ မယ်တော် ဒေါ်စိန်တို့က မကွေးတိုင်းဒေသကြီး ဆောမြို့နယ် လယ်ဖြူကျေးရွာ၌ ၁၂၉၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် (၁၉၃၄ ခုနှစ် အောက်တိုဘာလ ၈ ရက်) တနင်္လာ နေ့တွင် ဖွားမြင်သည်။

အသက် ၁၇ နှစ်အရွယ်တွင် ဘကြီးအရင်းတော်စပ်သည့် ဇာတိရွာကျောင်းဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့ပြီး အသက် ၂၀ ပြည့်သည့် ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ (၁၃၁၅ ခုနှစ် တပို့တွဲလဆန်း ၁၅ ရက် ကြာသပတေးနေ့) တွင်မူလဥပဇ္ဈာယ်ဆရာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ဇာတိရွာကျောင်း ဥဒကုက္ခေပသိမ်၌ ရဟန်းဖြစ်တော်မူသည်။ ဥပဇ္ဈာယ်ဆရာထံ၌ အခြေခံသင်ရိုးကျမ်းစာများကို သင်ကြားပြီးနောက် ရဟန်းတစ်ဝါအရတွင် စလင်းမြို့ စကုကျောင်းတိုက်၌ သီတင်းသုံးလျက် ဆရာတော် ဘဒ္ဒန္တသုန္ဒရထံတွင် ငယ်၊လတ်၊ကြီးဆိုင်ရာ ကျမ်းစာများကို သင်ယူဆည်းပူးပြီး ပထမကြီးတန်းအောင်မြင်သည်။

ရဟန်းသိက္ခာ ကိုးဝါအရတွင် ရန်ကုန်မြို့ ဘုရားကြီးတိုက်ခွဲ တာမွေသိမ်ကုန်းကျောင်းတိုက်၌ သီတင်းသုံးလျက် ကာလကတ္တားဆရာတော် ဘဒ္ဒန္တရေဝတ၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့ထံတွင် သင်ရိုးနိကာယ်ငါးရပ်၊ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းစာများကို ပခုက္ကူနည်းကျကျ သင်ယူဆည်းပူးသည်။

ထို့ပြင် သဃ်န်းကျွန်းမြို့နယ် မဟာအောင်မြေ ရွှေဂူတိုက်သစ်ဆရာတော် ဘဒ္ဒန္တဥက္ကံသဗုဒ္ဓိထံ၌ ပရိယတ်အခြေခံသည့် ပဋိပတ်ကျင့်စဉ်များကို ဆည်းပူးနည်းခံ ကျင့်ကြံအားထုတ်သည်။

ရဟန်းသိက္ခာ ဝါ ၂၀ အရတွင် ဟင်္သာတမြို့ ဓမ္မဗိမာန်ကျောင်းတိုက်၌ သီတင်းသုံးလျက် ရဟန်းသာမဏေများအား ငယ်၊လတ်၊ကြီးဆိုင်ရာ ကျမ်းစာများကို သင်ကြားပို့ချပေးခြင်း၊ ဒကာ၊ ဒကာမများကို



ဘဒ္ဒန္တ ကောဝိဒ

ဝိပဿနာကျင့်စဉ်တရားများ ဟောကြားခြင်းဖြင့် သာသနာ့တာဝန်များကို ၁၅ နှစ်တိုင်တိုင် ထမ်းဆောင်သည်။

ရဟန်းသိက္ခာ ၃၅ ဝါအရတွင် ပြည်မြို့ သီတာရုံတောရကျောင်းတိုက်၌ သီတင်းသုံးပြီး ဝိပဿနာကျင့်စဉ်တရားများကို ဟောကြားပြသသည်။

ရဟန်းသိက္ခာ ၄၅ ဝါအရတွင် ပြည်မြို့ သီတာရုံတောရကျောင်းတိုက်၌ ကျောင်းတိုက် ပဓာနနာယကအဖြစ် သီတင်းသုံးလျက် ပထမပြန်နှင့် ဓမ္မာစရိယတန်းဝင် ရဟန်း၊ သာမဏေ၊ သီလရှင်များအား စာပေပို့ချခြင်း၊ ဝိပဿနာတရားများ ဟောပြောပြသခြင်းများကို ပျံလွန်တော်မူချိန်အထိထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် စာချ၊ တရားပြရင်းဖြင့်ပင် အရိယာဝိဇ္ဇာလမ်းပြကျမ်း၊ ဒဿနသမ္ပဒါလမ်းပြကျမ်း၊ ဘာဝနာသမ္ပဒါလမ်းပြကျမ်း၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာလမ်းပြကျမ်း၊ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်လမ်းပြကျမ်းများကို ရေးသားပြုစုထုတ်ဝေသည်။

ဆရာတော်သည် ၂၀၀၇ ခုနှစ် (၁၃၆၈ ခုနှစ်) တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ရရှိသည်။

ဆရာတော်ကြီးသည် သက်တော်၇၆နှစ်၊ သိက္ခာတော် ၅၆ ဝါအရ ၁၃၇၂ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (၁၆–၈–၂၀၁၀) တနင်္လာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ကုဏ္ဍလ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ လယ်တီနိကာယအကျိုးတော်ဆောင်)(မြန်မာ ၁၂၉၅–၁၃၇၂)။** ။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အရှေ့ လယ်တီကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလကို ခမည်းတော် ဦးဘရှင်၊ မယ်တော် ဒေါ်ငွေရင်တို့က ၁၂၉၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက် တနင်္လာနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက္ကာမြောက်ကျေးရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တ ကုဏ္ဍလ

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ် နယုန်လတွင် မုံရွာမြို့ ကျောက္ကာမြောက်ကျေးရွာ အောင်မြေချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တဇဝနထံ၌ မိဘ နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူခဲ့ပြီး ၁၃၁၅ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၈ ရက်နေ့တွင် မုံရွာမြို့နယ်၊ ကျောက္ကာမြောက် ကျေးရွာရွှေဂူကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ ကျောက္ကာမြောက်ကျေးရွာနေ ဒေါ်ချစ်အုံ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ကျောက္ကာမြောက်ကျေးရွာ အောင်ချမ်းသာဆရာတော်ဘဒ္ဒန္တဇဝန၊ မန္တလေးမြို့ တောင်ထီး လင်းကျောင်းတိုက်၊ ပခုက္ကူမြို့မဟာဝိသုတာရာမ ကျောင်းတိုက်ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့ပြီး ဓမ္မာစရိယ စာချတန်းကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် မုံရွာမြို့နယ်သံဃနာယက အဖွဲ့ဝင်၊ မုံရွာမြို့ ပထမပြန်စာမေးပွဲ ကြီးကြပ်ရေးတာဝန်စသော သာသနာရေးရာများဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းခြင်းခံယူရရှိတော်မူသည်။

ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (မဟာသုတဒီပနီကျမ်းပြု၊ လယ်တီနိကာယအကျိုးတော်ဆောင်) ဆရာတော်ကြီးသည် သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါအရ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့ (၁၃၇၂ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်နေ့) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ဉာဏောဘာသ၊ဘဒ္ဒန္တ(မြန်မာ ၁၂၈၁–၁၃၇၂)။** ။ နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ တမာပင်ကျောင်းတိုက် ဆရာတော်ကြီးဘဒ္ဒန္တဉာဏောဘာသကို ခမည်းတော် ဦးထ၊ မယ်တော် ဒေါ်အီတို့က ၁၂၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် (အင်္ဂါနေ့) တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကန်ကြီးကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ်တွင် မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာ ရွှေဆံမျှင်ကျောင်းဆရာတော် ဦးဓမ္မာစာရထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၁ ခုနှစ် တပို့တွဲလဆန်း ၈ ရက်တွင် နတ်မောက်မြို့ဘုရားကြီးကျောင်း ခဏ္ဍသိမ်၌ ဘုရားကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ နတ်မောက်မြို့ ဦးဖိုးငြိမ်း၊ ဒေါ်စိန်မှီတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် ညောင့်ဇင်ကျေးရွာ ဆရာတော်ဦးကောသလ္လဦးစီးသော လောကဓာတ်ကျောင်း၌ လောကီပညာများကို သင်ကြားခဲ့ပြီး မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာ ရွှေဆံမျှင်ကျောင်းဆရာတော် ဦးဓမ္မာစာရ၊ နတ်မောက်မြို့ဘုရားကြီးကျောင်းတိုက်



ဘဒ္ဒန္တ ဉာဏောဘာသ

ဆရာတော်ကြီးများ၊ တမာပင်ကျောင်းတိုက်ဆရာတော် ဦးရေဝတ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ကျမ်းတတ် အကျော်ဆရာတော်ကြီးများထံမှ အထက်တန်းစာဝါများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၁၃ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးခြောက်ကျမ်းနှင့်တကွ ကျမ်းရင်းသုံးကျမ်းကို အောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်ကြီးသည် နတ်မောက်မြို့ တမာပင်ကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေများကို ပရိယတ္တိစာပေများပို့ချပေးခြင်း၊ နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီး၏ ဂေါပကသြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင်လေးကြိမ်တိုင်တိုင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီးနိုင်ငံတော် သြဝါဒါစရိယတာဝန်ကို ထမ်းဆောင်တော်မူသည်။

ဆရာတော်ကြီးသည် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူရင်း သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၁ ဝါအရ ၁၃၇၂ ခုနှစ် နယုန်လဆန်း ၇ ရက် (၂၀၁၀ ပြည့်နှစ် မေလ ၁၉ ရက်) ဗုဒ္ဓဟူးနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**နန္ဒသိရီ၊ ဘဒ္ဒန္တ(အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၆–၁၃၇၁)။** ။ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ နန္ဒာအေးကျောင်းဆရာတော်ကြီး ဘဒ္ဒန္တနန္ဒသိရီကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် အိုးဘိုပတ္တမြားတောရပ်ကွက်၌ ခမည်းတော် ဦးအောင်၊ မယ်တော် ဒေါ်ခင်တို့က ၁၂၈၆ ခုနှစ် တပို့တွဲလဆန်း ၁၅ ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်ကြီးသည် ၁၂၉၈ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျုံးရွာကျောင်း ဆရာတော် ဘဒ္ဒန္တသုဇာတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာရှင် သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး



ဘဒ္ဒန္တ နန္ဒသိရီ

၁၃၀၆ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျုံးရွာကျောင်းခဏ္ဍသိမ်၌ ငါးမင်းတောင်ရွာ ဦးလှဘော်၊ ဒေါ်တင်ရွှေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် မတ္တရာမြို့နယ် ကျုံးရွာကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတ၊ မန္တလေးမြို့မြောက်ပြင်နန္ဒာရာမကျောင်းဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်စာချဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်ကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ တပည့်ရဟန်းသာမဏေတို့ကို ပရိယတ္တိစာပေများပို့ချခဲ့ပြီး မန္တလေးမြို့ မလွန်ဆန်လှူအသင်း ဆွမ်းဆန်တော်ရရှိရေးအတွက်ပြည်နယ်၊ တိုင်းဒေသ

ကြီး/မြို့နယ်အသီးသီးတွင် တရားဓမ္မများဟောကြား လျက် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူ သောကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ နှင့် ၂၀၀၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် များကို အလှူခံရရှိတော်မူသည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး ကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၇၁ ခုနှစ် ပြာသို လပြည့် ကျော် ၈ ရက် (၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၇ ရက်) နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ပညာဇောတ၊ ဘဒ္ဒန္တ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၁–၁၃၇၂)။** ။နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့နယ် ကိုယ်ကြီးမြုပ်ကျေးရွာကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတကို ခမည်းတော် ဦးအောင်ဆေး၊ မယ်တော် ဒေါ်ရွှေမှုံတို့က ၁၂၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (ကြာသပတေးနေ့) တွင် ပြည်ခရိုင် သဲကုန်းမြို့နယ် ကွေတက်ကျေးရွာအုပ်စု အင်တိုင်းကျေးရွာ၌ ဖွားမြင်တော် မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ် တပို့တွဲလတွင် ကွေတက်ကျောင်းဆရာတော် ဦးကေသရ ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၀ ပြည့်နှစ် တပေါင်းလပြည့်နေ့တွင် ကွေတက် ကျောင်းတိုက်ဆရာတော် ဦးကေသရကိုပင် ဥပဇ္ဈာယ် ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ် သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ သဲကုန်းမြို့ထန်းရင်းကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာ တော်ဘဒ္ဒန္တပညာ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယတို့ထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

ဆရာတော်ကြီးသည် သဲကုန်းမြို့နယ်အတွင်း၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများပို့ချသင်ကြားနိုင်အောင်



ဘဒ္ဒန္တ ပညာဇောတ

ဆောင်ရွက်ခဲ့ခြင်း၊ အဘိဓမ္မာစာမေးပွဲများဖြေဆိုနိုင်အောင် ကျောင်းသားကျောင်းသူ ၁၀၀ ကျော်တို့ကို ၂၁ နှစ်တိုင် တိုင် သင်ကြားပို့ချပေးခဲ့ပြီး သံဃာ့အဖွဲ့အစည်း အဆင့် ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တာဝန်၊ ဥက္ကဋ္ဌတာဝန်နှင့် နိုင်ငံတော်သြဝါဒါစရိယတာဝန် များကို ဆောင်ရွက်တော်မူသည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလသိက္ခာကာမ ပရိယတ္တိ ဝိသာရဒစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ နိုင်ငံတော်အစိုးရက ၂၀၀၅ ခုနှစ် (၁၃၆၆ ခုနှစ်)တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။ ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ပညာဝံသ၊ဘဒ္ဒန္တ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)(မြန်မာ ၁၂၉၆–၁၃၇၁)။** ။ မန္တလေးမြို့ တောင်ပြင်ထီးလင်းတိုက်၊ ကျားပျံပိဋက တိုက်ကျောင်း (ရေတော်) ဆရာတော် ဘဒ္ဒန္တပညာဝံသ ကို မန္တလေးတိုင်းဒေသကြီး နေပြည်တော် တပ်ကုန်းမြို့

နယ် ညောင်လွန့်ကျေးရွာ၌ ခမည်းတော်ဦးမင်းနိုင်၊ မယ်တော်ဒေါ်စောတို့က ၁၂၉၆ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တ ပညာဝံသ

ဆရာတော်ကြီးသည် ၁၃၁၆ ခုနှစ် ဝါဆိုလဆန်း ၃ ရက်နေ့တွင် မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံစာချကျောင်း ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဦးသန်းဖေ၊ ဒေါ်သန်းကြည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသ၊ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံစာချကျောင်းဆရာတော်ဘဒ္ဒန္တဥတ္တမ၊ မန္တလေးမြို့တောင်ပြင်ထီးလင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တပုညောနန္ဒာဘိဝံသစသော ကျမ်းတတ်အကျော်ဆရာတော်ကြီးများထံ၌ ပရိယတ္တိစာပေများ သင်ယူခဲ့ပြီး သာသနာ့ဓဇမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်ကြီးသည် တပည့်ရဟန်းသာမဏေများအား စာပေကျမ်းဂန်များကို ပို့ချပေးတော်မူသည်။ အထူးသဖြင့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နိဗဒ္ဓဝတ်အဖြစ်မျက်နှာတော်သစ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းတော်များနေ့စဉ်လှူဒါန်းခြင်းတို့ကြောင့် ရေတော်ဆရာတော်ဟုထင်ရှားတော်မူသည်။ ကျောင်းတိုက်အတွင်းရှိ စာအောင်သံဃာတော်များအား နှစ်စဉ်ထောက်ပံ့လှူဒါန်းကာ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူသဖြင့် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များ အလှူခံရရှိတော်မူသည်။ ဆရာတော်ကြီးသည် ၂၀၁၀ ပြည့်နှစ်ဇန်နဝါရီလ ၁ ရက်နေ့(၁၃၇၁ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်) သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၅ ဝါအရတွင် ပျံလွန်တော်မူသည်။

**ပညာသာမိဘိဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၄–၁၃၇၂)။** ။မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်၏ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘဒ္ဒန္တပညာသာမိဘိဝံသကို ခမည်းတော် ဦးစံပွင့်၊ မယ်တော်ဒေါ်ကြမ်းတို့က ၁၂၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် (ကြာသပတေးနေ့) တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ရတနာကျေးရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တ ပညာသာမိဘိဝံသ

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ် တပို့တွဲလဆန်း ၅ ရက်နေ့တွင် တန့်ဆည်မြို့နယ် ရှာသာယာကျေးရွာ ကုန်းပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၀၃ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်နေ့တွင် တန့်ဆည်မြို့နယ် ရှာသာရွာကျေးရွာ ကုန်းပေါ်ကျောင်းတိုက် သာသနာ့သောဘိနီ ခဏ္ဍသိမ်၌

ရွာရှည်ရွာ ဖက်သာကျောင်းဆရာတော် ဘဒ္ဒန္တဂုဏကို ဥပဇ္ဈာယ်ပြု၍ တန့်ဆည်မြို့နယ် ရတနာကျေးရွာ ဦးစံပွင့်၊ ဒေါ်ကြမ်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တဂုဏ၊ ရွှေဘိုမြို့ ရန်အောင်မင်္ဂလာကျောင်းဆရာတော် ဦးသုဝဏ္ဏ၊ စာချဆရာတော် ဦးဉာဏဝရ၊ စစ်ကိုင်းတောင် ဓမ္မာစရိယ ပါဠိတက္ကသိုလ်ဆရာတော် ဦးဝိမလဗုဒ္ဓိဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မဟာဝေယံဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကလျာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တ ကေသဝါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ၊ ဆီးဘန်နီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အာစရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တို့ထံတွင် ပရိယတ္တိစာပေကျမ်းဂန်များ သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် စာချတန်းကို ဂုဏ်ထူးဆောင်ကျမ်းနှင့်တကွ အောင်မြင်တော်မူသဖြင့် သာသနဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့ကိုရရှိအောင်မြင်တော်မူသည်။

ထို့ပြင် မစိုးရိမ်ပရိယတ္တိသာသနနုဂ္ဂဟအသင်းကြီးက ကျင်းပသော စာသင်တန်း၊ စာချတန်းတို့ကို အောင်မြင်တော်မူသဖြင့် ပရိယတ္တိသာသနနုဂ္ဂဟ ဓမ္မာစရိယဘွဲ့ကိုလည်း ခံယူရရှိတော်မူသည်။

ဆရာတော်ကြီးသည် မစိုးရိမ်ကျောင်းတိုက် ဝိနယနယူပဒေသကျောင်းတွင် သီတင်းသုံးလျက် စာသင်သားသံဃာ ၅၀၀ ကျော်တို့ကို ရူပသိဒ္ဓိနှင့် ပါဠိအဋ္ဌကထာစာဝါများကို နေ့စဉ်ပို့ချပေးခဲ့သည်။ သင်ကြားမှုနည်းစနစ်ကောင်းမွန်ခြင်း၊ စာလိုက်သံဃာများပြားခြင်း၊ စာပေကျမ်းဂန်တတ်မြောက်သည်ဟု ကျော်ကြားခြင်းစသော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသောကြောင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီးက ဆက်ကပ်လှူဒါန်းသော ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယဘွဲ့တံဆိပ်တော်ကို ခံယူရရှိခဲ့သည်။ ဆရာတော်ကြီးသည် စာပေပို့ချရင်း ကျောင်းသားကျောင်းသူ ၆၀၀ ကျော်တို့ကို ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ငါးနှစ်တိုင်တိုင်သင်ကြားပို့ချတော်မူခြင်း၊ တိပိဋကပါဠိမြန်မာအဘိဓာန် ကျမ်းကြီးကဝဂ်၊ အတွဲ ၅/၆၊ ပ-ဝဂ် အတွဲ ၁၅/၁၆၊ တိပိဋကပါဠိမြန်မာအဘိဓာန် (အကျဉ်း)၊ တိပိဋက ပါဠိပဒကျမ်းညွှန်းတို့ကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ ဇာတ်ဋီကာသစ် (ပေမူ) ကို လက်ရေးမူဖြစ်အောင် သုတ်သင်ပြင်ဆင်ရေးသားတော်မူခဲ့သည်။

ဆရာတော်ကြီးသည် မစိုးရိမ်ကျောင်းတိုက်ကြီး၏ သတ္တမမြောက် မဟာနာယကချုပ်တာဝန်၊ ဆဋ္ဌသင်္ဂီတိကာရက၊ ဓမ္မသင်္ဂဏီပါဠိတော် မြန်မာပြန်ပဋိဝိသောဓကတာဝန်၊ မန္တလေးတောင်တော်၊ မဟာမုနိဂေါပကအဖွဲ့ မဟာသကျသီဟမြတ်စွာဘုရားဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီး၏ ဩဝါဒါစရိယ၊ ချမ်းသာကြီး ဆန်လှူအသင်း၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ဝိနည်းသိက္ခာပုဒ်တော်များကို လွန်စွာအလေးဂရုပြုတော်မူခြင်း၊ အားလုံးအပေါ်၌ မေတ္တာ၊ ကရုဏာထားရှိတော်မူခြင်း၊ ဆန့်ကျင်မှု မပြုလုပ်ဘဲ သည်းခံတော်မူလေ့ရှိခြင်း၊ မာန်မာနကို ချိုးနှိမ်လျက် ဂါရဝနိဝါတတရားထားရှိခြင်း၊ ရလာသမျှလာဘ်လာဘတို့ကို ခွဲခြားဝေဖန် လှူဒါန်းလေ့ရှိခြင်း၊ သံဃာ့အရေးကို ဦးစားပေးဆောင်ရွက်တော်မူခြင်း၊ သတိပဋ္ဌာန်တရားရှုမှတ်ပွားများလေ့ရှိခြင်းစသော ထူးခြားသောဂုဏ်ရည်တို့နှင့် ပြည့်စုံသဖြင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူသည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး ကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ လဇ္ဇီပေသလ

သိက္ခာကာမဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်အစိုးရက ၁၃၅၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၆၄ ခုနှစ် တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ဖြင့် ဆက်ကပ်ပူဇော်ခြင်းခံရတော်မူသည်။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ကြီး၏ မဟာနာယက သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၉၆ ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသာမိဘိဝံသသည် ၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက် (၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၄ ရက်) သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## ပဏ္ဍိစ၊ဘဒ္ဒန္တ(မြန်မာ ၁၂၈၇–၁၃၇၂)။ ။

အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊နတ်မောက်မြို့နယ် လက်ပံတုန်းကျေးရွာ ဖျောက်ဆိပ်ပင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစကို ခမည်းတော်ဦးနန်း၊ မယ်တော်ဒေါ်ရွှေစင်တို့က ၁၂၈၇ ခုနှစ် ကဆုန်လဆန်း ၂ ရက်နေ့တွင် နတ်မောက်မြို့နယ် ငွေးပင်ကျေးရွာ၌ ဖွားမြင်တော်မူသည်။ မွေးချင်းရှစ်ဦးရှိသည့်အနက် ပဥ္စမမြောက်သားရတနာဖြစ်သည်။

ဆရာတော်ကြီးသည် ၁၂၉၇ ခုနှစ်တွင် ငွေးပင်ကျေးရွာမြောက်ကျောင်းဆရာတော် ဦးသြဘာသကို ဥပဇ္ဈာယ်ပြု၍ ဖျောက်ဆိပ်ပင်ပရိယတ္တိစာသင်တိုက် ဆရာတော်ဦးသူရိယ၏မယ်တော် ငွေးပင်ကျေးရွာနေ ဒေါ်ငယ်မ၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၀၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့တွင် ဆရာတော်ဦးသြဘာသကိုဥပဇ္ဈာယ်ပြု၍ ငွေးပင်ကျေးရွာနေ ဦးတင့်၊ ဒေါ်မယ်သုနှင့် ဦးမြစ်ဆုံ၊ ဒေါ်လှည်ုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ငွေးပင်ကျေးရွာမြောက်ကျောင်း ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် ဖျောက်ဆိပ်ပင် ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးသုမန၊ဦးနေပုည၊ဦးသူရိယ၊ ဦးလာဘသာမိတို့ထံ၌ အခြေခံကျမ်းစာနှင့်ပါဠိတော်



ဘဒ္ဒန္တ ပဏ္ဍိစ

အဋ္ဌကထာဋီကာများကိုပခုက္ကူနည်းဖြင့် သင်ရိုးကုန်အောင်သင်ယူပြီး အစိုးရပထမပြန်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူသည်။

ထို့နောက် ဆရာတော်ကြီးသည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသူရိယ၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသလ္လ၊ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ပဌာန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဘန္ဒန္တကုသလာဘိဝံသ စသောမစိုးရိမ်ကျောင်းတိုက်ဆရာတော်ကြီးများထံ၌ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူပြီး အစိုးရဓမ္မာစရိယတန်းအောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ ရရှိတော်မူသည်။

ဆရာတော်ကြီးသည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၌ ပါဠိတက္ကသိုလ် စာချကထိကအဖြစ် နှစ်နှစ်ဆောင်ရွက်တော်မူပြီး ၁၃၂၄ ခုနှစ်မှစ၍ ဖျောက်ဆိပ်ပင် ပရိယတ္တိစာသင်တိုက်၌ နေ့ဝါညဝါများ အမြဲမပြတ် သင်ကြားပို့ချပေးတော်မူသည်။ ဆရာတော်ကြီး၏ သင်ကြားပို့ချပေးမှုဖြင့် သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊အစိုးရဓမ္မာစရိယအောင် သာသနာ့အာဇာနည်များ ပေါ်ထွန်းတော်မူသည်။

ဆရာတော်ကြီးသည် နတ်မောက်မြို့ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်အဖြစ်လည်းကောင်း သာသနာတော်တာဝန်များကို ထမ်းဆောင်တော်မူသည်။

ဆရာတော်ကြီးသည် သာသနာတော်တာဝန်များကို ကြိုးပမ်းဆောင်ရွက်တော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်များကို ခံယူရရှိတော်မူသည်။

ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍာဝသည် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မာလာဘိဝံသ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၈၇–၁၃၇၂)။ ။** အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ထားဝယ်မြို့ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမာလာဘိဝံသကို ခမည်းတော် ဦးဘရှိန်၊ မယ်တော် ဒေါ်မြမြခင်တို့က ၁၂၈၇ ခုနှစ် တန်ခူးလဆန်း ၈ ရက်နေ့တွင် လောင်းလုံမြို့နယ် အင်းဇောက်ကျေးရွာ၌ ဖွားမြင်တော်မူသည်။ မွေးချင်း ငါးဦးရှိသည့်အနက် ဒုတိယသားရတနာဖြစ်သည်။

ဆရာတော်ကြီးသည် ၁၂၉၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့တွင် အင်းဇောက်ကျေးရွာ အနောက်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၀၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်နေ့တွင် ထားဝယ်မြို့ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တယောသိတာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာနေ ဦးဘညွန့်ရွှေ၊ ဒေါ်လှကြည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် သာသနသောဘိဏီခဏ္ဍာသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။



ဘဒ္ဒန္တ မာလာဘိဝံသ

ဆရာတော်ကြီးသည် အင်းဇောက်ကျေးရွာ အနောက်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမာလာထံ၌ သင်ပုန်းကြီးမှစ၍ ပရိယတ္တိအခြေခံ၊ သဒ္ဒါ၊ သင်္ဂဟစသော ကျမ်းစာများကို သင်ယူဆည်းပူးတော်မူသည်။ ၁၃၀၁ ခုနှစ်တွင် ယောသိတာရာမစာသင်တိုက် တည်ထောင်ဖွင့်လှစ်သောအခါ ပဓာနနာယက ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တယောသိတာဘိဝံသထံသို့ ပြောင်းရွှေ့နေထိုင်တော်မူပြီး ဆရာတော်ကြီးနှင့်တကွ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝါယမာဘိဝံသ၊ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓတို့ထံ၌ ပိဋကတ်ကျမ်းစာ နေ့ဝါညဝါများကို ဆက်လက်သင်ယူဆည်းပူးတော်မူသည်။

ဆရာတော်ကြီးသည် ၁၃၀၉ ခုနှစ်တွင် မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရေဝတာဘိဝံသ၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလက္ခဏာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇောတိကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသဒ္ဓနာဘိဝံသ၊ တောင်သမန်တိုက် ဆရာတော် ဘဒ္ဒန္တ ကေသဝါဘိဝံသတို့ထံ၌ ပါဠိတော် အဋ္ဌကထာ ဋီကာစသည့် အထက်တန်းကျမ်းစာများကို လေ့လာသင်ယူဆည်းပူးတော်မူသည်။

ဆရာတော်ကြီးသည် ရှင်သာမဏေဘဝတွင် ဝိနယပထမလတ်တန်းဖြေဆိုအောင်မြင်တော်မူပြီး ရဟန်းဘဝတွင် ပရိယတ္တိသာသနနုဂ္ဂဟအသင်း ပထမ

ကြီးတန်း၊ စေတိယင်္ဂဏအသင်းစာမေးပွဲ (စာသင်တန်း)၊ အစိုးရဓမ္မာစရိယစာမေးပွဲ (ကျမ်းရင်းသုံးကျမ်းနှင့်ဂုဏ်ထူးခြောက်ကျမ်း) အောင်မြင်တော်မူပြီး သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ရရှိတော်မူသည်။

ဆရာတော်ကြီးသည် ၁၃၁၅ ခုနှစ်မှစ၍ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာချဆရာတော်အဖြစ် ပရိယတ္တိအခြေခံကျမ်းစာများကိုလည်းကောင်း၊ ၁၃၂၀ ပြည့်နှစ်မှစ၍ ကထိကစာချဆရာတော်အဖြစ် ပထမပြန်နှင့်ဓမ္မာစရိယတန်းဆိုင်ရာ နေ့ဝါညဝါ ကျမ်းစာများ သင်ကြားပို့ချတော်မူသည်။

ဆရာတော်ကြီးသည် ၁၃၂၀ ပြည့်နှစ်မှစ၍ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဓမ္မာစရိယစာမေးပွဲ စာစစ်အဖြစ်လည်းကောင်း၊ စာမေးပွဲအထူးကြီးကြပ်ရေးနာယက ဆရာတော်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း သာသနာတော်တာဝန်များကို ထမ်းဆောင်တော်မူသည်။

ဆရာတော်ကြီးသည် သာသနာတော်တာဝန်များကို ကြိုးပမ်းဆောင်ရွက်တော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ၁၃၅၄ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်း ကောင်း၊ ၁၃၇၀ ပြည့်နှစ်တွင် ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ခံယူရရှိတော်မူသည်။

ဆရာတော်ကြီး ဘဒ္ဒန္တမာလာဘိဝံသသည် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ဝိသုတ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၇၉– ၁၃၇၂)။** ။ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ခေမာသီဝံကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဝိသုတကို ခမည်းတော် ဦးဘိုးသက်၊ မယ်တော် ဒေါ်စိန်ပွင့်တို့က ၁၂၇၉ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက် ဗုဒ္ဓဟူးနေ့ ည ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ညောင်ပင်ကုန်းရွာ၌ ဖွားမြင်တော်မူသည်။



ဘဒ္ဒန္တ ဝိသုတ

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်နေ့တွင် မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟကိုခံယူကာ နတ်တလင်းမြို့ ခေမာသီဝံကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၈ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် နတ်တလင်းမြို့ ခေမာသီဝံကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် နတ်တလင်းမြို့ ခေမာသီဝံကျောင်းတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များထံတွင် ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်ယူခဲ့ပြီး မန္တလေးမြို့ စကုတိုက် ထန်းတပင်ကျောင်းဆရာတော်ထံတွင် သံဒိဋ္ဌ၊ သကြ်န်၊ အာယုဒါန၊ သရ၊ သဗ္ဗမင်္ဂလာဗေဒင် သက်ဆိုင်ရာ ကျမ်းစာများကို သင်ယူခဲ့သည်။

ဆရာတော်ကြီးသည် နတ်တလင်းမြို့ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်ကို ၁၂၈၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး စာသင်သံဃာတော်များအား ငယ်၊

လတ်၊ ကြီး ဆိုင်ရာစာဝါများ၊ ဓမ္မာစရိယ စာချတန်း ဆိုင်ရာစာဝါများ သင်ကြားပို့ချပေးခဲ့ပြီး မြို့နယ် မဟာဒွါရဂိုဏ်းဆိုင်ရာ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယက ဩဝါဒါစရိယ၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ၏ သဒ္ဓမ္မ ဇုတိန္ဓရအနုနာယက၊ ဆဋ္ဌသင်္ဂါယနာတွင် ပဋိဝိသောဓက ဩဘာသသောဓေယျပတ္တပါဌက အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူသည်။

ဆရာတော်ကြီးသည် သာသနာ့အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၉၄ နှစ် သိက္ခာတော် ၇၄ ဝါအရ ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၂၂ ရက်) နေ့တွင် ဘဝနတ် ထံပျံလွန်တော်မူသည်။

**ဝိသုဒ္ဓ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၇၈–၁၃၇၂)။** ။ နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓကို ခမည်းတော် ဦးဘိုးရင်၊ မယ်တော်ဒေါ်လှအေးတို့က မွန်ပြည်နယ် တောင်ဇွန်း မြို့၌ ၁၂၇၈ ခုနှစ် ပြာသိုလဆန်း ၄ ရက်နေ့တွင် ဖွားမြင် တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ် တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၂၉၇ ခုနှစ် တန်ခူးလတွင် ဘဏ္ဍာကျောင်းဆရာတော် ဦးဝိသာ ရဒကိုဥပဇ္ဈာယ်ပြု၍ ယင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက် ဆရာတော်ကြီးများထံတွင် စာချတန်းဆိုင်ရာ ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက်သင်ယူ ဆည်းပူးခဲ့သည်။

ဆရာတော်သည် ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်၌ ပရိယတ္တိစာပေများကို ၁၃၀၉ ခုနှစ်မှစ၍ ပို့ချခဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သုတ္တန္တပိဋကတ် သုတ်ပါထေယျပါဠိတော် သံဂီတိ သုတ်ကို အာဂုံဘာဏကအဖြစ်လည်းကောင်း၊ သံဂီတိ



ဘဒ္ဒန္တ ဝိသုဒ္ဓ

ကာရကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်ဗုဒ္ဓသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယနှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်း ဆောင်ခဲ့သည်။

ဆရာတော်ကြီးသည် သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါအရ ၁၃၇၂ ခုနှစ် ဝါခေါင်လပြည့် ကျော် ၁၀ ရက် ၄–၉–၂၀၁၀ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**သံဝရ၊ ဘဒ္ဒန္တ(အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာမကမ္မဋ္ဌာနာစရိယ) (မြန်မာ ၁၂၈၂–၁၃၇၁)။** ။ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့ နယ် မဟာစည်သာသနာ့ရိပ်သာကြီး၏ဩဝါဒါစရိယ ချမ်းမြအောင်စည်ဆရာတော်ကြီးဘဒ္ဒန္တသံဝရကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ကြင်းပင် ကျေးရွာ၌ ခမည်းတော် ဦးဘိုးခိုင်၊ မယ်တော် ဒေါ်အေးရင် တို့က ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်ကြီးသည် ၁၃၀၂ ခုနှစ် တန်ခူးလ ဆန်း ၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာကျောင်းတိုက် ခဏ္ဍသိမ် တော်၌ အင်ကြင်းပင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။



ဘဒ္ဒန္တ သံဝရ

ဆရာတော်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ကြင်းပင်ကျောင်း ဆရာတော်နှင့် စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှ စာချအကျော်ဆရာတော်ကြီးများထံတွင် ပရိယတ္တိ စာပေကျမ်းဂန်တို့ကို သင်ယူခဲ့ပြီး သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ၁၃၂၅ ခုနှစ်မှ စတင်၍ ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာတွင် ပြည်တွင်း ပြည်ပမှ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများအား ဝိပဿနာတရားဟောပြောပြသခြင်းဖြင့် ကမ္မဋ္ဌာနာစရိယတာဝန်၊ဓမ္မကထိကတာဝန်တို့ကို ဆောင်ရွက်ခဲ့ပြီး မန္တလေးမြို့တွင် ချမ်းမြသာစည်သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း၊ ၁၉၉၃ ခုနှစ်တွင် ထိုင်းနိုင်ငံချွန်ဘူရီမြို့၌ တရားစခန်းများဖွင့်လှစ်၍ နိုင်ငံခြားသားယောဂီများအား မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ဟောပြောပြသခြင်း၊ ၁၉၉၄ ခုနှစ် ဧပြီလ ၂၈ ရက်နေ့မှ မေလ ၂၆ ရက်နေ့အထိ သီရိလင်္ကာနိုင်ငံ၊ ဂါလ်ဒူဂယောဂသမယ တစ်လစခန်း ဖွင့်လှစ်၍ နိုင်ငံခြားသားယောဂီနှင့်ရဟန်းတော် ၅၀ ပါးတို့ကို ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ဟောပြောပြသလျက်နိုင်ငံခြား သာသနာပြုလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်တော်မူသဖြင့် နိုင်ငံတော်အစိုးရက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည်။

ဆရာတော်သည် လဒ္ဓိပေသလ သိက္ခာကာမ ဝိနယဂရုကဟုဆိုအပ်သော ဂုဏ်တို့နှင့်ပြည့်စုံခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဂုဏ်၊ ဇာဂရိယဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူသည်။ ဤသို့ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ဘဒ္ဒန္တသံဝရသည် ၁၃၆၁ ခုနှစ်တွင် နိုင်ငံတော်ဆက်ကပ်လှူဒါန်းသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀၊ သိက္ခာတော် ၇၀ အရ ၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ဥက္ကံသဝရ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၃-၁၃၇၂)။** ။မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမတိုက် တောင်ငူကျောင်း ပဓာန နာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးဘဒ္ဒန္တဥက္ကံသဝရကို ခမည်းတော် ဦးစံပေါ၊ မယ်တော် ဒေါ်သိန်းခင်တို့က ၁၂၉၃ ခုနှစ် နယုန်လဆန်း ၂ ရက် တနင်္ဂနွေနေ့တွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ချောင်းကမ်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၄ နှစ်သားအရွယ်တွင် ထန်းတပင်မြို့နယ် အင်းယားကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒြိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၁၂ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်နေ့တွင် မန္တလေးမြို့ မိုးကောင်းတိုက်ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ (အဘိဓဇမဟာရဋ္ဌဂုရု) ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးအောင်မြေသာဇံမြို့နယ်၊ တောင်တွင်းကျောင်းခဏ္ဍာသိမ်၌ မီးခြစ်စက်ဒါယကာ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

ဆရာတော်ကြီးသည် အင်းယားကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒြိယ၊ မန္တလေးမြို့ ဣန္ဒြိယာရာမရွှေဂူ



တိုက်ဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော်၊ တောင်ထီးလင်းတိုက်ဆရာတော်တို့ထံတွင် ပါဠိတော် အဋ္ဌကထာ ဋီကာစာပေများကို သင်ယူခဲ့ပြီး ဓမ္မာစရိယတန်းကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ဓမ္မိကာရာမတိုက် တောင်ငူကျောင်း၌ စာဝါများကိုပို့ချတော်မူခဲ့ပြီး ပထမပြန်စာမေးပွဲကျင်းပရေးအဖွဲ့ခွဲ၌ အဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး စတုတ္ထအကြိမ်တွင် သံဃသမ္မုတိအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော် မူသည်။

နိုင်ငံတော်အစိုးရက ၁၃၆၂ ခုနှစ် (၂၀၀၁ ခုနှစ်) တွင် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် သာသနာ့အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၀၊ သိက္ခာတော် ၆၀ အရ ၁၃၇၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၅ ရက် (၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**၂၀၁၀ ပြည့်နှစ်အတွင်း ကွယ်လွန်ခဲ့ကြသည့် လူ ပုဂ္ဂိုလ်များအပိုင်းမှ အချို့သောပုဂ္ဂိုလ်များ အကြောင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။**

**ကမ္ဘောဇခင်လှိုင် (၁၉၃၁–၂၀၁၀)၊** ။ ကမ္ဘောဇခင်လှိုင်ကို ဦးဘဦး၊ ဒေါ်ရွှေတင့်တို့က ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ရှမ်းပြည်နယ် ကျောက်မဲမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးခင်လှိုင်ဖြစ်သည်။ ကျောက်မဲမြို့ Vernacular ခေါ် မြန်မာမြို့ပိုင်ကျောင်းမှ ၁၉၄၄ ခုနှစ်တွင် သတ္တမတန်း အောင်မြင်သည်။ ထို့နောက် တောင်ကြီးမြို့ အစိုးရတန်းမြင့်ကျောင်းမှ အဋ္ဌမတန်းအောင်မြင်သည်။ ၁၉၄၈ ခုနှစ်တွင် မက်ထရစ် စာမေးပွဲအောင်မြင်သည်။ ၁၉၅၅ ခုနှစ်တွင် M.B.B.S (R.G.N) ဘွဲ့ ရရှိခဲ့သည်။



ကမ္ဘောဇခင်လှိုင်

၁၉၅၆ ခုနှစ်တွင် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်၊ ၁၉၆၁ ခုနှစ်တွင် မြို့နယ်ဆရာဝန်ကြီး (သီပေါ)၊ ၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ခရိုင်ဆရာဝန်ကြီး (ကျောက်မဲ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားတက္ကသိုလ်မှ ဘွဲ့လွန်ဆေးပညာသင်တန်း (ခွဲစိတ်မှုပညာ) ဘာသာ ရပ်ဘွဲ့၊ ၁၉၆၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အီဒင်ဘာရာ ဆေးတက္ကသိုလ်မှ

F.R.C.S ဘွဲ့များရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ခွဲစိတ်ပါမောက္ခ၊ ၁၉၆၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံ အုပ်ကြီး၊ ခွဲစိတ်ကုဆရာဝန်အဖြစ် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဆေးကောလိပ်မဂ္ဂဇင်းတွင် စာညွန့်များ၊ ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၆၈ – ၆၉ ခုနှစ်တွင် 'ခွဲစိတ်ခန်း၏ မီးရောင်အောက်ဝယ်' လုံးချင်းစာအုပ်ထုတ်ဝေခဲ့သည်။ ထို့အပြင် "ဆေးပညာရှာ ခရီးသည်"၊ "တွေ့ကြုံဆုံကွဲ ဘဝခရီးထဲ"၊ "ဆရာဝန်တို့၏ ရှေ့တန်းစစ်မျက်နှာ"၊ "ပျော်လိုက်ရွှင်လိုက် ဒိုကာရယ်ကာ" နှင့် "မနားရသောသမားတစ်ဦး၏ ဘဝခရီး" (၂၀၀၉) တို့ကိုလည်း ထုတ်ဝေခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ 'နယ်ခြားပျော် ဒုက္ခသည်သားချင်းများဆီသို့' ဆောင်းပါးရေးသားခဲ့သည်။ 'ကလျာမဂ္ဂဇင်း' ဆေးပညာကဏ္ဍတွင် 'ရောဂါအမျိုးမျိုး ကုသမှုအဖုံဖုံ' ခေါင်းစဉ်ဖြင့် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများအကြောင်းရေးသားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် လားရှိုးမြို့၌ ဘိုးဘွားရိပ်သာကို မ,တည်ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇခင်လှိုင်သည် ၂၀၁၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့တွင် လားရှိုးမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ရီနှင့် သားသမီး ခြောက်ဦး ကျန်ရစ်သည်။

**ဂုဏ်လင်းကျော် (၁၉၅၀–၂၀၁၀)**။ ။ ဦးဘရီ၊ ဒေါ်တင်မေတို့က တောင်သာမြို့၌ ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးတင်စိုး ဖြစ်သည်။ ၁၉၆၈ ခုနှစ်၌ အ.ထ.က တောင်သာမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။ စစ်တက္ကသိုလ် အပတ်စဉ် (၁၄) တွင် တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၇၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ခြေလျင်တပ်၌ စစ်မှုထမ်းသည်။



ဂုဏ်လင်းကျော်

၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်တွင် အမှုထမ်းသည်။ စစ်ဘက်၌ ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုကို 'ခေတ်အဆက်ဆက် မြန်မာ့တပ်မတော်သားတို့၏ ဝတ်စားဆင်ယင်မှု' စာမူဖြင့် ပထမဆုရရှိခဲ့သည်။ ထို့နောက် ၁၉၉၆ ခုနှစ်၌ 'စိန်မြရုံခြယ်' စာအုပ်ဖြင့် အမျိုးသားစာပေဆု (နိုင်ငံရေးစာပေ)၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲတွင် 'ဆယ့်နှစ်ပွင့်ပန်းဥယျာဉ်နန်း' စာမူဖြင့် ဆောင်းပါးပထမဆုရရှိခဲ့သည်။ ထို့အပြင် တပ်မတော်နေ့အထိမ်းအမှတ်စာပေပြိုင်ပွဲများ၌ ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုဘာသာရပ်များတွင်လည်း ဆုများရရှိခဲ့သည်။

ဂုဏ်လင်းကျော်သည် သပြေနှင့်ငွေလဆန်းနှင့်စန္ဒကူးဝတ္ထုတိုများ၊ ဒီလိုလေသမီးရဲ့...ဟုတ်ကဲ့ပါဖေဖေ စသောစာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

စာပေသက်တမ်းတစ်လျှောက်ဆောင်းပါးနှင့်ဝတ္ထုတိုပေါင်း ၁,၀၀၀ ကျော် ရေးသားခဲ့သည်။ ဂုဏ်လင်းကျော်သည် စာပေစိစစ်နှင့် မှတ်ပုံ တင်ဌာန ညွှန်ကြားရေးမှူးတာဝန်မှ အငြိမ်းစားယူပြီးနောက် ကိုယ်ပိုင်စာအုပ်ထုတ်ဝေရေး လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်တွင် ဇနီးဒေါ်လှမူသိန်းနှင့် သမီးတစ်ယောက်၊ သား တစ်ယောက်ကျန်ရစ်သည်။

**ကျော်လီဆွေ ( ၁၉၃၀–၂၀၁၀)။** ။ ကျော်လီဆွေကို ဦးအေးဖေ၊ ဒေါ်အေးကျင်တို့က ချောက်မြို့၌ ၁၉၃၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း ရှစ်ယောက်အနက် ဒုတိယမြောက် (တစ်ဦးတည်းသော) သားဖြစ်သည်။ အမည်ရင်းမှာ ဦးလတ်ဆွေ ဖြစ်သည်။

ငယ်စဉ်က ချောက်မြို့၊ အုတ်ဖိုမြို့နှင့် မန္တလေး စိန့်ပီတာကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ အုတ်ဖို မြို့၌ပညာသင်ယူနေစဉ်အတွင်း ကျောင်းဆရာကြီး ဦးအောင်သာဒွန်းထံမှ အဆို၊ အကနှင့် သရုပ်ဆောင် ပညာကို လေ့လာခွင့်ရခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်သို့ တစ်ဦးတည်း ထွက်လာခဲ့ပြီး အလင်္ကာကျော်စွာ ရွှေပြည်အေး၊ ဒဂုန် ဆရာတင်တို့နှင့် အဆက်အသွယ်ရခဲ့သည်။ ၁၉၅၀ ပြည့်နှစ် မှာပင် ဒဂုန်ဆရာတင်၏ 'ငယ်ကျွမ်းဆွေ' ပြဇာတ်၌ ပထမဆုံးပါဝင်သရုပ်ဆောင်ခွင့်ရခဲ့သည်။ ငယ်ကျွမ်းဆွေ ပြဇာတ်တွင် သုံးကြိမ်ဆက်ကာ ကပြရသည်အထိ အောင် မြင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ပြဇာတ်တိုင်းနီးပါး ပါဝင် သရုပ်ဆောင်ခဲ့ရသော ကျော်လီဆွေကို ဗြိတိသျှ ဘားမား (ညွန့်မြန်မာ) ရုပ်ရှင်မှ ဒါရိုက်တာ ဦးချစ်ခင်က ခေါ်ယူ ကာ 'ချစ်ရေးမလွယ်' ရုပ်ရှင်ဇာတ်ကားတွင်ပါဝင် သရုပ် ဆောင်စေခဲ့သည်။ အဆိုပါဇာတ်ကားသည် ကျော်လီဆွေ ၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့ပြီး ကျော်ဆွေ၊ မြင့်မြင့်ခင်တို့နှင့်တွဲဖက်သရုပ်ဆောင်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဒေါ်လှလှဆွေနှင့် လက်ထပ် ခဲ့ပြီး သားသုံးယောက်ထွန်းကားခဲ့သည်။ ကျော်လီဆွေ သည် ခေါင်းဆောင်မင်းသားအဖြစ် ဇာတ်ကားနှစ်ကား သာ သရုပ်ဆောင်ခဲ့သည်။ သူ၏အနုပညာသက်တမ်း တစ်လျှောက် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော်နှင့်ဗီဒီယို ဇာတ်ကားပေါင်း ၁၅၀ ခန့်တွင် ပါဝင်သရုပ်ဆောင် ခဲ့သည်။ ကျော်လီဆွေသရုပ်ဆောင်သော ဇာတ်ကားများ မှာ ပရိသတ်၏အားပေးမှုအများအပြား ရရှိခဲ့သည်။

အနုပညာမျိုးရိုးမရှိဘဲ ဝါသနာနှင့် ဖွဲ၊ လုံ့လကို အရင်းတည်ကာ ကြိုးစားအားထုတ်ခဲ့သည့် သရုပ်ဆောင်



ကျော်လီဆွေ၏ အနုပညာ ဆရာရင်းများမှာ ငယ်ဆရာ ဦးအောင်သာဒွန်း၊ ဒဂုန်ဆရာတင်၊ ရွှေဒုံးဘီအောင်၊ ရွှေပြည်အေး၊ ဦးသုခ၊ ဦးချစ်ခင်၊ ဦးအောင်ကြီးနှင့် ဗိုလ်ကလေးတင့်အောင်တို့ဖြစ်သည်။ ဖိုးပါကြီး၊ မြင့်ဖေ၊ သန်းနွဲ့နှင့် ကြယ်နီတို့မှာ ကျော်လီဆွေ၏ ခေတ်ပြိုင် ဟာသသရုပ်ဆောင်များဖြစ်သည်။

ကျော်လီဆွေသည် စာပေဘက်တွင်လည်း ဝါသနာထုံသူဖြစ်ရာ 'သောကြာနှင့်သောင်းပြောင်းထွေလာ' မဂ္ဂဇင်းတို့တွင် 'ဟာသစုဘူး'နှင့် ဟာသဆိုင်ရာဆောင်းပါး များကို ရေးသားခဲ့သည်။ အဆိုပါဆောင်းပါးများကို စုစည်းကာ 'အပြုံးဆေး ကျော်လီဆွေဖော်စပ်သည်' စာအုပ် ကို ထုတ်ဝေခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ကျော်လီဆွေနှင့် သားများ ဗီဒီယို ထုတ်လုပ်ရေးလုပ်ငန်းကို ထူထောင်ကာ သရုပ်ဆောင်သစ်များကို မွေးထုတ်ပေးခဲ့သည်။

MRTV-4 က ရိုက်ကူးတင်ဆက်သည့် စကားနပန်း အစီအစဉ်တွင် ရွှေခြံသန်းမြင့်နှင့်တွဲဖက် သရုပ်ဆောင်

ခဲ့ခြင်း၊ 'ခိုးစားတဲ့သစ်သီး' ဗီဒီယိုဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်ခဲ့ခြင်းတို့မှာ ဂျော်လီဆွေ၏နောက်ဆုံး အနုပညာလှုပ်ရှားမှုများပင်ဖြစ်သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ကန်တော့ခံ သက်ကြီး အနုပညာရှင် ဂျော်လီဆွေသည် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ အသက် ၈၀ အရွယ်တွင် တိုက် ၃၀၊ အခန်း ၃၊ ဘော်စင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသုံးယောက် ကျန်ရစ်သည်။

**စဝ်ထွန်းမှတ်ဝင်း၊ ဦး(၁၉၂၅-၂၀၁၀)။** ။ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်း (အရှင်ဝဏ္ဏဓဇသီရိ)ကို ဦးဂေါရာ (ခေါ်)စဝ်စံလှိုင်၊ ဒေါ်နန်းဌေး(ခေါ်) ဒေါ်ငွေငွေတို့က ညောင်ရွှေမြို့နယ် မိုင်းသောက်မြို့၌ ၁၉၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်းသည် ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့နှင့် ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ကို ရရှိသည်။ ၁၉၅၉-၆၀ပြည့်နှစ်တွင် အောက်စဖို့ဒ် တက္ကသိုလ်မှ မဟာဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့နှင့် ၁၉၆၁-၆၂ ခုနှစ်တွင် ဟားဗတ်ဒ်ဗင်းနီတီတက္ကသိုလ်မှ အထက်တန်းသုတေသနပညာရှင်ဘွဲ့ကို ရရှိသည်။

ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်းသည် နိုင်ငံ့ဝန်ထမ်းအဖြစ်နည်းပြဆရာ၊ ကထိက၊ ဌာနမှူး၊ သုတေသနဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ကာ ၁၉၈၆ ခုနှစ်တွင် အငြိမ်းစားယူသည်။ ၁၉၈၇ ခုနှစ်တွင် သာသနာရေး ဝန်ကြီးဌာန အကြံပေးပညာရှင်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ် မဟာဌာနမှူး အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်းဆောင်ရွက်သည်။

ဆရာကြီး ဦးစဝ်ထွန်းမှတ်ဝင်းသည် ဘာသာရေးကျမ်းစာအုပ် ၁၅ အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ အခြားကျမ်းနှင့်သမိုင်းစာအုပ် ၁၅ အုပ်ကို မြန်မာဘာသာဖြင့်လည်းကောင်း ရေးသားပြုစုခဲ့သော စာပေပညာရှင်ကြီးဖြစ်သည်။ "ဓမ္မစကြာမြို့တော်ကြီးနှင့်တရားဦး" စာအုပ်ဖြင့် တက္ကသိုလ် အနုပညာ ပထမဆုရရှိသည်။ ၁၉၆၈ ခုနှစ်တွင်



ဦးစဝ်ထွန်းမှတ်ဝင်း

အမျိုးသားစာပေဆု သုတပဒေသာဆု (ဒုတိယ)ကို "သုတေသနပြုစု နည်းအမျိုးမျိုး" စာအုပ်ဖြင့် ချီးမြှင့်ခြင်းခံရသည်။

ကန်တော့ခံသက်ကြီးစာပေပညာရှင် ဦးစဝ်ထွန်းမှတ်ဝင်းသည် ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ငွေငွေ (အိမ်တွင်းမှုသိပ္ပံဌာန ဌာနမှူး-ငြိမ်း၊ ပညာရေးတက္ကသိုလ်)၊ သားနှစ်ဦးနှင့်မြေးနှစ်ဦးတို့ ကျန်ရစ်သည်။

**တက္ကသိုလ်မြစိမ်း (၁၉၃၇-၂၀၁၀)။** ။တက္ကသိုလ်မြစိမ်းကို ရန်ကုန်မြို့ အငြိမ်းစားတိုင်းမင်းကြီး၊ အငြိမ်းစား ရွေးကောက်ပွဲမင်းကြီးနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအုန်းဖေနှင့် ဒေါ်မြခင်တို့က ရန်ကုန်မြို့၌ ၁၉၃၇ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်မြင့်မြင့်သန်းဖြစ်သည်။ လပွတ္တာမြို့ ၌ နှစ်နှစ်နီးပါး နေထိုင်ခဲ့ပြီးနောက် ဘိုကလေးမြို့၊ ကျိုက်လတ်မြို့၊ ဖျာပုံမြို့၊ ဟင်္သာတမြို့နှင့် ဝါးခယ်မမြို့တို့တွင် နေထိုင်ခဲ့သည်။

စစ်အတွင်း၌ ဖခင်၏ဇာတိ မနေဖြူမြို့တွင် နေထိုင်ပြီး စစ်အပြီးတွင် ဖခင်ပြန်လည်အမှုထမ်းသော

ညောင်တုန်းမြို့၌ နေထိုင်ကာ ၎င်းမြို့ အ.ထ.ကတွင် ပညာစတင်သင်ယူသည်။ ပထမတန်းမှ သတ္တမတန်းအထိ ပုသိမ်မြို့တွင် နေထိုင်သည်။ သတ္တမတန်းကို အ.ထ.က (၁) မုံရွာ၌ ပညာဆက်လက်သင်ယူသည်။ ထို့နောက် လှိုင်လင်အထက်တန်းကျောင်း၌ ပညာဆက်လက် သင်ကြားသည်။ ဖခင်ရန်ကုန်သို့ ပြောင်းရွှေ့



တက္ကသိုလ် မြစိမ်း

သောအခါ ရန်ကုန်မြို့ စံပြအမျိုးသမီးအထက်တန်းကျောင်း၌ ပညာဆက်လက်သင်ကြားပြီး ၁၉၅၆ ခုနှစ်တွင် ၁၀ တန်းအောင်မြင်သည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ပြီး ၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ တက္ကသိုလ်မြစိမ်းသည် ငယ်စဉ်မှစ၍ ကျောင်းမဂ္ဂဇင်းများတွင် စာများရေးသားခဲ့ပြီး ယုဝတီဂျာနယ်နှင့် တိုင်းရင်းမေဂျာနယ်တို့၌ ၁၉၅၅ ခုနှစ်ခန့်မှစ၍ ဝတ္ထုတိုများ ရေးသားခဲ့သည်။ ယုဝတီကလောင်ရှင်နှင့် တိုင်းရင်းမေကလောင်ရှင်ဘွဲ့တို့ဖြင့် အသိအမှတ်ပြုခြင်းခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ငွေတာရီမဂ္ဂဇင်း အမှတ် (၁) ၌ပါဝင်သော "မိုးရွာသောညများ" ဝတ္ထုတိုကြောင့် စာရေးဆရာ ထင်လင်းမှတစ်ဆင့် ဆရာဇော်ဂျီက ခေါ်ယူပြီး ဝတ္ထုနှင့်ဆိုင်သော စာပေရေးရာများကို တစ်နှစ်နီးပါးသင်ကြားပေးသည်။

တက္ကသိုလ်မြစိမ်းသည် ၁၉၆၁ ခုနှစ်တွင် တရားရေးဌာန ရွေးကောက်ပွဲကော်မရှင်၌ အထက်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၆၂ ခုနှစ်တွင် ပညာရေးဝိဇ္ဇာတန်းကို တက်နေစဉ် ကျောင်းပိတ်သဖြင့် အမှတ် (၁) စက်မှုလက်မှုအထက်တန်းကျောင်း (နတ်မောက်လမ်း) ၌ လက်ထောက်နည်းပြဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။

၁၉၆၅ ခုနှစ်တွင် ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန ညွှန်ကြားရေးဝန် ဦးသန်းထွတ် (စာရေးဆရာတိုက်စိုး) နှင့် တရားရုံး၌ လက်မှတ်ရေးထိုး၍ လက်ထပ်သည်။ ထိုနှစ်မှာပင် မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများ စာအုပ်ဖြင့် အမျိုးသားစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည်။ ထိုဝတ္ထုများသည် လက်ရေးစာမူဖြင့် တင်သွင်းယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပါဝင်သောဝတ္ထုတို ၁၂ ပုဒ်အနက် ကိုးပုဒ်မှာ ငွေတာရီမဂ္ဂဇင်းတွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်အတွင်း ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်သည်။

ဆိုက်ကားသမား၊ အလုပ်သမားခေါင်း၊ မုန့်သည်၊ ပြည့်တန်ဆာတို့အကြောင်းကိုလည်းကောင်း၊ အရင်းရှင်အိမ်ထောင်ရေးစနစ်အကြောင်းများကိုလည်းကောင်း၊ အမြင်ဆန်း၊ အတွေးဆန်းများဖြင့် သရုပ်ဖော်ထားသည်။

၁၉၆၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ယခင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သတင်းနှင့်စာပေစိစစ်ထောက်လှမ်းရေးနှင့် သုတေသနဌာနစိတ်၌ စာပေစိစစ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၈ ခုနှစ်တွင် စာပေရေးသားပြုစုခြင်းအလုပ်ကို ပိုမိုလုပ်ဆောင်နိုင်ရန် အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၇၈ ခုနှစ်အတွက် "နောက်တိုး" လုံးချင်းဝတ္ထုဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရရှိသည်။

တက္ကသိုလ်မြစိမ်းရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ မိုးရွာသောညများနှင့် အခြားဝတ္ထုတိုများ (၁၉၆၅)၊ ချစ်အကြောင်း (၁၉၇၀)၊ နေသာသောနေ့နှင့်အခြားဝတ္ထုတိုများ (၁၉၇၁)၊ ချစ်သူနှင့်ဝေးရာသို့ ပြေးပါရစေ (၁၉၇၂)၊ မောင်ယုံကြည်အောင်ပြောစမ်းပါခင်ရယ် (၁၉၇၃)၊ မိုးနှင့်မြေကြီး (၁၉၇၃)၊ အပြောကြွယ်တဲ့မယား (၁၉၇၃)၊ မနိုးချင်သော လွမ်းအိပ်မက် (၁၉၇၄)၊ ကျိုးဖြူကျိုးမည်းတစ်ကောင်တည်း (၁၉၇၄)၊ စုံကန္တာမြိုင်ကြီး

ဘယ်ထီးမှမပါ (၁၉၇၅)၊ တိုင်းမင်းကြီးသမီး (၁၉၇၅)၊ အမိတော့ဖြင့် မလိုက်နိုင်ဘူးကွယ် (၁၉၇၆)၊ ညွန်ကြားရေးမှူးချုပ်ကတော် (၁၉၇၇)၊ နောက်တိုး (၁၉၇၈)၊ မချစ်ကယ်ပါပြီလား ရွှေအားတော်ငယ် (၁၉၇၉)၊ မငယ်ရယ်မင်းဘယ်မှာလဲကွယ် (၁၉၈၀)၊ ချစ်မ (၁၉၈၁)၊ အမုန်းဝတ္ထု (၁၉၈၂)၊ အင်္ဂလိပ်ကဗျာစပ်သူနှင့် ဆရာမဝတ္ထုတိုများ (၂၀၀၂)၊ မြူနှင်းဝေမှိုင်းနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ (၂၀၀၄) စာအုပ်တို့ဖြစ်သည်။ ထို့ပြင် ရှေ့သို့ဂျာနယ်၌ အမည်ရင်း မြင့်မြင့်သန်းဖြင့် ဆောင်းပါးများရေးသားခဲ့သည့်အပြင် မြင့်ကြည်အေးအမည်ဖြင့်လည်း ဝတ္ထု၊ ဆောင်းပါးများကို ရေးသားခဲ့သည်။

တက္ကသိုလ်မြစိမ်းသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## တင်သန်းဦး၊ ဒါရိုက်တာ (၁၉၅၂-၂၀၁၀)။

။ စာရေးဆရာ တင်သန်းဦး ကလောင်နာမည်ဖြင့် စာပေလောက၌ ထင်ရှားသော ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး (ငြိမ်း) ကို ဦးတင်သန်း (စာရေးဆရာ ငွေမောင်း)၊ ဒေါ်သန်းလှတို့က ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး စေတီတော်မြောက်ဘက်ရှိ ကလောမြောင်ဆင်စခန်း၌ ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မွေးဖွားသည်။

ငယ်စဉ်က သထုံမြို့ မင်းတန်းကျောင်း၊ အမက (၁) မရမ်းကုန်း၊ အထက (၅) ကမာရွတ်၊ အထက (၃) မရမ်းကုန်းနှင့် အထက (၂) မရမ်းကုန်းတို့၌ ပညာသင်ယူသည်။ စတုတ္ထတန်း၌ စကောလားရှစ်ဆုရရှိသည်။ ၁၉၆၉ ခုနှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ သင်္ချာဘာသာအထူးပြုဖြင့် တက်ရောက်သင်ယူသည်။ တက္ကသိုလ်၌ ဒုတိယနှစ်တက်နေစဉ် ၁၉၇၁ ခုနှစ်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ဗိုလ်လောင်းသင်တန်းအပတ်စဉ် ၁၆ သို့ တက်ရောက်ခွင့်ရရှိသည်။

စာရေးဆရာတင်သန်းဦးသည် ၁၉၇၄ ခုနှစ်တွင် စစ်တက္ကသိုလ်မှ B.Sc, D.S.A ဘွဲ့ရရှိပြီး တပ်မတော်၌ ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ မြစ်ကြီးနားမြို့ရှိ အမှတ် (၃၇) ခြေလျင်တပ်ရင်း၌ တာဝန်ပေးအပ်ခြင်းခံရပြီး တပ်စုမှူး၊ တပ်ခွဲမှူးတာဝန်များကို ထမ်းဆောင်သည်။ ၁၉၈၀ ပြည့်နှစ်တွင် တောင်ငူမြို့ရှိ အမှတ် (၂၆) ခြေလျင်တပ်ရင်းသို့ လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် ပြင်ဦးလွင်မြို့ရှိ



တင်သန်းဦး

တပ်မတော်ပညာရေးကျောင်းသို့ လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် မင်္ဂလာဒုံမြို့နယ်ရှိ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး) သို့လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း အသီးသီးပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ၂၀၀၇ ခုနှစ်တွင် ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး တာဝန်မှ အငြိမ်းစားယူသည်။

စာရေးဆရာ တင်သန်းဦးသည် ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ မြန်မာ့အသံ၌ အသံဖြင့် သရုပ်ဆောင်သူအဖြစ် အကြိမ် ၆၀ ကျော်အသံသွင်းထုတ်လွှင့်ခဲ့ဖူးသည်။ ၁၉၆၉ ခုနှစ်တွင် "လောကကြီးကို ဆဲသူကြီး" ဟာသဝတ္ထုတိုတစ်ပုဒ် သောကြာစာစောင်၌ ပုံနှိပ်ဖော်ပြခြင်းခံရသည်။ ၁၉၇၁ ခုနှစ်တွင် စစ်တက္ကသိုလ်မှ ထုတ်ဝေသော သီဟစာစောင်နောက်ကျောဖုံး၌ ကဗျာတစ်ပုဒ် ဖော်ပြခြင်းခံရသည်။

၁၉၇၄ ခုနှစ်နောက်ဆုံးနှစ်ဗိုလ်လောင်းဘဝတွင် စာပေပြိုင်ပွဲသုံးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ရာ ဝတ္ထုတိုဆုသုံးကြိမ်ရရှိသည်။ ၁၉၇၄ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထုဖြစ်သော စာမလာသတင်းမကြား ဝတ္ထုကို

ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၇၅ ခုနှစ် မတ်လထုတ် မြဝတီမဂ္ဂဇင်း၌ ဝတ္ထုတိုတစ်ပုဒ်ရေးသားပြီး ၁၉၈၀-၈၁ ခုနှစ်မှစ၍ မဂ္ဂဇင်းများ၌ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးစုစုပေါင်း ၁,၀၀၀ ကျော်ရေးသားခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ စာအုပ်ပေါင်း ၉၇ အုပ်ရေးသားထုတ်ဝေသည်။ တင်သန်းဦးကလောင်နာမည်ဖြင့် သာမကမင်းမောင်မောင်၊ ရဲဘော်သစ်မောင်၊ နော်ရထာ၊ ကရင်ပြည်နယ်သားတစ်ဦးစသည့် ကလောင်နာမည်ခွဲများဖြင့် ရေးသားသည်။ ရဲဘော်သစ်မောင်ကလောင်နာမည်ဖြင့်ရေးသားသည့် ပြည်တွင်းသောင်းကျန်းမှုများသမိုင်း အပိုင်း (၁) မှ (၅) အထိ စာအုပ်ငါးအုပ်ဖြင့် ၁၉၉၃ ခုနှစ် အမျိုးသားစာပေဆု (နိုင်ငံရေးစာပေ) ရရှိသည်။

စာရေးဆရာတင်သန်းဦးသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်စဉ် တပ်မတော်သမိုင်း ရုပ်ရှင်ဇာတ်ကားကြီးများနှင့်စပ်လျဉ်း၍ ဦးစီးတာဝန်၊ အုပ်ချုပ်ရေးတာဝန်၊ ဇာတ်ညွှန်းစိစစ်ရေးတာဝန်၊ ရိုက်ကူးရေးအဖွဲ့ခေါင်းဆောင်တာဝန်များကို ဆောင်ရွက်သည်။ ၁၉၈၇ ခုနှစ်တွင် ဒါရိုက်တာ မောင်တင်ဦးရိုက်ကူးသော 'ခြူးရွှေကအပြန်' ရုပ်မြင်သံကြားဇာတ်လမ်းအတွက် ရိုက်ကွင်းဇာတ်ညွှန်းစတင်ရေးသားပြီး တွဲဖက်ဒါရိုက်တာသင်တန်းတက်ရောက်သည်။ ၁၉၈၈ ခုနှစ်တွင် ဒါရိုက်တာ မောင်တင်ဦး ရိုက်ကူးသော တိန်ကော့နော်ဂျာဇာတ်ကား၌ ဇာတ်ညွှန်း၊ တွဲဖက်ဒါရိုက်တာအဖြစ်သာမက သရုပ်ဆောင်အဖြစ်ပါရိုက်ကူးသည်။ ၁၉၈၉ ခုနှစ်တွင် 'ထာဝရသစ္စာ'ဇာတ်လမ်းကို စတင်ရိုက်ကူးပြီး 'ချစ်သူရန်သူ' (နှလုံးသားကွန်မန်ဒို) ရုပ်သံဇာတ်လမ်းများကို ရိုက်ကူးသည်။ ၁၉၉၀ ပြည့်နှစ်တွင် 'ပါပီမ' ဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ရိုက်ကူးရာ လူကြိုက်များပြီး အောင်မြင်မှုရရှိသည်။ 'ရဲဘော်မသေ'၊ 'ငြိမ်းချမ်းသောရင်ခွင်'၊ 'လှလေးစိန်' ဇာတ်ကားများကိုလည်း ရိုက်ကူးသည်။ အမျိုးသားရုပ်ရှင်အတွက် လေသူရဲချစ်သူ၊ ရတနာအောင်ရုပ်ရှင်အတွက် မိုမိုချစ်တဲ့ကွန်မန်ဒို ရုပ်ရှင်ဇာတ်ကားကြီးများကို ဇာတ်ညွှန်းနှင့်ဒါရိုက်တာအဖြစ် ရိုက်ကူးသည်။ ဒါရိုက်တာမောင်တင်ဦးရိုက်ကူးသော 'သွေးအတွက်သွေး'၊ ဒါရိုက်တာ မိုးပွားရိုက်ကူးသော 'မောင်ရင် ငတေမိုက်ကန်းသည်' ရုပ်ရှင်ဇာတ်ကားများအတွက် ဇာတ်ညွှန်းရေးသားပေးခဲ့သည်။

စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦးသည် မြဝတီရုပ်မြင်သံကြားတည်ထောင်ရာတွင် စီမံကိန်း ဦးစီးကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဇာတ်လမ်းတွဲ သုံးတွဲအပါအဝင် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဇာတ်ကား ၁၀၀ ခန့်၊ လျှပ်တစ်ပြက်ရိုက်ချက်အစီအစဉ်များ၊ လှုပ်လှုပ်ရှားရှားပုံရိပ်များ၊ မှတ်တမ်းများ၊ အရေးကြီးသတင်းများနှင့် တပ်မတော်ကြည်း-ရေ-လေ ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း အစီအစဉ်များကို ရိုက်ကူးသည်။ အိပ်မက်ဆိုးမှမနိုးခင်ဇာတ်လမ်းတွဲကို ကိုရီးယားမင်းသမီးနှင့် ရိုက်ကူးခဲ့သည်။

စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦးသည် ၁၉၈၉ ခုနှစ်တွင် ရုပ်မြင်သံကြားနှင့် အခြားကဏ္ဍများလေ့လာရေးအတွက် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် လေ့လာရေးခရီးအဖြစ် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလေ့လာရေးအတွက် တရုတ်နိုင်ငံ၊ ရှန်ဟဲမြို့နှင့်ဟန်ကျိုးမြို့သို့လည်းကောင်း သွားရောက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင်ထိုင်းနိုင်ငံသို့ သွားရောက်ကာ သီချင်းများနှင့် အထူးအစီအစဉ်များ ရိုက်ကူးခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မလေးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။ ၂၀၀၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ အနုပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခန်းများ ရိုက်ကူးခဲ့သည်။

စာရေးဆရာ၊ ဒါရိုက်တာတင်သန်းဦးသည် 'အရဏ်ဦးမှာ ဖူးသည့်ကြာ' ဇာတ်လမ်းကို နောက်ဆုံးရိုက်ကူးခဲ့ပြီး 'လွမ်းရင်ခွင်မှာသာတဲ့လ' ရုပ်ရှင်ဇာတ်ကားကို တည်းဖြတ်ဆဲဖြစ်သည်။ ရုပ်ရှင်နှင့်ရုပ်မြင်သံကြားပညာရပ်ဖြစ်သည့် လှုပ်ရှားနေသောပုံရိပ်များစာအုပ်ကို ရေးသားပြုစုဆဲဖြစ်ပြီး မြန်မာ့သူရဲကောင်းဗိုလ်ချိုအတ္ထုပ္ပတ္တိဇာတ်ကားရိုက်ကူးရန် ပြင်ဆင်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင်ကော်မတီဝင်၊ စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦး (လူမှုထူးချွန်တံဆိပ်ပထမဆင့်) သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီးဒေါ်စန်းစန်းသူမှာ မေလကကွယ်လွန်ခဲ့ပြီး သားသမီးမထွန်းကားခဲ့ပေ။

**ဒေါ်ခင်နွဲ့ဟန်ကြည် (၁၉၄၁–၂၀၁၀)။ ။** ဒေါ်ခင်နွဲ့ဟန်ကြည်ကို ဦးမြတ်သိန်း (ပါဠိဆရာကြီး)၊ ဒေါ်နှင်းအုံတို့က ၁၉၄၁ ခုနှစ် မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ ကျောက်မြောင်း တာမွေရပ် ကုသိုလ်ဖြစ်



ဒေါ်ခင်နွဲ့ဟန်ကြည်

ဆေးရုံ၌ မွေးဖွားသည်။ ဝိဇ္ဇာတွဲ ဥပစာတန်းကို ၁၉၅၉ ခုနှစ် မတ်လတွင် ထီးတန်းကောလိပ်မှလည်းကောင်း၊ ဝိဇ္ဇာဘွဲ့ကို ၁၉၆၁ ခုနှစ် မတ်လတွင် ရန်ကုန်တက္ကသိုလ်မှလည်းကောင်း အောင်မြင်ခဲ့သည်။ ၁၉၆၂–၆၆ ခုနှစ်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရုံး၌ သင်တန်းဆရာအဖြစ် လည်းကောင်း၊ ၁၉၆၆–၇၉ ခုနှစ်တွင် သာသနာရေးဦးစီးဌာန၌ သုတေသနအရာရှိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ သုတေသနအရာရှိအဖြစ်နှင့် စာကြည့်တိုက်လုပ်ငန်းများကိုလည်း တွဲဖက်တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

၁၉၇၂–၇၆ ခုနှစ်တွင် မရမ်းကုန်းမြို့နယ် မြန်မာစာအဖွဲ့၌ အဖွဲ့ဝင်အဖြစ်ပါရှိ၍ စာပေရေးရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ သင်္ဃန်းကျွန်းမြို့နယ် လူငယ်ရေးရာညကျောင်းတွင် အချိန်ပိုင်းအထက်တန်းပြဆရာမအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၉–၈၅ ခုနှစ်တွင် သင်္ဃန်းကျွန်းမြို့နယ် ပါတီယူနစ်ကော်မတီဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၈၇ ခုနှစ်တွင် စာကြည့်တိုက်ပညာဒီပလိုမာကို ဂုဏ်ထူးဖြင့်ပထမရရှိခဲ့သည်။ ၁၉၉၀–၉၅ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၉ မှ ၂၀၀၄ ခုနှစ်အထိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ညွှန်ကြားရေးမှူးအဖြစ်ဆောင်ရွက်စဉ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနရှိ သုတေသနစာကြည့်တိုက်၊ ပြတိုက်၊ ပေစာဌာနတို့တွင် ကူညီဆောင်ရွက်ပေးခဲ့သည်။

၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာနတွင် အကြံပေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ကွယ်လွန်ချိန်အထိ သာသနာရေးဦးစီးဌာနတွင် ကျွမ်းကျင်သူအဖြစ်လည်းကောင်း လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ရုပ်ရှင်၊ ဗီဒီယိုဆင်ဆာအဖွဲ့တွင် ၂၀၀၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၀ ပြည့်နှစ်အထိ လည်းကောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) အတွက် ရုပ်ရှင်အကယ်ဒမီဆင်ဆာအဖွဲ့တွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ကွယ်လွန်ချိန်အထိလည်းကောင်း စိစစ်ကြည့်ရှု အကဲဖြတ်ဆောင်ရွက်ပေးခဲ့သည်။ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် နာယကအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကိုးပိုင်းသင်တန်းလေ့လာချက်များကို ပထမ၊ ဒုတိယ၊ တတိယ အတွဲသုံးတွဲဖြင့် ရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၆၆ ခုနှစ်မှစ၍ သာသနာရေးဆိုင်ရာ စာတမ်းများ၊ ဆောင်းပါးများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် အထူးဆောင်းပါးများ

စသည်တို့ကို ကွယ်လွန်ချိန်အထိ သစ္စာ၊ ဖြူစင်၊ ဒေါ်ခင်နွဲ့ဟန်ကြည်ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။ ဆရာမကြီးသည် တာဝန်များကိုထမ်းဆောင်ရင်း ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကွယ်လွန်သည်။

**နိုင်ပန်းလှ၊ ဒေါက်တာ (၁၉၂၃-၂၀၁၀)။** ။ ဒေါက်တာနိုင်ပန်းလှကို ကော့ဗိန်း (အိုးသည်ကုန်း) ရွာလေးရွာသူကြီး ဦးကြွ၊ ဒေါ်ချို့တို့က ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၌ ၁၉၂၃ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း ခုနစ်ယောက်အနက် လေးယောက်မြောက်ဖြစ်သည်။

ငယ်စဉ်ကဖခင်တည်ထောင်ခဲ့သောကျေးရွာဘုန်းကြီး ကျောင်း၌ မွန်၊ မြန်မာ၊ အင်္ဂလိပ်စာများကို ဆရာတော် ဦးဝိသုဒ္ဓထံတွင် စတင်သင်ကြားခဲ့သည်။



ဒေါက်တာ...

ကျေးရွာအစိုးရ အလယ်တန်းကျောင်းမှ စတုတ္ထတန်း အောင်မြင်ပြီး မော်လမြိုင် ကရင် (A.B.M) ကျောင်း၌ ဆက်လက်ပညာသင်ယူသည်။ ၁၉၃၉ ခုနှစ်တွင် သတ္တမတန်းအောင်မြင်ပြီး ရန်ကုန်ရှိ သန်းခေါင်စားရင်းရုံး၌ စတင်အမှုထမ်းသည်။ စစ်ကြီးဖြစ်လာသောအခါကော့ဗိန်းသို့ သွားရောက်နေထိုင်သည်။ ၁၉၄၆ ခုနှစ် စစ်ကြီးအပြီးတွင် ရန်ကုန်သို့ ပြောင်းရွှေ့၍ မြို့မအမျိုးသားကျောင်း တက္ကသိုလ်ဝင်တန်း၌ သုံးလကြာ ပညာသင်ယူခဲ့သည်။ ထို့နောက် ဓာတုဗေဒမင်းကြီးရုံး၊ ဓာတ်ခွဲခန်းလက်ထောက်နှင့် ဒုတိယစာရေးအဖြစ် အမှုထမ်းရင်း ရာမညမွန်အသင်းချုပ်တွင် အကျိုးဆောင်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။

၁၉၅၃ ခုနှစ် ဧပြီလတွင် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကိုပြုစုခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ သုံးလကြာတက်ရောက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် တရုတ်ပြည်သို့ ရှေးဟောင်းသုတေသနအဖွဲ့ဝင်အဖြစ် သွားရောက်လေ့လာခဲ့သည်။

၁၉၇၆ ခုနှစ်တွင် မင်းလှိုင်ထောစာပေမှ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ထုတ်ဝေ၍ ပွင့်ဦးငြိမ်းစာပေမှ ပထမအကြိမ်အဖြစ် ဖြန့်ချိခဲ့သည်။ အဆိုပါကျမ်းကို ၁၉၉၈ ခုနှစ်တွင် မြဝတီစာပေတိုက်မှ သတ္တမအကြိမ်ရိုက်နှိပ်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အထက်တန်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ ၁၉၈၆ ခုနှစ်ဇွန်လ ၁ ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ နိုင်ငံ့ဝန်ထမ်းတာဝန်များကို နှစ် ၄၀ ကျော်ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်၏ဖိတ်ကြားချက်ဖြင့် ဧည့်ပါမောက္ခပညာရှင်အဖြစ် အမှုထမ်းသည်။ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တိုကျိုတက္ကသိုလ်နှင့် တိုကျိုအပြည်ပြည်ဆိုင်ရာ ခရစ်ယာန်တက္ကသိုလ်များတွင် ဧည့်ပါမောက္ခအဖြစ် အမှုထမ်းရင်း စာအုပ်လေးအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ထို့အပြင် ကမ္ဘာအရပ်ရပ်၌ နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များသို့ တက်ရောက်၍ သုတေသနစာတမ်းများကို တင်ပြခဲ့သည်။

၁၉၉၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ အနောက်ပစိဖိတ်တက္ကသိုလ်သို့ ကျမ်းပြုကျောင်းသားအဖြစ် ဝင်ခွင့်ရပြီး ယဉ်ကျေးမှုမနုဿဗေဒ အဓိက B.Sc ဘွဲ့နှင့် ပါရဂူဘွဲ့များကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် မွန်ဓမ္မသတ် ၁၁ မျိုးကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြ၍ ဥပဒေပါရဂူ (LL.D) ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၉၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၊ မေယိုတက္ကသိုလ်သစ်တွင် အမြဲတမ်းပါမောက္ခအဖြစ် အရှေ့

တောင်အာရှယဉ်ကျေးမှုနှင့် သမိုင်းဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့်သင်ပြရန် တာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၉၇ ခုနှစ်တွင် မွေးစာပေမှ မြစေတီ မွန်ကျောက်စာ (မြန်မာပြန်) နှင့် ၁၉၉၈ ခုနှစ်တွင် သုတေသနစာပေများစာအုပ်ကို ထုတ်ဝေခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မွေးစာပေမှပင် ရွှေစည်းခုံ မွန်ကျောက်စာ (မွန်-မြန်မာ) စာအုပ်ကို ထုတ်ဝေခဲ့သည်။ အဆိုပါစာအုပ်ကို ဂျပန်နိုင်ငံ၊ မေယိုတက္ကသိုလ်၌ ရှိစဉ်က ပြုစုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နိုင်ပန်းလှသည် မွန်ဘာသာ ဇာတ်ကြီး ၁၀ ဘွဲ့ ၁၀ အုပ်တွဲ၊ မွန်ဘာသာ ဇာတ် ၅၅၀ ပထမတွဲမှ နဝမတွဲအထိ ကိုးတွဲ၊ မွန်ဘာသာ ပါရမီခန်းပျို့များကို ရေးသားခဲ့သည်။ ကလောင်အမည်ခွဲ မောင်သိပ္ပံဖြင့်လည်း ရေးသားသည်။ ဒေါက်တာနိုင်ပန်းလှသည် မွန်-မြန်မာ ယဉ်ကျေးမှုဆိုင်ရာ သုတေသနဆောင်းပါးများကို စဉ်ဆက်မပြတ်ရေးသားရင်း ကမ္ဘာက အာရုံပြုလာနိုင်အောင် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကန်တော့ခံသက်ကြီးစာပေပညာရှင်လည်းဖြစ်သော ဒေါက်တာနိုင်ပန်းလှသည် ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၈ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီး ခုနစ်ယောက်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်ကျန်ရစ်သည်။

**နန်းညွန့်ဆွေ (၁၉၂၅-၂၀၁၀)**။ ။ ကဗျာဆရာ၊ စာပေသုတေသီ နန်းညွန့်ဆွေကို ဦးသက်၊ ဒေါ်ရွှေဆိုင်တို့က ပြည်ခရိုင်၊ ဆင်မြီးဆွဲမြို့ ရပ်သာရွာ၌ ၁၉၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးအောင်သိန်းဖြစ်သည်။

ငယ်စဉ်က ဘုန်းတော်ကြီးကျောင်း၌ စတင်ပညာသင်ခဲ့သည်။ ထို့နောက် ဆင်မြီးဆွဲမြို့ ဦးလူမှန်၏ မူလတန်းကျောင်းနှင့် ဆရာဦးညိုဟန်၏ အလယ်တန်းကျောင်းတို့၌ ပညာသင်ယူခဲ့သည်။ ထို့နောက် ပုတီးကုန်းမြို့ သိက်တောရွာ အထက်တန်းကျောင်း၌ ပညာသင်ခဲ့သည်။



နန်းညွန့်ဆွေ

၁၉၄၁ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ဒသမတန်းကို မဖြေခဲ့ရဘဲ။ စစ်အတွင်း ၁၉၄၃ ခုနှစ်တွင်၁၀တန်းအောင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးရပြီးခေတ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အင်္ဂလိပ်စာတစ်ဘာသာတည်းဖြေ၍ အောင်မြင်ခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်နေ့မှစ၍ ပြန်ကြားရေးဌာန ရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲတွင် ပြဇာတ်ဆရာအဖြစ် အလုပ်စတင်ဝင်ရောက်သည်။ ထို့နောက် ရုပ်ရှင်အဖွဲ့ အရာရှိဖြစ်လာသည်။

၁၉၅၃ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနခွဲတွင် ယဉ်ကျေးမှုအငယ်တန်းအရာရှိအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ၁၉၇၂ ခုနှစ်တွင် ယဉ်ကျေးမှုအထက်တန်း အရာရှိဖြစ်သည်။ ထိုအခါ ယဉ်ကျေးမှုကောင်စီမှထုတ်ဝေသည့် ပြည်ထောင်စုယဉ်ကျေးမှုစာစောင်တွင် တာဝန်ခံစာတည်းအဖြစ် လုပ်ကိုင်ခဲ့သည်။

နန်းညွန့်ဆွေသည် စာပေမျိုးရိုးအားဖြင့် ကဝိမျက်မှန် သတ်ပုံကျမ်းကိုရေးသားသူ ကျောင်းဆရာဦးကျော်ထွန်းနှင့် စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာကြီး ဦးညာဏတို့နှင့် ဆွေမျိုးတော်စပ်သည်။

စာပေအတွေ့အကြုံအားဖြင့် ဂရိတ်တားအေးရှ သတင်းစာသို့ ကဗျာရတုပိုဒ်စုံတစ်ခု ရေးသားပေးပို့ရာ ဆုငွေ ၂၅ ကျပ် စတင်ရရှိခဲ့သည်။ မြန်မာနိုင်ငံလူငယ်များ အစည်း

အရုံးက ကြီးမှူးကျင်းပသည့် လွတ်လပ်ရေးနေ့ ကဗျာပြိုင်ပွဲ၌ ဆုငွေနှင့်စာအုပ်၊ ဖောင်တိန်များရရှိခဲ့သည်။

၂၇ ကြိမ်မြောက် အမျိုးသားနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများအား တမ်းတသည့် မဟာကဗျာလေးချိုးကြီးတစ်ပုဒ်ကို မြန်မာ့အလင်းသတင်းစာသို့ပေးပို့ခဲ့ရာ ထိုကဗျာသည် ပုံနှိပ်အက္ခရာဖြင့် ရှေးဦးစွာဖော်ပြခံရသည့်ကဗျာဖြစ်သည်။

ဆက်လက်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ အဆက်မပြတ်ရေးသားခဲ့သည်။ ဟံသာဝတီသတင်းစာ၌ အခန်းဆက်စာပေဆောင်းပါး များရေးခဲ့သည်။ ယဉ်ကျေးမှုဌာနထုတ်ကျမ်းစာအုပ်များကိုလည်း တည်းဖြတ်ထုတ်ဝေခဲ့သည်။

တော်လှန်ရေးအစိုးရခေတ်တွင် စာပေညီလာခံမှတ်တမ်းကြီး၊ သဘင်ကောင်စီညီလာခံ မှတ်တမ်းကြီးနှင့် ဂီတကောင်စီညီလာခံမှတ်တမ်းကြီးတို့ကို တည်းဖြတ်ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။

နန်းညွန့်ဆွေသည် မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၏ အမှုဆောင်၊ အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် အသံလွှင့်ရုံ (ယခု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား) တွင် ဂီတသမိုင်း ပြုစုရေးဌာနခွဲရုံး တစ်ရုံးဖွင့်လှစ်ကာ ဆရာကြီး ဦးဂုဏ်ဘဏ်နှင့်အတူ ဂီတသုတေသနလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှစပြီး အသံလွှင့်ဌာန၊ သီချင်းကြီး စိစစ်ရေးဘုတ်အဖွဲ့တွင် အကြံပေးလူကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

နန်းညွန့်ဆွေ တည်းဖြတ်ထုတ်ဝေခဲ့သည့် စာအုပ်များမှာ လွှတ်တော်မှတ်တမ်း၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း(ပဉ္စမတွဲ)၊ ဦးကုလားရာဇဝင် (တတိယတွဲ)၊ ဇေယျဒီသပျို့၊ နဝရတ်ပျို့၊ ရတနာသိခ်မဟာရာဇဝင်၊ မဟာမင်္ဂလာမင်းခမ်းတော်၊ ဆုံးမစာပေါင်းချုပ်ကြီး၊ မုဒု လက္ခဏာပျို့၊ မိကရောဝါရပျို့၊ ဗုဒ္ဓါဘိသေကမော်ကွန်း (စာမူ)၊ ဘိုးဝဇီရ မော်ကွန်းပေါင်းချုပ်(စာမူ)၊ မောင်ထောင် ဦးကျော်လှ သံချိုပေါင်းချုပ် (စာမူ)၊ ယဉ်ကျေးမှု အနုပညာ ဟောပြောချက်များ (စာမူ)၊ ဆတိုင်မှုတ်ဆရာကူး၏ ဗုဒ္ဓဝင်ပြဇာတ် (စာမူ) နှင့် တံတားဦးတည် မင်္ဂလာစေတီမော်ကွန်း နှစ်စောင်တွဲတို့ ဖြစ်ကြသည်။

နန်းညွန့်ဆွေ ရေးသားပြုစုခဲ့သောစာအုပ်များမှာ စာပေရေး၊ မေတ္တာတေးသံကဗျာများ၊ ဗိန်းဘုံဘွေပြဇာတ်၊ ခေတ်မီကဗျာဖွဲ့နည်း၊ စာဆို့မာန်ကဗျာများ၊ ပုလဲမြိတ်စုံကဗျာများ၊ ဝိုင်အမ်ဘီသခင်တင်၊ မဟာဂီတဦးပြုံးချို၊ ဦးဖိုးကျား ဆောင်းပါးပေါင်းချုပ်၊ ဂီတနက်သံကိုစောညိန်း၊ အခြေခံ ကြိုးသီချင်း၁၄ပုဒ်အဖွင့်၊ မြန်မာသီချင်းကြီး၁၅ ပုဒ်အဖွင့်၊ ရာဇမတ္တဟာသမဥ္ဇရီကျမ်း (စာမူ)၊ အနုပညာအားမာန်စာအုပ်တို့ဖြစ်ကြသည်။

နန်းညွန့်ဆွေရေးသားပြုစုခဲ့သောစာအုပ်များအနက် စာပေဗိမာန်မှထုတ်ဝေသည့်စာအုပ်များမှာ ဆရာရွှေတိုင်ညွန့်အတ္ထုပ္ပတ္တိ၊ သဟာယဆရာတင်၊ မိုးဒေဝါမလှရွှေ၊ အလင်္ကာကျော်စွာဦးဟန်ပ စာအုပ်များဖြစ်သည်။

နန်းညွန့်ဆွေသည် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသော စာပေဗိမာန်အဖွဲ့၏ ၁၆ ကြိမ်မြောက်ပညာရပ်ဆိုင်ရာ မြန်မာစာပေ စာတမ်းဖတ်ပွဲတွင် "ယဉ်ကျေးမှုစာပေစာတမ်း" ကို ဖတ်ကြားတင်သွင်းခဲ့သည်။

နန်းညွန့်ဆွေသည် ၂၀၀၉ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သော စာရေးဆရာမ ယုဝတီကြည်ဦးနှင့် လက်ထပ်ခဲ့ပြီး မောင်ဝဏ္ဏ၊ မောင်တေဇနှင့် မောင်သူရဟူသော သား သုံးယောက် ထွန်းကားခဲ့သည်။ ကွယ်လွန်ချိန်အသက် ၈၆ နှစ်အထိ စာနယ်ဇင်းများတွင် ဆောင်းပါး ၈၀၀ နီးပါးခန့်၊ ကဗျာ ၁၂၃၀ ကျော်ကို ရေးသားခဲ့သည်။ ကလောင်ခွဲများဖြစ်သည့် ရဝိနောင်၊ သုခမိန်စသည့် အမည်များကိုလည်း အသုံးပြုခဲ့သည်။ ကွယ်လွန်ချိန်အထိ ၎င်း၏မိဘများ အတ္ထုပ္ပတ္တိကို ရေးသားနေဆဲဖြစ်သည်။ နန်းညွန့်ဆွေသည် ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၄ ရက် နေ့တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ဖေသိန်း၊ ဒေါက်တာ (၁၉၂၈–၂၀၁၀)။ ။** ဒေါက်တာ ဖေသိန်းကို စည်သူ ဦးစံဖေ၊ ဒေါ်မြသိန်းတို့က ရန်ကုန်မြို့၌ ၁၉၂၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မွေးဖွားသည်။

စိန်ပေါလ် အထက်တန်းကျောင်းတွင် ၁၉၃၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပညာသင်ကြားခဲ့ပြီးနောက် ဆရာအတတ်သင်ကောလိပ်ကျောင်းသို့ ပြောင်းရွှေ့ပြီး ၁၉၄၁ ခုနှစ်အထိ ပညာဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် သိပ္ပံတွဲဥပစာတန်းသို့ တက်ရောက်သည်။ ၁၉၄၈ ခုနှစ်တွင် ဆေးသိပ္ပံ (Faculty of Medicine) သို့ ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိသည်။ ထိုနှစ်တွင် ရန်ကုန်တက္ကသိုလ် လက်အောက်ရှိ ဆေးသိပ္ပံ၏ ဇီဝကမ္မဗေဒဌာနတွင် သရုပ်ပြဆရာအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ်လက်အောက်ရှိ ဆေးသိပ္ပံကျောင်းကို စတင်ဖွင့်လှစ်သဖြင့် ဆေးသိပ္ပံကျောင်းဇီဝကမ္မဗေဒဌာနသို့ လက်ထောက်ကထိကအဖြစ် အဆင့်တိုးမြှင့်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည်။

၁၉၅၆ ခုနှစ်တွင် ယူကေနိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ယူကေနိုင်ငံ နယူးကာဆဲလ် အပွန်တိုင်း၊ ဒါရမ်တက္ကသိုလ် ဘုရင့်ကောလိပ်ဆေးကျောင်း (King's College Medical School) မှ ဇီဝကမ္မဗေဒဆိုင်ရာ ပါရဂူဘွဲ့ ရရှိခဲ့သည်။ တင်သွင်းသော သုတေသနကျမ်းမှာ 'အစာအိမ်ရည် ထုတ်လုပ်မှုကို ထိန်းချုပ်ထားကြသည့် ဟော်မုန်းနှင့် နာ့ဗ်တို့၏ အချင်းချင်း ဆက်စပ်မှုများ (The Interrelation of Nervous and Hormonal Control of Gastric Secretion) ဖြစ်သည်။ ထိုကျမ်းသည် ဆေးပညာရပ်ဆိုင်ရာ အရေးကြီးသော တွေ့ရှိချက်တစ်ရပ် ဖြစ်သည်။

ဒေါက်တာဖေသိန်းသည် ၁၉၆၁ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်၊ ဇီဝကမ္မဗေဒဌာနသို့ ပါမောက္ခဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၇၃ ခုနှစ်မှစတင်၍ မန္တလေးဆေးတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် ၁၀ နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၃ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၈၄ ခုနှစ်အထိ တာဝန်ယူထမ်းဆောင်သည်။ ထို့နောက် ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆေးသိပ္ပံဦးစီးဌာန၏



ဒေါက်တာဖေသိန်း

ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

အသက် ၆၀ ပြည့်သည့် ၁၉၈၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီးအဖြစ်ပါ ခန့်အပ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ဝန်ကြီးအဖြစ်မှ အနားယူခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ပါမောက္ခဒေါက်တာကြူကြူဆွေနှင့် သား ကိုဖေငြိမ်း၊ ကိုအေးကြူတို့ ကျန်ရစ်သည်။

**မိုးဟိန်း (၁၉၄၂–၂၀၁၀)။** ။ မြန်မာစာပေလောကတွင် ထင်ရှားသော ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေးတို့က ရန်ကုန်မြို့ ရေကျော်ရပ်၌ ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားသည်။ သားသမီးသုံးယောက်အနက် အငယ်ဆုံးသား ဖြစ်သည်။ အမည်ရင်းမှာ ဦးမိုးဟိန်းဖြစ်ပြီး ကလောင်ခွဲများမှာ သားဂျာနယ်ကျော်နှင့်သင့်တို့ဖြစ်သည်။

ငယ်စဉ်က အိန္ဒိယနိုင်ငံ၊ ဒါဂျီလင်မြို့ရှိ S't. Joseph's College တွင် ၁၉၄၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ

ပညာသင်ယူသည်။ ရန်ကုန်မြို့ရှိ 'လှ' အလွတ်ပညာသင်ကျောင်းတွင် ၁၉၅၅ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ဆက်လက်ပညာသင်ကြားကာ ထိုကျောင်းမှ ဒသမတန်းစာမေးပွဲအောင်သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

မိခင်၏ 'သီဟရတနာ' ပုံနှိပ်တိုက်လုပ်ငန်းတွင် ကူညီလုပ်ကိုင်ပေးရင်း ၁၉၇၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံရုံးတွင် စီးပွားရေးဌာန၊ အဆင့် (၁) အကြီးတန်းလက်ထောက်အဖြစ် လုပ်ကိုင်ပြီး အနားယူသည်။



မိုးဟိန်း

၁၉၆၁–၆၂ ခုနှစ်တွင် မှန်နန်းဂျာနယ်၌ ဆောင်းပါးရေးခြင်းဖြင့် စာပေလောကထဲသို့ စတင်ဝင်ရောက်သည်။ မြန်မာဘာသာ အရေးအသားထက် အင်္ဂလိပ်ဘာသာ အရေးအသားတွင် ပို၍အားသန်သည့်အလျောက် စာရေးဆရာ နန္ဒာသိန်းဇံ၏ 'ခယောင်းလမ်းကိုဖြတ်ကျော် ခြင်း' စာအုပ်ကို Through Life's Perils ခေါင်းစဉ်ဖြင့် ၁၉၈၃ ခုနှစ်တွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး စာအုပ်ထုတ်ဝေခဲ့သည်။

အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ်ရှိ The National Library of Poetry (အမျိုးသားကဗျာ စာကြည့်တိုက်) မှထုတ်ဝေသောကဗျာပေါင်းချုပ်စာအုပ်တွင် မိုးဟိန်း၏ HEAD AND HEART ကဗျာကို Semi Final ပြိုင်ပွဲအဆင့်သတ်မှတ်ကာ ထည့်သွင်းဖော်ပြပြီး အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ပြုလုပ်သော နိုင်ငံတကာကဗျာဆရာများ၏ အဋ္ဌမအကြိမ်မြောက်ညီလာခံသို့တက်ရောက်ရန် ဖိတ်ကြားခံရသည်။ အကောင်းဆုံးကဗျာ ၁၁ ပုဒ်ကို ရွေးချယ်ပြီး ဂီတနောက်ခံဖြင့်ရွတ်ဆိုထားသည့် The Sound of Poetry အသံသွင်းတိပ်ခွေတွင် မိုးဟိန်း၏ HEAD AND HEART ကဗျာပါဝင်သည်။

၁၉၉၉ ခုနှစ်တွင် အဆိုပါစာကြည့်တိုက်မှပင် ထုတ်ဝေသော ကဗျာပေါင်းချုပ်၌ မိုးဟိန်း၏ A PLEA TO HEAD AND HEART ကဗျာပါဝင်ပြီး ၁၉၉၉ ခုနှစ်တွင် ပြုလုပ်သည့် နိုင်ငံတကာကဗျာဆရာများ၏ နဝမအကြိမ်မြောက်ညီလာခံသို့ပင် ဖိတ်ကြားခြင်းခံရသည်။

အထက်ပါညီလာခံနှစ်ခုစလုံးမှ The International Poet of Merits Award (နိုင်ငံတကာဂုဏ်ပြုခံကဗျာဆရာ) အဖြစ်အသိအမှတ်ပြု ပလိပ်ပြားကို ပေးပို့ခဲ့ သည်။

၁၉၉၉ ခုနှစ်တွင် ကိုယ်ပိုင်ကဗျာစာအုပ် (အင်္ဂလိပ်ဘာသာ) ဖြစ်သည့် Harmony of Head and Heart အမည်ပါစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် "ပထမတစ်ဆစ်ချိုး" ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ရေးသားထုတ်ဝေသည်။ ၂၀၀၄ ခုနှစ်တွင် "ဆင့်၍ဆင့်၍ ဆက်၍ဆက်၍" ဆောင်းပါးပေါင်းချုပ်စာအုပ်ကိုရေးသားထုတ်ဝေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ထုတ်ဝေသော The STORY OF A HANDICAPPED ARTIST ကို "ဧကန်မလွဲအောင်ပွဲဆီသို့" အမည်ဖြင့် ဘာသာပြန်စာအုပ်အဖြစ်ရေးသားထုတ်ဝေခဲ့သည်။

ကမ္ဘာအေးပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် ရဟန်းသံဃာတော်များအတွက် အင်္ဂလိပ်စာကို ပညာဒါနအဖြစ်ပို့ချခဲ့သည်။ ထို့အပြင် နာဂစ်မုန်တိုင်းဒဏ်ခံဒေသများမှ ကလေးငယ်များကို လည်းပညာဒါနအဖြစ် စာသင်ပေးခဲ့သည်။ ပြင်ဦးလွင်တွင် တိုင်းရင်းသားကလေးငယ်များကို အင်္ဂလိပ်စာနှင့် ကွန်ပျူတာဘာသာရပ်များ သင်ကြားပေးခဲ့သည်။

မြန်မာကဗျာဆရာများဖြစ်သည့် ဒေါက်တာ ထီလာစစ်သူနှင့် ညွန့်သစ်တို့၏ ကဗျာစာအုပ်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရေးသားပေးခဲ့ပြီး ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ပညိသသရ၏ ဝိပဿနာ

အားထုတ်နည်းစာအုပ်ကို Main and Concise Vipassana Meditation အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားပေးခဲ့သည်။

ကိုယ်ပိုင်ရေးသားခြင်းအနေဖြင့် ဒုတိယ တစ်ဆစ်ချိုး ပြင်ပအိပ်မက်တစ်ခု၊ What I See, How I Feel (အင်္ဂလိပ်ဘာသာ) စာအုပ်များကိုပါ ရေးသားခဲ့သည်။ ထို့အပြင် ရေးသားခဲ့ပြီး ထုတ်ဝေရန် စီစဉ်လျက်ရှိသည့်စာအုပ်များလည်း ကျန်ရှိခဲ့သည်။

လည်ချောင်းကင်ဆာဝေဒနာ ခံစားနေရစဉ်၌ပင် ကင်ဆာနှင့်ပတ်သက်သော ဆောင်းပါးရှစ်ပုဒ်ကို Weekly Eleven ဂျာနယ်တွင် ရေးသားခဲ့သည်။

၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်ရွှေဂုံတိုင် အထူးကုဆေးရုံ၌ လည်ချောင်းကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကြည်ကြည်နှင့် သား ကိုမိုးသန့်၊ သမီး မဟိန်းဟိန်းမြတ်တို့ ကျန်ရစ်သည်။

**မောင်နေမျိုး (စာရေးဆရာ၊ ဒါရိုက်တာ) (၁၉၃၂–၂၀၁၀)**။ ။ မောင်နေမျိုးကို ဦးဝင်း၊ ဒေါ်လှရင်တို့က ကြည့်မြင်တိုင်မြို့နယ်၌ ၁၉၃၂ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်းလေးယောက်အနက် ဒုတိယသား ဖြစ်သည်။ အမည်ရင်းမှာ ဦးစိန်ညွန့် ဖြစ်သည်။

၁၉၅၂ ခုနှစ်မှစ၍ ရှေ့ဆောင်၊ ဟံသာဝတီသတင်းစာများတွင် သတင်းထောက်အဖြစ်ဆောင်ရွက်ရင်း သတင်းများ စတင်ရေးသားခဲ့သည်။ ရှေ့ဆောင်၊ စီးပွားရေး၊ အိုးဝေ၊ သံတော်ဆင့်၊ ပြည်တော်စိုး၊ ကြေးမုံ သတင်းစာများတွင် အလုပ်သင်သတင်းထောက်၊ သတင်းထောက်၊ အယ်ဒီတာ၊ ညအယ်ဒီတာ တာဝန်များဆောင်ရွက်ရင်း စာများရေးသားခဲ့သည်။

မောင်နေမျိုး၏ ပထမဆုံးလုံးချင်းဝတ္ထုမှာ ကိုတင်အောင်၊ မစန်းစာပေမှ ရိုက်နှိပ်ထုတ်ဝေခဲ့သော "နှောင်းခဲ့ပါပြီ" (၁၉၅၃) ဖြစ်သည်။ ထို့နောက် မြင့်မိုရ်စာအုပ်တိုက်၏ ပင်တိုင်စာရေးဆရာဖြစ်ခဲ့သည်။ လုံးချင်းဝတ္ထု ၁၀၀ ကျော်ရေးသားထုတ်ဝေခဲ့သည်။ ထိုဝတ္ထုများအနက် ခယ်မ၊ အပျိုကြီးမမ၊ မိန်းမ၊ သမီးတစ်ထောင်၊ ဟိုဘက်ခြံကအပျိုဖျန်း၊ မြီးကောင်ပေါက်၊ ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ မိစံ တို့မှာ ထင်ရှားအောင်မြင်သော ဝတ္ထုများဖြစ်ခဲ့သည်။

၁၉၆၂ခုနှစ်မှစ၍ ကေသီပန်မဂ္ဂဇင်း၊ နဝဒေးမဂ္ဂဇင်းတို့တွင် တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်းကီးမြို့၌ ကျင်းပသော လူငယ်ပွဲတော်သို့ အကယ်ဒမီမြတ်လေး၊ စန္ဒရားချစ်ဆွေ၊ တက္ကသိုလ်မြတ်သူ၊ တေးသံရှင်ရီလေးတို့နှင့်အတူ တက်ရောက်ခဲ့သည်။



မောင်နေမျိုး

၁၉၆၃ ခုနှစ်တွင် ကေသီပန်ရုပ်ရှင် ကုမ္ပဏီအတွက် "ပျော်စရာရှင်စရာ" ဇာတ်ကားကို ဇာတ်ညွှန်းရေးသားပေးခဲ့ရာမှ အစပြု၍ ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည်။ ထင်ရှားသော ရုပ်ရှင်ဇာတ်ကားများမှာ မြီးကောင်ပေါက်၊ ဘာလိုလို၊ တမာချိုချို၊ မခုတ်တတ်တဲ့ကြောင်၊ ကညာပျိုနဲ့ဇရာအို၊ သမီးတစ်ကောင်၊ ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရှင်နဲ့ကျွန်မ၊ ပဝါဖြူ၊ မိုးထိအောင်လေ့ကားထောင်၊ မိုးပေါ်ကမမ၊ ဟိုဘက်ခြံက အပျိုဖျန်းတို့ဖြစ်သည်။ ချောင်းကိုပစ်၍မြစ်ကိုရှာ ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး ဝါဝါဝင်းရွှေကို ဒုတိယအကြိမ်မြောက် အကယ်ဒမီဆု ရရှိစေခဲ့သည်။

ကိုယ်တိုင်ဒါရိုက်တာလုပ်၍ ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားများမှာ အချစ်ရယ် အမုန်းရယ် အပြုံးရယ်၊ ချစ်ရတဲ့သူရယ်၊ ဝါသနာကိုမတားနဲ့ရှင်၊

ပဝါဖြူ၊ မိုးထိအောင်လေ့ကားထောင်၊ မောင်မောင်ဆိုလေထီးရိုးရှည် စသည့်ဇာတ်ကားများဖြစ်သည်။

ဗီဒီယိုပေါ်ဦးစခေတ်တွင် ဒါရိုက်တာဦးခင်ဇော်နှင့်တွဲဖက်၍ မြန်မာနိုင်ငံ၏ ပထမဆုံး ဗီဒီယိုဇာတ်ကားတစ်ကားဖြစ်သော "မမုန်းကြေး မမေ့ကြေး" ကို ရိုက်ကူးခဲ့သည်။

ကက်ဆက်၊ တိပ်ခွေဇာတ်လမ်းများ ခေတ်စားသောကာလတွင် ပုဏ္ဏားဘကွန်း၊ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား၊ မနုစာရီ၊ မြိုင်ရာဇာတာတေ၊ ပုဂံသားမောင်ဘမော်၊ ရက်ရွေးမနေပါနဲ့ကိုကိုရယ်၊ တစ်ခါတုန်းက တက္ကသိုလ်မှာ၊ လက်ဘီပချစ်သူနှင့်နှင်းကေသရာ ချစ်တဲ့သူရဲကောင်း စသည့်ဝတ္ထုများကို ကက်ဆက်တိပ်ခွေဇာတ်လမ်းများအဖြစ် ဖန်တီးခဲ့ရာအောင်မြင်ကျော်ကြားလူကြိုက်များခဲ့သည်။ ၁၉၆၅ခုနှစ်တွင် ကြေးမုံသတင်းစာ ရုပ်ရှင်သတင်းတာဝန်ခံ အဖြစ်မှ အနားယူခဲ့သည်။ ရုပ်ရှင်အစည်းအရုံးဇာတ်လမ်းဇာတ်ညွှန်းအတွင်းရေးမှူးနှင့် ၁၉၉၅ ခုနှစ် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ပွဲ၌ ရုပ်ရှင်သမိုင်းပြုစုရေးတာဝန်ယူခဲ့သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်သရုပ်ဆောင်သင်တန်း၊ မြဝတီရုပ်သံ ရုပ်ရှင်သင်တန်းနှင့်စကားဝါရုပ်ရှင်သင်တန်းတို့တွင် ရုပ်ရှင်သမိုင်းနှင့်ဇာတ်ညွှန်းရေးသားနည်း သင်ခန်းစာများကို ပို့ချဆဲ ဖြစ်သည်။ ရုပ်ရှင်သမိုင်းပြတိုက်တွင် အဖွဲ့ဝင်အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နှင့် အရှေ့ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ တွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ကလောင်သစ်အဖွဲ့၊ စာပေလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်း စသည်တို့တွင် စာပေတာဝန်များထမ်းဆောင်ခဲ့ပြီး စာရေးဆရာအသင်း စာဆိုတော်နေ့ဟောပြောပွဲကော်မတီ အခမ်းအနားမှူး တာဝန်များကိုဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကွယ်လွန်ချိန်အထိ သဃ်န်းကျွန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် စာပေညီလာခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကန်တော့ခံသက်ကြီးပညာရှင်တစ်ဦးဖြစ်သူ စာရေးဆရာ၊ ဒါရိုက်တာ မောင်နေမျိုးသည်အနုပညာစာပေလုပ်ငန်းများကိုလုပ်ကိုင်နေစဉ် ၂၀၁၀ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်၊ သမီးနှစ်ယောက်နှင့်မြေးများ ကျန်ရစ်သည်။

**မာန်မြင့် (၁၉၄၉-၂၀၁၀)** ။ ။ စာရေးဆရာ မာန်မြင့်ကို တောခေါင်းကြီး ဦးလာဘ၊ ဒေါ်သန်းမေတို့က ၁၉၄၉ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ကန့်ဘလူမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးခင်မောင်မြင့်ဖြစ်သည်။

ရွှေဘိုမြို့ ဒေါ်ညီမမူလတန်းကျောင်း၊ ထန်းတပင်ဇီးကုန်း အစိုးရအထက်တန်းကျောင်းတို့တွင် အခြေခံပညာကို ဆည်းပူးအောင်မြင်ခဲ့သည်။ ထို့နောက် မန္တလေးစက်မှုသိပ္ပံ၌ ဆက်လက်ပညာသင်ယူရာ ၁၉၇၀ ပြည့်နှစ်တွင် အေဂျီတီအိုင် (မြို့ပြ) ဒီပလိုမာဘွဲ့ရသည်။

ဆောက်လုပ်ရေးကော်ပိုရေးရှင်း၌ အင်ဂျင်နီယာအဖြစ် မြစ်ကြီးနားနှင့် ပူတာအိုမြို့တို့၌ အမှုထမ်းခဲ့သည်။ မြို့နယ်အင်ဂျင်နီယာအဖြစ် ချီဖွေနှင့် ဖားကန့်မြို့များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

မာန်မြင့်သည် စာပေဝါသနာအရ ကျောင်းတက်ရင်း အလုပ်လုပ်ကိုင်ရင်းမှ အထက်တန်းကျောင်းနှင့် မန္တလေးစက်မှုသိပ္ပံ နံရံကပ်စာစောင် စာတည်း၊ စက်မှုသိပ္ပံစာကြည့်အသင်းစာကြည့်တိုက်မှူး (၁၉၆၉-၁၉၇၀)၊ မြစ်ကြီးနားမြို့ ဆောက်လုပ်ရေးကော်ပိုရေးရှင်းလုပ်သားစာကြည့်တိုက်မှူး (၁၉၇၃) တာဝန်တို့ကိုတာဝန်ယူခဲ့သည်။ ထို့ပြင် ကချင်ပြည်နယ်မဂ္ဂဇင်းနှင့် မြစ်ကြီး နားမြို့နယ်မဂ္ဂဇင်းများတို့ကို ဦးစီးထုတ်ဝေခဲ့သည်။ မြစ်ကြီးနားမြို့ ဥတ္တရလမင်း ခံစားသူကြိုက်မဂ္ဂဇင်းဝတ္ထုတိုများထုတ်ဝေရေး၌ ၁၉၉၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဇူလိုင်လထုတ် ရှုဒေါင့်ဂျာနယ်၌ "ဝမ်းနည်းသောအထိမ်းအမှတ်ပြဇာတ်" ကို မာန်မြင့် (ကန့်ဘလူ) အမည်ဖြင့် ရေးသား၍ စာပေလောကကို စတင်ဝင်ရောက်ခဲ့သည်။ ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလထုတ် မိုးဝေမဂ္ဂဇင်းတွင် ပါဝင်သည့် "စာတည်းကလေး" သည် ပထမဆုံးဖော်ပြခံရသည့် ဝတ္ထုတိုဖြစ်သည်။

မိုးဝေ၊ ရှုဒေါင့်၊ မြဝတီ၊ ရှုမဝစသည့် ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။ ဝတ္ထုတို ပုဒ်ရေ ၅၀ ခန့်မှ ၁၆ ပုဒ်ကို ရွေးထုတ်၍ "ဗမာပြည်မှာ လုပ်သည်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ကို ၁၉၉၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံထုတ် အနုဝါဒစာစောင်၌ ဟင်ဒီဘာသာဖြင့် ပြန်ဆိုဖော်ပြခံခဲ့ရသည်။



မာန်မြင့်

၁၉၉၈ ခုနှစ်တွင် "မြန်မာပြည်မှာလုပ်သည်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ပြင်ဆင်ဖြည့်စွက် ကောက်နုတ်ထုတ်ဝေခဲ့သည်။

မာန်မြင့်၏ ဆေးလိပ်သမလေးဝတ္ထုတိုကို တက္ကသိုလ်ကျောင်းသုံးမြန်မာစကားပြေစာအုပ်တွင်ထည့်သွင်းဖော်ပြခံရသည်။ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလထုတ် နွယ်နီမဂ္ဂဇင်းတွင်ဖော်ပြခံရသည့် "ဘကြီးအတွက် အုတ်ဂူ" ဝတ္ထုတိုကို ဥတ္တရလမင်း ခံစားသူအကြိုက် ၁၀ နှစ်တာ လက်ရွေးစင်ဝတ္ထုတိုများ (၂၀၀၇) တွင် ထပ်မံဖော်ပြခံရသည်။ ၂၀၀၉ ခုနှစ် မတ်လထုတ် Icon မဂ္ဂဇင်းတွင်ပါဝင်သော အဆုံးသတ်ခွင့်မရသော ဝတ္ထုသည်မာန်မြင့်၏နောက်ဆုံးလက်ရာဖြစ်သည်။

မာန်မြင့်သည် ၂၀၁၀ ပြည့်နှစ် မတ်လ ၂၁ ရက်နေ့တွင် စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်ဆေးရုံ၌ ကွယ်လွန်သည်။

**ရွှေဘိုမိမိကြီး ( ၁၉၂၇–၂၀၁၀)။** ။ရွှေဘိုမိမိကြီးကို ရှေ့နေ ဦးသူ၊ ကျောင်းဆရာမ ဒေါ်သန်းတင်တို့က စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့၌ ၁၉၂၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းငါးဦးအနက် အကြီးဆုံးသမီးဖြစ်ပြီး အမည်ရင်းမှာ ဒေါ်မိမိကြီးဖြစ်သည်။

မင်းလက်ဝါးနှင့် ဒုတိယကတော် ဒေါ်သက်ရှည် (ခေါ်) ဒေါ်ခင်သက်တို့၏ ဒုတိယသား ဦးမောင်မောင်စိုး၏ မြစ်တော်သူဖြစ်သည်။

ရွှေဘိုမိမိကြီးသည် မန္တလေးမြို့ အေဘီအမ်ခရစ်ယာန်သာသနာပြု မိန်းကလေးအထက်တန်းကျောင်း၌ ပညာသင်ယူခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ရှေ့နေ ဦးဖေတင်နှင့် လက်ထပ်ခဲ့ပြီး သားသမီးငါးဦး ထွန်းကားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဘိုးဘိုးကြီးတော်စပ်သူမင်းလက်ဝါး၏အကြောင်း ရေးသားချင်စိတ်ဖြစ်ပေါ်မိပြီး ကျွန်မသိတဲ့ မင်းလက်ဝါး ဆောင်းပါးကို စတင်ရေးသားခဲ့ရာ မိမိကြီး ကလောင်အမည်ဖြင့် ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြခံရသည်။

၁၉၇၉ ခုနှစ်တွင် ရွှေဘိုမိမိကြီး ကလောင်အမည်ဖြင့် မင်းလက်ဝါး လုံးချင်းစာအုပ်ကို ထုတ်ဝေသည်။ ၁၉၈၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားပြီးအပြန်၌ ဗုဒ္ဓဝင်နေရာတော် နှစ်ဆယ် ဘုရားဖူးမှတ်တမ်း စာမူကို ပြုစုရေးသားသည်။ ထိုစာမူဖြင့် စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် စာပဒေသာ တတိယဆုကိုရရှိသည်။

မင်းလက်ဝါးအကြောင်း ဖတ်ရှုလေ့လာခဲ့ရာမှ မင်းလက်ဝါး၏ တူတော်သူ လေ့သင်းအတွင်းဝန်မင်း ဦးရွှေမောင် အကြောင်းစာအုပ်ကို ၁၉၈၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ရွှေဘိုမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် "ပေစာထုပ်ကြိုးမှ ဆုတောင်းစာများ" အမည်ဖြင့် စာပေဗိမာန်စာမူဆုပြိုင်ပွဲ၌ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုကို ရရှိခဲ့သည်။ ထိုစာအုပ်ဖြင့် ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည်။ ၁၉၉၅ ခုနှစ်တွင် မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် စာမူဖြင့် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် စာပဒေသာ ပထမဆုရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာပေဆုကို ကုန်းဘောင်



ရွှေဘိုမိမိကြီး

ဖြူဝန်းမိုး ကျမ်းစာမူဖြင့် တတိယဆုရရှိခဲ့သည်။ ရွှေဘိုမိမိကြီးသည် လူမှုရေးလုပ်ငန်းအနေဖြင့် မန္တလေးဖြူဟွမ်စိုရ်အသင်း၏ နာယက အဖြစ် ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ရွှေဘိုမိမိကြီး၏ အခြားထင်ရှားသော စာအုပ်များမှာ ရွှေဘိုနိဒါန်း(ဦးသန်းထွန်းနှင့်ပူးတွဲ)၊ ရွှေရည်မင်းစံ ဆောင်းပါးများ (၁၉၈၉)၊ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ (၂၀၀၃)၊ နန်းတွင်းသူခိုးနှင့် မိန်းမဆိုး (၂၀၀၄)၊ သရဖူတို့ရဲ့ သရဖူ (၂၀၀၆)၊ ရွှေပြည်လှေသင်း၊ မင်းလက်ဝါး (၂၀၀၈) စသည့် စာအုပ်များ ဖြစ်သည်။

ရွှေဘိုမိမိကြီးသည်အမှတ် F-၄၁၊ ရွှေစံပယ်(၃)လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၌ နေထိုင်ရင်း ၂၀၁၀ ပြည့်နှစ် မေလ ၂ ရက် အသက် ၈၃ နှစ် အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် သားသုံးယောက်နှင့် သမီးနှစ်ယောက်ကျန်ရစ်သည်။

**ဝင့်ကျော်၊ ဦး (၁၉၄၇-၂၀၁၀)**။ ။စာရေးဆရာ၊ ဘဏ်လုပ်ငန်းပညာရှင်ဦးဝင့်ကျော်ကို ဦးကျင်ဝမ်၊ ဒေါ်စိန်ကြည်တို့က ကျောက်တန်းမြို့နယ်၊ ကဒွပ်ကျေးရွာ၌ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းသုံးဦးအနက် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးဝင့်ကျော်ဖြစ်သည်။

ဦးဝင့်ကျော်သည် ၁၉၆၇ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဗေဒဘွဲ့ (ဘဏ်၊ ဘဏ္ဍာရေး၊ အာမခံ အထူးပြု) (B.Com-B.F.I) ကိုထူးချွန်စွာ အောင်မြင်သည်။ ၁၉၆၇-၆၈ ခုနှစ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၌ အလုပ်သင်အရာရှိအဖြစ် လုပ်ကိုင်သည်။ ၁၉၆၈-၇၀ ပြည့်နှစ်တွင် စီးပွားရေး တက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာန၌ နည်းပြဆရာတာဝန်ထမ်းဆောင် ရင်း လုပ်သားများကောလိပ် (ရန်ကုန်) ၌ အချိန်ပိုင်းနည်းပြဆရာအဖြစ် ဆောင်ရွက်သည်။ ၁၉၇၁-၇၇ ခုနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်၌ လက်ထောက်မန်နေဂျာတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၇-၇၉ခုနှစ်တွင် ညောင်ပင်လေးဈေး၌ ဈေးရောင်းခြင်းလုပ်ငန်းဖြင့်လည်းကောင်း၊ ၁၉၇၉-၉၆ ခုနှစ်တွင် အလွတ်ပညာသင်ဆရာအဖြစ်လည်းကောင်း လုပ်ကိုင်သည်။ ၁၉၈၄ ခုနှစ်တွင် မှတ်ပုံတင်ရေ့နေ (RL) စာမေးပွဲအောင်မြင်သည်။ ၁၉၉၂ ခုနှစ်တွင် ပထမပုဂ္ဂလိက ဘဏ်ဒါရိုက်တာအဖွဲ့ဝင်၊ ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်သည်။ ၁၉၉၃-၉၇ ခုနှစ်တွင် ဘဏ်လုပ်ငန်းသင်တန်းကျောင်း တည်ထောင်ပြီး ဘဏ်လုပ်ငန်းပညာသင်ကြားပို့ချသည်။ ပုဂ္ဂလိကဘဏ်အချို့တို့၌လည်း ဘဏ်လုပ်ငန်းပညာများ သင်ကြားပို့ချသည်။ ၁၉၉၇-၂၀၀၅ ခုနှစ်တွင် မြန်မာယူနီဗာဆယ်ဘဏ်၌ ဥက္ကဋ္ဌအကြံပေး၊ အမှုဆောင် ဒါရိုက်တာအဖြစ် ဆောင်ရွက်သည်။ ၂၀၀၇ ခုနှစ်တွင် AFXB မြန်မာ၌ Finance Coordinator အဖြစ် လည်းကောင်း၊ Myanmar Egress Capacity Developing Centre ၌ အချိန်ပိုင်းဆရာအဖြစ်လည်းကောင်း လုပ်ကိုင်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဧရာဝတီဘဏ်၌ အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ဦးဝင့်ကျော်သည် ၁၉၆၈-၇၁ ခုနှစ်တွင် နဝင်းကျော်ကလောင်နာမည်ဖြင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာနှင့် အိုးဝေဂျာနယ်တို့၌ ဆောင်းပါးများရေးသားသည်။ ဦးဝင့်ကျော်ကလောင်နာမည်ဖြင့် ပညာပဒေသာစာစောင်၊ ပညာလောကစာစောင်တို့၌ ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ မြန်မာ့အသံလုပ်သားပညာပေး အစီအစဉ်၌ အသံလွှင့်ဆောင်းပါးများရေးသားသည်။

စီးပွားရေးတက္ကသိုလ်နှစ်လည်စာစောင်၌ လူရည်ချွန်တစ်ဦးကလောင်နာမည်ဖြင့် လူရည်ချွန်တစ်ဦးအဖြစ်သို့ ဆောင်းပါးနှင့်စခန်းနွေမွန်လူရည်ချွန်ဆောင်းပါးများ



ဦးဝင့်ကျော်

ရေးသားသည်။ ၁၉၉၂ ခုနှစ်မှစ၍ ခနစီးပွားရေးမဂ္ဂဇင်း၌ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ဘဏ်အကြောင်းငွေအကြောင်း ဆောင်းပါးစဉ်နှင့် မစ်ပယ်နှင့်အမောင်ပြောကြရအောင်ဆောင်းပါးစဉ်များ၊ Living Color မဂ္ဂဇင်း၌ ပင်တိုင်ဆောင်းပါးရှင်အဖြစ် အာမခံလုပ်ငန်းဆောင်းပါးများ၊ ကုန်စည်ဈေးလိုင်းစီးခြင်း ဆောင်းပါးများ၊ မော်ဒန်ဂျာနယ်၌ ဆုံးရှုံးနစ်နာနိုင်ခြေကိုစီမံခန့်ခွဲခြင်း အခန်း ဆက်ဆောင်းပါး၊ The Voice Weekly ဂျာနယ်၌ ဆင်းရဲခြင်းလွတ်ကင်းအောင် အခန်းဆက်ဆောင်းပါးများ၊ HR ဂျာနယ်၌ မိမိကိုယ်ကိုကောင်းအောင် အခန်းဆက်ဆောင်းပါးများ၊ အခွင့်အလမ်းဂျာနယ်၌ အမြတ်ရရှိနိုင်ရေးအခွင့်အလမ်းများဆောင်းပါးများ၊ အမောင်ကလောင်နာမည်ဖြင့် မြန်မာတိုင်းမ်ဂျာနယ်၌ လူမှုရေးမေတ္တာဖွဲ့ဆောင်းပါးများနှင့် အခြားဂျာနယ်၊ မဂ္ဂဇင်းများ၌လည်း ဆောင်းပါးများရေးသားသည်။ ထို့အပြင် 'ဘဏ်အကြောင်း၊ ငွေအကြောင်း' စာအုပ်၊ အရင်းအနှီးဈေးကွက်နှင့် စတော့ရှယ်ယာစာအုပ်၊ စီးပွားရေးကပ်အန္တရာယ်နှင့် စီမံခန့်ခွဲကာကွယ်ခြင်းစာအုပ်တို့ကို ရေးသားထုတ်ဝေ ပြီးဖြစ်သည်။

စာရေးဆရာ၊ ဘဏ်လုပ်ငန်းပညာရှင် ဦးဝင့်ကျော်သည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မာလွင်၊ သားတစ်ယောက်၊ သမီးနှစ်ယောက်နှင့်မြေးခြောက်ယောက် ကျန်ရစ်သည်။

**သာဂဒိုး ( ၁၉၂၆–၂၀၁၀)။** ။ စာရေးဆရာ၊ သတင်းစာဆရာအဖြစ် ထင်ရှားသည့် သာဂဒိုးကို ဦးဆိုင်၊ ဒေါ်ညွန့်တို့က ပုသိမ်မြို့၊ ဒါးကရွာအနီး ဖျာတန်းရွာ၌ ၁၉၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းနှစ်ယောက်အနက် အငယ်ဖြစ်ပြီး အမည်ရင်းမှာ ဦးတင်စိုးဖြစ်သည်။

သာဂဒိုးသည် လူလားမမြောက်မီ အရွယ်ကပင် မိဘနှစ်ပါးကွယ်လွန်သွားခဲ့သည့်အတွက် အဒေါ်၏ ကျွေးမွေးစောင့်ရှောက်ခြင်းဖြင့် နေထိုင်ခဲ့သည်။ ပုသိမ်မြို့ ခါတော်မိကျောင်း၊ ရန်ကုန်ဘိုင်းစ်ဟုမ်း မိဘမဲ့ကျောင်းတို့၌ ပညာသင်ယူခဲ့သည်။

၁၉၄၃ ခုနှစ်တွင် မင်္ဂလာဒုံစစ်တက္ကသိုလ်၌ မူလတန်းအဆင့် ယောနင်းကျောင်းသားအဖြစ် တက်ရောက်ခဲ့သည်။ ထို့နောက် တပ်မတော်၌ ဝင်ရောက်အမှုထမ်းသည်။ တပ်မတော်မှ နုတ်ထွက်ခဲ့ပြီးနောက်ပိုင်းတွင် ရန်ကုန်သတင်းစာ၊ အိုးဝေသတင်းစာတို့၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ်ထုတ် သူရိယသတင်းစာတွင် 'မတော်လှန်ရဲသူတို့၏ တော်လှန်ရဲသူကြီး' ဆောင်းပါးဖော်ပြခြင်းခံရသည်။

သာဂဒိုးသည် စာရေးသားခြင်းအပြင် ပန်းချီဆရာကြီး ဦးတိတ်ကြည်ထံတွင် ပန်းချီပညာကို လေ့လာဆည်းပူးခွင့်ရရှိရာမှ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်သတင်းစာ၊ အိုးဝေသတင်းစာတို့၌ ကာတွန်းများ ရေးဆွဲခဲ့သည်။ ပန်းချီဆရာကြီး ဦးဘဂျမ်း၊ ဦးအုန်းလွင်တို့ထံမှ ပန်းချီနှင့်ကာတွန်းပညာများကို ဆက်လက်ဆည်းပူးခဲ့သော်လည်း ဆရာကြီးများ၏ အားပေးတိုက်တွန်းမှုကြောင့် စာပေနယ်ဘက်သို့ ပိုမိုအားစိုက် အလေးထားရေးသားဖြစ်ခဲ့သည်။

ပြည်သူ့ရဲဘော်စာစောင်နှင့် ဂျာနယ်ကျော်တို့တွင် ကိုယ်တွေ့ဆောင်းပါးများရေးသားခဲ့ပြီး အိုးဝေသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် ဗမာ့ခေတ်သတင်းစာတို့တွင် ကော်လံစားစာရေးဆရာအဖြစ် ပါဝင်

ရေးသားခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်မှစ၍ ရှုမဝမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များရေးသားခဲ့ရာ ဟာသစာရေးဆရာအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

၁၉၅၁ ခုနှစ်တွင် ဒေါ်တင်အေးနှင့်လက်ထပ်ခဲ့သည်။ ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ် သတင်းစာပညာဒီပလိုမာသင်တန်း၊ ၁၉၆၇ ခုနှစ်တွင် နိုင်ငံခြားဘာသာသိပ္ပံ၌ ဂျပန်ဘာသာဒီပလိုမာသင်တန်းတို့ကို တက်ရောက်ခဲ့သည်။

၁၉၅၇ ခုနှစ်တွင် သြစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် သတင်းစာပညာများသွားရောက်လေ့လာခွင့်ရခဲ့သည်။ ၎င်းနောက် ၁၉၆၃ ခုနှစ်တွင် ရုရှားနှင့် အရှေ့ဂျာမနီသို့လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် သြစတြေးလျနှင့် ပါပူဝါနယူးဂီနီနိုင်ငံသို့လည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် တရုတ်ပြည်သို့လည်းကောင်း သတင်းစာအဖွဲ့နှင့်အတူသွားရောက်လေ့လာခဲ့သည်။

၁၉၆၉ ခုနှစ်မှစ၍ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အယ်ဒီတာအဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့ရာမှ ဒုတိယအယ်ဒီတာချုပ်တာဝန်၊ ၁၉၈၃-၈၄ ခုနှစ်တွင် ကြေးမုံသတင်းစာ၌ အယ်ဒီတာချုပ်တာဝန်အထိ အဆင့်ဆင့်ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူခဲ့သည်။

စာနယ်ဇင်းများတွင် ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် သတင်းများစွာ ရေးသားခဲ့သော သာဂဒိုးသည် လုံးချင်းစာအုပ်များအဖြစ် တပ်နီလမ်းစ (၁၉၄၅)၊ ချစ်တဲ့စိတ်ဟာ ဆန်းကြယ်တယ် (၁၉၄၅)၊ ပျားစွဲသောမုတ်ဆိတ် (၁၉၆၀)၊ မိုလ်ခြေသလုံးဟော့နှင့် ဝတ္ထုလက်သုပ် (၁၉၆၇)၊ စူလာနဖာနှင့် ဆေးနည်းဆေးပင်များ (၁၉၆၇၊ ၂၀၀၅) စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြီး နောက်ပိုင်းတွင် စူလာနဖာနှင့်ဆေးနည်းဆေးပင်များ (၂)၊ (၃)၊ သဘာဝဓာတ်စာနှင့်ကျန်းမာရေး (၁)၊ (၂) တို့ကို ဆက်လက်ရေးသားထုတ်ဝေခဲ့သည်။ သာဂဒိုးကလောင်အပြင် ဖက်ဆစ်ဆန့်ကျင်ရေးခေါင်းဆောင်တစ်ဦး၊ ခင်မောင်ညို၊ သောကြာ၊ မောင်ယု ဟူသည့်ကလောင်ခွဲများဖြင့်လည်းဆောင်းပါးများ ရေးသားခဲ့သည်။



သာဂဒိုး

သာဂဒိုးသည် ရုပ်ရှင်အနုပညာကိုလည်း ဝါသနာ ထုံခဲ့သူဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ပျားစွဲသောမုတ်ဆိတ်၊ ၁၉၆၃ ခုနှစ်တွင် ဘုရားပေးသောလက်၊ နန်းထက်က ပန်းတစ်ခက်နှင့် ၁၉၆၈ ခုနှစ်တွင် မေတ္တာစိမ်းစိမ်း ရုပ်ရှင်ဇာတ်ကားများကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကန်တော့ခံသက်ကြီးစာပေပညာရှင်တစ်ဦးလည်း ဖြစ်သည်။

အသက် ၈၅ နှစ် အရွယ် ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးသုံးဦး ကျန်ရစ်သည်။

**သုမောင်(၁၉၅၁-၂၀၁၀)** ။ ။စာပေ၊ ရုပ်ရှင်၊ဂီတဟူသောအနုပညာလောကတွင် ထင်ရှားကျော်ကြားသောသုမောင်ကို ဦးဖေသန်း၊ ဒေါ်ခင်ညိုတို့က ရန်ကုန်မြို့၌ ၁၉၅၁ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် မွေးဖွားသည်။ ဖခင်ဦးဖေသန်းသည် သာဓုကလောင်အမည်ဖြင့် စာပေနှင့်ရုပ်ရှင်လောက၌ ထင်ရှားသူဖြစ်သည့်အပြင် မြန်မာ့နိုင်ငံရေးသမိုင်း၌ တို့ဗမာအစည်းအရုံးသို့ဝင်၍ ၁၃၀၀ ပြည့် ရေနံမြေသပိတ်တွင် အသေခံခေါင်းဆောင်အဖြစ်ပါဝင်ခဲ့သဖြင့် သခင်ဖေသန်းဟူ၍လည်း အမည်ရသူဖြစ်သည်။ မိခင်ဒေါ်ခင်ညိုမှာ ကျောင်းဆရာမတစ်ဦး

ဖြစ်သည်။ သုမောင်၏ အမည်ရင်းမှာ ဦးဗလဖြစ်သည်။

သုမောင်သည် ရုပ်ရှင်နယ်နှင့်စာပေနယ်တွင် ထင်ရှားသော မောင်ဝဏ္ဏ၏ညီ၊ အာယု၊ မင်းလူ၊ ရှုပတို့၏ အစ်ကို၊ ဖိုးသောကြာ၏ဖခင်၊ ပြေဇင်၊ရွှေမိုးတို့၏ ဦးလေးဖြစ်သည်။

ငယ်စဉ်က စိန်ပေါလ်ကျောင်း (ယခု အထက ၆ ဗိုလ်တထောင်) တွင် မူလတန်းနှင့် အလယ်တန်းပညာများကို သင်ယူခဲ့ပြီး ၁၉၆၆ ခုနှစ်၌ စိန်ပေါလ်မှ စက်မှုလက်မှုကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဒီဇယ်အင်ဂျင်နီယာ သင်တန်းကို အောင်မြင်သည်။

ယုဝတီ ဂျာနယ်တွင် စာပြင်အဖြစ် လုပ်ကိုင်ရာမှ ကဗျာတို၊ ဝတ္ထုတိုများရေးသားသည်။

သုမောင်၏ ပထမဆုံးဝတ္ထုတိုမှာ ၁၉၇၀ ပြည့်နှစ်ထုတ် ဝတ်မှုန်မဂ္ဂဇင်း၌ပါဝင်သော 'သနပ်ခါးရေကျဲကျဲ' ဖြစ်သည်။ ထိုစဉ်က ကလောင်အမည်သည် အုပ်စိုးဖြစ်သည်။ ၁၉၇၇ ခုနှစ် နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ငယ်အိပ်မက်ဝတ္ထုကို သုမောင်အမည်ဖြင့်စတင်ရေးသားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် 'အချစ်' လုံးချင်းဝတ္ထုကို စတင်ရေးသားသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ် ကာလအထိ အချစ်နှင့်သက်ဆိုင်ရာအကြောင်းအရာများကို ဦးစားပေး ရေးသားခဲ့သည်။ ဝတ္ထုတိုများကိုလည်း စာနယ်ဇင်းအစုံ၌ ရေးသားခဲ့ရာ ၎င်းတို့ကို စုပေါင်း၍ ပေါင်းချုပ်အဖြစ် ဝတ္ထုတိုတစ်ပုဒ်ပေးပိုခြင်း၊ သာခုနှင့် ကျွန်တော်၏ ဖခင်များအကြောင်း၊ ကွမ်းစကား၊ ဥရင်ကောက်နှင့် အခြားဝတ္ထုတိုများ စာအုပ်များကို ထုတ်ဝေခဲ့သည်။

ထို့အပြင် သုမောင်သည် ရှင်နေမင်းမှ ပေးသောစာ၊ နံနက်စာ၊ အရက်သမားအမှားတစ်ရာ၊ ဘာသာပြန်နှင့် ဆောင်းပါးပေါင်းချုပ်များကို ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ်တွင် စာဖတ်သူအကြိုက်၊ မန္တလေးစာပေဆုကို အဖေ၏အမေ့ကိုယ်တွေ့စာတမ်းငယ်ဖြင့် ရရှိသည်။ သုမောင်သည် မိသားစုကို အခြေခံ၍ မိသားစုများ၏ ဘဝ၊ ရသစာများကိုရေးသားရာတွင် ပို၍ထင်ရှားသည်ဟု စာဖတ်ပရိသတ်က ဆိုစမှတ်ပြုကြသည်။



သုမောင်

၂၀၀၁ ခုနှစ် ဩဂုတ်လတွင် အမေရိကန်နိုင်ငံ အိုင်အိုဝါး တက္ကသိုလ်၌ ကျင်းပသော နိုင်ငံတကာစာရေးဆရာများ စာပေရေးရာလုပ်ငန်းအစီအစဉ် (International Writing Programme) သို့ တက်ရောက်ကာ စာတမ်းတင်ခဲ့သည်။ ထို့အပြင်သုမောင်သည် ပြည်တွင်းအနယ်နယ်အရပ်ရပ်သို့ သွားရောက်၍ စာပေဟောပြောပွဲများတွင် ပါဝင်ဟောပြောခဲ့သည်။

သုမောင်သည် ၁၉၇၄ ခုနှစ်တွင် ချစ်စံနမူ၊ နှောင်းတမြေ့မြေ့၊ အကြင်တို့လင်မယား စသောရုပ်ရှင်ဇာတ်လမ်းများတွင် စတင်ပါဝင်ရိုက်ကူးခဲ့ရာ ရုပ်ရှင်ဇာတ်ကား ၄၀ ကျော် ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အတွက် ခုနစ်စဉ်အလွမ်းဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင် အကယ်ဒမီဆုကိုရရှိခဲ့သည်။ သရုပ်ဆောင်အဖြစ်သာမက ဒါရိုက်တာအဖြစ်နှင့် 'သူငယ်ချင်းသုံးယောက်ရှိလေသည်' ရုပ်ရှင်ဇာတ်ကားနှင့် စိန်ခြယ်ဖြာရောင်လင်း ရုပ်သံဇာတ်လမ်းများကို ရိုက်ကူးခဲ့သည်။

သုမောင်သည် စာပေနှင့်ရုပ်ရှင်သာမက ဂီတဘက်၌လည်း တေးဆိုသူအဖြစ် တေးသီချင်း များစွာကို သီဆိုခဲ့သည်။ နှောင်းတမြေ့မြေ့ဇာတ်ကားတွင် ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်သော ပန်းဦးပန်မယ့်သူ သီချင်းကို စတင်သီဆိုရာမှ တေးသီချင်းပုဒ်ရေ ၂,၀၀၀ ကျော် သီဆိုခဲ့သည်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာလတွင်

ဟောင်ကောင်နှင့် မကာအိုသို့ သွားရောက်၍ မြန်မာတေး သီချင်းများသီဆိုဖျော်ဖြေခဲ့သည်။

သုမောင်သည် ပေါ်ပြူလာဂျာနယ်၌ အကယ်ဒမီ Oscar ဘာလဲ ဘယ်လဲ (ဘာသာပြန်)နှင့် သရုပါ မဂ္ဂဇင်း၌ အနုသံသရာစာမူများကို ရေးသားနေဆဲဖြစ်သည်။

သုမောင်နောက်ဆုံးပါဝင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားမှာ ဆင္ဒဂံဖြစ်ပြီး နောက်ဆုံးသီဆိုခဲ့သော သီချင်းမှာ မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ရန် ရည်ရွယ်သည့် ခြေဖဝါးတော်နန သီချင်းဖြစ်သည်။

သုမောင်သည် စာမျိုးစုံလင် စာသဘင် (၃) ကို နောက်ဆုံးထုတ်ဝေခဲ့ပြီး သက်သက်လွတ်အက်ဆေးများ၊ ပြောရမယ်ကွာ ဖိုးသောကြာ၊ သာစု သာစု သာစုနှင့် ဘွားညိုဟောသောတရားများ စာအုပ်တို့ကို ထုတ်ဝေရန် စီစဉ်နေဆဲဖြစ်သည်။ သုမောင်သည် ကွမ်းစကားစာစုများကို အနှစ်သက်ဆုံး ဖြစ်ကြောင်း ဆောင်းပါးများတွင် ထည့်သွင်းရေးသားခဲ့သည်။

သုမောင်သည် ၂၀၁၀ ပြည့်နှစ် မေလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သည်။ ဇနီး ဒေါ်အေးအေးမေနှင့် သားသမီးများဖြစ်ကြသည့် မစိုးအိမ်သူ၊ ဖိုးသောကြာ၊ မောင်ထိန်ထိန်သာနှင့် မထိပ်ထားတို့ကျန်ရစ်သည်။

**သင့်ဘဝဦးရဲလွင် (၁၉၂၂-၂၀၁၀)။** ။ကန်တော့ခံ သက်ကြီးစာပေပညာရှင် စာရေးဆရာကြီး သင့်ဘဝဦးရဲလွင်ကို ဦးရွှေအေး၊ ဒေါ်ဖွားခင်တို့က ညောင်တုန်းမြို့ ရွှေဂူခြံ၌ ၁၉၂၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မွေးဖွားသည်။

ငယ်စဉ်က ညောင်တုန်းမြို့ မင်္ဂလာကျောင်းတိုက် ဘုန်းတော်ကြီးသင်ကျောင်း၌ စတင်ပညာသင်ယူပြီး ညောင်တုန်းမြို့ ဆရာပွိုက်ကျောင်းနှင့်ဝဲဒေါင့်ကျေးရွာရှိ ဆရာဦးထွန်းတင်ကျောင်းတို့၌ ဆက်လက်ပညာသင်ယူသည်။ အင်္ဂလိပ်စာကို ညောင်တုန်းမြို့ အင်္ဂလိပ်အလွတ်ပညာသင်ကျောင်း၌ ဆည်းပူးသည်။

သင့်ဘဝဦးရဲလွင်သည် ၁၉၄၂ ခုနှစ်တွင် ရဟန်းဝတ်၍ အခြေခံပိဋကတ်စာပေများ သင်ယူသည်။ ၁၉၄၃ ခုနှစ်တွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို



သင့်ဘဝဦးရဲလွင်

ပခုက္ကူနည်းဖြင့် ကျမ်းကြီးပေါက်သင်ယူပြီး ဦးဉာဏိက (နောင်တွင် မြောင်းမြဆရာတော်) ထံ၌ ပါဠိ၊ ဟိန္ဒီ၊ သက္ကတ၊ မြန်မာကဗျာရေးသားစပ်ဆိုနည်းတို့ကို သင်ယူဆည်းပူးသည်။

၁၉၄၆ ခုနှစ်တွင် 'သုံးထပ် လင်္ကာ' လက်ရေးမဂ္ဂဇင်းကို ဦးစီးထုတ်ဝေသည်။ ၁၉၄၇ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်းနှင့် ဂျာနယ်များ၌ ကဗျာများ စတင်ရေးသားသည်။ ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပါဠိဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သည်။ ၁၉၅၃ ခုနှစ်တွင် လူဝတ်လဲ၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူသည်။

ရန်ကုန်တက္ကသိုလ်၌ ဗုဒ္ဓဘာသာအသင်းအမှုဆောင်နှင့် ပါဠိအသင်း အတွင်းရေးမှူး၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ပါဠိအသင်းမဂ္ဂဇင်းကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာဖြင့် သုံးတွဲထုတ်ဝေသည်။

၁၉၅၇ ခုနှစ်တွင် လွင်တက္ကသိုလ်ဝင်ကျောင်းကို ကိုယ်ပိုင်ကျောင်းအဖြစ် ဖွင့်လှစ်ပြီး ကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။ သင့်ဘဝမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ၊ သံဃာ့တက္ကသိုလ် အုပ်ချုပ်ရေးအရာရှိ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ မဂ္ဂသာအဖွဲ့ချုပ် အုပ်ချုပ်ရေးမှူး၊ ချိုတေးသံဂျာနယ် အယ်ဒီတာချုပ်၊ အမေရိကန်သံရုံးပြန်ကြားရေးဌာန သတင်းဘာသာပြန်နှင့် လင်းရောင်ခြည် မဂ္ဂဇင်း အယ်ဒီတာချုပ်တာဝန်များကို ထမ်းဆောင်သည်။

တက္ကသိုလ် မောင်ရဲလွင်၊ မောင်ဝိုင်း၊ မောင်လူအေး၊ ကြီးကြီးမေ၊ သစ်ဆန်းယဉ်၊ နယ်လှည့်အယ်ဒီတာ၊ မောင်လေ့လာ၊ မောင်သိပ္ပံ၊ ဟာသမောင် စသည့် ကလောင်ခွဲများဖြင့် ဆောင်းပါးအများအပြား ရေးသားသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ မဂ္ဂီသာအဖွဲ့ချုပ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်စဉ် နိုင်ငံတကာ ဗုဒ္ဓဘာသာ သတင်းစာတစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့် လစဉ် ထုတ်ဝေသည်။

၁၉၈၀ ပြည့်နှစ်မှစ၍ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၌ ဆောင်းပါးများ ရေးသားသည်။ ဘာသာပြန် စာအုပ် များ၊ ပင်ကိုရေး လုံးချင်းဝတ္ထုများ၊ ဘာသာရေး စာအုပ် များ၊ ထေရုပ္ပတ္တိစာအုပ်များရေးသားထုတ်ဝေသည်။ စာပေကို ကွယ်လွန်ချိန်အထိ အဆက်မပြတ်ရေးသား ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ကျောင်းဆရာမ ဒေါ်ခင်မေအေးနှင့် လက်ထပ်သည်။ ကန်တော့ခံသက်ကြီး စာပေပညာရှင် စာရေးဆရာကြီး သင့်ဘဝဦးရဲလွင်သည် ၂၀၁၀ ပြည့်နှစ် ဇူလိုင် လ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားတစ်ဦး၊ သမီးနှစ်ဦးနှင့် မြေးသုံးဦးကျန်ရစ်သည်။

**သန်းညွန့်၊ ဗိုလ်မှူးကြီး (ငြိမ်း)၊ ဖေယျကျော်ထင်၊ (မှူးသပြေ) (၁၉၂၇–၂၀၁၀) ။** ။ကန်တော့ခံသက်ကြီးစာပေပညာရှင် ဖေယျကျော်ထင်ဗိုလ်မှူးကြီး သန်းညွန့် (ငြိမ်း) ကို ဦးဖိုးအောင်၊ ဒေါ်ခင်ညွန့်တို့က တောင်ငူမြို့၌ ၁၉၂၇ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းသုံးဦးအနက် အကြီးဆုံးဖြစ်သည်။

ဗိုလ်မှူးကြီးသန်းညွန့် (ငြိမ်း) သည် ငယ်စဉ်က တောင်ငူမြို့ရှိ ကျောင်းအုပ်ကြီး ဦးဖိုးကွန်း (ဗိုလ်မှူးဖိုးကွန်း) ၏ အမျိုးသားကျောင်း၌ ၁၀တန်းအထိ ပညာသင်ယူသည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ရောက်သည်။ ဗမာ့ကာကွယ်ရေး တပ်မတော်၌ တပ်သားအဆင့်ဖြင့် တာဝန်ထမ်းဆောင်ကာ ၁၉၄၃ ခုနှစ်တွင် မင်္ဂလာဒုံရှိ ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်သည်။ ဂျပန်များကို တော်လှန်တိုက်ခိုက်ရာတွင် ပါဝင်သည်။ ၁၉၄၈ ခုနှစ်တွင် ဒုတိယပတ်ဗိုလ်သင်တန်းကျောင်း (ပြင်ဦးလွင်) သို့ တက်ရောက်သည်။ တပ်မတော်၌ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ရာထူးဖြင့် အင်းစိန်ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည်။ ထို့အပြင် ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၆) ဥက္ကဋ္ဌတာဝန်ကို ပူးတွဲထမ်းဆောင်သည်။ အဆိုပါတာဝန်များထမ်းဆောင်လျက် အမေရိကန် ပြည်ထောင်စု၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ သွားရောက်သည်။



ဗိုလ်မှူးကြီး သန်းညွန့် (ငြိမ်း)

၁၉၆၆ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးကြီး (ကြည်း၊ ရေ၊ လေ) အဖြစ် တာဝန်ထမ်းဆောင်သည်။ ထို့အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့်ကယားပြည်နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌတာဝန်များကို ပူးတွဲတာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၇၂ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၇၆ ခုနှစ်တွင် အငြိမ်းစားယူသည်။

၁၉၇၄ ခုနှစ်တွင် သပြေစာပေကို တည်ထောင်ပြီး သပြေတေးမဂ္ဂဇင်း၊ အောင်သပြေပုံနှိပ်လုပ်ငန်းနှင့် ဝေလွင်လွင်စာအုပ်ချုပ်လုပ်ငန်းများကို လုပ်ကိုင်သည်။

မှူးသပြေကလောင်အမည်ဖြင့် သပြေတေးမဂ္ဂဇင်း စာတည်းမှူးချုပ်အဖြစ်ဆောင်ရွက်သည်။ သပြေတေး မဂ္ဂဇင်းကို ကိုယ်တိုင်ထုတ်လုပ်ဖြန့်ချိသည့်အပြင် သိပ္ပံ မဂ္ဂဇင်း၊ ဖက်ရှင်မဂ္ဂဇင်းနှင့် စာပေလုပ်သားမဂ္ဂဇင်းများ ကိုလည်း ပုံနှိပ်ဖြန့်ချိပေးသည်။ မဂ္ဂဇင်းများအပြင် ဝတ္ထုရှည်နှင့်ဘာသာပြန်ဝတ္ထု များကိုပါထုတ်ဝေသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူများအသင်း ဥက္ကဋ္ဌနှင့် နာယကအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျောက်တံတားမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကျောက်တံတားမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့နာယက အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်က ချီးမြှင့်သော ဇေယျကျော်ထင်ဘွဲ့၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ သူရဲကောင်း မှတ်တမ်းဝင်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) တို့ကို ရရှိသည်။

နိုင်ငံတော်ကပေးအပ်သောတာဝန်များကို ထူးချွန် ပြောင်မြောက်စွာထမ်းဆောင်ပြီး ဆောင်းပါးပေါင်းများစွာ ရေးသားသူ စာရေးဆရာမှူးသပြေကလောင်အမည်ခံ ဗိုလ်မှူးကြီးသန်းညွန့် (ငြိမ်း) သည် ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်တင့်တင့်လွင်၊ သားသမီး လေးဦးနှင့် မြေးနှစ်ဦး ကျန်ရစ်သည်။

## သန်းမြင့်အောင် (ပန်းချီ) (၁၉၆၈–၂၀၁၀)။ ။

စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာသန်းမြင့်အောင်ကို ဦးတင်ညွန့်၊ ဒေါ်ကျင်မြတို့က ရေနံချောင်းမြို့ ပုဏ္ဏား ကုန်းရပ်ကွက်၌ ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့ တွင် မွေးဖွားသည်။ မွေးချင်းလေးဦးအနက် အကြီးဆုံး သားဖြစ်သည်။

ပန်းချီသန်းမြင့်အောင်သည် အခြေခံပန်းချီ ပညာကို ရေနံချောင်းမြို့ရှိ ပန်းချီဆရာဦးအောင်မောင်း၊ ဦးစိန်ဝင်းနှင့် ဦးတင်ညွန့်တို့ထံ၌ သင်ယူသည်။ ၁၉၈၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၌ ကျင်းပသော ရှန်ကာ အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲနှင့် ၁၉၈၁ ခုနှစ် တွင် ချက်ကိုဆလိုဗားကီးယားနိုင်ငံ၌ ကျင်းပသော ကလေးပန်းချီပြိုင်ပွဲများမှ ဆုများဆွတ်ခူးရရှိသည်။ ဆီဆေးပန်းချီရေးနည်းကို ပန်းချီပြိုင်ပွဲ ဦးသက်ညွန့်ထံ၌ လည်းကောင်း၊ အရောင်များကို ဓားဖြင့်ရေးဆွဲနည်းကို ပန်းချီဝင်းဖေမြင့်ထံ၌လည်းကောင်း သင်ယူဆည်းပူး သည်။ ထို့အပြင် သရုပ်ဖော်ပန်းချီရေးဆွဲနည်းကို ပန်းချီ ဦးလှထွန်းထံ၌ သင်ယူလေ့လာကာ မဂ္ဂဇင်းများ၊ ဝတ္ထု များ၊ ဂျာနယ်များတွင် သရုပ်ဖော်ပန်းချီများကို ရေးဆွဲသည်။ ၁၉၉၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ စာနယ်ဇင်းသရုပ်ဖော်ပန်းချီပြပွဲများ၌ ပါဝင်ပြသသည်။ တစ်ကိုယ်တော်ပန်းချီပြပွဲနှစ်ပွဲကိုလည်း ကိုယ်တိုင် စီစဉ်ပြသသည်။



ပန်းချီသန်းမြင့်အောင်

ပန်းချီသန်းမြင့်အောင်သည် အစိုးရစက်မှု လက်မှုသိပ္ပံမှ A.G.T.I (E.P) ဒီပလိုမာရရှိပြီးနောက် ပန်းချီလောကသို့ ဝင်ရောက်ခဲ့ရာ ပန်းချီရေးဆွဲခြင်းသာ မက ကဗျာများကို သင်းဝေအောင် ကလောင်အမည် ဖြင့်လည်းကောင်း၊ ဝတ္ထုနှင့်ဆောင်းပါးများကို ကိုသီ အောင်ကလောင်အမည်ဖြင့်လည်းကောင်း ရေးသား သည်။ "မေရဲ့ပန်းပွင့် သို့မဟုတ် ကမ်းပါးပေါ်က ကျွံကျသွားသော နာဂစ်နေ့၊ နာဂစ်ည၊ နာဂစ်အလွန် ခံစားမှုကဗျာများ" ကဗျာစာအုပ်ကို ကိုရွှေ၊ အံ့ဘွယ် ဇင်တို့နှင့်အတူ စီစဉ်ထုတ်ဝေသည်။ "ရင်ဘတ်ပေါ် အုံ့တဲ့တိမ်ကလေး" ကဗျာစာအုပ်ကို သဲထူး၊ မိုးဦးဆွေ

ညီမ်းတို့နှင့်အတူပူးပေါင်းထုတ်ဝေသည်။ ထို့ပြင် မဂ္ဂဇင်းများနှင့် ဂျာနယ်များတွင် ပန်းချီအနုပညာဆောင်းပါးနှင့်ဝတ္ထုတိုများရေးသားသည်။

ပန်းချီဆရာ သန်းမြင့်အောင်သည် ၂၀၁၀ ပြည့်နှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်လှရီကျန်ရစ်သည်။

**အောင်စိုး(၁၉၂၆–၂၀၁၀)** ။ ။ စစ်ပြီးခေတ်စာပေလောကတွင် အညာဓလေ့ဘဝသရုပ်ဖော်ဝတ္ထုတိုများရေးသားပြီး ထင်ရှားသူ စာရေးဆရာ အောင်စိုးကို သခင်ရဲညွန့်(ပုဂံ)၊ ဒေါ်တင်မြင့်တို့က ပုဂံညောင်ဦးမြို့နယ် တက်မကျေးရွာ၌ ၁၉၂၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးအောင်စိုးဖြစ်သည်။

ဆရာအောင်စိုးသည် ငယ်စဉ်က တောင်တွင်းကြီးမြို့ အိုဘီအမ်နေရှင်နယ်ကျောင်း၊ ညောင်ဦးမြို့ ဆရာခင် အမျိုးသားအထက်တန်းကျောင်းတို့၌ ပညာသင်ယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မက်ထရစ်စာမေးပွဲအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၄၇ ခုနှစ်တွင် ညောင်ဦး သုခမောင်ကလောင်အမည်ဖြင့် သတင်းစုံဂျာနယ်၌ စာညွန့်များ၊ ဝတ္ထုတိုများရေးသားသည်။ ရန်ကုန်တက္ကသိုလ် ပထမနှစ်တွင် မြန်မာစာအသင်းက ကျင်းပသော အထွေထွေမြန်မာမှု ပြိုင်ပွဲ၌ 'ခါနွေဦး' ဟူသော ဝတ္ထုတိုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုရရှိသည်။ ၁၉၄၈ ခုနှစ်တွင် အောင်စိုးကလောင်အမည်ဖြင့် 'လှည်းယဉ်ကြော့ကြော့' နှင့် 'ရွှေပွင့်'ဟူသော ဝတ္ထုတို နှစ်ပုဒ်ရေးသားပြီး ရှုမဝရုပ်စုံမဂ္ဂဇင်းသို့ပေးပို့ရာ နှစ်ပုဒ်စလုံးရွေးချယ်ထည့်သွင်းဖော်ပြခြင်းခံရသည်။ ဆက်လက်၍ တာရာ၊ ပဒေသာ၊ သွေးသောက်၊ တိုင်းရင်းမေ၊ ကလောင်စုံ၊ ဆန်းသစ်ဦး၊ ယုဇန၊ ဂျာနယ်ကျော်၊ စာပေဗိမာန်၊ မြဝတီ၊ ကလျာ၊ မေ့တွက်တာ၊ ကေသီပန်၊ စန္ဒာ၊ မိုးဝေ၊ ဝတ်မှုန်၊ သုတပဒေသာ စသည့် ဂျာနယ်၊ မဂ္ဂဇင်းများ၌ ရေးသားသည်။



အောင်စိုး

'လှည်းယဉ်ကြော့ကြော့နှင့် အညာဓလေ့ ဝတ္ထုများ'(၁၉၆၁)၊ 'ကောက်သင်းကောက်နှင့် အညာဓလေ့ဝတ္ထုတိုများ' (၁၉၆၃)၊ 'တိုင်းကျော်နှင့် ဘဝသရုပ်ဖော်ဇာတ်ကောင်များ' (၁၉၆၅)၊ 'သစ်သစ်လွင်လွင် ဘဝသရုပ်ဖော်ဝတ္ထုများ'(၁၉၆၆) တို့ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့အပြင် ဟံသာဝတီ၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာများ၌ ရေးသားခဲ့သည့် ဆောင်းပါးများကို စုစည်း၍ 'သူ့စိတ်သူ့စာ ဆောင်းပါးပေါင်းချုပ်' စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ စာပေဗိမာန်အဖွဲ့ကလည်း ပြည်သူ့လက်စွဲစာစဉ်အဖြစ် စာရေးဆရာအောင်စိုးရေးသားသည့် အညာဓလေ့ဝတ္ထုများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိသည်။ စာရေးဆရာအောင်စိုးသည် ဝတ္ထုတိုများသာမက အိ၊ လှသထက်လှမယ်ဆိုရင်၊ အေးတင်၊ မိတာ၊ ဟောင်း ကြမ္မာလည်း ကြွေပါပြီစသည့် လုံးချင်းဝတ္ထုများကိုလည်း ရေးသားခဲ့သည်။

စာပေရေးသားခြင်းအပြင် ရန်ကုန်မြို့ မြို့မအမျိုးသားကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘလွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဒီမိုကရေစီ ပညာပြန့်ပွားရေးအသင်းက ထုတ်ဝေသော ဒီမိုကရေစီဂျာနယ်၌ မန်နေဂျာအယ်ဒီတာအဖြစ် ငါးနှစ်ကျော် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဆရာတက်တိုး၊ ဆရာသိပ္ပံစိုးလှတို့နှင့်အတူ တစ်ကျပ်တန် ဘာသာပြန်မဂ္ဂဇင်းကိုလည်း ထုတ်ဝေခဲ့သည်။

၁၉၅၈ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးက ထုတ်ဝေသည့် စစ်ပညာဂျာနယ်၌ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၈၇ ခုနှစ်တွင် အယ်ဒီတာအဖြစ်မှ အငြိမ်းစားယူသည်။

၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်-ဒုတိယဆု) ကို 'တိုင်းကျော်နှင့် ဘဝသရုပ်ဖော်ဇာတ်ကောင်များ' စာအုပ်ဖြင့်ဆုရရှိသူ၊ ကန်တော့ခံသက်ကြီး စာပေပညာရှင် စာရေးဆရာကြီးအောင်စိုးသည် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ချီလီမိုင်းတွင်းပိတ်လုပ်သားများကို ကယ်တင်ခြင်း။

။ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ချီလီနိုင်ငံ အတ်တာကာမာသဲကန္တာရအတွင်းရှိ ဆန်ဟိုဆေးသတ္တုတွင်းပြိုကျသဖြင့် မြေအောက်မီတာ ၇၀၀ တွင် သတ္တုတွင်းလုပ်သား ၃၃ ဦးမှာ ရက်ပေါင်း ၆၉ ရက်ကြာပိတ်မိခဲ့သည်။ ဆန်တီယာဂိုမြို့တော် မြောက်ဘက်ကီလိုမီတာ ၈၀၀ အကွာရှိ အဆိုပါသတ္တုတွင်းမှာ ကြေးနီနှင့် ရွှေထွက်သည့်သတ္တုမိုင်းတွင်းဖြစ်သည်။ တွင်းပြိုကျသောနေ့က ချက်ချင်းကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်ခဲ့သော်လည်း ဩဂုတ်လ ၇ ရက်တွင် ဒုတိယအကြိမ်ထပ်မံပြိုကျခဲ့သဖြင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။ ပိတ်မိသတ္တုတွင်းလုပ်သားများမှာ ရရှိထားသည့်ရိက္ခာခွဲတမ်းကို ၁၇ ရက်စားပြီး အသက်ရှင်ခဲ့ရသည်။ ထို့နောက်တွင် သူတို့ထံအရေးပေါ်ရိက္ခာနှင့် ရေသန့်များ၊ ဆေးဝါး၊ အဝတ်အထည်များချပေးခဲ့သည်။ ထိုအတောအတွင်း တွင်းသုံးတွင်းတူးကာ ကယ်ဆယ်ရေးအတွက် စီစဉ်ခဲ့သည်။ သတ္တုတွင်းလုပ်သား ၃၃ ဦးတို့၏ ဆွေမျိုးများလည်း တွင်းပတ်လည်တွင် စခန်းချ နေထိုင်ခဲ့ကြသည်။ မိုင်းတွင်းပိလုပ်သားများ၏ ဆက်သွယ်ရေးကိရိယာများမှတစ်ဆင့် အသက်ရှင်လျက်ရှိကြောင်း သိရချိန်မှစကာ ချီလီအစိုးရနှင့် ပြည်သူတို့၏ လက်တွဲညီညီကြိုးပမ်းမှုဖြင့် အောက်တိုဘာလ ၁၃ ရက် (ချီလီဒေသစံတော်ချိန် အောက်တိုဘာ ၁၂ ရက် သန်းခေါင်ယံ) နံနက် ၁ နာရီမှ စတင်ကာ ကယ်ထုတ်ရန်ပြင်ဆင်ခဲ့ရာ နံနက် ၄ နာရီ ၁၂ မိနစ်၌ ပထမဆုံး မိုင်းလုပ်သားတစ်ဦးကိုအောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်။ မိုင်းတွင်းပိလုပ်သားများအား ကယ်ထုတ်ရာတွင် အမြင့် ၃၃ ပေ၊ အချင်း ၂၁ လက်မရှိသည့် အထူးပြုလုပ်



မိုင်းတွင်းပိလုပ်သားများကို ကယ်ဆယ်ရေးသံကွန်ချာခြင်းဖြင့် ကယ်တင်နေစဉ်

ထားသော သံကွန်ချာခြင်းဖြင့် တစ်ဦးစီကို ပူလီဖြင့် ဆွဲတင်ကယ်ထုတ်ခဲ့ခြင်းဖြစ်သည်။ တူးဖော်ထားသော ၆၂၂မီတာရှည်သည့် ဥမင်လမ်းကြောင်းအတိုင်း အကြိမ်ကြိမ်စမ်းသပ်ပြီးမှ ကယ်ထုတ်ခဲ့သည်။ သံကွန်ချာခြင်းမှာ လူတစ်ကိုယ်စာရှိပြီး အောက်ဆီဂျင်ဘူး၊ ရုပ်သံဆက်သွယ်မှုပါသောဦးထုပ်၊ လုံခြုံရေးကိုယ်သိုင်းကြိုးများဝတ်ဆင်ကာ လိုက်ပါရခြင်းဖြစ်သည်။ ခြင်း၏အတွင်းပိုင်းမှာ ၅၃ စင်တီမီတာကျယ်ပြီး အလေးချိန်မှာ ၄၆၀ ကီလိုဖြစ်သည်။

လူတစ်ဦးချင်းကယ်ဆယ်ရာတွင် တစ်ဦးလျှင် ကယ်ဆယ်ချိန် တစ်နာရီခန့်ကြာသည်။ ပထမနေ့တွင် လူ ၁၇ ဦး ကယ်ဆယ်နိုင်ပြီး အောက်တိုဘာလ ၁၄ ရက်တွင် အားလုံးကိုကျန်းကျန်းမာမာနှင့် ကယ်တင်နိုင်ခဲ့သည်။ မြေပေါ်ရောက်ရှိလာသည့်လုပ်သားများကို ဆေးအဖွဲ့က အရေးပေါ်ဆေးစစ်ပေးပြီး လိုအပ်လျှင် နီးစပ်ရာဆေးရုံသို့ပို့ရန် ရဟတ်ယာဉ် သုံးစင်းကို အသင့်ပြင်ထားပေးသည်။ သတ္တုမိုင်းတွင်းဆေးခန်းမှ ဆရာဝန်သုံးဦး၊ စိတ်ပညာရှင်တစ်ဦး၊ သူနာပြုနှင့် လက်ထောက်များက ထပ်မံစစ်ဆေးသည်။ ထို့နောက်နားနေဆောင်၌ မိသားစုနှင့်တွေ့ခွင့်ပေးပြီး ဆေးရုံသို့ ပို့ဆောင်ပေးသည်။ ဆေးရုံတွင် ၄၈ နာရီကြာ နေထိုင်ဆေးစစ်ကြရသည်။

မိုင်းတွင်းပိလုပ်သားကယ်ထုတ်ရာနေရာအနီးတွင် နိုင်ငံတကာမှ သတင်းထောက် ၁,၅၀၀ ခန့်လာရောက်သတင်းယူခဲ့ကြပြီး မြောက်အမေရိကတိုက်၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းရုပ်သံသတင်းများကပါ တိုက်ရိုက်သတင်းထုတ်လွှင့်ခဲ့ကြသည်။ ကယ်ထုတ်သောနေရာ၌ ချီလီသမ္မတ ဆီဗက်စ်ရှဲန်ပင်နီရာနှင့်ဇနီး၊ ကျန်းမာရေးဝန်ကြီး၊ ချီလီသတ္တုတွင်းရေးရာဝန်ကြီးနှင့် ဘိုလီးဗီးယားသမ္မတတို့က စောင့်ကြည့်နေခဲ့ကြသည်။ အောက်တိုဘာလ ၁၄ ရက်တွင် ကမ္ဘာတစ်ဝန်းမှ ဂုဏ်ပြုဆုတောင်းလွှာများ ချီလီနိုင်ငံသို့ အများအပြားရောက်ရှိခဲ့သည်။

**ဂီရိဆိုင်ကလုန်းမုန်တိုင်း။** ။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၉ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များတွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အားကောင်းလာနိုင်ခြင်းရှိ၊ မရှိစောင့်ကြည့်လျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ဆက်လက်၍ အောက်တိုဘာလ ၂၀ ရက်နေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်တွင် ထိုနေ့မှ ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှစ၍ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ မုန်တိုင်းသတိပေးကြေညာချက်များ ဆက်တိုက်ထွက်ပေါ်လာသည်။ အဝါရောင်အဆင့် မုန်တိုင်းငယ်အဖြစ် ရောက်ရှိလာကြောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် စစ်တွေမြို့နယ်များဘက်သို့ ဦးတည်နေကြောင်း၊ နောက် ၃၆ နာရီအတွင်း ကုန်းတွင်းပိုင်းကိုဝင်ရောက်နိုင်ကြောင်းဆက်လက်ကြေညာသည်။

အောက်တိုဘာလ၂၂ ရက်နေ့ နံနက် ၅ နာရီခွဲတိုင်းထွာချက်တွင် လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသော မုန်တိုင်းငယ်သည် ကျောက်ဖြူမြို့ အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေရာမှ ဂီရိအမည်ရှိဆိုင်ကလုန်းမုန်တိုင်းအဖြစ် အနီရောင်အဆင့်သို့ ရောက်ရှိလာကြောင်း ကြေညာသည်။ ထိုနေ့နံနက်မှနောက် ၁၈ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့်ကျောက်ဖြူမြို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟုခန့်မှန်းသည်။

ဆက်လက်ကြေညာရာတွင် နံနက် ၉ နာရီအချိန်တိုင်းထွာချက်အရကျောက်ဖြူမြို့ အနောက်တောင်ဘက်မိုင် ၇၀ ခန့်အကွာပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ မွန်းတည့် ၁၂ နာရီတွင်စစ်တွေနှင့်ကျောက်ဖြူမြို့များအကြားမှ စတင်ဖြတ်ကျော်၍ ကုန်းတွင်းပိုင်းဝင်ရောက်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင်မိုင် ၇၀ မှ ၇၅ မိုင်အထိရှိနိုင်ကြောင်း၊ ဒီရေအမြင့်ဆုံး ၁၂ ပေခန့်အထိ မြင့်တက်မည်ဟု ခန့်မှန်းကြောင်းကြေညာသည်။ ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်နှင့်အမ်းမြို့နယ်များ၊ စစ်တွေခရိုင်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ မြေပုံမြို့နယ်များကို မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည်ဟုဖော်ပြသည်။

မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကလည်း မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို စတင်ထုတ်ပြန်သည်။ ဆက်လက်၍ မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် မြေပြိုကျမှုအန္တရာယ်များမှ ကြိုတင်ကာကွယ်တားဆီးရန် သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်၊ မသန့်ရှင်းသော ရေကြောင့်ဖြစ်သောရောဂါများကာကွယ်ရေးနှိုးဆော်ချက်များ ထုတ်ပြန်ခဲ့သည်။



ဂီရိဆိုင်ကလုန်းမုန်တိုင်းကို ဂြိုဟ်တုမှမြင်တွေ့ရပုံ

အောက်တိုဘာလ ၂၂ ရက်နေ့ ၁၂ နာရီခွဲ တိုင်းထွာချက်ထုတ်ပြန်သောအခါ ဂီရိမုန်တိုင်းသည် အနီရောင်အရေးပေါ်အခြေအနေ အဆင့်ဖြစ်ပြီး ကျောက်ဖြူမြို့အနောက်ဘက် မိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုပြီး မုန်တိုင်းဗဟိုချက်သည် စစ်တွေနှင့် ကျောက်ဖြူမြို့အကြားမှ ယနေ့ညနေပိုင်းတွင် ကုန်းတွင်းပိုင်းကို ဖြတ်ကျော်ဝင်ရောက်မည်ဟုဆိုသည်။ ထို့နေ့ ၃ နာရီကျော်တွင် ဂီရိသည် အားအလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ် ရောက်ရှိပြီး ကျောက်ဖြူမြို့အနီးမှ ဗဟိုချက်ဖြတ်ကျော်နေကြောင်း သိရှိရသည်။ အညိုရောင်အရေးပေါ်အဆင့်အဖြစ်ကြေညာခဲ့သည်။ မုန်တိုင်းကြီး၏ ဗဟိုချက်အနီးအမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၀၀ ခန့်ရှိပြီး တစ်ခါတစ်ရံ မိုင် ၁၂၀ အထိရှိနိုင်သည်ဟုဆိုသည်။

ည ၇ နာရီအချိန်တွင် အားအလွန်ကောင်းလာသည့် ဆိုင်ကလုန်းမုန်တိုင်း ဂီရိသည် ရခိုင်ကမ်းရိုးတန်းကို ကျောက်ဖြူမြို့မြောက်ဘက် ၁၅ မိုင်ခန့်အကွာရှိ နောင်တော်ကျွန်း၊ အဇင်ကြီးကျွန်းနှင့် ကျွန်းသာယာကျွန်းများအနီးမှ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်နေသည်။ ဂီရိဆိုင်ကလုန်းမုန်တိုင်းကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အဆင့် ၂ ရှိသော မုန်တိုင်းဟုဆိုသည်။ Saffir Simpson Scale (Hurricanes) စနစ်ဖြင့် အဆင့်ခွဲခြားသတ်မှတ်ချက်အရဆိုလျှင် အဆင့် ၂ သည် လေတိုက်နှုန်း တစ်နာရီလျှင် ၉၆မိုင်မှ မိုင် ၁၁၀ အထိရှိသည်။ ပြင်းအားကို 'သင့်' ဟုသတ်မှတ်သည်။ လှိုင်းကြီးမှု ခြောက်ပေမှ ရှစ်ပေအထိမြင့်သည်ဟုဆိုသည်။ Enhanced Fujita Scale (Tornadoes) စနစ်ဖြင့် အဆင့်ခွဲခြားသတ်မှတ်ချက်အရဆိုလျှင် အဆင့် ၂ သည် လေတိုက်နှုန်း တစ်နာရီလျှင် မိုင်၁၁၀ မှ ၁၃၅ မိုင်အထိရှိသည်။ ပျက်စီးမှုကို 'ပြင်းထန်' ဟုသတ်မှတ်သည်။

ဂီရိဆိုင်ကလုန်းမုန်တိုင်းကို စီအင်အင် သတင်းဌာနက ကြေညာရာ၌ တစ်နာရီလျှင်မိုင် ၁၄၀ အထိလေတိုက်နှုန်းရှိသည်ဟုဆိုသည်။ အယ်လ်ဂျဇီးရားရုပ်သံကမူ ၁၅၅ မိုင်နှုန်းအထိ တိုက်ခတ်သည်ဟု ထုတ်လွှင့်သည်။ ပြင်ပမီဒီယာအချို့က ဂီရိမုန်တိုင်းကို ပြင်းအား အဆင့် ၄ ဟုသတ်မှတ်သည်များရှိသည်။ အဆိုပါမုန်တိုင်းသည် အောက်တိုဘာလ ၂၃ ရက်တွင် ရခိုင်ရိုးမကိုဖြတ်ကျော်ပြီး အရှိန်မသေဘဲ မကွေးတိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးရှိ ညောင်ဦးမြို့အနီးတစ်ဝိုက်တွင် မွှေနှောက်တိုက်ခတ်ခဲ့သည်။ ထို့နောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားရာ

၂၃ ရက်နေ့ညနေတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြောင်မြို့နယ် (မုံရွာမြို့ အရှေ့မြောက်ဘက်မိုင် ၃၀ ခန့်အကွာ) တွင် ရပ်၍မွေနေခဲ့သည်။ ညနေ ၅ နာရီခွဲတွင် မုံရွာမြို့မြောက်ဘက် မိုင်၂၀ ကျော်ရှိ ဘုတလင်မြို့တွင် နောက်ဆုံးတိုက်ခတ်ခဲ့ပြီးမှ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်သွားခဲ့သည်။

ဂီရိဆိုင်ကလုန်းမုန်တိုင်းကြီးသည် အောက်တိုဘာလ ၂၂ ရက်နေ့နှင့် ၂၃ ရက် နေ့များတွင် ရခိုင်ရိုးမကိုဖြတ်ကျော်ကာ မြန်မာနိုင်ငံကုန်းတွင်းပိုင်း မိုင် ၃၀၀ ကျော်အထိ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ထူးခြားသော မုန်တိုင်းကြီးဖြစ်ကြောင်း သိရှိရသည်။

ဂီရိမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်တွင် မြို့နယ် ခုနစ်မြို့နယ် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင် ခုနစ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးမြို့နယ် မုန်တိုင်းဒဏ်သင့်၍ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ ကျေးရွာပေါင်း ၇၁ ရွာမုန်တိုင်းဒဏ်ခံခဲ့ရသည်။ အနည်းဆုံးလူဦးရေ ၂,၆၀,၀၀၀ မျှမုန်တိုင်းဒဏ်ခံခဲ့ရပြီး လူပေါင်း ၁၀,၀၀၀ တို့မှာ ဆိုးရွားစွာခံခဲ့ရသည်။

မုန်တိုင်းသတိပေးနိုးဆော်ချက်များအားကောင်းမှု၊ သတင်းနှင့်ဆက်သွယ်ရေး မီဒီယာ၏ ထိရောက်မှု၊ ဒေသဆိုင်ရာရှိ ပြည်သူများ၏ သတိရှိမှု၊ နိုးကြားမှု၊ ကြိုတင်တိမ်းရှောင်ရန် အတွေ့အကြုံရှိမှုတို့ကြောင့် ဤမျှဖျက်အားကြီးသော မုန်တိုင်းဒဏ်ကိုခံရပြီး စစ်တမ်းများအရ ၄၅ ဦး သာသေဆုံးခဲ့သည်။

မုန်တိုင်း၏ ဗဟိုချက်လမ်းကြောင်းတွင်ရှိသော မြေပုံမြို့တွင် ပျက်စီးမှု ရာခိုင်နှုန်း ၉၀ ရှိသည်။ ကျောက်ဖြူမြို့သည် ရာခိုင်နှုန်း ၇၀ ပျက်စီးသည်။ မင်းပြား၊ စစ်တွေ၊ အမ်း၊ ပေါက်တော၊ မာန်အောင်မြို့နယ်များနှင့် ထိုမြို့နယ်များရှိကျေးရွာများစွာ အထိနာခဲ့သည်။ ထို့အပြင် မကွေးတိုင်းဒေသကြီးတွင်လည်း ဧရာဝတီမြစ်ရေ ရိုက်ခတ်မှုဒဏ်ကို မြို့အတော်များများ အလူးအလဲခံခဲ့ရသည်။ လူအသေအပျောက်အနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်လူမှုရေး အဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ ဒဗလျူအက်ဖ်ပီ၊ ယူအင်ဒီပီ၊ ယူနီဆက်ဖ်စသော အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက မုန်တိုင်းသင့်ဒေသများသို့ အမြန်ဆုံးသွားရောက်၍ အကူအညီပေးခဲ့သည်။ နိုင်ငံအများအပြားကလည်း ဂီရိမုန်တိုင်းဒဏ်ခံရသည့် မြန်မာနိုင်ငံမှ ပြည်သူလူထုကို စာနာထောက်ထားသောအားဖြင့်အလှူငွေများ၊ ပစ္စည်းများ၊ ဆေးဝါးများကို ကူညီပံ့ပိုးပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုဝင်ဘာလ ၂ ရက်နေ့ နံနက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ရောက်ရှိပြီး မုန်တိုင်းသင့်ဒေသများရှိ ပြည်သူလူထုကို အားပေးစကားပြောကြားသည်။ မုန်တိုင်းဒဏ်ခံရသည့် မြို့နယ်များ၊ ကျေးရွာများသို့ သွားရောက်လှည့်လည်အားပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

## စာဆိုတော်နေ့အထိမ်းအမှတ်နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ။

။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆို တော်နေ့ အထိမ်းအမှတ် ၁၆ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများက လှူဒါန်းသောအလှူငွေကျပ် ၁၁ သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းတို့ကို ဝန်ကြီးဦးကျော်ဆန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း

အဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်ပုံနှိပ်သူများက ငွေကျပ် ၇၂ သိန်းကျော်၊ ထုတ်ဝေသူများက ၂၉ သိန်းကျော်၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၅၀,၀၀၀၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် Sky Net ၏ နာယက အဂ္ဂမဟာသီရိသုဓမ္မဿိဂ် ဒေါ်နီက ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာ ခင်မိုးမိုး မိသားစုက ငွေကျပ်ရှစ်သိန်း၊ ရှိုင်းဟုပ်ကုမ္ပဏီက ငွေကျပ် ၆၇၅,၀၀၀၊ Asia Fame Media Group၊ မန္တလေး (အငြိမ်းစား) အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Hot News ဂျာနယ်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးလှထွန်း (လှထွန်း-တွံတေး)-ဒေါ်ညွန့်ညွန့်သန်း မိသားစုက ငွေကျပ် ၁၀၅,၀၀၀၊ ဒေါက်တာသာထွန်းဦး (Today)၊ ဒေါ်အေး အေးမင်း (နယ်သစ်ဦးရုပ်ရှင်ထုတ်လုပ်ရေး)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးကိုကို (ကိုကို-စက်မှု တက္ကသိုလ်)၊ ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်)၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယု



**၂၀၁၀ပြည့်နှစ် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ**

မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ ဒေါက်တာ တင်အောင်ခိုင် (Myanmar News Week)၊ ရုပ်ရှင်သရုပ်ဆောင် နေတိုးနှင့် မင်းသွေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ ဗိုလ်မှူးသက်ထွန်း (ငြိမ်း)၊ ဒေါ်သီသီနွယ်နှင့် Envoy Journal တို့က ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာဝန်ကြီး ဦးကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးမောင်မျိုး (ကြောင်နှစ်ကောင်စာပေ)၊ ဆရာမြသန်းစံ (အပ္ပမာဒစာပေ)၊ ဆရာမကြီး ဒေါ်ခင်စော (မြန်မာစာပါမောက္ခ)၊ မန္တလေးတက္ကသိုလ် နွယ်၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင် (အငြိမ်းစား) (မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာမ သီရိစံ၊ စာရေးဆရာ အကြည်တော်၊ ရုပ်ရှင်သရုပ်ဆောင်နေမင်း၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း (အငြိမ်းစား) (ဆရာသုခိအောင်)-ဒေါ်ခင်မြမြ၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (အငြိမ်းစား)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီးမမြတ်လေး) နှင့် ရုပ်ရှင်သရုပ်ဆောင်ခန့်စည်သူတို့က ငွေကျပ်တစ်သိန်းစီ၊ စာရေးဆရာရွှေနေဦးခင်ဇော် (မရမ်းကုန်း)-ဒေါ်မိုးကလျာတို့က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဘုရင့်နောင်မဂ္ဂဇင်းအုပ်ရေ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက ကြီးမှူး၍ ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းတက်ရောက်၍ သက်ကြီးစာပေ ပညာရှင်များအား ကန်တော့ကာ အလှူငွေနှင့် လှူဖွယ် ပစ္စည်းများကို ပေးအပ်သည်။

ယခုနှစ်တွင် အသက် ၈၀ နှင့်အထက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ စုစုပေါင်း ၁၃၈ ဦးရှိပြီး အခမ်းအနားသို့ ကန်တော့ခံသက်ကြီးစာ ပေပညာရှင်ကြီး ၈၆ ဦးတက်ရောက်ကြသည်။ အခမ်း အနားသို့ မတက်ရောက်နိုင်ကြသည့် ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများအား မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက အိမ်တိုင်ရာရောက်လိုက်လံကန်တော့ကြသည်။

ယမန်နှစ်က ကျင်းပသောအခမ်းအနားတွင် သက်ကြီးစာပေပညာရှင်ကြီးများအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် တစ်သိန်းငါးသောင်းနှင့် လှူဖွယ် ပစ္စည်းများကိုသာ ပေးအပ်လှူဒါန်းနိုင်ခဲ့သော်လည်း ယခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့်ဌာနဆိုင်ရာအဖွဲ့ အစည်းများ၊အလှူရှင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီတို့က သက်ကြီးစာပေပညာရှင် ကြီးများအား သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်း ပူဇော်ကန်တော့ခဲ့မှုကြောင့် သက်ကြီးစာပေပညာရှင်ကြီး များအားတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီနှင့် လှူဖွယ် ပစ္စည်းများကို ပေးအပ်လှူဒါန်းနိုင်သည်။

ဝန်ကြီးဦးကျော်ဆန်းက ကန်တော့ခံသက်ကြီး စာပေပညာရှင်များဖြစ်ကြသော ဒေါ်ကြန် (မကြန်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးချမ်းအေး (မောင်စုးစမ်း)၊ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဦး တင်မောင် (သိပ္ပံမှူးတင်)၊ ဗိုလ်မှူးကြီး စောမြင့် (ငြိမ်း) (မှူးသမိန်)၊ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ဦးဌေးမောင် (ဌေးမောင်)၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးလှကြိုင် (ပါရဂူ)၊ ဦးလှမြိုင် (ကိုဆောင်း)၊ သခင်

၂၀၀၊ ဒေါ်လှရတနာ (နွယ်ကသစ်စာပေတိုက်) က ငွေကျပ် ၁,၆၈,၀၀၀ တန်ဖိုးရှိ စာအုပ် ၁၄၀၊ ဆရာမကြီး ဒေါ်ကြည်ကြည်စိန် (ကျောင်းအုပ်ကြီး-မြန်မာနိုင်ငံ နဒီ နက္ခတ်သင်တန်းကျောင်း) က ငွေကျပ် ၁,၅၀,၀၀၀



**ကန်တော့ခံသက်ကြီးစာပေပညာရှင်တစ်ဦးအား အလှူငွေပေးအပ်လှူဒါန်းစဉ်**

တန်ဖိုးရှိ ပြက္ခဒိန် ၁၄၀၊ မြန်မာနိုင်ငံ ဝေဒသုတေသန အဖွဲ့က ငွေကျပ် ၁,၅၀,၀၀၀ တန်ဖိုးရှိ ပြက္ခဒိန် ၁၅၀၊ ဦးလှတိုး (တိုးတက်)-ဒေါ်ချယ်ရီအောင် (ရန်အောင် စာပေ) က ငွေကျပ် ၁,၆၂,၀၀၀ တန်ဖိုးရှိ စာအုပ် ၁၂၀၀ နှင့် ခိုင်သဇင်လက်ဖက်ခြောက်က ငွေကျပ် ၁,၁၀,၀၀၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၃၅ ထုပ်၊ ဦးကိုကိုလှိုင်၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒေါက်တာ တင်မောင်ထွေး၊ ဦးခင်ဆွေ (ရွှေစွန်ညို)- ဒေါ်နယဉ် မိသားစု၊ တေးရေးဆရာအရိုး၊ ပေဖူးလွှာမဂ္ဂဇင်း၊ သရုပ်ဆောင် ကျော်ကျော်ဗိုနှင့်ဇနီး၊ ကိုအေးကို (ဖက်ရှင် မဂ္ဂဇင်း) နှင့် ဦးအောင်ဇေယျာမင်း (သီဟိုဠ်ပြန်တိုင်းရင်း သမားတော်ကြီး) တို့က ငွေကျပ်ငါးသောင်းစီနှင့် အလှူရှင်အသီးသီးတို့က အလှူငွေများကို ပေးအပ်လှူ ဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ် ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ထွန်း (ခင်မောင် ထွန်း-လမ်းမတော်) က ကျေးဇူးတင်စကားပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှကွန်း (မိုးညို)၊ ဗိုလ်မှူးကြီး ခင်မောင်အေး (ငြိမ်း) (ခင်မောင်အေး-မန္တလေး)၊ ဗိုလ်ကလေးတင့်အောင်၊ ဦးကျော်ဝင်း (ဝမ်းအိုဝမ်းကျော်ဝင်းမောင်)၊ ဦးမောင်ကလေး (သောကြာမောင်ကလေး) နှင့် ဦးချစ်လှိုင် (ကိုကိုမောင်ကြီး) တို့အား အလှူငွေကျပ် နှစ်သိန်းစီနှင့် လှူဖွယ် ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်၊ ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတို့က ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် လှူဖွယ်ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်ကြသည်။

**ဆီနာဘန်းမီးတောင်။** ။ အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတောင်ပိုင်းရှိ ဆီနာဘန်းမီးတောင်ကြီးသည် နှစ်ပေါင်း ၄၀၀ ကျော်ငြိမ်သက်နေပြီးနောက် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ပထမဆုံးအကြိမ်ပေါက်ကွဲမှုဖြစ်ခဲ့သည်။ နောက်နေ့တွင်လည်း ဒုတိယအကြိမ်ထပ်မံပေါက်ကွဲပြန်သည်။ ဒေသခံများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

စက်တင်ဘာလ ၃ ရက်နေ့တွင် တတိယအကြိမ်ထပ်မံပေါက်ကွဲခဲ့ရာ မီးတောင်ပြာပူများလေထုထဲသို့ သုံးကီလိုမီတာအမြင့်အထိ ပြင်းထန်စွာ မှုတ်ထုတ်ခဲ့သည်။ ရက်သတ္တတစ်ပတ်အတွင်းဆက်တိုက်ပေါက်ကွဲခဲ့သော မီးတောင်ကြီး၏အန္တရာယ်မှ လွတ်ကင်းရန် ဒေသခံပြည်သူများ ဝေးရာသို့ပြောင်းရွှေ့ကြရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ငါးမိုင်အကွာအဝေးအထိ မြေငလျင်တုန်ခါမှုဖြစ်သည်။ မီးတောင်အနီးရှိ ကျေးရွာမှ စိုက်ခင်းများ၊ လူနေအိမ်များပေါ်သို့ မီးတောင်ပြာများကျရောက်ဖုံးအုပ်ခဲ့သည်။ မီးတောင်မှ မှုတ်ထုတ်လိုက်သောအငွေ့များထဲရှိ ဆာလ်ဖာဓာတ်ငွေ့နံ့များကို ပတ်ဝန်းကျင်မှ ရှူရှိုက်ခံစားကြရသည်။

သိပ်သည်းသော မီးခိုးလုံးများကြောင့် ကောင်းကင်၌ပင် မှုန်ဝါးမှုကို ဖြစ်ပေါ်စေသည်။ ထိုဒေသတစ်ဝိုက်ရှိ ပြည်တွင်းလေကြောင်းပျံသန်းမှုအချို့ကို ရပ်သိမ်းခဲ့ရကြောင်း အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် အချိန်မရွေးပေါက်ကွဲနိုင်သော မီးတောင်များစွာရှိသေးသည်။ ယခုနှစ်ဩဂုတ်လ ၆ ရက်နေ့ကလည်း အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဆူလာဝေကျွန်းတန်းပေါ်ရှိ ကာရန်ဂျီတန်မီးတောင်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် ချော်ရည်များနှင့် ပြာပူများသည် မီးတောင်ဆင်ခြေလျှောတစ်လျှောက် ဒလဟောစီးဆင်းခဲ့သည်။ အနောက်ဘက်ဆင်ခြေလျှောရှိ ကျေးရွာမှ လူနေအိမ်ခုနစ်လုံးပျက်စီး၍ လူလေးဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။



**ဆီနာဘန်းမီးတောင်ပေါက်ကွဲနေစဉ်**

ဤမီးတောင်ပေါက်ကွဲရခြင်းအကြောင်းကို ပညာရှင်များက ပြောကြားရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မီးတောင်ဝက ချော်ပိတ်မြေများ ရေနှင့်ပျော်ကာဖွင့်ဖောက်သကဲ့သို့ဖြစ်ပြီးပေါက်ကွဲခြင်းဖြစ်ရသည်ဟုဆိုသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် အပူချိန် ဒီဂရီဖာရင်ဟိုက် ၁,၁၁၀ ရှိသော ဓာတ်ငွေ့မီးတောင်ပြာများကို မှုတ်ထုတ်ခဲ့ပြီး တိမ်တိုက်ထဲသို့ ရောက်ရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကြီးမားသော မီးတောင်ပေါက်ကွဲမှု မှတ်တမ်းများအရ အများဆုံး ပေါက်ကွဲမှုဖြစ်ပေါ်သည့်နိုင်ငံဟုဆိုရမည်ဖြစ်သည်။ ၁၇၀၀ ပြည့်လွန်နှစ်မှအစပြု၍ ကြီးမားသော မီးတောင်ပေါက်ကွဲမှု ၃၁ ကြိမ်ဖြစ်ပွားခဲ့သည့်အနက် အင်ဒိုနီးရှား၊ ချီလီ၊ အီတလီနှင့်မက္ကဆီကိုနိုင်ငံများတွင် သုံးကြိမ်

စီဖြစ်ပွားခဲ့သည်။ ယင်းတို့အနက် ၂၀၀၀ပြည့်လွန်နှစ်များအတွင်း အများဆုံးမီးတောင်ပေါက်ကွဲသည့်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပင်ဖြစ်သည်။ ၂၀၀၄၊ ၂၀၀၇နှင့် ၂၀၀၈ခုနှစ်တို့တွင်ဖြစ်ပွားခဲ့ခြင်းနှင့်စာလျှင် ယခု ၂၀၁၀ပြည့် နှစ်တွင် ဖြစ်ပွားသော အင်ဒိုနီးရှားနိုင်ငံမှ မီးတောင်ပေါက်ကွဲမှုများသည် ကြီးမားသည့်ပေါက်ကွဲမှုများဟု မဆိုနိုင်သော်လည်း ဤသို့မီးတောင်ပေါက်ကွဲမှုအသေးစားများမှာလည်း အင်ဒိုနီးရှားက စံချိန်တင်ထားလေသည်။

ကမ္ဘာ့ပထဝီအနေအထားအရ အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းများသည် Ring of Fire ဟု မီးတောင်ပညာရှင်များ အမည်ပေးထားသည့် ကမ္ဘာ့မီးတောင်များတန်းစီပေါ်ပေါက်ခဲ့ရာလမ်းကြောင်းတစ်လျှောက်လိုက်၍ ရေးဆွဲထားသော မီးအကွင်းလမ်းသည် ကမ္ဘာ့မြေပုံ၌ မြန်မာအက္ခရာ 'ဏ' ပုံစံနှင့်တူသည်။ တောင်အမေရိကတိုက် တောင်ဘက်အစွန်းဆုံးရှိ ချီလီနိုင်ငံ၏ တောင်စွန်းမှ စတင်သောအဆိုပါ မီးအကွင်းလမ်းကြောင်းသည် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေမှ အပေါ်မြောက်ဘက်သို့တက်လာပြီး မြောက်အမေရိကတိုက် အနောက်ဘက်ကမ်းခြေအတိုင်း တက်သွားသည်။ အလက်စကားကျွန်းဆွယ်မှ ဘားရင်းပင်လယ်ကိုဖြတ်ကျော်ပြီး အာရှတိုက် ကမ်ချတ်ကားကျွန်းဆွယ် အရှေ့ဘက်ကမ်းခြေမှ ဂျပန်နိုင်ငံအတိုင်း ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ဆင်းကာ ဖိလစ်ပိုင်မှအောက်ပိုင်းရှိ အင်ဒိုနီးရှားနိုင်ငံ နယူးဂီနီကိုကျော်ပြီး အရှေ့ဘက်ကွေ့ကာ နယူးဇီလန်နိုင်ငံသို့ဆက်သွားသည်။ ထိုမှ အနောက်ဘက်ပြန်လာပြီး အင်ဒိုနီးရှားရှိ အင်ဒိုနီးရှား ဂျာဗား၊ ဆူမတြားကျွန်းများကိုဖြတ်ကာ မြန်မာနိုင်ငံ မုတ္တမပင်လယ်အော်မှ နိုင်ငံတွင်းကို စစ်ကိုင်းမြို့အနီးမှ ဖြတ်ကျော်သည်။ တရုတ်နိုင်ငံ အနောက်တောင်ဘက်မှ အိန္ဒိယနိုင်ငံမြောက်ဘက်ကိုဖြတ်၍ ကက်ရှမီးယားဒေသကိုကျော်ပြီး အာဖဂန်၊ အီရန်၊ တူရကီနိုင်ငံများမှ ဥရောပကိုဝင်သည်။ ထိုမှ အီတလီနိုင်ငံကိုဖြတ်ကာ စပိန်နိုင်ငံတောင်ဘက်စွန်းကျွန်းဆွယ်ကမ်းခြေအရောက်တွင် ပြီးဆုံးသည်။

လွန်ခဲ့သောနှစ်သန်း ၅၀၀ ကျော်မှစ၍ ကမ္ဘာပေါ်တွင် မီးတောင်ပေါင်း ၁၄၀ ခန့် ပေါက်ကွဲသည့်အနက် ၇၅ ရာခိုင်နှုန်းမှာ အဆိုပါ မီးအကွင်းလမ်းကြောင်းပေါ်ရှိဒေသများက မီးတောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်များကဆိုသည်။

မီးအကွင်းလမ်းကြောင်းရှိနေရာအတော်များများတွင် ရှေးကတည်းက ထင်ရှားကြီးမားသော မီးတောင်ပေါက်ကွဲမှုများရှိခဲ့သည်။ ထို့နောက် မီးငြိမ်းတောင်များအဖြစ် နှစ်ပေါင်းများစွာ မပေါက်ကွဲတော့ဘဲ ငြိမ်သက်နေသည့် မီးတောင်များရှိသကဲ့သို့ မကြာမကြာ ထပေါက်နေသော သက်ဝင်လှုပ်ရှားနေသည့် မီးတောင်များလည်းရှိသည်။

မီးငြိမ်းတောင်အဖြစ် ထင်ရှားသော မီးတောင်များအနက် ဂျပန်နိုင်ငံမှ ဖူဂျီတောင်သည် အထင်ရှားဆုံးဖြစ်သည်။ မှတ်တမ်းများအရ ဖူဂျီတောင်သည် ၁၇၀၈ ခုနှစ်တွင် နောက်ဆုံးပေါက်ကွဲပြီးနောက် ယနေ့တိုင် ငြိမ်သက်နေသော မီးငြိမ်းတောင်ဖြစ်သည်။ မှတ်တမ်းမှတ်ရာအတိအကျမရှိသော်လည်း မြန်မာနိုင်ငံတွင်လည်း ပုပ္ပားတောင်ကြီးသည် ရှေးနှစ်ပေါင်းများစွာက ပေါက်ကွဲခဲ့ဖူးသည်ဟုယူဆကြသည်။ ပုပ္ပားတောင်ပေါက်ကွဲမှုကြောင့် ဧရာဝတီမြစ်ကြီးပင် တစ်ဆစ်ချိုးလမ်းကြောင်းပြောင်းချိုးကွေ့ခဲ့ရသည်ဟု အဆိုရှိသည်။ အလားတူမကွေးတိုင်းဒေသကြီးရှိ နဂါးပွက်တောင်မှာလည်း မီးငြိမ်းတောင်ဟု အထင်ရှိကြသည်။ မြန်မာနိုင်ငံတွင် ရှေးအခါက မီးတောင်များပေါက်ကွဲခဲ့သည်မှာ အမှန်ပင်ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဘူမိဗေဒပညာရှင်များ ရေးဆွဲထားသည့် ကမ္ဘာ့မီးအကွင်းလမ်းကြောင်းသည် မြန်မာနိုင်ငံမှဖြတ်သွားသည်ကို ဖော်ပြထားသောကြောင့်ဖြစ်သည်။

**ဆင်ဖြူတော်**။ ။ မြန်မာနိုင်ငံ၏ တော၊ တောင်၊ ရေ၊ မြေ၊ ဩကာသလောက၏ စည်ပင်သာယာဝပြောမှုကြောင့် သတ္တလောကသည်လည်း စည်ပင်သာယာဝပြောစွာ ထွန်းကားခဲ့သည်။ မြေ၊ ရေ၊ လေတွင် နေထိုင်ကြကုန်သော သတ္တဝါမျိုးပေါင်းစုံလင်စွာ ကျက်စားနေထိုင်လာခဲ့ရာ ပျံသန်းသတ္တဝါများအနက် ကြိုးကြာ၊ ဥဩ၊ ဥဒေါင်း၊ ဟင်္သာတို့သည် မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုတွင် အလွန်အရေးပါကြသည်။



**အင်းဝနန်းတော်သို့အစေားဝင်ခဲ့သော ဗြိတိသျှ သံကိုယ်စားလှယ် ဂျွန်ခရော့ဖွတ်မြင်တွေ့ခဲ့ရသော ဆင်ဖြူတော် (လန်ဒန်မြို့သဘာဝသမိုင်း ပြတိုက်တွင်ရှိသည်)**

အလားတူ ဆင်၊ မြင်း၊ ဆိတ်၊ နွား၊ ကျွဲတည်းဟူသော ခြေလေးချောင်း ကုန်းသတ္တဝါတို့သည်လည်းကောင်း၊ ငါး၊ လိပ်၊ မိကျောင်း၊ မြွေနဂါးစသော ရေနေသတ္တဝါတို့သည်လည်းကောင်း မြန်မာ့ယဉ်ကျေးမှုနှင့်သမိုင်းတွင် အဓိကပါဝင်သော ဇာတ်ကောင်များဖြစ်သည်။

တစ်မူထူးခြားသော ပုံသဏ္ဌာန်၊ အရောင်အသွေး၊ သာယာသောအသံများရှိခြင်းကို အကြောင်းပြု၍ ယင်းထူးခြားမှုများရှိသော သတ္တဝါတို့ကို မင်္ဂလာရှိသည်၊ နိမိတ်ကောင်းသည်၊ တန်ခိုးအာနိသင်ရှိသည်၊ ကျက်သရေနှင့်ပြည့်စုံသည်ဟု ယုံကြည်လာရုံမက ယင်းတို့ကို ရယူပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းအားထုတ်လာကြသည်။ ဤကား မြန်မာတို့သာမက အခြားသောလူမျိုးများနှင့် အခြားသောယဉ်ကျေးမှုများတွင်လည်း ထိုသို့သော ယုံကြည်မှုများ၊ ဆန္ဒများရှိကြောင်းကို ကမ္ဘာ့သမိုင်းများက သက်သေပြသည်။ အိန္ဒိယရှိ မဟာရာဇာတို့သည် ကျားဖြူများကို အလေးထားမွေးမြူပြီး ကျားဖြူများ ပိုင်ဆိုင်ရခြင်းကို ဂုဏ်ယူဝင့်ကြွားကြသည်။ မြန်မာမင်းတို့သည် ကျီးဖြူ၊ ချိုးဖြူ၊ ဥဒေါင်းဖြူတို့ကို ရွှေလှောင်အိမ်တွင် မွေးထားပြီး နန်းတော်သစ်၊ အိမ်တော်သစ်သို့ ပြောင်းရွှေ့သောအခါ သယ်ဆောင်သွားလေ့ရှိသည်။

မြန်မာမင်းတို့သည် နှစ်စဉ် နယုန်လ မိုးဦးကျချိန်၌ ဘုရင်လယ်တော်၌ လယ်ထွန်မင်္ဂလာကျင်းပကြရသည်။ မင်းမြောက်တန်ဆာဆင်ယင်၊ ထီးဖြူနှစ်စင်းရံကာ မင်းခမ်းမင်းနားနှင့်ထွက်လာပြီး စတိသဘောလယ်ထွန်ရသည်။ ထိုအခါ လက်ယာလက်တွင် ကျောက်မျက်ရတနာစီထားသော ရမထာကြိမ်နှင်တံကိုင်ပြီး လက်ဝဲလက်၌ နွားနဖားကြိုးကိုင်ကာ ကျောက်မျက်ရတနာစီထားသောရွှေထွန်တွင် ကြန်အင်္ဂါနှင့်ပြည့်စုံသော နွားနို့ဖြူအရောင်ရှိသော နွားထီးတစ်ရှဉ်းဆွဲသည့် ထွန်ကိုထွန်တော်မူသည်။ လယ်ထွန်မင်္ဂလာသည် ဘုရားအလောင်းသိဒ္ဓတ္ထမင်းသား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကျင်းပသော လယ်ထွန်မင်္ဂလာကို ခံယူကျင့်သုံးခြင်းဖြစ်သည်။

အလားတူပင် ဆင်ဖြူ၊ မြင်းဖြူတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့်သမိုင်းတွင် အလွန်အရေးပါခဲ့သော အကြောင်းရင်းကို ဂေါတမမြတ်စွာဘုရား၏ ဇာတ်နိပါတ်တော်များတွင် တွေ့ရသည်။ သာဓကအနည်းငယ်တင်ပြရပါလျှင် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်မှ ဆဒ္ဒန်ဆင်မင်းဇာတ်ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းသည် အရောင်ခြောက်ရောင်ထွက်သော ဆင်ဖြူတော်ဖြစ်သည်။ အဖြူရောင်ရှိသော ဆင်မှသာ နေရောင်တွင်ရာသီဥတု၊ အချိန်အခါအလိုက် အရောင်ခြောက်ပါး ထွက်နိုင်သည်ဟု အဆိုရှိသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ နောက်ဆုံးဇာတ်ဖြစ်သော ဝေသန္တရာမင်းကြီးသည် ဒါနပါရမီဖြည့်ရန် ဆင်ဖြူတော်ကိုလှူခဲ့သည်။

ဘုရားအဖြစ်သို့ရောက်တော့မည့် သိဒ္ဓတ္ထမင်းသားသည် မယ်တော်မာယာမိဖုရားကြီး၏ ဝမ်းကြာတိုက်အတွင်း သန္ဓေတည်ရာတွင် ကောင်းကင်ယံမှ ဆင်ဖြူတော်အထီးသည် သပြေခက်ကို နှာမောင်းနှင့်ချီပြီး မိဖုရားကြီးဝမ်းကြာတိုက်တွင်းသို့ လက်ယာဘက်မှ ဝင်ရောက်လာသည်ဟု အိပ်မက်မြင်မက်ခဲ့သည်။ သိဒ္ဓတ္ထမင်းသားတောထွက်ရာ၌ စီးသွားသော ဖွားဖက်တော်မြင်းကို မြင်းဖြူချောချောပုံနှင့် သရုပ်ဖော်ထားသည်။ အခြားဇာတ်နိပါတ်တော်များတွင်လည်း ဆင်ဖြူ၊ မြင်းဖြူတို့အခန်းများစွာကို တွေ့နိုင်သည်။ ဤကား ဗုဒ္ဓယဉ်ကျေးမှုလာ ဆင်ဖြူ၊မြင်းဖြူတို့အကြောင်း တစေ့တစောင်း ဖြစ်သည်။

မြန်မာ့သမိုင်းတွင် ပျူခေတ်က ပျူမင်းနေပြည်တော်များသို့ မဇ္ဈိမဒေသ ဗုဒ္ဓဘုရားပွင့်ရာသို့ ဘုရားဖူး

သွားရင်းရောက်လာကြသော တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ၎င်းတို့မြင်တွေ့ရသော မြင်ကွင်းတို့ကို ခရီးသွားမှတ်တမ်းများတွင် ဖော်ပြရာ၌ ပျူမင်းတို့သည် ခရီးထွက်ပါက ရွှေဝေါယာဉ်များစီးသည်။ အခမ်းအနားနှင့်ထွက်သောအခါ ရတနာစီခြယ်ဆင်ယင်ထားသော စေတီတည်မည့်နေရာသန့်များကို ရွေးချယ်စေကြောင်း၊ 'သန်မြန်စွာ' အမည်ရှိသော ဆင်ဖြူတော်ကိုစီး၍ ခရီးရှည်သွားကြောင်းအပြင် ဆင်ဖြူတော် ၃၈ စီးပိုင်သော ဆင်ဖြူရှင်ဖြစ်ကြောင်း သမိုင်းတွင် ဖော်ပြထားသည်။ အလောင်းစည်သူမင်းသည်လည်း ဆင်ဖြူရှင်မင်းဖြစ်



**ပဉ္စမမြောက် ဆင်ဖြူတော်ရတနာ နန္ဒဝတီကို စတုတ္ထမြောက်ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့်အတူ ဆင်ဖြူတော်ရတနာဆောင်၌ တွေ့ရစဉ်**

ဆင်ဖြူတော်ကိုစီးသည်။ ဝေးလံသောခရီးသွားသော အခါ မြင်းဖြူများကို စီးသည်ဟု ဖော်ပြထားသည်။ ကျောက်သားဖြူနှင့်ထုထားသော ဆင်နတ်ရုပ်ကြီး (မဟာပိန္နဲ) ရှေ့တွင် ကျမ်းသစ္စာဆိုကြသည်ဟုလည်း ရေးထားကြသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သော ပုဂံခေတ်အနော်ရထာမင်းလက်ထက်တွင် ဆင်ဖြူတော်များအကြောင်း များစွာတွေ့ရသည်။ အေဒီ ၁၀၅၄ ၌ သုဝဏ္ဏဘူမိမှ ပိဋကတ်ကျမ်းတော်များကို ပုဂံသို့သယ်ယူရာတွင်လည်းကောင်း၊ ဆင်းတုများ၊ ဓာတ်တော်များ သယ်ဆောင်ရာတွင်လည်းကောင်း၊ ဆင်ဖြူတော် ၃၂ စီးပေါ်တင်၍ ယူသည်ဟုတွေ့ရသည်။ သီဟိုဠ် (သီရိလင်္ကာ) မှ စွယ်တော်မွားကို ရတနာစီရွှေကြုတ်တွင် ထည့်သွင်း၍ 'ပုလဲပြုး' အမည်ရှိဆင်ဖြူတော်တွင် တင်၍ ပင့်ကြောင်း၊ ထို့နောက် 'ရတနာ' ဆင်ဖြူပေါ်တွင် စွယ်တော်မွားများတင်ကာ စွယ်တော်မွားများ ဌာပနာရန်

သည်။ ၎င်းရေးထိုးခဲ့သော ရွှေမုဋ္ဌောဘုရား ကျောက်စာတွင် ဆင်ဖြူ ၃၆ စီးပိုင်သော ဆင်ဖြူများသခင်ဟုဖော်ပြထားသည်။

ပုဂံခေတ်နောက်ပိုင်း မြန်မာသမိုင်း အဆက်ဆက်တွင်လည်း ဆင်ဖြူသည် အရေးပါခဲ့သည်။ ဆင်ဖြူပေါ်သော သို့မဟုတ် ဆက်သခံရသော ဘုရင်တို့သည် ဆင်ဖြူရှင်ဘွဲ့ကိုခံယူကြသည်။ ပင်းယခေတ် (အေဒီ ၁၃၁၂–၁၃၆၄) ပင်းယမြို့တည်သော သီဟသူဘုရင် (၁၃၁၂–၁၃၂၂) သည် နန်းသက်သုံးနှစ်မြောက်တွင် စမုံမြစ်၌မျောလာသော ဆင်ဖြူမအသေကို ဆယ်ယူထူမတ်ပြီး ရတနာပုခက်တင်၍စီးကာ တစ်စီးရှင်ဘွဲ့ကိုခံယူသည်။ သည့်နောက် ဥဇ္ဇနာမင်းလက်ထက် (အေဒီ ၁၃၂၂–၁၃၄၂) ၌ ၎င်း၏ညီတော် ပင်လယ်မြို့စားကျော်စွာသည် ပုလဲတမူး၊ မဟာကေသရ၊ သန်မြန်စွာ၊ ဥပေါသထနှင့် ချစ်စွာမရဲဘွဲ့များပေးထားသော ဆင်ဖြူငါးစီးဆက်သခံရသောကြောင့် ငါးစီးရှင်

ကျော်စွာဟု သမိုင်းတွင်ခဲ့သည်။ စစ်ကိုင်းမင်းဆက်များ အနက် နော်ရထာမင်းရဲနှင့်တရဖျားတို့သည် ဆင်ဖြူဆက်သခြင်းခံရသောကြောင့် ဆင်ဖြူရှင်ဘွဲ့ခံယူကြသည်။ပထမအင်းဝခေတ် (အေဒီ ၁၃၆၄–၁၅၅၅) တွင်လည်း ဆင်ဖြူရသော မင်းများသည် ဆင်ဖြူရှင်ဘွဲ့ ခံကြသည်။ မင်းကြီးစွာစောကဲ (အေဒီ ၁၃၆၈–၁၄၀၁) လက်ထက်ဘုရင့်ဆင်များထားရာ အောက်မားဆင်တင်းကုပ်တွင် ဆင်ဖြူတစ်စီးမွေးဖွားလာသည်။ သားတော်တရ ဖျားမွေးဖွားချိန်နှင့် တိုက်ဆိုင်သောကြောင့် ယင်းဆင်ဖြူကို ဖွားဖက်တော်ဟု သတ်မှတ်ပြီး တရဖျားလည်း ဆင်ဖြူရှင်ဘွဲ့ခံသည်။ သီဟသူမင်းလက်ထက် (အေဒီ ၁၄၂၂–၁၄၂၆)တွင် ၎င်း၏ဘကြီးတော် အထိန်းတော်က ဆင်ဖြူတစ်စီးနှင့် လက်အောက်ခံပြည်မြို့စားက ဆင်ဖြူတစ်စီးဆက်သသောကြောင့် ဆင်ဖြူရှင်ဘွဲ့ခံယူသည်။ အင်းဝရွှေနန်းကြော့ရှင်မင်းလက်ထက် (အေဒီ ၁၅၀၂–၁၅၂၆) တွင် ဆင်ဖြူတစ်စီးပေါ်ထွန်းလာ၍ အကြိုတော်အဖွဲ့ စေလွှတ်ကြိုဆိုရကြောင်းကို မော်ကွန်းထိုးထားသည်။

မွန်နှင့်ရခိုင်မင်းတို့သည်လည်း ဆင်ဖြူကိုအထူးအလေးထား မြတ်နိုးကြသည်။ ဆင်ဖြူဆက်သခံရသောအခါ ဆင်ဖြူရှင်ဘွဲ့ကို ခံယူသည်။ မွန်မင်းဆက်များတွင် ဟံသာဝတီပဲခူး၌စိုးစံခဲ့သော ဝါရီရူမင်းဆက်တည်ထောင်သူ ဝါရီရူမင်းသည် သောက္ကတေး (ဆူခိုတိုင်း) မင်း၏သမီးတော် ပင်တိုင်စံနှင့် ရည်ငံပြီး မုတ္တမသို့ ထွက်ပြေးလာခဲ့သည်။ မုတ္တမဘုရင်ဖြစ်လာသောအခါ သောက္ကတေးမင်းက အေဒီ ၁၂၉၃ တွင် ဆင်ဖြူတစ်စီးဆက်သသည်။ ဝါရီရူမင်းသည် အေဒီ ၁၂၈၇ မှ ၁၂၉၆ အထိမင်းပြုစဉ် တိုင်းကားပြည်ရှာ စည်ပင်သာသည်။ ပညာရှင်တို့အား စုဝေးစေပြီး ဓမ္မသတ်တစ်ထောင်ပြုစုစေရာ ဝါရီရူ ဓမ္မသတ်ဟုတွင်သည်။ ဤမင်းဆက်မှ သတ္တမမြောက် မင်းဆက်ဖြစ်သော ဗညားဦးဘုရင်သည်လည်း ဆင်ဖြူရှင်ဖြစ်သောကြောင့် ဆင်ဖြူရှင်ဗညားဦးဟု ရာဇဝင်တွင်သည်။ ၎င်းနောက်ဆက်ခံသူကား ၎င်း၏ သားတော်ရာဇာဓိရာဇ်မင်းဖြစ်ပြီး အလွန်ထင်ရှားသည်။ မွန်ဘုရင်အဖြစ် (အေဒီ ၁၃၈၅–၁၄၃၂) အထိနန်းစံသည်။ ပထမအင်းဝခေတ်မှ ပထမမင်းခေါင် (အေဒီ ၁၄၀၃– ၁၄၂၂) နှင့် အကြည်တော်ဖြစ်ပြီး စွမ်းအားပြိုင်ဘက်လည်းဖြစ်သည်။ ရာဇာဓိရာဇ်အား အယုဒ္ဓယဘုရင် ရာမေဆွန်က ဆင်ဖြူတော်တစ်စီး ဆက်သရာအမတ်ချုပ်ကြီးဖြစ်သော အမတ်တိန်နှင့် အမတ်ဖြတ်စတို့ကို ကမန်ပိုက်အရပ်အထိ သွားရောက်စေပြီး ဆင်ဖြူတော်ကို အခမ်းအနားနှင့် ကြိုဆိုစေသည်။ ဤဆင်ဖြူတော်၏ အမည်မှာ "ဂန္ဓယော်" ဖြစ်သည်။

ရခိုင်မင်းများအနက် ဆင်ဖြူတော်ဆက်သခြင်းခံရသော ဆင်ဖြူရှင်ဘွဲ့ခံမင်းများရှိခဲ့ရာ မြောက်ဦးမင်းဆက် (အေဒီ ၁၄၃၃–၁၇၈၅) မှ မင်းရာဇာကြီး (အေဒီ ၁၅၉၃–၁၆၁၃) သည် ဆင်ဖြူရှင်ဘွဲ့ခံယူပြီး ၎င်း၏ တံဆိပ်တော်နှင့်ဆင်ဖြူရှင်ဟု စာပါသော ငွေဒင်္ဂါးများ သွန်းလုပ်ဖြန့်ဝေခဲ့သည်။ ၎င်းသည် မင်းဖလောင်း၏ သားတော်ဖြစ်ပြီး ၎င်း၏သားတော်မင်းခမောင်း (အေဒီ ၁၆၁၃–၁၆၂၂) မှစပြီး နော်ရထာစောအထိ မင်းကိုးဆက်တိုင်အောင် နိုင်ငံတော်မှာ သာယာဝပြောပြီး ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့် ပင်လယ်ရပ်ခြားရောင်းဝယ်ဖောက်ကားရေးနှင့် သံတမန်ဆက်သွယ်ရေးများပါဖြစ်တည်ခဲ့သည်။

တောင်ငူခေတ်တွင် ဆင်ဖြူများစွာ ပေါ်ထွန်းသည့်အပြင် ဆက်သခံရသော ဘုရင်မှာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်သော ဘုရင့်နောင်မင်းတရားကြီးဖြစ်သည်။ မိမိနိုင်ငံတော်အတွင်း ပေါ်ထွန်းလာသော ဆင်ဖြူများအပြင် အယုဒ္ဓယမှ ဆင်ဖြူတော်လေးစီးထပ်မံရရှိလာသောကြောင့် 'ဟံသာဝတီဆင်ဖြူများရှင်' ဟု ရာဇဝင်တွင်သည်။ ပဏ္ဏာဆက်မင်းငယ်အပေါင်းကလည်း ၎င်းအား "အရပ်ဆယ်မျက်နှာပိုင်ဧကရာဇ်ကြီး" ဟု ခေါ်ကြသည်။ ကမ္ဘောဇသာဒီရွှေနန်းတော်အသစ်နှင့်တံခါးနှစ်ဆယ်ရှိသော ဟံသာဝတီနန်းမြို့တော်အသစ်သို့ အခစားရောက်လာကြသော ပေါ်တူဂီနှင့်အီတာလျံသံများ၊ ကုန်သည်များအနက် နန်းတော်တွင်းဝင်ရောက်ခွင့်ရသော ဗဲနစ်မြို့သား ဆီဇာဖရက်ဒရိတ်က ရွှေမြို့တော်၊ ရွှေနန်းတော်နှင့် ဆင်တပ်၊ မြင်းတပ်နှင့် ဆင်ဖြူတော်များအကြောင်းကို မျက်မြင်ကိုယ်တွေ့မှတ်တမ်းတင်ခဲ့သည်။ ဆင်ဖြူတော်တို့ကို နန်းတော်ဝင်းအတွင်း၌ ပြာသာဒ်များပါသော

သီးခြားစံအိမ်များ၌ထားကြောင်း၊ ဘယက်တန်ဆာများ ဆင်ယင်ထားကြောင်း၊ ကျွေးမွေးပြုစုစောင့်ရှောက်ရန် ဆင်ဖြူတော်ဝန်ထမ်းများထားကြောင်း၊ ဆင်ဖြူတော်များအားကြည့်ရန် ဒင်္ဂါးတစ်ပြားကျစီကောက်ခံပြီး ယင်းငွေများကို ဆင်ဖြူတော်များအတွက်နှင့် အခြားလူမှုရေး၊ ဘာသာရေး ကုသိုလ်လုပ်ငန်းများအတွက် အသုံးပြုကြောင်းဖော်ပြထားသည်။

ဒုတိယတောင်ငူခေတ် သို့မဟုတ် ညောင်ရမ်းခေတ် (အေဒီ ၁၆၀၀–၁၇၅၂) တွင် ဆင်ဖြူရှင်ဘွဲ့ခံသော မင်းမှာ တနင်္ဂနွေမင်း (အေဒီ ၁၇၁၄–၁၇၃၃) ဖြစ်သည်။ ဧရာဝတီမြစ်အထက်ပိုင်း တောတွင်းမှ ဆင်ဖြူရရှိ၍ ဆက်သရာ ဖြူဖွေးသောအဆင်းရှိသောကြောင့် 'သေတဂဇရာဇာ' ဆင်မျိုးဖြစ်ကြောင်း ဆင်ပညာရှင်တို့က မှတ်ချက်ပြုသည်။ ထို့ကြောင့် 'ဆဒ္ဒန်ပြောင်မွန်' ဘွဲ့ပေးပြီး ဆင်ဖြူတော်သိမ်းသဘင်ကျင်းပသည်။ ဤမင်းကား စစ်ကိုင်းရှိ လေးကျွန်းမာန်အောင်ဘွဲ့နှင့် အင်းဝမြို့ရှိ မဟာလောကသရဖူဘွဲ့ခံ စကျင်ကျောက်တော်ကြီး ဗုဒ္ဓဆင်းတုတော်ကြီးနှစ်ဆူကို ထုလုပ်ပူဇော်သော ဒါယကာမင်းဖြစ်သည်။

ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂–၁၈၈၅) ကုန်းဘောင်မင်းဆက်တည်ထောင်ပြီး တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်သော အလောင်းမင်းတရားကြီး (အေဒီ ၁၇၅၂–၁၇၆၀) သည်၎င်းထံအခစားရောက်လာသော ဗြိတိသျှသံကိုယ်စားလှယ် ကပ္ပိတန်ဂျော့ဘေကာမှတစ်ဆင့် ဒုတိယမြောက် ဗြိတိသျှဘုရင်ဂျော့ထံပေးပို့သော အကြည်တော်မဟာမိတ်စာကို ပတ္တမြားစီ ရွှေပုရပိုက်တွင်ရေးစေပြီး မိမိကိုယ်ကိုယ် 'ဆင်ဖြူ၊ ဆင်နီ၊ ဆင်ကျားများသခင်' ဟုဖော်ပြထားသည်။ ၎င်း၏ ဒုတိယသားတော် မြေဒူးမင်း (အေဒီ ၁၇၆၃–၁၇၇၆) သည် စစ်အောင်ပွဲများစွာရသော မင်းဖြစ်သည်။ ၁၇၇၁ ခုနှစ် နယုန်လတွင် မကွေးမြို့မှ ဆက်သသော ဆင်ဖြူတစ်စီးကို 'ဆဒ္ဒန်ပြောင်ကျော်' ဘွဲ့ပေးပြီး ဆင်ဖြူရှင်ဘွဲ့ခံသည်။ ကုန်းဘောင်ဆင်ဖြူရှင်ဟု ရာဇဝင်တွင်သည်။ ဆရာတော် အဂ္ဂဓမ္မာဘိလင်္ကာရက ဆက်သွင်းသောမေတ္တာစာနှင့် ရွှေစေတီဆရာတော် ဥက္ကံသမာလာ ရာဇာဂုရုဆက်သွင်းသော မေတ္တာစာတို့တွင် ဆက်သခံရသော ဆင်ဖြူတော်၏ ကြန်အင်္ဂါ လက္ခဏာများအရ ဥပေါသထ ဆဒ္ဒန်ဆင်မျိုးနွယ်ဖြစ်၍ ရတနာဆင်ဖြူတော်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆင်ဖြူအများဆုံးဆက်သခံရသော ကုန်းဘောင်မင်းဆက်မှ မင်းတစ်ပါးကား ပဒုံမင်း (အေဒီ ၁၇၈၂–၁၈၁၉) ဖြစ်သည်။ ၎င်းသည် အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော်ဖြစ်ပြီး ပဒုံမြို့ကို စားရသောကြောင့် ပဒုံမင်းဟုလည်းတွင်သည်။ နန်းသက် ၃၇ နှစ်အတွင်း ဆင်ဖြူတော် ၁၁ စီး ဆက်သခံရသည်။ ယင်းတို့၏ ဘွဲ့အမည်များမှာ (၁) ဥပေါ်ပြောင်မွန် (၂)ရတနာပြောင်မွန် (၃) နာဂဝရ (၄) ရတနာကုမုဒ် (၅) ဥပေါ်ထွတ်ခေါင် (၆) တကောင်းမြို့မှဆက်သသည့် ဘွဲ့မသိရသောဆင်ဖြူတော် (၇) ဝရသေတဂီရိ (၈) ဘဒ္ဒဝတီ (၉) ပုဏ္ဍရိက (၁၀) သီရိမင်္ဂလာ မဟာသုဘဒ္ဒါ နှင့် (၁၁) နိဗ္ဗာနပစ္စယနာဂရာဇာတို့ဖြစ်သည်။ ယင်းဆင်ဖြူတော်တို့ကားအောက်မားတွင် မွေးဖွားသော ဆင်နှင့် ရွှေကြာသိန်းသောင်းတော၊ အင်းထောက်သာ တော၊ ကလေးတောရ၊ တကောင်းတော၊ တောင်တွင်းကြီးတော၊ ဟံသာဝတီတောနှင့် ပဲခူးရိုးမအနီး နိဗ္ဗာန်ရွာတို့၌ ပေါ်ထွန်းရရှိဆက်သသောစီး၍ ဆင်ဖြူရှင်ဘွဲ့ခံယူသည်။

ထို့နောက် နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော်ကိုသိမ်းသောအခါ ဆဒ္ဒန်ဆင်မင်းသခင်ဘွဲ့ကိုခံပြန်သည်။ ယင်းဆင်ဖြူတော် ၁၁ စီးအပြင် ဆင်ဖြူ၊ ဆင်နီ ပေါက်ကလေးများစွာပိုင်သေးကြောင်းကို ကုန်းဘောင်မင်းဆက်မဟာရာဇဝင်ကြီးတွင် ဖော်ပြထားသည်။ ပဒုံမင်း၏ဆင်ဖြူတော်ကြီး နိဗ္ဗာနပစ္စယနာဂရာဇာသည် ဆဒ္ဒန်မျိုးဖြစ်ပြီး ဗဒုံမင်းနောက် ဆက်ခံသော မင်းလေးဆက် (ဘကြီးတော်၊ သာယာဝတီ၊ ပုဂံနှင့် မင်းတုန်း) အထိရှိနေသော ဆင်ဖြူတော်သက်တော်ရှည်ကြီးဖြစ်သည်။ အရွယ်အိုလာသဖြင့် ၎င်း၏ ရှည်လျားခံ့ထည်သော စွယ်စုံကိုပင် ကောင်းစွာမချီနိုင်စွမ်းမရှိသဖြင့် ထောက်နှင့်ကူမထားပေးကြရသည်။ ယင်းစွယ်စုံကြီးကို လန်ဒန်မြို့ သဘာဝသမိုင်းပြတိုက်ကြီးတွင် တခမ်းတနားပြသထားသည်။

ဘိုးတော်ဘုရားနောက်ဆက်ခံသော မြေးတော်

စစ်ကိုင်းမင်း (ဝါ) ဘကြီးတော် (အေဒီ ၁၈၁၉-၁၈၃၇) သည်လည်း ဆင်ဖြူရှင်ဘွဲ့ခံရသည်။ ယောမြို့ကျေး၊ ကျောက်စရစ်ကန်ချောင်းအရပ်မှရသော ဆင်ဖြူကို ရှေးအစဉ်အလာအတိုင်း သိမ်းယူပြီး 'အရဏဂီရိ' ဘွဲ့နှင်းကာ ဆင်ဖြူရှင်ဘွဲ့ခံယူသည်။ ဘကြီးတော်ဘုရားပိုင်သော အခြားဆင်ဖြူတော်ခြောက်စီးမှာ (၁) ရတနာပြောင်မွန် (၂)ပုလဲတမူး (၃) ရတနာကုမုဒ် (၄) ဥပေါသထ (၅) ချစ်နောင်ရင်နှင့် (၆) ဘုန်းရောင်တောက်တို့ဖြစ်သည်။

မင်းတုန်းမင်းလက်ထက် (အေဒီ ၁၈၅၃-၁၈၇၈) တွင်ဆင်ဖြူတော်အထီး ၇ စီးနှင့် အမ ၅ စီး စုစုပေါင်း ၁၂ စီးရှိရာ လက်အောက်ခံစော်ဘွားစော်ခံ မြို့ဝန်၊ မြို့အုပ်တို့က ဆက်သသောဆင်ဖြူတော်များဖြစ်သည်။ ဆင်ဖြူတော်သိမ်းပွဲများကျင်းပပြီးဘွဲ့များပေးရာ (၁) မာတင်ပြောင်မွန် (၂) လေးကျွန်းရန်အောင် (၃) ဇမ္ဗူတန်ဆောင် (၄) ဇမ္ဗူတံဆိပ် (၅) ဘဒ္ဒါဝတီ (၆) ဇမ္ဗူကျက်သရေ (၇) ဘုန်းရောင်ရွှန်းပွင့် (၈) ဘိုးခေါင်ရင့်မာ (၉) ဘုန်းရောင်ရွှန်း (၁၀) ဘုန်းတောက်ပ (၁၁) ဘုန်းရောင်ဝင်းနှင့် (၁၂) မောရိယပစ္စ ယနာဂရာဇာတို့ဖြစ်သည်။

သီပေါမင်းလက်ထက် (အေဒီ ၁၈၇၈-၁၈၈၅) တွင် ဆင်ဖြူတစ်စီးဆက်သလာသောကြောင့် ခမည်းတော် မင်းတုန်းမင်းလက်ထက်က ထုံးစံအတိုင်း ဆင်ဖြူတော်သိမ်းသဘင်ခံပြီး 'ဇေယဝပုနပစ္စယနာဂရာဇာ' ဘွဲ့ပေးကာ ဆင်ဖြူရှင်ဘွဲ့ခံတော်မူသည်။ အေဒီ ၁၈၈၅ တွင် သီပေါမင်းပါတော်မူပြီးနောက် မန္တလေးမြနန်းစံကျော်ကို ဗြိတိသျှတို့သိမ်းယူပြီး အထက်မြန်မာပြည် ဗြိတိသျှကလပ်၊ တပ်တွင်းဘုရားရှိခိုးကျောင်းနှင့် စစ်တန်းလျားများအဖြစ် အသုံးပြုကြသည်။ ဆင်ဖြူတော်ကိုကား ရန်ကုန်တိရစ္ဆာန်ရုံသို့ ပို့ထားရာ နှစ်အနည်းငယ်ကြာတွင် ကံကုန်သွားရှာသည်။

လွတ်လပ်ရေးရပြီးခေတ် ၁၉၅၈ ခုနှစ်တွင် ဆင်ဖြူမတစ်စီးကို မြစ်ကြီးနား ဒိစတြိတ်၊ အင်းတော်ကြီးမြို့နယ်တောတွင်း၌ တွေ့ရှိသည်။ အသက် ၁၉ နှစ်ခန့်ရှိသည်။ 'မဖြူ' ဟုအမည်ပေးပြီး ၎င်း၏မိခင်ဆင်မကြီးနှင့်အတူ ရန်ကုန်တိရစ္ဆာန်ရုံ၌ ထားရှိရာ ၁၉၇၇ ခုနှစ်တွင် ကံကုန်သွားသည်။ ဆင်ဖြူတော်များကို သီးခြားစံအိမ်နှင့် ထားရှိသော အစဉ်အလာအတိုင်း မဟုတ်ဘဲ အခြားတိရစ္ဆာန်များနှင့်အတူထားသောကြောင့် မပျော်ပိုက်၍ ကံကုန်ရသည်ဟုဆိုကြသည်။ မြန်မာရဟန်းရှင်လူအပေါင်းက မြန်မာနိုင်ငံ၌ ဗြိတိသျှအစိုးရသက်တမ်း မရှည်နိုင်သော နိမိတ်ဟု ပြောကြသည်။ မြန်မာဘုရင်ပါတော်မူပြီးနောက် ၆၃ နှစ်အကြာ မြန်မာတို့ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ်တွင် ပြန်လည်ရရှိကြသည်။

သည့်နောက်ပိုင်း နှစ်လေးဆယ်ကျော်အထိ ဆင်ဖြူတော်များမပေါ်ထွန်းခဲ့ချေ။ ၂၀၀၁ ခုနှစ်ရောက်မှ အသက် ၁၆ နှစ်သားအရွယ်ခန့်ရှိသော ဆင်ဖြူအထီးတစ်စီးကို ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တောတွင်း၌ ပေါ်ထွန်းလာသည်။ ထိုနှစ်နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ယင်းဆင်ဖြူအထီးကို ရေကြောင်း၊ ကုန်းကြောင်းမှ အခမ်းအနားနှင့်ဆောင်ယူလာပြီး 'ရာဇဂဟာသီရိပစ္စယဂဇရာဇာ' ဘွဲ့ပေးပြီး အင်းစိန်မြို့ လောကချမ်းသာအဘယလာဘမုနိစကျင်ကျောက်ဖြူဆင်းတုတော်ကြီးကိန်းဝပ်ရာ မင်းဓမ္မကုန်းအနီး ဥယျာဉ်တွင်း၌ အထူးစီမံဆောက်လုပ်ထားသော စံအိမ်တွင်း၌ ထားရှိပေးထားသည်။ နောက်တစ်နှစ်ကြာသောအခါ ဒုတိယမြောက် ဆင်ဖြူတော်တစ်စီးပေါ်ထွန်းလာပြန်သည်။ အရွယ်အားဖြင့် ၃၂ နှစ်ခန့်ရှိသော ဆင်ဖြူမကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အနီး ကိုင်းကြီးချောင်းတောတွင်း၌ တွေ့ရှိသည်။ ၂၀၀၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ယင်းဆင်ဖြူမအား အခမ်းအနားနှင့် ရန်ကုန်သို့ယူဆောင်လာပြီး 'သိဂီမာလာ' အမည်ပေးကာ ဆင်ဖြူတော်စံအိမ်အတွင်းနေရာချပေးသည်။

ထိုနှစ်အတွင်းမှာပင် တတိယ ဆင်ဖြူတော် ပေါ်ထွန်းလာပြန်သည်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကင်းချောင်းတောတွင်း၌ တွေ့ရသော တတိယမြောက်ဆင်ဖြူတော် ဆင်မကားအရွယ် ၁၂ နှစ်ခန့်ရှိသည်။ အခမ်းအနားနှင့် ရန်ကုန်မြို့သို့ သယ်ဆောင်ပြီး 'ရတီမာလာ' ဘွဲ့ပေးကာ ဆင်ဖြူတော်စံအိမ်မှာပင်နေရာချပေးသည်။ စတုတ္ထမြောက်ဆင်ဖြူတော်ကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်တောတွင်း၌ တွေ့ရှိရသည်။ အရွယ်

၃၈ နှစ်ခန့်ရှိသော ဆင်ဖြူမဖြစ်ပြီး ဩဂုတ်လ ၉ ရက်တွင် နေပြည်တော်သို့ အခမ်းအနားနှင့်ဆောင် ယူလာသည်။ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၏ ဝတ္တကမြေအတွင်း၌ အထူးစီမံတည်ဆောက်ထားသော ဆင်ဖြူတော်ရတနာဆောင်၌ အခြံအရံဆင်များနှင့် နေရာချပေးသည်။

စတုတ္ထမြောက်ဆင်ဖြူတော်အား ရေးထုံးတမ်းစဉ်လာနှင့်အညီ အဘိနန္ဒနမင်္ဂလာဖြစ်သော ပရိတ်ရွတ် ပရိတ်ရေဖျန်း၊ ပရိတ်ပန်းများဆင်ပေးသော မင်္ဂလာနှင့် ကြိုဆိုကြသည်။ သည့်နောက် အန္တရာယိကမင်္ဂလာ (အန္တရာယ်ကင်းမင်္ဂလာ)၊ ဂေဟပဝေသနမင်္ဂလာ (အိမ်တက်မင်္ဂလာ)၊ ဘတ္တဘုဥ္စနမင်္ဂလာ (အစာခွံ့မင်္ဂလာ)၊ ရဝိန္ဒုဒဿနမင်္ဂလာ (နေ၊ လ၊ ပြ မင်္ဂလာ) နှင့် နာမကရဏ မင်္ဂလာ (အမည်မှည့်မင်္ဂလာ) တို့ကိုပေးသည်။ ဆင်ဖြူမအား 'ဘဒ္ဒဝတီ' ဘွဲ့အမည်ပေးသည်။

ပဥ္စမမြောက် ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် တွေ့ရှိခဲ့သည်။ အသက် ၁၈ နှစ်ခန့်ရှိပြီး အမြင့် ခုနစ်ပေ တစ်လက်မ၊ လုံးပတ် ၁၀ ပေ သုံးလက်မရှိသည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် နေပြည်တော်သို့ ဆောင်ယူရောက်ရှိလာသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင် မြင့်ဦးက ဦးဆောင်ပြီး အဘိနန္ဒနမင်္ဂလာဖြင့် ပရိတ်ရေ များဖျန်းကာ ကြိုဆိုကြသည်။ ထို့နောက် အိမ်တက်မင်္ဂလာ၊ အန္တရာယ်ကင်းမင်္ဂလာ၊ အစာခွံ့မင်္ဂလာ၊ နေ၊ လပြ မင်္ဂလာ၊ ဆင်နာမည်မှည့်မင်္ဂလာများကို ထုံးတမ်းစဉ်လာ နှင့်အညီ ကျင်းပပြီး "နန္ဒဝတီ" အမည်ပေးသည်။ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေ အတွင်း ဆင်ဖြူတော်ရတနာဆောင်၌ ဆင်ဖြူတော် ဘဒ္ဒဝတီနှင့် အခြားအဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။

မျက်မှောက်ဆယ်စု ၂၀၀၁-၂၀၁၀ အတွင်း ပေါ်ထွန်းလာသော အထက်ပါဆင်ဖြူတော်ငါးစီးသည် ဆင်ဖြူတော်များနှင့်ဆိုင်သော ရေးစာပေ၊ ကျမ်းဂန်၊ ဇာတ်တော်၊ ပိဋကတ်တော်များလာ၊ ပြဋ္ဌာန်းဖော်ပြထားသော ကြန်အင်၊ လက္ခဏာ၊ အသွင်အပြင်၊ အဆင်း၊ အင်္ဂါ၊ အရပ်အမောင်း၊ အတိုင်းအထွာများနှင့် ကိုက်ညီကြသည်။ ငြိမ်းချမ်းခြင်း၊ တိုးတက်ကြီးပွားချမ်းသာကြွယ်ဝခြင်း၊ အသက်ရှည်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ မိုးလေဝသရာသီဥတုမှန်ပြီး ဆန်ရေစပါးပေါများခြင်းတို့ကို ဆောင်ယူလာသောဆင်ဖြူတော်ငါးစီးကို မြန်မာနိုင်ငံရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ဝမ်းပန်းတသာ အားရကြည်ဖြူစွာ ကြည့်ရှုထောမနာပြုကြသည်။ ဆင်ဖြူတော်ငါးစီးသည် မြန်မာနိုင်ငံနှင့်ရဟန်းရှင်လူတို့၏ အနာဂတ်အတွက် နိမိတ်ကောင်းဆောင်လျက်နေသည်။

## တိပိဋကကောဝိဒဘွဲ့ရဆရာတော်

### အဘိဇာတာဘိဝံသ၊ အရှင်(ဒွါဒသမမြောက် တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့ရ ဆရာတော်)

။ ။၁၃၇၁ ခုနှစ် (၆၂) ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဒွါဒသမ မြောက် တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ် တော်ရရှိတော်မူသော ဆရာတော်အရှင်အဘိ ဇာတာဘိဝံသကို ခမည်းတော် ဦးတင်ရ၊ မယ်တော်



**အရှင်အဘိဇာတာဘိဝံသ**

ဒေါ်ညွန့်ခင်တို့က ၁၃၃၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၈ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။ မွေးချင်း ခုနစ် ယောက်အနက် တတိယမြောက် သားရတနာဖြစ်သည်။

ဆရာတော်သည် ၁၃၄၁ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်နေ့တွင် ဆင်နင်းကျေးရွာ၊ ဓမ္မမင်္ဂလာ ရွှေရပ်သာကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၄၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်နေ့တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့ ကြွခိုင်ရပ်နေ ဦးသန်းထွန်း၊ ဒေါ်ဟန်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဝက်လက်မြို့ သိမ်ရိပ်၊ ဓမ္မာရုံကျောင်း သာသနဝိလာသိနီသိမ်တော်၌ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ရှင်သာမဏေဘဝတွင် ဦးလေး တော်နှင့်နောင်တော်များရှိရာ စစ်ကိုင်းမြို့၊ မဟာ သုဗောဓာရုံကျောင်းတိုက်သို့ ရောက်ရှိတော်မူပြီး စာပေ ပညာများ သင်ယူဆည်းပူးတော်မူရာ ၁၃၄၈ ခုနှစ်တွင် ပရိယတ္တိသာသနဟိတ သာသနာလင်္ကာရ သာမဏေ ကျော်ဘွဲ့နှင့် အစိုးရသာသန ဓဇဓမ္မာစရိယဘွဲ့များကို ရရှိတော်မူသည်။ နောင်တော်အရှင်မာနိတာဘိဝံသနှင့် ညီတော်အရှင်လင်္ကာရာဘိဝံသတို့နည်းတူ ပရိယတ္တိ သာသနဟိတသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ ကို သာမဏေဘဝတွင် ရရှိတော်မူခြင်း ဖြစ်သည်။

ဆရာတော်သည် ဝက်လက်မြို့နယ် ဆင်နင်း ကျေးရွာ ဓမ္မမင်္ဂလာရွှေရပ်သာကျောင်းတိုက် ဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာန နာယက အာရာမသမုဋ္ဌာပက ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ဒုတိယပဓာနနာယက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အဘိဓမ္မာ မဟာသိပ္ပံ ပါမောက္ခချုပ်နှင့် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ မတ္တရာမြို့ သာသန ဇောတာရုံကျောင်းတိုက် နာယကဆရာတော်နှင့် သုဗောဓာကေ ဂဏဝါစကများ ဖြစ်တော်မူသော အရှင်အဓိ ဝါသ၊ အရှင်ဓိနောရသ၊ အရှင်ပိဏ္ဍောလာဘိဝံသ၊ ဦးလေးတော် နောင်ချိုမြို့ ကတီပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ နောင်တော်မန္တလေးမြို့ ဓမ္မမာနိတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိ တာဘိဝံသ၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဖန်းမော်ဆရာတော် တို့ထံ၌ စာပေပညာများ သင်ယူဆည်းပူးတော်မူသည်။

ဆရာတော်သည် ၁၃၅၀ ပြည့်နှစ်တွင် အစိုးရ သာသနဓဇ သိရိပဝရ ဓမ္မာ စရိယဘွဲ့ (အင်္ဂတ္တိုု မြန်မာ ဂုဏ်ထူး)၊ သုဗောဓာရုံကျောင်းတိုက် သုဗောဓကေ ဓမ္မာစရိယဘွဲ့၊ ၁၃၅၂ ခုနှစ်တွင် အစိုးရ သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူဘွဲ့၊ မြင်းခြံမြို့ ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့၊ ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကဘွဲ့၊ ၁၃၅၄ ခုနှစ်တွင် အစိုးရသာသနဓဇ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိ ပါရဂူဘွဲ့၊ ၁၃၅၆ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့၊ မော်လမြိုင်မြို့သုသ မာစာရ ဓမ္မာစရိယ ပိဋကတ္တယ အဂ္ဂဝိသိဋ္ဌကောဝိဒ ဘွဲ့၊ ၁၃၅၇ ခုနှစ်တွင် အစိုးရညာတောဝိဘင်္ဂရေဘွဲ့၊ ၁၃၅၈ ခုနှစ်တွင် အစိုးရဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၅၉ ခုနှစ်တွင် ရန်ကုန်မြို့ နိကာယဒ္ဓေါတက ဓမ္မဝိသာရဒ ဝိနယဓရဘွဲ့ (မစိုးရိမ်ဆရာတော်ကြီးဆု)၊ အစိုးရ ဝိနယဓရဘွဲ့၊ အစိုးရ ဝိနယကောဝိဒဘွဲ့(အာဂုံ၊ ရေးဖြေ ပူးတွဲအောင်မြင်)၊ ၁၃၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ နိကာယဒ္ဓေါတက ဓမ္မဝိသာရဒ ဒီဃဘာဏကဘွဲ့ (ရေစကြိုဆရာတော်ကြီးဆု)၊ အစိုးရဝိသိဋ္ဌဝိနယဝိဒူဘွဲ့ (တစ်နိုင်ငံလုံးပထမ) အစိုးရဒီဃနိကာယ ကောဝိဒဘွဲ့၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်မြို့နိကာယဒ္ဓေါတကဒီဃ နိကာယအဂ္ဂမဟာဓမ္မာစရိယဘွဲ့ (မစိုးရိမ်ဆရာတော်ကြီး ဆု)၊ အစိုးရဒီဃနိကာယ ဝိဒူဘွဲ့(တစ်နိုင်ငံလုံးဒုတိယ)၊ အစိုးရဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၆၂ ခုနှစ်တွင် ရန်ကုန်မြို့ နိကာယဒ္ဓေါတက အတ္ထဝိသာရဒ မူလ အဘိဓမ္မိကဘွဲ့ (ရန်ကုန်တိပိဋက ဆရာတော်ကြီးဆု)၊ အစိုးရသာသနဓဇ ဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူဘွဲ့၊ အစိုးရမူလအဘိဓမ္မိကဘွဲ့၊ ၁၃၆၃ ခုနှစ်တွင် အစိုးရ ဝိသိဋ္ဌအဘိဓမ္မဝိဒူ–၁ (တစ်နိုင်ငံလုံးပထမ)၊ ၁၃၆၄ ခုနှစ်တွင် အစိုးရဝိနယ မဟာဝိဒူဘွဲ့၊ ၁၃၆၅ ခုနှစ်တွင်

ရန်ကုန်မြို့နိကာယပ္ပဓာနတက အဘိဓမ္မိက မူလဘာဂ မဟာစရိယဘွဲ့၊ အစိုးရ ဝိသိဋ္ဌ အဘိဓမ္မမဟာဝိဒူ -၁ (တစ်နိုင်ငံလုံးတစ်ပါးတည်းအောင်မြင်)၊ အစိုးရ မူလ အဘိဓမ္မ ကောဝိဒဘွဲ့၊ ၁၃၆၆ ခုနှစ်တွင် မိုးကုတ်မြို့ နိကာယဝုမ္မိသမိတိ အဘိဓမ္မိက ကောဝိဒဘွဲ့၊ ရန်ကုန်မြို့ နိကာယပ္ပဓာနတက မဇ္ဈိမဘာဂ အဘိဓမ္မိကဘွဲ့ (ပဋ္ဌာန် ကာယ သာသနာ့ဗိမာန်ဆရာတော်ကြီးဆု)၊ အစိုးရ ဝိသိဋ္ဌအဘိဓမ္မဝိဒူ-၂(တစ်နိုင်ငံလုံးတစ်ပါးတည်း အောင်မြင်)၊ မန္တလေးမြို့ ပဋိယတ္တိသာသနဟိတ အဘိဓမ္မိက ဘွဲ့၊ ၁၃၆၇ ခုနှစ်တွင် အစိုးရ ဝိသိဋ္ဌ အဘိဓမ္မမဟာဝိဒူ-၂ (တစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်)၊ ရန်ကုန်မြို့ နိကာယပ္ပဓာနတက အဋ္ဌဝိသာရဒဥပရိဘာဂအဘိဓမ္မိက ဘွဲ့ (မစိုးရိမ် ဆရာတော်ကြီးဆု)၊ ရန်ကုန်မြို့ နိကာယ ယပ္ပဓာနတက၊ အဘိဓမ္မိက တိပိဋကဓရဘွဲ့၊ ၁၃၆၈ ခုနှစ်တွင် အစိုးရ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့၊ အစိုးရ အဘိဓမ္မိကဘွဲ့၊ (၅၉) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋက ဓရဘွဲ့တို့ကို ရရှိတော်မူပြီး ၁၃၇၁ ခုနှစ်၊ (၆၂) ကြိမ် မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကကောဝိဒဘွဲ့ကို ရရှိတော်မူသည်။ ပထမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသနှင့် ပဥ္စမမြောက်တိပိဋကဓရ တိပိဋကသာရာဘိဝံသနှင့် ပဥ္စမမြောက်တိပိဋကဓရ တိပိဋကကောဝိဒ ယောဆရာ တော်ကြီး ဘဒ္ဒန္တသီရိန္ဒာဘိဝံသတို့ကဲ့သို့ သက်တော် ၄၂ နှစ်တွင် ပိဋကသုံးပုံအလုံးစုံကို ရေးဖြေနှင့်အာဂုံပြန် ဆိုနိုင်တော်မူခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရက ၁၃၇၁ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

ဆရာတော်သည် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက်၌ စာပေပညာများသင်ယူဆည်းပူးတော်မူ သည့်အပြင် စာသင်သား သံဃာတော်များကို စာပေ ပညာများ သင်ကြားပို့ချပေးတော်မူသည်။ ၁၃၄၉ ခုနှစ်မှ စ၍ တွဲဖက်ဒုတိယတိုက်ကြပ်ဆရာတော်တာဝန်၊ ၁၃၆၈ ခုနှစ်မှစ၍ ဒုတိယတိုက်ကြပ်ဆရာတော်တာဝန်တို့ကို ဆောင်ရွက်တော်မူလျက်ရှိသည်။ စာသင်သားသံဃာ တော်များလေ့လာဆည်းပူးနိုင်ရန် သုဗောဓက အင်္ဂုတ္တရ နိတိ (ပထမဆင့်)၊ သုဗောဓက ဓမ္မပဒနိတိ(ပထမဆင့်)၊ သုဗောဓကသင်္ဂဟ သရုပ်ဆိုရိုး (မူလပထမဆင့်၊ ဒုတိယဆင့်နှင့်တတိယဆင့်) ကျမ်းစာအုပ်များကို ပြန်လည်ဖော်ထုတ်ရေး သားပြုစုတော်မူပြီးဖြစ်သည်။ ထို့အပြင်မေ့သားလှ (အောင်မြေ) နှင့် ဓမ္မာစရိယဓမ္မ အောင်စည် ကလောင်နာမည်များဖြင့် သာသနာပြု ကဗျာနှင့် ဆောင်းပါးများလည်း ရေးသားတော်မူသည်။

ဒွါဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်အရှင်အဘိဇာတာဘိဝံသသည် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၌ ဒုတိယ တိုက်ကြပ်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူလျက်ရှိသည်။

## ထင်ရှားကျော်ကြားလူငယ်များ (၂၀၁၀)

၂၀၁၀ ပြည့်နှစ်အတွင်းတွင် ကမ္ဘာ့မျက်နှာစာ၌ တစ်မူထူးခြားစွာ ပေါ်ပေါက်လာသော လူငယ်များ အနက် အချို့လူငယ်များကို ဖော်ပြအပ်ပါသည်။

**ကင်ဂျုံအန်။** ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့်တတိယဇနီးဖြစ်သူ ကိုယောင်ဟီးတို့က မွေးဖွားသည့်ဒုတိယမြောက်သားဖြစ်သည်။ ဖခင် ဖြစ်သူ 'အီ'၏ယုံကြည်အားထားမှုကိုခံယူရရှိထားသူ



ကင်ဂျုံအန်

တစ်ဦးဖြစ်ပြီး မြောက်ကိုရီးယား၏အနာဂတ်ကို ဦးဆောင်မည့်မျိုးဆက်အဖြစ်ထင်ရှားသည်။

ငယ်စဉ်က ဆွစ်ဇာလန်နိုင်ငံတွင် ပညာသွားရောက်သင်ယူခဲ့ပြီး ယခုအခါ ဖခင်၏မြောက်ကိုရီးယား တပ်မတော်၌ ဗိုလ်ချုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

အသက် ၂၆ နှစ်သာရှိသေးသူ ကင်ဂျုံအန် အနေဖြင့် တိုင်းပြည်၏ အဓိကနေရာများတွင် တာဝန်ထမ်းဆောင်ရန် ငယ်ရွယ်လွန်းသည်ဟူ၍ ဝေဖန်ခံရသော်လည်း နှစ်ရက်ကြာကျင်းပသည့်နှစ် (၃၀) မြောက် ကိုရီးယားအလုပ်သမားပါတီညီလာခံတွင် ဖခင်ဖြစ်သူ 'အီ' ကပွဲထုတ်ပေးခဲ့သည်။

မြောက်ကိုရီးယားကာကွယ်ရေးနှင့်နိုင်ငံခြားရေးရာလုပ်ငန်းများတွင် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်နိုင်သည့်အတွက် မြောက်ကိုရီးယား၏ ခေါင်းဆောင်သစ်ဖြစ်လာနိုင်သူဟူ၍ သတ်မှတ်ခံထားရသည်။

၁၉၉၄ ခုနှစ်ကတည်းက ဖခင်ဖြစ်သူ ကင်အီဆွန်း၏ အရိုက်အရာကို ဆက်ခံခဲ့သူလက်ရှိ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ၏ ကျန်းမာရေးအခြေအနေမှာလည်း အနီးကပ်စောင့်ကြည့်ရမည့်အခြေအနေရှိနေသည်။ ထို့ကြောင့် အနာဂတ်မြောက်ကိုရီးယား၏ ခေါင်းဆောင်နေရာမှာ ကင်ဂျုံအန်အတွက် ဖြစ်မည်လားဟူသည့် မေးခွန်းများနှင့်အတူ ၂၀၁၀ ပြည့်နှစ်အတွင်းထူးချွန်ထင်ရှားလူငယ်များအဖြစ် အာရုံစိုက်ခြင်းခံရသူတစ်ဦးဖြစ်လာသည်။

**ဇူကာဘက်၊ မာ့ခ်။** ။၂၀၁၀ ပြည့်နှစ်အတွင်းတွင် အထူးချွန်အထင်ရှားဆုံးလူငယ်တစ်ယောက်အဖြစ် အမေရိကန်နိုင်ငံသား မာ့ခ်ဇူကာဘက်(Mark Zucherbeng) ကို ကမ္ဘာ့မီဒီယာများက အမှတ်စဉ် ၁ တွင်ထိုက်ထိုက်တန်တန်နေရာပေးကြသည်။ မီဒီယာများအနက် Time မဂ္ဂဇင်းကြီးကရင်း၏မှုဝါဒစံနှုန်း များဖြင့် Person of the Year အဖြစ်ပင်ရွေးချယ်ဖော်ပြခဲ့သည်။ ဇူကာဘက်သည် လူမှုဆက်ဆံရေး ကွန်ရက်ဝက်ဘ်ဆိုက် (Facebook) ကို စတင်တည် ထောင်ခဲ့သူဖြစ်ပြီး အသက်အားဖြင့် ၂၆နှစ်ပင်ရှိသေးသည်။ ၎င်းသည်ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ယနေ့အချိန်အခါတွင် ဇူကာဘက်သည် အသက်အငယ်ဆုံးကိုယ့်ဒူးကိုယ်ချွန်ဘီလီယံနာ တစ်ယောက်အဖြစ်ထင်ရှားလာသည်။ ဇူကာဘက်သည် ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံချမ်းသာပြီး အမေရိကန်



မာ့ခ်ဇူကာဘက်

၏အချမ်းသာဆုံးပုဂ္ဂိုလ်များ၏အဆင့် ၃၅တွင် တည်ရှိနေသည်။ Facebook သည် လူပေါင်းသန်း ၅၀၀ အချင်းချင်းဆက်သွယ်ရန်၊ ၎င်းတို့ကြားမှ လူမှုဆက်ဆံရေးများကို ပုံဖော်နိုင်ရန်နှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး စနစ်သစ်တစ်ရပ်ကို ထူထောင်နိုင်ရန် အကောင်းဆုံးသောကွန်ပျူတာကွန်ရက်စနစ်တစ်ရပ်ဖြစ်သည်။ ဇူကာဘက်သည် ၎င်းစနစ်ကိုဖော်ခဲ့သူတစ်ယောက်ဖြစ်သောကြောင့် ကမ္ဘာနှင့်အဝန်းရှိ ပြည်သူများ၏ အသိအမှတ်ပြုခြင်းကို ခံရသူအဖြစ် ထင်ပေါ်ကျော်ကြားသည်။

**မော်ဇင်ယု။** ။ ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက် နေ့က မွေးဖွားခဲ့သောမော်ဇင်ယုသည် တရုတ်နိုင်ငံခေါင်းဆောင်ကြီး မော်စီတုန်း၏မြေးဖြစ်သည်။ ယနေ့အချိန်အခါတွင် မော်ဇင်ယုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တပ်မတော်တွင် ဗိုလ်ချုပ်ကြီးရာထူးဖြင့် တာဝန်ထမ်းဆောင်ခွင့်ရရှိသွားပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ထုတ်ပြန်သည်။

မော်ဇင်ယုသည် တရုတ်နိုင်ငံ၊ ရန်မင်းတက္ကသိုလ်သမိုင်းဌာနမှ ၁၉၉၂ ခုနှစ်က ဘွဲ့ရခဲ့သည်။ ယင်းတက္ကသိုလ်မှပင် ပါရဂူဘွဲ့လည်းရခဲ့သည်။

လက်ရှိအနေအထားအရ တရုတ်နိုင်ငံပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်တက္ကသိုလ်သုတေသန



မော်ဇင်ယု

ဌာနချုပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မော်ဇင်ယုသည် အဘိုးအမည်ဖြင့် စာအုပ်တစ်အုပ်ရေးသားခဲ့ကာ ၂၀၀၃ ခုနှစ်က အမျိုးသားစစ်တက္ကသိုလ် ပုံနှိပ်ဌာနမှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

မော်ဇင်ယုသည် လျူဘင်းနှင့်လက်ထပ်ခဲ့ပြီး သားတစ်ဦးနှင့်သမီးတစ်ဦးရှိသည်။ သား မော်တုန်းတုန်းကို ၂၀၀၃ ခုနှစ်က မွေးဖွားခဲ့သည်။

## ဒေသတွင်းထိပ်သီးအစည်းအဝေးများ (၂၀၁၀)။

။ (၁၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီလ ၈ ရက်နေ့နှင့် ၉ ရက်နေ့များတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ လည်းကောင်း၊ (၁၉) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲကို ဇွန်လ ၆ ရက်နေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ လည်းကောင်း၊ (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးနှင့် စတုတ္ထအကြိမ်မြောက် ဧရာဝတီ–ကျောက်ဖုရား–မဲခေါင် စီးပွားရေးပူး ပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးများကို နိုဝင်ဘာလ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့များ



တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ လည်းကောင်း အသီးသီးကျင်းပသည်။

(၁၆) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲနှင့် (၁၆) ကြိမ်မြောက်မျက်နှာစုံညီအာဆီယံထိပ်သီးအစည်းအဝေးကို ဧပြီလ ၈ ရက်နေ့ ဒေသစံတော်ချိန်ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ဒုတိယထပ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်(ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်) တက်ရောက်သည်။

အဆိုပါထိပ်သီးအစည်းအဝေးဖွင့်ပွဲနှင့် မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာမာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံနှင့် အာဆီယံပဋိညာဉ်စာတမ်းအကောင် အထည်ဖော်ဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ထိပ်သီးအစည်း အဝေးကိုရုပ်သိမ်းလိုက်သည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများနှင့်အာဆီယံပါလီမန်များအဖွဲ့တို့၏ ဆွေးနွေးပွဲကို ဧပြီလ ၈ ရက်နေ့ ညနေ ၃ နာရီတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်(ယခုနိုင်ငံတော် ဝန်ကြီးချုပ်ဦးသိန်းစိန်) အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူး ချုပ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံပါလီမန်အမတ်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ် လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြော ကြားပြီး အာဆီယံပါလီမန်အမတ်များ ဥက္ကဋ္ဌနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ Mr.Nguyen Phu Trong က အာဆီယံပါလီမန် အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်း စဉ်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက မိမိတို့အမြင်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများ၏ အလုပ်သဘောညစာစားပွဲကို ဧပြီလ ၈ ရက်နေ့ ည ၇ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်(ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်) အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။ ညစာစားပွဲတွင် ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီး ချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက အာဆီယံနိုင်ငံများအချင်းချင်း အပြု သဘောဆောင်သော အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ များကို အသိပေးပြောကြားသည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးကို ဧပြီလ ၉ ရက်နေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်(ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်)အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီး အကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်အာဆီယံ နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သီးသန့်အစည်းအဝေးတွင် ရှေးဦးစွာ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဒေသတွင်းဖွဲ့စည်းတည်ဆောက်မှု၊ စီးပွားရေးနာလန်ထူလာမှုတည်တံ့စေရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ရာသီဥတုပြုပြင်ပြောင်းလဲမှုတို့နှင့် စပ်လျဉ်း၍ အမြင်များကိုဆွေးနွေးဖလှယ်ကြပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြော ကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(၁၉) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲဖွင့်ပွဲကို ဇွန်လ ၆ ရက်နေ့ နံနက် ၉

နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲဖွင့်ပွဲသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံကုန်သွယ်ရေးစကားပြောကြားသည်။ ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ NCCPPCC ဒုတိယဥက္ကဋ္ဌနှင့်ထိုင်းနိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ်များ ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားကြပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင် ဥက္ကဋ္ဌ




## (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံ့အကြီးအကဲများ

ကိုယ်စားလှယ်များဥက္ကဋ္ဌ Mr.Kiat Sittheeamorn၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Committee of the Chinese People's Political Consultative Conference (NCCPPCC) ဒုတိယဥက္ကဋ္ဌ Ms.Wang Zhizhen၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr.Klaus Schwab၊ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်က နိဂုံးချုပ်စကားပြောကြားကာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်တို့ ပူးတွဲစီစဉ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့်ဘာသာရပ်ကျွမ်းကျင်သူများ ဘာသာရပ်အလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည့် ဆွေးနွေးပွဲဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော အလုပ်သဘောနေ့လယ်စာစားပွဲနှင့် မဲခေါင်ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှု

အခန်းကဏ္ဍဆိုင်ရာဆွေးနွေးပွဲကို ဇွန်လ ၆ ရက်နေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် ဗီယက်နမ်ဆိုရှယ် လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်များဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ NCCPPCC ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ တက်ရောက်လာကြသူများသည် နေ့လယ်စာအတူတကွ သုံးဆောင်ကြပြီးနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်တို့က ဆွေးနွေးပြောကြားကြသည်။

(၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ဒုတိယထပ်၊ အခန်းအမှတ် ၂၄၁ ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်သည်။

အဆိုပါထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကိုယ်စား နိုင်ငံခြားရေးဝန်ကြီး H.E. Mr. R.M. Marty M. Natalegawa၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ H.E.Mr. Benigno S.Aquino(III)၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာ အဘီဆစ်ဗဲချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ငုယင်တန်ဒွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



ပဥ္စမအကြိမ် CLMV ထိပ်သီးအစည်းအဝေးတွင် တွေ့ရသည့် နိုင်ငံ့ခေါင်းဆောင်များ

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့လယ်စာကိုအတူတကွ သုံးဆောင်ကြသည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အစည်းအကြီးအကဲများ သီးသန့်အစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင်




**ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်တွင် ကျင်းပသည့် ACMECS ထိပ်သီးအစည်းအဝေး**

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီခေါင်းဆောင်များ အလုပ်သဘောနေ့လယ်စာစားပွဲကို အောက်တိုဘာလ ၂၈ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီခေါင်းဆောင်များ တက်ရောက်ကြသည်။ အဆိုပါနေ့လယ်စာစားပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက ဟနွိုင်းမြို့၌ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သော အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးက တင်ပြသည့်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး အလုပ်သဘောကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါသီးသန့်အစည်းအဝေးတွင် ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံပဋိညာဉ်နှင့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံတို့ကို အကောင်အထည်ဖော်မှု၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ မဟာစီမံကိန်းကိစ္စ၊ ပြန်လည်နာလန်ထူရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးစသည့် ဘာသာရပ်ဆိုင်ရာကိစ္စများ၊ အာဆီယံနိုင်ငံများ၏ ပြင်ပဆက်ဆံရေးအပါအဝင်

အာဆီယံဒေသဆိုင်ရာ ဖွဲ့စည်းမှုတို့အပေါ် ဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြပြီး အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကာ သီးသန့်အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများ၏ အလုပ်သဘောညစာစားပွဲကို အောက်တိုဘာလ ၂၈ ရက်နေ့ ည ၇ နာရီခွဲတွင် ကျင်းပ ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီး အကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံ အတွင်း ရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိ ကြီးများ တက်ရောက်ကြသည်။

အဆိုပါ ညစာစားပွဲတွင် ရှေးဦးစွာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက ဒေသ ဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံက ကိုယ်စားပြုတက်ရောက်ရာတွင် ဆွေးနွေးစေလို သည့် ကိစ္စရပ်များနှင့် အာဆီယံနိုင်ငံများအကြား ရုပ်မြင် သံကြားအစီအစဉ်များ အပြန်အလှန်ထုတ်လွှင့်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ် ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ လ ၇ ရက်နေ့တွင် လွတ်လပ် ၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးအတွက် ဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြား သည်။ ထို့နောက်အခမ်းအနားတက်ရောက်သူများသည် အလုပ်သဘောညစာစားပွဲကို အတူတကွ သုံးဆောင် ကြသည်။

ဒုတိယအကြိမ် မဲခေါင်-ဂျပန် ထိပ်သီး အစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် ကမ္ဘောဒီး ယားနိုင်ငံဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်း နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား၊ ဂျပန်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ထို့ နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E.Mr. Naoto Kan နှင့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးချုပ်များက မဲခေါင် ဒေသနိုင်ငံများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့ဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံ မှုတိုးမြှင့်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး နှင့် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက် ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ရေတိုရေ ရှည် စီမံကိန်းများဖြင့်ဆောင်ရွက်ရေး၊ မဲခေါင်မြစ်ရေ အသုံးချမှု စီမံခန့်ခွဲရေး၊ မဲခေါင်-ဂျပန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ရာ၌ နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုဆက်လက်တိုးမြှင့်ရေး စသည့်ကိစ္စရပ်များ ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြကာ ထိပ်သီးအစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၃) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီး အစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကျင်းပရာ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့

အကြီးအကဲများ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့က ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ကြပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်၊ လက်တွေ့ကျသည့် စီးပွားရေးဆက်ဆံမှု အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဒေသခွဲများဖွံ့ဖြိုးမှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ မဲခေါင်ဒေသစိမ်းလန်းစိုပြည်ရေး ရာစုနှစ်တစ်ခုဆီသို့ အစီအစဉ်ကို ကနဦးဖော်ဆောင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါများ၊ အကြမ်းဖက်မှုများမှကာကွယ်ရန်နှင့် ပင်လယ်ရေကြောင်းလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(၁၃) ကြိမ်မြောက်အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတမစ္စတာလီမြောင်ဘတ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက အာဆီယံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ-ကိုရီးယားလွတ်လပ်သောကုန်သွယ်မှု ဧရိယာ၏မူဘောင်အတွင်းမှ သဘောတူညီချက်အားလုံးကို ထိရောက်စွာအကောင်အထည်ဖော်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက်ကင်းစင်ရေး၊ ကာဗွန်ဓာတ်ငွေ့လျှော့ချရေးနှင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေး အစီအစဉ်နှင့် အရှေ့အာရှရာသီဥတုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

(၁၃) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက အာဆီယံ-တရုတ်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကြပြီး ၂၀၀၆-၂၀၁၀ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် အနာဂတ်တွင်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး ဂျီ-၂၀ နှင့် ဆက်စပ်သည့်ကိစ္စရပ်များတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေး၊ တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံများလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ကြေညာချက်ကို အပြည့်အဝအကောင်အထည်ဖော်ရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးအပြီးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့သည် အာဆီယံ-တရုတ်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များဖော်ပြထားသော ASEAN-China Centre Website ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဖွင့်လှစ်ပေးကြသည်။

အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်နေ့ ညနေ ၃ နာရီ ၃၅ မိနစ်တွင်ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ထိရောက်စွာ အကောင်အထည်ဖော်လိုက်နာရေးအတွက် လက်တွေ့ကျသည့်လုပ်ဆောင်မှုများကို ဆောင်ရွက်သွားရေး၊ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ အာဆီယံ ဥက္ကဋ္ဌပါဝင်တက်ရောက်ရေး၊ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရေးနှင့် ကိုရီးယားကျွန်းဆွယ်တွင် အလုံးစုံနျူကလီးယားကင်းစင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တတိယအကြိမ် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်နေ့ ညနေ ၅ နာရီခွဲတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကုလသမဂ္ဂက ချမှတ်ထားသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် တက်ကြွစွာပါဝင်နိုင်မည့် လမ်းကြောင်းကို ဖော်ဆောင်ပေးရေး၊ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံနှင့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များအကောင်အထည်ဖော်ရေး၊ စွမ်းအင်လုံခြုံရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ကူးစက်တတ်သောရောဂါများနှင့်စပ်လျဉ်း၍ ပံ့ပိုးကူညီရေး၊ အာဆီယံနှင့် ကုလသမဂ္ဂတို့၏ ၂၀၁၁-၂၀၁၂ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းဘောင် (Frame-work for Joint Action 2011-2012) အား ထိရောက်စွာ အကောင်အထည်ဖော်ရေးတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဋ္ဌမအကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၃၀ ရက်နေ့ နံနက် ၉ နာရီတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက အာဆီယံ-အိန္ဒိယဆွေးနွေးဖက် ဆက်ဆံရေးဆိုင်ရာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှဝေခံစားရေးလုပ်ငန်းစီမံချက် (၂၀၁၀-၂၀၁၅) ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရေးနှင့် အာဆီယံ-အိန္ဒိယဆက်ဆံရေးအား အဆင့်မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ပဉ္စမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၃၀ ရက်နေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၊ သြစတြေးလျနိုင်ငံဝန်ကြီးချုပ် H.E.Ms. Julia Gillard၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် H.E.Mr.John Key၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ဖိတ်ကြားသည့် ဧည့်သည်တော်များဖြစ်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်

နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက ပညာရေး၊ ဘဏ္ဍာရေး၊ စွမ်းအင်၊ ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် တုပ်ကွေးရောဂါကာကွယ်တားဆီးရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ အကျပ်အတည်းလွန်ကာလ ပြန်လည်နာလန်ထူရေးကိစ္စရပ်များ အပါအဝင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုအကျပ်အတည်းများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး၊ ဒေသတွင်းစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၌ ပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့အာရှ လွတ်လပ်သောကုန်သွယ်မှုဒေသ တည်ထောင်နိုင်မည့် အလားအလာများကို လေ့လာမှုပြုရေး၊ အရှေ့အာရှ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးတို့အတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အာဆီယံ-ရုရှားထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၃၀ ရက်နေ့ မွန်းလွဲ ၂ နာရီတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Dmitry A. Medvedev နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက ဒေသတွင်းဖြစ်စဉ်ဖြစ်ရပ်များကို ငြိမ်းချမ်းစွာ သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ရေး၊ အဆင့်မြင့်နည်းပညာအပါအဝင် နည်းပညာများ ပူးပေါင်းဖလှယ်ရေး၊ စွမ်းအင်လုံခြုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အာကာသဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ်တားဆီး ကာကွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းတားဆီးရာတွင် ပူးပေါင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၃၀ ရက်နေ့ ညနေ ၃ နာရီတွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက အာဆီယံ-ဩစတြေးလျ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန်ဆက်ဆံမှုတိုးမြှင့်ပြုလုပ်ရေး၊ ဒေသဆိုင်ရာဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးလုပ်ငန်းစဉ်များ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် အာဆီယံ-နယူးဇီလန် ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက စီးပွားရေးကြွယ်ဝမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒေသတွင်း လူမှုဘဝတိုးမြှင့်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး၊ အနာဂတ်တွင် စီးပွားရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် ပြည်သူလူထုအချင်းချင်း အပြန်အလှန်ဆက်ဆံမှုတိုးမြှင့်ရေးစသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ

အဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုတို့က မိန့်ခွန်းပြောကြားကြသည်။ ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ၂၀၁၁ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတတို့သည် တာဝန်လွှဲပြောင်း၍ နှုတ်ခွန်းဆက်သကြပြီး (၁၇) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပဋ္ဌမအကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ်(CLMV) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၆ ရက်နေ့ ညနေ ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Noun Srey Hall ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင် အစိုးရအဖွဲ့အကြီးအကဲများက စတုတ္ထအကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ်ထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု၏အနာဂတ်လုပ်ငန်းစဉ်များအပေါ် သဘောထားအမြင်ဖလှယ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟနေမှုများကို လျှော့ချရေးအတွက် ဒေသခွဲနှင့်ဒေသမှုဘောင်အတွင်းမှ ကမ္ဘောဒီးယား၊ လာအို၊မြန်မာ၊ဗီယက်နမ်နိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး ပူးပေါင်းဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းစီမံကိန်းများနှင့်ပဋ္ဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စတုတ္ထအကြိမ်မြောက် ဧရာဝတီ–ကျောက်ဖုရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Noun Srey Hall ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်တက်ရောက်သည်။

အဆိုပါထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီး

ချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ ACMECS အဖွဲ့ဝင်နိုင်ငံများမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကအဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အာဆီယံအတွင်းရေးမှူးချုပ်တို့က အသီးသီးမိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။ အစည်းအဝေးတွင် ACMECS ဝန်ကြီးချုပ်များက အဖွဲ့ဝင်နိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် အတွက် ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုကိုအလေးထား ဆောင်ရွက်ရေး၊ ACMECS စီးပွားရေးကောင်စီ၏ အခန်းကဏ္ဍပိုမိုမြင့်တင်ရေး၊ စက်မှုနှင့်စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ထိထိရောက်ရောက်အကောင်အထည်ဖော်ရေး၊ နယ်စပ်ဒေသများ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်သဘောထားအမြင်များကို ဖလှယ်ဆွေးနွေးကြပြီး ACMECS ဖနောင်ပင်ကြေညာစာတမ်းနှင့်ရှေ့လုပ်ငန်းစဉ် (၂၀၁၀ -၂၀၁၁)တို့ကို အတည်ပြုကြသည်။

ထို့နောက်ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## ဒေါ်ခင်မြင့်မြင့်လူမှုထူးချွန်စာကြည့်တိုက်။ ။

ကျေးလက်အပါအဝင်ပြည်သူများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်နံတစ်လျားတွင် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်လျက်ရှိရာတွင် ပုဂ္ဂလိကအလှူဒါန စာကြည့်တိုက်များလည်း ပေါ်ပေါက်လာသည်ကိုတွေ့လာရသည်။

ကွယ်လွန်သူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်ကို ရည်စူးလျက် ကျန်ရစ်သူမိသားစုက ၂၀၁၀ပြည့်နှစ် မေလ ၂၂ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၅)ရပ်ကွက် မင်းလမ်း၌ ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်ကို တည်ထောင်ဖွင့်လှစ်သည်။ ထိုစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စာကြည့်တိုက်အလှူရှင် ဦးမြတ်သင်းအောင်တို့ အမှူးပြုလျက် ဒိုက်ဦးမြို့ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထိုစာကြည့်တိုက်သည် အလျားဖြပေ၊ အနံ ၃၈ပေရှိ RC ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ပရိဘောဂများ၊ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် အီလက်ထရွန်းနစ် စာကြည့်တိုက် အထောက်အကူပြုပစ္စည်းများ အပါအဝင်စုစုပေါင်းကျပ်သိန်း ၇၀၀ တန်ဖိုးရှိသည်။ အလှူရှင်က ထိုစာကြည့်တိုက် အဆောက်အအုံ စာရွက်စာတမ်းများနှင့်အတူ မတည်လှူဒါန်းငွေ ကျပ်သိန်း ၁၅၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော MRTV နှင့် MRTV-4 ဖမ်းယူကြည့်ရှုနိုင်သည့် DTH ရုပ်သံဖမ်းစက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဒေါ်ခင်မြင့်မြင့်ကို ဆန်စက်ပိုင်ရှင် ဦးထွန်းအောင်ကျော်နှင့်ဒေါ်ကြည်ကြည်တို့က ၁၉၄၄ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့တွင် မွေးဖွားသည်။ ဒိုက်ဦး အ.ထ.ကနှင့် ရန်ကုန်မြို့ မြို့မ အမျိုးသမီးအထက်တန်းကျောင်းတို့တွင်

တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ အလယ်တန်းကျောင်းသူဘဝတွင် ကျွန်းဆွယ်အားကစားချန်ပီယံဖြစ်ရေး ရည်မှန်းချက်ဖြင့် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ပါဝင်လေ့ကျင့်ဆင်နွှဲခဲ့သည်။ ရန်ကုန်တိုင်း ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ်ပြိုင်ပွဲများ၌ တိုင်းအဆင့် ပထမဆုများ သုံးနှစ်ဆက်တိုက်ရရှိခဲ့သည်။ ၁၉၅၉ခုနှစ် အလယ်တန်းကျောင်းသူဘဝတွင် မြို့မမယ်ဘွဲ့ရရှိခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် ကာယဗလမယ်၊ စက်မှုလက်မှုမယ်၊ မယ်ဗမာအဖြစ်ရွေးချယ်ခံရပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀မှ မယ်စကြဝဠာလောင်းများနှင့်အတူ အမေရိကန်နိုင်ငံ မီယာမီမြို့၌ကျင်းပသည့် မယ်စကြဝဠာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဒေါ်ခင်မြင့်မြင့်သည် ၁၉၆၅ ခုနှစ်တွင် ဦးမြတ်သင်းအောင်နှင့် လက်ထပ်ခဲ့ပြီး ဆန်စက်လုပ်ငန်း၊ နေကြာစေ့၊ ကွာစေ့လုပ်ငန်းများနှင့်ပြုပြင်ပြီး မော်တော်ယာဉ်များ တင်သွင်းရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာသည့်အခါ Aung Aung Enterprise လုပ်ငန်းကို တည်ထောင်၍ သွင်းကုန်လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကကုမ္ပဏီလီမိတက်များ၊ ဖက်စပ်လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစားရေးရာတို့တွင် လူအား၊ အကြံဉာဏ်အားဖြင့်လှုပ်ရှားဆောင်ရွက်ခဲ့ရုံသာမက သာသနာတော်သုံးရပ်ဖြစ်သည့် ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဒ သာသနာတို့ ထွန်းကားရေးလုပ်ငန်းများစွာကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိ ဗုဒ္ဓသာသနာ့တက္ကသိုလ်များအတွက် ထာဝရငွေပဒေသာပင် ကျပ်သိန်းတစ်ရာစီနှင့် တောင်တန်းဒေသသာသနာပြုလုပ်ငန်းများအပါအဝင် ကွယ်လွန်ချိန်အထိ ကျပ်သိန်းပေါင်း လေးထောင်ကျော်ကို စေတနာသဒ္ဓါတရားထက်သန်စွာလှူဒါန်းခဲ့သူဖြစ်သည်။

ယင်းသို့ လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးအဖွဲ့အစည်းများတွင် တာဝန်အမျိုးမျိုးကို ထမ်းဆောင်လျက် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းနိုင်မှုကြောင့် နိုင်ငံတော်အစိုးရက ဒေါ်ခင်မြင့်မြင့်အား ၂၀၀၁ခုနှစ်တွင် လူမှုထူးချွန်(ဒုတိယဆင့်)၊ ၂၀၀၂ခုနှစ်တွင် သာသနာရေးဆိုင်ရာ သုဓမ္မသိင်္ဂီဘွဲ့၊ ၂၀၀၃ခုနှစ်တွင် လူမှုထူးချွန်(ပထမဆင့်)၊ ၂၀၀၄ ခုနှစ်တွင် သီရိသုဓမ္မသိင်္ဂီဘွဲ့နှင့် ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ စသည့်ဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှင့်ခဲ့သည်။



ဒေါ်ခင်မြင့်မြင့်လူမှုထူးချွန်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား

ဒေါ်ခင်မြင့်မြင့်သည် ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် Global Summit of Women 2008 ၌ Vietnam Chamber of Commerce and Industry (VCCI) က ချီးမြှင့်သည့် အာဆီယံအမျိုးသမီး စီးပွားရေးထူးချွန်ဆု (ASEAN Outstanding Women Entrepreneur Award 2008) ဆုကို ချီးမြှင့်ခြင်းခံရသည်။

ဒေါ်ခင်မြင့်မြင့်သည် မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ လူနေမှုဘဝမြှင့်တင်ရေးအဖွဲ့ အကြံပေးအဖွဲ့ဝင်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့ဝင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ဝင်၊ ဗဟန်းမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက၊ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ နာယက၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အလုပ်အမှုဆောင် ကော်မတီ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် နာယက၊ မြို့မကျောင်းသူ ကျောင်းသားဟောင်းများအသင်းနာယက၊ ဒိုက်ဦးမြို့နယ် အသင်းနာယက၊ မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့အမှုဆောင်၊ စစ်ကိုင်းတောင်ရိုးဝါးချက် ဓိဝိတဒါန သယ်ဆေးရုံ နာယကတို့အဖြစ် လူမှုရေး အသင်းအဖွဲ့များတွင် ဆောင်ရွက်ခဲ့သည်။

ဒေါ်ခင်မြင့်မြင့်သည် ၂၀၀၅ ခုနှစ် MISS ASEAN CULTURE 2005 (မြန်မာနိုင်ငံ)ပြိုင်ပွဲတွင် ဒိုင်ချုပ် အဖြစ်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် MISS ASEAN CULTURE 2005 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အကဲဖြတ် ဒိုင်လူကြီး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ဒေါ်ခင်မြင့်မြင့်သည် ၂၀၀၉ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် ခင်ပွန်းဦးမြတ်သင်းအောင်နှင့် သားသမီး ၆ ဦး ကျန်ရစ်သည်။

**နိုဗယ်လ်ဆု (၂၀၁၀)။** ။ နော်ဝေနိုင်ငံ နိုဗယ်လ်ဆု ရွေးချယ်ရေး ကော်မတီက ၂၀၁၀ ပြည့်နှစ်အတွက် နိုဗယ်လ်ဆုများကို ကြေညာရာတွင် စာပေနိုဗယ်လ်ဆု၌ မာရီယိုဗားရ်ဂတ်စ်ယိုဆာက ရရှိခဲ့သည်။



**ဘောဂဗေဒဆိုင်ရာ နိုဗယ်လ်ဆုရှင်များ**

မာရီယိုဗားရ်ဂတ်စ်ယိုဆာသည် ၁၉၃၆ ခုနှစ်၌ ပီရူးနိုင်ငံ အရီကီပါ၌ မွေးဖွားခဲ့သည်။ ဘဝ၏အစောပိုင်း ကာလများက ဂိုလစ်ဗီးယားမြို့ ကိုချန်ကာမတွင် နေထိုင်သည်။ အသက် ၁၀ နှစ်တွင် ပီရူးသို့ရွှေ့ပြောင်းနေထိုင်သည်။

ပီရူး၌ ကျောင်းသားဘဝ ပညာသင်စဉ်က သတင်းစာ၊ ရေဒီယို၊ ဂျာနယ်လစ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ စာပေနှင့်ဥပဒေကို ပီရူးနိုင်ငံ လီမာမြို့တွင် လေ့လာခဲ့ပြီး မက်ဒရစ်တက္ကသိုလ်မှ စာပေဆိုင်ရာပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီသို့ပြောင်းရွှေ့ခဲ့ပြီး Radio Television Francaise အသံလွှင့်သူအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့ပြင် AFP သတင်းဌာန၌ သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

မာရီယိုဗားရ်ဂတ်စ်ယိုဆာသည် အစောပိုင်း ရေးသောဝတ္ထုများအနက် ပီရူးနိုင်ငံကို အခြေခံသော အကြောင်းအရာများကို ဖွဲ့ခဲ့ပြီး နောက်ပိုင်းတွင် လက်တင်အမေရိကနိုင်ငံများအကြောင်းကို အခြေခံရေးဖွဲ့ခဲ့သည်။ ထင်ရှားသောစာအုပ်များမှာ Conversation in the Cathedral နှင့် The Feast of the Goat ကဲ့သို့သောစာအုပ်များဖြစ်သည်။ စပိန်ဘာသာဖြင့်ရေးသားသော Check Cervantes Prize အပါအဝင် စာပေဆုများစွာလည်း ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပီရူးရွေးကောက်ပွဲ၌ ပါဝင်အရွေးချယ်ခံခဲ့သော်လည်း အရေးနိမ့်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် စပိန်နိုင်ငံသားအဖြစ်ခံယူသည်။

ယခုအခါ စပိန်နိုင်ငံ၏ El Pais သတင်းစာတွင် ဆောင်းပါးများရေးသားလျက်ရှိသည်။

နိုဗယ်လ်ဆု (၂၀၁၀) တွင် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို တရုတ်နိုင်ငံသား လျူရှောင်ပိုက ရရှိခဲ့သည်။ ၎င်း၏လက်ရှိဘဝမှာ အကျဉ်းကျနေသည့် လူတစ်ဦးဖြစ်သည်။

လျူရှောင်ပိုသည် ယခုအခါ အသက် ၅၄ နှစ်အရွယ်ရှိပြီး စာရေးဆရာနှင့် ပါမောက္ခဖြစ်သည်။

၎င်းသည် အခြေခံလူ့အခွင့်အရေးအတွက် အကြမ်းမဖက်ဘဲ ကာလကြာရှည်စွာ တိုက်ပွဲဝင်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်



**ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် လျူရှောင်ပို**

ကြောင်း နော်ဝေနိုင်ငံနိုဗယ်လ်ဆုရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ သော်ဘ်ဂျွန်းဂျက်ဂ်လန်က မှတ်ချက်ချသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးကမူ တရုတ်အစိုးရ၏ အတိုက်အခံတစ်ဦးဖြစ်သူကို ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုပေးလိုက်ခြင်းသည် နိုင်ငံရေးပရိယာယ်သာဖြစ်ကြောင်း၊ နိုင်ငံအသီးသီးရှိ နိုင်ငံရေးသမားများက တရုတ်ကို ထိုးနှက်လိုက်ခြင်းသာဖြစ်ကြောင်း ထိုကဲ့သို့ နိုဗယ်လ်ဆုပေးအပ်ခြင်းသည် တရုတ်၏ တရားစီရင်မှုစနစ်ကို လေးစားမှုကင်းမဲ့စေကြောင်း၊ ဆုရသွားသူမှာ ရာဇဝတ်မှု ကျူးလွန်ခဲ့ခြင်းသာဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

၂၀၁၀ ပြည့်နှစ်တွင် ဘောဂဗေဒဆိုင်ရာ နိုဗယ်လ်ဆုရရှိသူ သုံးဦးအထိရှိလာသည်။ ၎င်းတို့မှာ အမေရိကန်နိုင်ငံမှဖြစ်ကြသော ပီတာဒိုင်းမွန်း၊ ဒေးလ်မော်တန်ဆန်နှင့် ဗြိတိန်နိုင်ငံမှ ခရစ်စတိုဖာပစ္စာရိုက်တို့ဖြစ်ကြသည်။ ပီတာဒိုင်းမွန်းသည် မက်ဆာချူးဆက်နည်း ပညာတက္ကသိုလ်မှဘောဂဗေဒပညာရှင်ဖြစ်သည်။



**နိုဗယ်လ်ဆုရရူပဗေဒပညာရှင်နှစ်ဦး**

ဒေးလ်မော်တန်ဆန်မှာ အီလီနွိုင်ပြည်နယ် အနောက်မြောက်တက္ကသိုလ်မှ ဘောဂဗေဒပညာပါမောက္ခတစ်ဦးဖြစ်ပြီး ခရစ္စတိုဖာပစ္စာရိုက်သည် လန်ဒန်စီးပွားရေးတက္ကသိုလ်မှ ဆရာတစ်ဦးဖြစ်သည်။ ၎င်းတို့သည် အလုပ်အကိုင်ဈေးကွက်နှင့် အလုပ်အကိုင်ရှာဖွေရေးကွာဟမှုများအပေါ် အသေးစိတ်ရှုမြင်သုံးသပ်ပြီး ထိုသို့ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ သဘောတရားအခြေခံများကို ထုတ်ဖော်တင်ပြနိုင်ခဲ့ကြသဖြင့် ယင်းပြဿနာများကို ပြေလည်အောင်ဖြေရှင်းရာတွင် ယခင်ကထက်ပိုမိုအဆင်ပြေလာကြမည်ဟု ယူဆရကြောင်း နိုဗယ်လ်ဆုရွေးချယ်ရေးအဖွဲ့က မှတ်ချက်ပြုသည်။

၂၀၁၀ ပြည့်နှစ်အတွက် ဓာတုဗေဒထူးချွန်နိုဗယ်လ်ဆုရရှိသူများမှာ ဂျပန်သိပ္ပံပညာရှင်နှစ်ဦးဖြစ်သည်။ အသက် ၇၅ နှစ်ရှိ အဲအိချိနဲငိရှိအမည်ရှိသော အမေရိကန်နိုင်ငံ ပါဂျူးတက္ကသိုလ်မှ ပါမောက္ခနှင့် ဂျပန်နိုင်ငံဟော့ကိုင်းဒိုးတက္ကသိုလ်မှ အသက် ၈၀ ရှိ ပါမောက္ခကြီး အခိရာ စူဇူကီးတို့ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဆေးဝါးစိုက်ပျိုးရေးနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းများထုတ်လုပ်ရာတွင် လတ်တလောကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေပြီဖြစ်သည့် ကာဗွန်အက်တမ်များ စုစည်းထားနိုင်သည့်နည်းသစ်ကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းအတွက် ဓာတုဗေဒထူးချွန်နိုဗယ်လ်ဆုများကို ရရှိခြင်းဖြစ်သည်။

ဆွီဒင်တာဝန်သိပ္ပံအသင်းကြီးက အောက်တိုဘာလ ၅ ရက်နေ့တွင် ရူပဗေဒဆိုင်ရာနိုဗယ်လ်ဆုရရှိသူ ပညာရှင်နှစ်ဦးကို ထုတ်ပြန်ကြေညာသည်။ ထိုပညာရှင်နှစ်ဦးမှာ အန်ဒရေဂိမ်းနှင့် ကွန်စတန်တင်နိုဗိုဆယ်လော့ဗ်တို့ဖြစ်ကြသည်။ ၎င်းတို့သည် အလွန့်အလွန်ပါးလွှာသော ကာဗွန်ချပ်လွှာတို့၏ ဂုဏ်သတ္တိကို စူးစမ်းလေ့



**ဓာတုဗေဒထူးချွန်နိုဗယ်လ်ဆုရရှိသူ ဂျပန်လူမျိုးနှစ်ဦး**

လာမှုအတွက် ထူးချွန်ပြောင်မြောက်သဖြင့် နိုဗယ်လ်ဆု ချီးမြှင့်ခံရခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်အတွက် ဆေးပညာရပ်ဆိုင်ရာ နိုဗယ်လ်ဆုရရှိသူမှာ ရော့ဘတ်ဂျီအက်ဒဝပ်ဖြစ်သည်။ ၎င်းသည် အင်္ဂလန်နိုင်ငံသားဖြစ်ပြီး ဖန်ပြွန်သန္ဓေသား ဆေးသုတေသနနှင့်ပတ်သက်၍ နိုဗယ်လ်ဆုရရှိခြင်းဖြစ်သည်။ ၁၉၂၅ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က မွေးဖွားခဲ့သော အက်ဒဝပ်သည်ယခုအခါ၌ အသက် ၈၀ ကျော်အရွယ်ဖြစ်သည်။

**နိုင်ငံများ။** ။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသော ကိုယ်ပိုင်ရပ်တည်ချက်များနှင့်အတူ နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ကုလသမဂ္ဂကြီးအရိပ်အောက်၌ ငြိမ်းချမ်းသာယာရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ ၎င်းတို့အနက် ၂၀၁၀ ပြည့်နှစ်အတွင်း နိုင်ငံအချို့၏ ထင်ရှားကျော်ကြားသည့်အကြောင်းချင်းအရာများကို အောက်ပါအတိုင်း အက္ခရာစဉ်စနစ်ဖြင့် ဖော်ပြအပ်ပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ။** ။ ကမ္ဘောဒီးယားနိုင်ငံ၏ တရားဝင်အမည်မှာ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ (Kingdom of Cambodia) ဖြစ်သည်။ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင် ၆၉,၉၀၀ ရှိသည်။ မြို့တော်မှာ ဖနောင်ပင်ဖြစ်ပြီး လူဦးရေ ၁ ဒသမ ၃ သန်းရှိသည်။ တစ်နိုင်ငံလုံးလူဦးရေမှာ ၂၀၀၈ ခုနှစ် သန်းခေါင်စာရင်းအရ ၁၃ ဒသမ ၄ သန်းရှိသည်။ နိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းမှာ ကမ္ဘောဒီးယား (ခမာ) လူမျိုးဖြစ်ပြီး ဗီယက်နမ်လူမျိုး ၅ ရာခိုင်နှုန်း၊ တရုတ်လူမျိုး ၁ ရာခိုင်နှုန်းနှင့် အခြားတောင်ပေါ်လူမျိုးစုများ၊ ချမ်းနှင့် ဟောနိုလူမျိုးမှာ ၄ ရာခိုင်နှုန်းခန့်ရှိသည်။ လူဦးရေ၏ ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ပြီး ကျန်လူဦးရေမှာ အစ္စလာမ်၊ နတ်နှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြင်သစ်နိုင်ငံအောက်မှ နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။ စည်းမျဉ်းခံဘုရင်စနစ်အောက်ရှိ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရသောအစိုးရက နိုင်ငံကိုအုပ်ချုပ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုအခြေခံဥပဒေကို ၁၉၉၉ ခုနှစ် မတ်လ ၆ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၀၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တစ်ကြိမ် အသီးသီးပြင်ဆင်မှုပြုခဲ့သည်။ အုပ်ချုပ်ရေး အာဏာကို ဘုရင်သီဟာမိုနီက ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ ကိုင်တွယ်ကာတာဝန်ထမ်းဆောင်ခဲ့သည်။ ဟွန်ဆန်သည် ၁၉၈၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ စတင်၍ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်သည်။ အစိုးရအဖွဲ့ကို ဒုတိယဝန်ကြီးချုပ် ၁၀ ဦး၊ ဝန်ကြီး ၁၆ ဦး၊ ဒုတိယဝန်ကြီး ၂၆ ဦး၊ အမြဲတမ်းအတွင်းဝန် ၂၀၆ ဦး၊ ဒုတိယအတွင်းဝန် ၂၀၅ ဦးဖြင့်ဖွဲ့စည်းထားသည်။ ဥပဒေပြုရေးအာဏာသည် ရွေးကောက်တင်မြှောက်ခံ အမတ် ၁၂၃ ဦး ပါဝင်ဖွဲ့စည်းထားသည့် အမျိုးသား လွှတ်တော်နှင့် အမတ် ၆၁ ဦးပါဝင်ဖွဲ့စည်းထားသော အထက်လွှတ်တော် (ဆီးနိတ်) တွင်ရှိသည်။ တရားစီရင် ရေးအာဏာကို တရားရုံးချုပ်နှင့် ၎င်း၏ လက်အောက်ခံ တရားရုံးများ၌ အပ်နှင်းထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံအတော်များများနှင့် သံတမန်အဆက်အသွယ်ထူထောင်ထားသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် ၎င်း၏အဖွဲ့ခွဲများအပါအဝင် အဓိကနိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည်။ ၁၉၉၈ ခုနှစ်တွင် အရှေ့တောင်

အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင်နိုင်ငံဖြစ်လာခဲ့သည်။

ထိုင်းနှင့်ကမ္ဘောဒီးယားသည် ရှည်လျားသော နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကြောင်းချင်းထိစပ်နေပြီး ၎င်းတို့အကြားစစ်ပွဲများ၊ ပဋိပက္ခများ၊ ပြဿနာများ ဖြစ်ပွားလေ့ရှိသည့်သမိုင်းကြောင်းရှိသည်။ နှစ်နိုင်ငံအကြားနောက်ဆုံးဖြစ်ပွားခဲ့သော နယ်စပ်ပြဿနာမှာ ၂၀၀၉ ခုနှစ် ဧပြီလနှင့် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် ၁၀ ရာစုခေတ်ပရီဗီးဟား (Preah Vihear) ရှေးဟောင်းဘုရားဝတ်ကျောင်းနှင့် ထိုဘုရားဝတ်ကျောင်းအနီးဝန်းကျင်နယ်မြေများအပေါ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ နှစ်ဖက်တပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာမှ စတင်ခဲ့သည်။ အဆိုပါဘုရားဝတ်ကျောင်းမှာ ယူနက်စကို အဖွဲ့ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်ပေးထားခဲ့ပြီးဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးရရှိပြီး ပြင်သစ်တို့ ဆုတ်ခွာသွားပြီးနောက်ပိုင်း ၁၉၅၄ ခုနှစ်တွင် ထိုင်းက ပရီဗီးဟားဘုရားဝတ်ကျောင်း (Preah Vihear Temple) ကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် နယ်သာလန်နိုင်ငံ သည်ဟေ့ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice) က ပရီဗီးဟား ဘုရားဝတ်ကျောင်းကို ကမ္ဘောဒီးယားက ပိုင်ဆိုင်ကြောင်း အမိန့်ချမှတ်ပေးခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို ထိုင်းတို့က ဒေါသတကြီးကန့်ကွက်ခဲ့ကြသည်။ ယင်းနောက်မကြာသေးမီနှစ်များအတွင်း ပရီဗီးဟားဝတ်ကျောင်းကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နယ်မြေ (World Heritage Site) အဖြစ်သတ်မှတ်ပေးရန် UNESCO အဖွဲ့ကြီးထံ လျှောက်ထားခဲ့ပြီးနောက် ဘုရားဝတ်ကျောင်းပိုင်ဆိုင်မှု ပြဿနာမှာ အသစ်တဖန်ဖြစ်ပေါ်လာခဲ့ရပြန်သည်။ ဤပိုင်ဆိုင်မှုပြဿနာသည် နှစ်နိုင်ငံအစိုးရတို့၏ နိုင်ငံရေးပါတီများအဖို့ ပြည်တွင်း၌ နိုင်ငံရေးအကျိုးအမြတ်တစ်စုံတစ်ရာ ရရှိရေးအတွက် အသုံးပြုသည့် အကြောင်းအရာတစ်ခုဖြစ်လာခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၁၀ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ကမ္ဘောဒီးယားနှင့် ထိုင်းတို့အကြား ဖြစ်ပေါ်နေသော နယ်စပ်အငြင်းပွားမှု ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းကြရန် တောင်းဆိုခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ဘယ်လ်ဂျီယံ၌ ကျင်းပမည့်အာရှ– ဥရောပအစည်းအဝေးသို့ တက်ရောက်ရန် ပြင်ဆင်ထားကြသော ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ထိုင်းဝန်ကြီးချုပ် အဘီဆစ်နှင့် နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ထိုင်းကမူ နှစ်ဘက်ကိုယ်စားလှယ်များသာ ပါဝင်သောတွေ့ဆုံဆွေးနွေးမှုမျိုးသာ လိုလားပြီး အခြားကြားဝင်ညှိနှိုင်းပေးသည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများ ပါဝင်သောတွေ့ဆုံမှုမျိုးကို မလိုလားကြောင်းပြောဆိုခဲ့သည်။ ထိုင်းဝန်ကြီးချုပ် အဘီဆစ်ကလည်း ပရီဗီးဟားဘုရားကျောင်းနယ်မြေ ပိုင်ဆိုင်မှုပြဿနာကို ကမ္ဘောဒီးယားနှင့် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုကို အာဆီယံအဖွဲ့၏ ကြားဝင်ညှိနှိုင်းမှုမပါဘဲ ဖြေရှင်းရန် လိုလားကြောင်း အလေးထားပြောကြားခဲ့သည်။

နယ်စပ်ပြဿနာအပြင် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်အပေါ် ချီးကျူးစကားပြောကြားသည်။ သို့သော် ကမ္ဘောဒီးယား စီးပွားရေးအကြံပေးအဖြစ် ရာထူးခန့်အပ်ခဲ့မှုအပေါ် အလွန်အမင်းစိတ်ပျက်ရကြောင်း ထိုင်းအစိုးရက ထုတ်ဖော်ပြောဆိုခဲ့သည်။ သက်ဆင်မှာ ထိုင်းနိုင်ငံ၌ အကျင့်ပျက်ခြစားမှုစွဲချက်ဖြင့်တရားစွဲခံနေရပြီး ၂၀၀၆ ခုနှစ်တွင် ထိုင်းစစ်တပ်၏ အာဏာဖြုတ်ချမှုကိုခံခဲ့ရသည်။

၂၀၀၉ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ ထိုင်းစစ်သည် ၃ ဦး၊ ကမ္ဘောဒီးယားစစ်သည် ၂ ဦး ကျဆုံးခဲ့သည်။ ကမ္ဘောဒီးယားတို့က ထိုင်းစစ်သည် ၄ ဦး သေဆုံး၊ ၆ ဦး ဒဏ်ရာရ၊ ၁၀ ဦး အဖမ်းခံရသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားအစိုးရက မစ္စတာသက်ဆင်အား စီးပွားရေးအကြံပေး

အဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ခဲ့မှုကြောင့် ထိုင်းအစိုးရက ကမ္ဘောဒီးယားရှိထိုင်းသံတမန်များကို ရုပ်သိမ်းခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လတွင်မူ ကမ္ဘောဒီးယား နောက်ခံပြုသည့် တရားခုံရုံးက အမိန့်ချမှတ်ခဲ့သည်။ ၎င်းသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ က အာဏာမှ ဖြုတ်ချခံခဲ့ရသည့် ခမာနီအစိုးရအဖွဲ့၏ အဓိကခေါင်း



**ထိုင်း–ကမ္ဘောဒီးယားနယ်စပ်ရှိ ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသောဘုရားကျောင်း**

အစိုးရက ထိုင်းဝန်ကြီးချုပ်ရာထူးမှ ဖြုတ်ချခံထားရသော ထိုင်းဝန်ကြီးချုပ် သက်ဆင်အားငင်း၏ စီးပွားရေးအကြံပေးအဖြစ်မှ ဖြုတ်ချရန်ကြေညာပြီးနောက်တွင် ထိုင်းအစိုးရသည် ကမ္ဘောဒီးယားနှင့် သံတမန်အဆက်အသွယ် ပြန်လည်ပြုလုပ်တော့မည် ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ကမ္ဘောဒီးယားအစိုးရက သက်ဆင်သည် ၎င်း၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် ကမ္ဘောဒီးယားစီးပွားရေးအကြံပေးအဖြစ် ဆက်လက် လုပ်ဆောင်နိုင်တော့မည် မဟုတ်ကြောင်းပြောဆိုပြီး ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၁၀ ပြည့်နှစ် ဇူလိုင်လအတွင်း အသက် ၆၇ နှစ်အရွယ် ခမာနီအကျဉ်းထောင်မှူးဟောင်းတစ်ဦးဖြစ်သူ ကိုင်ဂွက်အိမ် (ဒုတ်ချ်ဟုလူသိများ) အား အကျဉ်းသား ပေါင်း ၁၄,၀၀၀ ကျော်တို့ကို ညှဉ်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်မှုတွင် ပါဝင်ကြီးကြပ်လုပ်ဆောင်ခဲ့မှုအတွက် စစ်ရာဇဝတ်မှုနှင့် လူမျိုးတုံး သတ်ဖြတ်သည့် အပြစ်ကျူးလွန်ကြောင်း ကုလသမဂ္ဂကျောထောက် ဆောင်များအနက် ပထမဦးဆုံးအဖြစ် ခုံရုံးတင်စစ်ဆေးခံခဲ့ရသူလည်းဖြစ်သည်။ ၎င်းအားချမှတ်ခဲ့သောပြစ်ဒဏ်မှာ ထောင်ဒဏ် ၃၅ နှစ် ဖြစ်သော်လည်း အမှုရင်ဆိုင်စဉ် အချုပ်ခံခဲ့ရသော ၁၆ နှစ်ကို ကင်းလွတ်ခွင့်ပြုပြီး ကျန် ၁၉ နှစ်ကိုသာ ထောင်ဒဏ်ကျခံရမည်ဖြစ်သည်။ တရားစီရင်သူများက အမှုကိုနိုင်လုံအောင် နှစ်ပေါင်း ၄၀ ကြာတည်ဆောက်ခဲ့ရသည်။ ခမာနီအစိုးရသည် ကမ္ဘောဒီးယားကို ၁၉၇၅ ခုနှစ် မှ ၁၉၇၉ ခုနှစ်အထိ အုပ်ချုပ်ခဲ့ကြပြီး ထိုကာလအတွင်း လူ ၁ ဒသမ ၇ သန်း သေဆုံးခဲ့ရမှုအတွက် တာဝန်ရှိခဲ့သည်ဟုဆိုသည်။ ခမာနီအစိုးရ ခေါင်းဆောင်များအပေါ် ခုံရုံးတင်စစ် ဆေးမှုကို ၂၀၀၆ ခုနှစ်က စတင်ခဲ့သည်။ ယခုအခါ "အမှုနံပါတ်–၂" ကို စစ်ဆေးရန် ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ ဤအမှုတွင် အဓိကပါဝင်သောတရားခံ ၄ ဦးဖြစ်သည့် ခမာနီအစိုးရအဖွဲ့ ထိပ်တန်းခေါင်းဆောင်များသည် အချုပ်ခန်းထဲ၌ ရောက်ရှိနေပြီး လာမည့်နှစ်အတွင်း စစ်ဆေးခံရန် စောင့်ဆိုင်းလျက်ရှိကြသည်။ အဆိုပါ ထိပ်တန်းခေါင်း

ဆောင် ၄ ဦးမှာ သမ္မတဟောင်း ခီယူဆန်ဖန်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း အီယန်ဆရီ၊ လူမှုဖူလုံရေးဝန်ကြီး အီယန်သီရစ် (အီယန်ဆရီ၏ဇနီး) နှင့် သဘောတရားရေးရာအကြီးအကဲ နွမ်ချေးတို့ဖြစ်သည်။

အသက်ရှင်နေဆဲ ခမာနီခေါင်းဆောင်ဟောင်းများအား ၎င်းတို့ကျူးလွန်ခဲ့သောလူမျိုးတုံးညှဉ်းပန်းသတ်ဖြတ်ခဲ့မှုအတွက် တရားဥပဒေအရ ခုံရုံးတင်စစ်ဆေးအပြစ်ပေးရန် ကုလသမဂ္ဂအဖွဲ့ကြီးသို့ ကမ္ဘောဒီးယားပြည်သူများက ဆယ်စုနှစ်များစွာ တစိုက်မတ်မတ်တောင်းဆိုခဲ့မှုကြောင့် ဤသို့ စစ်ဆေးအပြစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝန်းသို့ လူမျိုးတုံးသတ်ဖြတ်မှုအပေါ် စုံစမ်းစစ်ဆေးကူညီရန် ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် တောင်းဆိုခဲ့သည်။ ထိုသို့ဖြင့် ကုလသမဂ္ဂနှင့် ကမ္ဘောဒီးယားအစိုးရတို့အကြားကာလအတန်ကြာဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ၂၀၀၆ ခုနှစ်တွင် ပူးတွဲခုံရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၂၀၀၉ ခုနှစ် တိုင်းပြည်ဝင်ငွေ (GDP) မှာအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ ဘီလီယံရှိသည်။ တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၃၁ ဖြစ်သည်။ ဖွံ့ဖြိုးမှုနှုန်းများမှာ ၂၀၀၉ ခုနှစ်စာရင်းအရ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ငွေကြေးဖောင်းပွနှုန်းမှာ ၂၀၀၉ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ အဓိကသဘာဝတွင်းထွက်ပစ္စည်းများမှာ သစ်၊ ကျောက်မျက်ရတနာ၊ သံရိုင်းအနည်းငယ်၊ မင်္ဂနီးစ်နှင့် ဖော့စဖိတ်သတ္တုများဖြစ်သည်။ မဲခေါင်မြစ်မှ ရေအားလျှပ်စစ်ထုတ်လုပ်သည်။ မတူးဖော်ရသေးသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဘောက်ဆိုက်သတ္တုများရှိသည်။ ၂၀၀၉ ခုနှစ် စာရင်းအင်းအရ (GDP) ၏ ၃၃ ဒသမ ၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးကဏ္ဍမှရရှိသည်။ စိုက်ပျိုးမြေဧက ၂ ဒသမ ၅သန်း ရှိသည်။ စိုက်ပျိုးရေးထွက်ကုန်များမှာ ဆန်၊ ရော်ဘာ၊ ပြောင်း၊ အသား၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ နို့ထွက်ပစ္စည်းများ၊ သကြားနှင့် ဂျုံမှုန့်တို့ဖြစ်သည်။ ၂၀၀၉ ခုနှစ်စာရင်းအရ တိုင်းပြည်ဝင်ငွေ၏ ၂၁ ဒသမ ၇ ရာခိုင်နှုန်းမှာ စက်မှုကဏ္ဍမှရရှိသည်။ စက်မှုလုပ်ငန်းအမျိုးအစားများမှာ အထည်ချုပ် လုပ်ငန်း၊ ဖိနပ်ထုတ်လုပ်ရေး၊ ဆန်စက်၊ ဆေးရွက်ကြီး၊ ငါးဖမ်းခြင်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေး၊ သစ်နှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်ရေး၊ ချည်ထည်လုပ်ငန်း၊ ဘိလပ်မြေ၊ ရော်ဘာ ကုန်ချောထုတ်လုပ်ရေး၊ စက္ကူနှင့် အစားအစာပြုပြင် ထုတ်လုပ်ရေးလုပ်ငန်းအချို့ဖြစ်သည်။ ၂၀၀၉ ခုနှစ် စာရင်းအင်းအရ တိုင်းပြည်ဝင်ငွေ၏ ၃၈ ဒသမ ၈ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်း၊



**ခမာနီခေါင်းဆောင် ပိုပေါ်၏ ညာလက်ရုံး ခေါင်းဆောင်ဟောင်းနွမ်ချေး**

ကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ရရှိသည်။

၂၀၀၉ ခုနှစ် အစိုးရ ရသုံးမှန်းခြေစာရင်းအရ အခွန်ရရှိငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈ ဘီလီယံ၊ အသုံးစရိတ် ၁ ဒသမ ၈ ဘီလီယံ၊ နိုင်ငံခြားထောက်ပံ့ရရှိငွေ ၆၀၆ သန်း ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ပထမ ၆ လပတ်ကာလအတွင်း ကမ္ဘောဒီးယားသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၂ သန်းရှိသည်။ ယခင်နှစ် အလားတူကာလတွင် ၁ ဒသမ ၁ သန်းရှိခဲ့သည်)။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၀ ပြည့်နှစ်တွင် တိုင်းပြည်ဝင်ငွေဖွံ့ဖြိုးမှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း မှ ၅ ရာခိုင်နှုန်းရှိသည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့က ပြောကြားခဲ့သည်။ ပို့ကုန်မြင့်မားမှုက အဓိကအကြောင်းအရင်းဖြစ်နေသော ကမ္ဘောဒီးယားအဖို့ စိုးရိမ်စရာ များစွာရှိနေသည်။ အဓိကပို့

ကုန်ဈေးကွက်မှာ အမေရိကန်နှင့် ဥရောပဈေးကွက် ဖြစ်နေသည်။ အသင့်ချုပ်ပြီး အဝတ်အထည်တင်ပို့ခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့မှာ ကမ္ဘောဒီးယား၏ အဓိကစီးပွားရေးလုပ်ငန်းအဖြစ်တည်ရှိနေသည်။

ကုန်သွယ်ရေးဘက်တွင် ၂၀၀၉ ခုနှစ် ပြည်ပပို့ကုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ ရရှိခဲ့သည်။ အဓိက ပို့ကုန်များမှာ ချုပ်လုပ်ပြီးအထည်၊ ရှူးဖိနပ်၊ စီးကရက်၊ ရာဘာကုန်ကြမ်း၊ ဆန်၊ ငရုတ်ကောင်းစေ့၊ သစ်၊ ငါးတို့ ဖြစ်သည်။ အဓိက ကုန်သွယ်ဘက် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်)၊ စင်ကာပူ၊ ဂျပန်နှင့် ဗီယက်နမ်တို့ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ပြည်ပမှ ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ တန်ဖိုးရှိသော လောင်စာဆီ၊ စီးကရက်၊ မော်တော်ယာဉ်၊ စားသုံးကုန်များ၊ စက်ပစ္စည်းကိရိယာများ တင်သွင်းခဲ့သည်။ အဓိက တင်သွင်းသော နိုင်ငံများမှာ ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ဗီယက်နမ်၊ တရုတ် (ထိုင်ဝမ်) နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ကူညီထောက်ပံ့ငွေနှင့် ချေးငွေ အမေရိကန်ဒေါ်လာ ၉၈၉ သန်းရရှိခဲ့သည်။ အဓိက ကူညီထောက်ပံ့သည့် နိုင်ငံနှင့် အဖွဲ့အစည်းများမှာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ (EU)၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဆွီဒင်၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြသည်။

အဓိကနိုင်ငံခြား ရင်းနှီးမြှုပ်နှံကြသည့်နိုင်ငံများမှာ ကိုရီးယား၊ တရုတ်၊ ရုရှား၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်တို့ဖြစ်ကြသည်။

၂၀၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ကမ္ဘောဒီးယားသုံးငွေ ရီရဲလ် ၄,၁၆၆ ဖြစ်သည်။

၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းထက်ကျော်လွန်ကာ ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့သည်။ အထည်ချုပ်လုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကမောင်းနှင်အားများဖြစ်သည်။ ငွေဖောင်းပွမှုနှုန်းမှာလည်း သိသိသာသာ နိမ့်ကျလျက်ရှိနေခဲ့သည်။ ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်ကြောင့် ၂၀၀၉ ခုနှစ်၌ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ သုညရာခိုင်နှုန်းနီးပါးရောက်ရှိခဲ့သည်။ သို့ရာတွင် ၂၀၁၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုနှုန်းမြင့်တက်လာမည်ဟု ခန့်မှန်းရပေသည်။ နိုင်ငံ၏စီးပွားရေးတစ်ခုလုံးကို အမေရိကန်ဒေါ်လာဖြင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ဒေါ်လာနှင့် ကမ္ဘောဒီးယားငွေကြေးရီရဲလ်နှစ်မျိုးစလုံးကို လွတ်လပ်စွာ ချိတ်ဆက်သုံးစွဲနိုင်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပအကူအညီများအပေါ် အလွန်အမင်း အမှီသဟဲပြုနေရဆဲဖြစ်သည်။ အစိုးရ ရသုံးမှန်းခြေငွေစာရင်း၏ ထက်ဝက်ခန့်မှာ ပြည်ပအလှူငွေများအပေါ် မှီခိုနေရသည်။ ကောင်းမွန် အားကောင်းသော မက္ကရိုစီးပွားရေးမူဝါဒ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများအားဆွဲဆောင်နိုင်စွမ်းရှိသည့်အစိုးရ၏ ပွင့်လင်းမှုတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) မှာ ၂၀၀၄ ခုနှစ်မှ စ၍ ၁၂ဆမျှတိုးတက်လာခဲ့သည်။

ကုန်ပစ္စည်းထုတ်လုပ်မှုမှာ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အခြေတည်လျက်ရှိသည်။ ကမ္ဘောဒီးယား၏ ပို့ကုန်ပစ္စည်းများတွင် အသင့်ချုပ်လုပ်ပြီး အထည်များမှာ အဓိကဖြစ်သည်။ ထိုအသင့်ချုပ်ပြီးအထည်များကို အထူးသဖြင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရသည်။ ဤလုပ်ငန်းသည် ၁၉၉၀ ပြည့်လွန်နှစ်များအလယ်မှ ၂၀၀၈ ခုနှစ်တိုင်အောင် လျင်မြန်စွာတိုးတက်ခဲ့သည်။ အလုပ်သမားပေါင်း ၃,၅၀,၀၀၀ ကို အလုပ်ပေးနိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိ ရရှိခဲ့သည်။ သို့ရာတွင် ကမ္ဘာ့စီးပွားရေးကျဆင်းလာမှုကြောင့် ဝယ်လိုအားကျဆင်းခဲ့ရာ ပို့ကုန် ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့ရပြီး ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အလုပ်သမားဦးရေ ၆၀,၀၀၀

အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ ကမ္ဘာလည့်ခရီးသွားလုပ်ငန်းကဏ္ဍကိုကြည့်လျှင် ၂၀၀၈ ခုနှစ်အတွင်း ခရီးသည် ၂ သန်းခန့်ရောက်ရှိခဲ့သည်။ ထိုခရီးသွားလုပ်ငန်းမှာလည်း ကမ္ဘာ့စီးပွားရေး နှေးကွေးလာမှုကြောင့် ထိခိုက်နစ်နာခဲ့ရသည်။

ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းနှင့် အစားအသောက်ထောက်ပံ့မှု ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများမှာ အဓိကပါဝင်လျက်ရှိသည်။ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေမှုကို ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့သည်။ စီးပွားဖြစ်ထုတ်လုပ်မှုကိုမူ ၂၀၁၂ ခုနှစ်တွင်မှ ပြုလုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ သို့ရာတွင် စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်မှုမှာ မည်မျှကြာကြာထုတ်လုပ်နိုင်မည် (သို့မဟုတ်) ကမ္ဘောဒီးယား၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ပမာဏမှာ မည်မျှရှိသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းပြောနိုင်ခြင်းမရှိသေးပေ။

လတ်တလောစီးပွားရေးတိုးတက်မှုများရှိနေသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကျဆင်းမှုမှာ ဆယ်စုနှစ်များစွာကြာညောင်းခဲ့ပြီးဖြစ်သည်။ စစ်နှင့်ပြည်တွင်း ပဋိပက္ခများ၏ အမွေတို့ကြောင့် ဆိုးဝါးစွာခံစားနေရဆဲဖြစ်သည်။ တစ်ဦးချင်းဝင်ငွေနှင့် ပညာတတ်မြောက်မှုအဆင့်မှာ အိမ်နီးချင်းနိုင်ငံများထက် နိမ့်ကျလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုမှာ လျင်မြန်စွာ တိုးတက်နေသော်လည်း အခြေခံအဆောက်အအုံများမှာ ပြည့်စုံလုံလောက်စွာ တည်ရှိနေခြင်းမရှိသေးပေ။ ကျေးလက်နေ မိသားစုအများစုသည် လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာလုပ်ငန်းနှင့် ဆက်စပ်နေသောအလုပ်များအပေါ် မှီခိုနေရဆဲဖြစ်သည်။ အကျင့်ပျက်ခြစားမှုနှင့် ဥပဒေ၏ အကာအကွယ်ပေးမှုမရှိခြင်းတို့က စီးပွားရေးအခွင့်အလမ်းနှင့်ယှဉ်ပြိုင်လုပ်ကိုင်မှုများကို အဟန့်အတား ဖြစ်စေလျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံတွင်နှစ်စဉ်ကျင်းပခဲ့သည့် ပွဲတော်များအနက် ရေသဘင်ပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုပွဲကို နိုင်ငံတစ်ဝန်းလုံးက လူနှစ်သန်းခန့်ပါဝင်ဆင်နွှဲလေ့ရှိသည်။ ယခု ၂၀၁၀ပြည့်နှစ် ကမ္ဘောဒီးယားနိုင်ငံ၏ ရေသဘင်ပွဲတော်ကို နိုဝင်ဘာလ



ရေသဘင်ပွဲတော်အပျော်လွန်မှုကြောင့် လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့ရသည့်တုန်လီဆပ် မြစ်ဖြတ်တံတား

၂၀ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့သည်။

နိဝင်ဘာ ၂၂ ရက်နေ့ညတွင် တံတားတစ်စင်းပေါ်၌ လူများထိတ်လန့်ပြီး တိုးဝှေ့ပြေးလွှားကြသဖြင့် လူ ၄၀၀ ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

တံတားသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့နှင့် ဒိုင်းမွန်းကျွန်းကို ဆက်သွယ်ထားသည့် တုန်လီဆပ်မြစ်ဖြတ်တံတားဖြစ်သည်။ ထိုစဉ်က ထိုတံတားပေါ်၌ တေးဂီတပွဲနှင့် လှေပြိုင်ပွဲကျင်းပနေခိုက်ဖြစ်သည်။ ထိုစဉ်ခဏတွင်လူများသည် ထိတ်လန့်မှုတစ်ခုကိုအကြောင်းပြု၍ အချင်းချင်းတိုးဝှေ့ပြေးလွှားသွားကြသည်။ တစ်ဦးကိုတစ်ဦးတိုးမိတိုက်မိကြသည်။ ၎င်းအတွက်ကြောင့် လူပေါင်း ၄၁၀ ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြသည်။

ထိုကဲ့သို့ လူအများအပြားသေဆုံးမှုသည် ၁၉၇၀ ပြည့်နှစ်က ခမာနီများသတ်ဖြတ်၍ အစုလိုက်အပြုံလိုက် အသက်ဆုံးရှုံးရမှုနောက်ပိုင်း၌ အဆိုးရွားဆုံးသေဆုံးမှုတစ်ရပ်ဖြစ်သည်ဟု မီဒီယာများက ဖော်ပြသည်။

ထိုကဲ့သို့ဆိုးရွားသည့်လူအများအပြား သေဆုံးရခြင်းနှင့်ပတ်သက်၍ တံတားပေါ်တွင် လူများပြည့်ကျပ်နေသောကြောင့် တံတားကျိုးကျမည်ကို စိုးရိမ်ကြရမှ တစ်ဆင့်ဟူ၍လည်းကောင်း၊ အမျိုးသမီးတစ်ဦးမူးမေ့လဲကျသွားသည်ကို အော်ဟစ်ရာမှတစ်ဆင့်ဟူ၍လည်းကောင်း ထင်မြင်ချက်အမျိုးမျိုးပေးကြသည်။

၎င်းဖြစ်ရပ်အတွက် ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က အစိုးရအဖွဲ့ဝင်များကို ညွှန်ကြားခဲ့ကြောင်း အမ်အင်န်၊ ဆင်ဟွာနှင့် အင်တာနက်သတင်းများကဖော်ပြသည်။

**ဂျပန်နိုင်ငံ။** ။တရုတ်ရေငုပ်သင်္ဘောနှစ်စင်းနှင့် ဖျက်သင်္ဘောရှစ်စင်းတို့သည် ဧပြီလအတွင်းက ၎င်းတို့၏ ရေပိုင်နက်အတွင်း ပြောင်ပြောင်တင်းတင်း ဖြတ်ကျော်ခဲ့ကြောင်း ဂျပန်နိုင်ငံက ကြေညာပြီးနောက်ဒေသတွင်း နိုင်ငံများက ရေတပ်တည်ဆောက်မှုကို အပြိုင်တိုးချဲ့လာကြသည်။ ဂျပန်နိုင်ငံအနေဖြင့် ၃၆ နှစ်အတွင်း ရေငုပ်သင်္ဘောတပ်ကို ပထမအကြိမ် ထပ်မံတိုးချဲ့သည်။

ရွေးကောက်ပွဲအတွက်မဲဆွယ်လှုပ်ရှားမှုများကို ဖွန်လကုန်ပိုင်းက စတင်ခဲ့ရာ အာဏာရပါတီနှင့် အတိုက်အခံပါတီတို့အနေဖြင့် လူသုံးကုန်ပစ္စည်းသုံးစွဲ ခွန်မြင့်တက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးစေမှုကို မဟာဗျူဟာအပါအဝင် ကိစ္စရပ်များအပေါ် အငြင်းအခုန်ပြုခဲ့ရသည်။ အာဏာရဒီမိုကရက်တစ်ပါတီ DPJ အနေဖြင့် အောက်လွှတ်တော်တွင် အမတ်နေရာအများဆုံးရရှိထားသည့်အတွက် ရွေးကောက်ပွဲတွင် အမတ်နေရာလုံလောက်စွာမရရှိသော်လည်း အာဏာကို ဆက်လက်စွဲကိုင်ထားနိုင်မည်ဖြစ်သည်။

ဝန်ကြီးချုပ် နာအိုတိုကန်က ဂျပန်နိုင်ငံစွမ်းအင်နှင့်အင်အားကြီးမားမှုကို ပြန်လည်ရရှိရန် DPJ ပါတီအနေဖြင့် နိုင်ငံ၏ဘဏ္ဍာရေးနှင့်လူမှုရေးလုံခြုံမှုစနစ်များကိုတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးတွင် အတွေ့အကြုံနည်းနေသော်လည်း ၎င်း၏ပြုပြင်ပြောင်းလဲရေးစီမံချက်များဆက်လက်ဆောင်ရွက်နိုင်ရန် ပါတီအပေါ်ထောက်ခံကြရန်လိုအပ်ကြောင်း ဇူလိုင်လ ၁၀ ရက်နေ့က ကီချီဂျိုဂျီအရပ်သို့ မဲဆွယ်ပွဲသွားရောက်စဉ် လူထုအားပြောကြားခဲ့သည်။ ဂျပန်နိုင်ငံတွင် အသက် ၂၀ ကျော် မဲပေးနိုင်သူ ပြည်သူသန်း ၁၀၀ ခန့်ရှိပြီး မဲရုံ ၅၀,၀၀၀ ခန့် ကို မဲပေးပွဲအတွက် ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်ကိုအဆုံးသတ်စေသည့် ဂျပန်လက်နက်ချမှု (၆၅) နှစ်မြောက်အခမ်းအနားကို ဩဂုတ်လ ၁၅ ရက်က ကျင်းပခဲ့ရာ ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန် တက်ရောက်ခဲ့ပြီး ဂျပန်၏ကျူးကျော်မှုခံခဲ့ရသော အာရှနိုင်ငံများ၏တောင်းပန်စကားပြောကြားခဲ့သည်။ ၎င်းအပြင်ဂျပန်စစ်ဝါဒီတို့၏ အမှတ်တံဆိပ်ဟုရှုမြင်ခံထားရသည့်တိုကျိုမြို့ရှိယာဆူကူနီစစ်ဗိမာန်သို့ သွားရောက်အလေးပြုလည်ပတ်ခြင်းကို ရှောင်ရှားခဲ့သည်။

သို့ရာတွင် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေး၊ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဆာဒါကာဇူတာနိဂါကီနှင့်ဥရောပလက်ယာစွန်းနိုင်ငံရေး

သမားများအပါအဝင် ပြင်သစ်အမျိုးသားတပ်ဦးပါတီ ခေါင်းဆောင်တို့မှာ အဆိုပါစစ်ဗိမာန်သို့သွားရောက် ဂါရဝပြုခဲ့ကြသည်။ လွှတ်တော်ဥပဒေပြုအမတ် ၄၀ ခန့် လည်းသွားရောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံ၏အစိတ်အပိုင်းတစ်ခုအား ပြင်ပ အင်အားကြီးနိုင်ငံတစ်ခုက ကျူးကျော်ပုံဖန်တီးထား သည့် ဂျပန်စစ်ရေးလေ့ကျင့်မှုကို ဩဂုတ်လအတွင်း ကပြုလုပ်ခဲ့ရာ အမေရိကန်အမှတ် (၇) ရေတပ်အင်အား ၆၀,၀၀၀ပူးပေါင်းပါဝင်ခဲ့သည်။ သံတမန်ရေးရာ ယဉ်ကျေးမှုအရကျူးကျော်သူကို အမည်မတပ်သော် လည်း ဂျပန်နိုင်ငံအား တရုတ်တို့ ကျူးကျော်မှုကိုတန်ပြန် တိုက်ခိုက်ရန် လေ့ကျင့်ခြင်းဖြစ်သည်ဟု သိနိုင်သည်။

အိန္ဒိယ–ဂျပန်မဟာဗျူဟာမြောက် စတုတ္ထ အကြိမ်ဆွေးနွေးပွဲအပြီး ဩဂုတ်လ ၂၂ ရက်က အိန္ဒိယနိုင်ငံ ခြားရေးဝန်ကြီး ခရစ်ရှ်နာနှင့်ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကာဒါတို့ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို နယူးဒေလီမြို့တွင်ကျင်းပရာ အရပ်ဘက်နျူကလီးယား သဘောတူညီမှုရရှိရေး ထုတ်ဖော်ပြောကြားခဲ့သည်။



**ရာထူးမှနုတ်ထွက်သွားသည့်**
**ဂျပန်ဝန်ကြီးချုပ်ဟောင်း ဟာတိုယာမာ**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ UNSC တိုးချဲ့ဖော်ဆောင် ရေးနှင့်ပတ်သက်၍ သဘောတူညီမှုမရှိသည့်နိုင်ငံများ အား တိကျသည့်နည်းလမ်းများဖြင့် ချဉ်းကပ်နိုင်ရေး ဆွေးနွေးခဲ့ကြပြီး အထွေထွေညီလာခံပြင်ပတွင် ကြိုးပမ်း အဖြေရှာသွားရန် ဝန်ကြီးနှစ်ဦးစလုံးက သဘောတူခဲ့ကြ သည်။ ၎င်းအပြင် အရပ်ဘက်နျူကလီးယားသဘော တူညီမှုရရှိရေး၊ လက်နက်ဖျက်သိမ်းရေးနှင့်နျူကလီး ယားလက်နက်မပြန့်ပွားရေးစာချုပ် NPT တို့နှင့်ပတ် သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ABC News တွင်ဖော်ပြသည်။

စက်တင်ဘာလ ၇ ရက်နေ့တွင် ဂျပန်ကမ်း ခြေစောင့် ကင်းလှည့်သင်္ဘော ၂ စင်းနှင့် တရုတ်ငါးဖမ်း သင်္ဘောတစ်စင်းတို့ အရှေ့တရုတ်ပင်လယ်ပြင်အတွင်း ဒိုင်အိုယူကျွန်းများအနီး၌တိုက်မိရာ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း တရုတ်ငါးဖမ်းသင်္ဘောကို ဂျပန်ကင်း လှည့်သင်္ဘောကဖမ်းဆီးခဲ့သဖြင့် နှစ်နိုင်ငံအကြား အချင်းများမှု ဖြစ်ပွားခဲ့သည်။

အဆိုပါတရုတ်ငါးဖမ်းသင်္ဘောအား ဂျပန်က ဖမ်းဆီးထားမှုများအပေါ် မကျေမနပ်ဖြစ်နေကြသည့် တရုတ်ပြည်သူများက စက်တင်ဘာလ ၁၈ ရက်နေ့က ပေကျင်းမြို့ရှိဂျပန်သံရုံးအပြင်ဘက်နှင့်နိုင်ငံခြားရေး ဝန်ကြီးဌာနရှေ့တို့တွင် နိုင်ငံတော်သီချင်း၊ အမျိုးသား ရေးကြွေးကြော်သံများကို ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။

တရုတ်ခေါင်းဆောင်ဟောင်းမော်စီတုန်း ပုံပါသော တီရှပ်များဝတ်ဆင်ထားသည့် လူငယ်ဆန္ဒပြ သမားများက နိုင်ငံခြားသားများကို ဆန့်ကျင်သော၊ ဂျပန်အစိုးရကို ဆန့်ကျင်သောကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့ပြီးနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ဥပဒေနည်းလမ်းများ၊ အကျိုး အကြောင်းခိုင်လုံသောနည်းလမ်းများဖြင့် ၎င်းတို့၏ဆန္ဒ များကို ထုတ်ဖော်ခြင်းသာဖြစ်ကြောင်းပြောကြားသည်။

တရုတ်အစိုးရက ဆန့်ကျင်ကန့်ကွက်နေသည် ကြားကပင် ဂျပန်ကမ်းခြေ စောင့်တပ်ဖွဲ့က တရုတ် သင်္ဘောကပ္ပတိန်ဇန်ကွိဇောင် ၄၁ နှစ်အား တာဝန် နှောင့်ယှက်မှုဖြင့်ဖမ်းဆီးခဲ့ပြီး ဌာနေတရားရုံးက ၎င်းကို စက်တင်ဘာလ ၁၉ ရက်အထိ ဖမ်းဆီးထားရန် စက်တင်ဘာလ ၁၀ ရက်နေ့က ခွင့်ပြုခဲ့သည်။ အဆိုပါ နေ့၌ပင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျေချီက ဂျပန်သံအမတ်အားခေါ်ယူတွေ့ဆုံကာ တရုတ်သင်္ဘော နှင့် သင်္ဘောသားများအား ပြန်လွှတ်ပေးရန်တောင်းဆို ခဲ့ပြီး တရုတ်အစိုးရအနေဖြင့် စက်တင်ဘာလအလယ် တွင် ကျင်းပရန်ရှိသည့် အရှေ့တရုတ်ပင်လယ်အရေး ဂျပန်နှင့် ဆွေးနွေးပွဲကိုလည်း ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း

ချက်ချင်းဆုံးဖြတ်ခဲ့သည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံတော်ကောင်စီဝင် ဒေဘင်ဂိုက စက်တင်ဘာလ ၁၂ ရက်နေ့က ဂျပန်သံ အမတ်အားဆင့်ခေါ်ကာ အခြေအနေအပေါ် တရုတ်အစိုးရအနေဖြင့်စိုးရိမ်နေပြီး ဂျပန်အစိုးရက မှားယွင်းသော ဆုံးဖြတ်ချက်မချမိစေရန် သတိပေးပြောကြားသည်။

အာဏာရဂျပန်ဒီမိုကရက်တစ်ပါတီ DPJ မှ အနိုင်ရသူပါတီခေါင်းဆောင်တစ်ဦးမှာ ဂျပန်ဝန်ကြီးချုပ်ဖြစ်ရန်သေချာလျက်ရှိရာ လက်ရှိဝန်ကြီးချုပ်နာအိုတိုကန်နှင့်စိမ်ခေါ်သူအစ်ချီရိုးအိုဇာဝါတို့သည် စက်တင်ဘာလ ၁၄ ရက်နေ့က တိုကျိုမြို့ လူထုရှေ့မှောက်စကားစစ်ထိုးပွဲများကျင်းပခဲ့သည်။ လက်ရှိဝန်ကြီးချုပ်ကန်က နိုင်ငံသားတိုင်း နိုင်ငံရေး၌ပါဝင်မှုရရှိအောင် ဂျပန်နိုင်ငံရေးလောကကို ပြုပြင်ပြောင်းလဲပေးမည်ဟု ထပ်လောင်းကတိပြုခဲ့ပြီး ရွေးကောက်ပွဲအပေါ် မျက်ခြေအပြတ်မခံဘဲ အစဉ်တစိုက်အာရုံစိုက်ကြရန် တိုက်တွန်းခဲ့သည်။ မစ္စတာအိုဇာဝါကဆုံးဖြတ်ချက်ချမှတ်ရာတွင် ယခင်ဗျူရိုကရက်ဆန်ခဲ့မှုများကို ပြုပြင်ပြောင်းလဲခြင်းဖြင့် ထိန်းချုပ်ပေးမည်ဖြစ်ကြောင်း လူထုမိန့်ခွန်းတွင်ပြောကြားသည်။ လက်ရှိအနေအထားအရ လူထုက မစ္စတာကန်ကို ပိုမိုလက်ခံကြသော်လည်း ဥပဒေပြုအမတ် ၁၅၀ ခန့်ပါဝင်သောအုပ်စုကြီးကမူ အိုဇာဝါကို ထောက်ခံအားပေးသည်။

ဂျပန်နိုင်ငံတွင် စက်တင်ဘာလ ၁၄ ရက်နေ့က ဂျပန်အာဏာရပါတီ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌနေရာအတွက် ပါတီတွင်းမဲခွဲကြရာ လက်ရှိဝန်ကြီးချုပ်က အိုဇာဝါအား ၆ မဲအသာဖြင့် အနိုင်ရရှိသွားသည်။ ၂၀၀၉ ခုနှစ် ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အနှစ် ၅၀ နီးပါး ဂျပန်နိုင်ငံကို စိုးမိုးထားသည့် လစ်ဘရယ် ပါတီကို DPJ ပါတီက အပြတ်အသတ်အနိုင်ရခဲ့ပြီး ပါတီတွင်းဩဇာကြီးမားပြီး ဂိုဏ်းဂဏအင်အားကြီးမားသူ အိုဇာဝါ၏ပါတီ ဦးဆောင်မှုအပိုင်းမှန်ကန်ခဲ့သည်ဟု ယူဆခဲ့ကြသော်လည်း ပါတီတွင်း ဥက္ကဋ္ဌနေရာ ရွေးကောက်ပွဲတွင် အိုဇာဝါရှုံးနိမ့်သွားခဲ့သည်။

ဂျပန်နိုင်ငံ၏ အာဏာရပါတီဖြစ်သည့်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ် နာအိုတိုကန်အား ဆက်လက်ထားရှိခြင်းကို လူထု ၇၀ ရာခိုင်နှုန်းက အလိုရှိကြောင်းစစ်တမ်းများအရသိရသည်။ ၎င်းအပြင် ကန်၏ဝန်ကြီးအဖွဲ့အပေါ် လူထုထောက်ခံမှုမှာ ၄၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အဆိုပါရာခိုင်နှုန်းအသီးသီးမှာလာမည့် ဂျပန်ရွေးကောက်ပွဲများအပေါ်၌ အကျိုးသက်ရောက်မှုရှိမည်ဟု ကျိုတိုသတင်းဌာနက ခန့်မှန်းသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံစာရင်းနံပါတ် ၂ နေရာတွင် ရပ်တည်နေသည့်ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးအကြပ်အတည်းပြဿနာ၏ ရိုက်ခတ်မှုဒဏ်ကိုခံခဲ့ရပြီး လုပ်ငန်းများရပ်ဆိုင်းခြင်း၊ အလုပ်လက်မဲ့တိုးပွားခြင်းဖြင့် ရင်ဆိုင်နေရသည်။ ဂျပန်အစိုးရအနေဖြင့်စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ဦးမော့လာစေရေးဦးတည်ရည်မှန်းချက်များချမှတ်ထားသော်လည်း ဘဏ္ဍာရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရန် ဆွေးနွေးမှုနှင့်ပတ်သက်ပြီး DPJ ပါတီတွင် သဘောထားကွဲလွဲမှုများရှိနေသည်။

ပြိုင်ဘက်အိုဇာဝါ၏သဘောထားအရ အစိုးရချေးငွေစာချုပ်များကို ပြည်သူများထံရောင်းချပြီး ဘတ်ဂျက်အခြေအနေကိုလည်း ပုံမှန်အတိုင်းထားရှိကာ အခွန်တိုးမြှင့်မှုများမပြုရန်ရည်ရွယ်ထားပြီး လက်ရှိဝန်ကြီးချုပ်ကမူ စားသုံးခွန်နှစ်ဆတိုးမြှင့်ကောက်ခံပြီး အစိုးရလုပ်ငန်းများလိုငွေဘတ်ဂျက်နှင့်အကောင်အထည်ဖော်ဆောင်မည်ဟုဆိုရာမှ ပါတီတွင်းဥက္ကဋ္ဌနေရာမှာ မဲခွဲရသည်အထိပြဿနာကြီးထွားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးအပြန်အလှန်မှီခိုမှုကြီးထွားလာနေသည့်အာရှ၏အကြီးမားဆုံး နိုင်ငံကြီးနှစ်နိုင်ငံအကြား ဆက်ဆံရေးများကို ခြိမ်းခြောက်နေသောတရုတ်ပြည်နှင့် ပြင်းထန်သည့်နယ်မြေအငြင်းပွားမှုတစ်ခုတွင် အဆုံးအဖြတ်နေရာမှ ပါဝင်နေသည့်တရုတ်ငါးဖမ်းသင်္ဘောကပ္ပတိန်ကို ဂျပန်နိုင်ငံက စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပြန်လွှတ်ပေးလိုက်သည်။ ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းနာဟာမြို့မှ အစိုးရရှေ့နေတစ်ဦးက ၎င်းတို့အနေဖြင့် တရုတ်သင်္ဘော ကပ္ပတိန်ကို ပြန်လွှတ်ပေးရန် ဆုံးဖြတ်ခဲ့သည်ဟုပြောကြားသည်။

စက်တင်ဘာလ ၂၄ ရက်နေ့က ပြန်လွှတ်ပေးခဲ့သည့် တရုတ်ငါးဖမ်းသင်္ဘောကပ္ပတိန်အား ဖမ်းဆီး

မှုနှင့် ပတ်သက်၍တောင်းပန်ရန်၊ နစ်နာကြေးပေးဆောင်ရန် တရုတ်ဘက်ကတောင်းဆိုမှုကို ဂျပန်နိုင်ငံက ပယ်ချလိုက်သည်။ ဝန်ကြီးချုပ်ကနက အခင်းဖြစ်ပွားရာနေရာမှာ ဂျပန်ရေပိုင်နက်ဖြစ်သည့်အတွက် လျော်ကြေးကိစ္စအား စဉ်းစားနေရန်ပင် မလိုကြောင်း သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ သင်္ဘောကပ္ပတိန်အားပြန်လွှတ်ပေးသည့်ကိစ္စနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်မှာ နိုင်ငံသားတို့၏ ဝေဖန်မှုကိုခံနေရသည်။

ကျဉ်းမြောင်းသည့်ရေလက်ကြားတစ်ခုသာခြားနေသော အိမ်နီးချင်းနိုင်ငံတရုတ်နှင့် အပြန်အလှန်ဆက်ဆံရေးသည် လွန်စွာအရေးကြီးကြောင်း ၎င်းတို့၏နှစ်နိုင်ငံဆက်ဆံရေးမှာ အာရှ-ပစိဖိတ်ဒေသအတွက်လည်း အရေးကြီးသောအချက်တစ်ရပ်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်နာအိုတိုကန်က အောက်တိုဘာလ ၁ ရက်နေ့တွင်ကျင်းပသည့် ဂျပန်လွှတ်တော်အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ပြောကြားသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဆီဂျီမေဟာရာကလည်း ဂျပန်နှင့်တရုတ်အကြားရေကြောင်းအငြင်းပွားမှု ပြဿနာများကို ဆွေးနွေးသွားရန် မိမိတို့အစိုးရအနေဖြင့် အသင့်ရှိပြီး သဘောတူစာချုပ်တစ်ရပ်လည်း မဖြစ်မနေ လိုအပ်လျက်ရှိကြောင်းသီးခြားပြောကြားသည်။

ရေပိုင်နက်အငြင်းပွားမှုများကြောင့် နှစ်နိုင်ငံရေပိုင်နက်အနီး ကင်းလှည့်စောင့်ကြည့်နေသည့် တရုတ်ကင်းလှည့်ရေယာဉ်နှစ်စင်းမှာ အောက်တိုဘာလ ၆ ရက်နေ့အစောပိုင်းက ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း ဂျပန်အာဏာပိုင်များကဆိုသည်။ အဆိုပါကင်းလှည့်သင်္ဘောနှစ်စင်းမှာ အငြင်းပွားရေပိုင်နက်အနီး တရုတ်ငါးဖမ်းသင်္ဘောများကိုစောင့်ရှောက်ရန် စက်တင်ဘာလ ၂၃ ရက်နေ့က စေလွှတ်ထားခဲ့ခြင်းဖြစ်သည်။

ရုရှားရေတပ်မတော်တည်ထောင်ခြင်း နှစ်ပတ်လည်ပွဲတော်တွင် အမေရိကန်ရေတပ်သင်္ဘောတစ်စုနှင့် ဂျပန်ကာကွယ်ရေးရေတပ်သင်္ဘောများ ပါဝင်ဆင်နွှဲသည်။ ဇူလိုင်လ ၁၈ ရက်မှစတင်ကာ ၂၇ ရက်နေ့ အထိ ကျင်းပသည့်အဆိုပါနှစ်ပတ်လည်ပွဲတော်၌ ဂျပန် နှင့် အမေရိကန်ရေတပ်တို့ ပါဝင်ဆင်နွှဲမှုမှာ အစိုးရချင်းညှိနှိုင်းထားခြင်းမဟုတ်ဘဲ ရေတပ်မတော်ချင်းနားလည်မှုအရ ပါဝင်ဆင်နွှဲခြင်းဖြစ်သည်ဟုသိရသည်။

ဂျပန်နိုင်ငံတွင်နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ် ၄၄ ဘီလီယံရှိခဲ့ပြီး စစ်သည်အင်အားမှာ ၃၇၈,၀၀၀၊ တိုက်လေယာဉ် ၂၇၀၀ နှင့် စစ်သင်္ဘော ၁၅၀ရှိသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီး တိုရှီမီကာဇာဇာဝါသည်တရုတ်ကာကွယ်ရေးဝန်ကြီးလျန်ကွမ်းလီနှင့်အောက်တိုဘာလ ၁၁ ရက်နေ့က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ဆက်ဆံရေးလျော့ရဲစေမည့်လက္ခဏာများ ထိန်းသိမ်း ပြီးနောက် ပထမဆုံး အကြိမ်အဆင့်မြင့်အရာရှိကြီးများ ပူးပေါင်းဆွေးနွေးပွဲလည်းဖြစ်သည်။ တရုတ်နိုင်ငံဟီဘေးပြည်နယ်မြောက်ပိုင်းရှိ စစ်နယ်မြေကို ဓာတ်ပုံရိုက်ယူမှုဖြင့်သံသယရှိသူဂျပန် လေးဦးအားပေကျင်းက ခေါ်ယူမေးမြန်းခဲ့သည့်အတွက် တရုတ်-ဂျပန်ဆက်ဆံရေး တင်းမာမှုများဆက်လက်ဖြစ် ပေါ်လျက်ရှိသည်။ တရုတ်နိုင်ငံက ဂျပန်နိုင်ငံသား လေးဦးသည်ခွင့်ပြုချက်မရဘဲ မိမိတို့၏စစ်နယ်မြေ အတွင်းသို့တရားမဝင်ဝင်ရောက်ခဲ့ဟုစွပ်စွဲကာဖမ်းဆီး လိုက်ခြင်းဖြစ်သည်။ ပေကျင်းနှင့်တိုကျိုကြားတရုတ် ငါးဖမ်းသင်္ဘောကိစ္စနှင့်ပတ်သက်၍ သံတမန်ဆက်ဆံရေးအငြင်းပွားမှုနက်ရှိုင်းနေချိန်တွင် အဆိုပါဖြစ်ရပ်များ ကြုံတွေ့လာခဲ့ရာ နှစ်ပေါင်းအတော်ကြာကာလအတွင်း အဆိုးရွားဆုံးဆက်ဆံရေးရလဒ်များဖြစ်လာနိုင်သည်ဟုယူဆရသည်။

နှစ်နိုင်ငံဖမ်းဆီးအရေးယူမှုများကိုအခြေခံ၍ စစ်ရေးပြင်ဆင်မှုများအထိ ပြင်းထန်လာနိုင်သည့်အတွက် အာရှဒေသအနေဖြင့် စောင့်ကြည့်ရမည့်အနေအထားတွင် ရှိနေပေသည်။ လတ်တလော သတင်းဖော်ပြမှုများအရ လူဦးရေ ၁၃၃,၀၀၄၄,၅၄၄ ရှိသည့် တရုတ်နိုင်ငံတွင် စစ်မှုထမ်းအင်အား ၂,၂၅၅,၃၃၃၊ အရန်တပ်ဖွဲ့ဝင်အင်အား ၈၀၀,၀၀၀၊ ဝေဟင်အခြေစိုက်လက်နက်အင်အား ၁၉၀၀၊ မြေပြင်အခြေစိုက်လက်နက်အင်အား ၃၁၃,၀၀၀၊ ရေတပ်ဆိုင်ရာတပ်ဖွဲ့ ၇၆၀၊ ဖျက်သင်္ဘော ၂၁၊ လေယာဉ်တင်သင်္ဘောနှင့်ရေလမ်းကုန်းလမ်းသုံးယာဉ် ၂၂၁ စင်းပိုင်ဆိုင်ထားပြီး လူဦးရေ ၁၂၇,၂၈၈,၄၁၆ ရှိသည့်ဂျပန်နိုင်ငံတွင်

စစ်မှုထမ်းအင်အား ၂၃၉,၀၀၀၊ အရန်တပ်ဖွဲ့ဝင်အင်အား ၅၇,၈၉၉၊ ဝေဟင်အခြေစိုက်လက်နက်အင်အား ၁၉၅၇၊ မြေပြင်အခြေစိုက်လက်နက်အင်အား ၂၀၄၀၊ ရေတပ်ဆိုင်ရာတပ်ဖွဲ့ ၁၄၇၊ ဖျက်သင်္ဘော ၁၅၊ မိုင်းရှင်းလင်းရေးသင်္ဘော ၃၈၊ ရေလမ်းကုန်းလမ်းသုံးယာဉ် ၇ စင်း အသီးသီးရှိကြောင်းသိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းလယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးချဲ့နိုင်ရေးအတွက် အမေရိကန်အခြေစိုက်လွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ပူးပေါင်းရေး၊ ဆောင်ရွက်ရေးကို ဆွေးနွေးသွားရန် ဂျပန်အစိုးရက နိုဝင်ဘာလ ၆ ရက်နေ့က သဘောတူညီခဲ့ကြသည်။ ယခုနှစ် မတ်လတွင် ပြုပြင်ပြောင်းလဲရေးမူဝါဒများကို ချမှတ်သွားပြီး စိုက်ပျိုးရေးနှင့် ပြည်ပသွားနာပြုများနှင့်ကျန်းမာရေးဝန်ထမ်းများအတွက် သတ်မှတ်ချက်များကို ဇွန်လအတွင်းချမှတ်သွားမည်ဖြစ်သည်။

လွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်နိုင်ရေးအတွက် ဩစတြေးလျ၊ နယူးဇီလန်၊ ဘရူနိုင်း၊ စင်ကာပူ၊ ချီလီ၊ ဗီယက်နမ်စသည့်နိုင်ငံများနှင့်ဆွေးနွေးရန် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အား အမေရိကန်အာဏာပိုင်တို့က လွန်ခဲ့သည့်နှစ်ကပင် တောင်းဆိုတိုက်တွန်းခဲ့သည်။

ရုရှားသမ္မတမက်ဗီဒက်ဗ်သည် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့်ကူရီလ်ကျွန်းသို့ သွားရောက်သည့်ကိစ္စနှင့်ပတ်သက်၍ ဂျပန်အစိုးရက ရုရှားတွင်ထားရှိသည့်၎င်းတို့၏သံအမတ်ကို ယာယီပြန်ခေါ်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားကြောင်းကျိုတိုသတင်းဌာနက ဖော်ပြသည်။ မက်ဗီဒက်ဗ်သည် ဂျပန်နိုင်ငံဟော်ကိုင်းဒိုးကျွန်းမြောက်ဖျားရှိကူရီလ်ကျွန်းသို့နိုဝင်ဘာလ ၁ ရက်နေ့ကသွားရောက်ခဲ့သည်။ ထိုသို့သွားရောက်ရာမှ ရုရှား-ဂျပန်သံတမန်ဆက်ဆံရေးတင်းမာလာခဲ့သည်။ သံအမတ်ပြန်လည်ခေါ်ယူသည်အထိဖြစ်လာခဲ့သည်။ မက်ဗီဒက်ဗ်သည် ရုရှားခေါင်းဆောင်များအနက် ကူရီလ်ကျွန်းသို့ ပထမဆုံးသွားရောက်သည့်ခေါင်းဆောင်ဖြစ်လာသည်။

ဆိုဗီယက်ခေတ်က သိမ်းပိုက်ခဲ့ရသည့်အဆိုပါကျွန်းများကို ပြန်လည်ပေးအပ်ရန်ဂျပန်က အစဉ်တစိုက်တောင်းဆိုနေဆဲဖြစ်ပြီး ငြိမ်းချမ်းရေးသဘောတူညီချက်အတွက် အဟန့်အတားဖြစ်နေသည်။ ယခုကဲ့သို့ ရုရှား၏ပြုမူပုံမှာ ဂျပန်လူထု၏သဘောထားကို ထိခိုက်စေသည်ဟုဆိုသည်။

အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှုဝါဒနှင့် ပတ်သက်သည့် ဂျပန်ရဲတပ်ဖွဲ့လျှို့ဝှက်သတင်းများ အင်တာနက်ပေါ်သို့ ရောက်ရှိခဲ့ကြောင်း ဂျပန်မီဒီယာများကဖော်ပြသည်။ အရေအတွက်အားဖြင့် ၁၀၀ ကျော်ပါရှိသည့်အကြမ်းဖက်မှုစုံစမ်းရေးနှင့် ပူးပေါင်းနေသူများ၏ ပုဂ္ဂိုလ်ရေးရာအသေးစိတ်အချက်အလက်များနှင့် စုံစမ်းစစ်ဆေးမှုခံနေရသည့်အချက်အလက်များ အဆိုပါသတင်းတွင်ပါဝင်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အဆိုပါသတင်းပေါက်ကြားမှုသည် ဂျပန်နိုင်ငံတွင် နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးထိပ်သီးဆွေးနွေးပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟုသတင်းများထွက်ပေါ်လာသည်။ ပေါက်ကြားခဲ့သောသတင်းအများစုမှာ ၂၀၀၄ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်းဖြစ်ပြီး လူပေါင်း ၆၀၀ ကျော်၏ သတင်း အချက်အလက်များကို PDF Format ကို အသုံးပြု၍ ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါစာရွက်စာတမ်းများအတွင်း အမေရိကန်ပြည်ထောင်စုထောက်လှမ်းရေးဗျူရိုမှဖိုင်များ၊ ဂျပန်နိုင်ငံရှိနိုင်ငံခြားသံရုံးများနှင့်ဆက်သွယ်သူများ၏ဘဏ်စာရင်းများနှင့် FBI က ပြုလုပ်သောအကြမ်းဖက်နှိမ်နင်းရေးသတင်းများပါဝင်သည်။

ဂျပန်ဝန်ကြီးချုပ်နာအိုတိုကန်သည် ဒုတိယကမ္ဘာစစ်အတွင်းကြောက်မက်ဖွယ်အကောင်းဆုံးစစ်မြေပြင်များအနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ပြီး ဂျပန်တပ်ဖွဲ့ဝင် ၂၁၀၀၀ ကျော်သေဆုံးခဲ့သည့်အီယိုဂျီးမားကျွန်းပေါ်သို့ ဒီဇင်ဘာလ ၁၄ ရက်နေ့က သွားရောက်ခဲ့ပြီး စစ်အတွင်းသေဆုံးခဲ့ရသော ဂျပန်တပ်ဖွဲ့ဝင်များကို ဂါရဝပြုသည်။ အိုင်အိုဂျီးမားကျွန်းပေါ်၌ ဖြစ်ပွားခဲ့သောတိုက်ပွဲသည် ပစိဖိတ်စစ်ပွဲ၏ ပွဲသိမ်းအဖြေကိုပေးခဲ့သောအထင်ကရတိုက်ပွဲဖြစ်ပြီး အဆိုပါကျွန်းပေါ်တွင်ယခင်က ဂျပန်တပ်ဖွဲ့ဝင် ၁၂၀၀၀ ၏ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

ထက်မြက်သောစား အမည်ရှိသည့် ဂျပန်-အမေရိကန်စစ်ရေးလေ့ကျင့်မှုကို ဒီဇင်ဘာလ ၃ ရက်နေ့ကစတင်ကာ ဂျပန်နိုင်ငံတစ်ဝန်းရှိ စစ်အခြေစိုက်စခန်းများတွင် ပြုလုပ်သည်။ ဂျပန်စစ် သည် ၃၄,၀၀၀ နှင့် အမေရိကန်စစ်သည် ၁၀,၀၀၀ ပါ ဝင်သည့် အဆိုပါလေ့ကျင့်မှုတွင် စစ်လေယာဉ် ၄၀၀၊ စစ်သင်္ဘော ၆၀ နှင့် အမေရိကန်နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော USS ဂျော့ဂျ်ဝါရှင်တန် ပါဝင်ခဲ့ပြီး လေ့ကျင့်မှုကာလ ၈ ရက်ကြာမြင့်ခဲ့သည်။

**စင်ကာပူနိုင်ငံ။** ။ စင်ကာပူနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသ လုံခြုံရေးစနစ်အတွက် မဟာမိတ်စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကမ်းရိုးတန်းစောင့်ရဲတပ်ဖွဲ့က ၂၀၁၀ ပြည့်နှစ် မေလ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စင်ကာပူနိုင်ငံ ပင်လယ်ကမ်းလွန်တောင်ပိုင်းရေပိုင်နက်အတွင်း ဖြန့်ကြက်ထားမည့်ဖောင်များပေါ်တွင် တစ်ဦးစီကွပ်ကဲရေးစခန်းနှင့် ထောက်လှမ်းရေးစခန်းများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စင်ကာပူဒုတိယဝန်ကြီးများနှင့် ပြည်ထဲရေးဝန်ကြီး ဝန်ကန်ဆွန်းက နီးနှောဖလှယ်ပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် အိန္ဒိယ၊ ပြင်သစ်နှင့်စင်ကာပူလေတပ်တို့ပူးပေါင်းပါဝင်၍ ပထမအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်းကို စင်ကာပူကာကွယ်ရေးဝန်ကြီးက ၂၀၁၀ ပြည့်နှစ် ဇွန်လ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ဇွန်လ ၁၄ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ပြီး ပြင်သစ်နိုင်ငံမှ အခြေခံလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။ ၎င်းလေ့ကျင့်မှုပြုလုပ်ရာတွင် အိန္ဒိယနိုင်ငံ၏ အီလျူရှင်းအိုင်တီ ၇၆ ပို့ဆောင်ရေးယာဉ်၊ အီလျူရှင်းအိုင်တီ-၇၆ ဖုံးကြဲလေယာဉ် နှင့် ဆူဟာ-၃၀၊ တိုက်လေယာဉ်တို့ပါဝင်ကာ ပြင်သစ်နိုင်ငံ၏ စီ-၁၃၅ က ပို့ဆောင်ရေးယာဉ်၊ ဂရက်ဖေတိုက်လေယာဉ်နှင့် မင်ဂါ-၂၀၀ တို့ပါဝင်၍ စင်ကာပူနိုင်ငံမှ ကေစီ-၁၃၅ အာရ် ဖုံးကြဲလေယာဉ်တစ်စင်း၊ ဂျက်တိုက်လေယာဉ်နှင့် အက်ဖ်-၁၆ ဒီ ခြောက်စင်းတို့ပါဝင် ပူးတွဲလေ့ကျင့်ခဲ့ကြသည်။ စင်ကာပူနိုင်ငံတွင် လေယာဉ် အချင်းချင်းလောင်စာဖြည့်တင်းမှုများ ပါဝင်ပြသခဲ့ပြီး အရေးကြီးသည့် ကာကွယ်ရေးလုပ်ငန်းများနှင့် လေယာဉ်အနီးကပ်တိုက်ခိုက်မှုကို ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက်ပိုင်း စင်ကာပူနိုင်ငံ သမ္မတ အက်စ်အနာသန်သည် အလုပ်သဘောအလည်အပတ်ခရီးအဖြစ် တရုတ်နိုင်ငံသို့ ဩဂုတ်လ ၁၆ ရက်ကထွက်ခွာသွားကြောင်း၊ ရှစ်ရက်ကြာနေထိုင် လည်ပတ်ကာဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း စင်ကာပူအရာရှိ များကပြောဆိုသည်။

စင်ကာပူနိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုတွင် ပစ်မှတ်ဖြစ်နိုင်သည် ဆိုသော အင်ဒိုနီးရှားရဲတပ်ဖွဲ့၏ တွေ့ရှိချက်များနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် လုံခြုံရေးဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို မြို့တော်ဂျကာတာသို့ ၂၀၁၀ ပြည့်နှစ် မေလ ၁၉ ရက်တွင် စေလွှတ်သည်။ စင်ကာပူပြည်တွင်း လုံခြုံရေးဌာနမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အဆိုပါတွေ့ရှိချက်များနှင့်ပတ်သက်၍ အင်ဒိုနီးရှားရဲတပ်ဖွဲ့နှင့် ဆွေးနွေးနိုင်ရန် ဂျကာတာသို့ထွက်ခွာသွားပြီဖြစ်ကြောင်း စင်ကာပူပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က ပစ်သတ်ခံခဲ့ရသော အကြမ်းဖက်သမားအဖြစ် မသင်္ကာသူအာမက်ဆာယိဒ် မူလာနာ၏နေအိမ်မှ စင်ကာပူရထားလမ်းကွန်ရက်အားဖော်ပြသည့်မြေပုံကို သိမ်းဆည်းရမိခဲ့ပြီးနောက် နှစ်နိုင်ငံလုံခြုံရေးတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ဒေသခံများဖြင့် စည်ကားနေလေ့ရှိသော အောခစ်လမ်းမကြီးရှိ မြေအောက်ရထားဘူတာရုံတစ်ရုံကိုအကြမ်းဖက် တိုက်ခိုက်ဖွယ်ရှိကြောင်း၊ ယင်းမြေပုံပေါ်တွင် အဆိုပါဘူတာရုံ၏တည်နေရာကို မင်နီဖြင့်ဝိုင်းပြထားကြောင်း စင်ကာပူပြည်ထဲရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်ဖွယ်ရှိမှုနှင့်ပတ်သက်၍ မိမိတို့စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ မူလာနာသည် ဂျကာတာရှိ ရဲတပ်ဖွဲ့

ဌာနချုပ်ကို တိုက်ခိုက်ရန် ကြံစည်ခဲ့သူဖြစ်ပြီး အင်ဒိုနီးရှား နိုင်ငံအတွင်း အကြမ်းဖက်မှု လေ့ကျင့်ရေးစခန်းများဖွင့် လှစ်ရန်အတွက် မြေနေရာများကို ကွင်းဆင်းလေ့လာခဲ့ သူဖြစ်ကြောင်း နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး အုပ်စု၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေပြင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ရေကြောင်းနယ် နိမိတ် ရေးဆွဲသတ်မှတ်နိုင်ရန် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၃၀ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန် ချက်တစ်ခုတွင် ဖော်ပြသည်။



**ဆိုလာစွမ်းအင်သုံး စင်ကာပူရေသန့်စင်စက်ရုံ**

ထို့နောက် စင်ကာပူနှင့်တောင်ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင်တို့သည် လေကြောင်းလုပ်ငန်းဆိုင်ရာ သဘောတူညီမှု (အေအက်စ်အေ)၊ ပြန်လည်သုံးသပ်မှု အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို ဆွေးနွေးကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၀ ပြည့်နှစ် ဇွန်လ ၅ ရက်တွင် ထုတ်ပြန်ကြေညာကြောင်းသိရသည်။ စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် ဇွန်လ ၅ ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပသော အာရှလုံခြုံရေးဆိုင်ရာ ညီလာခံတက်ရောက်သည့် တောင်ကိုရီးယားနိုင်ငံသမ္မတလီမြောင်ဘတ်တို့ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ စင်ကာပူကျန်းမာရေးသိပ္ပံဆိုင်ရာအဖွဲ့ (အိတ်ချ်အက်စ်အေ) နှင့် တောင်ကိုရီးယားစားနပ်ရိက္ခာနှင့် မူးယစ်နိမ်နင်းစီမံခန့်ခွဲရေးဌာန (ကေအက်စ်စီအေ) တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ နှစ်နိုင်ငံအကြီးအကဲတို့ တက်ရောက်ကြသည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ယောင်ဘွန်းယီယိုနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလယ်ဂါဝါတို့သည် စင်ကာပူနိုင်ငံအနောက်ပိုင်း

အင်ဒိုနီးရှားနှင့် စင်ကာပူနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၌ ယင်းသဘောတူစာချုပ်ကို တင်ပြမည့်ပူးတွဲလျှောက်လွှာကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံအကြား ပင်လယ်ပြင်နယ်နိမိတ် သဘောတူစာချုပ်ချုပ်ဆိုရေးသည် ၂၀၀၅ ခုနှစ်မှစ၍ ဆွေးနွေးညှိနှိုင်းမှုရှစ်ကြိမ်ပြုလုပ်ခဲ့ပြီးမှ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုသည်။ အင်ဒိုနီးရှားနှင့် စင်ကာပူအရာရှိများသည် ယင်းပင်လယ်ရေကြောင်း နယ်နိမိတ်ကို အရှေ့ (၁) နယ်မြေနှင့် အရှေ့ (၂) နယ်မြေဟူ၍ သတ်မှတ်ရေးဆွဲမည်ဖြစ်သည်။ အရှေ့ (၁) နယ်မြေသည် စင်ကာပူနိုင်ငံချန်ဂီနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာတမ်ကျွန်းစုအကြား ပင်လယ်ဧရိယာအထိကျယ်ဝန်းသည်။ အရှေ့ (၂) အရှေ့ပိုင်းနယ်မြေကို သတ်မှတ်နိုင်ရန် အင်ဒိုနီးရှားနှင့် မလေးရှားအကြားပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်မှုကို ကနဦးလုပ်ဆောင်ရဦးမည်ဟုဆိုသည်။

စင်ကာပူတွင် ဆိုလာစွမ်းအင်သုံးရေသန့်စက်ရုံများတည်ရှိလာပြီဖြစ်ကြောင်းသတင်းများတွင် ဖော်ပြသည်။

စင်ကာပူကုမ္ပဏီများနှင့် တရုတ်နိုင်ငံ ဓိကျန်ပြည်နယ်အစိုးရတို့သည် ဆဋ္ဌမအကြိမ် စင်ကာပူ-ဓိကျန် စီးပွားရေးနှင့် ကုန်သွယ်ရေးကောင်စီအစည်းအဝေးတွင် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် စင်ကာပူနှင့် ကော့စတာရီကာအစိုးရတို့သည် နှစ်နိုင်ငံလွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်ကို ၂၀၁၀ ပြည့်နှစ် ဧပြီလ ၆ ရက်က လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။ ကော့စတာရီကာ နိုင်ငံသည် လက်တင်အမေရိကဒေသ၌ စင်ကာပူနိုင်ငံ၏ အဋ္ဌမမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး စင်ကာပူဒေါ်လာ ၄၁၃ ဒသမ ၇ သန်း (အမေရိကန်ဒေါ်လာ ၂၉၆ သန်းခန့်) ရှိသည်။ အလားတူ စင်ကာပူနိုင်ငံအနေဖြင့် အရှေ့တောင်အာရှတွင် ကော့စတာရီကာနိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။

ထို့ပြင် စင်ကာပူသည် တရုတ်နှင့်နှစ်နိုင်ငံပူးတွဲသင်္ဘော တည်ဆောက်ရေးအတွက် တရုတ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းကော်ပိုရေးရှင်း (စီအက်စ်အိုင်စီ) နှင့် စင်ကာပူပစိဖိတ်အင်တာနေရှင်နယ်လိုင်း (ပီအိုင်အယ်လ်) တို့က စီအက်စ်အိုင်စီ-ပစိဖိတ်ဖက်စပ် လုပ်ငန်းကို ဧပြီလ ၁၃ ရက်ကဖွင့်လှစ်လိုက်သည်။

၎င်းနောက် စင်ကာပူပင်လယ်ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (အမ်ပီအေ) အနေဖြင့် စင်ကာပူ ဆိပ်ကမ်းသို့ ဆိုက်ကပ်သည့် ကုန်သင်္ဘောများအတွက် ဆိပ်ကမ်းရပ်နားခွန် ၂၀ ရာခိုင်နှုန်းလျှော့ချခြင်းကို နောက်နှစ်နှစ်အချိန်တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း ၂၀၁၀ ပြည့်နှစ် ဇွန်လ ၂ ရက်နေ့ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယခု ၂၀၁၀ ပြည့်နှစ် ပထမခြောက်လအတွင်း ၁၇ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်က ပြောကြားသည်။ စင်ကာပူအစိုးရက တစ်နှစ်လုံး စီးပွားရေးတိုးတက်မှုကို ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားကြောင်း ဝန်ကြီးချုပ်က အမျိုးသားနေ့ သဝဏ်လွှာပေးပို့ရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ခေတ်တိုးတက်မှုနှင့် အခက်အခဲပြဿနာများနှင့် ဆက်စပ်သည့်ဓာတုဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို စင်ကာပူနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်တွင် စတင်ကျင်းပကြောင်းသိရသည်။ အဆိုပါစာတမ်းဖတ်ပွဲသို့ ဗြိတိန်နှင့်အရှေ့တောင်အာရှမှ သုတေသနပညာရှင်များ တက်ရောက်ကြပြီး စာတမ်းဖတ်ပွဲကို နှစ်ရက်ကြာကျင်းပသည်။ ယင်းစာတမ်းဖတ်ပွဲသည် လုပ်ငန်းခွင်အတွင်းမှ သုတေသနပညာရှင်များနှင့် ကျောင်းသားများအား အဓိကထား၍ ရည်ရွယ်ခြင်းဖြစ်သည့်အပြင် ဆေးဝါးတီထွင်ထုတ်လုပ်ရေးအပါအဝင် ခေတ်မီသုတေသနလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အရေးပါသောနည်းလမ်းသစ်များကို ရရှိစေရန် အထောက်အကူဖြစ်မည်ဟု ယူဆရသည်။ ၂၀၁၀ ပြည့်နှစ် နိုင်ငံတကာအရေးပေါ်ဆေးဝါးညီလာခံကို စင်ကာပူနိုင်ငံ၌ ဇွန်လ ၉ ရက်တွင် စတင်ကျင်းပခဲ့သည်။ စင်ကာပူနိုင်ငံအရေးပေါ်စီမံကိန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းပြင်ဆင်ထားရှိမှုကို များစွာအလေးထားကြောင်း စင်ကာပူ လူမှုဖွံ့ဖြိုးရေး၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး ဗိဗင်နဲဘာလာ ရစ်ရှန်နန်က အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ။** ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပတ်သက်၍ မီဒီယာအချို့တွင် ဖော်ပြထားသောအကြောင်းအရာများကို နေ့စွဲအလိုက် လက်လှမ်းမီသမျှ ဖော်ပြပါသည်။

ဇန်နဝါရီလ ၁ ရက်တွင် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဇရိယာ (China-Asean Free Trade Area) ကို စတင်အကောင်အထည်ဖော် သည်။ ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်သောကုန်သွယ်မှုဇရိယာဖြစ်သည်။ ယင်းလွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်တွင် တရုတ်နိုင်ငံနှင့် အာဆီယံခြောက်နိုင်ငံဖြစ်ကြသော ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သည် အကောက်ခွန်လွတ်ပစ္စည်း အမျိုးအမည်ပေါင်း ၇၀၀၀ ထက်မနည်းကို အပြန်အလှန်ကုန် သွယ်မှုပြုကြမည်ဖြစ်

သည်။ ယင်းကုန်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံမျှရှိသည်။ ၂၀၁၅ ခုနှစ်တွင်မူ စည်းကြပ်ခွန်မဲ့ကုန်သွယ်ရေးအစီအစဉ်တွင် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ပါ ထပ်မံပူးပေါင်း ပါဝင်လာကြမည်ဖြစ်သည်။

ဇန်နဝါရီလ ၁၉ ရက်တွင် နိုင်ငံတော် တရားသူကြီးချုပ်ဟောင်း ဟွမ်ဆောင်ယူ (Huang Songyouo) ကို တရုတ်ယွမ်ငွေ ၃ ဒသမ ၉ သန်း (ကန်ဒေါ်လာ ၅၇၀,၀၀၀ခန့်) လာဘ်စားခဲ့မှုကြောင့် ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ဇန်နဝါရီလ ၂၇ ရက်တွင် တရုတ်နိုင်ငံနှင့် တရုတ်(ထိုင်ပေ) တို့ အပြန်အလှန်ကုန်သွယ်ရေးအတွက် ပထမဆုံးအကြိမ်ဆွေးနွေးမှုအောင်မြင်ခဲ့သည်။

ဇန်နဝါရီလ ၃၀ ရက်တွင် တောင်တရုတ်လေကြောင်းပိုင် ဘိုးအင်း ၃၇၃-၃၀၀ လေယာဉ်တစ်စင်းသည် ပြည်တွင်းပျံသန်းမှုခရီးစဉ် စီဇက်-၆၉၃၉ ကို ပျံသန်းရာ လေထဲသို့ရောက်အပြီး မိနစ် ၂၀ မျှအကြာတွင် လေယာဉ်အိမ်သာအတွင်း မီးလောင်နေကြောင်း မီးလှန့်အချက်ပေးမှုဖြစ်ပွားခဲ့သဖြင့် လေဆိပ်သို့ပြန်လည်ဆင်းသက်ခဲ့ရသည်။ စစ်ဆေးမှုများအရ အိမ်သာအတွင်း စီးကရက်သောက်ရန်မီးခြစ်ခြစ်ရာမှ စတင်ကြောင်းသိရသဖြင့် အပြစ်ရှိသူအား ၁၅ ရက်အချုပ်နှင့် အမေရိကန်ဒေါ်လာ ၁၅၀ ပေးဆောင်ရန်အပြစ်ပေးခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြင်းအားအဆင့် ၅ ဒသမ ၂ ရှိသောငလျင်တစ်ခု ဗီချွမ်ခရိုင်တွင် လှုပ်သွားခဲ့သဖြင့် အိမ်ခြေ ၁၀၀ မျှပျက်စီးခဲ့ပြီး လူ ၁၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ တစ်ဦးသေဆုံးခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တရုတ်နိုင်ငံမြောက်ပိုင်းရှိ တီယန်ကျင်းမြို့တွင် လူတစ်ဦးက ဘတ်စ်ကားတစ်စီးကိုခိုးယူကာ လူအုပ်အတွင်းအတင်းမောင်းဝင်သဖြင့် လူကိုးဦးသေဆုံးခဲ့သည်။ ထို့နောက်၎င်းကိုဖမ်းဆီးသော ရဲမော်တော်ယာဉ်သုံးစီးအား ဝင်တိုက်ပြန်သဖြင့် ရဲအရာရှိလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တရားခံကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။ ၎င်းကို အကြောင်းပြု၍ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များနှင့် လူငယ်များအတွက် လုံခြုံရေးဝန်ထမ်းများကို ထားရှိပေးသည်။

ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ တောင်ကုန်းတစ်ခုတွင် သုံးရက်ကြာသည်အထိ တောမီးလောင်ကျွမ်းခဲ့ရာ မီးသတ်သမား ၄,၉၀၀ ခန့်အပါအဝင် တာဝန်ရှိအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ တပ်ဖွဲ့ဝင်များနှင့် ဒေသခံများပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ကြရသည်။

အမေရိကန်သမ္မတအိုဘားမားနှင့် တရုတ်အတိုက်အခံဒလိုင်းလားမားတို့ ဝါရှင်တန်အိမ်ဖြူတော်ရှိ မြေပုံခန်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံခြင်းသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းတစ်ရပ်ဟု ယူဆနိုင်ခြင်းကြောင့် တရုတ်အမေ ရိကန်ဆက်ဆံရေးတွင် ထိခိုက်လာဖွယ်ရှိကြောင်း လေ့လာသူတို့ကဆိုကြသည်။

တရုတ်နိုင်ငံ ဟောပေပြည်နယ်တွင်း Zhengding ခရိုင်တောင်ပိုင်းရှိ ရှေးဟောင်းမြို့တံခါးကြီးတစ်ခု မီးလောင်ပျက်စီးရာ တရုတ်ယွမ်ငွေ တစ်သန်းထက်မနည်း (အမေရိကန်ဒေါ်လာ ၁၄၆,၄၀၀ ခန့်) တန်ဖိုးရှိ ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးခဲ့သည်။

အာရှ၏အကြီးမားဆုံးသော မီးရထားဘူတာရုံကြီးဖြစ်သည့် ကွမ်ကျိုးတောင်ပိုင်း မီးရထားဘူတာရုံကြီးတွင် တရုတ်လူမျိုးတို့၏ နွေဦးရာသီပွဲတော် ပထမဆုံးနေ့အတွက် ခရီးသွားများအထူးစည်ကားခဲ့သည်။ ယင်းဘူတာရုံကြီးမှ မီးရထားလမ်းများသည် ကီလိုမီတာ ၃,၃၀၀ ခန့်အထိ ရှည်လျားကြောင်း တရုတ်နိုင်ငံ မီးရထားဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗင်ကူးဗား (၂၀၁၀) ဆောင်းရာသီအိုလံပစ်ပွဲတော်တွင် တရုတ် စကိတ်အမြန်စီးမယ် ဝမ်မန်းသည် မီတာ တစ်ထောင်ပြေးလမ်းတို စကိတ်ပြိုင်ပွဲတွင် ပထမဆုကို ရလိုက်ခြင်းဖြင့် ၎င်း၏ တတိယမြောက်ရွှေတံဆိပ်ကို ဆွတ်ခူးခဲ့သည်။ ထို့ကြောင့်ပင် ၎င်းသည် ဆောင်းရာသီအိုလံပစ်၌ ရွှေတံဆိပ်သုံးခုကို ပထမဆုံးဆွတ်ခူးနိုင်သော တရုတ်အားကစားမယ်တစ်ဦးဖြစ်သွားသည်။

မတ်လ ၁ ရက်နေ့တွင် အတွင်းပိုင်း မွန်ဂိုးလီးယားဒေသရှိ ဝူဟိုင်းမြို့အနီးမှ လောင်တော်ရှမ် ကျောက်မီးသွေးတွင်း၌ ရေကြီးမှုဖြစ်ပွားခဲ့သဖြင့် လူအချို့သေဆုံးခဲ့ရသည်။ တွင်းထဲဝယ် ပိတ်မိနေသောလူများကို

ဧပြီလ ၁ ရက်နေ့တွင် လူ့အသည်းနှင့် ကျောက်ကပ်များကို တရားမဝင်ကုန်ကူးမှုကြောင့် တရုတ်အမျိုးသားလေးဦးကို ထောင်ဒဏ်ငါးနှစ်စီအပြစ်ပေးခဲ့သည်။ ယင်းအမှုသည် တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် ဖြစ်ပွားခြင်းပင်ဖြစ်သည်။

ဧပြီလ ၉ ရက်နေ့ ညနေ ၆ နာရီ ၅၁ မိနစ်ခန့်တွင် တရုတ်နိုင်ငံတောင်ပိုင်းရှိ တန်ရှန်မြို့ဝယ် ပြင်းအားအဆင့် ၄ ဒသမ ၁ ရှိသော ငလျင်တစ်ခုလှုပ်သွားခဲ့ရာ အပျက်အစီးအသေအပျောက်မရှိကြောင်းသိရသည်။



မူလတန်းကျောင်းတစ်ကျောင်းသို့စိတ်မကျန်းမမာသူတစ်ဦး ဝင်ရောက်တိုက်ခိုက်ပြီးနောက် လုံခြုံရေးချထားစဉ်

ဧပြီလ ၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ရေခဲပြင်ဟော်ကီပြိုင်ပွဲကို ရှန်ဟိုင်းမြို့တွင် စတင်ကျင်းပသည်။ ယင်းပြိုင်ပွဲကို ဧပြီလ ၁၀ ရက်မှ ၁၄ ရက်နေ့အထိ ကျင်းပခြင်းဖြစ်သည်။

ဧပြီလ ၁၃ ရက်နေ့တွင် သမ္မတ ဟူကျင်တောင်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့ ဝါရှင်တန်တွင် တွေ့ဆုံကြပြီး အီရန်နျူကလီးယားအရေးကို ဆွေးနွေးခဲ့ကြသည်။

ရှန်ဟိုင်းမြို့၏ သင်္ကေတတစ်ခုဖြစ်သော နာမည်ကျော် Oriental Pearl Tower မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူအသေအပျောက်မရှိသော်ငြား တစ်နာရီကျော်ကြာသည်အထိ မီးငြိမ်းသတ်ခဲ့ကြရသည်။ မျှော်စင်ထိပ်ဖျားရှိ ရုပ်သံအင်တာနက်မှ စတင်မီးလောင်ခြင်း ဖြစ်သည်။

ဧပြီလ ၁၄ ရက်နေ့တွင် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၉ မိနစ်တွင် တရုတ်နိုင်ငံအရှေ့မြောက်ဖက်ကယ်ဆယ်ရေးမှာ ၁၄ ရက်မျှကြာမြင့်ခဲ့ပြီး ပိတ်မိနေသူအချို့မှာ ယင်းရက်များအတောအတွင်းတွင်ပင် သေဆုံးခဲ့ကြသည်။

မတ်လ ၃ ရက်နေ့တွင် လွန်လင်ပြည်နယ်၊ ဖူမ်ဒေသ တောမီးလောင်ကျွမ်းခဲ့ရာ မီးသတ်သမား ၁၀၀ ကျော်နှင့် မီးသတ်ရဟတ်ယာဉ်များပါ ကူညီငြိမ်းသတ်ခဲ့ရပြီး ခြောက်ရက်နှင့် ၂၂ နာရီကြာသည်အထိလောင်ကျွမ်းခဲ့သည်။

မတ်လ ၅ ရက်နေ့တွင် ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် တတိယအကြိမ်မျက်နှာစုံညီအစည်းအဝေးကို ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမကြီးတွင် မတ်လ ၅ ရက်နေ့မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။

မတ် ၁၅ ရက်နေ့တွင် ဒွန်ဖင်းကျောက်မီးသွေးတူးဖော်ရေးကုမ္ပဏီ၏ အဓိကကျောက်မီးသွေးတွင်းတစ်တွင်း၌ မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား ၃၁ ဦးအနက် ခြောက်ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်လူ ၂၅ ဦးသေဆုံးခဲ့သည်။

မတ်လ ၂၀ ရက်တွင် မြို့တော်ပေကျင်း၌ ပြင်းထန်မှုအဆင့်ငါးရှိသည့် သဲမုန်တိုင်းတစ်ခုဝင်မွှေသဖြင့် တစ်မြို့လုံးသဲမှုန်များဖုံးလွှမ်းကာ ယာဉ်ကြောများပိတ်ဆို့ပြီး မိုးလေဝသဌာနက လေထုအဆင့်အတန်းမှာ ကျန်းမာရေးထိခိုက်နိုင်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

မတ်လ ၂၃ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း နန်ပင်းမြို့ရှိ မူလတန်းကျောင်းတစ်ကျောင်းဝယ် အသက် ၄၀ အရွယ်ရှိ စိတ်မကျန်းမာသူတစ်ဦးက ဓားဖြင့်ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကျောင်းသားကလေးငယ်ရှစ်ဦးသေဆုံးခဲ့ရပြီး ကျောင်းကိုယာယီပိတ်လိုက်ရသည်။

မတ်လ ၂၈ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ရှန်ဇီပြည်နယ်ရှိ ဝမ်ကျိယာလင်း ကျောက်မီးသွေးတွင်း ရေကြီးရာတွင် တွင်းထဲရှိအလုပ်သမား ၂၆၁ ဦးအနက် ၁၀၀ မျှကို ကယ်တင်နိုင်ခဲ့ပြီး ကျန်အလုပ်သမားများမှာမူ တွင်းထဲတွင်ပိတ်မိနေခဲ့သည်။ သို့ရာတွင် ပိတ်မိနေသူများအား ကယ်တင်မှုများပြုလုပ်ခဲ့ရာ ဧပြီလ ၉ ရက်နေ့ နံနက်တွင်မူ အဆိုပါရေကြီးမှုကြောင့် အလုပ်သမား ၂၃ ဦးသေဆုံးကြောင်း သက်ဆိုင်ရာမှ အတည်ပြုကြေညာခဲ့သည်။

ယွန်းယွန်းရှိ ယုရှု (Yushu) မြို့၌ ပြင်းအားအဆင့် ၆ ဒသမ ၉ ရှိသော မြေငလျင်တစ်ခုလှုပ်သွားခဲ့ရာ ဆင်ဟွာ သတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ ၂,၆၉၈ဦး သေဆုံးပြီး၊ ၁၂,၁၃၅ ဒဏ်ရာရရှိကာ ၂၇၀ မျှ ပျောက်ဆုံးခဲ့သည်။ ယင်းငလျင်ကြောင့် စာသင် ကျောင်း ၁၁ ကျောင်းအပါအဝင် လျှင်လှုပ်ရာဒေသရှိ အဆောက်အအုံ ၈၅ ရာခိုင်နှုန်းထက်မနည်းပျက်စီးခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့တွင် တရုတ်နိုင်ငံအရှေ့ပိုင်း ဂျီယန်ဆု (Jiangsu) ပြည်နယ်ရှိ နေ့ကလေးထိန်းကျောင်း တစ်ကျောင်းတွင် အသက် ၄၇ နှစ်အရွယ် ဒေသခံအလုပ် လက်မဲ့တစ်ဦးက အသွားရှစ်လက်မခန့်ရှိ ဓားတစ်ချောင်းဖြင့် ကလေးငယ်များအား လိုက်လံတိုက်ခိုက်ရာ ကလေးငယ် ၂၈ ဦးနှင့် လူကြီးသုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင် ရှန်ဟိုင်းကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရှန်ဟိုင်းမြို့ရှိ World Expo Cultural Center တွင်ကျင်းပသည်။

မေလ ၁ ရက်နေ့တွင် ရှန်ဟိုင်းကုန်စည်ပြပွဲ တရားဝင် စတင်ဖွင့်လှစ်သည်။

မေလ ၅ ရက်နေ့တွင် တရုတ်–မြန်မာနယ်စပ်နှင့် ၃ မိုင်ခန့်ဝေးသော ယူနန်ပြည်နယ်၊ တန်ချောင်းခရိုင် (Tengehong) ရှိ သတ္တုတွင်းတစ်တွင်းတွင် မြေပြိုကျ ခြင်းကြောင့် တရုတ်လူမျိုးအလုပ်သမား ၁၅ ဦးခန့်သေ ဆုံးခဲ့သည်။

မေလ ၆ ရက်နေ့တွင် တရုတ်နိုင်ငံအနောက် တောင်ပိုင်းရှိ ချုံကင်း (Chongqing) တွင် အင်အား ကောင်းသော လေဆင်နှာမောင်းတစ်ခု ဝင်ရောက် တိုက်ခတ်ခဲ့ရာ လူ ၂၅ ဦးခန့်သေဆုံးပြီး ၁၆၀ ထက် မနည်း ဒဏ်ရာရရှိခဲ့ကြသည်။

မေလ ၉ ရက်နေ့တွင် တရုတ်နိုင်ငံတောင်ပိုင်း တွင် မိုးသက်မုန်တိုင်းကျရောက်သဖြင့် ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်ပွားရာ သေကျေပျက်စီးမှုများပြားခဲ့သည်။

မေလ ၁၁ ရက်နေ့တွင် တရုတ်နိုင်ငံအနောက် မြောက်ဘက်ရှိ ကန်ဆု (Gansu) ပြည်နယ်တွင် ကျောက်မီးသွေးဓာတ်ငွေ့တွင်းတစ်တွင်းမှ ဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် သတ္တုတွင်းလုပ်သား ၉ ဦးသေဆုံး ခဲ့သည်။

မေလ ၁၂ ရက်နေ့တွင် တရုတ်နိုင်ငံအနောက် မြောက်ပိုင်းရှန်ဇီပြည်နယ်ကျေးရွာတစ်ရွာရှိ မူကြိုကျောင်း တစ်ကျောင်းဝယ် အသက် ၄၈ နှစ်အရွယ်အမျိုးသား တစ်ဦးက ဓားဖြင့်လိုက်လံခုတ်ပိုင်းမှုကြောင့် ကလေးငယ် ၇ ဦးနှင့် အမျိုးသမီး ၂ ဦးသေဆုံးခဲ့ပြီး အခြား ကလေးငယ် ၁၁ ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ အမျိုးသမီး နှစ်ဦးမှာ မူကြိုကျောင်းပိုင်ရှင် အမျိုးသမီးဂူဟွန်ဟင်း နှင့် သူ့မိခင် ရှုရှန်းဟွာတို့ ဖြစ်ကြသည်။ အဖွား အိုရှုရှန်းဟွာမှာမူ ဒဏ်ရာပြင်းထန်စွာရရှိပြီးနောက် ဆေးရုံရောက်သည်တွင်မှ သေဆုံးခြင်းဖြစ်သည်။ ခုတ်ပိုင်းသူအမျိုးသားသည် ထိုသို့ ခုတ်ပိုင်းပြီးနောက် သူ့ကိုယ်သူမှာ မိမိကိုယ်မိမိသတ်သေသွားခဲ့သည်။

ဇီချွန်ပြည်နယ်တွင် မြန်နှုန်းမြင့်မီးရထားစတင် ပြေးဆွဲသည်။ ယင်းရထားသည် တစ်နာရီလျှင် ၂၂၀ ကီလိုမီတာ အမြန်နှုန်းအထိပြေးဆွဲနိုင်သည်။ ယင်း ရထားသည် ချန်ဒူး (Chengdu) နှင့် ဒူဂျန်ယန် (Dujianyan) တို့ကိုပြေးဆွဲမည်ဖြစ်သည်။

မေလ ၂၅ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် တရုတ်–အမေရိကန် စီးပွားရေးနှင့်မဟာဗျူဟာဆွေးနွေး ပွဲ (U.S China Strategic and Economic Dialogue) ကို ပေကျင်းမြို့ပြည်သူ့ခန်းမတွင် ကျင်းပသည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၇ နှင့် ၂၈ ရက်က ဝါရှင်တန်ဒီစီတွင် ပထမအကြိမ် ကျင်းပခဲ့သည်။

ဇွန်လ ၁၂ ရက်နေ့တွင် ဂေါတမဗုဒ္ဓ၏ ရုပ်ကြွင်း အပိုင်းအစဟု ယူဆရသော ခေါင်းခွံထိပ်ပိုင်းရုပ်ကြွင်းကို တရုတ်ရှေးဟောင်းသုတေသီများနှင့် ရဟန်းတော်အချို့ ၏ သုတေသနပြုချက်အရ တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဂျီယန်ဆု ပြည်နယ်တွင် တူးဖော်တွေ့ရှိခဲ့သည်။

ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို ဇွန်လ ၁၂ ရက်မှ ၂၀ ရက်နေ့အထိ စတင်ကျင်းပသည်။ ယင်းပွဲတော်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ရုပ်ရှင် ကားပေါင်း ၂၃၂၇ ကိုပြသသည်။

ဇွန်လ ၁၅ ရက်နေ့တွင် တရုတ်နိုင်ငံ အနောက် တောင်ပိုင်းရှိ ဇီချွန်ပြည်နယ်တွင် မိုးသည်းထန်မှုကြောင့် တောင်ပြိုကျရာ ထိုဒေသတွင် အလုပ်လုပ်ကိုင်နေကြ သောအလုပ်သမား ၂၃ ဦးသေဆုံးပြီး၊ ၇ ဦးဒဏ်ရာရသည်။

ဇွန်လ ၁၉ ရက်နေ့တွင် တရုတ်နိုင်ငံတောင်ပိုင်း ဝွမ်ဒေါင်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ပုလဲမြစ်အပါအဝင် မြစ်များရေကြီးရေလျှံခြင်းကြောင့် ၃၅ ဦး သေဆုံးပြီး လူပေါင်းငါးသိန်းခန့် အတိဒုက္ခ ရောက်ကြရသည်။

ဇွန်လ ၂၉ ရက်နေ့တွင် တရုတ်နိုင်ငံ (ပြည်မ) နှင့် တရုတ် (ထိုင်ပေ) တို့ စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအခြေခံမူသဘောတူညီချက် (Economic Cooperation Framework Agreement-ECFA) ကို ချုံကင်းမြို့၌ လက်မှတ်ရေးထိုးကြသည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ဆင်ဟွာသတင်းဌာနက ၂၄ နာရီပြည့်ဆက်တိုက်ထုတ်လွှင့်သည့် အင်္ဂလိပ်သတင်း အစီအစဉ်တစ်ခုကို စတင်ထုတ်လွှင့်သည်။

တစ်နာရီလျှင် ၃၅၀ ကီလိုမီတာ အမြန်နှုန်းအထိ ပြေးဆွဲနိုင်သည့် မြန်နှုန်းမြင့် မီးရထားဝန်ဆောင်မှုကို စတင်ပြေးဆွဲသည်။ ထို့ကြောင့် ရှန်ဟိုင်းနှင့် နန်ဂျင်းမြို့ တို့အကြား ခရီးသွားများသည် မိနစ် ၇၀ ခန့်မျှသာ အချိန်ပေးရတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းမှ ရှန်ဇန်း (Shenzhen) မြို့ရှိ အပန်းဖြေဥယျာဉ်တစ်ခုဝယ် အာကာသယာဉ်ပုံတူ တစ်ခုမြေပြင်ပေါ်သို့ ပြုတ်ကျသဖြင့် လူခြောက်ဦးသေ ဆုံးပြီး ဆယ်ဦးခန့်ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၇ ရက်နေ့တွင် ဟန်စိုး (Hanzhou) မြို့ရှိ ဇောင်ရှန်း (Xiaoshan) လေဆိပ်ပေါ်တွင် ညကိုး နာရီခန့်က အမျိုးအမည်မသိယာဉ်ပျံတစ်စီး ဖြတ်သန်း ပျံဝဲသွားကြောင်းသိရသဖြင့် ယင်းလေဆိပ်ကို ခေတ္တမျှ ပိတ်ထားလိုက်ရသည်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် 'ကွန်ဆွန်' အမည်ရှိ တိုင်ဖုံးမုန်တိုင်းသည် ဟိုင်နန်ပြည်နယ်ရှိရာ တောင်ဘက် ကမ်းခြေမှ ဝင်ရောက်ခဲ့သဖြင့် လူ ၁၀၆ ဦးသေဆုံးပြီး၊ ၇၃ ဦး ပျောက်ဆုံးကာ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၈ သန်းတန်ဖိုးခန့်ဆုံးရှုံးပျက်စီးခဲ့သည်။ 'ကွန်ဆွန်' တိုင် ဖုံးမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၈၀ ခန့်မှ မိုင် ၉၀ ခန့်နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၇ ရက်နေ့တွင် တရုတ်နိုင်ငံ မြောက်ပိုင်း မှ ဒါလီယန်မြို့ဆိပ်ကမ်းမှ ရေနံပိုက်လိုင်းကြီးနှစ်ခု



တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီ

မီးလောင်မှုဖြစ်ပွားရာ ပေတစ်ရာခန့်မြင့်မားသော မီး တောက်ကြီးများ တောက်လောင်ခဲ့ပြီး မီးသတ်သမား ပေါင်းနှစ်ထောင်ထက်မနည်းတို့က ၁၅ နာရီကြာသည် အထိ မီးငြိမ်းသတ်ခဲ့ရသော်လည်း အသေအပျောက်မရှိ ကြောင်းသိရသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် တရုတ်နိုင်ငံအနောက် မြောက်ပိုင်း ရှန်ဇီပြည်နယ်ရှိ ဟန်ရှန်းမြို့မှ ကျောက်မီး သွေးတွင်းတစ်တွင်းမီးလောင်ရာ တွင်းထဲတွင်အလုပ်လုပ် နေသူ ၂၈ ဦးသေဆုံးခဲ့သည်။

ဒေသစံတော်ချိန် ည ရှစ်နာရီဆယ်မိနစ်ခန့်ဝယ် တွင်းထဲတွင်သွယ်တန်းထားသော မြေအောက်လျှပ်စစ် ဝိုင်ယာကြိုးမှစတင်မီးလောင် ခြင်းဖြစ်သည်။

ဇူလိုင်လ ၂၇ ရက်နေ့တွင် သုံးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟေနန်းပြည်နယ်၊ လွမ်ချွန်းခရိုင်တွင် တံတားတစ်စင်းကျိုးခဲ့ရာ လူ ၃၇ ဦး သေဆုံးခဲ့သည်။ ယင်းတံတားကျိုးမှုအပါအဝင် အ ခြားရေလွှမ်းမိုးမှုများကြောင့် စုစုပေါင်း လူ ၅၂ ဦးမျှ သေဆုံးခဲ့ပြီး ၂၀ ခန့်ပျောက်ဆုံးခဲ့ကာ လူပေါင်း ၂ သိန်းခန့် အိမ်ရာရွှေ့ပြောင်းခဲ့ကြရသည်။

ဇူလိုင်လ ၃၀ ရက်နေ့တွင် ဟူနန်ပြည်နယ်၊ ချန် ရှားခရိုင်ရှိ ပြည်တွင်းအခွန်ဌာနခွဲ အဆောက်အအုံတွင် ဒေသစံတော်ချိန် ၄ နာရီ ၁၅ မိနစ်ခန့်တွင် ဗုံးပေါက် ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ၁၉ ဦးဒဏ် ရာရရှိခဲ့သည်။ အစည်းအဝေးစားပွဲအောက်မှ ပေါက်ကွဲ

ခြင်းဖြစ်ပြီး ရည်ရွယ်ချက်ဖြင့်ဖောက်ခွဲခြင်းဖြစ်ကြောင်း ရဲဌာနမှတရားဝင်ထုတ်ပြန်ကြေညာသည်။

ဇူလိုင်လ ၃၁ ရက်နေ့တွင် ရှန်ဇီပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်တွင်းပေါက်ကွဲမှုဖြစ်ပွားရာ ၁၇ ဦးသေဆုံးပြီး ၂၄ ဦးတွင်းထဲ၌ ပိတ်မိနေခဲ့သည်။

ဩဂုတ်လ ၁ ရက်နေ့တွင် တရုတ်နိုင်ငံအရှေ့တောင်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် လူတစ်ရာထက် မနည်းသေဆုံးပြီး ယာဉ်သွားလာမှုများ ဆယ်ရက်ခန့် ရပ်ဆိုင်းခဲ့သည်။

ဩဂုတ်လ ၂ ရက်နေ့တွင် ပေကျင်းနှင့်မဝေးလှသော ဟေဘိုင်ပြည်နယ်တွင် မူးယစ်သောက်စားထားသူ တစ်ဦးမောင်းနှင်လာသည့် လယ်ထွန်စက်ကြောင့် လူ ၁၁ ဦးသေဆုံးပြီး အနည်းဆုံး လူ ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူ လီရှန်လျန်းသည် သေဒဏ်ကျခံရနိုင်ဖွယ်ရှိကြောင်း ဒေသခံမီဒီယာများကဆိုသည်။ ဩဂုတ်လ ၆ ရက်နေ့တွင် တရုတ်နှင့်မြောက်ကိုရီးယားနယ်စပ်ရှိ ယာလူးမြစ်ရေကြီးခြင်းကြောင့် လူလေးသောင်းထက်မနည်း အိမ်ရာများရွှေ့ပြောင်းကြရသည်။

ဩဂုတ်လ ၇ ရက်နေ့တွင် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြို မှုဖြစ်ပွားရာ လူ ၈၀ ခန့်သေဆုံးပြီး လူနှစ်ထောင်ခန့် ပျောက်ဆုံးခဲ့ကာ လူပေါင်းနှစ်သောင်းခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဩဂုတ်လ ၁၇ ရက်နေ့တွင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူရှွန်းစီရင်စု (Fushun County)တွင် မြောက်ကိုရီးယားလေတပ်ပိုင် မစ်-၂၁ (MiG-21) စစ်လေယာဉ်တစ်စီးပျက်ကျခဲ့သည်။စက်တင်ဘာလ ၁ ရက်နေ့တွင် တရုတ်နိုင်ငံ ဇိုရှန်း (Zhoushan) ကမ်းခြေတစ်လျှောက်သို့ 'ကွမ်ပါဆု' အမည်ရှိ တိုင်ဖုန်းမုန်တိုင်း တစ်ခု ဝင်ရောက်ခဲ့သည်။

စက်တင်ဘာလ ၃ ရက်နေ့တွင် ယူနန်ပြည်နယ် ဘိုရှန်းမြို့အနီးရှိ ဝါမရွာကလေးတွင် မြေပြိုမှုဖြစ်ပွားရာ ၁၂ ဦးသေဆုံးပြီး လူ ၃၆ ဦးခန့်ပျောက်ဆုံးနေကာ ၇၁ ဦးခန့် ပိတ်မိနေကြောင်း ဒေသခံသတင်းဌာနများက ကြေညာခဲ့သည်။

စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာလုံးဆိုင်ရာ ပြည်ပရောက်တရုတ်လူမျိုးများညီလာခံကို ဟောင်ကောင်တွင် ကျင်းပခဲ့သည်။ တရုတ် (တိုင်ပေ) နှင့် ပြည်မကြီးတို့ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကို အထူးထောက်ခံအားပေးခဲ့ကြသည်။

ယင်းညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာအနှံ့မြို့ကြီးများတွင် ၂၀၀၈ ခုနှစ်မှအပ နှစ်စဉ် ကျင်းပခဲ့ခြင်းဖြစ်ရာ ယခုအကြိမ်သည် နဝမအကြိမ်မြောက်ဖြစ်သည်။ အောက်တိုဘာလ ၁ ရက်နေ့တွင် စီချွန်ပြည်နယ်ရှိ ဇီချန်းဂြိုဟ်တုလွှတ်တင်ရေးဌာနမှ လမျက်နှာပြင် စူးစမ်းလေ့လာရေးဂြိုဟ်တု ချန်အီ-၂ (Chang'e-2) ကို လွှတ်တင်ခဲ့သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအား ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပေးနိုင်သည့်အတွက် ဂုဏ်ပြုကြိုဆိုကြောင်းပြောကြားသည်။

ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဝန်ကြီးချုပ် ဝင်ကြားပေါင်သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တွေ့ဆုံသည်။

**တောင်ကိုရီးယားနိုင်ငံ**။ ။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်အခါ ကိုရီးယားကျွန်းဆွယ်မှာ လတ္တီတွဒ် ၃၈ ဒီဂရီကို အလယ်မျဉ်းကြောင်းအဖြစ် အခြေခံထားကာ နှစ်ပိုင်းကွဲသွားသည်။

လတ္တီတွဒ် ၃၈ ဒီဂရီ၏ မြောက်ဘက်ပိုင်းသည် မြောက်ကိုရီးယားနိုင်ငံ (ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ-D.P.R.K - Democratic Peoples' Republic of Korea) အဖြစ် ရပ်တည်လာသည်။

လတ္တီတွဒ် ၃၈ ဒီဂရီ၏ တောင်ဘက်ပိုင်းသည် တောင်ကိုရီးယား (ကိုရီးယားသမ္မတနိုင်ငံ-R.K-Republic of Korea) ဖြစ်လာသည်။ ၁၉၄၈ ခုနှစ် မေလ ၁ ရက်နေ့တွင် နှစ်နိုင်ငံခွဲခြားကာ လွတ်လပ်ရေး ရရှိခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကွန်မြူနစ်နိုင်ငံဖြစ်လာသည့်နည်းတူ တောင်ကိုရီးယားနိုင်ငံသည် အရင်းရှင်နိုင်ငံ ဖြစ်လာသည်။

ကမ္ဘာပေါ်တွင် လူမျိုးတစ်မျိုးတည်းဖြစ်ပြီး နှစ်နိုင်ငံသီးခြားကွဲပြား ရပ်တည်နေသောနိုင်ငံမှာ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနိုင်ငံများ ဖြစ်ကြသည်။

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတမှာ လီမြောင်ဘတ်ဖြစ်ပြီး ဝန်ကြီးချုပ်မှာ ရှောင်အင်ချန်ဖြစ်သည်။ လူဦးရေမှာ သန်းငါးဆယ်နီးပါးရှိသည်။ တောင်ကိုရီးယားနိုင်ငံ၏မြို့တော်မှာ ဆိုးလ်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးတွင် အမြဲတမ်းတပ်ဖွဲ့ဝင် အင်အားနှင့် အရန်တပ်ဖွဲ့ တပ်ဖွဲ့ဝင်အင်အားဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ယခုအမြဲတမ်းတပ်ဖွဲ့ဝင်အင်အားမှာ ၆,၈၇,၀၀၀ ရှိပြီး အရန်တပ်ဖွဲ့ဝင်အင်အားမှာ ၄၅,၀၀,၀၀၀ ရှိသည်။

စစ်လက်နက်ယန္တရားများအနေဖြင့် ပင်မတိုက်ပွဲဝင်တင့်ကား ၂၃၃၀ စီး၊ စစ်သင်္ဘောကြီးများ ၄၃ စင်း၊ ရေငုပ်သင်္ဘောအစင်း ၂၀ နှင့် တိုက်ပွဲဝင်စစ်လေယာဉ် ၅၁၈ စင်းမျှရှိသည်။ စစ်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၇ ဘီလီယံဖြစ်သည်။ သို့သော် ယခုအချိန်အထိ မဟာဗျူဟာမြောက် နျူကလီးယားလက်နက်များပိုင်ဆိုင်မှု မရှိသေးဟု သတင်းများ၌ ဖော်ပြသည်။

တောင်ကိုရီးယားသမ္မတနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အထူးအေဂျင်စီများတွင်လည်း အဖွဲ့ဝင် ဖြစ်သည်။ ယခုကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် တောင်ကိုရီးယားနိုင်ငံသား ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အသင်းဝင်နိုင်ငံများနှင့်လည်း ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ အထူးအားဖြင့် စီးပွားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံ +၃ တွင် တောင်ကိုရီးယားနိုင်ငံ ပါဝင်သည်။ အာဆီယံ +၃ မှာ အာဆီယံ ၁၀ နိုင်ငံနှင့် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်ကြသည်။ အာဆီယံ +၁ မှာအာဆီယံ ၁၀ နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြသည်။ ထို့အတူ ဂျီ ၂၀ အုပ်စုတွင်လည်း တောင်ကိုရီးယားနိုင်ငံ ပါဝင်သည်။ တောင်ကိုရီးယားနိုင်ငံသည် ယခုအခါ ဂျီ ၂၀ အုပ်စု၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ ယခုအာရှတိုက်တွင် စီးပွားရေးတိုးတက်မှုမြင့်မားနေသော အာရှကျားလေးကောင်ဟု တင်စားခြင်းခံရသည့် စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်တို့နှင့်အတူ တောင်ကိုရီးယားနိုင်ငံသည်လည်း ပါဝင်နေသည်။

တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၀ ပြည့်နှစ်အတွင်းထူးခြားမှုမှာ တောင်ကိုရီးယားနိုင်ငံရှိ ထင်ရှားကျော်ကြားသည့် စီးပွားရေးကုမ္ပဏီများတွင် ပါဝင်သော ဆမ်ဆောင်ကုမ္ပဏီ၏ ဥက္ကဋ္ဌဟောင်း လီကွန်းဟီး ၆၇ နှစ်အား ငွေကြေးဆုံးရှုံးမှုများ၊ အခွန်တိမ်းရှောင်မှုများဖြင့် အရေးယူထားရာမှ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလဆန်းတွင် အထူးလွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ဗီယက်နမ်အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ လုပ်သားပေါင်း ၄၃,၀၀၀ ကျော်ရှိနေရာမှ ၂၀၁၀ ပြည့်နှစ်ဆန်းပိုင်းတွင် ဗီယက်နမ် လုပ်သားပေါင်း ၁၂,၅၀၀ ခန့်ကို ထပ်မံ၍ လုပ်ငန်းများတွင် ခန့်ထားနိုင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်မြင့်တက်လာမှုကြောင့် ၂၀၁၀ ပြည့်နှစ် ပထမသုံးလပတ်တွင် စီးပွားရေး ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာကြောင်းနှင့် ၂၀၁၀ ပြည့်နှစ်ကုန်ပိုင်းတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံရေးပြဿနာများ၊ စစ်ရေးပြဿနာများ၊ ကာကွယ်ရေးပြဿနာများရှိနေသည့်အတွက် ကြိုးစားဖြေရှင်းနေရသည်။ အထူးအားဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်သော မြောက်ကိုရီးယားနှင့်ပတ်သက်နေသည်။ နှစ်နိုင်ငံဆက်ဆံရေးမှာ စဉ်ဆက်မပြတ် တင်းမာလျက်ရှိနေသည်။

ထို့ကြောင့်ပင် အမေရိကန်ပြည်ထောင်စုသမ္မတဟောင်းဂျင်မီကာတာက အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယားနိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးကြရန် ၂၀၁၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စကို ဆွေးနွေးနိုင်ခြင်းမရှိပါက ကိုရီးယားကျွန်းဆွယ်တွင် စစ်မက်အန္တရာယ်ရှိကြောင်းကိုလည်း

ဆက်လက်ပြောကြားခဲ့သည်။

ဤသို့သော အခြေအနေတွင် တောင်ကိုရီးယားရေတပ်သင်္ဘောတစ်စင်းသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၂၆ ရက်တွင် ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်း၌ မြောက်ကိုရီးယား၏ တော်ပီဒိုလက်နက်ဖြင့် တိုက်ခိုက်မှုကြောင့် နစ်မြုပ်သွားကြောင်း တောင်ကိုရီးယားရေတပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။ သင်္ဘောအမည်မှာချီနန်ဖြစ်ပြီး တန်ချိန် ၁၅၀၀ ရှိသည်။ သင်္ဘောပေါ်၌ တပ်ဖွဲ့ဝင် ၁၀၄ ဦးပါရှိပြီး ၅၈ ဦးကို ကယ်တင်နိုင်ခဲ့သည်။ ၄၆ ဦးသေဆုံးကြောင်းနှင့် တောင်ကိုရီးယားဘက်ကရီယွန်ဒိုကျွန်းအနီးတွင် တိုက်ခိုက်နစ်မြုပ်ခံရကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး တောင်ကိုရီးယားပြည်သူများသည် ၎င်းတို့အစိုးရ၏ဆောင်ရွက်မှုများအပေါ်မကျေမနပ်ဖြစ်ခဲ့သည်။ သို့ဖြင့် တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်သည် နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ပြည်သူတို့ကို မျက်ရည်ကျကာ မိန့်ခွန်းပြောကြားခဲ့သည်။ လီမြောင်ဘတ်က သေဆုံးသူများ၏အမည်ကို တစ်ဦးချင်းဖတ်ကြားကာ မည်သည့်အခါမှ မေ့ပျောက်မည်မဟုတ်ကြောင်း ထည့်သွင်းမိန့်ကြားခဲ့သည်။

သို့သော် မြောက်ကိုရီးယားလက်ချက်ဖြစ်ကြောင်း လက်ဆုပ်လက်ကိုင် သက်သေခိုင်ခိုင်မာမာပြရန် လိုအပ်လာသည်။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံတို့ ပါဝင်သည့် အရပ်ဘက်နှင့် စစ်ဘက်ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့က မြောက်ကိုရီးယားတို့၏ တော်ပီဒိုကြောင့်ဖြစ်ကြောင်း သက်သေအခိုင်အမာရှိသည်ဟု ပြောကြားခဲ့သည်။

မြောက်ကိုရီးယားကမူ ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့သည်။ မိမိတို့အား လက်တုံ့ပြန်ဒဏ်ခတ်မှုပြုလာပါက စစ်ပြည့်အဓိပ္ပာယ်သက်ရောက်လာမည်ဟု မြောက်ကိုရီးယားရေတပ်တာဝန်ရှိသူက တုံ့ပြန်ပြောကြားခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် တရုတ်နိုင်ငံပေကျင်းမြို့သို့ ရောက်ရှိလာပြီး မြောက်ကိုရီးယားသည် သင်္ဘောနစ်မြုပ်မှုအတွက် တာဝန်ယူရမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံကလည်း သံတမန်နည်းအရ ဖိအားပေးရာတွင် ထောက်ခံရမည်ဟု တိုက်တွန်းခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ပင်လယ်ဝါအတွင်း၌ အကြီးမားဆုံးသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

တောင်ကိုရီးယားစစ်သင်္ဘောချီနန်နစ်မြုပ်ခဲ့ပြီးသည့်နောက် မြောက်ကိုရီးယားနှင့် နှစ်နိုင်ငံစစ်ရေးပြဿနာများ တင်းမာလာသည်။ တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်က မြောက်ကိုရီးယားအပေါ် ပြင်းထန်သောအရေးယူမှုများပြုလုပ်သွားမည်ဟု တရားဝင်ပြောကြားခဲ့သည်။ မေလ ၂၇ ရက်နေ့တွင် တောင်ကိုရီးယားအစိုးရ၏ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုကို နှစ်နိုင်ငံနယ်စပ်ရေပြင်တွင် ကျင်းပပြုလုပ်ခဲ့သည်။

တစ်ချိန်တည်းတွင် တောင်ကိုရီးယားအစိုးရသည် ၎င်း၏ကာကွယ်ရေးဆိုင်ရာ မူဝါဒများကိုလည်း ပြန်လည်သုံးသပ်လာသည်။ စစ်ရေးလေ့ကျင့်မှုများ ပိုမိုပြုလုပ်ရန် လက်နက်သစ်များ တိုးမြှင့်တပ်ဆင်သွားရန်နှင့် ၂၀၁၂ ခုနှစ်အရောက်တွင် အမေရိကန်–တောင်ကိုရီးယား ပူးတွဲတပ်ဖွဲ့၏ ဦးစီးကွပ်ကဲမှုကို တောင်ကိုရီးယားထံလွှဲပေးရေး ရည်မှန်းသည်အထိရှိလာသည်။ ယခုကာလတွင် တောင်ကိုရီးယား၌ အမေရိကန်စစ်သည် သုံးသောင်းနီးပါး ဖြန့်ကြက်ထားသည်။

ထို့ပြင် တောင်ကိုရီးယား၏ စစ်ရေးလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်ရာတွင် အမေရိကန် စစ်သင်္ဘောများ ပါဝင်လာသည်။ ဂျပန်နိုင်ငံ ဆိပ်ကမ်းတစ်ခုတွင် ထားရှိသည့် အမေရိကန်ပြည်ထောင်စု၏ ယူအက်စ်အက်စ် ဂျော့ဝါရှင်တန်လေယာဉ်တင်သင်္ဘောကြီးသည် စစ်ရေးလေ့ကျင့်ရာ၌ ပါဝင်မည်ဟု သတင်းများတွင်ဖော်ပြသည်။

ထို့ပြင်သာမက တောင်ကိုရီးယားအစိုးရသည် ကမ္ဘာ့အကြီးဆုံး စစ်မဟာမိတ်အဖွဲ့ဖြစ်သည့် (နေတိုး) အဖွဲ့ကြီးနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုပြုလုပ်လာသည်။ ဤသည်ကို ဇူလိုင်လအတွင်း နေတိုးအဖွဲ့ကြီး၏ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင် တောင်ကိုရီးယားအစိုးရသည် နှစ်

နိုင်ငံနယ်စပ်စစ်မဲ့ဇုန်နယ်မြေဝန်းကျင်တွင်လည်း လုံခြုံရေးကို အထူးပြုလုပ်လာသည်။ အဆိုပါ စစ်မဲ့ဇုန်တွင် ခေတ်မီသည့် ကင်းစောင့်စစ်သားစက်ရုပ်ကို ဖွန်လမှ စတင်၍ ဖြန့်ကြက်ထားကြောင်း စစ်ဘက်ဆိုင်ရာက ထုတ်ဖော်ပြောကြားသည်။

တောင်ကိုရီးယားအစိုးရသည် စစ်ဘက်ဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာများကို ပိုမိုတိုးမြှင့်အကောင်အထည်ဖော်လာရာ ကီလိုမီတာ ၁၅၀၀ အထိ ပစ်ခတ်နိုင်သော ခရုစ်ဒုံးကျည်တစ်မျိုးကို အောင်မြင်စွာ တီထွင်နိုင်ပြီဖြစ်ကြောင်း ဇူလိုင်လတွင် စစ်ဘက်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

ဤသို့တောင်ကိုရီးယားအစိုးရသည် စစ်ရေးဆိုင်ရာ တိုးမြှင့်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေစဉ် မြောက်ကိုရီးယားက စက်တင်ဘာလအတွင်း သတင်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းသတင်း၏ အဓိကအချက်မှာ အမေရိကန်တပ်ဖွဲ့ဝင်များသည် တောင်ကိုရီးယား၌ တပ်ချထားသည်မှာ ၆၅ နှစ်မျှရှိပြီဖြစ်သည်။ ယခုအခါ လုံးဝရုပ်သိမ်းရန် တိုက်တွန်းကြောင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၈ ရက်တွင် တောင်ကိုရီးယား၌ စတင်တပ်စွဲခြင်းကို မြောက်ကိုရီးယားက ရည်ညွှန်းကာ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ ဤသည်တို့မှာ ၂၀၁၀ ပြည့်နှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ စစ်ရေးနှင့်ကာကွယ်ရေးဆိုင်ရာ အခြေအနေများဖြစ်သည်။

ယင်းသို့သော စစ်ရေးပြဿနာများ၊ ကာကွယ်ရေးပြဿနာများရှိနေချိန်တွင် တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်မြို့တွင် ဂျီ-၂၀ အုပ်စုထိပ်သီးအစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် နှစ်ရက်ကြာလက်ခံကျင်းပခဲ့သည်။ ထိုထိပ်သီးအစည်းအဝေးပွဲသို့ အုပ်စုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဘဏ္ဍာရေးဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဤသည်မှာ ၂၀၁၀ ပြည့်နှစ်အတွင်း တောင်ကိုရီးယား နိုင်ငံ၏ ထူးခြားသော မှတ်တိုင်တစ်ခုဖြစ်သည်။

ယနေ့ကမ္ဘာပေါ်၌ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စစ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အုပ်စုများရှိကြသည်။ ယင်းအုပ်စုများတွင် ဂျီ-၂၀ အုပ်စုသည်လည်း ပါဝင်သည်။



**ပြည်ပမှကျူးကျော်တိုက်ခိုက်လာပါက ကာကွယ်ရန် အသင့်ရှိနေသော တောင်ကိုရီးယားတပ်မတော်**

ဂျီ-၂၀ အုပ်စုကို ကမ္ဘာပေါ်၌ စက်မှုထွန်းကားသော၊ ချမ်းသာကြွယ်ဝသောနိုင်ငံများအုပ်စုဟုလည်း လေ့လာသူများက ဆိုကြသည်။

ထိုအုပ်စုတွင် အာဂျင်တီးနား၊ ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့ပါဝင်ကြသည်။

တောင်ကိုရီးယားနိုင်ငံသည် အာရှနှင့် ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကောင်စီ (A.P.E.C Asia -Pacific Economic Cooperation Council) တွင်လည်း ပါဝင်သည်။ အဆိုပါကောင်စီတွင် ယခုအဖွဲ့ဝင် ၂၁ နိုင်ငံရှိသည်။ ဩစတြေးလျ၊ စင်ကာပူ၊ ဘရူနိုင်း၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်၊ ရုရှားစသည့် နိုင်ငံများ ပါဝင်ကြသည်။

ကောင်စီ၏ (၁၈) ကြိမ်မြောက်ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံယိုကိုဟားမားမြို့၌ ကျင်းပခဲ့သည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ရက်နေ့များတွင် ကျင်းပခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးပွဲ

သို့လည်း အခြားသောအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည်လည်း တက်ရောက်ခဲ့သည်။

တစ်ကမ္ဘာလုံးမှ စိတ်ဝင်စားပြီး စိုးရိမ်လျက်ရှိသည့် အရေးအခင်းများတွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယားဆက်ဆံရေးတင်းမာခြင်းလည်းပါဝင်သည်။ အထူးအားဖြင့် နှစ်နိုင်ငံစစ်ရေးတင်းမာမှုများ၊ ပစ်ခတ်မှုများမှာလည်း စိုးရိမ်စရာဖြစ်နေလေသည်။

မတ်လ ၂၆ ရက်တွင် တောင်ကိုရီးယား သင်္ဘောချီနန်တော်ပီဒိုပစ်ခတ်ခံရခြင်းကြောင့် တောင်ကိုရီးယားသင်္ဘောသား ၄၆ ဦးသေဆုံးခဲ့ရသည်။ ဤ သည်မှစ၍ နှစ်နိုင်ငံဆက်ဆံရေးမှာ အလွန်အမင်းတင်းမာလာခဲ့သည်။ တောင်ကိုရီးယားသည် စစ်ရေးပြင်ဆင်မှုများပြုခဲ့သည့်နည်းတူ စစ်ရေးလေ့ကျင့်မှုများကို အမေရိကန်ပြည်ထောင်စုနှင့်ပူးပေါင်းကာ အကြီးအကျယ်ပြုလုပ်ခဲ့သည်။

ဤသို့သော အခြေအနေတွင် ပိုမိုစိုးရိမ်ရသည့်ဖြစ်ရပ်တစ်ခုပေါ်ပေါက်လာနေသည်။ ပင်လယ်ဝါအတွင်း၌ တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားပိုင်ဆိုင်မှုအငြင်းပွားနေသော ယုံပြွန်းကျွန်းရှိသည်။ အဆိုပါ ယုံပြွန်းကျွန်းကို မြောက်ကိုရီးယားနိုင်ငံက ၂၀၁၀ပြည့်နှစ်နိုဝင်ဘာလ ၂၃ ရက်တွင် အမြောက်ဖြင့် ပစ်ခတ်ခဲ့ရာ တောင်ကိုရီးယားကလည်း ပြန်လည်ပစ်ခတ်သည်။ ဤသို့အပြန်အလှန်ပစ်ခတ်မှုကြောင့် အမြောက်ကျည်ဆန် ၂၀ ခန့် ကျွန်းပေါ်သို့ ကျရောက်ကာ သစ်တောများ၊ နေအိမ်များပျက်စီးခဲ့သည်။ မီးလောင်ကျွမ်းခဲ့သည်။တောင်ကိုရီးယား မရိန်းတပ်သားနှစ်ဦးကျဆုံးပြီး ၁၀ ဦးကျော် ဒဏ်ရာရခဲ့သည်ဟု တောင်ကိုရီးယား အာဏာပိုင်များက ပြောကြားသည်။ ထိုအခါ တောင်ကိုရီးယားကလည်း ပြန်လှန်ပစ် ရုံမျှမက E.16 တိုက်လေယာဉ်ပျံများ ပျံတက်ခြင်းဖြင့် အင်အားပြခဲ့သည်။

ဤအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်နိုင်ငံပစ်ခတ်မှုမှာ စိုးရိမ်စရာကောင်းကြောင်းနှင့်ထပ်မံမတိုးမြင့်ရန် သတိပေးပြီး ခြောက်နိုင်ငံအစည်းအဝေးပြန်လည်ပြုလုပ်ရန်လိုအပ်ကြောင်း ပြောဆိုသည်။

အခင်းဖြစ်လျှင်ဖြစ်ခြင်း တောင်ကိုရီးယား သမ္မတလီမြောင်ဘတ်သည် အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးကို သမ္မတအိမ်တော်မြေအောက်ဖုံးခိုကျင်းအတွင်း၌ အရေးပေါ်ကျင်းပသည်။ တောင်ကိုရီးယားတပ်မတော်ကို အဆင့်အမြင့်ဆုံးအသင့်ပြင်ထားရန် အမိန့်ပေးခဲ့သည်။ မြောက်ကိုရီးယားမှာမူ တောင်ကိုရီးယားက မကြာခဏရန်စသည်။ ယခုလည်း တောင်ကိုရီးယားကစတင် ပစ်ခတ်ခြင်းဖြစ်သည်ဟု ပြောဆိုရုံမျှမက ဆက်လက်ကျူးကျော်နေပါက ချက်ချင်းလက်တုံ့ပြန်မည်ဟု ကြေညာချက်ထုတ်ပြန်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဤအရေးအတွက် လွန်စွာစိုးရိမ်ကြောင်း ထိန်းထိန်းသိမ်းသိမ်းပြုလုပ်သင့်ကြောင်းနှင့် တိုက်ခိုက်မှုကို အပြစ်တင်ပြောကြားသည်။ အမေရိကန်သမ္မတအိုဘားမားက တရုတ်အစိုးရသည် မြောက်ကိုရီးယားနှင့်အလျင်အမြန် ဆက်သွယ်ကာမြောက်ကိုရီးယားအနေဖြင့် လိုက်နာရမည့်နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများရှိကြောင်း သတိပေးပြောကြားရန် လိုအပ်သည်ဟုဆိုသည်။

ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်က အခန့်မသင့်၍ ကိစ္စတစ်စုံတစ်ရာဖြစ်ခဲ့သော် ထိရောက်စွာတုံ့ပြန်နိုင်ရေးအတွက် ၎င်း၏ဝန်ကြီးအဖွဲ့ကို အသင့်ပြင်ခိုင်းသည်။

ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကလည်း ကျူးလွန်သူတွင် ကြီးမားသောတာဝန်ရှိသည်။ လွန်စွာစိုးရိမ်ရသော အန္တရာယ်ဟုပြောကြားသည်။

ဤအရေးအခင်းတွင် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး (Kim Tae Young) မှာ ရာထူးမှနုတ်ထွက်ပေးလိုက်ရပြီး တောင်ကိုရီးယားသမ္မတ၏ လုံခြုံရေးဆိုင်ရာ အကြံပေးအရာရှိဟောင်း (Lee Hre Won) မှာ ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။ တစ်ဆက်တည်းတွင် တောင်ကိုရီးယားတပ်မတော်က ပိုမိုလျင်မြန်စွာတုံ့ပြန်နိုင်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း အစိုးရက ဖန်တီးပေးလိုက်သည်။

တောင်ကိုရီးယားသည် ပိုမိုကြီးကျယ်သည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အမေရိကန်ပြည်ထောင်စုနှင့်

ဆောင်ရွက်သည့် လေယာဉ်စင်းရေ ၇၀ ကျော်တင်ဆောင်ထားသည့် ယူအက်စ်အက်စ်ဂျော့ဝါရှင်တန်စစ်သင်္ဘောကြီးသည် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန်အတွက် ၎င်းအခြေစိုက်ရာ ဂျပန်စစ်စခန်းမှ ထွက်ခွာလာခဲ့သည်။ လေယာဉ်စင်းရေ ၇၀ ကျော်သာမက သင်္ဘောသား တပ်ဖွဲ့ဝင် ၆၀၀၀ ကျော်လည်းပါရှိသည်။ လောလောဆယ်တွင် တောင်ကိုရီးယား၌ အမေရိကန်စစ်သည် ၂၈,၀၀၀ ကျော်တပ်ခွဲထားသေးသည်။ ယခုကဲ့သို့သော စစ်ရေးလေ့ကျင့်မှုကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်းနှင့် ကာကွယ်ရေးအင်အားတောင့်တင်းပြီး အသင့်အနေအထားဖြစ်ရေးကို ဦးတည်ကြောင်း တောင်ကိုရီးယားက ဖော်ပြသည်။

**ထိုင်းနိုင်ငံ။** ။ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် အနီရောင်ရှပ်အင်္ကျီဝတ်ဆန္ဒပြသူ ၂၀၀ကျော်သည် ဧပြီလနှောင်းပိုင်းက ချူလာလောင်ကောင်တက္ကသိုလ်ဆေးရုံခြံဝင်းအတွင်းသို့ဝင်ရောက်လာခဲ့ပြီး စစ်သားများကို ရှာဖွေခဲ့ကြသည်။ အဆိုပါစစ်သားများသည် ဆန္ဒပြသူများကို တိုက်ခိုက်ရန် ပြင်ဆင်နေသည်ဟု ဆန္ဒပြခေါင်းဆောင်များက စွပ်စွဲလိုက်ကြသည်။

ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ထောက်ခံသည့်အတိုက်အခံ လှုပ်ရှားသူများ၏ ဆန္ဒပြမှုမှာ နှစ်လမျှကြာမြင့်ခဲ့ပြီး လူပေါင်း ၂၇ ဦးသေဆုံးခဲ့သည်။ ထိုင်းနိုင်ငံတွင် နိုင်ငံရေးအရ မငြိမ်မသက်ဖြစ်မှုကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ကွန်းချာတီကာဗန်နစ်က သတိပေးခဲ့သည်။

၎င်းနောက်ထိုင်းနိုင်ငံတွင် နိုဝင်ဘာလအတွင်း ရွေးကောက်ပွဲအသစ် ကျင်းပပေးရန် ကမ်းလှမ်းချက်ကို ဝန်ကြီးချုပ်က ပယ်ဖျက်လိုက်ကြောင်း၊ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများက လမ်းများပေါ်ထွက်ကာနှစ်လကြာဆန္ဒပြပွဲများအဆုံးသတ်ခြင်းမရှိသဖြင့် အဆိုပါကမ်းလှမ်းချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်၏ အတွင်းဝန်ချုပ် ကော်ဆက်ဆာဘာဆောက ၂၀၁၀ ပြည့်နှစ် မေလ ၁၃ ရက်တွင် ပြောကြားသည်။ ထိုသို့ ဆန္ဒပြမှုများပြီးဆုံးခြင်းမရှိပါက အနီရောင်ရှပ်အင်္ကျီဝတ်ဆန္ဒပြသူများနှင့် ရရှိခဲ့သောသဘောတူညီချက်တစ်ရပ်အရ ရွေးကောက်ပွဲအသစ်ကျင်းပပေးရန် ဖြစ်နိုင်မည်မဟုတ်ကြောင်း ဆာဘာဆောက ပြောကြားသည်။

ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားခဲ့မှုကြောင့် ၂၉ ဦး သေဆုံးပြီး ၁၄၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြသည်။ ဘန်ကောက်မြို့ရှိ ဆန္ဒပြပွဲများကျင်းပရာနေရာကို သံချပ်ကာကားများဖြင့် မေလ ၁၃ ရက်ညနေ ၆ နာရီမှစ၍ ပိတ်ဆို့မည်ဟု လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ ဆန္ဒပြသူများ လူစုခွဲခြင်းမရှိပါက ၎င်းတို့ဆန္ဒပြပွဲပြုလုပ်နေသည့် ရပ်ပရာဆွန်း ရပ်ကွက်ကို လျှပ်စစ်ဓာတ်အားနှင့် ရေဖြန့်ဝေပေးမှု ရပ်တန့်ပစ်မည်ဟု အစိုးရက ခြိမ်းခြောက်ခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အကြမ်းဖက်ဆူပူမှုများကို နှိမ်နင်းရာ၌ သေဆုံးသူ ဦးရေ ၃၀ ကျော်ထိ မြင့်တက်လာခြင်းကြောင့် စာသင်ကျောင်းများပိတ်ခြင်းနှင့်ညမထွက်ရ အမိန့်ထုတ်ရန် အစိုးရက စီစဉ်ကြောင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အဘီဆစ်က ၂၀၁၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့တွင် ပြောကြားလိုက်သည်။

စာသင်ကျောင်း ၄၀၀ ကျော်ကို၂၀၁၀ပြည့်နှစ် မေလ ၁၇ ရက် တနင်္လာနေ့တွင် ပြန်ဖွင့်ရန် စီစဉ်ထားသော်လည်း နောက်တစ်ပတ်အထိ ဆက်လက်ပိတ်ထားမည်ဟု ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ၎င်းက ထည့်သွင်း ပြောကြားသည်။ မေလ ၁၉ ရက်နေ့တွင် ဆန္ဒပြမှုများ အကြီးအကျယ် ဖြစ်လာသည်ဆို၏။ ဘန်ကောက်မြို့လမ်းပေါ်မှတိုက်ပွဲများ ထိန်းချုပ်နိုင်ရန် နေဝင်မီးငြိမ်းအမိန့်များ ထုတ်ပြန်ရဖွယ်ရှိကြောင်းနှင့် ကလေးငယ်များနှင့် အမျိုးသမီးများကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရန် ကြက်ခြေနီအဖွဲ့ဝင်များအား စေလွှတ်ပေးမည်ဖြစ်ကြောင်း ထိုင်းအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

ထို့နောက် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်က မိမိသည် ရှပ်နီခေါ် အတိုက်အခံ ညီညွတ်သော ဒီမိုကရေစီတပ်ပေါင်းစု ခေါင်းဆောင်မဟုတ်ကြောင်း၊ ယင်းပါတီ၏ လှုပ်ရှားတောင်းဆိုမှုသည် ရွေးကောက်ပွဲအသစ်ပြုလုပ်ပေးရန်ဖြစ်ပြီး မိမိကိုယ်စား၊

မိမိအတွက်မဟုတ်ကြောင်း ၂၀၁၀ ပြည့်နှစ် မေလ ၁၉ ရက်က ပြောဆိုသွားသည်။ ဆန္ဒပြမှုများ (သို့မဟုတ်) ပဋိပက္ခများအဆုံးသတ်ရန် မည်သို့တွေ့ဆုံ ညှိနှိုင်းမှုမဆို အစိုးရနှင့်ရှပ်နီခေါင်းဆောင်များအကြား ပြုလုပ်ရမည် ဖြစ်ကြောင်း ရှပ်နီအဖွဲ့ကိုယ်စားတွေ့ဆုံညှိနှိုင်းရန် မိမိတွင် လုပ်ပိုင်ခွင့်မရှိကြောင်း သက်ဆင်က ပြောဆိုသည်။ စီစဉ်ထားမှုကို ပြန်လည်စဉ်းစားသုံးသပ်ပေးရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ၂၀၁၀ပြည့်နှစ် ဇူလိုင်လ ၆ ရက်တွင် တိုက်တွန်းလိုက်သည်။

ပိုလန်နိုင်ငံ ကရာကိုးမြို့၌ ကျင်းပသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနိုင်ငံများအဖွဲ့၏ ဆွေးနွေးပွဲသို့ တက်ရောက်လာသော ထိုင်းနိုင်ငံခြားရေး



**ထိုင်းဝန်ကြီးချုပ်အဘိဆစ် ရေကြီးမှုဖြစ်ပွားခဲ့သော ဟတ်ယိုင်မြို့အတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်**

ထိုင်းအစိုးရသည် မိမိကိုအသရေဖျက်နေခြင်း ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး အကျပ်အတည်းများ ဆူပူမှုများ၏ နောက်ကွယ်မှ ကြိုးကိုင်နေသူတစ်ဦးအဖြစ် ၎င်းအားစွပ်စွဲနေကြောင်း သက်ဆင်ကပြောကြားသည်။ မိမိအနေဖြင့် ဆူပူမှုများ ပြုလုပ်ရန် မည်သည့်အခါမျှ သဘောတူမည်မဟုတ်ကြောင်း၊ ပဋိပက္ခများ အဆုံးသတ်ရန် ငြိမ်းချမ်းသော (သို့မဟုတ်) ဆူပူမှုမရှိခြင်းဖြင့် ဖြေရှင်းသောနည်းလမ်းကို မိမိ ယုံကြည်ကြောင်း၊ အင်အားသုံး၍ ဖြေရှင်းခြင်းကို မိမိပယ်ချကြောင်း၊ မမှန်မကန်လုပ်သူကို အစိုးရက ရှာဖွေ၍ တရားရုံးတွင် ၎င်းတို့အား တရားစွဲဆိုသွားရမည်ဖြစ်ကြောင်း သက်ဆင်ကပြောကြားသည်။

၎င်းနောက် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာအား မွန်တီနီဂရိုးနိုင်ငံက နိုင်ငံသားခံယူခွင့်ပေးခဲ့ပြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ဝန်ကြီး ကာဆစ်ပီယွမ်ယာက မွန်တီနီဂရိုး နိုင်ငံခြားရေးဝန်ကြီး မီလန်ရိုစင်နှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

သက်ဆင်အနေဖြင့် ဘော်လ်ကန်ဒေသရှိ အဆိုပါနိုင်ငံငယ်လေး၌ နိုင်ငံသားခံယူခွင့်ရရှိပြီး ၎င်းနိုင်ငံသည် အချုပ်အခြာအာဏာပိုင်စိုးမှုအရ မည်သူ့ကိုမဆို နိုင်ငံကူးလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိကြောင်း၊ သို့ရာတွင် ယနေ့အထိ ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် နိုင်ငံရေးအရ ရှင်သန်နေဆဲဖြစ်ကြောင်း၊ ၎င်းသည်ထိုင်းအစိုးရအဖွဲ့ကို ဆန့်ကျင်နေဆဲဖြစ်ပြီး အကြမ်းဖက်မှုအပါအဝင် စွဲချက်အများအပြားဖြင့် တရားစွဲဆိုနိုင်ရန် ထိုင်းနိုင်ငံက ၎င်းကိုအလိုရှိနေကြောင်း ကာဆစ်က ဆက်လက်ပြောကြားသည်။

ထို့ပြင် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့် ၎င်း၏မိသားစုပိုင်ဆိုင်သော ငွေဥစ္စာများမှ ဒေါ်လာ ၁

ဒသမ ၄ ဘီလီယံကို သိမ်းယူရန် အောက်တရားရုံး၏ ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးရန် ဦးတိုက်လျှောက်ထားမှုကို တရားရုံးချုပ်က ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက် တွင် ပယ်ချလိုက်သည်။ တရားရုံးချုပ်တရားသူကြီးများအဖွဲ့က နှစ်နာရီနီးပါးကြာခန့် စဉ်းစားသုံးသပ်ခဲ့ကြပြီးနောက် ယင်းသို့ပယ်ချခြင်းဖြစ်သည်။

တရားဥပဒေအရ မိမိတို့လုပ်ဆောင်နိုင်မှုမှာ ယခုအခါ ကုန်ဆုံးသွားပြီဖြစ်ကြောင်း သက်ဆင်၏ရှေ့နေက ပြောကြားသည်။ ထိုင်းတရားရုံးများကလည်း အကြမ်းဖက်မှုအပါအဝင် စွဲချက်များအတွက် သက်ဆင်အား ဖမ်းဝရမ်းများ ထုတ်ပေးခဲ့ကြသည်။ ထိုင်းနိုင်ငံတွင် 'ရှပ်နီဝတ်' လှုပ်ရှားသူများက ဧပြီလနှင့် မေလအတွင်း သက်ဆင်အား ထောက်ခံလျက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ပြီးနောက်ဝန်ကြီးချုပ်ဟောင်းကို အကြမ်းဖက်မှုဖြင့် စွဲချက်တင်ထားသည်။

သက်ဆင်သည် ၂၀၀၆ ခုနှစ်တွင် စစ်ဘက်အာဏာသိမ်းမှုဖြင့် ဖယ်ရှားခံရပြီးနောက် သက်ဆင်ပိုင်ဆိုင်သော ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၏ ၆၀ ရာခိုင်နှုန်းကို ပြည်သူပိုင်သိမ်းယူရန် ထိုင်းတရားရုံးက ဖေဖော်ဝါရီလအတွင်း ဆုံးဖြတ်ခဲ့သည်။

ထိုင်းဘုရင်ဘူမိဘောက ဗိုလ်ချုပ်ကြီး ပရာယုချိန်အိုချာကို စစ်ဦးစီးချုပ်အဖြစ် ၂၀၁၀ပြည့်နှစ် စက်တင်ဘာလ ၂ ရက်က အတည်ပြုပေးခဲ့သည်။ ဤလှုပ်ရှားမှုက ယခင်ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာကို ထောက်ခံဆန္ဒပြမည့်သူများအား ပြင်းပြင်းထန်ထန်နှိမ်နင်းတော့မည့်သဘောကိုဆောင်နေကြောင်းသုံးသပ်ကြသည်။ ထိုဗိုလ်ချုပ်ကြီးက စက်တင်ဘာလကုန်တွင် အနားယူတော့မည့် ဗိုလ်ချုပ်ကြီး အနုပေါင်ချင်ဒါနေရာတွင် ဝင်ရောက်တာဝန် ထမ်းဆောင်မည်ဖြစ်သည်။ အနုပေါင်ချင်ဒါသည် ၂၀၁၀ ပြည့်နှစ် ဧပြီလနှင့်မေလတို့တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများကို မည်သို့ကိုင်တွယ်ရ မည်ကိုမသိဖြစ်ခဲ့ပြီး ၎င်းက ရွေးကောက်ပွဲအသစ်ကျင်းပရန် အကြံပြုခဲ့သည်။ ဗိုလ်ချုပ်ကြီး ပရာယုသည် အသက် ၅၆ နှစ်သာရှိပြီး ၎င်းကလမ်းမပေါ် ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ပါက ပြင်းပြင်းထန်ထန်ကိုင် တွယ်ဖြေရှင်းမည့်သဘောရှိသည်။ လွန်ခဲ့သောဆန္ဒပြပွဲတွင် ဆန္ဒပြသူများက ထိုင်းနိုင်ငံရှိ စတော့အိတ်ချိန်း ဌာနချုပ်နှင့် ထိုင်းနိုင်ငံ၏အကြီးမားဆုံး စူပါမတ်ကက်ကြီးကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ထိုမှ သုံးလကြာမြင့်သည့်တိုင် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ ပြည်သူတို့၏ ရင်ထဲတွင် ခံစားမှုဖြစ်နေခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး ပရာယုသည် ယခင်က ထိုင်းဘုရင်၏မိဖုရားကြီးအား ကာကွယ်ရန် တာဝန်ယူခဲ့ရသည်။ ထိုင်းအမှတ် (၁၂ )ခြေမြန်တပ်ရင်းမှ တပ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၂၀၀၉ ခုနှစ်က ဝန်ကြီးချုပ်၏အသက်ကို လုပ်ကြံရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် ၎င်းသည် မစ္စတာအဘီဆစ်၏ လုံခြုံရေးကိုပါ တာဝန်ယူခဲ့ရသူဖြစ်သည်။

စစ်ဦးစီးချုပ်အသစ်လက်ထက်တွင် မစ္စတာ သက်ဆင်၏ အနာဂတ်မှာ များစွာခက်ခဲလာနိုင်သည်ဟု ဘန်ကောက်ရှိ သမ်မာဆက်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ ဆွန်ချိုင်ဖာဂါဖာဖီဇက်က ပြောဆိုသည်။

ဝန်ကြီးချုပ်အဘီဆစ်ဝဲ့ချာချီဝသည် ဆန္ဒပြပွဲများနောက်ပိုင်း ပထမဆုံးအကြိမ်ပြည်ပသို့ ခရီးထွက်ခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပြန်လည်တိုးတက်လာစေရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာပြန်လည်ကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ပြင်ဆင်ထားကြောင်း ၂၀၁၀ ပြည့်နှစ် ဇွန်လ ၅ ရက်တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုသို့ နိုင်ငံရေးမငြိမ်သက်မှုများကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။ ထိုကာလအတွင်းဝန်ကြီးချုပ်အဘီဆစ်သည် ထိုင်းနိုင်ငံဟတ်ယိုင်မြို့၏ ရေလွှမ်းမိုးခံနေရာများသို့ သွားရောက်ကြည့်ရှုကာ ရေဘေးဒုက္ခသည်များအား အားပေးစကားပြောကြားခဲ့သည်။

**ပါကစ္စတန်နိုင်ငံရေးဘေး။** ။ ယနေ့ကမ္ဘာကြီးတွင် စစ်ရေးပြဿနာများ၊ နိုင်ငံရေးပြဿနာများ၊ စီးပွားရေးပြဿနာများ၊ ရိက္ခာဖူလုံရေးပြဿနာများ၊ အကြမ်းဖက်မှုပြဿနာများ၊ ကျန်းမာရေးပြဿနာများစသည်ဖြင့် များပြားစွာကြုံတွေ့နေကြရသည်။

၎င်းအပြင် သဘာဝဘေးအန္တရာယ်ကလည်း ကမ္ဘာကြီးကို ကြီးမားသောခြိမ်းခြောက်မှုပြုနေသည်။

၂၁ ရာစု ကမ္ဘာကြီးတွင် အကြောင်းအမျိုးမျိုးကြောင့် ပတ်ဝန်းကျင်ယိုယွင်းလာလျက်ရှိသည်။ ယိုယွင်းလာရာမှသည် ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေခြင်း၊ အက်ဆစ်မိုးရွာသွန်းခြင်း၊ အိုဇုန်းလွှာပါး လွှာရာမှသည် ပေါက်ပြလာခြင်း၊ ဝင်ရိုးစွန်းရေခဲပြင်နှင့်ရေခဲတောင်များ အရည်ပျော်လာခြင်း၊ သန္တာကျွန်းများ ပျက်စီးလာခြင်း၊ အယ်(လ်)နီညိုခေါ် ပင်လယ်ရေနွေးစီးကြောင်းဖြစ်ပေါ်လာခြင်းများရှိလာကာ နောက်ဆုံး၌ အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်ဆိုးများ ဖြစ်ပေါ်လာသည်။

ဥပမာအားဖြင့် မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မိုးသည်းထန်ခြင်း၊ တောင်ပြိုခြင်း၊ ဆီးနှင်းအလွန်အမင်းကျဆင်းခြင်း၊ ရေဘေးအန္တရာယ်ကျရောက်ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ပြည်တွင်းရေးပြဿနာများ၊ အိမ်နီးနားချင်းနိုင်ငံနှင့်ဆက်ဆံရေးပြဿနာများ၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပေါ်နေခြင်းများ၊ အကြမ်းဖက်အုပ်စု၊ တာလီဘန်အုပ်စု၊ အယ်(လ်)ခိုင်ဒါအုပ်စု စသည့်ပြဿနာတို့ဖြင့် ကြုံတွေ့နေရချိန်တွင် နှစ်ပေါင်း (၆၃)နှစ် အတွင်းအဆိုးဝါးဆုံးသော ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည်။

၂၀၁၀ပြည့်နှစ် ဩဂုတ်လဆန်းတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းခြင်းမှအစပြု၍ ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၊ အနောက်မြောက်ပိုင်းဒေသများတွင် ရေဘေးအန္တရာယ်ကျရောက်ခြင်းဖြစ်သည်။ နိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ရေအကြီးအကျယ်လွှမ်းခြင်းခံခဲ့ရသည်။ ထို့အပြင် မက်ဒိန်း၊ ကာလမ်း၊ မတ်တားဒေသတို့၌သာမက ဆဝပ်တောင်ကြား၊ မင်ဂိုရာဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးအန္တရာယ်ကို ကြောက်မက်ဖွယ်ရာခံစားခဲ့ရသည်။

တာဝန်ရှိသူများက၂၀၁၀ပြည့်နှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ဒေသ၌ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်းနှင့် လောလောဆယ် ရေဘေးဒုက္ခကြုံတွေ့ရသူ သုံးသန်းကျော်ရှိကြောင်း၊ သေဆုံးသူဦးရေမှာ ၁၄၀၀ကျော်လာကြောင်း ဦးစွာပြောကြားသည်။ ယင်းတို့အနက် ဒုက္ခသည်ဦးရေ ၁ဒသမ၃သန်းကျော်မှာ စားနပ်ရိက္ခာလိုအပ်နေကြောင်း၊ နိုင်ငံတကာသို့ ကူညီရန် တောင်းဆိုထားကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ရေကြီးမှုကြောင့် လူပေါင်း ၁၂သန်းရေဘေးအန္တရာယ်ခံစားနေရကြောင်းနှင့် အိမ်ခြံမြေ ၆,၅၀,၀၀၀ ပျက်စီးဆုံးရှုံးကာ လူအသေအပျောက်စာရင်းမှာလည်း ၁၆၈၀ ဦး ကျော်လာကြောင်း ထုတ်ပြန်ကြေညာခဲ့ပြန်သည်။ အရေးပေါ်အစီအစဉ်ဖြင့် တပ်ဖွဲ့ဝင် ၃၀,၀၀၀ ခန့်က ပျက်စီးသွားသောတံတားများကို ပြင်ဆင်ခြင်း၊ အနောက်မြောက်ဒေသရှိ ဒုက္ခသည်စခန်း များတွင် အမိုးအကာများဆောက်လုပ်ခြင်း၊ ရိက္ခာ ဖြန့်ဝေခြင်းများ လုပ်ဆောင်နေကြောင်း ဆက်လက် ဖော်ပြသည်။

အဆိုးရွားဆုံးသော ရေဘေးကြုံတွေ့နေရသည့် ပါကစ္စတန်နိုင်ငံကို ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ရန်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အထူးကိုယ်စားလှယ်သည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက် နေ့တွင် ရောက်ရှိလာသည်။

ကုလသမဂ္ဂအကူအညီပေးရေးအေဂျင်စီများက လူပေါင်း ၆ သန်းခန့်မှာ အကူအညီများလိုအပ်နေကြောင်းဖော်ပြသည်။ ပါကစ္စတန်နိုင်ငံ၏ လူဦးရေ ၁၂ရာခိုင်နှုန်းဖြစ်သည့်လူပေါင်းသန်း ၂၀ ကျော်မှာ ရေဘေးဒုက္ခကြုံတွေ့နေရကြောင်းနှင့် ယင်းတို့အနက် လူ ၆ သန်းမှာ အစာရေစာ၊ အမိုးအကာ၊ သောက်သုံးရေများ အထူးလိုအပ်နေကြောင်း ကုလသမဂ္ဂ အကူအညီပေးရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။

ထိုမျှသာမက နိုင်ငံအကျယ်အဝန်းငါးပုံတစ်ပုံခန့်မှာရေကြီးခြင်းခံနေရသည့်အပြင် ထောင်ပေါင်းများစွာသော ကျေးရွာများမျောပါပျောက်ဆုံးခဲ့သည်။ မော်တော်ကားလမ်း၊ မီးရထားလမ်းများ ရေမြုပ်ပျက်စီးခဲ့သည်။ အစာရေစာပြတ်လပ်ခြင်း၊ အမိုးအကာမရှိခြင်းတို့ကြောင့် ဝမ်းရောဂါများ၊ အဖျားရောဂါများ၊ တိုက်ဖွိုက်ရောဂါများ စသည်ဖြင့် ရောဂါဘယများစွာ ခံစားနေကြရသည်။

အထူးသဖြင့် ကလေးငယ်သုံးသန်းခွဲခန့်မှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ ကလေးသူငယ်များအရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) က

၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O-World Health Organization) ကလည်း ရေဘေးဒဏ်ကြောင့် ဝမ်းရောဂါဖြစ်သူ တစ်သန်းခွဲ၊ ဝက်သက်ရောဂါဖြစ်သူ တစ်သိန်းခွဲ၊ အသက်ရှူလမ်းကြောင်းရောဂါသည် သုံးသောင်းခွဲ၊ ငှက်ဖျားရောဂါသည် တစ်သိန်းခန့်ရှိလာနိုင်ကြောင်း သတိပေးခဲ့ရသည်။

ရေဘေးကြုံတွေ့ရာဒေသများသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသွားရောက်ခဲ့ပြီးနောက် ငွေကြေးနှင့်အသုံးအဆောင်ပစ္စည်းများ ပိုမိုတိုးမြှင့်ကူညီရန် ၂၀၁၀ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂညီလာခံကျင်းပစဉ် အတွင်းရေးမှူးချုပ်က "ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော သဘာဝဘေးအန္တရာယ်မှာ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော သဘာဝဘေးအန္တရာယ်အစိတ်အပိုင်းဖြစ်ကြောင်း၊ နိုင်ငံတိုင်းမှာ တာဝန်ရှိကြောင်း၊ ၎င်းပြဿနာကို ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်ကြောင်း" ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။ ထိုမျှသာမက ရေကြီးမှုကြောင့်လူပေါင်း ၈ သန်းခန့်ကို အရေးပေါ်အကူအညီပေးရန်လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

မစ္စတာဘန်ကီမွန်းကပင် အရေးပေါ်အကူအညီများဖြည့်ဆည်းပေးရန် လောလောဆယ် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၆၀ နီးပါး လိုအပ်နေကြောင်းနှင့် ယင်း၏ ထက်ဝက်ကို ချက်ချင်း ကူညီရန်အလှူရှင်နိုင်ငံများသို့ တိုက်တွန်းခဲ့သည်။အဆိုပါရေကြီးမှုအန္တရာယ်အတွက် အမေရိကန်ပြည်ထောင်စုက ဒေါ်လာသန်း၁၅၀၊ ဆော်ဒီအာရေဗျနိုင်ငံက ဒေါ်လာသန်း ၈၀၊ ဥရောပသမဂ္ဂက ဒေါ်လာ ၃၉ သန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်က ဒေါ်လာ ၁၁ ဒသမ ၂ သန်း အသီးသီး ကူညီရန် အဆိုပြုထားကြသည်။ သီရိလင်္ကာနိုင်ငံမှ အစားအစာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လေယာဉ်နှစ်စင်းဖြင့် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပေးပို့ကူညီခဲ့သည်။ တရုတ်နိုင်ငံကလည်း ပါကစ္စတန်နိုင်ငံရေဘေးဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈ သန်း ကူညီမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ တူရကီနိုင်ငံက စားနပ်ရိက္ခာများကို ကုန်တင်လေယာဉ်သုံးစင်းဖြင့် ပေးပို့ကူညီခဲ့ပြီး လေးစင်းမြောက်လေယာဉ်တွင် ကယ်ဆယ်ရေးပစ္စည်းများ ၃၅ တန်ပါရှိခဲ့သည်။



ရေဘေးသင့် ပါကစ္စတန်

နယူးဇီလန်နိုင်ငံကမူ ပါကစ္စတန်ရေဘေးဒုက္ခသည်များအတွက် နောက်ထပ်နယူးဇီလန်ဒေါ်လာ ၂ သန်းဆက်လက်ကူညီမည်ဟုထုတ်ပြန်ခဲ့ပြီးမြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(NATO North Atlantic Treaty Organization) ကလည်း၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၂ ရက် နေ့မှစ၍ ပါကစ္စတန်နိုင်ငံ ရေဘေးဒုက္ခသည်များ

အတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို စတင်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံကလည်း ငွေကြေးနှင့်ကယ်ဆယ်ရေးပစ္စည်းများ ကူညီလျက်ရှိသည်။

အထူးအားဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB-Asia Development Bank) က ဒေါ်လာနှစ်ဘီလီယံနှင့် ကမ္ဘာ့ဘဏ် (W.B-World Bank) က ဒေါ်လာသန်းကိုးရာကို ပါကစ္စတန်နိုင်ငံရေးအေးအတွက် ထုတ်ချေးရန် သဘောတူထားသည်။

ဤသို့သေဆုံးသူပေါင်း ၁,၆၀၀ ကျော်၊ ရေဘေးသင့်ဒုက္ခသည် သန်း ၂၀ ကျော်တို့ဖြင့် နိုင်ငံမှာ သဘာဝဘေးအန္တရာယ် ကျရောက်နေချိန်တွင် ပါကစ္စတန်သမ္မတဇာဒါရီမှာ ဥရောပနိုင်ငံသို့ ခရီးဆက်နေသဖြင့် ဝေဖန်ခံရသည့်နည်းတူ အစိုးရ၏ကူညီဖြည့်ဆည်းမှု၊ ပြန်လည်ပျိုးထောင်မှုနှောင့်နှေးမှုတို့ကြောင့်လည်းပါကစ္စတန်အစိုးရမှာ ဝေဖန်ရှုတ်ချမှု အပြင်းအထန်ခံခဲ့ရသည်။ ထို့ကြောင့်ပင် ပါကစ္စတန် ဝန်ကြီးချုပ် ယူဆွတ်ဂီလာနီမှာ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလအတွင်း သွားရောက်ရန်ရှိသည် ပဲရစ်ခရီးစဉ်နှင့်အခြားခရီးစဉ်တို့ကို ဖျက်သိမ်းလိုက်ရသည်။

**ဗီယက်နမ်နိုင်ငံ။** ။ ဗီယက်နမ်သည် ခေါင်းဆောင်ကြီးဟိုချီမင်းနှင့်ပတ်သက်၍ အမြဲတမ်းဂုဏ်ယူသောနိုင်ငံဖြစ်သည်။ ဟိုချီမင်းပုံတူ ရုပ်တုထုလုပ်ခြင်း ငွေစက္ကူတွင်ထည့်သွင်းရိုက်နှိပ်ခြင်းများကို ကြည့်၍သိသာနိုင်သည်။ ဤသို့ ဇာတိစိတ်မြင့်မားထက်သန်သော ဗီယက်နမ်သည် ၂၀၁၀ပြည့်နှစ်အတွင်းတွင် စစ်ရေးကိစ္စကို ရှေ့တန်းတင်လာခဲ့သည်။ ဗီယက်နမ်နှင့်ရုရှားနိုင်ငံတို့သည်စစ်ရေးပူးပေါင်းမှုများအပြင် နယ်ပယ်စုံ ပူးပေါင်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် သမ္မတက မတ်လ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တောင်တရုတ်ပင်လယ်တွင်ပြုလုပ်ကြောင်း ဩဂုတ်လ ၁၀ ရက်နေ့တွင် နိုင်ငံတကာသတင်းများက ဖော်ပြသည်။

၎င်းသည် ဝါရှင်တန်နှင့် ဟန္နိုင်းတို့အကြား သံတမန်ဆက်သွယ်မှု (၁၅)နှစ်မြောက် အထိမ်းအမှတ်လည်းဖြစ်သည်။ အဆိုပါပူးတွဲစစ်ရေး လေ့ကျင့်မှု သည် တောင်တရုတ်ပင်လယ်အတွင်း ကျွန်းများနှင့် စပ်လျဉ်း၍ ဗီယက်နမ်နှင့် အငြင်းပွားနေခဲ့သော တရုတ်ကို အမျက်ထွက်စေမည်ဖြစ်ကြောင်း၊ တောင်တရုတ်ပင်လယ်တွင် နယ်မြေပိုင်ဆိုင်မှု သဘောထားတင်းမာမှုများ မကြာသေးမီက တိုးလာခဲ့ကြောင်း သတင်းများက ဖော်ပြကြသည်။

အမေရိကန်ရေတပ်သင်္ဘော ဂျော့ဝါရှင်တန်၏တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးဒေးဗစ်လူ့စ်မန်းက ပြောကြားရာတွင် ယင်းဒေသရေပြင်များကို မည်သူမျှ မပိုင်ဆိုင်ကြောင်း၊ လူတိုင်းလူတိုင်းပိုင်ဆိုင်ကြကြောင်း ပြောဆိုသည်။ တရုတ်နိုင်ငံသည်လည်း ယင်းရေပြင်ကို သုံးစွဲလေ့ကျင့်နိုင်သည့်အခွင့်အရေးရှိကြောင်း၊ မိမိတို့လေ့ကျင့်မှုပြုလုပ်သကဲ့သို့ ကမ္ဘာပေါ်ရှိအခြားနိုင်ငံများကလည်း ပြုလုပ်နိုင်ကြောင်း ပြောကြားသွားသည်။

ဝန်ကြီးချုပ်ငုယင်တန်ဇွန်းသည် ဧပြီလ ၂၆ ရက်နေ့က တရုတ်နိုင်ငံ ကျန်စုပြည်နယ်သို့ အလည်အပတ်ရောက်ရှိလာကြောင်း တရုတ်မီဒီယာများက ဧပြီလ ၂၈ ရက်နေ့တွင် ဖော်ပြသည်။

ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ လူကျိုကျန်နှင့် တွေ့ဆုံသည့်အခါ ဗီယက်နမ်နှင့်တရုတ် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဆွေးနွေးပွဲသာမကဘဲ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်မည်ဖြစ်ကြောင်းပြောဆိုသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံများမှရေတပ်တပ်ဖွဲ့များသည် ဒေသဆိုင်ရာလုံခြုံရေးအတွက် ပူးတွဲကင်းလှည့် စောင့်ကြပ်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် ကာကွယ်ရေးဝန်ကြီး ဖွန်ဘွန်သန်းက ၂၀၁၀ ပြည့်နှစ် မေလ ၁၁ ရက်နေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ကျင်းပသော အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ဗိုလ်ချုပ်ကြီးသန်းက အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။ အာဆီယံအတွင်း

နိုင်ငံပေါင်းစုံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်နေကြောင်း၊ ဒေသအတွင်း သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အာဆီယံနိုင်ငံများအနေဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဗိုလ်ချုပ်ကြီးသန်းက ဆက်လက်ပြောကြားသည်။

အာဆီယံရေတပ်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များအတွင်း ပင်လယ်ပြင်နှင့် ကုန်းမြေပြင်ပေါ်တို့တွင် ပူးတွဲကင်းလှည့်မှုများပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ခြင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှိမ်နင်းခြင်း၊ ပင်လယ်ပြင်နှင့် ကုန်းမြေပြင်ပေါ်တွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ပူးတွဲလုပ်ကိုင်ခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများမှ တပ်ဖွဲ့များသည် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်၊ ပရဟိတကူညီမှုအထောက်အပံ့ပစ္စည်းများ ပေးပို့နိုင်ရန်နှင့် လူမှုရေးအရ အကူအညီပေးရေးလုပ်ဆောင်နိုင်ရန် ဓာတ်တိုက်လေ့ကျင့်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အရှေ့တောင်အာရှဒေသလုံခြုံရေးသည် အာရှနှင့်ပစိဖိတ်ဒေသ လုံခြုံရေးအတွက်လည်းကောင်း၊ ကမ္ဘာလုံခြုံရေးအတွက်လည်းကောင်း ဆက်နွယ်နေကြောင်း၊ မိမိတို့နိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းမှုကို တည်ဆောက်ကြမည်ဖြစ်ကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသည် ဒေသဆိုင်ရာနိုင်ငံများ၏ ကာကွယ်ရေးအကြီးအကဲများအတွက် အဆင့်အမြင့်ဆုံး ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်ဖြစ်ပြီး အာဆီယံလက်နက်ကိုင်တပ်ဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်ရန် ဆွေးနွေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသွားသည်။

ထို့နောက် အာဆီယံဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်ကို ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဟနွိုင်းမြို့၌ ကျင်းပနေစဉ်အတွင်း ဗီယက်နမ်-အာဆီယံလက်တွဲသည့် (၁၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုနှင့် အနုပညာပြပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ငုရင်ဖောင်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။ အဆိုပါ ပြပွဲများကြောင့် အာဆီယံနှင့် ပတ်သက်ပြီး ဗီယက်နမ်ပြည်သူများ၏ လူမှုရေးအသိပညာများ တိုးတက်စေမည်ဖြစ်သည်။

ထို့အပြင် အာဆီယံထူထောင်သည့်(၄၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အာဆီယံဒေသဆိုင်ရာ အစားအစာနှင့် ပတ်သက်သောပြပွဲကိုလည်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်သည် ဗီယက်နမ် -အာဆီယံ




**ခေါင်းဆောင်ကြီး ဟိုချီမင်းအား ဂုဏ်ပြုထုတ်ဝေထားသည့် ဗီယက်နမ်နိုင်ငံသုံး ငါးသိန်းတန်ငွေစက္ကူ။**

ရက်သတ္တပတ်ပြပွဲ၏ အစိတ်အပိုင်းဖြစ်ပြီး ဇူလိုင်လ ၂၈ ရက်နေ့မှ ဩဂုတ်လ ၈ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့နောက် (၂၁) ကြိမ်မြောက်အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာအစည်းအဝေးကို ဟနွိုင်းမြို့၌ ဩဂုတ်လ ၄ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ် ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုသည် အာဆီယံနိုင်ငံများတွင်သာမက ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရကြောင်း၊ ယင်းအစည်းအဝေး၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာဆီယံတာဝန်ရှိသူများအဖွဲ့ ဥက္ကဋ္ဌ ဗန်းမိုနီနက်က ပြောကြားသည်။

အာဆီယံနိုင်ငံအများစုတွင် ကမ်းရိုးတန်းဒေသများရှိပြီးဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ကျယ်ပြန့်သည့်အစီအမံများဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်လိမ့်မည်ဖြစ်သည်။

တက်ရောက်လာသည့် ကိုယ်စားလှယ်များက သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးအပါအဝင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ ဇီဝမျိုးကွဲများနှင့် အရှေ့အာရှဒေသ ကာဗွန်ထုတ်လွှတ်မှုနည်းသောမြို့ကြီးများဖြစ်ရေးကိစ္စများဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည့် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာပြိုင်ပွဲကြီးတစ်ရပ်ကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နည်းပညာ ဖန်တီးတီထွင်မှုဆိုင်ရာရန်ပုံငွေအဖွဲ့က ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားသည်။

အဆိုပါပြိုင်ပွဲအတွက် နိုင်ငံပေါင်း ၄၀ မှ ပြိုင်ပွဲဝင် ၇၀၀ ကျော်တို့အား ဖိတ်ကြားထားကြောင်း၊ ဗီယက်နမ်နှင့် နိုင်ငံခြားသားလူငယ်တီထွင်ဖန်တီးရှင်များ တိုးပွားလာစေရန်ရည်ရွယ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ ပါဝင်ယှဉ်ပြိုင်မည့်သူများသည် အသက် ၆ နှစ်မှ ၁၉ နှစ်အတွင်းရှိရမည်ဖြစ်ကြောင်း၊ ဆော့ဖ်ဝဲ၊ အရုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးနည်းလမ်းများ ဖန်တီးတီထွင်ပြသရမည်ဖြစ်ကြောင်း သိရသည်။

## နည်းပညာရပ်များဆောင်ရွက်ခြင်း

ဗီယက်နမ်အစိုးရသည် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာနည်းပညာထုတ်လုပ်မှုပြပွဲကို စီစဉ်ထားကြောင်း ၂၀၁၀ပြည့်နှစ် မတ်လ ၁၈ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။ အဆိုပါပြပွဲကို မေလ ၂၀ ရက်နေ့မှ ၂၂ရက်နေ့အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ နိုင်ငံ ၂၀ မှ ကုမ္ပဏီပေါင်း ၂၀၀ ခန့်ပါဝင်ပြသခဲ့ကြသည်။

ယင်းနည်းပညာပြပွဲကို ကျင်းပခြင်းအားဖြင့် တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများကဲ့သို့သော စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအကြား ဆန်းသစ်တီထွင်မှုများ၊ ထုတ်လုပ်မှုနည်းစနစ်များနှင့် နောက်ဆုံးပေါ်နည်းပညာဝန်ဆောင်မှုများကို အပြန်အလှန်ဖလှယ်နိုင်ကြမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံနှင့် အမေရိကန် နိုင်ငံတို့သည် နျူကလီးယားစွမ်းအင်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်တစ်ရပ်ကို မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းကဲ့သို့ သဘောတူညီချက်အရ အမေရိကန်ကုမ္ပဏီများသည် ဗီယက်နမ်နိုင်ငံ၌ နျူကလီးယားဓာတ်အားစက်ရုံများ တည်ဆောက်လာနိုင်ရန် လမ်းပွင့်သွားမည်ဖြစ်သည်။ အရှေ့တောင်အာရှရှိ ဗီယက်နမ်နိုင်ငံသည် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နျူကလီးယားဓာတ်အားစက်ရုံများ ထူထောင်ရန်ကြိုးပမ်းလျက်ရှိသည်။

ထိုသို့ နျူကလီးယားစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်သည် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး၏ မှတ်တိုင်တစ်တိုင်ဖြစ်ကြောင်း သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အမေရိကန်သံအမတ်ကြီး မိုက်ကယ်မစ်ချာလက်က ပြောကြားသည်။ အဆိုပါသဘောတူညီချက်ကို ဗီယက်နမ်အစိုးရအဖွဲ့ကိုယ်စား သိပ္ပံနှင့်နည်းပညာ

ဒုတိယဝန်ကြီး လီဒင်တီယန်က ပြောကြားသည်။

ယခုရရှိထားသော သဘောတူညီချက်အရ ဗီယက်နမ်နိုင်ငံသည် ချူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း တစ်ဖက်တွင် ဗီယက်နမ်နိုင်ငံသည် နျူကလီးယား လက်နက်မပြန့်ပွားရေးရည်မှန်းချက်ကို ချမှတ်ထားကြောင်း လီဒင်တီယန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် ၂၀၁၅ ခုနှစ်အထိ တစ်နှစ်လျှင် ၁၆ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ရုရှား၊ တရုတ်၊ ပြင်သစ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ အာဂျင်တီးနားနိုင်ငံတို့နှင့် နျူကလီးယားစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ဗီယက်နမ်အမျိုးသားလွှတ်တော်သည် နိုင်ငံအလယ်ပိုင်းရှိ နင်သူယန်ပြည်နယ်၌ နျူကလီးယားဓာတ်အားပေး စက်ရုံနှစ်ရုံ တည်ဆောက်ရန်လည်း သဘောတူညီထားပြီးဖြစ်သည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့သည် နျူကလီးယားလောင်စာနှင့် နည်းပညာဆိုင်ရာ စေ့စပ်ဆွေးနွေးမှု ပြုလုပ်လျက်ရှိကြောင်း အကယ်၍ နှစ်နိုင်ငံသဘောတူညီမှုရရှိလာမည်ဆိုပါက ကွန်မြူနစ်စနစ်ကျင့်သုံးသော ဗီယက်နမ်နိုင်ငံသည် ယူရေနီယံသန့်စင်မှုလုပ်ငန်းကို မိမိတို့ကိုယ်တိုင်ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း အမေရိကန် "ဝေါစထရိ" သတင်းစာက ဩဂုတ်လ ၅ ရက်နေ့တွင် ရေးသားဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဌာနက ဦးဆောင်ကာ ဗီယက်နမ်တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်း နိုင်ငံတကာမဟာဗျူဟာလေ့လာရေး သုတေသီတစ်ဦးက အယ်ဂျာဇီးယားအာရပ်ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်ဟု အဆိုပါသတင်းစာက ရေးထားသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအနည်းအကျဉ်းကသာ ယူရေနီယံသန့်စင်မှုလုပ်ငန်းကို ကိုယ်တိုင်ပြုလုပ်နိုင်သေးကြောင်းသုတေသီဝီလျံဘာနက်ကီမန်နာအေးက ပြောကြားသည်။ နျူကလီးယားလောင်စာနှင့် နည်းပညာဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများတွင် တရုတ်နိုင်ငံပါဝင်ခြင်းမရှိကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု သတင်းစာကဖော်ပြသည်။ ၎င်းနျူကလီးယားနည်း ပညာမျှဝေရေးသဘောတူညီချက်မူကြမ်းကို ဗီယက်နမ်နိုင်ငံကလေ့လာနေကြောင်း အမေရိကသံတမန်များက ပြောကြားသည်။

**ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။** ။၂၀၁၀ ပြည့်နှစ် မေလ ၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ဗြိတိန်အထွေထွေရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ အနိုင်ရရှိသွားပြီး ဗြိတိန်လွှတ်တော်အား ၁၃ နှစ်ကြာကြီးစိုးခဲ့သည့် လေဘာပါတီ ရှုံးနိမ့်သွားခဲ့သည်။ ထူးခြားချက်မှာ တတိယမဲအများဆုံးရရှိခဲ့သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ကွန်ဆာဗေးတစ် ပါတီမဟာမိတ်ဖွဲ့ကာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ခြင်းပင်ဖြစ်သည်။ ထိုသို့ပူးပေါင်းမှုမှာ နှစ်ပေါင်း ၇၀ အတွင်းနှင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်းပထမအကြိမ်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ပါတီများမှာ အမတ်နေရာ ၆၅၀ အတွက်ဖြစ်ပြီး ကွန်ဆာဗေးတစ်များက ၃၀၆ နေရာ၊ ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၏ လေဘာပါတီက ၂၅၈ နေရာ၊ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ၅၇ နေရာနှင့် အခြားပါတီများက ၂၈ နေရာရရှိသည်။

လေဘာပါတီနှင့်ကွန်ဆာဗေးတစ်ပါတီ နှစ်ရပ်လုံးမှာ အစိုးရဖွဲ့နိုင်သည့် အမတ်နေရာ ၃၂၆ နေရာ မရရှိခြင်းမှာ ဗြိတိန်နိုင်ငံရေးလောကအတွက် ဂယက်ရိုက်ခဲ့သည်။

ထို့ကြောင့်ပါတီကြီးနှစ်ခုစလုံး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့်ပူးပေါင်းနိုင်ရန်အပြိုင်အဆိုင်ဆွဲဆောင်စည်းရုံးခဲ့ပြီးနောက်ဆုံး၌ကွန်ဆာဗေးတစ်နှင့်ပူးပေါင်းကာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် မေလ ၁၁ ရက်က သဘောတူညီခဲ့သည်။ ဝန်ကြီးချုပ်ကင်မရွန်းက မိမိတို့သည် ၎င်းတို့၏အစိုးရအဖွဲ့ကို လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တာဝန်ကျေပွန်ခြင်းဟူသည့်မူဝါဒလမ်းစဉ်အတိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမှတ် ၁၀၊ ဒေါင်းနင်းလမ်း ဝန်ကြီးချုပ်မြက်ခင်းပြင်တွင်ကျင်းပသည့်ပထမဆုံးသတင်းစာရှင်းလင်းပွဲတွင်

ပြောကြားသွားသည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအနေဖြင့် အင်အားကြီးပါတီတစ်ခုဖြစ်သည့် ကွန်ဆာဗေးတစ်ပါတီ နှင့်ပူးပေါင်းကာညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခြင်းမှာ ပြိုင်ဘက်ပါတီကြီးများ၏ ထိုးနှက်မှုကို ခုခံကာ မဲဆန္ဒရှင်များစိတ်ဝင်စားအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ မေလ ၁၂ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် အသက် ၄၃ နှစ်အရွယ်ရှိ ကိန်းဘရစ်ချ်တက္ကသိုလ်ထွက် နစ်ကလက်က ရရှိသွားသည်။



**တရုတ်နိုင်ငံရောက် ဗြိတိန်ဝန်ကြီးချုပ်**
**ဒေးဗစ်ကင်မရွန်း**

အဆိုပါညွန့်ပေါင်းအစိုးရအနေဖြင့် ယိုယွင်းပျက်စီးနေသည့်နိုင်ငံ၏စီးပွားရေးအခြေအနေများကို ရင်ဆိုင်ရန်ရှိနေသည်ဟု နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့က သုံးသပ်ထားသည်။ The Prince's Trust အမည်ရှိ အစီရင်ခံစာက ဒီဇင်ဘာလအတွင်း ထုတ်ပြန်ရာတွင် ၁၆ နှစ်မှ ၂၄ နှစ်ကြား ဗြိတိန်လူငယ် ငါးပုံတစ်ပုံဖြစ်သည့်တစ်သန်းကျော်မှာ အလုပ်လက်မဲ့ဖြစ်နေကြောင်းတင်ပြထားသည်။

ရုရှားနှင့်နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ ပြန်လည်သုံးသပ်ရန် သဘောတူညီမှုတစ်ရပ်ကို ရုရှားသမ္မတမက်ဗီဒက်ဗ်နှင့်ဗြိတိန်ဝန်ကြီးချုပ် ကင်မရွန်းတို့က ဇွန်လ ၂၆ ရက် စနေနေ့တွင် ကရင်မလင်မှ ထုတ်ပြန်ကြေညာလိုက်သည်။

အိန္ဒိယနိုင်ငံဘင်္ဂလောမြို့တွင် ရောက်ရှိနေသည့်ဝန်ကြီးချုပ် ကင်မရွန်းက ပါကစ္စတန်နိုင်ငံသည် အကြမ်းဖက် သူများကို ပြည်ပသို့တင်ပို့နေပြီး အကြမ်းဖက်အုပ်စုများနှင့် လည်းအဆက်အသွယ်ရှိကြောင်း ဇူလိုင်လ ၁၇ ရက်နေ့က စွပ်စွဲပြောဆိုလိုက်ရာ ပါကစ္စတန်အစိုးရက မကျေမနပ်ဖြစ်ခဲ့သည်။ ဗြိတိန်အတိုက်အခံလေဘာပါတီ၏ နိုင်ငံခြားရေးမူဝါဒတာဝန်ခံဒေးဗစ်မီလီဘန်းက ကင်မရွန်းသည် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း ပါကစ္စတန် နိုင်ငံသားထောင်ပေါင်းများစွာအသက် ဆုံးရှုံးခဲ့ရသည်ကို အသိအမှတ်ပြုရန် ပျက်ကွက်ကြောင်း ဝေဖန်ပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံ၏ညွန့်ပေါင်းအစိုးရအဖွဲ့သစ်အနေဖြင့် ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့ များအင်အားလျှော့ချရေးအတွက် ခိုင်မာသည့်အစီအစဉ်များကို စဉ်းစားလျက်ရှိပြီး တော်ဝင်လေတပ်များကို နှစ်ပေါင်း ၉၀ အတွင်းအသေးငယ်ဆုံးအင်အားသို့ လျှော့ချသွားမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ မဟာဗျူဟာရည်မှန်းချက်များနှင့် ကမ္ဘာ့စွမ်းဆောင်ရည်များ ပြောင်းလဲ ရန်မျှော်လင့်ဆောင်ရွက်ခြင်းတစ်ရပ်ဖြစ်သည့် အဆိုပါတပ်ဖွဲ့အင်အားလျှော့ချရေးတွင် တော်နေဒိုးဂျက်တိုက်လေယာဉ်များအပါအဝင် စစ်လေယာဉ် ၂၉၅ စင်းကို အသုံးပြုမှုမှရပ်စဲရန်၊ လေတပ်အင်အား ၇,၀၀၀ ခန့်သာထားရှိရန် စီစဉ်ထားသည်။

မရိန်းတပ်ဖွဲ့များကို လေထီးတပ်ရင်းနှင့် ပူးပေါင်းကာ ကြည်းတပ်မတော်အောက်တွင်ထားရှိမည်ဖြစ်ကြောင်း၊ ကြည်းတပ်အနေဖြင့် ၎င်း၏စစ်ဘက်ယာဉ်များကို ၄၀ ရာခိုင်နှုန်း ထိအင်အားလျှော့ချသွားမည်ဖြစ်ကြောင်း သြဂုတ်လ ၇ ရက်နေ့ သတင်းများတွင် ဖော်ပြသည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ၎င်း၏ညွန့်ပေါင်းအစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဖဂန်နစ္စတန်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များကို နောက်ဆုံးထားရုပ်သိမ်းသွားမည်ဟုဆိုသည်။ ဝန်ကြီးချုပ်က ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင်ကျင်းပသည့် G-8 ထိပ်သီးအစည်းအဝေးပွဲတွင် ၅ နှစ်အတွင်း ဗြိတိသျှစစ်သည်များကို ရုပ်သိမ်းသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း အာဖဂန်၏လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီသွားမည်ဟု ထုတ်ပြန်သည်။ နောက် ရွေးကောက်ပွဲ

အတိုင်မီ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀၀ အားရုပ်သိမ်းရာတွင် အမှားအယွင်းခံမည်မဟုတ်ကြောင်း ဆက်လက်ပြောကြားသွားသည်။ ဒေးဗစ်ကင်မရွန်းက ဗြိတိန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် စီးပွားရေးနှင့်ပူးပေါင်း၍ ပိုမိုခိုင်မာသောဆက်ဆံရေးကို အလိုရှိကြောင်း တရုတ်နိုင်ငံသို့ ၂ ရက်ကြာခရီးစဉ်မထွက်ခွာမီ ပြောကြားသည်။ ဗြိတိန်နှင့်တရုတ်နိုင်ငံအကြား ကုန်သွယ်မှုမှာ ၂၀၀၉ ခုနှစ်က ၅၁ ဒသမ ၈ ဘီလီယံဒေါ်လာရှိပြီး ဗြိတိန်နိုင်ငံက ၁၂ ဒသမ ၄ ဘီလီယံဒေါ်လာ တန်ဖိုးရှိသည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

## လက်တင်အမေရိကနိုင်ငံများ

### ဘရာဇီးနိုင်ငံ

ဘရာဇီးနိုင်ငံသည် တတိယမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၄ နှစ်ကြာရပ်ဆိုင်းထားခဲ့ပြီးနောက် လာမည့်ဖေဖော်ဝါရီလတွင် ပြန်လည်စတင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘရာဇီးနျူကလီးယားစွမ်းအင်ကုမ္ပဏီ အီလက်ထရိုနျူကလီးယားက ကြေညာသည်။

ပဉ္စမအကြိမ် ကုလသမဂ္ဂ လူသားများ နေရာချထားရေးအစီအစဉ် (ယူအင်န်ဟာဘီတက်) ကမ္ဘာ့မြို့ပြရေးရာဖိုရမ်ကို ဘရာဇီးနိုင်ငံမြို့တော်ရီယိုဒီဂျနေးရိုးမြို့တွင် မတ်လ ၂၂ ရက်က စတင်ကျင်းပသည်။

ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် မေလအတွင်း၌ ၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ၂၀၀၂ ခုနှစ်မှစတင်ကာ အလုပ်လက်မဲ့ဖြစ်ပွားမှုသည် မေလအတွင်းတွင် အနိမ့်ဆုံးလျော့ကျခဲ့ခြင်းဖြစ်သည်ဟု စာရင်းအင်းရုံးက ဇွန်လ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက တိုရွန်တိုမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ဘရာဇီးနိုင်ငံ၏ စီးပွားရေးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ခိုင်မာသော အစီအစဉ်ဖော်ဆောင်ရာတွင် အခြားနိုင်ငံများက ဆက်လက်ပံ့ပိုးပေးကြရန် တိုက်တွန်းမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ဇွန်လ ၂၅ ရက်တွင်ပြောကြားသည်။

ဘရာဇီးအစိုးရသည် A/H1N1 တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုကို မတ်လမှ စ၍ အဆင့်လေးဆင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီး ဟိုစေးရိုမက်စ်တမ်ပိုရောက ဇန်နဝါရီလ ၂၆ ရက်တွင်ကြေညာသည်။

ဘရာဇီးနိုင်ငံတစ်ဝန်းရှိ ပြည်သူတစ်သန်းအား A/H1N1 တုပ်ကွေးရောဂါကာကွယ်ဆေးများ ထိုးပေးမည်ဖြစ်ကြောင်း၊ ယခုကာကွယ်ဆေး ၃၆,၀၀၀ စတင်ထိုးနှံလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီလ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် လက်တင်အမေရိကတိုက်၏ အကြီးဆုံးနိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပရာ ဒီလ်မာရူးဆက်ဖ်သည် ဘရာဇီးနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၎င်းအတွက် ပေါ်တူဂီသမ္မတနှင့်ခေါင်းဆောင်များက ကြိုဆိုပါကြောင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ၎င်း၏သမ္မတသက်တမ်းအတွင်း ပိုမိုခိုင်မြဲလာရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။ ဘရာဇီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူလူဦးရေမှာ ၁၃၅ သန်းခန့်ဖြစ်သည်။ ၎င်းမှ ဒီလ်မာရူးဆက်ဖ်သည် ၅၅ ဒသမ ၅ ရာခိုင်နှုန်းမဲရရှိခဲ့ခြင်းဖြစ်သည်။

ရူးဆက်ဖ်သည်အသက်အားဖြင့် ၆၂ နှစ်ရှိပြီဖြစ်သည်။ ၎င်းကဆင်းရဲမှုပပျောက်ရေးစီမံကိန်းကို အရှိန်မြှင့်သွားမည် ဟူသောကတိဖြင့် မဲရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းကို လက်ရှိသမ္မတ လူးဝစ်အင်နာဆီယိုလူလာဒါဆေးလ်ဗားကလည်း အားပေးထောက်ခံခဲ့သည်။ ဒါဆေးလ်ဗားသည် လေးနှစ်သက်တမ်း နှစ်ကြိမ်ဆက်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တတိယအကြိမ်ဆက်လက်အရွေးခံ၍မရသော ဘရာဇီးဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒါဆေးလ်ဗားက သမ္မတအဖြစ်ဆက်လက်အရွေးမခံခဲ့ခြင်းဖြစ်သည်။

### ကျူးဘားနိုင်ငံ

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂက်ဇ်

ပါရီလာသည် ဆူရီနမ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဇန်နဝါရီလ ၁၃ ရက်တွင် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်ဟု သိရသည်။ ကျူးဘားခေါင်းဆောင် ရောလ်ကက်စထရိုနှင့် ယူကရိန်းသမ္မတဟောင်း လီရိုနစ်ကူချ်မာတို့သည် ဧပြီလ ၂ ရက်က နှစ်နိုင်ငံဆက်ဆံရေးနှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအချို့ကို ဦးစားပေးဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့၏ ဖိနှိပ်မှုကို သတ္တိပြောင်မြောက်စွာ ခုခံတွန်းလှန်ခဲ့ခြင်းကြောင့်မှုကိုမဆို ဘယ်သောအခါမှ အညံ့ခံလိမ့်မည်မဟုတ်ကြောင်း၊ ယင်းလုပ်ရပ်သည် ကျူးဘားနိုင်ငံနှင့် ကျူးဘားမဟာမိတ်နိုင်ငံများအား နက်ရှိုင်းစွာထိုးနက်ခြင်းပင်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ ဖီဒယ်လ်ကက်စထရိုသည် ကျန်းမာရေး အခြေအနေအရ ၎င်း၏အာဏာကို ညီဖြစ်သူ ရောလ်ကက်စထရိုအား ၂၀၀၆ ခုနှစ် ဇွန်လက လွှဲပြောင်းပေးခဲ့သည်။

မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှုကို မည်သို့မည်ပုံ တုံ့ပြန်မည်ဟူသည့်ပြဿနာနှင့် စပ်လျဉ်း



သမ္မတဟောင်း ဒါဆေးလ်ဗားနှင့် သမ္မတသစ် ရူးဆက်ဖ်

သည့် တာဝန်ထမ်းဆောင်ဆဲကျူးဘားခေါင်းဆောင် ရောလ်ကက်စထရိုကို ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်လ်ကက်စထရိုက ဧပြီလ ၉ ရက်တွင် ချီးကျူးထောပနာပြုလိုက်သည်။

ကျူးဘားအတိုက်အခံ အော်လန်ဒိုဇာပါတာ အစာတော်ခံဆန္ဒပြပြီး ဖေဖော်ဝါရီလက သေဆုံးသွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် ကျူးဘားနိုင်ငံအား ဆန့်ကျင်ဝေဖန်မှုများပြုလုပ်ခဲ့သည်ဟု ရောလ်ကက်စထရိုက မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။ ကျူးဘားနိုင်ငံအနေဖြင့် အင်အားမည်မျှကြီးမားသည်ဖြစ်စေ၊ မည်သည့်နိုင်ငံ၏ ၍ အမေရိကန်နှင့် ကျူးဘားအစိုးရတို့သည် လုပ်ငန်းသဘောဆွေးနွေးပွဲကျင်းပကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒူပိုဂျက်က မေလ ၂၀ ရက်ကပြောကြားသည်။

## ဗင်နီဇွဲလားနိုင်ငံ

ဗင်နီဇွဲလားနိုင်ငံသည် အနောက်ကမ္ဘာခြမ်းရှိ ထိပ်တန်းလူ့အခွင့်အရေးအဖွဲ့အစည်းမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်က ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ဗင်နီဇွဲလားအစိုးရသည် မူးယစ်နှိမ်နင်းရေးနှင့်

ကာကွယ်ရေးအတွက် တရုတ်နိုင်ငံမှ ဝယ်ယူထားသော လေ့ကျင့်ရေးနှင့် အပေါ့စားတိုက်လေယာဉ် ၆ စင်းကို စမ်းသပ်ပျံသန်းခဲ့ကြောင်း အင်တာနက်သတင်းတွင် မတ်လ ၁၅ ရက်က ဖော်ပြသည်။

ဗင်နီဇွဲလားအစိုးရအနေဖြင့် ကေ-၈ တိုက်လေယာဉ်များ ဘရာဇီးနိုင်ငံမှ ဝယ်ယူရေးအစီအစဉ် ပျက်ပြားခဲ့ပြီးနောက် တရုတ်နိုင်ငံမှ ကေ-၈ တိုက်လေယာဉ် ၁၈ စင်းကို မှာယူခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံမှ ရေဒါများကိုလည်း ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံမှ ဒေါ်လာလေးဘီလီယံခန့်တန်ဖိုးရှိသော လက်နက်များကိုလည်း ဝယ်ယူထားကြောင်းသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံသည် စပိန်နိုင်ငံနှင့်ဆက်ဆံရေးကောင်းမွန်အောင် ထိန်းထားရန်လိုလားကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က မတ်လ ၁၄ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။ ဗင်နီဇွဲလားနိုင်ငံမှာ ဘတ်စ်ကက်ခွဲထွက်ရေးအုပ်စု (အီးတီအေ)၊ ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေးအင်အားစု (ဖားခ်) တို့နှင့်အဆက်အသွယ်ရှိသည်ဟု စပိန်တရားသူကြီးတစ်ဦးက စွပ်စွဲပြောကြားခဲ့ပြီးနောက် ဖြစ်ပေါ်လာသော နှစ်နိုင်ငံဆက်ဆံရေးတင်းမာလာမှု လျော့ပါးစေရန်ရည်ရွယ်ကာ ဗင်နီဇွဲလားသမ္မတက ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည်ဟု ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က စွပ်စွဲလိုက်ပြီး ဟီလာရီကလင်တန်မှာ အတွေးအခေါ်အားဖြင့် ခေတ်နောက်ကျနေပြီဟု မတ်လ ၂၈ ရက်တွင် ဝေဖန်ပြောကြားလိုက်သည်။ အမေရိကန်နိုင်ငံက ဤအမေရိကတိုက်ကို ပိုင်ဆိုင်သူအဖြစ် ဟီလာရီကလင်တန်က ထင်မှတ်နေဆဲဖြစ်သည်ဟုလည်း သမ္မတက ဆက်လက်ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသို့ ရုရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၅ ဘီလီယံတန်ဖိုးရှိ လက်နက်များရောင်းချမည်ဟု ဗင်နီဇွဲလားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည့် ရုရှားဝန်ကြီးချုပ်က ဧပြီလ ၅ ရက်တွင် ပြောကြားသည်။ နှစ်နိုင်ငံ အရောင်းအဝယ်စာချုပ်များ ထပ်မံချုပ်ဆိုခြင်းမရှိသော်လည်း ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တော်၌ သမ္မတချာဗက်ဇ်နှင့် ဧပြီလ ၅ ရက်က တွေ့ဆုံပြီး ရေနံကိစ္စ၊ ကာကွယ်ရေးနှင့် နျူကလီးယားစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အိမ်နီးချင်း ကိုလံဘီယာနိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့ချထားရန် စီစဉ်မှုကိုတုံ့ပြန်ရန်မိမိတို့အနေဖြင့် လက်နက်ဝယ်ယူ စုဆောင်းရခြင်းဖြစ်ကြောင်း သမ္မတချာဗက်ဇ်က ပြောကြားသည်။

ဗင်နီဇွဲလားအစိုးရနှင့် ရုရှားအစိုးရတို့သည် အိုရီနိုကို ရေနံကမ်းမြောင်ရှိ ဂျူနင်လုပ်ကွက် အမှတ် (၆) တွင် ရေနံတူးဖော်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည့် အဖွဲ့အစည်းတစ်ရပ်ထူထောင်သွားရန် သဘောတူညီကြကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ဖေဖော်ဝါရီလ ၂ ရက်တွင် ပြောကြားသည်။

## ဘိုလီးဗီးယားနိုင်ငံ

ဘိုလီးဗီးယားနိုင်ငံတွင် အမျိုးသမီးဝန်ကြီးဦးရေ ထက်ဝက်ပါဝင်သည့် အစိုးရအဖွဲ့သစ်အဖြစ် ဇန်နဝါရီလ ၂၃ ရက်က ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ ယင်းမှာ အမျိုးသား၊ အမျိုးသမီးခွဲခြားခြင်းမရှိဘဲ တန်းတူညီမျှဖြစ်စေရေးအတွက် ဘိုလီးဗီးယားနိုင်ငံက ဦးတည်ကြိုးပမ်းဆောင်ရွက်မှုဖြစ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ အမျိုးသားများသာ တက်ရောက်ခဲ့ကြသော အစိုးရအဖွဲ့အစည်းအဝေးတွင် အမျိုးသမီးဝန်ကြီးများ တက်ရောက်ပါဝင်လာခြင်းမှာ ဘိုလီးဗီးယားသမိုင်း၌ ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြထားသည်။

## မက္ကဆီကိုနိုင်ငံ

၂၀၁၀ ပြည့်နှစ်အတွင်း၌ မက္ကဆီကိုနှင့် အမေရိကန်နယ်စပ်မြို့ဖြစ်သော ချီဟွာဟွာ၌ အကြမ်းဖက်မှု ပိုမိုဖြစ်ပွားလာဖွယ်ရှိသည်ဟု မက္ကဆီကိုထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇန်နဝါရီလ ၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ မက္ကဆီကိုတပ်ဖွဲ့အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် မဟာဗျူဟာအသစ်များကို ချမှတ်ကာ မူးယစ်ဆေးဝါးတရားမဝင်ရောင်း

ဝယ်မှုနှင့် အကြမ်းဖက်မှုကို နှိမ်နင်းရန်အတွက် အထူးတပ်ဖွဲ့ဝင် ၆,၀၀၀ ခန့်ကို မြို့စောင့်တပ်ဖွဲ့နှင့် ပူးပေါင်းကာ တပ်ဖြန့်ချထားရန် စီစဉ်ထားကြောင်း ချီဟွာဟွာ ပူးပေါင်းစစ်ဆင်ရေး တပ်မှူးဗိုလ်ချုပ်အက်စ်ပီတီရား ဟာနန်ဒက်ဇ်က ပြောကြားသည်။

မက္ကဆီကိုနှင့် အမေရိကန်နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးအတွက် အားဖြည့်လုပ်ဆောင်ရန် ဖေဖော်ဝါရီလ ၁၈ ရက်တွင် သဘောတူလက်မှတ်ရေးထိုးကြောင်း မက္ကဆီကို ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါသဘောတူညီမှုတွင် အပြန်အလှန်သတင်းပြန်ကြားရေးဆိုင်ရာနှင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်တရားဝင်ကုန်သွယ်မှုများပါဝင်ကြောင်း အမေရိကန်ပြည်တွင်း လုံခြုံရေးဆိုင်ရာဝန်ကြီး ဂျဲနက်နာပိုလီတာနိုနှင့်သဘောတူ လက်မှတ်ရေးထိုးပြီးနောက် မက္ကဆီကိုပြည်သူ့လုံခြုံရေး ဝန်ကြီးဂါစီယာလူနာက ပြောကြားသည်။ မက္ကဆီကိုနှင့် အမေရိကန် နှစ်နိုင်ငံနယ်စပ်မူးယစ်မှောင်ခိုမှု၊ လက်နက်မှောင်ခိုမှုများကို ပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်ကြောင်း နာပိုလီတာနိုက ပြောကြားသည်။ ယခုနှစ် အစောပိုင်းတွင် မက္ကဆီကိုနိုင်ငံ၏ မြို့ပြလုံခြုံမှုညီလာခံသို့ အာဂျင်တီးနား၊ ချီလီ၊ ဘရာဇီး၊ ကနေဒါ၊ ဒိုမီနီကန်သမ္မတနိုင်ငံနှင့် ပနားမားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မက္ကဆီကိုသမ္မတဖိလစ်ကာဒီရွန်သည် ဂျာမနီနိုင်ငံသို့ မေလ ၂ ရက်နှင့် ၃ ရက်များတွင် အလည်အပတ်သွားရောက်ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံကို ဂျာမန်ဝန်ကြီးချုပ် အင်ဂျယ်လာမာကယ်နှင့်အတူ ဖွင့်လှစ်ပေးကြောင်း သမ္မတရုံးက ပြောကြားသည်။

မက္ကဆီကို ပင်လယ်ကွေ့၌ မကြာမီက အမေရိကန်ကမ်းလွန် ရေနံတူးစင်တစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာမှ ထွက်လာသောရေနံများက မက္ကဆီကိုပင်လယ်ကွေ့ရေပြင်၌ ပျံ့နှံ့လျက်ရှိရာ ပင်လယ်အတွင်းသတ္တဝါအများအပြားသေဆုံးလျက်ရှိကြောင်း မက္ကဆီကို အရာရှိများက မေလ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

မက္ကဆီကို မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများအား နှိမ်နင်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးရုံး (ယူနော့ဒ်) က ရာဇဝတ်မှုတိုက်ဖျက်ရေးဌာနကို ဂွာတီမာလာစီးတီး၌ မတ်လ ၁၈ ရက်က ဖွင့်လှစ်သည်။

အဆိုပါဌာနသစ်သည် အယ်လ်ဆာဗေဒိုး၊ ပနားမား၊ ဒိုမီနီကန်သမ္မတနိုင်ငံတို့နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဒေါ်လာ ၁၆ သန်းတန်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဒေသဆိုင်ရာ ယူနော့ဒ်ရုံးအကြီးအကဲ မာတီနက်စ်က ပြောကြားသည်။ ယင်းဌာနက ဝန်ထမ်းလေ့ကျင့်ရေးကိစ္စ၊ သတင်းဖလှယ်ရေးနှင့် နိုင်ငံတော်မူဝါဒများရေးဆွဲရေးစသည့်ကိစ္စရပ်များကိုလည်း အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးရေနံ ဆယ်ယူဖယ်ရှားရေးသင်္ဘောသည် မက္ကဆီကိုပင်လယ်ကွေ့ ရေနံပြင်ရှင်းလင်းရေးလုပ်ငန်းတွင် ပါဝင်ရန် ယင်းပင်လယ်ကွေ့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဇူလိုင်လ ၁ ရက်နေ့သတင်း များတွင်ဖော်ပြသည်။ မက္ကဆီကိုပင်လယ်ကွေ့တွင် ဘီပီကုမ္ပဏီ၏ ရေနံတူးစင်ပေါက်ကွဲမှုဖြစ်ပွား



**အကြမ်းဖက်တိုက်နိုက်ရေးသမား**
**အာတူရိုဂါလီရို့စ်ကတ်ထရီလွန်**

ခဲ့ခြင်းကြောင့် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာ ဩဂုတ်လ ၁၀ ရက်အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံရှိလာကြောင်း ၎င်းကုမ္ပဏီမှ ပြောကြားသည်။

မယ်စကြဝဠာပြိုင်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဩဂုတ်လ ၂၃ ရက်က ယှဉ်ပြိုင်ခဲ့ရာ မက္ကဆီကိုနိုင်ငံမှ အသက် ၂၂ နှစ်အရွယ်ရှိ ဂျီမီနာ

နာဗာရိုတေးက မယ်စကြဝဠာဘွဲ့ကို ဆွတ်ခူးသွားသည်။

ဘယ်ထရန်လေဗာမူးယစ်ဆေးဝါးအဖွဲ့နှင့် အဆက်အသွယ်ရှိသူဖြစ်သော ဘာဘီးဟုလူသိများသည့်အမေရိကန်နိုင်ငံသား မူးယစ်ရာဇာ အက်ဂါဗား ဒက်စ်ကို မက္ကဆီကိုရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဩဂုတ်လ ၃၁ ရက်တွင် သတင်းဖော်ပြသည်။

မက္ကဆီကိုပင်လယ်ကွေ့ကမ်းလွန်တွင် စက်တင်ဘာလ ၂ ရက်က ရေနံတူးစင်ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။ ယင်းရေနံတူးစင်မှာ ဧပြီလအတွင်းက ပေါက်ကွဲခဲ့သည့်ရေနံတူးစင်၏ အနောက်ဘက်တွင် တည်ရှိသည်။

စတုတ္ထအကြိမ်မြောက်နှစ်ပတ်လည်မိန့်ခွန်း၌ မက္ကဆီကိုသမ္မတ ဖိလစ်ကာဒီရွန်က ဂိုဏ်းဖွဲ့ရာဇဝတ်မှုများတိုက်ဖျက်ရာတွင် ၎င်းအစိုးရ၏ စွမ်းဆောင်အောင်မြင်မှုများကို စက်တင်ဘာလ ၃ ရက်က ပြောကြားလိုက်သည်။

မက္ကဆီကိုနှင့်အမေရိကန်နယ်စပ်ရှိ တီဟွာနာမြို့တွင် အလေးချိန် ၁၀၅ တန်ရှိ မူးယစ်ဆေးဝါးအထုပ်ပေါင်း တစ်သိန်းခန့်ကို မက္ကဆီကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း မက္ကဆီကိုအရာရှိများက အောက်တိုဘာလ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့်မက္ကဆီကိုနိုင်ငံအကြားနယ်စပ်ဖြတ်ကျော်၍ မူးယစ်ဆေးဝါးများ မှောင်ခိုရာတွင်အသုံးပြုသည့် မီတာ ၅၀၀ ကျော်ရှည်သောလှို့ဝှက်လိုဏ်ခေါင်းတစ်ခုကို ဖော်ထုတ်တွေ့ရှိပြီး နယ်စပ်မှ ဆေးခြောက် ၂၅ တန်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

အမေရိကန်-မက္ကဆီကို နယ်စပ်စီဒက်ဂွါရက်စ်၌ အကြမ်းဖက်တိုက်ခိုက်မှုအများဆုံးကျူးလွန်ခဲ့သူ အက်တီကတ်စ်ဂိုဏ်းအဖွဲ့ခေါင်းဆောင် အာတူရိုဂါလီရို့စ်ကတ်ထရီလွန်ကို ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဖမ်းဆီးလိုက်ကြောင်းအင်တာနက်မှ ဖော်ပြသည်။

## ပီရူးနိုင်ငံ

ပီရူးနှင့်ချီလီအစိုးရတို့က နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ရှင်သန်လာစေရန် မေလ ၆ ရက်က သဘောတူညီကြသည်။ အဆိုပါနှစ်နိုင်ငံက သည်ဟိတ်မြို့ရှိ နိုင်ငံတကာ တရားရုံးတွင် ရေကြောင်းနယ်စပ်မျဉ်းသတ်မှတ်ရန်ကိစ္စနှင့်ပတ်သက်၍ ပီရူးအစိုးရက တောင်းဆိုမှုကြောင့် နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် တစ်နှစ်ကျော်ခန့် ယိမ်းယိုင်ခဲ့ရသည်။ ချီလီသမ္မတဆီဗက်စ်ရှဲန်ပင်နီရာဦးဆောင်သည့် အစိုးရသစ်မှာ မတ်လ ၁ ရက်တွင် ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်နိုင်ငံပုံမှန်ဆက်ဆံရေး ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပမည့် တောင်အမေရိကနိုင်ငံများသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ပီရူးနှင့်ဆက်ဆံရေးပြန်လည်ပြင်ဆင်ရန် ပင်နရာက ထုတ်ဖော်ပြောကြားသည်ဟု ပီရူးနိုင်ငံခြားရေးဝန်ကြီး ဟိုဆေးဂါစီယာဘာလွန်ဒီက မေလ ၆ ရက်တွင်ပြောကြားသည်။ ပီရူးနိုင်ငံသည် ယခုနှစ်တွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ရင်းနှီးမြှုပ်နှံမှုရရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပီရူးအမျိုးသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့အသင်းချုပ်က ဇန်နဝါရီလ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ပီရူးနိုင်ငံတို့၏ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုသည် မတ်လ ၁ ရက်မှစတင်ပြီဖြစ်ရာ တရုတ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများဖြစ်သော အီလက်ထရွန်းနစ်၊ ဓာတုပစ္စည်းနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများကို ပီရူးနိုင်ငံသို့ တင်ပို့နေပြီဖြစ်ကြောင်း တရုတ်အရာရှိများက မတ်လ ၁ ရက်တွင် ပြောကြားသည်။

## ကိုလံဘီယာနိုင်ငံ

ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံး သူပုန်တပ်ဖွဲ့ (အက်ဖ်အေအာရ်စီ) စခန်းကို ဇန်နဝါရီလ ၁ ရက်က ဗုံးကြဲတိုက်ခိုက်ခံရသဖြင့် အဖွဲ့ဝင် ၁၈ ဦးထက်မနည်း သေဆုံးသွားကြောင်း ကိုလံဘီယာ -ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကိုလံဘီယာ လေတပ်နှင့် ကြည်းတပ်တို့ပူးပေါင်း၍ အဆိုပါ သူပုန်စခန်းကို တိုက်ခိုက်ခဲ့ခြင်း

ဖြစ်သည်။ ကိုလံဘီယာရဲတပ်ဖွဲ့ဝင်များသည် ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံးအကြမ်းဖက်အုပ်စု ဖြစ်သော ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအာရ်စီ) မှတပ်ဖွဲ့ဝင် ၁၃ ဦးကို ဖေဖော်ဝါရီလ ၂၄ ရက်က ဖမ်းဆီးပြီး ဆေးခြောက်တန်ချိန် ၂၀ ကို သိမ်းဆည်းလိုက်သည်ဟု ရဲတပ်ဖွဲ့သတင်းတပ်ဖွဲ့က ပြောကြားသည်။ ကိုလံဘီယာနိုင်ငံသည် ကမ္ဘာတွင် ကိုကင်းအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်နေကြောင်း၊ ကိုကင်းထုတ်လုပ်မှုများလျှော့ချရန် အမြန်ဆုံးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ကိုလံဘီယာအရာရှိများက ဖွန်လ ၂၅ ရက်တွင် ပြောကြားသည်။

ကိုလံဘီယာလက်ဝဲသူပုန်များ ဗင်နီဇွဲလားနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံနေကြောင်း ကိုလံဘီယာနိုင်ငံက စွပ်စွဲခဲ့ခြင်းကြောင့် အိမ်နီးချင်း နှစ်နိုင်ငံအကြား အငြင်းပွားမှုများပေါ်ပေါက်ခဲ့ကာ သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင်လ ၂၂ ရက်နေ့ သတင်းစာများတွင် ဖော်ပြသည်။ ကိုလံဘီယာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်စာချုပ်တစ်ရပ်ကို ဇူလိုင်လ ၂၇ ရက်နေ့က ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ကြောင်း ကိုလံဘီယာ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ၏ ၁၉ ဦးမြောက် သမ္မတအဖြစ် ဩဂုတ်လ ၇ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဟွာန်မင်နျူရယ်ဆန်းတော့စ်သည် ပြည်တွင်းသူပုန်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကိုလံဘီယာနိုင်ငံနှင့်ဆက်ဆံရေးတင်းမာလျက်ရှိသော အိမ်နီးချင်းဗင်နီဇွဲလားနှင့်အီကွေဒေါနိုင်ငံများနှင့်လည်း ဆက်ဆံရေးပြေလည်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတိပေးစကားပြောကြားသည်။

မိုနိုဂျိုဗိုင်းဟု လူသိများသည့်ဟောဂေရီစီနိ အမည်ရှိ ကိုလံဘီယာလက်ဝဲသူပုန်အဖွဲ့၏ နံပါတ်နှစ်သူပုန်ခေါင်းဆောင်ကို စက်တင်ဘာလ ၂၃ ရက်တွင် ကိုလံဘီယာနိုင်ငံအရှေ့ပိုင်းလွင်ပြင်၌ ချေမှုန်းသုတ်သင်လိုက်ပြီဖြစ်ကြောင်း ကိုလံဘီယာတာဝန်ရှိသူများက ပြောကြားသည်။

**အမေရိကန်ပြည်ထောင်စု။** ။(၆၅) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကို အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စက်တင်ဘာလ ၂၃ ရက်နေ့က စတင်ကျင်းပသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ညီလာခံဖွင့်လှစ်ကြောင်း ကြေညာပြီးနောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မိန့်ခွန်းပြောကြားသည်။ အထူးသဖြင့် အစ္စရေးနှင့်ပါလက်စတိုင်းပြဿနာကို အထူးအလေးထား၍ ပြောကြားသည်။ လတ်တလောအားဖြင့် အစ္စရေးပါလက်စတိုင်းပြဿနာ ပြေလည်စေရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ စားပွဲတင်ဆွေးနွေးဆဲဖြစ် ကြောင်း၊ ဒေသဆိုင်ရာခေါင်းဆောင်များအားလုံးအရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက်အစွမ်းကုန် စိတ်ရှည်သည်းခံရန်လိုအပ်ကြောင်း၊ ညီလာခံတက်ရောက်နေသည့် နိုင်ငံများက ပါလက်စတိုင်း၏ မိတ်ဆွေ ဟု ပြောနေသော်လည်း လက်တွေ့လုပ်ပြရမည့်အချိန်သို့ ရောက်ရှိနေကြောင်း ပြောကြားသည်။

အမေရိကန်သမ္မတအိုဘားမားသည် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့လည်း တက်ရောက်မိန့်ခွန်းပြောကြားသည်။ အိုဘားမားက ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးပြီးကမ္ဘာကို မှီခိုမနေသင့်တော့ဘဲ မိမိကိုယ်ကို အားကိုးရန် လိုအပ်ပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးရေးရည်မှန်းချက် ၈ ခု ပြည့်ဝအောင်မြင်ရန် ရည်မှန်းထားကြောင်း၊ ၎င်းကို အကောင်အထည်ဖော်ရန် ငါးနှစ်သာလိုတော့ကြောင်း ပြောကြားသွားသည်။

အမေရိကန်သမ္မတအိုဘားမားသည် စားသုံးသူများကာကွယ်ရေးရုံးသစ် ဖွဲ့စည်းရေးအတွက် ဟားဘတ်တက္ကသိုလ်မှ ဥပဒေပါမောက္ခတစ်ဦးဖြစ်သူ အယ်လီဇဘက်ဝါရင်းကို စက်တင်ဘာလ ၁၈ ရက်နေ့က ခန့်အပ်သည်။ ဝါရင်းသည် ဘဏ်များကို ပြင်းပြင်းထန်ထန်ဝေဖန်တိုက်ခိုက်ရာ လူလတ်တန်းစားဘက်မှ ရပ်တည်ခဲ့သူဖြစ်သည်။ အီရန်နိုင်ငံ၏ နျူကလီးယားရည်မှန်းချက်နှင့်ပတ်သက်သည့် ဆွေးနွေးမှုများ သောင်မတင်ရေမကျဖြစ်နေခြင်းကို အမြန်ဆုံးစေ့စပ်ဆွေးနွေးရန် နည်းလမ်းရှာနေကြောင်း၊ အမေရိကန်ပြည်ထောင်စု

နှင့် အင်အားကြီး ငါးနိုင်ငံက စက်တင်ဘာလ ၂၃ ရက်နေ့တွင်ကြေညာသည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်သည် ကုလသမဂ္ဂအထွေထွေညီလာခံကို တက်ရောက်ရန် နယူးယောက်မြို့သို့ရောက်ရှိနေသည့် ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံစဉ် အီရန်နျူကလီးယားကိစ္စကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံတမန်နည်းလမ်းများဖြင့် ဖြေရှင်းမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယခုအခါ အမေရိကန်ပြည်ထောင်စု၌ နိုဝင်ဘာလ ၂ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် လက်ရှိအာဏာရပါတီများ ဖြစ်ကြသည့် ဒီမိုကရက်တစ်ပါတီနှင့် ရီပက်ဘလီကင် ပါတီတို့သည် မဲဆွယ်ပွဲများ အပြိုင်အဆိုင်ကျင်းပပြုလုပ်နေကြသည်။ ၎င်းတို့အတွက် မဲဆွယ်ကုန်ကျစရိတ် ဒေါ်လာသန်းငါးထောင်ကျော်ကိုလည်း သုံးစွဲနေကြကြောင်း ဝါရှင်တန်တိုင်းမ်သတင်းစာက ရေးသားသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ တိုင်းစကွဲယားကို ကားဗုံးခွဲရန်ကြိုးစားမှုဖြင့် ဖမ်းဆီးခံထားရသူ ပါကစ္စတန်အနွယ်ဝင် အမေရိကန်နိုင်ငံသား ဖိုက်ဆယ်ရာဇတ်အား မက်ဟန်တန်ဗဟိုတရားရုံးက တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် စက်တင်ဘာလ ၁၃ ရက်နေ့က ဝါရှင်တန်ရှိ အိမ်ဖြူတော်တွင် ကျင်းပသည့် အစ္စလာမ်ဘာသာဝင်များ၏ ရမ္မာဒန် ဥပုသ်လစတင် သည့်အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၏ မူဝါဒကို ပွင့်လင်းစွာ ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသည် အစ္စရေး ပါလက်စတိုင်းခေါင်းဆောင်များ တိုက်ရိုက်ဆွေးနွေးခွင့်ရရှိရေးကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် သမ္မတဂျင်မီကာတာ လက်ထက်မှစ၍ ရေတွက်လျှင် ခြောက်ဦးမြောက် သမ္မတဖြစ်သည့် ဘားရက်အိုဘားမားလက်ထက်တွင်လည်း ဆောင်ရွက်နေဆဲဖြစ်သည်။



**ပြည်ပခရီးစဉ်တစ်ခု၌ ဒေသခံပြည်သူများနှင့်အတူ တွေ့ရသောဘားရက်အိုဘားမား**

အမေရိကန်အစိုးရသည် ဖေဖော်ဝါရီလအတွင်းကမူ ဝါရှင်တန်အနေဖြင့် ပြုံယမ်းအစိုးရနှင့် ခြောက်နိုင်ငံဆွေးနွေးပွဲ စည်းဘောင်အတွင်းမှ အပြန်အလှန်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်သွားလိုသည်ဟု ထုတ်ဖော်ပြောဆိုထားသည်။ အကယ်၍ မြောက်ကိုရီးယားအနေ

နှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအစီအစဉ်ကို အကောင်အထည်မဖော်ပါက မိမိတို့ကလည်း နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ပြန်ဖြစ်အောင် ပြုလုပ်မည်မဟုတ်သလို ပိတ်ဆို့အရေးယူမှုဝါဒကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကဆိုသည်။

အမေရိကန်အစိုးရသည် မြောက်ကိုရီးယားနိုင်ငံအား လက်နက်၊ ဆေးဝါးနှင့် ဇိမ်ခံအသုံးအဆောင်ပစ္စည်းများကို တရားမဝင်ရောင်းဝယ်မှုများအတွက် ပိတ်ဆို့အရေးယူမှုအသစ်များကို ထပ်မံပြုလုပ်လိုက်ကြောင်း ဩဂုတ်လ ၃၀ ရက်နေ့ ထုတ်ပြန်ချက်အနေနှင့် အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၁၉၄၆ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်ကာလများက အမေရိကန်ကျန်းမာရေးသုတေသီများသည် ဂွာတီမာလာနိုင်ငံရှိ စိတ်မကျန်းမာသူများအပါအဝင် နိုင်ငံသား ၁၅၀၀ ခန့်ကို ဂနိုရီးယားနှင့် ဆစ်ဖလစ်ရောဂါများအပါအဝင် လိင်မှတစ်ဆင့် ကူးစက်ပျံ့ပွားတတ်သည့်ရောဂါများကို ကာယကံရှင်များ၏ သဘောတူညီချက်မပါဘဲ ကူးစက်သော ယင်းရောဂါများနှင့်ပတ်သက်၍ သုတေသနပြုခဲ့သည်။ နှစ်ပေါင်းများစွာကြာပြီးချိန်မှ ယနေ့အချိန်အခါတွင် ၎င်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက ဝန်ခံလိုက်သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားက ဂွါတီမာလာသမ္မတအယ်လ်ဘာရိုကိုလွမ်ထံ အောက်တိုဘာလ ၁ ရက်နေ့က တယ်လီဖုန်းဖြင့် အထူးဝမ်းနည်းရပါကြောင်း တောင်းပန်ခဲ့သည်။ ထို့အတူ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရောဘတ်စ်ဂိတ်ကလည်း အနူးအညွတ်တောင်းပန်သောစကားများကို ဂွါတီမာလာနိုင်ငံသားများအား ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ဝါရှင်တန်ရှိ အိမ်ဖြူတော်တွင် ဘုန်းတော်ကြီးဒလိုင်းလားမားကို လက်ခံတွေ့ဆုံခဲ့သည်။ ဒလိုင်းလားမားဟူသည် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ အစိုးရနှင့် ခေါင်းဆောင်တို့က မည်သို့မျှ အသိအမှတ်မပြုသောသူဖြစ်သည်။ ထို့အပြင် တိဗက်ပြည်ပြေးခေါင်းဆောင်ဟု သတ်မှတ်ခံထားရသူဖြစ်သည်။ ၎င်းအပြင် ဒလိုင်းလားမားသည် ဘာသာရေးကိုခုတုံးလုပ်၍ တရုတ်နိုင်ငံမှ ခွဲထွက်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့် နိုင်ငံရေးသမားဖြစ်ကြောင်း တရုတ်နိုင်ငံက ကျယ်လောင်စွာ ကြေညာခံထားရသူဖြစ်သည်။ အမေရိကန်သတင်းစာများကမူ ဒလိုင်းလားမားသည် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်လည်း တွေ့ဆုံခဲ့ပြီး အမေရိကန်ခေါင်းဆောင်များအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်၊ ဘာသာရေးနှင့်ယဉ်ကျေးမှုခေါင်းဆောင်၊ အထင်ကရပုဂ္ဂိုလ်တစ်ဦးအနေဖြင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ရေးသားကြသည်။

အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး ရောဘတ်စ်ဂိတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး လျန်ကွမ်းလီတို့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အာဆီယံလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ၏ သီးခြားအစီအစဉ်အဖြစ် အောက်တိုဘာလ ၁၁ ရက်နေ့က တွေ့ဆုံခဲ့ကြသည်။ ယင်းတွေ့ဆုံမှုသည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်တို့၏ စစ်ဘက်ထိပ်တန်းအရာရှိများ တစ်နှစ်အတွင်း ပထမဆုံးအကြိမ်တွေ့ဆုံမှုဖြစ်သည်။ နှစ်နိုင်ငံအကြားဖြစ်ပေါ်နေသည့် တင်းမာမှုများကို လျော့ကျစေရေးအတွက် ဆွေးနွေးခဲ့ကြသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်စ်ဂိတ်၏ တရုတ်နှင့်တွေ့ဆုံသည့် အစီအစဉ်ပါ သုံးရက်ကြာခရီးစဉ်တွင် ဂျပန်၊ ဩစတြေးလျနှင့် ဖိလစ်ပိုင်တို့မှ ကာကွယ်ရေးဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဟေတီနိုင်ငံ၌ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြုလုပ်မည့် သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများအတွက် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အနေဖြင့် နှီးဆော်ရေးလုပ်ငန်းများလုပ်ဆောင်ပေးရန် ဥပဒေပြုအမတ်များက တိုက်တွန်းကြသည်။

ကယ်လီဖိုးနီးယားပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုးလ်ရှွာဇင်နက်ဂါနှင့် ဆီလီကွန်ချိုင့်ဝှမ်းမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များသည် ရုရှားနိုင်ငံသို့သွားရောက်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ကို တိုး

မြင့်ရရှိရန် ရည်ရွယ်သည်ဟု သတင်းဌာနများက ရေးသားသည်။

အမေရိကန်အစိုးရ၏ အရှေ့အလယ်ပိုင်းဆိုင်ရာ အထူးသံတမန် ဂျော့မစ်ချယ်သည် အစ္စရေးခေါင်းဆောင်များနှင့်တွေ့ဆုံကာ အနောက်ဘက်ကမ်းတွင် အိမ်ရာစခန်းတည်ဆောက်မှုများ ထပ်မံရပ်ဆိုင်းထားရန် ဖိအားပေးဆွေးနွေးကြောင်း စက်တင်ဘာလ ၃၀ ရက်နေ့သတင်းများက ဖော်ပြသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပနိုင်ရေးအတွက် အစ္စရေးကို ဖိအားပေးရန် ဂျော့မစ်ချယ်အား အရေးပေါ်စေလွှတ်ခြင်းဖြစ်သည်။

နိုဝင်ဘာလထဲတွင်ကျင်းပမည့် ရွေးကောက်ပွဲများအနက် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးရာထူးအတွက် ရီပတ်ပလီကန်ပါတီကိုယ်စားပြု ယှဉ်ပြိုင်ရွေးကောက်ခံမည့် အမျိုးသမီးနိုင်ငံရေးသမား မက်ဂ်ဝစ်မန်းသည် ရွေးကောက်ပွဲမဲဆွယ်အသုံးစရိတ်အမေရိကန်ဒေါ်လာ ၁၁၉ သန်းသုံးစွဲခြင်းဖြင့် အမေရိကန်နိုင်ငံရေးသမိုင်းတွင် ရွေးကောက်ပွဲအသုံးစရိတ်စံချိန်သစ်တင်လိုက်ပြီဖြစ်ကြောင်း အယ်လ်အေတိုင်းမ်သတင်းစာကဆိုသည်။ အမေရိကန်ပြည်ထောင်စုရွေးကောက်ပွဲသမိုင်းတစ်လျှောက်တွင် မဲဆွယ်အသုံးစရိတ်အများဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့သူမှာ လက်ရှိနယူးယောက်မြို့တော်ဝန် ဘလွန်းဘတ်ဖြစ်ပြီး ၎င်းသည် ၂၀၀၉ ခုနှစ်မြို့တော်ဝန်ရွေးကောက်ပွဲ၌ ပြန်လည်ရွေးကောက်ခံရရေးအတွက် ကိုယ်ပိုင်ငွေဒေါ်လာ ၁၀၉ သန်းသုံးစွဲခဲ့သည်။

အာဖရိကပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသ၌ အမေရိကန်ရေတပ်သင်္ဘောတစ်စင်း တိုက်ခိုက်ခံရမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ဖြောင့်ချက်ပေးခဲ့သည့် ဆိုမာလီအမျိုးသား ဂျမားအီဒူလ်အီဘရာဟင်ဆိုသူကို ထောင်ဒဏ်အနှစ် ၃၀ ကျခံရန် အမေရိကန်နိုင်ငံရှိ တရားရုံးတစ်ရုံးက နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပစ်ဒဏ်ချမှတ်လိုက်ကြောင်း အမေရိကန်တရားရေးရုပ်ကွက်တစ်ခုက ပြောကြားသည်။

ပိုလန်နိုင်ငံသမ္မတကိုမိုရိုစကီးသည် အမေရိကန်နိုင်ငံ ဝါရှင်တန်သို့နှစ်ရက်ကြာအလည်အပတ်ခရီးရောက်ရှိစဉ် အမေရိကန်သမ္မတဘားရက်အိုဘားမားကပိုလန်သမ္မတအားဒီဇင်ဘာလ ၉ ရက်နေ့၌ အိမ်ဖြူတော်တွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပိုလန်သမ္မတကိုမိုရိုစကီးက ပိုလန်နိုင်ငံ၌ အမေရိကန်လေတပ်ဖွဲ့ တစ်ဖွဲ့တပ်စွဲထားရန်သဘောတူကြောင်း၊ လစ္စဘွန်းမြို့၌ ကျင်းပသော နေတိုးထိပ်သီးအစည်းအဝေးကရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းကို ချီးကျူးပါကြောင်းပြောကြားသည်ဟု ဘီဘီစီသတင်းဌာနကဖော်ပြကြသည်။

သမ္မတအိုဘားမားကလည်း ရုရှားအမေရိကန်မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်ကို ပိုလန်နိုင်ငံက ထောက်ခံခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုသို့လာရောက်လိုသော ပိုလန်လူမျိုးများအတွက် နိုင်ငံကူးလက်မှတ်စနစ်ကို ပယ်ဖျက်ရန်ကြိုးစားမည်ဖြစ်ကြောင်း၊ ဥရောပဒုံးပျံကာကွယ်ရေးစနစ်ကို ၂၀၁၈ ခုနှစ်မတိုင်မီ အကောင်အထည်ဖော်လျှင် မြေပြင်အခြေစိုက် SM-3 ဒုံးခွင်းဒုံးများကို ပိုလန်နိုင်ငံ၌ ဖြန့်ကြက်မည်ဖြစ်ကြောင်းပြန်လည်ပြောကြားခဲ့သည်။

သမ္မတနှစ်ဦးတွေ့ဆုံမှုမှ နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်သောအခါ အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်နေသော ပိုလန်တပ်ဖွဲ့များကို ကူညီရန် အမေရိကန်စစ်သည် ၈၀၀ ပေးပို့မည်ဖြစ်ကြောင်းနှင့် ဂါဇာပြည်နယ်ရှိ ပိုလန်နည်းပညာဌာနချုပ်အောက်တွင် ထားရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ပိုလန်တပ်ဖွဲ့များအတွက် မြေမြှုပ်မိုင်း ပေါက်ကွဲမှုခံနိုင်သောသံချပ်ကာယာဉ် (MRAP) ၂၀ ပေးပို့မည်ဖြစ်ကြောင်းဖော်ပြထားသည်။

ဒီဇင်ဘာလ ၁၀ ရက်နေ့က ဂျပန်ပင်လယ်ပြင်တွင် အမေရိကန်–ဂျပန်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်နေစဉ်ရုရှားနိုင်ငံမှ အိုင်အဲလ် ၃၈ မေ ရေငုပ်သင်္ဘောခြေမှုန်းရေးလေယာဉ်နှစ်စင်းဖြတ်ကျော်ပျံသန်းသဖြင့် စစ်ရေးလေ့ကျင့်မှုများရပ်ဆိုင်းသွားခဲ့ကြောင်း ဂျပန်စစ်ဘက်ဆိုင်ရာမှ သတင်းများကို ကိုးကား၍ နိုဗိုစတီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်–ဂျပန်ပူးတွဲစစ်ရေးလေ့ကျင့်မှု

သည် နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ယခုနှစ် (၂၀၁၀)တွင် Keen Sword ဟု အမည်ပေးထားသည်။ ယခုနှစ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံမှ စစ်သည် ၃၄,၀၀၀၊ စစ်သင်္ဘော ၄၈ စင်း၊ လေယာဉ် ၂၅၀ နှင့် အမေရိကန်ပြည်ထောင်စုမှ စစ်သည် ၁၀,၀၀၀၊ စစ်သင်္ဘော ၂၀၊ လေယာဉ် ၁၅၀ ပါဝင်ကာ ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်း ကမ်းလွန်ပင်လယ်ပြင်တွင် လေ့ကျင့်ခြင်းဖြစ်သည်။ ထိုလေ့ကျင့်မှု၌ လေကြောင်းကာကွယ်ရေးစနစ်၊ စခန်းလုံခြုံရေး၊ အနီးကပ်လေကြောင်းပစ်မှတ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများပါဝင်ပြီး ကျည်ဆန်အစစ်များဖြင့် ပစ်ခတ်လေ့ကျင့်မှုလည်းပါဝင်သည်ဟု နိုဗိုစတီ သတင်းဌာနကဖော်ပြသည်။

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်ရစ်ချတ်ဆင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တော်သို့ ၄ ရက်ကြာခရီးစဉ်အဖြစ် ကိုယ်ပိုင်အစီအစဉ်ဖြင့် သွားရောက်ခဲ့သည်။ ရစ်ချတ်ဆင်သည် မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စစ်ဘက်ဌာနတွင်ပြုံယမ်းအကြီးတန်းခေါင်းဆောင်များနှင့် အရေးကြီးသော ဆွေးနွေးမှုသုံးခုပြုလုပ်ခဲ့ပြီး ကိုရီးယားကျွန်းဆွယ်တွင်ဖြစ်ပွားနေသော တင်းမာမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစီရင်ခံစာထုတ်ပြန်နိုင်ပါက စစ်ရေးအသုံးပြုဖြေရှင်းသည့် နည်းလမ်းများကို တားဆီးနိုင်လိမ့်မည်ဖြစ်ကြောင်း ရစ်ချတ်ဆင်က ပြောကြားသည်ဟု ဒီဇင်ဘာလ ၁၈ ရက်နေ့က သတင်းထုတ်ပြန်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်းသည် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံသို့လာရောက်ပြီး နိုင်ငံတော်အစိုးရ အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ၊ အစိုးရမဟုတ်သောနိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အာဖဂန်စစ်ပွဲမဟာဗျူဟာနှင့်ပတ်သက်၍ အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီက နှစ်လကျော်ကြာပြန်လည်သုံးသပ်ထားသည့် အစီရင်ခံစာကို ဒီဇင်ဘာလ ၁၆ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ မဟာဗျူဟာသည် လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်ပြီး သေဆုံးထိခိုက်မှု မြင့်မားစွာဖြင့် ရရှိခဲ့သောအောင်မြင်မှုသည် အားနည်းချက်ရှိနေ၍ ရလဒ်ပြောင်းပြန်ဖြစ်သွားနိုင်ကြောင်းလည်း အိုဘားမားကသတိပေးခဲ့သည်။

အိုဘားမားသည် အမေရိကန်စစ်တပ်၌ ဂေးစစ်သားများစစ်မှုထမ်းခြင်းမှ ၁၇ နှစ်ကြာ တားမြစ်ခဲ့သည့်ဥပဒေနှင့် ဂေးများ စစ်တပ်မှထုတ်ပယ်ခံရသည်များကို ပယ်ဖျက်ပေးမည့်ဥပဒေတို့အား အထက်လွှတ်တော်သဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် အိုဘားမားသည် စက်တင်ဘာ ၁၁၊ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ ဖြိုချခံရမှုတွင် အသက်ရှင်ကျန်ရစ်ခဲ့သူများနှင့် ထိုဒေသတွင် ကျန်းမာရေးထိခိုက်ခံပြီး ကယ်ဆယ်ရေးနှင့်ရှင်းလင်းရေးလုပ်ခဲ့သူများအား ထောက်ပံ့ကြေးပေးအပ်ရန် ဥပဒေမူကြမ်းကို ဒီဇင်ဘာလ ၃၁ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။

**အရှေ့အလယ်ပိုင်းဒေသ**။ ။ **နိုင်ငံရေး**–ဂါဇာဒေသကို အစ္စရေးတို့က အပြင်းအထန်တိုက်ခိုက်ခဲ့သဖြင့် ၎င်းဒေသရှိ ကုလသမဂ္ဂ၏ ပျက်စီးဆုံးရှုံးမှုများအတွက် အစ္စရေးနိုင်ငံကလျော်ကြေးငွေ အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၅ သန်း ပေးအပ်ကြောင်း ကုလသမဂ္ဂက ဇန်နဝါရီလ ၂၂ ရက်တွင် ကြေညာသည်။

သို့ရာတွင် လျော်ကြေးငွေပေးရန်အတွက် အစ္စရေးတွင် တာဝန်မရှိကြောင်း၊ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလလောက်မျှသာကြာသေးသည့် ပါလက်စတိုင်းတိုက်ခိုက်မှုအတွက် ယင်းသို့သော လျော်ကြေးပေးမှုမျိုးမရှိခဲ့ကြောင်း၊ ယခုပထမဆုံး အကြိမ်ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုတွင် ကုလသမဂ္ဂဘက်မှ ဆုံးရှုံးမှု အမြောက်အမြားရှိခဲ့ကြောင်း၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ရှိ ကုန်လှောင်ရုံတစ်ရုံလည်း ပါဝင်ကြောင်း၊ ဝန်ထမ်း

အနည်းငယ်ဒဏ်ရာရကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ရုံးမှ မာတင်နီဆေကီက ပြောကြားသည်။

အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများ အတွင်း အစ္စရေးတို့အခြေချ အိမ်ရာဆောက်လုပ်မှုများ ရပ်ဆိုင်းရန် ပါလက်စတိုင်းတို့က တောင်းဆိုခဲ့သည်။ ထိုသို့တောင်းဆိုမှု မရပ်ဆိုင်းသမျှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြန်စရန် ငြင်းဆိုနေမည်ဖြစ်ကြောင်း ပါလက်စတိုင်းယာယီသမ္မတ မာမွတ်အဘတ်စ်အား အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဝေဖန်ပြောကြား သည်။ ပါလက်စတိုင်းတို့သည် တောင်းဆိုချက်များ တစ်ခု ပြီးတစ်ခုတောင်းဆိုနေကြကြောင်းဖြင့် လည်းအစ္စရေး ဝန်ကြီးချုပ်က ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြောကြား သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်စရန် အမေရိကန် သမ္မတ အိုဘားမား၏ အထူးသံတမန် ဂျော့မစ်ချယ်စီစဉ် နေစဉ်အတွင်း မာမွတ်အဘတ်စ်၏ ငြင်းဆိုနေမှုအပေါ် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက အထက်ပါအတိုင်း ပြောကြားသည်။

အစ္စရေးနှင့်အီဂျစ်တို့က ဂါဇာကမ်းမြောင်ဒေသကို အချိန်ကာလကြာမြင့်စွာ ပိတ်ဆို့သဖြင့် ဒေသခံပြည်သူများကို ပူးပေါင်းဒဏ်ခတ်နေကြသည်ဟုနိုင်ငံတကာလွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့(အေအိုင်)က ဇန်နဝါရီ ၁၈ ရက်တွင် ဝေဖန်လိုက်သည်။ သို့ဖြစ်၍ ယင်းပိုင်းဝန်းပိတ်ဆို့မှု ကိုချက်ချင်းရုပ်သိမ်းပေးရမည်ဖြစ်ကြောင်းဖြင့်အေအိုင် အဖွဲ့၏အရှေ့အလယ်ပိုင်းနှင့်မြောက်အာဖရိကရေးရာ ညွှန်ကြားရေးမှူးမာလ်ကွန်စမတ်က ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။

ဗြိတိန်နိုင်ငံအခြေစိုက် အေအိုင်အဖွဲ့က ဆက် လက်ပြောကြားရာတွင် ပါလက်စတိုင်းတို့က ဒုံးကျည် များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ယင်းသို့ ပိတ်ပင် အရေးယူခြင်းမျိုးမဖြစ်သင့်ကြောင်းထည့်သွင်း ပြော ကြားသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီ ကလင်တန်ကမူ ကြိုတင်သတ်မှတ်ချက် တစ်စုံတစ်ရာ မပြုဘဲ အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ များပြန်စရန် တိုက်တွန်းပြောကြားခဲ့သည်။

ယီမင်နိုင်ငံမြောက်ပိုင်း ရှေ့တန်းစစ်မျက်နှာတွင် ယီမင်တပ်ဖွဲ့ဝင်များနှင့်ဟူသီတိုက်ခိုက်ရေးသမားများ စစ်ဆင်နွှဲလျက်ရှိရာ ၎င်းနိုင်ငံ၏ ပဋိပက္ခသည် အရှိန်မြင့်မားလာနိုင်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည် များဆိုင်ရာ မဟာမင်းကြီးရုံးက သတိပေးထားသည်။ တိုက်ခိုက်မှုများသည် ဆာနားမြို့နှင့် အနီးပတ်ဝန်းကျင် မှ တဖြည်းဖြည်း အနောက်မြောက်ပိုင်းဒေသသို့ပျံ့နှံ့ လျက်ရှိသည်ဟုလည်း ပြောရေးဆိုခွင့်ရှိသူ အင်ဒရေး မာဟီဆစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြား သည်။ ယီမင်တပ်ဖွဲ့ဝင်များနှင့် ဟူသီတိုက်ခိုက်ရေး သမားများ စစ်ရေးအရငါးနှစ်ကြာ ပဋိပက္ခဖြစ်ခဲ့ရာ ပြည်သူ ၂၅၀,၀၀၀ ခန့် အိုးအိမ်မှစွန့်ခွာ ထွက်ပြေးခဲ့ရ သည်ဟု ခန့်မှန်းထားသည်။

ဂျော်ဒန်အစိုးရအနေဖြင့် အစ္စရေးနှင့် ချုပ်ဆို ထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို ဖျက်သိမ်းရန် ဂျော်ဒန်ထိပ်တန်း ကော်မတီတစ်ရပ်က တောင်းဆိုလိုက် သည်။ ထို့ပြင် အခြားအာရပ်နိုင်ငံများအနေဖြင့်လည်း ယင်းစာချုပ်များကို ဖျက်ဆီးပစ်ရန် မိမိတို့တိုက်တွန်း တောင်းဆိုသည်ဟု အမိမြေကာကွယ်ရေးနှင့် ပုံမှန် ဆက်ဆံရေးဆန့်ကျင်မှု ဂျော်ဒန်အဆင့်မြင့် အမှုဆောင် ကော်မတီကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြ ထားသည်။ အစ္စရေးနှင့်ပုံမှန်ဆက်ဆံခြင်းဖြင့် ယင်း၏ နယ်မြေသိမ်းပိုက်မှုကို တရားဝင်ပြုလုပ်ပေးရာရောက် သည်ဟု ကြေညာချက်တွင် ပါဝင်သည်။

တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂန်က အစ္စရေးတို့၏ ဂါနာကမ်းမြောင်ဒေသတွင်း လုပ်ဆောင် ချက်များနှင့်ပတ်သက်၍ ပြစ်တင်ဝေဖန်သည်။ အပြစ်မဲ့ ပြည်သူများသတ်ဖြတ်ခံရပါက တူရကီနိုင်ငံအနေဖြင့် ရေငုံနှုတ်ပိတ်နေနိုင်မည်မဟုတ်ဟုလည်း ပြောကြားသည်။ အစ္စရေးတို့သည် ဂါဇာတွင် ဖော့စ်ဖရပ်ဗုံးများကို အသုံးပြု နေကြောင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီး နေကြောင်း တူရကီဝန်ကြီးချုပ်ကထည့်သွင်းပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဘီအက် ဟာနွန်မြို့ကို ဇန်နဝါရီလ ၁၁ ရက်ညပိုင်းတွင် အစ္စရေး တင့်ကားတစ်စီးက အမြောက်ဖြင့် ပစ်ခတ်သဖြင့် ပါလက် စတိုင်းသုံးဦးသေဆုံးသွားကြောင်း မျက်မြင်သက်သေ များနှင့် ဒေသဆိုင်ရာ သတင်းအသိုင်းအဝိုင်းက ပြော ကြားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ အစွန်းရောက်ဝါဒ ခေါင်းထောင်မှု၊ လုံခြုံရေးကင်းမဲ့မှုနှင့် မူးယစ်ဆေးဝါးပိုမို၍ တရားမဝင်ထုတ်လုပ်ရောင်းချမှုတို့သည် အမေရိကန်မူဝါဒများကြောင့် ဖြစ်ရသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မာနော့ချာမော့တာကီက ဇန်နဝါရီလ ၉ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ အမေရိကန်သမ္မတဟောင်း ဂျော့ချ် ဒဗလျူဘုရှ်၏ မှားယွင်းသောအမေရိကန်မူဝါဒများသည် အရှေ့အလယ်ပိုင်းဒေသ လုံခြုံမှုကင်းမဲ့စေခြင်း၏ အခြေခံသဘောတရားဖြစ်သည်ဟု တီဟီရန်သို့ အလည်အပတ်ရောက်ရှိနေသော ဘာရိန်းလွှတ်တော် ဥက္ကဋ္ဌ ဂါလီဖာဘင်အာမက်အား မော့တာကီက ပြောကြားသည်။ ဒေသတွင်းပြဿနာများကို ဖြေရှင်းနိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အီရန်အစိုးရနှင့် ဘာရိန်းလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဟု ၎င်းကဆိုသည်။

တံ့ဆိုင်းနေသော ပါလက်စတိုင်း-အစ္စရေး ဆွေးနွေးမှုများကို ကြိုတင်စည်းကမ်းချက်သတ်မှတ်မထားဘဲ ပြန်လည်စတင်ရန် အမေရိကန်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကို ပါလက်စတိုင်းအမျိုးသား အာဏာပိုင်အဖွဲ့ (ပီအင်န်အေ) က ဇန်နဝါရီလ ၉ ရက်တွင် လက်မခံဘဲ ငြင်းပယ်လိုက်သည်။ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်တို့ရှိ မတင်မကျဖြစ်နေသော လူနေအိမ်များကိစ္စဖြေရှင်းပေးရန်လည်း ပီအင်န်အေက တောင်းဆိုသည်။ ထိုအတောအတွင်း ဆွေးနွေးပွဲပြန်လည်စတင်ရေးမည်သည့်တောင်းဆိုချက် ကိုမဆိုလက်မခံဘဲ ဆန့်ကျင်ရန် ဂါဇာကမ်းမြောင်ဒေသအာဏာရ အစ္စလာမ္မစ်ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့က ပီအင်န်အေကို သတိပေးလိုက်ကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အစ္စရေးနိုင်ငံသည်သာ အကျိုးကျေးဇူးခံစားရမည်ဆိုသည်ကိုလည်း ဟားမတ်စ်အုပ်စုက သတိပေးလိုက်သည်။

အစ္စရေးလေယာဉ်များသည် အစ္စလာမ္မစ်ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့လေ့ကျင့်သင်တန်းပေးနေသည့် ဂါဇာကမ်းမြောင်ဒေသကို ပစ်မှတ်ထားလျက် ဇန်နဝါရီလ ၈ ရက် စောစောပိုင်းက အကြိမ်ကြိမ်သွားရောက်တိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးသတင်းတပ်ဖွဲ့ဝင်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။ အစ္စရေးတပ်က ညသန်းခေါင်အချိန်မှစတင်၍ လေကြောင်းတိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့ကြောင်း၊ သေကြေပျက်စီးမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း အစ္စရေးနိုင်ငံအတွင်းသို့ တိုက်ခိုက်မည့် ဒုံးကျည်ထုတ်လုပ်ရန်နှင့် သိုလှောင်ရန် ပါလက်စတိုင်းစစ်သွေးကြွများ အသုံးပြုသည့်နေရာများကို အစ္စရေးလေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးအကျဉ်းထောင်များ၌ ဖမ်းဆီးထားသည့် ပါလက်စတိုင်း အကျဉ်းသားဦးရေ ၇,၅၀၀ ကျော်ရှိကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ အကျဉ်းသားရေးရာ ဝန်ကြီးဌာနက ကြေညာသည်။

အစ္စရေး အက်ဖ်-၁၆ စစ်လေယာဉ်များနှင့် တင့်ကားများသည် ဂါဇာကမ်းမြောင်ဒေသအရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ ပစ်မှတ်များကို ဇန်နဝါရီလ ၁ ရက်ညက ဝေဟင်နှင့်မြေပြင်တိုက်ခိုက်မှုများ ငါးကြိမ်ဆက်တိုက်ပြုလုပ်ခဲ့ရာ ငါးဦးဒဏ်ရာရရှိသွားကြောင်း ဆရာဝန်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။ အစ္စရေး အက်ဖ်-၁၆ စစ်လေယာဉ်က ဒုံးကျည်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်ခဲ့သမျှ အားလုံးသည် ဂါဇာစီးတီး အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိလူသူနည်းပါးသောနေရာများသို့ ကျသွားကြောင်း ထိုသို့ပစ်ခတ်မှုကြောင့် ငါးဦးဒဏ်ရာရရှိသွားသည်ဟုလည်းမျက်မြင်သက်သေများက ပြောကြားသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်သည် အမေရိကန်ပြည်ထောင်စု ကောင်စစ်ဝန်ချုပ်နှင့် ရုရှားသံတမန်များကို ရာမာလာမြို့၌ ဇန်နဝါရီလ ၂ ရက်က သီးခြားစီတွေ့ဆုံပြီး ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြဿနာများကို ဆွေးနွေးညှိနှိုင်းသည်ဟု သတင်း၌ ဖော်ပြသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်မှုဆီသို့ ပြောင်းလဲသွားနိုင်မည့် ယူရေနီယံသန့်စင်ရေးအစီအစဉ်ကို ရပ်တန့်ရန် အီရန်နိုင်ငံအား မည်သို့မည်ပုံကိုင်တွယ်မည်ဆိုသည့်ကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့်ဂျာမနီနိုင်ငံတို့မှ ထိပ်တန်းအရာရှိများသည် ဖေဖော်ဝါရီလ ၅ ရက်က ကျင်းပသည့် မြူးနစ်လုံခြုံရေးညီလာခံတွင်

ထည့်သွင်းဆွေးနွေးသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ဖေဖော်ဝါရီလ ၁၀ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိစဉ် သမ္မတလီမြောင်ဘတ်နှင့် တွေ့ဆုံသည်။ ပါလက်စတိုင်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ်ကတည်းက အမေရိကန်ဒေါ်လာ ၃၃သန်း ထောက်ပံ့ကူညီခဲ့ပြီး အစ္စရေးတို့ကျူးကျော်တိုက်ခိုက်ပြီးနောက် ယခင်နှစ် မတ်လက ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်သန်း ထောက်ပံ့ခဲ့သည်ဟု သတင်း၌ဖော်ပြသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အစ္စရေး တိုက်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ နိုင်ငံတကာလေဆိပ်ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့သည်ဟု ပရက်စ်တီဗီ သတင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ဖော်ပြသည်။

ယီမင်နိုင်ငံမြောက်ပိုင်းဒေသတွင် ဩဂုတ်လနောက်ပိုင်းမှ စတင်ဖြစ်ပွားသော စစ်ပွဲအတွင်း ကလေးငယ် ၁၈၇ ဦးခန့်သေဆုံးကြောင်း ကုလသမဂ္ဂ အရေးပေါ်ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) နှင့် ယီမင်ကလေးငယ် အခွင့်အရေးအဖွဲ့ (ဆီယက်)တို့မှ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ကို ရက်ပေါင်း ၁,၀၀၀ ပိတ်ဆို့ခဲ့မှုကြောင့် အစာရေစာနှင့်ဆေးဝါးပြတ်လပ်၍ ပါလက်စတိုင်းပြည်သူ ၅၀၀ သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း အမတ်တစ်ဦးက ပြောကြားသည်။ အစ္စရေး၏ ပိတ်ဆို့မှုကြောင့် ဆေးဝါးပြတ်လပ်မှုများ ပေါ်ပေါက်ခဲ့ပြီး သေဆုံးသူ များပြားခဲ့သည်ဟု အမတ်အယ်လ်ခူဒါရီက ပြောကြားခဲ့သည်။ အကျိုးဆက်အဖြစ် ပါလက်စတိုင်းပြည်သူပြည်သား ၁ ဒသမ ၅ သန်းမှာ စားနပ်ရိက္ခာပစ္စည်းများ ပြတ်လပ်ခဲ့သည်။ ထို့ပြင် ပါလက်စတိုင်းတို့၏ စီးပွားရေးပျက်စီးပြီးလူအများအပြား အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။

အစ္စရေးလေယာဉ်များက ခန်ယူနစ်အရပ်ရှိ သတ္တုအလုပ်ရုံကို မတ်လ ၁၂ ရက်က တိုက်ခိုက်ခဲ့ရာ လူအများအပြားသေဆုံးခဲ့သည်။ဂါဇာကမ်းမြောင်ဒေသရှိ ရာဖာမြို့အစွန်တွင်ရှိသော လိုဏ်ခေါင်းတစ်ခုကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံတောင်ပိုင်း အက်ကီလွန်မြို့သို့ ပါလက်စတိုင်း လက်နက်ကိုင်များက မတ်လ ၁၉ ရက်နံနက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်ရာ အစ္စရေးအရပ်သားတစ်ဦးသေဆုံးကြောင်း အစ္စရေးစစ်ဘက်မှပြောကြားသည်။

အီဂျစ်နိုင်ငံနှင့် ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသသို့ မြေအောက်မှ ဆက်သွယ်ဖောက်လုပ်ထားသော မှောင်ခိုပစ္စည်းများသယ်ထုတ်ရာ ဥမင်လိုဏ်ခေါင်း ၁၀ခုကို အီဂျစ်ရဲအရာရှိများက ဧပြီလ ၁ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ပါလက်စတိုင်းအာဏာပိုင်များက ရာဝါဘီဟုခေါ်သော ပါလက်စတိုင်းမြို့တစ်မြို့တည်ထောင်ရန်စီစဉ်ထားသည့်ဧရိယာကို အစ္စရေးတပ်ဖွဲ့များက မတ် ၃၀ ရက်၌ ကျူးကျော်ဝင်ရောက်လာကာ အစ္စရေးအလံများလွှင့်၍ ဆုတောင်းပွဲများလည်း ပြုလုပ်ခဲ့ကြသည်။

အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှ ၁၃ ကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့သဖြင့် ဧပြီလ ၂၇ ရက်က ကလေးငယ်သုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းသတင်းရပ်ကွက်က ပြောကြားသည်။ အစ္စရေးအက်ဖ်-၁၆ တိုက်လေယာဉ်များက ဂါဇာတောင်ပိုင်းဒေသရှိ ရာဖာ၊ ခန်ယူနစ်နှင့် ဂါဇာမြို့များကို ဆက်တိုက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အနောက်ဘက်ကမ်း နာဘလုစ်မြို့တောင်ဘက် အေးရက်ဘူရင်ကျေးရွာတွင် ပါလက်စတိုင်းဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဧပြီလ ၃ ရက် မွန်းလွဲပိုင်းက ပဋိပက္ခ ဖြစ်ပွားခဲ့သည်။

အနောက်ဘက်ကမ်း၌ ရဟူဒီရပ်ကွက်တိုးချဲ့ရေးအတွက် ပါလက်စတိုင်းပိုင် နယ်မြေများသိမ်းယူရန် အစ္စရေးအစိုးရ၏ ဆုံးဖြတ်ချက်ကို ပါလက်စတိုင်းအချို့က ကန့်ကွက်ဆန္ဒပြရာမှ ယင်းသို့ ပဋိပက္ခဖြစ်ပွားခြင်းဖြစ်သည်။ ထိုအတော အတွင်းဂါဇာကမ်းမြောင်မှ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ပါလက်စတိုင်းတို့က ဒုံးကျည်ဖြင့် ဧပြီလ ၃ ရက်က ပစ်ခတ်ကြောင်း အစ္စရေးအသံလွှင့်ဌာနက ကြေညာသည်။

လက်ဘနွန်နိုင်ငံနှင့် ပတ်သက်၍ အစ္စရေးနှင့် နောက်ထပ်စစ်မဖြစ်ပွားစေရန် အမေရိကန်က တားဆီး

သင့်ကြောင်း အီဂျစ်က ဧပြီလ ၂၈ ရက်၌ တိုက်တွန်းလိုက်ပြီး စစ်ရေးအရ အရေးယူမှုကြောင့် ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များကိုပါ သတိပေးသည်။ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဘူဂိတ်က အမေရိကန်၏ အခန်းကဏ္ဍမှာ အရေးပါကြောင်း အလေးထားပြောကြားပြီး ရန်လိုတိုက်ခိုက်မှုများရှောင်ရှားနိုင်ရန် ဆောင်ရွက်သင့်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဇာကီက ပြောကြားသည်။

ရှရှားလုပ်စကတ်ဒုံးကျည်များ လက်ဘနွန်နိုင်ငံအတွင်း ရွှေ့ပြောင်းခဲ့ပါက လက်ဘနွန်နိုင်ငံသည် ထူးခြားသည့်အန္တရာယ်ဖြင့် ကြုံတွေ့နေရမည်ဟု မိမိတို့သုံးသပ်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကရော့လီက ပြောကြားသည်။ အစ္စရေးက ယင်း၏တပ်ဖွဲ့ဝင်များကို လက်ဘနွန်နယ်စပ်မြို့ အဘက်ဆီယာသို့စေလွှတ်ပြီး လက်ဘနွန်နိုင်ငံတောင်ပိုင်းဒေသအား ပစ်ခတ်တိုက်ခိုက်ကာ လက်ဘနွန်လေကြောင်းပိုင်နက်ကိုလည်း ချိုးဖောက်ခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ဆွေးနွေးပွဲတစ်ရပ်ကို ကြားခံသံတမန်ဖြင့် မေလ ၃ ရက်က စတင်ပြီဖြစ်ကြောင်း ပါလက်စတိုင်းညှိနှိုင်းရေးမှူးချုပ်က ပြောကြားသည်။ အမေရိကန် အရှေ့အလယ်ပိုင်းသံတမန် ဂျော့မစ်ချဲနှင့် ပါလက်စတိုင်း သမ္မတမာမွတ်အဘတ်စ်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ဆေ့ဘ်ရီကတ်က ပြောကြားသည်။ ကြားခံသံတမန်ဖြစ်သူ မစ္စတာမစ်ချယ်အနေဖြင့် နှစ်ဘက်စလုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။ မတ်လအတွင်းက ယင်းတို့၏ တွေ့ဆုံဆွေးနွေးမှုမှာ အစ္စရေးတို့၏ အရှေ့ဂျေရုဆလင်၌ နေအိမ်သစ်များ ဆောက်လုပ်မှုကြောင့် အဟန့်အတားဖြစ်ခဲ့ရသည်။ ပါလက်စတိုင်းတို့က ၂၀၀၈ ခုနှစ်နှောင်းပိုင်းကတည်းက အစ္စရေးတို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုအပြီး တိုက်ရိုက်ဆွေးနွေးမှုကိုဖျက်သိမ်းခဲ့သည်။

ပါလက်စတိုင်းနိုင်ငံမှ အမတ် ၁၇ ဦးနှင့် ဝန်ကြီးဟောင်း ၂ ဦးအပါအဝင် ပါလက်စတိုင်း ၇၃၀၀ တို့သည် အစ္စရေးအကျဉ်းထောင် ၂၀ ခန့် အတွင်း ထိန်းသိမ်းခံထားရကြောင်း အင်တာနက်သတင်း၌ ဖွဲ့န်လ ၃၀ ရက်က ဖော်ပြထားသည်။ ထိန်းသိမ်းခံရသူများတွင် အမျိုးသမီး ၃၃ ဦး၊ ကလေး ငယ် ၃၀၀ ခန့်၊ အုပ်ချုပ်ရေးဘက်မှ အကျဉ်းသား ၂၆၉ ဦးနှင့်နိုင်ငံရေးခေါင်းဆောင်များပါဝင်ကြောင်း ပါလက်စတိုင်း သုတေသီတစ်ဦးက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသကမ်းရိုးတန်းရှိ ဟားမတ်စ်အခြေစိုက်စခန်းနှင့် ရာဖာမြို့လေဆိပ်တို့ကို ပစ်မှတ်ထားလျက် အစ္စရေးတို့က အက်ဖ်-၁၆လေယာဉ်မှ ဒုံးကျည်ဖြင့် ငါးကြိမ်ပစ်ခတ်ကြောင်း ဇူလိုင်လ ၁ ရက်တွင် ပါလက်စတိုင်းလုံခြုံရေး အဖွဲ့ကပြောကြားသည်။ လက်ဘနွန်နိုင်ငံသား ၂ ဦးကို အစ္စရေးတော်လှန်ရေးအဖွဲ့အတွက် သူလျှိုလုပ်ပေးမှုကြောင့်ဖမ်းဆီးလိုက်ကြောင်း လက်ဘနွန်အရာရှိများက ဇူလိုင်လ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

ဂါဇာကမ်းမြောင်သို့ ဦးတည်မောင်းနှင်သည့် လူသားချင်းစာနာမှု အကူအညီပေးရေးအတွက် ထောက်ပံ့ရေးကုန်ပစ္စည်းများ တင်ဆောင်လာသည့် တူရကီသင်္ဘောအုပ်စုကို အစ္စရေးတပ်ဖွဲ့ဝင်များက မေလနှောင်းပိုင်းတွင်ကြားဖြတ်ဟန့်တားခဲ့သည်။ အစ္စရေးရေတပ်မှ အထူးတပ်ဖွဲ့ဝင်များက တူရကီအကူအညီပေးရေးသင်္ဘောပေါ်သို့ မေလ ၃ ရက်တွင် တက်ရောက်ခဲ့ပြီး တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၉ ဦးသေဆုံးပြီး ဒါဇင်နှင့်ချီပြီးဒဏ်ရာရရှိခဲ့သည်။ လက်ဘနွန်ရှိ ကုလသမဂ္ဂကြားဖြတ်တပ်ဖွဲ့ (ယူနီဖီးလ်)၏ စစ်ရေးလေ့ကျင့်မှုကို ရှီးယိုက်မွတ်ဆလင်များ နေထိုင်သည့် တောင်ပိုင်းလက်ဘနွန်တွင် ဒေသခံများက နှောင့်ယှက်ခဲ့ပြီးနောက်ပိုင်းတွင် ကုလသမဂ္ဂလက်ဘနွန်ဆိုင်ရာ အထူးညှိနှိုင်းရေးမှူးမိုက်ကယ်ဝီလီယံက ယူနီဖီးလ်၏ လွတ်လပ်စွာလှုပ်ရှားမှုကို အပြည့်အဝလေးစားလိုက်နာရမည်ဟုပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း အနောက်ဘက် ကမ်းခြေဒေသရှိ ဟီဘရွန်မြို့မှ ပါလက်စတိုင်းအရပ်သား ၆ ဦးကို ဖမ်းဆီးသွားခဲ့ကြောင်း ဇူလိုင်လ ၁၃ ရက်၌ ပါလက်စတိုင်းအရာရှိများက သတင်းထုတ်ပြန်သည်။

အစ္စရေးတို့၏ ကြားဝင်နှောင့်ယှက်မှုကြောင့် လစ်ဗျားအကူအညီပေးရေးသင်္ဘောအယ်လ်အမယ်သည် ဂါဇာဆိပ်ကမ်းသို့ မဆိုက်ကပ်နိုင်တော့သဖြင့် အီဂျစ်

တို့၏ အရစ်ချုံဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် အီဂျစ်အစိုးရက သဘောတူလိုက်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ဇူလိုင်လ ၁၄ ရက်၌ပြောကြားသည်။

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်နယ်စပ်ဒေသတစ်လျှောက် ပိတ်ဆို့ထားမှုများကို ဖွင့်ပေးရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ ကက်သရင်းအက်ရှ်တန်က တိုက်တွန်းလိုက်သည်။ အစ္စလာမ္မစ်ဟားမက်စ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်မှ စပြီး အစ္စရေးတို့က ဂါဇာဒေသတွင် ထိန်းချုပ်တားမြစ်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းသို့ အစ္စရေးလေယာဉ်များက ဇူလိုင်လ ၂၂ ရက်က တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၂ ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးအတွက် ဘာရာဇီးနိုင်ငံက အမေရိကန်ဒေါ်လာ ၁၄ သန်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ဇူလိုင်လ ၂၂ ရက်၌ ပြောကြားလိုက်သည်။ ပါလက်စတိုင်းနိုင်ငံ ဂါဇာမြို့တောင်ဘက် အီဂျစ်နယ်စပ်နှင့် ဆက်သွယ်ဖောက်လုပ်ထားသော ဥမင်လိုဏ်ခေါင်းတစ်ခု ဇူလိုင်လ ၂၂ ရက်က ပြိုကျခဲ့ရာ ပါလက်စတိုင်းခြောက်ဦးပိတ်မိလျက်ရှိကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။ ယင်းဥမင်သည် အီဂျစ်နိုင်ငံမှ ကုန်ပစ္စည်းများကို သယ်ယူရာလမ်းကြောင်းတစ်ခုဖြစ်သည်။ အစ္စရေးတို့က ၎င်းဥမင်လိုဏ်ခေါင်းများသည် လက်နက်မှောင်ခိုတင်သွင်းမှုနှင့် အစွန်းရောက်များဝင်ရောက်ရာဟု သတ်မှတ်ပြီး ဖြတ်သန်းသွားလာမှု ဟန့်တားလျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ပါလက်စတိုင်းဂါဇာမြို့တွင်းရှိ နေအိမ်အချို့ကို ဇူလိုင်လ ၂၄ ရက်က ဝင်ရောက်စီးနင်းကာ သံသယရှိသူ ပါလက်စတိုင်းလေးဦးကို ဖမ်းဆီးသွားကြောင်း သတင်းထုတ်ပြန်သည်။

အစ္စရေးလေယာဉ်များသည် လက်ဘနွန်တောင်ပိုင်း၌ ထပ်မံကျူးကျော်လာသည်ဟု လက်ဘနွန်စစ်ဘက်မှ ပြောဆိုသည်။ အစ္စရေးလေယာဉ်များနေ့စဉ်လိုပင် ကျူးကျော်ခြင်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၇၀၁ ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

အစ္စရေးတိုက်လေယာဉ်နှစ်စင်းသည် ပါလက်စတိုင်းရှိဂါဇာမြို့အနောက်ပိုင်းကို ဇူလိုင်လ ၂၉ ရက်က ပစ်ခတ်တိုက်ခိုက်ကြောင်း ပါလက်စတိုင်း ၂ ဦး သေဆုံးခဲ့ပြီး နေအိမ် ၂ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း အစ္စရေးလေယာဉ်များအကြိမ်ကြိမ် စည်းကမ်းချိုးဖောက်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က ဩဂုတ်လ ၁၆ ရက်က ပြောကြားသည်။

အစ္စရေးတို့က ပါလက်စတိုင်း အခြေချနေထိုင်သူများ ရွှေ့ပြောင်းမှုအပေါ် အခြေခံပြီး တိုက်ရိုက်ဆွေးနွေးရန် ကမ်းလှမ်းမှုကို ပါလက်စတိုင်းအရာရှိများက ဩဂုတ်လ ၁၆ ရက်တွင် ပယ်ချခဲ့ကြောင်းပြောကြားသည်။

လက်ဘနွန် တပ်မတော်စွမ်းအား ထက်မြက်စေရန် ဆီးရီးယားက အကူအညီများပေးမည်ဖြစ်ကြောင်း၊ ၎င်းအကူအညီများမှာ ငွေကြေး၊ လက်နက်နှင့် နည်းပညာများဖြစ်ကြောင်း ဩဂုတ်လ ၁၃ ရက်က ဆီးရီးယားစစ်ဘက်က သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေမှုလုပ်ရပ်ကို ပြောင်းလဲမည်မဟုတ်ကြောင်း၊ မိမိတို့၏ အဓိကတိုက်ခိုက်ရေး ပစ်မှတ်ဖြစ်ကြောင်း ဂါဇာအခြေစိုက် အစ္စလာမ္မစ်ဂျီဟတ်လက်နက်ကိုင်အဖွဲ့မှ ပြောကြားသည်။ ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသတွင် လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ဖြစ်သော ဟားမက်စ်နှင့် ဂျီဟတ်တို့အတွင်း ရပ်တည်ချက်မတူဘဲ ကွဲပြားလျက်ရှိသည်။ ဂါဇာဒေသကို ၂၀၀၉ခုနှစ်ကတည်းက ထိန်းချုပ်ထားနိုင်ခဲ့သောဟားမက်စ်အဖွဲ့က ပြီးခဲ့သည့်နှစ်ကတည်းက ပစ်ခတ်တိုက်ခိုက်မှုများလျှော့ချထားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ကမကထပြုမှုဖြင့် အစ္စရေးနှင့်ပါလက်စတိုင်းခေါင်းဆောင်များသည် ဝါရှင်တန်မြို့တွင် စက်တင်ဘာလ ၂ ရက်က တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကြာ ပဋိပက္ခကို တစ်နှစ်အတွင်း အဆုံးသတ်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်ကျ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်

ရန်သဘောတူညီခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆွေးနွေးပွဲတွင် အစ္စရေးနှင့်ပါလက်စတိုင်းခေါင်းဆောင်များသည် နှစ်နိုင်ငံယှဉ်တွဲရပ်တည်နိုင်မည့် အဖြေကိုသာ လိုလားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အစ္စရေး၏လုံခြုံရေးအရ လိုအပ်ချက်များကို ပါလက်စတိုင်းတို့က အသိအမှတ်ပြုသော်လည်း ဂါဇာဒေသပိတ်ဆို့မှုနှင့် အနောက်ဘက်ကမ်းအခြေစိုက်အိမ်ရာစီမံကိန်းများကို ရပ်ဆိုင်းပေးရန် ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အဘတ်စ်က အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုကို တောင်းဆိုခဲ့သည်။

ဂါဇာဒေသကို ထိန်းချုပ်ထားသော ဟားမတ်စ်အုပ်စုက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆန့်ကျင်နေပြီး အစ္စရေးနိုင်ငံကို ဆက်လက်တိုက်ခိုက်သွားမည်ဟုဆိုသည်။

အလားတူအနောက်ဘက်ကမ်းဒေသရှိ အစ္စရေးအခြေစိုက်နေထိုင်သူများကလည်း အိမ်ရာတည်ဆောက်မှုများကို ဆက်လက်လုပ်ဆောင်ရန် စိုင်းပြင်းနေကြောင်း သတင်းတွင်ဖော်ပြထားသည်။

အနောက်ဘက်ကမ်းခြေဒေသ၌ အစ္စရေးအခြေစိုက်အိမ်ရာများတည်ဆောက်ခြင်းကို အစ္စရေးဝန်ကြီးချုပ်အနေဖြင့် မထိန်းချုပ်နိုင်ပါက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်က စက်တင်ဘာလ ၅ ရက်တွင် သတိပေးခဲ့သည်။ အစ္စရေး အစိုးရ၏ ၁၀ လကြာ အခြေစိုက်အိမ်ရာများ တည်ဆောက်ရေး ရပ်နားမှုကာလသည် စက်တင်ဘာလ ၂၆ ရက်တွင် သက်တမ်းပြည့်မည်ဖြစ်သည်။ သို့ဖြစ်ရာ အခြေစိုက်အိမ်ရာများ ဆက်လက်တည်ဆောက်ရေးအတွက် ဂျူးတစ်ယူသန်ဝါဒီများ၏ ဖိအားပေးမှုကို အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ရင်ဆိုင်နေရကြောင်း သတင်းများတွင် ဖော်ပြသည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်မည်ကို အစ္စရေးဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

အစ္စရေးအခြေစိုက်အိမ်ရာတည်ဆောက်မှုပြဿနာကို အမေရိကန်နိုင်ငံကကြားဝင်ဖြေရှင်းပေးရန် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်က တောင်းဆိုခဲ့ကြောင်း စက်တင်ဘာလ ၇ ရက် သတင်းများတွင်ဖော်ပြသည်။ အခြေစိုက်အိမ်ရာစီမံကိန်းရပ်နားမှုကို ဆက်လက်သက်တမ်းမတိုးပါက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း ပါလက်စတိုင်းသမ္မတက ပြောကြားခဲ့သော်လည်း အစ္စရေးတို့က အိမ်ရာတည်ဆောက်ရေး ရပ်ဆိုင်းမှုကို ကာလထပ်တိုးမည်မဟုတ်ကြောင်း ပြောကြားသည်။



**ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်တွေ့ရသော မာမွတ်အဘတ်စ်၊အိုဘားမားနှင့်နေတန်ယာဟု**

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ နှစ်နှစ်ခန့် ပထမဆုံးအကြိမ်တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲ၏ ဒုတိယအကျော့အဖြစ် အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့သည် အီဂျစ်နိုင်ငံရှမ်အယ်လ်ရှိတ် အပန်းဖြေစခန်း၌ စက်တင်ဘာလ ၁၄ ရက်က တွေ့ဆုံသည်။ ၎င်းဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်နှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်အထူးသံတမန် ဂျော့မစ်ချဲတို့တက်ရောက်သည်။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲမကျင်းပမီ အီဂျစ်သမ္မတဟူစနီမူဘာရက်က ဟီလာရီကလင်တန်နှင့်လည်းကောင်း၊ အစ္စရေး၊ ပါလက်စတိုင်းခေါင်းဆောင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ ပါလက်စတိုင်းသမ္မတက ရဟူဒီ အခြေစိုက်နေထိုင်ရာ ရပ်ကွက်များ တည်ဆောက်မှုဆိုင်းငံ့ထားမည့်ကာလကို သက်တမ်းတိုးပေးခြင်းမရှိပါက တိုက်ရိုက်တွေ့ဆုံဆွေး

ဆွေးနွေးပွဲမှ နုတ်ထွက်မည်ဟု ထပ်တလဲလဲသတိပေးခဲ့ သည်။

၎င်းအိမ်ရာပြဿနာနှင့် ပတ်သက်၍ အီဂျစ်သမ္မတက အိမ်ရာတည်ဆောက်မှုစီမံကိန်းများကို ၃ လ ရပ်ဆိုင်းထားပေးရန် အစ္စရေးနိုင်ငံကို တိုက်တွန်းခဲ့ကြောင်း စက်တင်ဘာလ ၁၆ ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းကဲ့သို့ ရပ်ဆိုင်းထားပေးပါက အစ္စရေးနှင့်ပါလက်စတိုင်းနိုင်ငံတို့အတွက် နှစ်နိုင်ငံ အနာဂတ်နယ်စပ်များ သတ်မှတ်နိုင်ရေးအတွက် အချိန်ပိုမိုရရှိမည်ဖြစ်ကြောင်း အီဂျစ်သမ္မတက ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၅ ရက်တွင် အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ အစ္စရေးဝန်ကြီးချုပ်ရုံး၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်အတူ ခေါင်းဆောင်နှစ်ဦးတို့သည် ညစာစားပွဲအပါအဝင် သုံးနာရီကြာ တိုက်ရိုက်ဆွေးနွေးခဲ့သည်။ ၎င်းဒုတိယအကျော့ ၂ ရက်ကြာဆွေးနွေးပွဲတွင်လည်း အိမ်ရာပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကျင်းပနေစဉ် ဂါဇာဒေသမှ စစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့တို့အကြား အပြန်အလှန်တိုက်ခိုက်မှုများ စက်တင်ဘာလ ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ဝင် (အိုင်ဒီအက်ဖ်) များသည် နှစ်နိုင်ငံနယ်စပ်နှင့် မီတာအနည်းငယ်မျှသာ ဝေးသောလက်ဘနွန်နိုင်ငံအတွင်းရှိ ဒူဟိုင်ရာမြို့အနီး တပ်စွဲထားသော လက်ဘနွန်တပ်ဖွဲ့တစ်ဖွဲ့ကို ပစ်ခတ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာလက်နက်ကိုင်တပ်ဖွဲ့များက ရုပ်သံလိုင်းမှ လွှင့်ထုတ်ခဲ့သည်။

သိမ်းပိုက်ထားသည့် အရှေ့ဂျေရုဆလင်တွင် ဂျူးအခြေချ နေထိုင်သူများ၏ နေအိမ် ၁၃၀၀ နီးပါး တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း အစ္စရေးတို့က နိုဝင်ဘာလ ၉ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာမြို့လယ်၌ အယ်လ်ခိုင်ဒါလက်အောက်ခံ အဖွဲ့ရောက်အုပ်စုတစ်စုမှ တိုက်ခိုက်ရေးလက်နက်ကိုင် နှစ်ဦးသေဆုံးကြောင်း၊ သေဆုံးသူတစ်ဦးမှာ အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ အစ္စရေးနိုင်ငံသားများအား ပြန်ပေးဆွဲရန် ကြံစည်မှုတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်က ဖော်ပြသည်။ အစ္စရေးတို့အနေဖြင့် သိမ်းပိုက်နယ်မြေများအတွင်း အခြေချနေအိမ်ဆောက်လုပ်မှုများ ရပ်တန့်ခြင်းမရှိလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပမည်မဟုတ်ကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က နိုဝင်ဘာလ ၂၂ ရက်တွင်ပြောကြားသည်။ အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား စက်တင်ဘာလက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန် လည်စတင်ခဲ့ကြသည်။ သို့ရာတွင် နေအိမ်အခြေချဆောက်လုပ်မှုကို ဆိုင်းငံ့ထားရေး တောင်းဆိုမှုအပေါ် အစ္စရေးကငြင်းဆိုခဲ့ပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားခဲ့ရသည်။

ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုနှင့်စပ်လျဉ်း၍ တူရကီဝန်ကြီးချုပ် အာဒိုဂန်က အစ္စရေးကို ဝေဖန်လိုက်ပြီး ပိတ်ဆို့မှုရုပ်သိမ်းပေးရန် တူရကီပါလီမန်တွင် ဒီဇင်ဘာလ ၈ ရက်က တိုက်တွန်းပြောကြားလိုက်သည်။ တူရကီ ၉ ဦးသေဆုံးခဲ့ရသည့် ဂါဇာကမ်းမြောင်ရှိ ထောက်ပံ့ရေးသင်္ဘောများကို နိုင်ငံတကာရေပိုင်နက်အတွင်း အစ္စရေးကွန်မန်ဒိုများ တိုက်ခိုက်ခဲ့မှုနှင့် စပ်လျဉ်း၍ အစ္စရေးကတောင်းပန်သင့်ကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။

## နည်းပညာ

အီရန်နိုင်ငံသည် ယင်း၏ ပထမဆုံးပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ်ကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း အီရန်လေတပ်ထိပ်တန်းတပ်မှူး အာဇစ်နာဇီဇာဒက်က ဖေဖော်ဝါရီလ ၇ ရက်တွင် ပြောကြားသည်။

အစ္စရေးလေတပ် (အိုင်အေအက်ဖ်) သည် လူမပါသောလေယာဉ်သစ် (ယူအေဗွီ) တစ်မျိုးကို ဖေဖော်ဝါရီလ ၇ ရက်က စတင်အသုံးပြုကြောင်း အစ္စရေးလေတပ်ဦးစီးချုပ် အိုင်ဒိုနီဟိုရှတန်က တဲလ်နော့ဖ်လေတပ် အခြေစိုက်စခန်းတွင် ပြောကြားသည်။ ၎င်းလေယာဉ်သည် လက်ရှိအသုံးပြုနေသည့် ယူအေဗွီလေယာဉ်များထက် အမြင့်ပျံသန်းမှုနှင့် လျင်မြန်မှုပိုမို

သာလွန်၍ အရှည် ၁၃ မီတာ၊ တောင်ပံအလျား ၂၆ မီတာရှိပြီး အမြင့်မီတာ ၁၂,၀၀၀ အထိ ပျံသန်းနိုင်ပြီး အမြန်ဆုံးနှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ ရှိသည်ဟုဆိုသည်။

## စီးပွားရေး

အဇာဘိုင်ဂျန်သမ္မတနိုင်ငံပိုင် ရေနံကုမ္ပဏီ (ဆိုကာ) သည် ယခုနှစ်အတွင်း အီရန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မည့် ပိုက်လိုင်းသစ်စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြောကြားသည်။ အီရန်နိုင်ငံသို့ တင်ပို့မည့် လက်ရှိပိုက်လိုင်းသည် လုံလောက်မှုမရှိဟုဆိုကာ ကုမ္ပဏီသည် ကီလိုမီတာ ၂၀၀ ရှည်လျားသည့် ဆန်ဂါချားလ်-အာဇက်ကင်-အက်စ်တာရာ ဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၁၀ ပြည့်နှစ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ထိုပိုက်လိုင်းသည် အီရန်နိုင်ငံသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၈ သန်း ပို့လွှတ်နိုင်မည် ဖြစ်သည်။

အီရန်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့ရှိ အီရန်ပိုင် ရီဆာလတ်ရေနံမြေ၌ ရေနံတွင်းတူးဖော်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံရေး ကိစ္စနှင့်ပတ်သက်၍ မလေးရှားကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်ရရှိထားသည်ဟု အစိုးရအရာရှိ တစ်ဦးက ပြောကြားသည်။ ရေနံတူးဖော်ရေးစီမံကိန်း အတွက် အမှုဆောင်ကန်ထရိုက်များကို ရွေးချယ်ပြီး ဖြစ်ကြောင်းလည်း အီရန်ကမ်းလွန်ရေနံကုမ္ပဏီ (အိုင်အိုအိုစီ) အကြီးအကဲက ပြောကြားသည်။ ရေနံထုတ်လုပ်မှု ပမာဏသည် လက်ရှိတစ်နေ့လျှင် စည်ပေါင်း ၃၇,၀၀၀ ရှိရာမှ ၄၇,၀၀၀ အထိတိုးလာမည် ဖြစ်သည်။

လက်ဘနွန်နှင့်ကာတာနှစ်နိုင်ငံ ကဏ္ဍအသီးသီး တိုးမြှင့်ရေးအတွက် ရည်ရွယ်၍ သဘောတူစာချုပ် ၁၃ ခုကို ဧပြီ ၂၈ ရက်က လက်မှတ်ရေးထိုးကြသည်။ လက်ဘနွန်ဝန်ကြီးချုပ် ဆက်ဟာရီရီနှင့် ကာတာဝန်ကြီးချုပ် ဘင်ဂျာဗာအယ်လ်သာနီတို့က ဘေရွတ်မြို့ရှိ အစိုးရ အိမ်တော်တွင် လက်ဘနွန်-ကာတာအဆင့်မြင့်ပူးတွဲ ကော်မတီအစည်းအဝေးကို ဦးဆောင်ကျင်းပခဲ့ကြသည်။ အစ္စရေးနှင့် ၂၀၀၆ ခုနှစ်က စစ်ဖြစ်ပွားပြီးနောက် ကာတာက လက်ဘနွန်အား အထောက်အပံ့ပေးခဲ့မှု အပေါ် ကျေးဇူးတင်ကြောင်း ဟာရီရီက ပြောကြားသည်။

**အာဖဂန်နစ္စတန်နိုင်ငံ။** ။ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက တာလီဘန်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရေးသည် ဦးစားပေးရွေးချယ်ရမည့် ပြဿနာမဟုတ်ကြောင်း ပြောကြားပြီး စစ်သွေးကြွအချို့ ကို လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်းလာ စေရန် စီစဉ်နေကြောင်း တူရကီသမ္မတ အဗ္ဗဒူလာဂါး၊ ပါကစ္စတန်သမ္မတအဆစ်အလီဇာဒါရီတို့နှင့် အစ္စတန် ဘူလ်မြို့တွင် တွေ့ဆုံဆွေးနွေးအပြီး သတင်းထောက်များ ကို ပြောကြားသည်။ အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက် ၏ အစိတ်အပိုင်းမဟုတ်သည့် တာလီဘန်စစ်သွေးကြွ များ သို့မဟုတ် အခြားအကြမ်းဖက် ကွန်ရက် တစ်ခုခု၏ အစိတ်အပိုင်းမဟုတ်သူများအား ကြိုဆိုပါကြောင်း၊ ၎င်းတို့အနေဖြင့် မိမိနိုင်ငံသို့ ပြန်လာပြီး လက်နက်ချကာ အာဖဂန်နစ္စတန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဆက်လက်နေထိုင်သွားရန်လိုအပ်ကြောင်း စသည်ဖြင့် သမ္မတကာဇိုင်းက ထပ်လောင်းပြောကြားသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အတွင်း ရေးမှူးချုပ် အင်ဒါဖော့ရပ်စ်မူဆင်က လန်ဒန်မြို့တော်၌ ကျင်းပသည့် အာဖဂန်နိုင်ငံဆိုင်ရာ ညီလာခံ၏ အောင်မြင်မှုများကို ကြိုဆိုကြောင်း အင်တာနက်သတင်း တစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါ ညီလာခံကို ဗြိတိန် ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၊ အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့က ပူးတွဲကျင်းပခဲ့ခြင်းဖြစ်ပြီး ဖော့ရပ်စ် မူဆင်တက်ရောက်ခဲ့သည်။ ယင်းညီလာခံတွင် အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ လုံခြုံရေးတာဝန်များ လွှဲပြောင်း ပေးရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို အောင်မြင်စွာ ချမှတ်ပေးနိုင်ကြသည်။ အာဖဂန်ပြည်သူများအနေဖြင့် မိမိတို့နေတိုးတပ်ဖွဲ့များ အာဖဂန်မှစောစီးစွာထွက်ခွာ သွားမည်ကို မစိုးရိမ်သင့်ကြောင်း၊ မိမိတို့ကလည်း လက်လွှတ်စပယ်ထွက်သွားမည်မဟုတ်ကြောင်း၊ သို့ရာ တွင်မိမိတို့က အကူးအပြောင်းကာလတစ်ရပ်ကို အမြန်ဆုံး

ပေါ်ပေါက်ရန်လိုလားကြောင်း နေတိုးအတွင်းရေးမှူး ချုပ်က ပြောကြားသည်။

နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့များအနေဖြင့် အာဖဂန်နစ္စတန်ကျေးရွာများကို စစ်ရေးအရ စီးနင်း တိုက်ခိုက်မှုများ ရပ်တန့်ရန်နှင့် အရပ်သားများ ထိခိုက် ဒဏ်ရာရရှိမှုများကို လုံးဝအဆုံးသတ်ရန် အာဖဂန် နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မေတ္တာရပ်ခံလိုက်သည်။ နိုင်ငံတကာ တပ်ဖွဲ့များစစ်ဆင်ရေး ပြုလုပ်နေစဉ်ကာလအတွင်း အရပ်သားများ ထိခိုက်သေကြေဒဏ်ရာရရှိကြရခြင်း ကြောင့် အာဖဂန်နစ္စတန် ပြည်သူများအကြား ဒေါသ အမျက်ထွက်ကြရကြောင်း၊ လေ့လာသူများက အဆိုပါ ပြည်သူများကို တာလီဘန်အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ကြရန်အားပေးသလို ဖြစ်နေကြောင်း သုံးသပ် ပြောကြားသည်။ အကြမ်းဖက်သမားများကို တိုက်ခိုက် သည့်စစ်ပွဲနေရာသည် အာဖဂန်ကျေးလက်ဒေသများနှင့် နေအိမ်များတွင် မဟုတ်ကြောင်း၊ အကြမ်းဖက်သမား များကို ချေမှုန်းရေး စစ်ပွဲနေရာမှာ ၎င်းတို့ခိုလှုံပုန်းအောင်း ရာနေရာများ၊ လေ့ကျင့်ရေးကွင်းများ၊ နောက်ကွယ်မှ တွန်းအားပေးနေသူများနှင့် ပြည်ပမှငွေကြေး အထောက် အပံ့ပေးနေသူများဖြစ်သည်ဟု ယုံကြည်ကြောင်း ဟာမစ် ကာဇိုင်းက ပြောကြားသည်။

အကြမ်းဖက်မှုကိုစွန့်လွှတ်ပြီး အာဖဂန်နစ္စတန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပြန်လည်ဝင်ရောက် လုပ်ကိုင်ကြရန် တာလီဘန်များနှင့် အခြားသော အတိုက်အခံများကို အထက်အောက် ပါလီမန်နှစ်ရပ် ပူးတွဲအစည်းအဝေးတွင် သမ္မတကာဇိုင်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် ကမ်းလှမ်းလိုက်သည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် လက်ရှိထိန်းသိမ်းထားသည့် တာလီဘန်စစ်သွေးကြွများ ၏ အမှုကိစ္စအားလုံးကို ပြန်လည်သုံးသပ်ရန် အမိန့်ထုတ် ပြန်လိုက်ကြောင်း ဇွန်လ ၇ ရက်နေ့တွင် ဆင်ဟွာ သတင်း၌ ဖော်ပြသည်။ သောင်းကျန်းသူများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းသည့် အာဖဂန် ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာချက်ကို အာဖဂန်ဆိုင် ရာ အမေရိကန်သံအမတ်ကြီးက ကြိုဆိုစဉ် အာဖဂန် နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အထက်ပါအတိုင်း အမိန့်ထုတ်လိုက်ခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြ သည်။ အာဖဂန်နစ္စတန် ငြိမ်းချမ်းရေး ညီလာခံကို ဇွန်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပခဲ့ပြီး အာဖဂန် အစိုးရ နှင့် တာလီဘန်စစ်သွေးကြွများအကြား မျက်နှာစုံညီ ဆွေးနွေးရေးသည် အရေးပါသည့်ညီလာခံ၏ ရလဒ် တစ်ခုဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက် ရေးနှင့် တည်ငြိမ်ရေးတို့အတွက် နိုင်ငံတကာကွန်ဖရင့် တစ်ရပ်ကို ကဘူးလ်မြို့၌ ဇူလိုင်လ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ရာ နိုင်ငံပေါင်း ၇၀ မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ အာဖဂန်နစ္စတန် တစ်နိုင်ငံလုံး၏လုံခြုံရေးကို ၂၀၁၄ ခုနှစ်အရောက်တွင် ကိုယ်ပိုင်လုံခြုံရေးအဖြစ် ပြောင်းလဲတာဝန်ယူနိုင်ရန် ကြိုးပမ်းပေးကြရေးအတွက် အာဖဂန်သမ္မတ ဟာမစ် ကာဆိုင်းက ကဘူးလ်မြို့တွင် ဇူလိုင်လ ၂၁ ရက်နေ့က ကျင်းပသောနိုင်ငံတကာညီလာခံ၌ တိုက်တွန်းပြော ကြားသည်။ ညီလာခံတွင် ၎င်း၏တိုက်တွန်းပြောကြား ချက်ကို နိုင်ငံနှင့်အဖွဲ့အစည်း ၇၀ ကျော်မှ ကမ္ဘာ့ခေါင်း ဆောင်များက အတည်ပြုလက်ခံကြသည်။ ယင်းညီလာခံ သည် ယခုနှစ်အတွင်း (၉) ကြိမ်မြောက်နှင့် အာဖဂန် နိုင်ငံအတွင်း ပထမဆုံးကျင်းပသည့်ညီလာခံဖြစ်သည်။ အာဖဂန်တပ်ဖွဲ့ဝင်များအနေဖြင့် ယခုနှစ်ကုန်တွင် အာဖဂန်ပြည်နယ်အားလုံး၏ စစ်ဆင်ရေးတာဝန်များကို အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့က ဦးဆောင်တာဝန် ယူသွားရန်ဆန္ဒရှိကြောင်း သမ္မတကာဇိုင်းက ပြောကြား ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ကိုးကားဖော်ပြ သည်။ အဆိုပါညီလာခံကို အာဖဂန်နစ္စတန်နိုင်ငံ၌ ပြန်လည်တည်ဆောက်ရေးအကူအညီများပေးရန်နှင့် စစ်သွေးကြွလှုပ်ရှားမှုများ အဆုံးသတ်ရေးကြိုးပမ်းရန် အစီအစဉ်များချမှတ်ပြီး အာမခံချက်များစွာဖြင့် အဆုံးသတ်လိုက်သည်။ အာဖဂန်နစ္စတန်အရေးတွင် ရေရှည်ပါဝင်ပတ်သက်ဆောင်ရွက်ပေးရန် နိုင်ငံတကာ အသိုက်အဝန်း၏ သန္နိဋ္ဌာန်ကို ညီလာခံကြေညာချက်က ထင်ဟပ်ဖော်ပြနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူး ချုပ် ဘန်ကီမွန်းက ပြောကြားသည်။

အာဖဂန်နစ္စတန်မြောက်ပိုင်း တက်ခ်ဟာပြည်နယ်၌ စက်တင်ဘာလ ၂ ရက်နေ့က အလုပ်သမားများကို တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးကို နေတိုးအဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အာဖဂန်အရပ်သား ၁၀ ဦး သေဆုံးခဲ့ရကြောင်း သမ္မတဟာမစ်ကာဇိုင်း၏ ကြေညာချက်တွင်ဖော်ပြသည်။ အာဖဂန်ကျေးရွာများအပေါ် လေကြောင်းမှတိုက်ခိုက်မှုများသည် အကြမ်းဖက်နှိမ်နင်းမှုစစ်ပွဲကို ဆင်နွှဲနေခြင်း မဟုတ်ကြောင်း၊ အရပ်သားများသာ သေဆုံးနေကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်နေမှုများ ရပ်တန့်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ရန် သမ္မတကာဇိုင်းက တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက်အိုမာကို စက်တင်ဘာလ ၁၀ ရက်နေ့က တိုက်တွန်းနှိုးဆော်လိုက်သည်။ နိုင်ငံအတွင်း ကလေးငယ်နှင့် အမျိုးသမီးများ အပါအဝင် ပြည်သူများ သေကျေနေရမှုများ အဆုံးသတ်ရန်နှင့် အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်နေမှုများ ရပ်တန့်ပြီး ငြိမ်းချမ်းသာယာဝပြောရေး ဆွေးနွေးသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။ သမ္မတကာဇိုင်းသည် ပြီးခဲ့သည့် သတင်းပတ်က အကြမ်းဖက်စစ်ပွဲ အဆုံးသတ်ရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် ငြိမ်းချမ်းရေးကောင်စီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်လိုက်ကြောင်း ကြေညာခဲ့သည်။ အဆိုပါငြိမ်းချမ်းရေးကောင်စီကို အာဖဂန်နစ္စတန်နိုင်ငံရှိ လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ် ၅၀ ဖြင့် ဖွဲ့စည်းထားသည်။



အာဖဂန်နစ္စတန်ရောက် အမေရိကန်စစ်သည်များ

## နိုင်ငံတကာဆက်ဆံရေး

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်စ်ဂိတ်သည် တာလီဘန်တို့ကို တိုက်ခိုက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ၎င်း၏ဗိုလ်ချုပ်ကြီးများထံမှ အသေးစိတ်တင်ပြချက်များကို ကြားနာနိုင်ရန် ကဘူးလ်မြို့သို့ မတ်လ ၈ ရက်နေ့တွင် သွားရောက်သည်။ အနာဂတ်တွင် အလွန်ခက်ခဲသည့် အခြေအနေများနှင့် ရင်ဆိုင်ရမည် ဆိုသည်ကိုလည်း ရောဘတ်စ်ဂိတ်က သတိပေးပြောကြားသည်။ ၎င်းအနေဖြင့် သမ္မတအိုဘားမားက အာဖဂန်သို့ တပ်ဖွဲ့ဝင် ၃၀,၀၀၀ စတင်တိုးမြှင့်စေလွှတ်ခဲ့ချိန်မှစ၍ အာဖဂန်သို့ ပထမဦးဆုံး သွားရောက်လည်ပတ်ခြင်းဖြစ်သည်။ ယခုအချိန်တွင် တာလီဘန်တို့အပေါ် အောင်ပွဲဆင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တာလီဘန်တို့ ခြေကုပ်ယူထားသော မာဂျာမြို့ကို ထိုးဖောက်ဝင်ရောက်ကာ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ရောဘတ်ဂိတ်က ဆက်လက်ပြောကြားသည်။

ပါကစ္စတန်သမ္မတအဆစ်အလီဇာဒါရီနှင့် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့သည် အကြမ်းဖက်မှုနှင့်အစွန်းရောက်ဝါဒတို့ကို လက်တွဲတိုက်ဖျက်ရေး၊

ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆက်နွှယ်သည့် ဒေသတွင်း ပြဿနာများ ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများကို မတ်လ ၁၀ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသည်။ အာဖဂန်သမ္မတကာဇိုင်းသည် မတ်လ ၁၀ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ် ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံအကြီးအကဲတို့ တွေ့ဆုံကြရာ ယခင်က နားလည်မှု လွဲမှားခြင်းကို ဖယ်ရှားရန်နှင့် အကြမ်းဖက် တိုက်ခိုက်မှုများ ပူးပေါင်းတွန်းလှန်ဖယ်ရှားရန်ဆုံးဖြတ် ထားကြောင်း ထုတ်ဖော်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန်ကြီးစတာဖင်ဒီမစ်စတူရာသည် အာဖဂန်နစ္စတန် နိုင်ငံ၏ အဓိကလက်နက်ကိုင် တိုက်ခိုက်ရေးသမား များအနက် အုပ်စုတစ်စုမှ ကိုယ်စားလှယ်များနှင့် မတ်လ ၂၅ ရက်နေ့က တွေ့ဆုံသည်။ ယင်းကဲ့သို့ တွေ့ဆုံခြင်း သည် အဆိုပါအကြမ်းဖက်သမားများ အာဖဂန်နစ္စတန် နိုင်ငံ မြို့တော်ကဘူးလ်တွင် အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန်အတွက် ရောက်ရှိလာခဲ့ပြီးချိန်မှစ၍ အနောက်တိုင်းသံတမန်တစ်ဦးအနေဖြင့် ပထမဦးဆုံး တွေ့ဆုံခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ၏ တပ်မှူးဗိုလ်ချုပ်ကြီး စတန်လေ မက်ခရစ္စ တယ်လ်က အာဖဂန်စစ်ပွဲသည် သမ္မတ အိုဘားမား သတ်မှတ်ထားသော နောက်ဆုံးအချိန်ထက် ပိုမိုကြာရှည်မည်ဖြစ်ကြောင်း မေလ ၃၀ ရက်နေ့တွင် ကဘူးလ်မြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

သမ္မတအိုဘားမားက ဝါရှင်တန်၌ အာဖဂန် နစ္စတန်သမ္မ တ ဟာမစ်ကာဇိုင်းကို လက်ခံတွေ့ဆုံ အပြီးတွင် အကြမ်းဖက်မှုကိုစွန့်လွှတ်ပြီး အယ်လ်ခိုင်ဒါ အဖွဲ့နှင့် အဆက်ဖြတ်သည့် တာလီဘန်စစ်သွေးကြွများ ကို တံခါးဖွင့်ကြိုဆိုလက်ခံရန် အာဖဂန်နစ္စတန်အစိုးရ ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံလိုက်ကြောင်း အင်တာနက်သတင်း၌ မေလ ၁၂ ရက်နေ့တွင် ဖော်ပြ သည်။ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်စေရန် အမေရိကန်နိုင်ငံသို့ လေးရက်ကြာ သွားရောက်ခဲ့သည်။ သမ္မတ ကာဇိုင်းအနေဖြင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန်နှင့်လည်း မေလ ၁၁ ရက်နေ့တွင် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံမှု တိုးတက် ရေးနှင့် တာလီဘန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံမှ ဘိန်းထုတ်လုပ်မှုကို ပပျောက် အောင် မဆောင်ရွက်နိုင်သည့်အတွက် ဒေသတွင်း ခေါင်းဆောင်များ၏ အာဖဂန်နစ္စတန်ဆိုင်ရာ ထိပ်သီး အစည်းအဝေးခေါ်ယူရန် ရုရှားနိုင်ငံက စီစဉ်လျက်ရှိ ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါထိပ်သီးအစည်း အဝေးသို့ ပါကစ္စတန်နှင့် တာဂျစ်ကစ္စတန် ခေါင်းဆောင် များလည်း တက်ရောက်စေလိုကြောင်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း ကို ပြောကြားသည်။ အဆိုပါထိပ်သီးအစည်းအဝေးကို ဩဂုတ်လအတွင်း ခေါ်ယူမည်ဖြစ်ကြောင်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က ထည့်သွင်းပြောကြားသည်။ ထို့အပြင် အာဖဂန်နစ္စတန်နိုင်ငံက နှစ်စဉ်ဘိန်းတန်ချိန် ၇,၀၀၀ ထုတ်လုပ်ကြောင်း ကုလသမဂ္ဂက ကြေညာထားသည်။

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည် နယ်၌ အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စစ်သွေး ကြွ နှစ်ဒါဇင်ကျော်တို့ လက်နက်ချသည်ဟု ရဲတပ်ဖွဲ့က ဇွန်လ ၁၄ ရက်နေ့တွင် ပြောကြားသည်။ အာဖဂန် နစ္စတန်နိုင်ငံ၌ မကြာမီက ကျင်းပခဲ့သည့် အာဖဂန် ငြိမ်းချမ်းရေးညီလာခံကို ရှိုင်းဒန်ဒ်ဒေသရှိ တာလီဘန် ခေါင်းဆောင် မူလာဇာမာရီအာဟန်အပါအဝင် တာလီဘန် လက်နက်ကိုင် ၃၀ က ကြိုဆိုခဲ့ကြသည်။

နှစ်နိုင်ငံ အကျိုးစီးပွားထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပိုင်နက်နယ်မြေ များကို အပြန်အလှန်အသုံးပြုခွင့်မပေးရန် ပါကစ္စတန် နှင့် အာဖဂန်အစိုးရများက ဇွန်လ ၂၅ ရက်နေ့တွင် သဘောတူညီလိုက်ကြသည်။ အစ္စလမ္မာဘတ်မြို့သို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိနေသော အာဖဂန် နိုင်ငံခြားရေးဝန်ကြီး ဇာမာအီရက်စ်ဆိုးလ်နှင့် ပါကစ္စတန်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေး ပြီးနောက် ယင်းကဲ့သို့ သဘောတူညီကြခြင်းဖြစ်သည်။

နစ်နိုင်ငံအစိုးရများအနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူညီထားမှုများအပါအဝင် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ထို့အပြင် နယ်စပ်ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်အပေါ် ပူးတွဲကော်မရှင်ဖွဲ့စည်းပြီး နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးများက ယင်းကော်မရှင်၌ ဥက္ကဋ္ဌအဖြစ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်ရန်လည်းသဘောတူညီကြသည်။

အာဖဂန်နစ္စတန်၌ နေတိုးအဖွဲ့၏ အကြီးအကဲသစ်အဖြစ် ခန့်အပ်ခြင်းခံရသော ဗိုလ်ချုပ်ကြီးဒေးဗစ်ပတ်ထရီယပ်စ်က အာဖဂန်အရပ်သားများကို ကာကွယ်ရန် သန္နိဋ္ဌာန်ချထားကြောင်း ဇူလိုင်လ ၂ ရက်နေ့တွင် ပြောကြားသည်။ ထို့အပြင် အာဖဂန်နစ္စတန်ရှိ အရပ်သားများ သေဆုံးမှုမှ ကာကွယ်ရန်အတွက် ကန့်သတ်ထားသည့် အင်အားသုံးမှုအချို့ကို လက်ရှိစည်းမျဉ်းအတိုင်း ပြောင်းလဲရန် အစီအစဉ်မရှိကြောင်း ၎င်းကပြောကြားသည်။

သို့သော် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ရှိသည်ဆိုသော ဆန်းစစ်ဝေဖန်သူများ၏ ပြောကြားချက်အရ အဆိုပါစည်းမျဉ်းများ လက်တွေ့အသုံးချမှုကို လေ့လာသုံးသပ်မည်ဖြစ်သည်။ ၎င်းသည် အင်အား ၁၅၀,၀၀၀ ရှိ နေတိုးဦးဆောင်သောတပ်ဖွဲ့ကို ဦးစီးရန် အာဖဂန်နစ္စတန်သို့ ဇူလိုင်လ ၃ ရက်နေ့တွင် ရောက်ရှိသည်။ တာလီဘန်အကြမ်းဖက်ပုန်ကန်မှုများကို တိုက်ခိုက်ချေမှုန်းနိုင်ရန် ၎င်းအား တာဝန်ပေးအပ်ထားသည်။

အီရန်သမ္မတအာမက်ဒီနီဂျက်သည် အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဇာမာအီရက်စ်ဆိုးလ်နှင့် တီဟီရန်မြို့၌ ဇူလိုင်လ ၁၆ ရက်နေ့တွင် တွေ့ဆုံပြီး နှစ်နိုင်ငံအပြန်အလှန်ကူညီမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြောင်း အီရန်အရာရှိများက ပြောကြားသည်။

**အကြမ်းဖက်တိုက်ခိုက်မှုများ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အာဖဂန်လုံခြုံရေးတပ်ဖွဲ့နှင့် တာလီဘန်စစ်သွေးကြွများ ဇန်နဝါရီလ ၁၈ ရက်နေ့က တိုက်ပွဲဖြစ်ပွားရာ ၁၅ ဦး သေဆုံးပြီး ၃၈ ဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ တာလီဘန်တို့က ကဘူးလ်မြို့ရှိ ဗဟိုဘဏ်အပါအဝင် အဆောက်အအုံအများအပြားကို ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခြင်းအပြင် ပြည်ထဲရေးဝန်ကြီးဌာနအနီးရှိ လူနာတင်ယာဉ်တစ်စင်းကို ဖောက်ခွဲဖျက်ဆီးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ တာလီဘန်တို့က ပြည်ထဲရေးဝန်ကြီးဌာနအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းခဲ့သော်လည်း အာဖဂန်ရဲတပ်ဖွဲ့၏ တုံ့ပြန်တိုက်ခိုက်မှုကြောင့် အောင်မြင်ခဲ့ခြင်းမရှိပေ။ သေဆုံးသူများတွင် အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူအများစုများမှာ အရပ်သားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအုပ်ကြီးက ပြောကြားသည်။ အဆိုပါတိုက်ပွဲအတွင်း သေဆုံးသူများတွင် စစ်သွေးကြွလေးဦးလည်းပါဝင်သည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါဇနီပြည်နယ်၌ အရပ်သားမော်တော်ယာဉ်တစ်စီးကို လမ်းဘေးဗုံးပေါက်ကွဲထိမှန်သဖြင့် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း မတ်လ ၁၅ ရက်နေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းနေ့၌ပင် ကဘူးလ်မြို့ မြောက်ပိုင်းရှိ ဘာဂရမ်လေဆိပ်၌ ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ အဆိုပါဖြစ်ပွားမှုမှာ စစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း နေတိုးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တစ်ချိန်တည်းမှာပင် အရှေ့ပိုင်းကူနာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့၏ လုပ်ရပ်ကြောင့် အမျိုးသမီးနှစ်ဦး အပါအဝင် အရပ်သား ၁၀ ဦး သေဆုံးမှုနှင့်ပတ်သက်၍ အာဖဂန်ပြည်သူများက ပြစ်တင်ရှုတ်ချသည်။ အာဖဂန်နစ္စတန်၌ ရှစ်နှစ်တာစစ်ဖြစ်နေသည့်ကာလအတွင်း အာဖဂန်ပြည်သူများမှာ အိုးအိမ်များ စွန့်ခွာကြရပြီး လူမှုဒုက္ခမျိုးစုံခံစားကြရသည်ဟု မီဒီယာများက ဖော်ပြသည်။ ထို့အတူ ကန်ဒါဟာမြို့၌ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ၃၉ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိ

ကြောင်း ပြည်နယ်သတင်းဌာနက မတ်လ ၁၅ ရက်နေ့တွင် ကြေညာသည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူရာနှင့်ချီရှိပြီးသေဆုံး၊ ဒဏ်ရာရသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း၊ အာဖဂန် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးအခြေအနေ ဆိုးရွားလျက်ရှိကြောင်း (အေအက်ဖ်ပီ) သတင်းဌာနက ထုတ်ပြန်ကြေညာသည်။ ကန်ဒါဟာမြို့သည် တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဆိုးရွားစွာခံရသည့် မြို့တစ်မြို့လည်း ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂ်လန်ပြည်နယ်၌ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တာလီဘန်တပ်မှူးနှစ်ဦးအပါအဝင် စစ်သွေးကြွ ၂၅ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က မေလ ၃၀ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို မေလ ၂၈ ရက်နေ့ ညပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သီးခြားစစ်ဆင်ရေးအတွင်း ဒိုရှိခရိုင်နှင့် ခင်ဂျန်ခရိုင် စစ်သွေးကြွများထဲမှ လေးဦးကို အာဖဂန်တပ်ဖွဲ့က မေလ ၂၈ ရက်နေ့တွင် လက်ရဖမ်းဆီးရမိခဲ့သည်။ ဥရုဇ်ဂန် ပြည်နယ်တောင်ပိုင်း၌ ဖေဖော်ဝါရီလအတွင်းက အမေရိကန်လေကြောင်းစစ်ဆင်ရေးအတွင်း အရပ်ဘက် ယာဉ်တန်းကိုထိမှန်သဖြင့် အပြစ်မဲ့ အာဖဂန်ပြည်သူ ၂၃ ဦး ထက်မနည်း သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က ဝန်ခံပြောကြားခဲ့ပြီးနောက်ပိုင်းတွင် လေကြောင်းမှ ထပ်မံထိုးစစ်ဆင်ခြင်းဖြစ်သည်။

ကိုးနှစ်မျှကြာခဲ့ပြီဖြစ်သည့် အာဖဂန်စစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် ဇွန်လ ၂ ရက်နေ့တွင် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ကမကထပြု၍ စတင်ကျင်းပခဲ့သော အာဖဂန်ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တာလီဘန် အသေခံတိုက်ခိုက်ရေးသမား အုပ်စုတစ်စုက ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။အာဖဂန်ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ နိုင်ငံတစ်ဝန်းမှ တက်ရောက်လာသူ ကိုယ်စားလှယ် ၁,၆၀၀ နှင့် အနောက်နိုင်ငံများမှ သံတမန်များရှေ့မှောက်၌ သမ္မတ ဟာမစ်ကာဇိုင်းက မိန့်ခွန်းတစ်ရပ်ပြောကြားစဉ် တာလီဘန်များက ဒုံးကျည်များ၊လက်နက်ကယ်များဖြင့် ပစ်ခတ်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။ တာလီဘန်အဖွဲ့သည် နိုင်ငံခြားတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မှ ခြင်းချက်မရှိထွက်ခွာမှသာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ပါဝင်ရန်လိုလားသည်။ လက်နက်ကယ်များ၊ ဒုံးကျည်များကိုင်ဆောင်ထားသော အသေခံတပ်ဖွဲ့ဝင်လေးဦးကို သမ္မတကာဇိုင်း ကမကထပြုသည့် ဆွေးနွေးပွဲကို ဖျက်ရန်စေလွှတ်ခဲ့ကြောင်း တာလီဘန်အဖွဲ့က ဝန်ခံပြောကြားသည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တန်ပြန်ပစ်ခတ်မှုကြောင့် အသေခံတိုက်ခိုက်ရေးသမားတစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အာဖဂန် လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။ ဇွန်လ ၂ ရက်နေ့က စတင်ကျင်းပခဲ့သော အဆိုပါ ညီလာခံသည် ဇွန်လ ၄ ရက်နေ့တွင် ပြီးဆုံးသည်။ ယင်းညီလာခံသို့ တက်ရောက်လာသော လူမျိုးစုနှင့် ပြည်နယ်ကိုယ်စားလှယ်များသည် သမ္မတဟာမစ်ကာဇိုင်း၏ တာလီဘန်များနှင့် ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်ကို ထောက်ခံခဲ့သော်လည်း အာဖဂန်အစိုးရအနေဖြင့် ယင်းဆွေးနွေးပွဲအတွက် တင်ကူးသတ်မှတ်ချက်များမပြုလုပ်ရန်နှင့် အရပ်သားများ နေထိုင်ရာဒေသများ၌ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

သို့ရာတွင် လူမျိုးစုကိုယ်စားလှယ်များနှင့် ပြည်နယ်ကိုယ်စားလှယ်များ၏ တောင်းဆိုမှုများကို အာဖဂန်အစိုးရနှင့် အမေရိကန်အစိုးရက လိုက်လျောနိုင်မည့် အလားအလာမရှိပေ။ ယင်းအပြင် ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက တာလီဘန်များအနေဖြင့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်ပတ်သက်မှုများကို ဖြတ်တောက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ ညီလာခံသို့တက်ရောက်လာသော ကိုယ်စားလှယ်များက လူနေဒေသများကို လေကြောင်းမှ တိုက်ခိုက်မှုအပါအဝင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း လုပ်ဆောင်လျက်ရှိသောနိုင်ငံခြားတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို

လည်း ကန့်သတ်ရန် တောင်းဆိုခဲ့ကြသည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဇွန်လ ၁၆ ရက်နေ့တွင် သွားရောက်ခဲ့သည်။ ၎င်း၏ လေးရက်တာ ဂျပန်ခရီးစဉ်အတွင်း၌ ဂျပန်ဘုရင်၊ ဂျပန်ဝန်ကြီးချုပ်နှင့် အခြားသော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဂျပန်နှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံအကြား ကဏ္ဍစုံ အပြန်အလှန် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။

တာလီဘန်ခေါင်းဆောင် မူလာမိုဟမ်မက်အိုမာက ၎င်း၏တိုက်ခိုက်ရေးသမားများကို အထူးပစ်မှတ်နေရာများသို့ တိုက်ခိုက်သွားရန် အမိန့်ပေးလိုက်ပြီးနောက် တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် ဇွန်လအတွင်း အာဖဂန်အရပ်သား ၁၈၀ ကျော်သေဆုံးခဲ့ကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထူးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဇွန်လ ၁ ရက်မှစပြီး အာဖဂန်နစ္စတန် နိုင်ငံတွင် တာလီဘန်တို့၏ တိုက်ခိုက်မှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၁၈၈ ဦးသေဆုံးခဲ့ရကြောင်း ဂျိုးဇက်ဘလော့ဇ်က အိုင်အက်စ်အေအက်ဖ် ဌာနချုပ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပစဉ် သတင်းထောက်များအား ပြောကြားသည်။ မိမိတို့အနေဖြင့် ဇွန်လအတွင်းက စာတစ်စောင် လက်ခံရရှိခဲ့သည်။ ယင်းစာသည် ပါကစ္စတန်နိုင်ငံ၌ ပုန်းအောင်းနေသော မူလာမိုဟမ်မက်အိုမာထံမှ ပေးပို့ခဲ့သော စာဖြစ်ပြီး ၎င်းစာတွင် အာဖဂန်နစ္စတန်ရှိ နေတိုးဦးဆောင်သော တပ်များကို တိုက်ခိုက် ချေမှုန်းသွားရန် ဖော်ပြပါရှိသည်။ ထို့အပြင် အာဖဂန်အစိုးရကို ထောက်ခံသည့် အာဖဂန်များကိုလည်း သတ်ဖြတ်ကြမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သော နေတိုးအဖွဲ့က လေကြောင်းမှ ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ၅၂ ဦးသေဆုံးကြောင်း၊ သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးငယ်များစွာ ပါဝင်သည်ဟု ဇူလိုင်လ ၂၇ ရက်နေ့တွင် သမ္မတ ဟာမစ်ကာဇိုင်းက အတည်ပြုပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်တွင် အာဖဂန်လုံခြုံရေးတပ်များလိုက်ပါလျက် နေတိုးတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် နိဝင်ဘာလ ၃၀ ရက်နေ့က တိုက်ပွဲဖြစ်ပွားရာ တာလီဘန်လက်နက်ကိုင် ၂၀ ကျော်သေဆုံးခဲ့ကြောင်း နေတိုးအဖွဲ့က ကြေညာသည်။

လယ်ယာစိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာမှုန့်များကို ဗုံးအတွက် အသုံးမပြုကြရန် အာဖဂန်နစ္စတန်အစိုးရက ကန့်ကွက်တားမြစ်လိုက်သည်။ သမ္မတဟာမစ်ကာဇိုင်း၏ ရုံးက အမိုးနီးယားနိုက်ထရိတ်ဓာတ်မြေသြဇာများကို ဗုံးပြုလုပ်ရန်အတွက် ရည်ရွယ်ပြီး ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းများ မပြုလုပ်ကြရန် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အမိန့်စာထုတ်ပြန်လိုက်သည်။ သီးနှံအထွက်တိုးရန် အသုံးပြုရုံမျှမက ဗုံးအဖြစ် အသုံးပြုနိုင်သည့် ဓာတ်မြေသြဇာများကို အာဏာပိုင်များလက်ဝယ်သို့ ရက် ၃၀ အတွင်း ပြန်လည်အပ်နှံကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ အစီရင်ခံစာအရ စစ်သွေးကြွများက ယင်းဓာတု ပစ္စည်းများကို ဗုံးဖောက်ခွဲရာတွင် ဆက်တိုက်အသုံးပြုခဲ့ကြကြောင်း သိရှိရသည်။ အစိုးရက အကောက်ခွန်ရုံးဝန်ထမ်းများသို့လည်း ဓာတုပစ္စည်းများထုတ်လုပ်ရောင်းဝယ်မှု အခြေအနေကို ထောက်လှမ်းနိုင်ရန် လေ့ကျင့်သင်ကြားကြရန် ညွှန်ကြားခဲ့သည်။ အမိန့်လိုက်နာခြင်းမရှိဘဲ ဓာတ်မြေသြဇာ လက်ဝယ်ထားရှိကြောင်းတွေ့ရှိပါက အရေးယူသွားရန် အစိုးရက ညွှန်ကြားထားသည်။ ယာမြေစိုက်ပျိုးသူတို့အား ယူရီးယားနိုက်ထရိတ်ဓာတ်မြေသြဇာ အစားထိုး အခြားပစ္စည်းများအသုံးပြုကြရန် တိုက်တွန်းခဲ့သည်။ သို့ရာတွင် နေတိုးတပ်ဖွဲ့ဝင်များသည် ယင်းဓာတ်မြေသြဇာများ အသုံးပြုဖောက်ခွဲခွင့်ရ၊ မရကိုမူ မရှင်းမလင်း ဖြစ်နေဆဲဖြစ်သည်။

## စီးပွားရေး

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ် အရှေ့ပိုင်း၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအပြင် အလတ်စားနှင့် အသေးစား စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ခဲ့ကြောင်း ဇန်နဝါရီလ ၁၀ ရက်

နေ့တွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ပြောကြားသည်။ အာဖဂန်အမျိုးသား ဖွံ့ဖြိုးမှုအစီအစဉ်အဖွဲ့က အက်ဒါဘတ်ပြည်နယ်နှင့် ဒေသကြီး:ငါးခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်း ၂၉ ခုတွင် အမေရိကန်ဒေါ်လာ ၆,၄၀,၀၀၀ ကို သုံးစွဲမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ဖွံ့ဖြိုးမှု တည်ဆောက်ရေးလုပ်ငန်းများတွင် ဆည်များနှင့် လမ်းတံတားများအပြင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုကဏ္ဍများကိုလည်း ဖော်ဆောင်ခဲ့သည်။

## လူမှုရေး

ရုရှားနိုင်ငံပိုင် ရဟတ်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီက အာဖဂန်နစ္စတန်စစ်ဘက်အတွက် ရဟတ်ယာဉ်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ယင်းရဟတ်ယာဉ်များမှာ အမ်အိုင်-၁၇ အမျိုးအစားများဖြစ်ကြောင်း၊ အမေရိကန်တို့နှင့် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း ရုရှားအရာရှိများက ဇူလိုင်လ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

## သဘာဝဘေးအန္တရာယ်

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ပါဝမ်ပြည်နယ်တွင် တောင်များနှင်းဖုံးပြီးမြေပြိုကျမှုဖြစ်ပွားရာ သေဆုံးသူဦးရေမှာ ၁၅၀ အထိတိုးလာခဲ့ကြောင်း ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဘာဆာက ပြောကြားသည်။ ကဘူးလ်မြို့မြောက်ဘက် ကီလိုမီတာ ၉၀ အကွာ အခင်းဖြစ်ပွားရာဒေသ၌ အာဖဂန်အမျိုးသား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဆေးဝါးကုသရေးအဖွဲ့ဝင်များက နှင်းထုများအောက်၌ ပိတ်မိနေသူများကို ရှာဖွေကာ ကယ်ဆယ်လျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဘာဆာက ဆင်ဟွာသို့ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းလောင်မန်ပြည်နယ်နှင့် ကပ်ဆာပြည်နယ်တို့၌ ဇူလိုင်လ ၂၉ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ လူပေါင်း ၄၀ ကျော် သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကာ ရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်သည်။ ယင်းသဘာဝဘေးဒဏ်ကြောင့် ရာချီသော လယ်မြေကေများနှင့် အိမ်ခြေများစွာ ပျက်စီးခဲ့ရသည်။

## မူးယစ်ဆေးဝါး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ် ဒက်ဟူးခရိုင်၌ အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးအတွင်း အကြမ်းဖက်သမား ၆၃ ဦး သေဆုံးသည်ဟု ဇူလိုင်လ ၆ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါစစ်ဆင်ရေးအတွင်း၌ အကြမ်းဖက်သမား ၁၀ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ နှစ်ရက်ကြာထိုးစစ်ဆင်သည့် တိုက်ပွဲအတွင်း ဆေးခြောက်နှင့် ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါး ၁၆ တန်ကျော်ကို သိမ်းဆည်းရမိပြီး ဘိန်းချက်စက်ရုံနှစ်ရုံကိုလည်း ဖျက်ဆီးခဲ့သည်ဟု ဆင်ဟွာသတင်း၌ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးဖြင့် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါး ၈ ဒသမ ၅ တန်ကို ကဘူးလ်မြို့တော်၌ ဩဂုတ်လ ၃၀ ရက်နေ့က အာဖဂန်နစ္စတန်အာဏာပိုင်များက မီးရှို့ဖျက်ဆီးလိုက်ကြသည်။ လွန်ခဲ့သော ငါးလအတွင်း ဖမ်းမိသော ဘိန်း၊ ဘိန်းဖြူ၊ မော်ဖင်းနှင့် ဆေးခြောက်အပါအဝင် မူးယစ်ဆေးဝါး ရှစ်တန်ခွဲကို ကဘူးလ်မြို့တော်၌ ဩဂုတ်လ ၃၀ ရက်က မီးရှို့ဖျက်ဆီးလိုက်ကြောင်း ပြည်ထဲရေး ဌာနမှ ဗိုလ်ချုပ်ကြီး မိုဟာမက်ဒါဝတ်ဒါဝတ်က ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ငါးလအတွင်း ကဘူးလ်မြို့တော်နှင့် ပတ်ဝန်းကျင်ပြည်နယ်များမှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားခြောက်ဦးနှင့် အစိုးရဝန်ထမ်း ၁၀ ဦးအပါအဝင် လူပေါင်း ၂၈၂ ဦးကို အဆိုပါ ငါးလအတွင်း ဖမ်းဆီးမိသည်ဟုလည်းဆင်ဟွာ သတင်း၌ ဖော်ပြသည်။

## အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ

အီရန်အစ္စလာမ္မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက်အလီဖာသိုလာဟီနှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် အလည်အပတ်ရောက်ရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းနှင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရေးအဖွဲ့၏ နဝမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို အီရန်နိုင်ငံ တီဟီရန်မြို့၌ နိဝင်ဘာလ ၈ ရက်နေ့က ကျင်းပရာ အီရန်သမ္မတ မာမွတ်အာမတ်ဒီနီဂျက်တက်ရောက်မိန့်ခွန်းပြောကြားသည်။ အာရှနိုင်ငံများ၏ အကျိုးစီးပွားများကို သယ်ပိုးဆောင်ကြဉ်းပေးနိုင်ရေးအတွက် အာရှသမဂ္ဂအဖွဲ့အစည်းတစ်ရပ် ထူထောင်သင့်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ နှစ်ရက်ကြာထိုအစည်းအဝေး၌ အာရှနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။ ကမ္ဘာ့အင်အားချိန်ခွင်လျှာ အနေအထားသစ်ဖြစ်ပေါ်လာရေးအတွက် အာရှနိုင်ငံများ၏ အခန်းကဏ္ဍမှာ အရေးပါကြောင်း၊ နယ်ချဲ့ဝါဒီကမ္ဘာ့အင်အားကြီးနိုင်ငံများသည် နိုင်ငံတကာဆက်ဆံရေးတွင် အပေါ်စီးမှရှုမြင်လေ့ရှိပြီး ကမ္ဘာ့ရေးရာများကို ဝင်ရောက်စွက်ဖက်နေကြကြောင်း ယင်းနိုင်ငံများသည် လူမဆန်သောမူဝါဒများကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း အီရန်သမ္မတက ထည့်သွင်းပြောကြားသွားသည်။

အီရန်နိုင်ငံတွင် သဘာဝဓာတ်ငွေ့သယံဇာတများစွာထွက်ရှိပြီး ၂၀၁၀ ပြည့်နှစ်အတွင်း သဘာဝဓာတ်ငွေ့သိုက်ကြီးများကို နှစ်ကြိမ်တွေ့ရှိခဲ့သည်။ အီရန်အမျိုးသားရေနံကုမ္ပဏီသည် နိုင်ငံအနောက်မြောက်ပိုင်း နီရာဆမ်ရာဇာဗိပြည်နယ်အတွင်း၌ ၂၈ နှစ်ကြာ ရှာဖွေရူးစမ်းမှုပြုလုပ်ပြီးနောက် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းသည် ဒုတိယမြောက်ရှာဖွေတွေ့ရှိမှုဖြစ်သည်။ ထိုသိုက်သည် ကုဗပေ ၂ ဒသမ ၁၉ ထရီလီယံရှိပြီး ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိရှိသည်ဟု ရှာဖွေရေးအဖွဲ့အကြီးအကဲမာမွတ်မိုဟာဒီက ပြောကြားသည်။

အီရန်သည် အလျှံပယ်ပေါကြွယ်ဝနေသော သဘာဝဓာတ်ငွေ့များကို ဒေသတွင်းနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံအချို့နှင့်လည်း တွေ့ဆုံဆွေးနွေးဦးမည်ဖြစ်ကြောင်း အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး မီရာကာဇီနီက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် အီရန်နှင့် သဘာဝဓာတ်ငွေ့ပိုက် သွယ်တန်းရေးကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီချက်စာချုပ်ကို နှစ်နိုင်ငံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

အီရန်သည် ၁၉၇၀ ပြည့်နှစ်လယ်ခန့်က နျူကလီးယားစွမ်းအင်စက်ရုံနှစ်ရုံကို ဘူရှာအရပ်တွင် စတင်တည်ဆောက်ပြီး ၁၉၇၉ ခုနှစ်တွင် ၎င်းကို ရပ်နားခဲ့ရာ ၁၉၉၄ ခုနှစ်တွင် ရုရှားနိုင်ငံက ဘူရှာအရပ်ရှိ စက်ရုံ Unit 1 ကို ပြန်လည်တည်ဆောက်ပေးပြီးနောက် ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ပြီးဆုံးသွားသည်။ ယခုအခါတွင် အီရန်သည် နျူကလီးယားလုပ်ငန်းကို တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်သည်။

အီရန်သုတေသနဓာတ်ပေါင်းဖိုထက် အင်အားပြင်းထန်သည့် ဓာတ်ပေါင်းဖိုတစ်ခုကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ (AEIO) က ဇွန်လအတွင်းက ပြောကြားသည်။ တီဟီရန်က နိုင်ငံဒေသအချို့တွင် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ပြီး အိုင်ဆိုတုပ်များထုတ်လုပ်ကာ ဒေသတွင်းနှင့် အစ္စလာမ္မစ်နိုင်ငံများသို့ တင်ပို့ရောင်းချသွားရန် ဆုံးဖြတ်ထားကြောင်း (AEIO) က ဆက်လက်ပြောကြားသည်။

မိမိတို့သည် တီဟီရန်နျူကလီးယားဓာတ်ပေါင်းဖိုအတွက် နျူကလီးယားလောင်စာဆီထုတ်လုပ်သည့် အတတ်ပညာများရရှိထားပြီးဖြစ်ကြောင်း နောက်ထပ်နျူကလီးယားဓာတ်ပေါင်းဖိုများကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း (AEIO) က ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုခွင့်ရှိကြောင်း အဖွဲ့ဝင် ၁၁၈ နိုင်ငံပါ

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ (နမ်) ကပြောကြားသည်။ နမ်က အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းစဉ်ကို ထောက်ခံကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (AEIO) က အကြီးအကဲသို့ တင်ပြပေးပို့ထားသည်။ ၎င်းနှင့်ပတ်သက်၍ အနောက်နိုင်ငံများက အီရန်အား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့သည်။

သို့သော် အီရန်နျူကလီးယားအကျပ်အတည်းကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်သည်ဟု ပါရှန်ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ငြိမ်းချမ်းစွာ ဖြေရှင်းရေးဖြစ်သည်။

အီရန်နိုင်ငံ နျူကလီးယားစက်ရုံတစ်ရုံမှ ပညာရှင်တစ်ဦးကို ဆွန်နီစစ်သွေးကြွအုပ်စုတစ်စုက ပြန်ပေးဆွဲလိုက်ပြီး တီဟီရန်အစိုးရဖမ်းဆီးထားသော ၎င်းတို့အဖွဲ့ဝင်များကို ပြန်လွှတ်ပေးရန် သို့မဟုတ်ပါက ပညာရှင်ထံမှ ရရှိထားသော လျှို့ဝှက်ချက်များကို ထုတ်ပြန်ကြေညာလိုက်မည်ဖြစ်ကြောင်း အောက်တိုဘာလ ၁၀ ရက်နေ့က ကြေညာလိုက်သည်။

အီရန်အစိုးရက ဆွန်နီနှင့်ဘာလတ်ချ်နိုင်ငံရေး



လက်ဘနွန်နိုင်ငံရောက် အီရန်သမ္မတကို လက်ဘနွန်ပြည်သူများက ကြိုဆိုကြစဉ်

(GCC) က ယုံကြည်ကြောင်း ဘာရိန်းသတင်းဌာနက ပြောကြားသည်။ အီရန်နျူစွမ်းအင်နှင့်ပတ်သက်၍ (GCC) အဖွဲ့ဝင်နိုင်ငံများက အစဉ်တစိုက်အလေးပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်ရေးလုပ်ငန်းများကို ၂၀၀၆ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့သည်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကန့်ကွက်ခဲ့သည်။ ယူရေနီယံသန့်စင်ရေးလုပ်ငန်း ရပ်ဆိုင်းရန်တောင်းဆိုမှုသည် အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်း စိုးရိမ်မကင်းဖြစ်မှုများကို အကျဉ်းသား ၂၀၀ ကျော်ကို ဖမ်းဆီးအကျဉ်းချထားခဲ့သည်။ ၎င်းတို့ကိုလွှတ်မြောက်စေရန်အတွက် စစ်သွေးကြွအုပ်စုက ပညာရှင်ကို ဓားစာခံအဖြစ်ပြန်ပေးဆွဲခြင်းဖြစ်သည်။

အကယ်၍ စစ်သွေးကြွအုပ်စု၏လိုလားချက်ကို အီရန်အစိုးရ မဖြည့်ဆည်းပါက ၎င်းတို့၏ လျှို့ဝှက်နျူကလီးယားလုပ်ဆောင်ချက်များကို တစ်ကမ္ဘာလုံးသိရှိသွားစေမည်ဖြစ်ကြောင်း ဂျန်ဒူလာချ်အဖွဲ့က သတိပေးသည်။

အီရန်သမ္မတ အာမက်ဒီနီဂျက်ကို လက်ဘနွန်

အစ္စရေးနယ်စပ်ဒေသသို့ သွားရောက်လည်ပတ်ခွင့် မပြုရန် အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံကို သတိပေးကြောင်း အောက်တိုဘာလ ၂ ရက်နေ့ထုတ် ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

အာမက်ဒီနီဂျက်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးလူမျိုးများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည်ဟူသည်ကို လက်မခံသူ၊ ဂျူးနိုင်ငံတည်ရှိမှုကို မလိုလားသူဖြစ်သည်။

အာမက်ဒီနီဂျက်သည် အောက်တိုဘာလ ၂ ရက်နေ့က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ဆီးရီးယားသမ္မတ ကာရှားအက်စ်ဘတ်စ်နှင့် တွေ့ဆုံခဲ့ပြီး အစ္စရေးကို ခုခံဆန့်ကျင်မှုများ ဆက်လက်ထောက်ခံသွားရန် ၎င်းတို့ နှစ်ဦးသဘောတူညီခဲ့ကြသည်။ ဆီးရီးယားနှင့်အီရန်နိုင်ငံတို့သည် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာအုပ်စုနှင့် ဂါဇာကမ်းမြောင်မှ ဟားမားစ်အုပ်စုများကို ကူညီထောက်ပံ့ပေးနေသော နိုင်ငံများလည်းဖြစ်သည်။

အာမက်ဒီနီဂျက်သည် လက်ဘနွန်နှင့်အစ္စရေးကြား နယ်စပ်ဒေသသို့ အောက်တိုဘာလ ၁၄ ရက်နေ့က သွားရောက်လည်ပတ်ခဲ့သည်။ ထိုနေရာသည် လက်ဘနွန်ပိုင်နက်ထဲတွင်ရှိပြီး ဟစ်ဇ်ဘိုလာထောက်ခံသူများက ဒီနီဂျက်အား စုရုံးအားပေးကြသည်။ ထိုအချိန်တွင် အစ္စရေးတိုက်ခိုက်ရေးလေယာဉ်များက ကောင်းကင်ထဲတွင် ပျံဝဲလျက်ရှိသည်။

လက်ဘနွန်ပိုင်နက် ဘင့်ကျဘိုင်းလ်ကျေးရွာတွင် အာမက်ဒီနီဂျက်က မိန့်ခွန်းပြောကြားရာ၌ ယုံကြည်ချက်ရှိ၍ ခိုင်မာသောခုခံရေးတိုက်ပွဲများကြောင့် အသိမ်းပိုက်ခံပါလက်စတိုင်းဒေသသည် လွတ်လပ်သည့်နယ်မြေဖြစ်လာရမည်ဟု တွန်းအားပေးခဲ့သည်။

ပါရှန်ပင်လယ်ကွေ့အတွင်းရှိ တွန့်ဘ်ကျွန်းငယ်၊ တွန့်ဘ်ကျွန်းကြီးနှင့်အဘူမူဆာကျွန်းသုံးကျွန်းကို အီရန်နယ်မြေပိုင်နက်မှ သီးခြားခွဲထုတ်၍မရဟု အီရန်ဝါရင့်လွှတ်တော်အမတ်က အောက်တိုဘာလ ၃ ရက်နေ့တွင် ပြောကြားသည်။

ပါရှန်ပင်လယ်ကွေ့ရှိ ထိုကျွန်းသုံးကျွန်းသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံပိုင်နယ်မြေများဖြစ်ကြောင်း ပြောကြားချက် သည် အခြေအမြစ်မရှိ၍ အသိအမှတ်မပြုကြောင်း အီရန်ပါလီမန်အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကော်မတီဒုတိယဥက္ကဋ္ဌ၏ ပြောကြားချက်ကို ဖားစ်သတင်းဌာနက ကောက်နုတ်ဖော်ပြသည်။ သို့သော် ထိုပြဿနာနှင့်ပတ်သက်၍ ကြားဝင်ဖျန်ဖြေသူများမပါဘဲ ယူအေအီးနိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးရန် အီရန်နိုင်ငံက အသင့်ရှိကြောင်း ကြိမ်ဖန်များစွာပြောကြားပြီးဖြစ်သည်ဟု ၎င်းကဆိုသည်။

အဆိုပါကျွန်းသုံးကျွန်းသည် အီရန်ပိုင်ကျွန်းများဖြစ်သည့် အထောက်အထားလည်းရှိကြောင်း၊ ထိုအထောက်အထားများအရ ပိုင်ရှင်အစစ်အမှန်မှာ အီရန်နိုင်ငံသာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

## အိန္ဒိယနိုင်ငံ

**နိုင်ငံရေး။** ။ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ၂၅ ရက်တွင် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ နယူးဒေလီမြို့တွင် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်သည်။

ထို့ပြင် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်က အလည်အပတ်ခရီးထွက်ခွာသွားသည်။ သုံးရက်ကြာအလည်အပတ်ခရီးစဉ်အတွင်း လုံခြုံရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် မီဒီယာလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် အိန္ဒိယနှင့် ပါကစ္စတန်ဝန်ကြီးချုပ်များဖြစ်ကြသည့် မန်မိုဟန်ဆင်းနှင့် ယူစွပ်ရာဇာဂီလာနီတို့သည် နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဝါရှင်တန်သို့ရောက်ရှိစဉ် အမေရိကန်သမ္မတအိုဘားမား၏ ညစာစားပွဲသို့ တက်ရောက်ကြသည်။

မွမ်ဘိုင်းအကြမ်းဖက်မှု ကျူးလွန်သူများကို ပါကစ္စတန်အစိုးရက အပြစ်ပေးရန် လိုအပ်ကြောင်း သမ္မတအိုဘားမားကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက

ပြောကြားပြီး နောက်တစ်ရက်တွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ဂီလာနီတို့ ယင်းသို့တွေ့ဆုံကြခြင်းဖြစ်သည်။

ၐင်းထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဘူတန်နိုင်ငံသို့ မသွားမီ အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ဧပြီလ ၂၆ ရက်က နှစ်ရက်ကြာခရီးစဉ်စတင်ပြီး အိန္ဒိယနှင့်အာဖဂန်နစ္စတန်နှစ်နိုင်ငံ ဆက်ဆံမှု ပိုမိုခိုင်မာရေးကို အလေးထားဆွေးနွေးခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်နှင့် ပါကစ္စတန်ဝန်ကြီးချုပ်တို့သည် (၁၆) ကြိမ်မြောက် တောင်အာရှဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်း အဝေး၌ တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ထားကြောင်း အိန္ဒိယမီဒီယာက ဧပြီလ ၂၆ ရက်တွင် ရေးသားဖော်ပြသည်။ အဆိုပါထိပ်သီးအစည်းအဝေးကို ဘူတန်နိုင်ငံ သိန်ဖူမြို့၌ ဧပြီလ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နှစ်နိုင်ငံဝန်ကြီးချုပ်များအနေဖြင့် ၎င်းအစည်းအဝေး၌ နှစ်ဦးနှစ်ဖက်ဆိုင်ရာ အခက်အခဲပြဿနာများအားလုံးကို ထည့်သွင်းဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ တောင်အာရှဆိုင်ရာ ဒေသတွင်းအစည်းအဝေးမတိုင်မီတွင် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌



**အိန္ဒိယနိုင်ငံရောက် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်**

အိန္ဒိယအရာရှိများပါဝင်သော ၁၇ ဦးသေဆုံးစေသည့် အသေခံဗုံးခွဲမှုများဖြစ်ပွားပြီး နှစ်လအကြာတွင် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် အကြမ်းဖက်မှုတန်ပြန်ရေးကိစ္စကိုဆွေးနွေးကြကြောင်း ဧပြီလ ၂၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖွဲ့စည်းတည်ထောင်မှုသက်တမ်း ၁၂၅ နှစ်ရှိပြီဖြစ်သော အိန္ဒိယကွန်ဂရက်ပါတီသည် ပါတီခေါင်းဆောင်အဖြစ် အသက် ၆၃ နှစ်ရှိ ဆိုနီယာဂန္ဒီကို ထပ်မံရွေးကောက်တင်မြှောက်လိုက်သည်။ အီတလီနိုင်ငံဇာတိဖွား ဆိုနီယာဂန္ဒီသည် ၁၉၉၈ ခုနှစ်ကပင် ပါတီဥက္ကဋ္ဌအဖြစ်တင်မြှောက်ခံရသည်။ ယခုရွေးကောက်ခြင်းသည် သူမအတွက် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းအပါအဝင် အိန္ဒိယညွန့်ပေါင်းအစိုးရအဖွဲ့မှ ကွန်ဂရက်ပါတီဝင် ဝန်ကြီးများသည် ဆိုနီယာဂန္ဒီကို လာရောက်တွေ့ဆုံ၍ ပါတီ၏မူဝါဒရေးရာများကို ဆွေးနွေးပြီး သူမ၏ လမ်းညွှန်မှုကို ခံယူကြောင်း ပါတီတွင်း ဗဟိုရွေးကောက်ပွဲအာဏာပိုင်အဖွဲ့ခေါင်းဆောင် အော်စကာဖာနန်ဒက်စ်က မီဒီယာများကို ပြောကြားသည်။

ဆိုနီယာသည် ၁၉၆၈ ခုနှစ်မှစ၍ နေရူးမိသားစု

ဝင်တစ်ဦးဖြစ်လာခဲ့ပြီး ကွန်ဂရက်ပါတီ၏ ခုနစ်ဦးမြောက် ပြည်ပဇာတိဖွား ဥက္ကဋ္ဌဖြစ်သည်။ ၁၈၈၅ ခုနှစ်က စတင် ထူထောင်ခဲ့သည့် ကွန်ဂရက်ပါတီတွင် သူမအပါအဝင် အိန္ဒိယဇာတိဖွားမဟုတ်သည့် ဥက္ကဋ္ဌခုနစ်ဦးရှိရာတွင် အခြားခြောက်ဦးမှာ ဗြိတိသျှများဖြစ်သည်။

ပါတီ၏ ပဉ္စမမြောက် အမျိုးသမီးခေါင်းဆောင် ဖြစ်သော ဆိုနီယာဂန္ဓီသည် အိန္ဒိယနိုင်ငံ၏ တည်ငြိမ်နိုင်




**မွမ်ဘိုင်းမြို့ လုံခြုံရေးအတွက် စောင့်ကြပ်နေသော အိန္ဒိယရဲတပ်ဖွဲ့ဝင်တစ်ဦး**

မာသည့် ဒီမိုကရေစီကျင့်စဉ်များဖြစ်ထွန်းရေးကို အလေး ထားလိုလားသူဖြစ်၍ အိန္ဒိယနိုင်ငံရေး အသိုက်အဝန်း က ဝေဖန်မှုမရှိကြပေ။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့က စစ်သွေးကြွ ၁၀ ဦးသည် ရေ ကြောင်းလမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ဝင်ရောက်ခဲ့ပြီး မွမ်ဘိုင်းမြို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းကြောင့်လူ ၁၆၆ ဦးသေဆုံးပြီး ၃၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ ၎င်းနှင့်ပတ်သက်သည့် နှစ်နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မွန်ဘိုင်း မြို့၌ ကျင်းပသည်။

အိန္ဒိယအစိုးရက စစ်သွေးကြွ ၁၀ ဦးအနက်ကိုးဦး ကို အသေဖမ်းဆီးကာ တစ်ဦးကို အရှင်ဖမ်းမိခဲ့ပြီး ထို တစ်ဦးကိုလည်း မွမ်ဘိုင်းတရားရုံးက သေဒဏ်ချ မှတ်ခဲ့သည်။

အိန္ဒိယက ထိုအကြမ်းဖက်မှုသည် ပါကစ္စတန်မှ အကြမ်းဖက်အဖွဲ့အစည်းများ၏ လက်ချက်ဟု စွပ်စွဲ ပြောဆိုခဲ့သည်။ သို့ဖြစ်၍ ပါကစ္စတန်ကလည်း အကြမ်း ဖက်မှုအား ကြိုးကိုင်ခဲ့သည်ဟု ယူဆရသူ ခုနစ်ဦးကို ဖမ်းဆီးခဲ့သည်။ သို့သော်ပါကစ္စတန်က နှစ်နှစ်ကြာ သည့်တိုင်အောင် ရုံးတင်စစ်ဆေးခြင်းမရှိသဖြင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ကြိမ်ဖန်များစွာ စကား ပြောဆိုကြရပြီး အိန္ဒိယနိုင်ငံအနေနှင့် ၎င်းကိစ္စကို ပါကစ္စတန်က အကာအကွယ်ပေး ပြုလုပ်ပေးနေသည် ဟု ယူဆခဲ့သည်။

ပါကစ္စတန်နှင့် အိန္ဒိယသည် ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ပြီး နှစ်ကြိမ်မှာ အငြင်းပွားကက်ရှ်မီးယားဒေသအရေးဖြစ် သည်။

## စစ်ရေး

အိန္ဒိယနိုင်ငံသည် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအထိ တိုးမြှင့်သုံးစွဲမည်ဖြစ်ကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကာကွယ်ရေးအသုံးစရိတ်ထက် ၈ ဒသမ ၁၃ ရာခိုင်နှုန်းကျော်ရှိကြောင်း အိန္ဒိယစစ်ဘက် က ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်၌ သတင်း ထုတ်ပြန်သည်။

ရုရှားနှင့်အိန္ဒိယတို့သည် အိန္ဒိယရေတပ်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ ဘီလီယံတန်ဖိုးရှိ အက်မေရယ်ဂေါ့ရှ်ကော့အမည်ရှိ လေယာဉ်တင်သင်္ဘော ဝယ်ယူရေးစာချုပ်တစ်ရပ်နှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ အမ်အိုင်ဂျီ ၂၉ ကေအမျိုး အစားလေယာဉ်တင်သင်္ဘောအခြေစိုက်ဂျက်တိုက် လေယာဉ် ၂၉ စင်းဝယ်ယူရေးစာချုပ်တစ်ရပ်အပါအဝင် သဘောတူစာချုပ် ၁၉ ခုကို မတ်လ ၁၂ ရက်က လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုလိုက်ကြသည်။

မြို့ပြဆိုင်ရာ နျူကလီးယားပူးပေါင်းဆောင်ရွက် ရေးအစီအစဉ်အရချုပ်ဆိုသည့် နျူကလီးယားဆိုင်ရာ စာချုပ်နှစ်ရပ်နှင့် မြို့ပြဆိုင်ရာ အာကာသလေ့လာရေး အစီ အစဉ်အရ ချုပ်ဆိုသည့် စာချုပ်တစ်ရပ်တို့လည်းပါဝင်

သည်။ ယင်းစာချုပ်များကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ဧည့်သည်တော် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်တို့ရှေ့မှောက်တွင် ချုပ်ဆိုကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကိုစတင်ဖြန့်ကြက်မည်ဖြစ်ကြောင်း ကာကွယ်ရေးသုတေသနဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက မတ်လ ၂၅ ရက်က ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို အဆင့်နှစ်ဆင့်ဖြင့် ဖြန့်ကြက်မည်ဖြစ်သည်။ အကွာအဝေး ကီလိုမီတာ ၂၀၀၀ အတွင်းဝင်ရောက်လာသော တိုက်ချင်းပစ်ဒုံးကျည်များကို ကြားဖြတ်ဟန့်တားမည့် အဆင့်နှင့်အကွာအဝေး ကီလိုမီတာ ၂၀၀၀ ကျော်အတွင်း ကြားဖြတ်ဟန့်တားမည့် အဆင့်ဟူ၍ နှစ်မျိုးသတ်မှတ်ထားကြောင်း အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဗွီကေဆာရက်စ်ဝပ်ကဆိုသည်။

ဒုံးခွင်းဒုံးစနစ်အရ အလွှာနှစ်လွှာအတွင်း ရန်သူ့ဒုံးကျည်များကို ကြားဖြတ်ဟန့်တားမည်ဖြစ်ပြီး မြေပြင်အထက် ကီလိုမီတာ ၅၀ အထက်ရှိအလွှာအတွင်း၌ ပရစ်ဗီ (Prithvi) လေကြောင်းကာကွယ်ရေးဒုံးကျည်ဖြင့် ဖြိုခွင်းမည်ဖြစ်ကာ မြေပြင်အထက် ကီလိုမီတာ ၃၀ အထက်ရှိအလွှာအတွင်း အဆင့်မြင့်လေကြောင်း ကာကွယ်ရေးဒုံးကျည်ဖြင့် ဖြိုခွင်းမည်ဖြစ်သည်။ အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့မှ သိပ္ပံပညာရှင်များသည် ဒုံးခွင်းဒုံးစနစ်အတွက် စမ်းသပ်မှုများပြုလုပ်သွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ 'စကော်ပင်း' ရေငုပ်သင်္ဘောများကို အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်ရန်ကြိုးပမ်းမှုများ ဆက်လက်၍ ကြန့်ကြာနေသည်။ ဈေးနှုန်းမှာလည်း ငါးဘီလီယံဒေါ်လာသို့ တက်သွားသည်။ ထိုရေငုပ်သင်္ဘောများ တည်ဆောက်ထုတ်လုပ်မှု အကောင်အထည်ပေါ်ခဲ့ပါက ထောင်ချီရှိသောအိန္ဒိယလုပ်သားများနှင့် ကျွမ်းကျင်သူများက ခေတ်မီရေငုပ်သင်္ဘောတည်ဆောက်ရေးပညာနှင့် အတွေ့အကြုံများရရှိသွားနိုင်သည်။

ထို့ကြောင့်လည်း ဗျူရိုကရက်အရာရှိတို့က နှောင့်နှေးကြန့်ကြာအောင်လုပ်နေကြပြီး ဒီဇယ်နှင့် လျှပ်စစ်ဓာတ်အားသုံး "စကော်ပင်း" ရေငုပ်သင်္ဘောများတည်ဆောက်ရေး ဆွေးနွေးညှိနှိုင်းပွဲများကြောင့် ဈေးနှုန်းနှင့် စရိတ်များတက်လာခဲ့ခြင်းဖြစ်သည်။ ယင်းဗျူရိုကရက်များကြောင့် သုံးနှစ်နီးပါးအချိန်ကုန်လွန်ခဲ့ရသည်။

သို့သော် ပထမဆုံးစကော်ပင်းရေငုပ်သင်္ဘောကို နှစ်နှစ်အတွင်း ထုတ်လုပ်ရန်လျာထားပေးခဲ့ပြီး တစ်နှစ်လျှင် တစ်စင်းကျဆက်လက်တည်ဆောက်သွားရန် လည်း စီမံကိန်းရေးဆွဲထားခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရုရှားနှင့်ဂျာမနီနိုင်ငံများမှ ဝယ်ယူထားသော အိန္ဒိယရေတပ်၏ ရေငုပ်သင်္ဘော ၁၆ စင်းကို အနားပေးမည်ဖြစ်ရာ ထိုနှစ်လွန်လျှင် အိန္ဒိယရေတပ်တွင် အသုံးပြုမည့်ရေငုပ်သင်္ဘောငါးစင်း သာရှိနေမည်ဖြစ်သည်။

အိန္ဒိယနှင့်ပြင်သစ်အစိုးရတို့သည် နှစ်နိုင်ငံလေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် စီစဉ်လျက်ရှိပြီး ယင်းလေ့ကျင့်ပျံသန်းမှုကို ပြင်သစ်နိုင်ငံအိစ်တက်စ်လေတပ်စခန်းက ဇွန် ၁၄ ရက်မှ ၂၅ ရက်ထိ ပြုလုပ်ရန်စီစဉ်ခဲ့သည်။ ယင်းသို့နှစ်နိုင်ငံလေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်ခြင်းဖြင့် အိန္ဒိယနှင့် ပြင်သစ်လေတပ် တပ်ဖွဲ့ဝင်များအကြား လုပ်ငန်းဆောင်ရွက်ချက်အရည်အသွေးကို မြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်။

အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့သည် ဟော့ခ် (Hawk) အမျိုးအစားအမောင်းသင် ဂျက်တိုက်လေယာဉ်များရောင်းချပေးရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း ကာကွယ်ရေးသတင်းရပ်ကွက်က ဇူလိုင်လ ၂၉ ရက်တွင် ပြောကြားသည်။ အဆိုပါ သဘောတူညီချက်အရ အိန္ဒိယလေတပ်နှင့် ရေတပ်တို့၌ အသုံးပြုနိုင်ရန် ဟော့ခ်အမျိုးအစား အမောင်းသင်ဂျက်တိုက်လေယာဉ် ၅၇ စင်းကို ထောက်ပံ့ပေးမည်ဖြစ်သည်။

အိန္ဒိယတပ်မတော်သည် အနာဂတ်တွင် ၎င်းတို့၏ လေကြောင်းကင်းထောက်စွမ်းရည် မြှင့်တင်ရေးအတွက် အဆင့်မြင့်မောင်းသူမဲ့လေယာဉ်ငယ်များဝယ်ယူရန် ရည်ရွယ်လျက်ရှိသည်ဟု ဩဂုတ်လ ၂ ရက်တွင် မီဒီယာများက ဖော်ပြသွားသည်။

အိန္ဒိယနိုင်ငံ တပ်မတော်သည် လောင်စာဆီ (သို့မဟုတ်) ဓာတ်ခဲသုံး အင်ဂျင်နှင့် နောက်ဆုံးပေါ်

နည်းပညာဖြင့် မောင်းနှင်ရသော ဒရုန်းလေယာဉ်ငယ် အမျိုးအစားအများအပြား ဝယ်ယူသွားမည်ဖြစ်ရာ ယင်းလေယာဉ်များသည် လက်ဖြင့်လွှင့်တင်ပစ်လွှတ်ခြင်း၊ ဒေါင်လိုက်ဆင်း၊ တက်ပျံသန်းနိုင်ခြင်း စသော စွမ်းရည်များရှိသည်။

ယင်းအသေးစားဒရုန်းလေယာဉ်များသည် ခေတ်မီဆန်းပြားသော ကင်မရာများနှင့် အနီအောက်ရောင်ခြည်အာရုံခံကိရိယာများကို သယ်ဆောင်ပျံသန်းပြီး လေကြောင်းကင်းထောက်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်းအသေးစား ဒရုန်းလေယာဉ်တစ်မျိုးသည် အလေးချိန် နှစ်ကီလိုဂရမ်အောက်လျော့နည်းပြီး စစ်သည်တစ်ဦးတည်းဖြင့် လွယ်ကူစွာထိန်းကျောင်းမောင်းနှင်နိုင်ပြီး လေကြောင်းကင်းထောက်တာဝန်အတွက် အသေးစားကင်မရာများ တင်ဆောင်နိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံမှ နျူကလီးယားဒုံးကျည်များတပ်ဆင်ထားသော ရေတပ်စစ်သင်္ဘောကြီးတစ်စင်း အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း မိုမ္မာဂါရီဆိပ်ကမ်းသို့ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်တွင် ဆိုက်ကပ်လာကာ အိန္ဒိယနိုင်ငံသို့ ခြောက်ရက်ကြာ လည်ပတ်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း မိုမ္မဂါရီဆိပ်ကမ်းသို့ ပြည်ပမှ နျူကလီးယားဒုံးကျည်တပ် စစ်သင်္ဘောဆိုက်ကပ်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်ပြီး နှစ်နိုင်ငံ စစ်ဘက်ရေးရာ အပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်စေရန်အတွက် ဖြစ်ကြောင်း နယူးဒေလီမြို့ရှိ ရုရှားသံရုံးမှ တာဝန်ရှိသူများကပြောကြားသည်။

ရုရှားနိုင်ငံသည် K-152 Nerpa အမျိုးအစား နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေး ရေငုပ်သင်္ဘောတစ်စင်းကိုလာမည့် ဆောင်းရာသီတွင် အိန္ဒိယနိုင်ငံသို့ အငှားစာချုပ်အရ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

၁၀ နှစ်သက်တမ်းအတွက် ယင်းရေငုပ်သင်္ဘောငှားရမ်းခအဖြစ် ဒေါ်လာသန်း ၉၀၀ ပေးရန် သဘောတူညီခဲ့ကြသည်။ ယခုအခါတွင်မူ ရေငုပ်သင်္ဘောကိုပြန်လည်ပြင်ဆင်ထားပြီးဖြစ်သဖြင့် အိန္ဒိယရေတပ်သားများက လေ့ကျင့်မောင်းနှင်လျက်ရှိကြသည်။

အိန္ဒိယရေတပ်အတွက် အမေရိကန်နိုင်ငံတွင် တည်ဆောက်နေသော စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်ခြောက်စင်းအနက် ပထမဆုံးလေယာဉ်သည် လာမည့်အောက်တိုဘာလတွင် စမ်းသပ်ပျံသန်းမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းသတင်းရပ်ကွက်က ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၄ ရက်တွင် ပြောကြားသည်။

## နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ အီရန်ဓာတ်ငွေ့တင်ပို့ရာတွင် လုံခြုံစိတ်ချမှုရှိအောင် အကာအကွယ်ပေးသွားရန် ပါကစ္စတန်နိုင်ငံက သဘောတူကြောင်း အီရန်အမျိုးသားဓာတ်ငွေ့ပို့ကုန်ကုမ္ပဏီအကြီးအကဲ ရီဇာကာဆေးဇဒတ်က ပြောကြားသည်။

အီရန်နှင့်ပါကစ္စတန်တို့ ချုပ်ဆိုထားသည့် ဓာတ်ငွေ့သဘောတူညီချက်အရ ပါကစ္စတန်နိုင်ငံသည် ၎င်းတို့ပိုင်နက် နယ်မြေတွင် အီရန်နိုင်ငံ၏ ဓာတ်ငွေ့တင်ပို့မှုလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် အဆိုပါသဘောတူစာချုပ်ကိုအခြေခံ၍ အိန္ဒိယနိုင်ငံသို့ အီရန်ဓာတ်ငွေ့တင်ပို့မှုကိုကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ အဆိုပါပိုက်လိုင်းကို ငြိမ်းချမ်းရေးပိုက်လိုင်းဟုခေါ်ဆိုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေသည်ကို သမိုင်းက သက်သေပြခဲ့ပြီးဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ၂၀၁၀ ပြည့်နှစ် ဧပြီလ ၇ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြားခိုင်မာသော၊ တည်ကြည်သော ဆက်ဆံရေးသည် ကမ္ဘာကြီးတစ်ခုလုံးကို အကျိုးပြုသည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆိုမာနာဟာလီမာလီယားကရစ်ရှနာက ပြောကြားသည်။ ၎င်းတို့နှစ်နိုင်ငံသည် မိမိတို့၏ ပြည်တွင်းဦးစားပေးလုပ်ငန်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲခြင်းဖြင့် ကမ္ဘာကြီး၏ ကြွယ်ဝချမ်းသာမှုကို ဖြစ်ပေါ်စေကြောင်း ပေကျင်းနိုင်ငံတကာသင်ကြားရေးတက္ကသိုလ်၌ '၂၁ ရာစု အိန္ဒိယနှင့် တရုတ်' ဟူသော ခေါင်းစဉ်ဖြင့် မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် ကရစ်ရှနာက အထက်ပါအတိုင်းချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်မှုသည် မိမိတို့နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ အာရှတိုက်အနေဖြင့်သော်လည်းကောင်း၊ ကမ္ဘာကြီးတစ်ခုလုံးအနေဖြင့်သော်လည်းကောင်း ရရှိဖြစ်ပေါ်လာသော အကျိုးကျေးဇူးများကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်က အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆိုမာနာဟာလီမာလီယားကရစ်ရှနာနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသွားသည်။

အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံတို့သည် ပညာရေးဆိုင်ရာလုပ်ငန်းများ၌ ပူးတွဲဆောင်ရွက်မည်ဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံအတွက် အိန္ဒိယနိုင်ငံက ပညာရေးပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်မည်ဟု အိန္ဒိယနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဧပြီလ ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အိန္ဒိယနိုင်ငံမှ ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ သဘောတူစာချုပ်ကို နှစ်နိုင်ငံကိုယ်စားလှယ်များက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇူလိုင်လ ၂၇ ရက်တွင် စာချုပ်ချုပ်ဆိုပြီး ၂၀၁၂ ခုနှစ်ကုန်မှစတင်ကာ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်သည်။

## စီးပွားရေး

အိန္ဒိယမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းက ဇန်နဝါရီလအတွင်း မော်တော်ကားစီးရေ ၁ ဒသမ ၁ သန်းရောင်းချခဲ့ရာ တစ်လချင်းရောင်းအားမှာ အမြင့်ဆုံးဖြစ်ခဲ့သည်။ ထိုသို့မော်တော်ကားရောင်းအားအမြင့်ဆုံးရောက်ရှိခဲ့ခြင်းမှာ ဈေးနှုန်းချိုသာစွာဖြင့် ကားများထုတ်လုပ်ရောင်းချခဲ့ခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းမော်တော်ကားရောင်းအားမှာ လွန်ခဲ့သော ငါးနှစ်ကထက် ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံကို ကျော်လွန်ကာ ကမ္ဘာ့တတိယအဆင့်၌ နေရာယူနိုင်မည်ဖြစ်ကြောင်း ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ ရက်၌ ကမ္ဘာ့စီးပွားရေးလုပ်ငန်းအဖွဲ့က သတင်းထုတ်ပြန်သည်။ ယခင်နှစ်ဒုတိယသုံးလပတ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးနယ်ပယ်၌ ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိရာ မျှော်မှန်းထားသည်ထက် ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်း၏ အကျိုးသက်ရောက်မှုကြောင့် အနောက်နိုင်ငံကြီးများ၌ စီးပွားရေးသည် ကြီးမားသောအခက်အခဲများနှင့် အလုပ်လက်မဲ့ပြဿနာများ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာမှ ယခင်နှစ်အတွင်း အိန္ဒိယနှင့်တရုတ်နှစ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုပမာဏ မြင့်တက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် တည်ငြိမ်သော မက်ခရိုစီးပွားရေးကိုဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပရာနက်မူခါဂျီး၏ ပြောကြားချက်ကို အိန္ဒိယ စက်မှုလုပ်ငန်းများအဖွဲ့ ဥက္ကဋ္ဌ ဗီနုဆရီနီဗာဆန်က ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ထပ်လောင်းပြောကြားလိုက်သည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးမူခါဂျီးက ပါလီမန်သို့ ပြည်ထောင်စုများ ဘတ်ဂျက်အသုံးစရိတ်တင်သွင်းရာ၌ အိန္ဒိယအစိုးရအနေဖြင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် စီစဉ်နေသည်ကို မိမိကြိုဆိုထောက်ခံကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံသည် အဓိကတွန်းအားတစ်ရပ်ဖြစ်သည်။

အိန္ဒိယနှင့် တောင်အာဖရိကတို့က နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုနှင့် ဆက်သွယ်ရေး တိုးမြှင့်ရန် သဘောတူညီချက် သုံးခုကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးကြကြောင်း အိန္ဒိယအရှေ့သတင်းဌာနက ဖော်ပြသည်။ အလည်အပတ်ရောက်ရှိနေသည့် တောင်အာဖရိကသမ္မတနှင့် တွေ့ဆုံစဉ် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက စီးပွားရေးဆက်ဆံမှုတောင့်တင်းခိုင်မာစေရေး၊ ကမ္ဘာလုံးဆိုင်ရာပြဿနာများအနီးကပ်ညှိနှိုင်းဆောင်ရွက်ရေးကိစ္စများအပါအဝင် ကျယ်ပြန့်သည့် ပြဿနာများကိုပါ ဆွေးနွေးကြသည်။

ကမ္ဘာ့စီးပွားရေးအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမှုတွင် အိန္ဒိယနိုင်ငံသည် ဒုတိယအဆင့်၌ ရပ်တည်နေကြောင်း၊ နောက်ဆုံးလေးလပတ်ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာအရ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်တွင် မီဒီယာများက သတင်းထုတ်ပြန်ကြောင်း

သိရသည်။ အိန္ဒိယနိုင်ငံတွင် ဇွန်လမှ စက်တင်ဘာလ သုံးလတာကာလအတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏသည် ယခင်နှစ်အလားတူကာလကထက် ၈ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ စီးပွားရေး လျင်မြန်စွာ ဦးမော့လာမှုတွင် တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ဒုတိယအဆင့်၌ ရပ်တည်လျက်ရှိသည်။

အိန္ဒိယဘဏ်လုပ်ငန်းများတွင် လာဘ်ပေးလာဘ်ယူကိစ္စနှင့်ပတ်သက်၍ တတိယအကြီးစားခြစားမှုပေါ်ပေါက်ခဲ့ကြောင်း Mint သတင်းစာက ဖော်ပြသည်ဟု အေအက်ဖ်ပီသတင်းဌာနက ထပ်မံဖော်ပြသည်။

ငွေနှင့်ပတ်သက်၍ တာဝန်ရှိသူများသည် အမေရိကန်ဒေါ်လာ သန်းချီ၍ လာဘ်စားခဲ့ကြောင်း ဒေလီအခြေစိုက်စုံစမ်းထောက်လှမ်းရေးဗဟိုဗျူရို CBI က နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထိုခြစားမှုနှင့်ပတ်သက်၍ လူရှစ်ဦးကို ဖမ်းဆီးခဲ့ရာတွင် LIC Housing Finance ကုမ္ပဏီအမှုဆောင်ချုပ် အပါအဝင် အိန္ဒိယဗဟိုဘဏ်၊ လန်ဂျပ်အမျိုးသားဘဏ်၊ အိန္ဒိယဘဏ်မှ အကြီးတန်းအရာရှိများပါဝင်ကြောင်း CBI ကထုတ်ပြန်ခဲ့သည်။

## နည်းပညာ

ရုရှားနှင့်အိန္ဒိယနှစ်နိုင်ငံ နျူကလီးယား ပူးပေါင်းဆောင်ရွက်မှုနှစ်ကာလရှည်စွာ သဘောတူညီမှုအရ အိန္ဒိယအနောက်ပိုင်း ဘင်ဂယ်လ်ဒေသ၌ နျူကလီးယားဓာတ်ပေါင်းဖိုရှစ်ခုထပ်မံတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိတွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၈ ခုမှ နျူစွမ်းအင် ၄ ဒသမ ၇ ဂီဂါဝပ်ထုတ်လုပ်နိုင်ပြီး ၂၀၃၅ ခုနှစ်အရောက်၌ နျူစွမ်းအင် ၆၀ ဂီဂါဝပ်သို့ တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နျူကလီးယားပူးပေါင်းဆောင်ရွက်ရေးစာချုပ်အရ ရုရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ လောင်စာနှင့် စွန့်ပစ်ပစ္စည်းများကို ဖြည့်ဆည်းပေးမည်ဖြစ်သည်ဟု ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ပြောဆိုသည်။

အိန္ဒိယနိုင်ငံသည် ယင်းပြည်တွင်း၌ ထုတ်လုပ်သော နျူကလီးယားတင်ဆောင်နိုင်သည့် အဂ္ဂနီ-၃ အမည်ရှိပြည်တွင်းဖြစ်တိုက်ချင်းပစ်ဒုံးပျံကို အရှေ့ပိုင်း ဩရိဿပြည်နယ်ကမ်းလွန်မှနေ၍ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ပြီဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ဒုံးပျံသည် ကီလိုမီတာ ၃,၀၀၀ ကျော် အထိပစ်ခတ်နိုင်ကြောင်း၊ ဩရိဿပြည်နယ် ဘယ်လာဆိုင်ခရိုင်ဝှီးလားကျွန်းမှနေ၍ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။ ဒုံးကျည်ပစ်လွှတ်မှုလည်း အောင်မြင်ခဲ့သည်။ ယင်း အဂ္ဂနီ-၃ တိုက်ချင်းပစ်ဒုံးကျည်သည် အဂ္ဂနီ-၂ ကို ဆက်ခံလိုက်ခြင်းဖြစ်သည်။

ယင်းနောက် အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်ဆာရီဟာရီကိုတာ အာကာသစခန်းမှ ထောက်လှမ်းရေးဂြိုဟ်တုကာတိုဆက်(၂)ဘီ အပါအဝင် ဂြိုဟ်တုငါးလုံးကို ဇူလိုင်လ ၁၂ ရက်က ပစ်လွှတ်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းသို့ အောင်မြင်စွာရောက်ရှိသွားသည်ဟု အိန္ဒိယအာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို) က သတင်းထုတ်ပြန်သည်။

အမေရိကန်ဒေါ်လာ ၅၂ သန်းတန်ဖိုးရှိ ပိုလာဂြိုဟ်တုအာကာသယာဉ် စီ (၁၅) ဖြင့် ကာတိုဆက်(၂) ဘီဒုံးပျံသည် အယ်လ်ဂျီးရီးယားမှ အယ်လ်ဆက်၊ ကနေဒါနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ နာနိုဂြိုဟ်တုနှင့် အင်ဂျင်နီယာကောလိပ်မှ ကျောင်းသားခုနစ်ဦးတည်ဆောက်သည့် အိုရှန်တက်ခေါ်အလွန်သေးငယ်သည့်မီကိုဂြိုဟ်တုတို့ကို သယ်ဆောင်ကာ (အိုင်အက်စ်အာရ်အို) က ယင်းနေ့နံနက် ၉ နာရီ ၂၂ မိနစ်တွင် လွှတ်တင်ခဲ့သည်။

ယင်းဂြိုဟ်တုများမှတစ်ဆင့် သစ်တောအနေအထားမြေပုံ၊ သစ်ပင်ခန့်မှန်းခြေပမာဏ၊ ကျေးရွာများဖွံ့ဖြိုးမှုစီမံကိန်း၊ ကျေးလက်ဒေသဆက်သွယ်မှု၊ တူးမြောင်းအရှည်၊ ကမ်းရိုးတန်းအနေအထားနှင့် သတ္တုတူးဖော်ရေးအပြင် အခြားသောကဏ္ဍများကို အသေးစိတ်လေ့လာနိုင်မည်ဖြစ်သည်။

**နှစ်(၅၀)ပြည့် လောပိတရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံ။** ။ လျှပ်စစ်ဓာတ်အားသည် ယနေ့ လူသားများ၏ ဘဝတွင်မရှိလျှင်မဖြစ်သော လိုအပ်ချက် တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်တွင် အမျိုးသားကျွမ်းကျင်သူများအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားတိုးတက်ရေးအတွက် ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မူဝါဒများချမှတ်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ရေအားလျှပ်စစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၁၉၅၃ ခုနှစ်တွင် လျှပ်စစ်ဓာတ် အားပေးရေးဘုတ်အဖွဲ့မှ မြန်မာပညာရှင်များနှင့်အတူ ဂျပန်နိုင်ငံမှ ပညာရှင်များပူးပေါင်းပြီး စူးစမ်းတိုင်းတာ မှုများ စတင်ခဲ့သည်။ ရေအားအရင်းအမြစ်တည်ရှိရာ ၂၂ နေရာ အနက် ၇ နေရာကို စူးစမ်းတိုင်းတာခြင်းနှင့် ပုံစံထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

သို့ဖြင့် ဘီလူးချောင်းစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဘီလူးချောင်းမှာ ရှမ်းပြည်နယ် အင်းလေးကန်၌ မြစ်ဖျားခံသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ခန့်၌ တည်ရှိ သည့်အင်းလေးကန်ကြီးအတွင်းသို့ အဓိက ချောင်းကြီး လေးသွယ်စီးဝင်လျက်ရှိသည်။ ပင်လောင်းဒေသတွင် မြစ်ဖျားခံသော အထက်ဘီလူးချောင်းသည် အနောက် ဘက်မှ လည်းကောင်း၊ ကလောမြို့အနီးတွင် မြစ်ဖျားခံ သော ငုတ်ချောင်းသည် အနောက်မြောက်ဘက်မှလည်း ကောင်း၊ ဟဲဟိုးလွင်ပြင်ဘက်တွင် မြစ်ဖျားခံသော နယ်ကြားချောင်းသည် မြောက်ဘက်မှလည်းကောင်း၊ ရပ်စောက်မြို့တောင်ဘက်တွင် မြစ်ဖျားခံသော နမ့်လတ်ချောင်းသည် မြောက်ဘက်မှလည်းကောင်း စီးဝင်ကြသည်။

အင်းလေးကန်မှ ရေများသည် ဘီလူးချောင်း အဖြစ် လွိုင်ကော်မြို့ကို ဖြတ်သန်းစီးဆင်းလာပြီး ထိုမှ တစ်ဆင့် ရေတံခွန်အဆင့်ဆင့် ဖြစ်ပေါ်လျက် ဆက်လက် စီးဆင်းသွားသည်။ ဘီလူးချောင်းသည် သံလွင်မြစ်၏ လက်တက်တစ်ခုဖြစ်သော နမ့်ပွန်ချောင်းနှင့် မဆုံတွေ့မီ ၁၂ မိုင်ခန့် အတွင်း ပေ ၂၂၀၀ ခန့်နိမ့်ဆင်းသွားသည်။ ဤကဲ့သို့ ပထဝီအနေအထားကြောင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ် သည်။ မြန်မာနိုင်ငံ၏ပထမဆုံးရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံဖြစ်သော ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ၁၄ မိုင်ကွာဝေးသော လောပိတကျေးရွာ ၌ တည်ရှိခြင်းကြောင့် လောပိတရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံဟု ခေါ်တွင်သည်။ ယင်းဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (လောပိတ) တည်ဆောက်ရန် ၁၉၅၄ ခုနှစ်တွင် စတင်၍ လုပ်ငန်းတိုင်းတာ ဆောင်ရွက်ခြင်း၊ ပုံစံဒီဇိုင်းထုတ်ခြင်း နှင့် အကြံပြုဆွေးနွေးညှိနှိုင်းခြင်းများကို ဂျပန်နိုင်ငံမှ ပညာရှင်များက တာဝန်ယူဆောင်ရွက်ပေးပြီး မြို့ပြ ပိုင်းဆိုင်ရာ တည်ဆောက်ခြင်းတို့ကို မြန်မာအင်ဂျင် နီယာများက ဂျပန်နိုင်ငံမှ Kajima Construction Company တို့နှင့်အတူ ပူးပေါင်းတည်ဆောက်ခဲ့ကြသည်။

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံ တည်ဆောက်ရာတွင် အဓိကလုပ်ငန်း များဖြစ်သည့်လမ်းများ၊ ရေတံခါး၊ ရေသွယ်မြောင်း၊ ရေကန်၊ ဖိအားနိမ့်ကွန်ကရစ်ပိုက်၊ ဖိအားနိမ့် သံမဏိပိုက်၊ ရေလျှံထိန်းစည်၊ ဖိအားမြင့်သံမဏိပိုက်၊ ဓာတ်အားပေး စက်ရုံ၊ ဓာတ်အားခွဲရုံနှင့် မဟာဓာတ်အားလိုင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းငွေကျပ် သန်းပေါင်း ၂၅၀ ဒသမ ၁ သန်း ကုန်ကျခဲ့သည်။

ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံကို ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ပထမစက်သုံးလုံးဖြင့် ၈၄ မဂ္ဂါဝပ်၊ ၁၉၇၄ ခုနှစ်တွင် ဒုတိယ စက်သုံးလုံးဖြင့် ၈၄ မဂ္ဂါဝပ် စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ကို ထုတ်လုပ်နိုင်ခဲ့သည်။ ပထမ အဆင့်အဖြစ် ကီလိုဝပ် ၈၄,၀၀၀ (28 MW x 3 Nos) ဓာတ်အားထုတ်စက်သုံးလုံးဖြင့် ၁၉၆၀ ပြည့်နှစ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးပြီး ၁၉၆၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ဓာတ်အားစတင်ပို့လွှတ် ဖြန့်ဖြူးခဲ့သည်။

ပထမအဆင့် တည်ဆောက်ခဲ့သော ဘီလူး ချောင်းအမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏

ဓာတ်အားပေးစက်သုံးလုံးမှာ နွေရာသီတွင် ရေလုံလောက်စွာမရရှိသည့်အတွက် စက်စွမ်းအားပြည့် လည်ပတ်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားပို၍ လိုအပ်လာသဖြင့် ၁၉၆၁ ခုနှစ်တွင် မိုးဗြဲရေလှောင်ကန် တည်ဆောက်ရေးကို စတင်ခဲ့သည်။ မိုးဗြဲရေလှောင်ကန် တည်ဆောက်ရေးစီမံကိန်းသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတစ်ခုတည်းအတွက်သာမကဘဲ လယ်ယာစိုက်ပျိုးရေးနှင့် ကုန်စည်ကူးသန်းသွားလာနိုင်ရေးများ အတွက်ပါ လိုအပ်ချက်တစ်ခုဖြစ်သည်။

မိုးဗြဲရေလှောင်ကန်ကို ၁၉၆၈ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည်။ ၁၉၇၃ ခုနှစ်တွင် သတ်မှတ်ရေ အမြင့် EL ၂၈၉၇ ဒသမ ၇ ပေကို သိုလှောင်ထားနိုင်ခဲ့ သည်။ ယင်းမိုးဗြဲရေလှောင်ကန်ကို တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်က စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၇ ဒသမ ၇ သန်း ကုန်ကျသုံးစွဲ ခဲ့ရသည်။ မိုးဗြဲရေလှောင်ကန် တည်ဆောက်ပြီးသည့် နောက် မူလတာဘိုင်စက်သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား ကို ကီလိုဝပ်နာရီ သန်း ၄၈၀ ဒသမ ၇၂ ထုတ်လုပ်နိုင်ခဲ့သည်။

ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံ တည်ဆောက်စဉ်ကပင် ဓာတ်အားဖွံ့ဖြိုး တိုးတက်ရေးစီမံချက်အတွက် ဒုတိယအဆင့်ဓာတ်အား ထုတ်စက် စက်သုံးလုံးတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ကို ၁၉၆၇ ခုနှစ်တွင် စတင်ခဲ့ရာ ၁၉၇၃ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မိုးဗြဲရေလှောင်ကန်သည် ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားကို စက်ခြောက်လုံးဖြင့် ကီလိုဝပ် ၁,၆၈,၀၀၀ အထိ ထုတ်လုပ်နိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ၏ ပထမဆုံးရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတည်ဆောက်စဉ်က လျာထားချက် အရ ဘီလူးချောင်း အမှတ် (၁) ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံကို ၁၉၈၇ ခုနှစ်တွင် ထပ်မံ၍ တည်ဆောက် ခဲ့သည်။ ယင်းဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံအမှတ် (၁) သည် ကယားပြည်နယ် လွိုင်ကော်မြို့ ၏ အရှေ့တောင်ဘက် ၁၀ မိုင်ခန့် အကွာတွင်ရှိသော ဘီလူးချောင်း၏ လက်ယာဘက်ကမ်းပေါ်၌တည်ရှိသည်။ ဘီလူးချောင်းအမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းကို ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များနှင့်အတူ မြန်မာ့လျှပ်စစ်ဓာတ် အားလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာ များ၊ အတတ်ပညာရှင်များက ပူးပေါင်းတည်ဆောက်ခဲ့ ကြသည်။ စက်ရုံ တည်ဆောက်ရာတွင် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၉၃၅ ဒသမ ၁၀၆ ကုန်ကျခဲ့သည်။

ဘီလူးချောင်းအမှတ် (၁) ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံ တည်ဆောက်ပြီးစီးခြင်းကြောင့် ရေ ပျောက်ဆုံးမှုမရှိတော့ခြင်း၊ ရေသွယ်မြောင်းနှစ်ခုဖြင့် ရေပမာဏ လုံလောက်စွာရရှိခြင်းနှင့် အကြီးစားပြင်ဆင် မှု (Renovation) ပြုလုပ်နိုင်ခဲ့သည့်အတွက် ဘီလူးချောင်း အမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်ခြောက်လုံးဖြင့် ဓာတ်အားထုတ်လုပ်မှုမှာ ပို၍ တိုးတက်လာခဲ့သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်း ပေါင်း ၁၂၀၀ ခန့် ထုတ်လုပ်နိုင်ရန် လျာထားခဲ့ရာမှ လျာထားချက်ပြည့်မီ ကျော်လွန်သည်အထိ ထုတ်လုပ် ပေးနိုင်ခဲ့ပြီဖြစ်သည်။

## နှစ် (၉၀) ပြည့် ရန်ကုန်တက္ကသိုလ်။ ။

ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် အတည်ပြုခဲ့သဖြင့် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် နှစ်ခုတို့ ပါဝင် ဖွဲ့စည်းကာ ရန်ကုန်တက္ကသိုလ်ဟူ၍ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင်ပေါ်ပေါက်လာခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို စတင်ထူထောင်စဉ်တွင် တစ်စည်းတစ်လုံးတည်းသောစနစ် (Unitary System) ဖြင့် ထူထောင်ရန် စီစဉ်ခဲ့သော်လည်း ဂျပ်ဆင်ကောလိပ် ကို ဖျက်သိမ်းရန် သဘောမတူခဲ့သဖြင့် ကောလိပ်စနစ် ဖြင့် ဖွဲ့စည်းပြီး ရန်ကုန်ကောလိပ်ကို တက္ကသိုလ်ကောလိပ် (University College) ဟု အမည်ပြောင်း၍ တက္ကသိုလ် ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ကို ရန်ကုန်ကောလိပ် နှင့် ဆက်သွယ်ပေါင်းစည်းထားသော ကောလိပ်များ အဖြစ်သတ်မှတ်ပြီး ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

၁၉၂၄ ခုနှစ် တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ချက်အရ အခြားမြို့များတွင် ကောလိပ်များဖွင့်လှစ်ခွင့်ရရှိသည့်အလျောက် ၁၉၂၅ ခုနှစ် ဖွင့်လတွင် မန္တလေးဥပစာကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ ဤသို့ဖြင့် ရန်ကုန်တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်များကို အောက်ပါအတိုင်းဖွင့်လှစ်နိုင်ခဲ့သည်။

မန္တလေးမြို့ရှိ စိုက်ပျိုးရေးကောလိပ်သည် ၁၉၂၃-၂၄ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ပေါင်းစည်းထားသော ကောလိပ်တစ်ခုအဖြစ် အသိအမှတ်ပြုပါရန် အဆိုပြုခဲ့သော်လည်း ၁၉၃၈ ခုနှစ်တွင်မှ ရန်ကုန်တက္ကသိုလ်၏ ပေါင်းစည်းထားသော ကောလိပ်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။

| ကောလိပ် | ခုနှစ်/မြို့ |
|---|---|
| တက္ကသိုလ်ကောလိပ် | ၁၉၂၀/ရန်ကုန် |
| ဂျပ်ဆင်ကောလိပ် | ၁၉၂၀/ရန်ကုန် |
| မန္တလေးဥပစာကောလိပ် | ၁၉၂၅/မန္တလေး |
| ဆရာဖြစ်သင်ကောလိပ် | ၁၉၃၁/ရန်ကုန် |
| ဆေးကောလိပ် | ၁၉၃၁/ရန်ကုန် |
| စိုက်ပျိုးရေးကောလိပ် | ၁၉၃၈/မန္တလေး |

ရန်ကုန်တက္ကသိုလ်ကို စတင်ဖွင့်လှစ်စဉ်က အင်္ဂလိပ်စာ၊ သင်္ချာ၊ သဘာဝတ္တဗေဒ(ယခုဒဿနိကဗေဒ)၊ ရာဇဝင် (ယခုသမိုင်း)၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ အရှေ့တိုင်းဘာသာရပ်များနှင့် ဥပဒေပညာတို့ကို သင်ကြားပေးခဲ့သည်။ သုံးနှစ်ခန့်ကြာသော် မြို့ပြအင်ဂျင်နီယာ၊ သစ်တောပညာ၊ ဘူမိဗေဒနှင့် ပထဝီဝင်၊ ဘောဂဗေဒ၊ ပညာရေးဘာသာရပ်များနှင့် ဆေးပညာရပ်များကို တိုးချဲ့သင်ကြားပေးသည်။ ၁၉၃၂ ခုနှစ် မတ်လနောက်ပိုင်းတွင် မြန်မာစာကို မယူမနေရဘာသာအဖြစ် သင်ယူရသည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်ဥပစာတန်းနှင့် ဝိဇ္ဇာတန်းတွင် ကျောင်းသားထုအများဆုံးရွေးချယ်သည့် ဘာသာတွဲမှာ ပါဠိ၊ သင်္ချာ၊ ဓာတုဗေဒဘာသာရပ်များဖြစ်ကြောင်း လေ့လာသိရှိရသည်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာသဖြင့် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်၏ လုပ်ငန်းများကို မြန်မာနိုင်ငံဘုရင်ခံအမိန့်ဖြင့် ရပ်စဲခဲ့သည်။ ဂျပန်လက်အောက်ခံ မြန်မာနိုင်ငံအစိုးရသည် စိန့်ဂျွန်းမိန်းကလေးကျောင်း (ယခု လသာ အထက-၂) တွင် ဂျပန်ခေတ် ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့သည်။ ဂျပန်ခေတ်တွင် တက္ကသိုလ်



**ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်**
**ဒေါက်တာတင်ထွန်း**

၌ ဝိဇ္ဇာဘာသာရပ်များကိုသာ သင်ကြားပေးခဲ့သည်။ အပေါင်းပါ ကောလိပ်များလည်း မရှိတော့ချေ။

၁၉၆၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဗြိတိသျှအစိုးရသည် တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းခဲ့သည်။ တစ်လုံးတစ်စည်းတည်းသော တက္ကသိုလ်ဖြစ်လာသဖြင့် ကောလိပ်များကို မဟာဌာနများအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

မဟာဌာနတိုင်းတွင် မဟာဌာနမှူးများ ခန့်ထားပြီး ဆေးပညာမဟာဌာန၊ အင်ဂျင်နီယာမဟာဌာန၊ ပညာရေးမဟာဌာနတို့ကို မဟာဌာနမှူးများက အုပ်ချုပ်ပြီး ဥပဒေသိပ္ပံနှင့် ဝိဇ္ဇာပညာမဟာဌာနများကို ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးမှူးက တိုက်ရိုက်အုပ်ချုပ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ် ဇူလိုင်လမှစ၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ချက်ဥပဒေအရ စနစ်တကျပြန်လည်တည်ထောင်နိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးခေတ် ရန်ကုန်တက္ကသိုလ်သည် စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ်ကဲ့သို့ပင် သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော တက္ကသိုလ်ဖြစ်လာသည်။ ယူနစ်ထရီ( Unitary )စနစ်ဖြင့် ဖွဲ့စည်းသော ရန်ကုန်တက္ကသိုလ်တွင် မဟာဌာနများ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ၁၉၄၆ ခုနှစ်တွင် ဆေးပညာ၊ အင်ဂျင်နီယာနှင့် ပညာရေးမဟာဌာနများကိုလည်း

ကောင်း၊ ၁၉၄၇ ခုနှစ်တွင် စိုက်ပျိုးရေးမဟာဌာန၊ ဥပဒေ၊ သိပ္ပံနှင့်ဝိဇ္ဇာ မဟာဌာနများကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် လူမှုရေးသိပ္ပံမဟာဌာန (၁၉၅၈) နှင့် သစ်တောပညာမဟာဌာနတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ မဟာဌာနပေါင်းကိုးခု ဖြစ်လာသည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကာလ ရန်ကုန်တက္ကသိုလ်

တော်လှန်ရေးကောင်စီသည် ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး စနစ်သစ်ပညာရေးအရ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တက္ကသိုလ်နှင့် ကောလိပ်များကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်များကို ဝိဇ္ဇာနှင့်သိပ္ပံ ပညာရေးဆိုင်ရာ တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်ဟူ၍ နှစ်မျိုးခွဲကာ ဖွဲ့စည်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်ဟူသော တက္ကသိုလ်ကြီးနှစ်ခုမှ တက္ကသိုလ် ၁၀ ခု ပေါက်ဖွားလာခဲ့သည်။ ၎င်းတက္ကသိုလ် ၁၀ ခုမှာ -

၁။ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရန်ကုန်မြို့
၂။ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မန္တလေးမြို့
၃။ ဆေးတက္ကသိုလ်(၁) ရန်ကုန်မြို့
၄။ ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံ ရန်ကုန်မြို့
၅။ ဆေးတက္ကသိုလ် မန္တလေးမြို့
၆။ ရန်ကုန်စက်မှုတက္ကသိုလ် ရန်ကုန်မြို့
၇။ စီးပွားရေးတက္ကသိုလ် ရန်ကုန်မြို့
၈။ ပညာရေးတက္ကသိုလ် ရန်ကုန်မြို့
၉။ စိုက်ပျိုးရေးတက္ကသိုလ် မန္တလေးမြို့
၁၀။ တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် အင်းစိန် ရန်ကုန်မြို့တို့ဖြစ်သည်။

စနစ်သစ်ပညာရေး၏ ထူးခြားချက်တစ်ရပ်မှာ တက္ကသိုလ်ပညာရပ်အားလုံးကို မြန်မာဘာသာဖြင့် သင်ကြားခြင်းဖြစ်သည်။ ဘာသာတွဲစနစ်ကို မကျင့်သုံးတော့ဘဲ ဘာသာရပ်တစ်ခုကိုသာ အထူးပြု၍ အဓိကဘာသာစနစ် (Majoring System) ကို ကျင့်သုံးသည်။ စနစ်သစ်ပညာရေးတွင် သိပ္ပံပညာသင်ယူသူ ရာခိုင်နှုန်းသည် ဝိဇ္ဇာပညာသင်ယူသူ ရာခိုင်နှုန်းထက် ပိုမိုများပြားလာသည်ကို တွေ့ရသည်။

စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်သည့် ၁၉၆၄ ခုနှစ် နောက်ပိုင်းတွင် သုတေသနလုပ်ငန်းများဆိုင်ရာ မူဝါဒအဖွဲ့နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့်ညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်းခဲ့သည်။ သုတေသနလုပ်ငန်းပိုင်းဆိုင်ရာမူဝါဒအဖွဲ့ကကြီးမှူး၍ သုတေသနအဖွဲ့ ၁၁ ဖွဲ့တို့သည် ၁၉၆၆ ခုနှစ်မှစ၍ သုတေသနဆွေးနွေးပွဲများကို ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ကျင်းပခဲ့သည်။

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရန်ကုန်နှင့် ဆက်သွယ်သော ကောလိပ် သုံးခုမှာ မော်လမြိုင်ကောလိပ်၊ ပုသိမ်ကောလိပ်၊ လုပ်သားများကောလိပ်တို့ဖြစ်သည်။ တက္ကသိုလ်စာပေးစာယူသင်တန်းကို အထက်တန်းပညာဦးစီးဌာနလက်အောက်ရှိ ပညာရေးဌာနတစ်ခုအဖြစ် ၁၉၇၅-၇၆ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တက္ကသိုလ်စာပေးစာယူသင်တန်းကို အထက်တန်းပညာဦးစီးဌာနက လွှဲပြောင်းယူလိုက်သည်။ လုပ်ငန်းများကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်ဒီဂရီကောလိပ်၊ ပုသိမ်ဒီဂရီကောလိပ်၊ မကွေးဒီဂရီကောလိပ်တို့အား တာဝန်ခွဲဝေပေးပြီး သင်ကြားပို့ချစေခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ စာပေးစာယူသင်တန်းများမဟုတ်တော့ဘဲ အဝေးသင်တက္ကသိုလ်များဖြင့် သီးခြားသင်ကြားပေးလျက် ရှိနေပြီဖြစ်သည်။

၁၉၇၆-၇၇ ပညာသင်နှစ်မှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ဒေသကောလိပ် ၁၇ ခုကို ဖွင့်လှစ်ခဲ့သည်။ ၁၉၇၇-၇၈ ပညာသင်နှစ်တွင် ဒေသကောလိပ် ၁ ခု၊ ၁၉၇၈-၇၉ ပညာသင်နှစ်တွင် ဒေသကောလိပ် ၂ ခု တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ စုစုပေါင်းဒေသကောလိပ် ၂၀ ရှိလာသည်။ ၁၉၈၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဒေသကောလိပ်အားလုံးကို ပညာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းသည်။ ဒေသကောလိပ်များကို အဆင့်မြင့်ပညာဦးစီးဌာနက တိုက်ရိုက်တာဝန်ယူပြီး ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှစ၍ ဝိဇ္ဇာ၊သိပ္ပံကောလိပ်များအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုသို့

ဖွဲ့စည်းရာတွင် ရန်ကုန်တိုင်းဒေသကောလိပ်အမှတ် ၁၊ ၂၊ ၃ တို့ကို ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်အတွင်း သိမ်းသွင်းပြီး ရန်ကုန်တက္ကသိုလ်အဖြစ် ဖွဲ့စည်းခဲ့သည်။

ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့် ရွှေရတုကာလအတွင်း (၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ရက်) ၌ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးကောလိပ်၊ လုပ်သားများကောလိပ်တို့ကိုလည်းကောင်း၊ မန္တလေးမြို့တွင် မန္တလေးဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့ကိုလည်းကောင်း၊ မော်လမြိုင်ကောလိပ်၊ ပုသိမ်ကောလိပ်၊ တောင်ကြီးကောလိပ်၊ မကွေးကောလိပ်နှင့်မြစ်ကြီးနားကောလိပ်တို့ကိုလည်းကောင်း အရှိန်အဟုန်ဖြင့် မွေးဖွားနိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ ခုနစ်ဆယ့်ငါးနှစ်ပြည့် စိန်ရတုကာလအတွင်း (၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်) တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့သည် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ဟူ၍ အမည်ပြောင်းလဲခဲ့သည်။ ၁၉၈၈ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန လက်အောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံစုစုပေါင်း ၂၇ ခုရှိပြီး ဝန်ကြီးဌာနအလိုက် လက်အောက်တွင် ၃၂ ခုရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလအထိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တွင် တက္ကသိုလ် ၂၀၊ ဒီဂရီကောလိပ်လေးခုရှိပြီး (အောက်မြန်မာပြည်) တွင် တက္ကသိုလ် ၁၈ ခု၊ ဒီဂရီကောလိပ်နှစ်ခုရှိနေပြီ ဖြစ်သည်။

## နှစ်ကိုးဆယ်ပြည့်ကာလ ရန်ကုန်တက္ကသိုလ်

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်ပေါင်း ၉၀ ပြည့်ပြီဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေအရ ရန်ကုန်တက္ကသိုလ်ပညာရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားရှိသည်။

| | | |
|---|---|---|
| (က) | ပါမောက္ခချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယပါမောက္ခချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပါမောက္ခများ | အဖွဲ့ဝင် |
| (ဃ) | ဌာနမှူးများ | အဖွဲ့ဝင် |
| (င) | ဘာသာရပ်အသီးသီး၌ ကျွမ်းကျင်သည့်ပြင်ပပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (စ) | ကောလိပ်နှင့်သိပ္ပံများမှ ကျောင်းအုပ်ကြီးများ | အဖွဲ့ဝင် |
| (ဆ) | ဒီဂရီကောလိပ်များမှ ပါမောက္ခကိုယ်စားလှယ် နှစ်ဦးစီ | အဖွဲ့ဝင် |
| (ဇ) | ဌာနမှူး(သင်တန်းရေးရာ) | အဖွဲ့ဝင် |
| (ဈ) | မော်ကွန်းထိန်း(၁) | အတွင်းရေးမှူး |

ရန်ကုန်တက္ကသိုလ်တွင် (၁၉၄၅–၄၆) ခုနှစ်မှ ယနေ့အထိ ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဆရာကြီးများ၏ အမည်စာရင်းမှာ

| | |
|---|---|
| ၁၉၄၅–၁၉၄၆ | မစ္စတာအယ်လ်ထင်စီ |
| ၁၉၄၆–၁၉၄၇ | ဒေါက်တာထင်အောင် (ပညာရေး)<br>ဒေါက်တာလှဘူး (ပြန်လည်ထူထောင်ရေး)<br>ဦးဘ (အုပ်ချုပ်ရေး) |
| ၁၉၄၇–၁၉၅၈ | ဒေါက်တာထင်အောင် |
| ၁၉၅၉–၁၉၆၁ | ဒေါက်တာလှမြင့် |
| ၁၉၆၁–၁၉၆၂ | ဒေါက်တာသာလှ |
| ၁၉၆၂–၁၉၆၃ | ဦးကာ |
| ၁၉၆၃–၁၉၇၇ | ဒေါက်တာမောင်မောင်ခ |
| ၁၉၇၇–၁၉၈၃ | ဒေါက်တာမောင်ဒီ |
| ၁၉၈၃–၁၉၈၆ | ဒေါက်တာကျော်စိန် |
| ၁၉၈၆–၁၉၈၉ | ဒေါက်တာချစ်ဆွေ |
| ၁၉၈၉–၁၉၉၂ | ဦးတင်ဦးလှိုင် |
| ၁၉၉၂–၁၉၉၅ | ဒေါက်တာထွန်းမောင် |
| ၁၉၉၅–၁၉၉၈ | ဒေါက်တာတင်အောင်အေး |
| ၁၉၉၈–၂၀၀၆ | ဒေါက်တာစိုးရင် |
| ၂၀၀၆–၂၀၀၇ | ဒေါက်တာထွန်းခင် |
| ၂၀၀၇– | ဒေါက်တာတင်ထွန်း၊ |

ရန်ကုန်တက္ကသိုလ်၏ လက်ရှိသင်ကြားနေသော ဝိဇ္ဇာဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ အရှေ့တိုင်းပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသန၊ စာကြည့်တိုက်နှင့် သုတပညာတို့ဖြစ်သည်။

သိပ္ပံဘာသာရပ်များမှာ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာတို့ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂျူဗလီဟောဉ် ကျင်းပခဲ့သည်။ ဘွဲ့နှင်းသဘင် အဆောက်အအုံ ဆောက်လုပ်ပြီးစီးသော ၁၉၃၁ ခုနှစ်၌ (၁၁) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို ယင်းခန်းမ၌ ပထမဦးဆုံး အကြိမ် ကျင်းပခဲ့သည်။ ရန်ကုန်တက္ကသိုလ်နှစ်ကိုးဆယ်ပြည့်ချိန်တွင် (၁၁၇) ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်း ကို အနာဂတ်နိုင်ငံတော်၏ လိုအပ်ချက်များနှင့် အညီ မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်၏ နှစ်ကိုးဆယ်ပြည့်ချိန်တွင် ၂၁ ရာစုပညာခေတ်ဖြစ်သောကြောင့် တက္ကသိုလ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အခြေအနေတွင် ရှိနေပေသည်။ ထို့ကြောင့် ပညာရေးနယ်ပယ်၏ အဆင့်မြင့်ဆုံးဘွဲ့ဖြစ်သည့် ပါရဂူဘွဲ့ (Ph.D) သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်း ဖွင့်လှစ်ခြင်းသည် ရန်ကုန်တက္ကသိုလ်၌ အမှုထမ်းနေသောဆရာ၊ ဆရာမများအတွက်သာမက တစ်နိုင်ငံလုံးမှ သင်ကြားရေးဝန်ထမ်းများအတွက်လည်းဖြစ်သည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်ပါရဂူဘွဲ့ (Ph.D) သင်တန်းများကို ရန်ကုန်တက္ကသိုလ်၌ သင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ် ၂၀ အတွက် သင်ကြားပို့ချနေပြီဖြစ်သည်။ ယနေ့အထိ ပါရဂူဘွဲ့ရရှိသူ ၂၃၈၂ ဦးကို မွေးထုတ်ခဲ့ပြီး (၁၁၇) ကြိမ်မြောက်ဘွဲ့နှင်းသဘင်တွင် ပါရဂူဘွဲ့ရရှိသူ ၄၁၉ ဦးကို ဘွဲ့များအပ်နှင်းနိုင်ခဲ့သည်။

မဟာတန်း၊ မဟာသုတေသနတန်းနှင့် ပါရဂူ သင်တန်းဝင်ခွင့်အတွက် အင်္ဂလိပ်စာတတ်ကျွမ်းမှုကို စစ်ဆေးသည့်စာမေးပွဲ Test of English as a Foreign Language for Advanced Studies (TEFLAS) အစီအစဉ်ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေသောကာလဖြစ်ရာအဆင့်မြင့်ပညာကဏ္ဍအတွက် အင်္ဂလိပ်စာသင်ကြားရေး အဆင့်မြှင့်တင်ပေးခြင်းဖြင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ သို့မှသာလျှင် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်နိုင်မည်ဖြစ်သည်။

အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အတွက် တက္ကသိုလ်များတွင် အားကစားများဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ခြင်းဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်အပါအဝင်တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ ဂျူဒိုပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အေရိုးဗစ်ပြိုင်ပွဲ၊ ခြေလျင်တောင်တက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲစသည့် အားကစား ၁၄ မျိုးကို အားကစားနှင့် ကာယပညာ ကော်မတီများဖွဲ့စည်းကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

အရည်အချင်းမြင့်မားသော အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မှုလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပြီး အဓိကကဏ္ဍမှ ပါဝင်နေသော လုပ်ငန်းဖြစ်သည်။ သုတေသနလုပ်ငန်းသည် တက္ကသိုလ်၏အသက်ဖြစ်သကဲ့သို့ ပညာရှင် အသီးသီးကို ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော အရည်အသွေးများ မြင့်မားသည်ထက် မြင့်မားလာစေရန်

လှေ့ကျင့်ပေးသည့်လုပ်ငန်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် သုတေသနပညာရှင်များသည် ပညာရပ်ကို စူးစမ်းရှာဖွေသော သုတေသနကို စဉ်ဆက်မပြတ် လုပ်ဆောင်ရမည်ဖြစ်ပြီး နည်းပညာတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မည့် သုတေသနပညာရှင်များအထိ ဆက်လက်ဆောင်ရွက်သွားရန် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲများ၌ ဆွေးနွေးအကြံပြုလျက် အစီအစဉ်များချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်၏ နှစ်ကိုးဆယ်ခရီးကဏ္ဍတွင် အထူးဖော်ပြလိုသည်မှာ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကို ခံခဲ့ရခြင်းဖြစ်သည်။ နာဂစ်မုန်တိုင်းသည် မြန်မာ့သမိုင်းတွင် အဆိုးဝါးဆုံးသော သဘာဝကပ်ဘေးဖြစ်သည်နှင့်အညီ ရန်ကုန်တက္ကသိုလ်နယ်မြေ၌လည်း အကြီးမားဆုံးပျက်စီးစေခဲ့သည်။

တစ်ချိန်က အရှေ့တောင်အာရှတွင် အလှပဆုံးတက္ကသိုလ်တစ်ခုအဖြစ် ကျော်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်သည် သဘာဝဥယျာဉ်ကြီးသဖွယ် စိမ်းစိုခဲ့သော နယ်မြေဖြစ်သော်လည်း မုန်တိုင်းဒဏ်ကြောင့် အကြီးဆုံးသောသစ်ပင်ကြီးများပင် ပြိုလဲပျက်စီးခဲ့သည်။ သို့ရာတွင် တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုဖြင့် လဲပြိုသွားသော သစ်ပင်များနေရာတွင် အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ သင်္ကေတတစ်ခုဖြစ်သော သစ်ပုပ်ပင်ကြီးကမူ ထီးထီးမားမားကျန်ခဲ့ကြောင်း တွေ့ရှိရသည်။

တက္ကသိုလ်များဗဟိုစာကြည့်တိုက်နှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တို့သည် ရန်ကုန်တက္ကသိုလ်၏ သင်တန်းဌာန ဘာသာရပ်အသီးသီးအတွက်လည်းကောင်း၊ ဆရာ ဆရာမများအတွက်လည်းကောင်း၊ ကျောင်းသူကျောင်းသားများအတွက်လည်းကောင်း အကောင်းဆုံးနှင့် အထိရောက်ဆုံး ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်များဗဟိုစာကြည့်တိုက်နှင့် တက္ကသိုလ်အသီးသီးရှိ စာကြည့်တိုက်များတွင် Electronic Information Resource Center အဖြစ် အသွင်ကူးပြောင်းရန် Union Catalogue များပြုလုပ်လျက်ရှိခြင်း၊ အလွန်ရှားပါးနေပြီဖြစ်သည့် Burma (Myanmar) Gazetter Series ထဲမှ အချို့ကိုလည်းကောင်း၊



**ပညာရေးဝန်ကြီးဒေါက်တာချမ်းငြိမ်း ရူပဗေဒဌာနကို ကြည့်ရှုစစ်ဆေးစဉ်**

အခြားရှားပါးသည့် Books of Myanmar စာအုပ်များကိုလည်းကောင်း၊ Full Text CD Rom ပေါ်ရေးသားခြင်း၊ Inscription of Burma (Myanmar) ကဲ့သို့ ရှားပါးသော ကျောက်စာထုပ်များကို Full Text CD Rom Digitized ပြုလုပ်ပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အနေဖြင့်လည်း ဟောင်းနွမ်းဆွေးမြေ့ ပျက်စီးနေသော ရှားပါးစာအုပ်များကို Scanner ဖြင့် ကူးယူခြင်း၊ CD-Rom အဖြစ် ထိန်းသိမ်းခြင်း၊ ပေစာများကို စနစ်တကျ စာရင်းသွင်းထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သုတေသီများအနေဖြင့် e-Library Website တွင် Electronic Information များ ရှာဖွေကြည့်ရှုခြင်း၊ Internet Access နှင့် e-Book များ အခမဲ့အသုံးပြုနိုင်ရန် ADSL လိုင်းချိတ်ဆက်တပ်ဆင်ထားပြီး Electronic Resource Centre အသွင်ကူးပြောင်းလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်၏ ရွှေရတုသဘင်အခမ်းအနားကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ၌တွင် (က) တက္ကသိုလ်ဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်ရေး (ခ) ပြည်ထောင်စုစည်းလုံးညီညွတ်ရေး(ဂ) ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးတွင် တက္ကသိုလ်များ ပါဝင်လှုပ်ရှား

ရေးဟူသော ဦးတည်ချက်သုံးရပ်ဖြင့် ကျင်းပခဲ့သည်။

၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင်လည်း ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကို(က) တက္ကသိုလ်၏ဂုဏ်သိက္ခာ ဆက်လက်မြင့်တင်ထိန်းသိမ်းရေး၊ (ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်များကို ထိန်းသိမ်းဖော်ညွှန်းသည့် ပညာရေးစနစ် တိုးတက်ဖော်ဆောင်ရေး၊ (ဂ) အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ပညာရေးစနစ် ဖော်ဆောင်ဖြစ်ထွန်းရေး၊ (ဃ)နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်စနစ်များနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ် ဆက်လက်ဖော်ဆောင်မြှင့်တင်ရေး၊ (င) ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် ထက်မြက်ထူးချွန်သည့် ပညာရှင်များ ပြုစုပျိုးထောင်ရေးဟူသော ဦးတည်ချက် (၅) ရပ်ဖြင့် ကျင်းပခဲ့ပြီး ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ်ကိုးဆယ်ပြည့်ပြီဖြစ်သော ရန်ကုန်တက္ကသိုလ်သည် ဘဝအဖုံဖုံ ကူးပြောင်းခဲ့ပြီး နိုင်ငံ၏လွတ်လပ်ရေးတိုက်ပွဲများတွင် လည်းကောင်း၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် လည်းကောင်း ပြောင်မြောက်သောအခန်းက ပါဝင်ခဲ့ပါဝင်ဆဲပင်ဖြစ်သည်။

**နယ်ခြားစောင့်တပ်။** ။ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများကို နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းရေး အစီအစဉ်အရ NDAK အဖွဲ့၏ နယ်ခြားစောင့်တပ်များကို ကချင်ပြည်နယ် ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့၌ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့သည်။ လုပီဒေသနယ်ခြားစောင့်တပ် ဖွင့်လှစ်ပွဲသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မောင်မောင်အုန်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ကချင်ပြည်နယ်အထူးဒေသ (၁) အဖွဲ့ခေါင်းဆောင်နှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

တစ်ချိန်တည်းမှာပင် ဂန့်ဂွင်းနှင့် စင်ကြိုင်ဒေသတို့တွင်လည်း နယ်ခြားစောင့်တပ်များဖွင့်လှစ်သည့်အခမ်းအနားကို ကျင်းပသည်။ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အထူးဒေသ(၁)မှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အဆိုပါအခမ်းအနားများတွင် အသစ်ဖွင့်လှစ်သည့် တပ်နေရာအသီးသီး၌ နိုင်ငံတော်အလံ လွှင့်တင်ခြင်း၊ တပ်မတော်သားတစ်ဦးအဖြစ်သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များ တပ်ဆင်၍ ရာထူးခန့်အပ်တာဝန်ပေးအပ်ခြင်းများ ပြုလုပ်သည်။ တိုင်းမှူး၊ နယ်မြေစောင့်တပ်များ ညွှန်ကြားရေးမှူးနှင့် အထူးဒေသ(၁)အဖွဲ့ခေါင်းဆောင်တို့က အမှာစကားအသီးသီးပြောကြားကြသည်။

အဆိုပါနေ့ရက်နှင့် တစ်ချိန်တည်းမှာပင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ကယားပြည်နယ် ပန်တိန်းနှင့် ဇွပ်ပိုင်ဒေသတို့တွင် ကျင်းပသည်။ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် ဇွပ်ပိုင်ဒေသတွင်လည်းကောင်း၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ပန်တိန်းဒေသတွင်လည်းကောင်း၊ အသီးသီးတက်ရောက်ဖွင့်လှစ်၍ အခမ်းအနားသို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ ကယားပြည်နယ်အထူးဒေသ (၂)မှ ဦးထွန်းကျော်နှင့် အခြားပုဂ္ဂိုလ်များဒေသခံပြည်သူများ တက်ရောက်ကြသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်လာခဲ့သည်။ သို့သော်

မြန်မာနိုင်ငံလွတ်လပ်ရေးသည် ရွှေရည်စိမ် လွတ်လပ်ရေးဟု ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)နှင့် လက်ဝဲစွန်းများက ဆိုကြသည်။ လွတ်လပ်ရေးကို လက်ခံ သည့် ဖဆပလခေါင်းဆောင်များကို တိုင်းပြည်သစ္စာဖောက်များအဖြစ် ယိုးစွပ်လာသည်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဆက်လက်ဆင်နွှဲရမည်ဟု ဟန်ချီပြီး ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗကပတို့ စတင်တောခိုခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ပြည်ပကျူးကျော်စစ်ကို ရင်ဆိုင်ရသည်။ ကေအမ်တီ(တရုတ်ဖြူ)တပ်များ အလုံးအရင်းဖြင့် ကျူးကျော်ခဲ့သည်။ သံလွင်အရှေ့ခြမ်းတစ်ခုလုံးမှသည် ကရင်၊ မွန်ဒေသအထိ ချဲ့ထွင်သိမ်း ပိုက်ရန်လှုပ်ရှားခဲ့သည်။ သောင်းကျန်းသူများသည်လည်း ရန်ကုန်၊ အင်းစိန်တိုင်အောင် ထိုးဖောက်ဝင်ရောက်လာသည်။ ဤတွင် တပ်မတော်အင်အားနှင့်အတူ ပြည်သူလူထုက ပူးပေါင်းလက်တွဲတိုက်ပွဲဝင်ခဲ့သည်။ နိုင်ငံရေးပါတီများ၏ အချင်းချင်းအပြန်အလှန်တိုက်ခိုက်မှုများက ဒေသခံပြည်သူများကို ဘေးဒုက္ခအန္တရာယ်အသွယ်သွယ်ကြုံတွေ့ခံစားစေသကဲ့သို့ရှိသည်။

အာဏာရပါတီအတွင်း အကွဲအပြဲများ၏ ဂယက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုကို အင်အားကြီးစွာ ရိုက်ခတ်သည်။

ပြည်တွင်းလက်နက်ကိုင်ဆူပူမှုသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိမ့်ကျစေသည်။ ဒေသခံပြည်သူတို့ မြေဇာပင်ဖြစ်ကြရသည်။ ထိုစဉ်က နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစားခဲ့သည်။ ဝါဒရေး၊ လူမျိုးရေး အစွန်းထွက်မှုများ၊ အမြတ်ထုတ်လိုမှုများကြောင့် ငြိမ်းချမ်းရေးသည် နီးလိုလျက်နှင့် ဝေးခဲ့ရသည်။

အလံဖြူ၊ အလံနီ ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ ကေအင်န်ဒီအို၊ အမ်အင်ဒီအို၊ ပျူစောထီး၊ လဲဗြီးကာကွယ်ရေးမှသည် ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု၊ မဒညတ(အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု)၊ သုံးပါတီတပ်ပေါင်းစု၊ တညလ (တိုင်းရင်းသားညီညွတ်ရေးလူမျိုးပေါင်းစုံအဖွဲ့)၊ ပမဒတ (ပြည်ထောင်စုအမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု)၊ ဒညတ (ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု)၊ CRDB (Council for Restoration of Democracy in Burma) စသည်ဖြင့် ပြည်တွင်းအဖျက်မျိုးစုံတို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ပြုလျက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အချက်အလက်များကို ထုတ်နုတ်၍ စီမံဆောင်ရွက်ခဲ့သည်။ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို အခိုင်အမာတည်ဆောက်နိုင်ရန်အတွက် ယခင်နှင့်မတူညီသည့် မူဝါဒပြောင်းလဲသတ်မှတ်၍ ဖြေရှင်းဆောင်ရွက်ခြင်းနည်းလမ်း၊ နိုင်ငံရေးကိစ္စရပ်များကို အမျိုးသားညီလာခံတွင် ညှိနှိုင်းအဖြေရှာသည့် နည်းလမ်း၊ ထာဝရငြိမ်းချမ်းရေးအတွက် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လိုက်နာဆောင်ရွက်ရေး ညှိနှိုင်းသဘောတူမှု နည်းလမ်းများကို အခြေခံ၍ ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ နောက်ပိုင်းတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် လက်နက်ကိုင်အဖွဲ့အစည်းကြီးငယ် ၂၀ ကျော် ရှိခဲ့သည်။ အဆိုပါအဖွဲ့အသီးသီးသည် အမိရင်ခွင်သို့ ရောက်ရှိပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထမ်းဆောင်ခွင့်ရရှိကြမည်ဖြစ်သည်။

စတုရန်းမိုင်ပေါင်း ၂၆၀,၀၀၀ ကျော် ကျယ်ဝန်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေထိစပ်မှု ၁၃၈၅ မိုင်ခန့်ကို အခိုင်အမာကာကွယ်ရန် အင်အားတောင့်တင်းသည့် အင်အားစုလိုအပ်ရာ နယ်ခြားစောင့်တပ်၏ အရေးပါထိရောက်သည့် ကဏ္ဍများ ပိုမိုပေါ်လွင်လာခဲ့သည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင် Border Security Force(BSF)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Border Guard Bangladesh (BGB)၊ ပါကစ္စတန်နိုင်ငံတွင် Frontier Corps (FC)၊ ထိုင်းနိုင်ငံတွင် BPP၊ လာအိုနိုင်ငံတွင် PAP ဟူ၍ရှိသည်။ ထိုအဖွဲ့အစည်းတို့သည် သက်ဆိုင်ရာဌာန၏ တစ်ခုတည်းသောလက်နက်ကိုင်အဖွဲ့အစည်း၏ ကွပ်ကဲမှုအောက်တွင် ရှိကြသည်ကိုတွေ့ရသည်။

လွတ်လပ်ရေးသက်တမ်းနှင့်အမျှ လက်နက်ကိုင် လှုပ်ရှားခဲ့ကြသူများသည် ယနေ့အချိန်အခါတွင်

တပ်မတော်၏ အစိတ်အပိုင်းအဖြစ်လည်းကောင်း၊ အရာရှိစစ်သည်များအဖြစ်လည်းကောင်း တာဝန်နှင့် ခံစားခွင့်တို့ ရရှိကြမည်ဖြစ်သည်။ တပ်မတော်ဆိုင်ရာ လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ တတ်ကျွမ်းနားလည်လိုက်နာကျင့်သုံးရမည့် စည်းကမ်းများ၊ စစ်ရေးအတတ်၊ အုပ်ချုပ်မှုအတတ်တို့မှာ တပ်မတော်၏ ခြားနားမှုမရှိသော အခြားအဖွဲ့အစည်းများနည်းတူ လိုက်နာအကောင်အထည်ဖော်ကြရမည်ဖြစ်ရာ အရာရှိများကို တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတွင်လည်းကောင်း၊ အကြပ်/အကြပ်ကြီးများသည် ဆိုင်ရာ သင်တန်းကျောင်းများတွင်လည်းကောင်း၊ အရာခံများမှာလည်း တပ်မတော်သင်တန်းကျောင်းတွင် တက်ရောက်သင်ယူလေ့လာကြရသည်။ လစာ၊ ရိက္ခာနှင့် ဆေးဝါးကုသခွင့်၊ မိသားစုဝင်များ၊ လူပျိုစစ်သည်များနေထိုင်ရန် ရိပ်သာလိုင်းခန်းများ၊ အုပ်ချုပ်မှုအထောက်အကူများမှာ တပ်မတော်သားများနည်းတူ ခံစားရရှိကြမည်ဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)၊ ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကို လောက်ကိုင်ခရိုင် စီအော်ဒေသတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ငွေစာရင်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုးကန့်ဒေသယာယီဦးစီးကော်မတီဝင် ဦးပယ်စောက်ချိန်နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

၂၀၁၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်ခြားစောင့်တပ်ဖွင့်ပွဲကို မက်မန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်း ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်လှိုင်မြင့်၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုအင်အား ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မြိုင်ကြီးငူဒေသ၌ ပြုလုပ်ခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးချုပ်ဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒီကေဘီအေမှအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့ဝင်များ စည်ကားစွာ တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကား ပြောကြားခဲ့သည်။

အလားတူစွာ ၂၀၁၀ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်နေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ တာဝန်ရှိသူများ၊ ဒီကေဘီအေတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူကွမ်ဘီ၊ နောင်ဘိုကြီး၊ ထန်းတပင်၊ ကြက်တူရွေး၊ အထက်ပိုင်ကျုံ၊ ဒိုင်းပြ၊ ဝင်းစိန်နှင့် တောဝန်ကျေးတို့မှ ဒုံးယိမ်းအဖွဲ့ ရှစ်ဖွဲ့တို့လည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါနေ့မွန်းလွဲပိုင်းတွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ) အဖွဲ့၏ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲကို ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ပြုလုပ်ခဲ့သည်။ တပ်မတော် အကြီးအကဲများနှင့်အတူ ဒီကေဘီအေအဖွဲ့ ဒုတိယ ဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ထို့ အပြင် ကရင်တိုင်းရင်းသူများ၊ ရှမ်းတိုင်းရင်းသူများ၊ မွန်ရိုးရာအကအဖွဲ့၊ ရှေ့ရှမ်းနှင့် မဲပလဲ့ရွာများမှ ရှမ်းရိုးရာ အကအဖွဲ့များ၊ ရွှေကုက္ကိုရွာ ဘင်ခရာနှင့် ပန်းပွားအက အဖွဲ့များ၊ ဒေသခံပြည်သူများလည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၂ ရက်နေ့ နံနက် ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူ သံကျေးရွာ၌ ဒီကေဘီအေအဖွဲ့၏ နယ်ခြားစောင့်တပ် များ ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့သည်။ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီး ဌာနမှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒီကေဘီအေ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့စစ်များ၊ မြို့နယ် အသင်းတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့ ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ကွင်းကလေးဒေသ၌ ဒီကေဘီ အေအဖွဲ့၏ နယ်ခြားစောင့်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်အသင်းတာဝန်ရှိသူ များ၊ လူမှုရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ နှင့် ဒေသခံပြည်သူများ၊ ခရိုင်အသင်းတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အလားတူစွာ အဆိုပါနေ့မွန်းလွဲပိုင်းတွင် ကရင် ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရော အထူး ဒေသ) ၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ပြုလုပ်ခဲ့သည်။ မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီး ဌာန ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်း ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူး ဒေသ) မှ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြ သည်။

**ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု** ။ ။ ပြန်ကြား ရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ် ငန်းက ကြီးမှူးကျင်းပသော ၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့ နယ်ရှိ ချန်ထရီယမ်ဟိုတယ်၌ ကျင်းပသည်။ အခမ်း အနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း တက်ရောက်ပြီး ဆုများကို ပေးအပ်ချီးမြှင့် သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနာယက ပုံနှိပ် ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ငြိမ်းက အဖွင့်အမှာစကားပြောကြားသည်။

၎င်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါက်တာသိန်းညွှန့် (ညွန့်ဝေ –ကသာ)အားလည်းကောင်း၊ ကဗျာပေါင်းချုပ် ဆုတွင် ရေကြည်စမ်းနှင့် ပန်းပင်လယ်ကဗျာများ စာအုပ်ဖြင့် ပထမဆုရဇာနည်ကိုယ်စား ဦးလှမျိုးအားလည်းကောင်း၊ တေးသီငှက်၏မနက်ဖြန်ကဗျာစု စာအုပ်ဖြင့် ဒုတိယ

ဆုရ အောင်သာဆန်း(သံတွဲ) အားလည်းကောင်း၊ ပန်းသတင်းနှင့် သွန်းလေညင်း ကဗျာစုစာအုပ်ဖြင့် တတိယဆုရ ခက်ဇော်အား လည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် တာရာသိင်္ဂီစာအုပ်ဖြင့် ပထမဆုရကို (တက္ကသိုလ်) နှင့်သက်တံရောင်စဉ် မြေပြင်နမ်းတဲ့ တောင်တန်းမြင့် နတ်ပန်းချီစာအုပ်ဖြင့် ဒုတိယဆုရ ကိုနိုင်း (ချင်းတောင်) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနာယက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ဝတ္ထုတိုပေါင်းချုပ်ဆုတွင် သောင်ယံကမ်းမှ အလွမ်းလက်ကျန်နှင့် အခြားဝတ္ထုတိုများ စာအုပ်ဖြင့် ဒုတိယဆုရ သွဲ့ထားညို (သက္ကလ)အားလည်းကောင်း၊ ရွာရန်ရာနှုန်းလေးဆယ်သာနှင့် အခြားဝတ္ထုတိုများစာအုပ်ဖြင့် တတိယဆုရ မျိုးသူရိယအားလည်းကောင်း၊ ကျမ်းစာပေဆုတွင် ရှင်မတောင်မှ ဇေယျဝတီသို့ စာအုပ်ဖြင့် ပထမဆုရ တင်မြင့်အားလည်းကောင်း၊ ကျော်ကြားခဲ့ ကျော်ကြားဆဲ ဓမ္မပူဇာတေးသီချင်းများ စာအုပ်ဖြင့် ဒုတိယဆုရ တက္ကသိုလ်ခင်မောင်ဇော်အား လည်းကောင်း၊ သုတေသနစာပေဆုတွင် မြန်မာ့ဝါ၊ မြန်မာ့နီးဘုရား၊ မြန်မာ့ဝါးထရံ စာအုပ်ဖြင့် ဒုတိယဆုရ မေမြို့ချစ်ဆွေနှင့် ကော့ဝွန်းဂူရှိရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စာအုပ်ဖြင့် တတိယဆုရ မောင်မောင်နန်းနွယ်တို့အားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ပခုက္ကူ စာကြည့်တိုက်စာအုပ်ဆုရရှိကြသော ဗုဒ္ဓ၏တရားဦးစာအုပ်ကို ရေးသားသူ နော်ရထာဝင်းကိုယ်စား ဒေါ်ခင်ဆွေနှင့် အမေနှင့်ကျွန်တော်စာအုပ်ကို ရေးသားသူပါမောက္ခ ဒေါက်တာခင်မောင်ဝင်း(အသည်း)တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုရရှိကြသော မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ မောင်စိုးသီဟ (ဒုတိယနှစ်–ဂီတအထူးပြု) နှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မအေးစုမွန် (ဒုတိယနှစ်–ဂီတအထူးပြု) တို့အားလည်းကောင်း၊ ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသော မတင်ဇာနိုင် (ပဲခူးဒီဂရီကောလိပ်)၊ မသင်းလဲ့စံ(ရတနာပုံတက္ကသိုလ်)၊ မောင်သီဟအောင် (ရွှေဘိုဒီဂရီကောလိပ်)နှင့် မခင်မိုးအေး (ကလေးတက္ကသိုလ်) တို့အားလည်းကောင်း၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းဇေယျ၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်နှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၂၃) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းခမ်းထွေးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ပညာရည်ချွန်ဆု အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ မထူးမွန်ခိုင်၊ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မချစ်ချစ်ဆောင်းဦးနှင့် တတိယဆုရ ကချင်ပြည်နယ်မိုးညှင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မထိုက်နန္ဒာပိုင်တို့အားလည်းကောင်း၊ ပညာရည်ချွန်ဆု သင်္ချာဘာသာရပ်တွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်ဆုစံ၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းမှ မဆွေဇင်လင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဆုမြတ်ရတနာလွင်တို့အားလည်းကောင်း၊ ပညာရည်ချွန်ဆု ရူပဗေဒဘာသာရပ်၊ ဓာတုဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့တွင် ပထမဆုရ ရန်ကုန်တိုင်း

ဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မထွဋ်မြတ်နိုးအောင်အားလည်းကောင်း၊ ပညာရည်ချွန်ဆု ဘောဂဗေဒဘာသာရပ်တွင် ပထမဆုရ မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မနှင်းယုနိုင်အားလည်းကောင်း၊ ပညာရည်ချွန်ဆု ပထဝီဘာသာရပ်တွင် ပထမဆုရ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့မှ မဇကရီစိုးနှင့် ပညာရည်ချွန်ဆု သမိုင်းဘာသာရပ်တွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်ရဲအောင်တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားပြီး ၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါက်တာ သိန်းညွန့် (ညွန့်ဝေ–ကဿာ)က ကျေးဇူးတင်စကားပြောကြားသည်။

**ပညာရေးစုံညီပွဲတော်။** ။ပညာရေးဝန်ကြီးဌာန ၂၀၀၉–၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ နေပြည်တော် ဇေယျာသီရိမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ၎င်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ထူးချွန် ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပညာရေးစုံညီပွဲတော် ပညာရေးဖွံ့ဖြိုးမှု ဗဟိုပြကွက်၌ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ ပညာရေးကဏ္ဍနှစ် ၃၀ နှစ်ရည်မှန်းစီမံကိန်းလုပ်ငန်းများနှင့် ဝန်ကြီးဌာန၏ရည်ရွယ်ချက်များ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ သင်ကြားသင်ယူမှုပြကွက်၊ နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုပြကွက်၊ ပညာရေးစွမ်းဆောင်မှုမှတ်တမ်းပြကွက်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုပြကွက်၊ အခြေခံပညာကျောင်းသားကျောင်းသူများ၏ ပန်းချီအနုပညာပြခန်း၊ တက္ကသိုလ်ကောလိပ်အသီးသီး၏ သုတေသနဆောင်ရွက်ချက်များ၊ ပညာရေးဝန်ကြီးဌာန သိပ္ပံပစ္စည်းအလုပ်ရုံမှ ထုတ်လုပ်သည့် သိပ္ပံပစ္စည်းများ၊ ကျောင်းပညာရေးနှင့်ကျောင်းပြင်ပပညာရေးပြကွက်၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထုတ်ဝေသော စာအုပ်စာစောင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ မှတ်တမ်းပြကွက်၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် ထူးခြားစွာ ကျောင်းတက်ရောက်လာနိုင်သည့် ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၉–၂၀၁၀ ပညာသင်နှစ် ဂုဏ်ထူးဆောင် ကျောင်းသား ကျောင်းသူများ၏ မှတ်တမ်းများကို ခင်းကျင်းပြသထားသည်။

ပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းသားကျောင်းသူများ၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲ၌ နေပြည်တော် ဇေယျာသီရိမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'မြန်မာ့ကျောင်း' တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများက 'စုံညီပွဲတော်တို့နွဲပျော်' တေးသီချင်းနှင့် 'အောင်စေပိုင်စေ' အဆိုအကများဖြင့်လည်းကောင်း၊ အကြားအာရုံချို့ယွင်းသော ကျောင်းသားကျောင်းသူများက 'ပန်းဥယျာဉ်' ယိမ်းအကဖြင့်လည်းကောင်း၊ ၂၀၀၉



**အိမ်တွင်းမှုပြခန်းတွင် ကျောင်းသူလေးများ လက်တွေ့သရုပ်ပြနေစဉ်**

ခုနှစ် အာရှလူငယ်တံခွန်စိုက်ပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများက ဂုရှူးလက်သိုင်းကွက်၊ ကျွန်စု

(စားသိုင်း) ကစားကွက်၊ သွေ့လျှန် (သုံးယောက်တွဲ တိုက်) ကစားကွက်များဖြင့်လည်းကောင်း ဖျော်ဖြေ တင်ဆက်ကြသည်။

ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၃ ရက်နေ့တွင် နေပြည်တော် ဇေယျာသီရိမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်း အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာ ၂၀၁၀ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာ ထူးချွန် ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးတို့က ၂၀၀၉–၂၀၁၀ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများ၊ အဋ္ဌမအကြိမ်မြောက်



၂၀၁၀–၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား

ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၉–၂၀၁၀ ပညာသင်နှစ် အတွင်း ဆောင်ရွက်ခဲ့သော ပညာရေးလုပ်ငန်းဆောင် ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ၂၀၀၉–၂၀၁၀ ပညာ သင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်က ၂၀၀၉– သင်္ချာအိုလံပစ် ပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများ၊ မြန်မာနှင့်နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးဓလေ့ တတ်ကျွမ်းမှု ပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာ ပန်းချီပြိုင်ပွဲ ရွေးချယ်ဆိပ်ဆုရ ကျောင်းသား ကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲ ရွေးချယ်ဆိပ်ဆုရ ကျောင်းသားကျောင်းသူများ၊ ကျောင်း နှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများ၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး စီမံချက်အရ ထူးခြားသည့် ကျောင်း သားကျောင်းသူများနှင့် ဂုဏ်ထူးဆောင်ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီး မြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ ။**
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် ပုဂ္ဂလိက ကဏ္ဍကိုဦးဆောင်လျက် ညီနောင်အသင်း ၆၀ ခန့်နှင့် အတူ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အကြီးမားဆုံး သော အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ရပ် (Non Governmental Organization-NGO) ဖြစ်သည်။

အသင်းကြီးကို အစုရှယ်ယာများဖြင့် ဖွဲ့စည်း ထားခြင်းမဟုတ်ပေ။ အသင်းသားများ၏ဝင်ကြေး၊ နှစ်စဉ် ကြေးရငွေများ၊ လှူဒါန်းငွေများ၊ ဝန်ဆောင်မှုမှရငွေများ ဖြင့်သာ ရန်ပုံငွေရှာဖွေခွင့်ရှိပြီး အမှုဆောင်များသည် ငွေကြေး၊ လစာခံစားရယူခြင်းမရှိချေ။

အသင်းချုပ်ကြီးသည် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအကြားတွင် ပေါင်း ကူးသဖွယ် တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ ပြည်ပနိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်း စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်းလျက် မြန်မာ့စီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ တိုးတက်အောင်မြင်ပြီး ကမ္ဘာ့စီးပွားရေး မျက်နှာစာတွင် မြန်မာ့စီးပွားရေးလုပ်ငန်းများ တိုးချဲ့ ဝင်ရောက်နိုင်အောင် ကြိုးပမ်းခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက် စီးပွားရေးစနစ် ကျင့်သုံးနေသည့်အလျောက် နိုင်ငံတော် စီးပွားရေးလုပ်ငန်းအများစုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အရှိန်အဟုန်တိုးမြှင့်လာသောကြောင့်လည်း အသင်းချုပ် ကြီး၏အခန်းကဏ္ဍမှာ ပိုမိုမြင့်တက်လာသည်။

အင်္ဂလိပ်အစိုးရလက်ထက် ၁၉၀၆ ခုနှစ်တွင် နိုင်ငံခြားသားကုန်သည်များသာပါဝင်သော မြန်မာ နိုင်ငံကုန်သည်များအသင်း (Burmese Chamber of Commerce-BCC) ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် မြန်မာတိုင်းရင်းသားကုန်သည်ကြီးများ စုစည်း၍ 'စီးပွားရေးခိုင်ခံ့မှ အမျိုးသားစိတ်ဓာတ် တည်မြဲ နိုင်မည်' ဟူသောခံယူချက်ဖြင့် မြန်မာတိုင်းရင်းသား ကုန်သည်များသာပါဝင်သော မြန်မာကုန်သည်များ အသင်း (Burmese Chamber of Commerce-BCC) အမည်ဖြင့် ဖွဲ့စည်းခဲ့သည်။ ပထမဆုံးဥက္ကဋ္ဌမှာ ဦးမောင်မောင်အုန်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ် ရေးရပြီးနောက် နိုင်ငံတော်အစိုးရ၏ အားပေးမှုကြောင့် အသင်း၏အခန်းကဏ္ဍမြင့်မားလာပြီး တိုင်းရင်းသား လုပ်ငန်းရှင်များကို ဦးဆောင်မှုပေးရန် အသင်းဥက္ကဋ္ဌ ဟသ်ာတဦးမြအား ဖဆပလအစိုးရအဖွဲ့တွင် ဝန်ကြီး တာဝန်ပေးအပ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပုဂ္ဂလိက လုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့သဖြင့် ပုဂ္ဂလိက ကုန်သည်များ၏ အခန်းကဏ္ဍမှာ ပျောက်ကွယ်သွားခဲ့ သည်။ ထို့နောက် ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာ ပြန်လည် ပေါ်ပေါက်လာကာ ၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကုန်သည်အသင်းများကို ဦးဆောင်မှုပေးမည့် ကုန်သည် ကြီးများအသင်း (Leading Chamber) အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ( UMCCI-Union of Myanmar Chamber of Commerce and Industry) ကို ဖွဲ့စည်းခဲ့ သည်။ ပထမဆုံးဥက္ကဋ္ဌမှာ မြတ်ဦးယုဆိုင်ဖြစ်သည်။ ထို့နောက် ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်စီးပွားရေးကဏ္ဍ အသီးသီး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် အခြားလုပ်ငန်းရပ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ( Union of Myanmar Federation of Chambers of Commerce and Industry- UMFCCI) အဖြစ် အဆင့်မြှင့်၍ ဖွဲ့စည်းခဲ့သည်။

အသင်းကြီး၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော် ၏စီးပွားရေးကို အကောင်အထည်ဖော်ရာတွင် တက်ကြွ စွာပါဝင်ပြီး မြန်မာ့စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရန်နှင့် ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင်

ပါဝင်ပြီး ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။

အသင်းချုပ်၏ အသင်းသားအဖြစ် ပါဝင်ရမည့် အသင်းအဖွဲ့များမှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၆ အရ ဖွဲ့စည်းထားသော ပြည်နယ်နှင့်တိုင်းအဆင့် ကုန်သည်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်အသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက်ဖွဲ့စည်းထားသောကုန်သည် အသင်းများ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် အစုစပ်လုပ်ငန်း အက်ဥပဒေများမှ အပ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့်စီးပွားရေးဆိုင်ရာဗဟိုအဆင့် အသင်းအဖွဲ့များ၊




**အသင်းချုပ်မှထုတ်ဝေသောစာစောင်**

သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းအလိုက်စုစည်း၍ သီးခြားဖွဲ့ စည်းထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ များသည် အသင်းချုပ်တွင် အသင်းသားအဖြစ် ပါဝင်ရမည်ဖြစ်သည်။

အသင်းသားအဖြစ်ပါဝင်ခွင့်ရှိသူများမှာ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေ၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် အစုစပ်လုပ်ငန်းအက်ဥပဒေများအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသော ကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီလီမိတက်များ၊ ကော်ပိုရေးရှင်းများ၊ အစုစပ်လုပ်ငန်းများနှင့် စီးပွားရေးအသင်းအဖွဲ့များက မိမိတို့လုပ်ငန်းနှင့် ကုန်ပစ္စည်းအမျိုးအစားအလိုက် စုစည်း၍ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် အသင်းချုပ်တွင် အသင်းသားအဖြစ်ပါဝင်ရန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုသည့်ပုဂ္ဂိုလ်များသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ဤအသင်းချုပ်တွင် အသင်းသားအဖြစ် ပါဝင်ခွင့်ရှိသည်။

၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ အသင်းသားဦးရေမှာ ညီနောင်အသင်း ၅၁ သင်း၊ မြန်မာကုမ္ပဏီ ၁၄၄၀၆ ခု၊ အင်တာပရိုက်စ် ၁၇၀၁ ခု၊ နိုင်ငံခြားကုမ္ပဏီ ၇၇၆ ခု၊ သမဝါယမအသင်း ၂၀၃ သင်း၊ ပုဂ္ဂလိကတစ်ဦးချင်း ၃၁၄၁ ဦးနှင့် ရာသက်ပန်အသင်းဝင်အဖြစ် ညီနောင်အသင်း ၃ သင်း၊ မြန်မာကုမ္ပဏီ ၆ ခု၊ ပုဂ္ဂလိကတစ်ဦးချင်း ၆၂ ဦးရှိရာ အသင်းဝင် စုစုပေါင်းမှာ ၂၀၂၇၈ ဦး ရှိလာပြီဖြစ်သည်။

၁၉၉၀ ပြည့်နှစ်မှစတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အား ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်အကောက်ခွန်နှုန်းအတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Non-Preferential Country of Origin- CO) ထုတ်ပေးနိုင်ရန် အခွင့်အာဏာအပ်နှင်းခဲ့သည်။ သို့ဖြစ်၍ ပုဂ္ဂလိက ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များက တင်ပို့မည့်ကုန်ပစ္စည်းများအတွက် (အထည်အလိပ်နှင့် ရေထွက်ကုန်ပစ္စည်းမှအပ) ပို့ကုန်အကောက်ခွန်နှုန်းအတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို အသင်းချုပ်မှ ထုတ်ပေးလျက်ရှိသည်။

အသင်းချုပ်အနေဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှုဆောင်များမှ ပြည်တွင်းရော ပြည်ပတွင်ပါ ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အသင်းချုပ်ကြီးသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် UMFCCI Training




မြန်မာ၊ ဗီယက်နမ်ကုမ္ပဏီများလက်မှတ်ရေးထိုးနေစဉ်

Institute ကို ၂၀၀၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် စတင်တည်ထောင်၍ အသင်းချုပ်အနေဖြင့် အသင်းဝင်များနှင့် အသင်းဝင်မဟုတ်သူများပါ ပညာဗဟုသုတ များ တိုးပွားစေရန်အတွက် Office Management Course, General Course on Intellectual, Advanced Course on Trademarks, Advanced Course on Arbitration and Mediation Procedure, English Proficiency Intensive, Master of Ceremony Course, Customer Service, Computerized Accounting (MYOB) Course စသည့်သင်တန်းများကို ပုံမှန်ဖွင့်လှစ်လျက် ရှိသည်။ ထို့အပြင် International Trade သင်တန်းများ၊ Myanmar Rice Marketing သင်တန်းများ၊ SME ဆိုင်ရာ သင်တန်းများ၊ Export Business ဆိုင်ရာသင်တန်းများ ကိုလည်း ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများအားဖိတ်ခေါ်ပြီး အထူးသင်တန်းများအဖြစ် ဖွင့်လှစ်ပို့ချလျက်ရှိသည်။ အသင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် လစဉ်ပထမပတ်၊ စနေနေ့တိုင်း မွန်းလွဲ ၂ နာရီတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ စီးပွားရေးကျင့်ဝတ် (Business Ethic) ဆိုင်ရာ၊ နာမည်ကောင်း (Brand Name) ဆိုင်ရာ၊ အရည်အသွေးထိန်းချုပ်မှု (Quality Control) ဆိုင်ရာ စသည်တို့အပြင် ပညာရေး၊ ကျန်းမာရေး၊ Information and Communication Technology (ICT) တို့နှင့်ဆိုင်သည့် ခေါင်းစဉ်များဖြင့် ပြည်တွင်းပြည်ပမှ ပညာရှင်များက ဟောပြောပွဲများကို အဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

Business စာစောင်ကို လစဉ်ပြုစုထုတ်ဝေခြင်း၊ သုတေသနစာတမ်းများရေးသားပြုစုတင်ပြခြင်း၊ အသင်းသားများ၏ အခက်အခဲများ၊ အကြံဉာဏ်များကို စုစည်းရယူ၍ သက်ဆိုင်ရာသို့တင်ပြပေးခြင်း စသဖြင့်လည်း ပေါင်းကူးသဖွယ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကုန်သည်အချင်းချင်း အငြင်းပွားမှုများကိုလည်း ပြေလည်မှုရရှိအောင် အငြင်းပွားမှုဖျန်ဖြေရေးကော်မတီ (Arbitration Committee) မှ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ နယ်စပ်ဒေသများသို့ စဉ်ဆက်မပြတ်

ကွင်းဆင်း၍ သက်ဆိုင်ရာ ကုန်သည်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးအားပေးလျက်ရှိသည်။ ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကအနေဖြင့် ဈေးကွက်နှင့်ဈေးနှုန်းသတင်းဖြန့်ချိရေး၊ တစ်နိုင်ငံလုံး တူညီသည့် အလေးတင်းတောင်း၊ စံချိန်စံညွှန်းများပေါ်ထွန်းရေး၊ ဒေသများအကြား ကုန်စည်စီးဝင်မှု၊ စီးဆင်းမှု အဆင်ပြေချောမွေ့ရေး၊ လယ်သမား



ပြည်ပနိုင်ငံများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် Business Matching ကျင်းပနေစဉ်

ကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် ပဲလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဲဈေးကွက်တည်ငြိမ်ရေး အလုပ်ရုံဆွေးနွေးပွဲများ စသည့်ဆွေးနွေးပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။

ထို့အပြင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ကားကုန်စည်ဒိုင်များ တစ်နိုင်ငံလုံးဖြန့်ကြက်ထွန်းကားလာစေရန် အသင်းချုပ်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်အတူ လက်ကားကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၀၉ ခုနှစ် မတ်လမှစ၍ အဆက်မပြတ် (၄) ကြိမ်တိုင်တိုင်ကျင်းပခဲ့ရာ ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့များ၌ အသင်းချုပ်မှ ဦးစီးဆောင်ရွက်ခဲ့သည်။ လက်ကားကုန်စည်ဒိုင်များကိုလည်း ယခုအထိ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့တွင် ကုန်စည်ဒိုင်ပေါင်း ၂၉ ခုကို ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ ဒိုင်များတို့အား ဈေးကွက်ဈေးနှုန်းရရှိအောင် ဆောင်ရွက်ရေး၊ ဈေးကွက်သတင်းနှင့် နည်းပညာပြန်ကြားရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ လက်ကားကုန်စည်ဒိုင် အသစ် ၂၈ ဒိုင်ကိုလည်း ယခုနှစ်အတွင်း တိုးချဲ့ဖွင့်လှစ်မည်ဖြစ်သည်။

UMFCCI အဖွဲ့ကြီးသည် International Chamber of Commerce (ICC), ASEAN-CCI, Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC), Greater Mekong Sub-Region Business Forum (GMS-BF), Joint Economic Quadrangle Committee (JEQC), Ayeyarwaddy-Chao Phraya-Mekong Economic Cooperation Strategy (ACMECS), Agricultural and Food Marketing Association for Asia and the Pacific (AFMA)စသည့်အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာအသင်း

အဖွဲ့များတွင် အသင်းဝင်အဖြစ်လည်းကောင်း၊ GMS Development Cooperation, e-ASEAN Task Force, First Asia Business Council, World Bank, IMF, ADB, UNDP, UNIDO, UNESCAP, UNCTAD, ILO, ITC, WTO စသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အသင်းအဖွဲ့များနှင့်လည်းကောင်း ပူးပေါင်း၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။

ငှင်းတို့အနက် ထိုင်း၊ ဗီယက်နမ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ ပြင်သစ် စသောနိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများလည်း အကြိမ် (၃၀) ခန့် လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ထို့အပြင် ပြည်ပမှပညာရှင်များ၊ ကျွမ်းကျင်သူများက ဟောပြောပွဲပေါင်း ၃ ပွဲလာ



ပဋ္ဌမအကြိမ်စာပေညီလာခံအတွက် အလှူငွေများကို လှူဒါန်းပေးအပ်စဉ်

ပြည်ပမှဧည့်သည်များ၊ အဖွဲ့အစည်းများကို လက်ခံတွေ့ဆုံခြင်း၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ပြင်သစ်၊ နီပေါ၊ ပါကစ္စတန်၊ ဆော်ဒီအာရေဗျ၊ ကိုရီးယား၊ ထိုင်း၊ တရုတ် (ထိုင်ဝမ်)၊ ဂျာမနီ၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ အမေရိကန်၊ ဘီလာရုပ်စ်၊ ဩစတြေးလျစသည့် နိုင်ငံပေါင်း ၂၀ နှင့် FAO, ILO, ECAP, European Union, UNDP, JETRO စသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အဖွဲ့ပေါင်း ၅ ဖွဲ့မှ တစ်ဦးချင်းရော အဖွဲ့လိုက်ပါ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ရာ ဧည့်သည်ဦးရေ စုစုပေါင်း ၄၀၀ ကျော်ရှိပြီ ဖြစ်သည်။

ရောက် ဟောပြောခဲ့သည်။ မြန်မာ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နှစ်နိုင်ငံကြားကုန်သွယ်မှု ပိုမိုပြုလုပ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ပိုမိုနားလည်စေရေး၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်း လုပ်ဆောင်နိုင်ရေးတို့ကို ရည်ရွယ်၍ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ တရုတ်(ထိုင်ဝမ်)နှင့် ဖိလစ်ပိုင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်အဖွဲ့များနှင့်လည်း Business Matching များကို (၁၄) ကြိမ်ကျင်းပခဲ့ သည်။ ပြည်ပနိုင်ငံများရှိ ကုန်သည်အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် နီပေါ၊ ဗီယက်နမ်၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံများမှ ကုမ္ပဏီများနှင့် နားလည်မှုစာချွန်လွှာပေါင်း ၄ ခုကို လက်မှတ်ရေး ထိုးနိုင်ခဲ့သည်။

ပြည်ပနိုင်ငံများတွင်ကျင်းပသော အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများသို့လည်း ကိုယ်စားလှယ်များစေလွှတ်၍ တက်ရောက်စေခြင်း၊ လေ့လာရေးခရီးများ စီစဉ်စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင်လည်း သွားရောက်ပြသလျက်ရှိရာ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ဂျပန်၊ တရုတ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အိုမန်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများတွင်ကျင်းပသော ပြပွဲပေါင်း ၁၁ ပွဲ သို့အသင်းဝင်ကုမ္ပဏီများ တက်ရောက်ပြသခဲ့သည်။

**ဖန်လုံအိမ်အာနိသင်။** ။ကမ္ဘာပေါ်သို့ ကျရောက်နေသည့် နေရောင်ခြည်၏ အပူရှိန်ကြောင့် ကမ္ဘာတွင် အပူဓာတ်ရရှိနေသည်။ ဤနေရောင်ခြည်အပူဓာတ်သည် မြေပြင်သို့ လေထု ၅ လွှာကို ဖြတ်ကျော်၍ ကျရောက်လာသည်။ ကမ္ဘာမြေပြင်နှင့် လေထုတွင်းရှိ အရာများက ထိုနေရောင်ခြည် အပူရှိန်ကို ပြန်ဟပ်လျော့နည်းစေသည်။ အပူပျံ့စေသည်။ အငွေ့ပျံစေသည်။ အပူစီးကူးစေသည်။ ဤသက်ရောက်မှု ဖြစ်စဉ်များကြောင့်သာ ကမ္ဘာ့လေထု (အထူးသဖြင့် အောက်ဆုံးက ထရိုပိုစဖီးယားအလွှာ) ရှိ အပူချိန်သည် သူ့နေရာအလိုက် အဝင်အထွက်ချိန်ခွင်လျှာ ညီမျှအောင်ဖြစ်စေပြီး ပျမ်းမျှအပူချိန်တစ်ခု၌ တည်ငြိမ်နေခြင်းဖြစ်သည်။

သို့ရာတွင် သဘာဝကြောင့်ဖြစ်စေ၊ လူသားတို့၏ ပယောဂကြောင့်ဖြစ်စေ ကမ္ဘာ့လေထုထဲတွင် အပူဓာတ်ကို စုပ်ယူထားနိုင်သော ဓာတ်ငွေ့များတိုးပွား များပြားလာသောအခါ ထိုလေထုသည်ပိုမိုပူနွေးလာလေသည်။ ဤသို့ ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် အာနိသင်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးသိပ္ပံပညာရှင်တို့က "ဖန်လုံအိမ်အာနိသင်" (Greenhouse effect) ဟု အမည်ပေးခဲ့သည်။

နေရောင်ခြည်သည် လျှပ်စစ်သံလိုက် လှိုင်းတို့အဖြစ်နှင့် ကမ္ဘာကို ဝင်ရောက်လာသည်။ ကမ္ဘာ့လေထုအလွှာများကို ဖြတ်ဝင်လာစဉ် အပူရှိန်၏ ၁၉ ရာခိုင်နှုန်းကို ထိုလေထုများက စုပ်ယူထားလိုက်သည်။ အလင်းရောင်ပြန်ဟပ်နေသည့် တိမ်ထိပ်ဖျားများက ၂၄ ရာခိုင်နှုန်းကို ကမ္ဘာ့အပြင်ဘက်အာကာသထဲသို့ အလင်းပြန်အပူလျော့စေသည်။ ၆ ရာခိုင်နှုန်းသည် ဖြတ်လာသည့်အရာဝတ္ထုများကြောင့် အလင်းပြန့်ကျဲစေပြီး ကမ္ဘာမြေပေါ်သို့ မကျရောက်တော့ပေ။ ထို့ကြောင့် ကျန် ၅၁ ရာခိုင်နှုန်းသော နေပူရှိန်သာလျှင် ကမ္ဘာမြေပြင်ကို ကျရောက်လာသည်။

နေပူချိန်လှိုင်းများ ကမ္ဘာမြေပြင်ကို လာရောက်ရိုက်ခတ်သောအခါ ထိုမြေပြင်က အပူချိန်ပိုနည်းပြီး ပိုအေးနေသည့် သဘာဝကြောင့် နေမှလာသည့် အပူရှိန်ကို မြေအမျိုးအစားအလိုက် အပူပြန်ထုတ်လွှင့် ပြန်ကန်ထွက်စေသည်။ ဤသို့ပြန်၍ ဖြန့်ထွက်လာသည့် အပူလှိုင်းသည် လှိုင်းရှည်အမျိုးအစားများဖြစ်၍ အနီအောက်ရောင်ခြည် Infra-red ray ဟုခေါ်သည်။ လှိုင်းရှည်ဟုခေါ်ခြင်းမှာ အန်းစထရောင်းယူနစ် (A) ၇,၆၀၀ အထက်ရှည်သောကြောင့်ဖြစ်သည်။ အယူနစ် ၇,၆၀၀ အောက်ရှိသော အလင်းလှိုင်း၊ အပူရှိန်လှိုင်းများကို လှိုင်းတိုဟုသတ်မှတ်သည်။

ကမ္ဘာမြေပြင်က လှိုင်းရှည်ဖြင့် ပြန်လည်ထုတ်လွှင့်လိုက်သည့် နေရောင်ခြည် အပူရှိန် ၅၁ ရာခိုင်နှုန်းအနက် ၂၁ ရာခိုင်နှုန်းကို အလင်းပြန်ဖြာထွက်နည်းဖြင့် ထုတ်လွှင့်သည်။ အဆိုပါ ၂၁ ရာခိုင်နှုန်းထဲမှ ၁၅ ရာခိုင်နှုန်းကို လေထုအတွင်းရှိ ရေခိုးရေငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်စသော "ဖန်လုံအိမ်ဓာတ်ငွေ့များ" က စုပ်ယူထားပြီး ကျန် ၆ ရာခိုင်နှုန်းက အလင်းပြန့်ကျဲသွားသည်။ တစ်ဖန် မြေပြင်က ထုတ်လွှင့်လိုက်သည့် ၅၁ ရာခိုင်နှုန်းအနက် ၂၃ ရာခိုင်နှုန်းသည်လည်း အငွေ့ပျံသော နည်းဖြင့် လေထုထဲသို့ပင် ရောက်ရှိခဲ့သည်။ ထို့ပြင် ကျန် ၇ ရာခိုင်နှုန်းမှာလည်း အပူစီးကူးနည်းဖြင့် လေထုထဲသို့ပင် ဝင်ကူးနေသည်။ ဤသို့အားဖြင့် ကမ္ဘာမြေပြင်က ရောင်ပြန်ထုတ်လွှင့်သည့် အပူရှိန် ၄၅ ရာခိုင်နှုန်းနှင့် နေမှဝင်လာစဉ် လေထုထဲက စုပ်ယူထားသည့် ၁၉ ရာခိုင်နှုန်းတို့ပေါင်းလိုက်ပါက ကမ္ဘာ့လေထုထဲတွင် နေ၏ အပူရှိန် စုစုပေါင်း ၆၄ ရာခိုင်နှုန်းရောက်ရှိနေကြောင်း သိရှိကြသည်။

ဤသို့ဆိုလျှင် ကမ္ဘာ့လေထုကြီးသည် အလွန်ပူနွေးနေမည့်သဘောဖြစ်သည်။ သို့ရာတွင် သဘာဝကြီးက

ဤသို့အလွန်ပူနွေးနေခြင်းမဖြစ်အောင် သဘာဝကျကျ ချိန်ညှိပေးလျက်ရှိသည်။ လေထုထဲသို့ ရောက်ရှိနေသည့် ၆၄ ရာခိုင်နှုန်းသော အပူရှိန်သည် တာရှည်ခိုအောင်းနေခြင်းမဟုတ်ပေ။ ရောက်သည်နှင့် လေထုတွင်းရှိ တိမ်တောင်တိမ်များများက အလင်းပြန်၍ အာကာသထဲသို့ အပူရှိန်ပြန့်လွင့်စေခြင်းမှာ ၂၆ ရာခိုင်နှုန်းရှိသည်။ ကျန် ၃၈ ရာခိုင်နှုန်းမှာလည်း ရေခိုးရေငွေ့နှင့် အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်တို့က သစ်ပင်များ၏ ဓာတ်ပြုပြောင်းလဲပေးမှုကြောင့်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာရေပြင်များမှစုပ်ယူဓာတ်ပြောင်း စေခြင်းဖြင့်လည်းကောင်း လေထုထဲမှ ပြန်လည်ထွက်ရှိ နုတ်ယူစေလျက်ရှိသည်။

ဤသို့သောနည်းများကြောင့် ကမ္ဘာပေါ်သို့ ရောက်ရှိလာသမျှ နေရောင်ခြည်အပူရှိန်များသည် အဝင်နှင့် အထွက်ချိန်ခွင်လျှာညီမျှအောင် ပုံမှန်ဖြစ်ပေါ် လျက်ရှိနေသည်။

ဤသို့သော ပုံမှန်သဘာဝအလျောက် အနုတ်အသိမ်းပြုလုပ်နေသည့်ဖြစ်စဉ်ကြီးကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀,၀၀၀ မှ ၁၇၅၀ ပြည့်လွန်နှစ်များအထိ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် ၅၆ ဒီဂရီ ဖာရင်ဟိုက်ဝန်းကျင်၌ တည်ငြိမ်နေခဲ့သည်။

ကမ္ဘာ့သက်တမ်းတစ်လျှောက်ကို နောက်ပြန်ကြည့်လျှင် ရှေးပဝေသဏီ ပထမဘူမိကပ်မတိုင်မီခေတ်၊ ပထမ၊ ဒုတိယ၊ တတိယ၊ ဘူမိကပ်ခေတ်၊ အနုယုက်ခေတ်များစသည့် လွန်ခဲ့သော နှစ် ၄၀၀,၀၀၀ မတိုင်မီက အထိ Snowball earth ခေါ် ရေခဲဘောလုံးကဲ့သို့ ကမ္ဘာကြီးမှ ရေခဲများအရည်ပျော်ကျအောင် ပူနွေးလာသည့် ဖြစ်စဉ်များအထိ ကမ္ဘာလေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် နည်းလိုက်များလိုက်ဖြစ်ခဲ့သည်။ ယခုမူ ရှေးရှေးက ဖြစ်စဉ်များကိုထားခဲ့ပြီး ၁၇၅၀ ပြည့်နှစ် စက်မှုတော်လှန်ရေးခေတ်မတိုင်မီကာလ လောက်မှစ၍ ကမ္ဘာကြီး ပိုမိုပူနွေးလာမှု ဖြစ်စဉ်များကိုသာ "ဖန်လုံအိမ် အာနိသင်" ဖြစ်ရခြင်းရှုထောင့်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသိပ္ပံပညာရှင်များ လေ့လာဖော်ထုတ်ချက်များကို သိရှိရန်လိုသည်။

Pre-industrial era ခေါ် စက်မှုတော်လှန်ရေးခေတ်မတိုင်မီက ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် ၅၆ ဒီဂရီဖာရင်ဟိုက်ကျော်ဝန်းကျင်၌ ပုံမှန်တည်နေခဲ့သည်။ ၁၉၀၀–၀၉ ခုနှစ်များအတွင်းသို့ ရောက်လာသောအခါ ၅၆ ဒသမ ၅၈ ဒီဂရီဖာရင်ဟိုက်၊ ၁၉၅၀–၅၉ ခုနှစ်များအတွင်း ၅၆ ဒသမ ၉၈ ဒီဂရီ၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၇ ဒသမ ၆၇ ဒီဂရီ၊ ၂၀၀၅ ခုနှစ်တွင် ၅၈ ဒသမ ၁၁ ဒီဂရီ စသဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် လျင်မြန်စွာ တိုးတက်လာသည်။ ဤသို့ဖြစ်ရခြင်းမှာ စက်မှုတော်လှန်ရေးခေတ်၏ ဤမှာဘက်နောက်ပိုင်းတွင် စက်ရုံအလုပ်ရုံများမှ ထွက်လာသည့် ရုပ်ကြွင်းလောင်စာများကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့စသော လူတို့စနက်ကြောင့် လေထုထဲရောက်လာသည့် ဓာတ်ငွေ့များ၏ အာနိသင်ကြောင့်သာဖြစ်ကြောင်း တွေ့ရှိလာသည်။ ဤသက်ရောက်မှု အာနိသင်ကိုပင် "ဖန်လုံအိမ်အာနိသင်" ဟု အမည်တပ်ခဲ့သည်။ ဤအာနိသင်ဖြစ်စေသော ဓာတ်ငွေ့များကို "ဖန်လုံအိမ်ဓာတ်ငွေ့များ" (Greenhouse gases) ဟုခေါ်သည်။ လေထုအလွှာများ အဖုံးခံထား၍ ထိုဓာတ်ငွေ့များ လျောင်ပိတ်မိနေသည့် သဘောကို ဆိုလိုသည်။

သာမန်အားဖြင့် သန့်စင်သော ကမ္ဘာ့လေထု (အထူးသဖြင့် ကမ္ဘာမြေပြင်နှင့် ကပ်လျက်ရှိသည့် ၇ ဒသမ ၅ မိုင်အမြင့်အထိရှိသော ထရိုပိုစဖီးယားမြေစပ်လွှာ လေထု) အတွင်းရှိ လေကောင်းလေသန့်၏ ဂုဏ်သတ္တိ၌ ပါဝင်သော ဓာတ်ငွေ့တို့မှာ နိုက်ထရိုဂျင် ($N_2$) ၇၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ($O_2$) ၂၀ ဒသမ ၉၄ ရာခိုင်နှုန်းနှင့် အာဂွန် (Ar) သုည ဒသမ ၉၃၇ ရာခိုင်နှုန်းတို့ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$)၊ ဟိုက်ဒရိုဂျင် ($H_2$)၊ နီယွန် (Ne)၊ ဟီလီယမ် (He)၊ ခရစ်ပ်တွန် (Kr)၊ ဇီနွန် (Xe) စသည့်အခြား ဓာတ်ငွေ့များမှာ ပါဝင်မှုအလွန်နည်းပါး၍ ပီပီအမ်ဗွီ (PPMV Per Million Volume) ခေါ် တစ်သန်း၏ အပုံမည်မျှသာ ပမာဏထုထည်ပါရှိသည်ဟု သတ်မှတ်ရသည်။

ထိုသန့်စင်သော လေထုထဲတွင် "ဖန်လုံအိမ်ဓာတ်ငွေ့များ" ထုထည်ပမာဏပို၍ ရောက်ရှိခိုအောင်းလာပါက "ဖန်လုံအိမ်အာနိသင်" ကို ဖြစ်ပေါ်စေပြီး ကမ္ဘာကြီး ပိုမိုပူနွေးလာသည်။ ထိုအခါ ကမ္ဘာ့ရာသီဥတု

ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ ထိုပြောင်းလဲမှုများကြောင့် မိုးရွာသွန်းမှုများခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ သီးနှံပျက်ခြင်း၊ အင်္ဂတ်ဘေးဆိုက်ခြင်း၊ အအေးလွန်ကဲခြင်း၊ အပူလွန်ကဲခြင်း၊ မုန်တိုင်းကြီးများပိုဖြစ်ခြင်း၊ လျှော့များပိုလှုပ်ခြင်း၊ လျှော့ကြီးများကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခြင်း၊ ဝင်ရိုးစွန်းများနှင့် တောင်မြင့်တောင်ထွတ်များမှ ရေခဲများပျော်ကျခြင်း၊ ပင်လယ်သမုဒ္ဒရာ၌ ရေကြီးရေတက်ခြင်း၊ ရေခဲမြစ်များ စီးဆင်းခန်းခြောက်ခြင်း၊ ပင်လယ်ရေစီးအပူအအေး ပြောင်းခြင်း၊ အယ်နီညို၊ လာနီညာဖြစ်ခြင်း အစရှိသော ဆိုးကျိုးကပ်ဘေးများ နောက်ဆက်တွဲအဖြစ် သက်ရောက်စေနိုင်သည်။

ဖန်လုံအိမ်အာနိသင်ကိုဖြစ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့များမှာ ရေခိုးရေငွေ့ ၃၆ ဒသမ ၇၀ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ၉ ဒသမ၂၆ ရာခိုင်နှုန်း၊ မီသိန်း ($CH_4$) ၄ ဒသမ ၉ ရာခိုင်နှုန်း၊ နိုက်ထရပ်စ်အောက်ဆိုဒ် ($N_2O$) ရာခိုင်နှုန်းမမှန်၊ အိုဇုန်း ($O_3$) ၃ ဒသမ ၄ ရာခိုင်နှုန်း (တိုက်ရိုက် သက်ရောက်ခြင်းနည်းပါး)၊ စီအက်ဖ်စီအုပ်စု (CFCs) (ရာခိုင်နှုန်းမမှန်၊ အများအားဖြင့် လူလုပ်၍ဖြစ် လာသော Chlorofluoro Carbons များဖြစ်ကြသည်။) သွယ်ဝိုက်ဖန်လုံအိမ်ဓာတ်ငွေ့များ (ဖန်လုံအိမ် ဓာတ်ငွေ့များကို သွယ်ဝိုက်အားပေးသည့် ကာဗွန်မိုနော့ဆိုဒ် (CO)၊ အောက်ဆိုဒ်အော့ဖ် နိုက်ထရိုဂျင် (NOX)၊ မီသိန်းမဟုတ်သော အငွေ့ပျံလွယ်သည့် ဇီဝဓာတ်ပေါင်းများ (NMVOCS) ) ဖြစ်ကြသည်။

အထက်ဖော်ပြပါဓာတ်ငွေ့များ၏ ရာခိုင်နှုန်းဆိုသည်မှာ ဖန်လုံအိမ်အာနိသင်ကို သက်ရောက်စေသည့် ရာခိုင်နှုန်းကိုဆိုလိုသည်။ သို့သော် ရေခိုးရေငွေ့၏ သက်ရောက်မှုရာခိုင်နှုန်းကြီးမားသည်ဟု ဖော်ပြထားသော်လည်း ရေခိုးရေငွေ့သည် လေထုထဲသို့ သဘာဝအလျောက်လျင်မြန်များပြားစွာ ရောက်ရှိစေသည်။ ထိုသို့လေထုထဲ၌ ရေခိုးရေငွေ့များနေချိန်ခဏ၌သာ အပူရှိန်ကို စုပ်ယူထား၍ပူနွေးစေကာ သိပ်သည်းအေးမြလာသောအခါ ရေအဖြစ်ပြောင်းလဲပြီး မိုးရေအဖြစ်ရွာသွန်းပေးသည်။ လေထုကိုမိုးရေကပြန်အေးစေသည်။

ရေခိုးရေငွေ့သည် လေထုထဲသို့ အဝင်အထွက်မြန်စွာလည်ပတ်နေသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ဓာတ်ငွေ့ကား လေထုထဲသို့ရောက်ပြီဆိုလျှင် ဓာတ်ပြောင်းမသွားဘဲ နှစ်ပေါင်းကြာရှည်စွာတည်မြဲနေတတ်သည်။ $CO_2$ ကို လေထုထဲမှ ဆွဲထုတ်လျှော့ချသည့် အကောင်းဆုံးဖန်တီးပေးနေသောအရာများအနက် သစ်ပင်တို့က ဖိုတိုဆင်သဲစစ်နည်းဖြင့် $CO_2$ ကို ဓာတ်ပြောင်းပြီး အစာချက်ခြင်းနည်းမှာ အထိရောက်ဆုံးဖြစ်သည်။ အခြားနည်းလမ်းများဖြစ်သော ပင်လယ်သမုဒ္ဒရာရေပြင်ထဲပျော်ဝင်ခြင်း၊ သစ်ရွက်သစ်ဆွေးများ ထူထပ်သော မိုးနိုသစ်တောကြီးများအောက်ခြေနှင့် ညွှန်ပျောင်းထူသော ပင်လယ်ကမ်းစပ်မှ ဒီရေတောများအောက်ခြေတို့ကလည်း $CO_2$ ကို စုပ်ယူသိုလှောင်ခြင်းဖြင့် လေထုထဲမှ ယုတ်လျော့စေသည်။

သဘာဝအားဖြင့် လေထုထဲသို့ ပိုရောက်လာသည့် $CO_2$ကို သဘာဝကပင် ပျောက်ကွယ်အောင်လုပ်ပြီး ချိန်ညှိပေးလျက်ရှိသည်။ သို့တစေ လူ့ပယောဂကြောင့် သဘာဝမဟုတ်ဘဲ လေထုထဲသို့ $CO_2$များပိုဝင်လာအောင် ရုပ်ကြွင်းလောင်စာများကိုသုံးပြီး ထုတ်လွှင့်လာကြသည့်အပြင် လူ့စနက်ကြောင့် $CO_2$ ကို စုပ်ယူသည့်သစ်တောကြီးများ လျင်မြန်စွာ ပြုန်းတီးကုန်သောအခါ လေထုထဲသို့ရောက်လာသည့် $CO_2$ပမာဏနှင့် ပြန်ထွက်သွားသည့် ထုထည်တို့ကြား မချိန်ညှိနိုင်တော့ဘဲ အဝင်ကပိုများပြီး အထွက်က ပိုနည်းလာခဲ့သည်။

၁၇၀၅ ခုနှစ်တွင် ဗြိတိသျှလူမျိုး နယူးကိုမင်က ရေနွေးငွေ့သုံးအင်ဂျင်ကို စတင်တီထွင်ခဲ့ရာ ထင်းများဖြင့် ရေနွေးငွေ့ထုတ်ခြင်းကို စတင်ခဲ့သည်။ ၁၇၆၉ ခုနှစ်တွင် ဂျိမ်းစ်ဝပ်က ပိုမိုအဆင့်မြင့်သော ရေနွေးငွေ့အင်ဂျင်စက်ကို တီထွင်ပြီးနောက် သစ်တောများမှ ထင်းများစွာ ခုတ်ထွင်၍ ထင်းစိုက်ကာ စက်ရုံအလုပ်ရုံများကို လည်ပတ်စေသည်။ ဤတွင် သစ်တောပြုန်းတီးမှု စတင်ခဲ့သည်။ လေထုထဲမှ $CO_2$ကို အပင်တို့က စုပ်ယူမှု စတင်လျော့နည်းခဲ့သည်။ ထင်းလောင်မြိုက် ခြင်းက လေထဲသို့ $CO_2$ ပိုရောက်စေခဲ့သည်။ သို့အားဖြင့် ပထမစက်မှုတော်လှန်ရေးဖြစ်ပေါ်လာသည်နှင့်အတူ

လေထုထဲသို့ $CO_2$ များ ပိုရောက်ပြီး လျော့ပါးမှုပိုနည်းခဲ့သည်။

၁၈၅၂ ခုနှစ်တွင် မိုက်ကယ်ဖာရာဒေးက လျှပ်စစ်ကို စတင်တွေ့ရှိသည်။ ထို့နောက် လျှပ်စစ်ဓာတ်အားဖြင့် စက်ရုံကြီးများကို ခုတ်မောင်းကြသည်။ စက်များကို ရုပ်ကြွင်းလောင်စာများနှင့် ခုတ်မောင်းကြသည်။ ကျောက်မီးသွေးကို စတင်၍ များပြားစွာသုံးစွဲခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် အမေရိကန်မှ ဘရေတွန်က ရေနံလောင်စာသုံးအင်ဂျင်ကို တီထွင်ခဲ့သည်။ ဤတွင် ဒုတိယစက်မှုတော်လှန်ရေးကြီးနှင့်အတူ ကျောက်မီးသွေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို လောင်စာအဖြစ်သုံး၍စက်များကို ခုတ်မောင်းခဲ့ရာ ထိုရုပ်ကြွင်းလောင်စာများ လောင်မြိုက်ခြင်းမှ $CO_2$ များစွာ လေထုထဲရောက်ခဲ့သည်။ ဆက်လက်၍ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်နှင့် ကုန်ယာဉ်မျိုးစုံကိုပါ ရုပ်ကြွင်းလောင်စာများလှိုင်လှိုင်သုံး၍ ခုတ်မောင်းခဲ့ရာ လေထုထဲသို့ $CO_2$ များ သိသိသာသာတိုးပွားများပြားစေခဲ့သည်။

စက်မှုတော်လှန်ရေးခေတ်မတိုင်မီက လေထုထဲတွင် $CO_2$ ပါဝင်မှုသည် ၁၇၅၀ ပြည့်နှစ်က ၂၆၀ ပီပီအမ်သာရှိခဲ့သည်။ ၁၈၀၀ မှ ၁၈၇၀ စက်မှုတော်လှန်ရေးကာလများအတွင်း ၂၈၀ပီပီအမ်ဖြစ်လာသည်။ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာလည်း ၁၃ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်ဖြစ်လာသည်။ ၁၉၇၃ ခုနှစ်သို့ရောက်သော် ၅၀ ပီပီအမ်တက်လာပြီး ၃၃၀ ပီပီအမ်သို့ ရောက်ရှိလာသည်။ လေထုတွင်းရှိ $CO_2$ ပါဝင်နှုန်းသည် ယခုခေတ်ရောက်မှ ပို၍ပို၍ မြန်လာသည်။ ၁၉၇၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ၃၃ နှစ်အတွင်း နောက်ထပ် ၅၀ ပီပီအမ်တိုးလာပြီး ၃၈၀ ပီပီအမ်သို့ ရောက်လာပြီး ၂၀၀၇ ခုနှစ်တွင် ပီပီအမ် ၃၈၄ ဖြစ်လာသည်။

ကမ္ဘာ့လေထုထဲတွင် $CO_2$ လျင်မြန်စွာတိုးလာခြင်းမှာ တရုတ်နှင့်အိန္ဒိယကဲ့သို့ အလွန်ကြီးမားသည့် နိုင်ငံများက စက်မှုတိုးတက်နှုန်းပို၍ပို၍ မြန်လာသောကြောင့်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာများကို ထိုနှစ်နိုင်ငံက ၃၃ နှစ်အတွင်း ပိုမိုသုံးစွဲခဲ့ရာ ယခုအခါ လေထုထဲသို့ $CO_2$ အများဆုံးရောက်ရှိအောင် လောင်စာဆီသုံးနေသည့် နိုင်ငံသည် တရုတ်နိုင်ငံဖြစ်လာသည်။ အမေရိကန်က ဒုတိယနေရာသို့ ဆင်းသွားသည်။ အိန္ဒိယက တတိယလိုက်လာသည်။ ၂၀၀၈ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် $CO_2$ တူညီကိန်း မက်ထရစ်တန်ပေါင်း ၃၉ ဒသမ ၂၇ ဘီလီယံလေထဲရောက်အောင် ထုတ်လွှတ်ခဲ့သည်။ ယင်းအနက် တရုတ်ပြည်က ၈ ဒသမ ၁၀၆ ဘီလီယံတန်ထုတ်လွှတ်သဖြင့် စုစုပေါင်း၏ ၂၀ ဒသမ ၆၄ ရာခိုင်နှုန်းရှိသည်။ အမေရိကန်ပြည်က ၆ ဒသမ ၀၈၇ ဘီလီယံတန်ထုတ်လွှတ်ရာ စုစုပေါင်း၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ အိန္ဒိယပြည်က ၁ ဒသမ ၉၆၃ ဘီလီယံတန်ထုတ်လွှတ်ရာ စုစုပေါင်း၏ ၅ ရာခိုင်နှုန်းခန့်ရှိသည်။

ဖန်လုံအိမ်ဓာတ်ငွေ့များသည် လေထဲရောက်လျှင် အပူစုပ်ယူနိုင်စွမ်းရှိခြင်းကြောင့် လေထုကိုပိုမိုပူနွေးစေသည်။ ဤသို့လျှင် ဖန်လုံအိမ်ဓာတ်ငွေ့တစ်မျိုး ချင်း၏ ကမ္ဘာကြီးပူနွေးလာအောင် သက်ရောက်စေသည့် အပူစုပ်ယူနိုင်သောစွမ်းအား (Global Warming Potentials-GWPs) သည် တစ်ခုနှင့်တစ်ခု မတူညီကြပေ။ ဓာတ်ငွေ့တစ်မျိုးစီ၏ GWP သည် လေထုတွင် ထိုဓာတ်ငွေ့ဝင်ရောက်လာသည့် ထုထည်အရေအတွက်၌သာ မူတည်ခြင်းမဟုတ်ဘဲ ထိုဓာတ်ငွေ့၏ ဖန်လုံအိမ်အာနိသင်ဖြစ်စေသည့် စွမ်းအားနှင့်လည်းဆိုင်သည်။ ဥပမာ ယခုအခါ မီသိန်းဓာတ်သည် လေထုထဲ၌ ၀ ဒသမ ၀၀၀၁၅ ရာခိုင်နှုန်း (ဝါ) ၁ ဒသမ ၅ ပီပီအမ်ရှိသည်။ ထိုမီသိန်းဓာတ်ငွေ့သည် $CO_2$ ထက် ၂၁ ဆပြင်းအားရှိရာ ထိုပြင်းအားနှင့် လေထုထဲပါဝင်သည့် ၁ ဒသမ ၅ ပီပီအမ်မြှောက်ပါက ၃၁ ဒသမ ၅ GWP ဖြစ်လာသည်။ $CO_2$ သည် လေထုထဲ၌ ၃၈၄ ပီပီအမ်ရှိနေသောကြောင့် ပြင်းအားကိုတစ်ယူနစ်ထား၍တွက်ပါက ၃၈၄ GWP ရှိသည်။ ဤတွက်နည်းအရ မီသိန်း $CH_4$ သည် GWP အနေဖြင့် $CO_2$ ၏ ၁၂ ပုံတစ်ပုံလောက်သာရှိသည်။

ထို့ကြောင့် GWP ခေါ် ကမ္ဘာကြီးပူနွေးလာစေသည့် အပူစုပ်ယူနိုင်သော စွမ်းအားအမြင့်ဆုံးဖြစ်သော $CO_2$ ကို ပြင်းအားယူနစ်ကိန်းအဖြစ် သတ်မှတ်ကာ ထိုယူနစ်ကို ($CO_2$ Intensity) ကာဗွန်ဒိုင်အောက်ဆိုဒ်ပြင်းအားဟု စံထားသည်။ အခြားဓာတ်ငွေ့များ၏ ပြင်းအားများကို

ကာဗွန်ဒိုင်အောက်ဆိုဒ်ပြင်းအား ခုကိန်းနှင့်တူညီအောင် တွက်ချက်၍ရရှိသော GWP ကို ကာဗွန်ဒိုင်အောက်ဆိုဒ် တူညီကိန်း ($CO_2$ equivalent) ဟုခေါ်သည်။

ယခုအခါကမ္ဘာကြီးသည် စက်မှုတော်လှန်ရေး ခေတ်မတိုင်မီထက် အပူချိန် ၂ ဒီဂရီစင်တီဂရိတ် (၃ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) ထက်မကျော်အောင် ထိန်းထားရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ညီလာခံများ၌ အဆိုပြုကြသည်။ ကျွန်းနိုင်ငံများကမူ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက်မကျော်အောင် ထိန်းထားရန် အဆိုပြုတိုက်တွန်းလျက်ရှိကြသည်။ ဤသို့ ကမ္ဘာ့အပူချိန်မတက်အောင် သို့မဟုတ် အတက်နှေးအောင်ထိန်းထားရန်မှာ လေထုထဲသို့ $CO_2$ အရောက်နည်းအောင် စက်ရုံများတွင် ရုပ်ကြွင်းလောင်စာဆီအသုံးလျှော့ရန် အဓိကဖြစ်သည်။ ယနေ့ တစ်ကမ္ဘာလုံးတွင်ရှိ စက်များကိုလည်စေရန် အသုံးပြုသည့် နည်းစနစ်များအနက် ၈၅ ရာခိုင်နှုန်းကို ရုပ်ကြွင်းလောင်စာသုံးသောနည်းဖြင့် ခုတ်မောင်းလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာ ၁ ဘီလီယံ မက်ထရစ်တန်သုံး၍ စက်မောင်းတိုင်းလေထုထဲသို့ $CO_2$ ၃ ဘီလီယံမက်ထရစ်တန်ခန့်ရောက်ရှိစေသည်ဟု သက်ဆိုင်ရာပညာရှင်များကဆိုသည်။

သို့ဖြစ်၍ "ဖန်လုံအိမ်အာနိသင်" ကို အဓိကဖြစ်စေသော ရုပ်ကြွင်းလောင်စာများကို သုံးစွဲမှုလျှော့ချရန် အလွန်အရေးကြီးသည်။ ဤနေရာ၌ "ဖန်လုံအိမ်အာနိသင်" ဟူသောဝေါဟာရနှင့်ပတ်သက်၍ သိထားရန် လိုအပ်လာသည်။ အထက်တွင်ဖော်ပြထားသည့် အချက်များအရ ကမ္ဘာကြီးကို လေထု ၅ လွှာတို့က အထပ်ထပ်လွှမ်းခြုံဖုံးအုပ်ထားသည့်သဘောရှိပုံ၊ ထိုလေထုလွှာများကိုဖောက်၍ ဝင်လာသော နေရောင်ခြည်၏ အပူရှိန်ကြောင့် ကမ္ဘာတွင် အပူအနွေးဓာတ်ရရှိပုံ၊ ထိုအပူဓာတ်ကို အလင်းပျံ၊ အပူပျံ၊ အပူငွေ့ပျံ၊ အပူစီးကူး ဖြစ်စဉ်များကြောင့် ချိန်ခွင်လျှာညီမျှပြီး အပူအအေး မျှတနေပုံများကို သိရှိနိုင်သည်။ သို့ရာတွင် $CO_2$ ကဲ့သို့လေထုထဲ ရောက်လာလျှင် အပူဓာတ်ကို စုပ်ယူထားတတ်သော ဓာတ်ငွေ့များပို၍ များပြားစွာ ထုတ်လွှင့်မှုကြောင့် အာကာသသို့ ပျံ့လွင့်ထွက်သွားနိုင်မှုလျော့နည်းလာ သည့်သက်ရောက်မှုကို "ဖန်လုံအိမ်အာနိသင်" ဟု ဝေါဟာရပြုခြင်းဖြစ်သည်။

ဤဝေါဟာရကို Greenhouse ခေါ်မှန်များဖြင့် အမိုးအကာပြုလုပ်၍ စိုက်ပျိုးသော ဖန်အိမ်ကြီးများဟု တင်စားအမည်ပေးခဲ့သည်။ ရာသီဥတုအလွန်အေးသော ဒေသများ (ဥပမာ နယ်သာလန် နိုင်ငံ) နှင့် အလွန်ပူ၍ ခြောက်သွေ့သောနိုင်ငံများ (ဥပမာ အစ္စရေးနိုင်ငံ) တို့တွင် ပန်းပင်များနှင့်ဟင်းသီးဟင်းရွက်များကို အအေးဒဏ်နှင့် နှင်းခါးရိုက်ဒဏ်မှလွတ်ကင်းရန်အတွက် လည်းကောင်း၊ အပူဒဏ်နှင့် စိုထိုင်းဆမရှိဘဲ ခြောက်သွေ့ဒဏ်မှလွတ်ကင်းရန်လည်းကောင်း မှန်များဖြင့် ပြုလုပ်သည့် ဖန်လုံအိမ်ကြီးများထဲတွင် အပူအအေးမျှစေရန်၊ အလင်းအမှောင်ကြိုက်သလို ဖန်တီးနိုင်စေရန်နှင့် စိုထိုင်းဆစိတ်ကြိုက်ထိန်းထားနိုင်စေရန် ဖုံးအုပ်စိုက်ပျိုးခြင်းဖြစ်သည်။

ဤဖန်လုံအိမ်များဖြင့် အပူဓာတ်တစ်ခုတည်း စုပ်ယူမှုစေခြင်းသာမဟုတ်၊အပူရှိန်ကို စိတ်ကြိုက်ရရှိအောင် ဖုံးအုပ်ကာရံထားရာ အပြင်ပန်းကြည့်လျှင် နေရောင်အပူရှိန် ပိုရအောင်အလုံအုပ်ထားသည့် သဘောဆောင်သည်။ ကမ္ဘာ့လေထုထဲ၌ နေမှလာသောအပူလှိုင်းအား လေထုအလွှာများက ဖုံးအုပ်ထားပုံကို အနီးစပ်ဆုံးနှင့် အလွယ်ကူဆုံး မြင်သာနိုင်ရန် အဆိုပါ Greenhouse ခေါ် စိုက်ပျိုးရေးဖန်လုံ အိမ်ကြီးများနှင့် ဥပမာပေးတင်စားရခြင်းသာဖြစ်သည်။ ဖြစ်ပျက်ပုံချင်းမှာမူ ကွဲပြားမှုရှိသည်။

ထို့ကြောင့် အချို့သိပ္ပံပညာရှင်များက လူအများသည် သစ်ပင်စိုက်သော ဖန်လုံအိမ် နှင့်ပုံတူအထင်မှားမည်စိုး၍ "Greenhouse effect" – the term is a misnomer though, as this process is not the mechanism that warms greenhouse ဟုရှင်းလင်းချက်ထုတ်ပြန်ရသည်။

ဆိုလိုသည်မှာ ဤဖြစ်စဉ်သည် အပင်စိုက်ပျိုးသော ဖန်လုံအိမ်များကို ပူနွေးစေသည့် လုပ်ပုံလုပ်နည်းမျိုးမဟုတ်သောကြောင့် "ဖန်လုံအိမ်အာနိသင်" ဆိုသည့် စကားလုံးသည်မှားသုံးသည့် ဝေါဟာရလို ဖြစ်နေသည်ဟု အသိပေးခြင်း ဖြစ်တော့သည်။

**ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ (၂၀၁၀)**။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့်သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ စစ်မှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်း တံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏အမည်နှင့် ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်ဘွဲ့ ဂုဏ်ထူးဆောင်တံဆိပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ရဲမှုထမ်းကောင်း တံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက် (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ကိုးပါး၊ သီရိလင်္ကာနိုင်ငံမှ နှစ်ပါး စုစုပေါင်း ၁၁ ပါး၊ ဓမ္မကထိက ဗဟုဇန ဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၈ ပါး၊ သီလရှင် ဆရာကြီးနှစ်ပါး စုစုပေါင်းအပါး ၂၀၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၉ ပါး၊ သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၃၃ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ သုံးပါး၊ ဂျပန်နိုင်ငံမှ တစ်ပါး စုစုပေါင်း လေးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ တွင် မြန်မာနိုင်ငံမှ လေးပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊ လာအိုနိုင်ငံမှတစ်ပါး၊ ကမ္ဘောဒီးယားနိုင်ငံမှ တစ်ပါး၊ စင်ကာပူနိုင်ငံမှတစ်ပါး စုစုပေါင်းရှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၀ ပါး၊ မက္ကဆီကိုနိုင်ငံမှ တစ်ပါး၊ ဂျမေကာနိုင်ငံမှ တစ်ပါး၊ တရုတ်နိုင်ငံမှ တစ်ပါး၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ တစ်ပါး၊ အိန္ဒိယနိုင်ငံမှ တစ်ပါး၊ နီပေါနိုင်ငံမှ တစ်ပါး၊ ဆွစ်ဇာလန်နိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီးများတွင် မြန်မာနိုင်ငံမှ တစ်ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊ လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှတစ်ဦး၊ ဘရာဇီးနိုင်ငံမှတစ်ဦး စုစုပေါင်း ၁၉ ပါးနှင့် နှစ်ဦး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၀ ပါး၊ သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း

၁၂ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ မဟာကမ္မဋ္ဌာနာ စရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ တစ်ပါး၊ တရုတ်နိုင်ငံမှ တစ်ပါး စုစုပေါင်း နှစ်ပါး၊ ကမ္မဋ္ဌာနာ စရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး စုစုပေါင်း ပြည်တွင်းပြည်ပဆရာတော်ကြီး ၁၁၃ ပါး၊ သီလရှင်ဆရာကြီး ၁၀ ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးပါဝင်သည်။

## ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၁၀)

### နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကို တာဝန်ခံလျက် ၁၅ ပါးစီ သုံးဖွဲ့ဖွဲ့၍ မဟာနာယကကျောင်းတော်ကြီး၌ တစ်ဖွဲ့လျှင် လေးလစီ သီတင်းသုံးနေထိုင်ပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးတို့ကို နေ့စဉ်ဆောင်ရွက်တော်မူကြသည်။ အဖွဲ့တစ်ခုလျှင် ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီး ၂ ပါး၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ၂ ပါးနှင့် အဖွဲ့ဝင်ဆရာတော် ၁၁ ပါးတို့ အသီးသီးပါရှိသည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်တို့သည် အခါအားလျော်စွာ ကမ္ဘာအေး မဟာနာယကကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အစည်းအဝေးများကို ပုံမှန်အားဖြင့် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာမွေ့သဘင်၌ လေးလတစ်ကြိမ်ကျင်းပရာ ၂၀၁၀ ပြည့်နှစ်တွင် အောက်ဖော်ပြပါအတိုင်း ကျင်းပခဲ့သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒသမအစည်းအဝေး၊ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဧကာဒသမအစည်းအဝေး၊ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒွါဒသမအစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပသည်။

### ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပခြင်း

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးကို သာသနာနှစ် ၂၅၅၃၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၁၈-၂-၂၀၁၀) မှ တပေါင်းလဆန်း ၈ ရက် (၂၀-၂-၂၀၁၀) အထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်းတွင် ကျင်းပခဲ့ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများစုံညီစွာတက်ရောက်တော်မူကြသည်။

အစည်းအဝေးပထမနေ့ (၁၈-၂-၂၀၁၀) တွင် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော်ဘဒ္ဒန္တကုမာရ မထေရ်မြတ်က သာရဏီယ ဩဝါဒကထာကို ချီးမြှင့်ပေးတော်မူသည်။ ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဩဘာသိတာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) က တင်သွင်းလျှောက်ထားတော်မူသည်။

ထို့နောက် အစီအစဉ်တွင်ပါရှိသည့်အတိုင်း ဆွေးနွေးဆုံးဖြတ်ကြရာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ စိစစ်ပြင်ဆင်ချက်များ၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်း အနားယူခြင်းကိစ္စရပ်များ ပါရှိသည်။

အစည်းအဝေးဒုတိယနေ့ (၁၉-၂-၂၀၁၀) တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင် (ယခုသူရဦးမြင့်မောင်)က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် တစ်နှစ်တာ

ကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူကြသည်။

အစည်းအဝေးတတိယနေ့ (၂၀-၂-၂၀၁၀) တွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနား ယူခြင်းဆိုင်ရာလုပ်ငန်းစီမံချက်အရ ဆဋ္ဌအကြိမ်၊ ဒုတိယ သုံးနှစ်သက်တမ်း၌ အစားထိုးရွေးချယ်ခံရသည့် ဆဋ္ဌ အကြိမ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်း၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် အစီအစဉ်အရ သဘာပတိဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်က နိဂမနဩဝါဒကထာ ချီးမြှင့်ပေးတော်မူသည်။

**ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး**

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို သာသနာနှစ် ၂၅၅၄၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက် (၁၇-၇-၂၀၁၀) နေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ တက်ရောက်တော်မူကြသည်။ အထူးအစည်းအဝေးကြီး၌ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဂုဏောသန (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တမာနိတသီရိဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အထူးအစည်းအဝေးတွင် သဘာပတိဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို ချီးမြှင့်တော်မူ၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အစီအစဉ်အရ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကြီးက ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) ကိုလည်းကောင်း၊ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ဘဒ္ဒန္တခေမိန္ဒသာမိ (အဂ္ဂမဟာပဏ္ဍိတ) ကိုလည်းကောင်း ရွေးချယ်တင်မြှောက်တော်မူခဲ့ကြသည်။

**ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းများ ဆောင်ရွက်ခြင်း**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနိစ္ဆယရေးရာတွင် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့များ ရွေးချယ်လျာထားမှု၊ အယူခံပြီးပြတ်သည့်မှုခင်းများကို ပြီးငြိမ်းပြီးမှုခင်းများအဖြစ် အတည်ပြုမှု၊ ဆဋ္ဌအကြိမ်နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇) ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူရန်မှုခင်းများ၊ ဝိနိစ္ဆယဆိုင်ရာ အထွေထွေမှုခင်းများစသည့် ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့သည်။

သာသနာရေးရာတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၌ အစားထိုးရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် အစားထိုးရွေးချယ်ခြင်းနှင့် ထပ်မံရွေးချယ်သတ်မှတ်ခြင်းဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ခြင်း၊ စုံစမ်းရေးအဖွဲ့များဖွဲ့စည်းခြင်း၊ တင်ပြချက်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ခြင်း၊ စုံစမ်းရေးအဖွဲ့များဖွဲ့စည်းခြင်း၊ တင်ပြချက်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခြင်း၊

ဘုန်းတော်ကြီးကျောင်းများဆောက်လုပ်ခြင်း၊ ကျောင်းထိုင်ဘုန်းကြီး တင်မြှောက်ခြင်း၊ စေတီတော်သစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်မွမ်းမံခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ခြင်း၊ အခွန်လွတ်သာသနာ့မြေလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ် အသီးသီးမှ ကျောင်းတိုက်များ၊ ရိပ်သာများအတွက် စိစစ်ထောက်ခံပေးခြင်း၊ ဗဒ္ဓသိမ်သမုတ်ရန် လျှောက်ထားလာသည်များကို စိစစ်ထောက်ခံပေးခြင်း၊ ဆရာတော်မဟာထေရ်မြတ်ကြီးများ ဘဝနတ်ထံပျံလွန်တော်မူသဖြင့် သံဝေဂဉာဏ်ပွားတော်မူခြင်းကိစ္စ၊ ရဟန်းသာမဏေများကျင့်ဝတ်နှင့်အညီ နေထိုင်ရေးကိစ္စ၊ ညွှန်ကြားလွှာများလိုက်နာရေးကိစ္စ၊ ကျောင်းတိုက်များ၊ ပစ္စည်းများအငြင်းပွားမှုကိစ္စ စသည့် သာသနာရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို စိစစ်ဆောင်ရွက်ပေးသည်။

ပညာရေးရာကဏ္ဍတွင် ဗုဒ္ဓဘာသာစာမူစိစစ်ရေးနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ ထုတ်ဝေခွင့်ပြုခြင်း၊ ပြင်ဆင်၍ ထုတ်ဝေခွင့်ပြုခြင်း၊ ဖြုတ်ပယ်၍ ထုတ်ဝေခွင့်ပြုခြင်း၊ ပြင်ဆင်/ဖြုတ်ပယ်၍ ထုတ်ဝေခွင့်ပြုခြင်း၊ ထုတ်ဝေခွင့်မပြုခြင်းစသည်ဖြင့် စိစစ်ပေးရသည်။

ထို့အပြင် ထေရဝါဒနှင့်ဆန့်ကျင်သည့်ဟောကြားမှု ရေးသားမှု စသည်တို့ကို ဓမ္မ အဓမ္မစိစစ်ခြင်း၊ တရားဟောပြောချက်စီဒီခွေများ၊ စိစစ်ခြင်းတို့ကိုဆောင်ရွက်ပေးသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများကို ၁၉၅၆ ခုနှစ်မှစတင်၍ ဇမ္ဗူဒီပအဘိဓာန်ကျမ်းပြုအဖွဲ့၊ မန္တလေး မစိုးရိမ်ကျောင်းတိုက် အဘိဓာန်ကျမ်းပြုအဖွဲ့၊ မန္တလေး မဟာဝိသုဒ္ဓါရုံ အဘိဓာန်ကျမ်းပြုအဖွဲ့၊ မန္တလေး ဘုရားကြီးကျောင်းတိုက် အဘိဓာန်ကျမ်းပြုအဖွဲ့၊ ပခုက္ကူမြို့နှင့် မဟာဝိသုတာရာမကျောင်းတိုက် အဘိဓာန်ကျမ်းပြု အဖွဲ့ဟူသော အဖွဲ့ ၅ ဖွဲ့က ရေးသားပြုစုခဲ့ကြရာ ၂၀၁၀ ပြည့်နှစ်တွင် မန္တလေး မစိုးရိမ်ကျောင်းတိုက်၊ အဘိဓာန်ကျမ်းပြုအဖွဲ့က ပြုစုသော အတွဲ-၄၊ အပိုင်း-၃ ၌ စာမျက်နှာ ၇၀၈ မျက်နှာ၊ ပုဒ်ရေ ၅၁၆၃ ပြီးစီးပြီဖြစ်၍ ပုံနှိပ်နေဆဲဖြစ်သည်။

**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး**

၆၂ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ (၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်) တနင်္ဂနွေနေ့မှ ၁၃၇၁ ခုနှစ်၊ ပြာသိုလ ပြည့်ကျော် ၁၅ ရက်၊ (၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်) ကြာသပတေးနေ့အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ ကျင်းပသည်။ ထိုစာမေးပွဲကြီးတွင် ဖြေဆို အောင်မြင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

| | **အာဂုံ** | **ရေးဖြေ** |
|---|---|---|
| စာရင်းသွင်းသူ | ၁၆၂ ပါး | ၁၄၅ ပါး |
| ဖြေဆိုသူ | ၁၂၉ ပါး | ၁၂၇ ပါး |
| **အောင်မြင်သူ** | **၇၇ ပါး** | **၁၄ ပါး** |

**အာဂုံအောင် (၇၇) ပါး**

| | |
|---|---|
| အဘိဓမ္မာ ပထမပိုင်းငါးကျမ်းအာဂုံအောင် (မူလအာဘိဓမ္မိက) | ၁ ပါး |
| ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင် (ဒီဃဘာဏက) | ၅ ပါး |
| ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် (ဝိနယဓရ) | ၂၄ ပါး |
| ဝိနည်း ပထမပိုင်းနှစ်ကျမ်းအာဂုံအောင် (ဥဘတောဝိဘင်္ဂဓရ) | ၄၇ ပါး |
| **စုစုပေါင်း** | **၇၇ ပါး** |

**ရေးဖြေအောင် (၁၄) ပါး**

| | |
|---|---|
| အဘိဓမ္မာ (ဒုတိယပိုင်း) နှစ်ကျမ်း ရေးဖြေအောင်(တိပိဋကကောဝိဒ) | ၁ ပါး |
| အဘိဓမ္မာ (ပထမပိုင်း) ငါးကျမ်း ရေးဖြေအောင် (မူလအဘိဓမ္မကောဝိဒ) | ၁ ပါး |
| ဒီဃနိကာယ်သုံးကျမ်းရေးဖြေအောင် (ဒီဃနိကာယကောဝိဒ) | ၂ ပါး |
| ဝိနည်းဒုတိယပိုင်း သုံးကျမ်းရေးဖြေအောင် (ဝိနယကောဝိဒ) | ၃ ပါး |

ဝိနည်းပထမပိုင်း နှစ်ကျမ်းရေးဖြေအောင် (ဉဘတော ဝိဘင်္ဂကောဝိဒ) ၇ ပါး

**စုစုပေါင်း ၁၄ ပါး**

သာသနာ့အာဇာနည်မထေရ်မြတ်များကို ရွေးချယ်ဖော်ထုတ်ရာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော ပိဋကသုံးပုံသင်ရိုးကျမ်းစာအုပ် (ဆဋ္ဌမူ) ၂၀ မှ စာမျက်နှာပေါင်း ၈၀၂၆ ကို အထစ်အငေါ့မရှိ အဆင့်ဆင့်အာဂုံပြန်ဆိုပြီးမှသာ တိပိဋကဓရဘွဲ့ကို ခံယူရရှိသည်။

ပိဋကသုံးပုံပါဠိတော်အုပ်ရေ ၂၀ နှင့်တကွ ယင်းကျမ်းဂန်များ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာ၊ နိဿယ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိအစရှိသော ကျမ်းစာအုပ်ပေါင်း ၁၀၀ ကျော်မှ ခဲရာခဲဆစ် အဓိပ္ပါယ်များကို သေချာကျနစွာ သဘောရေးဖြေ စာမေးပွဲအောင်မြင်ပြီးမှ တိပိဋကကောဝိဒဘွဲ့ကို ရရှိသည်။

(၆၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်းရေးဖြေအောင်မြင်တော်မူသဖြင့် ပိဋကသုံးပုံအားလုံး အာဂုံ ရေးဖြေအောင်မြင်တော်မူသော စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ တိပိဋကဓရ တိပိဋကကောဝိဒအရှင်အဘိဇာတာဘိဝံသသည် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ တိပိဋကကောဝိဒ အောင်လက်မှတ်နှင့် အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် အစိုးရက ဆက်ကပ်လှူဒါန်းသော ကုန်းရေလေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ်၊ လစဉ်ဆွမ်းဆန်တော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်သည်။

### အစိုးရဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် (၁-၄-၂၀၁၀) နေ့မှ တန်ခူးလပြည့်ကျော် ၁၃ ရက် (၁၁-၄-၂၀၁၀) နေ့အထိ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| | |
|---|---|
| စာဖြေဌာနပေါင်း | ၄၈ ဌာန |
| စာရင်းသွင်းသူပေါင်း | ၂၈၅၇၈ ပါး |
| ဖြေဆိုသူပေါင်း | ၂၄၀၁၁ ပါး |
| ကျမ်းရင်းသုံးကျမ်းအောင် | ၄၂၆ ပါး |
| ကျမ်းရင်းနှစ်ကျမ်းအောင် | ၈၂၂ ပါး |
| ကျမ်းရင်းတစ်ကျမ်းအောင် | ၁၇၂၄ ပါး |
| မြန်မာဂုဏ်ထူးအောင် | ၅ ပါး |

### ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများကျင်းပခြင်း

၂၀၁၀ ပြည့်နှစ်၊ ပထမပြန်စာမေးပွဲများကို ၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် (၂၂-၃-၂၀၁၀) နေ့မှ ၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၈-၄-၂၀၁၀) နေ့အထိ တစ်ပြည်လုံးတွင် ပြည်နယ်နှင့်တိုင်းအလိုက် စာဖြေဌာနပေါင်း ၂၃၇ ဌာန၌ ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| **အတန်း** | **စာရင်းသွင်းသူ** | **ဖြေဆိုသူ** | **အောင်မြင်သူ** |
|---|---|---|---|
| ပထမကြီး | ၂၁၂၃၄ | ၁၈၂၀၄ | ၆၁၃၉ |
| ပထမလတ် | ၂၀၈၂၀ | ၁၈၅၉၇ | ၈၅၉၈ |
| ပထမငယ် | ၂၇၀၂၉ | ၂၃၅၆၆ | ၁၀၇၃၇ |

### (၁၈) ကြိမ်မြောက် နိကာယ်စာမေးပွဲ

၂၀၁၀ ပြည့်နှစ် (၁၈) ကြိမ်မြောက်နိကာယ်စာမေးပွဲကို ၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် (၁-၆-၂၀၁၀) နေ့မှ နယုန်လပြည့်ကျော် ၉ ရက် (၅-၆-၂၀၁၀) နေ့အထိ တစ်ပြည်လုံးတွင်ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| | |
|---|---|
| စာဖြေဌာနပေါင်း | ၇၀ ဌာန |
| စာရင်းသွင်းသူပေါင်း | ၃၂၁၆၉ ပါး |
| ဖြေဆိုသူပေါင်း | ၁၉၇၅၇ ပါး |
| အောင်မြင်သူပေါင်း | ၁၂၀၉ ပါး |

**အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ**

၂၀၀၉ ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိ မဂ်စာမေးပွဲများကို ၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် (၁၂-၁၂-၂၀၀၉) မှ ၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် (၁၄-၁၂-၂၀၀၉) နေ့အထိ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| စာဖြေဌာန | ၁၅၆ | ဌာန |
| စာရင်းသွင်းသူပေါင်း | ၃၃၉၃၅ | ပါး |
| ဖြေဆိုသူပေါင်း | ၂၉၅၀၀ | ပါး |
| အောင်မြင်သူပေါင်း | ၁၆၅၅၁ | ပါး |

**နယ်စပ်နှင့်တောင်တန်းဒေသသာသနာပြုလုပ်ငန်းများ**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များ၌ သာသနာပြုလုပ်ငန်းများကို စီမံချက်များ ချမှတ်လျက် ဆောင်ရွက်ခဲ့သည်။ ပြည်တွင်းသာသနာပြုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းလျက်စည်းမျဉ်းကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည်။ သာသနာပြုလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် သာသနာပြုလုပ်ငန်းများ၏အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| သာသနာပြုဌာန | ၅၂၇ | ဌာန |
| သာသနာပြုရဟန်းတော် | ၅၈၉ | ပါး |
| သာသနာပြုသီလရှင် | ၄၂ | ပါး |
| သာသနာပြုလူပုဂ္ဂိုလ် | ၅၇၀ | ဦး |

သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်မီရေး၊ အသိအမြင် ဗဟုသုတ ကြွယ်ဝရေး၊ သာသနာပြုလုပ်ငန်း ရှင်သန်ထက်မြက်နိုးကြားစေရေး၊ သာသနာပြုသင်တန်းတက်ရောက်ပြီးသော သာသနာပြုပုဂ္ဂိုလ်များကို နယ်စပ်နှင့်တောင်တန်းဒေသများ၌ လိုအပ်သည့်မည်သည့်ဒေသများသို့မဆို စဉ်ဆက်မပြတ် ရရှိစေလွှတ်နိုင်ရေးစသည်တို့အတွက် သာသနာပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၁၉၉၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်နှင့် သီလရှင်သင်တန်း ၁၉ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

သာသနာပြုလူပုဂ္ဂိုလ်သင်တန်းများကိုလည်း ဒေသအလိုက် လိုအပ်ချက်များအရ ဖွင့်လှစ်ပို့ချခဲ့ရာ ၂၀၁၀ ပြည့်နှစ်အထိ ၄၇ ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ သင်တန်းသားများပိုမို၍ အရည်အသွေးမြင့်မားတိုးတက်စေရန် ရည်ရွယ်လျက် သာသနာပြုမွမ်းမံသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၂၀၁၀ ပြည့်နှစ်အထိ ၁၀ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် သာသနာပြုပုဂ္ဂိုလ်များ ကျန်းမာရေးအသိအမြင် တိုးမြင့်စေရန်အတွက် တိုင်းရင်းဆေးပညာအခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဌမကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကိုလည်း အခါအားလျော်စွာ ၂၀၁၀ ပြည့်နှစ်အထိ သင်တန်းပေါင်း ၁၀ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ**

နယ်စပ်နှင့်တောင်တန်းဒေသများရှိ တိုင်းရင်းသားကလေးသူငယ်များ၊ မိဘမဲ့ကလေးသူငယ်များ၊ ဆင်းရဲချို့တဲ့သည့်ကလေးငယ်များ ပညာသင်ကြားနိုင်ရန်နှင့် အသိ အလိမ္မာ အတတ်ပညာတိုးတက်မြင့်မားစေရန်၊ ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ပြည်နယ်/တိုင်း အသီးသီး၌ ဖွင့်လှစ်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ်တွင် အောက်ဖော်ပြပါအတိုင်းရှိသည်။

| | | |
|---|---|---|
| မြို့နယ်ပေါင်း | ၂၅၁ | မြို့နယ်တွင် |
| မူလတန်းအဆင့် | ၁၀၄၁ | ကျောင်း |
| မူလတန်းလွန်အဆင့် | ၂၀၂ | ကျောင်း |
| အလယ်တန်းအဆင့် | ၁၁၁ | ကျောင်း |
| အထက်တန်းအဆင့် | ၂ | ကျောင်း |

စုစုပေါင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၃၅၆ ကျောင်းရှိသည်။

အလားတူပင် သီလရှင်သင် ပညာရေးကျောင်းများကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ဖွင့်လှစ်လျက်ရှိရာ

| | |
|---|---|
| မူလတန်းကျောင်း | ၃၈ကျောင်း |

| | |
|---|---|
| မူလတန်းလွန်အဆင့် | ၈ကျောင်း |
| အလယ်တန်းအဆင့် | ၁ကျောင်း |

စုစုပေါင်း ၄၇ ကျောင်း ရှိသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့၏ သတ္တရသမအကြိမ် အစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ၍ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀) ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၀၁၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်) တွင် နေပြည်တော်၊ ဥပ္ပါတသန္တိကုန်းမြေသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြသည်။

၂၀၁၀ ပြည့်နှစ်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| | |
|---|---|
| အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၃ ပါး |
| အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး | ၄ ပါး |
| တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ တံဆိပ်တော်ရ ဆရာတော် | ၂ ပါး |
| အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၁၁ ပါး |
| သာသနာပြု ဘွဲ့တံဆိပ်တော်ရဆရာတော် | ၃၅ ပါး |
| ဓမ္မကထိကဘွဲ့တံဆိပ်တော်ရဆရာတော် | ၂ ပါး |
| ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၆ ပါး |
| စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် | ၅၀ ပါး |
| စာချဘွဲ့တံဆိပ်တော်ရ သီလရှင် | ၆ ပါး |
| သာသနာပြုဘွဲ့တံဆိပ်တော်ရသီလရှင် | ၄ ပါး |
| သာသနာပြုဘွဲ့တံဆိပ်တော်ရအမျိုးသား | ၂ ဦး |

တို့ပါဝင်ပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရဟန်းတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၂၅ ဦး ဖြစ်သည်။ ယင်းဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များအနက် ပြည်တွင်း မှ ၁၀၈ ဦးပါရှိပြီး ပြည်ပနိုင်ငံများမှ ၁၇ ဦး ပါရှိသည်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကို ဆက်လက်ကျင်းပသည်။

## မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ့ဂုဟာအသင်း ဖွဲ့စည်းထားရှိခြင်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာ့ဂုဟာအသင်းကြီးကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၀၈) ၏ အတည်ပြုချက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ အသင်း၏ရည်ရွယ်ချက်မှာ–

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နယ်စပ်နှင့် တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများ ဗုဒ္ဓဘာသာ တရားတော်နှင့်အညီကောင်းသော အသက်မွေးဝမ်းကျောင်းမှုတို့ဖြင့် စီးပွားရေး၊ လူမှုရေး ဘဝမြင့်မားလာစေရန်၊

(ခ) နယ်စပ်နှင့်တောင်တန်းဒေသများမှ တိုင်းရင်းသားများအား ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ကိုခံယူနိုင်စေရန်နှင့် ရတနာသုံးပါးကို ဆည်းကပ်ပူဇော်ခွင့်ရရှိနိုင်စေရန်၊

(ဂ) စိတ်ထားဖြူစင်၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်၊

(ဃ) ပါဠိနှင့်မြန်မာစာပေများကို တတ်မြောက်ပြီး ဗုဒ္ဓတရားတော်ဆိုင်ရာ ပညာဗဟုသုတပြည့်စုံကြွယ်ဝသော သာသနာပြုပုဂ္ဂိုလ်အများအပြား ပေါ်ထွန်းလာစေရန်၊

(င) သာသနာပြုရဟန်းတော်နှင့် လူပုဂ္ဂိုလ်များအား လိုအပ်သော အထောက်အပံ့များ လှူဒါန်းပေးနိုင်ရန်၊

(စ) အဆင့်ဆင့်သော သာသနာနုဂ္ဂဟအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်ဟူ၍ဖြစ်သည်။

အသင်းကိုဖွဲ့စည်းရာတွင် ဩဝါဒါစရိယဆရာတော်များအဖွဲ့၊ ဗဟိုနာယကအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလုပ်အမှုဆောင်ကော်မတီ၊ ခရိုင်အလုပ်အမှုဆောင်ကော်မတီ၊ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၊ ရပ်ကွက်နှင့် ကျေးရွာအလုပ်အမှုဆောင်ကော်မတီဟူ၍ ဖွဲ့စည်းထားသည်။

အသင်းကြီး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူးအဖြစ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်တို့ ပါရှိသည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အသင်းတည်ရှိရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး၏ ဌာနချုပ် ဇမ္ဗူသီရိ ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

## ဇမ္ဗူသီရိဗိမာန်တော်ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အသင်းကြီး၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန် ဇမ္ဗူသီရိဗိမာန်တော်ကို ၂၀၀၇ ခုနှစ် မေလကပင် စတင်တည်ဆောက်ခဲ့သည်။

သာသနာပြု ရဟန်းတော်များသင်တန်း၊ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အပြည်ပြည်ဆိုင်ရာ ဘာသာရေးအခမ်းအနားများ၊ အပတ်စဉ်တရားပွဲများ၊ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားသော အပြည်ပြည်ဆိုင်ရာတရားပွဲများ ကျင်းပနိုင်ရေး အဆင့်ဆင့်သော သာသနာနုဂ္ဂဟအသင်းများ အချင်းချင်းပူးပေါင်း ဆောင်ရွက်နိုင်ရေး စသည်တို့ကို ရည်ရွယ်လျက် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် အမှတ် (၈) ရပ်ကွက် မြေကွက်အမှတ် (၄က-၂) တွင် တည်ဆောက်ခဲ့သော ဇမ္ဗူသီရိဗိမာန်တော် ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

## ဇမ္ဗူဒီပဗိမာန်တော်ဖွင့်လှစ်ခြင်း

ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူဒီပဗိမာန်တော်ကို မန္တလေးတိုင်း၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်သီကျေးရွာအုပ်စု ပုဂံရေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ၂၀၀၈ ခုနှစ်၊ ဧပြီလ၌ ပန္နက်တော်တင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်၊ ၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

**မသန်စွမ်းသူများနှင့် ရွှေမင်းသားဖောင်ဒေးရှင်း။**

။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၈၁ ခုနှစ်ကို နိုင်ငံတကာ မသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ပေးခဲ့သည်။

ယင်းသို့ကြေညာသတ်မှတ်ရန် လစ်ဗျားနိုင်ငံက ပထမဆုံးအဆိုတင်သွင်းခဲ့သည်။ ထို့နောက် ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အမှတ် ၃၂/၁၃၃ အရ နိုင်ငံတကာ မသန်စွမ်းသူများနှစ် အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဆုံးဖြတ်ချက်အမှတ် ၃၃/၁၇၀ အရ ထိုကော်မတီတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကော်မတီဝင်များကိုလည်း ကမ္ဘာ့ပထဝီအနေအထားအလိုက် မျှတစွာထည့်သွင်းခဲ့သည်။

ယင်းအကြံပေးကော်မတီသည် အစည်းအဝေးသုံးကြိမ်ပြုလုပ်ခဲ့ပြီး သုံးကြိမ်စလုံးတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ရာနှုန်းပြည့် ရရှိခဲ့သည်။ သို့အတွက် မသန်စွမ်းသူတို့၏ပြဿနာအခန်းကဏ္ဍနှင့် မသန်စွမ်းဖြစ်မှု ကာကွယ်တားဆီးရေးတို့သည် ကမ္ဘာ့နိုင်ငံရေးလောကတွင် မှတ်တမ်းတင်ထိုက်ဖွယ် အကောင်းဆုံး စည်းရုံးမှုတစ်ရပ်ဖြစ်လာခဲ့သည်။ လူသားတစ်ဦးတစ်ယောက်ချင်းကအစ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအစိုးရများ၊ ကုလသမဂ္ဂစနစ်အတွင်းမှ အဖွဲ့ဝင်များကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတကာ မသန်စွမ်းသူများနှစ်၏ခံယူချက်နှင့် ရည်ရွယ်ချက်မှာ လူမှုလောကအတွင်း မသန်စွမ်း သူများ အပြည့်အဝပါဝင်ဆင်နွှဲနိုင်ရေး၊ ၎င်းတို့နေထိုင် သည့် လူမှုဝန်းကျင်လောက ဖွံ့ဖြိုးမှုကို မြှင့်တင်ရေး၊ အခြားပြည်သူများနည်းတူ နေမှုထိုင်မှု သာတူညီမျှဖြစ်ရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအလိုက် ၎င်းတို့၏ နေထိုင်မှုသည်လည်း ညီမျှလာစေရေး စသည်တို့ဖြစ်သည်။ ဤခံယူချက်များကို ဖွံ့ဖြိုးမှုအဆင့်မခွဲခြားဘဲ နိုင်ငံတိုင်း၌ ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုမှ နိုင်ငံတကာအဆင့်အထိ တိုးမြှင့်လုပ်ဆောင်သွားရန် အကြံပေးကော်မတီက သတ်မှတ်ခဲ့သည်။

မသန်စွမ်းသူများအတွက် နေရေး၊ ထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် အပန်းဖြေရေးကဏ္ဍတို့၌ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်အတွက်လည်း ဖန်တီးပေးရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လူ့လောကအတွင်း လူတိုင်းရရှိကျင့်သုံးနိုင်သည့် အခွင့်အရေးမှန်သမျှကို မသန်စွမ်းသူများအနေဖြင့် အဟန့်အတားမရှိ အပြည့်အဝ ပါဝင်ဆင်နွှဲနိုင်စေရေးပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာနှင့် စိတ်မသန်စွမ်းသူ သန်းပေါင်း ၅၀၀ မျှ ရှိနေခြင်းကို တစ်ကမ္ဘာလုံးက အာရုံစိုက်မိသဖြင့် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေညီလာခံကြီးမှ ၁၉၈၁ ခုနှစ်ကို နိုင်ငံတကာမသန်စွမ်းသူများနှစ်အဖြစ်ကြေညာရန် အကြောင်းပေါ်ပေါက်လာရခြင်းဖြစ်သည်။

ယင်းမတိုင်မီကပင် မသန်စွမ်းသူများနှင့် ဆက်နွယ်လျက်ရှိသည့် ဆောင်ရွက်မှုများကို ကုလသမဂ္ဂက အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်က စိတ်ရောဂါဝေဒနာရှင်များ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းနှင့် ၁၉၇၅ ခုနှစ်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်းများကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

မသန်စွမ်းသူများနှစ်အတွက် ချမှတ်ခဲ့သော အဓိကရည်မှန်းချက်ကြီးငါးရပ်မှာ–

၁။ မသန်စွမ်းသူများသည် ရုပ်ပိုင်းအရလည်းကောင်း၊ စိတ်ပိုင်းအရလည်းကောင်း ပတ်ဝန်းကျင် လူမှုလောကတွင် ဝင်ဆံ့စေရန်အတွက် ဝိုင်းဝန်းကူညီရန်။

၂။ မသန်စွမ်းသူများကို သင့်လျော်သည့်အထောက်အကူပြုမှု၊ လေ့ကျင့်မှု၊ ပြုစုစောင့်ရှောက်မှုနှင့် လမ်းညွှန်မှု၊ အလုပ်အကိုင်ရရှိမှုအတွက်ကူညီရန်နှင့် လူမှုလောကနှင့်မကင်းကွာစေရန်။

၃။ မသန်စွမ်းသူများ နေ့စဉ်ဘဝ၌ လက်တွေ့ကျကျ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာမှုနှင့် သုတေသန စီမံကိန်းများကို မြေတောင်မြှောက်ပေးရန်။

၄။ မသန်စွမ်းသူများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဘဝတို့၌ ပါဝင်ခွင့်ရှိကြောင်း အများပြည်သူများအား ပညာပေးခြင်း၊ အသိပညာဖြန့်ဖြူးခြင်းများပြုလုပ်ရန်။

၅။ မသန်စွမ်းဖြစ်မှုကာကွယ်ရေး၊ မသန်စွမ်းသူများ

ပြန်လည်ထူထောင်ရေးတို့အတွက် အကျိုးသက်ရောက်သည့်လုပ်ရပ်များမြှင့်တင်ရန်တို့ဖြစ်သည်။

မသန်စွမ်းသူများနှစ် အကြံပေးကော်မတီအပြင် ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၈၁ ခုနှစ်များတွင် ယင်းနှစ်ဆိုင်ရာ အမျိုးသားကော်မရှင်များ ဆက်သွယ်ရေးဌာနစုစုပေါင်း ၁၂၀ ကို ဖွဲ့စည်းဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ ကော်မရှင်များ၊ ဆက်သွယ်ရေးဌာနများသည် ကျန်းမာရေး၊ မသန်စွမ်းဖြစ်မှုကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကာကွယ်ရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပို့ချရေး၊ အလုပ်အကိုင်ရရှိရေးစသောလုပ်ငန်းများအတွက် နိုင်ငံအလိုက်ဆောင်ရွက်မှုအစီအစဉ်၊ ဆောင်ရွက်မှုစီမံချက်တို့ကို ကြိုတင်ပြင်ဆင်၍ လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် အထူးညီလာခံများကို စည်းရုံးကျင်းပပေးနိုင်ခဲ့သည်သာမက မသန်စွမ်းသူဦးရေကို မသန်စွမ်းဖြစ်မှု အမျိုးအစားအလိုက် စာရင်းကောက်ယူခြင်း၊ အများပြည်သူထံ သတင်းဖြန့်ချိခြင်းစသည့်လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့သည်။ မသန်စွမ်းသူများနှစ်ပြီးဆုံးသွားသည့်တိုင် ယင်းတို့အတွက် ရေရှည်စီမံချက်များ ချမှတ်ပေးထားနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တိုင် အလေးထားကာ ကိုယ်ခန္ဓာနှင့်စိတ် မသန်စွမ်းသော်လည်း ဘဝသန်စွမ်းစေရန် ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြီးမှူး၍ အစိုးရအဖွဲ့အစည်းများနှင့်အတူ အစိုးရမဟုတ်သောအဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်စေခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် မသန်စွမ်းသူများနှင့်ပတ်သက်၍ အလေးဂရုပြုသောအားဖြင့် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် သဝဏ်လွှာပေးပို့၍ မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးခဲ့သည်။

မြန်မာနိုင်ငံသည် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကို ကျင်းပခဲ့ရာ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြီးမှူးပြီးနေပြည်တော်ခရိုင် ဇဗ္ဗူသီရိမြို့နယ်ရှိ မြန်မာ့အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်မသန်စွမ်းသူများသည် သန်စွမ်းသူများနည်းတူ တန်းတူအခွင့်အရေးရရှိစေရန်၊ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်အင်အားများမြင့်မားလာရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ရောက်တိုင်းအပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကိုစဉ်ဆက်မပြတ်ဂုဏ်ပြု ကျင်းပပေးခဲ့သည်မှာ ၁၇ နှစ် မြောက်ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၀ ပြည့်နှစ်အတွက် ဦးတည်ချက်ဆောင်ပုဒ် ချမှတ်ပေးထားရာ "ထောင်စုနှစ်ရည်မှန်းချက်များမှာ မသန်စွမ်းသူများ အရေးထည့်သွင်းဖို့ရာ ပြုထားကတိတည်ကြပါ" ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အခြေခံဥပဒေ ပုဒ်မ ၃၂ (က) တွင် မသန်စွမ်းသူများအား နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ရန် အတိအလင်းပြဋ္ဌာန်းပြီးဖြစ်သည်။ သို့ဖြစ်၍ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် မသန်စွမ်းမှုစာရင်းဇယားကောက်ယူမှုလုပ်ငန်းအား လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၇ ခုရှိ အိမ်ထောင်စုပေါင်း ၁၈၀,၀၀၀ တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ဤစစ်တမ်းအရ မြန်မာလူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့် တစ်နည်းအားဖြင့် လူဦးရေ ၁ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်ကြသည်ဟု တွေ့ရှိရသည်။ ၎င်းအနက်မှ ၇၀ ရာခိုင်နှုန်းခန့်သည် လှုပ်ရှားသွားလာမှု ခက်ခဲသူများဖြစ်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းသည် အသိဉာဏ်ခံစားမှု မသန်စွမ်းသူများဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ မသန်စွမ်းသူများအနေဖြင့် လှုပ်ရှားသွားလာမှုရရှိခံစားခွင့်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူရည်တူပါဝင်ခွင့်ရရှိခြင်းအားဖြင့် လောကအကျိုး၊ လူသားအကျိုးကို ဖော်ဆောင်ရာ၌ ပါဝင်ဆောင်ရွက်နိုင်

သည့် တာဝန်သိလူသားကောင်းများ ဖြစ်လာစေရန် အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်း စီမံချက် (၂၀၁၀-၂၀၁၂) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

မသန်စွမ်းသူများ ပြည်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် လုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများကိုယ်တိုင်ပါဝင်ပြီး ပြည်တွင်းကအစိုးရမဟုတ်သည့် အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့၊ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူအသင်း၊ မြန်မာနိုင်ငံ မျက်မမြင်အသင်း၊ ရန်ကုန်နှင့်မန္တလေးနားမကြားအသင်း၊ ဉာဏ်ရည်နိမ့်ကလေးမိဘများ၏ Family Network အဖွဲ့၊ ဧဒင်မသန်စွမ်းသူများပြုစုစောင့်ရှောက်ရာရိပ်မွန်၊ ရွှေမင်းသားဖောင်ဒေးရှင်း၊ မျက်မမြင်အကြောပြင် ပညာရှင်ဖောင်ဒေးရှင်းစသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် UNDP, UNESCAP, AAR, APCD, TLMI, JICA, LDSC, World Vision, Asia Mind, Action Aid, Japan Heart အစရှိသည့်အဖွဲ့အစည်းများကလည်း အားကြီးမာန်တက်ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် လူတိုင်းအတွက်ပညာရေးကို ဖော်ဆောင်ပေးနေသည့် မျက်မှောက်ခေတ်တွင် Inclusive Education ဟူသည့် လူတိုင်းအကျုံးဝင် ပညာရေးစီမံကိန်းအရ မသန်စွမ်းကလေးငယ်များ၏ အတန်းပညာသင်ကြားမှုအခွင့်အလမ်းကို ပွင့်လန်းစေခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းကျောင်းများ၌ အထူးပညာရေးနှင့် အခြေခံပညာမူလတန်းပညာ ပြီးမြောက်ခဲ့သည့် ကလေးသူငယ်များသည် သက်ဆိုင်ရာအခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ၌ သန်စွမ်းသည့်ကလေးများနှင့်ရင်ဘောင်တန်း၍ ပညာသင်ကြားခွင့် ရရှိနေပြီဖြစ်သည်။ ယနေ့အချိန်အခါတွင် အခြေခံပညာအလယ်တန်း အထက်တန်းကျောင်းများ၌ မသန်စွမ်းကလေး ၈၀၁ ဦး၊ တက္ကသိုလ်ကောလိပ်များ၌ ၃၁ ဦး၊ ဘွဲ့လွန်သင်တန်းကျောင်းများ၌ ၆ ဦး ပညာသင်ကြားနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် မသန်စွမ်းအားကစားသမားများပေါ်ထွက်လာစေရန် ကြိုးပမ်း



**နိုင်ငံတကာအားကစားပြိုင်ပွဲများသို့သွားရောက်ယှဉ်ပြိုင်ခဲ့သောမသန်စွမ်းလူငယ်နှစ်ဦး**

ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလအတွင်းကျင်းပသည့် (၂၂) ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲ၌ မသန်စွမ်းအဖွဲ့အစည်း ၁၃ ဖွဲ့မှ အားကစားသမား ၃၀၂ ဦးသည် ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ထိုင်လျက်-ဘောလီဘော၊ မျက်မမြင်-စစ်တုရင်၊ ဂေါက်သီးရိုက်စသည့် ပြိုင်ပွဲများ၌ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထူးချွန်သည့်မသန်စွမ်းအားကစားသမားများကိုလည်း နိုင်ငံတကာဖိတ်ခေါ် အားကစားပြိုင်ပွဲများ၌ သွားရောက်ယှဉ်ပြိုင်စေခဲ့ရာ ဖွန်လအတွင်းက စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ဉာဏ်ရည်မမီဖိတ်ခေါ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့က ကျင်းပသည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၉) ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲတွင် ရန်ကုန်၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ စစ်ကိုင်းနှင့် မုံရွာ

တို့မှ မျက်မမြင်သင်တန်းကျောင်းများ၊ မျက်မမြင်အဖွဲ့အစည်းများမှ မျက်မမြင် စုစုပေါင်း ၇၄၀ တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ မသန်မစွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက်ရည်ရွယ်၍ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) Shwe Minn Tha Foundation(Myanmar) ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ထူထောင်ခဲ့သည်။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) သည် အစိုးရမဟုတ်သည့်အဖွဲ့အစည်းဖြစ်ပြီး ဘာသာရေးနှင့်ပါတီ နိုင်ငံရေးကင်းရှင်းသော၊ အမြတ်အစွန်းမရှာသော အဖွဲ့အစည်းဖြစ်သည်။ အသင်းရည်ရွယ်ချက် (၁၀) ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင် မသန်မစွမ်းသူများအတွက် ရပ်ရွာလူထုအခြေပြု ပြည်လည်ထူထောင်ရေး လုပ်ငန်း၏ အဓိကကဏ္ဍကြီး ၆ ခု ဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ လူမှုရေး၊ စွမ်းအင်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ မသန်မစွမ်းသူများနှင့် ပြည်သူလူထုအားလုံး ပေါင်းစည်းပါဝင်ကာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရပြီး အခွင့်အရေးတန်းတူညီမျှမှုရရှိမည့်လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ပေါက်လာစေရန် အကောင်အထည်ဖော်လျက်ရှိသည်။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ကို ကုမ္ပဏီမှ အမြတ်ငွေများဖြင့် စတင်မတည်ပေးခဲ့ပြီး ပြည်တွင်းအလှူရှင်များက ဆက်လက်ကူညီပံ့ပိုးပေးလျက်ရှိသည်။ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှင့် ယနေ့အထိ ဆက်သွယ်မှတ်ပုံတင်ပြီး အထွေထွေ ထောက်ပံ့မှုရရှိထားသော မသန်စွမ်းသူဦးရေ ၃,၈၀၀ ကျော် ရှိနေပြီဖြစ်သည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) တည်ထောင်သူဦးမြတ်သူဝင်းကို ရန်ကုန်မြို့အမျိုးသမီးဆေးရုံကြီးတွင် ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးဖွားစဉ်က ညပ်ဆွဲမွေးဖွားခဲ့၍ အာရုံကြောထိခိုက်ကာ Cerebral Palsy ခေါ်သူငယ်နာ အကြောတင်းရောဂါ ခံစားခဲ့ရသူဖြစ်သည်။ အခြေခံပညာကို ရွှေတောင်မြို့တွင် မူလတန်းပညာ ဆည်းပူးခဲ့ရာ နှစ်စဉ်ထူးချွန်ဆု (ပထမ၊ ဒုတိယ၊ တတိယ)ရရှိခဲ့ပြီး စတုတ္ထတန်းတွင် သချာ်လူရည်ချွန်ဆုကိုရရှိခဲ့သည်။ အလယ်တန်းနှင့်အထက်တန်းကို အ.ထ.က (၁) ပြည်မြို့တွင် ဆည်းပူးခဲ့ပြီး ဒသမတန်းကို ၄၄၈ မှတ်ဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာ အထူးပြုမေဂျာနှင့် သင်ယူခဲ့ပြီး ၁၉၈၇ တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် မဟာဝိဇ္ဇာ အရည်အချင်းစစ် ဒုတိယပိုင်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်းများတွင် အင်္ဂလိပ်ကဗျာများ ပါဝင်ရေးသားခဲ့ပြီး အင်္ဂလိပ်စာဂျာနယ်တွင် အင်္ဂလိပ်အယ်ဒီတာအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့သည်။ အင်္ဂလိပ်စာအဓိက ကျောင်းသားကျောင်းသူများနှင့် ဖွဲ့စည်းထားသည့် အင်္ဂလိပ်စာမိသားစုအသင်း (EMA) တွင် အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

၁၉၉၀ ပြည့်နှစ်တွင် အိမ်ခြံမြေလုပ်ငန်းဖြင့် စီးပွားရေးလောကထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းများ ကုမ္ပဏီလီမိတက်ကို စတင်ထူထောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် Panorama မဂ္ဂဇင်းကို ထုတ်ဝေခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး Myanmar Chronicle Magazine ကို ထုတ်ဝေနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရွှေမင်းသားကုန်သန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်ကို ထပ်မံတည်ထောင်နိုင်ခဲ့သည်။

မသန်စွမ်းသူများအကြောင်းကို ပြည်သူလူထု ပိုမိုသိရှိနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ သွားရောက်၍ အများပြည်သူများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့မှုများပြုလုပ်ခဲ့သည်။ MRTV-4 ရုပ်သံလိုင်းတွင် မသန်စွမ်းအသိ ပညာပေးလှုပ်ရှားမှု အစီအစဉ် ၅ ခုကို တင်ဆက်ခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုအတွက် ရွှေမင်းသားကုမ္ပဏီနှင့် အခြားသောလုပ်ငန်းများတွင် အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့သည်။ မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးတတ်စေရန်

ကိုယ့်အားကိုယ်ကိုးအုပ်စုများအဖွဲ့ (Self Help Group - SHG) စတင်နိုင်ရန်အတွက် စွမ်းရည်မြှင့် သင်တန်းများ ပေးပြီး မော်လမြိုင်မြို့နယ်တွင် ၅ ဖွဲ့၊ တောင်ဒဂုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံ မြို့နယ်တို့တွင် တစ်ဖွဲ့စီ ဖွဲ့စည်းပေးနိုင်ခဲ့သည်။ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ လူ့အသိုင်းအဝိုင်းတွင် သွားလာလှုပ်ရှားနိုင်သည့် အတားအဆီးမဲ့ပေါင်းစည်းသောလူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်နိုင်စေရန် ရန်ကုန်မြို့ရှိ ကျိုက်ဝိုင်းဘုရား၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ ဇမာနွေလ



**ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း**

ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ မဟာဗိသနိုးဘုရားကျောင်း၊ အစ္စလာမ်ဘုရားကျောင်း၊ တိရစ္ဆာန်ဥယျာဉ်၊ ဝိသုဒ္ဓါရုံဘုန်းကြီးကျောင်း၊ ရှစ်မိုင်ခရစ်ယာန်ဘုရားကျောင်းနှင့် မန္တလေးမြို့ရှိ မဟာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ ဖောင်တော်ဦး ပရဟိတဘုန်းကြီးကျောင်း၊ စိန်ဖရန့်စစ်ဇေးဗီးယားဘုရားကျောင်းစသည့်အများ ပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် လျှောက်လမ်းများပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။ ထို့ပြင် မန္တလေးမြို့ရှိ လူသွားစင်္ကြံများနှင့် ဈေးကြီးများတွင် ဝှီးချဲသွားလမ်းများနှင့် စစ်ကိုင်းမြို့ရှိကောင်းမှုတော်ဘုရားတွင် လျှောက်လမ်းများကို စတင်ပြင်ဆင်လျက်ရှိသည်။ မသန်စွမ်းသူများ၏ ဘဝနေထိုင်မှုပုံစံများကို ပြည်သူများပိုမိုသိရှိနိုင်ရန်နှင့် မသန်စွမ်းသူများ၏ စိတ်ဓာတ်ခွန်အားများ ပြည့်ဝနိုင်ရန် ရည်ရွယ်၍ အပန်းဖြေခရီးများကို ဖန်တီးနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားနှင့် နေပြည်တော်လေ့လာရေး ခရီးစဉ်တွင် မသန်စွမ်းသူ ၁၂၀ ဦး တက်ရောက်နိုင်ခဲ့သည်။ မသန်စွမ်းသူများ အများပြည်သူကြားသွားလာနိုင်ရန် လေးဘီးဝှီးချဲ ၁၂၆ စီး၊ သုံးဘီး ဝှီးချဲ ၈၀ စီး၊ ခြေတု ၅၂ ခု၊ လက်တု ၅ ခုနှင့် ဂျိုင်းထောက်၊ အားပြုကိရိယာ၊ နားကြားကိရိယာ၊ မျက်မမြင်တုတ်ကောက်စသည့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ခဲ့သည်။

ကျောင်းနေအရွယ်မသန်စွမ်း ကလေးငယ်များ ပညာသင်ခွင့်ရရှိရန်နှင့် ပေါင်းစည်းပညာရေးတစ်ရပ် ပေါ်ပေါက်လာမှုကို အထောက်အကူပြုရန် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ကျောင်းများကိုညှိနှိုင်းပေးခြင်းများပြုလုပ်နိုင်ခဲ့ပြီး ပုံမှန်ပညာသင်စရိတ်ထောက်ပံ့ခဲ့သူ ၂၁ ဦးနှင့် ရာသက်ပန်ပညာသင်စရိတ်ထောက်ပံ့ခဲ့သူ ၁၀ ဦးရှိသည်။ မသန်စွမ်းသူများ၏ လူနေမှုဘဝမြှင့်တင်နိုင်စေရန်နှင့် စားဝတ်နေရေးပြေလည်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းရင်းနှီးမတည်ငွေကို အတိုးမဲ့ထောက်ပံ့ခဲ့သည်။ မသန်စွမ်းသူများအများစု စုဝေးရာ လူမှုဝန်ထမ်းကျောင်းများနှင့်အဖွဲ့အစည်းများရှိ မသန်စွမ်းသူများ၏ အခြေခံကျန်းမာရေးကို စောင့်ရှောက်နိုင်ရန် Medical Mobile Team များဖွဲ့၍ မသန်စွမ်းသူ ၆၀၀ ဦးကိုကုသပေးခဲ့သည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးမှူကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို တက်ရောက်စေခဲ့သည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ မသန်စွမ်းသူများ၏အရေးကိစ္စများကို ပိုမိုသိရှိဂရုစိုက်နိုင်ရန် ရည်ရွယ်ပြီး ကုလသမဂ္ဂနေ့အခမ်းအနား ညစာစားပွဲများကို ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် တက်ရောက်နိုင်ခဲ့သည်။ မသန်စွမ်းသူများကို ရပ်ရွာလူထုအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြင့် ကူညီဆောက်ရွက်လျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်းကို UNDP က ပါဝင်ကူညီပံ့ပိုး၍ မော်လမြိုင်မြို့နယ်

တွင် ရပ်ရွာလူထုအခြေပြု ပြည်လည်ထူထောင်ရေးကွန်ဂရက် (Community Based Rehabilitation -CBR) စီမံကိန်းကို ပြုလုပ်ခဲ့၍ မသန်စွမ်းသူ ၁၃၀ ဦး အကျိုးကျေးဇူးရရှိခဲ့သည်။ သွားလာရန်ခက်ခဲပြီး ဝေးလံခေါင်ဖျားသောဒေသများရှိ မသန်စွမ်းသူများကို အိမ်တိုင်ရာရောက် ပြန်လည်ထူထောင်ရေးလေ့ကျင့်ခန်းများနှင့်နည်းပညာများကို မသန်စွမ်းသူ ၁၈၀ ဦးထံ ပေးအပ်နိုင်ခဲ့သည်။ မသန်စွမ်းသူများခေတ်နှင့်အညီ နည်းပညာသစ်များနှင့်အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်းတွင် ၆၈ ဦး၊ Hardware ပြုပြင်ခြင်းသင်တန်းတွင် ၃၆ ဦး၊ ဝက်ဘ်ဆိုဒ်ဒီဇိုင်းသင်တန်းတွင် ၃ ဦး၊ အခြေခံအင်္ဂလိပ်စာတွင် ၈ ဦး၊ တရုတ်စာသင်တန်းတွင် ၆ ဦး၊ စိုက်ပျိုးရေးပညာသင်တန်းတွင် ၃၀ ဦး၊ မွေးမြူရေးသင်တန်းတွင် ၃၀ ဦး၊ ရေလုပ်ငန်းပညာသင်တန်းတွင် ၃၀ ဦးနှင့် အသေးစားရောင်းဝယ်ရေးလုပ်ငန်းတွင် ၃၀ ဦးတို့ကို တက်ရောက်စေခဲ့သည်။

နိုင်ငံတော်က ကြီးမှူးကျင်းပသည့်မြန်မာနိုင်ငံမသန်စွမ်းအားကစားပွဲတော် နှင့်အိုလံပစ်နေ့အခမ်းအနားများတွင် ပါဝင်နိုင်စေရန် အားကစားအဖွဲ့ ဖွဲ့စည်းပြီးယှဉ်ပြိုင်ခဲ့ရာ မသန်စွမ်း အားကစားသမားဦးရေ ၇၀ ဦးရှိပြီး ၂၀၀၉ ခုနှစ်တွင် အဆင့် ၁၂၊ ၂၀၁၀ ပြည့်နှစ်တွင် အဆင့် ၄ ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကန်တော်ကြီးမျှော်စင်ကျွန်းတွင် ဖျော်ဖြေပွဲကျင်းပ၍ လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အနုပညာရှင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် ဘောလုံးပြိုင်ပွဲကျင်းပ၍ လည်းကောင်း ရန်ပုံငွေရှာဖွေခဲ့သည်။ နိုင်ငံတကာရှိမသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများလေ့လာနိုင်စေရန်နှင့်မြန်မာနိုင်ငံအတွင်းရှိ လှုပ်ရှားမှုများကို ဖလှယ်နိုင်စေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင်ကျင်းပသော အာရှပစိဖိတ်ရပ်ရွာလူထုအခြေပြု ပြန်လည်ထူထောင်ရေး (Community Based Rehabilitation-CBR) ကွန်ဂရက်၊ ဂျပန်နိုင်ငံတိုကျိုမြို့နှင့် တာကာယားမား မြို့တို့တွင် ကျင်းပသော UNESCAP တာကာယားမား ကွန်ကရက်တို့ကို တက်ရောက်ခဲ့သည်။ ဖောင်ဒေးရှင်းတွင် ဦးဆောင်လုပ်ကိုင်နေသော မသန်စွမ်းသူများအနက် ပြည်ပရှိအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ စွမ်းရည်မြှင့်သင်တန်းကို သင်တန်းသား နှစ်ယောက်တက်ရောက်စေခဲ့သည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးချုပ်ကို အမှတ် (၇၉၇)၊ အခန်း(၁၀၄-ဘီ)၊ ဗိုလ်ချုပ်လမ်း (ဝါးတန်းလမ်းထောင့်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဆက်သွယ်ထောက်ပံ့မှုရယူလိုသူ မသန်စွမ်းသူများ၏ လိုအပ်ချက်အရလူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အထက်မြန်မာပြည်ရုံးခန်းကို အမှတ်(၄)၊ (၃၃) လမ်း၊ ၆၇လမ်း နှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် မန္တလေးတွင် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ဖွင့်လှစ်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများနှင့် ဆက်သွယ်၍ကူညီထောက်ပံ့ပေးလျက်ရှိသည်။

## မက္ကဆီကိုပင်လယ်ကွေ့ရေနံတူးစင်ပေါက်ကွဲမှု။

။ ယနေ့ကမ္ဘာပေါ်တွင် ပြဿနာပေါင်းမြောက်မြားစွာရှိနေလေသည်။ နိုင်ငံရေးပြဿနာများ၊ စစ်ရေးပြဿနာများ၊ စီးပွားရေးပြဿနာများ၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ အကျုံးဝင်သည့် လူမှုရေးပြဿနာများအပြင် ပတ်ဝန်းကျင်ယိုယွင်းကာ ရာသီဥတုဖောက်ပြန်နေသည့်ပြဿနာများလည်းပါဝင်လေသည်။

အထူးသဖြင့် ပတ်ဝန်းကျင်ယိုယွင်းခြင်းပြဿနာသည်ကမ္ဘာ့လူသားများကို ခြိမ်းခြောက်လျက်ရှိသည်။ သဘာဝတရားအခြေအနေအရ ပတ်ဝန်းကျင်ယိုယွင်းလာခြင်းများရှိသည့်နည်းတူ လူသားတို့၏ပေါ့ဆမှု၊ ချို့ယွင်းမှုတို့ကြောင့် ပတ်ဝန်းကျင်ယိုယွင်းခြင်းများလည်း ဖြစ်ပေါ်လျက်ရှိနေသည်။

ယခုလည်းအမေရိကန်ပြည်ထောင်စုမက္ကဆီကိုပင်လယ်ကွေ့အတွင်း၌ ရေနံတူးစင်ပေါက်ကွဲနစ်မြုပ်သဖြင့် ရေနံများပန်းထွက်လာခြင်းကြောင့် ပတ်ဝန်းကျင်ယိုယွင်းလာခြင်းကို ရင်ဆိုင်နေရသည်။

အမေရိကန်ပြည်ထောင်စု မက္ကဆီကိုပင်လယ်ကွေ့ လူဝီစီယားနားကမ်းခြေမှ မိုင် ၄၀ အကွာတွင် ရေနံတွင်း

တူးစင်ကြီးတစ်ခုရှိသည်။ ကမ်းလွန်ရေနံတူးစင်၏ အမည်မှာ (Deepwater Horizon) ဖြစ်သည်။ ထိုတွင်း တူးစင်ကို ထရန်ခ် အိုးရှင်းလီမိတက်ကပိုင်ဆိုင်ပြီး B.P စွမ်းအင်ကုမ္ပဏီသို့ အငှားချထားသည်။

အဆိုပါရေနက်ရေနံတွင်းတူးစင်ကြီးမှာ ချို့ယွင်းမှုဖြစ်ကာ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်တွင် မီးလောင်ကျွမ်းပြီး ဧပြီလ ၂၂ ရက်နေ့တွင် မက္ကဆီကိုပင်လယ်ကွေ့ ပင်လယ်ရေပြင်အနက်ပေ ၅၀၀၀ တွင်နစ်မြုပ်သွားသည်။ ၎င်းတွင်းတူးစင်ကြီး၏ တန်ဖိုးမှာ ဒေါ်လာသန်း ၆၀၀ ခန့်ရှိသည်။

အဆိုပါရေနံတွင်းတူးစင်တွင်ကြိုတင်၍ ဘေးအန္တရာယ်အသိပေးနိုင်သည့် ကိရိယာများ တပ်ဆင်ထားသော်လည်း အလုပ်သမားများကို ပေါက်ကွဲမှုအတွက်ကြိုတင်သတိပေးနိုင်ခြင်းမရှိခဲ့ကြောင်း ကျွမ်းကျင်သူများက ဝန်ခံပြောဆိုကြသည်။ ထို့ကြောင့်အလုပ်သမား ၁၀ ဦးသေဆုံးခဲ့ရသည်။

စတင်ပေါက်ကွဲသည်နှင့် ပင်လယ်ရေပြင်ကျယ်ကြီးပေါ်တွင် ပေါလောပေါ်ကာရွေ့ရှားနေသည့်ရေနံပြင်ကြီးကို တွေ့မြင်ကြရသည်။ တွင်းတူးစင်ကြီးမှ ဒီဇယ်ဆီများ သို့မဟုတ် ရေအောက်မှထွက်လာသည့် ရေနံစိမ်းများ စသည်တို့ကို အတိအကျခွဲခြားနိုင်ခြင်းမရှိခဲ့ပေ။ ကျွမ်းကျင်သူများက ရေနံတွင်းမှ တစ်နာရီလျှင် ရေနံစိမ်းဂါလန်ပေါင်း ၁၃,၀၀၀ ယိုဖိတ်နေကြောင်း ခန့်မှန်းကြသည်။

သို့သော် မေလ ဒုတိယပတ်ဝန်းကျင်တွင်မူ ရေနံတွင်းတူးစင်ပေါက်ကွဲမှုကြောင့် ပင်လယ်ပြင်၌ ရေနံစိမ်းဂါလန်ပေါင်း ၁ ဒသမ ၆ သန်းခန့် ပျံ့နှံ့လျက်ရှိနေကြောင်း ကျွမ်းကျင်သူများက ဆိုကြသည်

လေပြင်းတိုက်ခတ်မှု၊ လှိုင်းလေတိုက်ခတ်မှု၊ ဒီလှိုင်းကျရောက်မှုတို့ကြောင့် ရေနံစိမ်းလွှင်ပြင်ကြီးမှာ ကြီးမားပြီး ကျယ်ပြောပျံ့နှံ့လာသည်။ ထို့အပြင် ရေနံများ မှာ ဖလော်ရီဒါပြည်နယ်၊ လူဝီစီယားနားပြည်နယ်၊ မစ္စစ္စပီပြည်နယ်နှင့် အယ်ဘားမားပြည်နယ်များအထိ ပျံ့နှံ့လာသည်။ ထို့ကြောင့် အဆိုပါပြည်နယ်များတွင် အရေးပေါ်အခြေအနေများ ကြေညာထားရသည်။

ဤသို့ ရေနံစိမ်းများ ပျံ့နှံ့လာခြင်းကြောင့် ကမ်းခြေအလှအပများ၊ အထူးအားဖြင့် ငါးဖမ်းလုပ်ငန်းများ၊ သဘာဝဥယျာဉ်များ ထိခိုက်ပျက်စီးသွားမည်ကိုလည်း စိုးရိမ်နေရသည်။ မက္ကဆီကိုပင်လယ်ကွေ့တွင် ၂၀၀၁ ခုနှစ်နောက်ပိုင်းများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်သည့်လုပ်ငန်းများ၌ မီးလောင်ပေါက်ကွဲမှု ပေါင်း ၈၅၀ ကြိမ်ရှိခဲ့ပြီး အလုပ်သမားပေါင်း ၅၀ ကျော်လည်းသေဆုံးခဲ့သည်။ ပင်လယ်ဖျံ၊ ပင်လယ်လိပ် စသည့် ရေသတ္တဝါများလည်း အဆိပ်သင့်သေဆုံးခဲ့ကြသည်။



ကမ်းခြေအထိပျံ့နှံ့လာသည့်ရေနံများကို ဘီပီကုမ္ပဏီမှ လုပ်သားများ ခပ်ယူနေစဉ်

ယခုမက္ကဆီကို ပင်လယ်ကွေ့ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းမှာ အမေရိကန်ပြည်ထောင်စုသမ္မတအိုဘားမား၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည်။ ၎င်း၏ တိုးချဲ့ပြုလုပ်ရန် တိုက်တွန်းချက်အရ B.P ကုမ္ပဏီနှင့် ထရန်ခ်အိုးရှင်းကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုကာ ရေနံတူးဖော်ခဲ့ကြသည်။ ထိုသို့တူးဖော်နေစဉ် သုံးပတ်မျှအကြာတွင် (Deepwater Horizon) ရေနံတွင်းတူးစင် မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

သမ္မတအိုဘားမားက အခင်းဖြစ်ရာဒေသသို့ အမိမြေလုံခြုံရေးဝန်ကြီးဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့သည်။ မစ္စတာအိုဘားမားသည် ၂၀၁၀ ပြည့်နှစ် မေလ ၂ ရက်နေ့တွင် လူဝီစီယားနားပြည်နယ်သို့ သွားရောက်ပြီး ပတ်ဝန်းကျင်အခြေအနေနှင့် ဂေဟစနစ်များထိခိုက်ပျက်စီးမည်ကို အထူးစိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တာဝန်ရှိသည့် B.P ကုမ္ပဏီမှလည်းဖိတ်စင်သွားသည့် ရေနံများကို စုပ်ယူဖယ်ရှားရန်အတွက် ရေအောက်

ရေနံတွင်းပေါက်ကို ပိတ်ဆို့နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ ရေအောက်စက်ရုပ်များအသုံးပြုပြီး ပန်းထွက်နေသောရေနံနှင့်သဘာဝဓာတ်ငွေ့များကို ရေနံစုပ်ယူသည့် ပြွန်ချောင်းကြီးများဖြင့် စုပ်ယူနိုင်ရန် ဦးစွာဆောင်ရွက်သည်။

ထို့အတူ ပင်လယ်တွင် မျောပါနေသည့် ရေနံများ ကုန်းပေါ်သို့ မရောက်ရှိရေးအတွက် ရေနံဖယ်ရှားနိုင်သည့် (Dispersants) ဓာတုဆေးရည်များ ပက်ဖျန်းခြင်းစသည်တို့ကို လုပ်ဆောင်သော်လည်း ထိရောက်သောအောင်မြင်မှုမရရှိခဲ့ပေ။ သို့ဖြင့် ဂေဟစနစ်နှင့် စီးပွားရေးတို့ကိုပါ ခြိမ်းခြောက်လျက်ရှိနေကြောင်း လူဝီစီယားနားပြည်နယ်အုပ်ချုပ်ရေးမှူးက ဖွင့်ဟပြောဆိုခဲ့သည်။

ဂေဟစနစ်များယိုယွင်းလာခြင်း၊ ရေနေသတ္တဝါများမှာ ကြီးမားသောအန္တရာယ်များနှင့် ကြုံတွေ့နေရခြင်း၊ ကမ်းခြေအလှများ ယိုယွင်းလာခြင်းနှင့် ငါးလုပ်ငန်းများ ထိခိုက်လာခြင်းစသည်တို့ကြောင့် အမေရိကန်ပြည်ထောင်စု ရှေ့နေချုပ်အီရစ်အိုဒါက စုံစမ်းစစ်ဆေးလျက်ရှိနေပြီဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ကြောင်း အထောက်အထားတွေ့ရှိပါက အမှုဖွင့်အရေးယူမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အရေးပေါ်အခြေအနေ ကြေညာထားရသည့် မြို့နယ်များမှ တာဝန်ရှိသူများနှင့်လည်း ဆွေးနွေးခဲ့ကြောင်း သတင်းများကဖော်ပြခဲ့သည်။

B.P ရေနံကုမ္ပဏီသည် ရေနံတွင်းပိတ်ဆို့ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများရှိလာသည်ဟုဆိုသည်။ ရေနံယိုဖိတ်မှုကြောင့် B.P ကုမ္ပဏီ၏ ကုန်ကျစရိတ်များကို ကာမိစေရန် အမေရိကန်အစိုးရက ဒေါ်လာ ၆၉ သန်းထုတ်ချေးမည်ဟု အိမ်ဖြူတော်မှတာဝန်ရှိသူများကဆိုသည်။

သမ္မတအိုဘားမားက ရေနံဖိတ်စင်မှုနှင့်ပတ်သက်ပြီး နောက်ထပ်စည်းမျဉ်းဥပဒေများလိုအပ်ပါက ချမှတ်ပြဋ္ဌာန်းရန်၊ တာဝန်မကင်းသူများကို အရေးယူရန်၊ ပတ်ဝန်းကျင်ယိုယွင်းမှုသည် B.P ကုမ္ပဏီတွင် တာဝန်ရှိကြောင်းနှင့် ယခုဖြစ်ရပ်အတွက် တစ်သီးပုဂ္ဂလ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရန် တိုက်တွန်းခြင်း ပြုခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ဒုတိယပတ်တွင် ရေအောက်ရေနံပိတ်ဆို့ရေးလုပ်ငန်းမှာ လွန်စွာအလားအလာကောင်းလာကြောင်း၊ မျောပါခြင်းနှင့်ကမ်းပေါ်တင်နေသည့် ရေနံများဖယ်ရှားရေးလုပ်ငန်းများလည်း တိုးတက်မှုရှိနေကြောင်း ကုမ္ပဏီက ကြေညာခဲ့သည်။

အဆိုပါရေနံတူးစင်ပေါက်ကွဲယိုဖိတ်မှုကို B.P ကုမ္ပဏီက နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ပိတ်ဆို့ခြင်းပြုခဲ့သည်။ ရေအောက်စက်ရုပ်အသုံးပြုပြီး အဖုံးကိုပိတ်ဆို့သည်။ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်တွင် ပိတ်ဆို့နိုင်ခဲ့သော်လည်း ရေနံများယိုစိမ့်မှု ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ နောက်ဆုံးရေနံတွင်းကို ဘိလပ်မြေများဖြင့် လောင်းထည့်ကာ အပြီးပိတ်ခြင်းပြုခဲ့ရသည်။

ရေနံတွင်းပိတ်ဆို့ရေးကို ဦးစီးဦးဆောင်ကြီးကြပ်အကောင်အထည်ဖော်သူ အငြိမ်းစားရေတပ်ဗိုလ်ချုပ်ကြီးသက်(ဒ)အာဝင်က ဘိလပ်မြေဖြင့် အောင်မြင်စွာ ပိတ်ဆို့နိုင်ခဲ့ကြောင်းနှင့် ယင်းအကြောင်းကို ပြည်ထဲရေးဌာနက သမုဒ္ဒရာစီမံခန့်ခွဲမှုဗျူရိုကိုလည်း အတည်ပြုပေးလိုက်ပြီကြောင်း ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ပင်လယ်ရေအောက်ပေပေါင်း ၅,၀၀၀ တွင် ရေနံတွင်းပေါက်ကွဲယိုဖိတ်မှုကြောင့် ငါးလတာပိတ်ဆို့ရန် ကြိုးပမ်းနေစဉ်ကာလအတွင်း ရေနံစည်ပေါင်း ၄ ဒသမ ၄ သန်းကျော်ယိုဖိတ်မှုရှိခဲ့သည်။ ယင်းဖြစ်စဉ်မှာ ပင်လယ်ရေပြင်အတွင်း ရေနံဖိတ်စဉ်မှုအများဆုံးအခြေအနေဖြစ်သည်။

B.P ကုမ္ပဏီက ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်အထိ ကုမ္ပဏီအနေဖြင့် ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံထိရှိကြောင်းနှင့် ယင်းဆုံးရှုံးမှုများတွင် မက္ကဆီကိုပင်လယ်ကွေ့နိုင်ငံများသို့ လျော်ကြေးပေးရခြင်း၊ ရေနံရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရခြင်း၊ ပျက်စီးသွားသည့်ရေနံတွင်းကို ဘိလပ်မြေများဖြင့် လောင်းထည့်ရခြင်းစသည့်အသုံးစရိတ်တို့ပါဝင်သည်ဟုဆိုသည်။ ထိုမျှသာမက အမေရိကန်ဒေါ်လာ ၃၁၉ သန်းကို အခြားထိခိုက်မှုများအတွက်လျော်ကြေးအဖြစ် ပေးဆောင်ခဲ့ရကြောင်းလည်း ဖော်ပြသည်။ ရေနံစည်ပေါင်း ၄ ဒသမ ၄ သန်း ယိုဖိတ်ခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် ရေနံစည် ၈ သိန်းကျော်ကိုသာ ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

ဤရေနံတွင်းပေါက်ကွဲယိုဖိတ်မှုကြောင့် ပင်လယ်ပြင် ညစ်ညမ်းခြင်း၊ ကမ်းခြေများပျက်စီးခြင်း၊ ရေသတ္တဝါများ သေကျေဆုံးရှုံးခြင်း၊ ပင်လယ်ပျော်ငှက်များတိမ်းပါးခြင်း၊ အထူးအားဖြင့် ငါးဖမ်းလုပ်ငန်းထိခိုက်ခြင်း၊ ဂေဟာစနစ်ယိုယွင်းကာ ပတ်ဝန်းကျင်အလှန်အမင်း ထိခိုက်ပျက်စီးခြင်း၊ ဝန်းကျင်စီးပွားရေးကိုထိခိုက်လာခြင်းစသည့် ကြီးမားဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။

B.Pကုမ္ပဏီအနေဖြင့် ရေနံယိုဖိတ်မှုကို အောင်မြင်စွာပိတ်ဆို့နိုင်ခဲ့ပြီး အမေရိကန်သမ္မတအိုဘားမားက ပင်လယ်ကွေ့ဒေသသည် ယခုအခါ ဘေးအန္တရာယ်မှ လုံးဝပြန်လည်ရှင်သန်လာရေးအတွက် ဆောင်ရွက်စရာရှိသည်များကိုဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။** ။မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၈၉ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ကုန်သွယ်ရေးဝန်ကြီးဌာန၏ခွင့်ပြုမိန့် လိုင်စင်အမှတ် (၃) ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ရေလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီငါးလုပ်ငန်းများဆောင်ရွက်နေသည့်စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းကာ "ရေလုပ်ငန်းပညာရှင်များအသင်း" ကို ဖွဲ့စည်းခဲ့သည်။

၁၉၉၄ ခုနှစ်တွင် "မြန်မာနိုင်ငံ ငါးလုပ်ငန်းအသင်း" ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ထို့နောက်ဒေသအတွင်းရှိအာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်များနှင့်တန်းတူရည်တူဆက်ဆံနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ "မြန်မာနိုင်ငံငါးလုပ်ငန်းအသင်း" ကို "မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်" ဟူ၍ ပြောင်းလဲတိုးမြှင့်ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်၏ နိုင်ငံခြားရေးရာ မူဝါဒကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၀၂) ဖြင့် သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၂ ခုနှစ် စက်တင်ဘာလ ၈ ရက်မှစ၍ အာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်၌ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

အဖွဲ့ချုပ်၏ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်များအကြားရင်းနှီးခိုင်မြဲစွာပေါင်းသင်းဆက်ဆံ၍ အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်စေရေး ရှေးရှုလျက် အသင်းဝင်အချင်းချင်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်တွင်းစားသုံးမှုကိုဖူလုံစေပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်သော ရေထွက်ကုန်ပစ္စည်းများကို တိုးထွင်မွေးမြူဖမ်းဆီးနိုင်ရေးအတွက်အဖွဲ့ဝင်များအတွင်း စည်းရုံးဆောင်ရွက်ရန်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူ၍စဉ်ဆက်မပြတ်ရှိရင်းစွဲ ပမာဏထက် မလျော့စေဘဲရေရှည်ထုတ်လုပ်သုံးစွဲနိုင်သည့် ငါးလုပ်ငန်းဖြစ်ပေါ်စေရေးအတွက် တာဝန်သိ၍ တာဝန်ရှိသောငါးလုပ်ငန်းဖြစ်စေရန်၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ရန်၊ အသင်းဝင်လုပ်ငန်းရှင်များအကြားရေလုပ်ငန်းဆိုင်ရာအသိပညာဗဟုသုတများဖြန့်ဝေပေးရန်၊ နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းဥပဒေများ၊ လမ်းညွှန်ချက်များ၊ ပြည်တွင်းပြည်ပသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍လိုအပ်သလို အကျိုးပြုဆောင်ရွက်ပေးရန်၊ ရေလုပ်ငန်းကဏ္ဍဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအရလုပ်ငန်းဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ပံ့ပိုးကူညီရန်၊ ရေလုပ်ငန်းဆိုင်ရာဝန်းကျင်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊ ရေထွက်ကုန်ပစ္စည်းများနှင့် တန်ဖိုးမြှင့်ကုန်ပစ္စည်းများပြည်ပသို့ တိုးမြှင့်တင်ပို့ခြင်းဖြင့် အမျိုးသားစီးပွားရေးအခြေအနေ စဉ်ဆက်မပြတ်တိုးတက်မြင့်မားလာစေရန်တို့ဖြစ်သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၄ ခုနှစ် မေလ ၅ရက်နေ့တွင် မြန်မာနိုင်ငံငါး၊ ပုစွန်လုပ်ငန်းရှင်များအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ ဆက်လက်၍ အသင်းများဖွဲ့စည်းခဲ့ရာ မြန်မာနိုင်ငံ ငါး၊ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ

အသင်း၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းစသည်တို့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းတို့သည် ဗဟိုအဆင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် (၁) ဂဏန်းလုပ်ငန်းရှင်များအသင်း (၂) ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် (၃) အာရ ငါးလုပ်ငန်းရှင်များအသင်းတို့ကိုလည်း ဖွဲ့စည်းထားသည်။ ထို့အပြင် ဒေသနှင့်လုပ်ငန်းအမျိုးအစားတို့ကို မူတည်ကာ ငါးကန်လုပ်ငန်းရှင်များအသင်း၊ ကမ်းနီးကမ်းဝေးမျှောပိုက်လုပ်ငန်းရှင်များအသင်း၊ ပင်လယ်ကျားပိုက်လုပ်ငန်းရှင်များအသင်းတို့ကိုလည်း ဖွဲ့စည်းထားသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဖွဲ့စည်းရေးအခမ်းအနား ကျင်းပနေစဉ်

မြန်မာနိုင်ငံမှ မွေးမြူထုတ်လုပ်သော ငါးများ၏အရည်အသွေးနှင့်အညီ ကမ္ဘာ့ငါးဈေးကွက်တွင် ဈေးနှုန်းမှန်ကန်စွာ ရရှိရဲ့မှုမက ပြည်တွင်း၌လည်း စားသုံးမှုမြင့်မားလာရေးအတွက် ၂၀၀၅ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၂ ရက်နေ့အထိ တီးလားဗီးယားငါးဈေးပွဲတော်ကို ကျင်းပခဲ့သည်။

ထို့အပြင် မြန်မာ့ရေထွက်ပစ္စည်းများသည် ထူးကဲသောအရသာရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်းတို့ကို ပြည်သူများသိရှိရုံမျှမက ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေရရှိရေး ရည်မှန်း၍ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်မှ ၂၅ ရက်နေ့အထိ ပထမအကြိမ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် EISC ၏ သဘောတူခွင့်ပြုချက်ဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏လမ်းညွှန်ချက်အရ ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများအတွက် မူရင်းသက်သေခံလက်မှတ် (Certificate of Myanmar Origin) များကိုလည်း ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှ စတင်ထုတ်ပေးခဲ့သည်။

၂၀၀၈ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဝင်ရောက်တိုက်ခတ်ခဲ့သော နာဂစ်လေမုန်တိုင်းကြောင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးပြီး လူအသေအပျောက်များရှိခဲ့ရာတွင် ရေလုပ်ငန်းလည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်တာဝန်ဖြင့် ရှေ့တန်းရုံးဖွင့်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းဆိုင်ရာအသင်းများ၌ အလှူခံဌာနများဖွင့်လှစ်၍ အလှူငွေကောက်ခံခြင်း၊ ရေလုပ်ငန်းပြန်လည်ထူထောင်ရေး ဗဟိုကော်မတီတွင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များပါဝင်ဆောင်ရွက်ခြင်း၊ လေဘေးသင့်မြို့နယ်များ၊ ကျေးရွာများသို့သွားရောက်၍ ရေလုပ်ငန်းနှင့်ပတ်သက်သည့် ပျက်စီးဆုံးရှုံးမှုစာရင်းဇယား၊ သတင်းအချက်အလက်များကောက်ယူစုဆောင်းခြင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ၂၀၀၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် "The Forum for the Current Status of M.F.F and Potential of the Fishery Sector in Myanmar" ခေါင်းစဉ်ဖြင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် ၄၃ ဦးတို့ဖြင့် (Donor Conference) ကျင်းပပြုလုပ်ခဲ့ခြင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့်

စေတနာရှင် အဖွဲ့အစည်းအသီးသီးက လေဘေးဒဏ်ခံဒေသရှိ ရေလုပ်သားများကို ထောက်ပံ့ကူညီပေးခဲ့ခြင်း၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ကျောက်တန်း၊ လပွတ္တာ၊ ငပုတော၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ မအူပင်မြို့နယ်တို့သို့ ကွင်းတားပိုက် ၂၀၀ မီတာ၊ ဦးရေ ၉၀၀၀၊ ၄၀၀



**ငါးဖမ်းပိုက်များခွဲဝေထုပ်ပိုးနေစဉ်**

မီတာ၊ ဦးရေ ၁၅၀၀၊ ရင်တွန်း ဦးရေ ၄၀၉၉၊ ကွန်ဦးရေ ၅၀၉၈ တို့ကို ဖြည့်ဆည်းကူညီပေးခဲ့ခြင်းစသည်တို့ ဖြစ်သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၉ ခုနှစ်အတွင်း၌ ပြင်ပအဖွဲ့အစည်းများ၊ ဧည့်သည်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာတွင် ထိုင်းနိုင်ငံရှိ EU Commission မှ ပုဂ္ဂိုလ်များ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ရုရှား၊ ဂရိ၊ အစ္စရေး၊ မြောက်ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယစသည့်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ U.N.D.P INFOFISH တို့မှ ပညာရှင်များကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးခြင်းများပြုခဲ့သည်။

ထို့နည်းတူအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်ပနိုင်ငံများသို့ သွားရောက်ခြင်းများရှိခဲ့သည်။ လေ့လာရေးခရီးစဉ်များ၊ စည်းဝေးပွဲများ၊ ကုန်စည်ပြပွဲများစသည့်တာဝန်များဖြင့် ထိုင်းနိုင်ငံ၊ အိန္ဒိယ၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသို့ သွားရောက်ခဲ့ကြသည်။

ပြည်တွင်းပြည်ပလုပ်ငန်းများ ဆောင်ရွက်ခြင်းသာမက ငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်ကာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို ၂၀၀၆ ခုနှစ်မှ စတင်ကာ မျက်မှောက်ကာလအထိ အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ စီးပွားရေးဆိုင်ရာများ၊ ငွေရေးကြေးရေးဆိုင်ရာများ၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ အတွေးအခေါ်ဆိုင်ရာများ၊ မိုးလေဝသဆိုင်ရာများ စသည့် ဘာသာရပ်များကို သက်ဆိုင်သည့်ဘာသာရပ်အလိုက် စီးပွားရေးပညာရှင်များ၊ ပါမောက္ခများ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ သိပ္ပံပညာရှင်ကြီးများက ဦးဆောင်ဟောပြောဆွေးနွေးကြသည်။

ဖော်ပြပါလုပ်ငန်းဆောင်တာများအပြင် အဖွဲ့ချုပ်သည် ပြည်တွင်းစည်းရုံးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း၊ ဘာသာစကားသင်တန်းများဖွင့်လှစ်ခြင်း၊ လုပ်ငန်းဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်းများအပြင် မြန်မာ့ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံပြိုင်ပွဲနှင့် မြန်မာ့ ပင်လယ်ဖျော်အလှမင်းသမီး (Miss Mermaid) ရွေးချယ်ပွဲကိုပါ ၂၀၀၉ ခုနှစ်အတွင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် ယခုအခါ စတုတ္ထအကြိမ် သက်တမ်းကာလသို့ ရောက်ရှိပြီဖြစ်သည်။ စတုတ္ထအကြိမ် သက်တမ်းကာလ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၃ နှစ်တာအတွက် နာယက ၂ ဦး၊ အကြံပေးပုဂ္ဂိုလ် ၅ ဦး၊ ဗဟိုအလုပ်အမှုဆောင် ၆၃ ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ဥက္ကဋ္ဌမှာ ဦးစိုးဌေးမြင့်နှင့် အတွင်းရေးမှူးမှာ ဦးဝင်းကြိုင် တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၁၀ ပြည့်နှစ်အတွက် ရှေ့လုပ်ငန်းစဉ် (၁၇) ရပ်ချမှတ်၍ သားငါးကဏ္ဍတိုးတက်ရေး၊ ငါးသယံဇာတမပြုန်းတီးရေး၊ ရေလုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှချီးမြှင့်သည့် ရေလုပ်ငန်းကဏ္ဍဆု၌ ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်သည် တောင်ပေါ်ဒေသ ရေချို ရေငန်ပုဇွန်မွေးမြူထုတ်လုပ်မှုဂုဏ်ပြုဆုနှင့် မြန်မာနိုင်ငံ

ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းသည် ရေငန်ငါးသယံဇာတတိုးပွားစေရေး မျိုးစိုက်ထည့်နိုင်မှု ဂုဏ်ပြုဆုတို့ကို ရရှိခဲ့ကြသည်။

ယခုအခါအဖွဲ့ချုပ်နှင့် လုပ်ငန်းဆိုင်ရာအသင်းများမှကိုယ်စားလှယ် ၁၈ ဦးပါဝင်သည့် ASEAN Seafood Federation (Myanmar) ဖွဲ့စည်းပြီးဖြစ်သည်။

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံ။** ။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံကို ၂၀၁၀ ပြည့်နှစ် မေလ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို မေလ ၁၆ ရက်နေ့တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (ယခု သီဟသူရ ဦးတင်အောင်မြင့်ဦး) တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားမှူးအဖြစ် ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်သည်။

ညီလာခံပထမနေ့တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း(ယခုဦးကျော်ဆန်း)က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း (ယခုဦးကျော်ဆန်း) ထံ အလှူရှင်များက ငွေကျပ် ၈၇ သိန်းကျော်တန်ဖိုးရှိ စာအုပ်စာစောင်၊ ဂျာနယ် ၉၀၀၀ ကျော်နှင့် အလှူငွေ ငွေသားကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပဋ္ဌမအကြိမ်ညီလာခံ ပထမနေ့ နံနက်ပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)ကလည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း-လမ်းမတော်)ကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ကလည်းကောင်း၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့အစီရင်ခံစာကို တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်အေး (မောင်ဟေမာ) ကလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်စည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပြင်ဆင်ချက်တင်သွင်းခြင်းကို ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း(မြင့်သိန်းအောင်) ကလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် ညီလာခံကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဒေါပုံမြို့နယ်မှ ဦးမိုးအောင် (မောင်မောင်မိုးအောင်)၊ ဗဟန်းမြို့နယ်မှ ဒေါ်နီနီတင်(နီနီ-မြန်မာစာ)၊ လှိုင်သာယာမြို့နယ်မှ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)နှင့် ပေါက်ခေါင်းမြို့နယ်မှ ဒေါ်ဖြူဖြူနိုင် (ခြူးနွယ်)တို့က ထောက်ခံဆွေးနွေးကြသည်။ ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်များအတွက် ညီလာခံကိုယ်စားလှယ် ပဲခူးမြို့မှ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က ထောက်ခံဆွေးနွေးပြီး ဗဟိုအမှုဆောင်ကော်မတီ၏အစီရင်ခံစာကို ထောက်ခံဆွေးနွေးအကြံပြုချက်များအပေါ် ဗဟိုအမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းမောင် (သန်းမောင်)က ပြန်လည်ဖြေကြားသည်။ ထို့နောက် ကွယ်လွန်ခဲ့ကြသော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်းအဆိုကို ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းဝင်း (မောင်နိုင်ခန့်) က ဖတ်ကြားတင်သွင်းပြီး ညီလာခံသို့ တက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် ညီလာခံကို ညနေပိုင်းတွင်

ဆက်လက်ကျင်းပသည်။ ညီလာခံတွင် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းများကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော နေပြည်တော် တပ်ကုန်းမြို့မှ ဦးမောင်သန်း (မောင်သက်နှင်း-မြောက်ဥက္ကလာပ)က အဆိုတင်သွင်းပြီး မန္တလေးမြို့မှ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)က ထောက်ခံဆွေးနွေးသည်။ ထို့နောက် ဘဏ္ဍာရေးအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် စာပေရန်ပုံငွေ အစီရင်ခံစာများကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မင်းပြားမြို့မှ ဦးသိန်းဖေ (မင်းပြား-သိန်းဖေ)က အဆိုတင်သွင်းပြီး ဗိုလ်တထောင်မြို့နယ်မှ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)က ထောက်ခံဆွေးနွေးသည်။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ချက်ကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဇီးကုန်းမြို့မှ ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း)က အဆိုတင်သွင်းပြီး မကွေးမြို့မှ ဦးတင်အောင်ငွေ (နေခြည်-မကွေး) က ထောက်ခံဆွေးနွေးသည်။

ယင်းနောက်စွမ်းဆောင်ရည်ဆုရရှိကြသော မြို့နယ်များအား ဆုများကိုချီးမြှင့်ရာ ဦးတင်ခ (တက္ကသိုလ်တင်ခ)က စွမ်းဆောင်ရည်ပထမဆုရ မရမ်းကုန်းမြို့နယ်၊ ဒုတိယဆုရ လှိုင်သာယာမြို့နယ်နှင့် တတိယဆုရ မော်လမြိုင်မြို့နယ်တို့မှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဦးမြင့်သိန်း (မြင့်သိန်းအောင်)က စွမ်းဆောင်ရည်ဆု အထူးဆုရရှိကြသော အင်းစိန်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့်မုံရွာမြို့နယ်များမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအားလည်းကောင်း၊ အတွင်းရေးမှူးဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က စွမ်းဆောင်ရည်ဆု အထူးဆုရရှိကြသော ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကင်းမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်စာပေညီလာခံအတွက် ဂုဏ်ပြုအလှူငွေများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၄၅ ဖွဲ့တို့က စုစုပေါင်းငွေကျပ် ဆယ်သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သခ်)၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)(ခင်မောင်ထွန်း-လမ်းမတော်)နှင့် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့က လက်ခံကြသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ ဒုတိယနေ့(နောက်ဆုံးနေ့) အစီအစဉ်များကို မေလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပသည်။ အလှည့်ကျသဘာပတိအဖြစ် ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က ဆောင်ရွက်ပြီး ပဉ္စမအကြိမ်ညီလာခံ၏ ဆုံးဖြတ်ချက်(၄)ရပ်၊အတည်ပြုချက်(၃)ရပ်နှင့်မှတ်တမ်းတင်ခြင်း(၅)ရပ်တို့ကို ညီလာခံကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း သဘောတူညီကြသဖြင့် အတည်ပြုကြောင်းကြေညာပြီး သဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များက မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က စတုတ္ထအကြိမ်ညီလာခံသက်တမ်းမှဗဟိုအမှုဆောင်ကော်မတီဝင်များအားလုံး နုတ်ထွက်ကြောင်းကြေညာသည်။ ဆက်လက်၍ ပဉ္စမအကြိမ်ညီလာခံသက်တမ်းအတွက် ဗဟိုအမှုဆောင်ကော်မတီအသစ် ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်) က ဆောင်ရွက်သည်။ ထို့နောက် သဘာပတိ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီအသစ်အား ရွေးချယ်ရန်အတွက် ဆန္ဒပြုပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးစနစ်ဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များကို မဲပေးရွေးချယ်ကြပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ၃၀ ၏ အမည်စာရင်းကို သဘာပတိက ဖတ်ကြားကြေညာသည်။ ထို့နောက် ဗဟိုအမှုဆောင်

ကော်မတီဝင်အသစ်များ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး တာဝန်ခွဲဝေသတ်မှတ်သည်။ ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင် အသစ်များက သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာခံယူကြကာ သဘာပတိက ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များအား အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအသစ်ဖြစ်သည့် ဦးတင်ခ (တက္ကသိုလ်တင်ခ) က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် သဘာပတိ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ဦးမြတ်ခိုင်(မြတ်ခိုင်)၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသာထွန်းဦး (ဒေါက်တာသာထွန်းဦး)၊ တွဲဖက်အတွင်းရေးမှူး (၃)ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)၊ ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း) (ခင်မောင်ထွန်း-လမ်းမတော်)၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဒေါ်ချိုချိုတင် (မစန္ဒာ)၊ တွဲဖက်စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)၊ ပြန်ကြားရေးမှူး ဒေါ်နန်းကလျာဝင်း (ငွေသော်တာ)၊ ဗဟိုအမှုဆောင်ကော်မတီဝင်များအဖြစ်



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြည်နယ်/တိုင်းဒေသကြီးများမှ စာပေညီလာခံကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်**

နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ညီလာခံက ရွေးချယ်တင်မြှောက်သော ဗဟိုအမှုဆောင်ကော်မတီမှာ ဥက္ကဋ္ဌဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာ တင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)၊ ဒုတိယ ဥက္ကဋ္ဌ(၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူးဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးအောင်ငြိမ်း၊ ဦးတင့်ဆွေ(ရဲရင့်တင့်ဆွေ)၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဦးကျော်ဝင်း(မနုသကျော်ဝင်း)၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဦးသန်းလှိုင်(တက္ကသိုလ်သန်)၊ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)၊ ဦးကိုကို(ကို-တက္ကသိုလ်)၊ ဦးမောင်မောင်ဦး (တင်သန်းဦး)၊ ဦးကိုကိုလှိုင် (ကိုကိုလှိုင်)၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ဦးခင်မောင်ညို (ခင်မောင်ညို-ဘောဂဗေဒ)၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒေါက်တာ တင်မောင်

ထွေး (ဒေါက်ထွေး-ဆေး/မန်း)၊ ဒေါက်တာ တင်အောင်ခိုင် (အောင်အောင်)၊ ဦးမောင်မျိုး(မောင်မျိုး-ကြောင်နှစ်ကောင်)တို့ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ စတင်၍ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) က ဒုတိယဥက္ကဋ္ဌ(၁) အဖြစ်လည်းကောင်း၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) က ဒုတိယဥက္ကဋ္ဌ (၂) အဖြစ် လည်းကောင်း၊ ဦးကိုကိုလှိုင် (ကိုကိုလှိုင်) က ဒုတိယဥက္ကဋ္ဌ (၃) အဖြစ်လည်းကောင်း၊ ဦးမောင်မောင်အေး (မောင်ဟေမာ)က ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်) က တွဲဖက်ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်းဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၁၀ ပြည့်နှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းအရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

**လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ**

ရာဇူဒိုင်တံတား အမှတ် (၂) ဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည်။ တံတားအမျိုးအစားမှာ တစ်လမ်းသွား သံကူကွန်ကရစ်ဖြစ်ပြီး တံတားအရှည် ၅၄၀ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၀ ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။ ဧရာဝတီတိုင်း အတွင်း ၄၈ စင်းမြောက် ပေ ၁၈၀ အထက် စီမံကိန်းဝင် တံတားတစ်စင်းဖြစ်သည်။

မာန်အောင်ကျွန်းပတ်လမ်းဖွင့်ပွဲကို အဆိုပါလမ်းသင်္ချိုင်းကြီး မုခ်ဦးရှေ့၌ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါကျွန်းပတ်လမ်းသည် ကျွန်းတစ်ပတ်လုံး ၅၁ မိုင်၊ ၄ ဖာလုံ ရှည်လျားသည်။ ကျောက်ချောလမ်း ၈ မိုင်၊ အမာခံလမ်း ၄၃ မိုင်၊ ၄ ဖာလုံ၊ လမ်း၏အကျယ် ၁၂ ပေရှိသည်။ ကျွန်းပတ်လမ်းသည် ကျေးရွာ ၃၇ ရွာကို ဖြတ်သန်းသွားမည်ဖြစ်ပြီး လမ်းမကြီးပေါ်တွင် တံတားကြီးငယ်ပေါင်းအစင်း ၁၉၀ တည်ဆောက်ထားသည်။

သီရိမင်္ဂလာခုံးကျော်တံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် စစ်ကိုင်းမြို့နယ် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနား လမ်းပေါ်၌ တည်ရှိသည်။ တံတားကို သံကူကွန်ကရစ် အုတ်မြစ်၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့်ရက်မတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ၄၈၅ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ် ၄၈ ပေရှိ လေးလမ်းသွား ကားလမ်းနှင့် တစ်ဖက်လေးပေစီအကျယ်ရှိ လူသွားလမ်းပါရှိပြီး ရထားလမ်းကင်းလွတ်အကျယ် ၅၂ ပေ၊ အမြင့် ၁၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းအတွင်း ၁၇ စင်းမြောက် ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်သည်။

ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို ကသာ (မြောက်) ဘူတာသစ်ယာဒ်ဝင်း မင်္ဂလာမုခ်ဦးရှေ့၌ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါရထားလမ်းပိုင်းသစ်သည် ရထားလမ်းခရီးမိုင် အရှည် ၁၆ ဒသမ ၆၈ မိုင်၊ လမ်းတစ်လျှောက် တံတားကြီးငယ်စုစုပေါင်း ၅၉ စင်း၊ အများဆုံး ကွေ့ဒီဂရီ ၁၂ ဒီဂရီ ကွေ့ပေါင်း ၂၇ ကွေ့၊ ဘလောက်ဘူတာ လေးဘူတာပါဝင်သည်။ ရထားလမ်းပိုင်းသစ်သည် ကသာမြို့နယ်အတွင်းတည်ရှိပြီး ကသာဘူတာ၊ ပေါမခြိုင်ဘူတာ၊ မင်းလယ်ဘူတာနှင့် မိုးတားကြီးဘူတာစသည့် ဘူတာများပါဝင်ပြီး ကသာ-ဗန်းမော်ရထားလမ်း စီမံကိန်း၏ ပထမဆုံးဖွင့်လှစ်နိုင်သော ရထားလမ်းပိုင်းသစ်ဖြစ်သည်။

သရက်-မင်းလှ ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို မကွေးတိုင်း မင်းလှမြို့ မင်းလှဘူတာဥပစာ၌ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါ ရထားလမ်းပိုင်းသစ်သည် ရထားလမ်းခရီးမိုင်အရှည် ၅၂ ဒသမ ၇၀ မိုင် ရှည်လျားပြီး ကြခင်း-ပခုက္ကူရထား လမ်းမိုင် ၃၂၀ ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရထားလမ်းပိုင်းသစ်တွင် တံတားကြီး၊ တံတားငယ်ပေါင်း ၁၄၈ စင်း၊ ဘူတာပေါင်း ၁၀ ဘူတာပါဝင်ပြီး အများဆုံး ကွေ့ဒီဂရီနှင့် အများဆုံးဆင်ခြေလျှော ၁း၁၀၀ ဖြစ်သည်။

ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်း သစ်ဖွင့်ပွဲကို ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါလမ်းသစ်သည် မိုင်တိုင်အမှတ် (၀/၁) ရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပသည်။

ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု (ပဲပဒုံ) ကြိုးတံတားဖွင့်ပွဲအခမ်း



**လိန်းလီတံတား**

ရန်ကုန်-ပြည်-မကွေးကားလမ်းမှ မိုင်တိုင် (၁၈၂/၃) တာဝရွာနှင့် ရန်ကုန်-မန္တလေးလမ်း လမ်းဟောင်း မိုင်တိုင် (၁၆၆/၀) အုတ်တွင်းမြို့ကို ဆက်သွယ်ထားပြီး ကားလမ်းမိုင်အရှည် ၁၂၄မိုင်၊ ၂ဖာလုံရှိသည်။

ပဲခူးမြစ်ကူးတံတားဖွင့်ပွဲကို အဆိုပါတံတား အနီး မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပ သည်။ အဆိုပါမြစ်ကူးတံတားသည် ရန်ကုန်-မန္တလေး လမ်းမကြီး၏ မိုင်တိုင်အမှတ်(၄၉/၆) ရှိ ပဲခူးမြို့နယ် အတွင်း၌တည်ရှိသည်။ တံတားအမျိုးအစားမှာ Foundation အုတ်မြစ်သံကူကွန်ကရစ် ဘိုးပိုင်အမျိုးအစား၊ အောက် ထည်မှာ sub-stucti သံကူကရစ်တိုင်ထိပ်အုပ်နှင့် ကွန်ကရစ်တိုင်ဖြစ်ပြီး အပေါ်ထည်မှာ super-structure ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်း ခင်းဖြစ်သည်။ အဆိုပါမြစ်ကူးတံတားသည် အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ ပေနှင့် လူသွားလမ်း အကျယ် တစ်ဖက်လျှင် ခြောက်ပေစီပါရှိပြီး ယာဉ်တစ် စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင် လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်း ၂၀ မိုင်၊ ၃ ဖာလုံ ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်း အနားကို ဩဂုတ်လ ၂၉ ရက်နေ့တွင် အဆိုပါတံတား အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၀ ရက်နေ့တွင် အဆိုပါလမ်းမိုင်တိုင်အမှတ် (၆၂/၄) ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှ အစပြုကာ မကွေး တိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်အထိ ၉၁/၄ မိုင်ရှည်သည်။ လမ်းအကျယ် ၁၈ ပေရှိသည်။

ပိုးလောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာ လ ၂၇ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါတံတားသည် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပုသိမ်-သလပ်ချာ- မော်တင်စွန်းလမ်းပေါ်၌ တည်ရှိပြီး ပေ ၁၈၀ နှင့်အထက် ၂၄၈ စင်းမြောက် တံတားတစ်စင်းဖြစ် သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၂၄၀၊ ယာဉ်သွား လမ်းအကျယ် ၂၂ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ယာဉ် တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းရှိ လိန်းလီတံတားဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လောင်းမြို့နယ်ရှိ အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါတံတားကြီးသည် ယခင်ကတံတားခံနိုင်ဝန် ၁၃ တန်သာရှိသည့် နှစ်လွှာတစ်ထပ်တစ်လမ်းသွား ဘေလီတံတားနေရာ၌ အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်က နေပြည်တော်မှ ပင်လောင်းမြို့သို့သွားရာတွင် ပျဉ်းမနား-မိတ္ထီလာ- အောင်ပန်း-ပင်လောင်းလမ်းများအတိုင်း မိုင် ၂၀၀ ကျော် သွားလာခဲ့ရသော်လည်း ယခုအခါ မိုင် ၇၀ ကျော်မျှဖြင့်သာ သွားလာနိုင်မည်ဖြစ်သည်။ တံတားအမျိုးအစားမှာ သံမဏိသံပေါင် ကြိုးတံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ပင်မကြိုးတံတားအရှည်ပေ ၁၀၀၀ နှင့် နှစ်ဖက်ချဉ်းကပ်တံတား အရှည်ပေ ၃၈၀ စီ အပါအဝင် စုစုပေါင်းပေ ၁၇၆၀ ရှိသည်။ တံတားပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းသွားလမ်းနှင့် တစ်ဖက်သုံးပေစီရှိသည့် လူသွားလမ်းတို့ကို တည်ဆောက်ထားသည်။ တံတား၏ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၉ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဘူတာယာဒ်ဝင်း အတွင်း၌ ကျင်းပသည်။

အဆိုပါရထားလမ်းပိုင်းသည် အရှည်မိုင် ၅ ဒသမ ၆ မိုင်ရှိပြီး မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး အရှည်မိုင် ၂၂၆ မိုင်၏ ပထမဆုံး ဖွင့်လှစ်ပေးနိုင်သည့် ရထားလမ်းပိုင်းဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်တွင် အဆိုပါအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၀၂/၁) နေပြည်တော်စီလမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၊မိုင်တိုင်အမှတ် ၃၅၂/၆ တံတားဦးမြို့ စကားအင်းလမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၊ မိုင်တိုင် အမှတ် ၂၈၄ မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်တို့၌ အသီးသီးကျင်းပသည်။ အဆိုပါလမ်းပိုင်းသည် မိုင် ၁၅၀၊ ၅ ဖာလုံ ရှည်လျား၍ တစ်ဖက်လျှင် ၂၅ ပေ အကျယ် နှစ်လမ်း သွားကွန်ကရစ်လမ်းဖြစ်ပြီး လမ်းလယ်ကျွန်း ပေ ၃၀ အကျယ်ရှိသည်။

**စက်ရုံသစ်များဖွင့်လှစ်ခြင်း**

အမှတ် (၂) စက်မှုဝန်ကြီးဌာန အမှတ် (၂) တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဘီးလင်း) ဖွင့်ပွဲကို မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အဆိုပါစက်ရုံ၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ရန်ကုန်-မော်လမြိုင်လမ်းမကြီး၏ မိုင်တိုင် အမှတ် (၁၂၂) အနီး၌တည်ရှိပြီး စက်ရုံ၌ တပ်ဆင် ထားသည့် မူလစက်တပ်ဆင်မှု စွမ်းအားအရ လူစီး မော်တော်ယာဉ်တာယာ အမျိုးအစား ၁၁ မျိုးကို တစ်နှစ်လျှင် အလုံးရေ သုံးသိန်း၊ တန်ချိန်အားဖြင့် ၂၆၀၈ တန်၊ စက်မှုလုပ်ငန်းသုံး အဆင့်မြင့်ရော်ဘာပစ္စည်းများဖြစ်သည့် ဖိအားမြင့်ရော်ဘာပိုက်၊ ဆေးရုံသုံးလက်အိတ်များနှင့် အခြားစက်မှုလုပ်ငန်းသုံးရော်ဘာပစ္စည်းများကို ထုတ်လုပ်မည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ(နေပြည်တော်) ဖွင့်ပွဲကို အဆိုပါစက်ရုံ အဝင်မုခ်ဦး၌ မတ်လ ၁ ရက်နေ့တွင် ကျင်းပသည်။အဆိုပါဘိလပ်မြေစက်ရုံ (နေပြည်တော်) သည် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ တောင်ဖီလာ ထုံးကျောက်တောင်အနီး၌ တည်ရှိပြီး တစ်နေ့လျှင် ဘိလပ်မြေတန် ၅၀၀ ထုတ်လုပ်မည်ဖြစ်သည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် ဥသာ LED စက်ရုံဖွင့်ပွဲကို ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ မုခ်ဦးရှေ့၌ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပသည်။ ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံမှ လူသုံးကုန်ပစ္စည်း၂၆ မျိုး၊ ရာသီဥတုဒဏ်ခံနိုင်ပြီး မီးလောင်မှုအားပေးခြင်းမရှိသော အခန်းအတွင်း၊ အပြင်အလှဆင်ရာတွင် သစ်သားအစားထိုး အသုံးပြုနိုင်သည့် Plastic Wood Composite များဖြစ်သော Floor Panel, Wall Panel, Decoration Strip, Corner Strip ၁၃ မျိုး ထုတ်လုပ်လျက်

ရှိသည်။ ထို့အပြင် ထပ်မံ၍ ဒီနိုင်းဆန်းသစ်မှုရှိသော ပလတ်စတစ် လူသုံးကုန်ပစ္စည်း ၂၅ မျိုး၊ PVC ပိုက်၊ ပိုက်ဆက်ပစ္စည်းနှင့် PVC ရေဘားများကို ထပ်မံထုတ်လုပ်မည်ဖြစ်သည်။ ဥသာ LED စက်ရုံမှ လမ်းမီးတိုင်များတွင် အသုံးပြုနိုင်သည့် ဝပ် ၆၀၊ ဝပ် ၁၂၀ နှင့် ဝပ် ၁၈၀ LED မီးသီးများ၊ 3W နှင့် 5W အိမ်သုံး LED မီးသီးများနှင့် လျှပ်စစ်၊ နေရောင်ခြည်တို့ဖြင့် အားသွင်းနိုင်သည့် ဆိုလာပြားပါရှိသည့် မီးအိမ်တို့ကိုထုတ်လုပ်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ) ဖွင့်ပွဲကို အဆိုပါသံမဏိစက်ရုံအဝင်မုခ်ဦး၌ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ အဆိုပါစက်ရုံသည် မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီး၌ တည်ရှိပြီး ၁၀၄၃ ဒသမ ၇၉ ဧက ကျယ်ဝန်းသည်။ အဆိုပါစက်ရုံသည် သင်္ဘောဖျက်စက်ရုံ (သီလဝါ) မှရရှိသော သံထည်ပျက် (Scrap) များနှင့် အမှတ် (၅) သံမဏိစက်ရုံ (ပင်းပက်) မှ ရရှိသည့်သံစိမ်း (Pig Iron) များကို သံမဏိချောင်းကြီးများ (Billet) အဖြစ် ထပ်ဆင့်ထုတ်လုပ်ပြီး အမှတ် (၁) သံမဏိစက်ရုံ (ကျောက်ဆွယ်ကျိုး) သို့ ပေးပို့မည်ဖြစ်ပြီး သံမဏိပြား (Slab) များအဖြစ် ထုတ်လုပ်ပြီး အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ) သို့ ပေးပို့မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံဖွင့်ပွဲကို အဆိုပါဘိလပ်မြေစက်ရုံ၌ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပသည်။



မြို့တော်ဘိလပ်မြေစက်ရုံ

အဆိုပါစက်ရုံသည် မန္တလေးတိုင်း သာစည်မြို့နယ် သာစည်-ကလောကားလမ်းရှိ ပြည်ညောင်ကျေးရွာ၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ၌ တည်ရှိပြီး တစ်ရက်လျှင် ဘိလပ်မြေတန် ၅၀၀ ကျ ထုတ်လုပ်မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၃ ရက်နေ့တွင် ၎င်းစက်ရုံဥပစာ၌ ကျင်းပသည်။ အဆိုပါစက်ရုံ၏ အကျယ်အဝန်းဧရိယာမှာ ၁၅ ဒသမ ၀၉ ဧက ရှိပြီး စက်ရုံမှ တစ်ရက်ပျမ်းမျှ ကွန်ကရစ်ဇလီ ဖားတုံး ၆၀၀၊ တစ်နှစ်လျှင်တစ်သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြေးသီးစက်ရုံ (ချောက်) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃ ရက်နေ့တွင် အဆိုပါစက်ရုံမုခ်ဦးရှေ့၌ ကျင်းပသည်။ ၎င်းစက်ရုံသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်မြို့၏ အနောက်တောင်ဘက် ၄ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းစက်ရုံမှ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းများအတွက် တစ်နှစ်လျှင် အဆင့်မြင့်ကြေးသီးမျိုးစုံ စုစုပေါင်း တန် ၈၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် 500 kv၊ 230 kv၊ 132 kv၊ 66 kv၊ 33 kv နှင့် 11 kv ဗို့အားခံ ကြေးသီးများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ အဆိုပါစက်ရုံ မင်္ဂလာမုခ်ဦးရှေ့၌ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံ၏ မြေဧရိယာအကျယ်အဝန်းမှာ ၂၀၆ ဒသမ ၅၈ ဧကရှိပြီး တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယားဓာတ်မြေသြဇာတန် ၅၀၀ ထုတ်လုပ်နိုင်သည်။

## ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည်။

အဆိုပါရဲရွာရေအား လျှပ်စစ်စက်ရုံတွင် စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိသည့် စက်လေးလုံးပါဝင်ပြီး စုစုပေါင်း စက်တပ်ဆင်အား ၇၉၀ မဂ္ဂါဝပ်ဖြင့်တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ RCC ကွန်ကရစ်တမံတွင် ရေလွှဲဥမင်လိုဏ်နှစ်ခု၊ အချင်း ၃၃ ပေ၊ အလျား ၃၁၁၇ ပေ ပါဝင်သည်။ တမံအလျား ၂၂၆၄ ပေ၊ တမံအမြင့် ၄၃၃ ပေ၊ ရေပိုလွှဲအကျယ် ၄၄၈ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁ ဒသမ ၁၄ သိန်းရှိသည်။

## ဆည်မြောင်းတာတမံတည်ဆောက်ဖွင့်လှစ်ခြင်း

သန်းဥချောက်ရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် မကွေးတိုင်းအတွင်း ၄၆ ခုမြောက် ရေလှောင်တမံဖြစ်ပြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်အတွင်း သန်းဥချောက်ရိုးကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၄၅ ပေ၊ တမံအလျားပေ ၁၀၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၄၆၂ ဒသမ ၁၁ ဧကပေရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် ကုန်းမြင့်လယ်ယာ ၂၅၆ ဧကအတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၃၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိ မင်းသမီးကို မတ်လ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဇွန်လ ၃ ရက်နေ့တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တစ်နေရာတည်းတွင် တစုတဝေးတည်း ထိတွေ့ခံစားနိုင်ရန်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ဇေယျာသီရိမြို့နယ်အတွင်း မြေဧက ၄၀၀ ကျော်အပေါ်၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ကစပြီး မြန်မာနိုင်ငံမြေပုံနှင့် အလားသဏ္ဌာန်တူသည့် ပြည်ထောင်စုပုံစံငယ်အဖြစ် တည်ဆောက်ခဲ့သည်။ ၎င်းဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီးရှိ

အဆိုပါဥယျာဉ်မှခ်ဦးရှေ့၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) သည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တည်ရှိနေကြသည့် အထင်ကရ စေတီပုထိုးများ၊ လိုဏ်ဂူများ၊ မြစ်ကူးတံတားကြီးများ၊ တောင်များ၊ ရေကန်နှင့်အင်းအိုင်များ၊ ဆည်ကြီးများ၊ ရေတံခွန်များ၊ ကမ်းခြေနှင့်ကျွန်းများဖြင့် မြန်မာပြည်၏ပုံစံငယ်သဖွယ် တည်ဆောက်ထားပြီး ပြကွက်အသီးသီး၌ သက်ဆိုင်ရာတိုင်းရင်းသားတို့၏ နေ့စဉ်လူနေမှုဘဝကို ဖော်ပြနေသည့် ရိုးရာအိမ်များ၊ ရိုးရာအစားအစာများကို ရောင်းချပေးသည့် စားသောက်ဆိုင်များနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုစီးပွားရေးဘဝများကို လေ့လာနိုင်မည့် ပညာပေးပြခန်းများကိုလည်း တည်ဆောက်ထားသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) အတွင်း ခေတ်မီကလေးကစားကွင်းနှင့် ခန်းမများ၊ ရေလွှာလျှောစီး၊ ပုလဲငုပ် စသည့် ပျော်ရွှင်ချမ်းမြေ့ဖွယ် အပန်းဖြေနေရာများကိုလည်း ထည့်သွင်းတည်ဆောက်ပေးထားပြီး ဆက်လက်၍လည်း နိုင်ငံတကာ အပန်းဖြေဥယျာဉ်များ၏ အင်္ဂါရပ်များကို ဖြည့်စွက်တည်ဆောက်သွားမည်ဖြစ်သည်။

ကချင်ပြည်နယ်ပြကွက်၌ ခါကာဘိုရာဇီတောင်၊ လီဆူအိမ်၊ ရဝမ်အိမ်၊ ကချင်ရိုးရာအိမ်၊ ဂျိန်ဖော့ရိုးရာအိမ်၊ အင်းတော်ကြီးဘုရား၊ အင်းတော်ကြီးအိုင်၊ မေခနှင့်မလိခမြစ်ဆုံ၊ ဧရာဝတီမြစ်ကူးဗလမင်းထင်တံတား၊ ကချင်တိုင်းရင်းသားများ၏ ရုပ်တုနှင့် ကချင်ရိုးရာစားသောက်ဆိုင်တို့ ပါဝင်သည်။ ကယားပြည်နယ်ပြကွက်၌ တောင်ကွဲစေတီ၊ ကယားရိုးရာအိမ်များ၊ ဒီမောဆိုမြို့နှင့် ဘော်လခဲမြို့ရှုခင်းတို့ပါဝင်သည်။

ကရင်ပြည်နယ်ပြကွက်၌ ကရင်ရိုးရာပျဉ်ထောင်ပျဉ်ခင်းအိမ်ကြီးများ၊ သံလွင်တံတား(ဘားအံ)၊ ဇွဲကပင်တောင်၊ မြဝတီမြို့ရှုခင်း၊ သံလွင်မြစ်ရှုခင်း၊ ဖာပွန်-ဘားအံလမ်းတို့ပါဝင်သည်။ ချင်းပြည်နယ်ပြကွက်၌ ဟားခါးမြို့ရှုခင်း၊ တီးတိန်-ဟားခါး-ဂန့်ဂေါ-ချောင်းဦးလမ်း၊ မင်းတပ်မြို့ရှုခင်းနှင့် ရိဒ်ရေကန်ကြီး၏ရှုခင်းတို့ပါဝင်သည်။ မွန်ပြည်နယ် ပြကွက်၌ ကျိုက်ထီးရိုးစေတီ၊ မွန်ရိုးရာအိမ်များ၊ စက်စဲကမ်းခြေနှင့် သံလွင်တံတား (မော်လမြိုင်) တို့ ပါဝင်သည်။

ရခိုင်ပြည်နယ်ပြကွက်၌ စစ်တွေမြို့ရှုခင်း၊ ကစ္ဆပနဒီတံတား၊ ကိုးသောင်းပုထိုးတော်ကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ စစ်တွေပွိုင့်မျှော်စင်နှင့် ငပလီကမ်းခြေအလှတို့ပါဝင်သည်။

ရှမ်းပြည်နယ်ပြကွက်၌ အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီ၊ ကျိုင်းတုံမြို့ရုပ်တော်မူဘုရား၊ ပင်းတယဂူဘုရား၊ သံလွင်မြစ်ကူးတံတားများဖြစ်သည့် ကွမ်းလုံကြိုးတံတား၊ တာဆန်းတံတား၊ တာကောတံတားနှင့် တာကော်အက်တံတားတို့ပါဝင်သည်။ နေပြည်တော်ပြကွက်၌ ရေဆင်းဆည်၊ ငလိုက်ဆည်၊ ပေါင်းလောင်းရေလှောင်တမံ၊ ကလေးကစားကွင်း၊ နေပြည်တော်၏တိုးတက်နေသောပြကွင်း၊ ပြကွက်များနှင့် စက်ခလုတ်နှိပ်၍ ကြည့်ရှုလေ့လာနိုင်သည့် နေပြည်တော်ပုံစံငယ်ပြကွက်တို့ပါဝင်သည်။

စစ်ကိုင်းတိုင်း ပြကွက်၌ စစ်ကိုင်းတောင်ရိုး၊ ရွှေဘိုနန်းတော်၊ ကောင်းမှုတော်ဘုရား၊ မုံရွာမြို့ရှုခင်း၊ ရှေးမြန်မာအိမ်၊ လေရှိုးနှင့် နာဂရိုးရာအိမ်၊ ချင်းတွင်းမြစ်၊ ချင်းတွင်းတံတား၊ ဆင်ဖြူရှင်တံတားနှင့် သဖန်းဆိပ်ရေလှောင်တမံတို့ပါဝင်သည်။ တနင်္သာရီတိုင်းပြကွက်၌ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှ တောင်တန်းကြီးများ၊ ကျွန်းစုများ၊ မြိတ်မြို့တစ်ဖက်ကမ်းမှ ပထော်ပထက်တောင်နှင့် လျောင်းတော်မူဘုရား၊ ပုလဲကျွန်း၊ မောင်းမကန်ကမ်းခြေ၊ ထားဝယ်မြို့ရှုခင်း၊ ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တု၊ ဘုရင့်နောင်အငူနှင့် ကော့သောင်းမြို့ရှုခင်းတို့ပါဝင်သည်။

ပဲခူးတိုင်းပြကွက်၌ စစ်တောင်းတံတား၊ ကမ္ဘောဇသာဒီရွှေနန်းတော်၊ ရွှေမော်ဓောစေတီတော်နှင့် နဝဒေးတံတားတို့ပါဝင်သည်။ မကွေးတိုင်းပြကွက်၌ မကွေးမြသလွန်စေတီတော်၊ ဧရာဝတီတံတား(မကွေး)၊ အနော်ရထာတံတား (ချောက်)၊ မန်းရွှေစက်တော်၊ နဂါးပွက်တောင်၊ မကွေးမြို့ရှုခင်း၊ ပုသိမ်-မုံရွာလမ်း၊ မကွေး-နေပြည်တော်လမ်းနှင့် မကွေး-ချောက်လမ်းတို့ပါဝင်သည်။

မန္တလေးတိုင်းပြကွက်၌ ပုဂံပတ်ဝန်းကျင်၊

ရှုခင်းပုံစံငယ်ပြကွက်၊ ရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ တုရင်တောင်နှင့် လောကနန္ဒာဘုရားတို့ပါဝင်သည့် စွယ်တော်လေးဆူပြကွက်နှင့် ပုဂံနန်းတော်ကြီးပြကွက်၊ မြနန်းစံကျော်ရွှေနန်းတော်၊ ကျုံးမြို့၊ နန်းမြင့်မျှော်စင်၊ သမိုင်းကျောက်စာတိုင်၊ မန္တလေးနန်းတွင်းပုံစံငယ်၊ မိတ္ထီလာမြို့၊ မိုးကုတ်မြို့နှင့် မန္တလေးတောင်၊ ဧရာဝတီတံတား(ရတနာပုံ)၊ ပုပ္ပါးတောင်ကလပ်နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံတူပြကွက်များပါဝင်သည်။

ရန်ကုန်တိုင်းပြကွက်၌ ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမနှင့် လွတ်လပ်ရေးကျောက်တိုင် ပုံစံတူတို့ပါဝင်သည်။ ဧရာဝတီတိုင်းပြကွက်၌ မော်တင်စွန်းဘုရား၊ ငွေဆောင်ကမ်းခြေ၊ ဝေန်မြစ်ကူးတံတား၊ မိုလ်မြတ်ထွန်းတံတားနှင့်ပုသိမ် Food Shop တို့ပါဝင်သည်။

### တိုင်းဒေသကြီးများခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရန် ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၉ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း-

(က) စစ်ကိုင်းတိုင်းကို စစ်ကိုင်းတိုင်းဒေသကြီးအဖြစ်လည်းကောင်း (ခ) တနင်္သာရီတိုင်းကို တနင်္သာရီတိုင်းဒေသကြီးအဖြစ်လည်းကောင်း (ဂ) ပဲခူးတိုင်းကို ပဲခူးတိုင်းဒေသကြီးအဖြစ်လည်းကောင်း (ဃ) မကွေးတိုင်းကို မကွေးတိုင်းဒေသကြီးအဖြစ်လည်းကောင်း (င) မန္တလေးတိုင်းကို မန္တလေးတိုင်းဒေသကြီးအဖြစ်လည်းကောင်း (စ) ရန်ကုန်တိုင်းကို ရန်ကုန်တိုင်းဒေသကြီး အဖြစ်လည်းကောင်း (ဆ) ဧရာဝတီတိုင်းကို ဧရာဝတီတိုင်းဒေသကြီးအဖြစ်လည်းကောင်း ခေါ်ဝေါ်သုံးစွဲရန် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် သတ်မှတ်လိုက်သည်။

### နိုင်ငံရေးပါတီများ

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်အတွင်း၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပေးခဲ့သည်။

ထို့ကြောင့် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့သည်။ ယခင်က တရားဝင်ရပ်တည်နေသည့် နိုင်ငံရေးပါတီ ၁၀ ပါတီအနက် ၄ ပါတီက ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဆက်လက်ပါဝင်ယှဉ်ပြိုင်ရန်မှတ်ပုံတင်သဖြင့် ထိုလေးပါတီက ဆက်လက်တည်ရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲအတွက် ပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီများက လျှောက်ထားခဲ့ရာ စည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်သော ပါတီ ၃၃ ပါတီကျန်ရှိခဲ့သည်။ သို့ဖြစ်သောကြောင့် ယခင်ကျန်ရှိသည့် ၄ ပါတီနှင့်ပေါင်းသောအခါ ၃၇ ပါတီတည်ရှိခဲ့သည်။



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်လိုက်သောမဲစာရင်းအား သတင်းထောက်များဓာတ်ပုံရိုက်ယူစဉ်**

ပါတီပေါင်း ၃၇ ပါတီသည် ၂၀၁၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ သက်ဆိုင်ရာလွှတ်တော်အလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး။** ။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ပြန်လည်ရရှိချိန်မှစ၍ ထက်မြက်တက်ကြွသော ဘက်မလိုက် နိုင်ငံခြားရေးဝါဒကို စွဲမြဲခိုင်မာစွာ ကျင့်သုံးလာခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအစရှိသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဘက်မလိုက်လှုပ်ရှားမှု အစရှိသောနိုင်ငံအများ ပူးပေါင်းလှုပ်ရှားဆောင်ရွက်မှုများတွင်လည်းကောင်း၊ အာဆီယံ၊ အရှေ့အာရှဒေသ၊ ဘင်းမ်စတက်၊ ဆာအပ်စသော ဒေသဆိုင်ရာအဖွဲ့အစည်းများတွင်လည်းကောင်း၊ အက်မက်စ်၊ ဂျီအမ်အက်စ်စသော ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ရပ်နီး၊ ရပ်ဝေး၊ ပင်လယ်ရပ်ခြားနိုင်ငံများနှင့်နှစ်နိုင်ငံချစ်ကြည်ရေး အပြန်အလှန်အကျိုးပြု ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် လစ်ဟင်းမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၀ ပြည့်နှစ်တွင် သံတမန်ဆက်ဆံရေးရတုများကို အထိမ်းအမှတ်ပွဲများကျင်းပပြီး နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုကျယ်ပြန့်ခိုင်မာလာစေသည်။ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀) ပြည့် အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံအကြီးအကဲခေါင်းဆောင်များ၊ ဒုတိယအကြီးအကဲခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။ နှစ်နိုင်ငံ၏ မြို့တော်များတွင် ဂုဏ်ပြုသဝဏ်လွှာများ ဖတ်ကြားခြင်း၊ မိန့်ခွန်းများပြောကြားခြင်းနှင့်ယှဉ်ကျေးမှု အစီအစဉ်များကို ကျင်းပခြင်းပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမစ္စတာဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် စက်တင်ဘာလ ၈ ရက်နေ့တွင် ပေကျင်းမြို့တော်ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ ရင်းနှီးစွာတွေ့ဆုံဆွေးနွေးကြသည်။ ယင်းသို့ဆွေးနွေးရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဒေသတွင်းနှင့်အခြားအဖွဲ့အစည်းများ မျက်နှာစာတို့တွင် နီးကပ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေနှင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒ (One China Policy) ကို အပြည့်အဝနားလည်ပြီး အစဉ်အမြဲအခိုင်အမာထောက်ခံပါကြောင်း၊ ဆက်လက်၍လည်း ထောက်ခံသွားမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် ပြောင်းလဲမှုမရှိသော ရပ်တည်ချက်လည်းဖြစ်ပါကြောင်း"ကို ပြောကြားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမစ္စတာဟူကျင်ထောင်းက ပြန်လည်ဆွေးနွေးရာတွင် "မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများကို နားလည်ထောက်ခံပါကြောင်း၊ တရုတ်အစိုးရအနေဖြင့်လည်းနည်းပညာနှင့် ငွေကြေးပိုင်းတွင်ပါ အကူအညီများပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ၌ မြန်မာအစိုးရကို ဆန့်ကျင်လှုပ်ရှားမှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည့်လုပ်ရပ်များကို ပြုလုပ်မည့်မည်သည့် အဖွဲ့အစည်းကိုမျှ လက်ခံ၊ ထောက်ခံမည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအစီအစဉ်များ ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းပြောကြား၍ ကျေးဇူးတင်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း" ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် နှစ်နိုင်ငံမဟာဗျူဟာ ဆက်ဆံရေးနှင့် ပေါက်ဖော်မြန်မာချစ်ကြည်ရေးမြှင့်တင်ရေးအတွက် သဘောတူညီမှုများ ပြုလုပ်ကြသည်။

စက်တင်ဘာလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ဂိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး ဧည့်ခန်းမတွင် သွားရောက်တွေ့ဆုံသည်။ တရုတ်- မြန်မာသံတမန်ဆက်ဆံမှု ထူထောင်ခဲ့သည့် နှစ်ပေါင်း ၆၀ အတွင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးအရှိန်အဟုန် တဖြည်းဖြည်းတိုးတက်ဖြစ်ပေါ်လာရာမှ မဟာဗျူဟာမြောက်ဆက်ဆံရေးအခြေအနေအထိရောက်ရှိခဲ့မှု၊ ထိုဆက်ဆံရေးအခြေအနေကောင်းများကို အစဉ်အဆက်ထိန်းသိမ်းသွားမည့်အခြေအနေ၊ နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့်လုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအတွက် စနစ်တကျအဆင့်လိုက်ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို အခြေခံပြီး လွတ်လပ်ပြီးတက်ကြွသည့်နိုင်ငံခြားရေးမူဝါဒချမှတ်ကာ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာနှင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငြိမ်းချမ်းစွာချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံအရှိန်အဟုန်မပျက် မဟာဗျူဟာမြောက်ဆက်ဆံရေး ဆက်လက်ဖော်ဆောင်ရေးအတွက် စွမ်းအင်ကဏ္ဍလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်းလုပ်ငန်း၊ ရေအားလျှပ်စစ်ကဏ္ဍလုပ်ငန်း၊ စက်မှုကဏ္ဍလုပ်ငန်း၊ ကျောက်ဖြူမှ ရွှေလီသို့ ရထားလမ်းနှင့် ကားလမ်းဖောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းအပါအဝင် နှစ်နိုင်ငံဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။

စက်တင်ဘာလ ၉ ရက်နေ့ ညနေတွင် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် တွေ့ဆုံဆွေးနွေးသည်။ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများ၌ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စများတွင် နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး အမြဲတမ်းပူးပေါင်းရပ်တည်ဆောင်ရွက်သွားမည့်အခြေအနေ၊ ရွှေလီ-ကျောက်ဖြူ ကားလမ်း၊ ရထားလမ်းဖောက်လုပ်မှုနှင့် ကျောက်ဖြူဆိပ်ကမ်းတည်ဆောက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံစက်မှုကဏ္ဍထူထောင်ရာတွင် ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်စေရေး ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းများ တရုတ်နိုင်ငံတွင် ဖွင့်လှစ်ဆောင်ရွက်ရေး အခြေအနေနှင့် တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်အားပေးကူညီမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ဗုဒ္ဓမြတ်စွယ်တော် ဘုရားကျောင်း၊ မဟာတံတိုင်းကြီးစသော ဘာသာရေး၊ ယဉ်ကျေးမှုသမိုင်းဆိုင်ရာနေရာများသို့ သွားရောက်လေ့လာကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဦးဆောင်သောချစ်ကြည်ရေးခရီးသည် ရှန်ဟိုင်းမြို့သို့ ရောက်ရှိရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တရုတ်ကွန်မြူနစ်ပါတီ၊ ရှန်ဟိုင်းမြို့နီစီပယ်ကော်မတီ အမြဲတမ်းကော်မတီ အတွင်းရေးမှူး Mr .Yu Zheng Shen က ရှန်ဟိုင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာခန်းမ၌ လာရောက်တွေ့ဆုံဂါရဝပြုသည်။

သည့်နောက် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲနှင့် ထိုပြပွဲရှိ၊ မြန်မာ့ပြကွက်၊ ပြခန်းများနှင့် ရှန်ဟိုင်းမြို့ပြတိုက်များ၊ စက်မှုဆိုင်ရာဌာနများသို့ သွားရောက်လေ့လာကြသည်။ စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ရှန်းကျန့်မြို့ရှိ ဖူးထရန့်ရှန်ဂရီလာဟိုတယ် Grand Ballroom (1) ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ရှန်းကျန့်မြို့တော်ဝန် Mr.Xu Qin က လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းသည် စက်တင်ဘာလ ၇ ရက် နေ့ညနေတွင် ပေကျင်းမြို့ ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာအဆောင် ၇ တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဦးစီးချုပ် General Chen Bingde နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် General Chen Bingde က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေးခရီးအလည်အပတ်သွားရောက်စဉ်က
အိန္ဒိယနိုင်ငံအကြီးအကဲများနှင့်အတူ တွေ့ရစဉ်

ကောင်စီဝင် သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် ခရီးစဉ်အတွင်း မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်းတို့သည် စက်တင်ဘာလ ၈ ရက်နေ့ နံနက်တွင် ပေကျင်းမြို့ ကျောက်ယူထိုင်နိုင်ငံတော် ဧည့်ဂေဟာ အဆောင် ၁၁ ဧည့်ခန်းမ၌ Mr.Jiang Chaolian Vice Chairman နှင့် President of China Development Bank (CDB) နှင့် အဖွဲ့ကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Chen Deming နှင့် အဖွဲ့ကို လည်းကောင်း၊ အသီးသီး တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသိသည် စက်တင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် ၁၁ ဧည့်ခန်းမတွင် China National Offshore Oil Corporation [CNOOC] ဥက္ကဋ္ဌ Mr. Fu Chen Gyu နှင့်လည်းကောင်း၊ Sinope International Petroleum Corporation [SIPC] မှ Vice Manager Mr.Li Guohua နှင့်လည်းကောင်း၊ Petro China Company မှ ဒုတိယဥက္ကဋ္ဌ Mr.Zhou Jiping နှင့်လည်းကောင်း၊ စက်တင်

ဘာလ ၉ ရက်နံနက်တွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr.Jan Gobou နှင့်လည်းကောင်း၊ China Huan Qiu Contracting and Engineering Corporation (CHQCEC) မှ ဒုတိယဥက္ကဋ္ဌ Mr.Wang Zhou Yang နှင့်လည်းကောင်း၊ North Petro Chem-Corporation Ltd. (NPCC) ဥက္ကဋ္ဌ Mr. Li Li နှင့် လည်းကောင်း၊ စက်တင်ဘာလ ၁၀ ရက်တွင် Guangdong Zhenrong Energy Co., Ltd. ဥက္ကဋ္ဌ Dr. Shaohui Xiong နှင့် လည်းကောင်း၊ အသီးသီး တွေ့ဆုံ၍ စွမ်းအင်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့်ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေသည် စက်တင်ဘာလ ၉ ရက် နံနက်တွင် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် ၁၁ ဧည့်ခန်းမ၌ China National Aero Technology Import Export Corporation (CATIC) ဒုတိယဥက္ကဋ္ဌ Mr. Yang Ying နှင့် အဖွဲ့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် China National Machinery and Equipment Import and Export Corporation (CMEC) မှ ဝါရင့်အင်ဂျင်နီယာ ပါမောက္ခ Mr.Zhang Men Qun နှင့် အဖွဲ့ကိုလည်းကောင်း အသီးသီး လက်ခံတွေ့ဆုံ၍ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်သည် စက်တင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအဆောင် ၁၁ ခန်းမ၌ ZTE ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr.Luo Ping Fan နှင့် အဖွဲ့ကိုလည်းကောင်း၊ Huawei Technologies ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr.Tang Xin Hong နှင့်အဖွဲ့ကိုလည်းကောင်း အသီးသီးတွေ့ ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော မြန်မာချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–တရုတ်နှစ်နိုင်ငံတို့၏ ချစ်ကြည်ရေး၊ ပေါက်ဖော်–မြန်မာဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံအချင်းချင်း အပြန်အလှန်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စအဝဝတို့ကို နားလည်သဘောပေါက် ကူညီပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးပွားတည်တံ့ခိုင်မြဲလာစေခဲ့သည်။

မြန်မာနိုင်ငံ၏ ကျောချင်းကပ် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုဖြစ်သော အိန္ဒိယနိုင်ငံသည် ပထဝီဝင် အနေအထားအရလည်းကောင်း၊ သမိုင်းယဉ်ကျေးမှုနှင့် ရှေးအစဉ်အလာအရလည်းကောင်း မြန်မာနိုင်ငံနှင့် အရင်းနီးဆုံး နိုင်ငံတစ်ခုဖြစ်သည်။ ထို့အပြင် လက်ရှိအခြေအနေအရ အရှေ့အာရှနှင့် အနောက်အာရှအကြား ပေါင်းကူးတံတားသဖွယ် တည်ရှိနေသော မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ အပါအဝင်အနောက်အာရှနိုင်ငံများအတွက် အရေးပါနေသည်။ ထို့ကြောင့် နှစ်နိုင်ငံအကျိုးတူကိစ္စများကို အတူတကွ ပူးပေါင်းဆောင်ရွက်လာကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးတို့သည် အိန္ဒိယနိုင်ငံ သမ္မတမစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ မြန်မာချစ်ကြည်ရေး ခရီးစဉ်ကို ဦးဆောင်ကာ အိန္ဒိယနိုင်ငံသို့ သွားရောက်ကြရာ ဇူလိုင်လ ၂၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးတို့အား နယူးဒေလီမြို့ သမ္မတနန်းတော် အဆောက်အအုံ Darbar ခန်းမ၌ အခမ်းအနားနှင့် ဂုဏ်ပြုကြိုဆိုသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇူလိုင်လ ၂၇ ရက်ညနေတွင် နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌ တွေ့ဆုံပြီး နှစ်နိုင်ငံနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့် ခိုင်မာရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ စဉ်ဆက်မပြတ်အလေးထား ဆောင်ရွက်ခဲ့မှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကိုအခြေခံ၍ အိမ်နီးချင်းကောင်းပီသစွာ အတူတကွ လက်တွဲနေထိုင်လာခဲ့မှုအခြေအနေ၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများကိုလည်းကောင်း၊ နှစ်နိုင်ငံကုန်

သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းပန်းဆက်သွယ်ရေးကိစ္စ၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ တီးတိန်လမ်း ပြုပြင်ရေး၊ စတီးဝဲလမ်းမကြီး အဆင့်မြှင့်တင်ရေးကိစ္စများကိုလည်းကောင်း လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ အိုင်တီနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ရထားပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် နှစ်နိုင်ငံအစိုးရအကြား အောက်ပါ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

နှစ်နိုင်ငံပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Ohidambaram တို့က လက်မှတ်ထိုးကြသည်။

ပြည်တွင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သာရေးရန်ပုံငွေအဖွဲ့အစည်းများ၊ ပညာရေးနှင့် သက်မွေးပညာအဖွဲ့အစည်းများမှတစ်ဆင့် အသေးစားဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့်အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးမစ္စတာအက်စ်အမ်ကရစ်ရှနားတို့က လက်မှတ်ထိုးကြသည်။

သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Secretary, Department of Science and Technology, Dr.T Ramasomi တို့က လက်မှတ်ရေးထိုးကြသည်။

သတင်းနှင့် ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် Mr.Raghu Menon တို့က လက်မှတ်ရေးထိုးသည်။ လက်မှတ်ရေးထိုးပွဲအပြီးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးတွဲ ကြေညာချက်တစ်ရပ်ကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့စွဲနှင့် ထုတ်ပြန်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက်ဟာမစ်အန်ဆာရီက ဇူလိုင်လ ၂၇ ရက် ညနေတွင် နယူးဒေလီမြို့ရှိ I.T.C Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။ အိန္ဒိယသမ္မတနိုင်ငံ၊ အထက်လွှတ်တော်၊ အတိုက်အခံခေါင်းဆောင် မစ္စစ်ဆုရှမာဆွာရတ်သည် ဇူလိုင်လ ၂၇ ရက် ညနေ ၃ နာရီခွဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ယင်းဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishana က ဇူလိုင်လ ၂၇ ရက်နေ့နံနက်တွင် ယင်းဟိုတယ်ဧည့်ခန်းမ ဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို လာရောက် ဂါရဝပြုတွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးတို့သည် မဟတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်၌ လွမ်းသူ့ပန်းခွေများချကြသည်။ ထို့နောက် ချစ်ကြည်ရေးခရီးအဖွဲ့သည် ဗုဒ္ဓဂယာ၊ မိဂဒါဝုန်၊ ကုသိနာရုံအစရှိသော ဂေါတမဗုဒ္ဓမြတ်စွာဘုရားနှင့်ဆိုင်သော သမိုင်းဝင်နေရာများ၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများသို့ သွားရောက်ဖူးမြော်လှူဒါန်းကြသည်။ ၎င်းနောက်အိန္ဒိယနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ နည်းပညာဌာနများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည်လည်း သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆွေးနွေးကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှတို့ ဦးဆောင်သော မြန်မာနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအဖွဲ့နှင့် အိန္ဒိယကုန်သည်ကြီးများနှင့်စက်မှုလုပ်ငန်းရှင်များအဖွဲ့သည် ဇူလိုင်လ ၂၇ ရက်နေ့တွင် နယူးဒေလီမြို့ အသင်းချုပ်ရုံး၌ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ အိန္ဒိယစီးပွားရေးနှင့်စက်မှုလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသို့လာရောက် ရင်းနှီးမြှုပ်နှံရေးကိစ္စများဆွေးနွေးပြီး မြန်မာနိုင်ငံရထားပို့ဆောင်ရေး စီမံကိန်းအတွက် အိန္ဒိယအစိုးရ၏ ချေးငွေသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ ထိုနေ့တွင် I.T.C Maurya Hotel ၌ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်သည် ကြေးနန်းဆက်သွယ်ရေးဆိုင်ရာကိစ္စများကို အိန္ဒိယတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းသည် ထိုနေ့တွင် အိန္ဒိယတာဝန်ရှိသူများနှင့် စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးတို့ ဦးဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးနှင့် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် နှစ်ရပ်သည် ၂၀၁၀ ပြည့်နှစ်၏ အထူးခြားဆုံးအရေးပါဆုံး မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကြီးနှစ်ရပ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတကြီး မစ္စတာကျူမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လာအိုနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ချစ်ကြည်ရေးခရီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် သူရဦးရွှေမန်းနှင့်ဇနီး၊ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ သမ္မတနန်းတော် [Ho Kham] ၌ အောက်တိုဘာလ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍တွေ့ဆုံဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အိမ်နီးချင်းကောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေမည့် မြန်မာ–လာအို ဒေသဆိုင်ရာနယ်ခြားကော်မတီဖွဲ့စည်းစီမံဆောင်ရွက်ရန်လိုအပ်ကြောင်းပြောကြားသည်။ လာအိုသမ္မတပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အပြည့်အဝထောက်ခံအားပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးတို့သည် နှစ်နိုင်ငံ ပြည်တွင်းရေးနှင့် ဒေသတွင်းအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးဒေသနှင့် နိုင်ငံတကာနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်ဆောင်ရွက်မှုအလားအလာများ၊ မြန်မာ–လာအို–ဗီယက်နမ်လမ်းဖောက်လုပ်ရေးကိစ္စ၊ မဲခေါင်မြစ်ကူးချစ်ကြည်ရေးတံတားပူးပေါင်းတည်ဆောက်ရေးကိစ္စ၊

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးနှစ်နိုင်ငံခေါင်းဆောင်ကြီးတို့သည် နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲသို့တက်ရောက် ချီးမြှင့်ကြသည်။ နှစ်နိုင်ငံအကြားဒေသဆိုင်ရာနယ်ခြားကော်မတီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးပြီးအပြန်အလှန်လဲလှယ်ကြသည်။

အောက်တိုဘာလ ၁ ရက်နေ့မွန်းလွဲ ၂ နာရီတွင် ဗီယင်ကျန်းမြို့ရှိသမ္မတနန်းတော် (Ho Kham)၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးတို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတမစ္စတာကျူမာလီဆိုင်ညဆွန်နှင့်ဇနီးမဒမ်ကီရီဆေရှေဆိုင်ညဆွန်တို့က နိုင်ငံတော်အခမ်းအနားနှင့်ဂုဏ်ပြုကြိုဆိုကြသည်။ အောက်တိုဘာလ ၁ ရက်ည ၇ နာရီတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လာအိုသမ္မတကြီးနှင့် ဇနီးတို့က ဗီယင်ကျန်းမြို့ရှိ Conference Hall Kin(6) တွင် ဂုဏ်ပြုညစာစားပွဲနှင့်တည်ခင်းဧည့်ခံသည်။ အောက်တိုဘာ ၁ ရက်နေ့ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းက ခေတ္တတည်းခိုသည့် Don Chan Palace Hotel ဧည့်ခန်း၌ လာရောက်ဂါရဝပြုနှုတ်ဆက်သည်။ နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ချစ်ကြည်ရေးများ၊ ပြည်တွင်း နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။ လာအိုဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို လာအိုအစိုးရနှင့်ပြည်သူတို့က ထောက်ခံအားပေးပါကြောင်းပြောကြားသည်။

ဤချစ်ကြည်ရေးခရီးသည် လာအိုမြန်မာချစ်ကြည်ရေးနှင့်အိမ်နီးချင်းကောင်းဆက်ဆံရေးတွင် အဓိက သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ပေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ဖိတ်ကြားချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (ယခုသီဟသူရဦးတင်အောင်မြင့်ဦး) ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇူလိုင်လ ၅ ရက်နေ့တွင် ရောက်ရှိသည်။ ညနေပိုင်းတွင် ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာအတွင်းရှိ ဝမ်လျှိုထန်းခန်းမဆောင်၌ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး (ယခု သီဟသူရ ဦးတင်အောင်မြင့်ဦး) နှင့် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီခချန်တို့ တွေ့ဆုံပြီးနှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီးများအပြန်အလှန်သွားရောက် လည်ပတ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားစွာဖြင့်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ကိုခိုင်မြဲတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၌ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍစသည့်ကဏ္ဍစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်ခဲ့ကြသည့် နှစ်ပေါင်း (၆၀) အတွင်းနှစ်နိုင်ငံဆက်ဆံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၄ ရက်နှင့် ၆ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာနဝန်ကြီးနှင့်ပို့ဆောင်ရေးဝန်ကြီး အသီးသီးတို့က အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (ယခုသီဟသူရဦးတင်အောင်မြင့်ဦး) ကို လာရောက်တွေ့ဆုံကြသည်။ အလားတူနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသောကုမ္ပဏီများကလည်း အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (ယခုသီဟသူရဦးတင်

အောင်မြင့်ဦး) ကို ဇူလိုင်လ ၅ ရက်နေ့တွင် လာရောက်တွေ့ဆုံဂါရဝပြုကြသည်။ ယင်းတို့မှာ China Development Bank ဒုတိယဥက္ကဋ္ဌ မစ္စတာ ကောင်းကျန်နှင့် ကိုယ်စားလှယ်အဖွဲ့၊ China National Aero Technology Import and Export Corp [CATIC] ဥက္ကဋ္ဌ မစ္စတာမာကျေးဖျင်နှင့် ကိုယ်စားလှယ်အဖွဲ့၊ China Power Investment Co.,Ltd.[CPI] ဥက္ကဋ္ဌ မစ္စတာလုချိကျိုးနှင့်ကိုယ်စားလှယ်အဖွဲ့၊ China National Petroleum Corp [CNPC] အထွေထွေ မန်နေဂျာမစ္စတာ ကျန်ကျိုမြင်နှင့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export Import Bank [EXIM]ဥက္ကဋ္ဌ မစ္စတာလီရော့ကူနှင့် ကိုယ်စားလှယ်အဖွဲ့တို့ဖြစ်ကြသည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး (ယခုသီဟသူရဦးတင်အောင်မြင့်ဦး) နှင့် ချစ်ကြည်ရေးအဖွဲ့သည် ဗုဒ္ဓစွယ်တော်ကျောင်းကို ဖူးမြော်ပြီး ရှန်ဟိုင်းမြို့ရှိ လေယာဉ်ထုတ်လုပ်သော စက်ရုံ၊ ရေနက်ပိုင်းပင်လယ်ဆိပ်ကမ်းများ၊ ဒါလီယန်ငါးပြတိုက်၊ မြေအောက်ယာဉ်များ၊ မီးရထားခေါင်းတွဲများ၊ တာယာများထုတ်လုပ်သော စက်ရုံအလုပ်ရုံများကို ကြည့်ရှုလေ့လာပြီး တရုတ်-မြန်မာနည်းပညာဆိုင်ရာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော ၂၀၁၀ ပြည့်နှစ် (၁၉) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ကာ တက်ရောက်ခဲ့သည်။ ဝန်ကြီးချုပ်ဦးသိန်းစိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဟိုချီမင်းမြို့ Rex Hotel ၌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီ ဥက္ကဋ္ဌ H.E. Mr.Le Hoang Quan က ဂုဏ်ပြုညစာစားပွဲ ကျင်းပပြီး ကြိုဆိုနှုတ်ဆက်စကားပြောသည်။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန်လ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် Inter Continental Asiana Saigon Hotel, Plenary Hall တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းသော အလုပ်သဘော နေ့လယ်စာစားပွဲနှင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် ပါဝင်ဆွေးနွေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr. Nguyen Tan Daung ကို ဇွန်လ ၆ ရက် ညနေတွင် Inter Continental Asiana Saigon Hotel သို့ သွားရောက်တွေ့ဆုံ ဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာ ကျင်းပလေ့ရှိသည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပပေးနိုင်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်တို့မှာ ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ဒေသတွင်းမျက်နှာစာများတွင် အပြန်အလှန်ကူညီထောက်ပံ့မှုများပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးနေမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန်နယ်ပယ် ၁၂ ခုကို ရွေးချယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ရရှိလာအောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းနိုင်ငံရေးတိုးတက်မှုအခြေအနေကို အကျဉ်းမျှရှင်းပြလိုပါကြောင်း၊ ယခုနှစ်ကျင်းပမည့်ရွေးကောက်ပွဲအတွက် လိုအပ်သည့် ဥပဒေများ ထုတ်ပြန်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်ကိုလည်းဖွဲ့စည်းပြီးဖြစ်ပါကြောင်း ယခုအခါပါတီများဖွဲ့စည်းတည်ထောင်မှုများကိုလက်ခံစိစစ် ဆောင်ရွက်ပေးနေရာ ယနေ့အထိနိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့်ပါတီ ၄၂ ပါတီရှိပြီဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကလည်း ပြန်လည်ပြောကြားရာ "နှစ်နိုင်ငံဆက်ဆံရေး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးများကို ဒေသတွင်းအဖွဲ့အစည်းများတွင်သာမက နိုင်ငံတကာမျက်နှာစာတွင်ပါ

ပြုလုပ်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်ကူညီပံ့ပိုးထောက်ခံမှုများပေးအပ်သွားရန် အဆင်သင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုမြင့်တင်ရေးနှင့်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကူညီရန်အသင့်ရှိပါကြောင်း၊ မိမိတို့အနေနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံပြောကြား ရပ်တည်သွားမည်ဖြစ်ကြောင်း" ဟု ပြောကြားသည်။

ဖွန်လ ၆ ရက်မွန်းလွဲပိုင်းတွင် Inter Continental Asiana Saigon Hotel ၏ Plenary Hall ရှိ သီးသန့်ဧည့်ခန်းတွင် ဝန်ကြီးချုပ်ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းနှင့်တွေ့ဆုံဆွေးနွေးကြသည်။

ဖွန်လ ၆ ရက် ညနေတွင် ဟိုချီမင်းမြို့ Reunification Palace တွင် ကျင်းပသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ်၏ ၂၀၁၀ ပြည့်နှစ် (၁၉) ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့ တက်ရောက်ပါသည်။ ဗီယက်နမ်သမ္မတ ငုယင်မင်ကျစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကို ရင်းနှီးစွာနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာငုယင်တန်ဖွန်း၏ ဖိတ်ကြားချက်အရ (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၇ ရက်နေ့က ဗီယက်နမ်သို့သွားရောက်သည်။ ဝန်ကြီးချုပ်ဦးသိန်းစိန်အား ဟန္နိုင်းလေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ ၂၈ ရက်နေ့လယ် ၁၂ နာရီတွင် National Convention Centre ၌ အာဆီယံနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအကြံပေးကောင်စီခေါင်းဆောင်များသည် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ ၂ နာရီခွဲတွင် သီးသန့်အစည်းဝေးပွဲများသို့တက်ရောက်ကြသည်။ထိုနေ့ည ၇ နာရီတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်အစိုးရအဖွဲ့အကြီးအကဲတို့သည် အလုပ်သဘော ညစာစားပွဲသို့တက်ရောက်ကြသည်။

၂၉ ရက် ညနေ ၅ နာရီခွဲတွင် တတိယအကြိမ် အာဆီယံ–ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကို ကျင်းပသည်။ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ဒုတိယအကြိမ် မဲခေါင်–ဂျပန်ထိပ်သီး အစည်းအဝေးကျင်းပသည်။

(၁၃) ကြိမ်မြောက် အာဆီယံ–ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၃) ကြိမ်မြောက် အာဆီယံ–ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၃) ကြိမ်မြောက် အာဆီယံ+တရုတ်ထိပ်သီးအစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် အာဆီယံ+၃ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်ပါဝင်ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ အခြေအနေများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာဆက်ဆံရေးများကို ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၈ရက်မှ ၃၀ ရက်အထိ ကျင်းပသော (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ဆက်စပ်ထိပ်သီးညီလာခံများတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ပါဝင်ဆွေးနွေးပြောကြားခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကိုဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာနယ်ပယ်များတွင် သိကြားလာစေသည်။

ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ဖနောင်ပင်မြို့တွင် ကျင်းပသော (၅) ကြိမ်မြောက်စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက်အက်မက်(စ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က အထူးလေယာဉ်နှင့်ထွက်ခွာသည်။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းတို့သည် အဖွဲ့ဝင်အဖြစ်လိုက်ပါကြသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့ ည ၇ နာရီတွင် ဖနောင်ပင်မြို့၊ Peace Palace တွင် စီအယ်လ်အမ်ဗွီ ကိုယ်စားလှယ်များခေါင်းဆောင်၊ ဝန်ကြီးချုပ်များအား ကမ္ဘော

ဒီးယားနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုညစာနှင့် တည်ခင်းသည်။ (၅) ကြိမ်မြောက် စီအယ်အမ်ဗွီ ထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးရာ အခြားစီအယ်အမ်ဗွီနိုင်ငံဝန်ကြီးချုပ်များသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ကူးပြောင်းရေးအတွက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်တွင်ကျင်းပပြီးသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများမြောက်မြားစွာရရှိပါစေကြောင်း မျှော်လင့်ဆုတောင်းကြကြောင်း ပြောကြားကြသည်။

စီအယ်အမ်ဗွီဝန်ကြီးချုပ်တို့သည် ချမှတ်ထားသောလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအခြေအနေကို သုံးသပ်ကြပြီး အနာဂတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုများလျော့ကျရေး၊ ဒေသနှင့်ဒေသခွဲဘောင်အတွင်း ဦးစားပေးဆောင်ရွက်မှုများနှင့် ပတ်သက်သောပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ကြသည်။

နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက် ၉ နာရီတွင် Peace Palace ၌ကျင်းပသော (၄) ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) အစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ကတိကဝတ်များပြန်လည်ဖော်ထုတ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းများကို ပိုမိုတွန်းအားပေးဆောင်ရွက်ရေးကို ပြောကြားသည်။ ဖနောင်ပင်ကြေညာချက်စာတမ်းနှင့် ရှေ့လုပ်ငန်းစဉ် (၂၀၁၀-၂၀၁၂) တို့ကို အတည်ပြုကြသည်။

နိုင်ငံတော်အစိုးရအဖွဲ့အကြီးအကဲ ဦးသိန်းစိန်သည် ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးတွင် ဒေသဆိုင်ရာ၊ ဒေသခွဲနှင့်ဒေသစိတ်ဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေးနယ်ပယ်များတွင် နှစ်နိုင်ငံအကျိုးတူကိစ္စများအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် (၅၅) နှစ်မြောက် အထိမ်းအမှတ်အခါသမယဖြစ်သော ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် အရှေ့အာရှဒေသ၊ အာဆီယံ၊ အက်မက်စ်၊ မဟာမဲခေါင်ဒေသခွဲ၊ ဘင်းမ်စတက်ဒေသဆိုင်ရာအဖွဲ့ အစည်းဝင်နိုင်ငံများနှင့်တကွ မြန်မာနိုင်ငံနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဆက်ဆံရေးပြုနေသောနိုင်ငံများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့များစွာတို့သည် မြန်မာနိုင်ငံသို့ ရောက်လာပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သွားရောက်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (ယခု သီဟသူရဦးတင်အောင်မြင့်ဦး) နှင့်ဇနီးဒေါ်ခင်စောနှင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

အကယ်ဒမီဆုချီးမြှင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊



မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင်အဖွင့်အမှာစကားမြွက်ကြားနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ သဘင်အစည်းအရုံး၊ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်အားပေးကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်လျက် ၁၉၅၂ ခုနှစ်မှစ၍ အကယ်ဒမီရွှေစင်ရုပ်ဆုများကို ရွေးချယ်ချီးမြှင့်ခဲ့သည်မှာ ၅၈ နှစ်ကာလသို့တိုင်အောင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ၂၀၀၈ ခုနှစ်အတွင်း ရိုက်ကူးထုတ်လုပ်ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အားလုံးနီးပါးကို မြန်မာ့ရုပ်ရှင်လုပ်ငန်းက အသစ်ဝယ်ယူတပ်ဆင်ပေးထားသည့် စတူဒီယိုအသံကူးပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက်များ အသုံးပြုပြီး အဆင့်မြင့်မြင့် ထုတ်လုပ်နိုင်ခဲ့သည်။

နိုင်ငံတော်မှ ရုပ်ရှင်လောကသားများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်ကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တတိယအကြိမ် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သစ်အနေဖြင့် သတ်မှတ်ထားသည့် ရည်ရွယ်ချက်ငါးရပ်နှင့်အညီ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားရမည်ဖြစ်သည်။

အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆုများကို ရွေးချယ်ရာတွင် ရုပ်ရှင်ဥပဒေပါ အခြေခံမူ (၇) ရပ်အပေါ် မူတည်ပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ရေး အကဲဖြတ်အဖွဲ့အဆင့်ဆင့်က အကောင်းဆုံးထူးချွန်ဆုတစ်ခုချင်းကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့်အညီ စိစစ်ရွေးချယ်၍ အကဲဖြတ်ကြခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၂ ကားကို အပြန်ပြန်အထပ်ထပ် ကြည့်ရှုအကဲဖြတ်ပြီး အရည်အသွေးပြည့်မီသူ၊ ဆုရရှိထိုက်သူများကို သက်ဆိုင်ရာဆုအမျိုးအစားအလိုက် စိစစ်ရွေးချယ်ခြင်းဖြစ်သည်။

ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၁၂ ကားမှာ အမည်မဖော်လိုသူအချစ်၊ ဟော့ရှော့၊ ရင်ခုန်နှင်းဆီ၊ အချစ်ကလန်းတယ်၊ ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး၊ မြင့်မိုရ်ထက်က သရဖူ၊ အကယ်ဒမီရှော့၊ ငယ်သူမို့မသိပါ၊ ဒီဝါကျွတ်အမိ ခယ်မအမြန် အစွဲထုတ်ရန်ရှိသည်၊ ကဝေပျို၏ပစ္စုပ္ပန်၊ အများနှင့်မသက်ဆိုင်သောသူနှင့် ကြိုးတန်းဇာတ်ကားတို့ဖြစ်ကြသည်။

## ၂၀၀၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများ

| စဉ် | ဆုအမည် | ဇာတ်ကားအမည် | ဆုရရှိသူ |
|---|---|---|---|
| ၁ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ကြိုးတန်း | သန်းညွန့်(ပန်းသာ) |
| [redacted] | | | |
| ၃ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | အကယ်ဒမီရော့ | ရဲအောင် |
| [redacted] | | | |
| ၅ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | အများနှင့်မသက်ဆိုင်သောသူ | ခန့်စည်သူ |
| [redacted] | | | |
| ၇ | အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု | အများနှင့်မသက်ဆိုင်သောသူ | ညီညီထွန်းလွင် |

**ရတနာပုံနည်းပညာမြို့။** ။မျက်မှောက်ကာလ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်နည်းတူ ကမ္ဘာတစ်ဝန်းလုံး၌ သတင်းအချက်အလက်နှင့် နည်းပညာရပ်များ စဉ်ဆက်မပြတ်တိုးတက်မြင့်မားလျက်ရှိသည်။ ထို့အတူအဆင့်မြင့် ဆက်သွယ်ရေး နည်းပညာများသည်လည်း ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ အီလက်ထရွန်နစ်ဆိုင်ရာ အဆင့်မြင့် အင်ဂျင်နီယာဘာသာရပ်များ၏ အခန်းကဏ္ဍသည် အထူးအရေးပါလာသည်။

မြန်မာနိုင်ငံအနေဖြင့် စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရတနာပုံ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ ရတနာပုံအင်တာနက်အိတ်ချိန်း IXP၊ ရတနာပုံ Web Portal နှင့် Tripple Play Soft Switch ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံနည်းပညာမြို့သစ်၌ အောက်တိုဘာလ ၁၇ ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ရတနာပုံနည်းပညာတက္ကသိုလ်၊ ရတနာပုံအင်တာနက်အိတ်ချိန်း IXP နှင့် ရတနာပုံ Web Portal တို့မှာ အဆင့်မြင့်နည်းပညာများကို ကျွမ်းကျင်တတ်မြောက်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်နှင့် အဆင့်မြင့်သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ နိုင်ငံတော်အနေဖြင့် ICT Industry လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် Corporate College များ Corporate University များသည် အဆင့်မြင့်ပညာရေးတွင် အလျင်မြန်ဆုံးတိုးတက်သည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး တရုတ်နိုင်ငံမှ Huawei Technologies Company နှင့် အိန္ဒိယနိုင်ငံမှ Infosys Company တို့မှာ Corporate University ဖွင့်လှစ်ပြီး တိုးတက်အောင်မြင်မှုများရရှိနေရာ မြန်မာနိုင်ငံအနေဖြင့်လည်း နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ကိုဖွင့်လှစ်ကာ နိုင်ငံတကာတက္ကသိုလ်များ၊ Corporate College များ Corporate University များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါနိုင်ငံတစ်ဝန်းတွင် Fiber Optic ကေဘယ်လ်အရှည်ကီလိုမီတာ ၁၀,၀၀၀ ကျော်ကို

ဖြန့်ကြက်တည်ဆောက်ထားပြီး ဒစ်ဂျယ်တယ်မိုက္ကရိုဝေ့ဗ် စခန်းပေါင်း ၃၃၅ခု၊ IPမိုက္ကရိုဝေ့ဗ် စခန်းပေါင်း ၇၅ခုကိုလည်း တည်ဆောက်ထားပြီးဖြစ်သည်။ ဖိုင်ဘာမိုက္ကရိုဝေ့ဗ် မရောက်နိုင်သေးသည့် နေရာဒေသများအတွက် VSAT၊ IPSTAR ၊ I-Direct စသည့်ဂြိုဟ်တုဆက်သွယ်ရေးစနစ်များကို အသုံးပြုတည်ဆောက်ထားပြီးဖြစ်သည်။

နိုင်ငံတကာနှင့်ဆက်သွယ်မှုကိစ္စရပ်များအတွက် နိုင်ငံပေါင်း ၃၄ နိုင်ငံကို ဖြတ်သန်းချိတ်ဆက်ထားသည့် SEA-ME-WE 3(South East Asia-Middle East-Western Europe 3) ရေအောက်ကေဘယ်လ်ဆက်ကုန်သွယ်ရေးစနစ်များနှင့် ချိတ်ဆက်အသုံးပြုထားသည့်အပြင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံစသည့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေး ဆက်ကြောင်း (Cross-Border Transmission Link) များမှတစ်ဆင့်လည်းချိတ်ဆက်ထား ပြီးဖြစ်သည်။

ရတနာပုံနည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)တွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာမဟာဌာန၊ တိကျစက်ပစ္စည်းထုတ်လုပ်ရေးအင်ဂျင်နီယာမဟာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာမဟာဌာန၊ အဆင့်မြင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာမဟာဌာနတို့ကို ဖွဲ့စည်းထားပြီး ယင်းမဟာဌာနကြီးလေးခုအောက်တွင် သုတေသန ဌာန ၁၅ ခုကိုထပ်မံဖွဲ့စည်းထားသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်မှာပင် တည်ရှိသည့်ရတနာပုံအင်တာနက်အိတ်ချိန်း IXPမှာ အင်တာနက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည့် ISP(Internet Service Provider) များ လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သောကိရိယာများ တပ်ဆင်ဆောင်ရွက်ပေးသည့် အင်တာနက်အိတ်ချိန်းကြီး တစ်ခုဖြစ်သည်။ Internet Exchange Point (IXP)မှ တစ်ဆင့် နိုင်ငံတကာ၏ သတင်းအချက်အလက်နှင့် နည်းပညာတို့ကို အပြန်အလှန်ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။




**နိုင်ငံတကာနှင့်ချိတ်ဆက်အသုံးပြုနိုင်သည့် ကေဘယ်လ်ဆက်သွယ်ရေးစနစ်ပြမြေပုံ**

နိုင်ငံတော်အဆင့်ဝန်ဆောင်မှု လုပ်ငန်းအသစ်တစ်ခုဖြစ်သော ရတနာပုံ Web Portal တွင် သတင်း၊ အားကစား၊ ဖျော်ဖြေရေး၊ နည်းပညာ၊ စီးပွားရေး၊ လူမှုဘဝနှင့် နိုင်ငံရေးအစရှိသည့် ကဏ္ဍများကို အချိန်နှင့်တစ်ပြေးညီ တင်လွှင့်သွားမည်ဖြစ်ပြီး အင်တာနက်ရှာဖွေရေးအင်ဂျင်၊ အခမဲ့အီးမေးလ်နှင့် စကားစမြည်ပြောဆိုခြင်း (Chatting) များကိုပါ အခမဲ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ရတနာပုံ Web Portalမှနေ၍ ပြည်




ရတနာပုံ ဆိုင်ဘာခန်းမ

ရတနာပုံအင်တာနက်အိတ်ချိန်း IXP၊ ရတနာပုံ Web Portal နှင့် Tripple Play များသည် မြန်မာနိုင်ငံ၏ ICT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးခရီးတွင် အဆင့်တစ်ဆင့်ကို အောင်မြင်စွာဖြတ်သန်းနိုင်ခြင်းဖြစ်ပြီး နည်းပညာကဏ္ဍဖွံ့ဖြိုး မှုမှတစ်ဆင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်စုံကဏ္ဍများကို တိုးတက်လာစေ ရေးအထောက်အကူဖြစ်စေသည့် အချက်များဖြစ်သည်။

ရတနာပုံ အင်တာနက်အိတ်ချိန်း IXP၊ ရတနာပုံ Web Portal နှင့် Tripple Play တို့အနေဖြင့် လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ် အထောက်အကူပြုကာ ဆောင်ရွက်သွားနိုင်ရန် တစ်စုတစ်စေးတည်း တည်ဆောက်ထားခြင်းမှာလည်း ရတနာပုံနည်းပညာမြို့သစ်၏ အဓိကအားသာချက်တစ်ရပ်ပင်ဖြစ်ပေသည်။

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏နေပြည်တော်-မန္တလေးလမ်းပိုင်း။** ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေးလမ်းပိုင်းဖွင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် တွင်းစာနယ်ဇင်းများမှ သတင်းများ၊ ဆောင်းပါးများကိုလည်း ထပ်ဆင့်ဖော်ပြသွားမည် ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ပြည်တွင်းပြည်ပ၏ လတ်တလောဖြစ်ပျက်နေသောအကြောင်း အရာများ၊ မီဒီယာများ၏ အာဘော်များကိုပါ ဆက်တွဲသိမြင်နိုင်သည်။ Web Portal ကို မိမိနိုင်ငံ၏ ကိုယ်ပိုင် Search Engine အသုံးပြု ကာ မြန်မာဘာသာဖြင့် ရှာဖွေနိုင်ရန် တည်ဆောက်ထားသည့်အတွက် ဘာသာစကားအခက်အခဲကြောင့် နည်းပညာ၊ သတင်းအချက်အလက်နှင့် အလှမ်းဝေးသည့် အဖြစ်ကို ကျော်လွှားနိုင်ကြမည်ဖြစ်သည်။

၎င်းအပြင် Tripple Play မှ အင်တာနက်နှင့် ပြန်ကြားရေး၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများကို တစ်ပေါင်းတည်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး အင်တာနက်၊ တယ်လီဖုန်းနှင့် ရုပ်မြင်သံကြားဝန်ဆောင်မှုများကို ဖိုင်ဘာအလင်းမျှင် သို့မဟုတ် Tripple Play ဝန်ဆောင်မှုကို Soft Swith ပေါ်မှတစ်ဆင့် ပေးပို့ဆက်သွယ်နိုင်ရန် စီစဉ်ထားသည်။

အဆိုပါအမြန်လမ်းမကြီးမိုင်တိုင်အမှတ် ၂၀၂/၁ နေပြည်တော်စီလမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၊ မိုင်တိုင်အမှတ် ၃၅၂/၆ တံတားဦးမြို့ စကားအင်းလမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၊ မိုင်တိုင်အမှတ် ၂၈၄ မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်တို့၌ အသီးသီးကျင်းပသည်။

ကွန်ကရစ်လမ်းဖြစ်ပြီး လမ်းလယ်ကျွန်းအကျယ်ပေ ၃၀ ရှိသည်။ လမ်းလယ်ကျွန်း၌ ခရေ၊ ရေတမာ၊ ထန်း၊ စက္ကူ၊ နွယ်သာကီ၊ ပန်းအိပင်များစိုက်ပျိုးထားပြီး လမ်းဘေး၌ ကုက္ကိုပင်များကို အရိပ်ရလေကာပင်များအဖြစ် စိုက်ပျိုးထားသည်။ လမ်းမကြီး၏ ကွန်ကရစ်လမ်း



နေပြည်တော်-မန္တလေးလမ်းပိုင်းတစ်နေရာ

နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မှု၊ စီမံကိန်းခွဲမှုကိစ္စရပ်များကို လျင်မြန်စွာဆောင်ရွက်နိုင်မှု စသည့်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ စတင်ဖောက်လုပ်ခဲ့ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ နေပြည်တော်-ရန်ကုန် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ (အကျယ်-စွယ်စုံနှစ်ချုပ် ၂၀၁၀ ရှု)

နေပြည်တော်-မန္တလေးလမ်းပိုင်းသည် အရှည်မိုင် ၁၅၀၊ ငါးဖာလုံရှိပြီး ပေ ၁၈၀ အထက်တံတား ၃၂ ခု၊ ပေ ၅၀ မှ ပေ ၁၈၀ အောက်တံတား ၇၈ ခု၊ ပေ ၅၀ အောက်တံတား ၆၆ ခု၊ လမ်းအောက်လျှိုတံတား ၃၄ခု၊ ကွန်ကရစ်ရေပြွန် တံတား ၂၆၂ ခု စုစုပေါင်းတံတားကြီးငယ် ၄၇၂ ခု တည်ဆောက်ထားသည်။ လမ်းပိုင်းသည် တစ်ဖက်လျှင် ၂၅ ပေ အကျယ် နှစ်လမ်းသွားသည် ကွန်ကရစ်အလွှာ နှစ်လွှာပါရှိပြီး အောက်ခံအလွှာမှာ အကျယ် ၂၇ ပေ၊ ဒု ခြောက်လက်မနှင့်အပေါ်အလွှာမှာ အကျယ် ၂၅ ပေ၊ ဒု ၁၂ လက်မရှိသည်။ နှစ်လမ်းမောင်း၊ နှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၈၀ ဖြစ်သည်။

လမ်းမကြီးကို အသုံးပြုသည့် ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းကွေ့ဒီဂရီ၊ ကုန်းဆင်း၊ ကုန်းတက်လျှော့ဖောက်၊ လမ်းကွေ့မျက်နှာပြင်အစောင်းရာခိုင်နှုန်းတို့ကို စနစ်တကျ ဖောက်လုပ်တည်ဆောက်ထားသည်။ ထို့ပြင်သတိပေးအမှတ်အသား၊ လမ်းညွှန်အမှတ်အသားနှင့် လမ်းဘေးအကာအကွယ်တိုင်များကိုလည်း လိုအပ်ချက်ရှိသည့်နေရာတိုင်း၌ ပြုလုပ်ထားပြီး လမ်းမျက်နှာပြင်ပေါ်၌လည်း လမ်းအလယ်ယာဉ်ကြောလိုင်းနှင့် အနားသတ်မျဉ်းများ ရေးဆွဲထားသည်။ ညအချိန်တွင် ယာဉ်မောင်းများကောင်းစွာမောင်းနှင်နိုင်ရေးအတွက် လမ်းကွေ့၊ ကုန်းဆင်း၊ ကုန်းတက်နှင့် လိုအပ်ချက်ရှိ

သည့်နေရာတိုင်း၌ ရောင်ပြန်မီးလုံးများကိုလည်းကောင်း၊ တံတားများပေါ်၌ မြင်ကွင်းကောင်းသည့် ဆိုလာမီးတိုင်များကိုလည်းကောင်း တပ်ဆင်ထားသည်။

ယခုဖွင့်လှစ်သည့် နေပြည်တော်-မန္တလေးလမ်းပိုင်း မိုင် ၁၅၀၊ ငါးဖာလုံကို မောင်းနှင်ရာ၌ ကြာမြင့်ချိန်သုံးနာရီခန့်ဖြစ်ရာ နေပြည်တော်-ရန်ကုန်လမ်းပိုင်း ၂၀၂မိုင်၊ တစ်ဖာလုံကို မောင်းနှင်ရာ၌ ကြာမြင့်ချိန် လေးနာရီခန့်ဖြင့် ပေါင်းလိုက်ပါက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၃၅၂ မိုင်၊ ခြောက်ဖာလုံကို ကြာမြင့်ချိန်ခုနစ်နာရီခန့်ဖြင့် ရန်ကုန်မှ မန္တလေးသို့ တောက်လျှောက်သွားနိုင်ကြပြီဖြစ်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို လမ်းနယ်အကျယ်ပေ ၄၀၀၊ လမ်းလယ်ကျွန်းအကျယ်ပေ ၃၀၊ အောက်ခံအလွှာကွန်ကရစ် ၃ ခြောက်လက်မ၊ အပေါ်မျက်နှာပြင်လွှာကွန်ကရစ် ၃ ၁၂ လက်မ၊ ခံနိုင်ဝန် တန် ၈၀၊ တစ်ဖက်လျှင် နှစ်လမ်းသွားဖြင့် လေးလမ်းသွားလမ်းမကြီးအဖြစ် မော်တော်ယာဉ်များ သွားလာနိုင်ကြပြီဖြစ်သည်။ ရန်ကုန်မှ မန္တလေးအထိ ပေ ၁၈၀ အထက်တံတား ၇၂ ခု၊ ပေ ၅၀နှင့် ပေ ၁၈၀ အောက်တံတား ၂၀၂ ခု၊ ပေ ၅၀ အောက်တံတား ၁၆၄ ခုတို့ ထည့်သွင်းတည်ဆောက်ထားသည်။ လမ်းမကြီးတစ်လျှောက် မြို့များနှင့် ဆက်သွယ်ဖောက်လုပ်ထားသော လမ်းပေါင်း ၂၆ လမ်းမှတစ်ဆင့် လမ်းမကြီးပေါ်သို့လည်း ဝင်ရောက်သွားလာနိုင်ကြပြီဖြစ်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့်ရန်ကုန်-မန္တလေးလမ်းဟောင်းတို့ကို နှိုင်းယှဉ်ကြည့်ပါက လမ်းသစ် အရှည် ၃၅၂ မိုင်၊ ခြောက်ဖာလုံနှင့် လမ်းဟောင်းအရှည် ၄၁၂ မိုင်၊ လမ်းသစ်ယာဉ်မောင်းချိန် ခုနစ်နာရီခန့်နှင့် လမ်းဟောင်းယာဉ်မောင်းချိန် ၁၄ နာရီခန့်၊ လမ်းသစ် ခံနိုင်ဝန်တန် ၈၀ နှင့်လမ်းဟောင်းခံနိုင်ဝန် တန် ၄၀၊ လမ်းသစ်ယာဉ်မောင်းနှုန်းကီလိုမီတာ ၁၀၀ နှင့် လမ်းဟောင်းယာဉ်မောင်းနှုန်းကီလိုမီတာ ၆၀ ရှိရာ ရန်ကုန်မှ မန္တလေးသို့ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဖြစ်သည်။

**လေယာဉ်တင်သင်္ဘော**။ ။ လေယာဉ်တင်သင်္ဘောဟူသည် ပင်လယ်သမုဒ္ဒရာပြင်ပေါ်တွင် လေယာဉ်နှင့်ရဟတ်ယာဉ်မျိုးစုံကို တင်ဆောင်ထားသော ရေတပ်နှင့်ရွှေ့လျား လေတပ်စခန်းကြီး ဖြစ်သည်။

လေယာဉ်တင်သင်္ဘောဆိုင်ရာ စိတ်ကူးစိတ်သန်းကို ၁၉ ရာစုအစပိုင်းကာလတွင် စတင်ခဲ့သည်။ ၁၈၀၆ ခုနှစ်က ဗြိတိသျှတော်ဝင် ရေတပ်မတော်မှ လော့ဒ်ကိုချရိန်းသည် ဖရီးဂိတ် စစ်သင်္ဘောတစ်စင်းပေါ်မှနေ၍ ပြင်သစ်စစ်ဘုရင် နပိုလီယန်အား ဆန့်ကျင်သည့် ဝါဒဖြန့်စာများကို ပြင်သစ်ဘာသာဖြင့် ရေးသားလျက် လေတံခွန်များတွင် ချည်နှောင်ပြီး ပြင်သစ်နိုင်ငံအတွင်းသို့ ပစ်လွှတ်၍ ကျရောက်စေသည်။

၁၈၄၉ ခုနှစ်ကလည်း ဩစတြီးယားရေတပ်သည် ဗုံးတပ်ဆင်ထားသော လေပူဖောင်းများကို အီတလီနိုင်ငံ ဗင်းနစ်မြို့ပေါ်သို့ ပစ်လွှတ်ခဲ့ရာ လေကြောင်းပြောင်းလဲတိုက်ခတ်မှုကြောင့် လိုရာသို့ မရောက်ရှိခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

အမေရိကန်နိုင်ငံတွင်မူ ပြည်တွင်းစစ်ကာလအတွင်းက ဓာတ်ငွေ့ဖြည့်ထားသော လေဘောလုံးများလွှတ်တင်ကာ ရန်သူ့နယ်မြေအခြေအနေကို သိရှိနိုင်ရန် လေကြောင်းမှကင်းထောက်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ပထမကမ္ဘာစစ်အတွင်းက ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ရုရှားနှင့် ဆွီဒင်ရေတပ်များသည် သင်္ဘောပေါ်မှ လေဘောလုံးများပစ်လွှတ်ပြီး ဆောင်ရွက်ခဲ့ကြခြင်းမှာ လေကြောင်းမှ ရန်သူ့နယ်မြေကို ကင်းထောက်ခြင်းဖြစ်သည်။

ကမ္ဘာ့ပထမဆုံးလေယာဉ်ပျံကို ၁၉၀၃ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်မှ ရိုက်ညီနောင်တို့က အောင်မြင်စွာ တီထွင်စမ်းသပ်ခဲ့ပြီးနောက် ၁၉၁၀ ပြည့်နှစ်တွင် ရေယာဉ်ပျံကို တီထွင်ဖန်တီးနိုင်ခဲ့ကြသည်။ ၎င်းရေယာဉ်ပျံသည် ရေမျက်နှာပြင်ပေါ်မှ လေထဲသို့

ပျံတက်၊ ပျံဆင်းနိုင်သော ယာဉ်များဖြစ်သည်။ပြင်သစ်လူမျိုး လီကာနတ်သည် လေယာဉ်တင်သင်္ဘောဆိုင်ရာ ဒီဇိုင်းကို ပထမဆုံးရေးဆွဲခဲ့သူဖြစ်ပြီး ကမ္ဘာ့ပထမဆုံးရေယာဉ်ပျံတင်သင်္ဘောကို တည်ဆောက်ခဲ့ကြရာ လေယာဉ်တင်သင်္ဘော တည်ဆောက်မှု၏သမိုင်းမှတ်တိုင်ဖြစ်သည်။

၂၀ ရာစုအစောပိုင်းကာလမှစ၍ များစွာသော နိုင်ငံများမှ ရေတပ်မတော်များသည် ၎င်းတို့၏ စစ်သင်္ဘောကြီးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လေယာဉ်များကို အာရုံစိုက်လာခဲ့ကြရာ ပြင်သစ်လူမျိုးတီထွင်သူ ကလီမင့်အန်ဒါသည် ပင်လယ်ပြင်ရှိ စစ်သင်္ဘောပေါ်မှ လေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ပုံစာအုပ်ကို ၁၉၀၉ ခုနှစ်က ရေးသားထုတ်ဝေခဲ့သည်။

ထိုအယူအဆကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြပြီးနောက် ၁၉၁၁ ခုနှစ် ဇန်နဝါရီလတွင် လေသူရဲ ယူဂျင်းအီလီသည် ပင်လယ်ပြင်တွင် ရပ်နားထားသော အမေရိကန်စစ်သင်္ဘောတစ်စင်းပေါ်သို့ လေယာဉ်ဖြင့် အောင်မြင်စွာ ဆင်းသက်ပြသနိုင်ခဲ့သည်။ ထို့အတူ ၁၉၁၂ ခုနှစ်တွင် ဗြိတိသျှ ရေတပ်မှ ကွန်မင်ဒါချားလ်စ်ရမ်နီဆင်မဆင်သည် ပင်လယ်ပြင်တွင် ခုတ်မောင်းနေသော စစ်သင်္ဘောပေါ်မှနေ၍ လေထဲသို့ လေယာဉ်ပျံဖြင့် ပျံတက်ထွက်ခွာနိုင်ပုံကို ပြသနိုင်ခဲ့သည်။

ထို့ကြောင့် ၂၀ ရာစု အစောပိုင်း ကာလတွင် ပင်လယ်ပြင်ရှိ ခုတ်မောင်းနေသော စစ်သင်္ဘောပေါ်မှ လည်းကောင်း၊ စစ်သင်္ဘောပေါ်သို့ လည်းကောင်း၊ လေယာဉ်ပျံတက်ခြင်း၊ ဆင်းသက်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ပထမကမ္ဘာစစ်အတွင်း ဂျပန်ဘုရင့်ရေတပ်မှ ရေယာဉ်ပျံတင်သင်္ဘော "ဝါကာမီယာ" သည် ကမ္ဘာပေါ်တွင် ပထမဦးဆုံးအနေဖြင့် ရေတပ်မှ လေကြောင်းတိုက်ခိုက်မှုကို ဆောင်ရွက်နိုင်ကြောင်း ၁၉၁၄ ခုနှစ်က ပြသခဲ့သည်။

ဗြိတိသျှရေတပ်မတော်သည် ကမ္ဘာ့ပထမဆုံး ခေတ်မီလေယာဉ်တင်သင်္ဘော "အိပ်ချ်အမ်အက်စ် အတ်ခ်ရွိုင်ရယ်" ကို တည်ဆောက်၍ ၁၉၁၄ ခုနှစ်တွင် ရေချနိုင်ခဲ့သည်။ ဂျပန်နိုင်ငံကလည်း ၎င်း၏ ပထမဆုံး လေယာဉ်တင်သင်္ဘော "ဟိုရှို"ကို ၁၉၂၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

ပထမကမ္ဘာစစ်ကာလအတွင်းတွင် လေယာဉ်တင်သင်္ဘောများကို ကောင်းစွာ အသုံးပြုခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။ လေယာဉ်တည်ဆောက်မှု၊ သင်္ဘောတည်ဆောက်မှု နည်းပညာများနှင့် အသုံးဝင်မှုကို နားလည်သဘောပေါက်မှု မရှိသေးသောကြောင့်ပင်ဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကာလအတွင်းတွင်မူ လေယာဉ်နှင့် သင်္ဘောတည်ဆောက်မှုနည်းပညာများ တိုးတက်လျက်ရှိနေပြီဖြစ်၍ ခေတ်မီစစ်လေယာဉ်၊ စစ်သင်္ဘောကြီးများနှင့် လေယာဉ်တင်သင်္ဘောများကို အမေရိကန်နှင့်ဂျပန်နိုင်ငံတို့သည် တည်ဆောက်ထားကြပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

ပစိဖိတ်ဒေသစစ်မျက်နှာ၏ အဓိကတိုက်ပွဲကြီးများတွင် အမေရိကန်နှင့်ဂျပန် လေယာဉ်တင်သင်္ဘောကြီးများ ပါဝင်သောနှစ်ဖက်ရေတပ်ဖွဲ့သည် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုစဉ်က ဂျပန်ရေတပ်မတော်တွင် လေယာဉ်တင်သင်္ဘော ၁၀ စင်းရှိခဲ့ရာ ကမ္ဘာပေါ်၌ အကြီးမားဆုံး ခေတ်မီလေယာဉ်တင် သင်္ဘောအုပ်စုကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က အမေရိကန်ရေတပ်တွင်မူ လေယာဉ်တင် သင်္ဘော ၇ စင်းသာ ရှိခဲ့သည်။

ခေတ်မီလေယာဉ်တင်သင်္ဘောကြီးများနှင့် ၎င်းတို့ပေါ်မှ တိုက်လေယာဉ်နှင့်ဗုံးကြဲလေယာဉ်များ၏ စွမ်းပကားကို ဂျပန်တို့က ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့တွင် ဆင်နွှဲခဲ့သော အမေရိကန်တို့၏ ပစိဖိတ်ဒေသအဓိက ရေတပ်စခန်းကြီးဖြစ်သော ပုလဲဆိပ်ကမ်းကို အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမေရိကန်စစ်သင်္ဘောကြီးများ အကြီးအကျယ် ပျက်စီးဆုံးရှုံးစေခဲ့သည်။ ဂျပန်တို့က လေယာဉ်တင် သင်္ဘော ၆ စင်းနှင့်

လေယာဉ် ၄၀၈ စင်း အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပစိဖိတ်ဒေသတွင် ဖြစ်ပွားခဲ့သော ကော်ရယ်ပင်လယ်တိုက်ပွဲ၊ မစ်ဝေးတိုက်ပွဲနှင့် ဖိလစ်ပိုင်ပင်လယ်ပြင် ရေကြောင်းတိုက်ပွဲကြီးများသည် ဂျပန်နှင့် အမေရိကန် လေယာဉ်တင်သင်္ဘောကြီးများ၏ စီးချင်းထိုးတိုက်ပွဲကြီးများဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကို အဆုံးအဖြတ်ပေးသည့် အလှည့်အပြောင်း ဖြစ်စေခဲ့သော တိုက်ပွဲကြီးများ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်ပြည်ထောင်စုသည် လေယာဉ်တင်စစ်သင်္ဘောကြီးများကို အစဉ်တစိုက်တည်ဆောက်စေသည်။ ယခုအခါတွင် ခေတ်မီလေယာဉ်တင် သင်္ဘောကြီး ၁၁ စင်းကို ပိုင်ဆိုင်လျက်ရှိပြီး ဗြိတိန်နိုင်ငံတွင် ၂ စင်း၊ စပိန်နိုင်ငံတွင် ၂ စင်း၊ ဘရာဇီးနိုင်ငံတွင် ၁ စင်း၊ ပြင်သစ်နိုင်ငံတွင် ၁ စင်း၊ အိန္ဒိယနိုင်ငံတွင် ၁ စင်း၊ အီတလီနိုင်ငံတွင် ၂ စင်း၊ ရုရှားနိုင်ငံတွင် ၁ စင်းနှင့် ထိုင်းနိုင်ငံတွင် ၁ စင်း ပိုင်ဆိုင်ထားကြရာ ကမ္ဘာပေါ်၌ နိုင်ငံပေါင်း ၉ နိုင်ငံက လေယာဉ်တင်သင်္ဘော စုစုပေါင်း ၂၂ စင်း ပိုင်ဆိုင်ထားကြသည်။ အမေရိကန်သည် ကမ္ဘာ့လေယာဉ်တင်သင်္ဘောအင်အား၏ ထက်ဝက်ကို ပိုင်ဆိုင်လျက်ရှိကြောင်း တွေ့ရှိရပြီး အာရှတိုက်မှ ရုရှား၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သည် လေယာဉ်တင်သင်္ဘော ပိုင်ဆိုင်သော နိုင်ငံများဖြစ်သည်။

စီးပွားရေး၊ စက်မှုနည်းပညာနှင့် ငွေကြေးအင်အားကောင်းမွန်သောနိုင်ငံအချို့သည် လေယာဉ်တင်သင်္ဘောများ ပိုင်ဆိုင်ရန် ကြိုးပမ်းနေသည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံသည် အပြီးသတ်တည်ဆောက်ခြင်း မပြုရသေးသော လေယာဉ်တင်သင်္ဘောတစ်စင်းကို ယူကရိန်းနိုင်ငံမှ ဝယ်ယူထားရှိသည်။ ထို့ပြင် သမားရိုးကျစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ၂ စင်း တည်ဆောက်လျက်ရှိရာ တန်ချိန်မှာ ၆၀,၀၀၀ ခန့်စီရှိမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရေချနိုင်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် တန်ချိန် ၇၄,၀၀၀ ရှိ လေယာဉ်တင်သင်္ဘောကို တည်ဆောက်လျက်ရှိသည်။ အာရှမှ အိန္ဒိယနိုင်ငံသည် အလျားပေ ၈၀၀ ရှည်ပြီး တန်ချိန် ၄၀,၀၀၀ ရှိ လေယာဉ်တင်သင်္ဘောကို အမေရိကန်ဒေါ်လာ ၇၆၂ သန်း အကုန်အကျခံ တည်ဆောက်လျက်ရှိသည်။ ရေမိုင် ၈,၀၀၀ အထိ ခုတ်မောင်းနိုင်၍ လေယာဉ်အစင်း ၃၀ တင်ဆောင်နိုင်



လေယာဉ်တင်သင်္ဘောတစ်စင်းကိုတွေ့ရစဉ်

ပြီး ၂၀၁၄ ခုနှစ်တွင် ရေချနိုင်မည် ဖြစ်သည်။ ယခု လောလောဆယ်တွင် ရုရှားနိုင်ငံမှ လေယာဉ်တင်သင်္ဘောဟောင်းကို ဝယ်ယူကာမွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရုရှားနိုင်ငံသည် တန်ချိန် ၅၀,၀၀၀ ရှိပြီး လေယာဉ်အစင်း ၅၀ တင်ဆောင်နိုင်သော နျူကလီးယား စွမ်းအင်သုံး လေယာဉ်တင်သင်္ဘော တစ်စင်းနှင့် လေယာဉ်တင်သင်္ဘော ၆ စင်းကို တည်ဆောက်သွားမည် ဖြစ်သည်။

အလားတူ စပိန်နိုင်ငံသည် အလျား ၂၃၀ မီတာရှည်လျားသော တန်ချိန် ၂၇,၀၀၀ ရှိမည့် လေယာဉ်တင်သင်္ဘောတည်ဆောက်ထားသည်။ ဗြိတိန်နိုင်ငံသည် လေယာဉ်တင်သင်္ဘော ၂ စင်း တည်ဆောက်လျက်ရှိပြီး လေယာဉ်စင်းရေ ၄၀ စီ တင်ဆောင်နိုင်ကာ တန်ချိန်မှာ ၆၅,၀၀၀ ရှိမည်ဖြစ်ပြီး ၂၀၁၆ နှင့် ၂၀၁၈ ခုနှစ်များတွင် စတင်တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်သည်။

ကမ္ဘာပေါ်တွင် ခေတ်အမီဆုံးနှင့် အကြီးမားဆုံး လေယာဉ်တင် သင်္ဘောအုပ်စုကို ပိုင်ဆိုင်ထားသော အမေရိကန်ပြည်ထောင်စုသည် လက်ရှိအသုံးပြုလျက်ရှိသော နိမစ်အမျိုးအစား လေယာဉ်တင်သင်္ဘောကြီးများအစား တန်ချိန် ၁,၀၀,၀၀၀ ရှိမည့် နျူကလီးယားစွမ်းအင်သုံး ဂျယ်ရယ်ဖို့ဒ် အမျိုးအစားများဖြင့် အစားထိုး တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်သည်။ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများသည် လောင်စာတစ်ကြိမ် ဖြည့်တင်းထားပါက နှစ်ပေါင်း ၂၀ အထိ လောင်စာထပ်မံ ဖြည့်တင်းရန် မလိုဘဲ အသုံးပြုနိုင်ပြီး လေယာဉ်စင်းရေ ၁၀၀ ခန့် တင်ဆောင်နိုင်သည်။

**ဝီကီလိခ်မီဒီယာအဖွဲ့အစည်း။** ။ဝီကီလိခ်ဟူသည် Information Technology (IT) နည်းပညာကိုအသုံးပြုထားသော နိုင်ငံတကာမီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ လျှို့ဝှက်ချက်မှန်သမျှကိုဖော်ထုတ်ကာ တစ်ကမ္ဘာလုံးဆီသို့လွှင့်တင်ပြသထားသည့် နည်းပညာအဖွဲ့အစည်းဟုလည်းဆိုနိုင်သည်။

ဝီကီလိခ်ကိုဦးဆောင်တည်ထောင်ခဲ့သူမှာ ဩစတြေးလျနိုင်ငံသားဂျူလီယန်အဆန့်ဂျ်ဆိုသူဖြစ်သည်။ အသက် ၃၉ နှစ်အရွယ်ရှိ အဆန့်ဂျ်သည် အင်တာနက် အထူးပိုင်နိုင်ကာ စိတ္တဗေဒကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သည်။ စည်းရုံးရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်သည်။ အပြောအဆိုပြတ်သားရဲဝံ့စွာတာဝန်ခံနိုင်သူဖြစ်သည်။ အဆန့်ဂျ်ကို ပညာရှင်မျိုးစုံက အထက်ပါအတိုင်းကောက်ချက်ချလိုက်သည်။

ဝီကီလိခ်၌ အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်အဖွဲ့ဝင် ၅ ဦးက အတိုင်ပင်ခံဘုတ်အဖွဲ့ဟူ၍ရှိသည်။ ဝီကီလိခ်၏အဓိကရည်ရွယ်ချက်မှာ အထူးသဖြင့်အာရှနှင့်ဆိုဗီယက်ပြည်ထောင်စုမှာ ခွဲထွက်လာသည့်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကရှိဖိနှိပ်အုပ်ချုပ်သူအစိုးရများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့စည်းများ၏ မတရားသဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ၎င်းတို့၏နက်ရှိုင်းသောလျှို့ဝှက်ချက်များကို ရယူဖော်ထုတ်ရေးဖြစ်သည်။

အဆန့်ဂျ်သည် ဝီကီလိခ်ကို စတင်ထူထောင်စဉ်ကပင် ၎င်းကိုစိတ်ပါဝင်စားသူတိုင်း အခမဲ့ပူးပေါင်းဆောင်ရွက်လိုလျှင် ပါဝင်ဆောင်ရွက်နိုင်ရန်စည်းရုံးခဲ့သည်။ ဝီကီလိခ်အတွက်လိုအပ်သည့်ငွေကြေးကို အလှူငွေများမှရရှိသည်။ ဤသို့ဖြင့် ဝီကီလိခ်တွင် လုပ်အားပေးပညာရှင်ပေါင်း ၁၂၀၀ ကျော် ရှိလာကာ ထိုက်သင့်သည့်ငွေကြေးရရှိလာသည်။

ဝီကီလိခ်၏ Central Server ဟု ခေါ်သော ဗဟိုပင်မလုပ်ငန်းတည်နေရာသည် ဆွီဒင်နိုင်ငံ၌ရှိသည်။ ထိုဆာဗာသည် ကမ္ဘာအနှံ့ရှိ ဆာဗာများနှင့် ချိတ်ဆက်ထားပြီး သာမန်အားဖြင့် ၎င်းဆာဗာများ မည်သည့်နေရာတွင်ရှိသည်ကို အလွယ်တကူမသိနိုင်ပေ။

ဝီကီလိခ်သည် မိမိ၏လျှို့ဝှက်ချက်မှန်သမျှကို အစွမ်းကုန်ထိမ်းချုပ်နိုင်သကဲ့သို့ အခြားသောလျှို့ဝှက်ချက်မှန်သမျှကိုဖော်ထုတ်နိုင်ကာ တားဆီးပိတ်ပင်မှုမှန်သမျှကိုလည်းကျော်လွှားနိုင်ခဲ့သည်။ ဤသို့ဖြင့် မီဒီယာလောကၡ ပြည်သူများအတွက် တာဝန်ယူအသိပေးမှုများလုပ်ဆောင်လာသော ဝီကီလိခ်ကို စွမ်းအားကြီးမားသည့်ပုံစံသစ်မီဒီယာဖြင့် တစ်ကမ္ဘာလုံးရှိလူများစွာကလက်ခံလာကြသည်။



ဝီကီလိခ်အင်တာနက်ဝက်ဘ်ဆိုက်များကို ကမ္ဘာအနှံ့ဖြန့်ဝေရာ အဆန့်ဂျ်၏လုပ်ငန်းဌာနများ

ဤသို့ဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ကူဝိတ်စော်ဘွားဟက်ဆန်ဒါဟီအာဝီးစ်က ကူဝိတ်အစိုးရဝန်ထမ်းအချို့ကို လုပ်ကြံရန်ဆုံးဖြတ်ချက်ချခဲ့သည်ဟူသောလျှို့ဝှက်ချက်ကို စတင်ဖော်ထုတ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဂွာတာနာမိုအကျဉ်းစခန်း၌ ချမှတ်ဖော်ဆောင်နေသောလုပ်ထုံးလုပ်နည်းများမှ လူမသိသေးသည့် လုပ်နည်းလုပ်ဟန်များကို ဖွင့်ချခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေကို ချိုးဖောက်သည့် နည်းပညာလျှို့ဝှက်ဖြန့်ဝေမှုများ၊ အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ပလီကင်ပါတီမှ ဒုတိယသမ္မလောင်း ဆာရာပါလင်းက ပြည်သူ့မှတ်တမ်းဥပဒေများကိုချိုးဖောက်၍ လျှို့ဝှက်ချက်များကို သတင်းဖြန့်ဖြူးမှုများ၊ ဗြိတိန်နိုင်ငံ ဗြိတိသျှအမျိုးသားပါတီ၌ နိုင်ငံရေးပါတီဝင်မဖြစ်ရမည့်သူများ ပါတီဝင်ဖြစ်နေပုံတို့ကို ဖော်ထုတ်တင်ပြခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လျှို့ဝှက်အစီရင်ခံစာ ၆၀၀ ကျော်၊ အမေရိကန်အောက်လွှတ်တော်သုတေသနဌာန၏ လျှို့ဝှက်အစီရင်ခံစာ ၇,၀၀၀ နီးပါးနှင့် ဘာကလေဘဏ်၏ လျှို့ဝှက်လုပ်ငန်းများကို ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ရာသီဥတုထိန်းသိမ်းရေးသိပ္ပံပညာရှင်များအကြား အပြန်အလှန်ပေးပို့ခဲ့ကြသည့်အကြောင်းများ ဩစတြေးလျလေဘာတီအစိုးရ၏ ခြေလှမ်းများ ပီရူးနိုင်ငံရေးသမားများ၏ စီးပွားရေးသမားများအကြား ရေနံနှင့်ပတ်သက်သောဖုန်းဆက်သွယ်မှု၊ အီရန်နျူကလီးယားမတော်တဆဖြစ်မှုအကြောင်းရင်းလျှို့ဝှက်ချက်၊ အိုင်ဗွိုကို့စ်နိုင်ငံ၌ ဓာတုဗေဒအဆိပ်သင့်မှုဖြစ်ရခြင်းလျှို့ဝှက်ချက်၊ အိုက်စလန်နိုင်ငံ၌ ဘဏ္ဍာရေးအကျပ်အတည်းပေါ်လာစေခဲ့သည့် ဘဏ်တစ်ခု ပြိုကွဲရခြင်းလျှို့ဝှက်ချက်၊ အမေရိကန်နိုင်ငံ စက်တင်ဘာလ ၁၁ ဖြစ်စဉ်ပေါ်ပေါက်သည့်နေ့ရက်က ရှိခဲ့သော စာမျက်နှာပေါင်း ၆ သိန်းခန့် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ ထိပ်တန်းလျှို့ဝှက်ညွှန်ကြားချက်စာမျက်နှာ ၂,၂၀၀ ခန့်တို့ကို ဖော်ထုတ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်အတွင်း၌ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ တန်ပြန်ထောက်လှမ်းရေးလုပ်

ငန်းအစီရင်ခံစာ အာဖဂန်နစ္စတန်စစ်ပွဲကာလအမေရိကန်နှင့်နေတိုးတပ်ဖွဲ့များ၏ လျှို့ဝှက်စစ်ရေးအစီရင်ခံစာတို့ကို အမေရိကန်သတင်းစာများ အမေရိကန်သတင်းမီဒီယာများသို့ ပေးပို့ခဲ့သည်။

နိုဝင်ဘာလ ၂၈ ရက်နေ့ကမူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ လျှို့ဝှက်မှတ်တမ်းများမှ ၂၆၀,၀၀၀ ခန့်ကို ဖွင့်ချပြန့်ဝေလိုက်ပြန်သည်။ ထိုသို့သောအနေအထားများကြောင့် အမေရိကန်အပါအဝင် အခြားသောနိုင်ငံများက ဝီကီလိခ်ကို အရေးယူရန် အဆန့်ဂျ်ကိုဖမ်းဆီးစစ်ဆေးရန် စတင်ခဲ့သည်။ ထို့ပြင် ဂျူလီယန်အဆန့်ဂျ်ဝေမည့်ပစ္စည်းများထုတ်ယူခွင့်ကို ဆွစ်ဇာလန်ဘဏ် Post Finalce က ပိတ်ပစ်လိုက်သည်။ အဆိုပါဘဏ်တွင် အဆန့်ဂျ်၏ ပိုင်ဆိုင်မှုငွေစာရင်းမှာ ယူရိုငွေ ၃၁၀၀၀ အထိရှိသည်။

ဝီကီလိခ်အင်တာနက်ဝက်ဘ်ဆိုက်ကိုတည်ထောင်သူ ဂျူလီယန်အဆန့်ဂျ်ကို ဆွီဒင်အစိုးရက နိုင်ငံတော်တည်ဆဲဥပဒေများအား ဖောက်ဖျက်ကျူးလွန်ကြောင်းထင်ရှားသဖြင့် ဆွီဒင်နိုင်ငံတရားစွဲဆိုရေးဌာနမှ အပြည်ပြည်ဆိုင်ရာ ဖမ်းဝရမ်းထုတ်ခဲ့သည်။

ဂျူလီယန်အဆန့်ဂျ်သည် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အင်္ဂလန်နိုင်ငံလန်ဒန်မြို့၌ ဖမ်းဆီးခံခဲ့ရသည်။ နေအိမ်အကျယ်ချုပ်ပုံစံဖြင့် နေထိုင်ရသည်။ သို့သော် အမေရိကန်နိုင်ငံနှင့်အခြားနိုင်ငံများ၏ သံတမန်ရေးရာနှင့် စစ်ရေးလျှို့ဝှက်ချက်များကို ဖော်ထုတ်ခဲ့ခြင်းကြောင့် အမေရိကန်ထောက်လှမ်းရေး၏ ပစ်မှတ်ဖြစ်နေသဖြင့် ၎င်းကို အမေရိကန်တို့လက်သို့ လွှဲပြောင်းစစ်ဆေးခံရမည်ကို ကြောက်ရွံ့မိပါကြောင်း ဂျူလီယန်အဆန့်ဂျ်က ဒီဇင်ဘာလ ၁၇ ရက်နေ့က ပြောကြားခဲ့သည်။

**သက်ကြီးဂီတပညာရှင်များအား ပူဇော် ကန်တော့ပွဲ။**

။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် မူလဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ကို ဖျက်သိမ်း၍ အလုပ်အမှုဆောင် ၂၅ ဦးနှင့် မဟာဂီတအလွှာ၊ ကာလပေါ်အလွှာ၊ ခေတ်ပေါ်စတီရီယိုအလွှာ၊ ထုတ်လုပ်ဖြန့်ချိအလွှာနှင့် စက်မှုအလွှာ၊ အလွှာအမှုဆောင် ၂၈ ဦးပါဝင်သော မြန်မာနိုင်ငံ ဂီတအစည်းအရုံးကို အသစ်တစ်ဖန်ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်ကော်မတီ၏ ရည်ရွယ်ချက် (၅) ရပ်အနက် ရည်ရွယ်ချက် (၁) ရပ်ဖြစ်သော ဂီတလောကသားများ၏ လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးဆောင်ရွက်သွားရန်နှင့် ရှေ့လုပ်ငန်းစဉ်တွင်ပါဝင်သော ဂီတအစည်းအရုံးဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို တတ်စွမ်းသမျှဖြည့်ဆည်းပံ့ပိုးဆောင်ရွက်သွားရန်ဟူသော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ဂီတလောကအတွက် တေးဂီတ အနုပညာဖြင့် အကျိုးပြုခဲ့ကြသော အသက် ၈၀ နှစ်နှင့်အထက်အဆို၊ အရေး၊ အတီး ဂီတပညာရှင်ကြီးများကို ၎င်းတို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို ပူဇော်ကန်တော့သည့်အနေဖြင့်လည်းကောင်း၊ ၎င်းတို့ဂီတအနုပညာရပ်များကို ပူဇော်ကန်တော့သည့်အနေဖြင့်လည်းကောင်း၊ သက်ကြီးပူဇော်ပွဲကို နှစ်စဉ်ကျင်းပပြုလုပ်ရန် အမှုဆောင်ကော်မတီမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ယင်းအချက်များနှင့်အညီ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) က ကြီးမှူးကျင်းပသည့် ပထမအကြိမ် အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် မေလ ၂ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဂီတအနု

ပညာရှင်များ၊ အတတ်ပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများ**

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကိုလွင်က သက်ကြီးပူဇော်ပွဲသို့ လှူဒါန်းကြသော အလှူရှင်များ စာရင်းကို ဖတ်ကြားတင်ပြပြီး တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဦးသန်းမြတ်စိုးက ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်များ၏ ကိုယ်ရေးမှတ်တမ်းများကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးဂီတပညာရှင်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး မြန်မာ့ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ ကန်တော့ကြရာ ပူဇော်ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများကိုယ်စား အမျိုးသားစာပေဆုရ စာရေးဆရာ ဒေါက်တာ ဗိုလ်ကလေးတင့်အောင်က ဆုတောင်းမေတ္တာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သက်ကြီးဂီတပညာရှင် ၃၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီးများမှာ ဂီတာဦးနီ၊ ဘင်ဂျိုမောင်မောင်၊ စောမုံညင်း၊ ဗိုလ်ကလေးတင့်အောင်၊ ဦးအံ့ကြီး၊ ဟသ်ာကြည်၊ စန္ဒရားလူမော်၊ တယောဦးသွင်၊ ဦးလှစိန်၊ ကိုမင်းသူ၊ ဂီတနက်သန်အုန်းလွင်၊ ဦးဒီလေး (ဆက်ဆိုဖုန်း)၊ တက္ကသိုလ်မြင့်စိုး၊ ဦးအောင်နိုင် (ဝိဇ္ဇာဂုဏ်ထူး)၊ ကော့မှူးမြကြီး၊ မယ်ဒလင်ညိုကြီး၊ မြို့မကိုပေါ၊ စန္ဒရားခင်မေညွန့်၊ စိန်လှမြိုင်၊ အေဝမ်းကြည်အေး၊ ဂီတာဦးသိန်းဟန်၊ ဒေါ်လီလီကြာညွန့်၊ တက္ကသိုလ်ကြည်မာ၊ ဦးပါပု (ဗုံ၊ ဒရမ်)၊ ဝါးခယ်မဦးမိုးအောင်၊ ဂီတာသိန်းစိုး၊

မန်းရာပြည့်ဂီတာဦးတင်၊ ဦးစံသိန်း (ဆက်ဆိုဖုန်း၊ ကလဲရိနက်)၊ ဦးခင်မောင်ကြည် (ဒရမ်)၊ ကိုမင်းနောင်၊ ဦးမောင်မောင်ကြီး၊ မေမြို့ခင်မောင်မြင့်၊ ဦးခင်မောင်လွင်၊ စန္ဒရားမောင်မောင်တုတ်၊ တက္ကသိုလ်တင်တင်ဦး၊ ဒေါ်စိမ်းစိမ်း၊ ဦးညွန့်ဝေတို့ဖြစ်ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထူးစီမံကိန်းများ(၂၀၁၀)။** ။အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ၂၀၁၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍မှာကြားလမ်းညွှန်သည်။

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်မည့်စီမံကိန်းများအနက် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း ၅ ခု မှာ အောက်ဖော်ပြပါ ဇယားအတိုင်းဖြစ်သည်။

| စဉ် | တည်ဆောက်မည့်ပြည်နယ်နှင့်တိုင်း | ရေအားလျှပ်စစ်စီမံကိန်း/ ဓာတ်အားပေးစက်ရုံစီမံကိန်း | ထုတ်လုပ်နိုင်မည့်လျှပ်စစ်ဓာတ်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ရှမ်းပြည်နယ် (တောင်ပိုင်း) | အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း | ၂၉ |
| ၂ | ကချင်ပြည်နယ် | ထာခ ရေအားလျှပ်စစ်စီမံကိန်း | ၆ |
| ၃ | တနင်္သာရီတိုင်း | အညာဖျား ရေအားလျှပ်စစ်စီမံကိန်း | ၉ |
| ၄ | ရန်ကုန်တိုင်း | ရန်ကုန်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း | ၂၇၀ |
| ၅ | တနင်္သာရီတိုင်း | ကော့သောင်းကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း | ၆ |

ထို့အပြင် ပြည်ပကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း ၇ ခုမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

| စဉ် | တည်ဆောက်မည့်ပြည်နယ်နှင့်တိုင်း | ရေအားလျှပ်စစ်စီမံကိန်း | ထုတ်လုပ်နိုင်မည့်လျှပ်စစ်ဓာတ်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | နောင်ဖ/မန်တောင်းရေအားလျှပ်စစ်စီမံကိန်း | ၁၂၀၀ |
| ၂ | ကယားပြည်နယ် | ရွာသစ်ရေအားလျှပ်စစ်စီမံကိန်း | ၆၀၀ |
| ၃ | ကယားပြည်နယ် | နမ့်တဘက် ရေအားလျှပ်စစ်စီမံကိန်း | ၁၁၀ |
| ၄ | ကယားပြည်နယ် | နမ့်ပွန် ရေအားလျှပ်စစ်စီမံကိန်း | ၁၃၀ |
| ၅ | ကချင်ပြည်နယ် | နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း | ၁၀၅၅ |
| ၆ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | နမ့်လွေ ရေအားလျှပ်စစ်စီမံကိန်း | ၄၅၂ |
| ၇ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | နမ့်ခ ရေအားလျှပ်စစ်စီမံကိန်း | ၂၀၀ |

အဆိုပါပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီမံကိန်း ၁၂ ခု တည်ဆောက်ပြီးစီးပါက ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ဒေသတွင်းဓာတ်အားကွန်ရက်အတွင်းသို့ ထည့်သွင်းပေးမည်ဖြစ်သည်။

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်၏ရေအရင်းအမြစ်များကို အသုံးချ၍ လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်မည့်စီမံကိန်းပေါင်း ၂၆ ခုရှိသည်။ ယင်း ၂၆ ခုအနက် ရွှေလီ (၁) စီမံကိန်းသည် အကောင်အထည်ဖော်ပြီးသော စီမံကိန်းတစ်ခုဖြစ်ပြီး ကျန်ရေအားလျှပ်စစ်စီမံကိန်း ၂၅ ခုမှာ တစ်ဖက်ပါဇယားအတိုင်းဖြစ်သည်။

## အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထူးစီမံကိန်းများ

| စဉ် | ရေအားလျှပ်စစ်စီမံကိန်း | ထုတ်လုပ်နိုင်မည့်လျှပ်စစ်ဓာတ် အား(မဂ္ဂါဝပ်) |
|---|---|---|
| ၁ | ရွှေလီ (၂) | ၆၄၀ |
| ၂ | နော်ချမ်းခ | ၁၀၅၅ |
| ၃ | ရေဝတီမြစ်ဆုံ | ၄၁၀၀ |
| ၄ | ယီနန် | ၁၂၀၀ |
| ၅ | ခေါင်လံဖူး | ၂၇၀၀ |
| ၆ | ဖီဇော | ၂၀၀၀ |
| ၇ | ဝူဆောက် | ၁၈၀၀ |
| ၈ | ချီဖွေ | ၂၈၀၀ |
| ၉ | ချီဖွေငယ် | ၉၉ |
| ၁၀ | လိုက်ဇာ | ၁၉၀၀ |
| ၁၁ | တာဝိန် (၁) | ၂၄၀ |
| ၁၂ | တာဝိန် (၂) | ၁၆၈ |
| ၁၃ | လေးမြို့ | ၅၀၀ |
| ၁၄ | ရွာသစ် | ၆၀၀ |
| ၁၅ | နမ့်တဘက် | ၁၁၀ |
| ၁၆ | နမ့်ပွန် | ၁၃၀ |
| ၁၇ | ထမံသိ | ၁၂၀၀ |
| ၁၈ | ရွှေဇာရေး | ၆၆၀ |
| ၁၉ | နောင်ဖ/မန်တောင်း | ၁၂၀၀ |
| ၂၀ | အထက်သံလွင် (ကွမ်းလုံ) | ၁၄၀၀ |
| ၂၁ | နမ့်လွေ | ၄၅၂ |
| ၂၂ | နမ့်ခ | ၂၀၀ |
| ၂၃ | တာဆန်း | ၇၁၁၀ |
| ၂၄ | ဟတ်ကြီး | ၁၃၆၀ |
| ၂၅ | တနင်္သာရီ | ၆၀၀ |

ထို့အပြင်ကျောက်မီးသွေးကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၄၁ ထုတ်လုပ်မည့် လျှပ်စစ်စက်ရုံနှစ်ရုံကိုလည်း ရန်ကုန်မြို့၌ တည်ဆောက်ရန် ညှိနှိုင်းစီစဉ်လျက်ရှိသည်။

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးမှု ပိုမိုကောင်းမွန်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သော စီမံကိန်းများအနက် မဟာဓာတ်အားလိုင်း စီမံကိန်းများမှာ ပန်လုံ–နမ့်ဆန် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၈ မိုင် တည်ဆောက်ရေးစီမံကိန်း၊ ကျောက်ပုထိုး–ရွှေဂူ–ဗန်းမော် ၆၆ ကေဗွီဓာတ်အားလိုင်းမှ နဘားဓာတ်အားခွဲရုံသို့ အဝင်အထွက်ဓာတ်အားလိုင်း ၃ မိုင်စီမံကိန်း၊ လက်ရှိကျွန်းချောင်း–ပခုက္ကူ ၆၆ ကေဗွီ ဓာတ်အားလိုင်း (မြစ်ခြေအနီး) မှ ကမ္မသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၉ ဒသမ ၅ မိုင် စီမံကိန်း၊ လားရှိုး–သိန်းနီ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၄ မိုင် စီမံကိန်း၊ လှိုင်သာယာ–အလုံ ၂၃၀ ကေဗွီ Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း ၁၅ မိုင် စီမံကိန်း၊ လှိုင်မြစ်ကျော်(အလုံ) ၂၃၀ ကေဗွီ Twin Bundle,Single Circuit မဟာဓာတ်အားလိုင်း ၀ ဒသမ ၉ မိုင်စီမံကိန်း၊ သထုံ–မော်လမြိုင် Twin Bundle,Single Circuit မဟာဓာတ်အားလိုင်းမိုင် ၆၀ စီမံကိန်း၊ နဘား– မိုးညှင်း ၆၆ ကေဗွီဓာတ်အားလိုင်းမိုင် ၄၀ စီမံကိန်းနှင့် မိုးညှင်း–မိုးကောင်း ၆၆ ကေဗွီဓာတ်အားလိုင်း ၅၅ မိုင် စီမံကိန်းတို့ဖြစ်သည်။

ယင်းဓာတ်အားလိုင်းစီမံကိန်း ကိုးခုအနက် ပန်လုံ–နမ့်ဆန်ဓာတ်အားလိုင်းစီမံကိန်းကို တည်ဆောက်ပြီးစီးခဲ့ပြီး အခြားမဟာဓာတ်အားလိုင်းစီမံကိန်း သုံးခုကို တည်ဆောက်နေဆဲဖြစ်သည်။ ကျန်မဟာဓာတ်အားလိုင်းစီမံကိန်း ငါးခုကို ဆက်လက်အကောင်အထည်ဖော်သွားရန် စီစဉ်လျက်သည်။

ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းများမှာ နမ့်ဆန် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်း၊ နဘား ၆၆/၃၃/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်း၊ ကမ္မဓာတ်အားပေး စက်ရုံတွင် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်း၊ သိန်းနီ ၆၆/၃၃ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံ စီမံကိန်း၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတွင် Substation Bay Extension တစ်ခု တိုးချဲ့တည်ဆောက်ခြင်းစီမံကိန်း၊ အလုံ ၂၃၀/၃၃ကေဗွီ၊၂× ၁၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ စီမံကိန်း၊ သထုံဓာတ်အားပေးစက်ရုံတွင် ၂၃၀ ကေဗွီ Switch Bay တစ်ခု တိုးချဲ့တည်ဆောက်ခြင်းစီမံကိန်း၊ မော်လမြိုင်တွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၂× ၅၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံစီမံကိန်း၊ မိုးညှင်း ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းနှင့် မိုးကောင်း ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံစီမံကိန်းများဖြစ်သည်။ ယင်းစီမံကိန်း ၁၀ ခုအနက် နမ့်ဆန်ဓာတ်အားခွဲရုံစီမံကိန်းကို တည်ဆောက်ပြီးစီးခဲ့ပြီး နဘား၊ ကမ္မနှင့် သိန်းနီဓာတ်အားခွဲရုံများကို တည်ဆောက်နေဆဲဖြစ်သည်။

အကြီးစားပြုပြင်မည့် ဓာတ်အားပေးစက်ရုံများမှာ ရွာမဓာတ်အားပေးစက်ရုံ စက်အမှတ် (၃)၊ အလုံ

ဓာတ်အားပေးစက်ရုံ စက်အမှတ်(၁)၊ လှော်ကားဖွန့်ပစ်အပူသုံးရေနွေးငွေ့တာဘိုင်၊ အလုံ ဖွန့်ပစ်အပူသုံးရေနွေးငွေ့တာဘိုင်၊ သာကေတ ဖွန့်ပစ်အပူသုံးရေနွေးငွေ့တာဘိုင်၊ လှော်ကားဓာတ်အားပေးစက်ရုံ၊ သာကေတ ဓာတ်အားပေးစက်ရုံ၊ ကျွန်းချောင်းဓာတ်အားပေးစက်ရုံ စက်အမှတ် (၃)၊ ရွှေတောင်ဓာတ်အားပေးစက်ရုံ၊ မြန်အောင်ဓာတ်အားပေးစက်ရုံ၊ မော်လမြိုင် ဓာတ်အားပေးရေနွေးငွေ့တာဘိုင်စက်ရုံနှင့် သထုံ ဓာတ်အားပေးစက်ရုံတို့ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ရထားလမ်းကို ဖောက်လုပ်မည်ဖြစ်ပြီး ရန်ကုန်-ပုသိမ် ရထားလမ်းနှင့် ဧရာဝတီတံတား(ညောင်တုန်း)တွင် ပေါင်းဆုံမည်ဖြစ်သည်။ ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက လက်ရှိရထားလမ်းများနှင့် ဆက်စပ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်-ဟင်္သာတ-ကြံခင်း-ပခုက္ကူ-ကလေးအထိ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်းလမ်းသည် ခရီးမိုင် ၄၈ မိုင်ခန့်ရှိပြီး ဇလွန်နှင့် ဓနုဖြူမြို့များကို ဖြတ်သန်းမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ ကြံခင်း-ပခုက္ကူရထားလမ်း၊ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း၊ ကသာ-ဗန်းမော်ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံရထားလမ်း၊ ထားဝယ်-မြိတ်ရထားလမ်းနှင့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ရန်ကုန်မြို့ကို ဆက်သွယ်ပေးမည့် ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းကိုလည်း စတင်ဖောက်လုပ်လျက်ရှိသည်။ အဆိုပါလမ်းမှာ ခရီးမိုင် ၈၉ မိုင်ခန့်ရှိပြီး အိမ်မဲ၊ ပန်းတနော်နှင့် ညောင်တုန်းမြို့များကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။

အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၆ ရက်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

**အမှတ် (၂) စက်မှုဝန်ကြီးဌာန**
**ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများ**

| စဉ် | တည်နေရာ | ထုတ်လုပ်မည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ | Hydraulic Press (100,150,300, 500,800,1000) Ton | အလုံး [illegible]၀၀ |
| ၂။ | အမှတ် (၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်) မကွေးမော်တော်ယာဉ်စက်ရုံ | 10-15 Ton Medium Truck (HE 31) (၂၀-၃၀) တန်အကြီးစားကုန်တင်မော်တော်ယာဉ် | စီးရေ ၃၀၀၀ |
| ၃။ | အမှတ် (၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး) | ခေတ်မီအသေးစားလေးဘောက်စီးမော်တော်ယာဉ် | စီးရေ ၁၀၀၀ |

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့်**
**လမ်းစီမံကိန်းများ**

| စဉ် | ဆက်စပ်ဖောက်လုပ်မည့် လမ်းပိုင်းစီမံကိန်း | လမ်းအရှည် |
|---|---|---|
| ၁။ | မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆက်သွယ်မည့် ပြင်ဦးလွင်-မိုးကုတ်လမ်း | ၉၇ မိုင် ၇ ဖာလုံ |
| ၂။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပြင်းမြို့နယ်နှင့် မက်မန်းမြို့နယ်ဆက်သွယ်မည့် မိုင်းပြင်း-မက်မန်းလမ်း | ၇၃ မိုင် |
| ၃။ | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းအမှတ် (၁) ပုသိမ်-ငပုတောလမ်း | ၂၁ မိုင် |

**ဆက်လက်ဆောင်ရွက်မည့် တံတားစီမံကိန်းများ**

| စဉ် | ဆောက်လုပ်မည့်လမ်းပိုင်း | တံတားအမည် (အမျိုးအစား) | ပေအရှည် |
|---|---|---|---|
| ၁။ | မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း | မြို့ချောင်း (နှစ်လမ်းသွားသံကူကွန်ကရစ်) | ၂၄၀ ပေ |
| ၂။ | မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း | ကျားထူးချောင်း (နှစ်လမ်းသွားသံကူကွန်ကရစ်) | ၄၈၀ ပေ |
| ၃။ | နေပြည်တော်-ချောင်းနက်-တောင်တွင်းကြီးကားလမ်းဟောင်း | ကျွဲရှင်း(လေးလမ်းသွားသံပေါင်ရက်မ)<br>ပလွေး (နှစ်လမ်းသွား သံကူကွန်ကရစ်) | ၁၈၀ ပေ<br>၁၉၀ ပေ |

| | ဆောက်လုပ်မည့်လမ်းပိုင်း | တံတားအမည် (အမျိုးအစား) | ပေအရှည် |
|---|---|---|---|
| ၄။ | နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသစ် | လိုက်ချောင်း၊ ထန်းတပင်ချောင်း၊ ကိုးပင်ရိုး၊ သရက်ခွ၊ စွန်ချောင်း၊ ပုလင်းချောင်း၊ စလေချောင်း၊ လိပ်ကန်းချောင်းနှင့်ရွှေပန်းချောင်း (အားလုံးနှစ်လမ်းသွားသံကူကွန်ကရစ်) | ပေ ၁၈၀ နှင့်အထက် |
| ၅။ | နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသစ် | ယင်းချောင်း (နှစ်လမ်းသွားကြိုတင်အားဖြည့်ကွန်ကရစ်နှင့်သံကူကွန်ကရစ်) | ၁၄၆၀ ပေ |
| ၆။ | မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း | ပြည်ညောင် | ၂၀၀ ပေ |
| ၇။ | ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း | ညောင်ဝန်း (နှစ်လမ်းသွား သံကူကွန်ကရစ်) | ၁၉၀ ပေ |
| ၈။ | မော်တင်စွန်းမှ ဟိုင်းကြီးကျွန်း | မော်တင်စွန်း-ဟိုင်းကြီးကျွန်း (သံမဏိသံပေါင်၊ သံကူကွန်ကရစ်) | ၂၀၀၁ ပေ |

စစ်တောင်းမြစ်ကူးတံတား (၃) စင်း

| | ဆောက်လုပ်မည့်လမ်းပိုင်း | အမျိုးအစား | ပေအရှည် |
|---|---|---|---|
| ၁။ | အုတ်တွင်းမြို့နယ် မြို့စိုးရွာအနီး ကျွဲပွဲ-မြို့ရိုး-ရေပ်ကြီးလမ်း | နှစ်လမ်းသွားသံကူကွန်ကရစ် | ၅၄၀ ပေ |
| ၂။ | ဖြူးမြို့နယ် ဘန်းလောင်ရွာအနီး ဖြူး-ဘန်းလောင်-မွေတွင်း-ညောင်ပင်ရိုးလမ်း | နှစ်လမ်းသွားသံကူကွန်ကရစ် | ၄၈၀ ပေ |
| ၃။ | မြင်းစုရွာအနီး ခပေါင်း-မြင်းစု-ထန်းတပင်လမ်း | နှစ်လမ်းသွားသံကူကွန်ကရစ် | ၅၂၀ ပေ |

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ

| | ပြည်နယ်/တိုင်း | မြို့နယ် | ဆည်/တမံ/လျှပ်စစ်မြစ်ရေတင်အမည် | စိုက်ပျိုးရေပေးဝေနိုင်မည့်ဧက |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မိုးမောက် | တာလီရေလွှဲဆည် | ၃၄၈၆ ဧက |
| ၂ | မကွေးတိုင်း | ချောက် | စာကြိုရေလှောင်တမံ | ၁၀၀၀ ဧကခန့် |
| ၃ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | လားရှိုး | နမ့်ကျန်ရေလှောင်တမံ | ၁၇၉ ဧကခန့် |
| ၄ | မန္တလေးတိုင်း | မြင်းခြံ | ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင် | ၁၅၀၀၀ ဧက |

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ

| | စီမံကိန်းအမည် | တည်ဆောက်မည့်ဓာတ်အားလိုင်း |
|---|---|---|
| ၁။ | သာကေတ-သန်လျင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ | -သာကေတ သန်လျင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၃၄ မိုင် -သန်လျင် ၂၃၀/၃၃/၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ |
| ၂။ | နမ့်စန်-လွိုင်လင် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ | -နမ့်စန်-လွိုင်လင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင် -လွိုင်လင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲစက်ရုံ |

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ | စက်တပ်ဆင်အင်အား | ထုတ်လုပ်နိုင်စွမ်း |
|---|---|---|---|---|
| ၁။ | မော်လိုက်ရေအားလျှပ်စစ် (ကျောက်ဖြည့်တမံ/ကွန်ကရစ်တမံ) | စစ်ကိုင်းတိုင်း မော်လိုက်မြို့ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ချင်းတွင်းမြစ်ပေါ် | ၅၂၀ မဂ္ဂါဝပ် | နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၃၁၀ |
| ၂။ | ကလေးဝ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ | စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် အနောက်မြောက်ဘက် ၁၁ ကီလိုမီတာအကွာ | ၃၀၀ မဂ္ဂါဝပ် × ၂ | နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၀၀၀ မှ ၄၂၀၀ |

## စွမ်းအင်ဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း

## ဆက်သွယ်မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း

၁။ ပျော်ဘွယ်-ရေနီ-တောင်ဖီလာ (၁၂လက်မ×

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများ

| စဉ် | ဖောက်လုပ်မည့်လမ်းပိုင်း | လမ်းအရှည် |
|---|---|---|
| ၁။ | နေပြည်တော်-ဆင်သေ(တပ်ကုန်း) ပင်လောင်းရထားလမ်း | မိုင် ၁၂၀ ခန့် (၂၄ ဘူတာ၊ တံတားကြီး/ငယ် ၅၂၅ စင်း၊ ဥမင်တစ်ခုပါဝင်မည်) |
| ၂။ | မြစ်ကြီးနား-ဗန်းမော်-မဘိမ်း-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်း | ၄၇၄ ဒသမ ၅ မိုင် (၇၈ ဘူတာ၊ တံတားကြီး/ငယ်၂၃၃၅ စင်း ပါဝင်မည်) |
| ၃။ | မုံရွာ-ယာကြီး-ကလေးဝ-ကလေးရထားလမ်း | ၁၃၅ မိုင် (ချင်းတွင်းမြစ်ကူးတံတားကြီးတစ်စင်းနှင့်တံတားကြီး/ငယ် ၆၇၅ စင်းပါဝင်မည်) |
| ၄။ | တောင်ငူ-ယာသိ-လွိုင်ကော်ရထားလမ်း | ၁၅၀ မိုင် (၂၅ ဘူတာ၊တံတားကြီး/ငယ် ၇၅၀ စင်းပါဝင်မည်) |

ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံများကို ဗန်းမော်၊ သီပေါနှင့် နမ့်စန်မြို့တို့တွင် ထပ်မံတည်ဆောက်မည်။ စက်ရုံအားလုံးပြီးစီးပါက စုစုပေါင်း ၁၁ ရုံရှိမည်ဖြစ်ပြီး အဆိုပါစက်ရုံများမှ နှစ်စဉ်ကွန်ကရစ်ဇလီဖား စုစုပေါင်း ၂၂ သိန်းထုတ်လုပ်နိုင်မည်ဖြစ်သည်။

**အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု။** ။ ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက် (၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်)



**၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရဦးရဲတင့်အား နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက ဆုချီးမြှင့်စဉ်**

နေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူ စာပေပညာရှင်များအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆုနှင်းသဘင်အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဝင်များလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များ နှင့်သတင်းထောက်များ၊ ဆုရပုဂ္ဂိုလ်များနှင့် မိသားစုများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် မြန်မာနိုင်ငံတွင် နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းအပါအဝင် အမျိုးအစားပေါင်းတစ်သောင်းကျော်ရှိသည့်အနက် အမျိုးသား စာပေဆုဆိုင်ရာသတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသည့်စာအုပ်များကို ဘာသာရပ် ၁၄ မျိုးခွဲခြားပြီး စိစစ်ဖတ်ရှုရွေးချယ်ခဲ့သည်။ ၂၀၀၉ ခုနှစ်အမျိုးသားစာပေဆုအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၂၂၈၈ အုပ်ကိုစိစစ်ဖတ်ရှုခဲ့သည်။

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသော ဘာသာရပ်များမှာ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆု၊ ကလေးစာပေဆု၊ ဘာသာပြန် (သုတ) စာပေဆု၊ သုတပဒေသာ(ဝိဇ္ဇာ)ဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုနှင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဆုများဖြစ်ကြသည်။ လူငယ်စာပေဆု၊ ဘာသာပြန် (ရသ) စာပေဆု၊ ပြဇာတ်စာပေဆုနှင့် နိုင်ငံရေးစာပေဆုများမှာ ဆုရွေးချယ်ခြင်းမခံရပေ။

ထို့အတူ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၉ ခုနှစ်အတွက် တင်သွင်းသောပြိုင်ပွဲဝင်စာမူပေါင်း ၁၇၄ စောင်ကို သတ်မှတ်ထားသော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဆိုင်ရာမူ (၉) ချက်နှင့်အညီ စာမူများကို ဖတ်ရှုစိစစ်ရွေးချယ်ခဲ့သည်။ စာပေဗိမာန်စာမူဆုအတွက် သတ်မှတ်ထားသော ဘာသာရပ် ၁၂ မျိုးမှာ ဆုရွေးချယ်ခြင်းခံရသည်။

# အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု

## ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု

| | ဘာသာရပ် | စာရေးသူ | စာအုပ်အမည် |
|---|---|---|---|
| ၁ | တစ်သက်တာဆု | ဒေါက်တာခင်မောင်ညွန့် | |
| ၂ | ဝတ္ထုရှည် | လက်ာရည်ကျော် | ဒေါက်တာရွှေသွေးနှင့်မပန်းမှုံ |
| ၃ | ဝတ္ထုတိုပေါင်းချုပ် | မောင်ခြိမ့် | တံငါအသည်းမာရဲ့သလားဟေ့နှင့်အခြားဝတ္ထုတိုများ |
| ၄ | ကဗျာ | မောင်နိုဝင်း(ပခုက္ကူ) | စိမ့်စမ်းရေကြည်ကဗျာများ |
| ၅ | စာပဒေသာ | မောင်ခင်မင်(ဓနုဖြူ) | ဘာသာအမြင် စာပေအမြင် |
| ၆ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ | ဦးကျော်သန်း(ဖယ်ခုံ) | [illegible]လူမျိုး [illegible]ယန်းဓလေ့ |
| ၇ | ကလေးစာပေ | မင်းရွှေမင်း(အင်းစိန်) | ပြည်[illegible]ပန်းဥယျာဉ်ကလေးကဗျာများ |
| ၈ | ဘာသာပြန်(သုတ) | ရဟင့် | သွေးနှင့်ရေ |
| ၉ | သုတပဒေသာ([illegible]) | [illegible] | [illegible] |
| ၁၀ | သုတပဒေသာ([illegible]) | မိုးမေ့([illegible]လုပ်ငန်း) | [illegible] |
| ၁၁ | သုတပဒေသာ([illegible]) | [illegible]မောင်လှထွန်း | [illegible] (ပထမပဲ့နှင့်ဒုတိယတွဲ) |

## ၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု

| | ဘာသာရပ် | စာရေးသူ | စာမူအမည် | ဆုအမျိုးအစား |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည် | သုသိက် | ဆုးမြနှင်းဆီ | ပထမ |
| ၂ | ။ | ကိုယော (ဘောဂဗေဒ) | ဂန္ဓဝင်ချစ်ကြည်စတမ်းနဲ့ လွမ်းရတဲ့မြို့သူ | ဒုတိယ |
| ၃ | ။ | သိန်းဇော် (ရွှေလီဦး) | ဘဝပုခက်နှင့် ကကျိုးဆက်မည့်ရွှေလက်များ | တတိယ |
| ၄ | ဝတ္ထုတိုပေါင်းချုပ် | မောင်ခြိမ့် | ယင်ပေါင်စာတိုးရုံနဲ့ ယင်းကျိုးမယ်မောင်ကထင်နှင့် အခြားဝတ္ထုတိုများ | ပထမ |
| ၅ | ။ | မြေလတ်မင်းလွင် | လက်ရေတစ်ပြင်တည်းနှင့်အခြားဝတ္ထုတိုများ | ဒုတိယ |
| ၆ | ။ | ခင်လပြည့်ဝန်း | နေညိုရင်အမေကိုလွမ်းတယ်နှင့်အခြားဝတ္ထုတိုများ | တတိယ |
| ၇ | ကဗျာ | ဇော်မျိုးဟန် (ငါးသိုင်းချောင်း) | ပန်းစောင့်လိပ်ပြာကဗျာများ | ပထမ |
| ၈ | ။ | မောင်ဟန်တင် (ပင်လည်ဘူး) | ဝတစ်လုံးနှင့်အပြီးတစ်ရာကဗျာများ | ဒုတိယ |
| ၉ | ။ | လှိုင်ငွေအောင် (ရွှေတံတား) | အမေ့အမွေနှင့်အခြားကဗျာများ | တတိယ |
| ၁၀ | သုတပဒေသာ | မောင်ယဉ်လှိုင်း (ပျဉ်းမငြိမ်) | ပုံသဏ္ဌာန်မျိုးစုံ ရှေးဟောင်းမြန်မာ့မြို့ရိုးစနစ်ပုံ | ပထမ |
| ၁၁ | (ဝိဇ္ဇာပညာရပ်) | ဒေါက်တာချိုချိုတင် (မြန်မာစာ) | ကိုလိုနီခေတ်ဦး မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု | ဒုတိယ |
| ၁၂ | ။ | ရွှေဟသာ် (မန္တလေးတက္ကသိုလ်) | ရှေးခေတ်ကျေးလက်သုံး ဆိုထုံးနှင့်စကားပုံများအဖွင့် | တတိယ |
| ၁၃ | သုတပဒေသာ | သောင်းညွန့်သစ် | မြန်မာ့သစ်မွေး | ပထမ |
| ၁၄ | (သိပ္ပံနှင့်အသုံးချ | အောင်စိုး (စိုက်ပျိုးရေး/၁၀၇) | သိပ္ပံနည်းကျလက်တွေ့အသုံးချ စပျစ်စိုက်ပျိုးရေးနည်းပညာရပ် | ဒုတိယ |
| ၁၅ | သိပ္ပံပညာရပ်) | မိုးဆွေ (သစ်လုပ်ငန်း) | အသုံးချသစ်လုပ်ငန်းသချာ | တတိယ |
| ၁၆ | စာပဒေသာ | နေမျိုးနွယ် | ပြည်သူကြားသို့အရောက်သွားခဲ့သော ဆေးကျောင်းသားတစ်ယောက်၏ရသမှတ်တမ်း | ဒုတိယ |
| ၁၇ | မြန်မာ့ယဉ်ကျေးမှု | မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) | ဂျိန်းဖော့(ဂျိန်းဖော) သွေးချင်းတို့၏ ဘဝအလှ | ပထမ |
| ၁၈ | နှင့်အနုပညာဆိုင်ရာ | ဦးသောင်းထွန်း | ရိုးရာထိန်းလျက် ဆန်းသစ်တီထွင်ယွန်းရွှေစင် | ဒုတိယ |
| ၁၉ | ။ | ထုံးထုံးဝင်း(ရှေးဟောင်းသုတေသန | ပထမမြန်မာနိုင်ငံတော်နှင့် ပုဂံရွှေနန်းတော်ကြီး | တတိယ |
| ၂၀ | ကလေးစာပေ | ကန့်ဘလှုခင်မောင်ဆွေ | သားရွှေစင်ကလေးကဗျာများ | ပထမ |
| ၂၁ | ။ | ခင်မောင်မြင့် (ရွှေဆယ်မြေ) | မျိုးချစ်သူရဲကောင်းဖိုးအေးနှင့်အခြားဝတ္ထုတိုများ | ဒုတိယ |
| ၂၂ | ။ | ဆွေသန်း | သမီးလေးရဲ့မနက်ခင်းကလေးကဗျာများ | တတိယ |
| ၂၃ | လူငယ်စာပေ | နေမျိုးသန့် | မိုးသောက်နေခြည်ဦး | ပထမ |
| ၂၄ | ။ | သွဲ့ထားညို (သက္ကလ) | အိပ်မက်များရဲ့မနက်ဖြန် | ဒုတိယ |
| ၂၅ | ။ | ဝတ်ရည်ခင် (ပဲခူး) | ထက်မြက်စွမ်းအင်နှင့်လူငယ်ဝတ္ထုတိုများ | တတိယ |
| ၂၆ | ပြဇာတ်စာပေ | ငြိမ်းမင်း | တစ်ပင်ကျိုးလျှင် နောက်နှစ်ပင် | ပထမ |
| ၂၇ | ။ | မောင်ဆန့ (လယ်ဝေး) | နေနဲ့လပြဇာတ် | ဒုတိယ |
| ၂၈ | ။ | တင်ထွန်းဦး (ယဉ်ကျေးမှု) | လူငယ်အားမာန်နှင့် သားကောင်းရတနာပြဇာတ်များ | တတိယ |
| ၂၉ | နိုင်ငံရေးစာပေ | မြင့်စိုး (နတလ) | နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နှစ် ၂၀ ခရီး | ဒုတိယ |
| ၃၀ | ဘာသာပြန်စာပေ | ဒေါက်တာညွန့်ရွှေ (တောင်ကြီး) | ရာသီဥတုထိန်းညှိပြုပြင်မှု | ပထမ |

**အဝေးသင်တက္ကသိုလ်။** ။ အဝေးသင်ပညာရေးစနစ်ဟူသည် ပို့ချသူဆရာနှင့် သင်ယူသူတပည့်တို့ မျက်နှာချင်းဆိုင်သင်ကြားမှုအနည်းဆုံးဖြင့် ထိရောက်မှုရှိစေရန် သင်ကြားမှုအထောက်အကူပစ္စည်းများကို ဆရာကိုယ်စား အသုံးပြု၍ မိမိကိုယ်တိုင် သင်ယူရသော (Self-Study) ပညာရေးစနစ်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။




မျက်မှောက်ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည့်အားလျော်စွာ ခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန်အတွက်လည်းကောင်း၊ အဆင့်မြင့်ပညာကို ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်ခြင်းဖြင့် နိုင်ငံ့အကျိုးကို ပိုမိုထိရောက်စွာ သယ်ပိုးဆောင်ရွက်နိုင်သော ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရန် အတွက်လည်းကောင်း ရည်ရွယ်၍ အဝေးသင်တက္ကသိုလ်များကို ဖွင့်လှစ်ထားခြင်းဖြစ်ပေသည်။ ရန်ကုန်တက္ကသိုလ်တွင် ၁၉၇၅-၇၆ ပညာသင်နှစ်မှစ၍ တက္ကသိုလ်စာပေးစာယူသင်တန်းများအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၂ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှစ၍ အဝေးသင်တက္ကသိုလ်အဖြစ် သီးခြားတည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ်သည် အောက်မြန်မာပြည်ကို တာဝန်ယူပြီး မန္တလေးအဝေးသင်တက္ကသိုလ်သည် အထက်မြန်မာပြည်ကို တာဝန်ယူကာ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ အဝေးသင်တက္ကသိုလ်များ၏ ရည်ရွယ်ချက်များမှာ အဆင့်မြင့်ပညာကို ငွေကုန်ကြေးကျသက်သာစွာဖြင့် မိမိအရပ်ဒေသ မြို့ရွာ၊ နေအိမ်၊ မိသားစု၊ အလုပ်ခွင်မှ မခွာရဘဲ သင်ယူနိုင်စေရန်၊ အဆင့်မြင့်ပညာကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နယ်စပ်ဒေသပါမကျန် သင်ယူနိုင်ရန်၊ အခြားသော တက္ကသိုလ်များမှ ပေးအပ်သော ပညာရပ်ဘွဲ့အဆင့်ထက် မနိမ့်ကျသော ဘွဲ့များအပ်နှင်းနိုင်ရန်နှင့် အဆင့်မြင့်ပညာကို ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်ခြင်းဖြင့် ပညာတတ်လူငယ်များ နိုင်ငံ့အကျိုးကို ပိုမိုထိရောက်စွာ သယ်ပိုးဆောင်ရွက်နိုင်ရန်တို့ ဖြစ်သည်။

အဝေးသင်တက္ကသိုလ်များသို့ အခြေခံပညာအထက်တန်းစာမေးပွဲ "က" စာရင်းမှ အောင်မြင်သူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားတက်ရောက်နိုင်သည်။ မည်သည့်ပညာသင်နှစ်တွင် အောင်မြင်ရမည်ဟု ကန့်သတ်ချက်မရှိပေ။

ရန်ကုန်အဝေးသင်ဌာနခွဲများမှာ ရန်ကုန်ဌာနခွဲ (ပင်မ)၊ မော်လမြိုင်ဌာနခွဲ၊ ဒဂုံဌာနခွဲ၊ ပုသိမ်ဌာနခွဲ၊ စစ်တွေဌာနခွဲ၊ တောင်ငူဌာနခွဲ၊ ပြည်ဌာနခွဲ၊ ထားဝယ်ဌာနခွဲ၊ ရန်ကုန်အရှေ့ပိုင်းဌာနခွဲ၊ ရန်ကုန်အနောက်ပိုင်းဌာနခွဲ၊ ဟသ်ာတဌာနခွဲ၊ ပဲခူးဌာနခွဲ၊ ဘားအံဌာနခွဲနှင့် မြိတ်ဌာနခွဲတို့ဖြစ်သည်။

| စဉ် | အထူးပြုဘာသာရပ် | ကာလ | ဘွဲ့ |
|---|---|---|---|
| ၁ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ စီးပွားရေးပညာ၊ မြန်မာမှုပညာ၊ ရသစာပေပညာ၊ ပြည်သူ့ရေးရာပညာ၊ အိမ်တွင်းစီးပွားရေးပညာ၊ စီးပွားစီမံပညာ | ၃ နှစ် | B.A |
| ၂ | ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ သတ္တဗေဒ | ၃ နှစ် | B.Sc |
| ၃ | ဥပဒေပညာ | ၄ နှစ် | LL.B |

မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲများမှာ မန္တလေးဌာနခွဲ (ပင်မ)၊ တောင်ကြီးဌာနခွဲ၊ မကွေးဌာနခွဲ၊ မြစ်ကြီးနားဌာနခွဲ၊ မုံရွာဌာနခွဲ၊ ရတနာပုံဌာနခွဲ၊ ပခုက္ကူဌာနခွဲ၊ ရေနံချောင်းဌာနခွဲ၊ မိတ္ထီလာဌာနခွဲ၊ ကျောက်ဆည်ဌာနခွဲ၊ ရွှေဘိုဌာနခွဲ၊ လားရှိုးဌာနခွဲ၊ ကလေးဌာနခွဲ၊ ဖန်းမော်ဌာနခွဲ၊ လွိုင်ကော်ဌာနခွဲနှင့် ကျိုင်းတုံဌာနခွဲတို့ဖြစ်သည်။ အဝေးသင်တက္ကသိုလ်များ

တွင် ပို့ချသောဘာသာရပ်များနှင့် အပ်နှင်းသောဘွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည်။

အဝေးသင်တက္ကသိုလ်သည် မိမိကိုယ်တိုင် သင်ယူရသော ပညာရေးစနစ်ဖြစ်သော်လည်း ဆရာနှင့် အနီးကပ်သင်ကြားနေသကဲ့သို့ ထိရောက်စွာ သင်ယူနိုင်စေရန် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် e-Learning Centre များဖွင့်လှစ်ပေးထားသည့်အပြင် ပုံမှန်တက္ကသိုလ်များတွင် မရှိသော အောက်ပါသင်ကြားမှုအထောက်အကူများကိုလည်း ပံ့ပိုးထားသည်။

**ပို့ချချက်စာအုပ်**

သင်ရိုးတွင်ပါဝင်သည့် အကြောင်းအရာမှန်သမျှကို ခြုံမိကာမိအောင် ပြုစုထားပြီး ကျောင်းသားများ မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်ရန် (Self Instructional) အထူးပြုရေးသားထားသော စာအုပ်ဖြစ်သည်။

**လေ့လာမှုလမ်းညွှန်စာအုပ်**

ပို့ချချက်စာအုပ်ကို မည်သို့မည်ပုံ ချဉ်းကပ်လေ့လာရမည်ကို ဦးဆောင်ညွှန်ကြားပေးသော စာအုပ်ဖြစ်သည်။

**စာစဉ် (Assignment)**

အဝေးသင်ပညာရေးစနစ်တွင် ဘာသာရပ်အပေါ် ကျောင်းသား၏နားလည်သဘောပေါက်မှုကို သိရှိရန်လိုအပ်ခြင်းနှင့် စာမေးပွဲနီးမှ ဘာသာရပ်ကို လေ့လာကျက်မှတ်ခြင်းထက် စဉ်ဆက်မပြတ်လေ့လာစေရန်အတွက် Assignment စနစ်ကို ထားရှိရခြင်းဖြစ်သည်။ စနစ်သစ်ကျောင်းသားတိုင်း ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်ရှိ မော်ကျူး ၆ ခုစီအတွက် မော်ဂျူးတစ်ခုလျှင် စာစဉ် (Assignment) နှစ်ခုနှုန်းဖြင့် စုစုပေါင်း စာစဉ် (Assignment) ၂၄ ခုကို မိမိကိုယ်တိုင် မပျက်မကွက် ဖြေဆိုတင်သွင်းရခြင်းဖြစ်သည်။

**ရေဒီယိုပို့ချချက်**

ရေဒီယိုမှတစ်ဆင့် အသံလွှင့်ပို့ချမှုများကိုလည်း ပြုလုပ်ပေးလျက်ရှိရာ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှ ဖမ်းယူနားဆင်နိုင်သည်။ နေ့စဉ်အားဖြင့် ည ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိလည်းကောင်း၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် ည ၈:၀၀ မှ ၁၀:၀၀ နာရီအထိလည်းကောင်း အသံလွှင့်ပေးလျက်ရှိသည်။

**ရုပ်မြင်သံကြားပို့ချချက်**

မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်မှ နေ့စဉ် ညနေ ၄:၀၀ နာရီမှ ၅:၀၀ နာရီအကြား တစ်နေ့လျှင်တစ်ကြိမ် သင်ကြားပို့ချချက်များ ထုတ်လွှင့်ပေးလျက်ရှိသည်။

**ကက်ဆက်တိတ်ခွေများ**

ကက်ဆက်တိတ်ခွေများဖြင့်လည်း သင်ခန်းစာများကို ထည့်သွင်း၍ ပို့ချချက်စာအုပ်များနှင့်အတူ ဖြန့်ဝေခဲ့ရာ ယခုအခါ MP-3 ဗီစီဒီခွေများကို စာစဉ်များနှင့်အတူ ပေးပို့လျက်ရှိသည်။ ရုပ်မြင်သံကြားသင်ခန်းစာနှင့် အခြားသင်ခန်းစာများကိုလည်း သင်ယူမှုဌာနများတွင် သွားရောက်ကြည့်ရှုနိုင်ပေသည်။

**သတင်းလွှာစာစောင်**

၁၉၉၄ ခုနှစ် ဒီဇင်ဘာလမှစ၍ လစဉ်ထုတ်ဝေလျက်ရှိသည်။ ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုဆောင်းပါးများ၊ သတင်းနှင့်ဓာတ်ပုံများ၊ ပေးစာများ၊ မေးစာများ ပါရှိသည်။ အမေးအဖြေကဏ္ဍတွင် သင်တန်းရေးရာကိစ္စများနှင့် ဘာသာရပ်ဆိုင်ရာများကို မေးမြန်းလိုက သတင်းလွှာကော်မတီသို့ စာဖြင့် မေးမြန်းနိုင်သည်။

**DBS သင်ခန်းစာ**

ဆရာနှင့်တပည့် မျက်နှာချင်းဆိုင် သင်ကြားနေသကဲ့သို့ ထိရောက်မှုရှိသော အချက်အလက် ထုတ်လွှင့်မှုစနစ် (Data Broadcasting System-DBS) ဖြင့် ဂြိုဟ်တုမှထုတ်လွှင့်သော သင်ခန်းစာများကို သင်ယူမှုဌာန (e-Learning Centre) များမှ ဖမ်းယူကြည့်ရှုလေ့လာနိုင်သည်။ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက်

၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိလည်းကောင်း၊ ကြားရက်များတွင် ညနေ ၅:၀၀ နာရီ မှ ည၇:၀၀ နာရီအထိလည်းကောင်း ပို့ချပေးလျက်ရှိသည်။

သင်ယူမှုဌာနများတွင် ကွန်ပျူတာအသုံးပြု၍ လေ့လာနိုင်ရန် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများပါရှိသော CD-Rom များကိုလည်း ဖြန့်ဝေပေးထားသည်။

## အခြားပံ့ပိုးမှုများ

တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များတွင် စနေ၊ တနင်္ဂနွေနေ့များ၌ သိပ္ပံလက်တွေ့နှင့် ပို့ချသင်တန်းများကို အပတ်စဉ် သင်ကြားပေးခြင်း၊ အတန်းတင်စာမေးပွဲ မစစ်ဆေးမီ ဝိဇ္ဇာ၊ ဥပဒေ၊ စီးပွားရေးနှင့် ပေါင်းစပ်ဘာသာအထူးပြုများအတွက် အနီးကပ်သင်တန်းများကို ၁၀ ရက်ကြာ ပို့ချပေးခြင်း၊ တစ်နိုင်ငံလုံးရှိ အဝေးသင်ဌာနခွဲများတွင် လိုအပ်သောအထောက်အကူနှင့် ပံ့ပိုးလမ်းညွှန်မှုများ ဆောင်ရွက်ပေးခြင်း၊ e-Learning Centre များတွင် ခေတ်မီအီလက်ထရွန်းနစ်ပစ္စည်းများ၊ တပ်ဆင်ပေးထားပြီး DBS သင်ခန်းစာ၊ CD-Rom သင်ခန်းစာ၊ ကက်ဆက်ခွေသင်ခန်းစာ၊ ဗီဒီယိုသင်ခန်းစာများဖြင့် လေ့လာနိုင်အောင် စီစဉ်ထားရှိသည့်အပြင် ဆရာ၊ဆရာမများကလည်း သင်ကြားရေးဆိုင်ရာကိစ္စများကို ဖြည့်စွက်ကူညီဆွေးနွေးပေးခြင်း၊ ကျောင်းသားရေးရာကိစ္စများ လမ်းညွှန်ကူညီပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ကမ္ဘာတွင် အဝေးသင်ပညာရေးစနစ်သည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေပန်းစားလျက်ရှိနေပေသည်။ ဗြိတိန်နိုင်ငံရှိ Open University နှင့် ထိုင်းနိုင်ငံရှိ Sukhothai Thammathirat Open University တို့မှာ ထင်ရှားသည်။ မြန်မာနိုင်ငံရှိ အဝေးသင်တက္ကသိုလ်များသို့လည်း ကျောင်းသား၊ ကျောင်းသူများ အထူးပင် တက်ရောက်လျက်ရှိကြသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးမြင့်မားရေး၊ အဝေးသင်ပညာရေးစနစ် မြင့်မားတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

**အာရှအားကစားပြိုင်ပွဲ။** ။(၁၆) ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပသည်။ ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားမောင်မယ်ပေါင်း ၉,၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၆) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ အားကစားနည်း ၄၂ မျိုးထည့်သွင်းကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများက ပွဲစဉ်ပေါင်း ၄၇၆ ပွဲဖြင့် ယှဉ်ပြိုင် ပြိုင်ပွဲဝင်ကြသည်။ ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဘီလီယက်၊ နဂါးလှေ၊ ဝူရှူးနှင့် ပိုက်ကျော်ခြင်း အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အမျိုးသမီး မီတာ ၂၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ တရုတ်နိုင်ငံမှ ကျူကျင်ဝေနှင့် တန်ယီတို့က ရွှေတံဆိပ်နှင့်ငွေတံဆိပ်၊ ဂျပန်နိုင်ငံမှ အီတိုက ကြေးတံဆိပ်ရရှိသည်။ အမျိုးသား ၅၆ ကီလို အလေးမပြိုင်ပွဲ၌ တရုတ်နိုင်ငံမှ ဝူကျန်ဘောင်က ရွှေတံဆိပ်၊ တောင်ကိုရီးယားနိုင်ငံမှ ချာကွန်ချောက ငွေတံဆိပ်၊ အင်ဒိုနီးရှားနိုင်ငံမှ ဂျာဒီက ကြေးတံဆိပ်ဆွတ်ခူးသည်။ အမျိုးသားတစ်ဦးချင်း ဘီလီယက်ပြိုင်ပွဲ၌ အိန္ဒိယနိုင်ငံမှ ပင်ကာဂျေအက်ဗာနီက ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ နေသွေးဦးက ငွေတံဆိပ်၊ မြန်မာနိုင်ငံမှ ကျော်ဦးနှင့် စင်ကာပူနိုင်ငံမှ ပီတာတို့က ပူးတွဲကြေးတံဆိပ်ရရှိသည်။ ဝူရှူးပြိုင်ပွဲ ချန်းချွမ်ပြိုင်ပွဲ၌ ဟောင်ကောင်မှ ရွှေတံဆိပ်၊ မြန်မာနိုင်ငံမှ စန္ဒီဦးက ငွေတံဆိပ်၊ ဂျပန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ပူးတွဲကြေးတံဆိပ်ဆွတ်ခူးသည်။

အမျိုးသား မီတာ ၁,၅၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ၌ တရုတ်နိုင်ငံမှ ယန်ဆန်က ရွှေတံဆိပ်၊ တောင်ကိုရီးယားနိုင်ငံမှ ပက်တေဟွမ်က ငွေတံဆိပ်၊ တရုတ်နိုင်ငံမှ ကျောင်လင်းက ကြေးတံဆိပ်ရရှိသည်။ အမျိုးသားတစ်ဦးချင်းလေ့လော့်ပြိုင်ပွဲ၌ အိန္ဒိယနိုင်ငံမှ အီရာက ရွှေတံဆိပ်၊ တရုတ်နိုင်ငံမှ ဝမ်မင်ဟွေက ငွေတံဆိပ်၊ အီရတ်နိုင်ငံမှ ဟာမာရာရှစ်က ကြေးတံဆိပ်ဆွတ်ခူးသည်။ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲ၌ တရုတ်နိုင်ငံမှ မာလီယန်က ရွှေတံဆိပ်၊ ဂျပန်နိုင်ငံမှ

ယူဂျီရာက ငွေတံဆိပ်၊ တရုတ်နိုင်ငံမှ ယီကွန်က ကြေးတံဆိပ်ရရှိသည်။ အမျိုးသားမိတာ ၂၅၀ နဂါး လှေလှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ နဂါးလှေလှော်ပြိုင်ပွဲ၊ မီတာ ၁,၀၀၀ နဂါးလှေလှော်ပြိုင်ပွဲများ၌ မြန်မာနိုင်ငံမှ ငွေတံဆိပ်တစ်ဆုစီ ဆွတ်ခူးသည်။

အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၌ မြန်မာအသင်းက တောင်ကိုရီးယားအသင်းကို ၂၁-၁၈-၂၁-၁၈ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ရွှေတံဆိပ်ရရှိသည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့၌ ဇော်လတ်၊ ဇော်ဇော်အောင်နှင့်စည်သူလင်းတို့ပါဝင်သည်။ အမျိုးသမီးနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြန်မာအသင်းက တရုတ်အသင်းကို ၂၁-၁၅၊၁၄-၂၁၊၁၇-၁၆ ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆွတ်ခူးသည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့၌ ကြူကြူသင်း၊ ဖြူဖြူသန်းနှင့်မေဇင်ဖြိုးတို့ပါဝင်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ၌ ဂျပန်အသင်းက ယူအေအီးအသင်းကို အနိုင်ရဗိုလ်စွဲပြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ဂျပန်အသင်းက မြောက်ကိုရီးယား အသင်းကို အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအားလုံးအပြီးတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် ၁၉၉ ခု၊ ငွေတံဆိပ် ၁၁၉ ခု၊ ကြေးတံဆိပ် ၉၈ ခု စုစုပေါင်း ၄၁၆ ဆုဖြင့် ပထမ၊ တောင်ကိုရီးယားနိုင်ငံက ရွှေတံဆိပ် ၇၆ ခု၊ ငွေတံဆိပ် ၆၅ ခု၊ ကြေးတံဆိပ် ၉၁ ခု စုစုပေါင်း ၂၃၁ ဆုဖြင့် ဒုတိယ၊ ဂျပန်နိုင်ငံက ရွှေတံဆိပ် ၄၈ ခု၊ ငွေတံဆိပ် ၇၄ ခု၊ ကြေးတံဆိပ် ၉၄ ခု စုစုပေါင်း ၂၁၆ ဆုဖြင့် တတိယရရှိကြသည်။

**အော်စကာဆု**။ ။အနုပညာလောကကြီးတစ်ခုလုံး၏ တန်ဖိုးထားခြင်းခံရဆုံးအရာတစ်ခုဖြစ်သည့်နှင့်အညီ သရုပ်ဆောင်လောကသားအားလုံး စွဲစွဲလန်းလန်းတပ်မက်ကြသည့် အော်စကာဆုပေးပွဲကို ပထမဆုံးအကြိမ်အဖြစ် ၁၉၂၉ ခုနှစ် မေလ ၁၆ ရက်တွင် ဟောလိဝုဒ်ရှိ ရုစဗတ်ဟိုတယ်၌ ကျင်းပခဲ့သည်။ အခမ်းအနားမှူးများအဖြစ် သရုပ်ဆောင် ဒေါက်ဂလပ်စ်ဖဲဘန့်စ်နှင့် ဒါရိုက်တာဝီလျံဒီမီးလ်တို့က ဆောင်ရွက်ခဲ့ကြသည်။ ပထမဆုံးအကြိမ် ဆုပေးပွဲမှ စတင်၍ ပရိသတ်များကို ရေဒီယိုမှ တိုက်ရိုက်ထုတ်လွှင့်ပြီး ၁၉၅၃ ခုနှစ်မှစတင်ကာ ရုပ်သံက ထုတ်လွှင့်ခဲ့သည်။ ၁၉၄၁ ခုနှစ် မတိုင်မီအထိ အော်စကာဆုရရှိသူများ စာရင်းကို ဆုပေးပွဲမတိုင်မီ လော့စ်အိန်ဂျလိစ်သတင်းစာက ကြိုတင်ဖော်ပြခဲ့ပြီး ၂၀၀၂ ခုနှစ်မှစတင်ကာ ဆုပေးပွဲ ကျင်းပရာ ခန်းမမှ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ နောက်ဆုံး ဆန်ခါတင်တစ်ကြိမ်စာရင်းကို ၂၀၀၄ ခုနှစ်မှစ၍နှစ်စဉ် ဇန်နဝါရီလနှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ ၂၀၀၇ ခုနှစ် စာရင်းအရ အော်စကာဆု ရွေးချယ်ရာတွင် မဲဆန္ဒပေးနိုင်သည့် အဖွဲ့ဝင်ဦးရေမှာ ၅ ဒသမ ၈၃၅ ရာခိုင်နှုန်းရှိပြီး အမျိုးသားသရုပ်ဆောင် ၁ ဒသမ ၃၁၁ (၂၂ ရာခိုင်နှုန်း) ပါဝင်၍ ပါဝင်မှု ရာခိုင်နှုန်း အများဆုံးဖြစ်သည်။ အော်စကာဆုရွေးချယ်ရေး စည်းမျဉ်းအရ နှစ်စဉ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက် အထိ ဇာတ်ကားများသာ အကျုံးဝင်သည်။ ဆုအမျိုးအစားသစ်များချီးမြှင့်ရန် အဆိုပြုမှုများကို ဘုတ်အဖွဲ့က နှစ်စဉ် သုံးသပ်လေ့ရှိသည်။

၂၀၀၉ ခုနှစ်အတွက် ချီးမြှင့်သည့် (၈၂) ကြိမ်မြောက် အော်စကာဆုပေးပွဲကို ၂၀၁၀ ပြည့်နှစ် မတ်လ ၇ ရက်ညတွင် ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒက်ကဇာတ်ရုံ (Kodak Theatre) တွင် ကျင်းပခဲ့သည်။ မြန်မာစံတော်ချိန် မတ်လ ၈ ရက် (တနင်္လာနေ့) နံနက် ၆ နာရီခွဲတွင် စတင်ကျင်းပခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ် အော်စကာဆုပေးပွဲ၏ အခမ်းအနားမှူးများအဖြစ် သရုပ်ဆောင် စတိဗ်မာတင်နှင့် အဲလက်စ်ဘော်ဒွင်တို့က ဆောင်ရွက်ကြသည်။ ကဏ္ဍပေါင်း ၂၄ နေရာအတွက် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဆန်ခါတင် တစ်ကြိမ်စာရင်းများကို ဖေဖော်ဝါရီလ ၂ ရက်က အော်စကာဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ Sid Ganis နှင့် မင်းသမီး Anne Hathaway တို့က ဘီဗာလီဟေးလ် ရှိ Samuel Goldwyn ပြဇာတ်ခန်းမ၌ ပြုလုပ်သည့် တစ်ကြိမ်အခမ်းအနားတွင် ကြေညာပေးခဲ့သည်။ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ကား လျာထားအရေအတွက်ကို ၅ ကား မှ ၁၀ ကား အထိတိုးမြှင့်ခဲ့ပြီး တစ်ကြိမ်လျာထား စာရင်းတွင် Avatar နှင့် The Hurt Locker ဇာတ်ကားများက ၉ နေရာဖြင့် အများဆုံး

လျာထားခံရသည်။ အကောင်းဆုံး ဇာတ်ကားလျာထား စာရင်းဝင် Avatar မှာ ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန် ရိုက်ကူးသော သိပ္ပံစိတ်ကူးယဉ်ဇာတ်ကားဖြစ်သည်။ အီရတ်စစ်မြေပြင်တစ်နေရာ ဘဂ္ဂဒက်၌ တာဝန်ကျနေသော အမေရိကန်စစ်တပ်မှ မိုင်းရှင်းလင်းရေး တပ်စိတ် တစ်စုအား နောက်ခံထားရိုက်ကူးထားသည့် The Hurt Locker ဇာတ်ကားမှာ အမျိုးသမီး ဒါရိုက်တာ ကက်သရင်း ဘစ်ဂလို ရိုက်ကူးထားခြင်း ဖြစ်သည်။ ကမ္ဘာတစ်လွှားတွင် ရုံဝင်ငွေ အမေရိကန် ဒေါ်လာ သန်း ၂၅၀၀ ဝင်ငွေစံချိန်

**အထူးခြားဆုံး အမျိုးသမီး ဒါရိုက်တာဆုရှင် ကက်သရင်း ဘစ်ဂလိုး**



တင်ခဲ့သော Avatar ဇာတ်ကားမှာ ဆုသုံးဆုရရှိခဲ့သည်။ ဒေါ်လာ ၁၅ သန်းသာ အကုန်အကျခံ၍ ရိုက်ကူးခဲ့သော The Hurt Locker ဇာတ်ကားမှာ အော်စကာဆု ခြောက်ဆု ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ် အော်စကာဆုပေးပွဲ၏ ထူးခြားချက်မှာ အော်စကာဆုပေးပွဲသမိုင်း တစ်လျှောက်တွင် အကောင်းဆုံး ဒါရိုက်တာဆုကို အမျိုးသမီးအဖြစ် ပထမဆုံးအကြိမ် ရရှိခဲ့ ခြင်းပင်ဖြစ်သည်။

၁။ အကောင်းဆုံးဇာတ်ကားဆု
The Hurt Locker

၂။ အကောင်းဆုံးဒါရိုက်တာဆု
ကက်သရင်း ဘစ်ဂလို (The Hurt Locker)

၃။ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု
ဆန်ဒြာဘူးလော့ (The Blind Side)

၄။ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု
ဂျက်ဘရေ့ချ် (Crazy Heart)

၅။ နိုင်ငံခြားဘာသာစကားပြော ဇာတ်ကားဆု
El Secreto de Sus Ojos
(The Secret in Their Eyes-Argentina)

၆။ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု
ခရစ္စတိုဖာဝေါ့ဇ် (Inglorious Bastards)

၇။ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု
မိုးနစ် (Precious)

၈။ အကောင်းဆုံးမူရင်းဇာတ်ညွှန်းဆု
The Hurt Locker

၉။ အကောင်းဆုံးမှီငြမ်းဇာတ်ညွှန်းဆု
Precious

၁၀။ အကောင်းဆုံးကာတွန်းရုပ်ရှင်ဆု
UP

၁၁။ ရုပ်ရှင်ရိုက်ကူးရေးပညာဆု
Avatar

၁၂။ အဝတ်အစားဒီဇိုင်းဆု
The Young Victoria

၁၃။ မိတ်ကပ်ဆု
Star Trek

၁၄။ တေးဂီတဆု (မူရင်းသီချင်း)
Crazy Heart: The Weary Kind by Ryan Bingham and T Bone Burnett

၁၅။ တေးဂီတဆု (မူရင်းတေးသွား)
UP

၁၆။ အသံတည်းဖြတ်ဆု
The Hurt Locker

၁၇။ အသံရောယှက်မှုဆု
The Hurt Locker

၁၈။ ဇာတ်လမ်းတိုဆု (ကာတွန်း)
Logorama

၁၉။ ဇာတ်လမ်းတိုဆု (Live Action)
The New Tenants

၂၀။ မှတ်တမ်းဇာတ်ကားတိုဆု
Music by Prudence

၂၁။ အမြင်အထူးပြုလုပ်ချက်ဆု

၂၂။ အကောင်းဆုံးမှတ်တမ်းဇာတ်လမ်းဆု
The Cove

၂၃။ အကောင်းဆုံးဖလင်တည်းဖြတ်ဆု
The Hurt Locker

၂၄။ အနုပညာရည်ရွယ်ချက်
Avatar

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူအလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင် သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့်ယှဉ်တွဲဖော်ပြထားပါသည်။

### (က)


ကမန်အမျိုးသားတိုးတက်ရေးပါတီ ၃၄
ကယန်းအမျိုးသားပါတီ ၃၄
ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ ၃၄
ကရင်ပြည်သူ့ပါတီ ၃၄
ကလင်တန်၊ ဟီလာရီ ၂၉၂–၂၉၃
ကာဗွန်ဒိုင်အောက်ဆိုဒ် ၂၅
ကာရန်ဂျီတန်မီးတောင် ၂၂၈
ကုမာရ၊ ဘဒ္ဒန္တ (မကွေးဆရာတော်) ၁၇၄၊ ၁၈၄–၁၈၅
ကုလသမဂ္ဂအထွေထွေညီလာခံ ၁၅၈–၁၅၉
ကေလာသ၊ ဘဒ္ဒန္တ ၁၇၄၊ ၁၈၆
ကောဝိဒ၊ ဘဒ္ဒန္တ ၁၇၄၊ ၁၈၇
ကော့ဝွန်းဂူ ၁၅၅–၁၅၈
    ဝှက်အိမ် ၂၅၅
ကိုမိုရိုစကီး ၂၉၄
ကိုလံဘီယာနိုင်ငံ ၂၉၀–၂၉၁
ကိုဟင်၊ ဆင်မျှုရယ် ၁၆၉
ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ ၃၅
ကက်သရင်း၊ ဘစ်ဂလိုး ၄၀၅
ကင်ဂျုံအီ ၄၊ ၂၅
ကင်ဂျုံအန် ၂၅၊ ၂၃၇–၂၃၈
ကင်မရွန်း၊ ဒေးဗစ် ၂၇၊ ၂၈၅
ကဏ္ဍာဝိဋ္ဌနမင်္ဂလာ ၁၁၃
ကုဏ္ဍလ၊ ဘဒ္ဒန္တ ၁၇၄၊ ၁၈၈
ကုန်သည်ကြီးများအသင်း ၃၃၄
ကမ္ဘာ့စာရင်းအင်းနေ့ ၂၆
ကမ္ဘာ့ဆရာများနေ့ ၁၅၉–၁၆၁
ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆၁–၁၆၉
ကမ္ဘာ့ရေသယံဇာတနေ့ ၈
ကမ္ဘာ့ရုပ်သေးပွဲတော် ၈၂
ကမ္ဘာ့လူဦးရေ ၁၃၃
ကမ္ဘောဇခင်လှိုင် ၁၉၈–၁၉၉
ကမ္ဘောဒီးယားနိုင်ငံ ၂၅၃–၂၅၉
ကျူးဘားနိုင်ငံ ၂၈၆–၂၈၇
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၇၄
ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ၇၇
ကျော်ငြိမ်း၊ ဗိုလ်မှူးကြီး (ငြိမ်း) ၁၇၅
ကျော်ဆန်း၊ ဦး ၃၊ ၁၆၊ ၂၃၊ ၃၃၀၊ ၃၆၃၊ ၃၈၃
ကျော်ဇောလင်း (ခ) ကိုဆိုင်း ၂
ကျော်ညွန့်၊ ဦး ၁၇၈
ကြိုတင်ဆန္ဒမဲ ၃၉
ကြိုးဆွဲရုပ်သေး ၇၈
ကြည်အေး၊ ဦး (အေဝမ်း) ၁၇၈
ကွိုင်ရာလာ၊ ဂီရိဂျာပရာဆတ် ၁၇၀
ကွန်စတန်တင်နိုဗိုဘယ်လောဗ် ၂၅၂

(ခ)

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ၃၅
ခင်ခင်အေး၊ ဒေါ် ၁၇၉
ခင်ညိမ်း၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ၁၇၉
ခင်မောင်ညို၊ ဦး ၁၇၉
ခင်မောင်ညွန့်၊ ဒေါက်တာ ၃၉၉
ခင်မောင်သန်း၊ ဦး ၁၇၉
ခင်ရီ၊ ဗိုလ်မှူးချုပ် ၁၄၊ ၂၈
ခင်အေး၊ ဒေါက်တာ ၁၂၄
ခေတ်သစ်ပြည်သူ့ပါတီ ၃၅
ချီလီငလျင် ၅၊ ၉၈၊ ၁၀၁၊ ၁၀၄
ချင်းတိုးတက်ရေးပါတီ ၃၅
ချင်းအမျိုးသားပါတီ ၃၆
ချစ်သိန်းဦး၊ ဦး ၁၇၉

(ဂ)

ဂရေး၊ ပေါလ် ၁၇၀
ဂါဇာကမ်းမြောင်ဒေသ ၂၉၈၊ ၂၉၉၊ ၃၀၀
ဂီညော်ကြီးဆွဲရုပ်သေး ၇၈
ဂီတစာကြည့်တိုက် ၆၉
ဂီရိဆိုင်ကလုန်းမုန်တိုင်း ၂၂၃
ဂုဏဝံသ၊ ဘဒ္ဒန္တ ၁၇၅
ဂေးစစ်သားများ ၂၉၅
ဂုဏ်လင်းကျော် ၁၉၈
ဂန္ဓယော် ၂၃၂
ဂေါလ်၊ ဟာမစ် ၅
ဂျပန်နိုင်ငံ ၂၂၊ ၂၅၉-၂၆၄
ဂျပန်ရိုးရာရုပ်သေးပညာ ၈၁
ဂျာကာရာကီကွိုက် ၂၇
ဂျော့မစ်ချယ် ၂၉၄
ဂျော်ဒန်အစိုးရ ၂၉၆
ဂျော်လီဆွေ ၂၀၀
ဂွတ်လက်ဂျွန်နသန် ၁၁

(စ)

စာဆိုတော်နေ့အထိမ်းအမှတ်နှင့်သက်ကြီး
စာပေပညာရှင်များအားပူဇော်ကန်တော့ပွဲ ၂၂၅-၂၂၈
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် ၇၃
စေတိယကထာ ၉၀
စိုးမြင့်၊ ဗိုလ်ချုပ် (ငြိမ်း) ၁၇၉
စင်ကာပူ ၃၊ ၂၂၊ ၂၆၄
စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ၃၆
စိန်ထွန်း၊ ဗိုလ်မှူးကြီး(ငြိမ်း) ၁၇၉
စဝ်ထွန်းမှတ်ဝင်း၊ ဦး ၁၈၀၊ ၂၀၀

(ဆ)

ဆာရာမဂို၊ ဟိုစေး ၁၇၀
ဆီနာဘန်းမီးတောင် ၂၂၈
ဆီမွန်၊ ဂျီးန် ၁၇၁
ဆူဒန်နိုင်ငံ ၂၀
ဆူနာမီရေလှိုင်း ၁၀၂
ဆူရင်ပစ်ဆူဝမ် ၂၅
ဆံရစ် ၁၁၃
ဆိုနီယာဂန္ဓီ ၃၁၄
ဆက်စပ်ရုပ်သံလိုင်းများ ၁၄၇
ဆင်ဖြူကျွန်းအောင်သိန်း ၁၁၃-၁၂၂
ဆင်ဖြူတော် ၂၀၊ ၂၂၉-၂၃၅
ဆဒ္ဒန်ဆင်မင်း ၂၃၀
ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇
ဆန်ဟိုဆေးသတ္တုတွင်း ၂၂၂
ဆွီဒင်နိုင်ငံ ၃၉၁

(ဇ)

ဇူကာဘာက်၊ မာ့ခ် ၂၃၈

ဇမ္ဗူဒီပဗိမာန်တော် ၃၅၁
ဇမ္ဗူသိရိဗိမာန်တော် ၃၅၁

**(ဉ)**

ဉာဏိန္ဒ၊ ဘဒ္ဒန္တ ၁၇၅
ဉာဏောဘာသ၊ ဘဒ္ဒန္တ ၁၈၈–၁၈၉
ဉာဏ်ဝင်း၊ ဦး ၂၊ ၁၁၊ ၂၁၊ ၂၉

**(ည)**

ညီညီအောင် (ခ) ကျော်ဇောလွင် ၆
ညီညွတ်သောဒီမိုကရက်တစ်ပါတီ ၃၆

**(တ)**

တမိလ်ကျားသူပုန် ၂၆
တရားမဝင်သောနည်းလမ်းဖြင့်
ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ
ဗဟိုထိန်းချုပ်ရေးအဖွဲ့ ၇
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၂၆၆၊ ၃၇၃
တရုတ်အမျိုးသားစာကြည့်တိုက် ၇၃
တအာင်း (ပလောင်) အမျိုးသားပါတီ ၃၆
တာလီဘန် ၃၀၉
တိပိဋကဓရ၊ တိပိဋကကောဝိဒ
ရွေးချယ်ရေးစာမေးပွဲ ၃၄၇
တိလောက၊ ဘဒ္ဒန္တ ၁၇၅
တိုးလှ၊ ဒေါက်တာ ၈၃–၉၂
တက္ကသိုလ်စာကြည့်တိုက်များ ၇၀
တက္ကသိုလ်များဗဟိုစာကြည့်တိုက် ၇၃၊၃၂၇
တက္ကသိုလ်မြစိမ်း ၂၀၁–၂၀၃
တင်ချိုဦး၊ စန္ဒရား ၁၈၀
တင်တင်လှ၊ ရုပ်ရှင် ၁၈၀
တင်ထွန်း၊ ဒေါက်တာ ၃၂၂
တင်သန်းဦး ၂၀၃
တင်အေး၊ ဦး ၄
တင်အောင်မြင့်ဦး၊ ဦး၊ သီဟသူရ ၂၊ ၂၃၊ ၂၉၊ ၃၈၀
တောင်ကိုရီးယားနိုင်ငံ ၃၀၊ ၂၇၁–၂၇၆
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ၃၇
တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ ၃၇
တုတ်ထိုးရုပ်သေး ၇၇
တုန်လီဆပ်မြစ်ဖြတ်တံတား ၂၅၉

**(ထ)**

ထိုင်းနိုင်ငံ ၂၇၆–၂၇၈
ထိန်ဝင်း၊ သခင် (နဂါးနီ) ၁၈၀
ထွန်းမြင့်၊ ဦး (ချစ်ဒါလီ) ၁၈၀
ထွန်းအောင်ကျော်၊ ဗိုလ်မှူးကြီး (ငြိမ်း) ၁၈၁

**(ဒ)**

ဒလိုင်းလာမား ၂၉၃
ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ ၃၇
ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၃၇
ဒီးန်၊ ဂျင်မီ ၁၇၂
ဒေသတွင်းထိပ်သီးအစည်းအဝေးများ(၂၀၁၀)၂၃၉–၂၄၉
ဒေးလ်မော်တန်ဆန် ၂၅၂
ဒေါ်ခင်နှဲ့ဟန်ကြည် ၂၀၅–၂၀၆
ဒေါ်ခင်မြင့်မြင့်လူမှုထူးချွန်စာကြည့်တိုက် ၂၄၉–၂၅၁

**(ဓ)**

ဓနဖြိုးသိန်း ၁၈၁
ဓမ္မပါလ၊ ဘဒ္ဒန္တ ၁၇၅

**(န)**

နဂါးပွက်တောင် ၂၂၉
နာအိုတိုကန် ၁၄၊ ၂၅၊ ၂၅၉
နားထွင်းနားသ ၁၁၉

နေတန်ယာဟုဘင်ဂျမင် ၁၄၊ ၁၇၊ ၂၉
နေပြည်တော်-မန္တလေးလမ်းပိုင်း ၃၈၆-၃၈၈
နီဗယ်လ်ဆု ၂၅၁
နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ၃၅
နိုင်ပန်းလှ၊ ဒေါက်တာ ၂၀၆-၂၀၇
နိုင်ရှောင် ၂၉
နန္ဒသိရိ၊ ဘဒ္ဒန္တ ၁၈၉-၁၉၀
နန်းညွန့်ဆွေ ၂၀၇-၂၀၈
နယ်ခြားစောင့်တပ် ၃၂၇-၃၃၀
နျူထွန်းမိုး ၁၆၉
နှမ်းချေး ၂၅၆
နှစ် ၉၀ ပြည့်ရန်ကုန်တက္ကသိုလ် ၃၂၁-၃၂၇

(ပ)

ပခုက္ကူဦးအုံးဖေစာပေဆု ၃၃၀-၃၃၂
ပညာရေးစုံညီပွဲတော် ၃၃၂-၃၃၃
ပညာဝံသ၊ ဘဒ္ဒန္တ ၁၉၀
ပညာသာမိ၊ ဘဒ္ဒန္တ ၁၉၁
ပညာသီဟ၊ ဘဒ္ဒန္တ ၁၇၆
ပဒုမ၊ ဘဒ္ဒန္တ ၁၇၆
ပရိစီးဟားဘုရားဝတ်ကျောင်း ၂၅၄
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ၃၈
ပါကစ္စတန်နိုင်ငံရေးဘေး ၂၇၈၊ ၂၇၉
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၂၀၁၀) ၂၇၊ ၃၃
ပါရဂူဘွဲ့ ၁၂၃
ပါလက်စတိုင်း ၂၉၆
ပီတာဒိုင်းမွန်း ၂၅၂
ပီရူးနိုင်ငံ ၂၉၀
ပေါ်တိုပရင့်စ်မြို့ ၉၉
ပို၊ဒေါ် ၁၂၄
ပစ္စဝေက္ခဏာ ၁၁၇
ပစ္စာရိုက်၊ ခရစ္စတိုဖာ ၂၅၂
ပဏ္ဍိတ၊ ဘဒ္ဒန္တ ၁၉၃
ပဏ္ဍိစ္စ၊ ဘဒ္ဒန္တ ၁၇၆
ပြည်တွင်းလက်နက်ကိုင်ဆူပူမှု ၃၂၈
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ၃၈
ပြည်ထောင်စုဒီမိုကရေစီပါတီ ၃၈
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ၃၃၄-၃၃၉
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ၃၈
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၅၊ ၆၊ ၃၄
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တံဆိပ် ၃၃
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၃

(ဖ)

ဖနောင်ပင်မြို့တော် ၂၅၃၊၂၈
ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီ ၃၉
ဖိလစ်ပိုင်နိုင်ငံ ၁၇၊ ၂၃၊ ၃၁
ဖူဂျီတောင် ၂၂၉
ဖေသိန်း၊ဒေါက်တာ ၂၀၈၊၂၀၉
ဖန်လုံအိမ်အာနိသင် ၃၃၉-၃၄၃
ဖြူဖြူသင်း၊ ဒေါ် ၂၈
ဖွန်ဆိကာ ၂၃

(ဗ)

ဗာရယ်လို၊ ဖရန်စစ္စကို ၁၇၂
ဗားရ်ဂတ်ဗ်ယိုဆာ၊ မာရီယို ၂၅၁
ဗီဂျေးနမ်ဘီယာ ၂၉
ဗီယက်နမ်နိုင်ငံ ၂၈၁-၂၈၄၊ ၃၈၀
ဗစ်တာဘောက် ၂၁၊ ၂၂
ဗုဒ္ဓသာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ(၂၀၁၀) ၃၄၄

ဖြိုတိသျှပြတိုက် ၆၉

(ဘ)

ဘရာဇီးနိုင်ငံ ၂၈၆
ဘသိန်း၊ ဦး ၁၈၁
ဘားနဒ်စာကြည့်တိုက် ၇၂
ဘီပီရေနံကုမ္ပဏီ ၁၁
ဘီလာဝါဘီတိုဇာဒါရီ ၁၉
ဘီလူးချောင်းစီမံကိန်း ၃၂၀
ဘီလ်ရစ်ချတ်ဆင် ၂၉၅
ဘုရင့်စာကြည့်တိုက် ၇၂
ဘုရင့်နောင် ၈၇၊ ၂၃၂
ဘိုဝါစွန်ဘုဖာဝမ်း ၁၆
ဘင်နစ်နီအက်ွနီ ၁၇
ဘန္ဒိယ၊ ဘဒ္ဒန္တ ၁၇၆
ဘန်ကီမွန်း ၈၊ ၁၆၊ ၂၁
ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ၃၄၉

(မ)

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ ၃၉
မမနိုင် ၇၇–၈၂
မသန်စွမ်းသူများနှင့်ရွှေမင်းသားဖောင်ဒေးရှင်း ၃၅၂–၃၅၇
မာမွတ်အဘတ်စ် ၁၉၊ ၂၉၇
မာလာဘိဝံသ၊ ဘဒ္ဒန္တ ၁၉၄–၁၉၅
မိုးပြဲရေလှောင်ကန် ၃၂၁
မိုးဟိန်း ၂၀၉–၂၁၁
မက္ကဆီကိုနိုင်ငံ ၂၄
မက္ကဆီကိုပင်လယ်ကွေ့ရေနံတူးစင်
ပေါက်ကွဲမှု ၂၈၉၊ ၃၅၇–၃၆၀
မက်ဗီဒက်၊ ဒီမီထရီ ၂၈၊ ၂၉၊ ၃၂
မင်းကြီးညို ၈၆
မောင်နေမျိုး ၂၁၁–၂၁၂
မောင်မောင်အေး၊ ဗိုလ်မှူးချုပ် ၁၆၀
မောင်ရှင်လောင်း ၁၁၃
မောင်ဦး၊ ဗိုလ်ချုပ် ၇
မောင်အေး၊ ဒုတိယဗိုလ်ချုပ်မှူးကြီး ၁၊ ၇၊ ၂၄၊ ၃၂
မောင်အောင်၊ ဦး ၁၈၂
မောင်းသူမဲ့လေယာဉ် ၁၀၅
မာန်မြင့် ၂၁၂–၂၁၃
မယ်သူတော် ၁၁၉
မျိုးမြင့်၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ၁၈၂
မြတင်၊ ဒေါ် ၁၈၂
မြရီ၊ ဒေါ် (လေထီး) ၁၈၂
မြသင်း၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ၁၈၂
မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ ၃၉
မြင့်သွေး၊ ဦး ၁၈၂

(ယ)

ယီမင်တပ်ဖွဲ့ ၂၉၆
ယူကရိန်းနိုင်ငံလွှတ်တော် ၁၀
ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ၂၈၄–၂၈၆
ယူရေနီယံသန့်စင်ရေး ၂၉၇၊ ၃၁၂

(ရ)

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ၄၁
ရတနာပုံနည်းပညာတက္ကသိုလ် ၃၁၊ ၃၈၅
ရတနာပုံနည်းပညာမြို့ ၃၈၄
ရာဇမဏိစူဠာ(ကောင်းမှုတော်)ကျောက်စာ ၈၈
ရာဖယ်စာကြည့်တိုက် ၇၃
ရာအဒ္ဒူဝါ၊ အူမာရူ ၁၇၂–၁၇၃
ရူးဆက်ဖ်၊ ဒီလ်မာ ၂၈၆
ရေပေါ်ရုပ်သေး ၇၉
ရဲစိန်၊ ဦး (စိန်မဟာသဘင်) ၁၈၂
ရဲရှာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇၊ ၂၆
ရောဘတ်စ်ဂိတ် ၃၀၃
ရစ်ချ်တာစကေး ၉၅
ရည်အောင် (ရွှေဘို) ၁၄၃–၁၅၂
ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် ၇၃၊ ၃၂၆
ရန်ကုန်တက္ကသိုလ်ပညာရေးအဖွဲ့ ၃၂၄
ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး ၃၈၆–၃၈၇
ရပ်ရွာလူထုအခြေပြုပြန်လည်ထူထောင်ရေး ၃၅၆
ရုပ်မြင်သံကြားထုတ်လွှင့်မှုနည်းပညာ ၁၄၃

ရုပ်သေးဇိမာန်ဒွာနချုပ် ၇၈
ရုပ်သေးအနုပညာ ၇၇
ရမ်ကာရန်ယာဒက် ၁၃
ရှနိုက်ဒါ၊ စတီဖင်(န်) ၁၇၃
၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၄၀
ရှုပ်နိဝတ်ဆန္ဒပြသမားများ ၆
ရွှေဘိုမိမိကြီး ၂၁၃-၂၁၄
ရွှေမန်း၊ ဗိုလ်ချုပ်ကြီး၊ သူရ ၆၊ ၃၇၅

## (လ)

လာအိုနိုင်ငံ ၂၄၊ ၃၇၈
လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ၄၀
လီကွန်ချီယန်စာကြည့်တိုက် ၇၀
လီနင်နိုင်ငံတော်စာကြည့်တိုက် ၇၁
လီရှန်လွန်း ၂၂
လူကုန်ကူးမှု ၂
လူဦးရေသိပ်သည်းမှု ၁၃၄
လေကြောင်းပျံသန်းရေးဆိုင်ရာညီလာခံ ၃
လေယာဉ်တင်သင်္ဘော ၃၈၈
လောဝိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂၀
လက်တင်အမေရိကနိုင်ငံများ ၂၈၆-၂၉၁
လက်ထိုးရုပ်သေး ၇၇
လက်ဘနွန်နိုင်ငံ ၁၉-၂၀၊ ၂၉၈-၂၉၉၊ ၃၁၃
လျူရှောင်ပို ၂၅၂
လွတ်ငြိမ်းချမ်းသာခွင့် ၆၊ ၂၈

## (ဝ)

"ဝ"ဒီမိုကရက်တစ်ပါတီ ၄၁
"ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ ၄၁
ဝါဟစ်၊ အဒူရာမန် ၁၇၃
ဝိဇယယန်အမျိုးသားစာကြည့်တိုက် ၇၃
ဝိနိယပိဋကမဟာဝဂ္ဂပါဠိတော် ၁၁၄
ဝိသုတ၊ ဘဒ္ဒန္တ ၁၉၅-၁၉၆
ဝိသုဒ္ဓ၊ ဘဒ္ဒန္တ ၁၉၆
ဝီကီလီမီဒီယာအဖွဲ့အစည်း ၃၉၁
ဝှဲချာချိဝ၊ အဘိဆစ် ၈၊ ၉၊ ၂၇၈
ဝံသာနု (NLD) (ပြည်ထောင်စုမြန်မာနိုင်ငံ) ၄၁
ဝင့်ကျော်၊ ဦး ၂၁၄-၂၁၅
ဝိစ္စာလင်္ကာရ၊ ဘဒ္ဒန္တ ၁၇၆
ဝမ်ကြားပေါင် ၁၃၊ ၂၅

## (သ)

သရဏဂုံတင်ခြင်း ၁၁၆
သဝန်ကြီး၊ သဝန်ငယ် ၈၄
သာဂဒိုး ၁၈၃၊ ၂၁၅-၂၁၆
သာမဏေ ၁၁၆
သာသနာ့နဂ္ဂဟမင်္ဂလာ ၁၁၃
သီရိ၊ ဘဒ္ဒန္တ ၁၇၇
သီရိဒ္ဓိ၊ မဟာချက်ကရီ ၆
သီဟဉာဏာဘိဝံသ၊ ဘဒ္ဒန္တ ၁၇၇
သုမောင် ၂၁၆-၂၁၈
သေဋ္ဌိလ၊ ဘဒ္ဒန္တ ၁၇၇
သောဘိတ၊ ဘဒ္ဒန္တ ၁၇၇
သံဝရ၊ ဘဒ္ဒန္တ ၁၉၆-၁၉၇
သက်ကြီးဂီတပညာရှင်များအားပူဇော်ကန်တော့ပွဲ ၃၉၄
သင်္ဘဝဦးရဲလွင် ၂၁၈-၂၁၉
သောင်းထိုက်ဦး ၁၀၅-၁၁၂
သန်းခေါင်စာရင်း ၁၃၄
သန်းညွန့်၊ ဗိုလ်မှူးကြီး (ငြိမ်း) ၂၁၉-၂၂၀
သန်းမြင့်အောင်၊ ပန်းချီ ၂၂၀-၂၂၁
သန်းရွှေ၊ ဗိုလ်ချုပ်မှူးကြီး ၁၊ ၁၈၊ ၂၀၊ ၂၈၊ ၃၀-၃၁၊ ၃၇၃၊ ၃၉၅
သိန်းစိန်၊ ဦး ၁၊ ၃၊ ၅၊ ၁၈၊ ၂၈၊ ၃၈၀၊ ၃၈၂
သျှီးလိုက်ရတု ၁၁၄

## (ဟ)

ဟာတိုယာမာ ၁၄
ဟာမစ်ကာဒိုင်း ၃၊ ၃၀၃-၃၀၄
ဟူသီတပ်ဖွဲ့ ၂၉၆
ဟောတီငလျင် ၁၊ ၂၊ ၃

# အက္ခရာစဉ်အညွှန်း


ဟိုချိမင်း ၂၈၁၊ ၃၈၁
ဟိုဆေးရာမို့စ်ဟော်တာ ၂၉
ဟောင်လီ ၂၇
ဟန်စိန်၊ ဦး (ရွှေမြိုင်မောင်ဖူးဝါ) ၁၈၃
ဟိန်းလတ် ၆၉–၇၆

(အ)

အခိရာစွမ္မကီး ၂၅၂
အဆန့်ဂျဲ၊ ဂျူလီယန် ၃၀၊ ၃၉၁
အတိစိတ္တဝံသ၊ ဘဒ္ဒန္တ ၁၇၇
အထူးစိမံကိန်းကြီးများ ၅၊ ၂၀၊ ၃၉၅
  အကောင်အထည်ဖော်ရေးအဖွဲ့
အနော်ရထာမင်းပိဋကတ်တိုက် ၇၂
အဘိဇာတာဘိဝံသ၊ အရှင် ၂၃၅–၂၃၇
အမေရိကန်ပြည်ထောင်စု ၅၊ ၂၂၊ ၂၃၊ ၂၉၁–၂၉၅
အမေရိကန်အမျိုးသားလေကြောင်းနှင့်
  အာကာသအေဂျင်စီ (နာဆာ) ၉၈
အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု
  နှင့်စာပေဗိမာန်စာမူဆု ၃၂၊ ၃၉၈၊ ၃၉၉
အမျိုးသားဒီမိုကရေစီအင်အားစု ၄၁
အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် ၄၂
အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ ၁၀
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ ၄၂
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ ၄၂
အရိပ်ပြရုပ်သေး ၇၇
အရှေ့အလယ်ပိုင်းဒေသ ၂၉၅–၃၀၃
အလီခါမေနီ၊ အယာတိုလာ ၇
အလီဖာသိုလာဟီ၊ မိုဟာမက် ၃၁၁
အဝေးသင်တက္ကသိုလ် ၄၀၁
အသောကမင်း ၁၁၉
အာဆီယံ ၂၀၊ ၂၈
အာဒိစ္စဝံသ၊ ဘဒ္ဒန္တ ၁၇၇
အာဖဂန်နစ္စတန် ၂၊ ၃၀၃
အာမက်ဒီနီဂျက် ၃၀၇၊ ၃၁၁၊ ၃၁၂
အာရှအားကစားပြိုင်ပွဲ ၄၀၃
အာသဘာ၊ ဒေါက်တာ ၁၇၇
အီရန်နိုင်ငံ ၅၊ ၇
အီရန်အဏုမြူစွမ်းအင်အဖွဲ့ ၃၁၁
ဧရာဝတီတံတား (ပခုက္ကူ) ၃၊ ၃၀
အဲအိချိနဲငိ ၂၅၂
အော်စကာဆု ၄၀၄–၄၀၅
အိုကီနာဝါကျွန်း ၂၄
အိုဘားမား၊ ဘားရက် ၆၊ ၁၄၊ ၂၈၊
 ၂၉၁၊ ၃၀၆
အိုမာအယ်ရှာ ၁
ဥက္ကံသဝရ၊ ဘဒ္ဒန္တ ၁၇၇
အဂ္ဂဝံသာဘိဝံသ၊ ဘဒ္ဒန္တ ၁၇၈
အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ၄၂
အောင်ကြည်၊ ဦး ၂
အောင်ချိန်ဘွား ၉၃–၁၀၄
အောင်စိုး ၁၈၄၊ ၂၂၁
အောင်ဆန်းစုကြည်၊ ဒေါ် ၂၈၊ ၂၉
အောင်မြင့်သိန်း၊ ဦး ၁၃၃–၁၄၂
အောင်မြင့်ဦး၊ ဒေါက်တာ ၁၂၃–၁၃၂
အိတ်ကစ်စ်တူးအိုရေကစားမဏ္ဍပ် ၉၊ ၁၁
အိတ်ရှ်အိုင်ဗ္ဗီ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်များ ၂၈
ဥတ္တရ၊ ဘဒ္ဒန္တ ၁၇၈
အန်ဒရေဂိမ်း ၂၅၂
အိန္ဒိယနိုင်ငံ ၂၄၊ ၂၆၊ ၃၁၃၊ ၃၇၆
အုန်းမြင့်၊ သခင် (တိုးတက်ရေး) ၁၈၄
ဥပ္ပါတသန္တိစေတီတော် ၅
အယ်လ်ခိုင်ဒါ ၁၊ ၂၄

# အမှားပြင်ဆင်ချက်

| စဉ် | စာမျက်နှာ/ကော်လံ/စာကြောင်းရေ | ဖော်ပြချက် | အမှန်ပြင်ဆင်ချက် |
|---|---|---|---|
| ၁ | ၇၂/၂/၃၆ | **Universites'** | **Universities'** |
| ၂ | ၁၅၀/ဇယားခေါင်းစဉ် | ထုတ်လွှင့်သည့် ဃ့ညေညန | ထုတ်လွှင့်သည့် **Channel** |
| ၃ | ၁၉၃/၁/၈ | သိက္ခာတော် ၉၆ ပါ | သိက္ခာတော် ၆၉ ပါ |
| ၄ | ၄၀၆/၁/၁၄ | ငွက်အိမ် | ကိုငွက်အိမ် |

# မြန်မာ

# စွယ်စုံကျမ်း

# နှစ်ချုပ်

၂၀၁၁

# မြန်မာ

# စွယ်စုံကျမ်းနှစ်ချုပ်

# (၂၀၁၁)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၁ ခုနှစ်၊ အုပ်ရေ ၃၅၀၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၆၇၅၁၀
ရက်စွဲ ၁၅.၆.၁၁
သုတေသနစာကြည့်တိုက်

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

| | | | |
|---|---|---|---|
| ၁ | ဒေါက်တာသော်ကောင်း | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | ဥက္ကဋ္ဌ |
| ၂ | ဒေါက်တာကျော်စိန် | ပညာရေးဝန်ကြီး (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃ | ဒေါက်တာမျိုးသန့်တင် | ဥက္ကဋ္ဌ၊ ဓာတ္တိုယနည်းပညာ မြန်မာ့ဖွံ့ဖြိုးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၄ | ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဒေါ်တင်ဘုန်းနွယ် | စာကြည့်တိုက်မှူးကြီး (ငြိမ်း)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် | အဖွဲ့ဝင် |
| ၆ | ဦးမြင့်ကြိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဒေါက်တာတိုးလှ | ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| ၈ | ဒေါက်တာခင်မောင်ညွန့် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| ၉ | ဦးထွန်းအောင်ချိန် | ပါမောက္ခ (ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| ၁၀ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| ၁၁ | ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | ဦးဘသန်း (မဟာဝိဇ္ဇာ) | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ကြန် (မကြန်) | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| ၁၄ | ဒေါက်တာထွန်းတင် | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| ၁၅ | ဦးမောင်လှိုင် (မောင်ဆွေငယ်) | စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန် | အဖွဲ့ဝင် |
| ၁၆ | ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) | စာတည်းမှူး၊ စာပေဗိမာန် | အဖွဲ့ဝင် |
| ၁၇ | ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) | စာတည်းမှူးချုပ်၊ စာပေဗိမာန် | အတွင်းရေးမှူး |
| ၁၈ | ဦးစိုးမြင့်သန်း (နွေသင်နိုင်) | စာတည်း(တာဝန်ခံ) | တွဲဖက်အတွင်းရေးမှူး |

# စာပေဗိမာန်၊ စာတည်းဌာန

| | |
|---|---|
| စာတည်းမှူးချုပ် | ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) |
| စာတည်းမှူး | ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း၊ (တာဝန်ခံ) | ဦးစိုးမြင့်သန်း၊ (နွေသင်နိုင်) |
| စာတည်း၊ | ဒေါ်မြမြကြည် |
| စာပေလက်ထောက် | ဒေါ်သန်းသန်းမီ၊ ဒေါ်သင်းသင်းညို၊ ဦးကျော်မိုး |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

| | |
|---|---|
| ပုံနှိပ်ကျွမ်းကျင် -၁ | ဦးစန်းရွှေ၊ ဦးရွှေကျော် |
| ပုံနှိပ်ကျွမ်းကျင် -၃ | ဒေါ်လှလှဝင်း |
| ပုံနှိပ်ကျွမ်းကျင် -၄ | ဒေါ်တင်တင်ကြည်၊ ဒေါ်စန်းစန်းရွှေ |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁)

## မာတိကာ


ဤကျမ်းကို မရှုစားမီ

[redacted]

၂၀၁၀ ပြည့်နှစ်ဖြစ်ရပ်များ ၁

၂၀၁၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ၃၃

[redacted]

၁ ကမ္ဘာနှင့်မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့်အဖွဲ့အစည်းများ **ဟိန်းလတ်** ၆၉

၂ ကမ္ဘာနှင့်မြန်မာ့ရုပ်သေးအနုပညာ **မမနိုင်** ၇၇

၃ နှစ်ငါးရာပြည့်တောင်ငူမြို့ (ကေတုမတီ) **ဒေါက်တာတိုးလှ** ၈၃

၄ ၂၀၁၀ ပြည့်နှစ်အတွင်း လွှပ်စစ်တော်ခဲ့သည့် ပြင်းထန်သောငလျင်များ **အောင်မျိုးနိုင်ဘွား** ၉၃

၅ မောင်းသွမ့်လေယာဉ် **သောင်းထိုက်ဦး** ၁၀၅

၆ မြန်မာတို့၏ ရှေးဟောင်းစံရုပ်ပြုနှင့်နားသမင်္ဂလာ **ဆင်ဖြူကျွန်းအောင်သိန်း** ၁၁၃

၇ မြန်မာနိုင်ငံနှင့် မြန်မာစာပါရဂူဘွဲ့ **ဒေါက်တာအောင်မြင့်ဦး** ၁၂၃

၈ မြန်မာနိုင်ငံ၏ လူဦးရေ **ဦးအောင်မြင့်သိန်း** ၁၃၃

၉ MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများ **ညည်အောင်-ရွှေဘို** ၁၄၃

[redacted]

၂၀၁၀ ပြည့်နှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၅၅

အက္ခရာစဉ်အညွှန်း

# ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်စောင်အဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၀ ပြည့်နှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၁၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၀ ပြည့်နှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ဇယားများ၊ ကိန်းဂဏန်းများဖြင့်ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် လေကြောင်းစစ်ရေး၊ သမိုင်း၊ စာကြည့်တိုက်၊ ရှင်ပြုနားသမင်္ဂလာ၊ ရုပ်သေးအနုပညာ၊ လျှော်၊ လှူဒါန်းရေး၊ မြန်မာစာပါရဂူဘွဲ့ အပါအဝင်နှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၉ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာအကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အထွေထွေမှတ်တမ်းများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပါဝင်ရေးသားပေးသော စာရေးဆရာပညာရှင်များ အကြောင်းကိုလည်းကောင်း၊ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အထွေထွေမှတ်တမ်းများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အထွေထွေမှတ်တမ်းများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၂၀၁၀ ပြည့်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အထွေထွေမှတ်တမ်းများကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်အတွင်း အာဏာရလာသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အထွေထွေမှတ်တမ်းများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် တအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၀၉) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၀ ပြည့်နှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

# အပိုင်း
# (၁)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) သည် ၂၀၁၀ ပြည့်နှစ်အတွင်းတွင် မြန်မာနှင့်နိုင်ငံတကာမှ ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းအဖြစ် ဖော်ပြထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်များ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ နိုင်ငံအတွင်း ထူးခြားစွာပေါ်ပေါက်လာသောဖြစ်စဉ်၊ မှတ်တမ်းတင်အပ်သည့်အကြောင်းအရာများကိုလည်း ယခင်စွယ်စုံနှစ်ချုပ်မူဟန်များ အတိုင်းဖော်ပြထားပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပခြင်းဖြင့် ကမ္ဘာ့အဝန်းအဝိုင်း၌ မှတ်မှတ်ထင်ထင်ရှိစေခဲ့သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်သော နေ့စွဲများကို ဖြစ်စဉ်ကွင်းဆက်ချိတ်မိစေရန်အတွက် ဆောင်းပါးပုံသဏ္ဌာန်ဖြင့် တင်ပြထားပြီး ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ပါတီ၊ ပါတီကိုယ်စားလှယ်၊ မဲရလဒ်စသည်တို့ကို ကိန်းဂဏန်းများဖြင့် စနစ်တကျဖော်ပြထားပါသည်။

ထို့အတူပင် နိုင်ငံတကာ၌ ပေါ်ပေါက်လာသော နိုင်ငံတကာဆက်ဆံရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များ၊ လူပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများစသည့် ကမ္ဘာ့မျက်နှာစာမှ ရည်ညွှန်းကိုးကားဖွယ်ရာ အကြောင်းအရာများကိုလည်း ဖော်ပြထားပါသည်။














# မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ (၂၀၁၀)

## ဇန်နဝါရီလ

၁ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး (၁/၂၀၁၀) သို့ တက်ရောက်အမှာစကားပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နယူးဒေလီနှင့်အစ္စလမ္မာဘတ်မြို့များ၌ ချူကလီးယားနှင့် ပတ်သက်သည့် သတင်းဖလှယ်မှုများကို သံတမန်လမ်းကြောင်းများမှ တစ်ဆင့်ဆောင်ရွက်ခဲ့ကြကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပသော ယင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၉-၂၀၁၀) ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် ဗင်နီဇွဲလားဝေဟင်ပိုင်နက်ကို ကျူးကျော်ရန်စနေခြင်းအပေါ် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးလိုက်ကြောင်း ကရာကတ်စ်မှလာသောသတင်းကို အင်တာနက်သတင်းက ပြန်လည်ဖော်ပြသည်။

၃ အယ်လ်နိုင်ဒါလက်နွဲ အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုခံရပြီးနောက် ယီမင်နိုင်ငံရှိ ပြင်သစ်သံရုံးကို ပိတ်လိုက်ကြောင်း ပါရီရှိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၁၀ ပြည့်နှစ် (၆၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုပေးခဲ့ပြီး ယခုနှစ်တွင် ရွေးကောက်ပွဲများကို စနစ်တကျကျင်းပရေး အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

၅ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် DELCO ကုမ္ပဏီလီမိတက်တို့က ကံပေါက် သတ္တုတွင်း၏ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့်သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကိုနေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

၇ ရန်ကုန်မြို့ တပ်မတော် ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသော တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၂ ဟေတီနိုင်ငံ၌ ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိအင်အားပြင်း ငလျင်လှုပ်ရာအသေအပျောက်နှင့် အပျက်အစီးများစွာရှိကြောင်း နိုင်ငံတကာသတင်းဌာနများက ထုတ်လွှင့်သည်။

၁၄ ဒါဖာဒေသတွင် တိုက်ခိုက်မှုများရပ်တန့်ပြီး ဒေသအတွင်း အနှစ်သာရရှိသော ငြိမ်းချမ်းရေးရရှိစေရန် မဖြစ်မနေစေ့စပ်ဆွေးနွေးအဖြေရှာသွားရန် ဆူဒန်သမ္မတအိုမာအယ်လ်ရှာက ဒါဖာသူပုန်များကို တိုက်တွန်းပြောကြားလိုက်ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၅ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Doan Xuan Hung နှင့် ကာကွယ်ရေး

ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Nguyen Chi Vinh တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အာကာသသိပ္ပံပညာရှင်များကြိုတင် တွက်ချက်ထားကြသည့်အတိုင်း ၂၁ ရာစု၏ အချိန်အကြာဆုံးနေကြတ်မှုဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ပြည်သူများစိတ်ဝင်စားစွာစောင့်ကြည့်ကြသည်ဟု ကမ္ဘာ့သတင်းဌာနများက ဖော်ပြသည်။

၁၈ အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးဦးအောင်ကြည်ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Kari Tapiola နှင့်အဖွဲ့က နေပြည်တော်ရှိဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

၁၉ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အရှေ့အာရှနှင့် လက်တင်အမေရိကပူးပေါင်း ဆောင်ရွက်ရေး ဖိုရမ်၏ (၄) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ဟေတီနိုင်ငံမြို့တော် ပေါ်တိုပရင့်စ်၌ ပြင်းထန်သောငလျင် လှုပ်ခဲ့ပြီးနောက် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပြည်သူထောင်ပေါင်းများစွာတို့သည် မြို့တော်မှစွန့်ခွာကြရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။



ရွေးကောက်ပွဲ၌ လက်ရှိသီရိလင်္ကာသမ္မတဒုတိယအကြိမ် အနိုင်ရရှိသဖြင့် ၎င်းကိုထောက်ခံသူများပျော်ရွှင်စွာဟစ်ကြွေးနေကြစဉ်

၂၀ သတ္တမအကြိမ် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

၂၄ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဦးဆောင်ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယသံအမတ်ကြီးနေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်(၆၁) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်ရှိ နေတိုးစစ်စခန်းအနီး၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ အရပ်သားခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၇ အကြမ်းဖက်ဖောက်ခွဲရေးသမားကျော်ဇောလင်း (ခ) ကိုဆိုင်းအပါအဝင် ၁၁ ဦးနှင့် ယင်းတို့၏ဖောက်ခွဲရေးပစ္စည်းအများအပြားဖမ်းဆီးရမိခြင်းနှင့် ပတ်သက်၍ ပြည်ထဲရေး ဝန်ကြီးဌာနက သတင်းတစ်ရပ် ထုတ်ပြန်သည်။

သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာက ဒုတိယ

အကြိမ်အနေနှင့် သမ္မတအဖြစ် ရွေးကောက်ခံရကြောင်း သီရိလင်္ကာအစိုးရက ကြေညာသည်။

တာလီဘန်စစ်သွေးကြွများကို တိုက်ရိုက်ချေမှုန်းရေးသည် ဦးစားပေးရွေးချယ်ရမည့်ပြဿနာ မဟုတ်တော့ကြောင်း၊ စစ်သွေးကြွအချို့ကို လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ပေါင်းစည်းလာအောင် စီစဉ်နေကြောင်း အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းက ပြောကြားလိုက်သည်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ကန့်ဘလူမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မျက်စိဝေဒနာရှင်များကိုတွေ့ဆုံ အားပေးစကားပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်သို့ ကမ္ဘောဒီးယားတပ်များကို စေလွှတ်တော့မည်မဟုတ်ကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆင်က ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

၃၁ ယီမင်နိုင်ငံမြောက်ပိုင်း ရှေ့တန်းစစ်မျက်နှာတွင် ယီမင်တပ်ဖွဲ့ဝင်များနှင့်ဟူသီတိုက်ခိုက်ရေးသမားများ စစ်ပွဲဆင်နွှဲလျက်ရှိရာ ဒေသနိုင်ငံ၏ ပဋိပက္ခသည် အရှိန်မြင့်မားလာနိုင်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတိပေးထားသည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

## ဖေဖော်ဝါရီလ

၁ ကမ္ဘာ့စီးပွားရေး အခက်အခဲပြဿနာများမှ သင်ခန်းစာရယူနိုင်ရန်နှင့်အနာဂတ်ကာလ လေကြောင်းကဏ္ဍ ပိုမိုကောင်းမွန်စေရေးနည်းလမ်းများ ရှာဖွေရန်အတွက် လေကြောင်းပျံသန်းရေးဆိုင်ရာ ညီလာခံကို စင်ကာပူနိုင်ငံတွင် ကျင်းပသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၂ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရေဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

၄ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ချင်းပြည်နယ်မင်းတပ်မြို့၊ တွန်းဇံမြို့၊ ဖလမ်းမြို့၊ ဟားခါးမြို့နှင့် မတူပီမြို့များသို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

၅ မြေငလျင်လှုပ်သွားပြီးနောက် ဟေတီနိုင်ငံ၌ ပူဆွေးသောကများနေရပြီး ပျက်စီးဆုံးရှုံးမှုများကြုံတွေ့နေရချိန်မျိုးတွင် ကလေးမှောင်ခိုကုန်ကူးမှု၊ ကလေးခိုးမှုများ တစ်နေ့တခြား တိုးပွားများပြားလာခြင်းကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၆ နေပြည်တော်တွင် ကျင်းပသည့် ၂၀၀၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း



ရေဝတီတံတား (ပခုက္ကူ) လုပ်ငန်းခွင်တစ်နေရာကိုတွေ့ရစဉ်

ရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တက်ရောက်အားပေးပြီး ဆုရရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆုများပေးအပ်ချီးမြှင့်သည်။

၇ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဦးဆောင်သော အားကစား ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံကို အာဖဂန်ပြည်သူများသာပိုင်ဆိုင်ကြောင်း၊ အာဖဂန်၏ ပြဿနာရပ်များကို စစ်ရေးမဟာဗျူဟာသက်သက်ဖြင့် ဖြေရှင်း၍ရနိုင်မည်မဟုတ်ကြောင်း တူရကီသမ္မတဟူအင်အိပ်ချ်စီအာရ်က ပြောကြားသည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ် Col. Syphanh Phanthalavong ကို နေပြည်တော်ရှိ ဖေယျာသီရိဗိမာန်၌လက်ခံတွေ့ဆုံသည်။

အီရန်နိုင်ငံအပေါ်နောက်ထပ်အရေးယူပိတ်ဆို့မှုမှန်သမျှသည် နျူကလီးယားမပြန့်ပွားရေးစနစ်ကို အားဖြည့်ရာရောက်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘာကျီရက်ကော့ဗ်က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၂ ၂၀၁၀ ပြည့်နှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းသော (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့်ညစာစားပွဲကို နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

၁၄ ရန်ကုန်မြို့ ချမ်းထရီယံဟိုတယ်၌ကျင်းပသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီ၏မွေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့တက်ရောက်သည်။

၁၆ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana သည် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ သံတမန်အဖွဲ့ဝင်များ၊ ရှေ့နေများ၊ တရားသူကြီးများနှင့်တွေ့ဆုံသည်။

၁၇ ဗြိတိန်အခြေစိုက်တစ်ကမ္ဘာလုံးဆိုင်ရာ လူမှုရေးအဖွဲ့အစည်းဖြစ်သည့် မေပယ်လ်ခရော့ဖ်အဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာအရအီရတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုက္ခအရောက်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းဖော်ပြထားသည်ကို အင်တာနက်သတင်းက ထပ်မံဖော်ပြသည်။

၂၀ နေတိုးအဖွဲ့က ၎င်းတို့၏ စစ်ဆင်ရေးကာလတွင် အရပ်သားများသေဆုံးမှုမရှိစေရန် ကြိုးစားမှုသည် လုံလောက်မှုမရှိကြောင်း အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt.Gen. Buivan Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆူဒန်အစိုးရနှင့် ၎င်းနိုင်ငံရှိ သူပုန်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် ဒါဖာဒေသ၌ စစ်ပွဲပြီးစီးပြီဖြစ်ကြောင်း ဆူဒန်သမ္မတအယ်လ်ဘာရှာက ပြောကြားသည်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၅ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ Hanergy Holding Group Limited (Hanergy)၊ Goldwater Resources Limited (GRL) တို့ ပူးပေါင်း၍အထက်သံလွင် (ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးသဘောတူ လက်မှတ်ရေး ထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၇ ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ကြည်ညိုသည်။

ချီလီနိုင်ငံ၌ ရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော ငလျင်တစ်ခုလှုပ်ခဲ့ရာ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခဲ့ပြီး လူအသေအပျောက်များစွာရှိခဲ့သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

## မတ်လ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်းဝန် H.E. Ms. Ninupama Rao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီရန်နိုင်ငံ၏နျူကလီးယားနှင့်စပ်လျဉ်းသော ဆောင်ရွက်မှုအားလုံးသည် ငြိမ်းချမ်းစွာအသုံးပြုရန်ဖြစ်သည်ဟု ၎င်းအနေဖြင့် အတည်မပြုနိုင်ကြောင်း ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေး အေဂျင်စီအကြီးအကဲက ပြောကြားလိုက်သည်ဟုရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E.Mr.Wang Jiarui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

— နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထူးစီမံကိန်းကြီးများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယီမင်နိုင်ငံ မြို့တော်ဆားနားတွင် အယ်လ်ကိုင်းဒါးတို့နှင့် အဆက်အသွယ်ရှိသည်ဟု မသင်္ကာသူ ၁၁ ဦးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

၇ ပါရှန်ပင်လယ်ကွေ့အတွင်း ရေနံတွင်းတူးစင်တစ်ခုတည်ဆောက်ရန်အတွက် တရုတ်ကုမ္ပဏီတစ်ခုအား ခွင့်ပြုသော အမေရိကန်ဒေါ်လာ ၁၄၃ သန်းတန်ဖိုးရှိသည့် စာချုပ်တစ်ခုကို အီရန်နှင့်တရုတ်တို့ သဘောတူလက်မှတ်ထိုးခဲ့ကြသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အီရန်တို့၏နယ်စပ်ဒေသတွင် အကြမ်းဖက်အုပ်စုများကိုဖွဲ့စည်း၍ လေ့ကျင့်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ (ISI) ၏ အကြီးအကဲဟောင်းဟာမစ်ဂေါလ်က ထုတ်ဖော်ပြောကြားလိုက်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကွန်မြူတာတက္ကသိုလ် (လားရှိုး) ပင်မသုံးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်

ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် သေနတ်သမားများသည် လူသားချင်းစာနာထောက်ထားရေးအဖွဲ့အစည်းကို လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ရာ အဆိုပါအဖွဲ့အစည်း၌ လုပ်ကိုင်နေသူ ခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲဌာနပ်ဖွဲ့က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက် အမှတ်(၁/၂၀၁၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာသည်။

များကို သတိပေးလိုက်သည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။

၁၂ ရုရှားနှင့်အိန္ဒိယတို့သည် အိန္ဒိယရေတပ်အတွက် အက်မေရယ်ဂေါ် ရှ်ကော့လေယာဉ်တင်သင်္ဘောဝယ်ယူရေး၊ အမ်အိုင်ဂျီ ၂၉ ကေ အမျိုးအစား လေယာဉ်တင်သင်္ဘောအခြေစိုက် ဂျက်တိုက်လေယာဉ် ၂၉ စင်း ဝယ်ယူရေး သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလိုက်ကြသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၁၃ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့သည်



ရုပ်နီဆန္ဒပြသမားများကို ဖြိုခွင်းနေသော ထိုင်းလုံခြုံရေးအဖွဲ့

ပင်လယ်ကွေ့ဒေသ၌ အမေရိကန်တပ်များချထားမှုနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို အကြောင်းပြုကာ ဒေသတွင်းစွမ်းအင်အရင်းအမြစ်များကိုလက်ဝါးကြီးအုပ်ရန် ကြံရွယ်နေကြောင်း အီရန် သမ္မတ အာမက်ဒီနီဂျက်က ပင်လယ်ကွေ့ဒေသ

ဗျူဟာမြောက်လက်နက် လျှော့ချရေးသဘောတူစာချုပ်သစ်တစ်ရပ် ချုပ်ဆိုရေးနှင့်ပတ်သက်၍ အဆင့်မြင့်သဘောတူညီမှုရရှိခြင်းအပေါ် ကျေနပ်အားရဖြစ်ကြရသည်ဟု ရုရှားသမ္မတရုံးကသတင်းထုတ်ပြန်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မင်းလှဘူတာ၌ ကျင်းပသော သရက်–မင်းလှရထားလမ်းပိုင်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံပြည်သူများကို ရင်းနှီးစွာတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းကို တိုက်ဖျက်ရာ၌ အမေရိကန်နှင့်နေတိုးတို့က တက်တက်ကြွကြွ ဆောင်ရွက်မှုမရှိခြင်းသည် ရုရှားကို မကြေညာသော စစ်ပွဲတစ်ရပ်ဆင်နွှဲနေခြင်းဖြစ်သည်ဟု နေတိုးဆိုင်ရာ ရုရှားသံအမတ် ဒီမီထရီရိုဂိုဇင်က ပြစ်တင်ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းဌာ နကဖော်ပြသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ပြည်ပ၌တိမ်းရှောင်နေသော ဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို ထောက်ခံသည့် ရုပ်နီဝတ်ဆန္ဒပြသမားများက ဆန္ဒပြကြပြီး အစိုးရအဆောက်အအုံအချို့ကို စီးနင်းသိမ်းပိုက်ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိန္ဒုံကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၁၆ ထိုင်းနိုင်ငံဘန်ကောက်မြို့၌ရုပ်နီဝတ်ဆန္ဒပြသမားများက အစိုးရ

အိမ်တော်ကို သွေးဖြင့်ပက်ခြင်းဖြင့်လက်ရှိအစိုးရကို ဆန္ဒပြကြသည်ဟုသတင်းဌာနများမှဖော်ပြသည်။

၁၈ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရနှစ်နိုင်ငံချစ်ကြည်ရေးကို အလေးထားသောအားဖြင့် အမေရိကန်နိုင်ငံသားခံယူထားသူ ညီညီအောင် (ခ) ကျော်ဇောလွင် အပေါ်ချမှတ်ထားသည့်ပြစ်ဒဏ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်သည်။

၁၉ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည်တော်လယ်ဝေးရှိ မက်စ်ဘီလပ်မြေစက်ရုံဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အီရန်နိုင်ငံသည် လာမည့်နှစ်အတွင်း နျူကလီးယားစက်ရုံသစ်များတည်ဆောက်သွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ မိုဟာမက်ရီဇာရာမီမီက ပြောကြားသည်ဟုအင်တာနက်သတင်းက ဖော်ပြသည်။

၂၀ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ (၁/၂၀၁၀) အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ကျင်းပရာ ယင်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေတို့တက်ရောက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ) ဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးတက်ရောက်အဖွင့်အမှာစကားပြောကြားပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံနှင့် ပိုမို ကောင်းမွန်သောဆက်ဆံရေးထူ ထောင်မည်ဟူသောယင်း၏ကတိကို လက်တွေ့ အကောင်အထည်ဖော်ရန် ပျက်ကွက်နေကြောင်းအီရန်နိုင်ငံမှ ဘာသာရေးခေါင်းဆောင်အယာတိုလာ အလီခါမေနီက ပြောကြားလိုက်သည်ဟု အီရန်ရုပ်မြင်သံကြားပြန်ကြားရေးအစီအစဉ် ဂြိုဟ်တုသတင်းထုတ်လွှင့်ချက်၌ ထုတ်ပြန်ကြေညာသည်။

၂၂ တရားမဝင်ကုန်သွယ်မှု၊ လူမှောင်ခိုကူးမှုနှင့် အကြမ်းဖက်မှုများတိုက်ဖျက်ရာတွင် ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့က သန္နိဋ္ဌာန်ချလိုက်သည်။

မြို့ပြစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ အိမ်ရာဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ကြီးပြကြီးများတွင်ဖြစ်တတ်သည့်အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြို့ပြထူထောင်မှု၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးညှိနှိုင်းရေးအတွက် ပဉ္စမအကြိမ် ကုလသမဂ္ဂလူသားများနေရာချထားရေးအစီအစဉ်၊ ကမ္ဘာ့မြို့ပြရေးရာ ဖိုရမ်ကို ဘရာဇီးနိုင်ငံ မြို့တော် ရီယိုဒီဂျနေရိုးတွင်ကျင်းပသည်။

၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် (၆၅) နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ပါကစ္စတန်နိုင်ငံ အနှံ့အပြား၌ ၂၀၀၉ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု ၂၅၈၆ မှုဖြစ်ပွားခဲ့ပြီး ပြည်သူ ၃၀၂၁ ဦးထက်မနည်းသေဆုံးကာ ၇၃၃၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်လူ့အခွင့်အရေးကော်မရှင်က ထုတ်ပြန်ကြေညာသည်။

၂၄ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့သည့် ပြည်–ပေါက်ခေါင်း–တောင်ငူ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

၂၅ ကမ္ဘာပေါ်၌ မသန့်ရှင်းသောရေကြောင့် သေဆုံးမှုနှုန်းမှာ

စစ်ပွဲအပါအဝင် အကြမ်းဖက်မှုပုံစံအားလုံးကြောင့် သေဆုံးကြရမှုနှုန်း ထက်ပိုမိုမြင့်မားနေကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ကမ္ဘာ့ရေသယံဇာတနေ့အထိမ်းအမှတ်သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြသည်။

၂၇ ၂၀၁၀ ပြည့်နှစ် (၆၅) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်အနောက်ဘက်ကမ်းလွန်ဒေသ၌ တောင်ကိုရီးယားရေတပ်ကင်းလှည့်သင်္ဘောတစ်စင်းနစ်မြုပ်သွားခဲ့ခြင်းကြောင့် သေဆုံးသူသင်္ဘောသားများအတွက် ဝမ်းနည်းကြေကွဲကြောင်း ၎င်းတို့၏မိသားစုများထံ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက သဝဏ်လွှာပေးပို့သည်။

၃၀ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထားဝယ်တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

လက်ရှိဖြစ်ပေါ်နေသော မကျေလည်မှုများနှင့်ပတ်သက်၍ ဝန်ကြီးချုပ်အဘီဆစ်ဝဲချာချီဝခေါင်းဆောင်သော ထိုင်းနိုင်ငံ အစိုးရအဖွဲ့နှင့် ရှပ်နီဆန္ဒပြခေါင်းဆောင်တို့ ဆွေးနွေးကြရာ သဘောတူညီမှု တစ်စုံတစ်ရာမရရှိဘဲ ပြီးဆုံးသွားသည်။



(၆၅) နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းပြောကြားစဉ်

## ဧပြီလ

၁ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည်အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dr.R.M. Marty M.Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယီမင်နိုင်ငံ အယ်လ်ဒါလီပြည်နယ်ရှိ အကျဉ်းထောင်ကို ဗုံးဖြင့်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အကျဉ်းသား ၃၀၀ ကျော် လွတ်မြောက်သွားခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ် နိုင်ငံဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်းနှင့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

၅ ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတွင် ကျင်းပသော ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

၇ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကျင်းပမည့် ရွေး

ကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်ချက်များ ရှင်းလင်းဆွေးနွေးပို့ချမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ရှပ်နီဆန္ဒပြသမားများနှင့် ရှုပ်ထွေးနေသောအနေအထားကြောင့် ဝန်ကြီးချုပ်အဘီဆစ်ဝုံ့ချာချီဝက အရေးပေါ်အခြေအနေတစ်ရပ် ကြေညာကြောင်း အင်တာနက် သတင်းကဖော်ပြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

အမေရိကန်သမ္မတဘားရက် အိုဘားမားနှင့် ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်တို့သည် နျူကလီးယားလက်နက်များလျှော့ချရေးစာချုပ်သစ်ကို ချက်နိုင်ငံ ပရာဟာမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၀ အစွန့်ရေးဝန်ကြီးချုပ် နေတန်ယာဟုက နျူကလီးယားလုံခြုံရေး ထိပ်သီးညီလာခံ တက်ရောက်ရန်အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပိုလန်သမ္မတလက်ချ် ကာဇင်စကီးနှင့် ပိုလန်စစ်ဘက်နှင့်အရပ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်များ စီးနင်းလိုက်ပါလာသော တီယူ ၁၅၄ လေယာဉ်သည် ရုရှားနိုင်ငံတောင်ဆမိုလင့်ခ်လေဆိပ်အနီး၌ ပျက်ကျရာ ပိုလန်သမ္မတနှင့် ၎င်း၏ဇနီးအပါအဝင် စုစုပေါင်း လူ ၉၆ ဦးသေဆုံးခဲ့သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

၁၅ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X,0 ရေကစား မဏ္ဍပ်ရှေ့၌ မဟာသင်္ကြန်အကြတ်နေ့ မွန်းလွဲ ၃ နာရီခန့်အချိန်တွင် ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားသည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရတနာသိဃ်တံတားတည်ဆောက်ရေးစီမံကိန်း၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ဆည်တော်ကြီးရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၁၇ အိုက်စလန်နိုင်ငံ ရေခဲပြင်ဒေသအောက်ရှိ မီးတောင်တစ်လုံး ပေါက်ကွဲလျက်ရှိရာ ထွက်ပေါ်လာသောမီးတောင်ပြာမှုန်များကြောင့် ဥရောပလေကြောင်း ခရီးစဉ်အများအပြားကို ဖျက်သိမ်းခဲ့ရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၈ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲနှင့် (၁၄) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

၂၁ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ သလပ်ချွာ၊ မော်တင်စွန်း ကားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် တံတားများတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးမြို့ရှိ မန္တလေးစက်မှုဇုန်ကနောင်ခန်းမတွင် စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဆန္ဒပြသူများအခြေချရာနေရာတစ်နေရာ၌ ဗုံးကွဲမှုများဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ၈၅ ဦးဒဏ်ရာ

ရှိသွားကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

အီရတ်နိုင်ငံမြောက်ပိုင်းနင်နီဗားပြည်နယ်တွင် တူရကီနိုင်ငံသို့ပို့ဆောင်သော ရေနံပိုက်လိုင်းကို သောင်းကျန်းသူများက ဖောက်ခွဲခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်အတွင်း ဝက်သက်ရောဂါကူးစက်ပြန့်ပွားလျက်ရှိကြောင်း ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၄ ပညာရေးဝန်ကြီးဌာန ၂၀၁၀ ပြည့်နှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကို နေပြည်တော် ပျဉ်းမနားရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၂၄ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sino Hydro Corporation Limited၊ ထိုင်းနိုင်ငံ EGAT International Co., Ltd နှင့် International Group of Entrepreneur Company Limited တို့ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

မြောက်ကိုရီးယားနှင့် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော နယ်စပ်ရေပြင်အောက်မှ နစ်မြုပ်ခဲ့သောချိုနန်စစ်သင်္ဘော၏ ဦးပိုင်းကို ဆယ်ယူနိုင်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက သတင်းထုတ်ပြန်သည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

၂၆ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၏ သာသနာ့မဟာဗိမာန်တော်၌ကျင်းပသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့တက်ရောက်ကြည်ညိုဆက်ကပ်လှူဒါန်းပူဇော်သည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့သည် ၎င်း၏ဌာနေဝန်ထမ်း အာဖဂန်လူမျိုးများကို မိမိတို့နေအိမ်၌ပင်နေကြရန် သတိပေးထားကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၂၇ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲမဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်ဆက်ကပ်လှူဒါန်းသည်။



ယူကရိန်းနိုင်ငံလွှတ်တော်အတွင်း အချင်းများနေကြသောလွှတ်တော်အမတ်များ

## မေလ

ယူကရိန်းနိုင်ငံ ပါလီမန်လွှတ်တော်တွင်း၌ အဆိုတစ်ခုနှင့် ပတ်သက်၍ လွှတ်တော်အမတ်အချင်းချင်းသဘောထားကွဲလွဲပြီး အပြန်အလှန်ထိုးကြိတ်သတ်ပုတ်ကြသည်ဟု မီဒီယာသတင်းများကဖော်ပြသည်။

၂၈ အီရန်နှင့်အနောက်အုပ်စုအကြား နျူကလီးယားလောင်စာလဲလှယ်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံလိုက်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ယူချီဟာမောတာကီက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။

၂၉ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအနီးရှိ မြို့တော်ဘိလပ်မြေစက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

၃၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ (၂၀၁၀)ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နိုင်ငံတကာခေါင်းဆောင်များ၊ အထူးဧည့်သည်တော်များနှင့် ပရိသတ်ထောင်ပေါင်းများစွာတို့ရှေ့၌ ဖွင့်လှစ်သည်။

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၀ ပြည့်နှစ် အလုပ်သမားနေ့သို့ သဝဏ်လွှာပေးပို့သည်။

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှုကြောင့် ထိခိုက်နစ်နာမှု အပေါ်ဗြိတိန် (ဘီပီ) ရေနံကုမ္ပဏီက လျော်ကြေးပေးရန် ကတိကဝတ်ပြုကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာလေ့လာသူကိုယ်စားလှယ်အဖွဲ့သည် ဘူတန်နိုင်ငံ သင်ဖူးမြို့၌ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက်တောင်အာရှနိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်) ထိပ်သီးညီလာခံသို့တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

၃ အီဂျစ်အာဏာပိုင်များက နယ်စပ်လိုဏ်ခေါင်းများ၌ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားပစ္စည်းများ ရယူရန်ကြိုးပမ်းသည့် ပါလက်စတိုင်းလူမျိုး ၅၂ ဦးကို ဓာတ်ငွေ့လွှတ်၍ သတ်ခဲ့ကြောင်း ပါလက်စတိုင်းလူ့အခွင့်အရေး ဖောင်ဒေးရှင်းအဖွဲ့က ပြောကြားသည်ဟု သတင်းဌာနများ ကရေးသားဖော်ပြသည်။

၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander Svintsovskiy ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု နှစ်ကြိမ် သီးခြားစီဖြစ်ပွားရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ထောက်လှမ်းရေးအရာရှိတစ်ဦးသေဆုံးပြီး အစိုးရဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဗဟိုအာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်ထူထောင်ရေးစာချုပ် အာဏာတည်လာခြင်းကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း အာဆီယံအသင်းကြီးက တရားဝင်ထုတ်ဖော်ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၆ $X_2O$ ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့ကြသူများအနက် တစ်ဦးကိုဖမ်းဆီးရမိပြီး နောက်ကွယ်မှ အထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရာဇဒိုင်တံတား အမှတ် (၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်**

ဌာနချုပ်ရုံး အရိန္ဒမာခန်းမ၌ကျင်းပသည်။

နိုင်ဂျီးရီးယားယာယီ သမ္မတ ဂွတ်လပ်ဂျွန်နသန်သည် သမ္မတ အူမာရုယာအဒူလာ ကွယ်လွန်ပြီးနောက်ပိုင်းတွင် တရားဝင်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၇ မြန်မာနိုင်ငံလူ့အခွင့်အရေး အဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူ့အခွင့် အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးတို့သည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသော (၆၂) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရုရှားနိုင်ငံက (၁၉၄၁-၁၉၄၅) စစ်ပွဲကာလအောင်နိုင်မှု (၆၅) နှစ်မြောက်စစ်ရေးပြအခမ်းအနားကို ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ ရင်ပြင်နီ၌ကျင်းပသည်။

၂၂ ဂျပန်နိုင်ငံတောင်ပိုင်းရှိ အမေရိကန်စစ်စခန်းနေရာရွှေ့ပြောင်းရေးအစီအစဉ်ကို ဒေသခံပြည်သူများက ဆန့်ကျင်ပြီး အာဏာရညွန့်ပေါင်း အစိုးရအတွင်း သဘောထားကွဲလွဲသည့်ကြားမှပင် ဂျပန်နှင့် အမေရိကန်အစိုးရတို့က သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ကုလသမဂ္ဂ ဆိုမာလီဆိုင်ရာညီလာခံကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ဆိုမာလီသမ္မတ ရှိတ်ရှရစ်ဖ်ရှိတ်အာမက်နှင့် ၅၅ နိုင်ငံမှ ကိုယ်စား

လှယ်များတက်ရောက်ကြကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။

၂၃ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသည့် (၆၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

၂၄ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၀) ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်တင်းမာမှုကြီးထွားလာစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် လိပ်ခဲတည်းလည်းဖြစ်နေသော ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်စရေးကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

၂၅ အီရန်၏ နျူကလီးယားကြေညာချက်မှာ နောက်ထပ်အရေးယူပိတ်ဆို့လာမည့်အရေးကို ရှောင်လွှဲရန်အတွက် အီရန်အစိုးရ၏ လိမ်လည်လှည့်ဖြားမှုပုံစံတစ်ရပ်သာဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

၂၇ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co.,Ltd. တို့ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းနှင့် ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို နေပြည်တော် ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်တည်ဆောက်ရေးတွင် ညီညွတ်ကြရေးအတွက် မိမိတို့နိုင်ငံ၌ အမွန်မြတ်ဆုံးအမွေအနှစ်ကို ... 

၂၈ အီရန်၏ နျူကလီးယားကြေညာချက်ကို ဆန့်ကျင်သည့် ရုရှား၏ရပ်တည်ချက်မှာ ရုရှားကို အီရန်၏ရန်သူအဖြစ် ပြောင်းလဲသွားစေနိုင်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ကာမင်ဒေသတွင် သတိပေးလိုက်သည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၂၉ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စပိန်နိုင်ငံ မဒရစ်မြို့၌ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အာဆီယံ၊ ဥရောပသမဂ္ဂ (အီးယူ) ဝန်ကြီး အဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တူရကီအရှေ့တောင်ပိုင်း၌ ကာ့ဒ်အလုပ်သမားပါတီအဖွဲ့နှင့် တူရကီတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားရာ တူရကီတပ်ဖွဲ့ဝင် တပ်ကြပ်ကြီးတစ်ဦးနှင့် ကျေးရွာလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနမှ ထုတ်လွှင့်သည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

## ဇွန်လ

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

ဂျပန်ဝန်ကြီးချုပ် ယူကီအိုဟာတိုယာမာသည် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်များကို ၈ လတာ ထမ်းဆောင်ပြီးနောက် ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာသည်။



ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်မစ္စတာဝမ်ကြားပေါင်တို့တွေ့ဆုံနှုတ်ဆက်စဉ်

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တောင်အာဖရိကနိုင်ငံတွင် ပထမဆုံးချူကြလီးယား စက်ရုံကို မကြာမီဟည့်ဆောက် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတွင်း စွမ်းအင်လိုအပ်ချက်များပြားလာမှု ဖြေရှင်းနိုင်ရန်အတွက်ဖြစ်ကြောင်း တောင် အာဖရိကစွမ်းအင်အရာရှိများက ပြောကြားသည်။

၄ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ရန်ကုန်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လှူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ရှင်းလင်းသည့် အခမ်းအနားတွင် တက်ရောက်ရှင်းလင်းပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမာရာထူးမှနုတ်ထွက်ပြီးနောက် ဂျပန်နိုင်ငံ အာဏာရပါတီက ဘဏ္ဍာရေးဝန်ကြီး နာအိုတိုကန်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော နိုင်ငံတော် ဝန်ကြီးချုပ်ဦးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဂျီ-၂၀ ဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

၆ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀) ပြည့် အထိမ်းအမှတ် အခါသမယ၌ နှစ်နိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများ သဝဏ်လွှာ အပြန်အလှန်ပေးပို့ကြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်တွေ့ဆုံရေးအတွက် ဝါရှင်တန်သို့ လာရောက်ပါရန် ဖိတ်ခေါ်မှုကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လက်ခံလိုက်ကြောင်း အင်တာနက်သတင်း ကဖော်ပြသည်။

ဂါဇာကမ်းမြောင်သို့ ဦးတည်သွားနေသော အကူအညီပေး သင်္ဘောအုပ်စုကို အစ္စရေးရေတပ်က တိုက်ခိုက်ခဲ့မှုဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ကျင်းပသည့် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

၁၁ မြန်မာနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုအပေါ် စွပ်စွဲမှုပြုလုပ်ခြင်းမှာ အခြေအမြစ်မရှိကြောင်းနှင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၌ ကျင်းပသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

၁၂ ရန်ကုန်မြို့၌ကျင်းပသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာ–ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြွေသီးစက်ရုံ (ချောက်) ၏ ကြွေသီးထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်**

သဘာဝဓာတ်ငွေ့ပို့လွှတ်ခြင်း အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူးပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အိန္ဒိယ အရာရှိများက သတင်းထုတ်ပြန်သည်။

၁၃ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ဆိတ်ဖြူ–ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၄ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

၁၆ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Limited တို့သည် ကုန်းပိုင်းလုပ်ကွက် F (ငလိုင်တွင်းဒေသ) ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

၁၇ အီရန်သုတေသနဓာတ်ပေါင်းဖိုထက် အင်အားပြင်းထန်သည့် ဓာတ်ပေါင်းဖိုတစ်ခုကို လအနည်းငယ်အတွင်း တည်ဆောက်မည့် အစီအစဉ်များ အီရန်အဏုမြူစွမ်းအင်အဖွဲ့ AEOI တွင်ရှိကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၈ မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်များနှင့်စပ်လျဉ်း၍ IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီး ဦးတင်ဝင်းက IAEA မှ Division of Operations A,Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Marco Marzo ထံသို့ ပြန်ကြားစာပေးပို့ရာတွင် မြန်မာနိုင်ငံသည် နျူကလီးယားဆိုင်ရာလုပ်ငန်းများကို အတိတ်ကာလကလည်းကောင်း၊ ယခုလက်ရှိကာလ၌လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း၊ ဆောင်ရွက်နေခြင်း မရှိသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆောင်ရွက်ရန် စီစဉ်ထားခြင်းမရှိကြောင်း ဖော်ပြပါရှိသည်။

အစ္စရေးက ဂါဇာကမ်းမြောင်သွားသင်္ဘောအုပ်စုကို တိုက်ခိုက်ပါက အရှေ့အလယ်ပိုင်းဒေသ၌ စစ်ပွဲသစ်ဖြစ်ပွားနိုင်သည့်အခြေအနေမြင့်မားလာနိုင်ကြောင်း ဆီးရီးယားသမ္မတ အယ်လ်အာဆတ်က သတိပေးပြောကြားသည်။

၂၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါစွန် ဘုဖာဝမ်း ဦးဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဘီလာရုစ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ဖြတ်တောက်ပစ်ရန် ရုရှားဂတ်စ်ပရွန်သဘာဝဓာတ်ငွေ့ကုမ္ပဏီအား ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်က အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဂတ်စ်ပရွန်ကုမ္ပဏီဥက္ကဋ္ဌက ပြောကြားသည်။

၂၂ ဂျီ-၂၀ ခေါင်းဆောင်များအနေဖြင့် လာမည့်ထိပ်သီးအစည်းအဝေး၌ ပြန်လည်ဦးမော့လာသည့် ကမ္ဘာ့စီးပွားရေးအခြေအနေကို ဆက်လက်ဖွံ့ဖြိုးတိုးတက်လာရေးနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးသွားကြစေလိုကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

၂၃ အရှေ့တောင်ဥရောပနိုင်ငံများ၏ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုညီလာခံကို အစ္စတန်ဘူလ်မြို့၌ကျင်းပရာ ၁၁ နိုင်ငံမှ အကြီးအကဲများ တက်ရောက်ကြသည်။



**အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတမက်ဗီဒက်ဗ်တို့ မော်တော်ကားပေါ်တွင် နှစ်နိုင်ငံအရေးဆွေးနွေးစဉ်**

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အိန္ဒိယသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ စစ်သံမှူးများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၂၅ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်



သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုနေသော ဘင်နစ်နိုအာကွီနို

ထမ်းများ၏ ကျောင်းနေသားသမီးများ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတမက်ဗီဒက်ဗ်တို့သည် နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုကြောင့် တစ်စတစ်စ ယိမ်းယိုင်ကျဆင်းနေသည့် ဆက်ဆံရေးပြေလည်မှုရရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၂၆ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လှော်ကားရှိ နယ်မြေခံ ရဲတပ်ရင်းကွင်းပြင်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကျင်းပသည်။

၂၈ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃၀ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ဘင်နစ်နိုအာကွီနိုသည် ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ ဦးမြောက် သမ္မတရာထူးကို ကျမ်းသစ္စာကျိန်ဆိုလက်ခံပြီး မိန့်ခွန်းပြောကြားရာ၌ ခြစားမှုကင်းရှင်းသော အစိုးရသစ်ဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိစကားကိုလည်း ထည့်သွင်းဖော်ပြသွားသည်။

## ဇူလိုင်လ

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၅ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T (Build Operate Transfer) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသောကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

၇ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံစဉ် ဂါဇာကမ်းမြောင်နှင့် ပတ်သက်သည့် မဟာဗျူဟာကို ပြောင်းလဲပေးရန် အစ္စရေးအစိုးရကို တိုက်တွန်းသည်။

၉ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပျော်ဘွယ်မြို့ရှိ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောက်ဆည်မြို့နယ်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ကို စစ်ဆေးကာ ရွာင်မြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မတမံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

၁၀ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၁၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာ–လာအို သံတမန်ဆက်သွယ်သည့် (၅၅) နှစ်မြောက် အထိမ်းအမှတ်အတွက်နှစ်နိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား အပြန်အလှန် သဝဏ်လွှာများ ပေးပို့သည်။

၁၇ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နေပြည်တော်၌ ကျင်းပသည့် မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓ ဘာသာသာသနာ့နဂ္ဂဟအသင်း (ပထမအကြိမ်) အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ၌ကျင်းပသော မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ နှစ် (၄၀) မြောက် နှစ်ပတ်လည် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး
ဦးကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်း
ကောင်းတံဆိပ်ရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်

၁၈ ငြိမ်းချမ်းရေး အစီအစဉ်များဆွေးနွေးရန် အာဖရိကသမဂ္ဂ (အေယူ) အဆင့်မြင့်အစည်းအဝေးကို အီသီယိုးပီးယားနိုင်ငံ အဒ္ဒစ္စအဘာဘာမြို့ရှိ အေယူရုံးချုပ်၌ကျင်းပကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀ ဟသ်ာတ–မနေဖြူ–စကြော့ (ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ အရှည် ၁၆ ဒသမ ၂၅ မိုင်ရှိ ဟသ်ာတ–ဇလွန် လမ်းပိုင်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆိုမာလီပင်လယ်ဓားပြများလက်ထဲ၌ အပိုင်စီးထားသည့် နိုင်ငံတကာသင်္ဘောများမှာ ၂၀ စင်းရှိနေဆဲဖြစ်ပြီး သင်္ဘောသားဦးရေမှာ ၃၈၇ ဦးဖြစ်ကြောင်း နိုင်ငံတကာရေကြောင်းလုံခြုံရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသမ္မတ၏ ဖိတ်ကြား

ချက်အရ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာသည်။

ကမ္ဘာ့မြေစောင့်ကြည့်လေ့လာရေးဌာနတစ်ခုကို ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်ရှိုင်းယားအရပ်၌ ထူထောင်သွားမည်ဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ လေထုအတွင်းကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်သိရှိနိုင်ရေးကို လေ့လာသုတေသနပြုသွားမည်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

၂၇ အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နယူးဒေလီရှိ သမ္မတနန်းတော် အဆောက်အအုံ Darbon ၌ကျင်းပသည်။

ဂျော်ဒန်နိုင်ငံတွင် နျူကလီးယားသုတေသနဓာတ်ပေါင်းဖိုတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဂျော်ဒန်နျူကလီးယားစွမ်းအင်ကော်မရှင်က သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်က အစ္စရေးနှင့်ငြိမ်းချမ်းရေးအတွက် တိုက်ရိုက်ဆွေးနွေးရန် မိမိတို့အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။

၂၈ အီရန်သည် နည်းပညာနယ်ပယ်၌ တိုးတက်အောင်မြင်မှုရှိကြောင်း ဖော်ညွှန်းပြသနိုင်သည့် အလွန်ကြီးမားသော အာကာသအဝေးကြည့်မှန်ပြောင်းတစ်ခုကို အောင်မြင်စွာ ဖွင့်လှစ်အသုံးပြုနိုင်ခဲ့သည်ဟု အီရန်အရာရှိများက ပြောကြားသည်။

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိသည်။

၃၀ ရုရှားနိုင်ငံတွင် မြန်နှုန်းမြင့်မောင်းနှင်နိုင်သည့် ကျည်ဆန်ရထားကို မော်စကိုမြို့အရှေ့ဘက် ကီလိုမီတာ ၄၀၀ အကွာရှိ စက်မှုမြို့တော်ဖြစ်သော နော့မ်ဂိုရော့မြို့မှ စိန့်ပီတာဘာ့တ်မြို့သို့ ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ကြောင်းအာရ်အိုင်အေက သတင်းထုတ်ပြန်သည်။

## ဩဂုတ်လ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်၌ကျင်းပသည့် မြန်မာ့သဘာဝသောက်ရေသန့် စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၂ သင်္ဘောသား ၂၃ ဦး လိုက်ပါလာသည့် ပနားမားအလံလွှင့်ထူထားသော အင်ဖိုစူးအက်ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီယာပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ ရေကြောင်းတပ်ဖွဲ့က ပြောကြားသည်။

၃ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်၌ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ၊ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ လက်ဘနွန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံတို့မှ စစ်သံမှူးများကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၇ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ၌ ကျင်းပသည့် မိုးစပါးစပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အောက်စ်ဖို့တက္ကသိုလ်မှ သမိုင်းဘာသာဖြင့်ဘွဲ့ရပြီး ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုနှင့် လက်ရှိသမ္မတအစစ်ဖ်အလီဇာဒါရီတို့၏ အကြီးဆုံးသားဖြစ်သူ အသက် ၂၁ နှစ်အရွယ်ရှိ ဘီလာဝါဘူတိုဇာဒါရီက ၎င်းအနေဖြင့် နိုင်ငံရေးနယ်ပယ်၌ ဝင်ရောက်ရပ်တည်ရန်အသင့်မဖြစ်သေးဟု ပြောကြားကြောင်း The Time သတင်းမီဒီယာက ဖော်ပြသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် (၄၃)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် ဝမ်းမြောက်ကြောင်း သဝဏ်လွှာထုတ်ပြန်သည်။

၉ ရခိုင်ပြည်နယ် မောင်တောမြို့ မြို့နယ်မှရရှိခဲ့ပြီး နေပြည်တော်သို့ သက်ဆိုင်ရာတာဝန်ရှိသူများ သယ်ဆောင်ခဲ့သော ဆင်ဖြူတော်သည် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်သို့ မွန်းလွဲ ၁ နာရီ ၄၄ မိနစ်တွင် ရောက်ရှိသည်။

ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် အဏုမြူဗုံးကြဲချမှု (၆၅)နှစ်မြောက်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသည်။

၁၀ အရပ်ဘက်သုံး နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို အမေရိကန်နှင့် ဗီယက်နမ်နှစ်နိုင်ငံဆွေးနွေးလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက ဗီယက်နမ် နယူးစ်သတင်းဌာနမှ တစ်ဆင့် ထုတ်ပြန်ကြေညာသည်။

အာဖရိကငြိမ်းချမ်းရေးတပ်များက ဆူဒန်သူပုန်များကို အစိုးရလက်အပ်ရန် ငြင်းဆန်နေသည့်အတွက်အစိုးရနှင့် ကုလသမဂ္ဂအကြား မပြေမလည်ဖြစ်နေချိန်ဝယ် အာဖရိက သမဂ္ဂဖြစ်စေ၊ ကုလသမဂ္ဂဖြစ်စေ ဆူဒန်နိုင်ငံအတွင်းရှိသည့် မည်သည့် အဖွဲ့အစည်းဖြစ်စေ ဆူဒန်အစိုးရ၏ အာဏာကို အသိအမှတ်ပြုရန် လိုအပ်ကြောင်း၊ အကယ်၍ ဆူဒန်အာဏာရ အစိုးရ၏ တရားဝင်ဖြစ်မှုကို မထောက်ခံပါက နိုင်ငံအတွင်းမှနှင်ထုတ်ခံရမည်ဖြစ်ကြောင်း ဆူဒန်သမ္မတ အိုမာအယ်လ်ကာရှားက ပြောကြားသည်။

၁၁ ဒေသတွင်း သတင်းအချက်အလက်များ စုစည်းရရှိရေးအတွက် ပထမဆုံးအာတိတ်ဂြိုဟ်တုစခန်းကို ကနေဒါနိုင်ငံအရာရှိများက စတင်ဖွင့်လှစ်သည်။



(၆၅) နှစ်မြောက် အဏုမြူဗုံးကြဲချမှု အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်လာသောမစ္စတာဘန်ကီမွန်း

၁၂ အစ္စရေးတို့က အီရန်ကို တိုက်ခိုက်ရန် အစီအစဉ်ရှိသည်ဟု သိရသော်လည်း ၎င်းတို့က စတင်တိုက်ခိုက်နိုင်ဖွယ် ရှိမည်မဟုတ်ကြောင်းကျူးဘားသမ္မတဟောင်း ဖီဒယ်လ် ကက်စ်ထရိုက သုံးသပ်ပြောကြားသည်။

၁၃ ရုရှားနိုင်ငံ ဆာမာလာဒေသတွင် အထူးစက်မှုဇုန်ကြီး တစ်ခုကို ထူထောင်ရန် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ခွင့်ပြုချက်လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ရုရှားထိပ်တန်းအရာရှိများကပြောကြားသည်။

အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားစက်ရုံကိုစတင်လည်ပတ်အသုံးပြုရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း အီရန်ထိပ်တန်းအရာရှိ တစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။

၁၆ လက်ဘနွန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း အစ္စရေးလေယာဉ်များ အကြိမ်ကြိမ်စည်းကမ်းချိုးဖောက်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း လက်ဘနွန် စစ်ဘက်ကပြောကြားသည်။

၁၇ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေးကို နေပြည်တော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ ယင်းအဖွဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး

ကြီးသန်းရွှေ တက်ရောက်၍ လမ်းညွှန်မှာကြားသည်။

၁၉ (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမေရိကန်အလုပ်လက်မဲ့ဦးရေမှာ ပြီးခဲ့သည့် ရက်သတ္တပတ်က လူဦးရေ ၅ သိန်းအထိ တိုးလာသဖြင့် ကိုးလအတွင်း အမြင့်ဆုံးစံချိန်ဟင်ရောက်ရှိသွားကြောင်း အေပီသတင်းကဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ရေဘေးဒုက္ခကြုံတွေ့နေရသောဒေသများသို့ ငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ အကူအညီပိုမိုတိုးမြှင့်ပေးရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

၂၀ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) အဖွဲ့၏ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ကျင်းပသည်။

အရှေ့တောင်ပိုင်း စစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ ကျင်းပသည်။

၂၁ ကရင် ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ) ၏ နယ်ခြားစောင့်တပ်ဖွဲ့ တပ်ဖွင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည်။



**ဝန်ကြီးဦးဉာဏ်ဝင်းနှင့် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့ တွေ့ဆုံနှုတ်ဆက်စဉ်**

ထို့အတူ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) ၏ နယ်ခြားစောင့်တပ်ဖွဲ့ တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ်ကွင်း ကလေးဒေသ၌ကျင်းပသည်။

၂၂ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်(ရွှေတံခါး)-ဆပ်ခေါင်းရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

၂၃ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မရဏာကုန်သည်ဟု အမည်ရသော ကမ္ဘာအနှံ့လက်နက်လှည့်လည်ရောင်းချသူ ရုရှားလူမျိုး ဗစ်တာဘောက်ကို ထိုင်းနိုင်ငံအစိုးရက အမေရိကန်နိုင်ငံသို့ လွှဲအပ်ပေးတော့မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ရေးသားဖော်ပြသည်။

၂၅ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဒသမအကြိမ်ညှိနှိုင်းအစည်းအဝေးကိုနေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာယင်းကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

၂၆ အသိမ်းပိုက်ခံအနောက်ဘက်ကမ်းတွင် အစ္စရေးတို့ကထပ်မံ

၂၆ အိမ်ရာဆောက်လုပ်လျှင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တက်ရောက်မည် မဟုတ်ကြောင်း ပါလက်စတိုင်းကသတိပေးသည်။

၂၇ ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဇုန်များကို သတ်မှတ်ပြဋ္ဌာန်းသည်။

၂၉ (၆၂) ကြိမ်မြောက် အမ်မီ ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသည်။

၃၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်တာဝန်တပ်ဖွဲ့မှ စစ်ရေယာဉ်နှစ်စင်းသည် သန်လျင်မြို့နယ် သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ရောက်ရှိသည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွသောင်းကျန်းသူများ အကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ



ထိုင်းနိုင်ငံအကျဉ်းထောင်အတွင်း၌ ဗစ်တာဘောက်အားတွေ့ရစဉ်

သမ္မတနန်းတော်ကို မော်တာကျည် ဆန်ထိမှန်ခဲ့ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

စင်ကာပူနိုင်ငံတွင် အိမ်ခြံမြေဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်သွားမည်ဖြစ်ပြီး နိုင်ငံခြားသားအလုပ်သမားများကိုလည်း ကန့်သတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက ကြေညာသည်။

## စက်တင်ဘာလ

၁ MRTV-4 ရုပ်မြင်သံကြားထုတ်လွှင့်မှုသည် ၁ ရက်လျှင် နာရီ ၂၀ မှ ၂၄ နာရီစနစ်သို့ စတင်ပြောင်းလဲထုတ်လွှင့်သည်။

၂ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက်အကူအညီပေးရေးစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနရုံး၌ ကျင်းပသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အခမ်းအနားကို ရုရှားနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် တရားဝင်ကျင်းပသည်။

ပါလက်စတိုင်းဟားမတ်လှုပ်ရှားမှုအဖွဲ့က အစ္စရေးနိုင်ငံကို တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

အမေရိကန်၏ ကမကထပြုမှုဖြင့် အစ္စရေးနှင့်ပါလက်စတိုင်းခေါင်းဆောင်များသည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် တိုက်ရိုက်ဆွေးနွေးပွဲပြုလုပ်သည်။

၃ မြန်မာနိုင်ငံအတွင်း ပျူများ ပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖြစ်ထွန်းခြင်း သုတေသနစာတမ်းဖတ်ပွဲကို နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

၁၇ အမေရိကန်ပြည်ထောင်စု၏ အဆင့်မြင့်စွမ်းအင်သုတေသနဓာတ်ခွဲခန်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ အမေရိကန်နိုင်ငံသား ဘူမိဗေဒပညာရှင်တစ်ဦးနှင့် ၎င်း၏ဇနီးတို့ကို ဗင်နီဇွဲလားနိုင်ငံသို့ နျူကလီးယား လျှို့ဝှက်ချက်များ ရောင်းချရန် ကြံစည်မှုဖြင့် အမေရိကန်အာဏာပိုင်များက ဖမ်းဆီးတရားစွဲဆိုလိုက်သည်။

သီရိလင်္ကာသမ္မတရွေးကောက်ပွဲတွင် အတိုက်အခံအဖြစ်

ဝင်ရောက်အရွေးခံခဲ့သူ၊ တမီလ်ကျားသူပုန်များနှင့် ရင်ဆိုင်ခဲ့ရသည့် ပြည်တွင်းစစ်ကို ရပ်စဲအောင်ဆောင်ရွက်နိုင်ခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း ဖွန်ဆီကာကို ငွေကြေးလိမ်လည်မှုဖြင့် စစ်ဘက်တရားရုံးက ထောင်ဒဏ်သုံးနှစ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ဖော်ပြသည်။

၁၈ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရှိ Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

၁၉ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကြံခင်း–ပခုက္ကူ ရထားလမ်းပိုင်း၏ မင်းလှ– မင်းဘူး ရထားလမ်းပိုင်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၀ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းသည် ရန်ကုန်မြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများကို တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးသည်။

၂၁ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁) ကြိမ်မြောက်အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဦးသိန်းဆွေတက်ရောက် အမှာစကား ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ကျေးရွာတစ်ရွာ၌ အဘူဆေယက် ခေါင်းဆောင်သည့် စစ်သွေးကြွအုပ်စုနှင့် အစိုးရတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပရက်စ်တီဗီ သတင်းကတင်ပြသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တရုတ်သံအမတ်ကြီးကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းဆင်းရဲမွဲတေမှုကို သိသိသာသာ လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များကို တွန်းအားပေးရန် ရည်ရွယ်ပြုလုပ်ခဲ့သော ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဆိုင်ရာ ထိပ်သီးညီလာခံပြီးဆုံးသည်။

ဂျပန်အစိုးရက ဖမ်းဆီးထားသော တရုတ်နိုင်ငံသား ငါးဖမ်းသင်္ဘောကပ္ပတိန်ကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန် အမေရိကန်သို့ ကုလသမဂ္ဂ အစည်းအဝေး တက်ရောက်ရန်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တိုက်တွန်းပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၃ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ပဉ္စမမြောက် ဆင်ဖြူတော်တစ်စီး ထပ်မံတွေ့ရှိကြောင်း မြန်မာနိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြသည်။

၂၄ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ နီကာရာဂွါကောင်စစ်ဝန်ရုံးမှ ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်မည့် ယာယီကောင်စစ်ဝန်ချုပ်သည် ၎င်းနေထိုင်ရာ တိုက်ခန်းအတွင်း သတ်ဖြတ်ခံခဲ့ရကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားသည်။

အရှေ့တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားလျက်ရှိသော ကျွန်းများအနီးတွင် တရုတ်နှင့်ဂျပန်တို့ ရေကြောင်း မတော်တဆမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဖမ်းဆီးထိန်းသိမ်းထားသော တရုတ်ငါးဖမ်းသင်္ဘော ရေယာဉ်မှူးကို ပြန်လွှတ်မည်ဖြစ်ကြောင်း ဂျပန်တရားရေးဆိုင်ရာ တာဝန်ရှိသူများကဆုံးဖြတ်သည်ဟု သတင်းများကဖော်ပြသည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့သည် ရန်ကုန်မြို့၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ (၆၁) ကြိမ်မြောက် အမျိုးသားနေ့ညစာစားပွဲ ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်သည်။

၂၆ အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၄ ရက်နေ့က ကျင်းပခဲ့သော အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အမေရိကန်သမ္မတဘားရက်

အိုဘားမားတို့၏ တွေ့ဆုံဆွေးနွေးပွဲတွင် ဖိလစ်ပိုင်နိုင်ငံ၏အလံကို ပြောင်းပြန်ထားရှိခြင်းသည် ရိုးသားစွာလုပ်ဆောင်မိခဲ့သော အမှားအယွင်းတစ်ရပ်သာဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံက အိုကီနာဝါကျွန်းတွင်နှစ်ပတ်ကြာမျှ ထိန်းသိမ်းခဲ့သော တရုတ်ငါးဖမ်းသင်္ဘောမှ ကပ္ပတိန်ကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်သော်လည်း တရုတ်တို့တောင်းဆိုခဲ့သော တောင်းပန်မှုနှင့်နစ်နာကြေးကို ပေးမည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်ဟု ဂျပန်သတင်းဌာနများက ဖော်ပြသည်။



အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၆၁) ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်စဉ်

## အောက်တိုဘာလ

၁/၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။ နိုင်ငံတော်အကြီးအကဲသည် အောက်တိုဘာလ ၃ ရက်နေ့ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

၂ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည်မြန်မာနိုင်ငံတော်ဗဟိုဘဏ်နေပြည်တော်အဆောက်အအုံသစ်ကိုတက်ရောက်ဖွင့်လှစ်ပေးသည်။

ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ပါကစ္စတန်နိုင်ငံရှိ အယ်လ်ခိုင်ဒါနှင့်ဆက်နွယ်နေသော အကြမ်းဖက်အဖွဲ့အစည်းများက ဗြိတိန်နိုင်ငံသားလူငယ် ၂၀ ခန့်ကို လေ့ကျင့်သင်ကြားပေးနေကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၃ ဓနသဟာယနိုင်ငံများအားကစားပွဲ (၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည်။

၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူး၊ ရေတပ်စစ်သံမှူးနှင့် စစ်သံမှူးအသစ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ထိုင်းကြည်းတပ်စစ်သံမှူးနှင့် ရေတပ်စစ်သံမှူးတို့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်စစ်သံမှူးနှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် တရုတ်စစ်သံမှူးတို့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နေပြည်တော် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်နှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့သည် အာရှ ဥရောပထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆယ်မြို့သို့ ရောက်ရှိနေကြစဉ် ခေတ္တခဏမျှတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၆ ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့အခြေစိုက် စာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ စစ်တမ်းအရ အီရတ်နိုင်ငံအတွင်း သေဆုံးခဲ့ရသော သတင်းစာဆရာအရေအတွက်သည် ၂၀၀၉ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၀၁၀ ပြည့်နှစ်တွင် ပိုမိုများပြားလာကြောင်း၊ သေဆုံးသူများမှာ ၂၀၀၇ ခုနှစ်တွင် ၂၄ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၄ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၄ ဦးရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ၅ ဦးရှိပြီဖြစ်ကြောင်း၊ မက္ကဆီကို၊ ဟွန်ဒူးရပ်စ်၊ ပါကစ္စတန်ပြီးလျှင် အီရတ်သည် စတုတ္ထအများဆုံးဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၁၆၇ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြသည်။

၇ စင်ကာပူနိုင်ငံတွင်ကျင်းပသည့် အာရှနိုင်ငံရေးဆွေးနွေးပွဲ တစ်ရပ်၌ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက်ပိုင်း ခေတ်သစ်ပေါ်ထွန်းလာမည်ဟု အာဆီယံအသိုက်အဝန်းက ယုံကြည်မျှော်လင့်ထားကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းတွင် ပိုမိုကောင်းမွန်သည့်ပါဝင်စုစည်း ဆောင်ရွက်မှုများ ရှိလာလိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်ဟု စင်ကာပူနိုင်ငံ သတင်းမီဒီယာများက ဖော်ပြသည်။

၉ မြောက်ကိုရီးယားသမ္မတကင်ဂျုံအီသည်စက်တင်ဘာလ ၂၇ ရက်နေ့က မြောက်ကိုရီးယား ပြည်သူ့တပ်မတော်၏ ဗိုလ်ချုပ်ရာထူးကို ပေးအပ်ခဲ့သော သားဖြစ်သူ ကင်ဂျုံအန်နှင့်အတူ မြောက်ကိုရီးယားနိုင်ငံ၏ Arirang ဟုခေါ်သော ရိုးရာပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

၁၀ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရုပ်နီဝတ် ၂၅၀၀ ခန့်သည် စုရုံး၍ လုမ္ဗိနီပန်းခြံအနီးဆုတောင်းပွဲများပြုလုပ်ခဲ့ကာ ဆန္ဒပြကြသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံ၌ ၅ ကြိမ်မြောက် ရာသီဥတုပြောင်းလဲလာခြင်းအထိမ်း အမှတ်နေ့အဖြစ် ကာဗွန်ဒိုင်အောက်ဆိုဒ် ၃၉၀ PPM (parts per million of carbondioxide) မှ ၃၅၀ PPM သို့ လျှော့ချမည့်လှုပ်ရှားဆောင်ရွက်မှုပေါင်း ၆၆၃၁ ခုကို ဝိုင်းဝန်းပြုလုပ်ကြကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၄ အာဖရိကအနောက်မြောက်ပိုင်းမှ အစ္စလာမ္မစ်စစ်သွေးကြွများ၏ ခြိမ်းခြောက်မည့်အန္တရာယ်ကို မည်သို့မည်ပုံ ရင်ဆိုင်တုံ့ပြန်ရမည်ဟူသောနည်းလမ်းကို ရှာကြံ၍ စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ-၈) အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးကြကြောင်း အေပီသတင်းကဖော်ပြသည်။

၁၅ ဆွစ်ဇာလန်နိုင်ငံတွင် တည်ဆောက်လျက်ရှိသော ၃၄ မိုင်ရှည်လျားသည့် ကမ္ဘာ့အရှည်ဆုံး ဂေါ်သဒ်ဘေ့စ်အမည်ရှိ မြေအောက်ဥမင်ရထားလမ်းကို အောင်မြင်စွာ ဆက်စပ်တူးဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိအရှည်ဆုံးဖြစ်သည့် ဂျပန်နိုင်ငံ စီကန်ထက်လေးကီလိုမီတာပိုကြောင်း၊

တည်ဆောက်ချိန် ၁၅ နှစ်ရှိခဲ့ကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

တရုတ်နိုင်ငံအစိုးရက နိုင်ငံတွင်းတွင် တရားမဝင်လုပ်ကိုင်နေသော မိုင်းတွင်းငယ် ၁၆၀၀ ကို ဖျက်သိမ်းလိုက်သည်။

၁၉ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ မီးရထားစက်ခေါင်း ၃၀ လက်ဆောင်ပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ဘူတာကြီး၌ ကျင်းပသည်။



ရိုးရာပွဲတော်တစ်ခုသို့ တက်ရောက်လာသော မြောက်ကိုရီးယားသမ္မတကင်ဂျုံအီနှင့် သားကင်ဂျုံအန်

၁၆ ရဲရှာရေးအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ် (၃) ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်း အခမ်းအနားကို အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဝန်ကြီးချုပ်အပါအဝင် ငါဂ်တန်းအရာရှိများကို လုပ်ကြံမည့် နေယ်လ်နိုင်ဒါအဖွဲ့နှင့် ဆက်စပ်နေသော သင်္ကာမကင်းခံရသူ ခုနစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ပြီးနောက် ပါကစ္စတန်စစ်ဘက်သည် စစ်ဖေသွးကြွများကို ခိုလှုံခွင့်ပေးသောမူဝါဒကို ပြန်လည်သုံးသပ်သင့်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံထုတ် ခရစ်ယာန်ဆိုင်းယင့်စ်မော်နီတာ သတင်းစာကဖော်ပြသည်။

၂၀၀၈ ခုနှစ်က နှစ်နိုင်ငံပဋိပက္ခဖြစ်ပြီး စစ်ပွဲဆင်၍ ဂျော်ဂျီယာနိုင်ငံတွင်း၌ စခန်းချထားခဲ့သည့် ရုရှားစစ်တပ်များသည် ၎င်းတို့၏ တပ်များကို စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ရုရှားနှင့်ဂျော်ဂျီယာအာဏာပိုင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နိုင်သည်ဟူသောသတင်းများအရ တစ်နိုင်ငံလုံးတွင် လုံခြုံရေးများ တင်းကျပ်စွာချထားပြီး ကွန်ပျူတာကွန်ရက်များမှလည်း နည်းပညာတိုက်ခိုက်မှုများပေါ်ပေါက်လာမည်ကိုကာကွယ်တားဆီးကြရန် ဗြိတိန်နိုင်ငံဒေသ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များကဆော်သြထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် နော်ဝေနိုင်ငံများတွင် ရောက်ရှိနေသော တမီလ်ကျားသူပုန်အဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့၏ ရှုံးနိမ့်ခဲ့သော ခွဲထွက်ရေးလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်ရန် အင်အားစုစည်းနေကြောင်း သီရိလင်္ကာဝန်ကြီးချုပ်က ပါလီမန်လွှတ်တော်တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါကစ္စတန်ထောက်လှမ်းရေးက အတွင်းကျကျပါဝင်ခဲ့ကြောင်းအိန္ဒိယအစိုးရ၏ အစီရင်ခံစာကို ကိုးကား၍ သတင်းများတွင်ဖော်ပြကြကြောင်း အေပီသတင်းဌာနက ကြေညာသည်။

၂၀ ပထမအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၁ လက်ရှိလွှင့်ထူနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနေရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) က ပြဋ္ဌာန်းလိုက်သော အလံတော်သစ်ကို ညနေ ၃ နာရီ တိတိမှစတင်၍ ပြောင်းလဲလွှင့်ထူသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့်

ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နေပြည်တော် လေဆိပ်၌ပို့ဆောင်နှုတ်ဆက်သည်။

၂၈ ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့တွင်ကျင်းပသော (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်တက်ရောက်သည်။

၃၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်နိုင်ငံဟနွိုင်းမြို့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

## နိုဝင်ဘာလ

၁ ကာတာနိုင်ငံ၌ အခြေစိုက်ကာ မော်ရိုကိုနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းဒေသများသို့ ထိုဒေသများရှိ ဌာနခွဲများမှတစ်ဆင့်ထုတ်လွှင့်နေသည့် အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားလိုင်းကို နိုင်ငံ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ထုတ်လွှင့်မှုများကြောင့် မော်ရိုကိုနိုင်ငံမှ ပိတ်ပစ်လိုက်ကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

၆ တန်ဇန်းနီးယားနိုင်ငံ သမ္မတဂျာကာရာကီကွိုက်သည် ၂၀၁၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိပြန်သဖြင့် နောက်ထပ်သမ္မတရာထူး ၅ နှစ်သက်တမ်းကို ဆက်လက်ထမ်းဆောင်ရန် ဒါရက်စ်လမ်မြို့တော်၌ ကျမ်းသစ္စာကျိန်ဆိုသည်။

၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ ကျင်းပသည်။

၈ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည့်အတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် မေလတွင် ဗြိတိသျှနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ ရောက်ရှိသည်။

၁၁ ကုလသမဂ္ဂအထွေထွေညီလာခံ လူ့အခွင့်အရေးကော်မတီက သေဒဏ်အပြစ်ပေးစီရင်မှု ဖျက်သိမ်းရေးအတွက် မဲခွဲဆုံးဖြတ်ရာ နိုင်ငံပေါင်း ၁၉၂ နိုင်ငံအနက် နိုင်ငံ ၁၀၀ ကျော်က ထောက်ခံမဲပေးပြီး အမေရိကန်နှင့်တရုတ်အပါအဝင်အချို့နိုင်ငံက ကန့်ကွက်မဲပေးကာ ကျန်နိုင်ငံများက မဲပေးခြင်းမရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်တစ်ခုကို တွေ့ရစဉ်

၁၃ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဘရူနိုင်းဒါရုဆလင်နိုင်ငံ၌ ကျင်းပခဲ့သော (၁၆) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၉) ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၈) ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့သွားရောက်ကာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၂၂ အရ ပြစ်ဒဏ်ကျခံနေသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ကို လျှော့ပေါ့ပြောင်းလဲလိုက်သော ပြစ်ဒဏ်ကာလပြည့်မြောက်၍ ပြစ်ဒဏ်အားလုံး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည့်အမိန့်ကို ရှင်းလင်းဖတ်ကြားပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

၁၄ ဟေတီနိုင်ငံအတွင်းရှိ ပြည်နယ် ၆ ခု၌ ဝမ်းရောဂါကူးစက်ဖြစ်ပွားလျက်ရှိရာ ယင်းရောဂါကြောင့် သေဆုံးသူဦးရေသည် ၉၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဟေတီကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် အာရှပစိဖိတ်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိလာသော အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်တို့သည် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ပြုလုပ်သည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် (၅) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၄) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကိုနေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၀ ပြည့်နှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တာဝန်ထိပ်ရှိ Noun Prey Hall ၌ ကျင်းပသည့် (၄) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၂၃ မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိပြီး HIV/AIDS ဝေဒနာရှင်များကို သတ်မှတ်ထားသော အထူးကုဆေးရုံကြီးများတွင် ကုသပေးလျက်ရှိသည့်အပြင် NGO/INGO အဖွဲ့အစည်းများကိုလည်း ကုသရန်ခွင့်ပြုပေးခဲ့သော်လည်း ဒေါ်ဖြူဖြူသင်းဦးစီးသည့်အဖွဲ့က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နေအိမ်တစ်လုံးတွင် HIV/AIDS ဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ပေးနေမှုသည် ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့တို့ အေအိုင်ဒီအက်စ် (AIDS)၊ တီဘီနှင့်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ လက်မှတ်ရေးထိုးသည်။

PAD ဟု ခေါ်ဆိုသည့် ရှပ်ဝါပါတီသည် ၂၀၀၈ ခုနှစ်က ဝန်ကြီးချုပ် အဘီဆစ်နှင့်ရင်းနှီးသည့် ဆက်နွယ်မှုမျိုးရှိခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြင်ဆင်မည့် အဆိုပြုမှုကြောင့် စုဝေးဆန္ဒပြခဲ့ကြသည်။

၂၅ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် နောက်ဆုံးကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲကို မက္ကဆီကိုနိုင်ငံ ကာကွင်မြို့၌ ကျင်းပသည်။

၂၇ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေးနမ်ဘီယာသည် မြန်မာနိုင်ငံသို့ နံနက်ပိုင်းတွင်ရောက်ရှိပြီး မွန်းလွဲ ၂း၀၀ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဝင် ပါတီအချို့မှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးသည်။ ညပိုင်းတွင် မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ဆက်လက်တွေ့ဆုံသည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ ညစာစားကာ ရင်းနှီးခင်မင်စွာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သည်။

၂၈ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ကျင်းပသော တတိယအကြိမ် တရုတ်တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံတကာညီလာခံသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

၂၉ အစ္စရေးနိုင်ငံ၏ ကမ္ဘာကျော်ထောက်လှမ်းရေးအဖွဲ့ဖြစ်သော မော့ဆက်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲအဖြစ် ယင်းထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်း တစ်ဦးကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ခန့်အပ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

၃၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် ဧည့်ခန်းမ၌ တရုတ်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr.Jiang Chao Liang ကို လက်ခံတွေ့ဆုံ၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bank Corporation တို့အကြားချေးငွေ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများက ခံုးကျည်ကာကွယ်ရေး စနစ်တစ်ရပ် တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ခြင်း မရှိလျှင် အနာဂတ်ဆယ်စုနှစ်အတွင်း လက်နက်တပ်ဆင်မှု ပြိုင်ပွဲတစ်ရပ်အစပျိုးလာမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမိထရီ မက်ဗီဒက်ဗ်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

## ဒီဇင်ဘာလ

၁ အောက်တိုဘာလ ၂၆ ရက်နေ့က မွန်ပြည်သစ်ပါတီမှ ခွဲထွက်ခဲ့သော နိုင်ရှောင်ဦးဆောင်သည့် မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင် ၁၆၇ ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ၌ ၎င်းတို့ကိုင်ဆောင်သော လက်နက်မျိုးစုံတို့နှင့်အတူ နိုင်ငံတော်အစိုးရထံ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်သည်။

အရှေ့တီမောနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်ဖြစ်လာပါက ထူးခြားသည့် သင်္ကေတတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သမ္မတ ဟိုဆေးရာမို့စ်ဟော်လ်တာက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၂ ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် ၂၀၁၀ ပြည့်

နှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော အုပ်စုများအတွက် နိုင်ငံကူးလက်မှတ်အတုများ ပြုလုပ်ပေးခဲ့သည်ဟု မသင်္ကာသည့် ပါကစ္စတန်လူမျိုးနှစ်ဦးနှင့် ထိုင်းအမျိုးသမီးတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ထိုင်းရဲတပ်ဖွဲ့များက ပြောကြားသည်။

၃ ပြုယမ်းက အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်လာမှုမျိုး နောက်တစ်ကြိမ် ကျူးကျော်လာပါက တောင်ကိုရီးယား ဂျက်လေယာဉ်များက မြောက်ကိုရီးယားကို ဗုံးကြဲတိုက်ခိုက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးသစ် ကင်ကွမ်ဂျင်က ပြောကြားသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

၅ ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ အာဖရိကသမဂ္ဂတပ်များနှင့် အယ်ရှဘက်တိုက်ခိုက်ရေးသမားများအကြား အကြီးအကျယ်တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၆ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာအုပ်နှင့် စာရေးသူများ၏ အမည်စာရင်းကို ထုတ်ပြန်သည်။

၈ သောကြာဂြိုဟ်၏ ရာသီဥတုအခြေအနေကို လေ့လာခြင်းအားဖြင့် ကမ္ဘာ့မြေပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုကို လေ့လာသုံးသပ်နိုင်မွမ်းရှိမည်ဟု ယူဆယုံကြည်ထားသော အကာဆုကီအမည်ရှိ ဂျပန်အာကာသလေယာဉ်တစ်စင်းသည် သောကြာဂြိုဟ်ပေါ်သို့ မဆင်းသက်နိုင်ရုံမျှမက ဂြိုဟ်ပတ်လမ်းအတွင်း ရောက်ရှိခဲ့ခြင်းမရှိဘဲ နေ၏ဂြိုဟ်ဆွဲအားအတွင်းသို့ ရောက်ရှိသွားကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၃) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းမြွက်ကြားသည်။

၁၂ ပါကစ္စတန်နိုင်ငံအတွင်း စစ်သွေးကြွခြေကုပ်စခန်း ၄၃ ခုရှိပြီး ၂၂ ခုသည် ပါကစ္စတန်ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသအတွင်း ရှိသည်ဟု အိန္ဒိယနိုင်ငံက အမေရိကန်နိုင်ငံကို ပြောကြားခဲ့ကြောင်း ဝီကီလိဝက်ဘ်ဆိုက်မှဖွင့်ချခဲ့သောလျှို့ဝှက်သံတမန်မှတ်တမ်းများ၌ ဖော်ပြသည်။

၁၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၄) သံမဏိစက်ရုံ (မြင်းခြံ) သို့ ရောက်ရှိ၍ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရာဝတီတံတား (ပခုက္ကူ) တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သောချာနိုဘိုင်းလ်နျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုကို ပိုမိုလေ့လာသိရှိလိုသူ ခရီးသွားများအတွက် ယင်းဓာတ်ပေါင်းဖိုဝန်းကျင်ရှိ လူမဝင်ရ နယ်အဖြစ်သတ်မှတ်ထားသော နယ်မြေများကို ၂၀၁၁ ခုနှစ်နှစ်စပိုင်းတွင် ပြန်လည်ဖွင့်ပေးရန် ယူကရိန်းနိုင်ငံက စီစဉ်နေကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ အတွင်းရေးကိစ္စအတော်များများကိုဂျူလီယန်အဆန့်ဂျ် ဦးဆောင်သော ဝီကီလိအင်တာနက် ဝက်ဘ်ဆိုက်မှ ဖော်ထုတ်ခဲ့ခြင်းအတွက် ၎င်းနှင့်ပတ်သက်၍ ဂျူလီယန်အဆန့်ဂျ်အား တွေ့ဆုံမေးမြန်းခန်းကို တိုင်းမ်မဂ္ဂဇင်းက ဖော်ပြလိုက်သည်။

၁၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ တန့်ကြည့်တောင် စွယ်တော်ရှင်စေတီတော်မြတ်ကို သွားရောက်ကြည်ညိုဖူးမြော်ကာ တန့်ကြည့်တောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။




ဂျူလီယန်အဆန့်ဂျ်နှင့် တွေ့ဆုံမေးမြန်းခန်းပါဝင်သော တိုင်းမ်မဂ္ဂဇင်း

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပုဂံဒေသရှိ ဋ္ဌပုထိုးစေတီများနှင့် မုံရွာမြို့ရှိ ဘုရားပုထိုးများကို လှည့်လည်ကြည်ညိုဖူးမြော်သည်။

မန္တလေးတိုင်းဒေသကြီးရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ပြင်ဦးလွင်ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

၁၆ ပြင်ဦးလွင်မြို့သို့ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်း၊ ရတနာပုံမြို့သစ် စီမံကိန်းနှင့် ရတနာပုံတယ်လီပို့တ်ကုမ္ပဏီလီမိတက်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှုသည် မိမိတို့၏ပြည်သူများအကျိုးကျေးဇူးရရှိနိုင်မည့်အပြင် အာရှနှင့်ကမ္ဘာ့နိုင်ငံများ၌ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အိန္ဒိယနိုင်ငံသို့ရောက်ရှိနေစဉ် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံခြားသားခရီးသွားများ လိုက်ပါသည့် ဘတ်စ်ကားပြန်ပေးဆွဲ ခံရမှုကြောင့် ကယ်ဆယ်မှုများလုပ်နေစဉ် ဟောင်ကောင်ခရီးသွား ၈ ဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်ပြီး နစ်နာကြေးပေးရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ခရီးသွားဝန်ကြီးကပြောကြားသည် ဟုအေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

၁၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြင်ဦးလွင်၊ မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ စေတီဘုရားပုထိုးများကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

၂၀၁၀ ပြည့်နှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်ဂေါက်ကွင်းနှင့်ရေပြာဂေါက်ကွင်းတို့၌ စတင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ပါဝင်ဆင်နွှဲသည်။

ဂျပန်ဝန်ကြီးချုပ် မာကယ်သည် ကြိုတင်ထုတ်ပြန်ထားခြင်းမရှိဘဲ အာဖဂန်နစ္စတန်နိုင်ငံသို့သွားရောက်ခဲ့ပြီး သမ္မတဟာမစ်ကာဇိုင်းအပါအဝင် နေတိုး၊ အမေရိကန်တပ်မှူး ဒေးဗစ်ပီးထရောတို့နှင့်တွေ့ဆုံကာ မြောက်ပိုင်း



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူတွေ့ရစဉ်**

ကန်ဒပ်ဖ်ပြည်နယ်ရှိ ဂျာမနီတပ်ဖွဲ့ဝင်များထံသို့သွားရောက်ခဲ့သည်။

၁၉ ကိုရီးယားကျွန်းဆွယ် တွင် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့ တင်းမာမှုများ ဖြစ်ပွားနေမှုကို လျှော့ချနိုင်ရေးအတွက် ရုရှားနိုင်ငံက တိုက်တွန်းခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကငင်းနှင့်ပတ်သက်၍ အရေးပေါ်အစည်းအဝေးပြုလုပ်ခဲ့သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ရုရှားသမ္မတဒီမီတရီမက်ဗီဒက်ဗ်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အေပီသတင်းဌာနကဖော်ပြသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားသည်။ ဆက်လက်၍ဗိုလ်ချုပ်မှူးကြီးသည် သဃ်န်းကျွန်းမြို့နယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၃၁ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက်မိန့်ခွန်းပြောကြားသည်။

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ချီးမြှင့်ပေးသည်။

# ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းလိုက်သော နိုင်ငံတော်အလံ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းလိုက်သောနိုင်ငံတော်တံဆိပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့လိုလားတောင့်တပြီး ပြည်သူ့ဆန္ဒနှင့်ထပ်တူကျသော ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနိုင်ရေးအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့ရာတွင် တိကျပြတ်သားသော လမ်းပြမြေပုံဟုခေါ်သည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ မူဝါဒ လမ်းစဉ် (၇) ရပ်၏ အဆင့် (၃) ဖြစ်သော အမျိုးသားညီလာခံခေါ် ယူခြင်းလုပ်ငန်းကို ၂၀၀၇ ခုနှစ်က ဆောင်ရွက်ခဲ့သည်။ ထိုမှ မူဝါဒ လမ်းစဉ်၏ အဆင့် (၄) ဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပေးနိုင်ရန် ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နှင့် ၂၄ ရက်တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို ကျင်းပပေးခဲ့သည်။ နိုင်ငံတစ်ဝန်း ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူ ၂,၇၂,၈၈,၈၂၇ ဦး အနက် ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲပေးသူများ အနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲကြီးကအတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း ကြေညာခဲ့သည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပြည်သူတို့ ယုံကြည်လက်ခံသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေအဖြစ် စတင်ပေါ်ပေါက်လာခဲ့သည်။

ကမန်အမျိုးသားတိုးတက်ရေးပါတီ

ကယန်းအမျိုးသားပါတီ

ကရင်ပြည်နယ်ဒီမိုကရေစီနှင့်
ဖွံ့ဖြိုးတိုးတက်ရေးပါတီ

ကရင်ပြည်သူ့ပါတီ

ဤသို့ဖြင့် မူဝါဒလမ်းစဉ်၏ အဆင့် (၅) ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဥပဒေအမှတ် (၁/ ၂၀၁၀) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ဥပဒေအမှတ် (၂/ ၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ ဥပဒေအမှတ် (၃/ ၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ ဥပဒေအမှတ် (၄/ ၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ဥပဒေအမှတ် (၅/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့ကပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၁/ ၂၀၁၀) ဖြင့် ပြဋ္ဌာန်းထားသော ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့အရ ဥက္ကဋ္ဌဦးသိန်းစိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးအင်ဇော်နော်၊ ဦးခင်မောင်နု၊ ဦးစောဘလှိုင်၊ ဒေါက်တာဘမောင်၊ ဦးညွန့်တင်၊ ဦးမောင်သာလှ၊ ဒေါက်တာစိုင်းခမ်းလှိုင်၊ ဦးအောင်မြင့်၊ ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်အေး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဒေါ်ခင်လှမြင့်၊ ဦးသာဦး၊ ဒေါက်တာမောင်ထူး၊ ဒေါက်တာဘမောင်၊ ဦးသာဋ္ဌေးနှင့် ဦးဝင်းကြည်တို့ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းပေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၃/ ၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အမိန့်ကြော်ငြာစာအမှတ် (၄/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ၂၀၁၀ ပြည့်နှစ် မတ်လ ၁၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁/ ၂၀၁၀) ကိုထုတ်ပြန်၍ နိုင်ငံရေးပါတီတည်ထောင်လိုသူများသည် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ရုံး နေပြည်တော်သို့လိပ်မူ၍ ရုံးချိန်အတွင်းလာ ရောက်လျှောက် ထားနိုင်ကြောင်း ၂၀၁၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။ ထို့အပြင် ကြေညာချက်အမှတ် (၂/ ၂၀၁၀) ကိုထုတ်ပြန်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင်အကျုံးဝင်သော ပါတီ များသည် နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်လိုပါက ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး နေပြည်တော်သို့ ရုံးချိန်တွင်းလာရောက်လျှောက်ထားနိုင် ကြောင်း ၂၀၁၀ ပြည့်နှစ် မတ်လ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်နယ်နှင့်တိုင်း ကော် မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကို ၂၀၁၀ ပြည့်နှစ် ဧပြီလ ၇ ရက်နေ့တွင် ကြေညာချက်အမှတ် (၃/ ၂၀၁၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၈ (ဂ) ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းပေးခဲ့သည်။ ထို့အပြင် ခရိုင် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များ ကို ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ကြေညာချက်အမှတ် (၈၅/ ၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၊ ကြေညာချက်အမှတ် ၈၆/ ၂၀၁၀ ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၊ ကြေညာချက်အမှတ် (၈၇/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် များ ကြေညာချက်အမှတ် (၈၈/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို သတ်မှတ်ကြေညာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၈၉/ ၂၀၁၀) ကိုထုတ်ပြန်၍ လွှတ်တော်အသီးသီး အတွက် ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့် ရက်ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့ (တနင်္ဂနွေ) နေ့ ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်ကို သတ်မှတ်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၀/ ၂၀၁၀) ကိုထုတ်ပြန်၍ လွှတ်တော်အသီးသီးအတွက် လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်း ခြင်းတို့နှင့်ပတ်သက်၍ နေ့ရက်များအားသတ်မှတ်ကြေညာရာတွင် လွှတ်

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ဓေတ်သစ်ပြည်သူ့ပါတီ

ချင်းတိုးတက်ရေးပါတီ

တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်ကို ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့၊ အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၃၀ ရက်နေ့၊ ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်မည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက်များကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၆ ရက်မှ ၁၀ ရက်အထိ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်မည့် နောက်ဆုံးနေ့ရက်ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက်အဖြစ်သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၉၆/၂၀၁၀) ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းကို စနေနေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များအပါအဝင် ဆောင်ရွက်နိုင်ကြောင်းနှင့် ထိုနေ့များတွင် သက်ဆိုင်ရာတရားရုံးများ၊ မြန်မာ့စီးပွားရေး ဘဏ်များသည် သတ်မှတ်ရုံးချိန်အတိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၉၇/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီဆက်လက်ရပ်တည်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ တွင် အကျုံးဝင်သော အပိုဒ် (၁) ပါ ပါတီ ၁၀ ပါတီအနက် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည်နယ်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိ၍ ဥပဒေအရအလိုအလျောက်ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းခဲ့သည်။ ထို့အတူ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပေးခဲ့ပြီးသော နိုင်ငံရေးပါတီ ၄၂ ပါတီအနက် ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ၊ မြို့တိုင်းရင်းသားပါတီနှင့် ဒေသဖွံ့ဖြိုးရေးပါတီ (ပြည်) တို့သည် လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်ဟူ၍ဖြစ်သည်။

ချင်းအမျိုးသားပါတီ

စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီကချင်ပြည်နယ် (စဒက)

ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP)

တအာင်း(ပလောင်) အမျိုးသားပါတီ

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ

ဒီမိုကရက်တစ်ပါတီ (မြန်မာ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၄ ရက်နေ့က ကြေညာချက်အမှတ် (၉၈/ ၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၃/ ၂၀၁၀) ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း စနစ်တကျပြုစုထားရန် အကြောင်းကြားခြင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဆက်တည်းတွင် ကြေညာချက်အမှတ် (၉၉/ ၂၀၁၀) (၁၀၀/ ၂၀၁၀) တို့ဖြင့် နိုင်ငံအတွင်းရှိအချို့နယ်မြေများသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၈ (စ) အရ ရွေးကောက်ပွဲကျင်းပခြင်းပြုမည်မဟုတ်သည့် နယ်မြေများစာရင်းကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၁၀၅/ ၂၀၁၀) ကိုထုတ်ပြန်၍ ပြည်သူ့လူ့ဘောင်သစ်ပါတီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ နှင့် နည်းဥပဒေ ၇ အရ တည်ထောင်ခွင့်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် လာရောက်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီကို ဖျက်သိမ်းလိုက်ကြောင်းကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံး၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၈ သန်းကျော် (၂၈,၅၃၄,၂၁၆) ထဲမှ ၇၆ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်သော မဲဆန္ဒရှင် ၂၂ သန်းနီးပါး (၂၁,၈၆၃,၁၂၃) ဦးက မဲပေးခဲ့ကြောင်း ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် သတ်မှတ်မဲဆန္ဒနယ် ၃၃၀ အနက် ၃၂၅ နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်(၁၆၈) နယ် အားလုံး၌ ကျင်းပနိုင်ခဲ့သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် သတ်မှတ်မဲဆန္ဒနယ် ၆၇၃ နယ်ရှိသည့်အနက် ၆၆၁ နယ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် နိုဝင်ဘာလ ၇ ရက်နေ့ကကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူများထဲမှ ၇၇ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ကြေညာခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေပုဒ်မ ၈ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့် (၁၂) ရပ်မှ အဓိက လုပ်ငန်းတာဝန် (၂) ရပ်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော လွှတ်တော်ရွေးကောက်ပွဲများကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်



ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)



ပြည်ထောင်စု
ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ



ပြည်ထောင်စုဒီမိုကရေစီပါတီ



ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်

အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဆင့်ကော်မရှင်အဖွဲ့ခွဲများကို ကော်မရှင်ရုံးချုပ်တည်ရာ နေပြည်တော်တွင် ၂၀၁၀ ပြည့်နှစ် ဧပြီလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းသင်တန်းများကို ကော်မရှင်အဖွဲ့ဝင်များက ကြီးကြပ်ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်အသီးသီးသို့ ကော်မရှင်အဖွဲ့ဝင်များသွားရောက်၍ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် ဆင့်ပွားသင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲဝင်ရောက်လိုသည့် နိုင်ငံရေးပါတီများက နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ကြရာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်ခွင့်ရရှိသည့်ပါတီ ၄၂ ပါတီရှိခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ခြင်းမပြုလိုသဖြင့် ပယ်ဖျက်ခဲ့သောပါတီ ၅ ခု ရှိခဲ့သည်။ ထိုပါတီများမှာ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ် သည်။ ထို့ကြောင့် တရားဝင်ရပ်တည်သောပါတီသည် ၃၇ ပါတီရှိခဲ့သည်။ ယင်းနိုင်ငံရေးပါတီများတွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်နှင့် 'ဝ' တိုင်းရင်းသားလူမျိုးတို့ပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံများရှိခဲ့ရာတွင် အတိတ်ကရွေးကောက်ပွဲများသည် အခြေခံခိုင်မာမှု မရှိခြင်း၊ ပါတီအရေးထက် မိမိအရေးကို ဦးစားပေးခြင်း၊ အမျိုးသားရေးကို ပစ်ပယ်ခြင်း စသည့်အမည်းစက်များစွန်းထင်းပေကျံခဲ့ကြောင်း ယခုအချိန်၌ ပြန်လည်ဆင်ခြင်သုံးသပ်စရာရှိလာသည်ဟု ရွေးကောက်ပွဲသုတေသီများက ၎င်းတို့၏ဆောင်းပါးများ၊ မှတ်တမ်းများတွင် ရေးသားဖော်ပြကြသည်။ လွတ်လပ်ရေးရပြီးစ ရွေးကောက်ပွဲပြုလုပ်ရာတွင် ဖဆပလနှင့် ပမညတပါတီဟူ၍ နှစ်ခုတည်းရှိခဲ့သည်။ နောက်တွင် ဖဆပလမှ သန့်ရှင်းနှင့်တည်မြဲဟူ ၍ ပါတီနှစ်ခုကွဲပြားသွားသည်။ ထို့ကြောင့် ပါတီ သုံးခုအနေဖြင့်တည်ရှိခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်တွင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူ၍ တစ်ခုတည်းသာရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က 'နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ဥပဒေအမှတ် ၄/၈၈ဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ ထိုစဉ်က ၂၃၆ ပါတီအထိပါတီများ ပေါ်ပေါက်ခဲ့သည်။ သို့သော် နောက်ဆုံး၌ ပါတီ ၁၀ ခုသာ အဖတ်တင် ကျန်ရစ်သည်။

ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖွဲ့စည်းခန့်အပ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်းဥပဒေအမှတ် (၂/ ၂၀၁၀) ကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေပုဒ်မ ၂၇ တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၄/ ၈၈) ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့သော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၄/ ၈၈) အရ တည်ရှိနေသော ပါတီများကိုလည်း ဥပဒေအမှတ် (၂/ ၂၀၁၀) အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်ရပ်တည် တည်ထောင်လိုပါက ထိုဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရန် အခွင့်အရေးပေးခဲ့သည်။ ထိုသို့အခွင့်အရေးပေးခဲ့သော်လည်း လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရ မည်ဖြစ်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်နှင့်အညီပယ်ဖျက်လိုက်သည့် ဥပဒေအရ တည်ထောင်ခွင့်ပြုခဲ့သည့် ၁၀ ပါတီအနက် ၅ ပါတီသာ ဆက်လက်ရပ်တည်လိုကြောင်း မှတ်ပုံတင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ စည်းရုံးလှုပ်ရှားမှုများပြုလုပ်နိုင်ရန် ကြေညာချက်၊ ညွှန်ကြားချက်များထုတ်ပြန်လျက် အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးခဲ့သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အားလုံး မဲပေးပိုင် ခွင့်ရရှိရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲနည်းဥပဒေနှင့်အညီ မဲစာရင်းများကိုစနစ်တကျပြုစုပြီး ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ကြော်ငြာသင်ပုန်းများကပ်၍ ကြေညာပေးခဲ့သည်။ အကယ်၍ ထိုကြေညာချက်အရ မဲဆန္ဒရှင်များအကြောင်းအမျိုးမျိုးကြောင့် မဲစာရင်းတွင်မပါဝင်ဘဲ ကျန်ရှိနေသေးလျှင် နည်းဥပဒေ (၉) နှင့်အညီ မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုခွင့်ရှိကြောင်းထုတ်ပြန်ကြေညာခဲ့သည်။

ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ (နိုဝင်ဘာလ ၇ ရက်) တွင် မဲဆန္ဒနယ် အတွင်း၌ရှိနေသော်လည်း မဲရုံဆီသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့်အတွက်လည်းကောင်း၊ မဲဆန္ဒရှင်သည် မဲဆန္ဒနယ်၏ အပြင်သို့ရောက်ရှိနေသည့်အတွက်လည်းကောင်း၊ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရန် ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲနည်းဥပဒေအတိုင်း ကြိုတင်မဲပေးခွင့်ပြုသည့်ဆန္ဒမဲကို ကြိုတင်ဆန္ဒမဲဟု

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ

မြို(ခေါ်)ခမီအမျိုးသားညီညွတ်ရေးအဖွဲ့
(မ.ခ.မ.ည.ဖ)

မြန်မာနိုင်ငံရခိုင်ပြည်နယ်
အမျိုးသားအင်အားစုပါတီ

ဖော်ပြထားသည်။

ယင်းနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၇ အရ ပြဋ္ဌာန်းခဲ့သည့် ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ ဥပဒေနည်းဥပဒေများတွင် ကြိုတင်ဆန္ဒပေးခြင်းနည်းလမ်းကို နည်းဥပဒေများဖြစ်သည့် ၇၀-ဈ တွင်လည်းကောင်း၊ ၇၀-ဃ တွင်လည်းကောင်း၊ ၇၀-ဒ တွင်လည်း ကောင်း၊ ၇၀-ပ တွင်လည်းကောင်း ဖော်ပြထားသည်။ ထို့အတူ ၁၉၇၃ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (၁၆) နှင့် (၁၇) တို့ တွင် ကြိုတင်ဆန္ဒမဲပေးရန်နည်းလမ်းကို ပြဋ္ဌာန်းထားပြီး ယင်းနည်းဥပဒေများ ၄၅၊ ၄၆၊ ၄၇၊ ၄၈ နှင့် ၄၉ တို့တွင် ဖော်ပြထားသည်။ ဤသို့လျှင် ကြိုတင်ဆန္ဒမဲပေးနိုင်သည့်နည်းလမ်းနှင့်ပတ်သက်၍ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၆ တွင်လည်း ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၄) နှင့် ပုဒ်မ ၁၈ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၈) နှင့် (၉) တို့တွင်ဖော်ပြထားသည်။ ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၈ နှင့် ၃၉ တို့တွင်လည်းကောင်း၊ ယင်းနည်း ဥပဒေများ ၅၆ နှင့် ၆၀ မှ ၆၈ အထိ လည်းကောင်း ကြိုတင်မဲနည်းဥပဒေနည်းလမ်းများကို ဖော်ပြထားသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ အရ ပြဋ္ဌာန်းထားသည့် ၂၀၁၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ နည်းဥပဒေများ၌လည်း ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ထည့်သွင်းပြဋ္ဌာန်းထားသည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၃၇ ပါတီရှိပါဝင်ယှဉ်ပြိုင်ကြသည်။ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း ၃,၀၅၉ ဦး ပါဝင်အရွေးချယ်ခံကြ၍ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသူမှာ ၈၂ ဦးဖြစ်သည်။ မဲဆန္ဒနယ်အနေဖြင့် စုစုပေါင်း ၁,၁၆၃ နယ်ရှိသည်။ ရွေးကောက်ပွဲအကြိုကာလတွင် ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံမည့် ပါတီများမှ ကိုယ်စားလှယ်တစ်ဦးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများအား စည်းရုံးဟောပြော ခွင့်ရရှိသည်။ ထို့အပြင် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများသည် မိမိတို့လွှတ်တော်နယ်မြေအလိုက် ကိုယ်တိုင်ကိုယ်ကျ တစ်အိမ်တက်တစ်အိမ်ဆင်း စည်းရုံးရေးဆင်းခွင့်ရရှိသည်။ ထို့အပြင် ရွေးကောက်ပွဲကြေညာစာတမ်း၊ ပါတီမူဝါဒ သဘောထားလုပ်ငန်းစဉ် စာတမ်းနှင့် ပါတီသတင်းလွှာ လက်ကမ်းစာစောင် စသည်တို့ကို ထုတ်ဝေခွင့်ပြုကာစာနယ်ဇင်းနည်းလမ်းအားဖြင့်လည်း ပြည်သူကို စည်းရုံးခွင့်ရရှိသည်။ ပြည်ထောင်စု



မွန်ဒေသလုံးဆိုင်ရာ
ဒီမိုကရေစီပါတီ



ရခိုင်တိုင်းရင်းသားများ
တိုးတက်ရေးပါတီ



စစ်မျိုးဆက်ကျောင်းသားလူငယ်များ
(ပြည်ထောင်စုမြန်မာနိုင်ငံ)



လားဟူအမျိုးသား
ဖွံ့ဖြိုးတိုးတက်ရေးပါတီ

"ဝ" ဒီမိုကရက်တစ်ပါတီ

"ဝ" အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)

အမျိုးသားဒီမိုကရေစီအင်အားစု

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပညာပေးပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများဆန္ဒပေးရွေးချယ်ရာ၌ မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက် (၇) ချက်နှင့် မဲပေးရာတွင် "ပယ်မဲ" မဖြစ်စေရေး သတိပြုရန် အချက် (၅) ချက်တို့ကို နေ့စဉ်ထုတ်သတင်းစာများတွင် ရွေးကောက်ပွဲ မတိုင်မီ ရက်သတ္တပတ်နှစ်ပတ်ခန့်ကတည်းက ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပြည်သူများမိမိ၏မဲပေးပိုင်ခွင့် မဆုံးရှုံးစေဘဲ မဲပေးရာ၌လည်း စနစ်တကျရှိစေရန်နှင့် ရွေးကောက်ပွဲစနစ်ကို နားလည်သိကျွမ်းစေကာ တန်ဖိုးရှိသောမဲတစ်ပြားဖြစ်စေရေးအတွက် ရုပ်သံမီဒီယာများမှ "ဒီမိုမွေးနေ့" ဇာတ်လမ်းကိုလည်းကောင်း၊ တေးသီချင်းများကိုလည်းကောင်း အကြိမ်ကြိမ်လွှင့်ထုတ်ပေးခဲ့သည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက်နေ့က နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းစာဆရာများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား ရွေးကောက်ပွဲကြိုတင် ပြင်ဆင်မှုလုပ်ငန်းများ ရှင်းလင်းခြင်းနှင့်ဆန္ဒမဲပေးမှု သရုပ်ပြခြင်းလုပ်ငန်းများကို လက်တွေ့ပြသကျင်းပပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်အားလုံးကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ဆန္ဒမဲပေးမည့် ပြည်သူများအတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအသီးသီးကို ဥပဒေပါ သတ်မှတ်ချက်အတိုင်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ မဲရုံတွင်းသို့ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အကူကိုယ်စားလှယ်များ ဝင်ရောက်ခွင့်ရှိမည်ဖြစ်သည်။ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အခါ ဆန္ဒမဲများရေတွက်ခြင်းကို ထိုမဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ် များရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်၍ စာရင်းသွင်းမည်ဖြစ်သည်။ ထို့အပြင် ဆန္ဒမဲရေတွက်ရာတွင် ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကိုလည်း မှတ်တမ်းတင်ထားမည်ဖြစ်သည်။ မဲရုံမှူးက ပယ်သည့်ဆန္ဒမဲလက်မှတ် များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ ကြည့်ရှုခွင့်ရှိစေရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်း ထားသူသည် မိမိ၏အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်းရုပ်သိမ်းခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း

အမျိုးသားနိုင်ငံရေး
မဟာမိတ်များအဖွဲ့ချုပ်

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး
ဒီမိုကရက်တစ်ပါတီ

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်
ငြိမ်းချမ်းရေးပါတီ

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ ၎င်းတို့လက်ဝယ်ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည့်အချိန်တွင် ယင်းနေရာ၌ ကြည့်ရှုခွင့်ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ် ကိုမျှ ဘက်လိုက်ခြင်း၊ အခွင့်အရေးပေးခြင်းမရှိစေရဘဲ ပေးအပ်သည့်တာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက် (တနင်္ဂနွေ) နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နံနက် ၆ နာရီမှ စ၍ မဲရုံအားလုံး တစ်ပြိုင်တည်းဖွင့်လှစ်ပေးသည်။ မဲရုံမှူးနှင့် မဲရုံတာဝန်ကျပုဂ္ဂိုလ်များက ပြည်သူများစတင်မဲပေးနိုင်ရန် ဆောင်ရွက်ပေးကြသည်။ ထို အချိန်မှစ၍လည်း မြန်မာနိုင်ငံပြည်သူများအားလုံး မဲပေးကြသည်။ ပြည်သူများသည် ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ လျှို့ဝှက်ဆန္ဒပြုခန်း၌ မိမိစိတ်ကြိုက် လွတ်လပ်စွာ နှစ်သက်သည့်ကိုယ်စားလှယ်ကို ဆန္ဒပြုရွေးချယ်ကာ သက်ဆိုင်ရာမဲပုံးများတွင် ဆန္ဒမဲထည့်ကြသည်။ ထိုနေ့ ညနေပိုင်း မဲရုံပိတ်ချိန်ရောက်သောအခါ မဲရုံပရဝဏ်အတွင်း ညနေ ၄ နာရီမတိုင်မီစုဝေးရောက်ရှိနေသူ မဲဆန္ဒရှင်အားလုံး ပါဝင်မဲပေးနိုင်စေရန် မဲရုံမှူးနှင့်မဲရုံတာဝန်ကျပုဂ္ဂိုလ်များက စောင့်ဆိုင်းဆောင်ရွက်ပေးကြသည်။

မဲရုံပိတ်၍ မဲရေတွက်ရာတွင် မဲရုံမှူးတာဝန်ကျပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာတာဝန်ကျကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ခန့်အပ်ထားသည့် မဲရုံကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများနှင့် လေ့လာသူများရှေ့တွင် ဆောင်ရွက်ကြသည်။

ယင်းကဲ့သို့ ဆန္ဒမဲပေးရွေးချယ်နေခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ် ၁၈ နယ်တွင် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ် မဂ္ဂဇင်းများမှ စာတည်းများနှင့်သတင်းထောက်များကို လေ့လာကြည့်ရှုခွင့်ပြုခဲ့သည်။

ဤသို့ဖြင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများက မိမိတို့နှစ်သက်သည့် ကိုယ်စားလှယ်လောင်းများကို အောင်မြင်စွာ ရွေးချယ်ပေးနိုင်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲပြီးဆုံးသောအခါ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ကိုယ်စားလှယ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများမှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ

၇၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ နှင့် ၁၈ ရက်နေ့တို့တွင် ကြေညာချက်အမှတ် (၁၁၈/ ၂၀၁၀) မှ (၁၄၂/ ၂၀၁၀) အထိရှိသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ကိုယ်စားလှယ်အမည်စာရင်းကို ထုတ်ပြန်ဖော်ပြပေးခဲ့သည်။ ထို့မှမက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ တစ်ဦးချင်းရရှိမှုမဲအရေအတွက်ကိုလည်း ပြည့်ပြည့်စုံစုံ ထုတ်ပြန်ဖော်ပြပေးခဲ့သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရခြင်းကို ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ ကန့်ကွက်လိုလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၇/၆၈ နှင့် နည်းဥပဒေ ၈၇ တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြား နှင့်နေ့စဉ်သတင်းစာများမှ ဖော်ပြပေးခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အခြေပြုကာ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာ၍ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အားလုံးပါဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးခဲ့သည်။

ဤကဲ့သို့ ရွေးကောက်ပွဲကြီးတစ်ခုလုံး အောင်မြင်စေရန် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ နေ့စွဲဖြင့် (၁/ ၂၀၁၁)၊ (၂/ ၂၀၁၁) နှင့် (၃/ ၂၀၁၁) တို့ကိုထုတ်ပြန်ကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့၌ ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း၊ ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း နှင့် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်းတို့ကို ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်အစည်းအဝေးတို့ကို နေပြည်တော်၌ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးတွင် ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ လွှတ်တော်ခေါ်ယူခြင်းသည် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ် ၇ ရပ်မှ အဆင့် (၆) လုပ်ငန်းဖြစ်ပေသည်။ ဤသို့ဖြင့် ပြည်သူ့လွှတ်တော်ခေါ်ယူပြီးသောအခါ နောက်ဆုံးပန်းတိုင်ဖြစ်သည့် အဆင့် (၇) တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပေါ်ပေါက်လာသောအစိုးရသစ်သို့ အာဏာလွှဲပြောင်းပေးမည်ဖြစ်သည်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အစည်းအဝေးကျင်းပစဉ်


ပါတီများမှမဲဆွယ်စည်းရုံးစဉ် တက်ရောက်လာကြသော ပြည်သူများ


ရွေးကောက်ပွဲနေ့က တွေ့ရသောမဲရုံတစ်ရုံ


နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံတစ်ခု၏ မှန်ဦးအဝင် တွေ့မြင်ရစဉ်

## လွှတ်တော်အလိုက် ပါတီများမှ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများ

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုးလွှတ်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကမန်အမျိုးသားတိုးတက်ရေးပါတီ | ၂ | ၁ | ၃ | | ၆ |
| ၂ | ကယန်းအမျိုးသားပါတီ | ၂ | ၃ | ၇ | ၁ | ၁၃ |
| ၃ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုး တိုးတက်ရေးပါတီ | | ၂ | ၂ | | ၄ |
| ၄ | ကရင်ပြည်သူ့ပါတီ | ၇ | ၅ | ၂၄ | ၅ | ၄၁ |
| ၅ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၃ | ၁ | ၄ | | ၈ |
| ၆ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | ၃ | | | ၃ |
| ၇ | ခေတ်သစ်ပြည်သူ့ပါတီ | ၇ | ၄ | ၁၉ | | ၃၀ |
| ၈ | ချင်းတိုးတက်ရေးပါတီ | ၈ | ၁၂ | ၁၇ | ၁ | ၃၈ |
| ၉ | ချင်းအမျိုးသားပါတီ | ၆ | ၇ | ၉ | | ၂၂ |
| ၁၀ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) | ၂ | ၃ | ၂ | ၂ | ၉ |
| ၁၁ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | ၄ | ၃ | ၁ | | ၈ |
| ၁၂ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၄ | ၂ | ၉ | | ၁၅ |
| ၁၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၄ | ၁၄၉ | ၅၃၅ | ၁၇ | ၉၉၅ |
| ၁၄ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | | ၁ | ၂ | | ၃ |
| ၁၅ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | ၈ | ၁ | | | ၉ |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၂၂ | ၉ | ၁၆ | | ၄၇ |
| ၁၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၃ | ၁ | ၆ | | ၁၀ |
| ၁၈ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၄ | ၁၅၉ | ၆၁၂ | ၂၇ | ၁၁၁၂ |
| ၁၉ | ပြည်ထောင်စုဒီမိုကရေစီပါတီ | ၂ | ၁ | | | ၃ |
| ၂၀ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ် | ၂၄ | ၁၁ | ၁၀ | | ၄၅ |
| ၂၁ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၅ | ၄ | ၉ | | ၁၈ |
| ၂၂ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၃ | ၂ | ၂ | | ၇ |
| ၂၃ | မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ | ၁ | ၁ | ၇ | | ၉ |
| ၂၄ | မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသား အင်အားစုပါတီ | ၂ | ၂ | ၁၀ | | ၁၄ |
| ၂၅ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၈ | ၉ | ၁၆ | ၁ | ၃၄ |

တစ်ဖက်သို့ဆက်ရန်

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၆ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၁၂ | ၈ | ၂၃ | ၁ | ၄၄ |
| ၂၇ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | ၂၈ | ၆ | ၅ | | ၃၉ |
| ၂၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅ | ၁၅ | ၉၃ | ၃ | ၁၅၆ |
| ၂၉ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃ | | ၈ | ၁ | ၁၂ |
| ၃၀ | 'ဝ' ဒီမိုကရက်တစ်ပါတီ | ၄ | ၁ | ၈ | | ၁၃ |
| ၃၁ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | ၃ | ၁ | | | ၄ |
| ၃၂ | ဝံသာနု (NLD) ပြည်ထောင်စုမြန်မာနိုင်ငံ | ၄ | | | | ၄ |
| ၃၃ | အမျိုးသားဒီမိုကရေစီအင်အားစု | ၁၀၂ | ၃၄ | ၂၃ | | ၁၅၉ |
| ၃၄ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် | ၆ | ၃ | ၄ | | ၁၃ |
| ၃၅ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | ၆ | ၅ | ၁၁ | | ၂၂ |
| ၃၆ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | | ၂ | ၁ | | ၃ |
| ၃၇ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၁ | ၂ | ၁ | ၅ |
| ၃၈ | တစ်သီးပုဂ္ဂလ | ၄၀ | ၇ | ၂၉ | ၆ | ၈၂ |
| | | ၉၈၅ | ၄၇၉ | ၁၅၂၉ | ၆၆ | ၃၀၅၉ |

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပါတီများမှ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများ**

| စဉ် | ပါတီအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကမန်အမျိုးသားတိုးတက်ရေးပါတီ | | | | | | | | | | | ၆ | | | | ၆ |
| ၂ | ကယန်းအမျိုးသားပါတီ | | ၇ | ၁ | | | | | | | | | | ၅ | | ၁၃ |
| ၃ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | ၄ | | | | | | | | | | | | ၄ |
| ၄ | ကရင်ပြည်သူ့ပါတီ | | | ၄ | | | ၂ | ၆ | | | ၂ | | ၁၀ | | ၁၇ | ၄၁ |
| ၅ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | | | | | | | | | | | | | ၈ | | ၈ |
| ၆ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | | | | | | ၃ | | | | ၃ |
| ၇ | ခေတ်သစ်ပြည်သူ့ပါတီ | | | | | | | ၁ | | | | | ၇ | | ၂၂ | ၃၀ |
| ၈ | ချင်းတိုးတက်ရေးပါတီ | | | | ၂၉ | ၉ | | | | | | | | | | ၃၈ |
| ၉ | ချင်းအမျိုးသားပါတီ | | | | ၂၂ | | | | | | | | | | | ၂၂ |
| ၁၀ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) | ၉ | | | | | | | | | | | | | | ၉ |

| စဉ် | ပါတီအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) | | | | ၅ | ၁ | | | ၁ | ၁ | | | | | | ၈ |
| ၁၂ | တအာင်း (ပလောင်) အမျိုးသားပါတီ | | | | | | | | | | | | | ၁၅ | | ၁၅ |
| ၁၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၀ | ၃၂ | ၂၁ | ၃၃ | ၁၁၉ | ၃၃ | ၉၆ | ၈၇ | ၁၀၂ | ၄၅ | ၅၅ | ၁၄၂ | ၈၁ | ၈၇ | ၉၉၅ |
| ၁၄ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ | | | | ၃ | | | | | | | | | | | ၃ |
| ၁၅ | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ | | | | | ၁ | | ၂ | | | | | ၆ | | | ၉ |
| ၁၆ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | | | | | | ၁ | ၉ | | ၁၀ | ၃ | ၁ | ၂၃ | | | ၄၇ |
| ၁၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | | | | | | | | | | | | | ၁၀ | | ၁၀ |
| ၁၈ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇ | ၃၄ | ၃၂ | ၃၉ | ၁၂၅ | ၄၃ | ၉၇ | ၈၈ | ၁၀၅ | ၄၄ | ၆၄ | ၁၄၉ | ၁၄၄ | ၉၁ | ၁၁၁၂ |
| ၁၉ | ပြည်ထောင်စုဒီမိုကရေစီပါတီ | | | | | | | ၁ | | | | | ၂ | | | ၃ |
| ၂၀ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် | | | | ၂ | ၁ | | ၁၀ | ၂၄ | ၄ | | | | | ၄ | ၄၅ |
| ၂၁ | ဖလုံ-စဝေါဒီမိုကရက်တစ်ပါတီ | | | ၁၅ | | | | | | | ၂ | | ၁ | | | ၁၈ |
| ၂၂ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | | | | | | | | | | | | ၃ | | ၄ | ၇ |
| ၂၃ | မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ | | | | ၂ | | | | | | | ၇ | | | | ၉ |
| ၂၄ | မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | | | | | | | | | | | ၁၄ | | | | ၁၄ |
| ၂၅ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | | | ၄ | | | ၁ | | | | ၂၉ | | | | | ၃၄ |
| ၂၆ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | | | | | | | | | | | ၄၃ | ၁ | | | ၄၄ |
| ၂၇ | ဂဂမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | | | | | ၄ | | ၂ | ၄ | ၆ | | | ၂၃ | | | ၃၉ |
| ၂၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅ | | | | ၆ | | | | ၁ | | | | ၁၁၄ | | ၁၅၆ |
| ၂၉ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | | | | | | | | ၁၂ | | ၁၂ |
| ၃၀ | 'ဝ' ဒီမိုကရက်တစ်ပါတီ | | | | | | | | | | | | | ၁၃ | | ၁၃ |
| ၃၁ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | | | | | | | | | | | | | ၄ | | ၄ |
| ၃၂ | ဝံသာနု (NLD) ပြည်ထောင်စုမြန်မာနိုင်ငံ | | | | | | | | | ၃ | | | ၁ | | | ၄ |
| ၃၃ | အမျိုးသားဒီမိုကရေစီအင်အားစု | ၂ | | | ၈ | ၅ | ၄ | ၁၄ | ၂၂ | ၃၀ | ၁ | | ၅၃ | ၈ | ၁၀ | ၁၅၉ |
| ၃၄ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် | | | | | | | | ၃ | ၂ | | | ၆ | | ၂ | ၁၃ |
| ၃၅ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | | | | | | | | | | | ၁၇ | ၅ | | | ၂၂ |
| ၃၆ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ | | | | | | | | | | | ၃ | | | | ၃ |
| ၃၇ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | | | | | | | | | | | ၅ | | ၅ |
| ၃၈ | တစ်သီးပုဂ္ဂလ | ၇ | | ၃ | | ၆ | ၁ | ၅ | ၂ | ၆ | ၃ | ၇ | ၂၆ | ၉ | ၇ | ၈၂ |
| | | ၁၇၀ | ၇၃ | ၈၄ | ၁၄၃ | ၂၇၇ | ၈၇ | ၂၄၃ | ၂၃၁ | ၂၇၀ | ၁၂၉ | ၂၂၀ | ၄၅၈ | ၄၂၈ | ၂၄၅ | ၃၀၅၉ |

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက်ပါတီအလိုက် တိုင်းရင်းသားလူမျိုးစုအသီးသီးမှ အရွေးချယ်ခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ

| စဉ် | ပါတီအမည် | ကိုယ်စားလှယ် ဦးရေ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | အရွေးချယ်ခံ ကိုယ်စားလှယ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကယန်းအမျိုးသားပါတီ | ၁ | | | | | | | | | | | | | ၁ | | ၁ |
| ၂ | ကရင်ပြည်သူ့ပါတီ | ၅ | | | | | | | ၁ | | | | | ၁ | | | ၂ |
| ၃ | ချင်းတိုးတက်ရေးပါတီ | ၁ | | | | | ၁ | | | | | | | | | | ၁ |
| ၄ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ | ၂ | | | | | | | | | | | | | | | |
| ၅ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇ | ၁ | | | | | | | ၁ | | | | | | | ၂ |
| ၆ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇ | ၂ | ၁ | ၁ | | ၁ | ၁ | | | | ၃ | ၁ | | ၅ | ၂ | ၁၇ |
| ၇ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၁ | | | | | | | | | | | | ၁ | | | ၁ |
| ၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃ | ၁ | | | | | | | | ၁ | | | | | | ၂ |
| ၉ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၁ | | | ၁ | | | | | | | | | | | | ၁ |
| ၁၀ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | | | | | | | | | | | | | | |
| ၁၁ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | | | | | | | | | | | | ၁ | | ၁ |
| ၁၂ | တစ်သီးပုဂ္ဂလ | ၆ | | | ၁ | | | | | | | | | | | | ၁ |
| | | ၆၆ | ၄ | ၁ | ၄ | | ၂ | ၁ | ၁ | ၁ | ၁ | ၃ | ၁ | ၂ | ၇ | ၂ | ၂၉ |

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် လွှတ်တော်အလိုက် ရွေးချယ်ခံကိုယ်စားလှယ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ် | စုစုပေါင်း ပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၈ | ၁၂ | ၃၄ | ၄ | ၆၈ |
| ၂ | ကယားပြည်နယ် | ၇ | ၁၂ | ၁၄ | ၁ | ၃၄ |
| ၃ | ကရင်ပြည်နယ် | ၇ | ၁၂ | ၁၄ | ၃ | ၃၆ |
| ၄ | ချင်းပြည်နယ် | ၉ | ၁၂ | ၁၈ | | ၃၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇ | ၁၂ | ၇၄ | ၂ | ၁၂၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၀ | ၁၂ | ၂၀ | ၁ | ၄၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၂၈ | ၁၂ | ၅၆ | ၁ | ၉၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၅ | ၁၂ | ၅၀ | ၁ | ၈၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၆ | ၁၂ | ၅၆ | ၁ | ၁၀၅ |
| ၁၀ | မွန်ပြည်နယ် | ၁၀ | ၁၂ | ၂၀ | ၃ | ၄၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၇ | ၁၂ | ၃၄ | ၁ | ၆၄ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်အမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၅ | ၁၂ | ၉၀ | ၂ | ၁၄၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅၀ | ၁၂ | ၁၀၀ | ၇ | ၁၆၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂၆ | ၁၂ | ၅၂ | ၂ | ၉၂ |
| | | ၃၃၅ | ၁၆၈ | ၆၃၂ | ၂၉ | ၁၁၅၄ |

## လွှတ်တော်အလိုက် ပါတီများမှ အရွေးချယ်ခံကိုယ်စားလှယ်များ

| စဉ် | ပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကယန်းအမျိုးသားပါတီ | | | ၁ | ၁ | ၂ |
| ၂ | ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | | ၁ | ၁ | | ၂ |
| ၃ | ကရင်ပြည်သူ့ပါတီ | ၁ | ၁ | ၂ | ၂ | ၆ |
| ၄ | ချင်းတိုးတက်ရေးပါတီ | ၂ | ၄ | ၅ | ၁ | ၁၂ |
| ၅ | ချင်းအမျိုးသားပါတီ | ၂ | ၂ | ၅ | | ၉ |
| ၆ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) | ၁ | ၁ | ၂ | | ၄ |
| ၇ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၁ | ၁ | ၄ | | ၆ |
| ၈ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂ | ၅ | ၄၅ | ၂ | ၆၄ |
| ၉ | တိုင်းရင်းသားလူမျိုးစုများပါတီ | | | ၁ | | ၁ |
| ၁၀ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | | | ၃ | | ၃ |
| ၁၁ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ၃ | ၁ | ၆ | | ၁၀ |
| ၁၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၉ | ၁၂၉ | ၄၇၇ | ၁၇ | ၈၈၂ |
| ၁၃ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၄ | | ၉ |
| ၁၄ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၃ | ၄ | ၈ | ၁ | ၁၆ |
| ၁၅ | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ | ၉ | ၇ | ၁၈ | ၁ | ၃၅ |
| ၁၆ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | | | ၁ | | ၁ |
| ၁၇ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈ | ၃ | ၃၄ | ၂ | ၅၇ |
| ၁၈ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | | | ၁ | | ၁ |
| ၁၉ | 'ဝ' ဒီမိုကရက်တစ်ပါတီ | ၂ | | ၃ | | ၅ |
| ၂၀ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | | ၁ | | | ၁ |
| ၂၁ | အမျိုးသားဒီမိုကရေစီအင်အားစု | ၈ | ၄ | ၄ | | ၁၆ |
| ၂၂ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ | | | ၂ | | ၂ |
| ၂၃ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | ၂ | ၁ | ၄ |
| ၂၄ | တစ်သီးပုဂ္ဂလ | ၁ | ၁ | ၃ | ၁ | ၆ |
| | | ၃၃၅ | ၁၆၈ | ၆၃၂ | ၂၉ | ၁၁၅၄ |



ကော့ဂွန်းဂူနံရံမှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ



သင်္ကန်းဆီးပြီးစ ရှင်သာမဏေများ





မောင်ရှင်လောင်းများနှင့် နားထွင်းသမီးများ



နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်စဉ်က အိန္ဒိယနိုင်ငံ အကြီးအကဲများနှင့်အတူ တွေ့ရစဉ်



၂၀၁၀ ပြည့်နှစ်အတွင်းက အာဆီယံထိပ်သီးအစည်းအဝေးပွဲများတွင် တွေ့ရသော အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ

ရာဇူဒိုင်တံတားတည်ဆောက်မှုမြင်ကွင်း



ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်မှုမြင်ကွင်း



လင်းခေးမှဟိုမိန်းသို့သွားလမ်း (တာဆွတ်တိန်းကူးတို့ဆိပ်) သံလွင်ရှခင်း



ရှမ်းဓလေ့ရိုးရာ ရှင်ပြုပွဲ



နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား



မြန်မာ့ရိုးရာ ရုပ်သေးအနုပညာမှ မင်းသားမင်းသမီး နှစ်ပါးသွားမြိုင်ထအက





ဆင်ဖြူတော်



ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓပူဇနီယပွဲ

MRTV-4 ရိုက်ကွင်း





နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား၌ ကျောင်းသားကျောင်းသူလေးများ၏
ဂီတစွမ်းရည်ဖျော်ဖြေတင်ဆက်မှု

ပညာရေးစုံညီပွဲတော်၏ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုသရုပ်ပြပွဲ



# အပိုင်း

# (၂)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ အပိုင်း (၂) ကဏ္ဍသည် အထူးဆောင်းပါးကြီးများကိုစုစည်း၍ ဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ဖော်ပြရာ၌ ဆောင်းပါးခေါင်းစဉ်အရ အက္ခရာစဉ်စနစ်ဖြင့်စီကာစဉ်ထားခြင်းဖြစ်သည်။ ပါဝင်သည့်ဆောင်းပါးများ၏ အကြောင်းအရာများသည် စွယ်စုံနှစ်ချုပ်၏ သဘောသဘာဝအတိုင်း ကုန်လွန်ခဲ့သည့်နှစ် (၂၀၀၀ ပြည့်နှစ်) အတွင်းမှ တစ်နှစ်တာကာလအတွင်း ထင်ရှားစွာပေါ်ပေါက်လာသောအကြောင်းအရာများကိုမူတည်ကာ စာရေးသူ ပညာရှင်တို့ ကိုယ်တိုင်ရှာဖွေလေ့လာ သုတေသနပြုရေးသားထားခြင်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် အထူးဆောင်းပါးကြီး ၉ ပုဒ်ပါဝင်၍ ပညာရေး၊ လေကြောင်းစစ်ရေး၊ ယဉ်ကျေးမှု၊ ပထဝီဝင်၊ သဘာဝဘေးအန္တရာယ်၊ သိပ္ပံနှင့်နည်းပညာဟူသော ခေါင်းစဉ်ကြီးများအောက်၌တည်ရှိနေသည့် အကြောင်းအရာများဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအကြောင်းအရာများမင်လျှင် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ၂၀၀၀ ပြည့်နှစ်ကို ကိုယ်စားပြုနေသည်ဟု ဆိုနိုင်ပါသည်။ ပါဝင်ရေးသားကြသူများမှာ တကြည့်တိုက်ပညာရှင်၊ ယဉ်ကျေးမှုအနုပညာရှင်၊ သမိုင်းပါမောက္ခ (အငြိမ်းစား)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) နှင့် လက်ရှိမြန်မာစာပါမောက္ခ၊ ညွှန်ကြားရေးမှူး၊ အမျိုးသားစာပေတစ်သက်တာဆုရ ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ နိုင်ငံရေးဘာသာရပ်ကို ရွေးချယ်လေ့လာဘာသာပြန်ဆိုရေးသားသူဟူ၍ မိမိတို့၏ပညာရပ်နယ်ပယ်၌ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူများ ဖြစ်ကြပါသည်။

# အပိုင်း (၂)

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ကမ္ဘာနှင့် မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့် အဖွဲ့အစည်းများ | ဟိန်းလတ် | ၆၉ - ၇၆ |
| ၂။ | ကမ္ဘာနှင့်မြန်မာ့ရုပ်သေးအနုပညာ | မမနိုင် | ၇၇ - ၈၂ |
| ၃။ | နှစ်ငါးရာပြည့်တောင်ငူမြို့ (ကေတုမတီ) | ဒေါက်တာတိုးလှ | ၈၃ - ၉၂ |
| ၄။ | ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သော ငလျင်များ | အောင်ချိန်ဘွား | ၉၃ - ၁၀၄ |
| ၅။ | မောင်းသူမဲ့လေယာဉ် | သောင်းထိုက်ဦး | ၁၀၅ - ၁၁၂ |
| ၆။ | မြန်မာတို့၏ ရဟန်းခံရှင်ပြုနှင့် နားသမင်္ဂလာ | ဆင်ဖြူကျွန်းအောင်သိန်း | ၁၁၃ - ၁၂၂ |
| ၇။ | မြန်မာနိုင်ငံနှင့် မြန်မာစာပါရဂူဘွဲ့ | ဒေါက်တာအောင်မြင့်ဦး | ၁၂၃ - ၁၃၂ |
| ၈။ | မြန်မာနိုင်ငံ၏ လူဦးရေ | ဦးအောင်မြင့်သိန်း | ၁၃၃ - ၁၄၂ |
| ၉။ | MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ | ရည်အောင် (ရွှေဘို) | ၁၄၃ - ၁၅၂ |

# ကမ္ဘာနှင့်မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့်အဖွဲ့အစည်းများ



ဟိန်းလတ်



# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) အထူးဆောင်းပါး



ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း

Rural Library Foundation

## ဟိန်းလတ်







၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဦးမောင်မောင်ထွန်းနှင့် ဒေါ်မြင့်မြင့်တို့က ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးမောင်မောင်ဦးဖြစ်သည်။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့၊ စာကြည့်တိုက်ပညာဘွဲ့လွန်ဒီပလိုမာနှင့်လူမှုရေးပညာဒီပလိုမာများရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှစ၍ စာပေများစတင်ရေးသားခဲ့ရာ စာအုပ် ၉၃ အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ထို့နောက် နိုင်ငံတကာမှနိုင်ငံ့ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုရွေးချယ်၍ ရေးသားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အမျိုးသားစာပေဆုကို မူရင်းစာရေးဆရာ လီကွမ်ယု၏ "တတိယကမ္ဘာမှ ပထမကမ္ဘာသို့" စာအုပ်ဖြင့် ရရှိခဲ့သည်။ စိုက်ပျိုးရေးတက္ကသိုလ်နှင့်မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တွင်စာကြည့်တိုက်မှူးတာဝန်များထမ်းဆောင်ခဲ့စဉ်က ဩစတြေးလျနိုင်ငံတွင် ကိုလံဘို အစီအစဉ်ဖြင့်စာကြည့်တိုက် ပညာသင်ကြားခဲ့သည်။

၁၉၉၅ခုနှစ်တွင် တရုတ်နိုင်ငံသို့စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၇ခုနှစ်တွင် သတင်းစာဆရာကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံသို့ စီးပွားရေးဆိုင်ရာသတင်းကိုယ်စားလှယ် အဖြစ် လည်းကောင်းသွားရောက်ခဲ့သည်။ ၂၀၀၈ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၁၀ ပြည့်နှစ်တွင်အိန္ဒိယနိုင်ငံတို့၌သတင်းစာပညာသင်တန်းများတက်ရောက်ခဲ့သည်။ ယခုအခါ Asia Fame Media Co.,Ltd. တွင်ဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်လျက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်နှင့်ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (RLF) တွင် ကော်မတီဝင်အဖြစ် ဆောင်ရွက်၍ စာများရေးသားလျက်ရှိသည်။

# ကမ္ဘာနှင့်မြန်မာ့ရုပ်သေးအနုပညာ

မမနိုင်











ဦးသိန်းနိုင် (ဂုဏ်ထူးမြန်မာစာ)နှင့် ဆရာမ ဒေါ်လှမြိုင်တို့က ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် မုံရွာမြို့၌ မွေးဖွားသည်။ မွေးချင်း ၆ ယောက်ရှိသည့်အနက် အကြီးဆုံးဖြစ်သည်။ မူလတန်းပညာကို မန္တလေးမြို့ရှိ အမှတ် (၆) အထက်တန်းကျောင်းတွင် သင်ယူခဲ့သည်။ အလယ်တန်းပညာကို မန္တလေးမြို့ဆရာအတတ်သင်သိပ္ပံ၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ သင်ယူပြီး အထက်တန်းပညာကို မန္တလေးမြို့အမှတ် (၃) အထက်တန်းကျောင်းတွင် တက်ရောက်သင်ယူခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အထက်တန်းပညာ အောင်မြင်ပြီး ၁၉၇၅ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (သမိုင်း)ကိုရရှိခဲ့သည်။



၁၉၈၆ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာသိပ္ပံ၌ အင်္ဂလိပ်ဘာသာတက်ရောက်ခဲ့ပြီး မန္တလေး အထက (၁၆)တွင် ဆရာမ အဖြစ် အမှုထမ်းခဲ့သည်။



မမနိုင်

၁၉၉၀ ပြည့်နှစ်တွင် ဝန်ထမ်းအလုပ်မှအနားယူပြီး မြန်မာ့ကြိုးဆွဲရုပ်သေးအနုပညာကို ပြန်လည်ဖော်ထုတ်ရန်ရွှေဘိုတင်မောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းကာဘုရားပွဲတော်များ၌မိုးအလင်းကပြသည့်အပြင် မန္တလေးရုပ်စုံသဘင် ( Mandalay Marionettes Company) အမည်ဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဖျော်ဖြေခဲ့သည်။ ၁၉၉၅-၉၆ ခုနှစ်တွင် နိုင်ငံတော် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၌ ရုပ်သေးကြိုးဆွဲပညာရှင်တစ်ဦးချင်းဆုများ၊ အဖွဲ့လိုက်ဇာတ်တော်ကြီး ပြိုင်ပွဲဆုများကို မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဆွတ်ခူးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ Theatre Works အနုပညာအဖွဲ့မှ ဖိတ်ကြားသည့် အာရှနိုင်ငံများ ယဉ်ကျေးမှုဖလှယ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ သွားရောက်ခဲ့ရာမှ နိုင်ငံပေါင်း ၁၅ နိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ရုပ်သေးပွဲတော်ကြီး ၂၀ ကျော်သို့ ဖိတ်ကြားခြင်း ခံရကာ ကပြပါဝင်ဆင်နွှဲခဲ့သည်။ နိုင်ငံတော် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ရုပ်သေးအကဲဖြတ်ဒိုင်တာဝန်ကိုလည်းထမ်းဆောင်ခဲ့သည်။ အမည်ရင်းမှာလည်း ဒေါ်မမနိုင်ဖြစ်သည်။



# နှစ်ငါးရာပြည့်တောင်ငူမြို့
# (ကေတုမတီ)

ဒေါက်တာတိုးလှ



# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) အထူးဆောင်းပါး





ဒေါက်တာတိုးလှ

ဦးအောင်သွ၊ ဒေါ်ပုတို့က ၁၉၄၃ ခုနှစ် မတ်လ ၁၇ရက် နေ့တွင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သပြေပင်ရွာ၌ မွေးဖွား သည်။ ၁၉၄၈ ခုနှစ်တွင် သပြေပင်ရွာ အနောက်ကျောင်း ဆရာတော် ဦးရာဇိန္ဒထံတွင် ပညာစတင်သင်ကြားသည်။ ၁၉၅၉ ခုနှစ်တွင် ပခုက္ကူမြို့ အမှတ် (၂) အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မန္တလေးတက္ကသိုလ်၌ ဆက်လက်ပညာသင်ကြား သည်။ ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး မြစ်ကြီးနားကောလိပ် သမိုင်းဌာန၌ နည်းပြဆရာအဖြစ် စတင်အမှုထမ်းသည်။ ၁၉၆၉ ခုနှစ်တွင် အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၌ ဇာတ်မင်းလက်ထက် မြန်မာ စာပေစာတမ်းကိုဖတ်ကြားသည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိပြီး ၁၉၇၂ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၌ မန္တလေးနိုင်ငံတကာစာအုပ်နှစ်အတွက် ကုန်းဘောင်ခေတ် ပိဋကတ်တိုက်များစာတမ်းကို ဖတ်ကြားသည်။ ၁၉၇၆ ခုနှစ်တွင် အင်းဝခေတ်ပို့ကရုပ်များထဲကသမိုင်းကိုပြုစုပြီး ပညာပဒေသာစာ စောင်တွင်ဖော်ပြခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းပြီး မြန်မာနိုင်ငံသုတေသနအသင်း စာအုပ်ထုတ်ဝေရေးတွင်အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ပါရဂူဘွဲ့ ရရှိခဲ့သည်။ ၁၉၉၁-၉၃ ခုနှစ်တွင် မကွေးဒီဂရီကောလိပ်၌ တွဲဖက်ပါမောက္ခနှင့်ပါမောက္ခတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သမိုင်းဌာန၌ ပါမောက္ခအဖြစ်ထမ်းဆောင်ကာ ၂၀၀၂ ခုနှစ်တွင် တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးသို့ တိုးမြှင့် ပေးခြင်းခံရသည်။ ယခုအခါမြန်မာသမိုင်းအဖွဲ့၌ ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့၌ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်လျက်ရှိသည်။

# ၂၀၁၀ ပြည့်နှစ်အတွင်းလှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

အောင်ချိန်ဘွား









# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ( ၂၀၁၁ ) အထူးဆောင်းပါး







## အောင်ချိန်ဘွား

ဦးအောက်စိန်၊ ဒေါ်ဆိုင်းတို့က ၁၉၃၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မုံရွာမြို့ ပွဲစားတန်းလမ်း၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှမောင်ဖြစ်သည်။ မုံရွာမြို့ ဝက်စလီယန် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ၁၉၆၅ ခုနှစ်တွင် သိပ္ပံဘွဲ့ရခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ်ကုန်သွယ်ရေးဦးစီးမန်နေဂျာအဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့်လည်းကောင်း နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး၏ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်မှစ၍ကျောင်းနှစ်ပတ်လည် မဂ္ဂဇင်း၊ ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းများတွင် သလ္လာ-မောင်ကိုဦး ကလောင်အမည်ဖြင့် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ် သြဂုတ်လထုတ် သွေးသောက်မဂ္ဂဇင်းမှ စ၍ လစဉ်ထုတ် မဂ္ဂဇင်းကြီးများတွင် ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။ နေ့စဉ်သတင်းစာ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လှမောင်၊ လှမောင်မောင်၊ လေးမြတ်၊ အောင်ချိန်ဘွားစသော ကလောင်အမည်များဖြင့် စာမျိုးစုံ ပုဒ်ရေ ၁၅၀၀ ခန့်ရေးသားခဲ့သည်။ အောင်ချိန်ဘွားကလောင်အမည်ဖြင့် 'မြန်မာစာသုံးမှု ဓလေ့နှင့်စာသုံးဆီ' စာအုပ်ကို ထုတ်ဝေခဲ့ရာ ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆုကိုရရှိခဲ့သည်။ 'မြန်မာ့အားကစားကမ္ဘာ့ထွန်းအောင်နိမိတ်ဆောင်သူဒေါ်မိမိခင်' စာအုပ်ဖြင့် ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။ ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်ထမ်းဆောင်လျက်ရှိသည်။







# မောင်းသူမဲ့လေယာဉ်



သောင်းထိုက်ဦး









## သောင်းထိုက်ဦး

ဦးသိန်းတန်၊ ဒေါ်အေးကြည်တို့က ၁၉၄၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် မင်္ဂလာဒုံမြို့နယ်၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးသောင်းထိုက်ဖြစ်သည်။ တပ်မတော်ကလေးများ စာသင်ကျောင်း (ရန်ကုန်) တွင် စတင်ပညာသင်ကြားခဲ့ပြီး ကျွေးအင်္ဂလိပ်အထက်တန်းကျောင်း ကမာရွတ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိသည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးစီမံကိန်းပညာဒီပလိုမာကိုရရှိသည်။ ၎င်းပညာသင်ကြားခဲ့သည့် အလွတ်ပညာသင်ကျောင်းတွင် ဓာတုဗေဒနှင့် ရူပဗေဒဘာသာသင်ဆရာအဖြစ်လည်းကောင်း၊ နောက်ပိုင်းတွင် ရူပဗေဒဘာသာဆရာအဖြစ်လည်းကောင်းလုပ်ကိုင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်းသွင်းကုန်ဌာန၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေး ကော်ပိုရေးရှင်း စီမံကိန်းဌာနသုတေသနဌာနစိတ်တွင်လည်းကောင်း၊ စာကြည့်တိုက်မှူးအဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် ကန်တော်ကြီးဟိုတယ်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်ကပင် မြန်မာနှင့် အင်္ဂလိပ်ဘာသာ စာပေဖတ်ရှုခြင်းကိုစွဲမြဲစွာ ပြုလုပ်ခဲ့၍ ဝါသနာအလျောက် စာပေရေးသားမှုများ ပြုခဲ့သည်။

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဟိုတယ်များတွင်လည်း အမှုထမ်းခဲ့ပြီး ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် ဟိုတယ်အမှုထမ်းဘဝမှ အနားယူကာ နိုင်ငံရေးနှင့်သိပ္ပံပညာဘာသာ ပြန်ဆောင်းပါးများကို သောင်းထိုက်ဦးအမည်ဖြင့် စာနယ်ဇင်းများတွင် ရေးသားလျက်ရှိသည်။







# မြန်မာ့ရိုးရာ ရှင်ပြုနားသမင်္ဂလာ



ဆင်ဖြူကျွန်းအောင်သိန်း





ဆင်ဖြူကျွန်းအောင်သိန်း









ဦးရွှေစံ၊ ဒေါ်ငွေစင်တို့က ၁၉၂၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဆင်ဖြူကျွန်းမြို့ ရွာသစ်ကြီးရွာ၌မွေးဖွားသည်။ အမည်ရင်းမှာ ဦးကြည်အေးဖြစ်သည်။ ဆင်ဖြူကျွန်းမြို့ရှိ ဒေါ်စိန်ဖွား၊ ဦးသန်းမောင်၊ ဦးခင်မောင်လတ်တို့၏ ကျောင်းများတွင် မူလတန်းမှ အထက်တန်းအထိ ပညာသင်ခဲ့သည်။ ဒသမတန်းကို ဆရာစံမြောက်အရပ်ရှိ ဆရာကျော့၏ကျောင်းမှ အောင်မြင်သည်။ ၁၉၅၁ ခုနှစ်က တိုင်းသစ်ဂျာနယ်တွင် ကဗျာများကို စတင်ရေးသားသည်။ ၁၉၅၃ ခုနှစ်၌ "စွပ်ကျယ်" နှင့် "လွမ်းယမုန်ဦး" ဝတ္ထုများသည် မဂ္ဂဇင်းများတွင် ရေးဦးစွာဖော်ပြခံရသည့် ဝတ္ထုတိုများဖြစ်သည်။ ၁၉၅၆ ခုနှစ်မှ စတင်၍ ရုပ်ရှင်ပဒေသာ၊ နတ်သျှင်နောင် မဂ္ဂဇင်းများနှင့် ယနေ့ရုပ်ရှင်ဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ၁၉၅၉ ခုနှစ်တွင် ဇာတ်ညွှန်းရေးသူ၊ ဇာတ်လမ်းမှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာစသည့် ရုပ်ရှင်လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ကိုဆေးရိုး-၄ ဝတ္ထုတိုပေါင်းချုပ်၊ ၁၉၉၆ ခုနှစ်တွင် ကိုဆေးရိုး-၆ ဝတ္ထုတိုပေါင်းချုပ်စာအုပ်များဖြင့်အမျိုးသားစာပေဆုရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အရှေ့တောင်အာရှစာပေဆုရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ တစ်သက်တာစာပေဆုရရှိသည်။ ဇင်အောင်၊ မင်္ဂလာဇင်အောင် ကလောင်အမည်ခွဲများနှင့်လည်းစာများ ရေးသားခဲ့ရာ ဇင်အောင်ကလောင်အမည်ဖြင့်ရေးသားသောအသော့အတေ့များ၊ ငမွေးဝတ္ထုများက ထင်ရှားကျော်ကြားသည်။ ၂၀၀၄ခုနှစ်က နေမင်းတစ်ထောင်လုံးချင်းဝတ္ထုရှည် ရှစ်တွဲ ရေးသားခဲ့ပြီး ပုဂံစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ၎င်းဝတ္ထုသည် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်) ရရှိခဲ့သည်။ ဆင်ဖြူကျွန်းအောင်သိန်း၏ထင်ရှားသောစာအုပ်များမှာ ဂဠုန်ဆရာစံ၊ နီရဲသောဗိုလ်ဥတ္တမ၊ လယ်သမားသူပုန်၊ သတ်ရဲသည် သေရဲသည်၊ နေမင်းလမင်း သိန်းရာထောင် (ပြဇာတ်)၊ ငရဲနိုင်ငံ၊ အကွပ်မဲ့ကြမ်းမြစ်တို့၏ သဘောတို့ဖြစ်ပြီး သုတလက်ရာများအနေနှင့် စပ်ယန်းချိမိတ်ဆက်၊ မြန်မာတို့၏ ထိုးကွင်းမင်ကြောင်ဓလေ့၊ ကျေးလက်ရိုးရာ မြန်မာဓလေ့တို့ဖြစ်သည်။

# မြန်မာနိုင်ငံနှင့် မြန်မာစာပါရဂူဘွဲ့

## ဒေါက်တာအောင်မြင့်ဦး










## ဒေါက်တာအောင်မြင့်ဦး

ဦးသန်းညွန့် (ပညာတန်ဆောင်)နှင့် ဒေါ်လှစိန်တို့က ၁၉၆၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ အခြေခံပညာကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်တွင် ဆည်းပူးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အမှတ် (၁) ဒေသကောလိပ် ရန်ကုန်မှ (Diploma in Mass Communication) ရရှိသည်။ ၁၉၈၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာ အထူးပြု (B.A) နှင့် ၁၉၈၉ ခုနှစ်တွင် (M.A,Hons.) တို့ကိုရရှိသည်။



၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာရေးလောက၏ ပထမဦးဆုံး မြန်မာစာပါရဂူသင်တန်းသားအဖြစ် ရွေးချယ်ခံရပြီး ၂၀၀၀ ပြည့်နှစ်တွင် ပထမဦးဆုံး မြန်မာစာပါရဂူ (Ph.D) ဘွဲ့ရရှိသည်။ ၂၀၀၁ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ (Diploma in Education Management) ရရှိသည်။ ၁၉၈၅ ခုနှစ်မှစ၍ လုပ်သားများကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ်၊ မိတ္ထီလာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့ရှိ မြန်မာစာဌာနများတွင် လက်ထောက်စာချ‌ဉ်နည်းပြမှ ပါမောက္ခအထိ တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့၊ ပညာရေးစုံညီပွဲတော်၊ တက္ကသိုလ်နှစ်ပတ်လည် အခမ်းအနားစသည်တို့တွင် စာတမ်းပေါင်း ၂၀ ကျော် တင်သွင်းခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ လူမှုဘာသာဗေဒမိတ်ဆက်၊ လူမှုဘာသာဗေဒသဘောတရား၊ ကျိုက်တဲမွန်ကျောက်စာလေ့လာချက်၊ ပညာဘာဝ အမှတ်တရစာစုများ၊ ပညာခရီးသည်၊ ဘာသာစကားသုတေသန၊ အင်းလေးဒေသိယစကားစသည့် မြန်မာဘာသာမြန်မာစာဆိုင်ရာ စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံသို့ ပညာသင်လေ့လာရေးအဖြစ်သွားရောက်ခဲ့သည်။ ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပါမောက္ခတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။



# မြန်မာနိုင်ငံလူဦးရေ

ဦးအောင်မြင့်သိန်း















# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) အထူးဆောင်းပါး


ဦးအောင်မြင့်သိန်း

ဦးတင်၊ ဒေါ်ထွန်းမေတို့က ၁၉၃၉ ခုနှစ် မတ်လ ၂၆ ရက်တွင် ပခုက္ကူမြို့၌မွေးဖွားသည်။ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ပခုက္ကူမြို့ အ.ထ.က (၁) မှ အောင်မြင်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စာရင်းအင်းပညာ၊ စိတ်ပညာ၊ သင်္ချာဘာသာတွဲဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သာကေတမြို့နယ် အ.ထ.က (၁) တွင် အထက်တန်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၆၄ ခုနှစ် မှ ၂၀၀၁ ခုနှစ် အထိ ဗဟိုစာရင်းအဖွဲ့တွင် ဖွားသေစာရင်းအင်းလုပ်ငန်းမှူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးအထိထမ်းဆောင်ခဲ့သည်။ သာကေတကျောင်းမဂ္ဂဇင်း၊ အမျိုးသမီးရေးရာ မဂ္ဂဇင်း၊ ကျန်းမာရေးမဂ္ဂဇင်းများ၊ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၏ နှစ်(၅၀) ပြည့် ရွှေရတုမဂ္ဂဇင်း၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာစာစောင်၊ မြန်မာ့စက်မှုဒိုင်ဂျက်တို့တွင် လူဦးရေစာရင်းအင်း၊ ဖွားသေ စာရင်းအင်းနှင့်ပတ်သက်သော ဆောင်းပါးများရေးသားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်း ပညာဒီပလိုမာကိုလည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် လန်ဒန်မြို့၊ စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံကျောင်းမှ မဟာသိပ္ပံ (လူဦးရေ စာရင်းအင်း) ဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင်ဂျာမနီနိုင်ငံ မြူးနစ်မြို့ အသုံးချစာရင်းအင်းပညာ ကျောင်းမှ လူဦးရေဘာသာရပ် ဆိုင်ရာ သင်တန်းလက်မှတ်ကို ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ် စက်တင်ဘာလတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပသော "လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ" သို့ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့သည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ကျင်းပသော ဖွားသေစာရင်းအင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ စာရင်းအင်း ညီလာခံများသို့ တက်ရောက်ခဲ့သည်။ ပခုက္ကူအသင်း (ရန်ကုန်)၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ဆေးတက္ကသိုလ် (၁) နှင့် (၂)၊ မန္တလေးဆေးတက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့သည့် ဆေးပညာ မဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး) ဘွဲ့ သင်တန်းများတွင် အချိန်ပိုင်းကထိကအဖြစ် လူဦးရေ/ ဖွားသေစာရင်းအင်း ဘာသာရပ် များကိုပို့ချခဲ့သည်။ ယခုအခါ မင်္ဂလာဒုံမြို့နယ်တပ်မတော်ဆေးတက္ကသိုလ်တွင်ဖွင့်လှစ်သော ဆေးပညာမဟာသိပ္ပံဘွဲ့ (ပြည်သူ့ကျန်းမာရေး) သင်တန်းတွင် လူဦးရေ/ ဖွားသေစာရင်းအင်းဘာသာရပ်ကိုသင်ကြားပို့ချလျက်ရှိသည်။












# MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ

ရည်အောင် (ရွှေဘို)

















ရည်အောင် (ရွှေဘို)

ဦးဖေ၊ ဒေါ်မြရီတို့က ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရွှေဘိုမြို့ မင်းရပ် (မြောက်) တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးမြင့်အောင်ဖြစ်သည်။ ရွှေဘိုမြို့အ.မ.က၊ အ.ထ.က (၂)၊ အ.ထ.က (၁) တို့တွင် အခြေခံပညာများ သင်ယူဆည်းပူးခဲ့သည်။ ၁၉၇၂ ခုနှစ် မှ ၁၉၇၈ ခုနှစ်အထိ ရန်ကုန်စက်မှုတက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်များသင်ယူခဲ့ပြီး B.E (Mechanical) ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၉–၈၀ ပြည့်နှစ်တွင် မှော်ဘီမြို့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈) သို့တက်ရောက်အောင်မြင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး လက်အောက်ခံ အမှတ် (၂) ဆက်သွယ်ရေးအလုပ်ရုံ မင်္ဂလာဒုံတွင် တပ်မတော်ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနတွင် အင်ဂျင်နီယာမှူးရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဒုတိယအင်ဂျင်နီယာချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ၂၀၀၄ ခုနှစ်တွင် MRTV-4 Channel စတင်ထုတ်လွှင့်ချိန်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးသို့ ပြောင်းရွှေ့ခန့်ထားခြင်းခံရပြီး ညွှန်ကြားရေးမှူး (MRTV-4) တာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ညွှန်ကြားရေးမှူး MRTV-4 တာဝန်ကို တိုးမြှင့်ခန့်ထားခြင်းခံရပြီး ယနေ့အထိတာဝန်ထမ်းဆောင်လျက်ရှိသည်။






# ကမ္ဘာနှင့် မြန်မာမှ စာကြည့်တိုက်ရေးရာစနစ်နှင့် အဖွဲ့အစည်းများ

စာပေယဉ်ကျေးမှုတွင်လည်းကောင်း၊ ပညာရေးအထောက်အကူပြုရာတွင်လည်းကောင်း ကိုယ်စားပြု ဖော်ဆောင်ပေးသည့်အရာသည် စာကြည့်တိုက် (Library) ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စာပေယဉ်ကျေးမှု အဘယ်မျှထွန်းကားသည်၊ ပညာရေးအဘယ်မျှ တိုးတက်သည်ဆိုသော တိုင်းတာချက်ကို စာကြည့်တိုက်နှင့် စာကြည့်တိုက်လုပ်ငန်းအဘယ်မျှ ဖွံ့ဖြိုးခဲ့သည်ဟူသောရလဒ်ဖြင့် မြင်နိုင်၊ တွေ့နိုင်သည်။ နောက်ဆုံး နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို စာကြည့်တိုက်နှင့် အကဲဖြတ်လျှင်ပင် ရကောင်းသောအနေအထားဆီသို့ စာကြည့်တိုက်နှင့် စာကြည့်တိုက်လုပ်ငန်းက ဖော်ဆောင်ပေးနိုင်အောင် အရေးပါလာခဲ့သည်ဟုပင် ဆိုနိုင်ပါလိမ့်မည်။ သည်ဘက်ပိုင်းကာလတွင် ပို၍ပင် အလေးထားဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ မြို့ပြများသာမက ကျေးလက်ဒေသများတွင်ပင် အလှမ်းဝေးသည်ဟုထင်ရသော စာကြည့်တိုက်အသုံးပြုမှုကို မြှင့်တင်ပေးနေခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ အလျှိုအလျှိုပေါ်ပေါက်လာသည်။ ထိုကျေးရွာစာကြည့်တိုက်များ အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် **ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း** ဟူသောအဖွဲ့ကြီးကိုပင် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

---

ကမ္ဘာ့စာကြည့်တိုက်များ သမိုင်းကိုကြည့်လျှင် ဗြိတိသျှပြတိုက် (British Museum) အကြောင်းနှင့်စ၍ နိဒါန်းပျိုးရမည်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံ တစ်နိုင်ငံကို ကိုယ်စားပြုသော စာကြည့်တိုက်ဖြစ်သည်။ "ဆာဟင်နရီစလုန်း" ဟူသော သမားတော်တစ်ဦးက စာအုပ်များ၊ လက်ရေးစာများ စုဆောင်းခြင်းကို ဝါသနာထုံသည်။ ထိုပစ္စည်း ပစ္စယများကို တန်ဖိုးထားလွန်းသဖြင့် ၎င်းကွယ်လွန်လျှင် ပျောက်ပျက်သွားမည်ကို ပူပန်သည်။ ထို့ကြောင့် ကွယ်လွန်လျှင် အစိုးရထံ လျှော့ဈေးနှင့်ရောင်းရန် သေတမ်းစာတွင်ရေးသားခဲ့သည်။ သို့ဖြစ်၍ ၎င်းကွယ်လွန်သောအခါ အစိုးရက ၁၇၅၃ ခုနှစ်တွင် ၎င်း၏ စာအုပ်စာတမ်းများကို ဝယ်ယူခဲ့သည်။ ၁၉ ရာစုအလယ်ပိုင်းခန့်တွင် "ဆာအန်တော်နီ ပန်နစ်စီ" ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုကြောင့် ဗြိတိသျှပြတိုက်သည် ရုပ်လုံးပိုပေါ်လာသည်။

၎င်းစာကြည့်တိုက်တွင် အင်္ဂလိပ်ဘာသာနှင့်ရေးသမျှစာအုပ်အားလုံး ရှိစေရမည်ဟူသောမူဖြင့် စုဆောင်းခဲ့သည်။ တတိယမြောက်ဂျော့ဘုရင်၏ တော်ဝင်စာကြည့်တိုက်မှ စာအုပ်မှန်သမျှကိုလည်း အမွေဆက်ခံရရှိသဖြင့် ဗြိတိသျှပြတိုက်မှာပို၍ စုံလင်လာသည်။

ထို့အပြင် ထပ်မံ၍ထွင်ကာ ပြည်ပထုတ်စာအုပ်များကိုပါ စုဆောင်းခဲ့သည်။ ထို့ကြောင့် ၁၈၇၀ ပြည့်နှစ်ထုတ် မြန်မာသံတော်ဆင့် သတင်းစာများမှအစ ၁၈၇၂ ခုနှစ်ထုတ် ဦးပုည၏ ဝိဇယဇာတ်ဟူမင်းသားပြဇာတ်၊ ၁၈၈၆ ခုနှစ်ထုတ် ဆရာသင်၏ လူပျို အမျိုးတေးထပ်စသော ရှားပါးမြန်မာစာအုပ်များပင် ဗြိတိသျှပြတိုက်၌ စုဆောင်းထားရှိသည်ကိုတွေ့ရသည်။ နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံထုတ်စာအုပ်များကို စာကြည့်တိုက်စာအုပ်လဲလှယ်ရေးအစီအစဉ်အရ ဗြိတိသျှပြတိုက်မှ စုဆောင်းရရှိခဲ့သည်။

ဒုတိယမြောက်ဖော်ပြလိုသော စာကြည့်တိုက်မှာ ပြင်သစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်ဖြစ်သည်။ ၎င်းစာကြည့်တိုက်သမိုင်းကို ခြေရာကောက်လျှင် လွန်ခဲ့သောနှစ်ပေါင်း ၇၀၀ နီးပါးက စသည်ဟုဆိုနိုင်သည်။ ပဉ္စမမြောက်ချားဘုရင်လက်ထက်မှစ၍ စာကြည့်တိုက်အကောင်အထည်ဖော်လာသည်။ မူလက ပြင်သစ်ဘုရင်များ၏ ကိုယ်ပိုင်စာကြည့်တိုက်ဖြစ်ခဲ့သော်လည်း ၁၇၈၉

ခုနှစ် ပြင်သစ်တော်လှန်ရေးနောက်ပိုင်းတွင် အမျိုးသား စာကြည့်တိုက်အဆင့်သို့ ရောက်ခဲ့သည်။ အမေရိကန်နိုင်ငံတွင်ကား ကွန်ဂရက်လွှတ်တော်စာကြည့်တိုက် (Library of Congress) ကို ၁၈၀၂ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ထိုစာကြည့်တိုက်သည် ၁၈၁၂ ခုနှစ်၊ ၁၈၂၅ ခုနှစ်၊ ၁၈၅၁ ခုနှစ်တို့တွင် သုံးကြိမ်တိုင်တိုင် မီးသင့်ခဲ့၏။ ၁၈၉၇ ခုနှစ်မှစ၍ "ဟားဘတ်ပတ်ထနမ်" ဆိုသောပုဂ္ဂိုလ်၏ စွမ်းဆောင်မှုကြောင့် ကွန်ဂရက်လွှတ်တော်စာကြည့်တိုက်သည် ထူထူထောင်ထောင်ဖြစ်လာသည်။ အမေရိကန် သမ္မတအဆက်ဆက်၏ မှတ်စုမှတ်တမ်းများ၊ အနုပညာရှင်၊ သိပ္ပံပညာရှင်၊ စာရေးဆရာများ၊ စီးပွားရေး ပါရဂူများ၊ နိုင်ငံရေးသမားများ၏ မှတ်တမ်းမှတ်ရာ လက်ရေးစာများကို အထူးပြုစုဆောင်းထားရှိခဲ့သည်။ စာကြည့်တိုက်တွင် စာကြည့်တိုက် ဝန်ထမ်းပေါင်းတစ်သောင်းကျော်အပြင် ပြင်ပမှထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များကိုလည်း "အတိုင်ပင်ခံ" ပုဂ္ဂိုလ်များအဖြစ် ဖြည့်စွက်ခန့်ထားသည်။

ဆိုဗီယက်တွင်ကား လီနင်နိုင်ငံတော် စာကြည့်တိုက် (Lenin State Library) မှာထင်ရှားသည်။ ဤစာကြည့်တိုက်သည် "ရုမိယန့်ဇက်ဖ်" ဆိုသူ မှူးမတ်တစ်ဦးပိုင်စာအုပ်စာတမ်းများကို သိမ်းပိုက်ဆက်ခံရရှိရာမှ စတင်ပေါ်ပေါက်လာရခြင်းဖြစ်သည်။ စာကြည့်တိုက်စတင်ဖွင့်လှစ်သည့်နှစ်မှာ ၁၈၆၂ ခုနှစ် ကဖြစ်ပြီး ၁၉၁၇ ခုနှစ်၊ အောက်တိုဘာတော်လှန်ရေးနောက်ပိုင်းတွင် လီနင်နိုင်ငံတော် စာကြည့်တိုက်ဟူသော အမည်သစ်ပြောင်းလဲခဲ့သည်။ ရုရှားနိုင်ငံအတွင်း ထုတ်ဝေခဲ့သမျှ စာအုပ်အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ စာဖတ်ခန်းသုံးစွဲသူပေါင်းမှာ နေ့စဉ် လူဦးရေသောင်းကျော်ရှိသည်။ အချိန်အဆိုင်း သုံးဆိုင်းဖြင့် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားသည်။

အိန္ဒိယအမျိုးသားစာကြည့်တိုက်၏ သမိုင်းကြောင်းကား ၁၈၃၆ ခုနှစ်က စသည်။ မူလက ကိုးလ်ကတ္တား စာကြည့်တိုက် အမည်ဖြင့် စတင်ဖွင့်လှစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် အိန္ဒိယဘုရင်ခံချုပ် "လော့ဒ်ကာဇွန်" က အစိုးရစာကြည့်တိုက်နှင့်ပူးပေါင်းကာ ဘုရင့် စာကြည့်တိုက် (Imperial Library) ဟု ဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ အမျိုးသားစာကြည့်တိုက်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ဘာသာပေါင်း ၁၄ မျိုးဖြင့် ထုတ်ဝေခဲ့သမျှ စာအုပ်အားလုံးကို စုဆောင်းထားရှိသည်။

ဩစတြေးလျ အမျိုးသားစာကြည့်တိုက် (National Library of Australia) ကို ဩစတြေးလျနိုင်ငံ၏ မြို့တော်ကင်ဘရာမြို့တွင် ဖွင့်လှစ်ထားရှိသည်။

တရုတ်အမျိုးသားစာကြည့်တိုက် (National Library of China) သည်ကား ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး စာကြည့်တိုက်ကြီးဖြစ်သည်။ စာကြည့်တိုက်မြေနေရာ အကျယ်အဝန်းသည် ၂၅၀,၀၀၀ စတုရန်းမီတာမျှကျယ်ဝန်းသည်။ ၁၉၀၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ပေကျင်းမြို့ ဂွမ်ဟွာဘုရားကျောင်းနေရာတွင် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၂၇ရက်နေ့မှစ၍ အများပြည်သူကို အသုံးပြုခွင့်ပေးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့ပြီးနောက်ပိုင်း ပေကျင်းစာကြည့်တိုက်ဟူသော အမည်ကို စတင်သုံးစွဲခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှစ၍ တရုတ်အမျိုးသား စာကြည့်တိုက်ဟု အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၆ ခုနှစ်ကုန်အထိ တရုတ်ဘာသာဖြင့် ရေးသားထားသောစာအုပ်ပေါင်း ၆၀,၈၃,၇၃၆ ရှိပြီး နိုင်ငံခြားဘာသာဖြင့် ရေးသားထားသောစာအုပ်ပေါင်း ၃၃,၄၃,၆၈၇ အုပ်စုဆောင်းထားရှိခဲ့သည်။ ၂၀၀၈ ခုနှစ်ကုန်အထိ စာအုပ်စာတမ်း စုစုပေါင်း ၂,၆၃,၁၀,၀၀၀ အုပ်မျှအထိ စုဆောင်းထားရှိခဲ့သည်။ ထို့အပြင် ရှေးဟောင်း စာအုပ်စာတမ်းပေါင်း ၁,၆၄,၀၀၀ နှင့် ရှားပါးသောမှတ်တမ်းမော်ကွန်းပေါင်း ၂,၇၀,၀၀၀ ကိုလည်း စုဆောင်းထားရှိသည်။

မလေးရှားနိုင်ငံ အမျိုးသားစာကြည့်တိုက် (National Library of Malaysia) ကို ၁၉၅၆ ခုနှစ်တွင် မလေးစာကြည့်တိုက်အုပ်စုက တည်ထောင်ခဲ့သည်။ ယခုအခါ စာအုပ်စာတမ်းပေါင်း တစ်သန်းငါးသိန်းကျော် စုဆောင်းထားရှိသည်။

ထိုင်းနိုင်ငံ၏ အမျိုးသားစာကြည့်တိုက်ကို ၁၈၈၁ ခုနှစ်တွင် ပဉ္စမမြောက်ရာမမင်း "ချူလာလောင်ကွန်း" စတင်ထူထောင်ခဲ့သည်။ ၎င်း၏ခမည်းတော် စတုတ္ထမြောက်ရာမမင်း "မောင်းကွတ်မင်း" ၏ စာအုပ်

စာတမ်းများကို မတည်ကာ ထိုမင်း၏ရဟန်းဘွဲ့ ဖြစ်သော "ဝိဇယယန်" အမည်ကို စာကြည့်တိုက်အမည်ပေးခဲ့ခြင်း ဖြစ်သည်။ ၁၉၀၅ ခုနှစ်တွင် ဝိဇယယန်အမျိုးသား စာကြည့်တိုက်ဟု အမည်ပြောင်းကာ အများပြည်သူကို သုံးစွဲခွင့်ပြုခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် နဝမမြောက်ရာမမင်း (ဘူမိဘော) က ဘူမိဘောစာကြည့်တိုက်ကို ဖွင့်လှစ်ကာ အများပြည်သူကို အသုံးပြုခွင့်ပေးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သီရိဒုံမင်းသမီးက ဂီတစာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နဝမမြောက်ရာမမင်းက ဂီတစာကြည့်တိုက်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ စာကြည့်တိုက်အကျယ်အဝန်းမှာ ၁၆,၀၀၀ စတုရန်းမီတာကျယ်ဝန်းပြီး ငါးထပ်အဆောက်အအုံဖြစ်ကာ စာဖတ်ခန်းတွင် ထိုင်ခုံပေါင်း ၁,၀၀၀ ကျော်နှင့် စုဆောင်းထားသော စာအုပ်ပေါင်း တစ်သန်းကျော်ရှိသည်။

ဂျပန်နိုင်ငံတွင် အမျိုးသားစာကြည့်တိုက်ကို ၁၈၇၂ ခုနှစ်ကပင် ဘုရင့်စာကြည့်တိုက် (Imperial Library) အဖြစ်စတင်ထူထောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင်မှ အမျိုးသားဒိုင်ယက်လွှတ်တော်စာကြည့်တိုက် (National Diet Library) ဟုခေါ်တွင်ခဲ့သည်။ အမေရိကန်ကွန်ဂရက်လွှတ်တော် စာကြည့်တိုက်ကဲ့သို့ပင် ဥပဒေပြုလွှတ်တော်၏ လက်အောက်ခံဖြစ်သည်။ စာကြည့်တိုက်ဝန်ထမ်းဦးရေ ငါးထောင်ကျော်၊ စာအုပ်ပေါင်း သုံးသန်းခွဲကျော်ဖြင့် နိုင်ငံ၏ဦးဆောင်ဦးရွက် စာကြည့်တိုက်အဖြစ်ဖွဲ့စည်းတည်ထောင်ထားသည်။

စင်ကာပူအမျိုးသားစာကြည့်တိုက် (Singapore National Library) ကို စင်ကာပူမြို့ တည်ထောင်ခဲ့သူ "ရာဖယ်" အား အစွဲပြုကာ ရာဖယ်စာကြည့် တိုက်ဟု မူလကခေါ်တွင်ခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၁၈၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှစ၍ အများပြည်သူတို့ကို သုံးစွဲခွင့်ပြုခဲ့သည်။ ၁၉၅၈ ခုနှစ်မှစ၍ အမျိုးသားစာကြည့်တိုက်အဖြစ် ပီပီပြင်ပြင်ဖြစ်လာသည်။ အမျိုးသားစာကြည့်တိုက်တာဝန်အပြင် ပြည်သူ့စာကြည့်တိုက်တာဝန်ကိုပါ ပူးတွဲ၍ထမ်းဆောင်ရသည်။ လက်ရှိစာကြည့်တိုက်အသစ်ကိုမူ "လီကွန်ချီယန်" ဆိုသူပုဂ္ဂိုလ်က ဝိတိုရီယလမ်းတွင် ဒေါ်လာသန်း ၆၀ လှူ၍ အသစ်ပြန်လည်တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်ကိုအစွဲပြု၍ ရည်ညွှန်း စာကြည့်တိုက်ကို လီကွန်ချီယန်စာကြည့်တိုက်ဟုခေါ်တွင်ခဲ့သည်။ စုဆောင်းထားသော စာအုပ်ပေါင်း ၅ သိန်းကျော်ရှိသည်။

အမျိုးသားစာကြည့်တိုက်များပြီးလျှင် နိုင်ငံတကာတွင် ပညာရှာမှီးလိုသူများအတွက် အဓိကအားထားရာသည်တက္ကသိုလ်စာကြည့်တိုက်များပင်ဖြစ်သည်။ သို့သော်တက္ကသိုလ်စာကြည့်တိုက်များသည် တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအတွက်သာ သီးသန့်ဖြစ်နေသည်။ တက္ကသိုလ်စာကြည့်တိုက်များ၏ အဓိကတာဝန်မှာ သုတေသနပြုရေးနှင့် စာသင်ကြားရေးတို့ကို အထောက်အကူပြုရန်ဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်တွင် ထင်ရှားသော တက္ကသိုလ်စာကြည့်တိုက်များရှိရာ ဗြိတိန်နိုင်ငံမှ ဗိုလီယန်စာကြည့်တိုက် (Bodleian Library)၊ အမေရိကန်မှ ယေးတက္ကသိုလ်စာကြည့်တိုက် (Yale University Library)၊ ရုရှားမှ မော်စကို တက္ကသိုလ်စာကြည့်တိုက် (Moscow University Library)၊ သြစတြေးလျမှ ဆစ်ဒနီတက္ကသိုလ်စာကြည့်တိုက် (Sydney University Library)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေကျင်းတက္ကသိုလ်စာကြည့်တိုက် (Beijing University Library)၊ ထိုင်းနိုင်ငံမှ ချူလာလောင်ကွန်းတက္ကသိုလ်စာကြည့်တိုက် (Chulalongkorn University Library)၊ စင်ကာပူနိုင်ငံမှ စင်ကာပူအမျိုးသားတက္ကသိုလ်စာကြည့်တိုက် (National University of Singapore Library) စသည့် တက္ကသိုလ်စာကြည့်တိုက်များမှာ အထူးထင်ရှားလှသည်။

အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်စာကြည့်တိုက်တို့အပြင် အထူးစာကြည့်တိုက်ဟူ၍ ရှိသေးသည်။ ပညာရပ်တစ်ခုခုနှင့်ပတ်သက်၍ တစ်နေရာတည်းတွင် စုံစုံလင်လင်ဖြစ်စေရန် စာအုပ်စာတမ်း စုဆောင်းခြင်းကို စာကြည့်တိုက်ဟု သုံးနှုန်းရာ စာအုပ်များကို ထိန်းသိမ်းထားရှိကာ ကြည့်ရှုဖတ်မှတ်ရသောနေရာဟု အဓိပ္ပာယ်သက်ရောက်သည်။ အမှန်စင်စစ် ခေတ်မီစာကြည့်တိုက်တိုင်းတွင် စာအုပ်စာတမ်းများ

သာမက ပုံနှိပ်စာ၊ လက်ရေးစာ၊ ဂီတ သင်္ကေတ၊ ပန်းချီ၊ ဓာတ်ပုံ၊ မြေပုံ၊ ရုပ်ပုံ၊ ဒင်္ဂါး၊ တံဆိပ်၊ စာချုပ်စာတမ်း၊ ရုပ်ရှင်ကား၊ ဗီဒီယိုကား၊ သီချင်း ဂီတဓာတ်ပြား၊ ကက်ဆက်ခွေ၊ စီဒီ စသည်တို့ကိုပါ ထိန်းသိမ်းထားသည်။

အထူးစာကြည့်တိုက်များတွင် ဆေးပညာနှင့်နှင့်ပတ်သက်၍ ဆေးသုတေသနစာကြည့်တိုက် (Medical Research Library)၊ ပညာရေးနှင့်ပတ်သက်၍ ပညာရေးသုတေသနစာကြည့်တိုက် (Educational Research Library)၊ နိုင်ငံခြားရေးရာ နှင့်ပတ်သက်၍ နိုင်ငံခြားရေးရာစာကြည့်တိုက် (Library of Foreign Affairs)၊ ဘာသာရေးနှင့် ပတ်သက်၍ သာသနာရေးစာကြည့်တိုက် (Religious Affairs Library) စသဖြင့် နိုင်ငံတကာတွင် အထူးစာကြည့်တိုက်များဖွင့်လှစ်ထားသည်။

ပြည်သူအများစု ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်သော စာကြည့်တိုက်များကား ပြည်သူ့စာကြည့်တိုက်များဖြစ်ကြသည်။ ပြည်သူ့စာကြည့်တိုက်များတွင် ဘာသာရပ်တစ်ခုခုကို အလေးထားစုဆောင်းခြင်းမရှိဘဲ ပြည်သူအများစုစိတ်ဝင်စားမည့် ဘာသာရပ်ပေါင်းစုံကိုထားရှိသည်။ ကလေးလူကြီးမရွေး သုတေသနပညာရှင်၊ ကျောင်းသူကျောင်းသား၊ အလုပ်သမား၊ အရပ်သူအရပ်သားမရွေးမည်သူမဆို လွတ်လွတ်လပ်လပ် အသုံးပြုနိုင်သော စာကြည့်တိုက်များဖြစ်သည်။

မြန်မာစာကြည့်တိုက်သမိုင်းကို အနော်ရထာမင်းပိဋကတ်တိုက်မှ အစချီရပေမည်။"အနော်ရထာမင်း" သည် သထုံပြည် မနူဟာမင်းထံမှ ဆင်အစီး ၃၀ ကျော်ဖြင့် ပင့်ဆောင်တော်မူခဲ့သော ပိဋကတ်တော်များကို ပုဂံပြည်၌ ဘုံငါးဆင့်ရှိသောပိဋကတ်တိုက်တည်ဆောက်၍ ထိန်းသိမ်းထားခဲ့သည်။ ၎င်းသည်ပင် မြန်မာစာကြည့်တိုက်၏ အစဟုဆိုရမည်။ ထို့နောက် ဘိုးတော်ဘုရား ပိဋကတ်တိုက်၊ မင်းတုန်းမင်းပိဋကတ်တိုက်၊ ညောင်ရမ်းမင်းသားပိဋကတ်တိုက်၊ သီပေါမင်းပိဋကတ်တိုက်၊ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်၊ ပုဂံဝန်ထောက်မင်းဦးတင်ပိဋကတ်တိုက်၊ ဦးဘိုးသီးပိဋကတ်တိုက်စသည်တို့သည် မြန်မာစာကြည့်တိုက်များတွင် ထင်ရှားသောရှေးခေတ်စာကြည့်တိုက်များဖြစ်ကြ၏။ ထို့ပြင်ဘုန်းတော်ကြီးကျောင်းများတွင်လည်း သီးခြားစာကြည့်တိုက်များထားရှိခဲ့သည့် အစဉ်အလာရှိခဲ့၏။ မန္တလေးမြို့ရှိ တောင်ခွင်သာသနာပိုင်ဆရာတော် ပိဋကတ်တိုက်၊ မင်းကွန်းဦးပုကြီး ပိဋကတ်တိုက်၊ ရန်ကုန်မြို့ခြောက်ထပ်ကြီးဘုရားကြီးတိုက် ပိဋကတ်တိုက် စသည်တို့တွင် ပေစာထုပ်များ၊ ဘာသာရေးဆိုင်ရာကျမ်းများ၊ ဆေးကျမ်းများ စုဆောင်းထားရှိကြောင်း သိရသည်။

ဗြိတိသျှလက်အောက်ခံကာလတွင် ဝန်ရှင်တော်မင်းကြီးဖယ်ရာ၏ ဖယ်ရာပြတိုက်ကို ရန်ကုန်မြို့၌ ဖွင့်လှစ်ထားရှိခဲ့သည်။ ထို့နောက် ၁၈၈၃ ခုနှစ်တွင် ဝန်ရှင်တော်မင်းကြီး ဆာချားလ်စ်ဘားနဒ်က ဘားနဒ်အခလွတ်စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ ဘားနဒ်စာကြည့်တိုက်တွင် ပေ၊ ပုရပိုက်များအပြင် အင်္ဂလိပ်၊ မြန်မာရှားပါးစာအုပ်များကို စုဆောင်းထိန်းသိမ်းထားရှိသည်။ ဘားနဒ်စာကြည့်တိုက်သည် ၆၉ နှစ် တိုင်တိုင်တည်တံ့ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဘားနဒ်စာကြည့်တိုက်ကို အစိုးရသို့ပေးလှူခဲ့ရာ ထိုနှစ် ဇွန်လတွင် နိုင်ငံတော်စာကြည့်တိုက်အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ကင်းဝန်မင်းကြီး၊ ပုဂံဝန်ထောက်မင်း ဦးတင်တို့စုဆောင်းထားသော ပေ၊ ပုရပိုက် လက်ရေးစာများပါသည့် ဘားနဒ်စာကြည့်တိုက်ကိုအခြေခံ၍ ဖွင့်လှစ်ခဲ့သော နိုင်ငံတော်စာကြည့်တိုက်သည် ၁၉၅၃ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်အဖြစ် အမည်ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့သည်။ အမျိုးသားစာကြည့်တိုက်တွင် မြန်မာနိုင်ငံမှထွက်ရှိသမျှ စာအုပ်အားလုံးအပြင် ပြည်ပ ၁၈ နိုင်ငံမှ အမျိုးသားစာကြည့်တိုက်များနှင့် စာအုပ်စာတမ်းလဲလှယ်ရေးအစီအစဉ်အရ လဲလှယ်ရရှိသော နိုင်ငံတကာ စာအုပ်စာတမ်းများကိုလည်း စုဆောင်းထားရှိသည်။ ယခုအခါ အမှတ် ၈၅၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိသည်။

အမျိုးသားစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို၍ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ပေါ်ပေါက်ထွန်းကားလာသော ဒီဂျစ်တယ်စနစ်ကို အသုံးပြုပြီးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက် (Universites' Central

Library) သည်လည်း မြန်မာစာကြည့်တိုက်များတွင် ရှေ့ဆောင်ရှေ့ရွက်များစွာ ပြုနိုင်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ပညာရှင်များကြီးမှူး သင်ကြားပေးသောဘွဲ့လွန် စာကြည့်တိုက်ပညာသင်တန်းများမှ စာကြည့်တိုက် ဆိုင်ရာပါရဂူဘွဲ့၊ စာကြည့်တိုက်ဆိုင်ရာမဟာဘွဲ့၊ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ရ ပုဂ္ဂိုလ်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

မူလက ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စနစ်သစ်ပညာရေး စတင်သော ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှ တက္ကသိုလ်များဗဟိုစာကြည့်တိုက် ဟုအမည်ပြောင်းလဲခဲ့သည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်သည် မြန်မာနိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှု၊ အာရှနိုင်ငံများ၏ သမိုင်းနှင့်ယဉ်ကျေးမှုတို့ကို ဦးစားပေးဘာသာရပ်များအဖြစ်ထားရှိသည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်အပြင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၊ စက်မှုတက္ကသိုလ်စာကြည့်တိုက်၊ ဆေးတက္ကသိုလ်စာကြည့်တိုက်၊ စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်၊ ပညာရေးတက္ကသိုလ်စာကြည့်တိုက်နှင့် မြန်မာပြည်အနှံ့အပြားရှိ တက္ကသိုလ်ကောလိပ်အသီးသီးတွင်လည်း စာကြည့်တိုက်များဖွင့်လှစ်ထားသည်။

အထူးစာကြည့်တိုက်များအနေဖြင့် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်၊ စက်မှုဗဟိုပြန်ကြားရေးစာကြည့်တိုက်၊ တပ်မတော်မော်ကွန်းတိုက်၊ နိုင်ငံခြားရေးဌာနစာကြည့်တိုက်၊ ဆေးသုတေသနစာကြည့်တိုက်၊ မြန်မာနိုင်ငံပညာရေးသုတေသနစာကြည့်တိုက်၊ ဦးထင်ကြီး ဒစ်ဂျစ်တယ်စာကြည့်တိုက် စသည်တို့ဖြစ်ကြသည်။ အထူးစာကြည့်တိုက်များသည် ဘာသာရပ်တစ်ခုခုကို ဦးစားပေးစုဆောင်းကာ သက်ဆိုင်ရာပညာရှင်များကိုသာ အသုံးပြုစေသော စာကြည့်တိုက်မျိုးများဖြစ်ကြသည်။

အမေရိကန်သံရုံးလက်အောက်ခံ အမေရိကန်စင်တာ စာကြည့်တိုက်နှင့် ဗြိတိသျှသံရုံးလက်အောက်ခံ ဗြိတိသျှကောင်စီ စာကြည့်တိုက်တို့သည်လည်း စာဖတ်အသင်းဝင်ကတ်ပြားများပြုလုပ်ပြီး သီးသန့်ပရိသတ်ကို စာအုပ်ငှားရမ်းမှုများ ပြုလုပ်စေသည်။ သို့သော် သံရုံးစာကြည့်တိုက်များမှာ ၎င်းတို့နိုင်ငံ၏ နိုင်ငံရေး၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ဦးစားပေးကာ ဝါဒဖြန့်သဘောဖြစ်နေ၍ ပြည်သူ့စာကြည့်တိုက်အစစ်အမှန်မျိုး မဟုတ်ကြပေ။ အိန္ဒိယမှ ဒဿနဆရာ ရဟန်းတော်ဆွာမိဝါပေကာနန္ဒက ရန်ကုန်မြို့တွင် ရာမာခရစ်ရှုနစာကြည့်တိုက်ကိုလည်း တည်ထောင်လာခဲ့ရာ ယခုထိ ရှင်သန်ဆဲဖြစ်၏။

ပြည်သူ့စာကြည့်တိုက်များတွင်မူ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည် အထင်ရှားဆုံးနှင့် သက်တမ်းအရှည်ဆုံးဖြစ်သည်။ ၁၉၅၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည် ယခုအခါ နှစ်ပေါင်း (၅၄) နှစ်ကျော်ခဲ့ပြီဖြစ်သည်။ စာပေဗိမာန်စာကြည့်တိုက်တွင် ဦးစားပေးဘာသာရပ်မထားဘဲ အများပြည်သူ၊ လူတန်းစားအသီးသီး စိတ်ဝင်စားမည့် စာအုပ်မျိုးစုံကို စုဆောင်းထားရှိပြီး ငှားရမ်းဖတ်ရှုနိုင်သည်။ မြန်မာနိုင်ငံ၏ အနယ်နယ်အရပ်ရပ်တွင် ပြန်ကြားရေးဌာနခွဲစာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ထားရှိခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ နိုင်ငံတစ်ဝန်းမြို့နယ်အသီးသီးတွင် ရှင်သန်ခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှလည်း မန္တလေး၊ မော်လမြိုင်၊ ဘားအံ၊ ပုသိမ်၊ စစ်တွေ စသောမြို့များတွင် ယဉ်ကျေးမှုပြတိုက်နှင့်စာကြည့်တိုက်များဖွင့်လှစ်ကာ ပြည်သူ့စာကြည့်တိုက်တာဝန်များကို ထမ်းဆောင်နေကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်မှ စတင်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ရေးကို စတင်လှုပ်ရှားအကောင်အထည်ဖော်ခဲ့ရာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကျေးရွာပေါင်း ၆၄,၉၈၉ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၅,၇၅၅ တိုက်ကို တည်ထောင်နိုင်ခဲ့သည်။ ထိုအထဲတွင် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံ၊ သင့်တင့်သောပရိဘောဂ၊ စာအုပ်စာတမ်း၊ စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီစသည့် စံ ၅ ရပ်ရှိသော စာကြည့်တိုက်ပေါင်း ၂၈,၆၅၈ တိုက်ကို ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်းသုံးထောင်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း လေးထောင် သုံးစွဲကာစာကြည့်တိုက်များကို မတည်ဆောက်လုပ်ခဲ့သည်။ ကျေးရွာစာကြည့်တိုက်များသည် တစ်ချိန်တွင်ကျေးရွာ၏ Comm unity Center အဆင့်ထိ ဖြစ်ပေါ်စေရန် ရည်မှန်း ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုစီမံချက်များ အကောင်အထည်ဖော်ရာတွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ကို ၂၀၁၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့တွင် တည်ထောင်ခဲ့သည်။

တိုးတက်လာသည်နှင့်အမျှ မိမိတို့နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံမှာ အသိပညာဗဟုသုတဖြစ်သည်။ ထိုအသိပညာဗဟုသုတ၏ အခြေခံသည် စာပေဖြစ်သည်။ သို့ဖြစ်သောကြောင့် ကျေးလက်ပြည်သူများ လက်လှမ်းတမီနှင့် စာဖတ်သည့် အလေ့အထ စွဲမြဲ ရရှိစေပြီး အသိဗဟုသုတများ မြင့်မားတိုးတက်လာစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



**တိုက်ကြီးမြို့နယ်ဥက္ကံ ရွာမကျေးရွာ၏ လင်းရောင်ခြည်စာကြည့်တိုက်**

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့က ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီဖြစ်ပြီး ရည်ရွယ်ချက် သုံးရပ်ရှိသည်။ ပထမရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများ အသိပညာနှင့်ဗဟုသုတ မြင့်မားစေရန်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ ကျေးလက်ဒေသသည် နိုင်ငံတော်၏ အခြေခံဖြစ်သည်။ ထို့ကြောင့် ကျေးလက် ပြည်သူများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးများ ဖွံ့ဖြိုး

ဒုတိယရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအား ကောင်းစေရန်ဖြစ်သည်။ ယနေ့ခေတ်သည် ပညာခေတ်၊ မီဒီယာခေတ်ဖြစ်သည်။ IT,ICT နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီဒီယာ၏ ပျံ့နှံ့မှုသည် လျင်မြန်လာစမြဲဖြစ်သည်။ ထိုမီဒီယာများထဲ၌ အကောင်းများပါသကဲ့သို့ အဆိပ်အတောက်များလည်းပါသည်။ အမှန်များပါသကဲ့သို့ မိမိလိုရာဆွဲ၍ ပုံသွင်းထားသည့် မှားယွင်းသော သတင်းအချက်အလက်များလည်းပါသည်။ ထို့ကြောင့် မီဒီယာသည် ဘဝလမ်းမှားရောက်စေပြီး ဘဝတစ်ခုလုံးပျက်စီးသွားအောင် ဆောင်ရွက်နိုင်သကဲ့သို့ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ပြီး တိုးတက်စေရန် မြှင့်တင်ပေးနိုင်သည့် စွမ်းအားလည်းရှိသည်။ သို့ဖြစ်၍ မီဒီယာကိုယ်ခံစွမ်းအားကောင်းစေရန် လုပ်ဆောင်ခြင်းသည် အသိပညာဗဟုသုတရှိရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုအသိပညာဗဟုသုတကိုစာဖတ်ခြင်းမှရသည်။ ထို့ကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ခဲ့ရခြင်းဖြစ်သည်။

တတိယရည်ရွယ်ချက်မှာ ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရန်ဖြစ်သည်။ ဒီမိုကရေစီသည် လူအများ၏ကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်သောစနစ်နှင့် ကျင့်စဉ်များထဲမှ တစ်ခုဖြစ်သည်။ သို့သော် မှန်ကန်စွာ၊ အနှစ်သာရရှိစွာ ကျင့်သုံးနိုင်မှသာ ဒီမိုကရေစီ၏ အကျိုးကျေးဇူးကို ရရှိစေနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီကို ကျင့်သုံးသူမှာ ပြည်သူသာဖြစ်သည်။ ထိန်းကျောင်းသူမှာလည်း ပြည်သူသာဖြစ်သည်။ ထို့ကြောင့် ပြည်သူများဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်နှင့် ထိန်းကျောင်းနိုင်ရန်အတွက် အသိပညာဗဟုသုတများ လိုအပ်သည်။ ထိုကဲ့သို့ လိုအပ်လာသောကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး ယနေ့အခါ၌ ကျေးရွာအားလုံးနီးပါးတွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ခဲ့ပြီးဖြစ်သည်။ ထိုစာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို စုစုပေါင်းတန်ဖိုးပမာဏသည် ၁၁ ဒသမ ၉ ဘီလီယံကျော်ရှိသည်။ ၎င်းတို့သည် နိုင်ငံတော်၏ အင်အား၊ စေတနာရှင်ပြည်သူများ၏အင်အား၊ ကျေးလက်ပြည်သူများ၏ အင်အားနှင့် ထူထောင်ထားခြင်းဖြစ်သည်။

ထိုကဲ့သို့ထူထောင်ထားခဲ့သော်လည်း ရည်ရွယ်ချက်များပေါက်မြောက်ခြင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အာမခံနိုင်ခြင်းများ မရှိသေးပေ။ အကြောင်းမှာ အချို့ကျေးလက်ပြည်သူများသည် မိမိတို့ကျေးရွာများ၌ စာဖတ်ကျင့်စွဲမြဲစွာ မဖြစ်ပေါ်သေးပေ။ အားနည်းနေဆဲဖြစ်သည်။ ထို့အတူ အချို့ကျေးရွာများတွင် မိမိပိုင်မြေ၊ မိမိပိုင်စာကြည့်တိုက်များ မရှိသေးဘဲ ဘုန်းကြီးကျောင်းများတွင်လည်းကောင်း၊ စာသင်ကျောင်းများတွင် လည်းကောင်း တွဲဖက်ဖွင့်လှစ်ထားခြင်းများသာရှိပေသည်။

အချို့နေရာများတွင် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်အတွက်၊ မိမိဘာသာရပ်တည်နိုင်ရန်အတွက် စာငှားစနစ်၊ ငွေပဒေသာပင်များ စသည်တို့ကို အကောင်အထည်ဖော်၍ မပြီးသေးချေ။ သို့ဖြစ်သောကြောင့်ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စံငါးချက်နှင့် ညီညွတ်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိသည်။

စံ (၁) မှာ ကျေးလက်ပြည်သူများ စာကြည့်တိုက်ကို အမှန်တကယ်သုံးတတ်စေရန်၊ အမှန်တကယ် စာဖတ်နိုင်ရန်ဖြစ်သည်။

စံ (၂) မှာ စာကြည့်တိုက်များ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်အောင် စာငှားစနစ်ရှိရေး၊ ငွေပဒေသာပင်စိုက်ထူနိုင်ရေး၊ စာအုပ်များကို စနစ်တကျထိန်းသိမ်းနိုင်ရေး၊ စာအုပ်ငှား၍ရရှိလာသည့်ငွေများနှင့် စာအုပ်အသစ်များ တိုးပွားနိုင်အောင် လုပ်ဆောင်နိုင်ရေးဟူသည့် ရည်ရွယ်ချက်ဖြစ်သည်။

စံ (၃) မှာ ကိုယ်ပိုင်မြေနှင့် ကိုယ်ပိုင်အဆောက်အအုံရှိရန်ဖြစ်သည်။

စံ (၄) မှာ သင့်တင့်သည့် ပရိဘောဂရှိရန်ဖြစ်သည်။

စံ (၅) မှာ ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကို ကြပ်မတ်ဆောင်ရွက်ပေးမည့် စာကြည့်တိုက်ကော်မတီဝင်များရှိလာစေရန် ဆောင်ရွက်ရေးဖြစ်သည်။

အထက်ပါစံငါးရပ်နှင့် ဆောင်ရွက်နေသည့်အတွက် စာကြည့်တိုက်သုံးသောင်းနီးပါးသည် ထိုစံများနှင့်ကိုက်ညီပြီးဖြစ်သော်လည်း ကျန်နှစ်သောင်းကျော်သည် ထိုစံများနှင့် ကိုက်ညီစေရန် ဆက်လက်၍ ကြိုးပမ်းထူထောင်ကြရဦးမည်ဖြစ်သည်။ ထိုကဲ့သို့ထူထောင်ရာတွင် ယခုဖွဲ့စည်းလိုက်သည့် စာကြည့်တိုက်ဖောင်ဒေးရှင်းက ထိုလုပ်ငန်းများ၌ ပါဝင်ကူညီ၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အနာဂတ်ရည်မှန်းချက်အထိ မျှော်မှန်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရိုးရိုးစာကြည့်တိုက်မှ အီလက်ထရောနစ်စာကြည့်တိုက် ဖြစ်လာသည်အထိ လုပ်ငန်းစဉ်များချမှတ်ထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့်တက်၍ အင်တာနက်ကွန်ရက်များ ချိတ်ဆက်မိသောအခါ မိမိစာကြည့်တိုက်မှ အခြားစာကြည့်တိုက်များနှင့်ဆက်သွယ်၍ စာအုပ်စာစောင်များ ဖတ်ရှုနိုင်ခြင်းမှအစ တစ်နေရာမှတစ်နေရာသို့ ဆက်သွယ်ပြောဆိုနိုင်သည့်အဆင့်ထိ ရည်ရွယ်ထားရှိခဲ့သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ရည်ရွယ်ချက်သည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံငါးရပ်နှင့်ညီစေရန်၊ ရေရှည်ရှင်သန်နိုင်မာဖွံ့ဖြိုးတိုးတက်စေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထိုဖောင်ဒေးရှင်း၏ အခြေခံမူဝါဒသည် အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်သွားရန်ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၌ နာယကအဖွဲ့ဟူ၍ ထားရှိသည်။ ထိုအဖွဲ့တွင် စာပေပညာရှင်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ လုပ်ငန်းရှင်ကြီးများပါဝင်သည်။ နာယကအဖွဲ့၏ အဓိကတာဝန်သည် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ လိုအပ်သောအကြံဉာဏ်များပေးရန်၊ လိုအပ်သောမူဝါဒများကိုချမှတ်ပေးရန်နှင့် လိုအပ်သောပံ့ပိုးငွေကြေးရရှိစေရန် စီမံဆောင်ရွက်ရေးဖြစ်သည်။ နာယကအဖွဲ့၏အောက်တွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ ကော်မတီအမှုဆောင်အဖွဲ့ရှိမည်ဖြစ်သည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းစစ်၊ ဘဏ္ဍာရေးမှူးများအပါအဝင် ပုဂ္ဂိုလ်ငါးဦးခန့်နှင့်ဖွဲ့စည်းရန် ရည်မှန်းထားရှိသည်။

ကော်မတီအမှုဆောင်အဖွဲ့၏ အဓိကတာဝန်သည် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းအနေနှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများ ပြီးမြောက်အောင်မြင်အောင် တာဝန်ယူ စီမံခန့်ခွဲဆောင်ရွက်သွားရန်ဖြစ်သည်။ ထို့ပြင် နာယကအဖွဲ့ဝင်များနှင့် အမှုဆောင်အဖွဲ့ဝင်များသည် စေတနာအလျောက်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ထိုဖောင်ဒေးရှင်းမှ ပုဂ္ဂိုလ်ကြီးများအတွက် လစာပေးနိုင်မည်မဟုတ်ပေ။ အမှုဆောင်အဖွဲ့၏အောက်တွင် လိုအပ်သောရုံးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရုံးအဖွဲ့တစ်ဖွဲ့ရှိမည်ဖြစ်သည်။ ထိုအဖွဲ့၌ သင့်လျော်သည့် လူပုဂ္ဂိုလ်အရေအတွက်ရှိမည်ဖြစ်သည်။

ရန်ပုံငွေရှာဖွေခြင်းနှင့် ရန်ပုံငွေထူထောင်ခြင်း၊ ရန်ပုံငွေသုံးစွဲခြင်းများသည်လည်း ဖောင်ဒေးရှင်းကြီး၏ အရေးကြီးသောလုပ်ငန်းဖြစ်သည်။ ရန်ပုံငွေရှာဖွေခြင်း၏အခြေခံမှာ ပြည်သူလူထုကိုအခြေခံသော ရန်ပုံငွေရှာဖွေခြင်းကို ကျင့်သုံးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ လူဦးရေသန်းခြောက်ဆယ်ရှိသည်။ တစ်နှစ်လျှင် ပြည်သူတစ်ဦးက ငွေတစ်ဆယ်ကျပ်ထည့်ဝင်ပါက တစ်နှစ်တွင် ဖောင်ဒေးရှင်းအတွက် သန်းခြောက်ရာရရှိမည်ဖြစ်သည်။ ထိုသန်းခြောက်ရာသည် ဖောင်ဒေးရှင်းလုပ်ငန်းကြီးအတွက် တစ်နှစ်တာကာလကို ဆောင်ရွက်နိုင်သည်။ သို့သော် ထိုလုပ်ငန်းကို မြန်ဆန်လွယ်ကူစွာဆောင်ရွက်နိုင်ဦးမည် မဟုတ်ပေ။ ထို့ကြောင့် လုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် စတင်လုပ်ဆောင် သွားရမည်ဖြစ်ရာလုပ်ငန်းရှင်ကြီး အချို့ကို နာယကအဖွဲ့၌ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ရန်ပုံငွေသုံးစွဲခြင်းနှင့်ပတ်သက်၍ ယနေ့လုပ်ငန်းရှင်ကြီးများ၊ စေတနာရှင်ကြီးများအားလုံးက လှူဒါန်းသည့်ငွေကြေးသည် ဖောင်ဒေးရှင်း၏မတည်ငွေဖြစ်သည်။ ဖောင်ဒေးရှင်းစည်းမျဉ်းအရ ထိုငွေများ ထုတ်ယူသုံးစွဲခွင့်မရှိပေ။ ထိုမတည်ငွေကို ဘဏ်တွင်အပ်နှံကာ အတိုးအပွားရစေပြီးနောက် လုပ်ငန်းရှင်ကြီးများနှင့် ညှိနှိုင်းကာငင်းတို့လုပ်ငန်းများတွင် ရှယ်ယာဝင်မည်ဖြစ်သည်။ ထိုရှယ်ယာမှ ရမည့်အတိုးအမြတ်၊ ဘဏ်မှရမည့်အတိုးအမြတ်များသာလျှင် ဖောင်ဒေးရှင်းလုပ်ငန်းအတွက် သုံးစွဲသွားမည်ဖြစ်သည်။ ထိုသို့သုံးစွဲရာ၌လည်း ၁၀ ရာခိုင်နှုန်းကို အုပ်ချုပ်မှုကိစ္စအတွက် အသုံးပြုမည်ဖြစ်သည်။ ရုံးခန်းငှားရမ်းခြင်း၊ ရေခမီးခ၊ ဝန်ထမ်းလစာများအတွက် အသုံးပြုမည်ဖြစ်သည်။ ကျန်သည့် ၉၀ ရာခိုင်နှုန်းကို ကျေးရွာစာကြည့်တိုက်များအတွက် သုံးစွဲသွားမည်ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၏ အနာဂတ်မျှော်မှန်းချက်မှာ ယခုဖွဲ့စည်းလိုက်သော ဖောင်ဒေးရှင်းကို အမြဲတမ်းတည်တံ့ခိုင်မြဲကာ အစဉ်ဖွံ့ဖြိုးတိုးတက်နေသော ဖောင်ဒေးရှင်းအဖြစ်ပေါ်ပေါက်လာစေရန်ဖြစ်သည်။ ပြည်သူလူထုကို အခြေခံသောနည်းဖြင့် ရန်ပုံငွေရှာဖွေရန်ဖြစ်သည်။ ဗဟိုကိုဖွဲ့စည်းပြီးသောအခါ ပြည်နယ်နှင့်တိုင်းဖောင်ဒေးရှင်းများ ဆက်လက်ဖွဲ့စည်းရန် ဖြစ်သည်။ ထိုမှတစ်ဆင့် မြို့နယ်များအထိဖွဲ့စည်းရန်ရည်ရွယ်သည်။

**ဟိန်းလတ်**

# ကမ္ဘာနှင့် မြန်မာ့ရုပ်သေးအနုပညာ

အနုပညာတွင် အခြေခံအားဖြင့် အဆို၊ အက၊ အရေး၊ အတီးဟူ၍ ပုံစံအမျိုးမျိုးဖြင့် တည်ရှိသည်။ ယင်းတို့သည် လူသားများကိုယ်တိုင်က မိမိတို့၏ပညာ၊ မိမိတို့၏အစွမ်းဖြင့် ဖော်ကျူးထားသည့် အနုပညာဖြစ်သည်။ တစ်နည်းအားဖြင့် ဖျော်ဖြေတင်ဆက်သူ လူသားက ခံစားသူပရိသတ်လူသားကို တိုက်ရိုက်တင်ပြသော အနုပညာဖြစ်သည်။ လူမှလူသို့ ပို့ပေးသော အနုပညာဟုလည်းဆိုနိုင်သည်။ ဤတွင် လူမှ အရုပ်သို့ အရုပ်မှလူသို့ပို့ပေးသော အနုပညာပုံစံတစ်ရပ်သည်လည်း မတူကွဲပြားစွာ တည်ရှိနေသေးသည်။ ၎င်းကို ရုပ်သေးအနုပညာဟုခေါ်ကြသည်။ လူသားက အရုပ်ကလေးများပြုလုပ်၍ ထိုအရုပ်ကလေးများပေါ်တွင် လူသား၏ အနုပညာဖြင့် အသက်ဝင်ရှင်သန်လာအောင် အနုပညာပံ့ပိုးပစ္စည်းကိရိယာများနှင့် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ရုပ်သေးအနုပညာသည် သမိုင်းကြောင်းနှင့် ယှဉ်၍ ပေါ်ထွက်လာခဲ့ပြီး ယနေ့တိုင် မိမိတို့နိုင်ငံ၏ အနုပညာတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာတွင် မြန်မာနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ အနုပညာအပါအဝင် ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ အခြားသူများထက် နောက်မကျသော မြန်မာနိုင်ငံသည် မြန်မာ့ရုပ်သေးအနုပညာကိုလို၍ တန်ဖိုးထားသောအားဖြင့် နိုင်ငံတော်ကကျင်းပသောမြန်မာ့ရိုးရာယဉ်ကျေးမှုအဆို အက၊ အရေး၊ အတီးပြိုင်ပွဲများ၌ ပင်ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

---

ရုပ်သေးအနုပညာဟူသည် သက်မဲ့အရုပ်များကို သက်ရှိလူများနှင့်တူအောင် အသက်သွင်းပေးရသော အနုပညာတစ်ရပ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရုပ်သေး၊ ရုပ်စုံသဘင်ပညာရပ်များ ကပြမှု၊ တင်ဆက်မှုများသည် လူမျိုးအလိုက်၊ နိုင်ငံအလိုက် မတူညီကြပေ။ မြန်မာ့ရုပ်သေးအနုပညာမှာ ဇာတ်လမ်းဇာတ်ကွက် စုံလင်ခမ်းနားစွာ တင်ဆက်ပြီး ရသများစွာပေးစွမ်းနိုင်သော ခက်ခဲနက်နဲ၍ လေးနက်မှုရှိသည့် ပညာရပ်ဖြစ်သည်။ ကမ္ဘာ့ရုပ်သေးပညာသည် စက်မှုပိုင်းဆိုင်ရာတွင် သာလွန်ပြီး ရုပ်သေးစင်၏အခမ်းအနား အပြင်အဆင်ကောင်းမွန်၍ မီးဆက်တင်များမှာ ခမ်းနားသည်။ သို့သော်ရသပေးစွမ်းနိုင်မှုနှင့် အနုပညာလေးနက်မှုတွင် အားနည်းသည်။ လိုအပ်သည့် လှုပ်ရှားမှုအတွက်သာ အသားပေးထားသည်။ ရုပ်သေးပညာရပ်သည် အခြားဖျော်ဖြေရေးနည်းပညာများ တိုးတက်ထွန်းကားလာသောကြောင့် တိမ်မြုပ်ပျောက်ကွယ် လုနီးပါးဖြစ်နေသဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းက ပြန်လည်ဖော်ထုတ်ရန် ဝိုင်းဝန်းကြိုးပမ်းနေကြသည်။ ကမ္ဘာ့ရုပ်သေးပညာတွင် ရုပ်သေးအမျိုးအစားလေးမျိုးရှိသည်။ ယင်းတို့မှာ တုတ်ထိုးရုပ်သေး (Rod Puppet)၊ လက်ထိုးရုပ်သေး (Glove Puppet)၊ အရိပ်ပြရုပ်သေး (Shadow Puppet) နှင့် ကြိုးဆွဲရုပ်သေး (String Puppet) ဟူ၍ဖြစ်သည်။

လက်တစ်ဖက်မှ ခေါင်းနှင့်လည်တိုင်ထိန်း လက်ကိုင်ကိုကိုင်တွယ်ကာ ကျန်လက်တစ်ဖက်ဖြင့် အရုပ်လက်ချောင်းကို ဆက်သွယ်ပြီး တုတ်ချောင်း(သို့)သံချောင်းနှစ်ချောင်းဖြင့် ထိုးလှည့်လှုပ်ရှားရသော ရုပ်သေးမျိုးကို တုတ်ထိုးရုပ်သေးဟုခေါ်သည်။

ပိတ်စဖြင့်ချုပ်ထားသည့် အရုပ်အောက်တွင် အပေါက်ဖောက်ထားပြီး လက်ချောင်းများကို လျှိုသွင်း၍ ကပြရသောရုပ်သေးများကို လက်ထိုးရုပ်သေးဟုခေါ်သည်။

ချပ်ပြားအရုပ်သဏ္ဌာန်ပြုလုပ်၍ ထိုအရုပ်များ၏ နောက်မှမီးရောင်ဖြင့် ရှေ့မျက်နှာစာပိတ်ကားပေါ်တွင် ထင်လာသောအရုပ်၏အရိပ်များဖြင့် လှုပ်ရှားပေါ်လွင်စေသည့် ရုပ်သေးမျိုးကို အရိပ်ပြရုပ်သေးဟုခေါ်သည်။ အရိပ်ပြရုပ်သေးမှာ ကျွဲ၊နွား၊ တိရစ္ဆာန်တို့၏အရေပြား



တုတ်ထိုးရုပ်သေး

ကို ပါးလွှာအောင်ထုရိုက်၊ လှီးဖြတ်ပြီး အရုပ်ပြုလုပ်၍ အရုပ်၏ အင်္ဂါအစိတ်အပိုင်းများကို အရှင်တပ်ဆင်ပြီး လှုပ်ရှားကပြရသည်။ ကြိုးဆွဲရုပ်စုံပညာကဲ့သို့ အရုပ်ကို တိုက်ရိုက်ပြသခြင်းမဟုတ်ဘဲ အရုပ်ကိုလည်း မတွေ့ရဘဲ အရုပ်၏ အရိပ်ကိုသာ တွေ့မြင်နိုင်ပေသည်။

ပန်းပုရုပ်လုံးငယ်များကို အဆစ်အဆက်များ အရှင်တပ်ဆင်ပြီး ကြိုးဖြင့်ဆွဲ၍ လှုပ်ရှားကပြရသော ရုပ်သေးမျိုးမှာ ကြိုးဆွဲရုပ်သေးဖြစ်၍ ရုပ်လုံးကို အပြည့် အဝပြနိုင်သော ရုပ်သေးပညာဖြစ်သည်။

ကမ္ဘာပေါ်တွင် ရုပ်သေးခေတ်အစားဆုံးနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ဂျာမနီ၊ ရုရှား၊ ပြင်သစ်၊ အီတလီ၊ ချက်ကိုစလိုဗက်ကီးယား၊ သြစတြေးလျနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ အထိုက်အလျောက် ခေတ်စားသော အခြားနိုင်ငံများမှာ အာဂျင်တီးနား၊ ချီလီ၊ ကိုလံဘီယာ၊ မက္ကဆီကို၊ လက်တင်အမေရိကနိုင်ငံများ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ နယ်သာလန်စသည့် စကင်ဒီနေးဗီးယန်းနိုင်ငံများ၊ ဟန်ဂေရီ၊ ပိုလန်၊ ဂျပန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြသည်။

ကမ္ဘာ့ရုပ်သေးလောကတွင် ရုရှားနှင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံတို့သည် ရုပ်သေးပညာတိုးတက်ခေတ်စားသောနိုင်ငံများဖြစ်ကြသည်။ ရုရှားနိုင်ငံတွင် အသုံးများသောရုပ်သေးအမျိုးအစားမှာ လက်ထိုးရုပ်သေးနှင့် တုတ်ထိုးရုပ်သေးတို့ဖြစ်သည်။ ချက်ကိုစလိုဗက်ကီးယားရုပ်သေးမှာ အရိပ်ပြရုပ်သေး၊ တုတ်ထိုးရုပ်သေးနှင့် ကြိုးဆွဲရုပ်သေးတို့ဖြစ်ပြီး ရုပ်သေးရုပ်ဖြင့် ကာတွန်းရုပ်ပုံများ (Aminated Puppet Cartoon Films) ကိုရိုက်ကူးထုတ်လုပ်ခဲ့သည်။

ဂျာမနီနိုင်ငံရှိ ရုပ်သေးဗိမာန်ဌာနချုပ်ရုံးကို ဘိုခွန်း (Bochum) မြို့၌ဖွဲ့စည်းထားရှိပြီး ရုပ်သေးပညာခေတ်မီတိုးတက်ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်နိုင်ငံခြားရုပ်သေးပညာရှင်များ၊ ရုပ်သေးအဖွဲ့များကိုဖိတ်ကြားကာ အပျော်တမ်းရုပ်သေး ပညာရှင်များ၏ ပြိုင်ပွဲများနှင့် အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်များကို ကျင်းပလျက်ရှိသည်။ ရုပ်သေးအမျိုးအစားလေးမျိုးစလုံးအသုံးပြုကပြကြသဖြင့် လူကြီးလူငယ်မရွေး ရုပ်သေးကိုကြိုက်နှစ်သက်ကြသည်။ တစ်ကိုယ်တော် ကြိုးဆွဲလှုပ်ရှားကပြမှုများကိုလည်း တင်ဆက်ပြသလေ့ရှိသည်။

အင်္ဂလန်နိုင်ငံတွင် ကလေးများအတွက် ပန့်ချ်နှင့်ဂျူဒီ (Punch and Judy) လက်ထိုးရုပ်သေးပြဇာတ်ကို ထိန်းသိမ်းပြသလျက်ရှိသည့်အပြင် လူကြီးများအတွက်လည်း ရှိတ်စပီးယားနှင့် ခေတ်ပေါ်ပြဇာတ်များကို အရိပ်ပြ၊ လက်ထိုး၊ တုတ်ထိုးနှင့် ကြိုးဆွဲရုပ်သေးများ



လက်ထိုးရုပ်သေး

ဖြင့် အောင်မြင်စွာတင်ဆက်ကပြကြသည်။ ကလေးများအတွက် ဖျော်ဖြေမှုသက်သက်ဖြစ်သည့် ပန့်ချ်နှင့်ဂျူဒီ ရုပ်သေးပွဲသည် ၃ ပေပတ်လည်ရှိသည့် တီဗွီအိမ်ပုံစံ စတိတ် (Stage) ခုံပေါ်တွင် လူကိုမမြင်ရဘဲ အိတ်စွပ်လက်ထိုးထားသည့် အရုပ်ကိုသာ ပရိသတ်က မြင်ရပြီး ကလေးများအကြိုက် တိရစ္ဆာန်ရုပ်များဖြင့် ကပြသည့် ရုပ်သေးပွဲဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ ရုပ်သေးမွေးဖွားရာဖြစ်သည့် လီယွန်မြို့ (Lyon) မှ ဂီညော်ကြိုးဆွဲရုပ်သေးသည် လွန်စွာ



ပြင်သစ်ဂီညော်ရုပ်သေး

နာမည်ကျော်ကြားသည်။ ပြင်သစ်နိုင်ငံရှာလီဗီးမစ်ဇီယယ် မြို့တွင်ကျင်းပခဲ့သော ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကပြကြသည့်ရုံပွဲလမ်းတစ်လျှောက် ရုပ်သေးပွဲများမှာ လူနှင့်တွဲဖက်၍ အော်ဟစ်ပြောဆို သရုပ်ဆောင်ကြသည်။ အနုပညာရသအနေဖြင့် ပေးစွမ်းနိုင်မှုနည်းပါးကာ အပျင်းပြေကြည့်ရှုကြသည့် သဘောကို ဆောင်သည်။ ထို့ကြောင့် ဥရောပရုပ်သေးများသည် ဇာတ်လမ်းဇာတ်ကွက်အရ လိုအပ်သည့်လှုပ်ရှားမှုအတွက်သာ အလေးပေးသည့်ရုပ်သေးမျိုးဖြစ်ပြီး အနုပညာလေးနက်မှုတွင် အားနည်းပေသည်။

အာရှတိုက်တွင် ဗီယက်နမ်နိုင်ငံမှ ရေပေါ်ရုပ်သေး (Water Puppet) သည်အလွန်နာမည်ကြီးသည်။ တုတ်ထိုးရုပ်သေးအမျိုးအစားဖြစ်သည်။ (Water Puppet) ကပြရန်အတွက် ပေ ၂၀ ပတ်လည်ခန့် အကျယ်ရှိပြီး အနက် ၄ ပေခန့်ရှိသည့် ရေကန်ထားရှိရသည်။ ရှေ့တွင်ပြသရန်အတွက် ၁၅ ပေခန့် အကျယ်ထားပြီး အနောက်မှ ရုပ်သေးဆရာများ လှုပ်ရှားလုပ်ကိုင်ရန်အတွက် ၅ ပေခန့်ချန်ကာ အလယ်တွင် ပန်းချီကား၊ ယင်းလိပ်တို့ဖြင့် ခြားထားသည်။ ရုပ်သေးဆရာသည် တုတ်ချောင်းရှည်များတပ်ဆင်ထားသည့် အရုပ်များကိုနောက်မှနေ၍ ရေထဲတွင် မတ်တပ်ရပ်ကာ ရှေ့သို့ထိုးကြရသည်။ တိရစ္ဆာန်ရုပ်များ၊ လှေလှော်နေသည့် လူရုပ်များ၊ ငါးဖမ်းမြှူးထောင်နေကြပုံများကို မီးရှူးမီးပန်းများ ဖောက်ပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသခြင်းဖြစ်သဖြင့် ကလေးများပို၍ နှစ်သက်သဘောကျကြသည်။

ကမ္ဘောဒီးယားရုပ်သေးသည် စပိုက်တွန်အရိပ်ရုပ်သေးဖြစ်သည်။ ယခုအခါတွင် ကွယ်ပျောက်လုဖြစ်နေသော ရှေးဟောင်းအနုပညာတစ်ရပ်လည်းဖြစ်သည်။ နွားသားရေကိုပန်းချီဆွဲပြီး ရုး၊ ဆောက်များဖြင့် အပေါက်ဖောက်၍ ပြုလုပ်ထားသည့် ဘီလူး၊ မျောက်၊ နဂါး၊ ဂဠုန်စသော နွားသားရေပြားပန်းချီရုပ်ပုံကို လူကလက်နှစ်ဖက်ဖြင့်ကိုင်တွယ်၍ ရစေရန် ဝါးခြမ်းနှစ်ခုဖြင့် ညှပ်ထားသည့်အရုပ်ကြီးများဖြစ်သည်။ ယင်းကို 'စပိုက်တွန်' ဟုခေါ်ဆိုပြီး အရုပ်အသေးများကို 'စပိုက်တို' ဟုခေါ်သည်။ ဝါးခြမ်းနှစ်ခုကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး အနောက်ဘက်မှ မီးထိုးပေးလိုက်သည့်အခါ ပိတ်စအဖြူပေါ်တွင်ပေါ်လာသော အရိပ်ကိုကြည့်ရသည့်အရိပ်ရုပ်သေးဖြစ်သည်။ များသောအားဖြင့် ရာမာယဏဇာတ်တော်ကြီးကို အခန်း ၇ ခန်းဆက်တိုက်ကပြလေ့ရှိကြသည်။

ထိုင်းရုပ်သေးမှာ တုတ်ထိုးရုပ်သေးဖြစ်သည်။ အရုပ်တစ်ရုပ်ကို လူ ၄ ဦးကိုင်တွယ်၍ ကပြရသည်။ လူတစ်ယောက်က အရုပ်ခေါင်းနှင့် လည်တိုင်ထိန်းလက်ကိုင်ကိုကိုင်တွယ်ကာ ခြေထောက်ကိုလည်း လှုပ်ရှားပေးရသည်။ ထိုသူကအရုပ်၏ ဘယ်လက်ထိန်း လက်ကိုင်ကိုကိုင်ကာ အခြားလူတစ်ယောက်က အရုပ်၏ညာလက်ကိုထိန်းသည့် လက်ကိုင်ကို ကိုင်တွယ်လှုပ်ရှားပေးရသည်။ ကျန်လူတစ်ယောက်က အရုပ်နှင့်အတူတကွ သရုပ်ဟန်ပန်လုပ်ပေးရသည်။ များသောအားဖြင့် ရာမာယဏဇာတ်တော်ကို ကပြသည်။ ဟန်နုမာန်မျောက်ကို ဟန်နုမာန်မျောက်ခေါင်းစွပ်ထားသည့် လူကိုယ်တိုင်ပင် သရုပ်ဆောင်သည်။ ရုပ်သေးဟုဆိုသော်ငြား ရုပ်သေးဆရာများကို အရုပ်နှင့်တွဲဖက်လျက် တွေ့မြင်ရသည်။ လူကိုယ်တိုင်သရုပ်ဆောင်သည့် ဟန်နုမာန်မျိုးပါဝင်နေသည့်အတွက် ရုပ်သေးပွဲ၏ တန်ဖိုးလျော့နည်းစေသည်ဟု ဆိုရပေမည်။ ရုပ်သေးကြိုးဆွဲသူများက ဝတ်ရုံအနက်ကြီးများကို ဝတ်ဆင်ထားကြသော်လည်း လူနှင့်အရုပ်ကို တွဲဖက်၍မြင်နေရသည်။

၂၀၀၄ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်းကီးမြို့တွင်ကျင်းပသည့် အာရှအနုပညာပွဲတော်တွင် ထိုင်းလူငယ်အယောက် ၂၀ ပါဝင်သည့် တုတ်ထိုးရုပ်သေးအဖွဲ့နှင့် မြန်မာ့ရုပ်သေးအဖွဲ့ကို ဖိတ်ကြားခဲ့သည်။ မြန်မာ့



ထိုင်းအရိပ်ရုပ်သေး

ရုပ်သေးကို ဟယ်လ်ဆင်းကီးမြို့ရှိ 'အယ်လစ်ဇဘက်' ရှေးဟောင်းကဇာတ်ရုံကြီးတွင် တင်ဆက်ခဲ့သည်။

လာအိုနိုင်ငံမှမော်ဒန်ရုပ်သေးသည် တီထွင်ဖန်တီးမှုအနုပညာဖြစ်သည်။ ကပုံလာအို မော်ဒန်ရုပ်သေးအဖွဲ့၏ ခေါင်းဆောင်သည် ပြင်သစ်တီထွင်ဖန်တီးမှုအနုပညာတစ်ခုဖြစ်သည့် မော်ဒန်ရုပ်သေးကို လာအိုယဉ်ကျေးမှုအသွင် ဖော်ဆောင်ထားခြင်းဖြစ်သည်။

ကပုံလာအိုအဖွဲ့၏ မော်ဒန်ရုပ်သေးကရန်အတွက် ရုပ်သေးမကာမီ ပထမဆုံး စိတ်အာရုံစူးစိုက်သည့် စိတ်လေ့ကျင့်ခန်းလုပ်ကြရသည်။ မိမိစိတ်နှင့် အခြားတစ်ဦး၏ စိတ်တစ်ထပ်တည်းကျမှု၊ စိတ်အာရုံစူးစိုက်တည်ငြိမ်မှုကြောင့် အခြားတစ်ဦး၏လှုပ်ရှားမှုကို အလိုလိုသိမြင်ခံစားနိုင်ပြီး အဖွဲ့အစည်းအလိုက် လှုပ်ရှားကပြရသည့် အနုပညာမျိုးဖြစ်သည်။ ဤမော်ဒန်ရုပ်သေးအဖွဲ့သည် စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းများပြီးသွားသည့်အခါ ရောမအိတ်ကြီးတစ်လုံးကို ကြမ်းပြင်ပေါ်တွင် သွန်ချလိုက်သည်။ ခွက်၊ ဘူးခွံ၊ ဂျပ်ပုံးခွံ၊ မီးစလောင်း၊ ဖိနပ်၊ ဇွန်း၊ ခက်ရင်း၊ ကြွပ်ကြွပ်အိတ်စသဖြင့် ပစ္စည်းများထွက်ကျလာသည်။ ယင်းတို့ကို အသုံးပြုပြီး တစ်ယောက်ချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ သတ်မှတ်ထားသည့် အချိန်အတွင်း အရုပ်ဖြစ်အောင်ဖန်တီး၍ ဖွင့်ပေးသော ဥရောပတေးဂီတသံစဉ်အလိုက် ဖန်တီးကပြရသည်။ ဖန်တီးမှုအနုပညာတစ်မျိုးပင် ဖြစ်သည်။

စင်ကာပူနိုင်ငံမှ အနုပညာအဖွဲ့သည် အာရှနိုင်ငံများမှ အနုပညာရှင်များကို ဖိတ်ကြား၍ ယဉ်ကျေးမှု အနုပညာဖလှယ်မှုများ နှစ်စဉ်ကျင်းပလေ့ရှိသည်။ ၁၉၉၈ ခုနှစ်တွင် မြန်မာ့ရုပ်သေးကြိုးဆွဲပညာရှင်များကို ဖိတ်ကြားခဲ့သည်။ မြန်မာ့ရုပ်သေးတွင် ရန်ကုန်အရုပ်နှင့် မန္တလေးအရုပ်၊ ရန်ကုန်မှုနှင့် မန္တလေးမှုတို့ ခြားနားမှုရှိရာ နှစ်ဖွဲ့ခွဲ၍ ရန်ကုန်မှုကို ရုပ်သေးကြိုးဆွဲပညာရှင် ဦးနန်းညွန့်ရှိန် (ကွယ်လွန်) က သင်ကြားပြသပေးပြီး မန္တလေးမှုကို စာရေးသူက သင်ကြားပြသပေးခဲ့ကြသည်။

ဂျပန်နိုင်ငံ၏ရုပ်သေးမှာ အစဉ်အလာကြီးမား ရှည်ကြာသည့် ဘွန်ရာကု (Bunraku) သို့မဟုတ် နင်ဂျိုဂျိုးရုရိ (Ningyo Jyoruri) ဂျပန်ရိုးရာဖြစ်သည်။ လက်ထိုးရုပ်သေးနှင့် တုတ်ထိုးရုပ်သေးနှစ်မျိုးကို ပေါင်းစပ်အသုံးပြုထားပြီး လူကဲ့သို့မြင့်မားသောအရုပ်တစ်ရုပ်ကို လူသုံးဦးက ကိုင်တွယ်လှုပ်ရှားကပြပေးရသည်။ လှုပ်ရှားကပြသူများကိုမူ ပွဲကြည့်ပရိသတ်က မြင်တွေ့နေရကာ ခေါင်းမှခြေအထိ ဖုံးလွှမ်းထားသော ဝတ်ရုံမည်းများကို ဝတ်ဆင်ထားကြရသည်။ လှုပ်ရှားကပြသူများကို အရိပ်များအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

အရုပ်တစ်ရုပ်သည်လေးပေခန့်အမြင့်ရှိပြီး လူသုံးယောက်ကိုင်တွယ်လှုပ်ရှားကပြရသည်။ လူတစ်ယောက်က အရုပ်၏ခေါင်းနှင့်ညာလက်ကို ကိုင်တွယ်လှုပ်ရှားရသည်။ ဒုတိယလူက ဘယ်လက်ကိုလှုပ်ရှားရ၍ တတိယလူက အရုပ်၏ခြေထောက်ကို ကိုင်တွယ်လှုပ်ရှားပေးရသည်။ ရုပ်သေးဆရာသုံးဦးသည် ဝတ်ရုံအနက်ကြီးများကိုဝတ်ဆင်ထားပြီး ပရိသတ်က ထိုလူသုံးဦးကို မြင်နေရသည်။

ကပွဲနှင့်တွဲဖက်၍ တီးခတ်ပြောဆိုပေးရသည့် ရှားမီးဆင် (Samisen) ခေါ်သုံးကြိုးတပ် ဘင်ဂျိုကို တီးခတ်သူနှင့် ဆို၊ ငို၊ ပြော သရုပ်ဆောင်သူသည် ကပွဲစင်၏ ဘေးတစ်ဖက်တွင်ထိုင်ပြီး တီးခတ်သရုပ်ဆောင်ကြရ

သည်။ ဇာတ်ဝင်ခန်းထဲမှ ယောကျ်ားသံ၊ မိန်းမသံ၊ အဖေ၏အပြော၊ အမေ၏ အပြော၊ သမီး၏အပြော စသည်တို့ကို ဆို၊ ငို၊ ပြော သရုပ်ဆောင်သူတစ်ဦးတည်းက အသံအမျိုးမျိုးပြောင်းကာ သရုပ်ဆောင်သွားရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ခန့်က အမျိုးသားသုံးဦး ကပြခဲ့ကြသည့် ဂျပန်ရိုးရာရုပ်သေးကို အမျိုးသမီးများက အရုပ်တစ်ရုပ်၊ လူတစ်ယောက်တည်းဖြင့် ကိုင်တွယ်လှုပ်ရှားကပြနိုင်အောင် ၁၉၆၇ ခုနှစ်က တီထွင်ခဲ့သည်။ အမျိုးသမီးများ တီထွင်ခဲ့ကြခြင်းဖြစ်သဖြင့် 'ဟီတိုမိဇာအိုတိုမေဘွန်ရာကု' (Hitomiza Otome Bunraku) ဟုခေါ်သည်။ အိုတိုမေ (Otome) ဆိုသည်မှာ အမျိုးသမီး (အပျို) ဟု အဓိပ္ပာယ်ရသည်။

အမျိုးသားသုံးဦးကပြခဲ့ကြရသည့် အရုပ်တစ်ရုပ်ကို တစ်ဦးတည်းဖြင့် ကိုင်တွယ်လှုပ်ရှားကနိုင်ရန်အတွက် ရုပ်သေးဆရာ၏ဒူးအထက်နားတွင် သံချိတ်ကို အဝတ်နှင့်ပတ်စည်းထားပြီး ၎င်းသံချိတ်ကို အရုပ်၏ဒူးမှ သံချိတ်နှင့် လှမ်းချိတ်ရသည်။ ဂျပန်ရိုးရာ အမျိုးသမီး၊ အမျိုးသားအရုပ်များသည် လူတစ်ရပ်အရွယ်ထက်ကြီးမားပေသည်။ ခါးတွင်လည်း ရုပ်သေးဆရာ၏ခါးမှာပတ်ထားသည့်သံချိတ်နှင့် အရုပ်၏ခါးကသံချိတ်ကို လှမ်းချိတ်ထားရသည်။ နားထင်တစ်ဘက်တစ်ချက်တွင် တစ်ထွာမျှကြိုးအရှည်ထုတ်ထားသည့် အဝတ်စကို လူ၏နဖူးတွင်စည်းထားပြီး အရုပ်၏တစ်ဖက်တစ်ချက်က ကြိုးနှင့်လှမ်းချိတ်ထားရသည်။ ထိုအခါတွင် အရုပ်နှင့်လူမှာ တစ်ထပ်တည်းကျသွားသည်။ လူ၏ခေါင်း ဘယ်လှည့်ညာလှည့် လှည့်လျှင် အရုပ်၏ခေါင်းလည်းလှည့်သည်။ လူ၏လက်နှစ်ဖက်ကို အရုပ်၏ဘယ်ညာဝတ်ရုံထဲတွင် လျှိုဝင်ထည့်ထားပြီး ဟန်အမူအရာ သရုပ်ဆောင်မှုအတွက် လိုသလိုလှုပ်ရှားပေးရသည်။ အရုပ်ကရန်နှင့် ဟန်ပန်သရုပ်ဆောင်ရန်အတွက် လူကပါ အတူတကွ သရုပ်ဆောင်ပေးရသည်။

ဂျပန်နိုင်ငံ၏အနောက်တောင်ပိုင်း ကန်ဆိုင်ဒေသရှိ မနဲခရိုင် မဆုဒါမြို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀ ခန့်က ပေါ်ထွန်းခဲ့သည့် ရိုးရာကြိုးဆွဲရုပ်သေးလည်းရှိခဲ့သည်။ အရုပ်များမှာအရှည် ၁၄ လက်မခန့်သာရှိသည်။ ဂျပန်နိုင်ငံ၏ ရှေးရိုးရာ ကြိုးဆွဲရုပ်သေးသည် ဘွန်ရာကုရုပ်သေးကဲ့သို့ ပရိသတ်၏နှစ်ခြိုက်အားပေးမှုကို မရရှိခဲ့ပေ။ ယခုအချိန်တွင် ဂျပန်ရိုးရာကြိုးဆွဲရုပ်သေးသည် ပျောက်ကွယ်လုနီးပါး ဖြစ်နေပေပြီ။

ဂျပန်ရိုးရာရုပ်သေးပညာမှာ ဂျပန်ရိုးရာအမျိုးသား၊ အမျိုးသမီးများ၏ သွားလာလှုပ်ရှားပြောဆိုမှုဟန်ပန်ကိုသာ သရုပ်ဆောင်ရသည့်ရုပ်သေးမျိုးဖြစ်၍



ဂျပန် အိုတိုမေဘွန်ရာကု ရုပ်သေး

ကြိုးဆွဲလှုပ်ရှားမှုမှာညင်သာသည်။ ရုပ်သေးစင်မှာ နှစ်ထပ်စင်အသေးဖြစ်ပြီး လူကအပေါ်ထပ်စင်ပေါ်တွင် တက်ထိုင်၍သော်လည်းကောင်း၊ ခါးကိုင်း၍သော်လည်းကောင်း ကြိုးဆွဲရသည်။ ရုပ်သေးပွဲနှင့်တွဲဖက်ရသည့် ရှားမီးဆင်ခေါ်သုံးကြိုးတပ်ဘင်ဂျိုကို တီးခတ်သူနှင့် ဆို၊ ငို၊ ပြောသရုပ်ဆောင်သူသည် ဘွန်ရာကုရုပ်သေးကဲ့သို့ပင် ကပွဲစင်၏ ဘေးတစ်ဘက်တွင်ထိုင်ပြီး တီးခတ်သရုပ်ဆောင်ကြရသည်။ ဆို၊ ငို၊ ပြောပညာရှင်တစ်ဦးတည်းက ဇာတ်ဝင်ခန်း၏ ဇာတ်ကောင်များအတွက် အသံအမျိုးမျိုးပြောင်းပြီး သရုပ်ဆောင်ရသည်။

စင်၏အောက်ဘက်တွင် အမျိုးသမီးနှစ်ယောက်က အနက်ရောင်အဝတ်အစား ဝတ်ဆင်ထားပြီး ဝပ်ပုန်းနေကာ အရုပ်၏လှုပ်ရှားမှုများကို လိုအပ်သလို ပံ့ပိုးဖေးကူပေးရသေးသည်။ ၎င်းတို့၏ ပံ့ပိုးကူညီပေးမှုများကိုလည်း ပရိသတ်ကမြင်နေရသဖြင့် အနုပညာရသတွင် လျော့ပါးစေသည်။

ဂျပန်ရိုးရာ ကြိုးဆွဲရုပ်သေး အယ်ဒေါ့အဖွဲ့ ရှိသေးသည်။ ထိုကြိုးဆွဲဆရာသည် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားသည်။ ၎င်း၏မျက်နှာကိုလည်း အနက်ရောင်ဇာဖြင့်ဖုံးအုပ်ထားသည်။

နိုင်ငံတကာတွင် ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးများကို အခါအားလျော်စွာ ကျင်းပလျက်ရှိကြသည်။ ယူနီမာခေါ် ကမ္ဘာ့ရုပ်သေးအဖွဲ့ချုပ်ကြီးကလည်း ရုပ်သေးပညာဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုရေး၊ ရုပ်သေးပညာရှင်များ စုစည်းရေး၊ ရုပ်သေးပညာရှင်များအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ရုပ်သေးဆိုင်ရာပညာ ဗဟုသုတများ နှီးနှောဖလှယ်ရေး၊ ကမ္ဘာ့ရုပ်သေးပွဲတော်များကို နိုင်ငံအသီးသီးတွင်အလှည့်ကျ ကျင်းပရေး၊ အထူးသဖြင့် အရှေ့တိုင်းရုပ်သေးအပါအဝင် တတိယကမ္ဘာတွင် တိမ်မြုပ်နေသောရုပ်သေးသဘင်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်ရေးစသည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးများတွင် ပွဲတော်ကျင်းပရေးဌာန မြို့တစ်လျှောက်လုံးနှင့် ပွဲတော်ကြီး၏အဝန်းအဝိုင်းထဲတွင် သေးငယ်သောရုပ်သေးစင်များဆောက်လုပ်ပြီး ကက်ဆက် (သို့မဟုတ်) ဂရမ်မိုဖုန်းဖွင့်ပြီး ရုပ်သေးပွဲကပြကြသည်။ ကွက်စိပ်ဆရာကဲ့သို့ ပြောဆိုကပြနေကြသည်က တစ်မျိုး၊ မိမိ၏ကိုယ်ပိုင်ကားထဲတွင် ရုပ်သေးရုံပုံစံပြုလုပ်ပြီး နယ်လှည့်ကပြနေသည့်အဖွဲ့မျိုးကတစ်ဖုံ အမျိုးမျိုးစုံလင်လှသည်။

လှပစွာတန်ဆာဆင်ထားသည့် အမိုးဖွင့်လှည်းကြီးပေါ်တွင် ရှေးခေတ်အဝတ်အစားများဝတ်ဆင်ပြီး ပုံစံပြနေကြသူများ၊ ကြက်ဆင်ပုံစံ၊ လူရိုင်းပုံစံ ဝတ်ဆင်ထားကြသူများ၊ ဆေးနီဝါပြာရောင်စုံခြယ်သကာ ကုလားမခြေထောက်အမြင့်ကြီးများဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေကြသူများသည် ကလေးများနှင့် လမ်းသွားလမ်းလာ ရုပ်သေးချစ်သူများကို ပျော်ရွှင်စေသည်။ ရှေးဟောင်းစီထရွန်ကားပေါ်တွင် သံဖြင့်ပြုလုပ်ထားသည့် သံစက်ရုပ်နွားကြီးထဲတွင် လူဝင်၍ သရုပ်ပြ၊ မတ်တတ်ရုပ်ပြ၊ နွားသံအော်ပြကာ ရုပ်သေးပရိသတ်အပေါင်းတို့ကို ဖျော်ဖြေကြသည်။ ရုပ်သေးနှင့်ပတ်သက်ပြီး ဆန်းသစ်တီထွင်မှု အနုပညာမျိုးစုံတွေ့ရှိရပေသည်။



မြန်မာကြိုးဆွဲရုပ်သေးများကို နိုင်ငံခြားသားများက မှတ်တမ်းဓာတ်ပုံရိုက်ယူကြစဉ်

ပွဲတော်ကြီးကျင်းပသည့် ပြင်သစ်နိုင်ငံ ရှာလီဗီးမစ်ဇီယယ်မြို့တွင် ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ၊ အားကစားရုံစသည့် ရုံပေါင်း ၅၃ ရုံတွင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၄၀ကျော်မှ ရုပ်သေးအဖွဲ့ ပေါင်း၁၅၀ကျော် ရုံသွင်းကပြသည့် နိုင်ငံတကာရုပ်သေးပွဲပေါင်းများစွာထဲတွင် မြန်မာ့ရုပ်သေးပွဲသည် ရုံဝင်ခ အမြင့်ဆုံး ၁၂ ယူရိုဖြစ်ပြီး ပရိသတ်များစွာ၏ အားပေးခြင်းကိုခံခဲ့ရသည်။ သုံးနှစ်တစ်ကြိမ်ကျင်းပသည့် အဆိုပါပွဲတော်ကြီး၌ ၂၀၀၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်တွင်တစ်ကြိမ် သုံးကြိမ်တိုင် ပါဝင်ဆင်နွှဲခဲ့ရာတွင် သုံးကြိမ်စလုံးပင် အကောင်းဆုံးဟု ချီးကျူးမှုကိုရရှိခဲ့သည်။ ထို့အတူ စပိန်နိုင်ငံဆီးဂိုးဗီးယားမြို့တွင် နှစ်စဉ်ကျင်းပသည့် တီတီရီမွန်ဒီ ကမ္ဘာ့ရုပ်သေးပွဲတော်ကြီးနှင့် ၂၀၀၄ ခုနှစ်တွင်ကျင်းပသော ဖင်လန်နိုင်ငံ ဟယ်လ်ဆင် ကီးမြို့မှ အာရှအနုပညာပွဲတော်တွင်လည်း မြန်မာ့ရုပ်သေးပွဲ ပါဝင်ဆင်နွှဲခွင့်ရခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံမှ မာဝဇင်းပွဲတော်ကြီး၊ ၂၀၀၇ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံမှ ကမ္ဘာလုံးဆိုင်ရာ ဖိုရမ် (Forum) ပွဲတော်ကြီးတို့တွင်လည်း မြန်မာ့ရုပ်သေးကို အောင်မြင်စွာဖျော်ဖြေနိုင်ခဲ့သည်။

ထို့ကြောင့် အခြားတစ်ပါးသော ကမ္ဘာ့ရုပ်သေးများနှင့်မတူဘဲ လေးနက်ခက်ခဲပြီး အနှစ်သာရပြည့်ဝသည့်မြန်မာ့ရုပ်သေးအနုပညာကို ကမ္ဘာ့အလယ်တွင် ထာဝစဉ်တင့်တယ် ဂုဏ်ယူနိုင်ရန် အထူးထိန်းသိမ်းစောင့်ရှောက်သင့်ပေသည်။

မမနိုင်

# နှစ်၁၀၀၀ ရာပြည့်တောင်ငူမြို့ (ကေတုမတီ)

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့ကို ကေတုမတီနန်းမြို့အဖြစ် ၁၅၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် 'မင်းကြီးညို' က စတင်တည်ထောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် တောင်ငူမြို့သည် နှစ် ၅၀၀ တိုင်ပြည့်မြောက်လျက် ဆက်လက်တည်ရှိ စည်ပင်နေသော ဂုဏ်ထူးဆောင်မြို့အဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာတွေ့မြင်ရပြီဖြစ်သည်။ ကေတုမတီ ခေါ် တောင်ငူမြို့တွင် ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် ဘုရင့်နောင်အပါအဝင် တပင်ရွှေထီးနှင့် နတ်သျှင်နောင်တို့လည်း စိုးစံခဲ့ပူးသည်ကို သမိုင်းတမျက်နှာတွင် အထင်အရှား တွေ့မြင်ရသည်။ ဤသို့လျှင် တောင်ငူမြို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေပြီး နိုင်ငံ့သမိုင်းတွင် အထင်ကရ သမိုင်းဝင်မြို့တစ်မြို့အဖြစ် မြန်မာနိုင်ငံ၏ မြေပုံကိုလည်း ဝိုဝိုလှပ၊ ဝိုဝိုအဓိပ္ပာယ်ရှိစေခဲ့ပြီဖြစ်သည်။

---

၁၈ ရာစုမတိုင်မီက ရှေးဟောင်းမြန်မာနိုင်ငံ မင်းနေပြည်တော်များတည်နေပုံကို မြေပုံတွင်ချကြည့်ပါက ပျံ့နှံ့လျက်တည်ရှိနေသည်ကို တွေ့ရသည်။ ပင်လယ်၊ ဗိဿနိုး (တကောင်း)၊ ဟံလင်း၊ သရေခေတ္တရာ စသည့်မြို့များသည် ပျူမြို့တော်များဖြစ်ကြသည်။ ပျူမင်းတို့သည် လုံခြုံရေးကိုဦးစားပေးပြီး တကောင်းမှလွဲ၍ အားလုံးသည် မြစ်နှင့်ဝေးသော အတွင်းပိုင်းနေရာများ၌ တည်ထောင်ထားသည်။ သရေခေတ္တရာသည် ဧရာဝတီမှ ဖမိုင်ကျော်အကွာတွင် တည်ရှိသည်။

ရခိုင်မင်းတို့လည်း လုံခြုံရေးဦးစားပေးသဖြင့် ပင်လယ်နှင့်ဝေးရာအတွင်းပိုင်းများတွင် မြို့တည်စိုးစံခဲ့ကြသည်။ သို့သော် မြစ်မကြီးမဟုတ်သည့်တိုင် ဆက်သွယ်နိုင်သောချောင်းအပေါ် အခြေခံထားခဲ့သည်။ ဓညဝတီသည် ကုလားတန်မြစ်မကြီးပေါ်တွင် မရှိသော်လည်း ချောင်းငယ်ဖြင့် ဆက်သွယ်ထားသည်။ လုံခြုံရေးကို အလွန်သတိထားသည်ဟု ဆိုနိုင်သည်။ ရခိုင်တွင် မြို့ပြယဉ်ကျေးမှုသည် ကျဉ်းမြောင်းသောကမ်းမြောင်ဒေသတွင် ထွန်းကားသဖြင့် ပထဝီသဘာဝအရ လုံခြုံမှုအတော်အတန်ရှိနေသော်လည်း ရန်သူများ အင်အားကြီးစွာဖြင့် ဝင်ရောက်လာလျှင် ယာယီဆုတ်ခွာပေးစရာမြေနေရာ မရှိချေ။ ထို့ကြောင့် ဗဒုံမင်းလာရောက်တိုက်ခိုက်သောအခါ ကျဆုံးခဲ့ရခြင်းဖြစ်သည်။

အောက်မြန်မာနိုင်ငံ ရာမညဒေသတွင်မူ မင်းနေပြည်တော်များသည် ပင်လယ်ဘက်မျက်နှာမူထားကြသည်။ ထင်ရှားခဲ့သော မင်းနေပြည်တော်မြို့များမှာ သထုံ၊ မုတ္တမနှင့် ဟံသာဝတီ (ဥဿာပဲခူး) တို့ဖြစ်ကြသည်။ ဟံသာဝတီသည် အထင်ရှားဆုံးနှင့် မြို့သက်မြို့ဆက်အကြာဆုံးဖြစ်၏။ ယင်းသည် ပင်လယ်နှင့် အတန်ငယ်ဝေးသော်လည်း ထိုခေတ်လှေသင်္ဘောငယ်များ ပင်လယ်ဘက်မှသည် ပဲခူးအထိ ဝင်ရောက်ဆိုက်ကပ်နိုင်ပေသည်။ ဒဂုံ၊ ဒလ၊ ပုသိမ်၊ မြောင်းမြစသည်မြို့များမှာ သမိုင်းတွင် ထင်ရှားခဲ့ကြသော်လည်း မင်းနေပြည်တော်များ ဖြစ်ခဲ့ခြင်းမရှိပေ။ မွန်မင်းတို့သည် ပထဝီဝင်အနေအထားကိုကြည့်၍ လုံခြုံရေးအပြင် ပြင်ပနှင့်ဆက်ဆံရေးကိုပါများစွာ စဉ်းစားခဲ့ကြသည်မှာ ထင်ရှားသည့်အချက်ဖြစ်သည်။

မြန်မာမင်းတို့ မြို့ပြနိုင်ငံထူထောင်လာခဲ့ကြသောအခါ ဧရာဝတီမြစ်ကို အမှီသဟဲပြုလာခဲ့ကြသည်။ ဗဟိုချက်ကျသောနေရာကိုရွေးချယ်ပြီး မြို့တော်များကို တည်ထားခဲ့ကြသဖြင့် ပျူတို့နှင့်ကွဲပြားသည်ဟုဆို



မြစည်းခုံဘုရားပြတိုက်မှ မင်းဝတ်ဘုရား

နိုင်သည်။ ပတ်ဝန်းကျင်ကို ထိန်းချုပ်ထားနိုင်သော ဆက်သွယ်ရေးနှင့် ပြည်တွင်းစီးပွားရေးကို ပိုမိုအလေးထားလာကြောင်း သိရှိနိုင်သည်။ ထို့ကြောင့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အဝ စသည့် မြန်မာမင်းနေပြည်တော်များ ဧရာဝတီမြစ်ကမ်းပေါ်တွင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မြန်မာတို့က ဧရာဝတီမြစ်ကြီးကို အသက်သွေးကြောပြု၍ မြို့တော်များတည်ဆောက်ခဲ့ကြသည်။ ရိက္ခာအတွက်မကြောင့်ကြစေရန် ဆည်ရေသောက် စိုက်ပျိုးနိုင်သောနေရာများကို သတိထားရွေးချယ်ခဲ့ကြသည်။

ထိုသို့သောမင်းနေပြည်တော်များ ပျံ့နှံ့တည်နေပုံတို့အလယ်တွင် တောင်ငူရှိနေခဲ့သည်။ အလယ်ဟုဆိုသော်လည်း ပုဂံ၊ အဝ၊ ပြည်၊ ဟံသာဝတီစသည်တို့က တောင်ငူကို ဝန်းရံနေသကဲ့သို့ရှိပြီး တောင်မြောက်၊ အထက်အောက် အရပ်အနေအထားဖြင့်သာ အလယ်ဗဟိုဟု ဆိုလိုခြင်းဖြစ်သည်။ တောင်ငူ၏ အရှေ့ဘက်ဒေသတွင် မြေပြန့်မရှိတော့သဖြင့် မင်းနေပြည်တော်လည်း မရှိခဲ့ဖူးချေ။ တောင်ပေါ်နေလူမျိုးစုတို့သာရှိသည်။

တောင်ငူမြို့သည် ဇာတိသားမြို့စားအကြီးအကဲက မင်းဖြစ်လာသောကြောင့် မင်းနေမြို့ဖြစ်လာခြင်းသဘောသာဖြစ်သည်။ အမြဲတမ်းမြို့တော်အဖြစ်မှုတောင်ငူစံမင်းတိုင်းက မစဉ်းစားခဲ့ကြချေ။ တောင်ငူ၏ အားနည်းချက်နှစ်ရပ်မှာ ပြည်ပနှင့်ဆက်ဆံနိုင်သော ပင်လယ်ကမ်းနှင့်ဝေးကွာခြင်း၊ ပြည်တွင်းဆက်သွယ်ရေးလမ်းကြောင်း ဧရာဝတီနှင့်ဝေးကွာခြင်းတို့ဖြစ်သည်။ ထို့ကြောင့်လည်း တပင်ရွှေထီး၊ ဘုရင့်နောင်၊ ညောင်ရမ်းမင်း၊ အနောက်ဘက်လွန်မင်းတို့ မင်းအဖြစ်သို့ရောက်လာကြသောအခါ တောင်ငူမှထွက်ခဲ့ကြ၍ ပဲခူးနှင့်အဝသို့ ရွှေ့ပြောင်းစံနေခဲ့ကြခြင်း ဖြစ်ပေသည်။

တောင်ငူသည် အဝနှင့်ခေတ်ပြိုင်ထွန်းကားလာခဲ့သည်။ မူလက အဝလက်အောက်ခံ မြို့စားနယ်စားနေရာမြို့အဆင့်ဖြင့်သာ ရပ်တည်ရှင်သန်ခဲ့ရသည်။ မင်းကြီးညိုမတိုင်မီကတည်းက မြို့ပြဖြစ်ထွန်းနေသော်လည်း ကောင်းစွာမကြီးပွားခဲ့သေးချေ။

တောင်ငူသည် ပုဂံခေတ်နှောင်းကာလ နိုင်ငံတော်စည်းလုံးမှု ပြိုကွဲစအချိန်တွင် ပေါ်ပေါက်လာခဲ့ကြောင်း တွေ့ရသည်။ စတင်တည်ထောင်ခဲ့သူများသည် သဝန်ကြီး၊ သဝန်ငယ်ညီနောင်တို့ဖြစ်သည်။ မြို့တည်နှစ်ကို သက္ကရာဇ် ၆၄၁ ခု ကဆုန်လဆန်း ၉ ရက် (၂၀ ဧပြီ ၁၂၇၉) နေ့ဟုဆိုသည်။ ထိုရက်စွဲဖြင့် တွက်စစ်လျှင် တောင်ငူသည် ယခုအခါ မြို့သက် ၇၃၁ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ တောင်ငူ၏အဲ့ဖွယ်သမိုင်းမှာ စတင်တည်ထောင်ခဲ့သူသဝန်ကြီးကို ညီဖြစ်သူသဝန်ငယ်က သတ်၍ နန်းလုခဲ့သကဲ့သို့ နောက်ဆုံးမင်း နတ်သျှင်နောင်ကလည်း ဦးရီးတော်ငါးဆုဒါယကာကိုသတ်၍ နန်းလုခဲ့ခြင်းဖြစ်သည်။ နတ်သျှင်နောင်ကိုလည်း တိုင်းတစ်ပါးနယ်ချဲ့ သန်လျင်မြို့စားပေါ်တူဂီကုလား ဇေင်ကာက တိုက်ခိုက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အနောက်ဘက်လွန်မင်းက သန်လျင်ကို တိုက်ခိုက်သိမ်းပိုက်အောင်မြင်သောအခါ ဇေင်ကာကို နိယတမိစ္ဆာဒိဋ္ဌိဆို၍ မကောင်းသော သတ်ခြင်းဖြင့်သတ်ဖြတ်ခဲ့သည်။ နတ်ရှင်နောင်ကိုလည်း အမျိုးကိုသစ္စာ မစောင့်သူဟု သမုတ်ကာ သုတ်သင်ခဲ့သည်။ ထိုအချိန်မှစ၍ တောင်ငူသည် မင်းနေပြည်တော်အဖြစ်မှ နိဂုံးချုပ်သွားခဲ့ရသည်။ ထို့ကြောင့် တောင်ငူကိုတည်ထောင် ကြီးစိုးခဲ့ကြသော အကြီးအကဲများစာရင်းကိုလည်း မှတ်တမ်းရှိသည့်အတိုင်းဖော်ပြအပ်သည်။

တောင်ငူတွင်စိုးစံခဲ့ကြသော မင်းများနှင့် ပတ်သက်၍ သဝန်ကြီးမှဘုရင့်နောင်အထိ မင်းဆက် ၃၃ ပါးနှင့် မြို့သက်နှစ် ၂၇၀ ကျော်ရှိခဲ့သည်။ မင်းတစ်ပါးလျှင် နန်းစံသက်ပျမ်းမျှ ရှစ်နှစ်ကျော်သာစိုးစံနိုင်ခဲ့သည်။ ထိုအထဲတွင် တောစ်ပါးမင်းလေးပါး ပါရှိသည်ကိုလည်း တွေ့ရသည်။ နန်းလုသူ ခုနစ်ဦးရှိ၍ နန်းကျလုပ်ကြံခံရသောမင်းတို့ကလည်း ဆယ်ပါးရှိသည်။ နန္ဒဘုရင် (ငါးဆူ ဒါယကာ) လက်ထက်နောက်ပိုင်းနတ်ရှင်နောင်လက်ထက်တွင် တောင်ငူသည် မြို့တော်ပြန်ဖြစ်လာခဲ့သေးသော်လည်း သန်လျင်မှ ပေါ်တူဂီကုလားဖေင်ကာ လာရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့သဖြင့် တောင်ငူမြို့သက်လုံးဝချုပ်ငြိမ်းခဲ့ရသည်။

တောင်ငူအကြောင်း ပေါရာဏစကားအချို့ရှိသည်။ တစ်ကြိမ်က မိုးညှင်းမင်းတရားကြီး (၁၄၂၆–၁၄၃၉) သည် ပညာရှိအမတ်ကြီးရာဇသင်္ကြန်နှင့် ပြည်ရေးရွာမှုတိုင်ပင်သောအခါ အမတ်ကြီးက တောင်ငူ၊ တောင်တွင်း၊ ရမည်းသင်းတို့၏ စစ်ရေးမဟာဗျူဟာ အရေးပါပုံကို လျှောက်ထားခဲ့ဖူးသည်။ ထိုအချိန်က တောင်ငူမှာ အရေးပါအရာရောက်စ အချိန်ဖြစ်သည်။

တောင်ငူသည် အဝ–ဟံသာဝတီ အနှစ်၄၀ စစ်တွင်းမှ စတင်ထင်ရှားလာခဲ့သည်။ ထိုအချိန်က တောင်ငူသည် အဝ၏တောင်ဖွန့်ကုန်းလမ်းက ခံတပ်ဖြစ်ခဲ့သည်။ နှစ်နိုင်ငံစစ်ကြောင်းများက ဧရာဝတီကို အားထားချီတက်တိုက်ခိုက်နေကြသောကြောင့် တောင်ငူသည် စစ်ရေးကင်းလွတ်နယ်ကဲ့သို့ ရပ်တည်နေနိုင်ခဲ့သည်။ ထို့ကြောင့်ယင်းသည် နှစ်နိုင်ငံစစ်ပန်းနေချိန်ကို စောင့်ကြည့်ကာ အင်အားတည်ဆောက်ခွင့်အတွက် အချိန်နှင့်အခြေအနေကောင်းကို ရရှိခဲ့သည်။ တစ်ဖက်ကလည်း စစ်ရှောင်စစ်ကွင်းနယ်မြေဖြစ်ခဲ့သဖြင့် စစ်ရေးမဟာဗျူဟာအရ အင်အားတောင့်တင်းလာခဲ့သည်။ စီးပွားရေးလည်း ဖြစ်ထွန်းလာခဲ့သည်။ အရေးအပါဆုံးမှာ စစ်နယ်မြေများမှ ရဟန်းပညာရှိ၊ လူပညာရှိများအပြင် စစ်မှုထမ်းကောင်းများ၊ လုပ်သားကောင်းများ ခိုဝင်လာခဲ့ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် တောင်ငူသမိုင်းကို မင်းကြီးညို (၁၄၈၆–၁၅၃၁) လက်ထက်က စရမည်ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေတို့အရ တောင်ငူသည် အခွင့်အခါကောင်းနှင့် ကြုံကြိုက်ခဲ့ရသည်။ ယင်းအခွင့်သာမှုကို အရယူလျက် မဖြစ်မနေ

**တောင်ငူတွင်စိုးစံခဲ့ကြသော မြို့စားများနှင့်မင်းများ**

| မင်း | နန်းသက်ကာလ | မှတ်ချက် |
|---|---|---|
| သဝန်ကြီး | ၆၄၀–၆၇၉ | စတင်တည်ထောင်သူ/ လုပ်ကြံခံရ |
| သဝန်ငယ် | ၆၇၉–၆၈၆ | နန်းလုသူ |
| စောနှစ် ထောင်မှူး | ၆၈၆–၆၈၇ | အရာဆက်ခံ/ နတ်ရွာစံ |
| ကရင်ဘ | ၆၈၇–၇၀၄ | တောစ်ပါး/ နတ်ရွာစံ |
| လက်ယာစကြာ | ၇၀၄–၇၀၆ | ကရင်ဘသမက်/ လုပ်ကြံခံရ |
| ထောက်လေ့ကား | ၇၀၆–၇၀၈ | ကရင်ဘညီတော်/ နန်းလု/ အသတ်ခံရ |
| သိင်္ဂပါ | ၇၀၈–၇၂၉ | တောစ်ပါး/ မင်းယကိုမှန်ကန် |
| မျှံချိုကြီး | ၇၂၉–၇၃၇ | အရာဆက်ခံ/ ပြည်မင်းကသတ် |
| မြို့စောင့်ဖွန့်မစ်နဲ့ | ၇၃၇–၇၃၇ | တောစ်ပါး/ မြို့လုပ်စဉ်ဝင်ဗန/ အသတ်ခံရ |
| မျှံချိုငယ် | ၇၃၇–၇၄၁ | မျှံချိုကြီးသား/ တောင်ငူပြန်သိမ်း/ အသတ်ခံရ |
| စုက္ကတေး | ၇၄၁–၇၄၅ | မျှံချိုငယ်ယောက်ဖ/ နန်းလုတက်/ အသတ်ခံရ |
| မင်းသောင်းကား | ၇၄၅–၇၅၉ | တောစ်ပါး/ နန်းလုသူ |
| မင်းစောဦး | ၇၅၉–၇၆၁ | အရာဆက်ခံ/ အရာမှကျ |
| မင်းနေမိ | ၇၆၁–၇၇၀ | အဝမင်းကြီးစွာကခန့် |
| လက်ယာကြီး (စောင်ညို) | ၇၇၀–၇၇၃ | အဝမင်းခေါင်ကြီးကခန့် |
| စကျသင်္ခယာ | ၇၇၃–၇၇၇ | အဝမင်းခေါင်ကြီးကခန့် |
| သားသင်္ခယာငယ် | ၇၇၇–၇၈၁ | အဝမင်းခေါင်ကြီးကခန့်၊ အသတ်ခံရ |
| ပန်းတောင်းမင်း | ၇၈၁–၇၈၂ | အဝမင်းခေါင်ကြီးကခန့်၊ အရာကကျ |
| စောလူးသင်္ခယာ | ၇၈၂–၇၉၇ | အဝမင်းခေါင်ကြီးကခန့် |
| သမက် ဥစ္စာ | ၇၉၇–၇၉၈ | ရာဇာဓိရာဇ်သားဗညားကျန်းကမြှောက်ချ |
| မင်းစောဦး | ၇၉၈–၈၀၂ | ဗညားရံကတင်မြှောက်/ လုပ်ကြံခံရ |
| တာရဖျား | ၈၀၂–၈၀၇ | နန်းလုသူ/ တောစ်ပါး/ နှာချဲသော |
| မင်းခေါင်ငယ် | ၈၀၇–၈၁၃ | အရာဆက်ခံ/ လုပ်ကြံခံရ |
| မင်းငယ်ကျော်ထင် မင်းသိရိစေယျ | ၈၁၃–၈၂၀ | နန်းလုသူ/ လုပ်ကြံခံရ |
| သုရ လက်ယာစလ | ၈၂၀–၈၂၈ | တောင်တွင်းမင်းကြီး |
| သင်္ကြန် | ၈၂၈–၈၃၂ | မြေထဲစား၊ မှန်ကန်စွာမြှတ် |
| စည်သူကျော်ထင် | ၈၃၂–၈၄၃ | အဝမင်းကခန့် |
| မင်းစည်သူ မဟာသိရိစေယျ | ၈၄၃–၈၄၇ | အရာဆက်ခံ/ လုပ်ကြံခံရ |
| သီဟသူရ | ၈၄၇–၈၉၂ | နန်းလုသူမင်းကြီးညို |
| တပင်ရွှေထီး | ၈၉၂–၉၁၁ | အရာဆက်ခံ/ ဟံသာဝတီရွှေ့စံ |
| မင်းရဲသခ်သူ | ၉၁၁–၉၁၀ | ဘုရင့်နောင်[illegible] |
| မင်းခေါင် | ၉၁၀–၉၁၂ | ဘုရင့်[illegible] |
| ဘုရင့်နောင် | ၉၁၂–[illegible] | [illegible] |



လွန်ခဲ့သော ၁၂၅ နှစ်က တည်ထားသည့်စေတီတစ်ဆူ

အကောင်အထည်ဖော်နိုင်စွမ်းသော ခေါင်းဆောင်ကောင်းမင်းကြီးညို ရှိနေခြင်းကလည်း "တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အဆင်သင့်" ဖြစ်ခဲ့ရသည်။ မင်းကြီးညိုလက်ထက်တွင် တောင်ငူသည် ကေတုမတီ အမည်ဖြင့် ရာဇဓာနီမင်းနေပြည်တော် ဖြစ်လာခဲ့ပြီး သမိုင်းစာမျက်နှာသစ်ဖွင့်နိုင်ခဲ့သည်။

တောင်ငူမြို့စားတို့သည် တောင်ငူမြို့ကို တိုးချဲ့ခြင်း ပြန်လည်တည်ဆောက်ခြင်းတို့ကို အခွင့်သာတိုင်း ပြုလုပ်ခဲ့ကြသည်။ သက္ကရာဇ် ၈၃၈ ခု (အေဒီ ၁၄၇၆) တွင် မြို့စားစည်သူကျော်ထင်လက်ထက်၌ မြို့ကျဉ်းသဖြင့် တိုးချဲ့ခဲ့ဖူးသည်။

မင်းကြီးညိုလက်ထက်က တောင်ငူအနီးတွင် ဒွါရာဝတီမြို့သစ်ကို တည်ခဲ့ဖူးသည်။ သက္ကရာဇ် ၈၈၈ ခု (အေဒီ ၁၅၂၇) တွင် အဝပျက်သောအခါ တောင်ငူဘုရင်မင်းကြီးညိုသည် အဝတောင်ဘက်ဒေသများကို တိုက်ခိုက်သိမ်းပိုက်၍ အင်အားစုခဲ့သည်။ ထို့နောက် တောင်ငူကိုအမှီပြုလျက် တစ်နိုင်ငံလုံးစည်းရုံးနိုင်ရန် မြို့ကို သက္ကရာဇ် ၈၇၂ တန်ဆောင်မုန်းလပြည့် (၁၆ အောက်တိုဘာ ၁၅၁၀) အင်္ဂါနေ့ နံနက်အချိန်တွင် ကြာအင်းကို အတွင်းသွင်း၍ အရှေ့အနောက်တာ ၅၀၀ (၇၀၂၀ ပေ) တောင်မြောက်တာ ၇၀၀ (၉၂၅၆ ပေ) ဖွင့်၍ တည်ခဲ့သည်။ တံခါးပေါင်း ၂၀ ထားရှိသည်။ တံခါးတစ်ခုသည် ၁၂ တောင် (၁၈ ပေ) အကျယ်ရှိသည်။ ထိုတံခါးများမှာ အရှေ့မျက်နှာ (မြောက်မှ တောင်သို့) မာရ်အောင်တံခါး၊ ပန်းချီ၊ အောင်နန်း၊ တကောင်း၊ ကျောက်ရင်း၊ တောင်မျက်နှာ (အရှေ့မှ အနောက်သို့) ပုန်းညက်တံခါး၊ ကုလား၊ ကြာမှုံ၊ လင်းသက်၊ ကြေးနီ၊ အနောက်မျက်နှာ (တောင်မှ မြောက်သို့) သစ်ရင်းတံခါး၊ ပေါရိသာဒ်၊ စင်(ရှင်)၊ စစ်ရင်း၊ ကလေး၊ မြောက်မျက်နှာ (အနောက်မှ အရှေ့သို့) မြဝတီတံခါး၊ သရဖာ၊ မော်ကွန်း၊ ရန်အောင်မြင်၊ ကြက်မှျားတို့ဖြစ်သည်။ အားလုံးကို မိတ်ဘက်ဓာတ်ဘက်ယှဉ်၍ မှည့်ထားသောတံခါးအမည်များဖြစ်ကြသည်။ ထိုအထဲတွင် မြို့အမည်တံခါးများလည်းပါရှိသည်။

မြို့တော်ကြီးကို တည်ဆောက်သောအခါ လုပ်သားပေါင်းများစွာကိုလည်း အသုံးပြုခဲ့သည်။ တစ်တာကို လုပ်သား ၂၀ ဦးဖြင့် လုပ်ကိုင်ခဲ့ရသည်။ ထို့ကြောင့် အရှေ့မျက်နှာတွင်လုပ်ကိုင်သောလူပေါင်း ၁၀,၀၀၀၊ တောင်မျက်နှာတွင် လူပေါင်း ၁၄,၀၀၀၊ အနောက်မျက်နှာတွင် လူပေါင်း ၁၀,၀၀၀၊ မြောက်မျက်နှာတွင် လူပေါင်း ၁၄,၀၀၀၊ လေးမျက်နှာအတွက် လုပ်သားပေါင်း ၄၈,၀၀၀ ဖြင့်တည်ဆောက်ခဲ့သည်။ ရှေးကမရှိခဲ့သော မြို့ထောင့်စေတီတော်လေးဆူကိုလည်း ထည့်သွင်းတည်ထားခဲ့သည်။ အရှေ့မြောက်ထောင့်တွင် မာရ်အောင်ဘုရား၊ အရှေ့တောင်ထောင့်တွင်သာရမဏ္ဍာဘုရား၊ အနောက်တောင်ထောင့်တွင် မြသိန်းတန်ဘုရား၊ အနောက်မြောက်ထောင့်တွင် မဏ္ဍာသာရဘုရားတို့ ဖြစ်ကြသည်။

မြို့ရိုးပေါ်တွင် သူရဲခိုများလည်းပါရှိသည်။ တစ်တာတွင် သူရဲခို ၃ လုံးထားရှိသည်။ အရှေ့မျက်နှာတွင် သူရဲခိုပေါင်း ၁၅၀၀၊ တောင်မျက်နှာတွင် ၂၁၀၀၊ အနောက်မျက်နှာတွင် ၁၅၀၀ နှင့် မြောက်မျက်နှာတွင် ၂၁၀၀ ရှိသဖြင့် အားလုံးသူရဲခိုပေါင်း ၇၂၀၀ ရှိခဲ့သည်။ ပြအိုးများကမူ တစ်မျက်နှာလျှင် ၅ ပြရှိသဖြင့် ပတ်လည်ပြပေါင်း ၂၀ ရှိသည်။ မြို့ထောင့်ပြအိုးများ အပါအဝင် အစုစုပြအိုးပေါင်း ၂၄ ခုရှိသည်။

မြို့တွင်း၌ တစ်ပြလျှင် လမ်းမတစ်ခုကျ ဖောက်လုပ်ထားသောကြောင့် မြို့တွင်းတွင် လမ်းမကြီးများအရှေ့အနောက်၊ တောင်မြောက် ၅ လမ်းစီရှိသည်။ လမ်းတစ်သွယ်လျှင် တန်ဆောင်း ၅ ဆောင် ဆောက်လုပ်ထားသဖြင့် အားလုံးတန်ဆောင်း ၂၀၀ ပါရှိသည်။ ထန်းပင်များကိုလည်း မြို့ရိုးနှင့်ယှဉ်၍ စိုက်ပျိုးခဲ့သည်။

အရှေ့မျက်နှာ ၁၄၀၀ ပင်၊ တောင်မျက်နှာ ၁၉၆၀ ပင်၊ အနောက်မျက်နှာ ၁၄၀၀ ပင်၊ မြောက်မျက်နှာ ၁၉၆၀ ပင်၊ စုစုပေါင်း ၆၇၂၀ ပင် ရှိသည်။ ထို့ကြောင့် တောင်ငူကို ထန်းတောမြို့ (တာလပုရ) ဟူ၍ ခေါ်ရမည် ကဲ့သို့ဖြစ်ပေသည်။

တောင်ငူကို ကေတုမတီ ဟူ၍ သမုတ်ခဲ့သည်။ ကေတုမတီအမည်ကို အဘိဓာန်တွင် "ကေတု" သည် အလင်းရောင်၊ တံခွန်၊ အလံ၊ မှန်ကင်း အဓိပ္ပာယ်များ သက်ရောက်သည်။ "မတိ" ကမူ "သိမြင်ခြင်း"၊ "ဉာဏ် ပညာ" ဟုဆိုသည်။ "အသိပညာအရာတွင် တံခွန်မှန် ကင်းသဖွယ် အထွတ်အထိပ်က" ဟု ဆိုလို ဟန်ရှိသည်။ တောင်ငူ၏ သမိုင်းသည်လည်း ထိုအခါတွင်မှ ထိပ်တန်းသို့ တက်လှမ်းရောက်ရှိလာခဲ့သည်။ တောင်ငူခေါ် ကေတုမတီ အကြောင်းပြောလျှင် မင်းလေးပါးကိုလည်း ထည့်သွင်းပြောရပေမည်။ ထိုမင်းတို့ကား မဟာသီရိဇေယျသူရ (၁၄၈၆-၁၅၃၁)၊ မင်းတရားရွှေထီး (၁၅၃၁-၁၅၅၀)၊ ဘုရင့်နောင်ခေါ် ဟံသာဝတီဆင်ဖြူရှင် (၁၅၅၁-၁၅၈၁) နှင့် ရတုစာဆို နတ်သျှင်နောင် (၁၆၀၉-၁၆၁၂) တို့ဖြစ်သည်။ ထိုအထဲမှ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာသမိုင်းတွင် ဟံသာဝတီဆင်ဖြူရှင်ဟုအသိများ၍ အရှေ့တောင် အာရှတွင် ထိုအချိန်က ယှဉ်ပြိုင်ဘက်ကင်းသော မင်းတစ်ပါးဖြစ်ခဲ့သည်။

ထိုခေတ်ပြည်သူများအတွက် "စကြဝတေးမင်း" ဟုဆိုနိုင်လောက်သော မင်းတစ်ပါး ဖြစ်သည်။ စံတင်ဖွယ်ရာများစွာသော အရည်အသွေးတို့ဖြင့် ပြည့်စုံသည့် မင်းတစ်ပါးလည်းဖြစ်သည်။ ထိုမင်းသည် စစ်တိုက်သောအခါ နိုင်ခဲ့သည်ချည်းဖြစ်သည်။

သို့သော် လက်အောက်ခံမင်းတို့ကလည်း ၄င်းတိုက်ထားခဲ့သော သစ္စာရေကိုအန်ထုတ်၍ ပြန်လည်ပုန်ကန်တော်လှန်ခဲ့ကြသည်။ ပြန်လည် ပုန်ကန်သဖြင့် တိုက်ခိုက်သိမ်းပိုက်ခြင်း၊ ပုန်ကန်ခြင်းတို့သည် သံသရာလည်လျက်ရှိနေခဲ့သည်။ ပဒေသရာဇ်ခေတ်က သစ္စာရေ ဟူသည်မှာ "ဘွာခတ်လျှင်ပျက်စေ" သစ္စာရေမျိုးကဲ့သို့ ဖြစ်ပေသည်။

ပုဂံခေတ်ကျောက်စာများအရ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးနယ်မြေ အပိုင်းအခြားများအဖြစ် "ပြည်၊ တိုင်း၊ ခရိုင်၊ တိုက်၊ ရွာ၊ ရပ်၊ ခွင်" ဟူ၍သာ တွေ့ရသည်။ ထို့ထက်ကျယ်ပြန့်သော အုပ်ချုပ်ရေး နယ်နိမိတ် ခွဲခြားခဲ့သည်မျိုးကိုမူ မတွေ့ရှိရဖူးချေ။ သို့သော် ပုဂံပျက်ကာနီးကာလတွင် "တံပြဒိတ်ပြည်" ဟု ပုဂံကို ရည်ညွှန်းသည့် အထောက်အထားကို ရှင်ဒိသာပြာမုက် ကျောက်စာတွင် တွေ့ရသည်။ ပုဂံခေတ် လွန်သောအခါ ဧရာဝတီမြစ်၏ လက်ဝဲဘက်ကို တမ္ဗဒီပတိုင်း၊ ဧရာဝတီမြစ်၏ လက်ယာဘက်ကို သုနာပရန္တတိုင်းဟူ၍ ဖော်ပြလာခဲ့ကြသည်။ နောက်ပိုင်း မွန်တို့ဒေသကို ရာမညတိုင်းဟူ၍ ခေါ်ခဲ့ကြသဖြင့် ပုဂံလွန်ခေတ်တွင် အဦးအစ ထိုတိုင်းကြီး သုံးတိုင်းသာ တည်ရှိနေခဲ့ကြောင်း ဆိုနိုင်သည်။



အုတ်ချပ်တွင်ဒေါင်လိုက်ဓတ်နှိပ်ထားသောဘုရား

၁၅ ရာစု သက္ကရာဇ် ၈၀၄ ခု ကဆုန်လဆုတ် ၁၁ရက် (၂၀ ဧပြီ ၁၄၄၂) သောကြာနေ့တွင် ရေးထိုးခဲ့သော ထူပါရုံဘုရားကျောက်စာတွင် တိုင်းကြီးခုနစ်တိုင်း ခွဲခြားခဲ့ပုံကို စတင်တွေ့ရှိရသည်။ ကျောက်စာ၌ ဖော်ပြခဲ့သောတိုင်းတို့မှာဇေသန္တိဒိသာပဋ္ဌတိုင်း-အရှေ့မြောက်တိုင်း (စိန့်၊ သင်းတွဲတည်ရာဒေသ)၊ ပါဓိနဒိသာပဋ္ဌတိုင်း- အရှေ့တောင်တိုင်း (သံလွင်မြစ် အနောက်ဘက်ဒေသ)၊ အဂ္ဂိနေယျဒိသာပဋ္ဌတိုင်း-အရှေ့တောင်တိုင်း (သံလွင်



တောင်ငူခေတ်လေးမျှူးနှင့်လေးသည်တော်များစဉ်ရုပ်ကြွ

အရှေ့ဘက်ဒေသ)၊ တက္ကိဏာပဋ္ဌတိုင်း-တောင်ပိုင်းတိုင်း (ဥဿာပဲခူး၊ တနင်္သာရီဒေသ)၊ နိရတိယာပဋ္ဌတိုင်း-အနောက်တောင်ပိုင်း (ပုသိမ်မြောင်းမြဒေသ)၊ ပါယပ္ပဒိသာ ပဋ္ဌတိုင်း-အနောက်မြောက်တိုင်း (ကန်တူငနားကြီးရေပေါ်မီး)၊ ဥတရာပဋ္ဌတိုင်း-မြောက်ပိုင်းတိုင်း (မိုးညှင်း ကလေးဒေသ) တို့ဖြစ်သည်။ အဝကိုဗဟိုပြု၍ အရပ်မျက်နှာဖြင့် နေရာဒေသကို ပိုင်းခြားခြင်းဖြစ်သည်။ မြို့တစ်မြို့ကို ဗဟိုပြုခွဲခြားခြင်း မဟုတ်ချေ။ ထိုအထဲတွင် တောင်ငူဗဟိုပြုသည်မျိုး မပါဝင်သေးပေ။ ဤသည်မှာတောင်ငူသည် အရေးမပါသေးဟုဆိုလိုသည်။

ဘုရင့်နောင်လက်ထက်ရောက်သောအခါ မြန်မာနိုင်ငံတော်ကြီးသည် အထူးကျယ်ပြန့်လာခဲ့သည်။ သို့ဖြင့် မဇ္ဈိမဒေသမှာကဲ့သို့ တိုင်းများခွဲခြားလာခဲ့သည်ကို တွေ့ရှိရသည်။ သို့သော်မျက်မှောက်ခေတ်လူအများနားလည်နေသကဲ့သို့ အုပ်ချုပ်ရေးတိုင်းဟူ၍ ခေါ်ဆိုရန်ကားခက်ခဲသည်။ အကြောင်းမှာ တိုင်းတို့ကို တာဝန်ခံယူရသည်မျိုးဖော်ပြပါတိုင်း အားလုံးတွင် မတွေ့ရသောကြောင့် ဖြစ်သည်။

ဤတွင် တောင်ငူ ဗဟိုပြုနယ်ကို ဓညဝတီမနုတိုင်းဟု သတ်မှတ်ခေါ်ဆိုလာခဲ့သည်။ တောင်ငူ အရေးပါလာပြီဟုဆိုလိုသည်။ ထို့ထက်စော၍ ဓညဝတီမနုတိုင်းကို ရှာမတွေ့ရသေးချေ။ ထို့ကြောင့် ဘုရင့်နောင်မင်းတရားကြီးမတိုင်မီက တောင်ငူ (ကေတုမတီ) ကို ဓညဝတီမနုတိုင်းဟု သုံးပါလျှင် ရှေ့နောက်သမိုင်းရက်စဉ်မညီ (anachronism) ဖြစ်သည်။ တောင်ငူကိုဗဟိုပြု၍ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့သည် အလွန်ကျယ်ပြန့်သော လက်နက်နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့သည်။ ထို့ကြောင့် အလျဉ်းသင့်၍ဆိုရလျှင် "မတီ ကေတု၊ တိုင်းဓညျကာ သမ္မုတိမှန်၊ ကေသာနံ့သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း ဥကင်မြင့်ဘောင်၊ ရန့်လှောင်ခဲ့" ဟူသော "ရှင်ဥတ္တမကျော် တောလား" သည် အင်းဝခေတ်ဟုဆိုခဲ့ကြရာခေတ်ကာလမှားနေသည်ကိုတွေ့ရမည်ဖြစ်သည်။

အထောက်အထားဖြင့် အတိအကျဆိုရလျှင် ဓညဝတီမနုတိုင်းအသုံးကို သာလွန်မင်းလက်ထက်တွင်မှ စာပေမှတ်တမ်းဖြင့် စတင်တွေ့ရှိလာခဲ့သည်။ သာလွန်မင်းလက်ထက် သက္ကရာဇ် ၉၉၉ တပေါင်းလဆန်း ၁ (၂ ဖေဖော်ဝါရီ ၁၆၃၈) ရက်စွဲပါ စာတမ်းတွင်မူ ထိုမင်းလက်ထက် တိုင်းကြီးရှစ်တိုင်း ခွဲခြားထားခဲ့သည်။

ဇမ္ဗူဒီပါကျွန်းအလယ်ချက်မ မဏ္ဍလရောက်ရာ မဟာဗောဓိဝန်းကျင် သောဠသတိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း၊ တိုင်းကြီးတစ်ဆယ့်ကိုးတိုင်း၊ တိုင်းကြီးရှစ်တိုင်း ကျိုင်းကိုးကျိုင်း မှိုင်းကိုးမှိုင်းထားကိုးထား အလံဦးကင်းဖျား အစောင့်အနေ ဒေသနဂရဂါမများကို ခန့်ထားဖွဲ့ဖက်သည့်အတိုင်း တိုင်းကြီးရှစ်တိုင်းကား ဤသို့တည်း။

ရောဝတီမြစ် အနောက်ဘက်မြောက်ဘက်သည် သုနာပရန္တတိုင်း၊ ရောဝတီမြစ် အရှေ့ဘက်တောင်ဘက်သည် တမ္ဗဒီပတိုင်း၊ သရေခေတ္တရာသည် သီရိခေတ္တရာမတိုင်း၊ ကေတုမတီ တောင်ငူသည် ဓညဝတီမနုတိုင်း၊ ကုသိန်ဥပါယ်နိုးမုတ္တမသည် ရာမညတိုင်း၊ ရွှေမြေရှိရာအရပ် ရှမ်း ၅၇ မြို့သည် သုဝဏ္ဏဘုမ္မိတိုင်း၊ မိုးနဲဥယောင်ရွှေသည် ကမ္ဘောဇတိုင်းနှင့် မိုးမိတ်ဗန်းမော်သည် စိန့်တိုင်းဟူ၍ဖြစ်သည်။ ဤတွင် ဓညဝတီမနုတိုင်းအဝင်အပါတိုင်း ၈ တိုင်းကို ဖော်ပြခဲ့သည်။

ထို့ကြောင့် သာလွန်မင်းတရားကြီးလက်ထက်တွင် ဓညဝတီမနုတိုင်းကို မှတ်တမ်းအခိုင်အမာတွေ့ရှိရသည်။ ထို့ထက်စော၍ မတွေ့မိသေးပေ။ သက္ကရာဇ် ၁၀၁၁ ခု ကဆုန်လဆန်း ၈ (၈ ဧပြီ ၁၆၄၉)တနင်္ဂနွေနေ့ထိုးစစ်ကိုင်းရာဇမဏိစူဠာ (ကောင်းမှုတော်) ကျောက်စာတွင်



မြစည်းရုံဘုရား

ဟိုင်းဆယ်တိုင်း ဖော်ပြလာခဲ့ပြန်သည်။ ဘုရင့်နောင်နတ်ရွာစံပြီး အနှစ် ၇၀ နီးပါးကြာမှ တွေ့ရှိရခြင်းဖြစ်သည်။ သာလွန်မင်းသည် ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး၏ မြေးတော်ဖြစ်သည်။ ထိုကျောက်စာ၌တွေ့ရှိရသော တိုင်းဆယ်တိုင်းမှာ (အကွရာစဉ်လျက်)၊ ကမ္ဘောဇတိုင်း (သီပေါ၊ မိုးနဲ၊ ညောင်ရွှေ စသည်)၊ ခေမာဝရတိုင်း (ကျိုင်းတုံစသည်)၊ စိန် (ဇိန်) တိုင်း (ဗန်းမော်၊ ခွေးလုံ၊ စန္ဒာစသည်)၊ ဇေယျဝဓနတိုင်း (ကေတုမတီ၊ ဇေယျဝတီ စသည်)၊ တမ္ဗဒီပတိုင်း (ပုဂံ၊ ပင်းယ၊ အဝ၊ မြင်းစိုင်းစသည်)၊ မဟာနဂရတိုင်း (ကျိုင်းရုံး၊ မိုင်းစေ့ စသည်)၊ ရာမညတိုင်း (ဟံသာ ဝတီ၊ ဒဂုံ၊ ဒလ စသည်)၊ သီရိခေတ္တရာတိုင်း (သရေ ခေတ္တရာ၊ ပန်းတောင်း စသည်)၊ သုနာပရန္တတိုင်း (စကု–စလင်းမှသည် ကလေး–သောင်သွတ်ထိ) နှင့် ဟရိဘုဥ္စတိုင်း (ဇင်းမယ်၊ ကျိုင်းသေည် စသည်) ဟူ၍ ဆယ်တိုင်းဖော်ပြထားခဲ့သည်။ ခေမာဝရတိုင်းနှင့် မဟာနဂရတိုင်း နှစ်တိုင်းပိုလာခဲ့သည်။

ဘုရင်မဟာသီရိဇေယျသူရက ကေတုမတီပြည်ကြီးတည်တော်မူခဲ့၍ မင်းနိုင်ငံတစ်ခု၏ ရာဇဌာနီအဖြစ် သတ်မှတ်လုပ်ဆောင်လာသောအခါ နယ်နိမိတ်ကို ပိုင်းခြားမှတ်တမ်းတင် ထားရှိလာခဲ့သည်။ ထိုမှတ်တမ်းကို မည်သည့်အချိန်က မည်သည့်ပုဂ္ဂိုလ်ပြုစုခဲ့ကြောင်းမှန်းဆရပြီး တွေ့ရှိရသမျှစစ်တမ်းတို့တွင် အစောဆုံးတစ်ခု အပါအဝင်ဖြစ်ကြောင်းလည်း မှတ်ယူနိုင်သည်။ ညောင်ရမ်းမင်းတရားကြီးနှင့် သာလွန်မင်းတို့လက်ထက်စစ်တမ်းများနှင့် နှိုင်းယှဉ်လေ့လာကြည့်လျှင် ခေတ်ပြိုင် ဖြစ်နိုင်စရာရှိသည်။

ဖော်ပြပါမှတ်တမ်းသည် သမိုင်းတန်ဖိုးအလွန်ကြီးသည်။ သို့သော်မူရင်းကိုမတွေ့မြင်ဖူးသဖြင့် တိုက်ဆိုင်စစ်ဆေးရခြင်း မပြုနိုင်ကြောင်း ကြိုတင်ဝန်ခံထားလိုသည်။ အချို့ကို တည်းဖြတ်သူကပြင်ဆင်လိုက်ဟန် ရှိသည်များကိုလည်း တွေ့ရှိရသည်။ ကုန်းဘောင်ခေတ်စစ်တမ်းများဖြင့် ယှဉ်၍ကြည့်လျှင် ယင်းသည် အစောဆုံးစစ်တမ်းတစ်စောင်ဟုဆိုနိုင်သည်။ ရက်စွဲမပါခြင်း၊ စစ်တမ်းခံပုဂ္ဂိုလ်မပါခြင်းတို့ကြောင့် သမိုင်းတန်ဖိုးလျော့သည်ဟူ၍ကား ဆိုနိုင်သည်။ သို့သော် အဦးအစဖြစ်သောကြောင့် ရက်စွဲမပါဟုလည်း ဆိုနိုင်သည်။ ထိုသမိုင်းမှတ်တမ်းသည် တောင်ငူဆိုင်ရာ သမိုင်းအချက်အလက်သစ်များစွာကို ပေးနိုင်ခဲ့သည်။

တောင်ငူသည် အရှေ့မြောက်တွင် မိုးဗြဲနယ်။ အရှေ့ကို မိုးဗြဲနယ်၊ အရှေ့တောင်ကို ဇင်းမယ်နယ်၊ ယွန်းစလင်းနယ်၊ တောင်ကို ဟံသာဝတီမြေ၊ အနောက်တောင်ကို သာယာဝတီနယ်၊ အနောက်ကို ပြည်မြို့၊ မြေထဲနယ်၊ အနောက်မြောက်ကို တောင်တွင်း၊ ပင်း၊ မြောက်ကို ရန်အောင်မြို့သစ်၊ ရမည်းသင်းနှင့် အရှေ့မြောက်ကို တီကျစ်မြေတို့နှင့် ကျောခိုင်းနံစပ်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အလွန်ကျယ်ဝန်းပေသည်။ အကွာအဝေးတို့ကို တာဖြင့်ပြထားသည်။ တာ ၁၀၀၀၀ သည် မြန်မာ ၁၀ တိုင်၊ အင်္ဂလိပ်မိုင် ၂၀ နှင့် အကြမ်းဖျင်းညီမျှပေသည်။ ကျေးရွာစာရင်းများ၊ အမှုထမ်းဖွဲ့စည်းချထားသည်များပါသဖြင့် သမိုင်းအချက်အလက်သစ်များစွာကို လေ့လာခွင့်ရရှိပေသည်။ တောင်ငူသမိုင်းအတွက် အရေးပါသောအထောက်အထားပင်ဖြစ်သည်။

တောင်ငူသည် ရာဇဌာနီမင်းနေပြည်တော်ဘဝမှ ရွှေ့လျားလာသောအခါ မြို့၊ တိုင်းနယ်နိမိတ်သည် ကျဉ်းမြောင်း၍လာခဲ့သည်။ သာလွန်မင်းလက်ထက်တော်စာတမ်းတစ်စောင်က တောင်ငူနယ်အကျယ်ကို အောက်ပါအတိုင်းဖော်ပြထားသည်။

အရှေ့ကိုလားသော် ပေါင်းလောင်းအရှေ့မိုးပြဲမြေစပ်၊ တောင်ကိုလားသော် ဘိသုံးလုံးမြို့၊ အနောက်ကိုလားသော် ကုန်းခေါင်ရိုးမ၊ မြောက်ကိုလားသော် တောင်တွင်း၊ ရမည်းသင်းမြေနှင့် ကျောခိုင်းဖြစ်သည်။ ယင်းအကျယ်အဝန်းသည် စစ်တမ်းကောက်ခံချိန်က

ဖေယျဝဓနတိုင်း ကေတုမတီ တောင်ငူမြို့နယ်၏ အကျယ်အဝန်းပင်ဖြစ်သည်။ တောင်ငူကို ဘုရင်ခံထားအုပ်ချုပ်သောအခါ ထိုနယ်နိမိတ်အတိုင်း အုပ်ချုပ်ရသည်ဟု ဆိုနိုင်သည်။ ထို့ထက်လည်း ကျဉ်းကောင်းကျဉ်းနိုင်သည်။

ပထဝီအနေအထားအရ တောင်ငူသည် ကုန်းတွင်းပိုင်းဒေသတွင်တည်ရှိသည်။ စစ်တောင်းမြစ်အနီးတွင်ရှိသော်လည်း ဧရာဝတီကဲ့သို့ သွားလာရေး ကုန်ကူးသန်းရေးအချက်အချာမကျချေ။ ပတ်ဝန်းကျင်သည် ပြန့်ပြူးသောမြေမျက်နှာပြင်ရှိခြင်း၊ မိုးကောင်းစွာရရှိခြင်းတို့ကြောင့် ဆန်စပါးစိုက်ပျိုးရေးကောင်းသော ဒေသဖြစ်သည်။

နွားလှည်း၊ မြင်းတို့ကို အသုံးပြုလျက် ကုန်းတွင်းသွားလာရေးတွင် ဒဂုံ၊ ပဲခူး၊ မုတ္တမဒေသတို့နှင့် အထက်က မင်းနေပြည်တော်အဝတို့ဗဟိုတွင် အရေးပါသော ကြားစခန်းဖြစ်သည်။ အထက်အောက်မြန်မာနိုင်ငံ၏ ဝင်ပေါက်၊ ထွက်ပေါက်တံခါးဝလည်းဖြစ်ပေသည်။ ထို့ကြောင့် အထက်အောက်မြန်မာနိုင်ငံ အင်အားလွန်ပွဲဆွဲကြရသောအခါ တောင်ငူကိုသိမ်းပိုက်ထားနိုင်သူက အင်အားချိန်ခွင်လျှာသာသည်ကိုတွေ့ရသည်။

တောင်ငူသည် အရှေ့ဘက်တွင် ကရင်ဒေသ၊ ရှမ်းကုန်းပြင်မြင့်ဒေသများနှင့်လည်း ကုန်းကြောင်းအဆက်အသွယ်ရှိပေသည်။ ရှမ်းပြည်နယ်များမှ ဆင်းလာသော ရှမ်းကုန်သည်များ တစ်ထောက်နားရာလည်းဖြစ်သဖြင့် ကုန်သွယ်မှုလမ်းကြောင်းဆုံရာဟုလည်း ဆိုနိုင်သည်။ အထက်သို့လည်း တောင်တွင်းကြီးသို့ဖြစ်စေ၊ နေပြည်တော်အဝသို့ဖြစ်စေ သွားလာနိုင်သော ခရီးလမ်းဆုံလည်းဖြစ်သည်။ ထို့ကြောင့် ဒေသအတွင်းတွင် နိုင်ငံရေးအချက်အချာသာမက ကုန်သွယ်ရေးအချက်အချာဟူ၍လည်းဆိုနိုင်သည်။

ထို့ပြင် တောင်ငူသည် ငွေထွက်ရာဒေသလည်းဖြစ်ပေသည်။ ဒေသအလိုက် ဆက်ရိုးအခွန်တော်တို့တွင် တောင်ငူသည် ငွေခွန်တော်ဆက်နယ်ဟု တွေ့ရပေသည်။ ညောင်ရမ်းခေတ် အေဒီ ၁၇၂၄ စစ်တမ်းတစ်ခုအရ တောင်ငူက ငွေခွန်တော်ဆက်ရပုံကို ဤသို့တွေ့ရှိရသည်။

"သက္ကရာဇ် ၁၀၈၆ ခု သီရိပဝရ မဟာဓမ္မရာဇာဓိပတိ မှန်နန်းရှင်မင်းတရားကြီးလက်ထက် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (ဗုဒ္ဓဟူး) (၂၈ အောက်တိုဘာ ၁၇၂၄) နေ့တွင် တောင်ငူမြို့ မင်္ဂလာငွေခွန်တော်ကို အခွန်ဝန်ရာဇပုညာ၊ စာရေးသီရိဖေယျတို့က ကရင်မျိုး ၁၂ သွေးသောက်ခန့်၍ အခွန်တော်ကို ဆက်သွင်းရသည်ကာလ ကရင်မျိုး ဟံဖံကျော်၊ နံကြသပတေး အသက် ၆၆ သူ၊ ကရင်မျိုး ဟံကမံပိုက်၊ နံစနေ အသက် ၇၅ သူတို့ကို နယ်သေပယ်သေ ဦးရေစာရင်းအတိုင်း ထမ်းရသည်။ ရွှေနန်းရိုး မင်္ဂလာငွေခွန်တော်ကို အခွန်ဝန် စာရေး အဆက်ဆက်တို့က သိမ်းခံဆက်သည်ကာလ အကဲအပို ဝန်စာရေးစားကျပြင် တနှစ်ကို ၁၆ အခွန်မ ၂၀ ပန်း သစ်သီး တောစိမ်း မြက်မည်းခုတ်လုပ် တီထွင်သမျှ အစွတ်အခြောက်အဘို့တော် ငွေခွန်တော်သားငရှမ်းလုံ ငရှမ်းသည်တို့ကိုခန့်၍ ဆက်စေသည်။ ပယ်သေ ဦးရေစာရင်း ၁၀၀၀ အခွန်ဝင် ၇၅၀ ဆက်သွင်းရိုး၊ ကရင် ၁၂ သွေးသောက် ၎င်းခေါင်းတို့မှာခံ၍ တောင်ငူ ရွှေနန်းရိုး မင်္ဂလာအခွန်တော်ကို ဆက်ရပါသည်။" (ဥဆောင်းကျမ်း ၁၄၄)

တောင်ငူသည် ပထဝီအနေအထားအရ အထက်အောက်မြန်မာနိုင်ငံ၏ အချက်အချာဒေသတွင်တည်ရှိခြင်း၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းဆောင်တာ ကောင်းမွန်ခြင်း၊ သစ်တောဝါးတောပေါများခြင်း၊ ငွေထွက်ခြင်းတို့ကြောင့် သဘာဝသယံဇာတ ပေါကြွယ်ဝသည်ကို တွေ့ရသည်။ ထို့ကြောင့် လူအင်အားများစွာကို ကောင်းစွာကျွေးမွေးနိုင်သောကြောင့် တောင်ငူအရေးပါလာခဲ့ခြင်းလည်း ဖြစ်သည်။

အဝကို ရှမ်းတို့တိုက်သဖြင့် ပျက်သောအခါ မှူးမတ်ဗိုလ်ပါအများသည် တောင်ငူသို့ပြေးဝင်ခိုလှုံခဲ့ကြသည်။ မိုးညှင်းစလုံသား သိုဟန်ဘွားစိုးစံသောအခါ ရဟန်းများကို သတ်သဖြင့်လည်း ရဟန်းပညာရှင်အများ တောင်ငူသို့ ရောက်ရှိရပြန်သည်။ ထိုအကြောင်းကို မုံရွေးဆရာတော်က စေတီယကထာတွင် ဤသို့ဖော်ပြထားခဲ့သည်။

**"သက္ကရာဇ် (၈၈၈) ခုတွင် မိုးညှင်းစလုံကြီးသားသိုဟန်ဘွားနန်းတက်၏။ ရတနာသုံးပါးတို့ ကိုမရိုမသေ၊ ငရဲဟူ၍လည်းမသိ၊ စေတီပုထိုးများကိုလည်း မြန်မာတို့သည် ဥစ္စာရွှေငွေထားသည်**

သာ။ တူးဖြို ဖျက်ဆီးပြီးလျှင် ဌာပနာသော ရုပ်တု၊ ဆင်းတု၊ ရွှေငွေတို့ကိုယူကြသည်။

**ရှမ်းအပေါင်းတို့လည်း သည်ကဲ့သို့ပင် ဖျက်ဆီး၍ ရွှေငွေဥစ္စာတို့ကိုယူလေ၏။ အရိယာ သံဃာတို့လည်း သားမယားမရှိဘဲလျက် တပည့် တပန်းများစွာထား၍ ခြွေရံဆည်းပူးကြသည်။ ပုန်ကန်သောင်းကျန်းသော်လည်း သောင်းကျန်း ပုန်ကန်နိုင်ဖွယ်ရှိသည့် ရဟန်းတို့ကိုဖမ်း၍ သတ်မည် ကြံပြီးလျှင် အဝတောင်ပလူ အရပ်၌ မဏ္ဍပ်ကနား ကြီးစွာဆောက်၍ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ဘဲငန်း တို့ကို များစွာသတ်ပြီးလျှင် ဆွမ်းလုပ်ကျွေးမည့် ဟန်ရဟန်းတို့ကို တပည့်သံဃာနှင့်တကွ ပင့်၍ နေစေ ပြီးသော် ဆင်မြင်းဗိုလ်ပါဝန်းရံ၍ သေနတ်မီးပေါက် များကိုပစ်ပြီး ဓားလှံကိုင်ကာ ရှမ်းတို့သတ်လေ၏။ အချို့သောရဟန်းတို့ကို ရှမ်းတို့ကသနား၍ လွှတ်လျှင် ပြည်မြို့၊ တောင်ငူမြို့သို့ သွားကြ၏** ဟူ၍ ဖော်ပြထား သည်။ ရဟန်းတော်တို့သာမက မှူးမတ်များ၊ သူဌေး သူကြွယ်များ၊ စာပေပညာရှင်များ၊ သူရဲသူခက်များလည်း တောင်ငူသို့ ပြေးဝင်လာခဲ့ကြသူများတွင် ပါဝင်ကြသည်။ သို့ဖြင့် တောင်ငူသည် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာခဲ့သဖြင့် ခေါင်းဆောင်မှုကောင်းနှင့် ကြုံဆုံရ သောအခါ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတော့သည်။

နောက်လိုက်နောက်ပါအများဖြင့် ပြေးဝင်ခိုလှုံ ခဲ့ကြသူများလည်း ရှိခဲ့သည်။ ယင်းတို့တွင် ပင်းယမင်း၊ အင်ခန်းမင်း၊ မြစ်သားမင်း၊ လှိုင်းတက်မင်းတို့ပါဝင်ခဲ့ကြ သည်။ ၎င်းတို့သည် မိမိတို့အုပ်ချုပ်ရာ မြို့သူရွာသား များနှင့်တကွ ပြေးဝင်လာခဲ့ကြခြင်းဖြစ်သည်။ (မှန်နန်း၊ ၃၊၁၈၁)။ ရဟန်းတော်များထဲမှလည်း ထင်ရှားသော ပုဂ္ဂိုလ်ဆရာတော်များ ပါဝင်ခဲ့ကြသည်။ ထိုဆရာတော် တို့မှာ ရှင်သဒ္ဓမ္မကိတ္တိ၊ ရှင်မဟာသူတော်ကြီး၊ ရှင်ဥတ္တမ ကျော်...စသည့် ဆရာတော်များပင်ဖြစ်ကြသည်။

တောင်ငူသည် မင်းကြီးညို (မဟာသီရိ ဇေယျ သူရ) လက်ထက်မှစ၍ အစွမ်းအစပြလာခဲ့သည်။ အဝမင်းနိုင်ငံ၊ ဟံသာဝတီမင်းနိုင်ငံတို့သည် အနှစ် လေးဆယ်မျှ အကျိုးမရှိသောစစ်များကို ဆင်နွှဲနေခဲ့ ကြသဖြင့် ဘဏ္ဍာငွေကြေးများကုန်ကျပြီး လူ့အသက်များ များစွာသေကျေပြီးလျှင် နှစ်နိုင်ငံပြည်သူတို့သည် လယ်ယာ အရောင်းအဝယ်လုပ်ငန်းတို့ကို ကောင်းစွာမလုပ်ကိုင်နိုင်ခဲ့ ကြသဖြင့် လုံးပါးပါးလာခဲ့ရသည်။

နိုင်ငံရေးတည်ငြိမ်မှုမရှိသဖြင့်လည်း လုံခြုံမည့် နေရာများသို့ ပြည်သူတို့ ပြေးဝင်ခိုလှုံခဲ့ကြသည်။ ရွှေနန်း ကြော့ရှင်နရပတိကို ရွှေနော်ရထာကျွန်က လုပ်ကြံရာ မအောင်မြင်သဖြင့် သက်ဆိုင်သူ မဟာသီဟသူရ ကျွန်တော် ရှင်ထွေးနားသိန်၊ ပင်းတလဲစား၊ မင်းတရားကျွန်သီးမှူး၊ လေးမှူးရဲမြတ်လှတို့သည် နောက်ပါ ၈၀၀ ကျော်ဖြင့် တောင်ငူသို့ ပြေးဝင်ခိုလှုံလာခဲ့ကြသည်။

ထိုအချိန်တွင် မိုးညှင်းမိုးကောင်းဗဟိုပြု မိုးညှင်းစလုံသား သိုဟန်ဘွားသည်လည်းကောင်း၊ တောင်ငူမှ မင်းကြီးညို (မဟာသီရိ ဇေယျသူရ) သည် လည်းကောင်း ရွက်ပုန်းသီးပမာ အင်အားတောင့်တင်း လာခဲ့ကြသည်။ ထို့ကြောင့် အဝကိုမိုးညှင်းသိုဟန်ဘွား က သိမ်းပိုက်နိုင်ခဲ့သကဲ့သို့ ဟံသာဝတီကိုလည်း တပင် ရွှေထီးက သိမ်းပိုက်နိုင်ခဲ့သည်။

မင်းကြီးညိုသည် တောင်ငူအနီး ပုပ္ပဲချောင်းနား ၌ မြဝတီကိုလည်းကောင်း၊ ၈၅၃ ခု နတ်တော်လဆန်း ၁၂ (၁၂ နိုဝင်ဘာ ၁၅၉၂) သောကြာနေ့တွင် ဒွါရာဝတီ မြို့ကိုလည်းကောင်း တည်ခဲ့သည်။ သို့ဖြင့် တောင်ငူ သည် ကေတုမတီအမည်ဖြင့် သမိုင်းဇာတ်ခုံပေါ်ရောက် ရှိလာခဲ့သည်။ ယင်းမှနောက် အဆက်အနွယ်တော် တို့ကို လည်း ဟံသာဝတီရောက်မင်းတိုင်ထိုကာလအတွင်း စိုးစံ ခဲ့ကြသော မင်းဆက်ကို တောင်ငူမင်းဆက်ဟု သမိုင်း ပညာရှင်တို့က ခေါ်ဆိုခဲ့ကြသည်။

ဤသည်မှာ မင်းကြီးညို၊ တပင်ရွှေထီး၊ ဘုရင့်နောင်တို့ လုံ့လကြောင့် ပေါ်ထွန်းလာခဲ့ရခြင်းဖြစ် သည်။ ထိုတောင်ငူမြို့သမိုင်းသည် ၂၀၁၀ ပြည့်နှစ်တွင် နှစ် ၅၀၀ ပြည့်ပြီးဖြစ်သည်။

တောင်ငူသည် ယနေ့တိုင်ကြီးပွားတိုးတက်နေ ဆဲဖြစ်သော မြို့ကြီးတစ်မြို့ဖြစ်သည်။ တစ်ချိန်က တောင်ငူနယ်သားအကြီးအကဲတို့သည် တောင်ငူကို မြန်မာနိုင်ငံတော်ကြီး၏ ဗဟိုအချက်အချာဖြစ်စေရန် ဆန္ဒရှိခဲ့ကြသကဲ့သို့ ကြိုးပမ်းမှုများလည်း အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသည်။ အရည်အသွေးနှင့်ပြည့်ဝသောမင်း

များလည်း ရှိခဲ့ကြသည်။ သို့သော် အခြေအနေများက မပေးခဲ့ချေ။

အကြောင်းမှာ တပင်ရွှေထီးနှင့်ဘုရင့်နောင်တို့သည် နိုင်ငံတော်အရေးအတွက် ဗဟိုချက်ပြု၍ တစ်နိုင်ငံလုံးကို စည်းရုံးရမည်ဆိုသောအခါ တောင်ငူ၏ အားနည်းချက်များကို တွေ့မြင်လာခဲ့ရသည်။ ထို ဟံသာဝတီသို့ ရွှေ့ပြောင်းခဲ့ရခြင်းလည်း ဖြစ်ပေသည်။

တောင်ငူသည် လူမှုစီးပွားဘဝ အစဉ်တိုးတက်နေသည့်သဘော မြင်တွေ့နေရသော်လည်း မင်းနေပြည်တော်အဖြစ် ကာလရှည်စွာ မကြီးပွားခဲ့ရခြင်းတွင် အုပ်ချုပ်သူတို့၏ နိုင်ငံရေးအသိနည်းပါးမှုကြောင့်လည်း ဖြစ်နိုင်ကြောင်း သတိထားမိသည်။ သာ၍ဖြစ်နိုင်ချေ



တောင်ငူမြို့ဟောင်း
စည်းခုံကြီးမှရသော
အုတ်ချပ်တွင်ခတ်နှိပ်ပုံဖော်
ထားသည့် ဆင်စီးပုံ

အားနည်းချက်ကို ပယ်ဖျက်နိုင်ရန် ဟံသာဝတီသို့ ရွှေ့ပြောင်း စိုးစံခဲ့ရသည်။

ပထမအားနည်းချက်မှာ အထက်တစ်နေရာတွင် တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ပင်လယ်ဆိပ်ကမ်းနှင့် ဝေးသောကြောင့်ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းနှင့်နီးသော ဟံသာဝတီက ပြည်ပအဆက်အဆံရှိနေသောကြောင့် ခေတ်မီသေနတ်အမြောက်လက်နက်များရရှိ အသုံးပြုနိုင်ခဲ့သဖြင့် စစ်ရေးအသာစီးရရှိခဲ့ကြဖူးသည်။ မင်းတရားရွှေထီးတပ်များ ရန်သူ၏ အမြောက်သေနတ်ဒဏ်ကို ခံခဲ့ရဖူးပေသည်။ ထို့ကြောင့် ပင်လယ်ဆိပ်ကမ်းကို ထိန်းသိမ်းထားနိုင်ရန်လိုကြောင်း သိမြင်လာခဲ့ခြင်းဖြစ်သည်။

တစ်ဖန် စည်းရုံးနိုင်ရေးအတွက် စစ်ရေးရည်မှန်းချက် အမြန်ပေါက်မြောက်စေရန် လမ်းပန်းဆက်သွယ်ရေး၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းထားနိုင်ရန် လိုအပ်ကြောင်း သဘောပေါက်လာခဲ့ကြသည်။ တောင်ငူသည် ဧရာဝတီနှင့်ဝေး၍ စစ်သည်တော်တို့မြန်မြန်ဆန်ဆန်နှင့် သက်သောင့်သက်သာချီနိုင်ရန် ရေကြောင်းအင်အားလိုသဖြင့် ရှိသောအကြောင်းမှာ ထက်အောက်ထွန်းကားခဲ့သော အင်အားကြီးပဒေသရာဇ် မင်းနိုင်ငံကြီးများ၏ အရိပ်သြဇာက ဖိုမိုလွှမ်းမိုးထားသောကြောင့်ဖြစ်သည်။

တောင်ငူဝန်းကျင်ကိုကြည့်လျှင် ယနေ့တိုင် မြို့ရာဟောင်းများစွာကို တွေ့မြင်နေရသည်။ အချို့မြို့ရာဟောင်းတို့သည် မထိန်းသိမ်းနိုင်တော့သဖြင့် သမိုင်းလေ့လာမှုအတွက် ဆုံးရှုံးနေရသည်။

ထိုမြို့ရာဟောင်းများတွင် (တောင်ငူကြီး၊ တောင်ငူငယ်)၊ ကေတုမတီ၊ ဓညဝတီ၊ ဒွါရာဝတီ၊ မြဝတီ စသည်တို့ ပါဝင်ကြသည်။

ထိုမြို့များသည် နိုင်ငံရေးအရ အရေးမပါခဲ့ကြသော်လည်း တူးဖော်ရှာဖွေနိုင်လျှင် အခြားသမိုင်းအရေးပါသောအချက်များတွေ့ရှိနိုင်မည်ဟုယုံကြည်သည်။ ဘုရားတစ်ဆူမှရရှိသော အုတ်ချပ်များ၊ စဥ့်ရုပ်ကြွများက တောင်ငူ၏ ယဉ်ကျေးမှုအဆင့်ကို အတော်အတန် အကဲခတ်၍ရနိုင်မည်။ ထို့အတူ တောင်ငူ၏ ယဉ်ကျေးမှုအဆင့်ကိုလည်း အကဲခတ်ခွင့်ရဦးမည်ဖြစ်သည်။

**ဒေါက်တာတိုးလှ**

# ၂၀၁၀ ပြည့်နှစ်အတွင်းလှုပ်ခတ်ခဲ့သည့် ပြင်းထန်သောငလျင်များ

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ၂၁ ရာစုအဝင် ကာလ၌ ကမ္ဘာ့ပြည်သူတို့သည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် သဘာဝဘေးအန္တရာယ် ထူပြောလာခြင်းများကို နှပူးတွေ့ဒူးတွေ့ကြုံတွေ့လာခဲ့ရသည်။ ကမ္ဘာ့နေရာအချို့တွင် ငလျင်လှုပ်ခြင်း။ မြေပြိုခြင်း။ မီးတောင်ပေါက်ကွဲခြင်း။ လေမုန်တိုင်းတိုက်ခတ်ခြင်း။ ရေကြီးရေလျှံခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာခဲ့သည်ကို မြင်နေကြားနေခဲ့ကြရသည်။ မိမိတို့ မြန်မာနိုင်ငံပင်လျှင် ၂၀၀၈ ခုနှစ်ကာလက နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီး၏ ပြင်းထန်သော တိုက်ခတ်မှုကို ခံခဲ့ရသည်။ အသေအပျောက်နှင့် အဆုံးအရှုံးများခဲ့သည်။ ယခုနှစ် (၂၀၁၀ ပြည့်နှစ်) ထဲမှာပင် ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံခဲ့ရပြန်သည်။ ထိုသဘာဝဘေးအန္တရာယ်များ၏ ပြင်းအားသည် ယခင် ကာလများက ကြုံခဲ့ရသည်ထက် ပိုမိုကြီးထွားလာခဲ့သည်ကို သတိပြုမိကြရသည်။ ၎င်းထက်ပို၍ သတိပြုဖွယ်ကောင်းသည်မှာ ငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍ ငလျင်ပြင်းအားသည် ကမ္ဘာကြီးလည်ပတ်နှုန်းကိုပင် ထိခိုက်လောက်အောင် ပြင်းထန်သော ငလျင်မျိုးပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။

---

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မွန်းလွဲ ၄ နာရီ ၅၃ မိနစ် ၉ စက္ကန့်အချိန်တွင် ဟေတီနိုင်ငံမြို့တော် ပေါ်တိုပရင့်စ်အနီး ဗဟိုပြုလှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် ၂၁ ရာစုနှစ်အတွင်း လူအသေအပျောက်အများဆုံး နှင့် ဘေးဒဏ်အဆိုးဝါးဆုံး ငလျင်ကြီးဖြစ်သည်။

ငလျင်လှုပ်သည့်ပြင်းအားမှာ ရစ်ချ်တာစကေး ၇ ဒသမ ၀ ဖြစ်သည်။ ငလျင်ပြင်းအားအနေဖြင့် ၂၀၀၈ ခုနှစ် မေလ ၁၂ ရက်တွင် တရုတ်နိုင်ငံ စီးချွမ်းအနီးလှုပ်ခဲ့သော ရစ်ချ်တာစကေး ၇ ဒသမ ၂ နှင့် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ချီလီနိုင်ငံ၌ လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ ငလျင်များ လောက်မပြင်းသော်လည်း လူအသေအပျောက်နှင့် အဆောက်အအုံအပျက်အစီးများမှာ ပို၍များခဲ့သည်။ ဟေတီနိုင်ငံ၏ငလျင်ဒဏ်ကြောင့် လူပေါင်းသိန်းချီ၍ အသေအပျောက်ရှိမည်ဟု နေ့ချင်းခန့်မှန်းနိုင်ခဲ့သည်။

ဟေတီနိုင်ငံ ပြည်ထဲရေးဝန်ကြီးက ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြောကြားရာ၌ ငလျင်ဒဏ်ကြောင့် သေဆုံးသူ ၁,၁၁,၄၉၉ ဦးရှိပြီဟုဆိုသည်။ အဆောက် အအုံအပြိုအပျက်အလွန်များပြားသဖြင့် အုတ်ပုံကြီးများ ဖြစ်နေသည်။ ညံ့ဖျင်းစွာ တည်ဆောက်ထားပြီး ငလျင်ဒဏ် မခံနိုင်သော အဆောက်အအုံ အပြိုအပျက်အောက်တွင် လူပေါင်းများစွာရောက်နေသည်။ လမ်းပန်းဆက်သွယ် ရေးပြတ်တောက်ကုန်၍ စက်ယန္တရားကြီးများဖြင့် ဖယ်ရှားကယ်တင်မှုများကို အလျင်အမြန်မပြုလုပ်နိုင်ဘဲ ကျန်ရစ်သူ ဌာနေပြည်သူတို့၏ လက်များဖြင့် သာ အုတ်ကျိုးအုတ်ပုံကို ဖယ်ရှားကယ်ထုတ်နေရသော ကြောင့် အသေအပျောက်စာရင်းအတိအကျကို အချိန်တို အတွင်း မသိနိုင်သေးပေ။ အချိန်မီ မကယ်ထုတ်နိုင်သည့် အတွက် အသေအပျောက်နှုန်းမြင့်တက်လျက်ရှိသည်။

ဖေဖော်ဝါရီလ တတိယပတ်တွင် အသေအပျောက် စာရင်းထုတ်ပြန်သောအခါ လူပေါင်း ၂,၇၀,၀၀၀ ကျော် သေဆုံးကြောင်း ဖော်ပြနိုင်ခဲ့သည်။ သို့သော် စာရင်းမှန် ရရှိရန်ခက်ခဲသည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၄ ရက်နေ့ ထုတ်အမ်အင်အေ၊ ဆင်ဟွာသတင်းများအရ ဟေတီ

ငလျင်ကြောင့် သေဆုံးခဲ့သူလူပေါင်း ၂,၅၀,၀၀၀ နှင့် ၃,၀၀,၀၀၀ ကြားတွင်ရှိသည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ကခန့်မှန်းခဲ့သည်။

ငလျင်ဒဏ်ကြောင့် လူပေါင်း ၃,၀၀,၀၀၀ ကျော်ဒဏ်ရာရခဲ့ပြီး ၂ သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရှိသည်။ ထို့ကြောင့် ဟေတီငလျင်သည် ယခုနှစ်အထိ ၂၁ ရာစုနှစ်အတွင်း သေပျောက်ပျက်စီးဆုံးရှုံးမှုအကြီးဆုံး ငလျင်အဖြစ် စံချိန်တင်ခြင်းဖြစ်သည်။




ဟေတီငလျင်ဗဟိုချက်ပြမြေပုံ

ဤနေရာဒေသတွင် ဤမျှကြီးမားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်မည်ကို ဘူမိဗေဒနှင့် ငလျင်သိပ္ပံပညာရှင်တို့ကြိုတင်သိရှိကြသည်။ ၎င်းတို့သည် ဤကမ္ဘာကြီး၏ အပေါ်ယံမြေလွှာခွံ၌ ဖြစ်ပေါ်နေသည့် သဘာဝအက်ကွဲကြောင်းများနှင့် အဖုတ်အဖုတ်ကွဲထွက်နေသည့် မြေချပ်လွှာများအကြောင်းကို သေသေချာချာ မြေပုံဆွဲကာ ပြတ်ရွေ့ကြောများနှင့် မြေချပ်လွှာများကို အမည်ကင်ပွန်းတပ်ပေးထားခဲ့ပြီးဖြစ်သည်ဟုဆို၏။ ထိုမြေချပ်လွှာတို့သည် တစ်ခုနှင့်တစ်ခုအကြားရှိ ပြတ်ရွေ့ကြောနေရာတွင် တစ်ချိန်မဟုတ်တစ်ချိန်၌ ရွေ့လျားတွန်းတိုက်မှုဖြစ်လာသောအခါ ငလျင်လှုပ်လေသည်။

ထို့ကြောင့် ပြတ်ရွေ့ကြောရှိရာ နေရာတိုင်းတွင် ငလျင်လှုပ်ရန် အလားအလာရှိပြီးဖြစ်သည်။ အင်အားပြင်းထန်မှု ရှိ၊ မရှိနှင့် မည်သည့်နေ့ရက်ကာလတွင် လှုပ်ခတ်မည်ဟူသည့်အချက်ကို ထုတ်ပြန်တင်ပြရန်ခက်ခဲလှသည်။ သို့ရာတွင် တစ်နေ့တစ်ချိန်တွင် လှုပ်ခတ်မည်မှာ သေချာသည်။ အထူးသဖြင့် ယခုနောက်ပိုင်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြီးမားလာသည်နှင့်အမျှ သဘာဝဘေးဒဏ်များပို၍ များပြားစွာဖြစ်ပေါ်လာနေသည်ဟု သိပ္ပံပညာရှင်တိုင်းက ထင်ကြေးပေးနေကြသည်။

လူဦးရေ ၉ သန်းရှိသော ဟေတီနိုင်ငံသည် ကာရေဘီယံနှင့် မြောက်အမေရိကန် ပလိတ်ချပ်လွှာဟု အမည်တပ်ထားသည့် မြေချပ်အခွံလွှာ၏အကြားရှိ ပြတ်ရွေ့ကြောပေါ်၌ တည်ရှိနေခြင်းဖြစ်သည်။ ထိုပြတ်ရွေ့ကြောများရှိရာ ကာရေဘီယံပင်လယ်ကွေ့ရှိ နိုင်ငံများ၊ ကျွန်းကြီးများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ အတွင်း ပြင်းထန်သောငလျင်ကြီးပေါင်း အကြိမ်တစ်ဒါဇင်ခန့် လှုပ်ခတ်ခဲ့ဖူးသည်။ ၁၆၉၂ ခုနှစ်တွင် ဂျမေကာနိုင်ငံ၌ လှုပ်ခဲ့သောငလျင်ကြီးကြောင့် ယင်းနိုင်ငံ၏ ပေါ်တိုရွိုင်ယယ်ကျွန်းဆိပ်ကမ်းမှာ ကာရေဘီယံပင်လယ်အောက်သို့ မြုပ်ဝင်ပျောက်ကွယ်ခဲ့သည်။ ထိုပတ်ဝန်းကျင်၌ အင်ရိကွီနိုပလိန်းတိန်းဂါးဒင်း ပြတ်ရွေ့ကြောစနစ်၏ တိုက်ခိုက်တွန်းချော်မှုကြောင့် သမိုင်းဝင်ငလျင်ကြီးများ အကြိမ်ကြိမ်လှုပ်ခဲ့ဖူးသည်ဟု ယူဆရသည်။ ၁၆၁၈ ခုနှစ်၊ ၁၆၇၃ ခုနှစ်၊ ၁၆၈၄ ခုနှစ်၊ ၁၇၅၁ ခုနှစ်၊ ၁၇၆၁ ခုနှစ်၊ ၁၇၇၀ ပြည့်နှစ်၊ ၁၈၆၀ ပြည့်နှစ် စသဖြင့်ထိုဒေသတွင် ငလျင်ကြီးများလှုပ်ခဲ့သည်ကို မှတ်တမ်းတင်ထားရှိသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့က လှုပ်ခဲ့သောဟေတီငလျင်သည် နိုင်ငံ၏မြို့တော် ပေါ်တိုပရင့်စ်နှင့် ၂၅ ကီလိုမီတာမျှကွာဝေးသောနေရာ၌ ဗဟိုပြု လှုပ်ခတ်ခြင်း၊ လူနေထူထပ်သော ထိုမြို့တော်၏ အဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်လောက်အောင် အချိန်ယူ၍ စနစ်တကျ တည်ဆောက်မှုမရှိခြင်း၊ မြို့တော်၏ နံဘေးတွင် ပြိုလွယ်သော သက်နုမြေတောင်ကုန်းတောင်တန်းရှိနေခြင်း၊ ငလျင်လှုပ်သောဒဏ်သည် မြို့တော်ရှိ အစိုးရအဆောက်အအုံ အားလုံးနီးပါးပြိုကျသဖြင့် အစိုးရယန္တရားကြီးပင် လည်ပတ်မှုရပ်ဆိုင်းသကဲ့သို့ဖြစ်ခြင်း၊ လမ်းပန်းအဆက်အသွယ်ပြတ်တောက်သွားခြင်းစသော ဖြစ်ရပ်များကြောင့် ယခုကဲ့သို့ လူ့အသေအပျောက်များပြားခြင်းဖြစ်သည်။

## ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

ဟေတီနိုင်ငံ၏အကောင်းဆုံး အခမ်းနားဆုံး အဆောက်အအုံကြီးများစွာ ပြိုကျပျက်စီးခဲ့သည်။ သမ္မတအိမ်တော်ဖြစ်သည့် နန်းတော်ကြီးလည်း ပြိုကျခဲ့သည်။ ပေါ်တိုပရင့်စ်မြို့တော်၏ အကြီးဆုံးဘုရားရှိခိုးကျောင်းကြီးလည်း ပြိုပျက်ခဲ့၍ ဂိုဏ်းချုပ်ဆရာတော်ကြီး ပင်ကွယ်လွန်ခဲ့သည်။

ငြိမ်းချမ်းစွာဆောင်ရွက်ပေးနိုင်အောင် လုံခြုံရေးကို တာဝန်ယူပေးရန် ရောက်ရှိခဲ့သည်။

ငလျင်လှုပ်ခြင်း၌ ရစ်ချ်တာစကေးနှင့် လှုပ်ခတ်သည့် ပြင်းအားကိုဖော်ပြရာတွင် ပထဝီမြေထု၏ တုန်ခါမှုပြင်းအားကိုသာမက ပျက်စီးပြိုလဲမှုအနည်းအများအပေါ်လည်း ထည့်သွင်းစဉ်းစားလေ့ရှိသည်။



**ဟေတီငလျင်၏ အပျက်အစီးများ**

အမေရိကန်ရေတပ်နှင့်ကမ်းခြေစောင့်တပ်တို့သည်လည်း ဟေတီ၏ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းဆီသို့ ဦးတည်အားဖြည့်ခဲ့သည်။ မရိန်းတပ်သား ၂၀၀၀ ခန့်သွားရောက်ကာ လက်နှင့်သာယက်ထုတ်နေရသည့်အပျက်အစီးပုံများကို ရှင်းလင်းရေး ကူညီပေးကြသည်။ ကူညီထောက်ပံ့ပစ္စည်းများ ဝင်ရောက်လာပါက အလျင်မီလက်ခံရရှိနိုင်စေရန် အမေရိကန်တပ်ဖွဲ့များမှာ လေဆိပ်ကိုသွားရောက် ရှင်းလင်းစီစဉ်ပေးကြသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များသည် ပြင်ပမှအသုတ်လိုက်တန်းစီဝင်ရောက်လာမည့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးအဖွဲ့ပေါင်းစုံနှင့်ပတ်သက်၍ ဤသည်မှာ မုန်တိုင်းကြီးများ၏ ပြင်းအားကိုဖော်ပြသည့် သဘောနှင့်တူညီသည်။ မုန်တိုင်းကို Enhance Fujita Scale (EF) နှင့် တိုင်းတာရာတွင် အဆင့် EF-O မှ EF-5 အထိ အဆင့်ခြောက်ဆင့်ခွဲခြားထားသည်။ လေတိုက်နှုန်းအပြင် ပျက်စီးမှုနှုန်းနှင့်ပြင်းအားဟူ၍လည်း အဆင့်များခွဲခြားသတ်မှတ်ချက်ရှိသည်။

အလားတူ မြေငလျင်လှုပ်ခတ်မှုကို တိုင်းတာရာ၌ ရစ်ချ်တာစကေးကို ကမ္ဘာသုံးအဖြစ် တစ်ပြေးညီလက်ခံကြသည်။ ၁၉၃၅ ခုနှစ်မှ ထိုရစ်ချ်တာစကေးကို အသိအမှတ်ပြုခဲ့သော်လည်း (Seismograms) ဆိုသည့် မြေထုလှုပ်ခါနှုန်းကို တိုင်းတာရာတွင် ဂရပ်ရှည်ကို

နိမ့်မြင့် ဖြစ်ပေါ်စေသည့်ကိရိယာဖြင့် ရှေးဦးငလျင်များ၏ ပြင်းအားကို တွက်ချက်ခဲ့သည်။ သို့သော် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးများ၏ ပြင်းအားကိုမူ အဆောက်အအုံများပြိုလဲမှု၊ ပျက်စီးမှု၊ ဆူနာမီရေလှိုင်းတက်မှု၊ မြေပြိုအက်ကွဲမှု၊ လူအသေအပျောက်များမှုနှင့်ထိခိုက်ပျက်စီးသည့် ဧရိယာအကျယ်အဝန်းများအပေါ်မူတည်၍ ပညာရှင်များကပြင်းအားကို နောက်ပိုင်းမှပေါ်လာသည့် ရစ်ချ်တာစကေးအပေါ်မူတည်၍လည်းကောင်း မှတ်တမ်းတင်ထားသောစာရင်းမှာ အထက်ပါအတိုင်းဖြစ်သည်။

ငင်းငလျင်ကြီးများစာရင်းတွင် လူအသေအပျောက် ၁,၀၀,၀၀၀ အထက်ရှိသော ငလျင်များကိုဖော်ပြရာ၌ အချို့မှာပြင်းအား ရစ်ချ်တာစကေး ၈ မကျော်ပေ။ ကျန်စာရင်းတွင်ပြင်းအား ၈ဒသမ၃ အထက်ရှိသော ငလျင်များကိုသာ ဖော်ပြထားသည်။ သာမန်အားဖြင့် ပြင်းအား ရစ်ချ်တာစကေး ၃ဒသမ၅

| စဉ် | ရက်စွဲ<br>ခုနှစ်ကိုအေဒီဖြင့် ဖော်ပြသည် | နေရာ | သေဆုံးသည့်လူဦးရေ | ပြင်းအား (ရစ်ချ်တာ) |
|---|---|---|---|---|
| ၁ | ၃၆၅ | နော့ဆော့ခရစ်ကျွန်း၊ ဂရိစ် | ၅၀,၀၀၀ | အလွန်ပြင်း |
| ၂ | မေလ-၅၂၆ | အန်တီယော့၊ ဆီးရီးယား | ၂,၅၀,၀၀၀ | အလွန်ပြင်း |
| ၃ | ၂၂-၁၂-၈၅၆ | ဒမ်ဂန်၊ အီရန် | ၂,၀၀,၀၀၀ | အလွန်ပြင်း |
| ၄ | ၂၃-၃-၈၉၃ | အာဒါဘီ၊ အီရန် | ၁,၅၀,၀၀၀ | အလွန်ပြင်း |
| ၅ | ၉-၈-၁၁၃၈ | အယ်လက်ပို၊ ဆီးရီးယား | ၂,၃၀,၀၀၀ | အလွန်ပြင်း |
| ၆ | ၂၇-၉-၁၂၉၀ | ချစ်လီ၊ တရုတ် | ၁,၀၀,၀၀၀ | အလွန်ပြင်း |
| ၇ | ၂၄-၁-၁၅၅၆ | ရှန်စီး၊ တရုတ် | ၈,၃၀,၀၀၀ | အလွန်ပြင်း |
| ၈ | ၁၁-၁၀-၁၇၃၇ | ကာလကတ္တား၊ အိန္ဒိယ | ၃,၀၀,၀၀၀ | အလွန်ပြင်း |
| ၉ | ၁-၁၁-၁၇၅၅ | လစ္စဘွန်း၊ ပေါ်တူဂီ | ၆၀,၀၀၀ | ၈.၇၅ |
| ၁၀ | ၁၈၆၈ | ဘာရစ်ကား၊ ချီလီ | ၂၅,၀၀၀ | ၉.၀ |
| ၁၁ | ၁၈၈၃ | ဂျာဗား၊ အင်ဒိုနီးရှား | ၁,၀၀,၀၀၀ | အလွန်ပြင်း |
| ၁၂ | ၄-၄-၁၉၀၅ | ကန်ဂရာ၊ အိန္ဒိယ | ၁၉,၀၀၀ | ၈.၆ |
| ၁၃ | ၁၇-၈-၁၉၀၆ | ဗယ်ပါရိုင်ဆို၊ ချီလီ | ၂၀,၀၀၀ | ၈.၆ |
| ၁၄ | ၁၆-၁၂-၁၉၂၀ | ကန်ဆူ၊ တရုတ် | ၂,၀၀,၀၀၀ | ၈.၆ |
| ၁၅ | ၅-၈-၁၉၄၉ | အက်ရှ်ဂါဘတ်၊ တပ်မင်နစ္စတန် | ၁,၁၀,၀၀၀ | ၇.၃ |
| ၁၆ | ၂၁မှ၃၀ထိ-မေ-၁၉၆၀ | ချီလီ-တောင်ပိုင်း | ၅,၀၀၀ | ၉.၅ (ဆူနာမီဖြစ်) |
| ၁၇ | ၂၇-၇-၁၉၇၆ | တန်ရှန်း၊ တရုတ် | ၂,၅၅,၀၀၀ | ၈.၀ |
| ၁၈ | ၂၆-၁၂-၂၀၀၄ | ဆူမတ္တရား၊ အင်ဒိုနီးရှား | ၂,၂၆,၃၂၈ | ၉.၃ (ဆူနာမီဖြစ်) |

စကေးစနစ်ဖြင့် ချိန်ထိုးကာ ခန့်မှန်းသတ်မှတ်ပေးကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ အပြင်းဆုံးငလျင်ကြီးများ လှုပ်ခဲ့သည့်အချိန်နှင့်ဒေသတို့ကို အဓိကအားဖြင့် လူအသေအပျောက်များမှုအပေါ်မူတည်၍လည်းကောင်း၊ ပြင်းအားအောက်ရှိသည့် ငလျင်လေးများကို လှုပ်မှန်း မသိသော်လည်း ကိရိယာက ဖော်ပြနိုင်သည်။ ပြင်းအား ၃ဒသမ၅ မှ ၅ဒသမ၄ အထိ ငလျင်များကို လှုပ်မှန်းသိကြရသော်လည်း ပြိုပျက်သေပျောက်မှု ဖြစ်လေ့မရှိပေ။ ပြင်းအား ၆ဒသမ၀ ရှိလျှင် ညံ့ဖျင်းစွာတည် ဆောက်ထား

## ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

### ၂၀၀၀ ပြည့်နှစ်မှ နောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၆ အထက်ရှိ ငလျင်များစာရင်း

| စဉ် | ရက်စွဲ<br>နေ့နှစ်ကိုအေဒီဖြင့် ဖော်ပြသည် | နေရာ | သေဆုံးသည့်လူဦးရေ | ပြင်းအား (ရစ်ချ်တာ) |
|---|---|---|---|---|
| ၁ | ၄-၆-၂၀၀၀ | ဆူမတ္တရား၊ အင်ဒိုနီးရှား | ၁၀၃ | ၇.၉ |
| ၂ | ၁၃-၁-၂၀၀၁ | ဆန်ဗီစင်တီ၊ အယ်ဆာဗေဒို | ၈၀၀+ | ၇.၆ |
| ၃ | ၂၆-၁-၂၀၀၁ | ဂူဂျာရတ်၊ အိန္ဒိယ | ၂၀,၀၀၀+ | ၇.၉ |
| ၄ | ၂၃-၆-၂၀၀၁ | အရီကီပါ၊ ပီရူး | ၁၀၂ | ၈.၁ |
| ၅ | ၃-၃-၂၀၀၂ | အာဖဂန်နစ္စတန်မြောက်ပိုင်း | ၁၆၆ | ၇.၄ |
| ၆ | (၂၅-၂၆)-၃-၂၀၀၂ | နာရင်၊ အာဖဂန်နစ္စတန်မြောက်ပိုင်း | ၁,၀၀၀+ | ၆.၁ |
| ၇ | ၂၂-၆-၂၀၀၂ | အီရန်အနောက်ပိုင်း | ၂၆၁+ | ၆.၅ |
| ၈ | ၂၄-၂-၂၀၀၃ | စင်ကျန်းပြည်နယ်တောင်ပိုင်း၊တရုတ် | ၂၆၁ | ၆.၄ |
| ၉ | ၁-၅-၂၀၀၃ | တူရကီအရှေ့ပိုင်း | ၁၇၇ | ၆.၄ |
| ၁၀ | ၂၁-၅-၂၀၀၃ | အယ်ဂျီးရီးယားမြောက်ပိုင်း | ၂,၂၀၀+ | ၆.၈ |
| ၁၁ | ၂၆-၁၂-၂၀၀၃ | ဘမ်း၊ အရှေ့တောင်၊ အီရန် | ၂၆,၂၇၁ | ၆.၆ |
| ၁၂ | ၂၄-၂-၂၀၀၄ | အယ်လ်ဟိုစေးမား၊ မော်ရိုကို | ၆၂၉ | ၆.၄ |
| ၁၃ | ၂၆-၁၂-၂၀၀၄ | ဆူမတ္တရားအနီး၊ အင်ဒိုနီးရှား | ၂,၂၆,၃၂၈ | ၉.၁ (ဆူနာမီဖြစ်) |
| ၁၄ | ၂၂-၂-၂၀၀၅ | အီရန်အလယ်ပိုင်း | ၅၄၉ | ၆.၄ |
| ၁၅ | ၂၈-၃-၂၀၀၅ | ဆူမတ္တရားကမ်းလွန်၊ အင်ဒိုနီးရှား | ၁,၀၀၀ | ၈.၇ |
| ၁၆ | ၈-၁၀-၂၀၀၅ | ကက်ရှ်မီးယား၊ ပါကစ္စတန်+အိန္ဒိယ | ၈၀,၀၀၀+ | ၇.၆ |
| ၁၇ | ၃၁-၃-၂၀၀၆ | အီရန်အနောက်ပိုင်း | ၇၀+ | ၆.၁ |
| ၁၈ | ၂၇-၅-၂၀၀၆ | ဂျာဗား၊ အင်ဒိုနီးရှား | ၆,၂၀၀+ | ၆.၃ |
| ၁၉ | ၁၇-၇-၂၀၀၆ | ဂျာဗားတောင်ပိုင်း၊ အင်ဒိုနီးရှား | ၅၃၀+ | ၇.၇ |
| ၂၀ | ၆-၃-၂၀၀၇ | ဆူမတ္တရားတောင်ပိုင်း၊ အင်ဒိုနီးရှား | ၇၀ | ၆.၄ |
| ၂၁ | ၁၅-၈-၂၀၀၇ | ပီရူးအလယ်ပိုင်းကမ်းခြေအနီး | ၅၁၉ | ၈.၀ |
| ၂၂ | ၁၂-၅-၂၀၀၈ | စီချွမ်ပြည်နယ်အရှေ့၊ တရုတ် | ၈၇,၈၅၇ | ၇.၉ |
| ၂၃ | ၅-၁၀-၂၀၀၈ | ကာဂျစ္စတန် | ၇၄ | ၆.၇ |
| ၂၄ | ၂၈-၁၀-၂၀၀၈ | ပါကစ္စတန် | ၁၆၆ | ၆.၄ |
| ၂၅ | ၈-၁-၂၀၀၉ | ကိုစတာရီးကား | ၄၀ | ၆.၁ |
| ၂၆ | ၆-၄-၂၀၀၉ | အီတလီအလယ်ပိုင်း | ၂၉၅ | ၆.၃ |
| ၂၇ | ၂-၉-၂၀၀၉ | ဂျာဗား၊ အင်ဒိုနီးရှား | ၄၇ | ၇.၀ |
| ၂၈ | ၃၀-၉-၂၀၀၉ | ဆူမတ္တရား၊ အင်ဒိုနီးရှား | ၇၇၇ | ၇.၆ |

သည့် အဆောက်အအုံများ နေရာမကျယ်ဘဲပြိုကျနိုင်ပြီး ကောင်းစွာ ဆောက်လုပ်ထားသည့် အဆောက်အအုံ

များမှာ အနည်းငယ်သာပျက်စီးတတ်သည်။ ပြင်းအား ၆.၁ မှ ၆.၉ အထိလှုပ်ပါက ကီလိုမီတာ ၁၀၀ ပတ်လည်ရှိ

### ၂၀၁၀ ပြည့်နှစ်အတွင်း လှုပ်ခတ်ခဲ့သည့်ပြင်းထန်သောငလျင်များ

| စဉ် | ရက်စွဲ<br>ခုနှစ်ကိုအေဒီဖြင့် ဖော်ပြသည် | နေရာ | ပြင်းအား (ရစ်ချ်တာ) |
|---|---|---|---|
| ၁ | ၁၂-၁-၂၀၁၀ | ပေါ်တိုပရင့်စ်၊ဟေတီ | ၇.၀ |
| ၂ | ၂၀-၁-၂၀၁၀ | ပေါ်တိုပရင့်စ်၊ဟေတီ၊(နောက်ဆက်တွဲလှုပ်) | ၆.၃ |
| ၃ | ၂၃-၁-၂၀၁၀ | ဖောက်လန့်ဒေသ၊ နယူးဇီလန် | |
| ၄ | ၇-၂-၂၀၁၀ | အီရိုဂါကီကျွန်း၊ ဂျပန် | ၆.၆ |
| ၅ | ၁၀-၂-၂၀၁၀ | ဆူလာဝေဆီပြည်နယ်၊ အင်ဒိုနီးရှား | ၅.၀ |
| ၆ | ၁၂-၂-၂၀၁၀ | ဘာလီကမ်းလွန်၊ အင်ဒိုနီးရှား | ၆.၆ |
| ၇ | ၁၈-၂-၂၀၁၀ | ချောင်ကင်းအရှေ့မြောက်၊ မြောက်ကိုရီးယား | ၆.၇ |
| ၈ | ၂၅-၂-၂၀၁၀ | ချီယာပတ်စ်ပြည်နယ်၊ မက္ကဆီကို | ၅.၄ |
| ၉ | ၂၅-၂-၂၀၁၀ | ယူနန်ပြည်နယ်၊ တရုတ် | ၅.၁ |
| ၁၀ | ၂၇-၂-၂၀၁၀ | ရျူးကျူးကျွန်းစု၊ ဂျပန် | ၇.၀ |
| ၁၁ | ၂၇-၂-၂၀၁၀ | ကွန်ဆက်ဆီအွန်မြို့၊ ချီလီ | ၈.၈ |
| ၁၂ | ၄-၃-၂၀၁၀ | တိုင်ပေတောင်ပိုင်း၊ ထိုင်ဝမ် (တရုတ်) | ၆.၇ |
| ၁၃ | ၁၄-၄-၂၀၁၀ | ယူရှူးစီရင်စု၊ ကျင်ဟိုင်းပြည်နယ်၊ တရုတ် | ၇.၁ |
| ၁၄ | ၂၂-၄-၂၀၁၀ | ဆာမိုအာကျွန်း၊ နယူးဇီလန် | ၆.၂ |
| ၁၅ | ၂၆-၄-၂၀၁၀ | ဖိလစ်ပိုင်အရှေ့မြောက်ကမ်းလွန်ရေပြင် | ၆.၉ |

အဆောက်အအုံများ ပျက်စီးနိုင်သည်။ ပြင်းအား ၇.၀ မှ ၇.၉ ဆိုလျှင် အလွန်ကျယ်ပြန့်သောဧရိယာကို ထိခိုက်ပျက်စီးစေသည်။ သမုဒ္ဒရာကြမ်းပြင်အောက်တွင် ပြင်းအား ၇ဒသမ၈ နှင့်အထက်လှုပ်ပါက ငလျင်ရေလှိုင်းကြီးများဖြစ်သည့် ဆူနာမီဖြစ်ပေါ်နိုင်သည်။ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာပေါ်၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၆ အထက်ရှိ ငလျင်များစာရင်းကို ဆောင်းပါး တစ်နေရာတွင် ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ် ပထမငါးလခန့်အတွင်း ကမ္ဘာပေါ်၌ လှုပ်ခတ်ခဲ့သည့် ပြင်းအားအသင့်အတင့်မှ ပြင်းအားကြီးသည့် မြေငလျင်များမှာ အထက်ပါစာရင်းဇယားတွင် ဖော်ပြထားသည့် အတိုင်း ၁၅ ကြိမ်ရှိခဲ့သည်။ ယင်းအနက် ဟေတီငလျင်ကြီးသည် ပြင်းအားအနေဖြင့် ရစ်ချ်တာစကေး ၇ဒသမ၀ သာရှိခဲ့၍ လှုပ်ခဲ့သည့် ငလျင်များအနက် တတိယအပြင်းစားဖြစ်သည်။ သို့သော် ၂၀၁၀ပြည့်နှစ် အတွင်းနှင့် ၂၁ ရာစုအတွင်းပါ လူအသေအပျောက်အများဆုံးနှင့် အဆောက်အအုံပြိုလဲပျက်စီးသည့် ရာခိုင်နှုန်းမှာ အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ချီလီနိုင်ငံတွင်လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် ဤနှစ်အတွက် ရစ်ချ်တာစကေးအားဖြင့် အပြင်းဆုံး ၈ဒသမ၈ အထိပင်ရှိသည်။ လူအသေအပျောက် ၇၀၀ ကျော်ရှိခြင်းမှာ ဗဟိုပြုရာနေရာသည် ကမ်းရိုးတန်းနှင့် ကီလိုမီတာ ၇၀၀ ခန့်ကွာဝေးခြင်း၊ တိုက်များခိုင်ခံ့၍ အပြိုအပျက်နည်းခြင်း၊ လူနေသိပ်သည်းမှုနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ဤငလျင်၏ ပြင်းထန်လွန်းခြင်းကြောင့် ကမ္ဘာမြေ၏တစ်နေ့တာအချိန်ကာလ အနည်းငယ်လျော့နည်းသွားဖွယ်ရှိကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့်အာကာသအေဂျင်စီ (နာဆာ) မှ သိပ္ပံပညာရှင်တစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ဤသို့အချိန်ကွာခြားမှုသည် တစ်စက္ကန့်၏ အပုံတစ်သန်းပုံတစ်ပုံဖြစ်ကြောင်းနှင့် ဤမျှပြင်းထန်သောငလျင်ကြီးများလှုပ်တိုင်း ကမ္ဘာ့တစ်နေ့တာ အချိန်တိုင်းတာမှု လျော့နည်းတတ်ကြောင်းလည်း ၎င်းကဆိုသည်။ ဤအတိုင်းဆိုပါက ၁၉၆၀ ပြည့်နှစ် မေလတွင် ချီလီ၌ လှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေး ၉ ဒသမ ၅ ရှိသည့် ကမ္ဘာ့အပြင်းဆုံး ငလျင်ကြီးသည်လည်းကောင်း၊ ၂၀၀၄

ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူမတ္တြရားကျွန်းအနီးတွင် ရစ်ချ်တာစကေး ၉ ဒသမ ၁ ရှိသည့် ကမ္ဘာ့ဒုတိယအပြင်းဆုံး ငလျင်ကြီးလှုပ်ခတ်ခဲ့စဉ်ကလည်းကောင်း ကမ္ဘာတစ်နေ့တာအချိန်လျော့နည်းခဲ့သေးသည့်သဘောရှိသည်။

ထိုပြင်ဤကဲ့သို့ အလွန်ပြင်းထန်သောမြေငလျင်ကြီးများလှုပ်ခတ်ပါက ကမ္ဘာ့ရေမြေအနည်းငယ်ပြောင်းလဲသွားနိုင်ကြောင်း၊ ကမ္ဘာမြေပုံပင် ပုံစံအနည်းငယ်ပြောင်းလဲနိုင်ကြောင်း သိပ္ပံပညာရှင်များကဆိုသည်။ ထင်ရှားသောသာဓကအဖြစ် ၁၈၈၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် လှုပ်ခဲ့သောငလျင်ကြီးသည် ပြင်းအားအလွန်ကြီး၍ ဘေးမှကျွန်းတစ်ကျွန်းသမုဒ္ဒရာထဲနစ်မြုပ်ပျောက်ကွယ်သွားရာ မြေပုံထဲမှ ပယ်ဖျက်လိုက်ရသည်။ အလားတူ ၁၆၉၂ ခုနှစ်က ဂျမေကာနိုင်ငံတွင် လှုပ်ခဲ့သောငလျင်ကြီးကြောင့် ဂျမေကာကျွန်းရှိ ပေါ်တိုရွိုင်ယယ်အမည်ရှိဆိပ်ကမ်းမှာရေအောက်နစ်မြုပ် ပျောက်ကွယ်ခဲ့ရာယနေ့ခေတ်မြေပုံကိုအဆိုပါနေရာမပါဘဲ အသစ်ဆွဲခဲ့ရသည်ဟုဆိုသည်။

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် ၁၁၆၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က ကမ်းလွန်မြေထဲပင်လယ်ထဲ၌ ငလျင်ကြီးလှုပ်ခဲ့သည်။ ထိုငလျင်ပြင်းအား မည်မျှရှိကြောင်း ငလျင်တိုင်းတာရေးကိရိယာမပေါ်သေး၍ မသိနိုင်သော်လည်း မှတ်တမ်းအထောက်အထားများအရ မီးတောင်ပေါက်ကွဲကာ ငလျင်လှုပ်မှုကြောင့် ပင်လယ်ရေလှိုင်းလုံးကြီးများကြီးမားပြင်းထန်စွာရိုက်ခတ်ခဲ့သည်ဆို၏။

၁၇၅၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်း ပင်လယ်ကမ်းခြေမြို့အနီး ကမ်းလွန်ပင်လယ်ကြမ်းခင်း၌ လှုပ်ခတ်ခဲ့သည့်ပြင်းအား ၈ ဒသမ ၇၅ ရှိ ငလျင်ကြီးကြောင့် ကြီးမားသော ငလျင်ရေလှိုင်းကြီးများ အတ္တလန်တိတ်သမုဒ္ဒရာ ကမ်းခြေများသို့ တိုက်ခတ်ခဲ့ကြောင်း မှတ်တမ်းများရှိသည်။ သို့သော် ယခုအခေါ်ဆူနာမီဆိုသည့် ငလျင်ရေလှိုင်းအမည်မျိုး ထိုစဉ်က မပေါ်ခဲ့သေးပေ။

၁၉၆၀ ပြည့်နှစ် မေလ၂၁-၃၀ ရက်တွင် ချီလီနိုင်ငံတောင်ပိုင်း၌ လှုပ်ခတ်ခဲ့သောပြင်းအား ၉ဒသမ၅ ရစ်ချ်တာစကေးရှိ ငလျင်ကြီးကြောင့် ဧရာမရေလှိုင်းကြီးများ ဂျပန်နိုင်ငံကမ်းခြေမြို့အများအပြားသို့ ဝင်ရောက်ရိုက်ခတ်အန္တရာယ် ပြုခဲ့သည်။ ထိုအခါ ဂျပန်တို့က ဤငလျင်ရေလှိုင်းကြီးများကို ဆူနာမီ အမည်ပေးခဲ့ရာမှ ယနေ့တိုင် ငလျင်ရေလှိုင်းကြီးများကို ဆူနာမီဟုခေါ်တွင်ကြသည်။ ငလျင်ပြင်းအား ၇ ဒသမ ၆ မှ ၇ ဒသမ ၈ကျော်ပြီး ပင်လယ်ရေအောက်မှ လှုပ်ခတ်ပါက ဆူနာမီဖြစ်နိုင်ကြောင်း ယူဆကြသည်။

ဟေတီငလျင်သည် ပေါ်တိုပရင့်စ်မြို့နှင့်၁၀မိုင်ဝေးသော ကုန်းတွင်းပိုင်းမြေအောက်အနက် ၆ ဒသမ ၂ မိုင်သာနက်သောနေရာတွင် ဗဟိုပြု၍လှုပ်ခတ်ခဲ့သဖြင့် ပေါ်တိုပရင့်စ်မြို့ကြီး တစ်ခုလုံး ဟေတီသမ္မတနန်းတော်မှစ၍အစိုးရ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများ၊ စာသင်ကျောင်းများ၊ သံရုံးများအားလုံးနီးပါး ပြိုပျက်ကုန်သည်။ အစိုးရလုပ်ငန်းအားလုံးခေတ္တရပ်ဆိုင်းသွားခဲ့သည်။

ပေါ်တိုပရင့်စ်မြို့ရှိ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ရုံးချုပ်တွင် ကုလသမဂ္ဂတာဝန်ထမ်းဆောင်နေသောဝန်ထမ်း ၂၀၀ကျော်နှင့် ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်တို့လည်း သေဆုံးသွားကြသည်။

ဤသို့မမျှော်လင့်ဘဲ အစိုးရလုပ်ငန်းပါ ခေတ္တရပ်တန့်သွားလောက်အောင် ကြီးမားသည့် ငလျင်ဘေးဆိုးမျိုး ကမ္ဘာတွင်မကြုံဖူးသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းလုပ်ဆောင်ရန်များစွာအခက်အခဲဖြစ်ခဲ့သည်။ ငလျင်ဒဏ်ကြောင့်အပြိုအပျက်အုတ်ပုံများနှင့် လဲကျနေသောသစ်ပင်၊ ဓာတ်တိုင် စသည်တို့မှာ လမ်းပေါ်တွင် ပိတ်ဆို့ကုန်သည်။ လမ်းများလည်း အက်ကွဲပျက်စီးကုန်သည်။ တံတားများလည်းပျက်စီးကုန်သည်။ သွားလာရေးကွန်ရက် အားလုံးပိတ်ဆို့ရပ်တန့်ခဲ့သည်။ လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးကုန်၍ ဆက်သွယ်ရေးများလည်း ပြတ်တောက်ခဲ့ရသည်။

အစိုးရလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်သွားခြင်းဖြစ်ပေါ်ပါက မည်သို့ဆောင်ရွက်ရမည်ကို ဤဟေတီအဖြစ်အပျက်မှ သင်ခန်းစာယူ၍ စီမံချက်အသစ်များရေးဆွဲတတ်လာမည်ဖြစ်သည်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကို အလျင်မီအောင်ဆောင်ရွက်ပေးရန်မှာလည်း ခက်ခဲပေသည်။ ဤမျှဆိုးရွားစွာ ပြိုပျက်မှုမျိုး မဖြစ်စေရန် အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်သော နည်းစနစ်များဖြင့် တည်ဆောက်ရန်လိုအပ်ပေသည်။

ချီလီနိုင်ငံ မော်လီဒေသကမ်းခြေ၌ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၀၃း၃၄ နာရီတွင် ရစ်ချ်တာစကေး ၈ ဒသမ ၈ ရှိ



ချီလီငလျင်၏ပြင်းထန်မှုအခြေအနေ

အလွန်ပြင်းထန်သည့် ငလျင်ကြီးလှုပ်ခဲ့သည်။ လေးမိနစ်ခန့်ကြာအောင် လှုပ်ခတ်ခြင်းဖြစ်သည်။ ငလျင်၏ဗဟိုချက်မသည် တောင်လတ္တီတွဒ်မျဉ်းကြောင်း ၃၅ ဒသမ ၈၄၆ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် မျဉ်းကြောင်း ၇၂ ဒသမ ၇၁၉ ဒီဂရီနေရာတွင်ရှိသည်။ လတ္တီတွဒ်မျဉ်းကြောင်း ၇၂ဒသမ ၇၁၉ ဒီဂရီအနောက်ဘက်နေရာတွင်ရှိသည်။ ချီလီကမ်းခြေမှ အနောက်ဘက် ကယူဘနိုက်မြို့လေးမှ ၅ မိုင်ခန့်သာ ကွာဝေးသော တယ်ကာဟွာနိုမြို့မြောက်ဘက်နှင့် ဆန်အန်တိုနီယိုမြို့တောင်ဘက်အကြားတွင်ရှိသည်။ ငလျင်အင်အား အလွန်ပြင်းထန်သော်လည်း မြေအောက် ၂၂ မိုင်အနက်တွင် ဗဟိုပြုသဖြင့် ပြင်းအားသည် ပျက်စီးမှုဆိုးဝါးစွာ မဖြစ်ခဲ့ခြင်းဟု ဆိုနိုင်သည်။

အဆိုပါငလျင်၏ ပြင်းအားသည် ၁၉၆၀ ပြည့်နှစ်က ချီလီနိုင်ငံ၌လှုပ်ခဲ့သော ပြင်းအား ၉ဒသမ၅ ရှိသည့် ဖော်ဒီးဗီးယားမြေငလျင်ကြီးပြီးလျှင် ဒုတိယအပြင်းဆုံးဖြစ်သည်။ ၂၀၀၄ ခုနှစ်က အင်ဒိုနီးရှားငလျင်ကြီး၊ ၁၉၀၆ ခုနှစ်က အီကွေဒိုး-ကိုလံဘီယာငလျင်ကြီးနှင့် ၁၈၃၃ ခုနှစ်က ဆူမတြားငလျင်ကြီးများပြီးလျှင် ယခုချီလီငလျင်ကြီးသည် ကမ္ဘာ့ငလျင်သမိုင်းတွင် သတ္တမအဆင့် အပြင်းဆုံးငလျင်ကြီးဟု သတ်မှတ်နိုင်သည်။

ယခုငလျင်ကြီးကြောင့် မိုင် ၂၀၀ ပတ်လည်ရှိ ချီလီနိုင်ငံမှမြို့များစွာရှိအဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။ ယင်းအနက် တယ်ကာဟွာနို၊ အာရောကို၊ လိုတာ၊ ရှိဂွာယန်တီ၊ ကညီတီ၊ တယ်လ်ကာ၊ ကွန်စက်ပ်စီယောင်နှင့် ဆန်အန်တိုနီယိုမြို့များသည် ပျက်စီးမှုအပြင်းဆုံးရိုက်ခတ်ခံရသည်။ ချီလီနိုင်ငံ၏မြို့တော် ဆန်တီယာဂိုနှင့် အခြားကုန်းတွင်းပိုင်းမြို့များလည်း ပျက်စီးမှုများစွာရှိခဲ့သည်။ ချီလီနိုင်ငံမြောက်ဘက်ရှိ ပီရူးနိုင်ငံတောင်ပိုင်းမြို့တော် အိုင်ကာအထိ ငလျင်တုန်ခါမှုကိုခံရသည်။ အာဂျင်တီးနားနိုင်ငံမှ ဗျူနိုအေးရီးစ်မြို့တော် အပါအဝင် ကော်ဒိုးဘား၊ မင်ဒိုးဇားနှင့် လာရီယိုဂျားစသော မြို့များလည်းတုန်ခါခဲ့သည်။

ပစိဖိတ်နှင့် အတ္တလန်တိတ်သမုဒ္ဒရာကမ်းခြေရှိ နိုင်ငံပေါင်း ၅၃ နိုင်ငံတို့တွင် ဆူနာမီအရေးပေါ်သတိပေးချက်များ ကြေညာခဲ့ရသည်။ ချီလီသမ္မတ မိရှဲလ်ဘက်ချီလေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ဇုန်အဖြစ် ကြေညာခဲ့သည်။

ချီလီနိုင်ငံ၏ ဒုတိယအကြီးဆုံး ကွန်စက်ပ်စီယောင်မြို့သည် ငလျင်ဗဟိုချက်မ၏တောင်ဘက် ၇၁ မိုင်သာကွာဝေးသဖြင့် ငလျင်ဒဏ်ကြီးစွာခံရသည်။ ထိုငလျင်ဒဏ်ကြောင့် အနည်းဆုံးလူ ၇၂၃ ဦးသေဆုံးပြီး ရာပေါင်းများစွာ ပျောက်ဆုံးနေကြောင်း နောက်နေ့တွင် သမ္မတက သတင်းထုတ်ပြန်သည်။ ငလျင်ကြောင့် တစ်ပြည်လုံးတွင် အိုးအိမ်ပေါင်း ၅၀၀,၀၀၀ ပျက်စီး၍

လှုပေါင်း ၂ သန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ဖွယ်ရှိသည်ဟု ခန့်မှန်းသည်။ ငလျင်ကြီးလှုပ်ပြီး မိနစ် ၂၀ အကြာတွင် ၆ ဒသမ ၂ ရစ်ချ်တာစကေးရှိသော အပြင်းစားငလျင်နှင့် တစ်နာရီအကြာတွင် ၅ ဒသမ ၄ နှင့် ၅ ဒသမ ၆ ပြင်းအားရှိသောငလျင်များ ဆက်လှုပ်ခဲ့သည်။ မိနစ် ၉၀ မကြာမီမှာပင် ကမ်းလွန်ပင်လယ်အောက်၌ ၆ ဒသမ ၉ ပြင်းအားကြီးသော ငလျင်လှုပ်ခဲ့သည်။ ငလျင်ကြီးလှုပ်ပြီး ၉ နာရီကျော်အကြာတွင် အာဂျင်တီးနားနိုင်ငံမြောက်ပိုင်း ဆော်လတာမြို့တွင် ၆ ဒသမ ၃ပြင်းအားရှိသော ငလျင်လှုပ်ခဲ့သည်။ ချီလီငလျင်ကြီး၏ ဗဟိုချက်မနှင့် မိုင်ပေါင်း ၁,၀၀၀ နီးပါးဝေးသော ကုန်းတွင်းပိုင်းအထိ ယင်းသို့နောက်ဆက်တွဲ ငလျင်များ လှုပ်ခတ်ခြင်းဖြစ်သည်။

ချီလီနိုင်ငံမြို့များရှိ ငလျင်ဒဏ်ခံရသူများသည် မိုးကာတဲများတွင်လည်းကောင်း၊ လမ်းမများ၊ ကွင်းများတွင်လည်းကောင်း နေထိုင်လျက်ရှိကြသည်။ အိုးမဲ့အိမ်မဲ့များအပြင် နောက်ဆက်တွဲငလျင်ဒဏ်ကို ကြောက်လန့်၍ တိုက်တာများပေါ်မှ ဆင်းကာ ဤသို့နေထိုင်သူ အများအပြားရှိခြင်းဖြစ်သည်။ မတ်လ ၄ ရက်နေ့တွင် ချီလီနိုင်ငံမြောက်ပိုင်း အန်တိုဖတ်စဂတ်စတားမြို့တွင် ၆ ဒသမ ၃ ပြင်းအားရှိသော ငလျင်ကြီးလှုပ်ခဲ့ပြန်သည်။ မူလ ငလျင်ဗဟိုချက်မနှင့် မိုင်တစ်ထောင်ခန့်ဝေးသောအရပ်တွင်ဖြစ်သည်။

မတ်လ ၈ ရက်နေ့အထိ နောက်ဆက်တွဲငလျင်ပေါင်း ၄၀ ကျော်လှုပ်ခတ်ခဲ့ပြီး ချီလီနှင့် အာဂျင်တီးနားသာမက ဘရာဇီးနိုင်ငံအထိတိုင် ဂယက်ရိုက်လှုပ်ခတ်ခဲ့သည်။ ဤမျှပြင်းထန်သော ငလျင်များ လှုပ်ခတ်ခြင်းမှာ ဤဒေသ၏ပထဝီဝင် အနေအထားသည် ငလျင်ကြီးများဖြစ်စေနိုင်သည့် ပြတ်ရွေ့ကြောများနှင့် ဘူမိမြေလွှာအနေအထားများကြောင့်ဖြစ်ကြောင်း ငလျင်ကျွမ်းကျင်သူများက ဆိုသည်။

ဘူမိဗေဒအရ ကမ္ဘာကြီးသည် အပေါ်ယံအခွံလွှာဖြင့် အတွင်းကချော်ရည်ပူများကို ဖုံးအုပ်ထားခြင်းဖြစ်ပြီး ထိုကမ္ဘာ့အခွံသည်အက်ကြောင်းများဖြင့် ဆက်ထားသည့် မြေလွှာများဖြစ်သည်။ ထိုမြေလွှာများသည် တက်ကောနစ်ခေါ် လှုပ်ရှားနေသည့် ပလိတ်ပြားချပ်လွှာများဖြစ်သည်။ ထိုမြေချပ်လွှာအပြားများ တစ်ခုနှင့်တစ်ခု တွန်းတိုက်နေရာမှ အက်ကြောင်းများဖြစ်ကာ ဖော့လ်ခေါ်ပြတ်ရွေ့ကြောများနေရာတွင် ချော်ထွက်၊ ကန့်တက်၊ ပေါက်ထွက်၊ ထပ်တက်သွားသောအခါ ငလျင်ကြီးများ လှုပ်ခတ်လေသည်။ ဤကမ္ဘာမြေပေါ်ရှိ မြေလွှာများ အက်ကွဲ၍ အချပ်လိုက်အလွှာလိုက်ဖြစ်နေသည်ကို ဘူမိဗေဒပညာရှင်များက သူ့နေရာ၊ သူ့ဒေသအလိုက် ပလိတ်ပြားချပ်လွှာအသီးသီးကို ရှာဖွေဖော်ထုတ်အမည်ပေးထားသည်။ တောင်အမေရိကတိုက်ကို "တောင်အမေရိကန် ပလိတ်ချပ်လွှာ" ဟုလည်းကောင်း၊ ကာရေဘီယံပင်လယ်ကွေ့ကို "ကာရေဘီယံ ပလိတ်ချပ်လွှာ" ဟူ၍လည်းကောင်း၊ တောင်အမေရိကတိုက်အနောက်ဘက်ကမ်းခြေမှ အနောက်ဘက် ပစိဖိတ်၊ တောင်ဘက်အန္တာတိတ်နှင့် မြောက်ဘက်ကို ကော့စ်ပလိတ်ချပ်လွှာကြားရှိ အချပ်ကြီးကို "နတ်ဇကား ပလိတ်ချပ်လွှာ" ဟူ၍လည်းကောင်း အသီးသီးအမည်ပေးထားသည်။ ယခုချီလီနိုင်ငံကမ်းခြေတွင် ငလျင်ကြီးလှုပ်သွားခြင်းမှာ ဤဒေသရှိ ပထဝီအခွံပြား အလွှာချပ်များအချင်းချင်း တွန်း၊ တိုး၊ တိုက်မိရာမှ ပြတ်ရွေ့ကြော တစ်နေရာတွင် ကန့်ထွက်ထပ်တက်သွားသောကြောင့်ဖြစ်သည်။

ပလိတ်ချပ်လွှာများသည် တောင်အမေရိကတိုက် ပလိတ်ချပ်လွှာ၏ အနောက်ဘက်အနားဆီသို့ စုပြီး တွန်းထိုး တိုးရွေ့လေ့ရှိတတ်သည်။ ဤသို့ တွန်းရွေ့မှုကြောင့် ကမ္ဘာ့အပြင်းထန်ဆုံး ငလျင်ကြီးများ ဤဒေသ၌ ပေါ်ပေါက်လေ့ရှိသည်။

ယခုဖြစ်ပွားသည့် ချီလီငလျင်ကြီးသည် အထက်ဖော်ပြပါ တက်တောနစ် ပလိတ်ချပ်လွှာကြီးများက နတ်ဇကားနှင့် တောင်အမေရိကန် ပလိတ်ချပ်လွှာနှစ်ခုကြားသို့ စုပြီးတွန်းထိုး တိုးရွေ့သောအခါ ထိုနှစ်ခုကြား၌ ပြတ်ရွေ့ကြောအပိုင်း မိုင် ၄၃၀ ရှိ အနားချင်းဝင်တိုက်ခြင်းဖြစ်သည်။

တိုက်အားကြောင့် ပေါက်ပြဲပြီး အနောက်ဘက်သို့ ၁၀ မီတာခန့် ရွေ့သွားခဲ့သည်။ ဤသို့ပလိတ်ချပ်လွှာချင်း ဝင်တိုက်မှုကြောင့် ပတ်ဝန်းကျင်ဒေသရှိ မြေလွှာများတွန့်ခေါက်ကာ ဆူကြွနိမ့်မြင့် ဖြစ်တတ်သည်။ ရွေ့သွားတတ်သည်။ အက်ကွဲတတ်သည်။

ယခုချီလီငလျင်ကြီးဖြစ်ပွားပြီးနောက် အမေရိကန်ပြည် အိုဟိုင်းအိုးပြည်နယ် သုတေသနဌာနနှင့် အခြားသိပ္ပံပညာရှင်များ၏တွေ့ရှိချက်အရ ဤငလျင်ကြောင့် ဆန်တီယာဂိုမြို့တော်သည် အနောက်နှင့် အနောက်တောင်ဘက်သို့ ၁၁ လက်မရွေ့သွားခဲ့သည်။ ကွန်စက်ပ်စီယောင်မြို့က အနောက်ဘက်သို့ ၁၀ ပေ ရွေ့သွားခဲ့သည်။ ထိုငလျင်က တောင်အမေရိကတိုက်၏ အခြားအပိုင်းများကိုလည်း ရွေ့စေခဲ့သည်။ ပမာပြရသော် အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနိုအေးရီးစ်မြို့သည် အနောက်ဘက်သို့ တစ်လက်မရွေ့ခဲ့သည်။ ယခုချီလီ ငလျင်၏ရိုက်ခတ်မှုသည် ဗဟိုချက်မှနှင့် မိုင်ပေါင်း ၄,၇၀၀ ဝေးသည့် အမေရိကန်ပြည် နယူးအော်လင်းမြို့ရှိ ပွန့်ချပ်ထရိန်ယံကန်ကြီးထဲမှ ရေများဘောင်ဘင်ခတ်ခဲ့သည်အထိ သက်ရောက်မှုရှိသည်ဟူ၏။

ပင်လယ်သမုဒ္ဒရာကြမ်းပြင်အောက်နှင့် ကမ်းခြေမြေအောက်တွင် ငလျင်ကြီးလှုပ်ရှားပါက ဆူနာမီခေါ် ငလျင်ရေလှိုင်းကြီးများ ဖြစ်ပေါ်လေ့ရှိသည်။ ပင်လယ်သမုဒ္ဒရာရေနက်ကြမ်းပြင်တွင် ဗဟိုပြုပါက ဆူနာမီရေလှိုင်း ပို၍ဖြစ်ပေါ်နိုင်သည်။ သာမန်အားဖြင့် ငလျင်ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၈ နှင့်အထက် (အချို့က ၆ ဒသမ ၅ အထက်ဟုဆိုသော်လည်း လက်တွေ့ဖြစ်လေ့မရှိ။) ပင်လယ်သမုဒ္ဒရာအောက်နှင့် ကမ်းခြေတွင် လှုပ်ခတ်တိုင်း ဆူနာမီရေလှိုင်းဖြစ်ပေါ်ကြောင်း ငလျင်ပညာရှင်များက တွေ့ရှိထားသည်။ ဆူနာမီရေလှိုင်းသည် ပင်လယ်သမုဒ္ဒရာ၏ ရေမျက်နှာပြင်အောက်မှ ပြေးလာပြီး ကမ်းစပ်ကိုရိုက်ခတ်ခြင်းဖြစ်သည်။ ကမ္ဘာ့အခွံဖြစ်သော မြေချပ်လွှာအချင်းချင်း တိုးဆောင့်ရာမှ ပြတ်ရွေ့ကြောနေရာတွင် မြေချပ်လွှာအချင်းချင်း ဆောင့်ကန်လိုက်သောအခါ ပေါက်ပြဲသွားပြီးအတွင်းမှအလွန်ပူပြင်းလှသည့် ချော်တို့၏ မှုတ်အား၊ တွန်းကန်အားကြောင့် မြေချပ်လွှာအနားအစွန်းများ ဆောင့်ကန်တက်လာသည့်အားသည် သမုဒ္ဒရာအောက်မှ ရေတို့ကို ကြီးမားသောအရှိန်အဟုန်ဖြင့် ဆောင့်ကန်လိုက်ခြင်းဖြစ်သည်။ ဆောင့်ကန်ရာ၌ မြေတွင်းမှအပူရှိန်အားလည်း ပါဝင်သည်။ မြေချပ်လွှာအနားအချင်းချင်းတွန်းဆောင့်၍ ကွဲထွက်လာသောအစွန်းအနား၏ အရှည်အတိုင်းအတာနှင့် မြင့်တက်သည့်အစွန်း၏အမြင့် အတိုင်းအတာပေါ်မူတည်၍ ဆူနာမီဖြစ်ပေါ်မှုအားအကြီးအသေးရှိနိုင်သည်။

ဆူနာမီရေလှိုင်းသည် ပင်လယ်သမုဒ္ဒရာအောက် မိုင် ၃၀ ထက်ပိုနည်းသော မြေချပ်လွှာကွဲထွက် တွန်းကန်မှုကြောင့်ဖြစ်သည်။ ထို့ထက်နက်ပါက ဆူနာမီ ဖြစ်လေ့မရှိပေ။ ဆူနာမီရေလှိုင်းသည် ရေနက်ထဲတွင် အလွန်ရှည်သောလှိုင်းများ ဖြစ်လာသည်။ လှိုင်း၏အမြင့်မှာ တစ်ပေမှ သုံးပေအထိသာမြင့်လေ့ရှိသည်။ ထို့ကြောင့် ရေမျက်နှာပြင်ပေါ်၌ လှိုင်းပုတ်မှန်း မသိသာဘဲရှိတတ်သည်။ ထိုဆူနာမီရေလှိုင်းသည် တစ်နာရီလျှင် မိုင် ၄၀၀ မှ ၆၀၀ အထိ ပြေးသွားနိုင်သည့် အမြန်နှုန်းရှိပြီး ကမ်းစပ်အထိရောက်နိုင်သည်။ ကမ်းစပ်နှင့်နီးသော ရေတိမ်ပိုင်းရောက်သောအခါ ကြမ်းပြင်၏အတားအဆီးကြောင့် လှိုင်းများတိုသွားသည်။ နှေးသွားသည်။ ကမ်းစပ်နှင့် နီးလေ၊ တိုလေ၊ နှေးလေမြင့်တက် လာလေ




ချီလီငလျင်ဗဟိုချက်ပြမြေပုံ

ဖြစ်တတ်သည်။ ကမ်းစပ်သို့ပေ ၁၀၀အထိ မြင့်သော လှိုင်းလုံးကြီးများအသွင်ဖြင့် ရိုက်ခတ်နိုင်သည်။ ကမ်းစပ်၏ဆင်ခြေလျှော အနိမ့်အမြင့်ပေါ်မူတည်၍ မိုင်နှင့်ချီပြီး

ကုန်းပေါ်သို့ ပင်လယ်ရေတက်သွားနိုင်သည်။ ဆူနာမီ၏ သဘာဝပုံစံသည် လှိုင်းလုံးများအလိပ်လိုက် ကမ်းစပ်သို့တစ်လိပ်ပြီးတစ်လိပ် ဆင့်ကဲလာရိုက်ခြင်းဖြစ်သည်။ ရှေးဦးရောက်လာသော လှိုင်းသည် မမြင့်လှပေ။ ထူးခြားချက်မှာ ရှေ့ပြေးလှိုင်းလိပ်က ပင်လယ်ကမ်းစပ်မှ ရေများကို အဝေးကြီးဆွဲချသွားပြီးရေအောက်ကြမ်းခင်းများ ပေါ်လာသည်ကို မြင်ရတတ်သည်။ ထို့နောက်မှ အရှိန်ကြီးကြီးနှင့် ရေထုလှိုင်းလုံးကြီးများ တလိမ့်လိမ့် ပြေးတက်လာခြင်းဖြစ်သည်။

ချီလီကမ်းခြေအနီးတွင် လှုပ်သောငလျင်သည် ပြင်းအား ၈ ဒသမ ၈ ရစ်ချ်တာစကေးရှိသောကြောင့် ဆူနာမီပေါ်ပေါက်မည်ဖြစ်သည်။ ပင်လယ်ရေအောက်တွင် ဖြန့်ကြက်ထားသည့် ခေတ်မီသိပ္ပံနည်းကျ ဗော်ယာများကလည်း နိုင်ငံများစွာကို ဆူနာမီ သတိပေးခဲ့သည်။ ငလျင်လှုပ်ပြီး မိနစ် ၃၀ အကြာတွင် ချီလီနိုင်ငံ ကမ်းရိုးတန်းမြို့များသို့ ဆူနာမီစတင် ဝင်ရောက်သည်။ ဗယ်ပါရိုင်ဆိုပင်လယ်တွင် ၈ပေ၆လက်မမြင့်သော ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့သည်။ တယ်လ်ကွာဟာနိုမြို့နှင့် ဘိုင်အိုဘိုင်အို ဒေသသို့ ၇ ဒသမ ၆၈ ပေမြင့်သော ဆူနာမီရိုက်ခတ်သည်။ ဟူဟွာန်ဖာနန်ဒက်ဇ်ကျွန်းစုသို့လည်း ဆူနာမီလှိုင်းတက်၍ ထိုကျွန်းစုအနက် အကြီးဆုံးဖြစ်သည့် ရော်ဘင်ဆင်ခရူးဆိုးကျွန်းတွင် လှိုင်းကြီးများ တက်လာ၍ လူလေးဦး သေဆုံးပြီး ၁၁ ဦး ပျောက်ဆုံးခဲ့သည်။ ငလျင်လှုပ်ပြီး ၆ နာရီခန့် အကြာတွင် ၂,၁၈၀ မိုင်ဝေးသည့် ပစိဖိတ်ပင်လယ်ထဲမှ အီစတာကျွန်းကို ဆူနာမီရောက်သော်လည်း ၁ ပေကျော်သာ မြင့်သည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်နှင့်ပြင်သစ်ပိုင် ကျွန်းများအပါအဝင် အခြားကျွန်းနိုင်ငံများစွာသို့ ဆူနာမီရောက်သော်လည်း အန္တရာယ်ဖြစ်လောက်အောင် လှိုင်းမကြီးခဲ့ပေ။ အလားတူ နယူးဇီလန်၊ ဩစတြေးလျ စသောနိုင်ငံများ၏ ကမ်းခြေများသို့ ဆူနာမီလှိုင်းတက်ခဲ့သော်လည်း ၄ လက်မ မှ ၁ ပေ ၈လက်မအထိမြင့်သောလှိုင်းများသာ ပုတ်ခတ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံပေါင်း ၅၃ နိုင်ငံကစိုးရိမ်တကြီး ဆူနာမီ သတိပေးချက်များ ပြုလုပ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများပြုလုပ်ခဲ့သော်လည်း နှစ်ရက်အကြာတွင် ရုပ်သိမ်းခဲ့သည်။

ချီလီငလျင်သည် ငလျင်ပြင်းအားအနေဖြင့် ရစ်ချ်တာစကေး ၈ ဒသမ ၈ ရှိပြီး ဟေတီငလျင်သည် ၇ ဒသမ ၀ ရှိသည်။ ချီလီငလျင်သည် ဟေတီငလျင်ထက် မဂ္ဂါလီဖျက်အားအဆ ၅၀၀ ပိုပြင်းသည်ဟုဆိုသည်။ သို့သော်လည်း ဟေတီငလျင်က ချီလီငလျင်ထက် လူအသေအပျောက်အဆ ၂၅၀ ပိုများသည်။

ဟေတီငလျင်မှာ မြို့တော်ပေါ်တိုပရင့်စ်နှင့် ငလျင်ဗဟိုချက်မအလွန်နီးခြင်း၊ မြို့တော်ရှိ အဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်အောင် ဆောက်လုပ်



၂၀၁၀ ပြည့်နှစ်အတွင်း စံချိန်တင် လှုပ်ခတ်ခဲ့သည့် ချီလီငလျင်၏ အပျက်အစီး

ထားမှုမရှိခြင်းစသည်တို့ကြောင့် တိုက်တာအိမ်ခြေပြိုလဲပျက်စီးမှုနှင့် လူအသေအပျောက် အဆမတန်များပြားခြင်းဖြစ်သည်။ ထို့ပြင်ပြို ကျပျက်စီးနေသည့် အဆောက်အအုံများအောက်တွင် ပိတ်မိနေသည့် လူအများကိုလည်း အချိန်မီကယ်ထုတ်နိုင်ခြင်းမရှိလောက်အောင် မြို့တော်၏ အစိုးရအဖွဲ့ အဆောက်အအုံများပါ ပျက်စီးခဲ့သောကြောင့် အစိုးရယန္တရားလည်းပတ်မှု ခေတ္တရပ်ဆိုင်းသွားသည့် သဘောက ကယ်ဆယ်ရေးကို နှောင့်နှေးစေခဲ့သည်။

ယခုချီလီမြေငလျင်သည် ပြင်းထန်သော်လည်း မြို့တော်ဆန်တီယာဂိုတွင် အပျက်အစီး အလွန်များပြားခြင်းမရှိသောကြောင့် လူအသေအပျောက်နည်းပြီးကယ်ဆယ်ရေးလုပ်ငန်းများလည်း အချိန်မီလုပ်နိုင်ခဲ့သည်။ ပျက်စီးသွားသည့် လေဆိပ်နှင့်သင်္ဘောဆိပ်များလည်း နောက်နေ့မှာပင် ပြန်လည်ဖွင့်လှစ်အသုံးပြုနိုင်ခဲ့သည်။

သို့သော် ချီလီငလျင်ကြီးတွင် အလွန်အကျည်းတန်အရုပ်ဆိုးသော လူမှုစရိုက်ဆိုးများ ပေါ်ပေါက်ခဲ့သည်။ မြို့တော်ဆန်တီယာဂိုနှင့် ဒုတိယမြို့တော် ကွန်စက်ပ်စီယောင်တို့တွင် ငလျင်ဒဏ်ပြီးသည်နှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးတို့ကို လုလှချင်းစာနာထောက်ထားစွာ ကူညီဆောင်ရွက်ရမည့်အစား စူပါမားကက်ကြီးများ၊ စတိုးဆိုင်ကြီးများကို ဖောက်ထွင်း၍ လုယူကြသည်။ လူအများသည် ဈေးဆိုင်များကို ဖွင့်ဖောက်၍ အစားအသောက်များကို လုယက်ယူငင်ရုံသာမက ကုန်တိုက်ကြီးများကို ဖောက်ထွင်း၍ ပန်းကန်အိုးခွက်များ၊ ပရိဘောဂများကိုပါ သယ်ယူကြသည်။ ရုပ်မြင်သံကြား၊ ဗီဒီယိုစက်စသော အီလက်ထရွန်းနစ်ပစ္စည်းများကိုလည်း သယ်ယူကြသည်။ ဖရိုဖရဲပရမ်းပတာဖြစ်အောင် မီးလန့်စေပြီးမှ ရောင်းကုန်ပစ္စည်းများပါမကျန် လုယက်ကြသည်။ စစ်ရဲများက မျက်ရည်ယိုဗုံးများ၊ ရေပိုက်အမြောက်အမြားသုံး၍ လုရမ်းကားတို့ကို ဖြိုခွဲခဲ့ရသည်။ ကွန်စက်ပ်စီယောင်မြို့လယ်ကောင် နှင့်ဆင်ခြေဖုံးမှ လုရမ်းကား ၁၆၀ ကို ဖမ်းဆီးခဲ့ရသည်။ ကာဖျူးအမိန့်ပင်ထုတ်ခဲ့ရသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် ပေါ်ပေါက်သော ချီလီငလျင်၏ ဆိုးဝါးသောအနိဋ္ဌာရုံများအနက် ထောင်ဖောက်မီးရှို့၍ ထောင်သားများထွက်ပြေးမှု လည်းပါဝင်သည်။ ထောင်အနီးရှိ ရပ်ကွက်ကို ထွက်ပြေးသောအကျဉ်းသားများက မီးရှို့သဖြင့် အိမ် ၇ လုံး မီးလောင်ခဲ့သည်။ ထောင်သား ၂၀၃ ဦးအနက် ၃၆ ဦးသာ ပြန်လည် ဖမ်းဆီးနိုင်သည်။ ထောင်ထွက်များသည် မီးရှို့လုယက်မှုများသာမက မိန်းကလေးများကို အဓမ္မပြုကျင့်သောပြစ်မှုများကိုပါ ကျူးလွန်ခဲ့ကြသည်။



**အဆောက်အအုံအပြိုအပျက်များကြားမှ ကယ်တင်နေစဉ်**

ချီလီငလျင်သည် စံတင်လောက်သည့် လူမှုရေးဖောက်ဖျက်မှုနှင့် အကျင့်ပျက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အလားတူကမ္ဘာက အံ့သြလောက်အောင်ဖြစ်ရပ်များလည်း ချီလီငလျင်က ပီပြင်စွာသရုပ်ပြခဲ့သေးသည်။ ဤငလျင်ကြီးသည် မည်မျှပြင်းအားကြီးခဲ့သည်ဆိုသော် ကမ္ဘာကြီး၏ လည်ပတ်မှုနှုန်းကိုပင် ထိခိုက်ခဲ့သည်။ တစ်နေ့တာ၏ အချိန်ကို တစ်စက္ကန့်၏ တစ်သန်းပုံ ၁ ဒသမ ၂၆ ပုံ နေးသွားစေခဲ့သည်။ ဤငလျင်ကြီးကြောင့် ချီလီနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့မှ မြို့များမှာ နေရာအနည်းငယ်စီ ရွေ့သွားရုံမျှမက တောင်အမေရိကတိုက်ကြီးတစ်ခုလုံးရှိ နေရာအများအပြားဖြစ်သည့် အာဂျင်တီးနားအရှေ့ဘက်ကမ်းလွန်ရှိ ဖောက်ကလန်ကျွန်းမှသည် ဘရာဇီးနိုင်ငံအရှေ့မြောက်အစွန်ရှိ ဖော့တယ်လီဇာမြို့တို့ပါ ရွေ့လျားသွားကြောင်း တွေ့ရှိရလေသည်။

**အောင်ချိန်ဘွား**

# မောင်းသူမဲ့လေယာဉ်

မောင်းသူမဲ့လေယာဉ်ဟူသည် အဝေးထိန်းစနစ်၊ ပစ်မှတ်ရှာဖွေသည့်စနစ်၊ မောင်းနှင်မှုစနစ်နှင့် ပစ်ခတ်တိုက်ခိုက်မှုစနစ်များသာထည့်သွင်းထားပြီး လေယာဉ်မှူးနှင့်လေယာဉ်ဝန်ထမ်း တစ်စုံတစ်ယောက်မျှမပါရှိသော လေယာဉ်ဖြစ်သည်။ မောင်းသူမဲ့ လေယာဉ်များကို ဒုတိယကမ္ဘာစစ်အတွင်းမှာကတည်းကအသုံးပြုခဲ့သည်။ ထိုစဉ်က ရန်သူနယ်မြေပိုင်နက်အတွင်း သူလျှို ထောက်လှမ်းသည့်ကိစ္စများ၌ အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ် အချိန်အခါ၌ မောင်းသူမဲ့လေယာဉ်ကို သူလျှိုလုပ်ငန်းများအပြင် တိုက်ခိုက်ရေးလုပ်ငန်းများတွင်ပါ ပူးတွဲအသုံးပြုလာကြသည်။ ထို့ပြင် မူလကတည်းက ခေတ်မီနည်းပညာများကို ထည့်သွင်း အသုံးပြုခဲ့သည်ဖြစ်၍ ယခုအခါ၌ အသံတိတ် မြန်နှုန်းမြင့် မောင်းသူမဲ့လေယာဉ်များပင် ပေါ်ပေါက်လာပြီဖြစ်သည်။ မောင်းသူမဲ့လေယာဉ်၏ အဓိကပစ်မှတ်သည် တိုက်ခိုက်လိုသူများ၏ ရန်သူ၊ အကြမ်းဖက်သမားများသာဖြစ်သော်လည်း လူပုဂ္ဂိုလ်က ထိန်းချုပ်နိုင်မှုစွမ်းအားနည်းသံဖြင့် ပစ်မှတ်လွဲချော်မှုများဖြစ်စေကာ အပြစ်မဲ့ ပြည်သူများကို ထိခိုက်သေကြေပျက်စီးစေခဲ့သည်လည်း ရှိခဲ့လျက်၊ ယနေ့တိုင်လည်း ရှိနေဆဲဖြစ်သည်။ တစ်နည်းအားဖြင့် တလွဲ သက်ရောက်မှုကို ဖြစ်စေခဲ့သည်။ ထို့ကြောင့် ပစ်မှတ်အား တိတိကျကျပစ်ခတ်နိုင်မှုစနစ်ကို မြှင့်တင်ဆောင်ရွက်နိုင်မှသာ မောင်းသူမဲ့လေယာဉ်၏ အဓိကရည်ရွယ်ချက်ကို ရရှိစေမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ထဲတွင် မောင်းသူမဲ့လေယာဉ်များသည် ရာသီဥတုစနစ်ကို စူးစမ်းထောက်လှမ်းရာ၌ အသုံးပြုလေ့လာသည်ကိုလည်း တွေ့လာရသည်။

---

မောင်းသူမဲ့လေယာဉ် Unmanned Aerial Vehicle (UAV) ကို အဝေးထိန်းစနစ်ဖြင့် မောင်းသော လေယာဉ် Remotely Piloted Vehicle သို့မဟုတ် မောင်းသူမဲ့လေယာဉ်စနစ် Unmanned Aircraft System (UAS) ဟူ၍လည်းခေါ်ကြသည်။ ၎င်းတို့ကို စစ်ဘက်တွင် အများဆုံးအသုံးပြုကြသည်။

UAV သည် ပြန်လည်အသုံးပြုနိုင်သည့် မောင်းသူမဲ့လေယာဉ်ဖြစ်ပြီး ဂျက် သို့မဟုတ် ပြန်လည်ဖြည့်တင်းနိုင်သည့် စက်စွမ်းအားဖြင့်အချိန်ကြာမြင့်စွာ ရေပြင်ညီပျံသန်းမှုကို ပြုလုပ်နိုင်သည့်ယာဉ်ဟူ၍ အဓိပ္ပာယ်သတ်မှတ်သည်။ ထို့ကြောင့် ခရစ်ဒုံးပျံများသည် UAV မဟုတ်ပေ။ အကြောင်းမှာ ၎င်းသည် အခြားများစွာသော လမ်းညွှန်မှုပါရှိသည့် ဒုံးပျံများကဲ့သို့ပင် ၎င်းကိုယ်တိုင် လက်နက်တစ်ခုဖြစ်၍ မောင်းသူမပါဘဲ အဝေးမှထိန်းချုပ် လမ်းညွှန်နိုင်သော်လည်း ပြန်လည်အသုံးပြုနိုင်ခြင်းမရှိသောကြောင့်ဖြစ်သည်။

UAV မျိုးကွဲများစွာရှိရာ ပုံသဏ္ဌာန်၊ အရွယ်အစား၊ စွမ်းရည်အမျိုးအစားနှင့် သီးခြားတည်ရှိသော ဂုဏ်သတ္တိတို့အရ ကွဲပြားမှုရှိကြသည်။ UAV များကို အဓိကအားဖြင့် မျိုးကွဲနှစ်ခုသတ်မှတ်ထားရာ အဝေးထိန်းမောင်းနှင်မှုနှင့် ပျံသန်းသော အမျိုးအစားနှင့် ပိုမိုရှုပ်ထွေးသည့် အလိုအလျောက် လှုပ်ရှားမှုအပေါ်တွင် အခြေပြုသော အမျိုးအစားတို့ဖြစ်သည်။

လက်ရှိစစ်ဘက်သုံး UAV များမှာ ကင်းထောက်ပျံသန်းခြင်းနှင့် တိုက်ခိုက်ရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြသည်။ များစွာသော အောင်မြင်သည့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများတွင် စစ်သွေးကြွများကို သတ်ဖြတ်နိုင်မှုသတင်းများ ဖော်ပြလျက်ရှိသော်လည်း ထိုတိုက်ခိုက်မှုများတွင် အစုအဝေးလိုက် ပျက်စီးခြင်း သို့မဟုတ် မှားယွင်းပစ်ခတ်ခြင်းတို့ ပါဝင်လျက်ရှိသည်။

UAV များကို လက်ရှိအခြေအနေ၌ အရပ်ဘက်အသုံးများတွင်လည်း သုံးစွဲလျက်ရှိရာ မီးငြိမ်း

သတ်ခြင်းနှင့် စစ်ဘက်မဟုတ်သော လုံခြုံရေးလုပ်ငန်းများဖြစ်သည့် ပိုက်လိုင်းများကို စောင့်ရှောက်ကြည့်ရှုခြင်းတို့ဖြစ်သည်။ UAV တို့ကို များသောအားဖြင့် ပျင်းရိဖွယ်ကောင်းလွန်းသော၊ ညစ်ပတ်လွန်းသော သို့မဟုတ် အန္တရာယ်များလွန်းသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အသုံးပြုကြသည်။

ယွမ်တစ်ပါစစ်ပွဲတွင် လက်ဘနွန်ရှိ ဆီးရီးယားဒုံးကျည်တပ်ဖွဲ့တို့က အစ္စရေး၏ဂျက်တိုက်လေယာဉ်တို့ကိုများစွာ ပျက်စီးဆုံးရှုံးစေခဲ့သည်။ ထိုတိုက်ပွဲ၏ရလဒ်အဖြစ် အစ္စရေးက ပထမဆုံးခေတ်မီ UAV ကို ထုတ်လုပ်နိုင်ခဲ့သည်။ ဤ UAV များမှ ပေးပို့သည့်ရုပ်ပုံသတင်းအချက်အလက်များအရ ၁၉၈၂ ခုနှစ် လက်ဘနွန်



**အနာဂတ်တွင် ပေါ်ပေါက်လာမည့် မောင်းသူမဲ့လေယာဉ် MQ-X**

## UAV တို့၏ သမိုင်းကြောင်း

ပထမကမ္ဘာစစ်အတွင်းက တီထွင်ခဲ့သည့် Hewitt-Spurry Automatic Airplane နှင့် ၁၉၃၅ ခုနှစ်တွင် Refinald Denny ပြုလုပ်ခဲ့သည့် အဝေးမှထိန်းချုပ်မောင်းနှင်သည့်လေယာဉ် Remote Piloted Vehicle မှာလည်း UAV အမျိုးအစားတွင်ပါဝင်သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၁ ခုနှစ်တွင် Teledyne Ryan Fire Bee-1 ကဲ့သို့သောပုံစံများ၌ ဂျက်အင်ဂျင်စက်များတပ်ဆင်အသုံးပြုခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် Beechcraft ကဲ့သို့သောကုမ္ပဏီများက အမေရိကန်ပြည်ထောင်စု ရေတပ်အတွက်ပူးပေါင်းပါဝင်လုပ်ဆောင်လာကြသည်။ သို့သော် ဗီယက်နမ်စစ်ပွဲကာလအထိ ၎င်းတို့မှာအဝေးမှထိန်းချုပ်မောင်းနှင်သည့် လေယာဉ်များအဆင့်ထက် အနည်းငယ်မျှသာ ပိုသည်။

စစ်ပွဲအစပိုင်းတွင် အစ္စရေးက ဆီးရီးယားလေကြောင်းကာကွယ်ရေး ဆောင်ရွက်မှုများအား လုံးဝချေဖျက်နိုင်ခဲ့ရာ အစ္စရေးလေယာဉ်များ ပစ်ချခံရမှု မရှိတော့ပေ။

၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း တိုးတက်လာသောနည်းပညာများဖြင့် UAV များကို အရွယ်အစားပိုမိုသေးငယ်စေရန် တီထွင်နိုင်ခဲ့သောကြောင့် အမေရိကန်စစ်ဘက်၏ အထက်အဆင့်ပုဂ္ဂိုလ်များက စိတ်ဝင်စားမှုကြီးမားခဲ့သည်။ UAV တို့ကို စရိတ်သက်သာ၍ လေယာဉ်ဝန်ထမ်းတို့၏ စွန့်စားရမှု အန္တရာယ်မရှိဘဲ ပိုမိုတိုက်ခိုက်နိုင်စွမ်းရှိသော တိုက်ပွဲဝင်ယန္တရားများအဖြစ်မြင်ခဲ့ကြသည်။

ပထမမျိုးဆက် UAV များကို စောင့်ကြည့်ရေးယာဉ်အဖြစ် အခြေခံအားဖြင့်အသုံးပြုခဲ့သော်လည်း Predator MQ-1 ကဲ့သို့သောလေယာဉ်တို့ကို AGM-114 Hellfire လေထုတွင်းမှ မြေပြင်သို့ ပစ်ခတ်သော

ခုံးကျည်များတပ်ဆင်၍ တိုက်ခိုက်ရေးတွင်အသုံးပြုခဲ့ကြသည်။ လက်နက်တပ်ဆင်ထားသော UAV ကို မောင်းသူမဲ့ တိုက်ခိုက်ရေးယာဉ် Unmanned Combat Air Vehicle UCAV ဟု ခေါ်ခဲ့ကြသည်။

UAV များကို တောရိုင်းအတွင်း ပျောက်ဆုံးနေသောလူများ၊ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများတွင် ပိတ်မိလျက်ရှိသူများနှင့် ပင်လယ်တွင်းမျောပါနေသူများကို ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာအဖြစ်လည်း အသုံးပြုသည်။

UAV ဟူသော အတိုချုပ်ရေးသားမှုကို ချဲ့ထွင်၍ UAVS Unmanned Aircraft Vehicle System ဟု အချို့သောနေရာများတွင် ရေးသားသည်။ အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ရေတပ်မှ မူလစတင်သုံးစွဲခဲ့သည့်အတိုင်း ပြည်ထောင်စုလေကြောင်းအုပ်ချုပ်မှုမှ Unmanned Aircraft System (UAS) ဟူ၍ လိုက်နာခေါ်ဝေါ်သုံးစွဲခဲ့သည်။ ၎င်းမှာ လေယာဉ်သက်သက်မျှသာ မဟုတ်ဘဲ မြေပြင်စခန်းနှင့် အခြားပစ္စည်းစနစ်များပါဝင်မှုကို ထင်ဟပ်ဖော်ပြခြင်းဖြစ်သည်။ သို့သော်တရားဝင် အတိုချုပ်အခေါ်အဝေါ်ဖြစ်သော UAS မှာ စစ်ဘက်လောကပြင်ပတွင် ကျယ်ပြန့်စွာသုံးစွဲခြင်းမရှိဘဲ UAV ဟူသောအသုံးသာ တွင်ကျယ်ခဲ့သည်။

UAS ၏ စစ်ဘက်တွင် အသုံးဝင်မှုကဏ္ဍမှာ အလွန်များပြားခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အီရတ်နိုင်ငံစစ်ဆင်ရေးများ၌ ထောက်ပံ့ရန် မောင်းသူမဲ့လေယာဉ်တို့၏ပျံသန်းချိန်မှာ နာရီ ၁၀၀,၀၀၀ ကျော်ခဲ့သည်။

လျင်မြန်သည့်တိုးတက်မှု နည်းပညာများဖြင့် သေးငယ်သည့်လေယာဉ်ကိုယ်ထည်တွင် လုပ်ဆောင်နိုင်စွမ်းရှိမှုများ ပိုမိုထားရှိနိုင်ခဲ့ရာ သေးငယ်သော မောင်းသူမဲ့လေယာဉ်စနစ်များ Small Unmanned Aircraft Systems (SUAS) ကို ကြီးမားသည့်အရေအတွက်ဖြင့် သုံးစွဲစေခဲ့သည်။ SUAS တို့ တိုက်ပွဲဝင်ရာတွင် ကာကွယ်ရေးဌာနမှ ၎င်းတို့၏ပျံသန်းမှုနာရီများကို ခြေရာခံလုပ်ဆောင်မှု ကျယ်ပြန့်စွာပြုလုပ်ခဲ့ခြင်းမရှိပေ။

UAV တို့အနေဖြင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ပျံသန်းရေးလုပ်ငန်းများကို သာမက စစ်ရေးတိုက်ခိုက်မှုတာဝန်များ၊ ရန်သူ့လေကြောင်းကာကွယ်ရေးကို ဖိနှိပ်ထားခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ကြသည်။

UAV တို့၏ကုန်ကျစရိတ်မှာ လေယာဉ်အရွယ်အစား အလေးချိန်အပေါ်မူတည်၍ ဒေါ်လာထောင်ဂဏန်းအနည်းငယ်မှ ဒေါ်လာသန်းပေါင်းဆယ်ဂဏန်းထိ ကုန်ကျမှုရှိနိုင်သည်။

UAV တို့က ကျယ်ပြန့်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသော်လည်း ၎င်းတို့၏ အခြေခံလုပ်ဆောင်မှုမှာ အဝေးထိန်းချုပ်မှုစနစ်ဖြင့် အာရုံခံခြင်းဖြစ်သောကြောင့် ကင်းထောက်ပျံသန်းရေးကဏ္ဍတွင် အများဆုံးအသုံးပြုသည်။ အခြားဆောင်ရွက်မှုမှာ အပြန်အလှန်ဆက်သွယ်မှုများနှင့် သယ်ယူပို့ဆောင်ရေးတို့ပါဝင်သည်။

**အဝေးမှထိန်းချုပ်မှုဖြင့် အာရုံခံခြင်း**

UAV ၏ အဝေးထိန်းအာရုံခံမှုလုပ်ငန်းတွင် လျှပ်စစ်သံလိုက်ဓာတ်ဖြာထွက်၍ အာရုံခံခြင်းများ၊ ဇီဝဗေဒဆိုင်ရာ အာရုံခံခြင်းများနှင့် ဓာတုဗေဒဆိုင်ရာ အာရုံခံခြင်းများပါဝင်သည်။ လျှပ်စစ်သံလိုက်ဓာတ်အာရုံခံကိရိယာများတွင် အမြင်အရတွေ့ရှိနိုင်သည့် အလင်းဖြာခြင်း၊ အင်ဖရာရက်ခေါ် အနီအောက်လှိုင်း သို့မဟုတ် အင်ဖရာရက်နီးပါးရောင်ခြည်လှိုင်းသုံးကင်မရာများနှင့် ရေဒါစနစ်များပါဝင်သည်။ အခြားလျှပ်စစ်သံလိုက်လှိုင်းများဖြစ်သော မိုက်ကရိုဝေ့ဖ်နှင့် အာလ်ထရာဗိုင်းလက် ရောင်ခြည်ဖြာမှုဖြင့် အာရုံခံခြင်းမှာ သုံးစွဲမှုနည်းသည်။

ဇီဝဗေဒဆိုင်ရာ အာရုံခံမှုမှာ လေထုတွင်းရှိ သေးငယ်သောသက်ရှိများနှင့် အခြားဇီဝဆိုင်ရာအကြောင်းအရာများကို ထောက်လှမ်းရှာဖွေခြင်းဖြစ်သည်။ ဓာတုဗေဒဆိုင်ရာ အာရုံခံကိရိယာမှာ လေဆာရောင်ခြည်ကိုအသုံးပြု၍ လေထုတွင်းမှ ပစ္စည်းတို့၏စုရုံးမှုကို သရုပ်ခွဲခြင်းဖြစ်သည်။

UAV များမှာ လေယာဉ်မှူးလိုက်ပါသည့် လေယာဉ်များထက် အန္တရာယ်ကြီးလွန်းသော နေရာများသို့ ထိုးဖောက်ဝင်ရောက်နိုင်ရာ ၂၀၀၆ ခုနှစ်တွင်

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် Aerosonde Pty ကုမ္ပဏီက ဟာရီကိန်းလေမုန်တိုင်းအတွင်းသို့ ပျံသန်း ဝင်ရောက်၍ လက်ရှိအချိန်တိုင်း ဖြစ်ပေါ်လျက်ရှိသည့်အချက်အလက်များကို ဆက်သွယ်ပေးပို့နိုင်သော အလေးချိန် ၃၅ ပေါင်ရှိ UAV ကိုထုတ်လုပ်ခဲ့သည်။

ယင်းလေယာဉ်စနစ်က လူလိုက်ပါသည့် လေယာဉ်မှ ရရှိနိုင်သောအချက်အလက်များထက် ပိုမိုတိကျသော အချက်အလက်များကို လေမုန်တိုင်းအတွင်းပိုင်းနှင့် ရေမျက်နှာပြင်အနီးသို့ ဝင်ရောက်ရယူနိုင်သည်။

အခြားသုံးစွဲမှုအဖြစ် ယူကေနိုင်ငံမှ လေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုက အလေးချိန် ၂၀ ကီလိုဂရမ်ရှိ UAS ပုံစံတစ်မျိုးကို အန္တာတိတ်ကဲ့သို့သော ပြင်းထန်သည့် ရာသီဥတုရှိရာဒေသတွင် သိပ္ပံပညာဆိုင်ရာ သုတေသနလုပ်ငန်းအတွက် အထူးထုတ်လုပ်ခဲ့သည်။

UAV တို့ကို ဘက်စုံအသုံးပြုနိုင်ရန် ပိုမိုထုတ်လုပ်ကြသော်လည်း ယင်းတို့ကို လုပ်ဆောင်ပုံအရ အမျိုးအစားခွဲခြားရလျှင်–

–ပစ်မှတ်အဖြစ် ပုံစံတုဆောင်ရွက်ခြင်း၊
–ကင်းထောက်ပျံသန်းခြင်း၊
–တိုက်ခိုက်ရေးတာဝန်ဆောင်ရွက်ခြင်း၊
–ထောက်ပံ့ပို့ဆောင်ရေးတာဝန်ထမ်းဆောင်ခြင်း၊
–သုတေသနနှင့်နည်းပညာ တိုးတက်ဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်း၊
–အရပ်ဘက်နှင့်စီးပွားရေးလုပ်ငန်းသုံး ဟူ၍ ခွဲခြားနိုင်သည်။ ထို့အပြင် ၎င်းတို့၏ တာဝေးနှင့် အမြင့်ပေ ပျံသန်းနိုင်မှုအရလည်း အတန်းအစားခွဲနိုင်သည်။

**အမေရိကန်လေတပ်၏ခွဲခြားပုံအဆင့်ဆင့်များ**

အဆင့် N/A– သေးငယ်သည့် မိုက်ခရို UAV. BATMAV (Wasp Block 111)

အဆင့်–၁ အနိမ့်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင်နိုင်မှု (Gnat 750)

အဆင့်–၂ အလယ်အလတ်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင်မှု(သာမန်)၊ ယင်းတာဝန်ကို MQ-1 Predator နှင့် MQ-9 Reaper တို့က ထမ်းဆောင်သည်။

အဆင့်–၃ အမြင့်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင်မှု (သာမန်)၊ ယင်းတာဝန်ကို RQ-4 Golden Hawk က ထမ်းဆောင်သည်။ အမြင့်ပေ ၆၀၀၀၀ မှ ၆၅၀၀၀ အတွင်းတွင် ၂၄ နာရီကြာပျံသန်းနိုင်စွမ်းရှိသည်။

အဆင့်–၄ အမြင့်ပျံ၊ ကြာရှည်တာဝန်ထမ်းဆောင်နိုင်၍ တွေ့မြင်နိုင်မှုနည်းသည့် UAV RQ-170 Sentinel ကို အသုံးပြုထားသည်။

**အမေရိကန်မရိန်းတပ်၏ခွဲခြားပုံအဆင့်ဆင့်များ**

အဆင့် N/A– မိုက်ကရို UAV နကျယ်ကောင်–၃၊ လေတပ်၏ BATMAV အဆင့်နှင့်တူညီသည်။

အဆင့်–၁ နဂါးမျက်လုံးလေယာဉ်များက ဆောင်ရွက်၍ RQ-11 B RavenB သို့ပြောင်းလဲလျက်ရှိသည်။

အဆင့်–၂ မျက်စိလျှင်သော သိန်းငှက်လေယာဉ်ဖြစ်၍ RQ-2 Pioneer လေယာဉ်နှင့် အတော်အသင့်တူသည်။

အဆင့်–၃ တာလတ် နည်းဗျူဟာ UAV မှာ Pioneer UAV ဖြစ်၍ အသုံးမပြုတော့ရန် ရည်ရွယ်ထားသည်။

**အမေရိကန်ကြည်းတပ်၏အဆင့်ခွဲခြားပုံ**

အဆင့်–၁ သေးငယ်သော UAV RQ-11 A/B Raven

အဆင့်–၂ တာတို၊ နည်းဗျူဟာ UAV RQ-7A/B Shadow 200

အဆင့်–၃ တာလတ်၊ နည်းဗျူဟာ UAV RQ-5A/MQSA/B Hunter နှင့် IGNAT/GNAT-ER တို့ကိုသုံးရာမှ တာဝေးအထွေထွေသုံး (ERMP) MQ-IC Warrior သို့ပြောင်းရန်ရှိသည်။